မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီး

# မဟာဗုဒ္ဓဝင်

## ဆဋ္ဌမတွဲ ( ပဉ္စမပိုင်း )




သာသနာ - ၂၅၅၅ ၂၀၁၁ ကောဇာ - ၁၃၇၃

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်မှ ရိုက်နှိပ်သည်။

# နိုင်ငံတော်ဗုဒ္ဓသာသနာ

# မဟာဗုဒ္ဓဝင်

## ဆဋ္ဌမတွဲ (ပဌမပိုင်း)

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၂ ကောဇာ ၁၃၄၀ မေလ ၁၉၇၈

ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက ဆရာတော်



ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဋံသကာဘွဲ့
သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့
အစိုးရပဌမကျော်ဘွဲ့
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက-ဘွဲ့ရ
အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်
ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်း ပြုစုနေပုံ

မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ (ပဉ္စမပိုင်း)

၁။ ပဉ္စမအကြိမ်ရိုက်နှိပ်ခြင်း အုပ်ရေ ၃၀၀၀။ ၁၉၇၂။
၂။ ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၀။ ၁၉၇၈။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
စုတိယညွှန်ကြားရေးမှူး ဦးချစ်တင် (မှတ်ပုံတင်အမှတ် ၀၂၂၆၂/၀၁၈၀၃) က
ပုံနှိပ်ထုတ်ဝေသည်။

ဗုဒ္ဓသာသနု မဟာဗုဒ္ဓဝင် ကျမ်းပြုဆရာတော်



ဆဋ္ဌသံဂီတိဝိသဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
ဆရာတော်၏ပုံ

# မုဒ္ဓသာသနာ-မဟာမုဒ္ဓဝင်

ဆဋ္ဌမတွဲ (ပဌမပိုင်း)

# အသေးစိတ် မာတိကာ

အခဏ်း ၄၃၊ ထေရာပဒါနခဏ်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၁) အရှင်ကောဏ္ဍည မထေရ်အကြောင်း | ၂ |
| (က) မထေရ်မြတ်၏ ရှေးဆုတောင်း.... .... | ၂ |
| မဟာကာလ,စူဠကာလ ညီနောင်ဝတ္ထု .... | ၆ |
| သဒ္ဓါသုမနဝတ္ထု .... .... .... | ၁၂ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုကြောင်း .... | ၂၀ |
| (ဂ) မထေရ်မြတ် တရားထူးရကြောင်း .... | ၂၆ |
| အညာသိကောဏ္ဍည အမည်တွင်ခြင်း .... | ၂၇ |
| (ဃ) ရတ္တညူ ဧတဒဂ်ဘွဲ့ထူး ရတော်မူကြောင်း.... | ၂၇ |
| ရတ္တညူ = ညဥ့်အပိုင်းအခြားကိုသိသောပုဂ္ဂိုလ် | ၂၉ |
| ရဟန္တာဖြစ်ပြီးနောက် အညာသိကောဏ္ဍည မထေရ်မြတ်၏ အကြောင်း.... .... | ၂၉ |
| မဏ္ဍာကိနီရေကန် .... .... .... | ၃၃ |
| အရှင်ကောဏ္ဍည မိမိအမည်ဖော်၍ လျှောက်ရခြင်း အကြောင်း .... .... | ၃၆ |
| မြတ်စွာဘုရား အစွန်းနှစ်ပါးလွတ်အောင် မေးတော်မူခြင်း .... .... .... | ၄၀ |
| မြေပေါက်စေတီ .... .... .... | ၄၃ |
| (၂-၃) အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အဂ္ဂသာဝက မထေရ်နှစ်ပါး အကြောင်း .... | ၄၄ |
| (က) မထေရ်နှစ်ပါးတို့၏ ရှေးဆုတောင်း .... | ၄၄ |
| သရဒရသေ့ အဂ္ဂသာဝကဆုပန်ခြင်း .... | ၅၁ |

အကြောင်းအရာ                                        စာမျက်နှာ

(ခ) နောက်ဆုံးဘဝ ရဟန်းပြုကြခြင်း .... ၅၆
(ဂ) ဓေတဒဂ်ဘွဲ့ထူး ရတော်မူကြကြောင်း .... ၆၀
အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန် စံတော်မူခြင်း
အကြောင်း .... .... .... ၆၂
အနုဇာနာတုကို မြန်မာပြန်ပုံ အဆုံးအဖြတ် ၆၆
မြတ်စွာဘုရားကို နောက်ဆုံးကန်တော့ခြင်း ၆၈
မယ်တော်ကြီး တရားထူးရခြင်း .... ၇၆
ရေဝတီအမျိုးသမီးအကြောင်း .... ၇၉
ဓာတ်တော်များကို စုန္ဒထေရ် သာဝတ္ထိသို့
ယူဆောင်ခဲ့ခြင်း .... .... .... ၈၁
အရှင်မဟာမောဂ္ဂလာန်မထေရ် ပရိနိဗ္ဗာန်စံတော်
မူခြင်းအကြောင်း .... .... .... ၉၂
မဟာသက္ကရာဇ် (၁၀၃) ခုနှစ်နှင့် (၁၄၈) ခုနှစ်
တို့၏ ဖြစ်ရပ်များ .... .... ၉၂
လူသတ်သမားတို့အပြစ်ရခြင်း .... ၉၈
အရှင်မောဂ္ဂလာန်အကြောင်း မှိုင့်မြမ်း
ပြုသောကျမ်းများ .... .... ၉၉
(၄) **အရှင်မဟာကဿပ မထေရ်အကြောင်း** **၁၀၀**
(က) မထေရ်မြတ်၏ ရှေးဆုတောင်း .... ၁၀၀
မဟာဧကသာဋက ပုဏ္ဏားဘဝ .... ၁၀၅
သူကြွယ်ဘဝ .... .... ၁၁၁
ဗာရာဏသီသူဌေးဘဝ .... .... ၁၁၃
နန္ဒရာဇ်မင်းဘဝ .... .... ၁၁၆
(ခ) နောက်ဆုံးဘဝ ရဟန်းပြုကြောင်း .... ၁၂၅
သဝဏ်လွှာ နှစ်စောင် .... .... ၁၂၉
ပန်းကုံးများ မညှိုးခြင်း .... .... ၁၃၁
ကြီးစွာသော သူဌေးစည်းစိမ် .... .... ၁၃၁
သူဌေးနှင့် သူဌေးကတော်တို့၏ သတိသံဝေဂ ၁၃၂

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နှစ်ဦးလုံး ရဟန်းပြုကြခြင်း | .... | ၁၃၄ |
| အရှင်နှစ်ပါး လမ်းခွဲတော်မူကြခြင်း | .... | ၁၃၆ |
| မြတ်စွာဘုရားနှင့် မထေရ်မြတ် တွေ့ဆုံခြင်း | | ၁၃၈ |
| အရှင်မဟာကဿပ၏ အရိုအသေပေး ခံနိုင်ပုံ မှတ်ဖွယ် | .... .... | ၁၄၁ |
| ဩဝါဒပဋိဂ္ဂဟဏ ရဟန်းအဖြစ်ကို ပေးတော်မူခြင်း | .... .... | ၁၄၂ |
| ဩဝါဒသုံးပါး၏ အဓိပ္ပါယ်ရှင်းပြချက် | .... | ၁၄၃ |
| သင်္ကန်းချင်း လဲတော်မူခြင်း | .... | ၁၄၄ |
| သင်္ကန်းချင်း လဲတော်မူရခြင်းအကြောင်း မှတ်ဖွယ် | .... .... | ၁၄၅ |
| (ဂ) မထေရ်မြတ်တရားထူးရ၍ တေဒဂ်ဘွဲ့ထူးကို ရတော်မူခြင်းအကြောင်း | .... | ၁၄၇ |
| **(၅) အရှင်အနုရုဒ္ဓါ မထေရ်အကြောင်း** | .... .... | ၁၄၈ |
| (က) မထေရ်မြတ်၏ ရှေးဆုတောင်း | .... | ၁၄၈ |
| ကဿပမြတ်စွာစေတီတော်အား ဆီမီးလှူပြန်ခြင်း | .... .... | ၁၅၀ |
| အန္နဘာရဘဝ | .... .... | ၁၅၁ |
| နတ်သမီး ကောင်းကြီးပေးခြင်း | .... | ၁၅၄ |
| မဟာဓန သူဌေးဖြစ်ခြင်း | .... | ၁၅၈ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်းအကြောင်း | | ၁၆၀ |
| အရှင်အနုရုဒ္ဓါမထေရ် ရဟန္တာဖြစ်ခြင်း အကြောင်း | .... .... | ၁၆၁ |
| အပ္ပိစ္ဆပုဂ္ဂိုလ် ၄-မျိုးနှင့် ဝတ္ထုများ | .... | ၁၆၄ |
| (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | .... | ၁၇၂ |
| ဒိဗ္ဗစက္ခု တေဒဂ်ရခြင်းနှင့် စပ်၍ မှတ်ဖွယ်များ | | ၁၇၂ |
| အရှင်အနုရုဒ္ဓါမထေရ် နတ်လှူဒါန်းသည့် ပံသုကူ သင်္ကန်းကို ရတော်မူခြင်းအကြောင်း | | ၁၇၃ |

အကြောင်းအရာ                                        စာမျက်နှာ

(၆) အရှင်ဘဒ္ဒိယ မထေရ်အကြောင်း .... .... ၁၇၇
  (က) မထေရ်မြတ်၏ ရှေးဆုတောင်း .... ၁၇၈
  (ခ) နောက်ဆုံး ဘဝ ရဟန်းပြုခြင်း .... ၁၇၉
  (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၁၈၀
    ဥစ္စာကုလိက ဧတဒဂ်ဘွဲ့နှင့်စပ်၍ မှတ်သားဖွယ် ၁၈၁
(၇) အရှင်လကုဏ္ဍကဘဒ္ဒိယ မထေရ်အကြောင်း .... ၁၈၁
  (က) မထေရ်၏ ရှေးဆုတောင်း .... ၁၈၁
    ဝိတ္တပတ္တဉာဏ်ကြွယ်ဘဝ .... .... ၁၈၃
    လက်သမား ဆရာကြီးဘဝ .... ၁၈၄
  (ခ) နောက်ဆုံးဘဝ ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း ၁၈၅
    အရှင်လကုဏ္ဍကဘဒ္ဒိယနှင့် စပ်သော တရားများ .... .... ၁၈၆
    မထေရ်မြတ် ရဟန္တာဖြစ်သော သုတ်တရား ၁၈၆
    အရှင်လကုဏ္ဍကဘဒ္ဒိယကို သေက္ခအရိယာပင် ထင်မှတ်၍ အရှင်သာရိပုတ္တရာက တရားတို၍ ဟောနေခြင်း .... .... ၁၈၈
    အရှင်လကုဏ္ဍကဘဒ္ဒိယ၏ ဂုဏ်ကျေးဇူးများကို မြတ်စွာဘုရား ထင်ရှားဖော်ပြတော်မူခြင်း ၁၉၀
  (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၁၉၃
(၈) အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်အကြောင်း .... ၁၉၄
  (က) မထေရ်၏ ရှေးဆုတောင်း .... ၁၉၄
    မဟာသာလ သူဌေးသားဘဝ .... ၁၉၅
  (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၁၉၆
    ပိဏ္ဍောလ ဘာရဒွါဇ အမည်ရပုံ .... ၁၉၆
    ရဟန်းပြုသောအခါလည်း ပိဏ္ဍောလဘာရဒွါဇ ဟူ၍ပင် အမည်တွင်ပုံ .... ၁၉၇
  (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၂၀၁

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၉) အရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်အကြောင်း .... | ၂၀၂ |
| (က) မထေရ်၏ ရွေးဆုတောင်း .... .... | ၂၀၂ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း.... .... | ၂၀၈ |
| ကထာဝတ္ထု ၁၀-ပါး မှတ်သားဖွယ် .... | ၂၀၉ |
| (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... .... | ၂၁၂ |
| (၁၀) အရှင်ကစ္စည်း မထေရ်အကြောင်း .... | ၂၁၃ |
| (က) မထေရ်၏ ရွေးဆုတောင်း .... .... | ၂၁၃ |
| ရွှေအုတ်လှူခြင်း .... .... | ၂၁၄ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း.... .... | ၂၁၅ |
| သူဌေးသမီး နှစ်ယောက်တို့အကြောင်း .... | ၂၁၇ |
| ကံအကျိုးတရားနှင့်စပ်၍ မှတ်သားဖွယ်များ.... | ၂၂၁ |
| (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း.... .... | ၂၂၂ |
| (၁၁-၁၂) ပန္ထကမထေရ် နောင်ညီနှစ်ပါးအကြောင်း .... | ၂၂၃ |
| (က) မထေရ်မြတ်တို့၏ ရွေးဆုတောင်း .... | ၂၂၃ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုကြခြင်း .... | ၂၂၉ |
| ညီငယ်ကို ရှင်ပြုပေးခြင်း .... .... | ၂၃၀ |
| စူဠပန္ထက ဉာဏ်နုံ့နှေးရခြင်းအကြောင်း မှတ်သားဖွယ် .... .... | ၂၃၁ |
| မြတ်စွာဘုရားက ကမ္မဋ္ဌာန်းပေးတော်မူခြင်း.... | ၂၃၃ |
| ရဇောဟရဏကမ္မဋ္ဌာန်း ပေးရခြင်းအကြောင်း မှတ်သားဖွယ် .... .... | ၂၃၃ |
| အရှင်စူဠပန္ထက ရဟန္တာဖြစ်ခြင်း .... | ၂၃၄ |
| စူဠသေဋ္ဌိဇာတ် .... .... | ၂၃၈ |
| (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူကြခြင်း .... | ၂၄၃ |
| တေဒဂ်ရနိုင်လောက်အောင် ဖန်ဆင်းခြင်းနှင့် စပ်၍ မှတ်သားဖွယ် .... .... | ၂၄၄ |

အကြောင်းအရာ စာမျက်နှာ

(၁၃) အရှင်သုဘူတိ မထေရ်အကြောင်း .... ၂၄၅
(က) မထေရ်မြတ်၏ ရှေးဆုတောင်း .... ၂၄၅
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၂၄၈
(ဂ) ဧတဒဂ်ဘွဲ့ထူး နှစ်ဆင့်ရတော်မူခြင်း .... ၂၄၉
အရဏဝိဟာရီ ဧတဒဂ်နှင့် စပ်၍
မှတ်သားဖွယ် .... .... ၂၅၀
မေတ္တာဖြင့် ဆွမ်းခံတော်မူခြင်းအကြောင်း
မှတ်သားဖွယ် .... .... ၂၅၁
(၁၄) အရှင်ခဒိရဝနိယရေဝတ မထေရ်အကြောင်း .... ၂၅၂
ခဒိရဝနိယရေဝတအမည်နှင့် စပ်၍
မှတ်သားဖွယ် .... .... ၂၅၂
(က) မထေရ်မြတ်၏ ရှေးဆုတောင်း .... ၂၅၂
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၂၅၄
အရှင်သာရိပုတ္တရာ၏ ညီနှင့်နှမများ .... ၂၅၅
ရေဝတ သံဝေဂရခြင်း .... .... ၂၅၅
မြတ်စွာဘုရား ရဟန်းများစွာတို့နှင့် တကွ
ကြွလာတော်မူခြင်း .... .... ၂၅၉
အရှင်သီဝလိ၏ ဘုန်းတန်ခိုး.... .... ၂၆၀
ဥဒ္ဒစ္စသမားများ အထင်မှားကြခြင်း .... ၂၆၃
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... .... ၂၆၇
အာရညက တောကျောင်းနေဧတဒဂ်နှင့်စပ်၍
မှတ်သားဖွယ် .... .... ၂၆၇
(၁၅) အရှင်ကင်္ခါရေဝတ မထေရ်အကြောင်း .... ၂၆၈
(က) မထေရ်မြတ်၏ ရှေးဆုတောင်း .... ၂၆၈
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၂၆၉
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း.... .... ၂၆၉
ကင်္ခါရေဝတဟု အမည်ရခြင်း အကြောင်း ၂၇၀

အကြောင်းအရာ စာမျက်နှာ

**(၁၆) အရှင်သောဏကောဠိဝိသ မထေရ်အကြောင်း** .... ၂၇၂
(က) မထေရ်မြတ်၏ ရှေးဆုတောင်း .... ၂၇၂
ဗာရာဏသီပြည်သား အမျိုးကောင်းသားဘဝ ၂၇၂
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၂၇၅
သူဌေးသားအတွက် အစာအာဟာရစီမံကြပုံ ၂၇၆
အပြင်းအထန် အားထုတ်တော်မူခြင်း ၂၇၉
ဝိဏောဝါဒ = မလျော့, မတင်း စောင်းကြိုးငြင်း
အဆုံးအမတရား ဟောတော်မူခြင်း .... ၂၈၁
စောင်းဥပမာတရား ဟောတော်မူခြင်း
အကြောင်း မှတ်သားဖွယ် .... ၂၈၂
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၂၈၄

**(၁၇) အရှင်သောဏ-ကုဋိကဏ္ဏ မထေရ်အကြောင်း** .... ၂၈၅
သောဏ-ကုဋိကဏ္ဏ အမည်နှင့်စပ်၍ မှတ်သား
ဖွယ် .... .... ၂၈၅
(က) မထေရ်မြတ်၏ ရှေးဆုတောင်း .... ၂၈၅
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၂၈၆
ယက္ခစစ်သေနာပတိ နှစ်ဦးနှင့် စပ်၍
မှတ်သားဖွယ် .... .... ၂၈၆
သောဏ-ကုဋိကဏ္ဏသူဌေးသား သံဝေဂရ၍
ရှင်ရဟန်းပြုခြင်း .... .... ၂၈၈
ဂန္ဓကုဋိ၌ နေစေလိုသောရဟန်း အတွက်
မိန့်တော်မူပုံ .... .... ၂၉၅
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၃၀၄

**(၁၈) အရှင်သီဝလိ မထေရ်အကြောင်း** .... .... ၃၀၅
(က) မထေရ်၏ ရှေးဆုတောင်း .... .... ၃၀၅
တောရွာသားဘဝ .... .... ၃၀၆
ပျားရည်နှင့် ဒိန်ရည် ရောစပ်လှူခြင်း .... ၃၀၉

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... | ၃၁၀ |
| ပဋိသန္ဓေ တည်နေစဉ်အချိန် အံ့ဖွယ်များ | ၃၁၁ |
| ရှင်သီဝလိသားအမိတို့၏ ကိုယ်ဝန်ဒုက္ခ ဖြစ်ရသောအတိတ်ကြောင်းဝတ္ထု .... | ၃၁၆ |
| မထေရ်မြတ် မိမိဘုန်းကံကို စုံစမ်းကြည့်ခြင်း | ၃၁၇ |
| (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... | ၃၁၉ |
| (၁၉) အရှင်ဝက္ကလိ မထေရ်အကြောင်း .... | ၃၂၀ |
| (က) မထေရ်၏ ရှေးဆုတောင်း .... | ၃၂၀ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... | ၃၂၀ |
| (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... | ၃၂၆ |
| သဒ္ဓါဓိမုတ္တ ဧတဒဂ်ရခြင်းနှင့် စပ်၍ မှတ်သားဖွယ် .... .... | ၃၂၇ |
| (၂၀-၂၁) အရှင်ရာဟုလာ, အရှင်ရဋ္ဌပါလ မထေရ် ၂-ပါးတို့ အကြောင်း .... .... | ၃၂၇ |
| (က) မထေရ်မြတ် ၂-ပါးတို့၏ ရှေးဆုတောင်း | ၃၂၇ |
| အရှင်ရဋ္ဌပါလ၏ ဝေယျာဝစ္စမှုဘဝ .... | ၃၃၆ |
| နိရာမဂန္ဓာ၏ အနက်အဓိပ္ပါယ် မှတ်သားဖွယ် | ၃၃၈ |
| အရှင်ရာဟုလာ၏ ပထဝိန္ဓရမင်းသားဘဝ | ၃၃၉ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုကြခြင်း .... | ၃၄၀ |
| အရှင်ရာဟုလာ၏ သိက္ခာသုံးပါး လိုလားပုံ အကြောင်း .... .... | ၃၄၁ |
| (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... | ၃၄၃ |
| အရှင်ရဋ္ဌပါလ ရဟန်းပြုခြင်း .... | ၃၄၄ |
| အရှင်ရဋ္ဌပါလ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၃၄၅ |

အကြောင်းအရာ စာမျက်နှာ

အရှင်ရာဟုလာ သိက္ခာကာမ တေဒဂ်ရခြင်းနှင့် စပ်၍ မှတ်သားဖွယ် .... .... ၃၄၆
အရှင်ရဋ္ဌပါလ သဒ္ဓါပဗ္ဗဇိတ တေဒဂ်ရခြင်းနှင့် စပ်၍ မှတ်သားဖွယ် .... .... ၃၄၆

(၂၂) အရှင်ကုဏ္ဍဓာန မထေရ်အကြောင်း .... ၃၄၆
(က) မထေရ်၏ ရှေးဆုတောင်း .... ၃၄၆
မထေရ်အလောင်း၏ ဝဋ်လိုက်ဖွယ် မကောင်းမှု ၃၄၇
စိတ်ဝမ်းကွဲအောင် ပြုလုပ်ခြင်း .... ၃၄၈
စိတ်ဝမ်းကွဲ အထင်လွဲလေပြီ .... ၃၄၈
ဘုမ္မဇိုဝ်းနတ်၏ နောင်တ .... ၃၅၀
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၃၅၂
ဝဋ်လိုက်လေပြီ .... .... ၃၅၂
ကောသလမင်းကြီး ကိုယ်တိုင်စုံစမ်းခြင်း ၃၅၅
(ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၃၅၇

(၂၃) အရှင်ဝင်္ဂီသ မထေရ်အကြောင်း .... .... ၃၅၉
(က) မထေရ်၏ ရှေးဆုတောင်း .... ၃၅၉
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၃၆၀
ဝင်္ဂီသ ကျွတ်ချိန်ရောက်ခြင်း .... ၃၆၁
ဝင်္ဂီသအား ဟောသောဂါထာများ ရဟန်းတို့အားလည်း ဟောတော်မူပြန်ခြင်း အကြောင်း .... .... ၃၆၅
ဝင်္ဂီသအား တစပဉ္စကကမ္မဋ္ဌာန်းပေး၍ ရှင်ရဟန်းပြုပေးပုံ မှတ်သားဖွယ် .... ၃၆၆
အရှင်ဝင်္ဂီသ ပါဠိဂါထာ စာဆိုတော်ဖြစ်ကြောင်း မှတ်သားဖွယ် .... .... ၃၆၈

အကြောင်းအရာ                                                        စာမျက်နှာ

(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၃၆၈

**(၂၄) အရှင်ဥပသေန-ဝင်္ဂန္တပုတ္တ မထေရ်အကြောင်း .... ၃၆၉**

ဥပသေန-ဝင်္ဂန္တပုတ္တ အမည်နှင့်စပ်၍ မှတ်သားဖွယ် .... .... ၃၆၉

(က) မထေရ်၏ ရှေးဆုတောင်း .... ၃၆၉

(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၃၆၉

တပည့်ပရိသတ်ကို မွေးမြူဆုံးမတော်မူခြင်း ၃၇၁

(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၃၇၃

အရှင်ဥပသေနမထေရ် ပရိနိဗ္ဗာန် စံလွန်တော်မူခြင်း အကြောင်း .... .... ၃၇၄

အရှင်ဥပသေန မြွေဆိုးထိခြင်းနှင့်စပ်၍ မှတ်သားဖွယ် .... .... ၃၇၄

**(၂၅) အရှင်ဒဗ္ဗ မထေရ်အကြောင်း .... .... ၃၇၇**

(က) မထေရ်၏ ရှေးဆုတောင်း .... ၃၇၇

တောင်ထိပ်၌ တရားအားထုတ်ခြင်း .... ၃၇၈

(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၃၈၀

ဒဗ္ဗအမည်နှင့်စပ်၍ မှတ်သားဖွယ် .... ၃၈၁

(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၃၈၄

သေနာသနပညာပက ဧတဒဂ်ရခြင်းနှင့်စပ်၍ မှတ်သားဖွယ် .... .... ၃၈၅

မထေရ်မြတ် အစွပ်စွဲခံရခြင်း .... ၃၈၅

မထေရ်မြတ် ပရိနိဗ္ဗာန်စံခြင်း .... ၃၈၆

**(၂၆) အရှင်ပိလိန္ဒဝစ္ဆ မထေရ်အကြောင်း .... ၃၈၉**

(က) မထေရ်၏ ရှေးဆုတောင်း .... ၃၈၉

စေတီတော်နှင့် သံဃာတော်အား ပူဇော်ခဲ့ခြင်း ၃၈၉

စကြဝတေးမင်းဘဝ .... .... ၃၉၀

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... | ၃၉၀ |
| နှုတ်ထွက်ကြမ်းမှု အထုံဝါသနာပါရှိခြင်း | ၃၉၁ |
| ပိတ်ချင်းသီးများ ကြွက်ချေးဖြစ်ကုန်ခြင်း | ၃၉၄ |
| (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... | ၃၉၆ |
| (၂၇) အရှင်ဗာဟိယ-ဒါရုစီရိယ မထေရ်အကြောင်း .... | ၃၉၇ |
| ဗာဟိယ-ဒါရုစီရိယ အမည်နှင့်စပ်၍ မှတ်သားဖွယ် .... .... | ၃၉၇ |
| (က) မထေရ်၏ ရှေးဆုတောင်း .... | ၃၉၇ |
| တောင်ထိပ်တက်၍ ရဟန်းတရား အားထုတ်ခြင်း .... .... | ၃၉၈ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... | ၃၉၈ |
| ဗြဟ္မာကြီး လာရောက်သတိပေးခြင်း .... | ၄၀၀ |
| ဗာဟိယ-ဒါရုစီရိယ ရဟန္တာဖြစ်ခြင်း .... | ၄၀၂ |
| တရားဟောရန် အခါမဟုတ်သေးဟူသော စကားနှင့် စပ်၍ မှတ်သားဖွယ် .... | ၄၀၄ |
| တရားဟောရန် နှစ်ကြိမ်တိုင်ပယ်ခြင်းနှင့် စပ်၍ မှတ်သားဖွယ် .... .... | ၄၀၆ |
| အာရုံ ၆-ပါးကို ၄-စုပြု၍ ဟောတော်မူပုံ | ၄၀၈ |
| ၁-၂-၃-၄ အမှတ်ပြ တရားတော်တို့၏ အဓိပ္ပါယ်ရှင်းချက် .... .... | ၄၀၉ |
| ပဟိဘိက္ခု-မခေါ်ရခြင်းအကြောင်း မှတ်သားဖွယ် .... .... | ၄၁၁ |
| ဗာဟိယ နွားငယ့်ခံရ၍ အသက်ကုန်ခြင်း | ၄၁၂ |
| ဗာဟိယ၏ တမလွန်ကို မေးလျှောက်ခြင်းနှင့် စပ်၍ မှတ်သားဖွယ်.... .... | ၄၁၄ |
| ဓမ္မပဒဂါထာ ဟောကြားခြင်း .... | ၄၁၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (ဂ) တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူခြင်း .... | ၄၁၆ |
| (၂၈) **အရှင်ကုမာရကဿပ မထေရ်အကြောင်း** .... | **၄၁၇** |
| (က) မထေရ်၏ ရှေးဆုတောင်း .... | ၄၁၇ |
| တောင်ထိပ်တက်၍ ရဟန်းတရား အားထုတ်ခြင်း .... .... | ၄၁၇ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... | ၄၁၈ |
| ကုမာရကဿပဟု အမည်တွင်ခြင်း .... | ၄၁၉ |
| ဝမ္မိကသုတ်ဒေသနာ ဖြစ်ပေါ်လာခြင်း အကြောင်း .... .... | ၄၂၀ |
| ဝမ္မိကသုတ် အချုပ်လက်ာ .... | ၄၂၇ |
| ဝမ္မိကသုတ် ပြဿနာ ၁၅-ရပ်၏ အဓိပ္ပါယ် ရှင်းချက် .... .... | ၄၂၈ |
| အရှင်ကုမာရကဿပ ရဟန္တာဖြစ်ခြင်း.... | ၄၃၂ |
| (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... | ၄၃၂ |
| (၂၉) **အရှင်ကောဋ္ဌိတ မထေရ်အကြောင်း** .... | **၄၃၃** |
| (က) မထေရ်မြတ်၏ ရှေးဆုတောင်း .... | ၄၃၃ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... | ၄၃၄ |
| (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... | ၄၃၄ |
| (၃၀) **အရှင်အာနန္ဒာ မထေရ်မြတ်အကြောင်း** .... | **၄၃၅** |
| (က) မထေရ်မြတ်၏ ရှေးဆုတောင်း .... | ၄၃၅ |
| အကြားကာလ ကောင်းမှုများ .... | ၄၄၅ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... | ၄၄၆ |
| အရှင်အာနန္ဒာသောတာပန်တည်ခြင်း.... | ၄၄၆ |

ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ကျမ်းပြုဆရာတော်



ဆဋ္ဌသံဂီတိဝိသဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
ဆရာတော်၏ပုံ

အကြောင်းအရာ စာမျက်နှာ

ဥပဋ္ဌာက = အလုပ်အကျွေးရာထူး ခံယူတော်မူခြင်း .... .... .... ၄၄၀
အရှင်အာနန္ဒာ ဆုရှစ်တန် ခံယူခြင်း .... ၄၅၁
မြတ်စွာဘုရားကို သူမတူတန်အောင် ပြုစုလုပ်ကျွေးတော်မူခြင်း .... .... ၄၅၅
(ဂ) ဧတဒဂ် ၅-တန် ရတော်မူခြင်း.... .... ၄၅၆
အရှင်အာနန္ဒာ ရဟန္တာဖြစ်တော်မူခြင်း.... ၄၅၈
သံဂီတိကာရက (၄၉၉) ပါးသာ ရွေးကောက်ခြင်းအကြောင်း ရှင်းချက် .... ၄၆၁
တောစောင့်နတ်က သတိပေးခြင်း .... ၄၆၇
နိဗ္ဗာန်ကို နှလုံး၌ထားသူ ၂-မျိုး မှတ်သားဖွယ် ၄၆၈
အဇာတသတ်မင်း သံဂါယနာမဏ္ဍပ်ကြီး ဆောက်လုပ်ခြင်း .... .... ၄၇၁
အရှင်အာနန္ဒာ ဣရိယာပုထ်လေးပါးမှ လွတ်၍ ရဟန္တာ ဖြစ်တော်မူခြင်း .... .... ၄၇၃
အရှင်မဟာကဿပ သာဓုကောင်းကြီး ပေးတော်မူခြင်း .... .... ၄၇၅
ရဟန္တာ ဖြစ်ကြောင်း ပြောသကဲ့သို့ ကြံရပုံ ရှင်းချက် .... .... .... ၄၇၆
သံဂါယနာသဘင် ဆင်ယင်တော်မူကြခြင်း ၄၇၇
ဝိနည်းပိဋကတ်ကို အရှင်ဥပါလိသို့ အပ်နှင်းတော်မူကြခြင်း .... ၄၇၉
အရှင်အာနန္ဒာ ပရိနိဗ္ဗာန် စံလွန်တော်မူခြင်း ၄၈၅
သံဝေဂဂါထာ ပါဠိ, အနက် .... ၄၈၇

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **(၃၁) အရှင်ဥရုဝေလကဿပ မထေရ်အကြောင်း** | .... | **၄၈၇** |
| (က) မထေရ်၏ ရှေးဆုတောင်း | .... | ၄၈၇ |
| ဖုဿမြတ်စွာဘုရားရှင်၏ ညီတော်မင်းသား ၃ ပါး | .... .... | ၄၈၉ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း | .... | ၄၈၉ |
| (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း | .... | ၄၉၃ |
| တပည့်ပရိသတ်အများဆုံး ဧတဒဂ်ရခြင်းနှင့် စပ်၍ မှတ်သားဖွယ် | .... .... | ၄၉၄ |
| **(၃၂) အရှင်ကာဠုဒါယီ မထေရ်အကြောင်း** | .... | **၄၉၅** |
| (က) မထေရ်မြတ်၏ ရှေးဆုတောင်း | .... | ၄၉၅ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း | .... | ၄၉၅ |
| ကာဠုဒါယီဟု အမည်မှည့်ခြင်း | .... | ၄၉၅ |
| ကာဠုဒါယီအမတ်ကို စေလွှတ်ခြင်း | .... | ၄၉၇ |
| (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း | .... | ၅၀၁ |
| **(၃၃) အရှင်ဗာကုလ မထေရ်အကြောင်း** | .... | **၅၀၁** |
| (က) မထေရ်မြတ်၏ ရှေးဆုတောင်း | .... | ၅၀၁ |
| အနာကင်းသောအရာ ဧတဒဂ် ဆုတောင်းခြင်း | | ၅၀၃ |
| တဖန် ရသေ့ဘဝ ဆေးကုသခြင်း | .... | ၅၀၄ |
| ကျောင်းတိုက်အိုကို မွမ်းမံပြင်ဆင်ခြင်း | .... | ၅၀၅ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း | .... | ၅၀၆ |
| ဗာကုလ-ဟု အမည်တွင်ခြင်း | .... | ၅၀၇ |
| ဗာကုလသူဌေးသား၏ စည်းစိမ် | .... | ၅၁၀ |
| ဗာကုလသူဌေးသား ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း | .... .... | ၅၁၁ |
| (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... | .... | ၅၁၂ |
| အရှင်ဗာကုလ၏ အံ့ဩဖွယ်များ | .... | ၅၁၃ |

အကြောင်းအရာ စာမျက်နှာ

(၃၄) အရှင်သောဘိတ မထေရ်အကြောင်း ... ... ၅၁၉
(က) မထေရ်၏ ရှေးဆုတောင်း ... ... ၅၁၉
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း ... ၅၂၀
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ... ... ၅၂၀
(၃၅) အရှင်ဥပါလိ မထေရ်အကြောင်း ... ... ၅၂၂
(က) မထေရ်၏ ရှေးဆုတောင်း ... ... ၅၂၂
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း ... ... ၅၂၂
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ... ... ၅၂၃
ဘာရုကစ္ဆက ဝတ္ထု ... ... ၅၂၄
အဇ္ဇုက ဝတ္ထု ... ... ၅၂၄
(၃၆) အရှင်နန္ဒက မထေရ်အကြောင်း ... ... ၅၂၇
(က) မထေရ်၏ ရှေးဆုတောင်း ... ... ၅၂၇
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း ... ၅၂၇
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ... ... ၅၃၀
(၃၇) အရှင်နန္ဒ မထေရ်အကြောင်း ... ... ၅၃၀
(က) မထေရ်၏ ရှေးဆုတောင်း ... ... ၅၃၀
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း... ... ၅၃၂
မျောက်မအိုကို ပြပြီး နတ်ပြည်သို့ ကြွခြင်းနှင့် စပ်၍ မှတ်သားဖွယ် ... ... ၅၃၄
အရှင်နန္ဒကို နတ်သမီးပြခြင်းနှင့်စပ်၍ မှတ်သားဖွယ် ... ... ... ၅၃၆
အာမခံမှ လွတ်ခြင်း,လွတ်တော်မူခြင်း ... ၅၃၈
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း... ... ၅၄၀
ဣန္ဒြေစောင့်မှု ဧတဒဂ်ရခြင်းနှင့် စပ်၍ မှတ်သားဖွယ် ... ... ... ၅၄၁

အကြောင်းအရာ စာမျက်နှာ
(၃၈) အရှင်မဟာကပ္ပိန မထေရ်အကြောင်း .... ၅၄၁
(က) မထေရ်၏ ရှေးဆုတောင်း .... ၅၄၁
ယက်ကန်းသည် အကြီးအမှူးဘဝ .... ၅၄၂
သူကြွယ် အကြီးအမှူးဘဝ .... ၅၄၅
သူကြွယ်ကတော် အကြီးအမှူး၏ ထူးကဲသော စေတနာ .... .... ၅၄၇
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၅၄၀
မင်းကြီး မြင်းစေကျော် တို့ဖြင့် သတင်းစကား နာယူစေခြင်း .... .... ၅၄၉
ရတနာသုံးပါး သတင်းကြားသိရခြင်း.... ၅၅၀
မဟာကပ္ပိနမင်းကြီး တောထွက်တော်မူခြင်း ၅၅၂
မြတ်စွာဘုရား အသင့်စောင့်ကြိုနေတော်မူခြင်း ၅၅၃
မဟာကပ္ပိနမင်း မြစ်သုံးတန်ကို ကူးမြောက်ခြင်း ၅၅၃
မြတ်စွာဘုရားနှင့်တွေ့၍ ရဟန်းပြုကြခြင်း ၅၅၇
ကုန်သည်များ အနောဇာမိဖုရားကြီးထံ သွားရောက်ကြခြင်း .... .... ၅၅၉
အနောဇာမိဖုရားကြီး အမတ်ကတော်တို့နှင့် တိုင်ပင်၍ တောထွက်ခြင်း .... ၅၆၂
အရှင်မဟာကပ္ပိနကို အကြောင်းပြု၍ ဓမ္မပဒ ဂါထာကို ဟောခြင်း .... .... ၅၆၅
အရှင်မဟာကပ္ပိနမထေရ် အနီးနေ တပည့်တို့ကို တရားဟောခြင်း .... ၅၆၆
(ဂ) တာဒိဂ်ဘွဲ့ထူး ရတော်မူခြင်း.... .... ၅၆၇
(၃၉) အရှင်သာဂတ မထေရ်အကြောင်း .... .... ၅၆၈
(က) မထေရ်၏ ရှေးဆုတောင်း .... .... ၅၆၈

**အကြောင်းအရာ** **စာမျက်နှာ**

(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၅၆၁
အရှင်သာဂတ နဂါးကို ဆုံးမခြင်း .... ၅၆၉
သရက်ပင်ဆိပ်နဂါး၏ အဋ္ဌုပ္ပတ္တိအကျဉ်းချုပ် ၅၆၉
ကောသမ္ဗီပြည်ဖက်သို့ ခရီးဆက်ခြင်း .... ၅၇၁
ဆဗ္ဗဂ္ဂီရဟန်းတို့၏ အကြောင်းအရာအကျဉ်းချုပ် ၅၇၂
အရှင်သာဂတ ရဟန္တာဖြစ်ခြင်း .... ၅၇၆
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၅၇၆
**(၄၀) အရှင်ရာဓ မထေရ်အကြောင်း** .... **၅၇၇**
(က) မထေရ်၏ ရှေးဆုတောင်း .... ၅၇၇
နောက်တဖန် အမျိုးသားဘဝ .... ၅၇၇
(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... ၅၇၀
အရှင်သာရိပုတ္တရာ၏ ကတညုတာ,
ကတဝေဒိတာဂုဏ် .... ၅၇၉
ရဟန်းခံ,ရှင်ပြုအတွက် ဘုရားခွင့်ပြုချက်များ ၅၀၀
ရာဓပုဏ္ဏားကြီး ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း ၅၀၃
အလီနစိတ္တဇာတ်ကို ဟောတော်မူခြင်း ၅၀၃
အလီနစိတ္တဇာတ် ရှေ့ပိုင်းနှင့် နောက်ပိုင်း
ဖြစ်ပေါ်ပုံ မှတ်ဖွယ် .... .... ၅၉၃
(ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း .... ၅၉၇
ပဋိဘာနေယျက ဧတဒဂ်ရခြင်းနှင့်စပ်၍
မှတ်သားဖွယ် .... .... ၅၉၀
**(၄၁) အရှင်မောဃရာဇ မထေရ်အကြောင်း** .... **၅၉၀**
(က) မထေရ်၏ ရှေးဆုတောင်း .... ၅၉၀
ကဋ္ဌဝါဟနမင်း၏ အမတ်ကြီးဘဝ .... ၅၉၉
ဆရာကြီး ဝဋ္ဌနိရုပ်စက်ယာဉ်ပျံ
တည်ဆောက်ခြင်း .... .... ၆၀၀
ကဋ္ဌဝါဟနမင်းကြီး ဖြစ်လာခြင်း .... ၆၀၁

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဗာရာဏသီမင်းနှင့် မဟာမိတ်ဖြစ်ခြင်း.... | ၆ဝ၂ |
| လက်ဆောင် အပြန်အလှန် ပေးပို့ကြခြင်း | ၆ဝ၄ |
| လက်ဆောင်တို့ တဖန်ပြန်ခြင်း .... | ၆ဝ၅ |
| အမတ်တို့ သွားရောက်စုံစမ်းကြခြင်း .... | ၆ဝ၉ |
| ကဥ္စဝါဟနမင်းကြီး အသက်ထက်ဆုံး ကောင်းမှုပြု၍ နတ်ရွာစံခြင်း .... | ၆၁ဝ |
| (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း .... | ၆၁၂ |
| ဗာဝရီပုရောဟိတ်ဆရာကြီး တပည့်တို့နှင့် ရသေ့ရဟန်းပြုခြင်း .... .... | ၆၁၃ |
| ဗာဝရီဆရာကြီး နှစ်စဉ် အသပြာတသိန်း အလှူကြီးပေးခြင်း .... .... | ၆၁၆ |
| လူလိမ်ပုဏ္ဏားတယောက် လာရောက် ခြောက်လှန့်ခြင်း .... .... | ၆၁၇ |
| ဗာဝရီဆရာကြီးနှင့် ဘုရားပွင့်ချိန် မှတ်ချက် | ၆၂၁ |
| ပါသာဏကစေတီနှင့် စပ်၍ မှတ်သားဖွယ် | ၆၂၃ |
| အရဟတ္တဖိုလ်အထွတ်တပ်သော ဂါထာ ဖြစ်ကြောင်း မှတ်သားဖွယ် .... | ၆၃၆ |
| (ဂ) တေဒင်္ဂတွဲထူး ရတော်မူခြင်း .... | ၆၃၆ |
| ဗာဝရီဆရာကြီးအကြောင်း .... .... | ၆၃၇ |
| ပါရာယနသုတ္တန်နှင့် စပ်၍ မှတ်သားဖွယ် .... | ၆၄၂ |
| အရှင်ပိင်္ဂိယ ဗာဝရီဆရာကြီးအား တဖန် ပြန်၍ တရားဟောခြင်း .... | ၆၄၂ |
| ပါရာယနာနုဂီတိ ၁၅-ဂါထာ မြန်မာပြန် | ၆၄၄ |
| ဗာဝရီဆရာကြီး တူ့ဝရီးတို့ ပြောဆိုရာ၌ ရှိုင်းပြခြင်းကင်းပုံ မှတ်သားဖွယ် .... | ၆၄၇ |
| မြတ်စွာဘုရား ရောင်ခြည်တော်လွှတ်၍ တရားဟောခြင်း .... .... | ၆၄ဂ |


မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ (ပဉ္စမပိုင်း) မာတိကာ ပြီး၏။

## တေဒဂ်ဘွဲ့ရ ရဟန္တာမထေရ်ကြီးများ (၄၁)

ဘွဲ့တော် ရရှိသည့်တေဒဂ်

၁။ အရှင်ကောဏ္ဍည (ဝါရင့်ခြင်း=ရဋ္ဌညူအရာ)
၂။ အရှင်သာရိပုတြာ (ဉာဏ်ပညာကြီးခြင်း)
၃။ အရှင်မဟာမောဂ္ဂလ္လာန် (တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း)
၄။ အရှင်မဟာကဿပ (ဓုတင်ဆောင်ခြင်း)
၅။ အရှင်အနုရုဒ္ဓါ -(ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း)
၆။ အရှင်ဘဒ္ဒိယ (အမျိုးမြတ်ခြင်း)
၇။ အရှင်လကုဏ္ဍကဘဒ္ဒိယ (အသံသာယာခြင်း)
၈။ အရှင်ပိဏ္ဍောလဘာရဒွါဇ (ရဲတင်းသော စကားကို ဆို ခြင်း)
၉။ အရှင်ပုဏ္ဏ (ဓမ္မကထိကအရာ တရားဟောကြားခြင်း)
၁၀။ အရှင်ကစ္စာန (အကျဉ်းကို အကျယ်ဟောခြင်း)
၁၁။ အရှင်စူဠပန္ထက (မနောမယအဘိညာဉ်ဖန်ဆင်းခြင်း)
၁၂။ အရှင်မဟာပန္ထက (အရူပဈာန်မှထ၍ ရဟန္တာဖြစ်ခြင်း)
၁၃။ အရှင်သုဘူတိ (အပြစ်မရှိသော နေခြင်းနှင့် အလှူခံထိုက် ခြင်း)
၁၄။ အရှင်ခဒိရဝနိယရေဝတ (တောရဆောက်တည်ခြင်း)
၁၅။ အရှင်ကင်္ခါရေဝတ (ဈာန်ဝင်စားခြင်း)
၁၆။ အရှင်သောဏကောဠိဝိသ (လုံ့လဝီရိယကြီးခြင်း)
၁၇။ အရှင်သောဏကုဋိကဏ္ဏ (အဟောအပြောကောင်းခြင်း)
၁၈။ အရှင်သီဝလိ (လာဘ်ပေါများခြင်း)
၁၉။ အရှင်ဝက္ကလိ (သဒ္ဓါတရား လွန်ကဲခြင်း)
၂၀။ အရှင်ရာဟုလာ (သိက္ခာသုံးပါး ကျင့်ဆောင်ခြင်း)
၂၁။ အရှင်ရဋ္ဌပါလ (သဒ္ဓါ၍ ရဟန်းပြုခြင်း)
၂၂။ အရှင်ကုဏ္ဍဓာန (စာရေးတံမဲ ပဌမယူခြင်း)

ဘွဲ့တော် ရရှိသည့်အကြောင်း

၂၃။ အရှင်ဝင်္ဂီသ (ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်း)
၂၄။ အရှင်ဥပသေန (ကြည်ညိုဖွယ်ရာဖြစ်ခြင်း)
၂၅။ အရှင်ဒဗ္ဗ (သံဃာတော်များအတွက် နေရာချထားခြင်း)
၂၆။ အရှင်ပိလိန္ဒဝစ္ဆ (နတ်တို့ ချစ်မြတ်နိုးခြင်း)
၂၇။ အရှင်ဗါဟိယဒါရုစီရိယ (လျင်မြန်စွာ ထိုးထွင်းသိခြင်း)
၂၈။ အရှင်ကုမာရကဿပ (ဆန်းကြယ်စွာ တရားဟောခြင်း)
၂၉။ အရှင်မဟာကောဋ္ဌိတ (ပဋိသမ္ဘိဒါ ၄-ပါး ရခြင်း)
၃၀။ အရှင်အာနန္ဒာ (အကြားအမြင်များခြင်း၊ သတိကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ လုံ့လကြီးခြင်း၊ အလုပ်အကျွေး အပြုအစု-ငါးချက်)
၃၁။ အရှင်ဥရုဝေလကဿပ (အခြံအရံ များခြင်း)
၃၂။ အရှင်ကာဠုဒါယီ (ဆွေတော် မျိုးတော်တို့ကို ကြည်ညိုစေခြင်း)
၃၃။ အရှင်ဗာကုလ (ကျန်းမာရေးနှင့် ပြည့်စုံခြင်း)
၃၄။ အရှင်သောဘိတ (ပုဗ္ဗေနိဝါသအဘိညာဉ်)
၃၅။ အရှင်ဥပါလိ (ဝိနည်းဆောင်ခြင်း)
၃၆။ အရှင်နန္ဒက (ဘိက္ခုနီတို့အား ဆုံးမခြင်း)
၃၇။ အရှင်နန္ဒ (ဣန္ဒြေစောင့်ခြင်း)
၃၈။ အရှင်မဟာကပ္ပိန (ရဟန်းများအား ဆုံးမခြင်း)
၃၉။ အရှင်သာဂတ (တေဇောဓာတ်သမာပတ်၌ ဝင်စားခြင်း)
၄၀။ အရှင်ရာဓ (ဒေသက ဘုရားရှင်အား ဒေသနာဉာဏ် အဆင့်ဆင့် ပွင့်စေခြင်း)
၄၁။ အရှင်မောဃရာဇ (ခေါင်းပါးသော သင်္ကန်းကိုဆောင်ခြင်း)

## လက်ျာရံ ရဟန္တာမထေရ် (၄၀)

၁။ အရှင်သာရိပုတြာ (အဂ္ဂသာဝက)
၂။ အရှင်အညာသိကောဏ္ဍည
၃။ အရှင်ဝပ္ပ
၄။ အရှင်ဘဒ္ဒိယ
၅။ အရှင်မဟာနာမ်
၆။ အရှင်အဿဇိ
၇။ အရှင်နာလက
၈။ အရှင်ယသ
၉။ အရှင်ဝိမလ
၁၀။ အရှင်သုဗာဟု
၁၁။ အရှင်ပုဏ္ဏဇိ
၁၂။ အရှင်ဂဝမ္ပတိ
၁၃။ အရှင်ဥရုဝေလကဿပ
၁၄။ အရှင်နဒီကဿပ
၁၅။ အရှင်ဂယာကဿပ
၁၆။ အရှင်မဟာကဿပ
၁၇။ အရှင်မဟာကစ္စည်း
၁၈။ အရှင်မဟာကောဋ္ဌိတ
၁၉။ အရှင်မဟာကပ္ပိန
၂၀။ အရှင်မဟာစုန္ဒ
၂၁။ အရှင်အနုရုဒ္ဓါ
၂၂။ အရှင်ကင်္ခါရေဝတ
၂၃။ အရှင်အာနန္ဒာ
၂၄။ အရှင်နန္ဒက
၂၅။ အရှင်ဘဂု
၂၆။ အရှင်နန္ဒိယ
၂၇။ အရှင်ကိမိလ
၂၈။ အရှင်ဘဒ္ဒိယ
၂၉။ အရှင်ရာဟုလာ
၃၀။ အရှင်သီဝလိ
၃၁။ အရှင်ဥပါလိ
၃၂။ အရှင်ဒဗ္ဗ
၃၃။ အရှင်ဥပသေန
၃၄။ အရှင်ခဒိရဝနိယရေဝတ
၃၅။ အရှင်မဟာပုဏ္ဏ
၃၆။ အရှင်စူဠပုဏ္ဏ
၃၇။ အရှင်သောဏကုဋိကဏ္ဏ
၃၈။ အရှင်သောဏကောဠိဝိသ
၃၉။ အရှင်ရာဓ
၄၀။ အရှင်သုဘူတိ

## လက်ဝဲရံ ရဟန္တာမထေရ် (၄၀)

၁။ အရှင်မဟာမောဂ္ဂလာန် (အဂ္ဂသာဝက)
၂။ အရှင်အင်္ဂုလိမာလ
၃။ အရှင်ဝက္ကလိ
၄။ အရှင်ကာဠုဒါယီ
၅။ အရှင်မဟာဥဒါယီ
၆။ အရှင်ပိလိန္ဒဝစ္ဆ
၇။ အရှင်သောဘိတ
၈။ အရှင်ကုမာရကဿပ
၉။ အရှင်ရဋ္ဌပါလ
၁၀။ အရှင်ဝင်္ဂီသ
၁၁။ အရှင်သဘိယ
၁၂။ အရှင်သေလ
၁၃။ အရှင်ဥပဝါန
၁၄။ အရှင်မေဃိယ
၁၅။ အရှင်သာဂတ
၁၆။ အရှင်နာဂိတ
၁၇။ အရှင်လကုဏ္ဍကဘဒ္ဒိယ
၁၈။ အရှင်ပိဏ္ဍောလဘာရဒွါဇ
၁၉။ အရှင်မဟာပန္ထက
၂၀။ အရှင်စူဠပန္ထက
၂၁။ အရှင်ဗာကုလ
၂၂။ အရှင်ကုဏ္ဍဓာန
၂၃။ အရှင်ဒါရုစီရိယ
၂၄။ အရှင်ယသောဇ
၂၅။ အရှင်အဇိတ
၂၆။ အရှင်တိဿမေတ္တေယျ
၂၇။ အရှင်ပုဏ္ဏက
၂၈။ အရှင်မေတ္တဂူ
၂၉။ အရှင်ဓောတက
၃၀။ အရှင်ဥပသီဝ
၃၁။ အရှင်နန္ဒ
၃၂။ အရှင်ဟေမက
၃၃။ အရှင်တောဒေယျ
၃၄။ အရှင်ကပ္ပ
၃၅။ အရှင်ဇတုကဏ္ဏိ
၃၆။ အရှင်ဘဒြာဝုဓ
၃၇။ အရှင်ဥဒယ
၃၈။ အရှင်ပေါသာလ
၃၉။ အရှင်မောဃရာဇ
၄၀။ အရှင်ပိင်္ဂိယ

# နိုင်ငံတော်ဗုဒ္ဓသာသနာ့

# မဟာဗုဒ္ဓဝင်

သဋ္ဌမတွဲ (ပဌမပိုင်း)

## ဂေါတမဗုဒ္ဓဝင်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သံဃရတနာ

### အခန်း-၄၃

### ထေရာပဒါနခန်း

ယခုအခါ မြတ်စွာဘုရားရှင်၏ တပည့်သာဝက သုပ္ပဋိပန္နတာ-အစရှိသော ကျေးဇူးဂုဏ် ကိုးပါးတို့နှင့် ပြည့်စုံတော်မူကြသော အရိယသံဃာတော်တို့တွင် ဧတဒဂ်ဘွဲ့ထူးရ မဟာသာဝကကြီးများ၏ အကြောင်းအရာကျင့်စဉ် ဖြစ်စဉ်=ထေရာပဒါနကို အရှင် ကောဏ္ဍညမထေရ်၏ အကြောင်းအရာမှ အစပြု၍ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ ဧကကနိပါတ် ဧတဒဂ္ဂဝဂ်အဖွင့်ကို မှီငြမ်းတည်၍ ထုတ်ဆောင် ရေးသား ဖော်ပြပေအံ့—

## (၁) အရှင်ကောဏ္ဍညမထေရ်အကြောင်း

ဤမထေရ်မြတ်ကြီးတို့၏ အကြောင်းအရာ = ထေရာပဒါနကို ရေးသားဖော်ပြရာ၌ အဋ္ဌကထာလာသောအတိုင်း (က) ရှေးဆုတောင်း, (ခ) နောက်ဆုံးဘဝ ရဟန်းပြုကြောင်း, (ဂ) တရားထူးရကြောင်း, (ဃ) ဧတဒဂ်ရာထူးဌာနန္တရ ထားရှိကြောင်း = ဤအချက်လေးချက်တို့ဖြင့် ရေးသားဖော်ပြပေအံ့—

### (က) မထေရ်မြတ်၏ ရှေးဆုတောင်း

ဤဘဒ္ဒကမ္ဘာမှ ပဋိလောမအဆန် ပြန်၍ရေတွက်လျှင် လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်ထွန်းတော်မူခဲ့လေသည်။ (ထိုမြတ်စွာဘုရား၏ ပဒုမုတ္တရ- အမည်တော်ရကြောင်းကို အောက်မဟာဗုဒ္ဓဝင် ပဌမတွဲ ဒုတိယပိုင်း စာမျက်နှာ ၃၉၆-၌ ရေးသားဖော်ပြခဲ့ပြီ)။

ပဒုမုတ္တရမြတ်စွာဘုရားသည် လူသုံးပါး၌ ထင်ရှားပွင့်ထွန်းတော်မူပြီးနောက် ရဟန်းတော်ပေါင်း တသိန်းခြံရံလျက် လူအများအား သနားချေချွတ် ချီးမြှောက်တော်မူဖို့ရန် ရွာ, နိဂုံး, မင်းနေပြည်တို့၌ အစဉ်သဖြင့် ဆွမ်းခံလှည့်လည် ခရီးဒေသစာရီ ကြွချီတော်မူခဲ့ရာ ဟံသာဝတီ (ဖွားတော်မူရာ) ရွှေမြို့တော်သို့ ရောက်ဆိုက်တော်မူလာလေ၏။ ခမည်းတော် အာနန္ဒမင်းကြီးသည် သားတော်ဘုရား ကြွလာတော်မူကြောင်း သတင်းကောင်းကြားသိ၍ တိုင်းသားပြည်သူ၊ မိုလ်ပါပရိသတ်တို့နှင့် အတူတကွ ခရီးဦးကြိုဆိုမှု ပြုလေ၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် ခမည်းတော်အာနန္ဒမင်းကြီးအား အမှူးထား၍ တရားဟောတော်မူလေလျှင် ဓမ္မာဘိသမယ- ဆိုသောအခါ၌ အချို့သောတာပန်, အချို့သကဒါဂါမ်, အချို့အနာဂါမ်ဖြစ်ကြ၍ အချို့အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေ၏။

ခမည်းတော်မင်းကြီးသည် နောက်တနေ့အတွက် မြတ်စွာဘုရားကို ဆွမ်းစားပင့်လျှောက်ပြီးလျှင် နောက်တနေ့၌ ဆွမ်းစားချိန်ကို လျှောက်ထားပင့်ဆောင်စေ၍ ရဟန်းတော်ပေါင်းတသိန်း

အခြံအရံရှိသော ပဒုမုတ္တရမြတ်စွာဘုရားအား မိမိ၏ရှေ့နန်းတော်၌ ကြီးစွာသော အလှူဒါနကို ပေးလှူလေသည်။ ပဒုမုတ္တရမြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာ တရား ဟောကြားတော်မူပြီး နောက် ကျောင်းတိုက်သို့ တဖန် ပြန်ကြွတော်မူလေ၏။ ထိုနည်းဖြင့်ပင် နောက်တနေ့၌ မြို့သူမြို့သားတို့က မဟာဒါန ပေးလှူကြလေသည်၊ နောက်တနေ့၌ အာနန္ဒမင်းကြီးက မဟာဒါန ပေးလှူလေသည်။ ဤနည်းဖြင့်ပင် မင်းကြီးကတလှည့်, တိုင်းသူပြည်သားတို့ကတလှည့် ဤသို့ အလှည့်အလည်အားဖြင့် ကာလရှည်လျားစွာ မဟာဒါန ပေးလှူကြလေသည်။

ထိုအခါ အရှင်ကောဏ္ဍည မထေရ်အလောင်း သူတော်ကောင်းအမျိုးသားသည် ဟံသာဝတီ မင်းနေပြည်ဝယ် စီးပွါးဥစ္စာ ကြွယ်ဝသော ဂဟပတိမဟာသာလအမျိုး၌ဖြစ်၍ တနေ့သ၌ မြတ်စွာဘုရား တရားဟောချိန်တွင် ဟံသာဝတီပြည်သား လူအများတို့ ပန်း, နံ့သာစသည် လက်စွဲကြကုန်လျက် ဘုရား,တရား, သံဃာ = ရတနာသုံးပါးရှိရာ အရပ်သို့ တရားနာသွားကြသည်တို့ကို မြင်လတ်၍ ထိုလူများနှင့် အတူတကွ တရားဟောရာ အရပ်သို့ လိုက်ပါ သွားလေ၏။

ထိုအခါ၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ သာသနာဝယ် ရှေးဦးစွာ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်သော ရဟန်းတော်တပါးကို ရတ္တညူအရာ (=ရဟန်းဝါအကြီးဆုံးအရာ)၌ အသာဆုံး အမြင့်ဆုံးတည်းဟူသော ဧတဒဂ်ရာထူး၌ ထားတော်မူလေသည်။ အရှင်ကောဏ္ဍညအလောင်းအမျိုးကောင်းသားသည် ထိုအကြောင်းကို ကြားသိ၍ "ဤရဟန်းသည် ကြီးကျယ်မြင့်မြတ်ဘိတကား၊ မြတ်စွာဘုရားကို အလွတ်ထား၍ အခြားတပါး ဤရဟန်းထက် အလျင်လက်ဦး သစ္စာလေးပါး တရားထူးကို သိမြင်သော ရဟန်းဟူ၍ မရှိဘူးတကား။ ငါသည်လည်း နောက်အခါ တဆူဆူသော ဘုရားရှင်၏ သာသနာဝယ် ဤရဟန်းနည်းတူ အလျင်လက်ဦး သစ္စာလေးပါး တရားထူးကို သိမြင်နိုင်စွမ်းသော ရဟန်းသူမြတ် ဖြစ်ရပါမူ ကောင်း

လေစွ”ဟု ဆင်ခြင် အကြံကောင်းဝင်၍ တရားပွဲပြီးဆုံးသော အခါ မြတ်စွာဘုရားအထံတော်သို့ ဆည်းကပ်၍“နက်ဖြန် တပည့်တော်၏ဆွမ်းကို အလှူခံတော်မူပါကုန်ဘုရား...”ဟုလျှောက်ထား ပင့်ဖိတ်လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားသည် ဆိတ်ဆိတ်နေ သဖြင့် သည်းခံတော်မူလေ၏။

အမျိုးကောင်းသားသည် မြတ်စွာဘုရားရှင် လက်ခံတော်မူ ကြောင်း ကောင်းစွာသိရ၍ မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုး အရိုအသေ ပြုပြီးလျှင် မိမိအိမ်သို့ ပြန်ခဲ့၍ တညဉ့်လုံးလုံး မြတ်စွာဘုရားနှင့်တကွ သံဃာတော်များ ထိုင်နေမည့်နေရာကို နံ့သာပန်းဆိုင်း စသည်တို့ဖြင့် တန်းဆာဆင်၍ မွန်မြတ်သော ခဲဖွယ်,ဘောဇဉ်တို့ကို စီမံပြီးလျှင် ထိုညဉ့်လွန်မြောက် နောက် တနေ့ရောက်သောအခါ မိမိအိမ်၌ ရဟန်းတော်ပေါင်း တသိန်း အခြံအရံရှိသော ပဒုမုတ္တရမြတ်စွာဘုရားအား ထူးခြားဆန်းကြယ် သော ယာဂုခဲဖွယ်အခြံအရံ အလှူဒါနနှင့်တကွ ရသာကြိုင်လှိုင်မွှမ်း နံ့သာသလေးဆွမ်းကို လှူဒါန်းဆက်ကပ်၍ ဆွမ်းကိစ္စပြီးသော အခါ သင်္ကန်းသုံးထည်ချုပ်လောက်သည့် ဝင်္ဂတိုင်းဖြစ် အသစ် စက်စက် မွေ့ညက်ထူထဲသော အဝတ်တို့ကို မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ခင်းကျင်း တည်ထားပြီးလျှင်,, တဖန်ဆက်၍ “ငါသည် အနည်းငယ်မျှသော သာသနရာထူးအတွက် လှည့်လည် ကျက်စားသူမဟုတ်၊ ကြီးစွာသော သာသနာဖက်ဆိုင်ရာ ရာထူး ကို တောင့်တလျက် ကျက်စားလှည့်လည်သူ ဖြစ်ချေသည်။ ယခု ကဲ့သို့ တရက်တည်းသော မဟာဒါနပြု၍ ထိုရာထူးဌာနန္တရကို တောင့်တခြင်းငှါ မစွမ်းနိုင်ချေ၊ သို့ရကား အစဉ် အတိုင်း ခုနစ်ရက်ဆက်ကာ မဟာဒါနကြီးကို ပေးလှူပြီးလျှင် တောင့်တ ပေအံ့”ဟု ကြံစည် ဆင်ခြင်မိလေ၏။

ထို အမျိုးကောင်းသားသည် ဤနည်းနှင်နှင် ခုနစ်ရက်ပတ်လုံး မဟာဒါနကို ပေးလှူ၍ ဆွမ်းကိစ္စ ပြီးဆုံးသောအခါ အဝတ် သိုလှောင်သောကျိကြ်ကို ဖွင့်စေပြီးနောက် နူးညံ့မွန်မြတ်သော အဝတ်များကို မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ထားရှိကာ

ရဟန်းတော်တသိန်းအား တိစီဝရိက်သက်န်းများကို လှူဒါန်း ဆက်ကပ်ပြီးလျှင် မြတ်စွာဘုရား ထံတော်သို့ ဆည်းကပ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဤယနေ့မှအထက် ခုနစ် ရက်မြောက်သောနေ့က အရှင်ဘုရားတို့ တေဒဂ်ရာထူး၌ ချီးကျူး မြှောက်စား တင်ထားအပ်သော ရဟန်းတော်ပမာ တပည့်တော် သည်လည်း အနာဂတ နောက်ကာလ၌ ပွင့်တော်မူမည့် မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ရှင်ရဟန်းပြုကာ ရှေးဦး စွာ သစ္စာလေးပါး တရားထူးကို ထိုးထွင်းသိမြင်ခြင်းငှါ စွမ်းနိုင် သူ ဖြစ်ရပါလို၏"ဟု လျှောက်ထား၍ ဘုရားခြေတော်ရင်း၌ ဝပ် စင်းဦးခိုက် အလျားလိုက် အရှိအသေပြု၍ နေလေ၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား ဆုပန် လျှောက်ထားသော စကားကို ကြားသိတော်မူ၍ "ဤအမျိုး ကောင်းသားသည် ကြီးစွာသော အဓိကာရ (= အထိကရ) ကောင်းမှုကုသိုလ်ကို ပြုအပ်ခဲ့လေပြီ၊ ဤအမျိုးကောင်းသား၏ ယခုတောင့်တချက်သည် ပြည့်စုံလိမ့်မည်လော၊ မပြည့်စုံမည် လော"ဟု အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူ လတ်သော် "ကေန်ပင် ပြည့်စုံလိမ့်မည်"ဟု လင်းလင်းထင်ထင် သိမြင်တော်မူလေ၏။

မှန်၏–မြတ်စွာဘုရားတို့၏ အဖို့ရာ အတိတ်ကိုဖြစ်စေ, အနာ- ဂတ်ကိုဖြစ်စေ,ပစ္စုပ္ပန်ကိုဖြစ်စေ အာရုံပြု၍ ဆင်ခြင်တော်မူကြလျှင် အပိတ်အပင် အဆီးအတားဟူ၍ မြူမျှမရှိ၊ ကမ္ဘာကုဋေ သိန်း ပေါင်းများစွာ ခြားကွာသည့် အတိတ်အကြောင်းများ,အနာဂတ် အကြောင်းများသည်ရင်း စကြဝဠာအထောင် ခြားကွာလျက်ရှိ သည့် ပစ္စုပ္ပန်အကြောင်းများသည်ရင်း ဆင်ခြင်မှု,နှလုံးသွင်းမှုနှင့် သာ ဆက်စပ်၏၊ (= ဆင်ခြင်, နှလုံးသွင်းတော်မူလိုက်သည်နှင့် တပြိုင်နက် ထင်လင်းသိသာ၍ လာ၏။) ဤသို့လျှင် အပိတ်အပင် အဆီးအတား မရှိသော ဉာဏ်တော်ဖြင့် ပဒုမုတ္တရမြတ်စွာဘုရား သည် "နောက်အခါ ကမ္ဘာတသိန်းထက်၌ ဂေါတမမြတ်စွာ ဘုရား လူသုံးပါး၌ ထင်ရှားပွင့်တော်မူလိမ့်မည်၊ ထိုအခါ

၍ အမျိုးကောင်းသား၏ ဆုတောင်းချက် ပြည့်ဝလိမ့်မည်”ဟု ၍အကြောင်းကို သိမြင်တော်မူကာ ပဒုမုတ္တရမြတ်စွာဘုရားသည် အရှင်ကောဏ္ဍညအလောင်း အမျိုးကောင်းသားကို “အမောင် အမျိုးကောင်းသား....နောက်အခါ ကမ္ဘာတသိန်းထက်၌ ဂေါတမအမည်ရှိတော်မူသော မြတ်စွာဘုရား လူ့သုံးပါး၌ ထင်ရှားပွင့်ထွန်းတော်မူလိမ့်မည်၊ အမောင်သည် ထိုဂေါတမမြတ်စွာဘုရား မွေ့စကြာတရားဦးကို ဟောကြားသောအခါ တေပရိဝဋ္ဋ ဓမ္မစက္ကပဝတ္တန သုတ္တန်အဆုံးဝယ် မြဟ္မာတဆယ့်ရှစ်ကုဋေတို့နှင့်တကွ နည်းတထောင်နှင့်ပြည့်စုံသော သောတာပတ္တိဖိုလ်၌ တည်လိမ့်မည်”ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

ထိုနောက် ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက်(အောက် စတုဝီသတိဗုဒ္ဓဝင်ခဏ်း=ပဋ္ဌမတွဲ ဒုတိယပိုင်း မျက်နှာ ၄၀၃-၌ ဖော်ပြအပ်ပြီးသောအတိုင်း) လူအပေါင်းတို့ ခုနစ်ယူဇနာအမြင့်ရှိသော သရီရစေတီတော်မြတ်ကြီး တည်ထားကြသောအခါမှာလည်း ၍အရှင်ကောဏ္ဍညအလောင်း သူတော်ကောင်းသူဌေးသည် စေတီတော်အတွင်း ရတနာတိုက်အိမ်ကို ဆောက်လုပ် လှူဒါန်းသည့်ပြင် သရီရစေတီတော်ကို ဝန်းရံ၍ ရတနာတုရိုဏ် တိုင်ပေါင်းအထောင် စိုက်ထူ လှူဒါန်းလေသည်။

## မဟာကာလ, စူဠကာလ ညီနောင်ဝတ္ထု

အရှင်ကောဏ္ဍညအလောင်း ထိုအမျိုးကောင်းသား သူဌေးသည် အနှစ်တသိန်းကြာ ကာလပတ်လုံး ဒါနစသော ကောင်းမှုကို ပြု၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်လေ၏။ ထိုအရှင်ကောဏ္ဍညအလောင်း သူတော်ကောင်း၏ အဖို့ရာ နတ်ပြည်, လူ့ပြည်တို့၌ အလှည့်အလည် ကျင်လည်ရစဉ်ပင် မဟာကမ္ဘာပေါင်း(၉၉၉၀၉)ကိုးသောင်းကိုးထောင်ကိုးရာ့ကိုးကမ္ဘာတို့ လွန်ခဲ့လေကုန်၏။ (=မဟာကမ္ဘာပေါင်း ၉၉၉၀၉-ကမ္ဘာကြာအောင် အပါယ်သို့ မလားရပဲ နတ်ပြည်, လူ့ပြည်၌သာ စုန်, ဆန်လူးလာ ကျင်လည်ရလေသည်ဟု ဆိုလို၏)။ ၍ဖြ ရှည်လျားသောအခါကို လွန်မြောက်သဖြင့် ၍ ဘဒ္ဒကမ္ဘာမှ ပဋိ-

လောမအဆန် ပြန်၍ ရေတွက်လျှင် လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာ ထက်၌ ဤ အရှင်ကောဏ္ဍညအလောင်း အမျိုးကောင်းသား သည် ဗန္ဓုမတီ မင်းနေပြည်၏ တံခါးအနီးရွာဝယ် သူကြွယ်မျိုး၌ ဖြစ်၍ အမည်အားဖြင့် **မဟာကာလ**ဟူ၍ တွင်မည်လေသည်။ ထို အမျိုးကောင်းသား၏ ညီငယ်ကား **စူဠကာလ**ဟူ၍ အမည်တွင် လေသည်။

ထိုအချိန်ဝယ် ဝိပဿီမြတ်စွာဘုရား အလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေ၍ ဗန္ဓုမတီ မင်းနေပြည်ဝယ် ဗန္ဓုမ မင်းကြီး၏ အဂ္ဂမဟေသီ ဗန္ဓုမတီ မိဖုရားကြီးဝမ်း၌ ဖြစ်တော်မူ၍ (အောက် စတုဝီသတိ ဗုဒ္ဓဝင်ခန်း၌ ဖော်ပြအပ်သည့်အတိုင်း) အစဉ်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူကာ တရား ဟောရန် မဟာဗြဟ္မာကြီး တောင်းပန်အပ်ရကား "အဘယ်သူ့ အား ရှေးဦးစွာ တရားကို ဟောရမည်နည်း"ဟု ကြံစည်ဆင်ခြင် တော်မူ၍ မိမိ၏ညီ ခဏ္ဍမင်းသားကိုင်း, ပုရောဟိတ်၏သား တိဿလုလင်ကိုင်း"ထိုသူနှစ်ယောက်တို့သည် ရှေးဦးစွာ သူတွင် လေးပါး တရားကို ထိုးထွင်း၍ သိခြင်းငှါ စွမ်းနိုင်သူများ ဖြစ်ကြ သည်" ဟု ပိုင်းခြားသိမြင်တော်မူပြီးလျှင် "ထိုသူတို့အားလည်း တရားဟောပေအံ့၊ ခမည်းတော်မင်းကြီးအားလည်း ချီးမြှောက် မှုကို ငါပြုပေအံ့"ဟု ကြံစည်ဆင်ခြင် ဆုံးဖြတ်တော်မူကာ မဟာ ဗောဓိမဏ္ဍိုင်မှ ကောင်းကင်ခရီးဖြင့်ပင် ကြွတော်မူ၍ ခေမ မည်သော မိဂဒါဝုန်တော၌ သက်ကြွတော်မူပြီးလျှင် ထို ခဏ္ဍ မင်းသားနှင့် တိဿလုလင်တို့ကို ကိုယ်တော်မြတ်အထံသို့ လာ ရောက်ရန် ခေါ်စေ၍ တရားဟောတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးသောအခါ၌ ထိုသူနှစ်ဦးလုံးတို့သည်ပင် သတ္တဝါပေါင်း ရှစ် သောင်းလေးထောင်တို့နှင့် အတူတကွ အရဟတ္တဖိုလ်၌ တည်ကြ လေကုန်၏။

ထိုနောက် ဝိပဿီမြတ်စွာဘုရားအလောင်းတော် တောထွက် တော်မူစဉ်အခါ အတူလိုက်ပါ ရဟန်းပြုခဲ့ကြသည့် အမျိုးကောင်း သား ရှစ်သောင်းလေးထောင်တို့သည် ထိုအကြောင်းကို ကြားသိ

ကြ၍ မြတ်စွာဘုရားထံတော်သို့ လာရောက်ကြကာ တရားဒေသနာကို ကြားနာကြသဖြင့် အရဟတ္တဖိုလ်၌ တည်ကြလေပြန်သည်။ ဝိပဿီမြတ်စွာဘုရားသည် ထို ခေမမိဂဒါဝုန်တောအရပ်၌ပင် ခဏ္ဍမထေရ်ကို လက်ျာရံအဂ္ဂသာဝက, တိဿမထေရ်ကို လက်ဝဲရံအဂ္ဂသာဝကအရာ၌ အသီးသီးထားတော်မူလေ၏။

ဗန္ဓုမမင်းကြီးသည်လည်း ထို အကြောင်းကို ကြားသိ၍ "သားတော်ဘုရား ကို ဖူးမြော်အံ့" ဟု ဥယျာဉ်သို့ သွားရောက်ကာ တရားတော်ကို ကြားနာ၍ သရဏဂုံသုံးပါးတို့၌ တည်ပြီးလျှင် ဝိပဿီမြတ်စွာဘုရားရှင်ကို နက်ဖြန်ဆွမ်းအတွက် ပင့်လျှောက်ပြီးနောက် ရှိခိုးအရိုအသေပြုပြီး ပြန်သွားလေ၏။ မင်းကြီးသည် ရွှေနန်းတော်သို့ ရောက်သောအခါ မြတ်သောပြာသာဒ်၌ ထိုင်နေလျက် "ငါ၏သားကြီးသည် တောထွက်၍ ဘုရားဖြစ်ခဲ့လေပြီ၊ ဒုတိယသားသည်လည်း လက်ျာရံအဂ္ဂသာဝက ဖြစ်ခဲ့လေပြီ၊ ပုရောဟိတ်၏သား တိဿလုလင်သည် လက်ဝဲရံအဂ္ဂသာဝက ဖြစ်ခဲ့လေပြီ၊ ကြွင်းကျန်သည့် နောက်လိုက် ရဟန်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် လူဖြစ်စဉ်အခါကလည်း ငါ့သားကိုသာ ဝန်းရံ၍ လှည့်လည်ကျက်စားခဲ့ကြလေပြီ၊ သို့ရကား ဤဘုရားအမှူးပြုသော သံဃာတော်တို့သည် ရှေးကရော ယခုပါ ငါ၏တာဝန်သာဖြစ်ကုန်၏၊ ငါသာလျှင် ထိုဘုရားနှင့်တကွသော ရဟန်းတော်တို့ကို ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလုပ်ကျွေးပေတော့အံ့၊ အခြားသူတို့အား ပြုစုလုပ်ကျွေးခွင့်ကို ငါမပေးတော့အံ့" ဟု ကြံစည်စဉ်းစား၍ ကျောင်းတော်တံခါးမုခ်မှသည် ရွှေနန်းတော်တံခါးဝတိုင်အောင် ဝဲ,ယာနံပါးနှစ်ဖက်တို့၌ ရှားသားတံတိုင်း ကာရံစေပြီးနောက် အဝတ်တို့ဖြင့် ဖုံးလွှမ်းစေပြီးလျှင် အပေါ်က ရွှေကြယ်တို့ဖြင့် စီချယ်အပ်သည့် ထန်းလုံးခန့်မျှ ပမာဏရှိသည့် ပန်းဆိုင်းများ တွဲလျားချကာ မိတာန်မျက်နှာကြက်ကို ကြက်လျက် အောက်မြေအပြင်ကိုလည်း ဆန်းကြယ်သောအခင်းတို့ဖြင့် ခင်းစေ၍ အတွင်း ဝဲ,ယာနံပါးနှစ်ဖက်တို့၌ ပန်းချီများဝယ် ရေပြည့်အိုးတို့ကိုင်း, တလမ်းလုံးထုံကြိုင် လှိုင်စေရန် နံ့သာတို့အကြား၌

ပန်းများကိုဎင်း, ပန်းတို့အကြား၌ နှံ့သာများကိုဎင်း အလှည့် အလည် ထားရှိစေကာ မြတ်စွာဘုရားအား ဆွမ်းစားကြွရန် အချိန်တန်ပြီဖြစ်ကြောင်း ကြားလျှောက်စေလေ၏။ ဝိပဿီ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် တင်းထိမ်ကန့်လန့် ကာ အတွင်းမှပင် ရွှေနန်းတော်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးပြီးလတ် သော် ထိုလမ်းအတိုင်းပင် ကျောင်းတော်သို့ တဖန် ပြန်ကြွတော်မူ လေ၏။ အခြားသူ တဦးတယောက်မျှ ဖူးမြော်ခွင့်ကိုပင် မရချေ၊ ဆွမ်းလှူရန် ပူဇော်မှုပြုရန် အခွင့်ကိုကား အဘယ်မှာရချေတော့ အံ့နည်း၊ တဦးတယောက်မျှ မရတော့သည်သာတည်း။

ထိုအခါ မြို့သူမြို့သားတို့ စဉ်းစားဆင်ခြင် ကြံစည်တိုင်ပင်ကြ သည်မှာ—

"ယခုအခါ လောက၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူ လာသည်မှာ ခုနစ်နှစ် ခုနစ်လတို့ ရှိခဲ့လေပြီ၊ သို့သော် လည်း ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခွင့်ကိုမျှ မရ ကြကုန်၊ ဆွမ်းလှူရန်, ပူဇော်မှုပြုရန်, တရားနာရန်ကား အဘယ်ဆိုဖွယ်ရှိအံ့နည်း (=အခွင့်မရသည်ကေန်တည်း)။ မင်းကြီးသည် ဘုရားကား ငါ့ဘုရားသာတည်း, တရား လည်း ငါ့တရားသာတည်း, သံဃာလည်း ငါ့သံဃာသာ တည်းဟု မြတ်နိုးတန့်ာ ကိုယ်တိုင်သာ ရတနာသုံးပါးကို ပြုစုလုပ်ကျွေးလေသည်။ မြတ်စွာဘုရား ပွင့်ထွန်းတော်မူ လာခြင်းကား နတ်မြဟ္မာနှင့်တကွသော သတ္တလောက၏ အကျိုးငှါ ပွင့်တော်မူလာခြင်းဖြစ်လေသည်၊ မင်းကြီးတဦး တည်း အကျိုးငှါသာ ပွင့်ထွန်းတော်မူလာသည်မဟုတ်။ မှန်၏-ငရဲမီးသည် မင်းကြီးအဖို့ရာသာပူလျက် အခြားသူတို့ အဖို့ရာ ကြာညိုပန်းနှင့်တူသည်မဟုတ်၊ သို့ရကား ငါတို့ သည် 'မင်းကြီးကို အကျွန်ုပ်တို့အား မြတ်စွာဘုရားကို (မြတ်စွာဘုရားအား ပြုစုခွင့်ကို) အကယ်၍ ပေးလျှင် ကောင်းပါသည်၊ အကယ်၍ မပေးလျှင်ကား မင်းကြီးနှင့် စစ်ပြိုင်၍ သံဃာတော်ကို အရယူကြပြီးလျှင် ဒါန အစရှိ

သော ကောင်းမှုတို့ကို ပြုကြရပါလိမ့်မည်’ဟု အရေးဆိုကြကုန်၏။ အထူးအကြောင်းရှိသည်မှာ—မြို့သူမြို့သားများ သက်သက်သာဆိုလျှင် ၌သို့ ပြုနိုင်ကြမည်မဟုတ်၊ သို့ရကား ရှေ့သွားခေါင်းမှူး ဦးစီးပုဂ္ဂိုလ်တယောက်ကို ရယူကြကုန်၏”—

ဟု ကြံစည်တိုင်ပင်ကြပြီးလျှင် စစ်သေနာပတိထံသို့ သွားရောက်ကြ၍ ထိုအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောကြားကြပြီးလျှင် “အို အရှင်စစ်သေနာပတိမင်း .... အရှင်စစ်သူကြီးသည် အကျွန်ုပ်တို့၏ အပင်းအသင်း ဖြစ်မည်လော၊ သို့မဟုတ် မင်းကြီး၏ အပင်းအသင်း ဖြစ်မည်လော”ဟု တိုက်ရိုက်မေးမြန်းကြလေ၏။ ထိုအခါ စစ်သူကြီးက “သင်တို့၏ အပင်းအသင်း ဖြစ်ပါမည်၊ သို့သော် အထူးပြောဆို တင်ပြလိုသည်မှာ ပဌမရက်ကို ငါ့အား ပြုစုလုပ်ကျွေးခွင့် ပေးရမည်”ဟု အခွင့်တောင်း အရေးဆိုလေလျှင် မြို့သူမြို့သားတို့သည် ထိုအချက်ကို သဘောတူ လက်ခံကြလေ၏။

စစ်သူကြီးသည် မင်းကြီးထံ သွားရောက်၍ “အရှင်မင်းကြီး.... မြို့သူမြို့သား လူအများတို့သည် အရှင်မင်းကြီးတို့အား အမျက်ထွက်ကြပါကုန်ပြီ”ဟု လျှောက်ထား၍ မင်းကြီးက “အမောင်စစ်သူကြီး....အဘယ့်ကြောင့် မြို့သူမြို့သားတို့က ငါ့အား အမျက်ထွက်ကြသနည်း”ဟု မေးလေလျှင် “မြတ်စွာဘုရားကို အရှင်မင်းကြီးတို့ကသာလျှင် ပြုစုလုပ်ကျွေးကြကုန်၏၊ ငါတို့သည် ပြုစုလုပ်ကျွေးခွင့် မရကုန်လို့တဲ့၊ အရှင်မင်းကြီး....အချိန်မလွန်သေးပါ၊ ယခုအခါလည်း အကယ်၍ ပြုစုလုပ်ကျွေးခွင့် ရကြမည်ဆိုပါလျှင် အမျက်ထွက်ကြမည်မဟုတ်ပါ၊ မရကြလျှင်ကား အရှင်မင်းကြီးတို့နှင့် စစ်ပြိုင်လိုကြပါကုန်သတဲ့”ဟူ၍ စစ်သူကြီးက ပွင့်လင်းစွာ လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးက “အမောင်စစ်သူကြီး.... စစ်ကိုသာ ငါထိုးမည်၊ ရဟန်းသံဃာကိုကား ဘယ်နည်းနှင့်မှ ငါမပေး”ဟု ဆိုလေလျှင် စစ်သူကြီးသည် “အရှင်မင်းကြီး.... အရှင်မင်းကြီး၏ ကျေးကျွန်တို့သည် အရှင်မင်းကြီးတို့နှင့် ပြိုင်၍ စစ်ထိုးကြမည်ဟု ပြောဆိုနေကြပါကုန်၏၊ အရှင်မင်းကြီးတို့သည်

အဘယ်သူကို ခေါ်ယူ၍ စစ်ထိုးကြမည်နည်း” ဟု အကြွပ်ကိုင် စကား လျှောက်ထားလေသော် မင်းကြီးက “အမောင်သည် ကျွန်ုပ်၏ စစ်သေနာပတိ မဟုတ်ပါလော” ဟု သိမ်းသွင်းစကား ပြောကြားလေလျှင် စစ်သူကြီးက “အရှင်မင်းကြီး...မြို့သူမြို့သား များနှင့် ကင်းကွာ၍ အကျွန်ုပ် စစ်မထိုးနိုင်ပါ” ဟု လျှောက်ထား လေ၏။

ထိုအခါ မင်းကြီးသည် “မြို့သူ မြို့သားတို့ကား အားကြီးလှ ကုန်၏၊ စစ်သေနာပတိသည်လည်း ထိုသူတို့၏ အပင်းအသင်းသာ ဖြစ်ချေ၏” ဟု သိမြင်ကာ “အမောင်တို့...ထိုသို့ဖြစ်လျှင် နောက် ထပ် ခုနစ်နှစ် ခုနစ်လတို့ပတ်လုံး ပြုစုလုပ်ကျွေးရန် ငါ့အား ရဟန်း သံဃာကို ပေးကြကုန်လော့” ဟု ခွင့်တောင်းစကား ပြောကြား လေ၏။ မြို့သူ မြို့သားတို့သည် လက်မခံ သဘော မတူကြကုန်။ မင်းကြီးသည် ခြောက်နှစ်, ငါးနှစ်-စသည်ဖြင့် အစဉ်အတိုင်း လျှော့၍ လျှော့၍ နောက်ဆုံး၌ ခုနစ်ရက်မျှ ပြုစုလုပ်ကျွေးရန် ခွင့်တောင်းစကား ပြောကြားလေ၏။ ထိုအခါ မြို့သူ မြို့သားတို့ သည် “ယခု နောက်ဆုံး ခုနစ်ရက်မျှ ပြုစုလုပ်ကျွေးရန် တောင်းခံ သောအခါ၌ မင်းကြီးနှင့် အန္တုဗလပြု၍ တင်းမာခြင်းငှါ မသင့် လျော်”ဟု တိုင်ပင်ညီညွတ်ကြကာ မင်းကြီး တောင်းဆိုချက် ခုနစ်ရက်ကို ခွင့်ပြုကြလေကုန်၏။

ဗန္ဓုမမင်းကြီးသည် ခုနစ်နှစ် ခုနစ်လစာ စီရင်ရမည့် အလှူ ဝတ်ကို ခုနစ်ရက်အတွက်နှင့် ကုန်အောင် စီရင်ပြီးလျှင် ခြောက်ရက်၌ တိုင်းသူပြည်သား တဦးတယောက်မျှ မမြင်စေ ပေးလှူ၍ ခုနစ်ရက်မြောက် ရောက်သောနေ့၌ မြို့သူ မြို့သား တို့ကို ဖိတ်ခေါ်ပြီးလျှင် ကြီးကျယ်စွာသော အလှူဝတ်တို့ကို ပြ၍ “အမောင်တို့....ဤသို့ ကြီးကျယ်ခမ်းနားသော အလှူကို လှူနိုင်ကြ ပါမည်လော” ဟု အကဲစမ်းစကား ပြောကြားလေ၏။ မြို့သူ မြို့သားတို့သည်လည်း “အရှင်မင်းကြီး...အရှင် မင်းကြီး၏ ဤ အလှူဝတ်များသည် အကျွန်ုပ်တို့ကို အမှီပြု၍သာ ဖြစ်သည်မဟုတ် လော”ဟု ချေပကြ၍ “စွမ်းနိုင်ပါကုန်၏”ဟု ပြောကြားကြကုန်

၏။ ဗန္ဓုမမင်းကြီးသည် လက်ဖမိုးဖြင့် မျက်ရည်များကို သုတ်လျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသော သားတော် မြတ် ဘုရား .... ခမည်းတော်သည် သားတော်ဘုရားနှင့်တကွ ရဟန်းတော်ပေါင်း တသိန်း ခြောက်သောင်း ရှစ်ထောင်ကို အခြားသူ၏တာဝန်မပြုပဲ အသက်ထက်ဆုံး ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလုပ်ကျွေးမည် ဟု ကြံစည်ဆုံးဖြတ်ခဲ့ပါသည်၊ သို့သော် ယခု အခါ မနေသာသည့်အတွက် မြို့သူ မြို့သားများအား ပြုစုလုပ်ကျွေး ကြရန် အခွင့်ပြုလိုက်ရပါပြီ၊ မှန်ပါသည် 'ငါတို့သည် အလှူဒါန ပြုခွင့်မရကြ' ဟု ပြောဆိုကြကာ မြို့သူ မြို့သားတို့က အကျွန်ုပ် (ခမည်းတော်)အားအမျက်ထွက်ကြပါသည်ဘုရား....၊ဘုန်းတော် ကြီးသော သားတော်မြတ်ဘုရား....နက်ဖြန်မှပင် အစပြုကာ ထို မြို့သူ မြို့သား လူအများတို့အား သနားချီးမြှောက်မှု ပြုတော်မူကြ ပါကုန်ဘုရား" ဟု လက်လျှော့ခွင့်ပြုစကား ဝမ်းနည်းဖွယ်ရာ လျှောက်ထားရှာလေ၏။

ထိုနောက် ဒုတိယနေ့၌ စစ်သေနာပတိကြီးသည် မူလကတိက စကားအတိုင်း ဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာ သော အလှူဒါနကို ပေးလှူလေသည်။(ဤ၌ အံ-၈၅ ၃၊ ၈ ာမျက်နှာ ၁၃-လာ သဒ္ဓါသုမနဝတ္ထုကို အကျဉ်းချုပ် ပြဆိုဦးအံ့)—

## သဒ္ဓါသုမနဝတ္ထု

စစ်သေနာပတိကြီး၏ အလှည့်ဖြစ်သော ထိုပဌမနေ့၌ စစ် သေနာပတိကြီးသည် ကြီးစွာသောအလှူဒါနကို စီမံခန့်ခွဲလျက် "ယနေ့ အဖို့ရာ အခြားသူတဦးတယောက်သည် ဆွမ်းတဇွန်း တယောက်မျှ လှူနိုင်ခွင့်မရအောင် စောင့်ကြပ်ကြရမည်" ဟု အမိန့်ထုတ်ကာ ထက်ဝန်းကျင်မှ မင်းချင်းယောက်ျား စစ်သား တို့ကို အစောင့်အနေ ချထားလေ၏။ ထိုနေ့၌ ဗန္ဓုမတီပြည် (အရှင်သခင် လင်သူဌေးကြီး ကွယ်လွန်ပြီးဖြစ်သည့်) သူဌေး ကတော်ကြီးသည်(မိမိတို့ ပဌမနေ့ ဆွမ်းလှူခွင့်မရသည့်အတွက်) ဝမ်းနည်းခြင်း ပြင်းစွာဖြစ်လျက် ငိုကြွေးမြည်တမ်းကာ သတို့သမီး

အဖော်ငါးရာတို့နှင့် အတူတကွ ကစားရာမှ ပြန်လာသော မိမိသမီးကို "ချစ်သမီး....သမီး၏ဖခင် အကယ်၍ အသက်ရှင်နေပါလျှင် ဤယခုနေ့ ငါသည် ရှေးဦးစွာ မြတ်စွာဘုရားကို ဆွမ်းကျွေးရလေရဲ့" ဟု အားနွဲ့စကား တိုင်တမ်း ပြောဆိုလေ၏။ သူဌေးသမီးသည် မိခင်သူဌေးကတော်ကြီးကို "အိုမိခင်....ထွေရာလေးပါး အကြံမများ စိတ်မများပါလင့်၊ ဘုရားအမှူးရှိသော သံဃာတော်များ သမီးတို့၏ဆွမ်းကို ရှေးဦးစွာ ခံယူသုံးဆောင်အောင် သမီး ကြံဆောင် ပြုလုပ်ပါမည်" ဟု အားပေးစကား ပြောကြားလေ၏။

ထိုနောက် သူဌေးသမီးသည် အဖိုးတသိန်းတန် ရွှေခွက်၌ ရေမရောသော နို့ဃနာ့ဆွမ်းကို အပြည့်ထည့်ပြီးလျှင် ထောပတ်, ပျား,သကာ-စသည်တို့ဖြင့် သွန်းလောင်းမွမ်းမံ ပြင်ဆင်၍ အခြားရွှေခွက်တခုဖြင့် မှောက်၍အုပ်ကာ ထိုရွှေခွက်နှစ်လုံးကို မုလေး (မြတ်လေး) ပန်းကုံးတို့ဖြင့် လွှမ်းဖုံးရစ်ပတ်၍ မုလေးပန်းလုံးကြီးနှင့်တူအောင် ပြုလုပ်ပြီးလျှင် မြတ်စွာဘုရား မြို့တွင်းသို့ ကြွဝင်တော်မူသောအခါ၌ ကိုယ်တိုင်ချီရွက်၍ အထိန်းအယပေါင်းများစွာ ခြံရံလျက် အိမ်မှထွက်ခဲ့လေ၏။

လမ်းခရီးသို့ရောက်၍ သူဌေးသမီးနှင့် အစောင့်လူများ အချီအချ စကား ပြောဆိုကြသည်မှာ—

(အစောင့်များ) သမီး....ဤအရပ်သို့ မလာခဲ့လင့်၊

(သူဌေးသမီး) ဘကြီး .... ဘထွေး.... ဦးလေး.... ဘကြီးတို့က ဘထွေးတို့က ဦးလေးတို့က ဘာ့ကြောင့် သွားခွင့်မပေးကြပါသလဲရှင်....၊ (ဘုန်းရှင် ကံရှင်များသည် ချစ်နှစ်သက်ဖွယ်စကားကို ပြောကြားတတ်ကြကုန်၏၊ ထိုသူတို့အဖန်ဖန် ပြောကြားသောစကားကို အခြားသူများ ပယ်ရှားဖို့ရန် မစွမ်းနိုင်ကြကုန်)။

(အစောင့်များ) စစ်သေနာပတိကြီးက အခြားသူတဦးတယောက်အားမျှ ခဲဖွယ်ဘောဇဉ်ကို လှူဒါန်းခွင့်မပေး

ရ-ဟု အတင်းအကြပ် အမိန့်ထုတ်ကာ ဘကြီးတို့ကို အစောင့်ချထားအပ်ပါကုန်သည် သမီး....။

(သူဌေးသမီး) ဘကြီးတို့........ ဘကြီးတို့က ယခုလို တားမြစ်ရအောင် သမီး၏ လက်ထဲမှာ ခဲဖွယ်, ဘောဇဉ် တစုံတရာကို မြင်ကြပါသလော။

(အစောင့်များ) ပန်းလုံးကြီးကိုပင် မြင်ကြရပါသည် သမီး....။

(သူဌေးသမီး) ဘယ့်နှယ်လဲ ဘကြီးတို့၏ စစ်သူကြီးက ပန်းပူဇော်မှုကိုမျှ မပြုရတော့ဘူးတဲ့လား။

(အစောင့်များ) ပန်းပူဇော်မှုပြုရန်ကိုတော့ အခွင့်ပေးပါတယ် သမီး....။

ထိုအခါ သူဌေးသမီးသည် အစောင့်များကို "ထိုသို့ဖြစ်လျှင် ဖယ်ရှားကြပါ၊ မတားကြပါနှင့် ဘကြီးတို့...." ဟု ပြောဆိုကာ မြတ်စွာဘုရား ထံတော်သို့ သွားရောက်ချဉ်းကပ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ပန်းလုံးအပူဇော်ကို အလှူခံတော်မူပါကုန်ဘုရား" ဟု လျှောက်ထား ဆက်ကပ်လေ၏။ မြတ်စွာဘုရားသည် အစောင့်လူတယောက်ကို ကြည့်တော်မူ၍ ပန်းလုံးကို ဆောင်ယူခဲ့စေလေ၏။ သူဌေးသမီးသည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင်—

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား.... တပည့်တော်မ၏ အဖို့ရာ ဘဝသံသရာ ဖြစ်လေရာရာ၌ တောင့်တောင့်တတ ကြောင့်ကြောင့်ကြကြ အသက်ရှင်ရခြင်းဟူ၍ မဖြစ်ပါစေသား၊ ဤမုလေး (မြတ်လေး) ပန်းကဲ့သို့ ဖြစ်လေရာရာ သံသရာဘဝ၌ လူအများ ချစ်ခင်အပ်သူ အမည်အားဖြင့်လည်း သုမနာ (=မယ်မြတ်လေး) ဟူ၍သာ အမည်တွင်သူ ဖြစ်ရပါလို၏ဘုရား"—

ဟု ဆုတောင်းပတ္တနာမှု ပြု၍ မြတ်စွာဘုရားက "ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသူ ဖြစ်ပါစေ" ဟု တုံ့ပြန် မိန့်ကြားတော်မူအပ်

ရကား သူဌေးသမီးသည် ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရားကို ရှိခိုးအရိုအသေပြု၍ ဖဲသွားလေ၏။

မြတ်စွာဘုရားသည်လည်း စစ်သေနာပတိအိမ်သို့ ရောက်၍ ခင်းအပ်သော နေရာ၌ ထိုင်နေတော်မူ၏။ စစ်သေနာပတိသည် ယာဂုကို ယူဆောင်၍ မြတ်စွာဘုရားထံတော်သို့ ကပ်လာ၏။ မြတ်စွာဘုရားသည် လက်တော်ဖြင့် သပိတ်ကို ပိတ်၍ထားတော်မူလိုက်၏။ စစ်သေနာပတိက "ရဟန်းအားလုံး မစုံညီသေး၍ အလှူမခံသည် ဖြစ်လိမ့်မည်"ဟု အောက်မေ့ကာ "မြတ်စွာဘုရား.... ရဟန်းသံဃာ အားလုံးစုံညီ စည်းဝေး ထိုင်နေမိပါပြီ" ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် "ငါတို့အဖို့ရာ လမ်းခရီးအကြား၌ ရခဲ့သော ဆွမ်းတအုပ် ရှိပြီးသား ဖြစ်လေပြီ" ဟု မိန့်တော်မူလေ၏။ အပေါ်ကအုပ်လွှမ်းသည့် မုလေးပန်းကို ဖယ်ရှားလိုက်သော် အခငွေတခြောင်းခြောင်းနှင့် နို့ဃနာဆွမ်းကို တွေ့မြင်လေ၏။ ထိုအခါ ထိုရွှေခွက်ကိုယူဆောင်လာသူစစ်သေနာပတိ၏ တပည့်လူငယ်သည် "အရှင်စစ်သေနာပတိကြီး····အကျွန်ုပ်ကို 'ပန်းလုံး'ဟု ပြောဆိုကာ မာတုဂါမ မင်းမိန်းမသည် လှည့်စားလိမ်လည်လိုက်ပါပြီ" ဟု ပြောဆိုလေ၏။ နို့ဃနာဆွမ်းသည် မြတ်စွာဘုရားကို အစဦးပြုကာ ခပ်သိမ်းသော ရဟန်းတို့အတွက် ဘုဉ်းပေး သုံးဆောင်လောက်လေသည်။ ယာဂု နို့ဃနာဆွမ်း ကပ်လှူပြီးနောက်မှ စစ်သေနာပတိသည် မိမိစီမံထားသော လှူဖွယ်ဝတ္ထုများကို လှူဒါန်းလေသည်။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုပြီးသော် မင်္ဂလာတရားစကား ဟောကြား၍ ဖဲကြွသွားတော်မူလေ၏။

မြတ်စွာဘုရား ဖဲကြွသွားပြီးနောက် စစ်သူကြီးသည် မိမိတပည့်များကို "ဆွမ်းလှူလိုက်သော ထိုမိန်းမသည် အဘယ် အမည်ရှိသနည်း"ဟု မေး၍ တပည့်များက "အရှင်စစ်သူကြီးမင်း....သူဌေးသမီး ဖြစ်ပါသည်" ဟု ပြန်ကြားဖြေဆိုကြလေလျှင် စစ်သူကြီးသည် "ပညာရှိသော မိန်းမပါပေ၊ ဤသို့သော မိန်းမပညာရှိသည် အိမ်၌ စိုးအုပ်နေထိုင်လျှင် အိမ့်ရှင်ယောကျ်ားအဖို့ရာ နတ်ပြည်

စည်းစိမ်မည်သည်ကို ရခဲမည်မဟုတ်ချေ”ဟု ချီးမွမ်းပြောဆိုကာ ထိုသူဌေးသမီးကို ဆောင်ယူသိမ်းပိုက်ကာ အကြီးအကဲအရာ၌ ထားရှိလေ၏။

ထို သူဌေးသမီးသည် အဖ၏အိမ်, စစ်သေနာပတိ၏အိမ် = နှစ်အိမ်လုံး၌ရှိသော စည်းစိမ်ဥစ္စာကို သိမ်းဆည်းအုပ်ချုပ် စီမံခန့်ခွဲကာ အသက်ထက်ဆုံး မြတ်စွာဘုရားအား အလှူဒါန ကောင်းမှုများပေးလှူပြုလုပ်၍ ထိုဘဝမှ စုတေလတ်သော် ကာမာဝစရနတ်ပြည်၌ ဖြစ်လေ၏။ ဖြစ်သောခဏမှာပင် ပုဆစ်ဒူးဝန်းနစ်လုမျှသော အပိုင်းအခြားဖြင့် နတ်ပြည်တပြည်လုံး အုပ်ဖုံးပြည့်စေလျက် မုလေးပန်းမိုး ဖြိုးဖြိုးရွာသွန်းလေသည်၊ နတ်အပေါင်းတို့သည် “ဤနတ်သမီးကား မိမိအမည်ကို မိမိပင် ယူဆောင်၍ လာပေသည်” ဟု ပြောဆိုကြကာ ထိုနတ်သမီး၏ အမည်ကို “သုမနာနတ်သမီး”ဟူ၍သာ မှည့်ခေါ်ကြလေကုန်၏။

ထို သုမနာနတ်သမီးသည် ကိုးဆယ့်တကမ္ဘာ ရှည်မြင့်ကြာအောင် အပါယ်ဘေး ကင်းဝေးလွတ်မြောက်လျက် နတ်ပြည်, လူ့ပြည် ကျင်လည်လတ်သည်ရှိသော် ဖြစ်တိုင်းပြဲတိုင်းသော ဘုံဌာန၌ မုလေးပန်းမိုး တဖြိုးဖြိုးရွာသွန်းခြင်းရှိကာ “သုမနာနတ်သမီး, သုမနာသတို့သမီး”ဟူ၍သာ အမည်တွင်လေသည်။ ဤယခု ဘုရားသာသနာ ခေတ်အခါ၌ကား ထိုသုမနာနတ်သမီးသည် ကောသလမင်းကြီး၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ တည်နေဖြစ်ပွါးလာလေသည်၊ ထို သုမနာ၏ ရံရွေအဖော် သတို့သမီးငါးရာတို့သည်လည်း ထိုနေ့မှာပင် ထိုထို မှူးမတ်စသည် တို့၏ အိမ်တို့၌ ပဋိသန္ဓေ တည်ယူနေကြ၍ တနေ့တည်းမှာပင် ထိုသတို့သမီး အားလုံးတို့ သုမနာမင်းသမီးနှင့်တကွ အမိဝမ်းမှ ထွက်မြောက် ဖွားမြင်ကြလေသည်။ ထို ခဏမှာပင် ပုဆစ်ဒူးဝန်းနစ်လုမျှသော အပိုင်းအခြားဖြင့် မုလေးပန်းမိုး ဖြိုးဖြိုးရွာသွန်းလေသည်။

ထို အခြင်းအရာကိုမြင်၍ ကောသလမင်းကြီးသည် “ငါ၏ သမီးတော်သည် ရှေးကပြုအပ် ကုသိုလ်ထူးရှိသူ ဖြစ်ပေလိမ့်မည်”

ဟု နှစ်သက်အားရမ်း ဝမ်းမြောက်သောစိတ်ရှိတော်မူကာ "ငါ၏ သမီးတော်သည် မိမိ၏ အမည်ကို မိမိပင် ယူဆောင်လာသူ ဖြစ်ပေသည်"ဟု ဆို၍ ထိုသမီးတော်၏ အမည်ကို သုမနာဟူ၍ မှည့်ခေါ်တွင်စေပြီးလျှင် "ငါ၏ သမီးတော်သည် တယောက်ထီး တည်း မွေးဖွားဖြစ်ပွါးလိမ့်မည် မဟုတ်"ဟု ဆင်ခြင်တော်မူကာ မြို့အလုံးကို လှည့်လည်ရှာစေလတ်သော် "သတို့သမီး ငါးရာတို့ ဖွားမြင်ကြသည်"ဟူသောသတင်းကို ကြားသိတော်မူ၍ ထိုငါးရာ လုံးကို မင်းကြီးကပင် တာဝန်ယူ၍ မွေးကျွေးသုတ်သင် ကြီးပြင်း စေလေသည်၊ တလတလ ရောက်လတ်သော် "ထိုသတို့သမီး ငါးရာတို့ကို ခေါ်ဆောင်၍ ငါ၏ သမီးတော်အား ပြသကြရမည်" ဟူ၍လည်း အမိန့်အာဏာစကား ထားရှိတော်မူလေသည်။

ထိုသုမနာမင်းသမီး အသက် ခုနစ်နှစ်အရွယ် ရောက်သော အခါ၌ အနာထပိဏ်သူဌေးကြီးက ဇေတဝန်ကျောင်းတိုက်တော် ဆောက်လုပ်တည်ထားပြီးသဖြင့် မြတ်စွာဘုရား အထံတော်သို့ တမန်စေလွှတ် ပင့်ဖိတ်လတ်သည်တွင် မြတ်စွာဘုရားသည် ရဟန်း အပေါင်း ခြံရံလျက် သာဝတ္ထိပြည်သို့ ကြွချီတော်မူလာလေ၏။ အနာထပိဏ်သူဌေးကြီးသည် ကောသလမင်းကြီးထံသို့ သွား ရောက်၍ မင်းကြီးကို "အရှင်မင်းကြီး....၍ အကျွန်ုပ်တို့ သာဝတ္ထိ ပြည်သို့ မြတ်စွာဘုရား ကြွလာတော်မူခြင်းသည် အရှင်မင်းကြီး နှင့်တကွ အကျွန်ုပ်တို့အဖို့ရာ မင်္ဂလာကြီးဖြစ်ပါသည်၊ သို့ရကား သုမနာမင်းသမီးကို ခြံရံဖော်သတို့သမီး ငါးရာတို့နှင့်အတူတကွ ရေပြည့်အိုး, နံ့သာ, ပန်း-စသည်တို့ကို လက်ပိုက်စွဲကိုင်စေကာ မြတ်စွာဘုရားအား ကြိုဆိုပင့်ဆောင်ဖို့ရန် စေလွှတ်တော်မူကြစေ ချင်ပါသည်"ဟု လျှောက်ထားလေ၏။ ကောသလမင်းကြီးသည် လည်း "ကောင်းပြီ သူဌေးကြီး...."ဟု ဝန်ခံကာ အနာထပိဏ် သူဌေးကြီး လျှောက်ထားသည့်အတိုင်း ပြုလုပ်စီမံလေ၏။ သုမနာ မင်းသမီးသည် ခမည်းတော် မင်းကြီး၏ အမိန့်အမှာစကား အတိုင်း သွားရောက်၍ မြတ်စွာဘုရားကို ကြိုဆိုရှိခိုးပြီးလျှင် နံ့သာ, ပန်း-စသည်တို့ဖြင့် ပူဇော်လျက် အပြစ်လွတ်ရာအရပ်၌

ရပ်တည်လေ၏။ မြတ်စွာဘုရားသည် သုမနာမင်းသမီးအား လမ်းခရီးအကြားမှာပင် တရားဟောတော်မူလေလျှင် သုမနာ မင်းသမီးသည် ရံရွေအဖော် သတို့သမီး ငါးရာတို့နှင့် အတူတကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုပြင်လည်း အခြားသတို့ သမီးငါးရာ, မာတုဂါမ အမျိုးသမီး မိန်းမကြီး ငါးရာ, ဥပါသကာ ဒါယကာငါးရာတို့သည်လည်း ထိုတရားပွဲမှာပင် သောတာပတ္တိ ဖိုလ်၌ တည်ကြလေသည်။ ဤသို့လျှင် ထိုဘုရားကြွလာတော်မူ သောနေ့၌ ကျောင်းတိုက်သို့မရောက်မီ လမ်းခရီးအကြားမှာပင် သောတာပန် အရိယာပေါင်း(၂,၀၀၀)နှစ်ထောင်တို့ ဖြစ်ကြလေ ကုန်၏။

ထိုသုမနာမင်းသမီး အရွယ်ရောက်သောအခါ ခမည်းတော် ကောသလမင်းကြီးက သတို့သမီးငါးရာတို့နှင့်တကွ စီးနင်းကာ ခရီးသွားလာနိုင်ရန်အတွက် ရထားအစီး ငါးရာ အဆောင် အယောင် အခမ်းအနား ပေးသနားတော်မူလေသည်။ ထိုခေတ် ထိုအခါ၌ မိဖတို့ထံမှ ရထားအစီးငါးရာ အဆောင်အယောင် အခမ်းအနားရရှိကြသော အမျိုးသမီး သုံးဦးရှိလေသည်၊ သုံးဦး တို့မှာ (၁) ဗိမ္ဗိသာရမင်းကြီး၏သမီးတော် စုန္ဒီမင်းသမီး, (၂) ဓနဥ္စယသူဌေးကြီး၏သမီး ဝိသာခါ, (၃) ဤယခု ဖော်ပြအပ် ပြီးသည့် ကောသလမင်းကြီး၏ သမီးတော် သုမနာမင်းသမီးတို့ ဖြစ်လေသည်။ ။ဤကား သဒ္ဓါသုမနာအကြောင်းတည်း။

ဆိုအပ်ပြီးသောအတိုင်း ရဟန်းအပေါင်းနှင့်တကွ ဝိပဿီ မြတ်စွာဘုရားအား မင်းကြီးထံမှ ပြုစုခွင့်ရသည့် နောက်တနေ့၌ စစ်သေနာပတိက ကြီးစွာသော အလှူဒါနကို ပေးလှူပြီးနောက် မြို့သူမြို့သားတို့သည် မင်းကြီးထက်သာလွန်သော ပူဇော်သက္ကာရ မှု ပြုလုပ်ကြကာ ဘုရားအမှူးရှိသော သံဃာအား မဟာဒါန ပေးလှူကြလေ၏။ ဤနည်းဖြင့် တမြို့လုံးအတွက် ဆွမ်းအလှူဒါန အစဉ် ပြည့်စုံပြီးလတ်သော် မြို့တံခါးရွာနေလူတို့ အခွင့်အလှည့် ရရှိကြ၍ ပူဇော်သက္ကာရမှု ပြုလုပ်ကြရန် စီမံကြလေ၏။

ထိုအခါ မဟာကာလသူကြွယ်သည် ညီငယ်စူဠကာလကို "မြတ်စွာဘုရားအား ပူဇော်သက္ကာရမှု ပြုလုပ်ရန် နက်ဖြန်ပင် ငါတို့၏ အခွင့်အလှည့် ရောက်လေပြီ၊ အဘယ်သို့သော ပူဇော်သက္ကာရမှုကို ငါတို့ပြုကြမည်နည်း"ဟု တိုင်ပင်စကား ပြောကြားလေလျှင် ညီငယ်စူဠကာလက "နောင်တော်....နောင်တော်သည်ပင် သင့်လျော်မည်ကို ဆင်ခြင်စဉ်းစားပါလော့"ဟု ပြောဆိုလေ၏။ ထိုအခါ မဟာကာလနောင်တော်က "ချစ်ညီ........ နောင်တော်၏အကြိုက် အကယ်၍ ချစ်ညီလိုက်နာမည်ဆိုလျှင် ငါတို့မှာ (၁၆) တဆယ့်ခြောက်ပယ် ကျယ်ဝန်းသောလယ်၌ သလေးစပါးများ ဖုံးကြလုံးကြလျက်ရှိချေပြီ၊ ထိုသလေးစပါးဖုံးများကို ဖောက်ခွဲယူငင်၍ မြတ်စွာဘုရားရှင်တို့အား လျော်ကပတ်သော သလေးနို့ဃနာဆွမ်း ချက်ပြုတ်လှူဒါန်းကြစို့လား" ဟု ပြောကြားလေလျှင် ညီငယ်စူဠကာလသည် "နောင်တော်........ ဤကဲ့သို့ပြုလုပ်လျှင် တဦးတယောက်အားမျှ ကျေးဇူးများမည် မဟုတ်ပါ၊ ထို့ကြောင့် ဤသို့ပြုလုပ်ခြင်းကို အကျွန်ုပ် မနှစ်သက် = သဘောမကျနိုင်ပါ"ဟု တင်ပြပြောဆိုလေ၏။

ထိုအခါ မဟာကာလသူကြွယ်သည် "ချစ်ညီ....သင်သည် အကယ်၍ ဤသို့မှ မလိုက်နာနိုင် = သဘောမတူနိုင်လျှင် ငါသည် ငါပိုင်သင့်သောဥစ္စာကို ငါ့ဥစ္စာဟု ပြုလုပ်ခြင်းငှါ ရလိုပါ၏" ဟု ပြောဆိုကာ တဆယ့်ခြောက်ပယ် ကျယ်ဝန်းသော လယ်ခင်းကို အလယ်မှခွဲ၍ ရှစ်ပယ်မျှသောအရပ်၌ အပိုင်းအခြား (စည်း)ထားပြီးလျှင် မိမိပိုင်သောအပိုင်းမှ သလေးစပါးဖုံး(=ကောက်သား)ကို ဖောက်ခွဲထုတ်ယူပြီးလျှင် ရေမရောသောနွားနို့နှင့် ရောနှောကျိုချက်စေပြီးနောက် စတုမဓုကို ထည့်၍ မြတ်စွာဘုရား အမှူးပြုသော သံဃာတော်အား ဆက်ကပ် လှူဒါန်းလေသည်။ အထူးအားဖြင့် မဟာကာလသူကြွယ်၏စပါးဖုံး(=ကောက်သား)ကို ဖောက်ခွဲ ထုတ်ယူရာဌာနတိုင်းပင် တဖန်ပြန်၍ စပါးဖုံး = ကောက်သားများ ပင်ကိုယ်ပကတိအတိုင်း ပြည့်မြဲပြည့်၍လာလေ၏။ (၁-ကောက်သားဦး အလှူဒါနဖြစ်သည်)။

မဟာကာလသူကြွယ်သည် သလေးစပါးများ မုံ့ဆန်းပြုလုပ်လောက်သောအခါ၌ ထိုအတူ ၂-မုံ့ဆန်းဦးအလှူဒါနကို ပြုလုပ်လေသည်။ ရွာသူရွာသားတို့နှင့် အတူတကွ ကောက်စပါးများ မှည့်ရင့်သောအခါ ၃-ကောက်ဦးအလှူဒါနကို ပြုလုပ်လေသည်။ ဤနည်းအတူ ကောက်စပါးတို့ကို ရိတ်သောအခါမှာလည်း ရှေးဦးရိတ်သောကောက်ဆုပ်တို့ကို ယူ၍ ၄-ရိတ်ဦးအလှူဒါနကို၎င်း, ကောက်လှိုင်းထုံးဖွဲ့သောအခါမှာလည်း ရှေးဦးစွာ ထုံးဖွဲ့သော ကောက်လှိုင်းများကို ထုတ်ယူ၍ ၅-ကောက်လှိုင်းဦးအလှူဒါနကို၎င်း, ကောက်လှိုင်းတို့ကို တပေါင်းတည်း စုပုံသောအခါမှာလည်း အဦးအစကို ထုတ်ယူ၍ ၆-ကောက်ပုံဦးအလှူဒါနကို၎င်း, ကောက်ပုံမှထုတ်၍ နယ်သောအခါမှာလည်း အဦးအစကို ထုတ်ယူ၍ ၇-နယ်ဦးအလှူဒါနကို၎င်း, နယ်ပြီးသောကောက်စပါးများကို လှေ့ပြီးလျှင် တလင်းအပြင်၌ စပါးပုံပြုလုပ်သောအခါမှာလည်း အဦးအစကို ထုတ်ယူ၍ ၈-စပါးပုံဦးအလှူဒါနကို၎င်း, ကောက်နယ်တလင်းမှ ကျီအတွင်းသို့ ထည့်သွင်းသောအခါမှာလည်း အဦးအစကို ထုတ်ယူ၍ ၉-ကျီဦးအလှူဒါနကို၎င်း ဤသို့လျှင် မဟာကာလသူကြွယ်သည် ကောက်စပါး တကြိမ်တကြိမ် စိုက်ပျိုးရာ၌ ကိုးကြိမ် ကိုးကြိမ် အဦးဒါန=အဂ္ဂ-ဒါန လှူဒါန်းလေသည်။ ထိုသို့ ထုတ်ယူ လှူဒါန်းသမျှသော ကောက်စပါးများသည်လည်း လျော့ပါးသည်ဟူ၍ မရှိ၊ ပကတိထက် တိုးတက်၍ ပြည့်စုံသည်သာ ဖြစ်လေ၏။ ။ဤကား(က) မထေရ်မြတ်၏ ရှေးဆုတောင်း ကောင်းမှုဖြစ်သည်။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုကြောင်း

အရှင်ကောဏ္ဍည မထေရ်အလောင်း မဟာကာလသူကြွယ် သူတော်ကောင်းသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိသရွေ့ မိမိလည်း အသက်ထင်ရှားရှိသရွေ့ ဤနည်းနှင်နှင် ကုသိုလ်ကောင်းမှုများကို ပြုလုပ်၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်ပြီးလျှင် နတ်ပြည်, လူ့ပြည် ကျင်လည်လျက် ကိုးဆယ့်တကမ္ဘာကာလပတ်လုံး နတ်စည်းစိမ်, လူ့စည်းစိမ်တို့ကို ခံစား

သုံးဆောင်တော်မူပြီးနောက် အကျွန်ုပ်တို့၏ မြတ်စွာဘုရား လောကဦး ပွင့်ထွန်းတော်မူခါနီးကာလ၀ယ် ကပိလ၀တ်ပြည်၏ အနီး "ဒေါဏ၀တ္ထုပုဏ္ဏားရွာ"၌ ဥစ္စာစီးပွါး ပေါများကြွယ်၀ သော ဗြာဟ္မဏမဟာသာလ အမျိုး၌ ဖြစ်လာလေ၏။ ထိုပုဏ္ဏား လုလင်ကိုအမည်မှည့်သောနေ့၌"ကောဏ္ဍညလုလင်"ဟူ၍ အမည် မှည့်ကြကုန်၏။ ကောဏ္ဍညလုလင်သည် ကြီးပြင်းလာသောအခါ ဗေဒင်သုံးပုံတို့ကို သင်ကြား၍ မဟာပုရိသလက္ခဏာတော်ကျမ်း၌ တဖက်ကမ်းရောက် တတ်မြောက်လေ၏။

ထိုအခါ အကျွန်ုပ်တို့၏ မြတ်စွာဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေတော်မူခဲ့၍ ကပိလ၀တ်ပြည် သုဒ္ဓေါဒန မင်းကြီး၏ မိဖုရားခေါင်ကြီး မဟာမာယာ၀မ်း၌ ပဋိသန္ဓေ တည်နေဖြစ်ပွါးတော်မူလာ၏။ဘုရားအလောင်းတော်ကို အမည် မှည့်အံ့သောနေ့၌ ပုဏ္ဏားတော် (၁၀၈)တရာ့ရှစ်ဦးတို့ကို အသစ် စက်စက် အ၀တ်များ ပေးကမ်းပူဇော်၍ ရေမရောသော နို့ဃနာ ချိုကို တိုက်ကျွေးပြီးလျှင် ထိုပုဏ္ဏားတော်(၁၀၈)တရာ့ရှစ်ဦးတို့ အတွင်းမှ ဉာဏ်ပညာ ထက်မြက်လှသော ပုဏ္ဏားပဏ္ဍိတ် ရှစ် ယောက်တို့ကို သီးခြားထပ်လှောက် ရွေးကောက်ကြလျက် ရွှေ နန်းမပြာသာဒ်အပြင်၀ယ် အစီလိုက် အစဉ်လိုက် ထိုင်နေစေပြီး လျှင် တန်းဆာစုံလင် ဆင်ယင်အပ်ပြီးသော ဘုရားအလောင်း တော် မင်းသားကလေးကို ဘွဲ့မြှခင်းနီးထက် လျောင်းစက်ကြ စေကာ လက္ခဏာတော်ကို ဆင်ခြင်ကြည့်ရှုကြစေရန် ပုဏ္ဏားတို့၏ အထံသို့ ယူဆောင်ခဲ့ကြလေကုန်၏။

ပုဏ္ဏားပဏ္ဍိတ်ရှစ်ယောက်တို့အနက် နေရာဦး၌နေသူ ပုဏ္ဏား ပဏ္ဍိတ်သည် "လူ့ဘောင်၌နေလျှင် စကြ၀တေးမင်း ဖြစ်မည်၊ ရဟန်းပြုလျှင် လူသုံးပါး၌ ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်" ဟု ဟောဆိုကာ လက်နှစ်ချောင်းကို မြှောက်ချီလေသည်။ ဤနည်း အတူ အစဉ်အတိုင်းရှေ့ကျသော ပုဏ္ဏားပဏ္ဍိတ် ခုနစ်ယောက် တို့သည် လက်နှစ်ချောင်းကို မြှောက်ချီကြလေသည်။ ထို ပုဏ္ဏား ပဏ္ဍိတ်ရှစ်ယောက်တို့အနက် ကောဏ္ဍညလုလင်သည် အားလုံး

အောက် အသက်အငယ်ဆုံး ဖြစ်၏၊ သူသည် မိမိဟောဆိုရမည့် အလှည့်သို့ ရောက်ရှိလာသောအခါ ဘုရားအလောင်းတော်၏ မဟာပုရိသလက္ခဏာတော်ကြီး အလုံးစုံတို့နှင့် ပြည့်စုံတော်မူပုံကို သေချာစေ့စပ်စွာ ကြည့်ရှု၍ (ဖဝါးတော်၌ စကြာဝတေးမင်း လက္ခဏာတံဆိပ် ပါရှိလာရကား စကြာမင်းဖြစ်မည့်သူ၏ ဖဝါး၌ စကြာဝတေးမင်းလက္ခဏာ မပါတန်ရာဟု ဆင်ခြင်ပြီးလျှင်) "ဤ အလောင်းမင်းသားမှာ အိမ်၏အလယ်၌ တည်နေရန်အကြောင်း လုံးဝမရှိ၊ ဤ အလောင်းမင်းသားသည် ဧကန်ပင် ဘုရားစင်စစ် ဖြစ်လိမ့်မည်"ဟု ရဲရဲတောက်ဟောဆိုကာ လက်တချောင်းကိုသာ မြှောက်ချီလေ၏။

ထိုနေ့ခင်မှ ပုဏ္ဏားပဏ္ဍိတ်တို့သည် မိမိတို့အိမ်သို့ အသီးအသီး ပြန်ရောက်ကြလေလျှင် သားတို့ကို ခေါ်၍ "ချစ်သားတို့....ငါတို့ ကား အသက်ကြီးကြကုန်ပြီ၊ သုဒ္ဓေါဒနမင်းကြီး၏ သားတော် သိဒ္ဓတ္ထမင်းသား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်ကို မှီချင်လျှင်လည်း မှီကြမည်၊ မမှီပဲမူလည်း ရှိကြမည်။ ချစ်သားတို့ သည် ထို သိဒ္ဓတ္ထမင်းသား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော် မူလျှင် သူ၏ သာသနာ၌ ရှင်ရဟန်းပြုရစ်ကြကုန်"ဟူ၍ အမှာ စကား ပြောကြားကြလေကုန်၏။

သုဒ္ဓေါဒနမင်းကြီးသည်လည်း ဘုရားအလောင်း သားတော် ၏အတွက် အထိန်းတော်များကို အစ ပြုကာ ကြီးစွာသော အစောင့်အရှောက် အဆောင်အယောင် အခမ်းအနားများကို ခန့်ထားစီမံတော်မူကာ အလောင်းတော်ကို ချမ်းသာစွာ ကြီးပွါး စေလေ၏။ ဘုရားအလောင်းတော်သည်လည်း တဆယ့်ခြောက် နှစ်ရောက် အရွယ်တော် ကြီးမြောက်လတ်သော် နတ်စည်းစိမ် ကဲ့သို့သော ရွှေနန်းစည်းစိမ်ကိုခံစံတော်မူ၍ ဉာဏ်တော်ရင့်ကျက် နှစ်ဆယ့်ကိုးနှစ် အရွယ်သို့ရောက်သည့်တွင် ကာမဂုဏ်တို့၌ အပြစ် ကိုဒုင်း, တောထွက်ခြင်း၌ အကျိုး အာနိသင်ကိုဒုင်း မြင်တော်မူ ပြီးလျှင် ရာဟုလမင်းသား ဖွားမြင်သောနေ့၌ ဆန္ဒအမတ်ဖွားဖက် တော်ကို အဖော်ပြုကာ ကဏ္ဍကမြင်းတော်ကို စီးနင်း၍ နတ်တို့

ဖွင့်အပ်သော မြို့တံခါးဖြင့် မြတ်သောတောထွက်ခြင်းကို ထွက်တော်မူပြီးလျှင် ထိုတညဉ့်တည်းဖြင့်ပင် ကပိလဝတ်, ကောလိယ, ဒေဝဒဟတည်းဟူသော သုံးပြည်ထောင်တို့ကို လွန်မြောက်ခဲ့၍ အနောမာသောင်ကမ်း၌ ရဟန်းပြုတော်မူကာ ဃဋိကာရမြဟ္မာမင်း ယူဆောင်ဆက်နှင်းအပ်သည့် သင်္ကန်းစသော ပရိက္ခရာတို့ကို ဝတ်ရုံဆင်မြန်းတော်မူအပ်ပြီးလျှင်ပင် ဝါတော်ခြောက်ဆယ် = သက်တော်ရှစ်ဆယ်ရှိပြီးသော မထေရ်မြတ်ကြီးကဲ့သို့ အလွန်ကြည်ညိုဖွယ်ရှိသော ဣရိယာပုထ်ဖြင့် ရာဇဂြိုဟ်ပြည်သို့ရောက်၍ ထိုပြည်၌ ဆွမ်းခံလှည့်လည်တော်မူ၍ ပဏ္ဍဝတောင်ရိပ်ဝယ် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူပြီးလျှင် ဗိမ္ဗိသာရမင်းကြီး မိမိပိုင်ပြည်စည်းစိမ်ဖြင့် ဖိတ်ကြားအပ်ပါလျက်လည်း ထိုဖိတ်ကြားချက်ကို လက်မခံ ပယ်လှန်တော်မူခဲ့၍ အစဉ်သဖြင့် ကြွချီတော်မူသည်ရှိသော် ဥရုဝေလတောအုပ်သို့ ရောက်တော်မူလေလျှင် "အိုး.... ဤမြေအပြင်သည်ကား လွန်စွာမွေ့လျော်ဖွယ်ရှိစွ၊ ပဓာနအလုပ် အားထုတ်လိုသော အမျိုးကောင်းသားအဖို့ရာ ပဓာနအလုပ် အားထုတ်ဖို့ရန် ဤနေရာသည် အသင့်လျော်ဆုံး ဖြစ်စွတကား"ဟု စဉ်းစားဆင်ခြင်တော်မူကာ ဒုက္ကရစရိယာ ပဓာနအလုပ်ကို စတင်အားထုတ်လျက် ထိုတောအုပ်ဝယ် နေတော်မူလေ၏။

ထိုသို့ ဘုရားအလောင်းတော် ရဟန်းပြုတော်မူသောအခါ၌ ကောဏ္ဍညပုဏ္ဏားမှတပါး အခြား ပုဏ္ဏားပဏ္ဍိတ်ခုနစ်ဦးတို့သည် ကွယ်လွန်ခဲ့ကြလေပြီ၊ အငယ်ဆုံး ကောဏ္ဍညပုဏ္ဏားတဦးသာ ကျန်းမာစွာ ကျန်ရှိလေတော့သည်။ ကောဏ္ဍညပုဏ္ဏားသည် "ဘုရားအလောင်းတော် ရဟန်းပြုပြီ"ဟူသော သတင်းစကားကို ကြားသိလေလျှင် ထိုကွယ်လွန်ပြီးသော ပုဏ္ဏားပဏ္ဍိတ်ခုနစ်ဦးတို့၏ သားများထံသို့ သွားရောက်ပြီးလျှင် "သိဒ္ဓတ္ထမင်းသားသည် ရဟန်းပြုပြီတဲ့၊ ထိုမင်းသားသည် ယုံမှားဖွယ်မရှိ ဘုရားစင်စစ် ဖြစ်လိမ့်မည်ကေန်ပင်၊ အကယ်၍ သင်တို့၏ ဖခင်များအသက်ထင်ရှားရှိနေကြလျှင် ယနေ့ပင် တောထွက်၍ ရဟန်း

ပြုကြမည် ဖြစ်လေသည်၊ အကယ်၍ အသင်တို့လည်း ရဟန်းပြုလို ကြပါလျှင် လာကြလော့၊ ထိုယောက်ျားမြတ်နောက် အတုလိုက် ကာ ရဟန်းပြုကြပါမို့”ဟု ပြောဆိုလေ၏။ ထိုခုနစ်ယောက် လုံးပင် ရဟန်းပြုရန် ဆန္ဒတူညီမှု မဖြစ်နိုင်ကြပဲ သုံးယောက်ကား ရဟန်း မပြုနိုင်ကုန်၊ ကောဏ္ဍညပုဏ္ဏားကို အကြီးအကဲ ပြုကာ ကျန်လေးယောက်တို့သာ ရဟန်းပြုကြကုန်၏။

ဤပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် ရဟန်းပြုကြပြီးနောက် ရွာ, နိဂုံး,မင်းနေပြည်တို့၌ ဆွမ်းခံလှည့်လည်ကြကာ အစဉ်သဖြင့် ဘုရားအလောင်းတော်အထံသို့ ရောက်ကြလေကုန်၏။ ထိုပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် ခြောက်နှစ်ကြာ ကာလပတ်လုံး ဘုရား အလောင်းတော် မဟာပဓာနအလုပ်ကို အားထုတ်တော်မူနေစဉ် “ယခုမကြာမီ ဘုရားဖြစ်တော့မည်၊ ယခုမကြာမီ ဘုရားဖြစ်တော့ မည်”ဟု မျှော်လင့်ချက်ကြီးစွာထား၍ ဘုရားအလောင်းတော်ကို ပြုစုလုပ်ကျွေးကြလျက် အနီးထံပါး၌ပင် နေထိုင် သွားလာရှိနေကြ ကုန်၏။

ခြောက်နှစ်အခါ ေကြ၍ အလောင်းတော်သူမြတ်သည် ဆန် တစေ့,နှမ်းတလုံး-စသည်ကို စားသုံး၍ ညှိုးချုံးပင်ပန်းစွာ အခါကို ကုန်စေပါသော်လည်း ဒုက္ကရစရိယာအကျင့်ဖြင့် အရိယမဂ်ဖိုလ်ကို ရနိုင်မှု အလျှင်းပင် မရှိသည်ကို သိမြင်တော်မူကာ (အောက် မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ စာမျက်နှာ ၂၆၂, ၂၆၃-၌ ဆိုအပ်ခဲ့ပြီး သည့်အတိုင်း)သေနာနိဂုံး၌ ဆွမ်းခံလှည့်လည်၍ ထမင်း, မုံ့ကြမ်း ရသမျှသော အစာအာဟာရ ဆွမ်းတို့ကို ဘုဉ်းပေး သုံးဆောင် တော်မူလေသည်။ ထိုအခါ ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့သည် ဓမ္မတာ တရား၏ လှုံ့ဆော်ချက်အရ ဘုရားအလောင်းတော် အပေါ်၌ ငြီးငွေ့အားလျော့ကြကာ အလောင်းတော်သူမြတ်ကို ပစ်ခွါကြ၍ ဣသိပတန မိဂဒါဝုန်တောသို့ သွားရောက်ကြလေကုန်၏။

ထိုသို့ ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့ စွန့်ခွါ၍ သွားကြပြီးနောက် ဘုရားအလောင်းတော်သည် ထမင်း, မုံ့ကြမ်း ရသမျှသော အစာ အာဟာရဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူခြင်းဖြင့် နှစ်ရက်

သုံးရက်အတွင်း အရေ, အသား, အသွေးများ ပကတိအခြေအနေသို့ ရောက်အောင် ပြုလုပ်တော်မူပြီးလျှင် ကဆုန်လပြည့် (ဘုရားဖြစ်မည့်) နေ့၌ သုဇာတာသူဌေးကတော် ဆက်ကပ်လှူဒါန်းအပ်သည့် မြတ်သောဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ နေရဉ္စရာမြစ်ကြောဝယ် ရွှေခွက်ကို မျှောခဲ့ပြီးလျှင် "ယနေ့ ငါကား ဘုရားစင်စစ် ဖြစ်လိမ့်မည်ကေန်"ဟု ဆုံးဖြတ်ချက် ချမှတ်တော်မူကာ ညနေချမ်းအခါဝယ် ကာလနဂါးမင်း၏ ချီးမွမ်းခြင်းအရာတို့ဖြင့် ဝမ်းသာအားရမ်း ချီးမွမ်းအပ်လျက် မဟာဗောဓိမဏ္ဍိုင်ထက်သို့ တက်ရောက်တော်မူပြီးလျှင် အစလဋ္ဌာန အပရာဇိတပလ္လင်တော်၌ အရှေ့လောကဓာတ်ဖက်သို့ မျက်နှာတော်မူကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် အင်္ဂါလေးချက်ပြည့်ဝသော ဝီရိယတော်ကို ဆောက်တည်ပြီးလျှင် နေမဝင်ခင် ဒေဝပုတ္တမာရ်ကို ပယ်နှင်၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူပြီးလျှင် သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရရှိတော်မူပြီးနောက် မိုးသောက်ယံရောက်လတ်သော် ပဋိစ္စသမုပ္ပါဒ်တရား၌ ဉာဏ်တော်ကိုသက်ဝင်စေလျက် အနုလုံ, ပဋိလုံ=အစုန်, အဆန် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဆယ့်နှစ်ရပ်တို့ကို (အောက်ဘုရားဖြစ်ခန်း၌ ဖော်ပြအပ်ပြီးသည့်အတိုင်း) မဟာဝဇိရဝိပဿနာ ဉာဏ်တော်မြတ်ဖြင့် သုံးသပ်ဆင်ခြင်တော်မူလျက် ခပ်သိမ်းသော ဘုရားရှင်တို့ ရအပ်သည့် သဗ္ဗညုတ အသာဓာရဏ ဉာဏ်တော်မြတ်ကို အရပိုင်ရောက် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် ထိုမဟာဗောဓိပလ္လင်၌ပင် အရဟတ္တဖိုလ်သမာပတ်ကိုဝင်စားတော်မူကာခုနစ်ရက်ကာလကို လွန်စေတော်မူလေ၏။

ဤနည်းဖြင့် မြတ်စွာဘုရားသည် (အောက်၌ ဖော်ပြအပ်ပြီးအတိုင်း) သတ္တဋ္ဌာနစံနေတော်မူပြီးနောက် သဟမ္ပတိဗြဟ္မာမင်း တောင်းပန်လျှောက်ထားချက်အရ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု ဆင်ခြင်တော်မူ၍ အာဠာရကာလာမဆရာကြီးနှင့် ဥဒကရာမပုတ်ဆရာကြီးတို့ ကွယ်လွန်ကြပြီးဖြစ်သည်ကို သိတော်မူပြီးနောက် တဖန် ဆက်၍ ကြံစည်ဆင်ခြင်

တော်မူလေသော် "ပဥ္စဝဂ္ဂီရဟန်း ငါးဦးတို့သည် ငါဘုရား၏ အပေါ်၌ များစွာ ကျေးဇူးရှိကြသူများ ဖြစ်လေသည်၊ ယင်းပဥ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် ပဓာနအလုပ် အားထုတ်နေသော ငါဘုရား ကို ပြုစုလုပ်ကျွေးခဲ့ကြလေပြီ၊ ငါဘုရားသည် ပဥ္စဝဂ္ဂီရဟန်း ငါးဦး တို့အား ရှေးဦးစွာ တရားဟောရမူ ကောင်းလေစွ"ဟု တရား ဦး ဟောရန် စိတ်အကြံ ဖြစ်ရှိလေသည်။ ဤသို့ ကြံစည်ခြင်းကား ခပ်သိမ်းသော ဘုရားရှင်တို့၏ ကြံစည်ကြမြဲ ဓမ္မတာဖြစ်သည်၊ စင်စစ်သော်ကား ကောဏ္ဍညပုဏ္ဏားကိုထား၍ အခြားမည်သူ တဦးတယောက်မျှ ဤဘုရားသာသနာဝယ် ရှေးဦးစွာ သစ္စာ လေးပါး တရားကို သိစွမ်းနိုင်မည့်သူ တလူမျှ မရှိချေ၊ ထို ကောဏ္ဍညပုဏ္ဏားသည်လည်း ဤသို့ သစ္စာလေးပါး တရားကို ရှေးဦးစွာ သိနိုင်ရန် ကမ္ဘာတသိန်းကာလပတ်လုံး အဓိကာရ (=အဓိကရ)ကောင်းမှု ကုသိုလ်ကြီးများကို ပြုခဲ့သည့်ပြင် ရှေး၌ ဆိုခဲ့ပြီးသောအတိုင်း ဘုရားအမှူးရှိသော ရဟန်းသံဃာအား ကောက်ဦးကိုးကြိမ် အလှူထူးကို လှူဒါန်းခဲ့လေသည်။

## (၈) မထေရ်မြတ် တရားထူးရကြောင်း

ထို့နောက် မြတ်စွာဘုရားသည် သပိတ်,သင်္ကန်းကို ယူဆောင် တော်မူ၍ အစဉ်သဖြင့် ဣသိပတန မိဂဒါဝုန်တောသို့ ကြွတော် မူကာ ပဥ္စဝဂ္ဂီရဟန်း ငါးဦးတို့ရှိရာသို့ ကပ်ရောက်တော်မူလေ၏။ ပဥ္စဝဂ္ဂီရဟန်းငါးဦးတို့သည် မြတ်စွာဘုရားကြွလာသည်ကို မြင်ကြ ၍ မူလက ဝတ်ကြီး, ဝတ်ငယ် မပြုစတမ်းဟု ကတိကဝတ်ထားခဲ့ ကြသော်လည်း နီးကပ်လေလေ မူလကတိကဝတ်အတိုင်း မတည် နိုင်ကြတော့ပဲ တပါးက သပိတ်သင်္ကန်းကို လှမ်းယူ, တပါးက နေရာခင်း, တပါးက ခြေဆေးရေတည်ထား, တပါးက ခြေတော် တို့ကို ဆေး၍ပေး, တပါးက ထန်းရွက်ယပ်ဝန်းကို ယူဆောင် လာကာ ယပ်လေခပ်ပေး၍ အသီးအသီး ဝတ်ပြုကြလေသည်။

ဤသို့လျှင် ပဥ္စဝဂ္ဂီရဟန်းငါးဦးတို့ ဝတ်ပြု၍ ကိုယ်တော်မြတ်၏ အနီး၌ ထိုင်နေကြပြီးလတ်သော် မြတ်စွာဘုရားသည် ကောဏ္ဍည

မထေရ်ကို ကိုယ်တော်မျက်မှောက် တရားနာခံ အဓိကပြုလုပ်ကာ တေပရိဝဋ္ဋ ဓမ္မစက္ကပဝတ္တနသုတ္တန်ကို ဟောတော်မူလေသည်။ ထိုတရားပွဲ၌ လူသားပရိသတ်ကား ပဉ္စဝဂ္ဂီရဟန်း ငါးဦးတို့သာ ရှိကုန်၏။ နတ်ဗြဟ္မာပရိသတ်ကား မပိုင်းခြားနိုင်အောင် များလှစွာ၏။ ဓမ္မစကြာ ဒေသနာအဆုံး၌ ကောဏ္ဍညမထေရ်သည် မဟာဗြဟ္မာပေါင်း (၁၈၀၀၀၀၀၀၀) တဆယ့်ရှစ်ကုဋေတို့နှင့် အတူတကွ သောတာပတ္တိဖိုလ်၌ တည်တော်မူလေ၏။

### အညာသိကောဏ္ဍည အမည်တွင်ခြင်း

ထိုအခါ မြတ်စွာဘုရားသည် "ငါဘုရား ခဲယဉ်းမှု အရာအထောင်ဖြင့် ယူဆောင်သည်ပိုးအပ်သည့် သစ္စာလေးရပ် တရားမြတ်ကို ဤကောဏ္ဍညရဟန်းသည် ရှေးဦးစွာ သိပြီဖြစ်ရကား ဤရဟန်းသည် 'အညာသိကောဏ္ဍည' အမည်ရှိပေ၏"ဟု ဆင်ခြင်တော်မူကာ မထေရ်မြတ်ကို ထိုအမည်ဖြင့် ခေါ်တော်မူလို၍ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော=အိုး....ကောဏ္ဍညသည် သစ္စာလေးပါး တရားကို ထိုးထွင်းသိမြင်လေပြီတကား၊ အိုး....ကောဏ္ဍညသည် သစ္စာလေးပါး တရားကို ထိုးထွင်းသိမြင်လေပြီတကား"ဟု ဥဒါန်း ကျူးရင့်တော်မူလေသည်။ ယင်း ဥဒါန်း ကျူးရင့်တော်မူချက်အရ အရှင်ကောဏ္ဍညမထေရ်၏ အမည်သည် ထိုအချိန်မှစ၍ "အညာသိကောဏ္ဍည" ဟူ၍ မည်တွင်လေသည်။

### (ဃ) ရဟန္တာဖြစ်သည်မှ ရတော်မူကြောင်း

ဤသို့လျှင် အရှင်ကောဏ္ဍညမထေရ်သည် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် (မြတ်စွာဘုရား ဘုရားဖြစ်သည့်နှစ်) ဝါဆိုလပြည့်နေ့ဝယ် သောတာပတ္တိဖိုလ်၌ တည်တော်မူသည်၊ လပြည့်ကျော် (၁) ရက်နေ့ ဘဒ္ဒိယမထေရ်၊ လပြည့်ကျော် (၂) ရက်နေ့ဝပ္ပမထေရ်၊ လပြည့်ကျော် (၃) ရက်နေ့ မဟာနာမမထေရ်၊ လပြည့်ကျော် (၄) ရက်နေ့ အဿဇိမထေရ်တို့ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်တော်မူကြပြီးနောက် လပြည့်ကျော် (၅) ရက်နေ့ဝယ်

အနုတ္တရလက္ခဏာသုတ္တန် ဒေသနာအဆုံး၌ ပဉ္စဝဂ္ဂီမထေရ် ငါးဦး လုံးတို့ အရဟတ္တဖိုလ်၌ တည်တော်မူကြလေသည်။ ထိုအချိန်၌ လူ့ပြည်လူသား ရဟန္တာကား မြတ်စွာဘုရား, ပဉ္စဝဂ္ဂီမထေရ် ငါးဦး အားဖြင့် = ခြောက်ပါးတို့ ရှိကြလေသည်။

ထိုအချိန်မှ အစပြု၍ မြတ်စွာဘုရားသည် ယသသူဌေးသား အမှူးပြုသော သူငယ်ချင်း ငါးကျိပ်ငါးယောက်တို့ကိုငှင်း, ထို နောက် ကပ္ပါသိကတောအုပ်၌ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ကို ၎င်း, ထို့နောက် ဂယာသီသကျောက်ဖျာအပြင်၌ ဆံကျစ်ရသေ့ ဟောင်း ရှင်တထောင်တို့ကို၎င်း—ဤသို့ အစရှိသည်ဖြင့် လူများ အပေါင်းကို အရိယမဂ်ဖိုလ်သို့ ဆိုက်ရောက်စေ၍ ထိုမဟာ သက္ကရာဇ် (၁၀၃) ခုနှစ် ပြာသိုလပြည့်နေ့၌ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူကာ ဗိမ္ဗိသာရမင်းကြီး အမှူးပြုသည့် (၁၁၀၀၀၀) တသိန်းတသောင်းသော ပုဏ္ဏားသူကြွယ်တို့ကို သောတာပတ္တိ ဖိုလ်၌,တသောင်းသော ပုဏ္ဏားသူကြွယ်တို့ကိုမူ သရဏဂုံသုံးပါး၌ တည်စေတော်မူ၍ ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် အံ့ဖွယ်ရှစ်ဖြာ သုံးပါး သိက္ခာ သာသနာတော်တည်းဟူသော ဓမ္မအပွင့်အသီးများ ခိုင်မြဲစွာ ပွင့်အောင် သီးအောင် ပြုတော်မူပြီးလျှင် ဇမ္ဗူဒိပ်ကျွန်း မြေအဝန်းအလုံးကို သက်န်းရောင်ဖြင့် တပြောင်ပြောင်တောက်ပ အောင်, ရဟန်းသူမြတ်တို့ သွားလာသောလေတို့ဖြင့် ထက်ဝန်း ကျင် တိုက်ခပ်အောင် ပြုတော်မူလျက် ထိုမှနောက် အခါတပါး ဝယ် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက်တော်သို့ ရောက်၍ ထိုကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းသံဃာတို့ အလယ် ခင်းထားအပ်သော ဗုဒ္ဓါသနမွေပလ္လင်ထက်၌ ထိုင်နေ တော်မူကာ တရားဟောတော်မူသည်ရှိသော် "ရှေးဦးစွာ သစ္စာ လေးပါး တရားကိုသိကြသော ရဟန်းတို့တွင် ငါ၏သားတော် ကြီး ကောဏ္ဍညသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏" ဟု ပြတော်မူလိုရကား အရှင်ကောဏ္ဍညမထေရ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာသိကောဏ္ဍညော = ရဟန်းတို့....ညဉ့်အပိုင်း

အခြားကို သိကြသည့် ငါ့ဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် အညာသိကောဏ္ဍညသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူး မြွက်ဆိုတော်မူကာ ရတ္တညူ ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဤအရာ၌။ ။ "ရတ္တညူ=ညဉ့်အပိုင်းအခြား ကို သိသောပုဂ္ဂိုလ်" ဟူသည်မှာ ရဟန်းပြုချိန်မှစ၍ ရှည်မြင့်စွာသော ညဉ့်အပိုင်းအခြားကို သိသောပုဂ္ဂိုလ်-ဟု ဆိုလိုသည်၊ ဤသာသနာတော်၌ အရှင်ကောဏ္ဍည မထေရ်ထက် အလျင်လက်ဦး ရဟန်းပြုသောသူ မရှိရကား ဤ အရှင်ကောဏ္ဍညမထေရ်မြတ်သည် "ရဟန်းပြုချိန်မှစ၍ ရှည်မြင့်စွာသော ညဉ့်အပိုင်းအခြားကို သိသော = ရတ္တညူပုဂ္ဂိုလ်" ဖြစ်လေသည်။ (ဤအလို ရဟန်းသိက္ခာ ဝါအကြီးဆုံးပုဂ္ဂိုလ်ကို ရတ္တညူပုဂ္ဂိုလ်ဟု ဆိုလိုသည်)။

တနည်း—အရှင်ကောဏ္ဍည မထေရ်သည် အလုံးစုံသော တပည့်သာဝကတို့ထက် အလျင်လက်ဦး သစ္စာလေးပါး တရားကို သိတော်မူသောကြောင့် ထိုသိမြင်သည့် ရှည်လျားစွာသောအချိန်မှစ၍ ထိုညဉ့်အပိုင်းအခြားကို သိတော်မူရကား ရတ္တညူပုဂ္ဂိုလ် ဖြစ်လေသည်။ (ဤအလို အစောဆုံး သစ္စာလေးပါးတရား သိသူကို ရတ္တညူပုဂ္ဂိုလ်ဟု ဆိုလိုသည်)။

တနည်း—ရဟန္တာအရှင်မြတ်တိုင်းပင် ညဉ့်နေ့အပိုင်းအခြားထင်ရှားရကား ရတ္တညူ=ညဉ့်နေ့အပိုင်းအခြားကို သိသောပုဂ္ဂိုလ်ဟု အမည်ရလေသည်၊ အရှင်ကောဏ္ဍညမထေရ်မြတ်ကား ရှေးဦးစွာ ရဟန္တာဖြစ်သောကြောင့် ရတ္တညူ (=ညဉ့်နေ့အပိုင်းအခြားကို သိကြသည့် ရဟန္တာပုဂ္ဂိုလ်) တို့တွင် အသာဆုံး-အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်လေသည်)။

### ရဟန္တာဖြစ်ပြီးနောက် အညာသိကောဏ္ဍည မထေရ်မြတ်၏အကြောင်း

အညာသိကောဏ္ဍညမထေရ်သည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ဝါဆိုလပြည့်ကျော် (၅)ရက်နေ့၌ ရဟန္တာဖြစ်တော်မူသည်။ ထိုနှစ် မြတ်စွာဘုရားရှင် ပြာသိုလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ တပို့တွဲလဆန်း (၁) ရက်နေ့တွင် အဂ္ဂသာဝက

နှစ်ပါး (အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်) တို့ ရဟန်းပြုတော်မူကြသည်။ လဆန်း (၇) ရက်နေ့၌ အရှင်မောဂ္ဂလာန် ရဟန္တာဖြစ်၍ တပို့တွဲလပြည့်နေ့၌ အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်တော်မူသည်။ ဤသို့ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက ရဟန်းတော်တို့ သာသနာတော်၌ စုံညီစွာဖြစ်ပေါ်လာကြသောအခါ ဆွမ်းခံချိန်၌ သာဝက အားလုံးပင် ဝါစဉ်အတိုင်း ဆွမ်းခံကြွတော်မူကြရသည်။ မြတ်စွာဘုရား တရားဟောတော်မူသောအခါ၌ကား အလယ်ဗဟို တန်းဆာဆင်အပ်သော ဗုဒ္ဓါသနမ္မပလ္လင်၌ မြတ်စွာဘုရား ထိုင်နေတော်မူပြီးသော် မြတ်စွာဘုရား၏ လက်ျာနံပါး၌ ဓမ္မသေနာပတိ = အရှင်သာရိပုတ္တရာမထေရ်, လက်ဝဲနံပါး၌ အရှင်မဟာမောဂ္ဂလာန်မထေရ်တို့ ထိုင်နေတော်မူကြရသည်။

ထိုအဂ္ဂသာဝက မထေရ်နှစ်ပါးတို့၏ ကျောဘက်မှာ အရှင်ကောဏ္ဍညမထေရ်အတွက် နေရာ ခင်းထားကြလေသည်။ ကျန်သော ရဟန်းတို့သည် အရှင်ကောဏ္ဍညမထေရ်ကို ဝန်းရံ၍ ထိုင်နေကြရလေသည်။ အဂ္ဂသာဝက နှစ်ပါးတို့သည် အရှင်ကောဏ္ဍညမထေရ်မြတ်က သာသနာတော်ဝယ်"အဦးအစ သစ္စာလေးပါး တရား သိတော်မူသူ ဖြစ်သောကြောင့်ရင်း,အရွယ်တော်အားဖြင့်လည်း ကြီးမားတော်မူသောကြောင့်ရင်း အရှင်ကောဏ္ဍညမထေရ်မြတ်၌ ရှိသေခြင်း ရှိကုန်ရကား မထေရ်မြတ်ကို မဟာဖြဟ္မာကြီးကဲ့သို့ရင်း, မီးပုံကြီးကဲ့သို့ရင်း, အဆိပ်လျှင်သော မြွေနဂါးကဲ့သို့ရင်း အောက်မေ့လေးစား မှတ်ထင်တော်မူကြကာ မိမိတို့က နေရာဦး၌ နေထိုင်ကြရကုန်သော်လည်း မရဲမဝံ့ရှိတော်မူကြကုန်၏၊ ရှက်နိုးအားနာတော်မူကြကုန်၏။ ထိုအခါ အရှင်ကောဏ္ဍညမထေရ်သည် "ဤ အဂ္ဂသာဝကမထေရ်မြတ် နှစ်ပါးတို့သည် နေရာဦးအကျိုးငှါ တသချေနှင့် ကမ္ဘာတသိန်းကြာ ပါရမီတို့ကို ဖြည့်ဆည်းပူးအပ်ကုန်ပြီ၊ ထို အဂ္ဂသာဝကနှစ်ပါးတို့သည် ယခုအခါ နေရာဦး၌ ထိုင်နေကြရသော်လည်း မရဲမဝံ့ရှိတော်မူကြကုန်၏၊ ငါ့ကို ရှက်နိုးအားနာတော်မူကြကုန်၏၊ ထို

အဂ္ဂသာဝကမထေရ်မြတ် နှစ်ပါးတို့ ချမ်းသာစွာ နေနိုင်အောင် ငါပြုလုပ်မည်"ဟု ကြံစည်ဆင်ခြင်တော် မူမိလေသည်။ ဤကား အကြောင်းတပါး ဖြစ်သည်။

ထို့ပြင်လည်း အရှင်ကောဏ္ဍည မထေရ်မြတ်သည် ဘုန်းကံကြီးမားသော မဟာသာဝကကြီးတပါး ဖြစ်တော်မူလေသည်၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးသတင်းကောင်းများကဲ့သို့ ထို့အတူ မထေရ်မြတ်၏ ဂုဏ်ကျေးဇူးသတင်းကောင်းများသည်လည်း ဤစကြဝဠာရှိ လူတို့နှင့်တကွ စကြဝဠာတိုက် တသောင်း၌ နေကြသော နတ်ဗြဟ္မာတို့၏အတွင်း၌ ပြန့်နှံ့လျက်ရှိကုန်၏၊ သို့ရကား နတ်လူတို့သည် မြတ်စွာဘုရားထံတော်သို့ သွားရောက်၍ နံ့သာ, ပန်း-စသည်တို့ဖြင့် ပူဇော်မှု ပြုကြပြီးလျှင် "မထေရ်မြတ်ကြီးသည် သစ္စာလေးပါး တရားထူးကို လက်ဦးအစ သိမြင်သော မဟာသာဝကကြီး ဖြစ်တော်မူပေသည်"ဟု (ဘုရားကို ပူဇော်ပြီးသည်၏) အခြားမဲ့မှာပင် အရှင်ကောဏ္ဍည မထေရ်မြတ်ထံ ဆည်းကပ်၍ တဖန် ပူဇော်ကြပြန်လေသည်။ အနီးထံမှောက် လာရောက်ကြသူတို့အား သင့်လျော်လျောက်ပတ်သော တရားစကားဟောကြားမှု, အစေ့အစပ်စကား ပြောကြားမှု တခုခုကို ပြုရမည့်ဝတ်တရားကလည်း သာသနာထုံးစံအရ ရှိနေပြန်၏၊ မထေရ်မြတ်ကလည်း ဖလသမာပတ်ဖြင့် ချမ်းသာစွာနေရမှု (= အရိယ-ဝိဟာရ) ကိုသာ အလေးဂရု ပြုတော်မူသူ ဖြစ်၏။ သို့ရကား မထေရ်မြတ်၏အဖို့ရာ ထို အနီးထံမှောက် လာရောက်သူတို့အား သင့်လျော်လျောက်ပတ်သော တရားစကား ဟောကြားရမှု, အစေ့အစပ်စကား ပြောကြားရမှုများသည် အပို အလုပ်ကျယ်ကဲ့သို့ ဖြစ်၍နေ၏။ ဤသည်လည်း အကြောင်းတပါးဖြစ်သည်။

ထိုဖော်ပြရာပါအကြောင်းနှစ်ပါးတို့ကြောင့် အရှင်ကောဏ္ဍည မထေရ်မြတ်သည် မြတ်စွာဘုရားတို့၏ အနီးအပါးမှ အရပ်တပါးသို့သွားနေထိုင်တော်မူလိုသည်ဖြစ်၍ မိမိ၏တူ မန္တာဏီပုဏ္ဏေးမ၏သား ပုဏ္ဏလုလင်ကို "ငါ၏တူ ပုဏ္ဏလုလင်သည် ရှင်ရဟန်းပြု၍ သာသနာတော်၌ မြတ်သောဓမ္မကထိက ပုဂ္ဂိုလ်တပါး ဖြစ်

လိမ့်မည်” ဟု ဆင်ခြင်သိမြင်တော်မူပြီးလျှင် ဒေါဏဝတ္ထုပုဏ္ဏားရွာသို့ ကြွတော်မူကာ မိမိ၏တူ ပုဏ္ဏလုလင်ကို ရှင်ရဟန်းပြုပေးပြီးလျှင် “ဤ ငါ့တူ ပုဏ္ဏရဟန်းသည် မြတ်စွာဘုရားတို့၏ အနီးထံပါး၌ နေရစ်လိမ့်မည်” ဟု ကြံစည်တော်မူ၍ တူတော် ပုဏ္ဏရဟန်းကို မြတ်စွာဘုရား၏ အနေ္တဝါသိက တပည့်ဖြစ်အောင်ပြုလုပ်ပြီးမှ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ “ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တပည့်တော်၏အဖို့ရာ ရွာနီးကျောင်းသည် သပ္ပါယမဖြစ်ပါ၊ လူသူလေးပါးတို့နှင့် ရောပြွမ်း၍ ချမ်းသာစွာနေရန် မစွမ်းနိုင်ပါ၊ ထို့ကြောင့် တပည့်တော်သည် ဆဒ္ဒန်အိုင်သို့ သွားရောက်နေထိုင်ပါရစေဘုရား” ဟု ခွင့်ပန်စကား လျှောက်ထားလေ၏။ မြတ်စွာဘုရားသည်လည်း သွားရောက်နေထိုင်ရန် ခွင့်ပြုတော်မူလေ၏။

အရှင်ကောဏ္ဍညမထေရ်သည် ဘုရားထံမှအခွင့်ရကာ အိပ်ရာနေရာကို သိမ်းဆည်း၍ သပိတ်၊ သင်္ကန်းကို ယူဆောင်တော်မူကာ ဆဒ္ဒန်အိုင်၏အနီး မန္ဒာကိနီရေကန်ဆိပ်ကမ်းသို့ ကြွရောက်တော်မူလေသည်။ ထိုဆဒ္ဒန်အိုင်အရပ်၌ ရှေးအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ပြုစုလုပ်ကျွေးခြင်းဖြင့် အလေ့အကျက်ရှိပြီး ဖြစ်ကြသည့် အာနုဘော်နှင့်လည်းပြည့်စုံ နတ်တို့ကဲ့သို့ အသက်လည်းရှည်ကုန်သော ဆင်ပေါင်း (၈၀၀၀) ရှစ်ထောင်တို့သည် မထေရ်မြတ်ကို မြင်ကြရလျှင်ပင် “ငါတို့၏ ကောင်းမှုမျိုးကြဲရာ လယ်ယာမြေကောင်းကြီး လာရောက်ပေပြီ” ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကြကာ ခြေတို့ဖြင့်ရပ်၍ စင်္ကြံကြွရမည့်အရပ်ကို မြက်မရှိ ပကတိတလင်းဖြစ်အောင် ပြုလုပ်ကြလျက် မထေရ်မြတ်စင်္ကြံကြွရာအရပ်၌ အနှောင့်အယှက်ဖြစ်မည့် သစ်ခက်များကိုလည်း ဖယ်ရှားကြ၍ မထေရ်မြတ် သီတင်းသုံး နေထိုင်ရာ အရပ်ကို သုတ်သင်ကြပြီးလျှင် အားလုံးဆင်ပေါင်း (၈၀၀၀) ရှစ်ထောင်တို့ စည်းဝေးတိုင်ပင်ကြသည်မှာ—

“အချင်းတို့.... ငါတို့သည် အကယ်၍ ‘ဤဆင်သည် မထေရ်မြတ်အတွက်တာ ပြုဖွယ်ရာများကို ပြုလုပ်လိမ့်မည်

ဤဆင်သည် ပြုလုပ်လိမ့်မည်’ဟု သူပြုနိုး ငါပြုနိုး မျှော်ကိုး၍ နေကြလျှင် မထေရ်မြတ်သည် ဆွေမျိုးများသောရွာသို့ ရောက်သကဲ့သို့ ဆေးမြဲကိုင်းသောသပိတ်ဖြင့်ပင် ကျောင်းသို့ ပြန်ကြွရလိမ့်မည်၊ ထို့ရကား လစ်ဟင်းမှု မရှိရအောင် အလှည့်ဖြင့် မထေရ်မြတ်ကို ပြုစုလုပ်ကျွေးကြကုန်စို့၊ အထူးအားဖြင့် ဆင်လာကောင်၏ အလှည့်သို့ရောက်လျှင် ကျန်သောဆင်များကလည်း (ငါ့အလှည့်မဟုတ်ဟု လျစ်လျူရှု၍ ခနေကြပဲ)မမေ့မလျော့ ပြုစုရမည်”—

ဟု တိုင်ပင်ဆွေးနွေးကြကာ အလှည့်အကြိမ် ထားကြလေကုန်၏။ အလှည့်ကျသော ဆင်သည် စောစောပင် မထေရ်မြတ်အတွက် မျက်နှာသစ်ရေ, ဒန်ပူများကို တည်ထားလေသည်။ တည်ထားပုံမှာ—အလှည့်ကျသောဆင်သည် ထင်းရှူးတင်း နုတ်ထင်းစသည့် မီးဖြစ်လွယ်သော ထင်းခြောက်များကို အချင်းချင်း ပွတ်တိုက်၍ မီးဖြစ်စေ မီးတောက်ထစေ, ပြီးလျှင် ထိုမီးပုံ၌ ကျောက်တုံးကျောက်ခဲများကို မီးဖုတ်၍ ထိုကျောက်တုံး ကျောက်ခဲများကို တုတ်ချောင်းတို့ဖြင့် လှိမ့်ယူပြီးလျှင် ကျောက်ရေခွက်ကြီးများ၌ ထည့်ပြီးသော် ရေနွေးသည်ကို သိအောင်စုံစမ်းပြီး ကံ့ကော်နွယ် ဒန်ပူကို အဆင်သင့် တည်ထားလေသည်။ ထို့နောက် ထိုအလှည့်ကျသော ဆင်သည် မထေရ်မြတ် နေထိုင်ရာ ကမ္ဗဋ္ဌာန်းတဲကုပ်ကျောင်းကလေး၏ အတွင်း,အပြင် နှစ်ရပ်လုံး၌ သစ်ခက်များဖြင့် တံမြက်လှည်းလျက် ဤဆိုအပ်လတ္တံ့သောအတိုင်း အစာအာဟာရကို ဆက်ကပ်ခြင်းဖြင့် ဝတ်ကြီး, ဝတ်ငယ် ပြုလေသည်။

### မန္ဒာကိနီရေကန်

အရှင်ကောဏ္ဍညမထေရ် သီတင်းသုံးနေထိုင်ရာ မန္ဒာကိနီရေကန်သည် ယူဇနာငါးဆယ် ကျယ်ပြန့်၏၊ ထိုရေကန်၏အလယ်ဗဟို နှစ်ဆယ့်ငါးယူဇနာမျှသောအရပ်၌ မှော်,ရေညှိဟူ၍ လုံးဝမရှိ၊ ဖလ်အဆင်းပမာ ကြည်လင်သောရေသာရှိ၏။ ထိုရေပြင်၏ အပြင်ဖက် ခါးမျှနက်သော ရေ၌ ယူဇနာဝက်ခန့် အနံ့ရှိသော

ကြာဖြူတောသည် ယူဇနာငါးဆယ်ရှိသောရေကန်ကို ဝန်းရံလျက် တည်၏။ ထိုကြာဖြူတော၏ အခြားမဲ့၌ ထိုမျှပင် ယူဇနာဝက် အနံ့ ရှိသော ပဒုမာကြာနီတော, ထိုပဒုမာကြာနီတော၏ အခြားမဲ့၌ ထိုမျှပင် ယူဇနာဝက် အနံ့ရှိသော ကုမုဒြာကြာနီတော, ထိုကုမုဒြာ ကြာနီတော၏ အခြားမဲ့၌ ထိုမျှပင် ယူဇနာဝက် အနံ့ရှိသော ကုမုဒြာကြာဖြူတော, ထိုကုမုဒြာကြာဖြူတော၏ အခြားမဲ့၌ ထိုမျှ ပင် ယူဇနာဝက်အနံ့ရှိသော ကြာညိုတော, ထိုကြာညိုတော၏ အခြားမဲ့၌ ထိုမျှပင် ယူဇနာဝက် အနံ့ရှိသော ကြာနီတော, ထိုကြာနီတော၏ အခြားမဲ့၌ ထိုမျှပင် ယူဇနာဝက် အနံ့ရှိသော နံ့သာသလေးစပါးနီတော, ထိုစပါးတော၏ အခြားမဲ့၌ ထိုမျှပင် ယူဇနာဝက် အနံ့ရှိကြသည့် သခွါး, ဖူး, ဖရုံ-အစရှိသည့် ချိုမြိန် သော အရသာရှိသော နွယ်မျိုးသစ်သီးတောကြီးများ,ထိုနွယ်မျိုး သစ်သီးတောကြီးများ၏အခြားမဲ့၌ ယူဇနာဝက်ပင် အနံ့ပြန့်သော ကြံပင်တောသည် ရေကန်ကို ဝန်းရံလျက် တည်၏။ ထိုကြံတော၌ ကြံပင်ကြီးများသည် ကွမ်းသီးပင်ခန့် လုံးပတ်ပမာဏရှိကြကုန်၏။

ထိုကြံတော၏ အခြားမဲ့၌ ထိုမျှပင် ယူဇနာဝက် အနံ့ပြန့်သော ငှက်ပျောတောသည် ရေကန်ကို ဝန်းရံလျက် တည်၏၊ ယင်းငှက် ပျောတောမှ ငှက်ပျောသီးမှည့်နှစ်လုံးခန့်ကို စားမိကြသောလူများ သည် တောင့်,အင့် ပြီးကာ လွန်စွာ ပင်ပန်းကြကုန်၏။ ထိုငှက် ပျောတော၏ အခြားမဲ့ အပြင်ဖက်၌ ဒိုးစရည်းခန့်ပမာဏ အသီး ရှိသော ပိန္နဲတော, ထိုပိန္နဲတော၏ အခြားမဲ့အပြင်ဖက်၌ သပြေပင် တော, ထိုသပြေပင်တော၏ အခြားမဲ့အပြင်ဖက်၌ သရက်တော, သရက်တော၏ အခြားမဲ့အပြင်ဖက်၌ သီးပင်တော ဤသို့စသည် ဖြင့် အကျဉ်းချုပ်ဖော်ပြရလျှင် ထိုမဏ္ဍာကိနီရေကန်၌ စားကောင်း သော သစ်သီးမည်သည် မရှိဟု မဆိုနိုင်၊ အလုံးစုံ ရှိသည်သာ ဖြစ်၏။

ပန်းများပွင့်သောအခါ၌ လေသည် ထိုပန်းတို့မှ ဝတ်မှုန်များကို တိုက်ခပ်လွင့်သယ်ကာ ပဒုမာကြာတောရှိ ကြာရွက်များပေါ်၌ တည်စေ၏၊ ထိုကြာရွက်များ၌ ရေပေါက်တို့ ကျကုန်၏၊ ထို့နောက်

နေအပူဖြင့် ကျက်၍ နွားနို့ခဲအကျက်ကဲ့သို့ တည်ရှိလေသည်၊ ၎င်းအရာကို ကြာပျားဟူ၍ ခေါ်ဆို၏၊ ထိုကြာပျားကို အလှည့်ကျသော ဆင်တို့သည် မထေရ်မြတ်အတွက် ဆောင်ယူဆက်ကပ်ကြကုန်၏။

ကြာရင်းမှာ ထွန်တုံးဦးခန့် လုံးပတ်ပမာဏရှိ၏၊ ထိုကြာရင်းကိုလည်း ဆင်တို့သည် ယူဆောင်ကြ၍ မထေရ်အား ဆက်ကပ်ကြကုန်၏။ ကြာစွယ်သည် စည်ကြီးခေါင်း (=စည်ကြီးခွက်) ခန့် ပမာဏရှိ၏၊ ထိုကြာစွယ်၏ တဆစ် တဆစ်၌ ကြာနို့ရည်သည် တပြည်သားခန့် ရှိ၏၊ ထိုကြာနို့ရည်ကို ဆင်တို့သည် ယူဆောင်ကြ၍ မထေရ်မြတ်အား ဆက်ကပ်ကြကုန်၏။

ဆင်တို့သည် ကြာရိုးများကို ပျားသကာနှင့် ရောစပ်၍ မထေရ်မြတ်အား ဆက်ကပ်ကြကုန်၏။ ကွမ်းသီးပင်ခန့် လုံးပတ်ပမာဏရှိသော ကြံပင်တို့ကို ကျောက်ဖျာ၌ တင်ထား၍ ကြကာခြေတို့ဖြင့် နင်းကြကုန်၏၊ ထိုကြံချောင်းတို့မှ ကြံရည်သည် ယိုထွက်၍ ကျောက်ခွက်ငယ် တွင်းငယ်တို့ကို ပြည့်စေလျက် နေပူဖြင့် ကျက်ပြီးလျှင် နွားနို့ကျောက်ခဲ (=ဝေါဒန် ကျောက်ခဲ) ပမာ ကြံသကာဖြစ်၍ တည်လေ၏၊ ဆင်များသည် ထိုကြံသကာခဲကို ယူဆောင်ကြ၍ မထေရ်မြတ်အား ဆက်ကပ်ကြကုန်၏။

ဟိမဝန္တာ ကေလာသတောင်ဝယ် နာဂဒတ္တမည်သော နတ်သားသည် နေထိုင်၏၊ မထေရ်မြတ်သည် ရံခါရံခါ ထိုနတ်သား၏ ဗိမာန်တံခါးဝသို့ ကြွတော်မူ၏၊ နတ်သားသည် အသစ်ဖြစ်သော ထောပတ်, ကြာပျားမှုန့်တို့နှင့် ရောစပ်လျက် ရေမရောသော နို့ဃနာဆွမ်း သပိတ်အပြည့် လောင်းထည့် လှူဒါန်းလေသည်။ ထိုနတ်သားကား ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ နှစ်ပေါင်း နှစ်သောင်းကြာ ကာလတို့ပတ်လုံး ရနံ့ကောင်းသော ထောပတ်နှင့် နွားနို့စာရေးတံ ဆွမ်း လှူဒါန်းခဲ့လေသည်၊ ထိုကောင်းမှုကြောင့် ထိုနတ်သား၏အဗိုရာ ၎င်းထောပတ်,ကြာပျားမှုန့်တို့နှင့် ယှဉ်သည့် ရေမရောသော နို့ဃနာသည် စားသောက်ဖွယ် အစာအာဟာရ ဖြစ်လာလေသည်။

၌သို့လျှင် အရှင်ကောဏ္ဍညမထေရ်မြတ်သည် ဆယ့်နှစ်နှစ်ကြာ ကာလပတ်လုံး ထိုဆဒ္ဒန်အိုင် မဏ္ဍာကိနီရေကန်၏ အနီး၌သီတင်းသုံးနေတော်မူ၍ ကိုယ်တော်၏ အာယုသင်္ခါရကို ကြည့်ရှုဆင်ခြင်တော်မူလတ်သော် အာယုသင်္ခါရ = ဇီဝိတသန္တာန်အစဉ် ကုန်နေပြီကို မြင်တော်မူ၍ "ငါသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံရပါမည်နည်း" ဟု စဉ်းစားဆင်ခြင်တော်မူလေသော် "ငါ့ကို ဆယ့်နှစ်နှစ်ကြာ ကာလတို့ပတ်လုံး ပြုစုလုပ်ကျွေးကြသော ၌ဆင်ပေါင်း(၈၀၀၀)ရှစ်ထောင်တို့သည် ပြုနိုင်ခဲ့သည်ကို ပြုအပ်ခဲ့လေပြီ၊ ထိုဆင်တို့၏ ကျေးဇူးကား အလွန်များလှစွာ၏၊ ငါသည် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ပြီးလျှင် ပရိနိဗ္ဗာန်စံရန် ခွင့်ပန်လျှောက်ထားပြီးနောက် ၌ဆင်တို့၏ အနီးထံပါး ၌ကမ္ဗဒ္ဒန်းကျောင်းမှာပင် ပရိနိဗ္ဗာန် ဝင်စံပေတော့အံ့" ဟု ဆုံးဖြတ်ချက် ချမှတ်တော်မူကာ ကောင်းကင်ခရီးဖြင့် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ လာရောက်ဆည်းကပ်ပြီးလျှင် မြတ်စွာဘုရားရှင်၏ ခြေတော်တို့၌ ဦးဖြင့်တိုက်၍ မြတ်စွာဘုရားရှင်၏ ခြေတော်တို့ကို ခံတွင်းဖြင့်လည်း စုတ်တော်မူ၏၊ လက်တို့ဖြင့်လည်း တအားအားဆုပ်နယ်လေ၏၊ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အကျွန်ုပ်ကား ကောဏ္ဍညဖြစ်ပါသည်ဘုရား၊ ကောင်းသောစကားကို မိန့်ကြားတော်မူပါသော မြတ်စွာဘုရား....အကျွန်ုပ်ကား ကောဏ္ဍညဖြစ်ပါသည်ဘုရား" ဟု မိမိ၏ အမည်ကိုလည်း ထုတ်ဖော်လျှောက်ထားလေ၏။

(၌၌။ ။ အရှင်ကောဏ္ဍညမထေရ် ၌ကဲ့သို့ မိမိအမည်ကို ထုတ်ဖော် လျှောက်ထားခြင်းအကြောင်းမှာ—ထိုအချိန်တွင် မြတ်စွာဘုရား၏ အနီးထံပါး ရှိကြသော ရဟန်းများအနက် မထေရ်မြတ်ကို အချို့ဝါကြီးသောမထေရ်ကြီးတို့ကာ သိကြ၍ သီတင်းငယ် ထေရ်ငယ်တို့ကမူ မသိကြကုန်၊ ထိုသို့ ဖြစ်ရှိရာ၌ မထေရ်မြတ် ကြံစည်စဉ်းစားမိသည်ကား "အကြင် သီတင်းငယ် ထေရ်ငယ်တို့သည် ငါ့ကို မသိကြသည့်အတွက် 'ယခု မြတ်စွာဘုရားနှင့် အတူတကွ ပဋိသန္ထာရ=အားဆွေအစပ်စကား ပြောကြားမှုပြုနေသည့် ခေါင်းဖြူ၊ ခါးကုန်း၊ သွားပြုန်း

ယွင်းယို ဤရဟန်းအိုကြီးကား အဘယ်သူနည်း’ဟု စိတ်နေ ဖောက်ပြား ပြစ်မှားကြပေလိမ့်မည်၊ ထိုပြစ်မှားသော သီတင်းငယ် ထေရ်ငယ်တို့သည် အပါယ်သို့ လားရောက်ကြလိမ့်မည်။ ငါ့အမည်ကို မြတ်စွာဘုရားအား ထုတ်ဖော်လျှောက်ထားလျှင်ကား ထိုရှေးကမသိကြသော သီတင်းငယ် ထေရ်ငယ်တို့လည်း ငါ့ကို သိကြလိမ့်မည်၊ ယင်း ထေရ်ကြီး,ထေရ်ငယ်= နှစ်သွယ်သော သီတင်းသုံးဖော် ရဟန်းတော်များသည် ငါ့ကို ရှေးက သိတူး, ယခုသိစ ဖြစ်ကြသည့်အတွက် ‘စကြာဝဠာတိုက်တသောင်း၌ မြတ်စွာဘုရားကဲ့သို့ပင် ထင်ရှား ကျော်ကြားသော မဟာသာဝကကြီး ပါတကား’ဟု သဒ္ဓါရွှန်းစို ကြည်ညိုကြလိမ့်မည်၊ ထိုစိတ်ကြည်ညိုကြသူ အားလုံးပင် နတ်ရွာသုဂတိသို့ လားရောက်ကြရပေလိမ့်မည်”ဟု ကြံစည် စဉ်းစားတော်မူမိလေသည်။ သို့ရကား သတ္တဝါတို့အဖို့ရာ အပါယ်လမ်း ပိတ်၍ နတ်ရွာလမ်း ဖွင့်တော်မူလိုသည့်အတွက် မထေရ်မြတ်သည် မိမိအမည်ကို မြတ်စွာဘုရားအား ထုတ်ဖော်လျှောက်ထားလေသည်)။

ထိုအချိန်၌ အရှင်ဝင်္ဂီသမထေရ်၏ စိတ်သန္တာန်ဝယ် “ဤအရှင် အညာသိကောဏ္ဍညမထေရ်သည် ဆယ့်နှစ်နှစ်တာ အလွန်အချိန် ကြာမှ မြတ်စွာဘုရားထံတော်မှောက်သို့ လာရောက်ဆည်းကပ်ကာ မြတ်စွာဘုရားရှင်၏ ခြေတော်တို့၌ ဦးဖြင့်တိုက်၍ မြတ်စွာ ဘုရားရှင်၏ ခြေတော်တို့ကို ခံတွင်းဖြင့်လည်း စုတ်တော်မူ၏၊ လက်တို့ဖြင့်လည်း တအားဆုပ်နယ်တော်မူ၏၊ ‘ဘုန်းတော်ကြီး သော မြတ်စွာဘုရား....အကျွန်ုပ်ကား ကောဏ္ဍညဖြစ်ပါသည် ဘုရား၊ ကောင်းသောစကားကို မိန့်ကြားတော်မူပါသော မြတ်စွာ ဘုရား....အကျွန်ုပ်ကား ကောဏ္ဍညဖြစ်ပါသည်ဘုရား’ ဟု မိမိ၏ အမည်ကိုလည်းထုတ်ဖော်လျှောက်ထားတော်မူ၏၊ငါသည်အရှင် အညာသိကောဏ္ဍညမထေရ်ကို မြတ်စွာဘုရား၏ မျက်မှောက် တော်မှာပင် သင့်လျော်ပတ်သော ဂါထာတို့ဖြင့် ချီးမွမ်း လျှောက်ဆိုရမူ ကောင်းလေစွ”ဟု အကြံဖြစ်ပြီးနောက် အရှင် ဝင်္ဂီသမထေရ်သည် နေရာမှထ၍ လက်ကန်တော့စံပယ်တင်ပြီး လျှင် ဘုရားရှိရာဖက်သို့ လက်အုပ်ကို ချီညွတ်ကာ မြတ်စွာဘုရား ကို “ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ပဋိဘာန်ဂါထာ ပိုဒ်များ တပည့်တော်၏ ဉာဏ်ဝယ် ထင်လာပါသည်ဘုရား၊ ကောင်းသောစကားကိုမိန့်ကြားတော်မူပါသောမြတ်စွာဘုရား....

တပည့်တော်၏ညက်ဝယ် ပဋိဘာန်ဂါထာပိုဒ်များ ထင်လာပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က "ချစ်သားဝင်္ဂီသ....သင်ချစ်သား၏ညက်ဝယ် ပဋိဘာန်ဂါထာပိုဒ်များ အလိုရှိတိုင်း ထင်စေ"ဟု ခွင့်ပြုစကား မိန့်ကြားတော်မူလေလျှင် အရှင်ဝင်္ဂီသမထေရ်သည် အရှင်အညာသိ ကောဏ္ဍည မထေရ်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှာပင် သင့်လျော်ပတ်သော ဂါထာတို့ဖြင့် ဤဆိုလတ္တံ့သောအတိုင်း ချီးမွမ်းလျှောက်ဆိုလေ၏—

၁။ ဗုဒ္ဓါနုဗုဒ္ဓေါ သော ထေရော၊
ကောဏ္ဍညော တိဗ္ဗနိက္ကမော။
လာဘီ သုခဝိဟာရာနံ၊
ဝိဝေကာနံ အဘိဏှသော။

ကောဏ္ဍညော = နွယ်တော်ဝံသ ကောဏ္ဍညဟု နာမတွင်ခေါ် အမည်တော်ရှိပေသော။ သော ထေရော = မြတ်စွာထံမှောက် အဖူးအမြော်ရောက်သည့်ဘုန်းတောက်ဥက္ကဋ္ဌ ထိုမထေရ်မြတ်ကြီးသည်။ ဗုဒ္ဓါနုဗုဒ္ဓေါ = ဘုရား၏နောက် ညက်ယာဉ်လျှောက်၍ လေးထောက်သစ္စာ နက်နဲစွာကို ပဌမာဒိက အစဆုံးသိတော်မူမှုကြောင့် ဗုဒ္ဓါနုဗုဒ္ဓဂုဏ်ထူးရတော်မူ၏။ တိဗ္ဗနိက္ကမော = သူမတူတန် လွန်ပြင်းထန်သည့် သမ္မပ္ပဓာန်လုံ့လ ဝီရိယလည်းရှိတော်မူ၏။ သုခဝိဟာရာနံ = မျက်မှောက်ဘဝ ပစ္စက္ခဝယ် အေးမြချမ်းသာစွာ နေထိုင်ရာ နေထိုင်ကြောင်း ဖြစ်ကုန်သော။ ဝိဝေကာနံ = ဝိဝေကသုံးပါး မြတ်သောတရားတို့ကို။ အဘိဏှသော = အမြဲမပြတ်။ လာဘီ = ချမ်းမြေ့ကြည်ဖြူရတော်မူလေ့ ရှိပေ၏။

၂။ ယံ သာဝကေန ပတ္တဗ္ဗံ၊
သတ္ထုသာသနကာရိနာ။
သဗ္ဗဿ တံ အနုပ္ပတ္တံ၊
အပ္ပမတ္တဿ သိက္ခတော။

သတ္ထုသာသနကာရိနာ = ဘုရားမြတ်စွာ ဆုံးမရာကို လိုက်နာ ကျင့်သုံးလေ့ရှိသော။ သာဝကေန = တပည့် သာဝက အရိယသံဃာသည်။ ယံ = အကြင်မဂ်လေးပါး ဖိုလ်လေးပါး, ပဋိသမ္ဘိဒါဉာဏ်အပြား-စသည်ကို။ ပတ္တဗ္ဗံ, = ဉာဏ်ဖြင့်ဆိုက်ကပ် ရောက်အပ်ရထိုက်ပေ၏။ အသ= ထိုဘုန်းတောက်ဥက္ကာ၌ အရှင်ကောဏ္ဍညမထေရ်မြတ်ကြီး သည်။ တံ သဗ္ဗံ = ထိုမဂ်လေးပါး, ဖိုလ်လေးပါး, ပဋိ- သမ္ဘိဒါဉာဏ်အပြား-စသည် အလုံးစုံကို။ အပ္ပမတ္တဿ = အပ္ပမာဒတရား လက်ကိုင်ထားလျက်။ သိက္ခတော = သိက္ခာသုံးပါး ပွါးများကြိုးကုတ် အား ထုတ်ကျင့်ကြံတော် မူသည်ဖြစ်၍။ အနုပ္ပတ္တံ = သာဝကများစွာ ထေရ်သံဃာ တွင် သမ္မာတော်ထူး လွန်ပုံ့ပျူး၍ လက်ဦးဆိုက်ရောက် အပ်လေပြီ။

၃။ မဟာနုဘာဝေါ တေဝိဇ္ဇော၊
စေတောပရိယာယကောဝိဒေါ၊
ကောဏ္ဍညော ဗုဒ္ဓဒါယာဒေါ၊
ပါဒေ ဝန္ဒတိ သတ္ထုနော။

မဟာနုဘာဝေါ = ကြီးမြတ်သောအာနုဘော်ရှိတော် မူထသော။ တေဝိဇ္ဇော = ပု, ဒိ, အာ-ဟု ဝိဇ္ဇာသုံးပါး ထင်ရှားရှိထသော။ စေတောပရိယာယကောဝိဒေါ = စိတ်ဖြစ်ပုံကို အကုန်သိမြင် စေတောပရိယအဘိညာဏ်ရှင် ဖြစ်တော်မူထသော။ ဗုဒ္ဓဒါယာဒေါ = မြတ်စွာ ဘုရား၏ ကိုးပါးဥဿွာ လောကုတ္တရာ အမွေရတနာကို ရှေးဦးစွာ ရယူတော်မူပေထသော။ကောဏ္ဍညော = နွယ်တော်ဝံသ ကောဏ္ဍည ဟု နာမတွင်လတ် မထေရ်မြတ်ကြီးသည်။ သတ္ထုနော = လူနတ်တို့ဆရာ မြတ်စွာဘုရား၏။ ပါဒေ= ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒတိ = ဦးတိုက်, နမ်းစုတ်,လက်ဖြင့်ဆုပ်၍ ပျပ်တုပ်ရိုကျိုး ရှိခိုးတော်မူနေပြီ တကား....။

ဤဂါထာများဖြင့်ချီးမွမ်းလျှောက်ဆိုပြီးချိန်တွင် ပရိသတ်ကား အလွန်တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ ပရိသတ်တိတ်ဆိတ်ငြိမ်သက်နေသည်ကို သိရှိတော်မူကာ အရှင်ကာဠုဒါယီမထေရ်ရှင် မြတ်သည် မြတ်စွာဘုရားနှင့် ပဋိသန္ထာရ=အစေ့အစပ်စကား လျှောက်ထားပြောကြားမှုကို ပြုပြီးလျှင် "မြတ်စွာဘုရား....တပည့်တော်၏ အာယုသင်္ခါရတို့ကား ကုန်ခဲ့ပါကုန်ပြီ၊ တပည့်တော်သည် ပရိနိဗ္ဗာန် စံပါတော့မည်ဘုရား" ဟု လျှောက်ထားခွင့်ပန်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က "ချစ်သားကာဠုဒါယီ.... သင်ချစ်သားသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန် စံမည်နည်း" ဟု မေးတော်မူလေလျှင် အရှင်ကာဠုဒါယီမထေရ်မြတ်သည် "မြတ်စွာဘုရား........တပည့်တော်အား ခယ်နှစ်နှစ်ကြာ ပြုစုလုပ်ကျွေးကြသော ဆင်အပေါင်းတို့သည် ပြုနိုင်ခဲ့သည်ကို ပြုအပ်ခဲ့ကြပါပြီ၊ ထို့ကြောင့် တပည့်တော်သည် ထိုဆင်တို့၏အနီးအပါး ဆဒ္ဒန်အိုင်မှာပင် ပရိနိဗ္ဗာန်စံပါမည်ဘုရား" ဟု ပြန်ကြားလျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် ခွင့်ပြုတော်မူ၏။

(ဤ၌။ ။အရှင်ကာဠုဒါယီမထေရ်က "မြတ်စွာဘုရား........တပည့်တော်သည်ပရိနိဗ္ဗာန်စံပါတော့မည်ဘုရား" ဟု အသိပေး=ခွင့်ပန်စကား လျှောက်ထားလေရာမြတ်စွာဘုရားရှင်က "ချစ်သား....ပရိနိဗ္ဗာန် မစံနှင့်ဦး" ဟု မိန့်တော်မူလျှင်လည်း ကိုယ်တော်မြတ်ပင် ငြီးငွေ့ရန် ဟောကြားအပ်သော တေဘူမကဝဋ်တရား၌ ပျော်ပိုက်နေဦးဟု မိန့်တော်မူရာ ကျရောက်မည်။ "ချစ်သား....ပရိနိဗ္ဗာန်စံလေလော့" ဟုမိန့်တော်မူလျှင်လည်း သေဖို့ရန် ဆောက်တည်စေရာ ကျရောက်မည်၊ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် အစွန်းနှစ်ပါးလွတ်အောင် "ချစ်သား... အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံမည်နည်း" ဟုကြားချ၍ မေးတော်မူလေသည်)။

ထို့နောက် အရှင်ကာဠုဒါယီမထေရ်မြတ်သည် မြတ်စွာဘုရားကို အရိုအသေပြုပြီးလျှင် "မြတ်စွာဘုရား....ရှေးအခါ ဒုက္ကရစရိယာ ကျင့်တော်မူစဉ် အရှင်ဘုရားတို့အား ပြုစုလုပ်ကျွေးရန် ပဌမ ဖူးမြော်ခြင်းသည် ရှိပါ၏၊ တနည်း မိဂဒါဝုန်တော၌ ဖူးမြော်ရခြင်းသည် ရှိပါ၏၊ ထိုဖူးမြော်ရခြင်းသည် ရှေးဦးစွာ ဖူးမြော်ရခြင်း ဖြစ်ပါသည် ဘုရား။ ဤယခု ဖူးမြော်ခြင်းသည် နောက်ဆုံး

ဖူးမြော်ခြင်း ဖြစ်ပါသည်ဘုရား" ဟု လျှောက်ထား၍ လူများအပေါင်း ခြံရံခြွေရံ၍ ကြွလာလျှင် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရှေ့တော်မှ ထွက်ခွာ၍ တံခါးမုခ်၌ ရပ်တည်ပြီးသော် "မပိုးရိမ်ကြလင့်, မငိုကြွေးကြလင့်၊ မြတ်စွာဘုရားများပင် ဖြစ်ဖြစ်၊ သာဝကများပင် ဖြစ်ဖြစ် ဖြစ်တိုင်း ဖြစ်တိုင်းသော သင်္ခါရတို့သည် မပျက်စီးကြသောမည်သည် မရှိကုန်" ဟု လူများအပေါင်းကို ဆုံးမတော်မူခဲ့၍ လူများအပေါင်း ကြည့်ရှုစဉ်ပင် ကောင်းကင်သို့ ပျံတက်ကာ မဏ္ဍာကိနီရေကန်ကမ်းနားသို့ သက်ဆင်း၍ ရေကန်၌ ရေချိုးပြီးသော် သက်န်းတို့ကို ကောင်းစွာ ဝတ်ရုံတော်မူလျက် ကျောင်း, အိပ်ရာ, နေရာများကို သိမ်းဆည်းပြီးလျှင် ဖလသမာပတ်ဖြင့် ညဉ့်သုံးယံ ဘို့ကို ကုန်လွန်စေတော်မူ၍ (= ညဉ့်လုံး ဖလသမာပတ်ကို ဝင်စားတော်မူ၍ဟု ဆိုလိုသည်) မိုးသောက်အားကြီး လင်းခါနီး၌ အနုပါဒိသေသပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်းတော်မူလေ၏။

အရှင်ကောဏ္ဍညမထေရ်မြတ် ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက် ဟိမဝန္တာဝယ် သစ်ပင်အလုံးစုံတို့သည် မိမိတို့၏ အပွင့်, အသီးတို့ဖြင့် အောက်ထက်မကျန် ပွင့်ကြ, သီးကြသဖြင့် ကိုင်းညွတ် ကြွင်းလှကုန်၏။ မထေရ်မြတ်အား ပြုစုလုပ်ကျွေးရန် အလှည့်ကျသောဆင်သည် မထေရ်မြတ် ပရိနိဗ္ဗာန်စံတော်မူသည်ကို မသိဘဲ စောစီးစွာပင် မျက်နှာသစ်ရေ, ဒန်ပူများကို တည်ထား၍ ဝတ်ကြီး, ဝတ်ငယ်များကို ပြုမြဲတိုင်း ပြုပြီးနောက် မထေရ်မြတ် ဘုဉ်းပေးရန် သစ်သီးတို့ကို ယူဆောင်လာပြီးလျှင် စင်္ကြံအစွန်း၌ ရပ်တည်လာ၏။ ထိုအလှည့်ကျအလုပ်အကျွေးဆင်သည် နေထွက်သည့်တိုင်အောင် မထေရ်မြတ်ထွက်လာတော်မူသည်ကို မမြင်ရ၍ "မထေရ်မြတ်သည် ရှေးအခါကဆိုလျှင် စောစီးစွာပင် စင်္ကြံကြွတော်မူ၏၊ မျက်နှာသစ်တော်မူ၏၊ ယနေ့မူကား နေထွက်သည်တိုင်အောင် သင်္ခမ်းကျောင်းမှ မထွက်ကြွချေ၊ ဤသို့ဖြစ်ရခြင်းသည် အဘယ်အကြောင်းကြောင့်နည်း" ဟု အောက်မေ့ ဆင်ခြင်ကာ သင်္ခမ်းကျောင်း တံခါးကို မြင်နိုင်လောက်ရုံ အနည်းငယ် လှပ်၍ အတွင်းသို့ ကြည့်လေလျှင် ထိုင်လျက်သာရှိနေသော မထေရ်မြတ်

ကို မြင်၍ နွားမောင်းကို ဆန့်ကာ သုံးသပ်လျက် ထွက်လေ, ဝင်လေ ရှိ, မရှိကို စုံစမ်းလေသော် ထိုထွက်လေ, ဝင်လေ နှစ်ပါးတို့ မရှိတော့သည်ကို သိကာ "မထေရ်မြတ်သည် ပရိနိဗ္ဗာန် စံတော်မူလေပြီ" ဟု နွားမောင်းကို ခံတွင်း၌ထည့်၍ ကျယ်လောင်စွာ ဟစ်အော် လေတော့၏။ ဟိမဝန္တာတတောလုံး တပြိုင်နက် ပွဲတင်ထပ်၍ သွားတော့၏။

ဆင်ပေါင်းရှစ်ထောင်တို့သည် တညီတညွတ်တည်း စည်းဝေးကြ၍ မထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်ကို အကြီးဆုံးသောဆင်၏ ဦးကင်း၌ ထိုင်နေစေကာ ကောင်းစွာပွင့်သော သစ်ခက်များကို ကိုယ်စီကိုယ်င စွဲကိုင်ကြလျက် အလောင်းတင်ရာ ဆင်မင်းကို ဝန်းရံကြပြီးလျှင် ဟိမဝန္တာတတောလုံး အဖန်ဖန် လှည့်လည်ပူဇော်ကြ၍ မိမိတို့နေရာ ဆဒ္ဒန်အိုင်သို့သာ ဥတုဇရုပ်ကလာပ်ကို သယ်ဆောင် ပြန်ယူလာကြကုန်၏။

ထိုအခါ သိကြားမင်းသည် ဝိသကြုံနတ်သားကို ခေါ်၍ "အမောင်ဝိသကြုံ...ငါတို့နောင်တော်ကြီး အရှင်ကောဏ္ဍညသည် ပရိနိဗ္ဗာန် စံတော်မူလေပြီ၊ ပူဇော်သက္ကာရမှု ပြုကြကုန်အံ့၊ အမောင်သည် ကိုးယူဇနာရှိသော ရတနာခုနစ်ပါးဖြင့် ပြီးသည့် စုလစ်မွန်းချွန် အထွတ်တင်သည့် ပြာသာဒ်တလားကို ဖန်ဆင်းလော့" ဟု စေခိုင်းလေ၏။ ဝိသကြုံနတ်သားသည် သိကြားမင်း စေခိုင်းသည့်အတိုင်း ပြုလုပ်ဖန်ဆင်းပြီးလျှင် မထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်ကို ထိုတလားပြာသာဒ်၌ သိပ်ပြီးလျှင် ဆင်တို့အား ပေးအပ်ခဲ့လေ၏။

ဆင်အပေါင်းတို့သည် ပြာသာဒ်တလားကို ဝိုင်းဝန်းချီမ-ကြ၍ ယူဇနာ သုံးထောင် ကျယ်ဝန်းသော ဟိမဝန္တာ တောအလုံးကို အကြိမ်ကြိမ် အထပ်ထပ် လှည့်ပတ်၍ ပူဇော်ကြလေကုန်၏။ ဆင်တို့လက်မှတဆင့် အာကာသစိုးနတ်များက ယူဆောင်ကြ၍ သာဓုကီဠနသဘင် ဆင်ယင်ကြလေသည်။ ထို့နောင်မှ ဝဿဝလာ-ဟကနတ်များ, သီတဝလာဟကနတ်များ, ဥဏှဝလာဟကနတ်

များ, စတုမဟာရာဇ်နတ်များ, တာဝတိံသာနတ်များ ဤနည်းအားဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် ဥတုဇရုပ်ကလာပ်တင် တလားပြာသာဒ်ကြီး ရောက်ရှိသွားလေသည်။ တဖန် ဗြဟ္မာတို့က နတ်တို့၏လက်သို့ အပ်နှင်းကြပြန်သည်၊ဤနည်းဖြင့် အစဉ်အတိုင်း ဆင်တို့၏ လက်သို့ အပ်နှင်းကြပြန်သည်။

နတ်ဗြဟ္မာတဦးတဦးလျှင် စန္ဒကူးနံ့သာနှစ်တုံး လက်လေးသစ်ခန့်စီ ယူဆောင်ခဲ့ကြသည်။ စန္ဒကူးနံ့သာနှစ်တုံး (ထင်းကလား) ပုံကြီးမှာ ကိုးယူဇနာအမြင့် ရှိလေသည်။ ထို့နောက် ရုပ်ကလာပ်တင် တလားပြာသာဒ်ကို စန္ဒကူးနံ့သာ ထင်းပုံထက်သို့ တင်ကြလေသည်။ ရဟန်းတော် ငါးရာတို့သည် ကောင်းကင်ခရီးဖြင့် ကြွလာကြ၍ တညဉ့်ပတ်လုံး တရားရွတ်ဆိုမှုပြုကြလေသည်။အရှင်အနုရုဒ္ဓါမထေရ်သည် ထိုအစည်းအဝေး၌ တရားဟောတော်မူ၏၊ များစွာသော နတ်အပေါင်းတို့ သစ္စာလေးပါး တရားသိမြင်ကျွတ်တမ်းဝင်ကြလေသည်။

ထိုညဉ့်၌ တေဇောဓာတ်မီး လောင်ကျွမ်း၍ နောက်တနေ့ နံနက် အရုဏ်တက်ချိန်တွင် နံ့သာထင်းပုံကို ငြိမ်းသတ်ကြ၍ မုလေးပန်းငုံအဆင်းရှိသည့် ဖြူဖွေးသော ဓာတ်တော်များကို ရေစစ်အပြည့်ထည့်ပြီးလျှင် ရဟန်းတို့ ယူဆောင်ခဲ့ကြ၍ ဝေဠုဝန်ကျောင်းတိုက် တံခါးမုခ်မှ အဲသင့်စောင့်ကြို နေတော်မူသော မြတ်စွာဘုရားရှင်၏ လက်တော်သို့ အပ်နှင်းကြလေသည်။

## မြေပေါက်စေတီ

မြတ်စွာဘုရားသည် ဓာတ်တော်ထည့်သော ရေစစ်ကို လက်တော်ဖြင့်ကိုင်၍ ထိုအခါအား လျော်ကပ်သော သံဝေဂတရားစကား ဟောကြားတော်မူပြီးလျှင် မဟာပထဝီမြေကြီး၌ လက်တော်ကို ဆန့်တန်းလေသည်၊ ထိုခဏမှာပင် မဟာပထဝီမြေကြီးကို ဖောက်ထွင်း၍ ငွေရေပွက်ကြီးသဏ္ဍာန် စေတီကြီးပေါ်ထွက်လာလေသည်။ မြတ်စွာဘုရားရှင်သည် ကိုယ်တော့် လက်ဖြင့်ပင်

ထိုစေတီ၌ အရှင်ကောဏ္ဍညမထေရ်၏ ဓာတ်တော်များကို သိုမှီး မြှုပ်နှံ ဌာပနာတော်မူလေသည်။ ယနေ့တိုင်အောင်လည်း ထို စေတီကား ထင်ရှားရှိသောဟူ၏။

ဤကား အရှင်ကောဏ္ဍညမထေရ် အကြောင်းတည်း။

---

## (၂-၃) အဂ္ဂသာဝက မထေရ်နှစ်ပါးအကြောင်း

ဤ သာသနာတော်၌ အရှင်သာရိပုတ္တရာ မထေရ်နှင့် အရှင်မဟာမောဂ္ဂလာန်မထေရ်=ဤ မထေရ်နှစ်ပါးတို့ကို အဂ္ဂသာဝကမထေရ်နှစ်ပါးဟူ၍ ခေါ်၏၊ ထို မထေရ် နှစ်ပါးတို့မှာ ပါရမီဖြည့်စဉ်ကလည်း များသော အားဖြင့် အတူတကွ ဖြည့်ခဲ့ကြ၍ နောက်ဆုံး ပစ္ဆိမ ဘဝ၌လည်း အတူယှဉ်တွဲ တောထွက်ကာ အတူတကွ ရဟန်းပြုတော် မူကြသဖြင့် အဋ္ဌကထာ, ဋီကာတို့၌ ထို မထေရ်နှစ်ပါး တို့၏အကြောင်းကို တစုတပေါင်းတည်း ဖွင့်ပြတော်မူကြ သည့်အတိုင်း ဤ ကျမ်း၌လည်း ထို အဂ္ဂသာဝကမထေရ် နှစ်ပါးအကြောင်းကို တပေါင်းတည်း ရေးသားဖော်ပြ ပေအံ့—

### (က) မထေရ်နှစ်ပါးတို့၏ ရှေးဆုတောင်း

ဤဘဒ္ဒကမ္ဘာမှ ပဋိလောမအဆန် ပြန်၍ရေတွက်လျှင် လွန်ခဲ့ သော တသင်္ချေနှင့် ကမ္ဘာတသိန်းထက်က အရှင်သာရိပုတ္တရာ အလောင်း သူဌေးကောင်းသည် ဥစ္စာစီးပွါး ပေါများသော ပုဏ္ဏားသူဌေးမျိုး၌ ဖြစ်၍ အမည်အားဖြင့် သရဒလုလင်ဟူ၍ အမည်တွင်လေသည်။ အရှင်မောဂ္ဂလာန်အလောင်း သူတော် ကောင်းသည် ဥစ္စာစီးပွါး ပေါများသော သူကြွယ်မျိုး၌ ဖြစ်၍ အမည်အားဖြင့် သိရိဝဍ္ဍနသူကြွယ် ဟူ၍ အမည်တွင်လေသည်။ ထိုသူနှစ်ဦးလုံးပင် ငယ်စဉ်အခါ အတူတကွ မြေမှုန့်ကစားဖက် ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြလေသည်။

သရဒလုလင်သည် ဖခင်ကွယ်လွန်သဖြင့် အိမ်၏စီးပွါး များစွာသော (ဆွေမျိုးစဉ်ဆက် ဆင်းသက်ခဲ့သည့်)ဥစ္စာစုကို ကြည့်ရှုစီမံ ခန့်ခွဲ၍နေစဉ် တနေ့သ၌"ငါသည် ဤဘဝကိုယ်အဖြစ်ကိုသာ သိရ၏၊ တမလွန်လောက ကိုယ်အဖြစ်ကိုကား မသိရ၊ ဖြစ်တိုင်းဖြစ်တိုင်းသော သတ္တဝါတို့အဖို့ရာလည်း သေရခြင်းသည် မြေကြီးလက်ခတ် မချွတ်တွေ့ရမည်သာ ဖြစ်၏၊ သို့ရကား ငါသည် ရသေ့ရဟန်း တမျိုးမျိုးပြုလုပ်ကာ သံသရာမှ လွတ်မြောက်ရေးတရားရှာမှီးခြင်းကို ပြုမှ သင့်တော့မည်"ဟု ကြံစည် ဆင်ခြင်မိလေသည်။

သရဒလုလင်သည် သူငယ်ချင်း သိရိဝဍ္ဎနသူကြွယ်ထံသို့ သွားရောက်၍ "မိတ်ဆွေသိရိဝဍ္ဎန....ငါသည် ရဟန်းပြုပြီးလျှင် သံသရာမှ လွတ်မြောက်ရေးတရားကို ရှာမှီးပေအံ့၊ သင်သည် ငါနှင့်အတူ ရဟန်းပြုခြင်းငှါ စွမ်းနိုင်ပါမည်လော"ဟု မေးလေ၏။ သိရိဝဍ္ဎနသူကြွယ်က "မိတ်ဆွေ....ငါသည် ရဟန်း ပြုခြင်းငှါ မစွမ်းနိုင်ပါ၊ မိတ်ဆွေသာလျှင် ရဟန်းပြုပါလော့"ဟု ပြန်ကြားလေလျှင် သရဒလုလင်သည်"တမလွန်လောကသို့ သွားကြသောသူတို့သည် သူငယ်ချင်း, ဆွေမျိုး,မိတ်သင်္ဂဟတို့ကို အပါခေါ်၍ သွားကြသူတို့မည်သည် မရှိကြကုန်၊ ကိုယ်ပြုအပ်သော ကောင်းမှု, မကောင်းမှုသာ ခင်စစ်ကေန် ကိုယ်ပိုင်ဥစ္စာ မှန်လေသည်"ဟု ဆင်ခြင်စဉ်းစားမိလေ၏။

ထိုနောင်မှ သရဒလုလင်သည် စီးပွါးဥစ္စာရတနာတိုက်များကို ဖွင့်လှစ်စေပြီးလျှင် အထီးကျန်ကပ္ပါး ဆင်းရဲသား, ခရီးသွား, ဖုန်းတောင်း, ယာစကာတို့အား ကြီးစွာသော အလှူဒါနကို ပေးပြီးနောက် တောင်ခြေတခုသို့ သွားရောက်ကာ ရသေ့ရဟန်း ပြုလေတော့၏။ သရဒလုလင်၏နောက် တယောက်, နှစ်ယောက်,သုံးယောက်-၌ သို့စသည်ဖြင့် အတုလိုက်ကာ ရဟန်းပြုကြသော ဆံကျစ်ရသေ့ပေါင်းကား(၇၄၀၀၀) ခုနစ်သောင်းလေးထောင်မျှ အတိုင်းအရှည်ရှိကုန်၏။ သရဒရသေ့သည် ကိုယ်တိုင်က လောကီအဘိညာဏ်ငါးပါး,သမာပတ်ရှစ်ပါးတို့ကို ဖြစ်

စေပြီးနောက် တပည့်ရသေ့ ခုနစ်သောင်း လေးထောင်တို့အား လည်း ကသိုဏ်း ပရိကံအလုပ် အားထုတ်ပုံကို ဟောကြားညွှန်ပြ လေသည်။ ထိုတပည့် ရသေ့ အားလုံးတို့သည်လည်း လောကီ အဘိညာဏ်ငါးပါး, သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေကြကုန်လေ၏ = ရကြလေ၏။

ထိုစဉ်အခါ အနောမဒဿီမြတ်စွာဘုရားသည် လောက၌ ပွင့်ထွန်းတော်မူလာ၏။ (ထိုမြတ်စွာဘုရား၏ မြို့တော်စသည်ကို ဤ မဟာဗုဒ္ဓဝင် ပဌမတွဲ၊ ဒုတိယပိုင်း မျက်နှာ ၃၆၉-၃၇၀-၌ ပြဆိုခဲ့ပြီ)။ တနေ့သ၌ အနောမဒဿီမြတ်စွာဘုရားသည် မိုးသောက်ထအခါ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ သတ္တလောကကို ကြည့်ရှုတော်မူလေလျှင် သရဒရသေ့ကို မြင်တော်မူ၍ "ယနေ့ ငါဘုရား သရဒရသေ့ထံသို့ သွားရောက်လျှင် ကြီးစွာသော တရားဟောဆိုမှု ဖြစ်လိမ့်မည်၊ ထိုသရဒရသေ့သည်လည်း လက်ျာရံ အဂ္ဂသာဝကရာထူးကို ဆုတောင်းလိမ့်မည်၊ ထိုသရဒရသေ့၏ သူငယ်ချင်း သိရိဝဍ္ဎနသူကြွယ်သည်ကား လက်ဝဲရံအဂ္ဂသာဝက ရာထူးကို ဆုတောင်းလိမ့်မည်။ ဒေသနာနိဂုံး ဆုံးသောအခါ၌ ထို သရဒရသေ့၏ တပည့်အခြံအရံ ဆံကျစ်ရသေ့ပေါင်း ခုနစ်သောင်း လေးထောင်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလိမ့်မည်၊ သို့ရကား ငါဘုရားသည် ထိုသရဒရသေ့နေရာ တောင်ခြေသို့ သွားမှ သင့်တော့မည်"ဟု ဆင်ခြင်ဆုံးဖြတ်တော်မူကာ ကိုယ်တော်၏ သပိတ်, သင်္ကန်းကို ကိုယ်တော်တိုင် ယူဆောင်တော်မူ၍ အခြား မည်သူ တဦးတယောက်ကိုမျှ မပန်ကြား = အသိမပေးပဲ ခြင်္သေ့မင်းအတူ တပါးတည်းကြွတော်မူလျက် သရဒရသေ့၏ တပည့်များ သစ်သီးကြီး,ငယ် အရှာ သွားနေကြချိန်တွင် "ငါဘုရား၏ သဗ္ဗညုဘုရားအဖြစ်ကို သရဒရသေ့သည် သိစေသား"ဟု အဓိဋ္ဌာန် = ဆောက်တည်တော်မူကာ သရဒရသေ့ကြည့်နေစဉ်ပင် ကောင်းကင်မှ သက်၍ မြေ၌ ရပ်တည်တော်မူလေ၏။

သရဒရသေ့သည် အနောမဒဿီမြတ်စွာဘုရား၏ ဘုရားအာနုဘော်တော်နှင့် ရူပကာယအသရေတော်ကို ဖူးမြော်ရ၍ လက္ခဏာ

မေဒင်ကျွမ်းတို့ကို သုံးသပ်ဆင်ခြင်လေလျှင် "ဤလက္ခဏာတို့နှင့် ပြည့်စုံသူမည်သည် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေထိုင်လျှင် စကြဝတေးမင်း ဖြစ်နိုင်သည်။ ရဟန်းပြုလျှင် သဗ္ဗညုမြတ်စွာ ဘုရား ဖြစ်နိုင်သည်၊ ဤယခု ကြွရောက်လာသော ယောကျ်ား မြတ်ကား ယုံမှားဖွယ်မရှိ သဗ္ဗညုမြတ်စွာဘုရားတည်း" ဟု မဗိုတ် မသုန် ယုံကြည်သိရှိ၍ ခရီးဦးကြိုဆိုကာ တည်ခြင်း ငါးမျိုးဖြင့် ရှိခိုးပြီးလျှင် နေရာတော်ကို ခင်း၍ ပေးလေ၏။ အနောမဒဿီ မြတ်စွာဘုရား ခင်းအပ်သောနေရာ၌ ထိုင်နေတော်မူပြီးနောက် သရဒရှင်ရသေ့သည်လည်း မိမိအား လျောက်ပတ်သည့် ထိုင်စ ရာကို ယူ၍ အပြစ်လွတ်ရာ အရပ်၌ ထိုင်နေလေ၏။

ထိုအချိန်၌ တပည့်ရသေ့ ခုနစ်သောင်း လေးထောင်တို့သည် အလွန်အလွန် ကောင်းကာ ရသဓာတ်ဆီ ဩဇာပြောများသည့် သစ်သီးကြီး, ငယ်တို့ကို ယူဆောင်ခဲ့ကြ၍ ဆရာ့ထံမှောက်သို့ ရောက်ကြလေကုန်သော် မြတ်စွာဘုရားနှင့် သူတို့ဆရာ နေထိုင်ရာ နေရာကို ကြည့်ရှုကြပြီးလျှင် "ဆရာ....အကျွန်ုပ်တို့သည် 'ဤလောက ၌ ဆရာတို့ထက် သာလွန်သောသူ မရှိ' ဟု ယုံကြည်လှည့်လည်ခဲ့ ပါသည်။ ဤယခု ယောကျ်ားမြတ်ကား ဆရာတို့ထက် သာလွန် မြင့်မြတ်လေယောင် တကား" ဟု ပြောဆိုကြလေ၏။ ထိုအခါ သရဒရှင်ရသေ့က "တပည့်တို့....အဘယ်သို့ ပြောလိုက်ကြသနည်း (= ဘယ့်နှယ် ပြောလိုက်ကြဒါလဲ)၊ မုန်ညင်းစေ့ကလေးနှင့် ယူဇနာပေါင်း (၁၆၈၀၀၀) တသိန်းခြောက်သောင်း ရှစ်ထောင် အစောက်ရှိသည့် မြင်းမိုရ်တောင်ကြီးကို နှိုင်းယှဉ်မှု ပြုလိုကြတုံ ဘိ၏။ချစ်သားတို့....ငါ့အား သဗ္ဗညုမြတ်စွာဘုရားရှင်နှင့် နှိုင်းယှဉ်မှု = ဥပမာ မပြုကြပါကုန်လင့်"ဟု တားမြစ်စကား မိန့်ကြားလတ် သော် တပည့်ရသေ့တို့သည် "ဤယခု ယောကျ်ားပုဂ္ဂိုလ်သည် အကယ်၍ အညံ့စား အယုတ်စားပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ငါတို့ဆရာ သည် ဤသို့သောဥပမာကို မဆောင်လေရာ၊ ဤယောကျ်ားသည် အလွန်လျှင် မြင့်မြတ်စွာ့တကား"ဟု အချင်းချင်း ပြောဆိုကြကာ

တပည့် ရသေ့ အားလုံးတို့ပင် မြတ်စွာဘုရားရှင် ခြေတော်တို့၌ တုပ်ဝပ်ကြ၍ ဦးခေါင်းဖြင့် ရိုသေမြဲတနိုး ရှိခိုးကြလေကုန်၏။

ထိုနောက်မှ ဆရာ သရဒရသေ့သည် မိမိ တပည့်များကို "ချစ်သားတို့...ငါတို့မှာ မြတ်စွာဘုရားတို့နှင့် လျောက်ပတ်သော လှူဖွယ်ဝတ္ထု မရှိချေ၊ မြတ်စွာဘုရားရှင်သည်လည်း ဆွမ်းခံ လှည့်လည်ချိန်တွင် ငါတို့နေရာ တောင်ခြေရင်းသို့ ကြွတော်မူလာခဲ့လေပြီ၊ ငါတို့သည် ခွန်အားအလျောက် လှူဖွယ်ဝတ္ထုကို ပေးလှူကြကုန်အံ့၊ တပည့်တို့သည် ကောင်းနိုးရာရာ သစ်သီးကြီး, ငယ်ကို ဆောင်ယူခဲ့ကြလော့" ဟု ပြောဆိုကာ ဆောင်ယူစေပြီးလျှင် လက်ကိုဆေး၍ ဆရာ သရဒရသေ့ကိုယ်တိုင်ပင် မြတ်စွာဘုရား၏ သပိတ်၌ သစ်သီးအစုံကို လောင်းလှည့် လှူဒါန်းလေ၏၊ မြတ်စွာဘုရား သစ်သီး ကြီး, ငယ်ကို ခံယူတော်မူပြီးလျှင် ပြီးခြင်း နတ်တို့သည် နတ်သြဇာကို ထည့်ကြလေကုန်၏။ သရဒရသေ့သည် သောက်ရေကိုလည်း ကိုယ်တိုင်ပင် စစ်၍ ဆက်ကပ်လေ၏။ ထိုနောက် မြတ်စွာဘုရားရှင် သစ်သီးဆွမ်း ဘုဉ်းပေးပြီး၍ လက်တော်ကို ဆေးကြောပြီး ငြိမ်သက်အေးဆေးစွာ ထိုင်နေတော်မူပတ်သော် ဆရာ ရသေ့သည် တပည့် အားလုံးတို့ကို စုရုံးခေါ်ယူ၍ မြတ်စွာဘုရား၏ အထံတော်၌ ကြည်သက်ပတ်လုံး အောက်မေ့ဖွယ်သော စကားကို လျှောက်ထားပြောဆိုကာ နေလေ၏။ အနောမဒဿီ မြတ်စွာဘုရားသည် "အဂ္ဂသာဝကနှစ်ပါး တို့သည် ရဟန္တာအပေါင်းနှင့်တကွ ငါဘုရားထံ နေရာ ဤတောင် ခြေသို့ လာရောက်ကြစေသတည်း" ဟု ကြံစည်နှလုံးသွင်းတော်မူလေလျှင် အဂ္ဂသာဝကနှစ်ပါး ( = နိသဘမထေရ်နှင့် အနောမမထေရ်)တို့သည် မြတ်စွာဘုရား၏ စိတ်အလိုတော်ကို သိရှိကြကာ ရဟန္တာထောင်ပေါင်း တသိန်းခြံရံကြလျက် ခဏအတွင်း လာရောက်ကြ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အပြစ်လွတ်ရာ အရပ်၌ ရပ်တည်လာကြလေကုန်၏။

ထိုအခါ သရဒရသေ့သည် တပည့်ရသေ့တို့ကို ခေါ်၍ "ချစ်သားတို့...မြတ်စွာဘုရားရှင်တို့အတွက် ယခု ခင်းကျင်းအပ်သည့်

ထိုင်စရာနေရာသည့်လည်း နိမ့်သေး၏၊ ရဟန်းတော် တသိန်းတို့အတွက်လည်း ထိုင်စရာနေရာ မရှိသေး၊ ချစ်သားတို့သည် ယခု မြင့်မြတ်လှသည့် ဗုဒ္ဓပူဇာ သက္ကာရမှု ပြုမှုသင့်မှာ၊ တောင်ခြေမှ အဆင်း, အနံ့နှင့်ပြည့်စုံသော ပန်းတို့ကို ယူဆောင်ခဲ့ကြလော့"ဟု မိန့်ဆိုတော်မူ၏။ ပြောဆိုနေသည့် အချိန်ကာလကပင် ကြာမြင့်သကဲ့သို့ ဖြစ်၏၊ တန်ခိုးရှင်တို့၏ တန်ခိုးအစွမ်းကား မကြံစည်နိုင် အံ့ဖွယ်ရှိလှပေ၏၊ သို့ရကား တခဏအတွင်းမှာပင် ထိုတောင်ပြည့်ရသေ့တို့သည် အဆင်း, အနံ့နှင့်ပြည့်စုံသော ပန်းတို့ကို တန်ခိုးဖြင့် ယူဆောင်ခဲ့ကြ၍ မြတ်စွာဘုရားရှင်အတွက် တယူဇနာပမာဏရှိသော ပန်းနေရာကို ခင်းကြလေကုန်၏။ အဂ္ဂသာဝကမထေရ်နှစ်ပါးတို့အတွက် ခင်းအပ်သော ပန်းနေရာသည် သုံးဂါဝုတ်, ကျန်သောရဟန်းတို့အတွက် ခင်းအပ်သော ပန်းနေရာသည် ယူဇနာဝက် = နှစ်ဂါဝုတ်, အငယ်ဆုံးသော = သာမဏေအတွက် ခင်းထားအပ်သော ပန်းနေရာသည်ပင် တဥသဘမျှ ပမာဏရှိလေသည်။

ဤသို့ နေရာတော်များကို ခင်းထားအပ်ကုန်ပြီးသည် ရှိသော် သရဒရသေ့သည် မြတ်စွာဘုရား၏ ရှေ့တော်၌ မတ်မတ်ရပ်တည်လျက် လက်အုပ်ချီပြီးသော် ရပ်တည်ရင်းကပင် "မြတ်စွာဘုရား.... တပည့်တော်၏ အဖို့ရာ ကာလရှည်ကြာ စီးပွားချမ်းသာဖြစ်စိမ့်ရန် ဤပန်းခင်းနေရာထက်သို့ တက်ရောက်နေတော်မူပါကုန်ဘုရား"ဟု လျှောက်ထားလေ၏။ အနောမဒဿီမြတ်စွာဘုရားသည် ပန်းနေရာတော်၌ တက်ရောက် ထိုင်နေတော်မူကာ ခုနစ်ရက်ကြာ နိရောဓသမာပတ်ကို ဝင်စား၍ နေတော်မူလေ၏။ မြတ်စွာဘုရား ထိုင်နေတော်မူပြီးသော် အဂ္ဂသာဝကနှစ်ပါးတို့နှင့် ကြွင်းကျန်သောရဟန်းများသည်လည်း မိမိတို့အား ရောက်သော နေရာတို့၌ အသီးအသီး ထိုင်နေကြပြီးလျှင် မြတ်စွာဘုရား နိရောဓသမာပတ် ဝင်စားတော်မူသည်ကို သိကြ၍ ရဟန်းအားလုံးတို့သည်လည်း သမာပတ်ဝင်စားတော်မူကြလေကုန်၏။

သရဒရသေ့သည် ပန်းထီးကြီးကို ကိုင်ဆောင်ကာ မြတ်စွာဘုရား၏ အထက်၌ ဆောင်းမိုးရပ်တည်လေ၏။ မြတ်စွာဘုရား ခုနစ်ရက်ကြာ နိရောဓသမာပတ်ကို ဝင်စား၍ နေတော်မူစဉ် တပည့်ရသေ့တို့သည် သစ်သီးအစာ ရှာချိန်ရောက်လတ်သော် တော သစ်မြစ်, သစ်သီးကြီး,ငယ်တို့ကို ရှာဖွေသုံးဆောင်ကြ၍ ကြွင်းသောအချိန်၌ မြတ်စွာဘုရားတို့အား လက်အုပ်ချီမိုး ရှိခိုးရပ်တည်နေကြကုန်၏၊ သရဒရသေ့သည်ကား သစ်သီးအစာ ရှာရန်ပင် မသွားတော့ပဲ ပန်းထီးကို စွဲကိုင်ဆောင်းမိုးလျက်ပင် ခုနစ်ရက်ကြာ ပီတိ, သုခအစာဖြင့် အခါကို ကုန်လွန်စေလေ၏။

မြတ်စွာဘုရားသည် နိရောဓသမာပတ်မှ ထတော်မူ၍ လကျာနံပါး၌ ထိုင်နေသော အဂ္ဂသာဝက နိသဘမထေရ်မြတ်ကို "ချစ်သားနိသဘ....ပူဇော်သက္ကာရမှု ပြုကြသည့်ရသေ့တို့အား ပန်းအနုမောဒနာတရား ဟောကြားလော့"ဟု မိန့်တော်မူလေ၏။ နိသဘမထေရ်မြတ်သည် စကြဝတေးမင်းထံမှ ဆုလာဘ်ကြီးစွာ ရသော စစ်သူရဲကောင်းကြီးပမာ လွန်စွာနှစ်သက်ဝမ်းမြောက်သော စိတ်ရှိတော်မူလျက် သာဝကပါရမီဉာဏ်၌ တည်၍ ပန်းအနုမောဒနာတရား ဟောကြားတော်မူလေ၏။ နိသဘမထေရ်မြတ် တရားဟော၍ ဆုံးသောအခါ မြတ်စွာဘုရားသည် လက်ဝဲရံအဂ္ဂသာဝကဖြစ်သော အနောမမထေရ်ကို "သင်ချစ်သားလည်း တရားဟောဦးလော့"ဟု မိန့်တော်မူပြန်၏။ အနောမမထေရ်သည် သုံးပုံပိဋကတ် ဘုရားစကားတော်မြတ်ကို သုံးသပ်ဆင်ခြင်၍ တရားဟောတော်မူလေ၏။

အဂ္ဂသာဝက မထေရ်နှစ်ပါး တရားဟောခြင်းဖြင့် ရသေ့တဦးတယောက်၏မျှ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်း မဖြစ်သေး၊ ထိုနောက်မှ အနောမဒဿီမြတ်စွာဘုရားသည် မနှိုင်းယှဉ်နိုင်သော ဘုရားအရာ၌ တည်၍ တရားဟောတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးသောအခါ ဆရာဖြစ်သူ သရဒရသေ့မှတပါး တပည့်ဆံကျစ်ရသေ့ပေါင်း ခုနစ်သောင်းလေးထောင်လုံးတို့ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်၏။

မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ=ရဟန်းတို့....လာကြလော့" ဟု လက်ျာလက်တော်ကို ဆန့်တန်း၍ ဧဟိဘိက္ခုခေါ်တော်မူလေ၏။ ထိုခဏမှာပင် ထိုရသေ့အားလုံးတို့၏ ဆံ,မုတ်ဆိတ်များ ကွယ်ပျောက်၍ ရသေ့တို့ကိုယ်၌ ပရိက္ခရာရှစ်ပါးတို့ ဆင်မြန်းဝတ်,ရုံပြီးသားဖြစ်ကြကာ ရဟန်းအဖြစ်သို့ ရောက်ကြလေကုန်၏။

### သရဒရသေ့ အဂ္ဂသာဝကဆု ပန်ခြင်း

အဘယ့်ကြောင့် သရဒရသေ့သည် ဆရာကြီးဖြစ်ပါလျက် အရဟတ္တဖိုလ်သို့ မရောက်ပဲ ကျန်ရှိရစ်ရသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား— စိတ်ပျံ့လွင့်နေသောကြောင့်ဟူပေ။ ချဲ့ဦးအံ့—ထိုဆရာဖြစ်သော သရဒရသေ့၏သန္တာန်မှာ လက်ျာရံအဂ္ဂသာဝက နိသဘမထေရ် တရားဟောစအချိန်မှစ၍ "ငါသည်လည်း နောက်အခါဝယ် ပွင့်တော်မူမည့်မြတ်စွာဘုရား၏ သာသနာတော်၌ ဤအဂ္ဂသာဝကမထေရ်မြတ် ရအပ်သောရာထူးကိုရပါမူ ကောင်းလေစွာ့" ဟု အဇန်ဖန်စိတ်ဖြစ်၍ နေလေသည်။ ထိုအကြံကြောင့် သရဒဆရာရသေ့သည် မဂ်ဖိုလ်ကို ထိုးထွင်း၍သိမှုကို မပြုနိုင်ပဲ ရှိရလေသည်။ (=မဂ်ဖိုလ်ကိုမရပဲ့ကျန်ရစ်လေသည် ဟူလို)။

သရဒရသေ့သည် တပည့်များ ဧဟိဘိက္ခု ရဟန်းဖြစ်ကြပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ ရှေ့တော်၌ ရပ်တည်လျက် "မြတ်စွာဘုရား....အရှင်ဘုရားတို့၏ အခြားမဲ့နေရာ၌ ထိုင်နေသော ရဟန်းသည် အရှင်ဘုရားတို့သာသနာ၌ အဘယ်အမည်ရှိပါသနည်းဘုရား"ဟု မေးမြန်းလျှောက်ထားလေ၏။ မြတ်စွာဘုရားက "ထိုရဟန်းသည် ငါဘုရားလည်စေအပ်သည့် ဓမ္မစကြာရတနာကို ငါ့နောက်လိုက်ကာ လည်စေနိုင်လျက် သာဝကပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်ရှိကာ ပညာတဆယ့်ခြောက်ပါးတို့ကို ထိုးထွင်း သိမြင်ကာ တည်သည့် ငါဘုရားသာသနာ၌ လက်ျာရံအဂ္ဂသာဝက နိသဘမထေရ် အမည်ရှိပေ

၏”ဟု မိန့်တော်မူလေလျှင် သာရဒရသေ့သည် “မြတ်စွာဘုရား.... တပည့်တော်သည် ခုနစ်ရက်ကြာ အရှင်ဘုရားတို့အား ပန်းထီးကို ဆောင်းမိုးကာ ပူဇာသက္ကာရမှု ပြုအပ်သောကုသိုလ်အကျိုးအား ကြောင့် အခြားသော သိကြားမင်းအဖြစ်, ဗြဟ္မာမင်းအဖြစ်ကို မတောင့်တပါ၊ စင်စစ်သော်ကား နောက်အခါဝယ် ဤနိသဘ မထေရ်သူမြတ်ကဲ့သို့ ဟဆူဆူသော မြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝကစင်စစ် ဖြစ်ရပါလို၏ဘုရား”ဟု ဆုတောင်းပန်ထွာမှု ပြုလေ၏။

အနောမဒဿီ မြတ်စွာဘုရားသည် “ဤ ယောက်ျား၏ ဆုတောင်းပန်ထွာမှုသည် ပြည့်စုံလိမ့်မည်လော” ဟု အနာဂတံသဉာဏ်တော်ကို စေလွှတ်၍ ကြည့်တော်မူလေလျှင် တသင်္ချေနှင့် ကမ္ဘာတသိန်း လွန်မြောက်သောအခါ ပြည့်စုံလိမ့်မည်ကို သိမြင်တော်မူ၍ သာရဒရသေ့ကို “သင်၏ ဤယခုဆုတောင်းသည် အချည်းနှီးဖြစ်လိမ့်မည်မဟုတ်၊ စင်စစ်သော်ကား အနာဂတ နောက်ကာလဝယ် ကသင်္ချေနှင့် ကမ္ဘာတသိန်း လွန်သောအခါ ဂေါတမမြတ်စွာဘုရား လူသုံးပါး၌ ထင်ရှားဖြစ်ပွင့်တော်မူလိမ့်မည်၊ ထိုဂေါတမမြတ်စွာဘုရား၏ မယ်တော်ကား မဟာမာယာ ဒေဝီ, ခမည်းတော်ကား သုဒ္ဓေါဒနမင်းကြီး, သားတော်ကား ရာဟုလာမင်းသား, လက်ဝဲရံ ဒုတိယအဂ္ဂသာဝကကား မောဂ္ဂလာန်ထေရ်အမည်ရှိသူ ဖြစ်လိမ့်မည်၊ သင်သည်ကား ထိုဂေါတမ မြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝက သာရိပုတ္တထေရ် အမည် ရှိသူ ဖြစ်လိမ့်မည်”ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၍ တရား စကား ဟောကြားတော်မူပြီးလျှင် ရဟန်းအပေါင်း ခြံရံလျက် ကောင်းကင်သို့ ပျံတက်တော်မူလေ၏။

သာရဒ ရသေ့သည်လည်း အန္တေဝါသိကတပည့် ဖြစ်ခဲ့သည့် မထေရ်တို့ထံ ချဉ်းကပ်၍ သူငယ်ချင်း သိရိဝဍ္ဎနသူကြွယ်အထံသို့ “အရှင်ဘုရားတို့....တပည့်တော်၏ သူငယ်ချင်း သိရိဝဍ္ဎနသူကြွယ် အား ‘သင်၏ သူငယ်ချင်း သာရဒရှင်ရသေ့သည် အနောမဒဿီ မြတ်စွာဘုရားခြေတော်ရင်း၌ နောက်အခါ ပွင့်တော်မူလတ္တံ့

သော ဂေါတမမြတ်စွာဘုရား၏ သာသနာတော်ဝယ် လက်ျာရံ အဂ္ဂသာဝက ရာထူးကို ဆုတောင်းပန်ထွာမှု ပြုအပ်လေပြီ၊ သင်သူကြွယ်သည်လည်း လက်ဝဲရံ ဒုတိယအဂ္ဂသာဝက ရာထူးကို ဆုတောင်းပန်ထွာလေလော့' ဟု ပြောကြားတော်မူကြပါဘုရား” ဟု သတင်းစကား မှာကြားလိုက်လေသည်။' ဤသို့ ပြောဆို မှာကြားပြီးလျှင် သရဒရှင်ရသေ့သည် ထိုရဟန်းတို့ထက် အလျှင် လက်ဦး ခရီးလမ်းနံပါးတဖက်ဖြင့် ခပ်သွက်သွက်သွားနှင့်၍ သိရိဝဍ္ဎနသူကြွယ်၏ မနေအိမ်တံခါးဝဝယ် ရပ်တည်လေ၏။

သိရိဝဍ္ဎနသူကြွယ်သည် “ဩ…ငါ့အရှင်ကား ကြာမြင့်မှ ကြွလာတော်မူပေ၏=ကြွလာတော်မမူသည်မှာ ကြာမြင့်လှလေပြီ” ဟု အောက်မေ့ကာ သရဒရှင်ရသေ့ကို နေရာ၌ ထိုင်စေပြီးလျှင် မိမိကား နိမ့်သောနေရာ၌ ထိုင်နေလျက် “အရှင်ဘုရား…. အရှင်ဘုရားတို့၏ အန္တေဝါသိက တပည့်ပရိသတ်ကား မထင်ပါတကား” ဟု မေးမြန်းလျှောက်ထားလေ၏။ သရဒရှင်ရသေ့က “အိမ်း….ဟုတ်ပေသည် သူငယ်ချင်း….ငါတို့၏ သင်္ခမ်းကျောင်းသို့ အနောမဒဿီမြတ်စွာဘုရား ကြွလာတော်မူသည်၊ ငါတို့သည် မြတ်စွာဘုရား အမှူးပြုသော သံဃာတော်အား ဆွမ်းအားအလျောက် ပူဇော်သက္ကာရမှု ပြုကြလေသည်၊မြတ်စွာဘုရားသည် ငါတို့အားလုံးအား တရားဟောတော်မူသည်၊ တရားဒေသနာ အဆုံး၌ ငါ့ကို ထား၍ ကျန်ခဲ့သောတပည့်ရသေ့ (၇၄၀၀၀) ခုနစ်သောင်း လေးထောင်တို့သည် အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန်းပြုကြလေပြီ”ဟု ဖြေကြားလေလျှင် သိရိဝဍ္ဎနသူကြွယ်သည် တဖန်ထပ်၍ “အရှင်ဘုရားတို့ကမူ အဘယ့်ကြောင့် ရဟန်းမပြုကြသနည်း” ဟု မေးပြန်လေ၏။ သရဒရှင်ရသေ့က “ငါသည် မြတ်စွာဘုရား၏ အဂ္ဂသာဝက လက်ျာရံ နိသဘမထေရ်ကို ဖူးမြင်ရ၍ နောက်အခါ ပွင့်တော်မူမည့် ဂေါတမမြတ်စွာ သာသနာ၌ လက်ျာရံအဂ္ဂသာဝကရာထူးကို ဆုပန်ပြီးခဲ့လေပြီ၊ သူငယ်ချင်း…. သင်သည်လည်း ထို ဂေါတမမြတ်စွာ သာသနာ၌ လက်ဝဲရံ (ဒုတိယ)အဂ္ဂသာဝကရာထူးကို ဆုပန်လေလော့”ဟု တိုက်တွန်း

စကား ပြောကြားလေလျှင် သိရိဝဍ္ဍနသူကြွယ်က "အရှင်ဘုရား.... တပည့်တော်မှာ မြတ်စွာဘုရားတို့နှင့် အတူတကွ စကားပြောဆိုမှု အလေ့အကျက် မရှိခဲ့ပါဘုရား" ဟု ပြန်ကြားသဖြင့် သရဒရှင်ရသေ့သည် "မြတ်စွာဘုရားတို့နှင့် စကားနှီးနှော ပြောဆိုလျှောက်ထားမှုမှာ ငါ့တာဝန် ရှိပါစေ၊ သင်သည် ကြီးစွာသော အဓိကာရ(=အထိကာရ)ကောင်းမှု ကုသိုလ်ကိုသာ စီမံလော့" ဟု အားပေးတိုက်တွန်းစကား ပြောကြားလေ၏။

သိရိဝဍ္ဍနသူကြွယ်သည် သရဒရှင်ရသေ့၏ တိုက်တွန်းစကားကို နားထောင်ပြီးလျှင် မိမိအိမ်တံခါးဝ၌ ရှစ်ဥသဘ(ရှစ်မင်းပယ်)မျှသော နေရာကို ညီညွတ်အောင် ပြုစေ၍ သဲဖြူများ ခင်းစေပြီးနောက် ပေါက်ပေါက်လျှင် ငါးခုမြောက်ရှိသော ပန်းများကို ကြဲဖြန့်လျက် ကြာညိုပန်းမိုးအပ်သည့် မဏ္ဍပ်ကြီးကို ဆောက်လုပ်စေပြီးလျှင် ဘုရားနေရာတော်ကို ခင်းစေပြီး၍ ကြွင်းကျန်သော ရဟန်းတို့အတွက် ထိုင်နေရန်များကိုလည်း စီမံခင်းကျင်းစေပြီးနောက် ကြီးစွာသော ပူဇော်ဖွယ်ရာများကို နေရာတကျ အသင့်စီစဉ်ပြီးမှ မြတ်စွာဘုရားအမှူးပြုသော သံဃာတော်ကို ပင့်ဖိတ်ရန် သရဒရှင်ရသေ့အား အချက်အမှတ် ပေးလေ၏။ သရဒ ရှင်ရသေ့သည် သူကြွယ့်စကားကို ကြားရ၍ မြတ်စွာဘုရားအမှူးပြုသော ရဟန်းသံဃာကို ပင့်ဆောင်ခဲ့ပြီးလျှင် သိရိဝဍ္ဍနသူကြွယ် နေအိမ်သို့ ကြွရောက်လာလေ၏။

သိရိဝဍ္ဍနသူကြွယ်သည် ခရီးဦးကြိုဆို၍ မြတ်စွာဘုရားလက်တော်မှ သပိတ်ကို ဆီးကြိုယူငင်လျက် မြတ်စွာဘုရားရှင်ကို မဏ္ဍပ်တွင်းသို့ ရိုသေစွာပင့်ဆောင်ခဲ့၍ ခင်းထားအပ်သည့် နေရာတော်တို့၌ အသင့်ထိုင်နေပြီးသည့် ဘုရားအမှူးပြုသော သံဃာအား အလှူရေစက် ပေးဆက်လှူဒါန်းပြီးလျှင် မွန်မြတ်သော ဘောဇဉ်ဖြင့် ပြုစုလုပ်ကျွေး၍ ဆွမ်းကိစ္စ ပြီးဆုံးသောအခါ ဘုရားအမှူးပြုသော ရဟန်းသံဃာအား လွန်စွာအဖိုးထိုက်တန်သော သင်္ကန်းလျာအဝတ်တို့ကို ဆက်ကပ်လှူဒါန်းပြီးနောက် "မြတ်စွာဘုရား.... တပည့်တော်၏ ဤယခု ကုသိုလ်ကောင်းမှုကို အားသစ်ခြင်းသည်

အနည်းငယ်မျှသော ရာထူးဌာနအတွက် မဟုတ်ပါ၊ သို့ဖြစ်ပါ သောကြောင့် ဤ နည်းအတိုင်းပင် ခုနစ်ရက်ကြာ သနားစောင့် ရှောက် ချီးမြှောက်မှုကို ပြုတော်မူပါဘုရား” ဟု လျှောက်ထား လေ၏။ မြတ်စွာဘုရားသည်လည်း ဆိတ်ဆိတ်နေသဖြင့် လက်ခံ တော်မူလေ၏။ သိရိဝဍ္ဎနသူကြွယ်သည် ထိုနည်းအတိုင်းပင် ခုနစ် ရက်ကြာ မဟာဒါနကြီးကို ပြုလုပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ လက်အုပ်ချီကာ ရပ်တည်လျက်ပင်လျှင် အနော- မဒဿီ မြတ်စွာဘုရားရှင်ကို “မြတ်စွာဘုရား.... တပည့်တော်၏ သူငယ်ချင်း သရဒရှင်ရသေ့သည် အကြင် ဂေါတမမြတ်စွာဘုရား ၏ လက်ျာရံအဂ္ဂသာဝက ဖြစ်ရပါလိုသောဝ်ဟု ဆုတောင်းခဲ့ပြီ၊ တပည့်တော်သည်လည်း ထို ဂေါတမမြတ်စွာဘုရား၏ပင် လက် ဝဲရံအဂ္ဂသာဝက ဖြစ်ရပါလို၏ဘုရား” ဟု လျှောက်ထား ဆု တောင်းလေ၏။

မြတ်စွာဘုရားသည် အနာဂတ်ကို ကြည့်တော်မူလေသော် သိရိဝဍ္ဎနသူဌေး၏ဆုတောင်း ပြည့်စုံမည်ကို မြင်တော်မူ၍ “သင် သည် ဤ ကမ္ဘာမှနောက် တသင်္ချေနှင့် ကမ္ဘာတသိန်းလွန် မြောက်လျှင် ဂေါတမမြတ်စွာဘုရားရှင်၏ ဒုတိယသာဝက = လက်ဝဲရံအဂ္ဂသာဝက ဖြစ်လိမ့်မည်” ဟု ဗျာဒိတ်စကား မိန့်ကြား တော်မူလေ၏။မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်စကားကို ကြား ရလေလျှင် သိရိဝဍ္ဎနသူကြွယ်သည် လွန်စွာအားရမ်း ဝမ်းမြောက် ဝမ်းသာ ဖြစ်လေ၏။ မြတ်စွာဘုရားသည်လည်း ဆွမ်းအနုမော- ဒနာတရား ဟောကြားပြီးလျှင် အခြံအရံ ရဟန်းသံဃာတို့နှင့် အတူတကွ ကျောင်းတော်သို့သာလျှင် ပြန်ကြွတော်မူလေ၏။သိရိ- ဝဍ္ဎနသူကြွယ်သည် ထိုအခါမှ အစပြု၍ အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုတို့ကို ဆည်းပူးပြုလုပ် အားထုတ်၍ ထိုဘဝမှ စုတေ လတ်သော် ဒုတိယကိုယ်အဖြစ်ဖြင့် ကာမာဝစရနတ်ပြည်လောက၌ ဖြစ်လေ၏။ သရဒရှင်ရသေ့သည် ဗြဟ္မဝိဟာရတရား လေးပါး တို့ကို ပွါးများ၍ ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုကြခြင်း

ထို သရဒရသေ့ဘဝ, သိရိဝឌ္ဍနသူကြွယ်ဘဝမှ နောက်၌ ဤအရှင်မြတ်နှစ်ပါးတို့၏ အကြားကာလ ကုသိုလ်ကောင်းမှု ပြုပုံအကျယ်ကို အဋ္ဌကထာ၌ မဖော်ပြတော့ပဲ နောက်ဆုံး ပစ္ဆိမဘဝ ဖြစ်စဉ်ကိုသာ ဖော်ပြလေသည်၊ ဖော်ပြပုံမှာ——

အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူသည်မှ ရှေးကာလမှာပင် သရဒရှင်ရသေ့ ဖြစ်ခဲ့သော အရှင်သာရိပုတ္တရာ အလောင်း သူတော်ကောင်းသည် ရာဇဂြိုဟ်ပြည်၏အနီး ဥပတိဿ-မည်သောရွာ၌ ရူပသာရီအမည်ရှိသော ပုဏ္ဏေးမ (= သူဌေးကတော်)၏ ဝမ်းဝယ် ပဋိသန္ဓေ ယူနေလာလေသည်။ ထိုနေ့မှာပင် သရဒရသေ့၏ သူငယ်ချင်း သိရိဝឌ္ဍနသူကြွယ်ဖြစ်ခဲ့သော အရှင်မဟာမောဂ္ဂလာန်အလောင်း သူတော်ကောင်းသည်လည်း ရာဇဂြိုဟ်ပြည်၏ အနီးမှာပင် ကောလိတ-မည်သောရွာ၌ မောဂ္ဂလီ အမည်ရှိသော ပုဏ္ဏေးမ (= သူဌေးကတော်)၏ ဝမ်းဝယ် ပဋိသန္ဓေ ယူနေလာလေသည်။ ထိုအမျိုးကြီးနှစ်မျိုးလုံးပင် ခွေ ခုနစ်ဆက် မျိုးခုနစ်ဆက် အထက်မှအစပြု၍ မပြတ်သက်ဝင် ချစ်ခင် ရင်းနှီးကြသည့် သူငယ်ချင်း အိမ်ထောင်များ ဖြစ်ကြလေသည်။

အဂ္ဂသာဝကအလျာ ပဋိသန္ဓေ ယူနေလာသော ထိုသူငယ်နှစ်ယောက်တို့အတွက် တနေ့တည်းမှာပင် ကိုယ်ဝန်အစောင့်အရှောက်ကို ပေးကြလေကုန်၏။ ဆယ်လလွန်သဖြင့် မွေးဖွားလာကြသော အခါမှာလည်း ထိုသူငယ် နှစ်ယောက်တို့အတွက် အထိန်းတော် ခြောက်ကျိပ်ခြောက်ယောက်စီတို့က ပြုစုမှုယူကြရလေသည်။ အမည်မှည့်သောနေ့၌ ရူပသာရီပုဏ္ဏေး (= သူဌေးကတော်)၏ သားကို ဥပတိဿရွာဝယ် အကြီးအကဲ အမျိုး၏ သားဖြစ်သောကြောင့် "ဥပတိဿ" ဟု အမည်မှည့်ကြကုန်၏။ မောဂ္ဂလီပုဏ္ဏေး (= သူဌေးကတော်)၏ သားကိုကား ကောလိတရွာဝယ် အကြီးအကဲအမျိုး၏ သားဖြစ်သောကြောင့် "ကောလိတ" ဟု အမည်မှည့်ကြကုန်၏။ ထိုသူငယ် နှစ်ယောက်လုံးပင်

အသက်အရွယ်ကြီးပြင်းခြင်းသို့ ရောက်ကြလေသော် အလုံးစုံသော အတတ်မျိုးတို့၏ ကမ်းဆုံးရောက် တတ်မြောက်ကြလေကုန်၏။

ဥပတိဿလုလင်၏ အဆောင်အယောင် အခမ်းအနားများမှာ မြူးထူးပျော်ပါး ကစားဖို့ရန် မြစ်သို့ဖြစ်စေ ဥယျာဉ်သို့ဖြစ်စေ တောင်သို့ဖြစ်စေ ခရီးထွက်သောအခါ၌ ရွှေထမ်းစင်ငါးရာ အခြံအရံ အဆောင်အယောင်တို့ ပါရှိကြမြဲဖြစ်သည်။ ကောလိတလုလင်အတွက်ကား အာဇာနည်မြင်းကသော ရထားငါးရာတို့ အဆောင်အယောင် အခမ်းအနား ပါရှိကြမြဲဖြစ်သည်။ သူငယ်ချင်းနှစ်ဦးလုံးတို့မှာပင် လုလင်ပေါင်း ငါးရာစီ ငါးရာစီ အခြံအရံ ရှိကြလေသည်။ ရာဇဂြိုဟ်ပြည်မှာလည်း နှစ်စဉ် နှစ်တိုင်းပင် တောင်ထိပ်သဘင်ပွဲ ခံမြဲဖြစ်သည်။ ထိုသူငယ်ချင်းနှစ်ယောက်တို့ အတွက် တနေရာတည်းမှာပင် ညောင်စောင်းခရှင်ကို ဖွဲ့ချည် ခင်းထားကြရသည်၊ သူငယ်ချင်းနှစ်ဦးလုံးပင် တပေါင်းတည်း အတူတကွထိုင်နေကြ၍ ပွဲသဘင်ကို ကြည့်ရှုကြရင်း ရယ်သင့်သော အရာ၌ ရယ်ရွှင်ကြ၍ ထိတ်လန့်သင့်သောအရာ၌ ထိတ်လန့်ကြပြီးလျှင် ဆုလာဘ်ချသင့်သောအရာ၌ ဆုလာဘ်ပေးချကြလေသည်။

သူငယ်ချင်းနှစ်ဦးလုံးတို့အဖို့ရာ ဤနည်းဖြင့် အကြိမ်များစွာ ပွဲကြည့်၍လာခဲ့ရာမှ တနေ့သ၌ ပွဲကြည့်ကြသည်ရှိသော် ဉာဏ်ပညာရင့်ကျက်ခြင်းသို့ ရောက်သောကြောင့် ရှေးပွဲနေ့များမှာကဲ့သို့ ရယ်သင့်သောအရာ၌ ရယ်ရွှင်ခြင်း, ထိတ်လန့်သင့်သောအရာ၌ ထိတ်လန့်ခြင်း,ဆုလာဘ်ပေးချသင့်သောအရာ၌ ဆုလာဘ်ပေးချခြင်း အလျှင်းပင်မရှိတော့ချေ၊ သူငယ်ချင်း နှစ်ဦးလုံးတို့ပင်လျှင် "ဤပွဲလမ်းသဘင်၌ ရှုချင်စဖွယ် အဘယ်မှာ ရှိအံ့နည်း၊ ဤယခု ပွဲကသောသူ ပွဲကြည့်သောသူ အားလုံးတို့သည်ပင် အနှစ်တရာသို့ မရောက်မီ ချုပ်ဆုံးကွယ်ပျောက်ကြလိမ့်မည် ကေန်သာတည်း၊ သို့ရကား ငါတို့သည် သံသရာလွတ်မြောက်ရေး တရားတခုခုကို ရအောင်ရှာမှ သင့်တော်တော့မည်"ဟု ကြံစည်ကြ၍ ဤသံဝေဂအကြံကိုပင် အဖန်ဖန် အာရုံပြုကာ ထိုင်နေကြလေ၏။

ထိုနောက်မှ ကောလိတ သူငယ်ချင်းသည် ဥပတိဿ သူငယ်ချင်းကို "မိတ်ဆွေ ဥပတိဿ....သင်သည် ယနေ့ အခြားနေ့များမှာကဲ့သို့ နှစ်သက်အားရ စိတ်တိုင်းကျသဘောရှိသည် မဖြစ်ဘိတကား၊ သူငယ်ချင်းသည် အဘယ့်အရာကို စဉ်းစားဆင်ခြင်မိသနည်း"ဟု မေးလေ၏၊ ဥပတိဿသူငယ်ချင်းက "မိတ်ဆွေ ကောလိတ....ဤပွဲလမ်းသဘင်တို့ကို ကြည့်ရှုခြင်း၌ အနှစ်သာရ စိုးစဉ်းမျှမရှိ၊ ဤပွဲလမ်းသဘင် ပျော်ရွှင်ကြည့်ရှုမှုကား အကျိုးမပြီး အချည်းနှီးသာဖြစ်၏၊ သို့ရကား မိမိ၏ အတွက်တာ သံသရာ လွတ်မြောက်ရေးတရားကိုသာ ရှာမှီးသင့်၏-ဟု ကြံစည်လျက် ငါထိုင်နေပါသည်"ဟု ပြော၍ "မိတ်ဆွေကောလိတ....သင်ကော အဘယ့်ကြောင့် မျက်နှာမသာ စိတ်တိုင်းမကျ ဖြစ်ရှိနေရသနည်း" ဟု မေးလေလျှင် ကောလိတသူငယ်ချင်းသည်လည်း ထိုနည်း အတူပင် ဖြေဆိုလေ၏။ ထိုအခါ ကောလိတသူငယ်ချင်းမှာ မိမိနှင့် အလိုနှလုံးသွင်း ထပ်မျှတူနေသည်ကို သိရှိကာ ဥပတိဿ သူငယ်ချင်းသည် ကောလိတသူငယ်ချင်းကို "မိတ်ဆွေ ကောလိတ····ငါတို့နှစ်ဦးလုံး၏ အကြံသည်ပင် ကောင်းစွာကြံအပ်သော အကြံဖြစ်လေသည်၊ အထူးအားဖြင့် သံသရာလွတ်မြောက်ရေး တရားကို အရှာကြသောသူတို့သည် တခုသော ရဟန်းအဖြစ်ကို တော့ ရမှသင့်မည်၊ ငါတို့သည် မည်သူ့ထံ၌ ရဟန်းပြုကြမည် နည်းများ တိုင်ပင်စကား ပြောကြားလေ၏။

ထိုစဉ်အခါ သဉ္စယ (= သိဉ္စည်း) ပရိဗိုဇ်ဆရာကြီးသည် ရာဇဂြိုဟ်ပြည်၌ များစွာသော ပရိဗိုဇ်ပရိသတ်နှင့် အတူတကွ ဂိုဏ်းဆရာကြီး ပြုလုပ်ကာ နေထိုင်ဆဲဖြစ်၏။ ဥပတိဿလုလင်နှင့် ကောလိတလုလင် = သူငယ်ချင်းနှစ်ဦးတို့သည် "ထိုသိဉ္စည်းဆရာကြီးအထံ၌ ရဟန်းပြုကြကုန်"ဟု တိုင်ပင်ညီညွတ်ကြကာ အခြံအရံ လုလင်ငါးရာတို့နှင့် အတူတကွ သိဉ္စည်းဆရာကြီးထံ၌ ရဟန်းပြုကြလေကုန်၏။ ထိုဥပတိဿလုလင်နှင့် ကောလိတလုလင်တို့ ရဟန်း ပြုကြသောအချိန်မှစ၍ သိဉ္စည်းဆရာကြီးသည် သူ့ထက် ထူးချွန်

သာလွန်သော လာဘ်လာဘအထွတ်အထိပ် အမြီးအရံ ဂုဏ်သတင်းကျော်စောခြင်း အထွတ်အထိပ်သို့ ရောက်ရှိသူဖြစ်လေ၏။

ဥပတိဿပရိဗိုဇ်နှင့် ကောလိတပရိဗိုဇ် = နှစ်ဦးတို့သည် နှစ်ရက်, သုံးရက်ဖြင့်ပင် သိဉ္စည်းဆရာကြီး၏ အယူဝါဒအားလုံးကို သင်ယူတတ်မြောက်ပြီးကြ၍ "ဆရာ....ဆရာတို့သိသောအယူကား ဤမျှသာလော၊ သို့မဟုတ် အထက်မှာ ဆက်လက်သင်ယူရန်များတော ရှိသေးသလော" ဟု မေးကြကုန်၍ သိဉ္စည်းဆရာကြီးက "ငါတို့သိသော အယူဝါဒကား ဤမျှသာတည်း၊ ငါတို့၏ အယူဝါဒအလုံးစုံကို သင်တို့နှစ်ဦး သိအပ်ပြီးဖြစ်လေပြီ" ဟု ပြောဆိုလတ်သော် သူငယ်ချင်းနှစ်ဦးသားတို့သည်—

"ဤသို့ဖြစ်လျှင် ဤသိဉ္စည်းဆရာကြီးအထံ၌ သူ၏မြဟ္မစရိယကို ကျင့်သုံးနေခြင်းသည် အချည်းနှီးသာတည်း၊ ငါတို့သည် သံသရာလွတ်မြောက်ရေးတရားကို ရှာမှီးဖို့ရန် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်ခဲ့ကြပြီ၊ ထိုငါတို့ ရှာမှီးအပ်သည့် သံသရာလွတ်မြောက်ရေးတရားကို ဤသိဉ္စည်းဆရာကြီးအထံ၌ ဖြစ်စေခြင်းငှါ ဘယ်နည်းဖြင့်မျှ စွမ်းနိုင်မည်မဟုတ်။ ဇမ္ဗူဒိပ်ကျွန်းကြီးကား ကျယ်ဝန်းလှဘိ၏၊ ရွာ, နိဂုံး, မင်းနေပြည်များသို့ လှည့်လည်၍ ရှာဖွေကြလျှင် ငါတို့သည် မချွတ်ဧကန်ပင် သံသရာလွတ်မြောက်ရေးတရား ဟောကြားမည့် ဆရာတဆူကို ရရှိကြပေလိမ့်မည်"—

ဟု ကြံစည်တိုင်ပင်ကြလေကုန်၏။ ဥပတိဿပရိဗိုဇ်နှင့် ကောလိတပရိဗိုဇ်တို့သည် ထိုအခါမှစ၍ ပညာရှိ ရဟန်းပုဏ္ဏားများ ရှိသည်ဟု သတင်းကြားရာ ထိုထိုအရပ်သို့ သွားရောက်ကြပြီးလျှင် သံသရာလွတ်မြောက်ရေးနှင့်စပ်သည့် မေးဖြေမှု, တရားဆွေးနွေးမှု ပြုကြလေ၏။ ထိုသူနှစ်ဦးတို့ မေးသောပုစ္ဆာကို ဖြေဆိုနိုင်စွမ်းသည့် အခြားပညာရှိဟွဲခံ ရဟန်းပုဏ္ဏားတို့ မရှိကြကုန်၊ စင်စစ်သော်ကား ဥပတိဿပရိဗိုဇ်နှင့် ကောလိတပရိဗိုဇ်=သူငယ်ချင်းနှစ်ဦးတို့ကသာ ထိုပညာရှိဟွဲခံ ရဟန်းပုဏ္ဏားတို့၏ အမေးပုစ္ဆာ

ပြဿနာကို ဖြေရှင်းပေးခဲ့ကြရလေသည်။ ဤသို့ ဇမ္ဗူဒိပ်တကျွန်းလုံးကို လှည့်လည်စုံစမ်းကြပြီးနောက် ဆရာတင်လောက်သူကို မတွေ့ရှိကြသဖြင့် ဥပတိဿပရိဗိုဇ်နှင့် ကောလိတပရိဗိုဇ်တို့သည် ပြန်လည်ဆုတ်နစ်ကာ မိမိတို့နေရာ ပရိဗိုဇ်အရာမ်သို့ လာကြ၍ "မိတ်ဆွေ....ငါတို့နှစ်ဦးတွင် အမြိုက်တရားကို ရှေးဦးစွာ ရရှိသိမြင်သောသူသည် ကျန်သောသူအား ပြန်ကြားပြောဆိုကြစတမ်း"ဟု အချင်းချင်း ကတိကဝတ်ထားကြလေကုန်၏။

အချိန်ကား မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိပြီး လဝက်ခန့်အကြာ တပို့တွဲလဆန်း ၁-ရက်နေ့လောက် အချိန်ဖြစ်သည်........(ဗုဒ္ဓဝင်စာဖတ် ပရိသတ်သူတော်စင်........အောက်မဟာဗုဒ္ဓဝင် တတိယတွဲအစ စာမျက်နှာ ၂-မှစ၍ စာမျက်နှာ ၂၅-အထိ ပြန်လည်ကြည့်ရှု သုံးသပ်ပါ၊ ထိုသို့သုံးသပ်ပြန်လည်ကြည့်ရှုပါလျှင်(ခ)အဂ္ဂသာဝကနှစ်ပါးတို့ တပည့်ပရိဗိုဇ်ပရိသတ်နှင့်တကွ မြတ်စွာဘုရားရှင် အထံတော်၌ ဧဟိဘိက္ခုရဟန်းဖြစ်ကြကြောင်း (ဂ)သာဝကဉာဏ်အထွတ်အထိပ်သို့ ရောက်တော်မူကြကြောင်းများကို ကောင်းစွာသိရှိပါလိမ့်မည်၊ ဤ၌ကား ထိုအကြောင်းအရာများကို ပေယျာလချန်ခဲ့ပါတော့ဘွဲ့)။

## (ဃ) တေဇက်တွဲထူး ရတော်မူကြကြောင်း

မြတ်စွာဘုရားရှင် ဘုရားဖြစ်သည့်နှစ် မိဂဒါဝုန်တောမှာ ဝါကျွတ်ခဲ့၍ ထိုမှ ဥရုဝေလတောအုပ်သို့ ကြွတော်မူကာ ကဿပညီနောင်သုံးဦး အမှူးပြုသော ရသေ့တထောင်တို့ကို ချေချွတ်၍ အာဒိတ္တပရိယာယသုတ္တန်ဖြင့် အရဟတ္တဖိုလ်၌ တည်စေပြီးနောက် ပြာသိုလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်သို့ ထိုရဟန်းတထောင်ခြံရံလျက် ရောက်တော်မူသည်။ ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိပြီး လဝက်ခန့်အကြာ တပို့တွဲလဆန်း ၁-ရက်နေ့တွင် ဥပတိဿပရိဗိုဇ်သည် ပဥ္စဝဂ္ဂီအဝင်အပါ အရှင်အဿဇိရဟန္တာမထေရ်နှင့် ရာဇဂြိုဟ်ပြည်မှာ တွေ့ရှိ၍ "ယေ ဓမ္မာ ဟေတုပ္ပဘာဝါ" စသောဂါထာကို ကြားနာရ၍ သောတာပန်အရိယာ ဖြစ်လေသည်။ ဥပတိဿပရိဗိုဇ်အထံမှ ထိုဂါထာကိုပင် တဆင့်ကြားနာရ၍

ကောလိတပရိဗိုဇ်သည်လည်း သောတာပန်အရိယာ ဖြစ်ပြန်လေသည်။ ထိုနောက် သောတာပန်အရိယာ သူငယ်ချင်း ပရိဗိုဇ်နှစ်ဦးတို့ တပည့်ပရိဗိုဇ် ပရိသတ်နှင့်တကွ မြတ်စွာဘုရားအထံ၌ ဧဟိဘိက္ခုရဟန်း ဖြစ်ကြလေသည်။ တပည့်များမှာ ဧဟိဘိက္ခုရဟန်းမဖြစ်မီ မြတ်စွာဘုရားဟောကြားအပ်သောတရားတော်ကို နာကြားကြရ၍ ထို ခဏမှာပင် ရဟန္တာဖြစ်ကြလေသည်။ အဂ္ဂသာဝကအလျာ မထေရ်မြတ်နှစ်ပါးတို့မှာမူ အဂ္ဂသာဝက ပါရမီဉာဏ်၏ အလွန်ကြီးကျယ် မြင့်မြတ်သောကြောင့် ထိုအချိန်၌ ရဟန္တာမဖြစ်ကြသေးပဲ အရှင်မဟာမောဂ္ဂလာန်မှာ ရဟန်းဖြစ်ပြီးနောက် ခုနစ်ရက်မြောက်၌ ရဟန္တာဖြစ်တော်မူ၍ အရှင်သာရိပုတ္တရာမှာ ရဟန်းဖြစ်ပြီးနောက် ဆယ့်ငါးရက်အကြာ တပို့တွဲလပြည့်နေ့မှာ ရဟန္တာဖြစ်တော်မူလေသည်။ (အကြောင်းအရာအကျယ်ကို ဤမဟာဗုဒ္ဓဝင်ကျမ်း တတိယတွဲအစမှ မျက်နှာ ၂၅-တိုင်အောင် ကြည့်ရှုရာ၏)။

ဤသို့လျှင် အဂ္ဂသာဝကမထေရ်မြတ်ကြီး နှစ်ပါးလုံးတို့အဖို့ရာ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ်ပင် အဂ္ဂသာဝက ပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူကြသည်။ သို့သော် နောက်တချိန်ဝယ် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ်—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော = ရဟန်းတို့....ဉာဏ်ပညာကြီးကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် သာရိပုတ္တရာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏။
>
> ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣဒ္ဓိမန္တာနံ ယဒိဒံ မဟာမောဂ္ဂလ္လာနော = ရဟန်းတို့.... တန်ခိုးဣဒ္ဓိနှင့်ပြည့်စုံကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် မဟာမောဂ္ဂလာန်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ အရှင်သာရိပုတ္တရာ မထေရ်ကို ပညာကြီးသောအရာ၌, အရှင်မဟာမောဂ္ဂလာန်ကို တန်ခိုးဣဒ္ဓိကြီးမြတ်သောအရာ၌ ဧတဒဂ်ထားတော်မူလေ၏။

ဤမထေရ်မြတ်ကြီးနှစ်ပါးတို့သည် ရဟန်းဖြစ်တော်မူသည်မှ စ၍ (၄၄) လေးဆယ့်လေးဝါကြာ ကာလပတ်လုံး သတ္တလောကအား အစီးအပွါးအလို့ငှါ ကျင့်တော်မူကြပေ၏။ ထိုမထေရ်မြတ်တို့ ဟောကြားတော်မူအပ်သော တရားတော်တို့မှာ နိကာယ်ငါးရပ် ပိဋကတ်တော်၌ များလှစွာ၏။ ထုတ်ဆောင်ဖော်ပြခြင်းငှါ မတတ်နိုင်လောက်အောင်ပင် ရှိပါတော့၏။ အထူးအားဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီး, မဟာနိဒ္ဒေသပါဠိတော်ကြီး, စူဠနိဒ္ဒေသပါဠိတော်ကြီးတို့မှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟောကြားတော်မူအပ်သော တရားဒေသနာတော်များ ဖြစ်၏။ သာရိပုတ္တထေရဂါထာသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ တရားဟင်းလေးအိုးကြီးသဖွယ် ဖြစ်၍ မဟာမောဂ္ဂလ္လာနထေရဂါထာသည် အရှင်မဟာမောဂ္ဂလာန်မထေရ်၏ တရားဟင်းလေးအိုးကြီးသဖွယ်တို့ ဖြစ်ကြလေသည်။ အလိုရှိသူတို့ ထိုထိုပါဠိတော် မြန်မာပြန်တို့မှ ထုတ်ဆောင်ကြည့်ရှု မှတ်ယူကြပါကုန်။ ဤကျမ်း၌ကား ထိုမထေရ်မြတ်နှစ်ပါးတို့၏ လေးဆယ့်လေးဝါ ကာလကြာအောင် သတ္တလောက၏ အစီးအပွါးအလို့ငှါ ကျင့်ဆောင်တော်မူကြပြီးနောက် ပရိနိဗ္ဗာန်ဝင်စံတော်မူကြသောအကြောင်းကိုသာ ရေးသားဖော်ပြပါတော့အံ့—

## (က) အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန်စံတော်မူခြင်း အကြောင်း

မြတ်စွာဘုရားရှင်သည် နောက်ဆုံးလေးဆယ့်ငါးကြိမ်မြောက်ဝါကို ဝေသာလီပြည်၏အနီး ဗေဠုဝရွာငယ်၌ ဝါကပ်တော်မူ၍ ထိုဝါမှ ထတော်မူလတ်သော်(အောက်ပရိနိဗ္ဗာန်စံတော်မူခဏ်း၌ ပြဆိုခဲ့သည့်) ကြွလာတော်မူရင်း ခရီးစဉ်အတိုင်းပင် ဝေဠုဝရွာငယ်မှ ထွက်ကြွတော်မူ၍ အစဉ်သဖြင့် ခရီးဒေသစာရီ နောက်ဆုံးလှည့်လည်တော်မူခြင်းဖြင့် လှည့်လည်တော်မူခဲ့ရာ သာဝတ္ထိပြည်

သို့ ရောက်၍ ဇေတဝန်ကျောင်းတိုက်သို့ ဝင်တော်မူလေ၏။ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မြတ်စွာဘုရားရှင်အားဝတ်ပြု၍ နေ့သန့်ရာအရပ်သို့ ကြွတော်မူလေသည်။ မထေရ်မြတ်သည် ထိုနေ့သန့်ရာအရပ်၌ တပည့်ရဟန်းတို့ ဝတ်ပြုကြကာ ဖဲသွားကြလေလျှင် နေ့သန့်ရာအရပ်ကို တံမြက်လှည်းပြီးနောက် စမ္မခဏ် = သားရေပိုင်းကို ခင်းပြီးလျှင် ခြေဆေးပြီး တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူလျက် အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားတော်မူလေသည်။

ထို့နောက် ပိုင်းခြားအပ်သောအချိန်ကာလမှာပင် ဖလသမာပတ်မှ ထတော်မူပြီးသော မထေရ်မြတ်၏ စိတ်သန္တာန်ဝယ် "မြတ်စွာဘုရားရှင်တို့ကပင် ရှေးဦးစွာ ပရိနိဗ္ဗာန် ဝင်စံတော်မူကြကုန်သလော၊ သို့မဟုတ် အဂ္ဂသာဝကနှစ်ပါးတို့ကပင် ရှေးဦးစွာ ပရိနိဗ္ဗာန် ဝင်စံကြကုန်သလော" ဟူ၍ ကြံစည်ဆင်ခြင်မှု ဖြစ်လေသည်။ ထို့နောက် "အဂ္ဂသာဝကနှစ်ပါးတို့က ရှေးဦးစွာ ပရိနိဗ္ဗာန် ဝင်စံကြမြဲဖြစ်သည်" ဟု သိမြင်တော်မူ၍ မိမိ၏အာယုသင်္ခါရကို ဆက်၍တဖန် ကြည့်ရှုတော်မူပြန်သော် "ငါ၏အာယုသင်္ခါရတို့သည် ခုနစ်ရက်သာလျှင် ဖြစ်ကြလိမ့်မည်" ဟု သိရှိတော်မူပြီးလျှင် "ငါသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန် ဝင်စံရလိမ့်မည်နည်း" ဟု ဆက်၍တဖန် စဉ်းစားဆင်ခြင်တော်မူပြန်လေသည်။

ထိုနောက် "ရာဟုလထေရ်သည် တာဝတိံသာနတ်ပြည်၌ ပရိနိဗ္ဗာန်စံခဲ့လေပြီ၊ အညာသိကောဏ္ဍညမထေရ်သည် ဆဒ္ဒန်အိုင်၌ ပရိနိဗ္ဗာန် စံခဲ့လေပြီ၊ ငါသည်ကား အဘယ်အရပ်၌ ပရိနိဗ္ဗာန် စံရပါမည်နည်း" ဟု အဖန်ဖန် စဉ်းစားဆင်ခြင်တော်မူလေသော် မယ်တော် ရူပသာရီပုဏ္ဏေးမ (= သူဌေးကတော်ပုဏ္ဏေးမ) ကို အာရုံပြုမိ သတိရရှိလာလေသည်။ သတိရတော်မူလာပုံမှာ—

"သြ........ငါ၏မယ်တော်သည် ရဟန္တာခုနစ်ပါးတို့၏ မိခင်ကြီးစင်စစ် ဖြစ်ပါလျက် ဘုရား, တရား, သံဃာ = ရတနာသုံးပါးတို့၌ မကြည်ညိုသူ ဖြစ်ချေသည်၊ ထို ငါ

မယ်တော်မှာ မဂ်ဖိုလ်၏ ဥပနိဿယည်း ရှိလေသလော၊ မရှိဘူးလော"—

ဟု သတိရဆင်ခြင်တော်မူ၍ သောတာပတ္တိမဂ်ကိုရကြောင်း ရှေးကောင်းမှု ဥပနိဿယည်း ပစ္စည်းရှိသည်ကို သိမြင်တော်မူကာ "အဘယ်သူ၏ တရားဒေသနာဖြင့် သစ္စာလေးပါး တရားသိမြင်ခြင်းသည် ဖြစ်ပါမည်နည်း"ဟု ဆက်၍တဖန် ဆင်ခြင်တော်မူပြန်လေသော်—

"ငါ၏ တရားဒေသနာဖြင့်ပင် ငါ့မယ်တော်၏ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည် ဖြစ်ပေလိမ့်မည်၊ တပါးသော ပုဂ္ဂိုလ်၏ တရားဒေသနာဖြင့် သစ္စာလေးပါး တရားကို သိမြင်ခြင်း ဖြစ်လိမ့်မည် မဟုတ်။ အကယ်၍များ ငါသည် မယ်တော်ကို ချေချွတ်ဖို့ရန် ကြောင့်ကြစိုက်ထုတ်ခြင်းမပြု လျစ်လျူရှုလိုက်မည်ဆိုလျှင် 'သာရိပုတ္တရာထေရ်သည် အခြားသူတို့၏ကား မှီခိုအားထားရာဖြစ်ပါပေ၏၊ မှန်၏—မထေရ်မြတ် သမစိတ္တသုတ္တန် (အံ ၁၊၆၄-မျက်နှာ)ကို ဟောတော်မူသောနေ့၌ ကုဋေတသိန်းသော နတ်ဗြဟ္မာတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်၊ အောက်မဂ်သုံးပါးသို့ ဆိုက်ရောက်ကြသူ နတ်ဗြဟ္မာတို့ကား မရေမတွက်နိုင်အောင် များလှပေ၏။ အခြားအရာဌာနတို့၌လည်း သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြခြင်း များစွာတို့ကို တွေ့မြင်အပ်ကြလေသည်၊ ဤတွင်မျှမကသေး မထေရ်မြတ်၌ သဒ္ဓါကြည်ညိုကြ၍နတ်ပြည်၌ဖြစ်ကြသည့် အမျိုးအိမ်(=အိမ်ထောင်စု)တို့သည်ပင် (၈၀၀၀၀)ရှစ်သောင်း အရေအတွက် ရှိကုန်၏။ ထိုအရှင်သာရိပုတ္တရာမထေရ်မြတ်သည် ယခုတော့မူ မိမိမယ်တော်၏ မိစ္ဆာအယူကိုပင်မျှလည်း ပယ်ဖျောက်ခြင်းငှါ မတတ်နိုင်ရှာပေ'ဟု ကဲ့ရဲ့အပြစ်တင်စကား ပြောကြားမည့်သူများ ထင်ရှားပေါ်ထွက်လာလိမ့်မည်။ သို့ရကား ငါသည် ငါ့မယ်တော်ကို မိစ္ဆာအယူမှ ချေချွတ်

ပြီးနောက် ငါ၏ ဖွားရာ တိုက်ခန်းမှာပင် ပရိနိဗ္ဗာန် ဝင်စံပေအံ့”—

ဟု ဆုံးဖြတ်ချက် ချမှတ်တော်မူပြီးနောက် “ယနေ့ပင် မြတ်စွာဘုရားကို ခွင့်ပြု=သိစေတော်မူပြီးလျှင် ဇေတဝန်ကျောင်းတိုက်မှ ထွက်ချီပေတော့အံ့”ဟု ကြံစည်တော်မူကာ ညီတော် စုန္ဒမထေရ်ကို “ငါ့ရှင်စုန္ဒ….ငါတို့၏ တပည့်ရဟန်း ပရိသတ်ငါးရာအား ‘ငါ့ရှင်တို့….သပိတ်,သင်္ကန်းများကို အသင့်ပြင်ဆင် ယူဆောင်ထားကြလော့၊ တရားစစ်မှူးကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာထေရ်သည် ဖွားရာဇာတိ နာလကရွာသို့ ကြွတော်မူလို၏’ဟု အချက်အမှတ်ပေးလော့”ဟု ခေါ်ဆို အမိန့်ရှိလေသည်။ စုန္ဒမထေရ်သည်လည်း နောင်တော်မထေရ်မြတ် မိန့်ဆိုအပ်တိုင်းပင် တပည့်ရဟန်း ပရိသတ်ငါးရာအား လိုက်လံနှိုးဆော် အသိပေးလေ၏။

တပည့်ရဟန်း ငါးရာတို့သည် ကျောင်း အိပ်ရာနေရာများကို သိမ်းဆည်းကြပြီးလျှင် သပိတ်, သင်္ကန်းကို ယူဆောင်ကြ၍ မထေရ်မြတ်အထံသို့ တညီတညွတ်တည်း စည်းဝေးလာရောက်ကြလေကုန်၏။ မထေရ်မြတ်သည် မိမိ၏ ကျောင်း အိပ်ရာနေရာကို သိမ်းဆည်းတော်မူပြီးလျှင် နေ့သန့်ရာဌာနကို တံမြက်လှည်း၍ ထိုနေ့သန့်ရာဌာန တံခါးဝ၌ ရပ်တည်တော်မူလျက် နေ့သန့်ရာဌာနကို ကြည့်တော်မူ၍ “ယခုအခါ၌ကြည့်ခြင်းကား နောက်ဆုံးကြည့်ခြင်းဖြစ်သည်၊ နောက်ထပ်တဖန် ပြန်လာခြင်းမရှိတော့ပြီ”ဟု အောက်မေ့တော်မူပြီးလျှင် တပည့်ရဟန်း ငါးရာတို့ ခြံရံအပ်လျက် မြတ်စွာဘုရားထံတော်သို့ သွားရောက်ရှိခိုးပြီးလျှင် မြတ်စွာဘုရားရှင်ကို “မြတ်စွာဘုရား….ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တပည့်တော်အား ခွင့်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တပည့်တော်အား ခွင့်ပြုတော်မူပါလော့။ တပည့်တော်၏အဖို့ရာ ပရိနိဗ္ဗာန်စံရန် အချိန်ရောက်ခဲ့ပါပြီ၊ တပည့်တော်သည် အာယုသင်္ခါရကို လွှတ်အပ်ပြီးပါပြီ”ဟု ခွင့်ပန်စကား လျှောက်ထားလေ၏။

(ဤ၌။ ။အနုဇာနာတု မေ ဘန္တေ ဘဂဝါ-စသော ပါဠိ၌ အနုဇာနာတု-ဟူသောပါဌ်ကို ခွင့်ပြုတော်မူပါလော့-ဟု မြန်မာပြန်ဆိုခြင်းမှာ ဝေါဟာရပညတ်နက် ပြန်ဆိုခြင်း ဖြစ်သည်။ အတွင်းအဓိပ္ပါယ်ငုပ်လျှက် သဒ္ဒါနက် = မြန်မာသဒ္ဒါပြန်ဆိုလျှင် "အနုဇာနာတု = တပည့်တော်၏ ပရိနိဗ္ဗာန်ဝင်စံတော့မည့်အကြောင်းကို ဆင်ခြင်သိမြင်တော်မူပါလော့" ဟု ပြန်ရဆိုရပါမည်။ "တပည့်တော်သည် မိမိ၏ ပရိနိဗ္ဗာန် စံရတော့မည့် အကြောင်းကို သိပြီးဖြစ်ပါသည်၊ ရှင်တော်ဘုရားသည် တဖန်ထပ်လျှောက် သိတော်မူပါလော့"ဟု လျှောက်ထားလိုရင်း ဖြစ်သည်)။

ဘုရားရှင်တို့မည်သည်ကား တပည့်ရဟန္တာများ ပရိနိဗ္ဗာန်စံရန် ခွင့်ပန်အသိပေးလာသောအခါ "ပရိနိဗ္ဗာန် စံလော့"ဟု ဆိုလျှင် မိစ္ဆာအယူရှိသူများက "သေခြင်း၏ ကျေးဇူးကို ချီးမွမ်းသည်"ဟု အပြစ်တင်ကြလိမ့်မည်၊ "ချစ်သား....ပရိနိဗ္ဗာန် မစံလင့်ဦး"ဟု ဆိုပြန်လျှင်လည်း "မြတ်စွာဘုရားသည် ဝဋ္ဋဒုက္ခ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းဘိသည်"ဟု အပြစ်တင်ကြလိမ့်မည်။ ထို့ကြောင့် ထိုစကားနှစ်မျိုးလုံးကိုပင် မိန့်ဆိုရိုးထုံးစံ မရှိကြကုန်။ ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာမထေရ်ကို "ချစ်သား သာရိပုတ္တရာ ··သင် ချစ်သားသည် အဘယ် အရပ်၌ ပရိနိဗ္ဗာန်စံမည်နည်း"ဟု မေးတော်မူ၍ အရှင်သာရိပုတ္တရာ မထေရ်က "မြတ်စွာဘုရား ···မဂဓတိုင်းအဝင်အပါ နာလကရွာ၌ တပည့်တော်၏ မွေးဖွားရာ တိုက်ခန်းရှိပါသည်၊ ထိုတိုက်ခန်း၌ တပည့်တော်သည် ပရိနိဗ္ဗာန်စံပါမည်ဘုရား"ဟု လျှောက်ထားလေသော် မြတ်စွာဘုရားရှင်သည် "ချစ်သား သာရိပုတ္တရာ ··· သင် ချစ်သားသည်ပင် ယခုအခါ မိမိ၏ ပရိနိဗ္ဗာန် စံရာကာလကို သိပေ၏၊ အထူးအားဖြင့် ယခုအခါ သင်ချစ်သား၏ နောင်တော်, ညီတော်ဖြစ်ကြသော ရဟန်းတို့အဖို့ရာ သင်ချစ်သားကဲ့သို့သော ရဟန်းကို နောက်ထပ်ဖူးမြော်ရန် ရခဲသည်သာ ဖြစ်ပေလိမ့်မည်၊ သို့ရကား သင် ချစ်သားသည် မိမိ၏ နောင်တော်, ညီတော်ဖြစ်ကြသော ရဟန်းတို့အား တရားဟောဦးလော့"ဟု မိန့်တော်မူလေ၏။

မထေရ်မြတ်သည် "မြတ်စွာဘုရားရှင်သည် ငါ၏ တန်ခိုးဘာထူးဖန်ဆင်းခြင်းလျှင် ရှေ့သွားရှိသော တရားဟောခြင်းကို လိုလား

တောင့်တတော်မူသည်”ဟု ဘုရားအလိုတော်ကို သိရှိ၍ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးနောက် ထန်းတဆင့်ပမာဏ ရှိသော ကောင်းကင်သို့ ပျံတက်တော်မူကာ ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးလေ၏။ တဖန် ထန်းနှစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်သို့ ပျံတက်တော်မူကာ ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပြန်လေ၏။ ဤနည်းဖြင့် အစဉ်အတိုင်း ထန်းသုံးဆင့်, လေးဆင့်, ငါးဆင့်, ခြောက်ဆင့်, ခုနစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်သို့ ပျံတက်၍ တန်ခိုးပြာဋိဟာ ရာပေါင်းများစွာ တို့ကို ပြလျက် တရားဟောတော်မူလေသည်၊ ဟောတော်မူပုံ အမြွက်မှာ—

ကိုယ်တော်ကို ထင်ရှားပြလျက်လည်း တရားဟောတော်မူ၏၊ ကိုယ်တော်ကို ကွယ်၍လည်း တရားဟောတော်မူ၏။အထက်ပိုင်း ကိုယ်တော်ကို ထင်ရှားပြ၍ဥင်း, ကွယ်ပ၍ဥင်း တရားဟောတော် မူ၏၊ အောက်ပိုင်းကိုယ်တော်ကို ထင်ရှားပြ၍ဥင်း, ကွယ်ပ၍ဥင်း တရားဟောတော်မူ၏။ ရံခါ လဝိမာန်ပုံဟန် ဖန်ဆင်း၍ ပြတော် မူ၏၊ ရံခါ နေဝိမာန်ပုံဟန် ဖန်ဆင်း၍ ပြတော်မူ၏။ ရံခါ တောင်ကြီးအဟန် ဖန်ဆင်းပြတော်မူ၏၊ ရံခါ သမုဒ္ဒရာကြီးပုံဟန် ဖန်ဆင်းပြတော်မူ၏။ ရံခါ စကြ၀တေးမင်းကြီးဖြစ်လိုက်, ရံခါ ဝေဿ၀ဏ်နတ်မင်းကြီးဖြစ်လိုက်, ရံခါသိကြားနတ်မင်းဖြစ်လိုက်, ရံခါ မဟာဗြဟ္မာမင်းကြီးဖြစ်လိုက်–ဤသို့ အစရှိသည်ဖြင့် တန်ခိုး ပြာဋိဟာ ရာပေါင်းများစွာတို့ကို ပြလျက် တရားဟောတော် မူလေသည်။ သာ၀တ္ထိတမြို့လုံး စုရုံးစည်းဝေးလာ၏။ မထေရ် မြတ်သည် တန်ခိုးပြာဋိဟာပြခြင်းကို ရှေ့သွားပြုကာ အားရ လောက်အောင် တရားစကား ဟောကြားပြီးသောအခါကောင်း ကင်မှ ဆင်းသက်၍ မြတ်စွာဘုရား၏ခြေတော်တို့ကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် ရွှေတုရိုဏ်တိုင်ပမာ မတ်မတ်ခိုင်ကျည် ရပ်တည် တော်မူလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် "ချစ်သားသာရိပုတ္တရာ....ဤယခု တရားဟောခြင်းသည် အဘယ်မည်သော တရားဟောခြင်း ဖြစ်သနည်း"ဟု မေးတော်မူ၍ အရှင်သာရိပုတ္တရာမထေရ်မြတ်က "မြတ်စွာဘုရား....ခြင်္သေ့မင်း၏ မြူးကွန့်စံပယ်ခြင်းနှင့် အလားတူသော = သီဟဝိကီဠိတ- တရားဟောခြင်းဖြစ်ပါသည်ဘုရား" ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် "ချစ်သားသာရိပုတ္တရာ.... တကယ်စင်စစ်ပင် သီဟဝိကီဠိတ - တရားဟောခြင်းဖြစ်ပါ ပေ၏၊ ချစ်သားသာရိပုတ္တရာ....တကယ်စင်စစ်ပင် သီဟဝိကီဠိတ- တရားဟောခြင်းဖြစ်ပါပေ၏"ဟု နှစ်သက်စွာ ခွင့်ပြုစကား မိန့်ကြားတော်မူလေ၏။

## မြတ်စွာဘုရားကို နောက်ဆုံး ကန်တော့ခြင်း

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ချိပ်ရည်အသွေး တွေးတွေးနီသော လက်တို့ကို ဖြန့်၍ မြတ်စွာဘုရားရှင်၏ ရွှေလိပ်နှင့်တူသော ခြေတော် အစုံတို့ကို ဖမျက်တို့၌ မြဲမြဲစွာဆွဲကိုင်ပြီးလျှင်—

"မြတ်စွာဘုရား....တပည့်တော်သည် အရှင်ဘုရားတို့၏ ဤခြေတော်အစုံတို့ကို ဖူးမြော်နိုင်ရန် တသင်္ချေနှင့် ကမ္ဘာ တသိန်းကြာ ပါရမီတို့ကို ဖြည့်အပ်ခဲ့ပါကုန်ပြီ၊ တပည့်တော်၏ ထိုနှလုံးအလိုသည် ယခုအခါ အထွတ်အထိပ် ရောက် အောင်မြောက်ခဲ့ပါပြီ။ ယခုအခါ ဤအချိန်မှစ၍ ဘဝပဋိသန္ဓေ အနေအားဖြင့် နောက်ထပ်တဖန် တနေရာရာ ဘဝတခုခု၌ အရှင်ဘုရားတို့နှင့် တွေ့ကြုံ ပေါင်းဆုံရမှုကား မရှိတော့ပါဘုရား၊ ဤသည့်ဘဝနှင့် စပ်သွယ်သော အကျွမ်းဝင်မှု = ရင်းနှီးမှုကို အကြွင်းမဲ့ ဖြတ်အပ်ပြီးပါပြီ၊ ယခုအခါ တပည့်တော်သည် အဆူရေသိန်းပေါင်းများစွာ ဘုရားတကာတို့ ဝင်စံတော်မူရာ မအိုရာ, မသေရာ, ရန်ကင်းရာ, ချမ်းသာ, အေးမြ, ဘေးမခသည့် နိဗ္ဗာန်ပြည်သို့ ဝင်စံပါတော့မည်။ တပည့်တော်၏ အပေါ်မှာ ရှင်တော်ဘုရား မနှစ်သက်လောက်သော တစုံတရာ ကာယကံမှု,

ဝစီကံမှုများ ထင်ရှားရှိခဲ့ပါလျှင် ထိုအပြစ်များကို သည်း ခံတော်မူကြပါဘုရား၊ တပည့်တော်၏ အဖို့ရာ သွား ရောက်ရန် အချိန်တန်ပါပြီဘုရား"—

ဟု ကန်တော့ခွင့်ပန်စကား လျှောက်ထားလေ၏။ မြတ်စွာဘုရား ရှင်သည် "ချစ်သား သာရိပုတ္တရာ.... ချစ်သား၏ အပေါ်မှာ ငါ ဘုရား သည်းခံပါ၏၊ ငါဘုရားစိတ်တော်မှာ မနှစ်သက်လောက် သည့် သင်ချစ်သား ပြုမှား, ပြောမှားသော ကာယကံမှု, ဝစီကံမှု တစုံတရာမျှ မရှိချေ။ ချစ်သား သာရိပုတ္တရာ....သင်ချစ်သားသည် ပင် ယခုအခါ မိမိ၏ သွားရာကာလကို သိပေ၏ = သွားဖို့ရန်မှာ သင်ချစ်သား၏ အလိုအတိုင်းပင် ဖြစ်ပေ၏" ဟု ခွင့်ပြုစကား မိန့်ကြားတော်မူလေ၏။

ဤသို့လျှင် မြတ်စွာဘုရား ခွင့်ပြုတော်မူပြီးသည်၏ အခြားမဲ့၌ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မြတ်စွာဘုရား၏ ခြေတော် တို့ကို တအားကုန် ဆုပ်နယ်၍ကာ ရှိခိုး၍ ထိုနေရာမှ ထလျှင်ပင် "မြင်းမိုရ်, စကြဝဠာ, ဟိမဝန္တာနှင့်တကွ သတ္တရဘ္ဘန် တောင်ရံ ခုနစ်လုံးတို့ကို ထမ်းဆောင်၍ ထားနိုင်ပါသော်လည်း ယနေ့ ဤ ဂုဏ်ကျေးဇူးအစုကိုကား ငါထမ်းဆောင်ခြင်းငှါ မစွမ်းနိုင်တော့ ပါ" ဟု ပြောဆိုသကဲ့သို့ တပြိုင်နက်တည်းပင် ပွဲတင်ရိုက်ဟည်း လျက် မဟာပထဝီ ဤမြေကြီးသည် ရေအဆုံးတိုင်အောင် ပြင်းစွာ တုန်လှုပ်လေ၏၊ ကောင်းကင်အလုံး အုန်းအုန်းမြိုးမြိုး သည်းထန် စွာ မိုးထစ်ကြိုးလေ၏၊ မိုးတိမ်တိုက်ကြီးများသည် တခဏအတွင်း တက်ကြွ ဖြစ်ပွါးကြကာ ပေါက္ခရဝဿမိုးကို ဖြိုးဖြိုးရွာသွန်းစေ လေ၏။

မြတ်စွာဘုရားရှင်သည် "သာရိပုတ္တရာကား ထိုင်နေသော ငါဘုရား၏ ရူပကာယကို ရှိခိုးပြီးပြီ၊ ယခုအခါ ရပ်တည်နေသော ငါဘုရား၏ ရူပကာယကို သာရိပုတ္တရာကို တဖန်ရှိခိုးစေဦးအံ့" ဟု ကြံစည်ဆင်ခြင်တော်မူကာ တရားဟောရာ ဗုဒ္ဓါသန 'ဓမ္မပလ္လင်မှ ထတော်မူ၍ ဂန္ဓကုဋီတိုက်တော်သို့ ရှေးရှု ကြွသွားတော်မူပြီး လျှင် ကျောက်မျက်ရတနာ စီခြယ်အပ်သော ပျဉ်ချပ်၌ ရပ်တည်နေ

တော်မူလေ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ထိုသို့ ရပ်တည်နေသော မြတ်စွာဘုရားကို လက်ျာရစ်သုံးပတ် လှည့်လည်၍ ရှေ့, နောက်, ဝဲ, ယာ = လေးမျက်နှာအရပ်တို့၌ ရှိခိုးပြီးသော်—

"မြတ်စွာဘုရား....အကျွန်ုပ်သည် လွန်ခဲ့သော တသင်္ချေနှင့် ကမ္ဘာတသိန်းထက်က အနောမဒဿီ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းတုပ်ကွ၍ အရှင်ဘုရားတို့ကို ဖူးမြော်ရန် ပန်ထွာ တောင့်တခဲ့ပါပြီ၊ တပည့်တော်၏ ထိုတောင့်တချက်သည် ယခုအခါ ပြည့်စုံပါပြီ၊အရှင်ဘုရားတို့ကို နှစ်သက်အားရ ဖူးမြော်ရပါကုန်ပြီ။ ထိုဆုတောင်းပတ္တနာမှု ပြုစဉ်က အနောမဒဿီမြတ်စွာဘုရား၏ ဗျာဒိတ်တော်စကားကို အစဉ်လျှောက်၍ ကြားနာတာ ဉာဏ်ပညာဖြင့် အရှင်ဘုရားတို့ကို ရည်ရော်ဖူးမြော်ရခြင်းသည် ပဌမဖူးမြော်ရခြင်း ဖြစ်ပါသည်၊ ယခုဖူးမြော်ရခြင်းသည် နောက်ဆုံးဖူးမြော်ရခြင်း ဖြစ်ပါသည်၊ တဖန် အရှင်ဘုရားတို့ကို ဖူးမြော်ရခွင့် မရှိတော့ပါဘုရား"—

ဟု နောက်ဆုံး လျှောက်ထားတာ လက်သည်း ဆယ်ပွင့်တို့ဖြင့် တင့်တယ်တောက်ပြောင်သော လက်အုပ်ကို ချီမြှောက်၍ မြတ်စွာဘုရားကို မြင်လောက်သောအရပ် ဆုံးသည်တိုင်အောင် နောက်ဆုတ်သွားလျက် ရှိခိုးပြီးလျှင် တပည့်ရဟန်း ငါးရာတို့နှင့် အတူတကွ ဖဲ့သွားတော်မူလေ၏။ တဖန်ထပ်၍ မဟာပထဝီ မြေကြီးသည် ဂုဏ်ကျေးဇူးအနှစ်ကို မဆောင်စွမ်းနိုင်တော့ပဲ ရေအဆုံးတိုင်အောင် တုန်လှုပ်ပြန်လေ၏။

မြတ်စွာဘုရားသည် ကိုယ်တော်မြတ်ကို ဝန်းရံ၍ တည်နေကြသော ရဟန်းတို့ကို "ချစ်သားတို့....သင်တို့၏ နောင်တော်ကြီးကို လိုက်ပို့ကြလော့" ဟု မိန့်တော်မူ၏။ ထိုခဏ၌ ပရိသတ်လေးပါးလုံးပင် မြတ်စွာဘုရား တပါးတည်းကိုသာ ဇေတဝန်ကျောင်းတိုက်၌ ချန်ထားခဲ့ကြ၍ တဦးမကျန် ထွက်ချီလိုက်ပို့ကြလေ၏။ သာဝတ္ထိ ပြည်သူ ပြည်သားတို့သည်လည်း "အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားကို ပန်ကြား၍ ပရိနိဗ္ဗာန်စံတော်မူလို

ရကား ဇေတဝန်ကျောင်းတိုက်တော်မှ ထွက်ကြွတော်မူလာပြီတဲ့၊ မထေရ်မြတ်ကို ငါတို့ နောက်ဆုံး ဖူးမြော်ကြကုန်အံ့”ဟု မြို့တံခါး များ သွားလာထွက်ဝင်ရန် နေရာမရှိအောင်ပင် အပြည့်အကြပ် ထွက်ခဲ့ကြ၍ နံ့သာ,ပန်း-စသည် လက်စွဲကြကုန်လျက် ဆံပင်တို့ကို ဖရိုဖရဲ ကြဲဖြန့်ကြပြီးသော် “အရှင်ဘုရား...ယခုအခါ တပည့်တော် တို့သည် ‘မဟာပညာ သာရိပုတ္တထေရ်သည် အဘယ်အရပ်မှာ နေ သနည်း၊ ဓမ္မသေနာပတိ သာရိပုတ္တထေရ်သည် ယခုအခါ အဘယ်အရပ်မှာ နေသနည်း’ဟု မေးမြန်းကြကာ အဘယ်မထေရ် ထံသို့ သွားကြရပါမည်နည်း။ အဘယ်သူ့လက်၌ မြတ်စွာဘုရား ကို အပ်ထားခဲ့၍ မထေရ်မြတ်ဘုရား ဖဲကြွသွားတော်မူသနည်း” ဤသို့အစရှိသည်ဖြင့် ငိုကြွေးမြည်တမ်းကြ၍ မထေရ်မြတ်နောက်သို့ ကောက်ကောက်လိုက်ပါကြလေကုန်၏။

အရှင်သာရိပုတ္တရာမထေရ်သည် ကြီးကျယ်သော ပညာ၌ တည်သူဖြစ်တော်မူရကား “ဤဖြစ်တိုင်း ဖြစ်တိုင်းသော သတ္တဝါ တို့၏ သေခြင်းအဆုံးရှိသော လမ်းသည်ကား ခပ်သိမ်းသော သတ္တဝါတို့ မလွန်မြောက်နိုင်သောလမ်းဖြစ်သည်” ဟု အကျဉ်း ချုပ် လူများအပေါင်းကို ဆုံးမတော်မူ၍ “ငါ့ရှင်တို့····သင်တို့ သည်လည်း နေရစ်ကြလော့၊ မြတ်စွာဘုရား၌ မမေ့မလျော့ကြ လင့်” ဟု မိန့်ဆိုကာ ရဟန်းအပေါင်းကိုလည်း ပြန်နစ်စေတော်မူ ၍ မိမိပရိသတ်နှင့် အတူတကွ နာလကရွာဖက်သို့ ဖဲကြွတော်မူ လေ၏။ “ရှေးအခါ အရှင်မြတ်သည် ပဖန်ပြန်လာမည့် ဒေသ- စာရီကို ကြွချီတော်မူ၏၊ ဤယခု ကြွချီခြင်းကား နောက်ထပ် တဖန် ပြန်လာရန်မဟုတ်တော့ချေ” ဟု ငိုမကြွေးမြည်တမ်းကာ လိုက်ပါလာသော လူများကိုလည်း “ဒါယကာ, ဒါယိကာမ အပေါင်း သူတော်ကောင်းတို့····သင်တို့သည် အပ္ပမာဒတရား လက်ကိုင်ထားသူများ ဖြစ်ရစ်ကြလော့၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ မည်သည် ဤသို့ ဖြစ်လေ့ရှိကုန်၏ = ဖြစ်ပြီးလျှင် စုတိပြတ်ကြွေ သေခြင်းလျှင်အဆုံးရှိကုန်၏”ဟု အပ္ပမာဒသြဝါဒဖြင့် ဆုံးမတော် မူ၍ ပြန်နစ်စေတော်မူ၏။

ထိုနောက် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် လမ်းခရီး အကြား ခပ်သိမ်းသောအရပ်တို့၌ အချိန်မဆွဲ တည့်စိနေခြင်းဖြင့် ခရီးအကြားဝယ် ခုနစ်ရက်ပတ်လုံး လူတို့ကို ချီးမြှောက်မှုပြုတော် မူကာ အစဉ်သဖြင့် ကြွချီလာတော်မူခဲ့ရာ ညနေချမ်းကာလ၌ နာလကရွာသို့ ရောက်တော်မူ၍ ရွာတံခါးဝ ပညောင်ပင်ရင်း၌ ရပ်နားနေတော်မူလေ၏။

ထိုအခါ မထေရ်မြတ်၏ တူအရင်းဖြစ်သော ဥပရေဝတ-မည် သော သူငယ်သည် ရွာပြင်ဘက်သို့ ထွက်လာလေသော် မထေရ် မြတ်ကိုမြင်၍ အနီးသို့ လာရောက်ကာ ရှိခိုး ရပ်တည်လာ၏။ မထေရ်မြတ်သည် တူဖြစ်သူ ဥပရေဝတ-သူငယ်ကို "ဥပရေဝတ.... အိမ်မှာ သင့်အဖွားရှိ၏လော" ဟု မေးလေ၏။ "ရှိပါသည် အရှင် ဘုရား...." ဟူ၍ ဥပရေဝတသူငယ်က လျှောက်ထားလေလျှင် မထေရ်မြတ်သည် "သင် သွားတည့်ချေ၊ ငါတို့ ဤရွာသို့ ရောက်ရှိ လာကြောင်း ပြောကြားလေလော့၊ အကယ်၍ သင့်အဖွားက 'အဘယ့်ကြောင့် လာသနည်း' ဟု မေးလျှင် 'ယနေ့တရက်ပတ်လုံး ရွာတွင်း၌ နေလိမ့်မည်တဲ့၊ ဦးကြီး၏ မွေးဖွားရာတိုက်ခန်းကို ရှင်းလင်းသုတ်သင် ပြင်ဆင်၍ထားလိုက်ကြပါတဲ့၊ ရဟန်းငါးရာ တို့အတွက်လည်း နေရာများကို သိထားလိုက်ကြပါ=ပြင်ထား လိုက်ကြပါတဲ့' ဟု သင်ပြောချေ" ဟု မှာကြားတော်မူလိုက်လေ၏။

ဥပရေဝတ သူငယ်သည် အဖွားဖြစ်သူ ရူပသာရီပုဏ္ဏေး (သူဌေးကတော်ကြီး) ထံသို့သွား၍ "အိုအဖွား....ကျွန်တော်၏ ဦးကြီး (ဥပတိဿ) လာနေပါသည်" ဟု ပြောလေလျှင် အဖွား ဖြစ်သူက "ယခုအဘယ်မှာနည်း" ဟု မေးလေ၏။ ဥပရေဝတ သူငယ်က "ရွာတံခါးဝမှာ" ဟု ဖြေကြားလေလျှင် အဖွားဖြစ်သူက "တပါးတည်းလော၊ အခြားတပါး တဦးတယောက်များကော ပါရှိသေးသလော" ဟု မေးပြန်လေ၏။ ဥပရေဝတသူငယ်က "ပါရှိပါသည်၊ ရဟန်းငါးရာတို့ ပါရှိကြပါသည်" ဟု ဖြေကြား လေလျှင် အဖွားဖြစ်သူက "အဘယ်အကြောင်းကြောင့် လာသ နည်း" ဟု ထပ်၍တဖန် မေးပြန်လေ၏။ ဥပရေဝတ သူငယ်က

မထေရ်မြတ် မှာကြားလိုက်သော အကြောင်းအရာများကို အဖွား ဖြစ်သူ ရူပသာရီပုဏ္ဏေးမ သူဌေးကတော်ကြီးအား ပြောကြားလေ လျှင် သူဌေးကတော်ကြီးသည် "ဩ....ငါ့သား ကြီးသည့် အဘယ့် ကြောင့် ဤမျှများစွာ ရဟန်းငါးရာတို့အတွက် နေရာကိုသုတ်သင် ပြင်ဆင်စေပါသနည်း၊ ငယ်စဉ်အခါ ရဟန်းပြုပြီးလျှင် ကြီးပြင်း သောအခါမှ လူဖြစ်လို၍ ထင်ပါ၏" ဟု ကြိတ်စည်အောက်မေ့၍ ဖွားရာတိုက်ခန်းကို သုတ်သင်ရှင်းလင်းစေပြီးနောက် ရဟန်း ငါးရာတို့အတွက် နေရာကို ခင်းကျင်းစေပြီးလျှင် ဆီမီးတိုင်တို့ကို ထွန်းညှိ၍ မထေရ်မြတ်ထံသို့ အပင့်စေလွှတ်လိုက်လေ၏။

မထေရ်မြတ်သည် ရဟန်းငါးရာတို့နှင့် အတူတကွ ပြာသာဒ် ထက်သို့ တက်၍ ဖွားရာတိုက်ခန်းသို့ ဝင်ရောက်ထိုင်နေပြီးလျှင် "သင်တို့၏ နေရာအသီးသီးသို့ သွားကြလော့" ဟု ရဟန်းတို့ကို လွှတ်လိုက်လေ၏။ ထိုရဟန်းတို့ သွားကြလျှင်ပင် မထေရ်မြတ်၏ ကိုယ်ခန္ဓာမှာ ပြင်းထန်ကြမ်းတမ်းသော အနာရောဂါဖြစ်ပွါး လာလေ၏။ သေခြင်းလျှင်အဆုံးရှိသည့် သွေးသွန်သော ဝေဒနာ တို့ မရပ်မနား ဖြစ်ပွါး၍လာလေကုန်၏။ ခွက်တခုဝင် ခွက်တခု ထွက်ဖြင့် အလဲအလှယ် ပြုစုကြရပေ၏။ မယ်တော် ရူပသာရီ ပုဏ္ဏေးမ သူဌေးကတော်ကြီးသည် "ငါ့သား၏ ဖြစ်ပုံကို ငါမနှစ် သက်နိုင်ပေ" ဟု အောက်မေ့ကာ မိမိနေရာတိုက်ခန်းတံခါးဝကို မှီ၍ ရပ်တည်နေလေ၏။

ထိုအခါ စတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့သည် "တရား စစ်သူကြီး အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ယခုအခါ အဘယ်အရပ်၌ နေတော်မူသနည်း" ဟု ကြည့်ရှုကြလေသော် "မထေရ်မြတ်သည် နာလကရွာ ဖွားရာတိုက်ခန်းဝယ် ပရိနိဗ္ဗာန် စံရာညောင်စောင်း၌ လျောင်းတော်မူလေပြီ၊ နောက်ဆုံးဖူးမြော် ပြုစုရန် ငါတို့ သွားကြကုန်အံ့" ဟု တိုင်ပင်ကြပြီးလျှင် မထေရ်မြတ် ထံသို့ လာရောက်ရှိခိုး ရပ်တည်ကြလေကုန်၏။ မထေရ်မြတ်က "သင်တို့ အဘယ်သူများနည်း" ဟု မေးတော်မူလေလျှင် "မဟာ- ရာဇ် နတ်မင်းကြီးများပါ အရှင်ဘုရား"....ဟု ဖြေကြားလျှောက်

ထားကြလေ၏။ "အဘယ့်ကြောင့် လာကြသနည်း"ဟု မေးတော်မူပြန်လေလျှင် "သူနာပြုများ ဖြစ်ကြမည်ဟု လာရောက်ကြပါသည်ဘုရား"ဟု ပြန်ကြားလျှောက်ထားကြလေ၏။ ထိုအခါ မထေရ်မြတ်သည် "ရှိပါစေ, သူနာပြုရဟန်း ရှိပါ၏၊ သင်တို့ ပြန်ကြလော့"ဟု ပြောဆိုကာ လွှတ်လိုက်လေ၏။ ထိုစတုမဟာရာဇ် နတ်မင်းကြီးများ ပြန်သွားကြသောအခါ ထိုနည်းအတိုင်းပင် သိကြားနတ်မင်း လာရောက်ပြန်လေ၏။ ထို သိကြားမင်း ပြန်သွားသောအခါ မဟာဗြဟ္မာကြီး လာရောက်ပြန်လေသည်၊ ထို သိကြားမင်းနှင့် မဟာဗြဟ္မာကြီးတို့ကိုလည်း ထို့အတူပင် မထေရ်မြတ်သည် ခွင့်ပြုစကား မိန့်ကြားကာ ပြန်လွှတ်တော်မူလိုက်လေ၏။

မယ်တော် ရူပသာရီပုဏ္ဏေးသူဌေးကတော်ကြီးသည် နတ်, ဗြဟ္မာတို့ လာကြ,ပြန်ကြသည်ကို မြင်ရ၍ "ငါ့သားကို ရှိခိုး၍ ပြန်သွားကြသော ထိုသူများကား အဘယ်သူများနည်း"ဟု သိလို၍ မထေရ်မြတ်၏ တိုက်ခန်း တံခါးအနီးသို့ သွားရောက်ပြီးလျှင် "ချစ်သားစုန္ဒ....ဘာဖြစ်ကြနည်း"ဟု မေးလေ၏။ ညီတော်စုန္ဒမထေရ်သည် မယ်တော်အား မထေရ်မြတ်မကျန်းမာကြောင်း ရှင်းလင်းပြောကြားပြီးလျှင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကို "ဒါယိကာမကြီး လာနေပါသည် အရှင်ဘုရား...."ဟု လျှောက်ထားလေ၏။ မထေရ်မြတ်က "ဒါယိကာမကြီး....အဘယ့်ကြောင့် အခါမဟုတ်ပဲ လာရောက်သနည်း"ဟု မေးလေလျှင် မယ်တော်ကြီးသည်"ချစ်သား....သင်ချစ်သားကို ဖူးမြင်ရန် လာရောက်ပါသည်"ဟု ပြောဆို၍ ဆက်ပြီးလျှင် "ချစ်သား....သင်ချစ်သားထံ ရှေးဦးစွာ လာရောက်ကြသူများကား အဘယ်သူများပါနည်း"ဟု မေးလျှောက်လေ၏။ မထေရ်မြတ်က "ဒါယိကာမကြီး .... ထိုပဌမလာရောက်ကြသူများကား စတုမဟာရာဇ်နတ်မင်းကြီးတို့ ဖြစ်ကြသည်"ဟု မိန့်တော်မူလေလျှင် မယ်တော်ကြီးသည် "ချစ်သား.... သင်ချစ်သားက စတုမဟာရာဇ်နတ်မင်းကြီးတို့ထက် သာလွန်မြင့်မြတ်သလော"ဟု မေးပြန်လေ၏။

မထေရ်မြတ်က "ဒါယိကာမကြီး....ထိုစတုမဟာရာဇ်နတ်မင်းကြီးတို့မှာ သားတော်တို့၏ အရာမ်စောင့်များနှင့် တူကြပါသည်၊ သားတော်တို့၏ဆရာ မြတ်စွာဘုရား ပဋိသန္ဓေ တည်နေတော်မူသော အချိန်မှစ၍ သန်လျက်လက်စွဲကြကာ စောင့်ရှောက်မှု ပြုခဲ့ကြပါသည်"ဟု မိန့်တော်မူလေလျှင် မယ်တော်ကြီးသည် တဖန်ဆက်၍ "ချစ်သား....ထိုစတုမဟာရာဇ်နတ်မင်းကြီးများ သွားပြီးသည်၏ အဆုံး၌ လာရောက်သောသူကား အဘယ်သူနည်း"ဟု မေးပြန်လေ၏။ မထေရ်မြတ်က "သိကြားနတ်မင်း ဖြစ်သည်"ဟု မိန့်တော်မူလေလျှင် မယ်တော်ကြီးသည်"ချစ်သား....သင်ချစ်သားက သိကြားနတ်မင်းထက်လည်း သာလွန်မြင့်မြတ်သလော"ဟု မေးပြန်လေ၏။

မထေရ်မြတ်က "ဒါယိကာမကြီး.... ထိုသိကြားနတ်မင်းမှာ သားတော်တို့၏ သပိတ်ပရိက္ခရာ ဘဏ္ဍာကိုင် သာမဏေငယ်ကလေးနှင့် တူပါသည်၊ သားတော်တို့၏ဆရာ မြတ်စွာဘုရား အဘိဓမ္မာတရား ဟောကြားတော်မူပြီး၍ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွလာတော်မူသောအခါ သပိတ်, သင်္ကန်းကို ယူဆောင်၍ သိကြားမင်း သက်ဆင်းလိုက်ပါခဲ့ပါသည်"ဟု မိန့်တော်မူလေလျှင် မယ်တော်ကြီးသည် "ချစ်သား....ထိုသိကြားနတ်မင်း သွားပြီးသည်၏အဆုံး၌ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာလျက် လာရောက်သောသူကား အဘယ်သူနည်း"ဟု မေးပြန်လေ၏။ မထေရ်မြတ်က "ဒါယိကာမကြီး.... ထိုနောက်ဆုံးလာရောက်သူမှာ ဒါယိကာမကြီး၏ ဘုရားလည်းဖြစ်, ဆရာလည်းဖြစ်သည့် မဟာဗြဟ္မာကြီးဆိုသူ ဖြစ်သည်"ဟု မိန့်တော်မူလေလျှင် မယ်တော်ကြီးသည် "ချစ်သား....သင်ချစ်သားက ငါ၏ဘုရားဖြစ်သူ မဟာဗြဟ္မာကြီးထက်လည်း သာလွန်မြင့်မြတ်သလော"ဟု မေးလေ၏။

ထိုအခါ မထေရ်သူမြတ်သည် မယ်တော်ကြီးကို "အိမ်း....ဟုတ်ပေသည် ဒါယိကာမကြီး.... ဤမဟာဗြဟ္မာကြီးတို့မည်သည် ငါတို့ဆရာ မြတ်စွာဘုရား ဖွားမြင်တော်မူသောနေ့၌ တယောက်မက

မဟာဗြဟ္မာကြီးလေးယောက်တို့ပင် အလောင်းတော်ယောကျ်ား မြတ်ကို ရွှေဇာကွန်ရက်ဖြင့် ခံလင့်လာကြကုန်ပြီ”ဟု ရှင်းလင်း မိန့်ကြားတော်မူလေ၏။

### မယ်တော်ကြီး တရားထူးရခြင်း

ထိုအခါ မယ်တော်ကြီး၏သန္တာန်မှာ “ဤယခု ငါမြင်ရသော အာနုဘော်မှာ ငါ့သား၏အာနုဘော်သာဖြစ်သေး၏၊ ငါ့သား၏ ဆရာ မြတ်စွာဘုရား၏ အာနုဘော်ကား ဘယ်လိုများ ဖြစ်လိမ့် မည်နည်း၊ မမှန်းဆနိုင်အောင်ပင် ရှိလေတော့၏တကား”ဟု ကြံစည်ဆင်ခြင်လျက်ပင် လျှင်မြန်စွာ ပီတိငါးမျိုးတို့ တဖြိုးဖြိုး ဖြစ်ပွါးကြလျက် မယ်တော်ကြီး၏ တကိုယ်လုံးကို ပြန့်နှံ့လေ တော့၏။ မထေရ်မြတ်သည် “ယခုအခါ ငါ့မယ်တော်၏သန္တာန်၌ ပီတိသောမနဿတရား ဖြစ်ပွါးခဲ့လေပြီ၊ ဤအခါသည်ကား ငါ့ မယ်တော်အား တရားဟောဖို့ရန် အလွန်သင့်လျော်သောအခါ ဖြစ်လေသည် ”ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် “ဒါယိကာမ ကြီး.... ..အဘယ်အရာကို ကြံစည်စဉ်းစား၍ နေသနည်း ”ဟု မေးတော်မူလေ၏။ မယ်တော်ကြီးက “ချစ်သား....ဤယခု ငါမြင် ရသော အာနုဘော်မှာ ငါ့သား၏အာနုဘော်သာ ဖြစ်သေး၏၊ ငါ့သား၏ဆရာ မြတ်စွာဘုရား၏ အာနုဘော်ကား ဘယ်လိုများ ဖြစ်လိမ့်မည်နည်း၊ မမှန်းဆနိုင်အောင်ပင် ရှိတော့၏တကား-ဟု ဤအကြောင်းအရာကို ငါမယ်တော်ကြံစည်ဆင်ခြင်၍နေပါသည်” ဟု လျှောက်ထားလေလျှင် မထေရ်မြတ်သည် မယ်တော်ကြီးကို “ဒါယိကာမကြီး....ငါ၏ဆရာ မြတ်စွာဘုရား ဖွားတော်မူသော အခါ, တောထွက်တော်မူသောအခါ, ဘုရားဖြစ်တော်မူသော အခါ, ဓမ္မစကြာတရားဦးဟောတော်မူသောအခါများ၌စကြဝဠာ ပေါင်း တိုက်တသောင်း ရိုက်ခြောင်းတုန်လှုပ်ခဲ့လေပြီ၊ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿန ကျေးဇူး ဂုဏ်အားဖြင့် ငါတို့ဆရာ မြတ်စွာဘုရားနှင့် တူသောသူမည်သည် လောက၌ တစုံတယောက်မျှ မရှိဖြစ်ချေသည်။ ထိုငါတို့ဆရာ မြတ်စွာဘုရားသည် ဤအကြောင်း ဤအကြောင်းများကြောင့်

အရဟံဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဖြစ်တော်မူပါပေ၏”–ဤသို့ အစရှိသည်ဖြင့် အကျယ်ဖွင့်ပြကာ မြတ်စွာဘုရားဂုဏ်တော်နှင့် စပ်သော တရားဒေသနာကို ဟောကြားတော်မူလေ၏။

မယ်တော်ကြီးသည် ချစ်လှစွာသော သားကြီးသြရသ၏ တရားဒေသနာအဆုံးဝယ် သောတာပတ္တိဖိုလ်၌ တည်ပြီးလျှင် သားတော်မထေရ်မြတ်ကို “ချစ်သားဥပတိဿ....ဤသို့စဉ် မွန်မြတ်လှသော အမြိုက်ချမ်းသာကို ငါမယ်တော်အား သင်ချစ်သားသည် ဤမျှ ကာလရှည်ကြာလျှားအောင် မပေးပဲနေဘိ၏၊ အဘယ့်ကြောင့် ဤကဲ့သို့ ပြုရက်သနည်း”ဟု အပြစ်တင်စကား ပြောကြားလေ၏။ မထေရ်မြတ်သည် “ငါကား မယ်တော်ရူပသာရီပုဏ္ဏေးသူဌေးကတော်ကြီးအား မွေးကျေးဇူးမြတ် ဆပ်အပ်လေပြီ၊ ဤသောတာပတ္တိဖိုလ်မျှဖြင့် ငါမယ်တော်အဖို့ရာ သင့်ပေလိမ့်မည်”ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် “သွားလော့ ဒါယိကာမကြီး....” ဟု မိန့်ဆို၍ မယ်တော်ကြီးကို လွှတ်လိုက်ပြီးနောက် ညီတော်စုန္ဒမထေရ်ကို “စုန္ဒ....အဘယ်အချိန်ရောက်နေပြီနည်း”ဟု မေးတော်မူလေ၏။ အရှင်စုန္ဒမထေရ်က “မိုးသောက်အားကြီး လင်းလုနီးအချိန်ပါ ဘုရား....”ဟု လျှောက်ထားလေလျှင် မထေရ်မြတ်သည် “ရဟန်းအပေါင်းကို စည်းဝေးစေလော့”ဟု မိန့်တော်မူလေ၏။ စုန္ဒမထေရ်က “ရဟန်းအပေါင်း စည်းဝေးပြီးပါပြီ အရှင်ဘုရား....”ဟု လျှောက်ထားလေလျှင် မထေရ်မြတ်သည် “စုန္ဒ....ငါ့ကိုထူ၍ ထိုင်ပေးစမ်း” ဟု မိန့်တော်မူ၍ အထူခိုင်းကာ ထိုင်နေတော်မူလေ၏။

မထေရ်မြတ်သည် ရဟန်းအပေါင်းကို “ငါ့ရှင်တို့....လေးဆယ့်လေးဝါကာလကြာအောင် ငါနှင့်အတူတကွ လှည့်လည်ကျက်စားသွားလာနေထိုင်ကြရသော ငါ့ရှင်တို့၏အဖို့ရာ ငါ၏အပေါ်၌ မနှစ်သက်ဖွယ်သော ကာယကံမှု, ဝစီကံမှုများ ရှိခဲ့ပါလျှင် ထိုကာယကံမှု, ဝစီကံမှုများကို သည်းခံကြပါကုန်လော့”ဟု တောင်းပန်စကား မိန့်ကြားတော်မူလေ၏။ ရဟန်းအပေါင်းက “အရှင်ဘုရား....ဤမျှလေးဆယ့်လေးဝါကြာ ကာလပတ်လုံး အရိပ်

ပမာ အရှင်ဘုရားတို့ကို မစွန့်ခွါပဲ လှည့်လည်ကျက်စား သွားလာ နေထိုင်ကြရသော တပည့်တော်တို့၏ အဖို့ရာ အရှင်ဘုရားတို့ အပေါ်၌ မနှစ်သက်ဖွယ်သော ကာယကံမှု, ဝစီကံမှု တခုခုမျှ မရှိပါဘုရား၊ စင်စစ်သော်မူ အရှင်ဘုရားတို့ကသာ တပည့်တော် တို့အား သည်းခံတော်မူကြပါဘုရား”ဟု တောင်းပန် ကန်တော့ စကား လျှောက်ထားကြလေလျှင် မထေရ်မြတ်သည် သင်္ကန်းကြီး ကို ရုံးစု၍ မျက်နှာတော်ကို အုပ်ပြီးလျှင် လက်ျာနံတောင်းဖြင့် လျောင်းတော်မူလျက် မြတ်စွာဘုရားရှင်ကဲ့သို့ အစဉ်အတိုင်း ဝင်စားရသည့် သမာပတ်ကိုးပါးတို့ကို အနုလုံ, ပဋိလုံအားဖြင့် ဝင်စားတော်မူပြီးနောက် တဖန် ပဌမဈာန်မှစ၍ စတုတ္ထဈာန် တိုင်အောင် ဝင်စားတော်မူပြန်လေ၏။ ထိုစတုတ္ထဈာန်မှ ထ၍ အခြားမဲ့မှာပင် မဟာပထဝီ ဤမြေကြီးကို ပဲ့တင်ထပ်စေလျက် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ခန္ဓပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော် မူလေသတည်း။

မယ်တော် ရူပသာရီပုဏ္ဏေး သူဌေးကတော်ကြီးသည် “ငါ့ သားသည် အဘယ်သို့ဖြစ်ပါလိမ့်၊ တစုံတရာကိုမျှ မပြောဆိုတော့ ပါတကား”ဟု အောက်မေ့ကာ နေရာမှထ၍ မထေရ်မြတ်၏ ခြေဖမိုးကို ပွတ်သပ်စုံစမ်းလတ်သော် ပရိနိဗ္ဗာန်စံတော်မူကြောင်း ကောင်းစွာသိ၍ ကျယ်စွာသောအသံကိုပြုလျက် မထေရ်မြတ်၏ ခြေတို့၌ ဦးတိုက်ပြီးလျှင် “ချစ်သား....မယ်တော်တို့သည် ဤအချိန် မှ ရှေးကာလက သင်ချစ်သား၏ ဂုဏ်ကျေးဇူးကို မသိခဲ့ကြကုန်၊ ယခုမူကား သင်ချစ်သားကို အစအဦး အမှူးပြုကာ ရာပေါင်း များစွာ,ထောင်ပေါင်းများစွာ,သိန်းပေါင်းများစွာသော ရဟန်း တို့ကို ဤမယ်တော့်နေအိမ်၌ ပင့်ဖိတ်ထိုင်နေကြစေကာ ဆွမ်း ကျွေးခွင့်ကို မရတော့ပြီတကား၊ ဝတ်စုံသင်္ကန်း လှူဒါန်းနိုင်ခွင့်ကို မရတော့ပြီတကား၊ ကျောင်းပေါင်း အရာ, အထောင် ဆောက် လုပ်စေနိုင်ခွင့်ကို မရတော့ပြီတကား”—ဤသို့ အစရှိသည်ဖြင့် အရုဏ်တက်သည်တိုင်အောင် ငိုကြွေးရှာလေ၏။ မယ်တော်ကြီး သည် နေအရုဏ်တက်လျှင် တက်ခြင်း ရွှေပန်းထိမ်သည်တို့ကို

ခေါ်စေ၍ ရွှေတိုက်များကို ဖွင့်စေပြီးလျှင် ရွှေတုံးရွှေစိုင်တို့ကို ချိန်ခွင်ကြီးဖြင့် ချိန်စေပြီးနောက် "အမောင်တို့....၍ ရွှေတုံးရွှေစိုင်တို့ဖြင့် ရွှေပြာသာဒ်ငါးရာ, ရွှေမဏ္ဍပ်ငါးရာတို့ကို ပြုလုပ်တည်ဆောက်ကြလော့" ဟု ပြောဆိုကာ ပေးအပ်လိုက်လေ၏။

သိကြားနတ်မင်းသည်လည်း ဝိသကြုံနတ်သားကို ခေါ်၍ "အမောင်ဝိသကြုံ .... ဓမ္မသေနာပတိ သာရိပုတ္တရာထေရ်သည် ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီ၊ အမောင်သည် ရွှေပြာသာဒ်ငါးရာနှင့် ရွှေမုခ်ဦးတဲနန်းမဏ္ဍပ် ငါးရာတို့ကို ဖန်ဆင်းလော့" ဟု အမိန့်ပေးလေ၏။ ဝိသကြုံနတ်သားသည်လည်း သိကြားမင်းအမိန့်အတိုင်း ရွှေပြာသာဒ်ငါးရာနှင့် ရွှေမုခ်ဦးတဲနန်းမဏ္ဍပ်ငါးရာတို့ကို ခဏချင်း ဖန်ဆင်းလေ၏။ ဤသို့လျှင် မယ်တော်ကြီး ပြုလုပ်စေအပ်သော ရွှေပြာသာဒ်ငါးရာ, ရွှေမုခ်ဦးတဲနန်းမဏ္ဍပ်ငါးရာ, ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော ရွှေပြာသာဒ်ငါးရာ, ရွှေမုခ်ဦးတဲနန်းမဏ္ဍပ် ငါးရာအားဖြင့် ရွှေပြာသာဒ်နှင့် ရွှေမဏ္ဍပ် ပေါင်း နှစ်ထောင်တို့ ဖြစ်သတည်း။

ထို့နောင်မှ နာလကရွာကြီး၏ အလယ်၌ အခိုင်အမာ ကြီးစွာသော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေပြီးလျှင် ထိုမဏ္ဍပ်ကြီး အလယ်၌ အကြီးဆုံးသောရွှေပြာသာဒ်ကြီးကိုထားရှိ၍ ကျန်သော ပြာသာဒ်များကို အခြံအရံ မဏ္ဍပ်များအနေအားဖြင့် ထားရှိကြပြီးသော် သာဓုကီဠနသဘင်ကို ဆင်ယင်ကျင်းပကြလေကုန်၏၊ ထိုသာဓုကီဠနသဘင်ဝယ် လူတို့၏အကြား၌ နတ်များ, နတ်တို့၏ အကြား၌ လူများ စည်ကားသိုက်မြိုက်စွာ သွားလာကော်ရော် ပူဇော်ကြလေ၏။

### ရေဝတီအမျိုးသမီးအကြောင်း

မထေရ်မြတ်၏ တပည့်မဒါယိကာဖြစ်သော ရေဝတီမည်သော ဥပါသိကာမသည် "ငါသည် မထေရ်မြတ်အား ပူဇော်မှုကို ပြုပေအံ့" ဟု ကြံစည်ကာ ရွှေပန်းအိုးသုံးလုံးတို့ကို ပြုလုပ်စေပြီးလျှင် ဈာပနသဘင် ဆင်ယင်ကျင်းပရာသို့ လာရောက်ခဲ့လေ၏၊ ထိုအချိန်

၌ "မထေရ်မြတ်အား ပူဇော်မှုကို ငါပြုအံ့" ဟူသော အကြံဖြင့် သိကြားနတ်မင်းသည် နတ်သမီးကခြေသည်ပေါင်း (၂၅၀၀၀၀၀၀) နှစ်ကုဋေငါးသန်း ခြံရံအပ်လျက် လူ့ပြည်သို့ သက်ဆင်းလာလေ၏။ "သိကြားမင်း လူ့ပြည်သို့ သက်ဆင်းလာ၏" ဟု လူများအပေါင်းသည် နောက်သို့မျက်နှာပြုကာ ဖဲဆုတ်၍လာလေ၏။ ထိုပရိသတ်၌ ရေဝတီဒါယိကာမသည်လည်း အများနည်းတူ ဖဲဆုတ်လေလျှင် ကိုယ်မအား (= ကိုယ်ဝန်) ရှိသောကြောင့် လွတ်ရောက်ရာအရပ်၌ ဆုတ်ဖယ်ခြင်းငှါ မတတ်နိုင်ရှာပဲ လူတို့၏ အကြား၌ တိမ်းလည်းလေ၏။ လူတို့သည် ရေဝတီကို မမြင်ကြသည်ဖြစ်၍ နင်းချင်း၍ သွားကြလေကုန်၏။ ရေဝတီဒါယိကာမသည် ထိုအရပ်၌ပင် စုတိပြုတ်ကြွေ သေလွန်ခဲ့၍ တာဝတိံသာနတ်ပြည်ဝယ် ရွှေဗိမာန်၌ ဖြစ်လေ၏။ ဖြစ်သောခဏမှာပင် ထိုရေဝတီနတ်သမီး၏ ခန္ဓာကိုယ်အတ္တဘောမှာ ရတနာတုံး ရတနာစိုင်ကြီးကဲ့သို့ သုံးဂါဝုတ်ခန့် ပမာဏ ရှိလေသည်၊ ထိုနတ်သမီး၏ အဆင်းတန်းဆာတို့မှာ လည်းအစီးခြောက်ဆယ်တိုက်ခန့်ပမာဏ ရှိ၍ အခြံအရံ နတ်သမီးတို့မှာ တထောင်တို့ ရှိကြလေသည်။

ထိုနောင်မှ အခြံအရံ နတ်သမီးတို့သည် နတ်၌ဖြစ်သော ကိုယ်လုံးပေါ်မှန်ကြီးကို ရေဝတီနတ်သမီး၏ ရှေ့၌ ချထားလာကြကုန်၏။ ရေဝတီနတ်သမီးသည် ကြီးစွာသော မိမိ၏ စည်းစိမ်အသရေကို မြင်လတ်သော် "ဤစည်းစိမ်ကား ပြန့်ပြောများကြွယ် ကြီးကျယ်လှဘိ၏၊ ငါသည် အဘယ်သို့သောကောင်းမှု ကုသိုလ်ကံကို ပြုအပ်ခဲ့သနည်း" ဟု ကြံစည်ဆင်ခြင်လေ၏။ ထိုအခါ ရေဝတီနတ်သမီးသည် "ငါကား သာရိပုတ္တရာမထေရ်မြတ်၏ ပရိနိဗ္ဗာန်စံရာဌာန၌ ရွှေပန်းအိုးသုံးလုံးတို့ဖြင့် ပူဇော်မှုကို ပြုအပ်ခဲ့လေပြီ၊ လူများအပေါင်းသည် ငါ့ကို နင်း၍ သွားကြလေပြီ၊ ငါသည် ထိုနေရာ၌ပင် စုတိပြုတ်ကြွေ သေလွန်ခဲ့၍ ဤတာဝတိံသာနတ်ပြည်၌ ဥပပတ်ပဋိသန္ဓေ ကပ်ရောက်ဖြစ်ပွါးလာလေသည်၊ မထေရ်မြတ်ကို အမှီပြု၍ ရအပ်သော ကောင်းမှုအကျိုးကို ငါသည် ယခုအခါ လူတို့အား ထင်ရှားစွာ ပြောကြားပေတော့အံ့" ဟု ကြံ

အောက်မေ့၍ ရွှေမိမာန်ကြီးနှင့်တကွ လူ့ပြည်သို့ သက်ဆင်းလာလေ၏။

လူများအပေါင်းသည် အဝေးမှပင် ရွှေမိမာန်ကို မြင်ကြ၍ "အသို့နည်း နေနှစ်စင်းတို့ တက်ထွန်းလာကြလေသလော" ဟု တအံ့တသြ ကြည့်ရှုကြစဉ် ဗိမာန်ကြီးတရွေ့ရွေ့ နီးကပ်၍လာလတ်သော် ရွှေပြာသာဒ်သဏ္ဍာန် ထင်၍လာလေ၏။ ထိုအခါ လူများအပေါင်းသည် "၎င်း အရာဝတ္ထုကား နေမဟုတ်၊ ရွှေမိမာန်ကြီးတဆောင် ဖြစ်သည်" ဟု ပြောဆိုကြလေ၏။ ထိုရွှေမိမာန်သည်လည်း ထိုလူများ ပြောကြားနေစဉ် ခဏမှာပင် အနီးသို့ ရောက်လာ၍ မဟောင်္ဂလာ၏ ဥတုဇရုပ်ကလာပ်ကို သဂြိုဟ်ရန် စုပုံ၍ထားအပ်သော နံ့သာထင်းပုံထက်ဝယ် ကောင်းကင်၌ ရပ်တည်လာလေ၏။ ရေဝတီနတ်သမီးသည် ရွှေမိမာန်ကြီးကို ကောင်းကင်၌ပင် ထားခဲ့၍ မြေအပြင်သို့ သက်ဆင်းလာလေ၏။ လူများအပေါင်းက "ရှင်မ....သင်သည် အဘယ်သူနည်း" ဟု မေးကြလေလျှင် ရေဝတီနတ်သမီးသည် "သင်တို့သည် ငါ့ကို မသိကြဘူးလော၊ ငါကား ရေဝတီအမည်ရှိသောသူမ ဖြစ်လေသည်၊ ရွှေပန်းအိုး သုံးလုံးတို့ဖြင့် မထေရ်မြတ်ကို ပူဇော်မှု ပြု၍ လူများအနင်းခံရကာ စုတိပြတ်ကြွေ သေလွန်ပြီးလျှင် တာဝတိံသာ နတ်ပြည်၌ ငါ ဖြစ်ရလေပြီ၊ ငါ၏ စည်းစိမ်အသရေကို ကြည့်ရှုကြလော့၊ သင်တို့သည်လည်း ယခုအခါ အလှူဒါနကို ပေးလှူကြလော့၊ ထို့မှတပါး ကောင်းမှုများကိုလည်း ပြုလုပ်ကြလော့" ဟု ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၏ ဂုဏ်ကျေးဇူးစကားကိုပြောကြားပြီးလျှင် မထေရ်မြတ်၏ နံ့သာထင်းပုံကို လက်ျာရစ်လှည့်ကာ ရှိခိုးပြီးနောက် မိမိ၏နေရာ တာဝတိံသာနတ်ပြည်ဌာနသို့ပင် ပြန်သွားလေသတည်း။ (၎င်းကား ရေဝတီအမျိုးသမီးအကြောင်းတည်း)။

### ဓာတ်တော်များကို စုန္ဒမထေရ် သာဝတ္ထိသို့ ယူဆောင်ခြင်း

လူများအပေါင်းသည်လည်း ခုနစ်ရက်ပတ်လုံး သာဓုကီဠ-နသဘင် ဆင်ယင်ကျင်းပကြပြီးလျှင် နံ့သာမျိုးစုံ ထင်းပုံကို ပြုလုပ်

ကြလေ၏၊ နံ့သာထင်းပုံကား အမြင့်သံတောင် (၉၉) ကိုးဆယ့်ကိုးတောင် ရှိ၏၊ မထေရ်မြတ်၏ ဥဟုဇရုပ်ကလာပ်ကို နံ့သာထင်းပုံထက်သို့ တင်၍ပန်းရင်းနံ့သာမြက်စည်းတို့ဖြင့် မီးတိုက်ကြလေ၏။ မီးသင်္ဂြိုဟ် ရှာပနမှ ပြီးရာ၌ ဌာနဝယ် တညဉ့်ပတ်လုံး တရားပွဲကြီးသဘင် ဆင်ယင်ကျင်းပလေသည်။နံနက်မိုးသောက် ရောက်သောကာလ အနုရုဒ္ဓါမထေရ်မြတ်သည် အလုံးစုံသော နံ့သာရေဖြင့် မထေရ်မြတ်၏ ရုပ်ကလာပ်သင်္ဂြိုဟ်ရာ နံ့သာထင်းမီးပုံကို ငြိမ်းသတ်တော်မူလေ၏။ အရှင်သာရိပုတ္တရာမထေရ်၏ ညီတော်အရင်းဖြစ်သော အရှင်စုန္ဒမထေရ်သည် ဓာတ်တော်များကို ရေစစ်၌ ထည့်ပြီးလျှင် "ယခုအခါ ငါသည် ဤနေရာ၌ပင် ရပ်တည်နားနေရန် မတတ်နိုင်ပေ၊ ငါ၏ဘနောင်ကြီး ဓမ္မသေနာပတိသာရိပုတ္တရာမထေရ်၏ ပရိနိဗ္ဗာန် စံလွန်တော်မူကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားပေအံ့"ဟု ကြံစည် ဆင်ခြင်၍ ဓာတ်တော်ထည့်သော ရေစစ်နှင့် မထေရ်မြတ်၏ သပိတ်, သင်္ကန်း-စသော ပရိဘောဂ အသုံးအဆောင်များကို ယူဆောင်ခဲ့၍ သာဝတ္ထိပြည်သို့ သွားလေ၏။ ခရီးစခန်း တထောက် တထောက်ရောက်ရာ ဌာန၌ နှစ်ညဉ့်မနေပဲ အလုံးစုံသော အရပ်၌ပင် တညဉ့်သာမျှ တည်းခိုနားနေတော်မူသဖြင့် သာဝတ္ထိ ပြည်သို့ဆိုက်ရောက်တော်မူလေ၏။

ထိုအခါ အရှင်စုန္ဒမထေရ်သည် ဇေတဝန်ကျောင်းတိုက်အနီးရေကန်၌ ရေချိုးပြီး ကမ်းသို့တက်၍ ကောင်းစွာ ဝတ်ရုံပြီးလျှင် "ဘုရားရှင်တို့မည်သည် ကျောက်ထီးတန္တု၊ အခလေးပြုအပ်သည့် ပုဂ္ဂိုလ်မြတ်ကြီးများ ဖြစ်ချေသည်၊ ပါးပျဉ်းထောင်သော မြွေအလား ခြင်္သေ့နှင့်ကျား အမုန်ယစ်သော ဆင်ကြီးများပမာ လွန်စွာ ချဉ်းကပ်နိုင်ခဲဘုန်၏၊ ငါသည် ဘုရားရှင်ထံတော်မှောက်သို့ ဖြောင့်ဖြောင့်သွားရောက်က မလျှောက်ထားဝံ့ချေ၊ အဘယ်သူ့ထံ သွားရပါမည်နည်း"ဟု ကြံ၍ "ငါ၏ ဥပဇ္ဈာယ်ဆရာ တရားဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်မြတ်သည် ငါ၏နောင်ကြီး မထေရ်မြတ်ကြီး၏ အလွန်ရင်းနှီးမြင့်မြတ်သော သူငယ်

ချင်း ဖြစ်လေသည်၊ ထိုအရှင်အာနန္ဒာမထေရ်မြတ်ထံ သွားရောက်၍ အကြောင်းအကျိုးကို လျှောက်ထားပြီးလျှင် မထေရ်မြတ်ကို အပါပင့်ခေါ်ပြီးမှ မြတ်စွာဘုရားနှင့် လျှောက်ထားပြောကြားတော့မည်” ဟု ဆင်ခြင်မိကာ အရှင်အာနန္ဒာမထေရ်ထံမှောက်သို့ သွားရောက် ရှိခိုးကာ အပြစ်လွတ်ရာအရပ်၌ ထိုင်နေပြီးသော် အရှင်အာနန္ဒာမထေရ်မြတ်ကို “အရှင်ဘုရား….အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန် စံတော်မူပါပြီ၊ ဤသည်ကား အရှင်သာရိပုတ္တရာ၏ သပိတ်,သင်္ကန်းပါတည်း၊ ဤသည်ကား ဓာတ်တော်ထည့်သော ရေစစ်ပါတည်း”ဟု တခုစီ ဖော်ပြ လျှောက်ထားလေ၏။ (ဤ၌ အရှင်စုန္ဒသည် မြတ်စွာဘုရား၌၎င်း, မိမိ၏ ဥပဇ္ဈာယ်ဆရာ အရှင်အာနန္ဒာ၌၎င်း လွန်စွာ အလေးပြုသောကြောင့် မြတ်စွာဘုရားထံသို့ ဖြောင့်ဖြောင့် တောက်လျှောက် မသွားပဲ အရှင်အာနန္ဒာမထေရ်ထံသို့ ရှေးဦးစွာ သွားသည်ဟု မှတ်ယူရာ၏။)

ထိုအခါ အရှင်အာနန္ဒာသည် “ငါ့ရှင်စုန္ဒ…. မြတ်စွာဘုရားကို ဖူးမြော်ရန် ဤစကားအရင်းအနှီးသည် ရှိခဲ့လေပြီ၊ ငါ့ရှင်စုန္ဒ…. လာ, သွားကြစို့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်စို့” ဟု မိန့်ဆိုကာ အရှင်စုန္ဒကို အတူခေါ်ခဲ့၍ မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက် ရှိခိုးကြလျက် အပြစ်လွတ်ရာအရပ်၌ ထိုင်နေကြပြီးသော် အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို—

> “မြတ်စွာဘုရား…. သမဏုဒ္ဒေသ = သာမဏေ ဟူ၍ အမည်ရသော ဤအရှင်စုန္ဒသည် အရှင်ဘုရား…. အရှင်သာရိပုတ္တရာသည်—ပရိနိဗ္ဗာန်စံတော်မူပါပြီ၊ ဤသည်ကား အရှင်သာရိပုတ္တရာ၏ သပိတ်, သင်္ကန်းပါတည်း၊ ဤသည်ကား ဓာတ်တော်ထည့်သော ရေစစ်ပါတည်း”ဟုလျှောက်ထားပါ၏”—

ဟု လျှောက်ဆိုကာ အရှင်သာရိပုတ္တရာ၏ ဓာတ်တော်ထည့်ယူခဲ့သော ရေစစ်ကို မြတ်စွာဘုရားရှင်လက်တော်သို့ ဆက်ကပ်လေ၏။

မြတ်စွာဘုရားရှင်သည် လက်တော်ကို ဆန့်၍ ခေတ်တော် ရေစစ်ကို ခံယူပြီးလျှင် လက်ဖဝါးတော်အပြင်၌ တင်ထားပြီး နောက် ရဟန်းတို့ကို—

"ချစ်သားရဟန်းတို့....လွန်ခဲ့သော ၁၅-ရက်အထက်က တန်ခိုးပြာဋိဟာပေါင်း များစွာတို့ကို ပြ၍ အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ဝင်စံဖို့ရန် ငါဘုရားထံ ခွင့်ပန်ခဲ့လေပြီ၊ ယခုအခါ ထိုသာရိပုတ္တရာ၏ ခရုသင်းပွတ်သစ် အတူ စင်ဖြူသော သာရီရိကဓာတ်တော်များသာ ထင်ရှား ကျန်ရှိလေတော့ပြီ။

ရဟန်းတို့....ထိုသာရိပုတ္တရာရဟန်းသည် တသင်္ချေနှင့် ကမ္ဘာတသိန်းကြာ ပါရမီတို့ကို ဖြည့်ကျင့်ပြီးသူ ဖြစ်လေသည်။ ထိုသာရိပုတ္တရာရဟန်းသည် ငါဘုရား လည်စေ= ဖြစ်စေ=ဟောမြွက်အပ်ပေသော ဓမ္မစက်ကို ငါ့နောက် လိုက်ကာ လည်စေ=ဖြစ်စေ=ဟောမြွက်သော ပုဂ္ဂိုလ် ဖြစ်ပေသည်။ ထိုသာရိပုတ္တရာရဟန်းသည် ငါဘုရားမှ ထောက် နှစ်ခုမြောက်သောနေရာကို ကောင်းစွာရရှိသူ ဖြစ်ပေသည်။

ထို သာရိပုတ္တရာရဟန်းသည် သာဝကသန္နိပါတကို လှလှကြီးပြည့်စေသူ ဖြစ်ပေသည်၊ (အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့၌ သာဝကသန္နိပါတ ဖြစ်သည်ကို ရည်၍ မိန့်တော်မူခြင်း ဖြစ်သည်)။ ငါဘုရားကို ထား၍ ဇာတိခေတ် စကြဝဠာပေါင်း တိုက်တသောင်းတို့၌ ပညာ ဂုဏ်အားဖြင့် အတူမရှိသူ ဖြစ်လေသည်။

ထို သာရိပုတ္တရာရဟန်းသည် ကြီးသောပညာရှိသူ, ကျယ်ပြန့်သောပညာရှိသူ, ရွှင်သောပညာရှိသူ, လျင်သော ပညာရှိသူ, ထက်သောပညာရှိသူ, ကိလေသာကို ဖောက် ထွင်းနိုင်သောပညာရှိသူ ဖြစ်ပေ၏။ ထို သာရိပုတ္တရာ ရဟန်းသည် အလိုနည်းသူ, ရောင့်ရဲလွယ်သူ, နိဝရဏတို့မှ

ဆိတ်သူ, လူတို့နှင့်ရောနှောခြင်းမှကင်းသူ, ထက်သန်သော လုံ့လရှိသူ, အပြစ်ပြ၍ ဆိုဆုံးမတတ်သူ, မကောင်းမှုနှင့် မကောင်းပြုသောသူတို့ကို မျက်နှာမငဲ့ ကဲ့ရဲ့တတ်သူ ဖြစ်ပေသည်။

ချစ်သားရဟန်းတို့....ထိုသာရိပုတ္တရာရဟန်းသည် (က) ဘဝပါးရာ ကာလတို့ပတ်လုံး ကြီးစွာသောစည်းစိမ်တို့ကို ပယ်စွန့်၍ ရဟန်းပြုခဲ့သူ ဖြစ်ပေ၏။ (ခ) ထိုသာရိပုတ္တရာ ရဟန်းသည် ငါဘုရားသာသနာ၌မဟာပထဝီမြေကြီးတရှိ သည်းခံချိသော ပုဂ္ဂိုလ်ဖြစ်ပေ၏။ (ဂ) ထိုသာရိပုတ္တရာ ရဟန်းသည် ဦးချိုကျိုးသော နွားလားပမာ မာန် မာန နည်းလှစွာ၏။ ထိုသာရိပုတ္တရာရဟန်းသည် ဒွန်းစဏ္ဍား၏ သားနှင့်အတူ နှိမ့်ချသောစိတ်ရှိသူလည်း ဖြစ်ပေ၏။

ချစ်သားရဟန်းတို့....ကြီးသော ပညာရှိသော သာရိပုတ္တရာ၏ ဓာတ်တော်များကို ရှုကြကုန်လော့။ ရဟန်းတို့.... ကျယ်ပြန့်သော ပညာရှိသော, ရွှင်သော ပညာရှိသော, လျင်သော ပညာရှိသော, ထက်သော ပညာရှိသော, ခြေလသာကို ဖောက်ထွင်းနိုင်သော ပညာရှိသော, အလို နည်းသော, ရောင့်ရဲလွယ်သော, နိဝရဏတို့မှဆိတ်သော, လူတို့နှင့် ရောနှောခြင်းမှကင်းသော, ထက်သန်သောလုံ့ လရှိသော, အပြစ်ပြ၍ ဆိုဆုံးမတတ်သော, မကောင်းမှုနှင့် မကောင်းပြုသောသူတို့ကို မျက်နှာမငဲ့ ကဲ့ရဲ့တတ်သော သာရိပုတ္တရာ၏ ဓာတ်တော်များကို ရှုကြကုန်လော့။ (ဤ ကဲ့သို့ စကားပြေစုဏ္ဏိယဖြင့် မိန့်တော်မူပြီးနောက်)—

ယော ပဗ္ဗဇိ ဇာတိသတာနိ ပဉ္စ၊
ပဟာယ ကာမာနိ မနောရမာနိ။
တံ ဝီတရာဂံ သုသမာဟိတိန္ဒြိယံ၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ (၁)

ဘိက္ခဝေ=ရဟန်းတော်များ ဒိုချစ်သားတို့....။ ယော သာရိပုတ္တော = အကြင်သာရိပုတ္တရာ မည်သာခေါ်မှတ်

ရဟန်းမြတ်သည်။ မနောရမာနိ = စိတ်နှလုံးကို ရွှင်ပြုံး မွေ့လျော်စေနိုင်ကုန်သော။ ကာမာနိ = ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို။ ပဟာယ = မငဲ့မကွက် ရက်ရက်စွန့် ပယ်၍။ ပဗ္ဗဇာတိသတာနိ=ဘဝများစွာ ငါးရာတို့ကာလ ပတ်လုံး။ ပဗ္ဗဇိ = သဒ္ဓါလုလု ရဟန်းပြုခဲ့လေပြီ။ ဝီတရာဂံ = ယခုဝါဝယ် တဏှာရာဂ လုံးဝကင်းပြီးထသော။ သုသမာဟိတိန္ဒြိယံ = ကောင်းစွာတည်ငြိမ် သမာဓိေန္ဒြေလည်း ရှိပေထသော။ ပရိနိဗ္ဗုတံ = ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းပြီးထသော။ တံ သာရိပုတ္တံ = ထို သာရိပုတ္တရာ မည်သာခေါ်မှတ် ရဟန်းမြတ်ကို။ ဝန္ဒထ = သဒ္ဓါရိုကျိုး မာန်စွယ်ချိုး၍ ရှိခိုးဦးနှိမ်ကြကုန်လော့။

ခန္တိဗလော ပထဝိသမော န ကုပ္ပတိ၊
န စာပိ စိတ္တဿ ဝသေန ဝတ္တတိ။
အနုကမ္ပကော ကာရုဏိကော စ နိဗ္ဗုတော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ (၂)

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့....။ယော သာရိပုတ္တော = အကြင်သာရိပုတ္တရာ မည်သာခေါ်မှတ် ရဟန်းမြတ်သည်။ ခန္တိဗလော = အလွန်အလွန် သည်းခံ ဘိခြား အဓိဝါသနခန္တိတရားလျှင် ခွန်အားရှိသူဖြစ်၍။ ပထဝိသမော = မဟာပထဝီ ဤမြေနှင့်းယှူ ပုံစံတူသည် ဖြစ်၍။ နကုပ္ပတိ = ပြင်သူတဖက်အား အမျက်မထွက် တတ်ချေ။ စိတ္တဿ = မတည်ငြိမ်ခြား စိတ်တရား၏။ ဝသေန = အလိုအကြိုက် သူ့စရိုက်ဖြင့်။န စာပိ ဝတ္တတိ= မည်သည့်အခါမျှ မလိုက်ပါချေ။ အနုကမ္ပကော = ပြော ထူများစွာ သတ္တဝါကို မေတ္တာပွံ့ထောက် စောင့်ရှောက် တတ်ပေ၏။ ကာရုဏိကော စ = ကြင်နာဆပ္ပါး သနား လည်း သနားတတ်ပေ၏။ နိဗ္ဗုတော = ကိလေသာဟူ အပူမလိမ်း အေးငြိမ်းပြီးသူလည်း ဖြစ်ပေ၏။ပရိနိဗ္ဗုတံ = ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းပြီးထသော။ တံ

သာရိပုတ္တံ = ထိုသာရိပုတ္တရာ မည်သာခေါ်မှတ် ရဟန်းမြတ်ကို။ ဝန္ဒထ = သဒ္ဓါရှိကျိုး မာန်စွယ်ချိုး၍ ရှိခိုးဦးနှိမ်ကြကုန်လော့။

စဏ္ဍာလပုတ္တော ယထာ နဂရံ ပဝိဋ္ဌော၊
နီစမနော စရတိ ကဠောပိဟတ္ထော။
တထာ အယံ ဝိစရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ (၃)

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့....။ နဂရံ ပဝိဋ္ဌော = မြို့ရွာအတွင်း ထမင်းအရှာ ဝင်ရောက်သော။ စဏ္ဍာလပုတ္တော = ဆင်းရဲလှပြား ဒွန်းစဏ္ဍားသားသည်။ ကဠောပိဟတ္ထော = နှီးဖြင့်လုပ်ရက် နပ်စုတ်သော ခွက်ကိုလက်ဝယ်ကိုင်စွဲလျက်။ နီစမနော = မာန်မတက်ကြွ နှိမ့်ချသောစိတ်ရှိလျက်။ စရတိ ယထာ = လှည့်လည်ကျက်စားသွားလာသကဲ့သို့။ တထာ=ထို့အတူ။ အယံ သာရိပုတ္တော = ဤသာရိပုတ္တရာ မည်သာခေါ်မှတ် ရဟန်းမြတ်သည်။ နီစမနော = မာန်မတက်ကြွ နှိမ့်ချသောစိတ် ရှိလျက်။ ဝိစရတိ = လှည့်လည်ကျက်စား သွားလာလေ့ ရှိပေ၏။ ပရိနိဗ္ဗုတံ = ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ခန္ဓာဇာတ်သိမ်းပြီးထသော။ တံ သာရိပုတ္တံ = ထိုသာရိပုတ္တရာ မည်သာခေါ်မှတ် ရဟန်းမြတ်ကို။ ဝန္ဒထ = သဒ္ဓါရှိကျိုး မာန်စွယ်ချိုး၍ ရှိခိုးဦးနှိမ်ကြကုန်လော့။

ဥသဘော ယထာ ဆိန္နဝိသာဏကော၊
အဟေဌယန္တော စရတိ ပုရန္တရေ ဝနေ။
တထာ အယံ ဝိဟရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။ (၄)

ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားတို့ ....။ ဆိန္နဝိသာဏကော ဥသဘော = ဦးချိုကျိုးပြား ဥသဘနွားလားသည်။ ပုရန္တရေ = မြို့ရွာအတွင်း၌ရင်း။ ဝနေ = တောင်၌ရင်း။ အဟေဌယန္တော = မည်သူ့ကိုမျှ နှိပ်စက်

ညှဉ်းပန်းမှု အလျှင်းပင် မပြုသည်ဖြစ်၍။ စရတိ ယထာ = လှည့်လည်ကျက်စား သွားလာနေထိုင်သကဲ့သို့။ တထာ= ထို့အတူ။ အယံ သာရိပုတ္တော = ဤသာရိပုတ္တရာ မည်သော ခေါ်မှတ် ရဟန်းမြတ်သည်။ အဟေဌယန္တော = မည်သူ့ ကိုမျှ နှိပ်စက်ညှဉ်းပန်းမှု အလျှင်းပင် မပြုသည် ဖြစ်၍။ ဝိဟရတိ ≐ လျောင်း,ထိုင်,ရပ်,သွား = လေးပါးယာပထ မျှတတင့်တယ် နေစံပယ်လေ့ ရှိပေ၏။ ပရိနိဗ္ဗုတံ = ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းပြီးထသော။ တံ သာရိပုတ္တံ=ထိုသာရိပုတ္တရာ မည်သာခေါ်မှတ် ရဟန်း မြတ်ကို။ ဝန္ဒထ = သဒ္ဒါရိုကျိုး မာန်ခွယ်ချိုး၍ ရှိခိုးဦးနှိမ် ကြကုန်လော့”—

ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရားရှင်သည် ဂါထာငါးရာတို့ဖြင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို ချီးကျူး ဟောကြားတော်မူလေ၏။

မြတ်စွာဘုရားရှင်က မထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို အနည်း နည်း အဖုံဖုံ ဟောကြားလေလေ အရှင်အာနန္ဒာမထေရ်မြတ် သည် ထောက်ရာတည်ရာမရ ဖြစ်လေလေ ရှိတော့၏၊ ကြောင်၏ ခံတွင်းဝ ကျရောက်နေသော ကြက်ကဲ့သို့ မတည်မရပ်နိုင် တဖျပ် ဖျပ်တုန်လှုပ်လျက် ရှိလေ၏။ ထို့ကြောင့် အရှင်အာနန္ဒာမထေရ် သည် မြတ်စွာဘုရားရှင်ကို—

“မြတ်စွာဘုရား....‘အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန် စံဝင်ပြီ’ဟု ကြားရသောကြောင့် အထူးအားဖြင့် တပည့် တော်၏ ကိုယ်သည် လေးလံ တောင့်တင်းသကဲ့သို့ ဖြစ်ပါ ၏၊ အရပ်မျက်နှာတို့သည်လည်း တပည့်တော်၏ အဖို့ရာ မထင်ပါကုန်၊ တရားတို့သည်လည်း တပည့်တော်၏ အဖို့ရာ မထင်ပါကုန် (=မသင်ရသေးသော ပရိယတ် တရားတို့ကို သင်ယူရန်, သင်ပြီးသော ပရိယတ်တရား တို့ကို ရွတ်ဖတ်သရဇ္ဈာယ်ရန် စိတ်မဖြစ်ပါ-ဟု ဆိုလို သည်)”—

ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို သက်သာရာရစေတော်မူလိုသည်ဖြစ်၍—

"ချစ်သားအာနန္ဒာ....သာရိပုတ္တရာသည် သင်ချစ်သား၏ သီလကျေးဇူးအစုကို ယူဆောင်၍ ပရိနိဗ္ဗာန် စံလေသလော၊ သမာဓိကျေးဇူးအစု, ပညာကျေးဇူးအစု, လွတ်မြောက်မှု = ဝိမုတ္တိခေါ်သော မင်္ဂိုလ်ကျေးဇူးအစု, လွတ်မြောက်မှုကို သိသောဉာဏ်အမြင် = ဝိမုတ္တိဉာဏ-ဒဿနခေါ်သော ပစ္စဝေက္ခဏာဉာဏ် ကျေးဇူးအစုကို ယူဆောင်၍ ပရိနိဗ္ဗာန်စံလေသလော"—

ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား···· အရှင်သာရိပုတ္တရာသည် တပည့်တော်၏ သီလကျေးဇူးအစုကို ယူဆောင်၍ ပရိနိဗ္ဗာန်စံသည် မဟုတ်ပါ၊ သမာဓိကျေးဇူးအစု, ပညာကျေးဇူးအစု, ဝိမုတ္တိကျေးဇူးအစု, ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးအစုကို ယူဆောင်၍ ပရိနိဗ္ဗာန် စံသည်မဟုတ်ပါ။

မြတ်စွာဘုရား....စင်စစ်သော်ကား အရှင်သာရိပုတ္တရာသည် တပည့်တော်အား ဆုံးမပါ၏၊ တရား၌ သက်ဝင်စေပါ၏၊ တရားကို သိစေပါ၏၊ တရားကို ဆောက်တည်စေပါ၏၊ တရားကျင့်သုံးရန် ထက်သန်စေပါ၏, ရွှင်လန်းစေပါ၏၊ တရားဟောရန် ကြောင့်ကြစိုက်ပါ၏၊ သီတင်းသုံးဖော်တို့ကို ချီးမြှောက်တတ်ပါ၏၊ တပည့်တော်တို့သည် အရှင်သာရိပုတ္တရာ၏ ထို တရားဩဇာ, တရားအသုံးအဆောင်, တရားဖြင့် ချီးမြှောက်မှုများကို အစဉ်မပြတ် အောက်မေ့မိပါကုန်၏"—

ဟု ပြန်ကြား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် "ဤအာနန္ဒာရဟန်းသည် အလွန်လျှင် ပင်ပန်းတိ၏" ဟု

ဆင်ခြင် သိမြင်တော်မူကာ တဖန် သက်သာရာ ရစေတော်မူလိုပြန် သည်ဖြစ်၍—

"ချစ်သားအာနန္ဒာ··· ချစ်ခင်မြတ်နိုးအပ်သောသူအားလုံးတို့နှင့် ရှင်လျက် ကွဲကွာခြင်း = နာနာဘာဝ, သေ၍ ကွဲကွာခြင်း = ဝိနာဘာဝ, ဘဝခြားလျက်ကွဲကွာခြင်း = အညထာဘာဝကို ရှေးမဆွကပင် ငါဘုရား ဟောကြားအပ်ခဲ့ပြီမဟုတ်ပါလော။ ချစ်သားအာနန္ဒာ···· ဤအရာ၌ အသစ်ဖြစ်ပေါ်ခြင်း, ထင်ရှားဖြစ်ပေါ်ခြင်း, ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်းသဘောရှိသော တရားကို မပျက်စီးပါစေလင့်ဟု လိုလား တောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်အံ့နည်း၊ ဤသို့ရနိုင်ရန် အကြောင်း မရှိချေ။

ချစ်သားအာနန္ဒာ .... အနှစ်ရှိသော သစ်ပင်ကြီးသည် တည်ရှိနေစဉ် အကြီးဆုံးသော အကိုင်းသည် ပျက်စီးရာသကဲ့သို့ ထို့အတူပင် အနှစ်ရှိသော များစွာသော ရဟန်းအပေါင်းသည် တည်ရှိနေစဉ် သာရိပုတ္တရာသည် ပရိနိဗ္ဗာန် စံခဲ့လေပြီ၊ ချစ်သားအာနန္ဒာ....ဤအရာ၌ အသစ်ဖြစ်ပေါ်ခြင်း, ထင်ရှားဖြစ်ပေါ်ခြင်း, ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်းသဘောရှိသော တရားကို မပျက်စီးပါစေလင့်ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်အံ့နည်း၊ ဤသို့ ရနိုင်ရန်အကြောင်း မရှိချေ။

ချစ်သားအာနန္ဒာ....ထို့ကြောင့်ပင် သူတပါးကို အားမကိုးကြမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေကြကုန်လော့၊ အခြားတရားကို အားမကိုးကြမူ၍ လောကုတ္တရာတရားတော်ကို မှီခိုအားကိုးကာ နေကြကုန်လော့။

ချစ်သားအာနန္ဒာ....ရဟန်းသည် အဘယ်သို့လျှင် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေသနည်း၊ အခြားတရားကို အားမကိုးမူ၍ လောကုတ္တရာတရားတော်ကို မှီခိုအားကိုးကာ နေသနည်း ဟူမူ—

ချစ်သား အာနန္ဒာ...ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက်, ဆင်ခြင်လျက်, သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ပြင်းစွာ အားထုတ်လျက်, ဆင်ခြင်လျက်, သတိရှိလျက်, ခံစားမှု = ဝေဒနာတို့၌ ခံစားမှု = ဝေဒနာဟု အဖန်ဖန်ရှုလျက် (ပ)၊ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက် (ပ)၊ သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။

ချစ်သားအာနန္ဒာ...ဤသို့လျှင် ရဟန်းသည် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေ၏၊ အခြားတရားကို အားမကိုးမူ၍ လောကုတ္တရာတရားတော်ကို မှီခိုအားကိုးကာ နေ၏။

ချစ်သားအာနန္ဒာ...အကြင်ရဟန်းတို့သည် ယခုအခါ၌ဖြစ်စေ, ငါဘုရား ကွယ်လွန်သောအခါ၌ဖြစ်စေ သူတပါးကို အားမကိုးကြမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေကြမည်ဆိုလျှင်, အခြားတရားကို အားမကိုးကြမူ၍ လောကုတ္တရာတရားတော်ကို မှီခိုအားကိုးကာ နေကြမည်ဆိုလျှင် ထိုအလုံးစုံသော ရဟန်းတို့သည် သိက္ခာသုံးပါးလိုလားကြသည့် ရဟန်းဟူသမျှတို့တွင် အမြတ်ဆုံးပုဂ္ဂိုလ် (= ရဟန္တာပုဂ္ဂိုလ်) စင်စစ် ဖြစ်ကြပေလိမ့်မည်"—

ဟု မိန့်တော်မူကာ အရှင်အာနန္ဒာကို သက်သာရာရစေတော်မူ၏။ ထိုနောက် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ အရိုးဓာတ်များကို သာဝတ္ထိပြည်တွင် စေတီတော်တည်ထားစေတော်မူလေ၏။

[ဤကား အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန်စံတော်မူသော အကြောင်းအရာတည်း။]

## အရှင်မဟာမောဂ္ဂလာန်မထေရ် ပရိနိဗ္ဗာန်စံတော်မူခြင်းအကြောင်း

မြတ်စွာဘုရားရှင်သည် ဆိုအပ်ခဲ့ပြီးသောအတိုင်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ဓာတ်တော်များကို သာဝတ္ထိပြည်၌ ဓာတုစေတီ တည်ထားစေတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်ရန် အရှင်အာနန္ဒာမထေရ်အား အမှတ်ပေးတော်မူလေ၏။ အရှင်အာနန္ဒာမထေရ်သည် ရဟန်းတို့အား "မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူမည့်အကြောင်း"ကို ပျောက်ထားပြောကြားတော်မူလေ၏။ မြတ်စွာဘုရားရှင်သည် ရဟန်းများစွာ ခြံရံတော်မူလျက် သာဝတ္ထိပြည်မှ ထွက်တော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူကာ ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူ၏။

(ဤ၌။ ။မြတ်စွာဘုရားသည် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်နေ့၌ ဘုရားဖြစ်တော်မူသည်။ ထိုနှစ် တပို့တွဲလဆန်း (၁) ရက်နေ့၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ ရဟန်းဖြစ်ကြ၍ ခုနစ်ရက်မြောက်နေ့တွင် အရှင်မဟာမောဂ္ဂလာန်မထေရ် ရဟန္တာဖြစ်တော်မူသည်၊ တဆယ့်ငါးရက်မြောက် တပို့တွဲလပြည့်နေ့၌ အရှင်သာရိပုတ္တရာမထေရ် ရဟန္တာဖြစ်တော်မူသည်။

မြတ်စွာဘုရားရှင် (၄၅) ဝါ ရတော်မူပြီး၍ အင်္ဂုသာဝကမထေရ်နှစ်ပါးတို့ (၄၄) ဝါစီ ရတော်မူကြပြီးဖြစ်သည့် မဟာသက္ကရာဇ်(၁၄၈)ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ အရှင်သာရိပုတ္တရာမထေရ် ဖွားရာဇာတိ နာလကရွာ၌ ပရိနိဗ္ဗာန် စံတော်မူသည်။ ထို တန်ဆောင်မုန်းလကွယ်နေ့၌ အရှင်မဟာမောဂ္ဂလာန်မထေရ် ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင်ယံ ကာဠသိလာကျောက်ဖျာ၌ ပရိနိဗ္ဗာန် စံတော်မူသည်–ဟု အကျဉ်းချုပ် မှတ်သားထားနိုင်ရာ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ပရိနိဗ္ဗာန် စံတော်မူခြင်း အကြောင်းအရာများကို ရေးသားဖော်ပြခဲ့ပြီ၊ ယခုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်၏ ပရိနိဗ္ဗာန် စံတော်မူခြင်း အကြောင်းအရာသော်ကား)—

ထိုသို့ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ အရှင်မဟာမောဂ္ဂ-

လာန်မထေရ်သည် ဇူသိဂိလိတောင်ယံ ကာဠသိလာ-မည်သော ကျောက်ဖျာ၌ သီတင်းသုံး နေထိုင်တော်မူ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည်ကား တန်ခိုးအရာ၌ အထွတ်အထိပ် ရောက်တော်မူသည်ဖြစ်ရကား နတ်ပြည်လောက နှင့် ဥဿဒရဲပြည်လောကသို့ ဒေသစာရီ ကြွချီတော်မူကာ နတ်ပြည်၌ မြတ်စွာဘုရားရှင့်တပည့်သာဝကတို့၏ ကြီးစွာသော စည်းစိမ်ခံစားရပုံကိုရင်း, ဥဿဒရဲတို့၌ တိတ္ထိတပည့်များ၏ ကြီးစွာသော ဆင်းရဲဒုက္ခ ခံစံရပုံကိုရင်း ကိုယ်တိုင် မြင်တော်မူပြီးလျှင် လူ့ပြည်သို့ ပြန်ကြွလာ၍ "ဤမည်သော ဒါယကာ, ဤမည်သော ဒါယိကာမတို့သည် ဤမည်သော နတ်ပြည်လောက၌ ဖြစ်ကြ၍ ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားကြရကုန်၏။ တိတ္ထိ တပည့်တို့တွင် ဤမည်သောသူ,ဤမည်သောသူမ-တို့သည် ဤအမည်ရှိသော ငရဲ၌ ဖြစ်ကြရကုန်၏"ဟု လူတို့အား ဟောကြားတော်မူလေသည်။ သို့ရကား လူတို့သည် သာသနာ၌ ကြည်ညိုကြ၍ တိတ္ထိတို့ကို ရှောင်ကြဉ်ကြလေကုန်၏၊ မြတ်စွာဘုရားနှင့်တကွ တပည့်သား သာဝကတို့၏အဖို့ရာ ကြီးစွာသော ပူဇော်သက္ကာရ ဖြစ်ရှိ၍ တိတ္ထိတို့အဖို့ရာကား တနေ့တခြား ပူဇော်သက္ကာရမှ လျော့ပါး ဆုတ်ယုတ်လေတော့သည်။

ထိုကြောင့် တိတ္ထိတို့သည် အရှင်မဟာမောဂ္ဂလာန်မထေရ်၌ ရန်ငြိုးဖွဲ့ကြ၍ "ဤ မောဂ္ဂလာန်ရဟန်း အသက်ရှည်နေလျှင် ငါတို့၏ အလုပ်အကျွေး ဒါယကာများ တနေ့တခြား ပျက်ပြားကြကုန်ရာ၏၊ ပူဇော်သက္ကာရမှုသည်လည်း တနေ့တခြား လျော့ပါး ဆုတ်ယုတ်ရာ၏၊ ထိုမောဂ္ဂလာန်ရဟန်းကို သတ်စေကြကုန်အံ့"ဟု တိုင်ပင် ညှိနှိုင်းကြပြီးလျှင် မထေရ်မြတ်ကို သတ်ဖို့ရန် အတွက် သမဏဂုတ္တက-အမည်ရှိသော ခိုးပြဗိုလ်အား ငွေ အသပြာ တထောင် ပေးကြလေကုန်၏။

ထိုသမဏဂုတ္တက ခိုးပြဗိုလ်သည် "မထေရ်မြတ်ကို သတ်အံ့" ဟု များစွာသော သူခိုးခိုးပြ အခြံအရံနှင့်တကွ ကာဠသိလာ

ကျောက်ဖျာရှိရာအရပ်သို့ သွားလေ၏။ မထေရ်မြတ်သည် ထိုသမဏောဂုတ္တကခေါးပြဗိုလ် လာနေသည်ကို မြင်လျှင်ပင် တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်၍ တိမ်းရှောင်ဖဲသွားနှင့်လေ၏။ ခေါးပြဗိုလ်သည် ထိုနေ့၌ မထေရ်မြတ်ကို မတွေ့ရ၍ ပြန်ခဲ့ပြီးလျှင် နောက်တနေ့၌လည်း ထိုနည်းအတူ သွားပြန်လေ၏၊ မထေရ်မြတ်သည်လည်း ရှေးနည်းအတူ တိမ်းရှောင်ဖဲသွားနှင့်လေ၏၊ ဤနည်းဖြင့် ခြောက်ရက်ကြာရှိခဲ့လေသည်။

ခုနစ်ရက်မြောက်နေ့၌ကား မထေရ်မြတ်၏ ရှေးက ပြုမှားခဲ့သော အပရာပရိယအကုသိုလ်ကံသည် အကျိုးပေးရန်အခွင့်ကို ရရှိလာလေသည်။ ထိုအပရာပရိယအကုသိုလ်ကံအကြောင်းကို ထင်ရှားစေဦးအံ့—

မထေရ်မြတ်သည် ရှေးနှစဉ် တခုသောဘဝဝယ် မယား၏ ဂုံးချောစကားကို နားယူမှား၍ မိ,ဖတို့ကို သတ်လိုရကား ယာဉ်ငယ်(လှည်းယာဉ်)ဖြင့် တောသို့ ခေါ်ဆောင်သွား၍ လူဆိုးခေါးပြများ ထကြွသောင်းကျန်းဟန်ကိုပြုလျက် မိ,ဖနှစ်ပါးတို့ကို ရိုက်နှက်ပုတ်ခတ်လေ၏။ မိ,ဖနှစ်ပါးတို့သည် မျက်စိနှစ်ကွင်း အလင်းမရကြသောကြောင့် အဆင်းကို မမြင်ကြပဲ မိမိတို့၏သားကိုပင် တကယ် လူဆိုးခေါးပြထင်ကြ၍ "ချစ်သား... ဤမည်သော လူဆိုးခေါးပြတို့သည် ငါတို့ကို ရိုက်နှက်ပုတ်ခတ်ကုန်၏၊ သင်ချစ်သားသည် လွတ်ရာဖယ်ရှား သွားလေလော့"ဟု သားအတွက်သာ ပြောဆိုငိုကြွေးကြလေကုန်၏။

သားဖြစ်သူသည် "ဩ....ငါ့မိ, ငါ့ဖတို့ကား ငါကပင် ရိုက်နှက်ပုတ်ခတ်အပ်ပါကုန်လျက်လည်း ငါ့အတွက်သာ လျှင် စိုးရိမ်ကြီးစွာ ငိုကြွေးကြရှာ၏၊ ငါကား မသင့်လျော်သောအမှုကို ပြုမှားအပ်ခဲ့လေပြီ"ဟု နောင်တပူပန် ကြံစည်ပြီးလျှင် မိ,ဖနှစ်ပါးတို့ကို သက်သာရာရစေကာ လူဆိုးခေါးပြများ ပြေးသွားကြသော အခြင်းအရာကိုပြုလျက် မိ,ဖတို့၏ ခြေလက်တို့ကို ဆုပ်နယ်၍ "အိုမိခင်, ဖခင်တို့....မကြောက်ကြလင့်၊ လူဆိုးခေါးပြများ ထွက်ပြေးသွားကြ

လေပြီ"ဟု ပြောဆိုကာ တဖန် မိမိအိမ်သို့သာလျှင် မိဖနှစ်ပါးကို ပြန်၍ ခေါ်ဆောင်ခဲ့လေသည်။

ထိုမကောင်းမှု=အကုသိုလ်ကံသည် ဤမျှ ကာလကြာအောင် အကျိုးပေးခွင့် မရသေးသဖြင့် ပြာဖုံးသောမီးကျီးစုကဲ့သို့ တည်နေ၍ ဤယခုနောက်ဆုံး=ပစ္ဆိမဘဝခန္ဓာကိုယ်ကို အပြေးအမီလိုက်၍ ဖမ်းကိုက်လေတော့၏။ လောကဥပမာအားဖြင့် မုဆိုး သည် သားသမင်ကို မြင်၍ ခွေးကို လွှတ်လိုက်လေရာ ထိုခွေးသည် သားကောင်ကို အစဥ်လိုက်၍ မှီရာအရပ်၌ပင်လျှင် ဖမ်းကိုက်သကဲ့သို့ ထိုအတူ ဤအရှင်မောဂ္ဂလာန်အလောင်းဖြစ်သူ ပြုလုပ်ခဲ့သော အကုသိုလ်ကံသည်လည်း အကျိုးပေးခွင့်ကို ရရာဘုံဌာန၌ပင် အကျိုးပေးလေတော့၏။ ထိုသို့ အကျိုးပေးခွင့်ရသောကံမှ လွတ်မြောက်သောသူမည်သည် မရှိချေ။

အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် မိမိပြုခဲ့သော အကုသိုလ်ကံက ဆွဲငင် ဖမ်းကိုက်မိကြောင်းကို ကောင်းစွာသိတော်မူ၍ ထို ခုနစ်ကြိမ်မြောက်၌ကား အဖြစ်တပါး တန်ခိုးဖြင့် ဖဲသွားမှုမပြုနိုင်တော့ချေ၊ ထိုအကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ကောင်းကင်သို့ ပျံတက်ခြင်းငှါ မစွမ်းနိုင်တော့ချေ။ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမခြင်းငှါ စွမ်းနိုင်, ဝေဇယန္တာပြာသာဒ်ကို ဆတ်ဆတ်ခါအောင် တုန်လှုပ်စေခြင်းငှါ စွမ်းနိုင်သော မထေရ်မြတ်၏တန်ခိုး=ဣဒ္ဓိသည်လည်း အကုသိုလ်ကံစွမ်းကြောင့် အားနည်းခြင်းသို့ ရောက်ခဲ့လေသည်။

သမဏဂုတ္တက လူဆိုးဓားပြခိုလ်သည် မထေရ်မြတ်ကို ဝိုင်းဝန်းဖမ်းယူပြီးလျှင် မထေရ်၏အရိုးတို့ကို ဆန်ကျိုးဆန်ကွဲမျှ ပမာဏရှိအောင် ပြုလုပ်လျက် ထုနှက် ရိုက်ချေ မှုန်မှုန်ကြေစေ၍ (အရိုးအားလုံးတို့ကို မှုန်မှုန်ညက်ညက် ကြေမွစေလျက် ကောက်ရိုးကရွတ်ခွေကဲ့သို့ ဖြစ်အောင် ညှဥ်းပန်းနှိပ်စက်မှုတည်းဟူသော) =ပလာလပိဋ္ဌိက-မည်သော ကမ္မကရဏာမှု ပြုလုပ်ပြီးလျှင်"သေပြီ" ဟူသော အမှတ်သညာဖြင့် ချုံဖုတ်တခုပေါ်၌ ပစ်တင်ခဲ့၍ မိမိအခြံအရံ လူဆိုးများနှင့် အတူတကွ ဖဲသွားလေ၏။

မထေရ်မြတ်သည် သတိရ၍ "ငါသည် မြတ်စွာဘုရားကို ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန် ဝင်စံမည်"ဟု ကြံစည်ဆင်ခြင်တော်မူကာ မှန့်မှုန့်ကြေနေသော ကိုယ်တော့် ခန္ဓာကိုယ်ကို အဘိညာဏ်ရေနံတည်းဟူသော အဝတ်ပဋ္ဋိုးဖြင့် ဖွဲ့စည်းရစ်နှောင် ခိုင်မတ်အောင်ပြုပြီးလျှင် ကောင်းကင်သို့ ပျံတက်၍ ကောင်းကင်ခရီးဖြင့် ဘုရားရှင်ထံတော်မှောက်သို့ သွားရောက်ရှိခိုးပြီးသော် မြတ်စွာဘုရားရှင်နှင့် အတုံ့အပြန်လျှောက်ထား ပြောဆိုတော်မူသည်မှာ—

**(အရှင်မောဂ္ဂလာန်)** မြတ်စွာဘုရား....တပည့်တော်သည် အာယုသင်္ခါရကို စွန့်လွှတ်အပ်ပြီးပါပြီ၊ ပရိနိဗ္ဗာန်စံပါတော့မည်ဘုရား။

**(မြတ်စွာဘုရား)** ပရိနိဗ္ဗာန် ဝင်စံတော့မည်လော.. ချစ်သားမောဂ္ဂလာန်....။

**(အရှင်မောဂ္ဂလာန်)** ဝင်စံပါတော့မည်ဘုရား....။

**(မြတ်စွာဘုရား)** ချစ်သားမောဂ္ဂလာန်....သင် ချစ်သားသည် အဘယ်အရပ်သို့ သွား၍ ပရိနိဗ္ဗာန် ဝင်စံမည်နည်း။

**(အရှင်မောဂ္ဂလာန်)** မြတ်စွာဘုရား...., ကာဠသိလာကျောက်ဖျာအပြင်သို့ သွားရောက်၍ ပရိနိဗ္ဗာန် ဝင်စံပါမည်ဘုရား။

**(မြတ်စွာဘုရား)** ချစ်သားမောဂ္ဂလာန်....ထိုသို့ ဖြစ်လျှင် ငါ့အား တရားဟောပြီးမှ သွားလော့၊ ယခုအခါ သင်ချစ်သားကဲ့သို့သော တပည့်သာဝကကို နောက်တကြိမ် တွေ့မြင်နိုင်ခွင့် မရှိတော့ပြီ။

ထိုသို့ မြတ်စွာဘုရား မိန့်ကြားတော်မူသောအခါ မထေရ်မြတ်သည် "ကောင်းပါပြီ မြတ်စွာဘုရား.... လိုက်နာပြုလုပ်ပါမည်"ဟု လျှောက်ထားပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ ထန်းတဆင့်, နှစ်ဆင့်-စသည် ထန်းခုနစ်ဆင့်တိုင် ကောင်းကင်သို့ ပျံတက်၍ ပရိနိဗ္ဗာန် ဝင်စံမည့်နေ့ဝယ် အရှင်သာရိပုတ္တရာ

မထေရ်မြတ်ကဲ့သို့ ဇုဒ္ဓိ = တန်ခိုး အမျိုးမျိုး ဖန်ဆင်းပြသ တရား ဓမ္မကိုလည်း ဟောတော်မူကာ မြတ်စွာဘုရားရှင်ကို ရှိသေစွာ ရှိခိုးပြီးနောက် ကာဠသိလာ ကျောက်ဖျာရှိရာ တောအုပ်သို့ ကြွရောက်၍ ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။

ထိုခဏမှာပင် ကာမာဝစရနတ်ပြည် ခြောက်ထပ်လုံး အုတ် အုတ်ကျက်ကျက်တပြိုင်နက်ဖြစ်၍ သွားလေ၏။ နတ်မြဟ္မာတို့သည် "ငါတို့ဆရာ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီတဲ့" ဟု အချင်းချင်း ပြောဆိုကြကာ နတ်၌ ဖြစ်သော နံ့သာ, ပန်း, အထုံ, အခိုး, စန္ဒကူးမှုန့်တို့ကိုင်၊ အထူးထူးသော နံ့သာ နတ်ထင်းတို့ကိုင်၊ ယူဆောင်၍ လာကြ လေကုန်၏။ စန္ဒကူးနတ်ထင်းပုံသည် သံတောင် (၉၉)ကိုးဆယ့် ကိုးတောင် အမြင့်ရှိလေသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင် ရဟန်းတို့နှင့်တကွ ကြွရောက်တော်မူ၍ မထေရ်မြတ်၏ ဥတုဇရုပ် ကလာပ်အနီး၌ မားမားမတ်မတ် ရပ်တည်စိမံအုပ်ချုပ်တော်မူကာ ဖုတ်ကြည်းသင်္ဂြိုဟ်မှု ပြုစေတော်မူလေ၏။

ဖုတ်ကြည်းသင်္ဂြိုဟ်ရာဌာန၏ ပတ်ဝန်းကျင် တယူဇနာမျှသော အရပ်၌ ပန်းမိုးရွာဖြိုး၍ ချလေသည်။ ထိုဈာပနသဘင်ဝယ် နတ် တို့အကြား၌ လူများ, လူတို့အကြား၌ နတ်များ လှည့်လည်သွား ကြကုန်၏။ အစဉ်အတိုင်း နတ်တို့အကြား၌ ဘီလူးယက္ခနတ်များ ရပ်တည်ကြ၍ ဘီလူးယက္ခနတ်တို့အကြား၌ ဂန္ဓဗ္ဗနတ်များ, ဂန္ဓဗ္ဗ နတ်တို့အကြား၌ နဂါးများ, နဂါးတို့အကြား၌ ဂဠုန်များ,ဂဠုန် တို့အကြား၌ ကိန္နရာများ ရပ်တည်ကြလေသည်။ ကိန္နရာတို့ အကြား၌ ထီးများ, ထီးတို့အကြား၌ ရွှေစမုရီသားမြီးယပ်များ, ထို သားမြီးယပ်တို့အကြား၌ တံခွန်လုံးများ, ထို တံခွန်လုံးတို့ အကြား၌ တံခွန်ပြားများ တည်ရှိ ကြကုန်၏။ နတ်လူတို့သည် ခုနစ်ရက်တိုင်တိုင် သာဓုကီဠနသဘင်ကို ဆင်ယင်ကျင်းပကြ လေကုန်၏။

မြတ်စွာဘုရားသည် မထေရ်မြတ်၏ ခတ်တော်တို့ကို ယူဆောင်စေတော်မူခဲ့၍ ဝေဠုဝန်ကျောင်းတိုက်တော် တံခါးမုခ်အနီး၌ ဓာတုစေတီတော် တည်ထားစေတော်မူလေ၏။

**လူသတ်သမားတို့ အပြစ်ရခြင်း**

"အရှင်မောဂ္ဂလာန်မထေရ်ကို လူဆိုးခေါးပြတို့ သတ်ကြသည်တဲ့"ဟူသော သတင်းစကားသည်လည်း ဇမ္ဗူဒိပ်တကျွန်းလုံး ပြန့်နှံ့လေ၏။ အဇာတသတ်မင်းသည် လူဆိုးခေါးပြများကို အရရှာဖွေရန် သူလျှိုယောက်ျားတို့ကို အနှံ့အပြား စေလွှတ်ထားလေ၏။ ထိုလူသတ်သမားတို့သည်လည်း သေတင်းကုပ်(=အရက်ဆိုင်)၌ သေအရက်သောက်ကြသည်ရှိသော် လူသတ်သမားတယောက်က အခြား လူသတ်သမားတယောက်၏ လက်မှ သေသောက်ခွက် (=အရက်ခွက်) ကို လက်ဖြင့်ပုတ်ချ ရန်စလိုက်လေသည်။ ထိုအခါ ရန်အစခံရသော လူသတ်သမားက အမျိုးမျိုးခြိမ်းခြောက်လျက် "အဆုံးမခက် ဟေ့ လူပျက်.... သင်သည် အဘယ့်ကြောင့် ငါ၏သေသောက်ခွက်(=အရက်ခွက်)ကို လက်ဖြင့်ပုတ်ချ မြေသို့ကျစေသနည်း" ဟု ရန်မူစကား ပြောကြားလေလျှင် ရန်စသော လူသတ်သမားက "ဟေ့လူဆိုး လူပျက်....အသို့နည်း။ သင်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို အလျင်လက်ဦး ရိုက်နှက်ထိုးခုတ် သတ်ပုတ်ဝံ့သလော"ဟု ရန်တွေ့စကား ပြောကြားလေ၏။ ရန်အစခံရသော လူသတ်သမားကလည်း အရှုံးမခံပဲ "ဟေ့ လူပျက်....ငါရိုက်နှက် ထိုးခုတ်သည်ကို သင်မသိဘူးလော"ဟု ရန်တုံ့စကား ပြောကြားလေ၏။

ဤသို့လျှင် လူသတ်သမားတို့ အချင်းချင်း"ငါ ရိုက်နှက်ထိုးခုတ်သတ်ဖြတ်အပ်သည်၊ ငါ ရိုက်နှက်ထိုးခုတ်သတ်ဖြတ်အပ်သည်"ဟု သူသတ်သည် ငါသတ်သည် အရည်လုစကား ပြောကြားကြသည်ကို ကြားသိရ၍ မင်းချင်းသူလျှိုယောက်ျားတို့သည် ထိုလူသတ်သမားအားလုံးတို့ကို ဖမ်း၍ အဇာတသတ်မင်းအား လျှောက်လားကြလေကုန်၏။ အဇာတသတ်မင်းက လူသတ်သမားတို့ကို

ရှေတော်သို့ ခေါ်စေ၍ "သင်တို့သည် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကို သတ်အပ်သလော"ဟု မေးလေလျှင် လူသတ်သမားတို့သည် "အိမ်း....သတ်အပ်ပါသည် အရှင်မင်းကြီး...."ဟု ဝန်ခံစကား လျှောက်ထားကြလေ၏။ အဇာတသတ်မင်းက တဖန်ဆက်၍ "သင်တို့ကို အဘယ်သူက အသတ်ခိုင်းအပ်ကုန်သနည်း" ဟု မေးလေလျှင် လူသတ်သမားတို့သည် "အရှင်မင်းကြီး....အဝတ်မလွှမ်း တိတ္ထိတက္ကတွန်းတို့က ငွေပေး၍ အသတ်ခိုင်းအပ်ပါကုန်သည်ဘုရား"ဟု ဖြေဘင့်ချက်ပေးကြလေ၏။

အဇာတသတ်မင်းသည် အဝတ်မလွှမ်း တိတ္ထိတက္ကတွန်း (၅၀၀)ငါးရာတို့ကိုပါ ဖမ်းစေ၍ လူသတ်သမား(၅၀၀)ငါးရာတို့နှင့် အတူတကွ မင်းယင်ပြင် (=နန်းတော်မြေကွက်လပ်)၌ ထိုသူအားလုံးတို့ကို ချက်မြုပ်လောက်အောင် နက်သောတွင်းတို့ဝယ် မြုပ်နှံစေပြီးလျှင် ထို၏အထက်မှ ကောက်ရိုးတို့ဖြင့် ဖုံးအုပ်စေ၍ မီးတိုက်စေလေသည်။ ထို့နောင်မှ ထိုသူအားလုံးတို့ မီးလောင်ကျွမ်းသည်ကို သိရှိပြီးလျှင် သံထွန်သွားတပ်သော ထွန်တုံးတို့ဖြင့် လူးလာတုံ့ခေါက် ထွန်ယက်စေ၍ ထိုသူအားလုံးတို့ကို အပိုင်းပိုင်းဖြစ်အောင် ပြုလုပ်စေလေ၏။

(ဤ၌။ ။အရှင်မဟာမောဂ္ဂလာန်မထေရ် ပရိနိဗ္ဗာန် စံတော်မူကြောင်းကို (ဇာ ဋ္ဌ ၅၊ ၁၃၃,၁၃၄,၁၃၅) စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်အဖွင့်မှ ထုတ်နုတ်ဖော်ပြသည်၊ လူသတ်သမားတို့ အပြစ်ရပုံကို (ဓမ္မပဒ ဋ္ဌ ၂၊ ၄၃)မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထုအဖွင့်မှ ထုတ်နုတ်ဖော်ပြအပ်သည်)။

အရှင်မဟာမောဂ္ဂလာန်မထေရ်၏ ဗျာပနကိစ္စ၌ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကြပ်မတ်သဂြိုဟ်တော်မူသည်ကို အကြောင်းပြု၍ ရဟန်းတို့သည် တရားခန်းမဆောင်၌ "ငါ့ရှင်တို့....သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရား၏အနီး၌ ပရိနိဗ္ဗာန်မစံသဖြင့် ဘုရားတို့ထံမှ ကြီးစွာသော မြတ်နိုးတနာမှု အပြုမခံရချေ၊ မောဂ္ဂလာန်မထေရ်သည်ကား မြတ်စွာဘုရား၏အနီး၌ ပရိနိဗ္ဗာန်ဝင်စံသဖြင့် ကြီးစွာသော မြတ်နိုးတနာမှု အပြုခံရပေသည်"ဟု

စကားကို ဖြစ်စေကြကုန်၏။ ထိုအခါ မြတ်စွာဘုရား ကြွလာတော်မူ၍ "ရဟန်းတို့...ယခုငါဘုရား ကြွလာသောအခါ၌ သင်တို့သည် အဘယ်စကားဖြင့် ညီမူစည်းဝေး၍ နေကြသနည်း" ဟု မေးတော်မူ၍ ရဟန်းတို့က ထိုအကြောင်းကို ပြန်ကြားလျှောက်ထားသည်တွင် မြတ်စွာဘုရားရှင်သည် "ရဟန်းတို့...မောဂ္ဂလာန်သည် ယခုဘဝ၌သာ ငါဘုရားထံမှ မြတ်နိုးတနာမှု အပြုခံရသည်မဟုတ်သေး၊ ရှေးကလည်း အပြုခံရဘူးသည်သာတည်း" ဟု မိန့်တော်မူ၍ ရဟန်းတို့အား စတ္တာလီသနိပါတ်လာ သရဘင်္ဂဇာတ်ကို ဟောကြားတော်မူလေသည်။ (ထိုသရဘင်္ဂဇာတ်ကို ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုမှ အကျယ်ထုတ်ယူ မှတ်သားရာ၏)။

မြတ်စွာဘုရားရှင်သည် အဂ္ဂသာဝကနှစ်ပါးတို့ ပရိနိဗ္ဗာန်စံတော်မူကြပြီးနောက် မကြာမီပင် ရဟန်းအပေါင်း ခြံရံလျက် မဟာမဏ္ဍလ ခရီးအဝန်းဖြင့် ဒေသစာရီ ကြွချီတော်မူ၍ ဥက္ကစေလမြို့သို့ ဆိုက်ရောက်တော်မူသောအခါ ထိုမြို့၌ ဆွမ်းခံလှည့်လည်တော်မူပြီးနောက် ဂင်္ဂါမြစ်သဲသောင်ပြင်ဝယ် ရဟန်းတော်တို့အား **ဥက္ကစေလသုတ်**ကို ဟောတော်မူလေသည်။ (ထိုသုတ်အကျယ်ကို ပိဋကတ်မြန်မာပြန် မဟာဝဂ္ဂသံယုတ် စာမျက်နှာ ၁၄၆,၇,၈-တို့၌ ကြည့်ရှုမှတ်ယူရာ၏)။

**ဤကား အဂ္ဂသာဝကမထေရ်နှစ်ပါး အကြောင်းတည်း။**

---

## (၄) **အရှင်မဟာကဿပမထေရ်အကြောင်း**

### (က) **မထေရ်မြတ်၏ ရှေးဆုတောင်း**

လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရား ပွင့်ထွန်းတော်မူ၍ ဟံသဝတီ မင်းနေပြည်ကို အမှီပြုတော်မူကာ ခေမ-မည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူလေလျှင် ဝေဒေဟ-မည်သော ကုဋေရှစ်ဆယ်ကြွယ်ဝသူ သူဌေးတဦး (အရှင်မဟာကဿပ မထေရ်အလောင်း)သည် စောစောပင် မွန်မြတ်သောဘောဇဉ်ကို စားသုံးပြီးလျှင် ဥပုသ်

ဆောက်တည်၍ နံ့သာ,ပန်း-စသည်ကို လက်စွဲလျက် ကျောင်းတိုက်သို့ သွားရောက်ကာ မြတ်စွာဘုရားကို ပူဇော်ရှိခိုးပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ထိုင်နေလေ၏။

ထိုအခါ ပဒုမုတ္တရ မြတ်စွာဘုရားသည် တတိယသာဝက ဖြစ်သည့် မဟာနိသဘ-အမည်တော်ရှိသော မထေရ်မြတ်ကို "ရဟန်းတို့....ကိုယ်တိုင်ကလည်း ဓုတင်အကျင့်မြတ်ကို ကျင့်သုံး၍ သီတင်းသုံးဖော် သံဃာတော်တို့အားလည်း ဓုတင်အကျင့်မြတ်ကို ကျင့်သုံးကြရန် ဟောကြားပြသ ဆိုဆုံးမကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့အနက် နိသဘမထေရ်သည် အသာဆုံး အမြတ်ဆုံးဖြစ်ပေသည်"ဟု ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဝေဒေဟဥပါသကာသည် ထိုစကားကို ကြားရ၍ သဒ္ဓါရွှန်းစို ကြည်ညိုလျက် တရားစကား ဟောကြားအပြီးတွင် လူများ အပေါင်း ထသွားလတ်သော် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ "မြတ်စွာဘုရား....နက်ဖြန်ခါ တပည့်တော်၏ ဆွမ်းကို လက်ခံ သာယာတော်မူပါဘုရား"ဟု လျှောက်ထားလေ၏။ ပဒုမုတ္တရ မြတ်စွာဘုရားရှင်က "ဒါယကာ....ရဟန်းသံဃာကား များလှတ ၏"ဟု မိန့်တော်မူလျှင် "မြတ်စွာဘုရား........ရဟန်းသံဃာသည် အဘယ်မျှ အတိုင်းအရှည်ရှိပါသနည်းဘုရား"ဟု လျှောက်ထား မေးမြန်းလေ၏။ ပဒုမုတ္တရမြတ်စွာဘုရားက "ဒါယကာ.... ခြောက်သန်း ရှစ်သိန်း အရေအတွက်ရှိ၏"ဟု မိန့်တော်မူလေလျှင် ဝေဒေဟဥပါသကာသည် "မြတ်စွာဘုရား....သာမဏေတပါးကိုမျှ လည်း ကျောင်းတိုက်တော်၌ ချန်မထားပဲ ရဟန်းအားလုံးနှင့်တကွ တပည့်တော်၏ ဆွမ်းကို လက်ခံသာယာတော်မူပါဘုရား" ဟု ရဲရဲတောက် လျှောက်ထားလေ၏။ ပဒုမုတ္တရမြတ်စွာဘုရား သည် ဆိတ်ဆိတ်နေသဖြင့် ဝေဒေဟဥပါသကာ ပင့်လျှောက်ချက် ကို လက်ခံတော်မူလေ၏။

ဝေဒေဟဥပါသကာသည် မြတ်စွာဘုရား လက်ခံတော်မူ ကြောင်း ကောင်းစွာသိပြီးလျှင် အိမ်သို့ပြန်သွား၍ ကြီးစွာသော

အလှူဒါနကို စီမံပြီးသော နောက်တနေ့နံနက်၌ မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေးကြွရန် အခါကို လျှောက်ကြားစေလေ၏။ မြတ်စွာဘုရားသည် သပိတ်သင်္ကန်းကို ယူဆောင်တော်မူကာ ရဟန်းအပေါင်း ခြံရံအပ်လျက် ဝေဒေဟဥပါသကာ၏အိမ်သို့ ကြွသွားတော်မူ၍ ခင်းအပ်သောနေရာ၌ ထိုင်နေတော်မူလျက် ရေစက်ချ အလှူပြီးဆုံးသောအခါ ယာဂုစသည်တို့ကို ခံတော်မူလျက် ဆွမ်းပွဲမှု, ဆွမ်းဘုဉ်းပေးမှုကို ပြုတော်မူလေ၏။ ဝေဒေဟဥပါသကာသည်လည်း မြတ်စွာဘုရား၏ အနီး၌ ထိုင်နေလျက် သဒ္ဓါကြည်ညိုတရား ပွါးများဖြစ်ရှိ၍ နေလေ၏။

ထိုအချိန်အတွင်းမှာပင် မဟာနိဿဘမထေရ်သည် ဆွမ်းခံလှည့်လည်တော်မူလတ်သော် ထိုလမ်းခရီးသို့ ကြွချီဆိုက်ရောက်တော်မူလာလေ၏။ဝေဒေဟဥပါသကာသည် မထေရ်ကိုမြင်လတ်၍ နေရာမှ ထသွားပြီးသော် မထေရ်ကို ရှိခိုးလျက်"အရှင်ဘုရား.... သပိတ်ကို ပေးစွန့်တော်မူကြပါဘုရား" ဟု လျှောက်ထားတောင်းခံလေ၏။ မထေရ်မြတ်သည် သပိတ်ကို ဥပါသကာလက်သို့ အပ်လိုက်လေ၏။ ဥပါသကာက "အရှင်ဘုရား....အိမ်တွင်းသို့ ကြွဝင်တော်မူပါကုန်၊ မြတ်စွာဘုရားသည်လည်း အိမ်တွင်းမှာ ထိုင်နေတော်မူဆဲရှိပါသည်ဘုရား" ဟု လျှောက်ထားလေလျှင် မထေရ်မြတ်သည် "ဒါယကာ အိမ်တွင်းသို့ဝင်၍ နေထိုင်ရန် အပ်စပ်လိမ့်မည်မဟုတ်"ဟု မိန့်တော်မူလေ၏။ ဝေဒေဟဥပါသကာသည် မထေရ်မြတ်၏ သပိတ်အပြည့် ဆွမ်းထည့်ပြီးလျှင် မထေရ်မြတ်အား ဆက်ကပ်လှူဒါန်းလေသည်။

ထို့နောက် မထေရ်မြတ်ကို လိုက်ပို့ပြီး ပြန်လာသောအခါ မြတ်စွာဘုရား၏အနီး၌ ထိုင်နေ၍ "မြတ်စွာဘုရား....မဟာနိဿဘမထေရ်သည် 'မြတ်စွာဘုရား အိမ်တွင်းမှာ ထိုင်နေတော်မူလျက် ရှိပါသည်ဘုရား' ဟု လျှောက်ထားအပ်ပါသော်လည်း အိမ်တွင်းသို့ မဝင်လိုပါ၊ ထိုမထေရ်မြတ်မှာ အရှင်ဘုရားတို့၏ ဂုဏ်ကျေးဇူးထက် သာလွန်သော ဂုဏ်ကျေးဇူးများ ရှိပါသလော"ဟု မေးမြန်းလျှောက်ထားလေ၏။

ဘုရားရှင်တို့၏ သန္တာန်တော်မှာ ဂုဏ်ကျေးဇူးကို ဝန်တိုမှု = ဝဏ္ဏမစ္ဆရိယတရားဟူ၍ လုံးဝမရှိချေ၊ သို့ရကား မြတ်စွာဘုရားသည် ဝေဒေဟဥပါသကာ မေးလျှောက်ပြီးသည်၏ အခြားမဲ့မှာပင်—

"ဒါယကာ....ငါတို့သည် ဆွမ်းကို ငုံ၍ အိမ်၌ ထိုင်နေကြကုန်၏၊ နိသဘမထေရ်ကား ဤသို့ ထိုင်၍ ဆွမ်းကို ငုံမြော်မှု အလျှင်းပင်မပြုချေ။ ငါတို့သည် ရွာနီးကျောင်း၌ နေထိုင်ကြကုန်၏၊ နိသဘမထေရ်ကား တောကျောင်း၌သာ နေလေ့ရှိ၏။ ငါတို့သည် အမိုးရှိသော ကျောင်း၌ နေထိုင်ကြကုန်၏၊ နိသဘမထေရ်ကား ဟင်းလင်းအပြင် လွင်တီးခေါင်၌သာလျှင် နေလေ့ရှိ၏။ ဤသို့လျှင် ဤသည် ဤသည်ကား နိသဘမထေရ်၏ ဂုဏ်ကျေးဇူးအထူးများ ဖြစ်လေသည်"—

ဟု မဟာသမုဒ္ဒရာကို ထပ်၍ ရေဖြည့်သကဲ့သို့ မထေရ်၏ ဂုဏ်ကျေးဇူးများကို အကျယ်အားဖြင့် ဟောကြားတော်မူလေ၏။ ဝေဒေဟဥပါသကာသည် ပင်ကိုယ်ပကတိအားဖြင့်လည်း ဆီမီးတောက်နေသည်ကို ဆီ ထပ်၍ လောင်းလိုက်သည့် အလား အတိုင်းထက်အလွန် သဒ္ဓါကြည်ညိုဖြစ်ရှိကာ "ငါ့အဖို့ရာ အခြားသော လူနတ်စည်းစိမ် စသည်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အနာဂတ် နောက်ကာလဝယ် တဆူဆူသော ဘုရားရှင်၏ အထံတော်၌ ကိုယ်တိုင်ကလည်း ဓုတင်အကျင့်မြတ်ကို ကျင့်သုံး၍ သီတင်းသုံးဖော် သံဃာတော်တို့အားလည်း ဓုတင်အကျင့်မြတ်ကို ကျင့်သုံးကြရန် ဟောကြားပြသ ဆိုဆုံးမကြသော = ဓုတဝါဒ ရဟန်းတို့အနက် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရပုဂ္ဂိုလ်ဖြစ်ဖို့ရန် ဆုပန်မှုကို ငါပြုပေအံ့"ဟု ကြံစည်ဆုံးဖြတ်ချက် ချမှတ်လေတော့၏။

ဝေဒေဟဥပါသကာသည် တဖန်လည်း နောက်တနေ့အတွက် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်ကာ ဆွမ်းဆက်ကပ်လှူဒါန်းလေသည်။ ဤနည်းဖြင့် ခုနစ်ရက်ကြာ မဟာ

ဒါနကြီးကို ပေးလှူ၍ ခုနစ်ရက်မြောက် ရောက်သောနေ့၌ ဘုရား အမှူးရှိသော များစွာသော ရဟန်းအပေါင်းအား တိစီဝရိတ် (=သက်န်းသုံးထည်စီ) တို့ကို ဆက်ကပ်လှူဒါန်းပြီးလျှင် မြတ်စွာ ဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်း၍—

"မြတ်စွာဘုရား .... တပည့်တော်၏ ခုနစ်ရက်ကြာ မေတ္တာကာယကံ, မေတ္တာဝစီကံ, မေတ္တာမနောကံများကို ဖြစ်ပွါးစေလျက် မဟာဒါန လှူဒါန်းရသော အကြင် ကောင်းမှု ကုသိုလ်အစုသည် ရှိပါ၏၊ ထိုကောင်းမှု ကုသိုလ် အစုကြောင့် တပည့်တော်သည် အခြားတပါးသော နတ် စည်းစိမ်, သိကြားမင်းစည်းစိမ်, မာရ်မင်းစည်းစိမ်, ဗြဟ္မာ မင်းစည်းစိမ် တခုခုကိုမျှ မတောင့်တပါ၊ စင်စစ်သော်ကား တပည့်တော်၏ ဤကောင်းမှု ကုသိုလ်ကံသည် အနာဂတ နောက်ကာလဝယ် တဆူဆူသော မြတ်စွာ ဘုရား၏အထံတော်၌ မဟာနိဿဘမထေရ်သို့မြတ် ရောက် အပ်သော ရာထူးဌာနန္တရသို့ ရောက်ဖို့ရန် = ဓုတင် တ ဆယ့်သုံးပါးကို ကျင့်ဆောင်ကြသော ပုဂ္ဂိုလ်တို့အနက် အသာဆုံး အမြတ်ဆုံးဖြစ်ဖို့ရန် ကျေးဇူးဆောင် ပြီးစေ နိုင်သော ကောင်းမှု ကုသိုလ်ဖြစ်ပါစေသတည်း"—

ဟု လျှောက်ဆိုဆုပန်လေ၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် "ဤ ဝေဒေဟဥပါသကာကား ကြီးစွာသောအရာကို ပတ္ထနာဆုသန်မှု ပြုအပ်လေပြီ၊ ပြည့်စုံလိမ့်မည်လော, မပြည့်စုံလိမ့်မည်လော"ဟု အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမြော်တော်မူလေသော် ကေန် မချွတ် ပြည့်စုံလိမ့်မည်ကို မြင်တော်မူ၍—

"ဒါယကာ....သင်သည် နှစ်သက်ဖွယ်သော ရာထူးကို ပတ္ထနာဆုသန်အပ်ပြီ၊ နောက်အခါဝယ် ကမ္ဘာတသိန်း အဆုံး၌ ဂေါတမအမည်တော်ရှိသော မြတ်စွာဘုရား ပွင့် ထွန်းတော်မူလိမ့်မည်၊ သင်သည် ထိုဂေါတမ မြတ်စွာ

ဘုရား၏ တတိယသာဝက မဟာကဿပမထေရ် အမည်ရှိသူ ဖြစ်လိမ့်မည်”—

ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

ထို ဗျာဒိတ်စကားကို ကြားရ၍ ဝေဒေဟဉပါသကာသည် “ဘုရားရှင်တို့၏ အဖို့ရာ နှစ်မြွာစကားမည်သည် မရှိ”ဟု သိရှိကာ ထိုတတိယသာဝက ရာထူးစည်းစိမ်ကို နောက်တနေ့ရောက်ရမည့် စည်းစိမ်ကဲ့သို့ အောက်မေ့မှတ်ထင် ဝမ်းမြောက်လေ၏။ ဝေဒေ-ဟဉပါသကာသည် အသက်ရှည်သမျှ ကာလပတ်လုံး အထူးထူးသော အလှူဒါနကို ပေးလှူ၍, သီလကို စောင့်သုံးလျက်, အခြားကောင်းမှုကုသိုလ်များကိုလည်း ပြုလုပ်ကာ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်လေ၏။

**မဟာကေဿဌကပုဏ္ဏားဘဝ**

ထိုအခါမှ စ၍ နတ်ပြည်, လူ့ပြည်တို့၌ စည်းစိမ်ကို ခံစံလျက် ဤကမ္ဘာမှ လွန်ခဲ့သော (၉၁) ကိုးဆယ့် တကမ္ဘာထက်ဝယ် ဝိပဿီမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူ၍ ဗန္ဓုမတီ မင်းနေပြည်ကို အမှီဝေါစရဂါမ်ပြုတော်မူကာ ခေမ-မည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေထိုင်တော်မူသည်ရှိသော် ဤအရှင်မဟာကဿပအလောင်း သူတော်ကောင်းသည် နတ်ပြည်မှ စုတေ၍ မထင်မရှား ပစ္စည်းနွမ်းပါးသော ပုဏ္ဏားမျိုး၌ ဖြစ်လာလေ၏။

အထူးအားဖြင့် ထိုအခါ၌ ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တကြိမ် ခုနစ်နှစ်တကြိမ် အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပ၍ တရားဟောတော်မူလေသည်။ ထိုသို့ တရားပွဲသဘင် ဆင်ယင်ကျင်းပ, တရားဟောတော်မူသောအခါမှာလည်း သတ္တဝါတိုင်း တရားနာယူနိုင်ရန် အချိန်ကို သတ်မှတ်၍ နေ့အဖို့ရာ ညနေချမ်း၌ ဟောတော်မူလေသည်၊ ညဉ့်အဖို့ရာ တညဉ့်ပတ်လုံး ဟောတော်မူလေသည်။ တရားပွဲသဘင် နီးကပ်လာသောအခါ ကြီးစွာသော အုတ်အုတ်ကျက်ကျက် ဖြစ်ရှိလျက် နတ်များကလည်း “မြတ်စွာ

ဘုရား တရားဟောတော်မူလိမ့်မည်" ဟု ဇမ္ဗူဒိပ်တကျွန်းလုံး၌ လှည့်လည်ကြွေးကြော် ပြောကြားကြလေ၏။

အရှင်မဟာကဿပအလောင်း ပုဏ္ဏားသည် ထို သတင်းစကားကို ကြားသိလေ၏။ အထူးအားဖြင့် ထိုပုဏ္ဏားမှာ ခါးဝတ်တထည်သာလျှင် ရှိ၏၊ အိမ်ရှင် ပုဏ္ဏေးမမှာလည်း ထိုအတူပင် ခါးဝတ်တထည်သာလျှင် ရှိ၏၊ အပေါ်ရုံအဝတ်ကား နှစ်ဦးလုံးအတွက်မှ တထည်သာလျှင် ရှိချေ၏။ ထိုကြောင့်ပင် ထိုပုဏ္ဏားသည် "ဧကသာဋကပုဏ္ဏား=အဝတ်တထည်သာရှိသောပုဏ္ဏား" ဟူ၍ တမြို့လုံး၌ ထင်ရှားလေသည်။ ကိစ္စတခုခုဖြင့် ပုဏ္ဏားများ၏ အစည်းအဝေး ဖြစ်ရှိခဲ့လျှင် အိမ်ရှင်ပုဏ္ဏေးမကို အိမ်၌ထားခဲ့၍ ပုဏ္ဏားကြီးကိုယ်တိုင် အစည်းအဝေးသို့ သွားရောက်၏။ ပုဏ္ဏေးမများ၏ အစည်းအဝေးဖြစ်ရှိခဲ့လျှင် ပုဏ္ဏားကြီးကိုယ်တိုင်က အိမ်၌ နေရစ်ခဲ့ရ၏၊ ပုဏ္ဏေးမကြီးသည် ထိုအပေါ်ရုံ အဝတ်ကို ရုံ၍ သွားရောက်၏။

ဝိပဿီမြတ်စွာဘုရား တရားဟောမည့် ထိုနေ့၌ကား ဧကသာဋကပုဏ္ဏားကြီးသည် အိမ်ရှင်ပုဏ္ဏေးမကြီးကို "အို ရှင်မ.... အသို့နည်း (=ဘယ့်နှယ်လဲ) ရှင်မသည် ညဥ့်အခါ၌ တရားနာသွားမည်လော၊ သို့မဟုတ် နေ့အခါ၌ တရားနာသွားမည်လော" ဟု မေးလေ၏။ ပုဏ္ဏေးမကြီးသည် "ကျွန်တော်မတို့ မာတုဂါမများမည်သည် ညဥ့်အခါ၌ တရားနာယူခြင်းငှါ မစွမ်းနိုင်ကြပါ၊ နေ့အခါ၌ တရားနာပါမည်" ဟု ပြော၍ ပုဏ္ဏားကြီးကို အိမ်၌ ထားခဲ့ပြီးလျှင် ထိုအပေါ်ရုံကို ခြုံရုံလျက် အခြား ဥပါသိကာ ဒါယိကာမများနှင့် အတူတကွ နေ့အခါသွား၍ မြတ်စွာဘုရားကို ရှိခိုးကာ အပြစ်လွတ်ရာအရပ်၌ ထိုင်နေ၍ တရားနာပြီးသော် အဖော်ဥပါသိကာ ဒါယိကာမတို့နှင့် အတူတကွပင်လျှင် အိမ်သို့ ပြန်လာ၏။ ထိုအခါ ပုဏ္ဏားကြီးသည် မိမိအလှည့်ရ၍ ပုဏ္ဏေးမကြီးကို အိမ်၌ထားခဲ့ပြီးလျှင် ထိုအဝတ်ကို ခြုံရုံလျက် ညဥ့်အခါ တရားနာရန် ကျောင်းတိုက်သို့ သွားရောက်လေ၏။

ထိုအချိန်၌ ဝိပဿီ မြတ်စွာဘုရားသည် ပရိသတ်အလယ် တင့်တယ်စွာသော မဏ္ဍာသနပလ္လင်၌ ထိုင်နေတော်မူလျက် ဆန်း ကြယ်သောယပ်ဝန်းကို ကိုင်တော်မူကာ ကောင်းကင်မြစ်အတွင်း သက်ဆင်းကူးခပ်သူကဲ့သို့ရင်း, မြင်းမိုရ်တောင်ကို မွှေတံပြုကာ မဟာသမုဒ္ဒရာကို တအားမွှေသော ယောက်ျားကဲ့သို့ရင်း တရား စကားဟောကြားတော်မူလေ၏။ ပရိသတ်အစွန်အဖျား၌ ထိုင်နေ လျက် တရားနာနေသော ဧကသာဋကပုဏ္ဏားကြီး၏ သန္တာန်မှာ ညဉ့်ဦးယံ၌ပင်လျှင် တကိုယ်လုံး ပြည့်စေလျက် နှစ်သက်ခြင်း = ပီတိတရား ငါးမျိုးတို့ တဖြိုးဖြိုး ဖြစ်ရှိလေ၏။ ပုဏ္ဏားကြီးသည် ပါလာသော အပေါ်ရုံအဝတ်ကို ခေါက်ပြီးလျှင် "မြတ်စွာဘုရား အား ငါလှူတော့အံ့" ဟု အကြံပြုလေ၏။ ထိုသို့ အကြံပြုပြီးသော နောက်ပိုင်းမှာ အပြစ်အထောင်ကို ဖော်ပြလျက် မပေးလိုခြင်း = ဝန်တိုခြင်း = မစ္ဆရိယတရားများ တဖွားဖွား ဖြစ်၍ လာပြန်လေ သည်၊ မစ္ဆရိယတရား ဖြစ်ပွါးလာသောအခါ ပုဏ္ဏားကြီးသည် "ပုဏ္ဏေးမနှင့်ငါတို့ နှစ်ဦးပေါင်းမှ အပေါ်ရုံအဝတ် တထည်သာ ရှိကြ၏၊ အခြားအလဲအလှယ် အပေါ်ရုံအဝတ်ဟူ၍ တထည်မျှမရှိ ချေ၊ မရုံပဲလည်း အိမ်ပြင်ပသို့ လှည့်လည်သွားလာခြင်းငှါ မတတ် နိုင်" — ဤသို့စသည်ဖြင့် ကြံစည်ပူပန်ကာ လှုံ့ဝ မလှူလိုသောသူ ဖြစ်သွားပြန်လေ၏။ ထို့နောက် ညဉ့်ဦးယံ လွန်မြောက်၍ သန်း ခေါင်ယံသို့ရောက်သောအခါမှာလည်း ထို့အတူပင် ပုဏ္ဏားကြီး၏ သန္တာန်ဝယ် နှစ်သက်ခြင်း = ပီတိငါးပါးဖြစ်ပွါး၍လာပြန်လေ၏၊ ပုဏ္ဏားကြီးသည် ရှေးနည်းအတူပင် ကြံစည်၍ ရှေးနည်းအတူပင် မလှူလိုသောသူ ဖြစ်သွားပြန်လေ၏။ ထို့နောက် သန်းခေါင်ယံ လွန်မြောက်၍ မိုးသောက်ယံသို့ ရောက်သော အခါမှာလည်း ပုဏ္ဏားကြီး၏သန္တာန်ဝယ် ထို့အတူပင် နှစ်သက်ခြင်း=ပီတိငါးပါး ဖြစ်ပွါး၍ လာပြန်လေ၏။ ဤအကြိမ်၌ကား ပုဏ္ဏားကြီးသည် မစ္ဆရိယအကုသိုလ်တရား ဖြစ်ပွါးခွင့်မပြုတော့ပဲ "သေခြင်းမှ လွတ် မြောက်ခြင်း ဖြစ်လိုလျှင်လည်း ဖြစ်စေတော့၊ သေခြင်းတရားသည် မူလည်း ဖြစ်လိုလျှင်ဖြစ်စေတော့၊ နောက်အခါမှ အဝတ်အရေးကို တွေးတောစဉ်းစားတော့မည်" ဟု ကြံစည်ဆုံးဖြတ်ချက်ချမှတ်ကာ

ထိုအပေါ်ရုံအဝတ်ကို ခေါက်၍ မြတ်စွာဘုရားရှင် ခြေတော်ရင်း၌ ချထားကာ ရက်ရက်ရောရော ပူဇော်ဒါန်းလိုက်လေ၏။ ထို့နောင်မှ လက်ဝဲလက်ကို ချွေ၍ လက်ျာလက်ဖြင့် သုံးကြိမ်တိုင်တိုင် မလန်းပေါက်(=လက်ခမောင်း)ခတ်ပြီးလျှင် "ငါအောင်ပြီ, ငါအောင်ပြီ" ဟု သုံးကြိမ်တိုင်တိုင် ရဲရဲတောက် ကြွေးကြော်လိုက်လေ၏။

ထိုအချိန်၌ ဗန္ဓုမမင်းကြီးသည် တရားဟောမဏ္ဍပ်သနပလ္လင်၏ နောက်မှ တင်းထိမ်ကန့်လန့်ကာအတွင်း ထိုင်နေလျက် တရားနာနေဆဲရှိ၏၊ မင်း၏အဖို့ရာ မိမိကသာ အနိုင်ယူလိုသူ ဖြစ်၍ "ငါအောင်ပြီ" ဟူသော အသံသည် မနှစ်သက်အပ်သောအသံသာ ဖြစ်လေ၏၊ သို့ရကား မင်းကြီးသည် မင်းချင်းယောက်ျား တယောက်ကို "အချင်း....သွားတည့်ချေ၊အဘယ်ကို ပြောသနည်းဟု ထိုသူကို မေးလော့" ဟူ၍ ပြောဆို စေလွှတ်လိုက်လေ၏။ မင်းချင်းယောက်ျားသည် ဧကသာဋကပုဏ္ဏားထံသို့ သွားရောက်၍ အကြောင်းကို မေးလေလျှင် ပုဏ္ဏားကြီးသည်—

> "အမောင်ယောက်ျား........ငါမှကြွင်းကြွင်း အခြားမင်းစသော သူများသည် ဆင်ယာဉ်,မြင်းယာဉ်-စသည်တို့ကို တက်စီးကြ၍ သန်လျက်, လှံ, ကာ-စသည်တို့ကို ကိုင်ဆောင်ကြကာ ရန်သူစစ်တပ်ကို အောင်နိုင်ကြကုန်၏၊ ထိုအောင်ခြင်းကား မအံ့ဩလောက်ပေ။ ငါတမူကား မိမိနောက်မှ ဖွေသတ်ရန် ခုန်ပေါက်၍ လိုက်လာသော နွားဆိုး နွားကြမ်း၏ဦးခေါင်းကို တင်းပုတ်ဖြင့် ထုနှက်၍ ထိုနွားဆိုး နွားကြမ်းကို ပြေးစေသော ယောက်ျားကဲ့သို့ မစ္ဆရိယစိတ်ကို နှိမ်နင်းပြီးလျှင် အပေါ်ရုံအဝတ်ကို မြတ်စွာဘုရားအား အောင်မြင်စွာ လှူဒါန်းရလေပြီ၊ ငါသည် အောင်နိုင်ခဲသော ထိုမစ္ဆရိယတရားကို အောင်နိုင်အပ်လေပြီ"—

ဟု ဖြေကြားပြောဆိုလေ၏။ မင်းချင်းယောက်ျားသည် တဖန်ပြန်လာ၍ မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားပြောကြားလေ၏။

ဗန္ဓုမမင်းကြီးသည် "အချင်း....ငါတို့သည် မြတ်စွာဘုရားအား လျှောက်ပတ်သည့်ကို မသိကြကုန်၊ ပုဏ္ဏားကြီးသည် သိပေ၏"ဟု မိန့်ဆိုကာ ပုဏ္ဏားကြီးအား ဝတ်စုံတစုံကို ပို့သပေးကမ်းစေလေ၏။ ပုဏ္ဏားကြီးသည် "ဤ မင်းကြီးကား ရှေးဦးစွာ စကားမဆို ဆိတ်ဆိတ်နေသော ငါ့အား တစုံတရာ မပေးကမ်းပဲ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ပြောကြားတော့မှ ပေးကမ်းပေ၏၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို စွဲ၍ဖြစ်သော ဤဝတ်စုံဖြင့် ငါ့အား အဘယ်အလိုရှိအံ့နည်း" ဟု ပြောဆိုကာ ထိုဝတ်စုံကို လည်း မြတ်စွာဘုရားအားပင် လှူဒါန်းပြန်လေ၏။

မင်းကြီးသည်လည်း "ပုဏ္ဏားကြီးသည် ငါပေးလိုက်သော ဝတ်စုံဖြင့် အဘယ်အမှုကို ပြုအပ်သနည်း" ဟု မင်းချင်းတို့ကို မေး၍ "ပုဏ္ဏားကြီးသည် ထိုဝတ်စုံကိုလည်း မြတ်စွာဘုရားအား ပင် လှူဒါန်းအပ်လေပြီ"ဟု ကြားသိရသဖြင့် တဖန်ထပ်၍ ဝတ်စုံ နှစ်စုံတို့ကိုလည်း ပုဏ္ဏားကြီးထံ ပို့စေပြန်လေ၏။ ပုဏ္ဏားကြီး သည် ထိုဝတ်စုံ နှစ်စုံတို့ကိုလည်း မြတ်စွာဘုရားအားပင် လှူဒါန်း ပြန်လေ၏။ မင်းကြီးသည် တဖန်ထပ်၍ ဝတ်စုံ လေးစုံတို့ကိုလည်း ပုဏ္ဏားကြီးထံ ပို့စေပြန်လေ၏။ ပုဏ္ဏားကြီးသည်လည်း ထိုဝတ်စုံ လေးစုံတို့ကို မြတ်စွာဘုရားအားပင် လှူဒါန်းပြန်လေ၏။ ဤနည်း ဖြင့် မင်းကြီးသည် တဆ,တဆတိုး၍ သုံးဆယ့်နှစ်စုံတိုင်အောင် ပို့စေပြန်လေ၏။ ထိုအခါ ဧကသာဋကပုဏ္ဏားကြီးသည် "ဤသို့ ရတိုင်းရတိုင်း မိမိဖို့မခြွင်းမချန်ပဲ လှူဒါန်းနေခြင်းသည် တိုး၍တိုး၍ ခံယူခြင်းကဲ့သို့ ဖြစ်နေ၏" ဟု ကြံစည်ပြီးလျှင် ထိုဝတ်စုံ သုံးဆယ့် နှစ်စုံတို့အနက်မှ မိမိအတွက်တစုံ, ပုဏ္ဏေးမကြီးအတွက် တစုံအားဖြင့် = ဝတ်စုံနှစ်စုံတို့ကို နုတ်ယူပြီးလျှင် ကျန်ရှိသောဝတ်စုံ သုံးဆယ်တို့ကို မြတ်စွာဘုရားအားပင် လှူဒါန်းလေ၏။ ထိုအချိန်မှ စ၍ ထို ပုဏ္ဏားကြီးမှာ မြတ်စွာဘုရားရှင်နှင့် အကျွမ်းတဝင် ချစ်ခင်ရင်းနှီးသူတယောက် ဖြစ်လေတော့၏။

ထို့နောက် တနေ့သ၌ မင်းကြီးသည် အလွန်အေးမြသောအခါ မြတ်စွာဘုရား အထံတော်၌ ပုဏ္ဏားကြီး တရားနာနေသည်ကို

မြင်ရ၍ မိမိရှိရှိသည့် အဖိုးတသိန်းတန် ကမ္ဗလာနီကြီးကို ပုဏ္ဏားကြီးအား ပေးပြီးလျှင် "ဤအချိန်မှ စ၍ ဤ ကမ္ဗလာကို ခြုံလျက် တရားနာလော့"ဟု မိန့်ဆိုလေ၏။ ပုဏ္ဏားကြီးသည် "ငါ့အဖို့ရာ ဤ ကမ္ဗလာကို ခန္ဓာကိုယ်ရုပ် ဤ အကောင်ပုပ်၌ ခြုံရုံသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု စဉ်းစားဆင်ခြင်ကြံစည်၍ ဂန္ဓကုဋီတိုက်တော်အတွင်း မြတ်စွာဘုရားရှင် သီတင်းသုံးနေထိုင်တော်မူရာ ညောင်စောင်း၏အထက်၌ ဗိတာန်မျက်နှာကြက် ဖြန့်ကြက်လျှဒါန်း၍ အိမ်သို့ ပြန်သွားလေ၏။

တနေ့သ၌ မင်းကြီးသည် စောစောပင်လျှင် ကျောင်းတော်သို့ သွားရောက်၍ ဂန္ဓကုဋီတိုက်တော်အတွင်း မြတ်စွာဘုရား၏ အနီး၌ ထိုင်နေလေ၏။ ထိုအချိန်၌ မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်သွယ်တို့သည် ဗိတာန်မျက်နှာကြက် ကြက်၍ထားသော ကမ္ဗလာနီ၌ ထိခိုက်ကုန်ရကား ကမ္ဗလာနီသည် အလွန်လျှင် တင့်တယ်လေ၏၊ မင်းကြီးသည် ထိုကမ္ဗလာကို မြင်လတ်သော် မှတ်မိ၍ "မြတ်စွာဘုရား.... ဤကမ္ဗလာသည် တပည့်တော်တို့၏ ကမ္ဗလာဖြစ်ပါသည်၊ တပည့်တော်တို့သည် ဤကမ္ဗလာကို စေသာဠကပုဏ္ဏားအား တရားနာသောအခါ ခြုံရုံရန် ပေးအပ်ပါပြီ"ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်က "မြတ်သော မင်းကြီး.... သင် မင်းကြီးတို့သည် ပုဏ္ဏားကို ပူဇော်အပ်လေပြီ၊ ပုဏ္ဏားသည် ငါဘုရားတို့ကို ပူဇော်အပ်ကုန်ပြီ"ဟု မိန့်တော်မူလေလျှင် မင်းကြီးသည် "ပုဏ္ဏားသည် သင့်လျော်လျောက်ပတ်သည်ကို သိပေ၏၊ ငါတို့ကား ထိုသို့မသိကုန်"ဟု အောက်မေ့ကာ လွန်စွာ သဒ္ဓါကြည်ညိုပြီးလျှင် လူတို့၏ အသုံးအဆောင် ပစ္စည်းဝတ္ထုမှန်သမျှ အလုံးစုံကို တမျိုးတမျိုးလျှင် ခြောက်ဆယ့်လေးခု ခြောက်ဆယ့်လေးခုစီ အညီအမျှပြု၍ သဗ္ဗဋ္ဌက မည်သော အလှူဒါနကို ပေးပြီးလျှင် ထို စေသာဠကပုဏ္ဏားကြီးကို ပုရောဟိတ်ရာထူး၌ ခန့်ထားတော်မူလေ၏။

စေသာဠကပုရောဟိတ်ပုဏ္ဏားကြီးသည်လည်း "အဋ္ဌဋ္ဌက = ရှစ်ခုရှစ်လီဟူသည်မှာ ခြောက်ဆယ့်လေးခုဖြစ်သည်"ဟု ဆင်ခြင်

စဉ်းစား၍ နေ့စဉ်နေ့စဉ် စာရေးတံဆွမ်း ခြောက်ဆယ့်လေးအုပ် တို့ကို ဒါနဝတ်တည်ထားကာ အသက်ထက်ဆုံး အလှူပေးလျက်, သီလသိတင်း ဆောက်တည်လျက် ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ တဖန် ဖြစ်ပြန်လေ၏။

## သူကြွယ်ဘဝ

တဖန် နတ်ပြည်မှ စုတေလတ်၍ ဤဘဒ္ဒကပ်ကမ္ဘာဝယ် ကောဏာဂုံမြတ်စွာဘုရား, ကဿပမြတ်စွာဘုရား=ဤဘုရားရှင်နှစ်ဆူ တို့၏ အကြားကာလ ဗုဒ္ဓန္တရခေတ်အချိန်၌ ဗာရာဏသီပြည်ဝယ် သူကြွယ်အိမ်၌ ဖြစ်ပြန်လေ၏။ ထိုသူကြွယ်သည် ကြီးပြင်း၍ အိမ် ရာတည်ထောင် လူ့ဘောင်၌ နေစဉ် တနေ့သ၌ တောအရပ်သို့ အညောင်းပြေ ခြေလျင်ခရီးသွားလေ၏။ ထိုအချိန်၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးသည် မြစ်ကမ်းအနီး၌ သင်္ကန်းချုပ်နေစဉ် အနား ပတ်မလောက်ရကား ထိုချုပ်လက်စသင်္ကန်းကို ခေါက်၍ထားရန် စီမံအားထုတ်တော်မူလေ၏။

သူကြွယ်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်လတ်၍ "အရှင် ဘုရား....အဘယ့်ကြောင့် သင်္ကန်းကို ခေါက်၍ထားတော်မူကြပါ သနည်းဘုရား"ဟု မေးမြန်းလျှောက်ထားလေ၏၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က "ဒါယကာ....အနားပတ်မလောက်၍ ခေါက်ထား ကြ၏"ဟု မိန့်တော်မူလေလျှင် သူကြွယ်သည် "အရှင်ဘုရား.... ဤအဝတ်ဖြင့် အနားပတ်ချုပ်လုပ်တော်မူကြပါဘုရား"ဟုလျှောက် ထား၍ မိမိ၏ အဝတ်ကို ဆက်ကပ်လှူဒါန်းပြီးလျှင် "ဖြစ်လေ ရာရာ သံသရာဘဝ၌ ငါ့အဖို့ရာ တစုံတခုသော အသုံး အဆောင် ဖြင့်မျှ ယုတ်လျော့ခြင်းမည်သည် မဖြစ်ပါစေသား"ဟု ဆုတောင်း ပဏ္ဍနာမှု ပြုလေ၏။

ထိုနောက် သူကြွယ်၏ အိမ်မှာလည်း သူကြွယ်၏ နှမနှင့် သူကြွယ်၏မယားတို့ အချင်းချင်း ခိုက်ရန်ငြင်းခုံမှု ပြုနေကြစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးသည် ဆွမ်းခံကြွဝင်တော်မူလာ

လေ၏။ ထိုအခါ သူကြွယ်၏နှမသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူပြီးလျှင် သူကြွယ်၏မယားကို ရည်ညွှန်း၍ "ဤသို့သဘော ရှိသော အခိုက်မကို ယူဇနာတရာကပင် ရှောင်ကြဉ်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏"ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။ သူကြွယ်၏ မယားသည် အိမ်တံခါးဝ၌ ရပ်တည်ရင်းက ထိုအသံကို ကြား ရ၍ "ဤသူမ လှူဒါန်းအပ်သောဆွမ်းကို ဤပစ္စေကဗုဒ္ဓါ အရှင် မြတ်သည် မဘုဉ်းပေးပါစေသတည်း"ဟု ကြံစည်အောက်မေ့ ကာ သပိတ်ကိုယူ၍ ဆွမ်းကို စွန့်သွန်လိုက်ပြီးလျှင် ရွှံ့ညွှန်အပြည့် ထည့်၍ ပေးလိုက်လေ၏။ သူကြွယ်၏နှမသည် ထိုအခြင်းအရာကို မြင်လတ်၍ "ဟယ်အမိုက်မ....သင်သည် ငါ့ကို ဆဲရေးလိုမူလည်း ဆဲရေးပါတော့၊ ရိုက်ပုတ်လိုမူလည်း ရိုက်ပုတ်ပါတော့၊ နှစ်သင်္ချေ ကြာ ပါရမီတို့ကို ဖြည့်ဆည်းပူးတော်မူပြီးသည့် ဤသို့သော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်မှ ဆွမ်းကို စွန့်သွန်၍ ရွှံ့ညွှန် အပြည့်ထည့်၍ ပေးရန်ကား မသင့်လျော်ချေ"ဟု ဆုံးမစကား ပြောကြားလေ၏။

ထိုအခါမှာမှ သူကြွယ်၏မယားသည် ဆင်ခြင်တုံတရားကို ရရှိကာ "အရှင်ဘုရား........ရပ်တော်မူပါဦး"ဟု လျှောက်ထား တောင်းပန်၍ ရွှံ့ညွှန်ကို စွန့်သွန်ပြီးလျှင် သပိတ်ကို စင်ကြယ် အောင် ဆေးကြောပြီးနောက် နံ့သာမှုန့်ဖြင့် ပွတ်တိုက်၍ စတုမဓု အပြည့်ထည့်ပြီးလျှင် ထို၏အထက်၌ ကြာတိုက်အဆင်း ဖြူဝင်း သော ထောပတ်ကို လောင်းထည့်လျက် အရောင်တလက်လက် ထွက်အောင်ပြု၍ အရှင်ပစ္စေကဗုဒ္ဓါ၏လက်၌ သပိတ်ကို ဆက် ကပ်ပြီးလျှင် "ဤဆွမ်းသည် အရောင်တလက်လက် ထွက်သကဲ့သို့ တပည့်တော်မ၏ ကိုယ်သည်လည်း အရောင်တလက်လက် ထွက် သည် ဖြစ်ပါစေသတည်း"ဟု ဆုတောင်းပတ္ထနာမှု ပြုလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အနုမောဒနာမှု ပြုတော်မူ၍ ကောင်း ကင်သို့ ပျံတက်တော်မူလေ၏။ ထိုဇနီးမောင်နှံတို့သည်လည်း အသက်ရှည်သမျှ ကုသိုလ်ကောင်းမှု ပြုလုပ်ကြ၍ ထိုဘဝမှ စုတေ လတ်သော် နတ်ပြည်၌ ဖြစ်ကြလေကုန်၏။

**ဗာရာဏသီသူဌေးဘဝ**

တဖန် နတ်ပြည်မှ စုတေကြပြန်လေသော် သူကြွယ်ဥပါသကာသည် ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ ဗာရာဏသီပြည်ဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးသား ဖြစ်လာလေ၏။ သူကြွယ်မယားသည်လည်း ထိုအတူပင် ကုဋေရှစ်ဆယ်ကြွယ်ဝသော အခြားသူဌေးတဦး၏သမီး ဖြစ်လာလေ၏။

ထိုသူဌေးသား အရွယ်ရောက်ကြီးပြင်းလာသောအခါ သူဌေးကတော်ပြုရန်အတွက် ထိုသူဌေးသမီးကိုပင် သူဌေးသားအိမ်သို့ ဆောင်ယူခဲ့ကြလေကုန်၏။ ထိုသူဌေးသမီး၏ ရှေးကပြုခဲ့၍အကျိုးမပေးခဲ့ရသေးသော ထိုအကုသိုလ်ကံ၏ အာနုဘော်ကြောင့် အရှင်သခင် လင်ယောကျ်ားသူဌေးအိမ်သို့ ဝင်မိလျှင်ပင် တံခါးခုံအတွင်း၌ ရပ်မိလျှင်ရပ်မိခြင်း ထိုသူဌေးသမီး၏ တကိုယ်လုံးသည် ဝစ္စကုဋီကို ဖွင့်အပ်ဘိသကဲ့သို့ မကောင်းသောအပုပ်နံ့ တထောင်းထောင်းထ၍ လာလေ၏။ သူဌေးသားသည် "ဤအနံ့ကား အဘယ်သူ၏ အနံ့နည်း"ဟု မေး၍ "ယခုရောက်လာ သူဌေးသမီးကညာ၏ အနံ့တည်း"ဟု ကြားသိလေလျှင် "အပြင်သို့ထုတ်ကြလော့"ဟု ပြောဆိုကာ ဆောင်ယူခဲ့ရင်း အခမ်းအနားအဆောင်အယောင်ဖြင့်ပင် ထိုသူဌေးသမီးကို မိဖအိမ်သို့တဖန် ပြန်၍ပို့စေလေ၏။ ထိုသူဌေးသမီးသည် ဤနည်းဖြင့်ပင် ခုနစ်ဌာနတို့၌ အိမ်တံခါးဝ တံခါးခုံအတွင်းသို့ ရောက်မှပင် မကောင်းသောအနံ့လှောင်းမှုကြောင့် မိဖအိမ်သို့တဖန် ပြန်နစ်ခဲ့ရလေသည်၊ အကုသိုလ်ကံများကား ကြောက်ဖွယ်ကောင်းလှလေစွ။

ထိုစဉ်အခါ ကဿပမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့် ထိုဘုရားရှင်အတွက် လူအပေါင်းတို့သည် ရွှေသားစတိသွန်းခုတ်အပ်သည့် အဖိုးတသိန်းတန် ရွှေနီဖလံအုတ်တို့ဖြင့် တယူဇနာ အမြင့်ရှိသော ဓာတုစေတီတော်ကြီးကို စတင်တည်ထားကြလေကုန်၏။ ထိုစေတီတော်ကြီး တည်ထားနေစဉ် ထိုသူဌေးသမီးသည် "ငါကား ခုနစ်ဌာနတို့မှ ပြန်နစ်ခဲ့ရသူဖြစ်၏၊ ငါ့အဖို့ရာ အသက်ရှည်သဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ကြံစည်

မိကာ မိမိ၏ ကိုယ်အဆင်တန်းဆာ ဘဏ္ဍာအားလုံးကို ထုခွဲရောင်းချ၍ ရသောငွေဖြင့် အလျားတတောင်, အနံတထွာ, အထုလက်လေးသစ်ရှိသော ရွှေအုတ်တချပ်ကို သွန်းလုပ်စေလေ၏။ ထိုနောင်မှ သူဌေးသမီးသည် ထိုရွှေအုတ်နှင့်တကွ ဆေးဒန်းမြင်းသီလာခဲကိုဖြင်း, ကြာရှစ်လက်တို့ကိုဖြင်း ယူဆောင်ပြီးသော် စေတီတော်တည်ရာအရပ်သို့ သွားရောက်လေ၏။

ထိုခဏ၌ စေတီတော်ကြီးကို ရွှေအုတ်တထပ် ပတ်၍ စီခဲ့ရာ ဆက်မိဖို့ရန် ရွှေအုတ်တချပ် လိုနေ၏။ သူဌေးသမီးသည် ပန်းရန်ဆရာကြီးကို "ဆရာကြီးတို့......ဤအုတ်တချပ်စာ လိုနေသောနေရာ၌ ကျွန်တော်မ၏ဤရွှေအုတ်ကို တည်ထားပေးကြပါလော့" ဟု ဆိုလေ၏။ ပန်းရန်ဆရာကြီးက "အိုအမိ....သင်သည် အချိန်ကောင်း၌ လာရောက်ပေ၏၊ အမိကိုယ်တိုင်ပင် ထိုရွှေအုတ်ကို တည်ထားပါလော့"ဟု အနုးအညွတ် ခွင့်ပြုလေသော် သူဌေးသမီးသည် ထိုနေရာသို့တက်ရောက်၍ ဆီနှင့် ဆေးဒန်းမြင်းသီလာမှုန့်တို့ကို ရောစပ်ပြီးလျှင် ထိုအဖွဲ့အစေးဖြင့် မိမိ၏ ရွှေအုတ်ကို တည်ထားပြီးနောက် ထိုအုတ်၏ အထက်၌ ကြာလက်တို့ဖြင့် ပူဇော်တင်လှူကာ ရိုသေစွာ ရှိခိုး၍ "ဖြစ်လေရာရာ သံသရာဘဝ၌ တပည့်တော်မ၏ ကိုယ်မှ စန္ဒကူးနံ့, ခံတွင်းမှ ကြာနံ့ သင်းပျံ့ကြိုင်လှိုင်ပါစေသတည်း"ဟု ဆုတောင်းပတ္ထနာမှုပြုပြီးလျှင် စေတီတော်ကို ရှိခိုးအရိုအသေပြုကာ မိမိအိမ်သို့ ပြန်သွားလေ၏။

ထိုခဏမှာပင် (သူဌေးသမီးကို) ရှေးဦးစွာ အပိုအသခံရသော သူဌေးသား၏ စိတ်သန္တာန်ဝယ် သူဌေးသမီးကို တအောက်မေ့မေ့ သတိရ၍ လာလေ၏၊ ဗာရာဏသီပြည်၌လည်း ပွဲလမ်းသဘင် ဆင်ယင်ကျင်းပဆဲ ဖြစ်၏။ သူဌေးသားသည် မိမိ၏ လူများကို "ထိုစဉ်အခါ=ဟိုတုန်းက ဤငါ့အိမ်သို့ ပိုသ ခေါ်ဆောင်လာသော သူဌေးသမီးကလေး တယောက် ရှိပါသည်၊ ထိုသူဌေးသမီးကလေးသည် ယခုအခါ အဘယ်အိမ်၌ ရောက်၍နေသနည်း"ဟု မေးလေ၏။ သူဌေးသား၏ လူများက "အရှင်သူဌေးမင်း.... ထိုသူဌေးသမီးကလေးသည် သူ၏မိဖအိမ်မှာပင်

ရှိနေပါသည်”ဟု ပြောကြလေလျှင် သူဌေးသားသည် “အမောင်တို့.... ထိုသူဌေးသမီးကလေးကို သွားရောက် ခေါ်ဆောင်ကြပါလော့၊ ထိုသူဌေးသမီးကလေးနှင့် အတူတကွ ပွဲလမ်းသဘင် ပျော်ရွှင်ကြကုန်အံ့”ဟု ပြောဆို၍ အခေါ်လွှတ်လိုက်လေ၏။

သူဌေးသား၏ လူများသည် သူဌေးသမီးကလေးထံသို့ သွားရောက်ကြ၍ သူဌေးသမီးကလေးကို ရှိခိုးရပ်တည်ကြလေလျှင် သူဌေးသမီးကလေးက “အမောင်တို့.... အဘယ်အကြောင်းကြောင့် လာရောက်ကြသနည်း” ဟု မေးအပ်ကုန်ရကား ထိုအကြောင်းကို ပြန်ကြားပြောဆိုကြလေ၏။ သူဌေးသမီးကလေးက“အမောင်တို့....ငါသည် အဆင်တန်ဆာ ဘဏ္ဍာအားလုံးဖြင့် စေတီတော်ကို ပူဇော်အပ်လေပြီ၊ ငါ့မှာ ဆင်ယင်ဖွယ်ရာ အဆင်တန်ဆာ မရှိတော့ချေ” ဟု ပြောဆိုလေလျှင် သူဌေးသား၏ လူများသည် ပြန်သွား၍ သူဌေးသားအား ထိုအကြောင်းကို ပြောဆိုကြလေကုန်၏။ သူဌေးသားက “သူဌေးသမီးကလေးကို ခေါ်သာခေါ်ဆောင်ခဲ့ကြပါ၊ အဆင်တန်ဆာကို ရကြပါလိမ့်မည်” ဟု ဝန်ခံစကား ပြောကြားလေလျှင် ထိုလူများသည် သူဌေးသမီးကလေးကို သူဌေးသားအိမ်သို့ ခေါ်ဆောင်ခဲ့ကြလေ၏။ ထိုသူဌေးသမီးကလေး အိမ်တွင်းသို့ ဝင်လိုက်သည်နှင့် တပြိုင်နက် တအိမ်လုံးသည် စန္ဒကူးနံ့သာနံ့, ကြာညိုနံ့ သင်းပျံ့ကြိုင်လှိုင်၍ နေလေ၏။

သူဌေးသားသည် သူဌေးသမီးကလေးကို “ပဌမအကြိမ် ဤအိမ်သို့ လာရောက်စဉ်က သင်၏ကိုယ်မှ မကောင်းသောရနံ့ လှောင်းခဲ့ပေ၏၊ ယခုအခါ၌မူ သင်၏ကိုယ်မှ စန္ဒကူးနံ့သာနံ့, ခံတွင်းမှ ကြာညိုနံ့ သင်းပျံ့ကြိုင်လှိုင်၏၊ ဤသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း” ဟု မေးမြန်းလေ၏၊ သူဌေးသမီးကလေးသည် အစမှစ၍ မိမိပြုအပ်သော ကောင်းမှုကံအကြောင်းကို ပြန်ကြားပြောဆိုလေသော် သူဌေးသားသည် “ြ....ဘုရားမြတ်စွာ သာသနာကား သံသရာဝဋ် ဒုက္ခညွတ်မှ စင်စစ် ထွက်မြောက်စေတတ်ပါပေစွတကား”ဟု သဒ္ဓါကြည်ညို

ပိုမိုဖြစ်ရှိကာ တယူဇနာရှိသော ရွှေစေတီတော်မြတ်ကို ကမ္ဗလာသင်တိုင်း(=ကတ္တီပါဝတ်လုံ)ဖြင့် ဝန်းပိုင်းခြံရံပြီးလျှင် ထိုထိုနေရာတို့၌ ရထားလှည်းဘီး ပမာဏရှိသော ရွှေပဒုမာကြာပန်းတို့ဖြင့် အဆန်းတကြယ် ကြည်ညိုဖွယ်ဖြစ်အောင် တန်းဆာဆင်လေ၏။ ထိုရွှေပဒုမာကြာပန်းတို့၏ တွဲလျားကျသော ရွှေကြာရိုး, ရွှေကြာလက်တို့မှာ တဆယ့်နှစ်တောင်ခန့်ပမာဏရှိကြကုန်၏။

## နန္ဒရာဇ်မင်းဘဝ

ထို သူဌေးဇနီးမောင်နှံတို့သည် ထိုဘဝ၌ မမေ့မလျော့ကောင်းမှုတို့ကို ပြုလုပ်ကြ၍ အသက်တမ်းအတိုင်း တည်နေကြပြီးလျှင် ထိုဘဝမှ စုတေ၍ နတ်ပြည်၌ ဖြစ်ကြလေ၏။ နတ်ပြည်မှ တဖန် စုတေကြပြန်သော် သူဌေးသားသည် ဗာရာဏသီပြည်မှ တယူဇနာဝေးကွာသော အရပ်၌ ဝနယ် အမတ်မျိုး၌ ဖြစ်၍ သူဌေးသမီးသည်လည်း ဗာရာဏသီမင်းနန်းတော်ဝယ် အကြီးဆုံးသောမင်းသမီး ဖြစ်လာလေသည်။

ထိုသူနှစ်ယောက်တို့ အရွယ်သို့ရောက်ကြလေလျှင် အမတ်သား (နန္ဒ)၏ နေရာရွာ၌ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပရန် ကြွေးကြော်အပ်လေ၏။ အမတ်သား မောင်နန္ဒသည် မိခင်အမတ်ကတော်ကို "အိုမိခင်....ကျွန်ုပ်အား အဝတ်ကို ပေးပါလော့၊ နက္ခတ်သဘင် ပျော်ရွှင်ကစားပါအံ့"ဟု အဝတ်အစား တောင်းရမ်းပြောဆိုလေ၏။ မိခင်အမတ်ကတော်က သားအား ဖွပ်လျှော်ပြီး အစာကျပြီးသော အဝတ်စုံကို ပေးလေလျှင် သားမောင်နန္ဒသည် "အိုမိခင်....ဤဝတ်စုံကား ကြမ်းတမ်းထူထဲလှ၏၊ အခြားဝတ်စုံကို ပေးပါလော့" ဟု ပြောဆိုလေသော် မိခင်သည် အခြားဝတ်စုံတစုံကို လဲလှယ်ပေးပြန်လေ၏။ ထိုဝတ်စုံကိုလည်း ကြမ်းတမ်းထူထဲလှ၏ ဟု ပယ်ပြန်သဖြင့် မိခင်သည် အခြားဝတ်စုံတစုံကို လဲလှယ်ပေးပြန်လေ၏။ ဤနည်းဖြင့် လဲလှယ်ပေးရဖန်များသောအခါ မိခင်သည် "ချစ်သား....ငါတို့သည် အကြင်သို့သော အမတ်မျိုးအိမ်၌ ဖြစ်ကြရကုန်၏၊ ဤအမတ်မျိုးအိမ်၌ ငါတို့ အဖို့ရာ ဤအဝတ်ထက် အထူးသဖြင့် နူးညံ့သောအဝတ်ကို ရရှိဖို့ရန် ဘုန်းကံ

မရှိချေ”ဟု ပြောဆိုလေ၏။ ထိုအခါ သားဖြစ်သူ နန္ဒလုလင်သည် “အိုမိခင်....ထိုသို့ဖြစ်လျှင် ဤအဝတ်ထက် နူးညံ့သောအဝတ်ကို ရရှိနိုင်ရာအရပ်သို့ ကျွန်ုပ်သွားပါတော့အံ့”ဟု ပြောဆိုလေသော် မိခင်သည်“အိုချစ်သား....ငါမိခင်သည် ယနေ့ပင် သင်ချစ်သား အဖို့ရာ ဗာရာဏသီပြည်၌ မင်းအဖြစ်ကို ရခြင်းကို အလိုရှိပါသည်”ဟု ခွင့်ပြုသည့် မင်္ဂလာအတိတ်စကား ပြောကြားလေ၏။

နန္ဒလုလင်သည် မိခင်ကို ရှိခိုးပြီးလျှင်“အိုမိခင်....အကျွန်ုပ်သည် သွားပါတော့မည်” ဟု ခွင့်ပန်စကား ပြောကြားလေ၏။ မိခင်ဖြစ်သူကလည်း အသာတကြည် “ချစ်သား.... သွားလော့”ဟု ခွင့်ပြုစကား ပြောကြားလေ၏၊ ထိုသို့ပြောကြားသောမိခင်၏ စိတ်မှာ “ငါ့သားသည် အခြား အဘယ်အရပ်သို့ သွားလိမ့်မည်နည်း၊ = သွားစရာ အခြားအရပ်မရှိချေ၊ ဤငါ၏ အိမ်မှာပင် ဤအရပ် ထိုအရပ်၌ နေပေလိမ့်မည်” ဟု ကြံစည်အောက်မေ့မိ၍ ထိုသို့ အသာတကြည် ခွင့်ပြုစကား ပြောကြားလိုက်ခြင်းဖြစ်သည်။ နန္ဒလုလင်သည်ကား ကုသိုလ်ကံ လှုံ့ဆော်ချက်ဖြင့် မိမိတို့ရွာမှထွက်ခဲ့၍ ဗာရာဏသီပြည်သို့ သွားရောက်ကာ ဥယျာဉ်တော် အတွင်း မင်္ဂလာကျောက်ဖျာထက်၌ ဦးခေါင်းကိုပါ လွှမ်းခြုံလျက် လျောင်းစက်ကာ နေလေ၏။ ထိုနေ့သည်ကား ဗာရာဏသီမင်း နတ်ရွာစံပြီးနောက် ခုနစ်ရက်မြောက်သောနေ့ ဖြစ်လေသည်။

အမတ်တို့သည် မင်းကြီး၏ ဈာပနကိစ္စကို ရွက်ဆောင် ပြုလုပ်ကြပြီးလျှင် မင်းယင်ပြင် (= နန်းတော်မြေကွက်လပ်)၌ တညီတညွတ်တည်း စည်းဝေးကြ၍ “ပြည့်ရှင်မင်းကြီးမှာ သမီးတော်တပါးသာလျှင် ထွန်းကားဖြစ်ပေါ်ခဲ့၏၊ သားတော်ဟူ၍ မဖြစ်ပေါ်ခဲ့ချေ၊ မင်းမဲ့သော. တိုင်းပြည်မည်သည် မသင့်လျော်ချေ၊ အဘယ်သူသည် မင်းဖြစ်မည်နည်း = မင်းပြုမည်နည်း”ဟု ဆွေးနွေးတိုင်ပင်ကြလေသော် “အသင်သည် မင်းဖြစ်ပါ = မင်းပြုပါ၊ အသင်သည် မင်းဖြစ်ပါ = မင်းပြုပါ” ဟု တယောက်သည် တယောက်ကို လွှဲချစကား ပြောကြားကြကုန်၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားကြီးက “ငါတို့သည် အများကို ကြည့်နေရန် မသင့်

ချေး ဖုသ်ရထား = မင်းလောင်းရှာသော မင်္ဂလာရထားကို လွှတ်ကြကုန်အံ့”ဟု ဆုံးဖြတ်စကား ပြောကြားလေ၏။ အမတ်တို့သည် အားလုံး သဘောတူညီကြ၍ ကုမုဒြာကြာဖူး အဆင်း ရှိသည့် သိန္ဓောမြင်းလေးကောင်တို့ကိုကာ၍ မင်းခြောက်တန်ဆာ ငါးပါးကို ရထားထက်၌ပင်တင်ထားကြကာမင်္ဂလာဖုဿရထား ကို လွှတ်၍ ရထား၏ နောက်မှ တူရိယာ ငါးမျိုးတို့ကို တီးမှုတ် စေကာ စစ်အင်္ဂါလေးပါးဖြင့် လိုက်ပါကြကုန်၏။

မင်္ဂလာဖုဿရထားသည် မြို့တော်အရှေ့တံခါးမှ ထွက်၍ မင်္ဂလာဥယျာဉ်တော်ဖက်သို့ ဦးရှုလျက်ရှိလေ၏။ အချို့လူများက “ရထားသည် သွားနေကျအလေ့အကျင့်ရ၍ ဥယျာဉ်သို့ ဦးရှု သွားနေသည်၊ ပြန်နှစ်စေကြကုန်ဗိုလား”ဟု ပြောဆိုကြ လေလျှင် ပုရောဟိတ်ပုဏ္ဏားကြီးက “မနှစ်စေကြလင့်”ဟု တားမြစ်စကား ပြောကြားလေ၏။ ဖုဿရထားသည် မင်္ဂလာဥယျာဉ်တော် အတွင်းသို့ ဝင်ရောက်ကာ နန္ဒလုလင်ကို လက်ျာရစ်လှည့်၍ စီးနင်း ဖို့ရန် အရံသင့်စီမံပြီးဖြစ်လျက် ရပ်တည်လေ၏။ ပုရောဟိတ် ပုဏ္ဏားကြီးသည် နန္ဒလုလင်ခြုံရုံထားသောအဝတ်အနားကိုလှပ်၍ ခြေဖဝါးအပြင်တို့ကို ကြည့်ရှုဆင်ခြင်လျက် “ဤဇမ္ဗူဒိပ်ကျွန်းသည် ရှိစေဦးတော့၊ ဤမင်းလောင်းကား ကျွန်းငယ်အရံနှစ်ထောင် ရှိသော လေးကျွန်းလုံးတို့၌ပင် ဘုန်းမီးထိန်လျှပ် မင်းပြုရန် လျောက်ပတ်သူ ဖြစ်လေသည်”ဟု နှုတ်မြွက်ပြောဆို၍ “နောက် တကြိမ်တူရိယာများကို တီးမှုတ်ကြလော့၊ နောက်တကြိမ် တူရိယာ များကို တီးမှုတ်ကြလော့”ဟု သုံးကြိမ်တိုင်တိုင် တူရိယာတို့ကို တီးမှုတ်စေလေ၏။

ထိုအခါ နန္ဒလုလင်သည် မျက်နှာကို ဖွင့်၍ ကြည့်ရှုပြီးလျှင် မှူးမတ်တို့နှင့် အတုံ့အပြန်စကားပြောဆိုသည်မှာ—

(နန္ဒ) အဘယ်အမှုကိစ္စဖြင့် လာရောက်ကြသနည်း။

(မှူးမတ်များ) အရှင်မင်းမြတ်.... အရှင်မင်းမြတ်တို့ထံ သို့ ဗာရာဏသီမင်းအဖြစ်သည် ဆိုက်ရောက်လာပါ၏။

(နန္ဒ) ပြည့်ရှင်မင်းကြီးကား အဘယ်အရပ်၌နည်း။

(မှူးမတ်များ) နတ်ရွာစံလွန်တော်မူပါပြီ အရှင်—။

(နန္ဒ) ပြည့်ရှင်မင်းကြီး နတ်ရွာစံပြီးနောက် ယခု ရက်ပေါင်းအဘယ်မျှတို့ လွန်ခဲ့ကုန်ပြီနည်း။

(မှူးမတ်များ) ယနေ့ဆိုလျှင် ခုနစ်ရက်မြောက် ဆိုက် ရောက်ခဲ့ပါပြီ။

(နန္ဒ) နတ်ရွာစံမင်းကြီးမှာ သားသော်၎င်း, သမီး သော်၎င်း မရှိဘူးလော။

(မှူးမတ်များ) အရှင်မင်းမြတ်...သမီးတော်တပါးသာ ရှိပါ၏၊ သားတော်မရှိပါ။—

ဤသို့ မှူးမတ်တို့က လျှောက်ထားကြလေလျှင် နန္ဒလုလင်သည် "ထိုသို့ဖြစ်လျှင် ငါသည် ဗာရာဏသီမင်းအဖြစ်ကို ပြုလုပ်ပေအံ့" ဟု လက်ခံစကား ပြောကြားလေ၏။ အမတ်တို့သည် ထိုခဏ မှာပင် အဘိသိက်မဏ္ဍပ် ဆောက်လုပ်၍ မင်းသမီးကို အဆင် တန်းဆာ အပြည့်အစုံ ဆင်ယင်ပြီးလျှင် ဥယျာဉ်သို့ ခေါ်ဆောင် ခဲ့ကြပြီးနောက် နန္ဒသတို့သားအား ရာဇအဘိသိက်ရေချမ်း သွန်း ဖျန်းကြကာ ဗာရာဏသီမင်းအဖြစ်သို့ တင်မြှောက်ကြလေကုန်၏။

ထို့နောက် ရာဇအဘိသိက်ရေချမ်း သွန်းဖျန်းပြီးသော နန္ဒ မင်းအား အဖိုးတထောင်တန်သော ဝတ်လဲတော်ကို ဆက်သ ကြကုန်၏။ နန္ဒမင်းက "အမောင်တို့...ဤအဝတ်ကား အဘယ် အဝတ်နည်း"ဟုမေး၍ မှူးမတ်တို့က "အရှင်မင်းကြီး...ဝတ်ဆင် တော်မူရန် ဝတ်လဲတော်အစုံဖြစ်ပါသည်ဘုရား"ဟု လျှောက်ထား ကြလေလျှင် နန္ဒရာဇမင်းသည် "အမောင်တို့...ဤဝတ်လဲတော် အစုံသည် တုထဲကြမ်းတမ်းလှသည်မဟုတ်လော၊ ဤဝတ်လဲတော် မှတပါး အခြားနူးညံ့သောဝတ်လဲတော်များ မရှိတော့ဘူးလော" ဟု မေးမြန်းလေ၏။ မှူးမတ်တို့က "အရှင်မင်းကြီး... လူတို့ သုံးဆောင်ကြသော အဝတ်များ၌ ဤဝတ်လဲတော်ထက် အထူး

သဖြင့် နူးညံ့သော အဝတ်ဟူ၍ မရှိတော့ပါဘုရား”ဟု လျှောက်ထားကြလေလျှင် နန္ဒရာဇ်မင်းသည် “အမောင်တို့၏ နတ်ရွာစံ ပြည့်ရှင်မင်းကြီးသည် ဤသို့သောဝတ်လဲတော်များကို ဝတ်ဆင်ခဲ့ပါသလော”ဟု မေးမြန်းလေ၏။ မှူးမတ်တို့က “မှန်ပါသည် အရှင်မင်းကြီး....”ဟူ၍ ပြန်ကြား လျှောက်ထားကြလေလျှင် နန္ဒရာဇ်မင်းသည် “အမောင်တို့၏ နတ်ရွာစံ ပြည့်ရှင်မင်းကြီးသည် ဘုန်းကံကြီးမားသူ မဟုတ်ယောင်တကား။ရွှေကရားကိုယူဆောင်ခဲ့ကြလော့၊အလွန်နူးညံ့သောအဝတ်ကို ငါတို့ရကြပါလိမ့်မည်”ဟု မိန့်ဆိုလေ၏။ မှူးမတ်တို့သည် ရွှေကရားကို ယူဆောင်ဆက်သကြလေကုန်၏။

နန္ဒရာဇ်မင်းသည် နေရာမှထ၍ လက်ဆေး, ပါးလုပ်ကျင်းပြီးလျှင် လက်ခုပ်ဖြင့် ရေကို ယူဆောင်၍ အရှေ့မျက်နှာအရပ်သို့ မြှောက်ကြဲလိုက်လေ၏။ ထိုခဏမှာပင် တခဲနက်သော မဟာပထဝီ ဤမြေကြီးကို ဖောက်ခွဲ၍ ပဒေသာပင်ရှစ်ပင်တို့ ပေါ်တက်၍ လာလေကုန်၏။ တဖန် ရေကို ယူပြန်၍ တောင်အရပ်, အနောက်အရပ်, မြောက်အရပ်တို့သို့ အစဉ်အတိုင်း မြှောက်ကြဲပြန်လေလျှင် ပဒေသာပင် ရှစ်ပင်စီ ရှစ်ပင်စီ ပေါ်တက်၍လာလေကုန်၏။ ဤသို့လျှင် အရပ်လေးမျက်နှာတို့၌ ပဒေသာပင်ပေါင်း သုံးဆယ့်နှစ်ပင်တို့ ပေါ်တက်၍ လာလေကုန်၏။ နန္ဒရာဇ်မင်းသည် နတ်၌ဖြစ်သော အဝတ်တထည်ကိုဝတ်၍ တထည်ကို ရုံပြီးလျှင် “နန္ဒမင်း၏ နိုင်ငံတော်အတွင်း၌ ဗိုးငင်ချည်ဝင့်သော မိန်းမများသည် ဗိုးငင်ချည်ဝင့်မှုကို မပြုကြကုန်လင့်ဟု ဤကဲ့သို့စည်လည်စေကြကုန်လော့” ဟု မိန့်ဆိုပြီးလျှင် ထီးဖြူတော်စိုက်ဆောက်၍ အဆင်တန်းဆာစုံဆင်ယင်လျက် ဆင်ကျောက်ကုန်းထက်၌ စီးနင်းလိုက်ပါကာ မြို့တော်သို့ဝင်၍ ပြာသာဒ်မသို့တက်ရောက်ပြီးလျှင် ကြီးစွာသော မင်းစည်းစိမ်ကို ခံစားသုံးဆောင်တော်မူလေ၏။

ဤကဲ့သို့ နန္ဒရာဇ်မင်း ကြီးစွာသော မင်းစည်းစိမ်ကို ခံစံ၍ ကာလအတန်ကြာလတ်သော် တနေ့သ၌ မိဖုရားကြီးသည် နန္ဒ-

ရာဇမင်း၏ ကြီးစွာသော မင်းစည်းစိမ်ကို ရှုကြည့်လျက် "ဩ......ကုသိုလ်ကောင်းမှု အသစ်မပြုရပြီး ခေါင်းပါးဘိ တကား"ဟူသော သဘောဖြင့် သနားသောအခြင်းအရာကို ပြလေ၏။ မင်းကြီးက "အရှင်မိဖုရားကြီး....ဤသို့ သနားသောအခြင်းအရာကို ပြခြင်းသည် အဘယ့်ကြောင့်နည်း"ဟု မေးလေလျှင် မိဖုရားကြီးသည် "အရှင်မင်းကြီး....အရှင်မင်းကြီး၏ စည်းစိမ်ကား ကြီးကျယ်လှဘိ၏၊ ရှေးအခါက ဘုရားရှင်တို့အား သဒ္ဓါယုံကြည်၍ ကောင်းမှုကို ပြုခဲ့သည် ကေန် မှန်ပေ၏၊ ယခုအခါ၌မူ အနာဂတ်ကာလချမ်းသာကြောင်း ကောင်းမှုကုသိုလ်ကို အရှင်မင်းကြီးတို့သည် မပြုကြကုန်"ဟု သတိပေးစကား ပြောကြားလေ၏။ "အဘယ်သူအားငါတို့ လှူကြရမည်နည်း၊ သီလရှိသူ အလှူခံပုဂ္ဂိုလ်တို့သည် မရှိကုန်"ဟု မင်းကြီးက မိန့်ဆိုလေလျှင် မိဖုရားကြီးသည် "အရှင်မင်းကြီး........ဇမ္ဗူဒိပ်ကျွန်းသည် ရဟန္တာတို့မှ မဆိတ်သုဉ်းပါ၊ အရှင်မင်းကြီးတို့သည် လှူဘွယ်ဝတ္ထုကိုသာ စီမံတော်မူကြပါလော့၊ ဘုရားကျွန်တော်မသည် ပူဇော်အထူးခံထိုက်သူ အလှူခံပုဂ္ဂိုလ်တို့ကို ရအောင် ကြိုးဆောင် ပင့်ဖိတ်ပေးပါမည်"ဟု ရဲရဲတောက်စကား လျှောက်ထားလေ၏။

မင်းကြီးသည် နောက်တနေ့၌ မြို့တော်အရှေ့တံခါးဝယ် အလှူဝတ္ထုများကို စီမံစေလေ၏။ မိဖုရားကြီးသည် စောစောစီးစီးပင် ဥပုသ်အင်္ဂါတို့ကို ဆောက်တည်၍ ပြာသာဒ်မအထက်၌ အရှေ့မျက်နှာသို့ရှေးရှု ရင်ဖြင့် ဝပ်တွားလျက် "ဤအရှေ့ဖက်အရပ်မျက်နှာ၌ ရဟန္တာသခင် အရှင်တို့ ရှိတော်မူကြပါလျှင် နက်ဖြန်ခါကြွရောက်လာကြ၍ တပည့်တော်တို့၏ ဆွမ်းကို အလှူခံတော်မူကြပါကုန်ဘုရား...."ဟူ၍ ပင့်ဖိတ်လျှောက်စကား ပြောကြားလေ၏။ အရှေ့အရပ်၌ ရဟန္တာပုဂ္ဂိုလ်များ မရှိသဖြင့် ကြွမလာကုန်၊ ထိုအလှူဝတ္ထုများကို အထီးကျန်ကပ္ပါး ဖုန်းတောင်းယာစကာများအား ပေးလှူကြရလေကုန်၏။ နောက်တနေ့၌ မြို့တော်တောင်တံခါးဝယ် အလှူဝတ္ထုများ စီရင်၍ ထိုအတူပင် ပြုပြန်လေသည်၊ နောက်တနေ့၌ အနောက်တံခါးဝယ် အလှူဝတ္ထုများ

စီရင်၍ ထိုအတူပင် ပြုပြန်လေသည်။ ထိုတောင်အရပ်, အနောက်အရပ်တို့၌ ရဟန္တာပုဂ္ဂိုလ်များ မရှိကြသဖြင့် ကြွမလာကြကုန်။

လေးရက်မြောက်နေ့ဝယ် မြို့တော်မြောက်တံခါး၌ လှူဖွယ်ဝတ္ထုများ စီမံပြီးလျှင် မိဖုရားကြီးက ရှေးနည်းအတူ ပင့်ဖိတ်အပ်သည်ရှိသော် ဟိမဝန္တာ၌ နေတော်မူကြသော ပဒုမဝတီမိဖုရားကြီး၏ သားတော် ပစ္စေကဗုဒ္ဓါ ငါးရာတို့အနက် နောင်တော်ကြီးဖြစ်သော မဟာပဒုမပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ညီတော်ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို "ငါ့သို့ရှုအပ် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ .... နန္ဒရာဇ်မင်းကြီးသည် သင်တို့ကို ပင့်ဖိတ်လေသည်၊ ထိုနန္ဒရာဇ်မင်းကြီး၏ ပင့်ဖိတ်ချက်ကို လက်ခံ သာယာကြပါလော့"ဟု မိန့်ဆိုလေ၏။ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် လက်ခံသာယာ၍ နောက်တနေ့ဝယ် အနောတတ်အိုင်၌ မျက်နှာတော်သစ်ကြပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွလာ၍ မြို့တော်မြောက်တံခါး၌ မြေသို့ သက်ဆင်းတော်မူကြလေကုန်၏။

မြို့သူမြို့သား လူအများတို့သည် မင်းကြီးထံသွားကြ၍ "အရှင်မင်းမြတ်....ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့ ကြွလာတော်မူကြပါပြီ"ဟု မင်းကြီးအား လျှောက်ထားကြလေကုန်၏။ မင်းကြီးသည် မိဖုရားကြီးနှင့် အတူတကွ သွားရောက်ကြ၍ရှိခိုးကာ သပိတ်ကို ကိုင်ယူ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့ကို ရွှေနန်းတော်ပြာသာဒ်ထက်သို့ ပင့်ဆောင်ပြီးလျှင် ထိုနန်းမပြာသာဒ်၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့အား ကြီးစွာသော အလှူဒါနကို ပေးလှူကြပြီးလျှင်၊ ဆွမ်းကိစ္စ ပြီးဆုံးသောအခါဝယ် မင်းကြီးက သံဃမထေရ်၏ ခြေတော်ရင်း၌ ဝပ်စင်း၍ရင်း, မိဖုရားကြီးက သံဃနဝ = အငယ်ဆုံးသံဃာ၏ ခြေတော်ရင်း၌ ဝပ်စင်း၍ရင်း "အရှင်မြတ်များ ဘုန်းတော်ကြီးပည့်ရာဥယျာဉ်၌ သီတင်းသုံးနေတော်မူကြပါလျှင် အရှင်မြတ်တို့မှာ ပစ္စည်းလေးပါးဖြင့် မပင်မပန်းချမ်းသာတော်မူကြပါလိမ့်မည်၊ တပည့်တော်များ မှာလည်း ကုသိုလ်ကောင်းမှုဖြင့် မယုတ်မလျော့ ကြီးပွါးကြရပါလိမ့်မည်၊ သို့ပါ၍ တပည့်တော်များ၏ ဣဿရာဏသီပြည် ဥယျာဉ်အတွင်း၌

သီတင်းသုံးနေထိုင်တော်မူကြရန် ပဋိညာဉ်ဝန်ခံချက်ကို ပေးသနားတော်မူကြပါဘုရား” ဟု လျှောက်ထားတောင်းပန်၍ ဝန်ခံချက် ပဋိညာဉ်ကို ရယူပြီးလျှင် မင်္ဂလာဥယျာဉ်တော် အတွင်း၌ သစ်မင်းကျောင်းငါးရာ, စင်္ကြံငါးရာ-စသည့် စုံအောင် နေရာထိုင်ခင်းကို အပြည့်အဝ စီမံကြ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့ကို ထိုဥယျာဉ်အတွင်း၌ သီတင်းသုံးနေထိုင်တော်မူကြစေကာ ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင် မပင်ပန်းအောင် ပြုစုကြလေကုန်၏။

ဤသို့ ပြုစု၍ ကာလအတန်ကြာလတ်သော် မင်းကြီး၏ တိုင်းစွန်ပြည်နား နယ်ဖျားအရပ်သည် လှုပ်ရှားထကြွ သောင်းကျန်း၍ လာလေ၏။ မင်းကြီးသည် မိဖုရားကြီးကို “ရှင်မိဖုရား....ငါသည် တိုင်းစွန်ပြည်နား နယ်ဖျားအရပ်ကို သူပုန်ရန်ဘေး ငြိမ်းအေးအောင် သွားပေအံ့၊ ရှင်မိဖုရားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၌ ပြုစုရန် မမေ့မလျော့လင့်” ဟု မှာထား၍ သွား၏။

မိဖုရားကြီးသည်လည်း မင်းကြီးမှာထားသည့်အတိုင်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို မမေ့မလျော့ ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလေ၏။ ထိုသို့ပြုစု၍ ရက်အတန်ကြာသော် မင်းကြီးပြန်မလာမီပင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ အာယုသင်္ခါရ=ဇီဝိတသန္တာန်အစဉ်တို့သည် ကုန်ခဲ့လေကုန်ပြီ၊ သို့ရကား နောင်တော်အကြီးဖြစ်သော မဟာပဒုမ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ညဉ့်သုံးယံပတ်လုံး ဈာန်ဝင်စား၍ အရုဏ်တက်သောအချိန်၌ တံကဲပျဉ်ကို မှီတော်မူကာ ရပ်တော်မူလျက်သာလျှင် အနုပါဒိသေသပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။ ဤနည်းအားဖြင့် ကြွင်းကျန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း ပရိနိဗ္ဗာန်ဝင်စံတော်မူကြလေကုန်၏။

နောက်တနေ့၌ မိဖုရားကြီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အတွက် နေထိုင်ရာအရပ်ကို နွားချေးဖြင့် လိမ်းကျံစေခြင်း, ပန်းမာလ်တို့ကို ကြဲဖြန့်ခြင်း, အထုံအခိုးပေးခြင်းများကို ပြုလုပ်၍ အရှင်ပစ္စေကဗုဒ္ဓါတို့ ကြွအလာကို စောင့်မျှော် ထိုင်နေပါသော်လည်း ကြွလာမည့်အရိပ်ကို မတွေ့မထင် မမြင်ရကား မင်းချင်းယောက်ျားတယောက်ကို “ချစ်သား....သွားရောက်၍ စုံစမ်းလော့၊

အရှင်မြတ်တို့အဖို့ရာ တစုံတရာ မချမ်းသာမှု မကျန်းမာမှုများ ဖြစ်ရှိလေသလော" ဟု ပြောဆိုစေလွှတ်လိုက်လေ၏။

မင်းချင်းယောက်ျားသည် ဥယျာဉ်တော်သို့သွား၍ မဟာပဒုမ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သင်္ခမ်းကျောင်းတံခါးကို ဖွင့်၍ ကြည့်ရှုလေလျှင် သင်္ခမ်းကျောင်း၌ မတွေ့မမြင်ရကား စင်္ကြံသို့ သွားရောက်၍ မီးရာတံကဲပျဉ်ကို မှီလျက် ရပ်တည်နေသည်ကို တွေ့မြင်ကာ ရှိခိုးပြီးလျှင် "ဆွမ်းဘုဉ်းပေးချိန်တန်ပါပြီ အရှင်ဘုရား...." ဟု ပင့်လျှောက်လေ၏။ ပရိနိဗ္ဗာန် စံပြီးသောဥတုဇရုပ်ကိုယ်ကား အဘယ်မှာလျှင် စကားတုံ့ပြန်ပြောတော့မည်နည်း=မပြောတော့သည်သာ။ မင်းချင်းယောက်ျားသည် "ကျိန်းစက်တော်မူနေသည် ထင်ပါရဲ့" ဟု အောက်မေ့၍ အနီးသို့ သွားရောက်ကာ ခြေဖမိုးတော်၌ လက်ဖြင့်စမ်းသပ်ကြည့်ရှုလေသော် ခြေများအေးနေခြင်း, တောင့်တင်းနေခြင်းကြောင့် ပရိနိဗ္ဗာန် စံပြီးဖြစ်ကြောင်းကို ကောင်းစွာရိပ်မိ သိရှိပြီးလျှင် ဒုတိယအရှင်မြတ်ထံသို့ သွားရောက်ပြန်လေ၏၊ ဤနည်းအတူပင် တတိယ အရှင်မြတ်ထံသို့ သွားရောက်ပြန်လေ၏၊ ဤသို့ သွားရောက်စုံစမ်း၍ အလုံးစုံသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ပရိနိဗ္ဗာန် စံပြီးဖြစ်တော်မူကြကြောင်းကို ကောင်းစွာရိပ်မိ သိရှိပြီးနောက် နန်းတော်သို့ပြန်အရောက်တွင် မိဖုရားကြီးက "အမောင်....ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် အဘယ်မှာနည်း" ဟု မေးမြန်းသဖြင့် ထိုမင်းချင်းယောက်ျားသည် "အရှင်မိဖုရား....ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ပရိနိဗ္ဗာန် ဝင်စံတော်မူကြပါပြီ" ဟု ပြန်ကြားလျှောက်ထားလေ၏။ မိဖုရားကြီးသည် သည်းစွာငိုကြွေးမြည်တမ်းကာ မြို့မှထွက်၍ မြို့သူမြို့သားတို့နှင့် အတူတကွ ဥယျာဉ်သို့ သွားရောက်၍ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပလျက် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ သရီရဓာတ်တော်တို့ကို ပြုလုပ်ပြီးသော် ဓာတ်တော်တို့ကို ယူဆောင်၍ စေတီတော် တည်ထားစေလေ၏။

မင်းကြီးသည် တိုင်းစွန်ပြည်နားနယ်ဖျားဒေသ ပစ္စန္တအရပ်ကို ငြိမ်းအေးစေပြီး၍ တိုင်းပြည်သို့တဖန် ပြန်လာလတ်သော် ခရီးဦး

အကြိုအဆို လာရောက်သော မိဖုရားကြီးကို တွေ့မြင်လျှင်တွေ့မြင်ခြင်း "ရှင်မိဖုရား....ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့နှင့် မမေ့မလျော့ ပြုစုပါ၏လော၊အရှင်မြတ်တို့သည် ရောဂါဘယ ကင်းကြပါ၏လော" ဟု မေးသဖြင့် မိဖုရားကြီးက "အရှင်မင်းမြတ်....ပရိနိဗ္ဗာန် ဝင်စံတော်မူကြပါပြီ"ဟု ပြန်ကြားလျှောက်ထားလေလျှင် မင်းကြီးသည် "ဤသို့သဘောရှိသော ပညာရှိတို့၏ ခန္ဓာအစဉ်မှာသော်လည်း သေခြင်းတရား ဖြစ်ပွါးတုံသေး၏၊ ငါတို့၏အဖို့ရာ အဘယ်မှာလျှင် သေခြင်းတရားမှ လွတ်မြောက်မှုရှိနိုင်အံ့နည်း"ဟု သံဝေဂဉာဏ်ဝင်ကာ ဆင်ခြင်စဉ်းစားတော်မူမိလေ၏။

မင်းကြီးသည် မြို့တော်သို့မသွားတော့ပဲ ဥယျာဉ်တော်အတွင်းသို့သာ ဝင်တော်မူ၍ သားတော်ကြီးကို ခေါ်စေပြီးလျှင် ထီးနန်းစည်းစိမ်ကို လွှဲအပ်၍ ကိုယ်တိုင်ကမူ (သာသနာတွင်း ရဟန်းတော်ကဲ့သို့) ရှင်ရဟန်းပြုလေ၏။ မိဖုရားကြီးသည်လည်း "ဤမင်းကြီး ရဟန်းပြုလျှင် ငါသည် အဘယ်အမှု ပြုရန်ရှိတော့အံ့နည်း၊=မရှိတော့သည်သာ "ဟု ဆင်ခြင်စဉ်းစား၍ ထိုဥယျာဉ်တော်၌ပင် ရဟန်းမ-ပြုလေတော့၏။ နှစ်ဦးလုံးတို့ပင် ဈာန်သမာပတ်တရားကို ဖြစ်ပွါးစေကြ၍ ထိုဘဝမှ စုတေကြသည်ရှိသော် ဗြဟ္မာ့ပြည်၌ ဖြစ်ကြလေကုန်၏။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုကြောင်း

ထိုသူနှစ်ဦးတို့ ဗြဟ္မာ့ပြည်၌ တည်ရှိနေကြစဉ် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာ အချိန်သို့ ရောက်ရှိခဲ့လေသည်။ ထိုအချိန်တွင် အရှင်မဟာကဿပမထေရ်ဖြစ်မည့် ပိပ္ပလိလုလင်သည် မဂဓတိုင်း အဝင်အပါ မဟာတိတ္ထပုဏ္ဏားရွာဝယ် ကပိလ-အမည်ရှိသော ပုဏ္ဏားသူဋ္ဌေးကြီး၏ သူဋ္ဌေးကတော်ကြီးဝမ်း၌ ပဋိသန္ဓေ တည်နေဖြစ်ပွါး၍ ရှင်မဘဒ္ဒါကာပိလာနီ၏ အလောင်းဖြစ်သော အမျိုးသမီးသည်ကား မဒ္ဒတိုင်းအဝင်အပါ သာဂလမြို့ဝယ် ကောသိယအနွယ်ဖြစ်သော ပုဏ္ဏားသူဋ္ဌေးကြီး၏ သူဋ္ဌေးကတော်ကြီးဝမ်း၌ ပဋိသန္ဓေ တည်နေဖြစ်ပွါးလေ၏။

ထိုသူနှစ်ဦးတို့ အစဉ်သဖြင့် ကြီးပြင်းကြ၍ ပိပ္ပလိလုလင် အသက်နှစ်ဆယ်အရွယ်, ဘဒ္ဒါကာပိလာနီအမျိုးသမီး အသက် ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ရှိလတ်သော် ပိပ္ပလိလုလင်၏ မယ်တော်, ခမည်းတော်တို့သည် သားဖြစ်သူကို ကြည့်ရှုကြပြီးလျှင် အရွယ်ရောက်နေပြီ ဖြစ်သည်ကို ဆင်ခြင်စဉ်းစားမိကြ၍ "ချစ်သား... သင်ချစ်သားသည် အိမ်ထောင်ပြုရန် အရွယ်ရောက်ခဲ့လေပြီ၊ မျိုးဆက်မည်သည်ကို အရှည်တည်စေရသည်" ဟု အတင်းအကြပ် အိမ်ထောင်ပြုရန် တိုက်တွန်းနားချ ပြောကြလေ၏။ ပိပ္ပလိလုလင်သည် ဗြဟ္မာ့ပြည်မှ လာသူဖြစ်ရကား "ကျွန်ုပ်၏ နားဥပစာအတွင်းမှာ ဤသို့သော စကားကို မပြောကြားကြပါလင့်၊ ကျွန်ုပ်သည် မယ်တော်,ခမည်းတော်တို့ အသက်ထင်ရှားရှိနေကြစဉ် ပြုစုလုပ်ကျွေးပြီးလျှင် မယ်တော်, ခမည်းတော်တို့ ကွယ်လွန်သောအခါ၌ အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၍ ရှင်ရဟန်းပြုလုပ်မည်ဖြစ်ပါသည်" ဟု ငြင်းပယ်စကား ပြောကြားလေ၏။ မိဖနှစ်ပါးတို့သည် နှစ်ရက်, သုံးရက် လွန်သောအခါ တဖန် နားချ ပြောကြပြန်လေ၏၊ ပိပ္ပလိလုလင်သည်လည်း ရှေးနည်းအတူပင် ငြင်းပယ်ပြန်လေ၏။ နောက်တဖန် ထပ်၍ နားချ ပြောကြားသောအခါမှာလည်း ထိုနည်းအတူပင် ငြင်းပယ်မြဲ ငြင်းပယ်လေ၏။ ထိုအချိန်မှစ၍ မိခင်သူဌေးကတော်ကြီးသည် အမြဲမပြတ် နားချပြောကြားလေ၏။

ပြောကြားဖန်များလတ်သော် ပိပ္ပလိလုလင်သည် "ငါ့မယ်တော်ကို ငါ ရှင်ရဟန်းပြုလိုကြောင်း ကောင်းစွာသိစေမည်" ဟု ကြံစည်၍ အောက်မေ့ကာ ရွှေစင်နိက္ခ အချိန်တထောင်ပေး၍ ရွှေပန်းထိမ်သည်များကို အမျိုးသမီးရွှေစင်ရုပ်တုတခု သွန်းလုပ်ပြုလုပ်စေပြီးလျှင် ထိုရွှေစင်ရုပ်တုကို အချောသတ် ပွတ်တိုက်ပြီးသောအခါ နီမြန်းသောအဝတ်ကို ဝတ်စေပြီးနောက် အဆင်းအချောင်တောက်ပြောင်သော ပန်းများ, အဆင်တန်ဆာများတို့ဖြင့် တန်ဆာဆင်စေလျက် မိခင်သူဌေးကတော်ကြီးကို ခေါ်စေ၍ "အိုမိခင်... အကျွန်ုပ်သည် ဤရွှေစင်ရုပ်တုကဲ့သို့သော မိန်းမလှ

ကို ရရှိပါလျှင် အိမ်၌နေပါမည်၊ မရလျှင် အိမ်ရာတည်ထောင်လူ့ဘောင်၌ နေလိမ့်မည်မဟုတ်ပါ"ဟု ပြောကြားလေ၏။

မိခင်ပုဏ္ဏေး သူဌေးကတော်ကြီးသည် ပညာရှိသူဖြစ်ရကား "ငါ့သားသည် ဘုန်းရှိသူ၊ အလှူဒါနပေးခဲ့သူ၊ ရှေးဆုတောင်းကောင်းမြတ်သူ ဖြစ်လေသည်၊ ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့စဉ်တဦးတည်း ပြုလုပ်ခဲ့လိမ့်မည်မဟုတ်၊ မချွတ်ဧကန် အမှန်ပင်ငါ့သားနှင့် အတူတကွ ကုသိုလ်ကောင်းမှု အားသစ်ပြုခဲ့သည့်ရွှေစင်ရုပ်တုပမာ အလွန်လှပသော မိန်းမမြတ်သည် ရှိလိမ့်မည်သာ"ဟု ကြံစည်အောက်မေ့၍ ပုဏ္ဏားတော်ကြီး ရှစ်ယောက်တို့ကို ရွှေမြောက်ကုဋေ ခေါ်စေကာ များစွာသော ပူဇော်သက္ကာရမှုပြုလုပ်စေပြီးနောက် ရွှေစင်ရုပ်တုကို ရထားထက်သို့ တင်စေပြီးလျှင် "အမောင်တို့......သွားကြကုန်၊ ငါတို့နှင့် ဇာတ်၊ အနွယ်၊စည်းစိမ်ဂုဏ်သိရ်တို့ဖြင့် တူမျှသောအမျိုး၌ ဤရွှေစင်ရုပ်တုနှင့်တူသော သူငယ်မကို တွေ့မြင်ကြရလျှင် ဤရွှေစင်ရုပ်တုကိုပင်လက်ဆောင်ပဏ္ဏာ = အာမခံပစ္စည်းပြု၍ ပေးခဲ့ကြလော့"ဟုပြောဆိုမှာကြားကာ စေလွှတ်လိုက်လေ၏။

ပုဏ္ဏားတော် ရှစ်ယောက်တို့သည် "ဤအလုပ်သည် တားကျွန်ုပ်တို့ပညာရှိများ၏ ပြုလုပ်ရမည့်အလုပ် ဖြစ်လေသည်"ဟုဝန်ခံပြောဆိုကာ ရွာမှထွက်ခဲ့ကြ၍ "ငါတို့သည် အဘယ်အရပ်သို့သွားကြလျှင် သင့်တော်မည်နည်း"ဟု အချင်းချင်း တိုင်ပင်ဆွေးနွေးကြလေသော် "မဒ္ဒတိုင်းမည်သည် ဤလောက၌မိန်းမလှထွန်းကားသော တိုင်းဖြစ်လေသည်၊သို့ရကား ငါတို့သည်မဒ္ဒတိုင်းသို့ သွားကြကုန်အံ့"ဟု တညီတညွတ်တည်း ဆုံးဖြတ်သဘောတူညီကြ၍ မဒ္ဒတိုင်းအဝင်အပါ သာဂလမြို့သို့ သွားရောက်ကြ၍ ထိုမြို့၌ ရွှေစင်ရုပ်တုကို ရေချိုးဆိပ်၌ ထားပြီးလျှင်သင့်လျော်ပတ်ရာအရပ်က အကဲခတ်ကာ ထိုင်နေကြလေ၏။

ထိုအခါ ဘဒ္ဒါကာပိလာနီပုဏ္ဏေး သူဌေးသမီး၏ အထိန်းတော်ကြီးသည် ဘဒ္ဒါကာပိလာနီကို ရေချိုး၊အဆင်တန်ဆာများ

ဆင်ပေးပြီးနောက် ကြက်သရေတိုက်ခန်း၌ ထားခဲ့ပြီးလျှင် ရေချိုးရန် ရေဆိပ်သို့ လာရောက်သည်ရှိသော် ထိုရွှေစင်ရုပ်တုကို တွေ့မြင်ရ၍ "ငါ၏ အရှင့်သမီးတော်သည် ဤရေဆိပ်သို့ လာရောက်နေနှင့်သည်"ဟု မှတ်ထင်ကာ အမျိုးမျိုးခြိမ်းခြောက်လျက် "ဟယ် အဆုံးမခက်သောသမီး....အဘယ့်ကြောင့် သင်တယောက်တည်း ဤရေဆိပ်သို့ လာရောက်သနည်း"ဟု မြည်တွန်ပြောဆိုကာ လက်ဝါးပြက်ကို မိုး၍ "အိမ်သို့ မြန်မြန်ပြန်သွား"ဟု ပြောပြောဆိုဆို ကျောပြင်ကို ရိုက်နှက်လေ၏။ အထိန်းတော်၏ လက်ဝါးပြင် တပြင်လုံး ကျောက်ဖျာ၌ ရိုက်နှက်ရသည့်ပမာ လွန်စွာနာကျင် တုန်လှုပ်၍ သွားလေ၏။ အထိန်းတော်သည် နောက်သို့ ဆုတ်ကာ "ဩ....ငါသည် ဤသို့စင် အတွေ့ကြမ်းလှသည့် လည်ပင်းကြီးမကို မြင်ရပါလျက် 'ငါ့အရှင့်သမီး'ဟု အထင်မှားမိလေခြင်း၊ ဤသူမကား ငါ့အရှင့်သမီးတော်၏အဖို့ရာ အဝတ်ထမီကိုင်သူမပင် မဖြစ်သင့်စွာတကား"ဟု ရန်တွေ့စကား ပြောကြားလေ၏။

ထိုအခါ ပုဏ္ဏားတော်ရှစ်ယောက်တို့သည် အထိန်းတော်ကို ဝန်းရံကြ၍ "သင်၏ အရှင့်သမီးသည် ဤမျှပင် တင့်တယ်လှပသလော"ဟု မေးကြကုန်၏။ အထိန်းတော်ကား "ဤသူမ-ကား အဘယ်မူစအံ့နည်း၊ ဤ သူမထက် ငါ့အရှင့် သမီးတော်သည် အပြန်အရာ, အပြန်အထောင်မက လှပတင့်တယ်ပေ၏၊ တဆယ့်နှစ်တောင်ရှိသော တိုက်ခန်းဝယ် ငါ့အရှင့်သမီးတော် ထိုင်နေလိုက်လျှင် ဆီမီးညှိထွန်းရန်ကိစ္စ မရှိ၊ ပကတိ ကိုယ်ရောင်ဖြင့်ပင် အမိုက်မှောင်ကို ပယ်ဖျောက်နိုင်၏"ဟု ပြောဆိုလေသော် ပုဏ္ဏားတော်ရှစ်ယောက်တို့သည် "ထိုသို့ဖြစ်လျှင် လာသွားကြစို့"ဟု အထိန်းတော်ကို ခေါ်ခဲ့ကြ၍ ရွှေစင်ရုပ်တုကို ရထားထက်သို့ တင်ပြီးလျှင် ကောသိယဂေါတ္တ ပုဏ္ဏားသူဌေး၏ အိမ်တံခါးဝ၌ ရပ်တည်ကြ၍ မိမိတို့လာရောက်ကြကြောင်းကို ပြောကြားသိစေကြလေကုန်၏။

ကောသိယဂေါတ္တ ပုဏ္ဏားသူဌေးကြီးသည် ဧည့်သည်တော် ပုဏ္ဏားတို့အား ဧည့်ဝတ်ပြုစုပြီးလျှင် "အဘယ်အရပ်မှ လာကြ

သနည်း" ဟု မေးရာ၌ ပုဏ္ဏားတော်တို့က "မဂဓတိုင်း မဟာ-တိတ္ထရွာ ကပိလပုဏ္ဏားသူဌေးအိမ်မှ လာကြပါသည်" ဟု ဖြေကြားကြလေလျှင် "အဘယ်အကြောင်းကြောင့် လာရောက်ကြသနည်း" ဟု မေးမြန်းပြန်၍ ပုဏ္ဏားတော်တို့သည် မိမိတို့လာရောက်သော အကြောင်းကို ပြန်ကြားပြောဆိုကြလေ၏။ ကောသိယဂေါတ္တ ပုဏ္ဏားသူဌေးသည် "အမောင်တို့.... ကောင်းသောအမှု ဖြစ်ပါပေသည်၊ ကပိလပုဏ္ဏားသူဌေးသည် ငါတို့နှင့် ဇာတ်, အနွယ်, စည်းစိမ်တူသူ ဖြစ်ပေသည်၊ သတို့သမီးကို ပေးပါမည်" ဟု ဝန်ခံ၍ ထိုလက်ဆောင်ပဏ္ဏာ = အာမခံ ရွှေစင်ရုပ်တုကို လက်ခံသိမ်းယူလေ၏။ ပုဏ္ဏားတော်တို့သည် ကပိလပုဏ္ဏားသူဌေးထံသို့ "သတို့သမီးကို ရအပ်ပါပြီ၊ ပြုဖွယ်ကိစ္စ အဝဝကိုသာ ပြုလုပ်စီမံပါလော့" ဟု သတင်းစကား ပြန်ကြားပို့သစေကုန်၏။

**သဝဏ်လွှာ နှစ်စောင်**

ထိုသတင်းစကားကို ကြားသိကြ၍ ပိပ္ပလိလုလင်၏ ကျေးကျွန်များက ပိပ္ပလိလုလင်အား "အရှင်သား....အရှင့်သားအဖို့ရာ ရွှေစင်ရုပ်တု နှိုင်းပုံပြုရသော သတို့သမီးကို ရအပ်ပြီတဲ့" ဟု ဝမ်းမြောက်ဝမ်းသာ အားပါးတရ ပြောကြားကြလေလျှင် ပိပ္ပလိလုလင်သည် "ငါကား ရကြလိမ့်မည်မဟုတ်ဟု ကြံစည်စဉ်းစားမိလေသည်၊ ဤသူတို့ကား 'သတို့သမီးကို ရအပ်ပြီတဲ့' ဟု ပြောကြားကြ၏၊ ငါသည် အလိုမရှိသူဖြစ်၍ ဘဒ္ဒါ၏ထံသို့ သဝဏ်လွှာကို ပို့စေတော့အံ့" ဟု ကြံစည်ဆင်ခြင်ကာ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်—

"နှမဘဒ္ဒါသည် မိမိနှင့် ဇာတ်, အနွယ်, စည်းစိမ်အားလျော်လျောက်ပတ်သည့် အခြားအိမ်ထောင်ရှင် တဦးကို ရယူစေချင်ပါသည်၊ ကျွန်ုပ်သည်ကား တောထွက်၍ ရဟန်းပြုမည့်သူ ဖြစ်ပါသည်၊ နောက်အခါကျမှ နှလုံးမသာမယာ မဖြစ်စေချင်ပါ"—

ဟု သဝဏ်လွှာရေးသား၍ ဘဒ္ဒါထံသို့ လျှို့ဝှက်စွာ သဝဏ်လွှာကို ပို့စေလေ၏။

ဘဒ္ဒါပုဏ္ဏေး သူဌေးသမီးသည်လည်း "ငါ့ကို မိဖနှစ်ပါးတို့က မဂဓတိုင်း မဟာတိတ္ထရွာ ကပိလပုဏ္ဏားသူဌေးကြီး၏သား ပိပ္ပလိလုလင်အား ပေးလိုကြသတဲ့" ဟူသော သတင်းစကားကို ကြားသိရ၍ ထို့အတူပင် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်—

"မောင်ကြီး ပိပ္ပလိ အရှင့်သားသည် မိမိနှင့် ဇာတ်, အနွယ်, စည်းစိမ်အား လျော်လျောက်ပတ်သည့် အခြားအိမ့်ရှင်မ တဦးဦးကို ရယူစေချင်ပါသည်၊ နှမသည်ကား တောထွက်၍ ရဟန်းမ-ပြုလုပ်မည့်သူ ဖြစ်ပါသည်၊ နောက်အခါကျမှ နှလုံးမသာမယာ မဖြစ်စေချင်ပါ"—

ဟု သဝဏ်လွှာရေးသား၍ ပိပ္ပလိလုလင်ထံသို့ လျှို့ဝှက်စွာ သဝဏ်လွှာကို ပို့စေလေ၏။

သဝဏ်လွှာပို့ကြသူ နှစ်ဖက်သားတို့ လမ်းအကြားဝယ် တွေ့ဆုံကြလေသော် ဘဒ္ဒါ၏ လူများက "သူငယ်ချင်းတို့....မင်းတို့ ယခု ယူဆောင်လာသော သဝဏ်လွှာသည် အဘယ်သူက အဘယ်သူ့ထံ ပို့စေအပ်သော သဝဏ်လွှာဖြစ်သနည်း" ဟု မေးမြန်းကြ၍ ပိပ္ပလိလုလင်၏ လူများကလည်း "ငါတို့အရှင် ပိပ္ပလိလုလင်သူဌေးသားက ဘဒ္ဒါသူဌေးသမီးထံသို့ ပို့စေအပ်သော သဝဏ်လွှာဖြစ်သည်" ဟု ရိုးသားစွာ ပြောဆိုကြလေ၏။ တဖန် ပိပ္ပလိလုလင်၏လူများက "သူငယ်ချင်းတို့....မင်းတို့ ယခု ယူဆောင်လာသော သဝဏ်လွှာသည်လည်း အဘယ်သူက အဘယ်သူ့ထံ ပို့စေအပ်သော သဝဏ်လွှာဖြစ်သနည်း" ဟု မေးမြန်းကြ၍ ဘဒ္ဒါ၏လူများကလည်း "ငါတို့အရှင်မ ဘဒ္ဒါသူဌေးသမီးကလေးက ပိပ္ပလိသူဌေးသားထံသို့ ပို့စေအပ်သော သဝဏ်လွှာဖြစ်သည်" ဟု အဖြောင့်ပင် ဝန်ခံပြောဆိုကြလေ၏။

ထိုသဝဏ်လွှာနှစ်စောင်တို့ကို နှစ်ဖက်သောလူများတို့သဘောတူဖောက်၍ ဖတ်ရှုကြလေသော် အံ့ဩဖွယ်ရာ သံဝေဂရင့်သန်သည့် စာပါအနက်အဓိပ္ပါယ်ကို သိကြရ၍ "သတို့သား, သတို့သမီးတို့၏ အလုပ် (လုပ်ပုံ) ကို ကြည့်ကြကုန်လော့" ဟု ပြောဆို

ကြ၍ သဝဏ်လွှာနှစ်စောင်လုံးကို ဆုတ်ဖွဲ့၍ တောအရပ်၌ စွန့်ပစ်ကြပြီးလျှင် နှစ်ဖက်သဘောတူညီ ဝမ်းမြောက်သည့် အဓိပ္ပါယ်ပါရှိသော သဝဏ်လွှာအသစ်နှစ်စောင် ရေးသားကြ၍ သတို့သား, သတို့သမီးတို့ထံ ပို့သကြလေကုန်၏။ ဤနည်းဖြင့် ပိပ္ပလိသူဌေးသားနှင့် ဘဒ္ဒါသူဌေးသမီးတို့မှာ လူ့ဘောင်ကို အလိုမရှိကြပဲလျက် မိဖနှစ်ပါးနှင့် ကြားလူများ၏ ဆောင်ရွက်ချက်အရ ထိမ်းမြားမင်္ဂလာပြုပြီးသောအချိန်သို့ ရောက်ခဲ့ကြရလေ၏။

## ပန်းကုံးများ မညှိုးခြင်း

ထိမ်းမြားမင်္ဂလာ ပြုပြီးသောနေ့မှာပင် သူဌေးသား, သူဌေးသမီးတို့သည် ပန်းကုံးတကုံးစီ အသင့်ယူဆောင်ခဲ့ကြ၍ အိပ်ရာအလယ်၌ မိမိတို့ဖက်မှ အသီးအသီး ထားရှိကြလေ၏။ ညစာစားပြီးနောက် နှစ်ဦးလုံးပင် အိပ်ရာသို့ တက်ရောက်ကြကုန်၏ဟုအိပ်ရာခင်းသို့ တညီတညွတ်တည်း လာရောက်ကြကာ ပိပ္ပလိသူဌေးသားက လက်ျာဖက်နံပါးဖြင့် အိပ်ရာသို့ တက်ရောက်လေ၏၊ ဘဒ္ဒါသူဌေးသမီးကလေးသည် လက်ဝဲဖက်နံပါးဖြင့် အိပ်ရာသို့ တက်ရောက်ပြီးလျှင် "အကြင်သူ၏ဖက်မှ ပန်းများသည် ညှိုးကြကုန်၏၊ ထိုသူ၏သန္တာန်၌ ရာဂစိတ်ဖြစ်ပွါးသည်ဟု အသိအမှတ်ပြုကြစတမ်း၊ ဤပန်းကုံးများကို မည်သူမျှ မထိကြစတမ်း" ဟု ကတိကဝတ်စကား ပြောကြားလေ၏။ ထိုသူနှစ်ဦးလုံးတို့ပင် တယောက်သည် တယောက်၏ကိုယ်ကို တွေ့ထိမည်မှ ကြောက်လန့်ကြသဖြင့် ညဉ့်သုံးယံပတ်လုံး မအိပ်စက်နိုင်ကြဘဲ အချိန်ကို ကုန်စေခဲ့ကြကုန်၏၊ ပန်းကုံးများလည်း မညှိုးကြကုန်။ နေ့အခါ၌ကား လောဘစိတ်ဖြင့် ပြုံးရွှင်မှုကိုမျှ မပြုကြပဲ မောင်နှမကဲ့သို့ နေထိုင်ကြလေ၏။

## ကြီးစွာသော သူဌေးစည်းစိမ်

ထိုသူဌေးသား,သူဌေးသမီးနှစ်ဦးလုံးတို့သည် လောကာမိသ-ခေါ် ကာမဂုဏ်၌ ခုံမင်တပ်မက်မှုဖြင့် ရောယှက်ခြင်းအလျှင်းမပြုကြပဲ အိမ်၏စီးပွါးရေးကိုလည်း လုံးဝမဆောင်ခြင်ကြပဲ မိခင်,ဖခင်တို့

ကွယ်လွန်ကြသောအခါမှသာ အိမ်၏စီးပွါးရေးကို ကြပ်မစီမံကြလေ၏။ ပိပ္ပလိသူဌေးသားလုလင်၏ စည်းစိမ်ကား ကြီးကျယ်ခြားမြောင်လှ၏၊ ရွှေ ငွေ ဥစ္စာသည် ရှစ်ဆယ့်ခုနစ်ကုဋေ ရှိ၏၊ တနေ့တနေ့လျှင် ကိုယ်ကိုပွတ်တိုက်၍ စွန့်ပစ်အပ်သော ရွှေမှုန့်သည်ပင် မဂဓကွမ်းစား (မဂဓခွက်) အားဖြင့် ဆယ့်နှစ်ကွမ်းစား (= ဆယ့်နှစ်ခွက် = ခြောက်ပြည်သား) ခန့် စု၍ထားလျှင် ရနိုင်လောက်၏၊ စက်ယန္တရား အသင့်တပ်ဆင်ပြီးသော တဖက်ဆည်ကန်ကြီးပေါင်း အလုံးခြောက်ဆယ်တို့ ရှိကုန်၏၊ လယ်ယာလုပ်ခင်း မြေအဝန်းမှာ ဆယ့်နှစ်ယူဇနာ ကျယ်ပြန့်လေသည်၊ ကျေးကျွန်အလုပ်သမားတို့နေရာ (သီဟိုဠ်ကျွန်း အနုရာဓမြို့ပမာဏ ရှိသော) ရွာကြီးဆယ့်လေးရွာ, ဆင်တပ်ပေါင်း တဆယ့်လေးတပ်, မြင်းတပ်ပေါင်း တဆယ့်လေးတပ်, ရထားတပ်ပေါင်း တဆယ့်လေးတပ်တို့ ရှိကုန်၏။

## သူဌေးနှင့် သူဌေးကတော်တို့၏ သတိသံဝေဂ

ပိပ္ပလိသူဌေးကြီးသည် တနေ့သ၌ တန်းဆာစုံလင် ဆင်ယင်ပြီးသော မြင်းတော်ကို စီး၍ လုပ်ခင်းလယ်သို့ သွားရောက်၍ လယ်၏အစွန်း၌ ရပ်တည်နေစဉ် ထွန်သွားတို့ဖြင့် ထွန်ယက်ရာ မြေအရပ်မှ တီကောင်, ပိုးကောင်များကို ကျီးငှက်စသည်တို့က ထုတ်ဖော် ထိုးဆိတ်၍ စားသောက်ကြသည်ကို မြင်လတ်၍ "အမောင်တို့.... ဤကျီးငှက်စသည်တို့သည် အဘယ်ကို စားကြကုန်သနည်း" ဟု မေးလေ၏။ ကျေးကျွန်များက "အရှင်သူဌေးမင်း.... တီကောင်, ပိုးကောင်တို့ကို စားကြပါကုန်၏" ဟု ပြောဆိုကြလေလျှင် ပိပ္ပလိသူဌေးကြီးသည် "အမောင်တို့.... ဤကျီးငှက်စသည်တို့ ပြုအပ်သော မကောင်းမှု အကုသိုလ်ကံသည် အဘယ်သူ၏ အကုသိုလ်ကံဖြစ်နိုင်သနည်း" ဟု မေးမြန်းလေ၏။ ကျေးကျွန်တို့က "အရှင်သူဌေးမင်း.... အရှင်သူဌေးမင်းတို့ အတွက် လယ်ထွန်ကြခြင်းဖြစ်၍ ထိုမကောင်းမှု အကုသိုလ်ကံသည် အရှင်သူဌေးမင်းတို့၏ အကုသိုလ်ကံ ဖြစ်ပါ၏" ဟု ပြန်လည်ဖြေကြားကြလေလျှင် ပိပ္ပလိသူဌေးကြီးသည် သတိသံဝေဂ ကြီးစွာရရှိကာ

"ဤကျီးငှက်စသည်တို့ ပြုအပ်သော မကောင်းမှု အကုသိုလ်ကံသည် အကယ်၍ ငါ၏ မကောင်းမှု အကုသိုလ်ကံ ဖြစ်ခဲ့လျှင် ငါ့အဖို့ရာ ရှစ်ဆယ့်ခုနစ်ကုဋေသော ရွှေငွေ ဥစ္စာသည် အဘယ် အကျိုးရှိအံ့နည်း = အကျိုးမရှိသည်သာ၊ ဆယ့်နှစ်ယူဇနာကျယ် ဝန်းသော လုပ်ခင်း,စက်ယန္တရားတပ်ဆင်အပ်သည့် တဖက်ဆည် ကန်ကြီး အလုံးပေါင်းခြောက်ဆယ်, အလုပ်သမားရွာပေါင်း တဆယ့်လေးရွာ–စသော စည်းစိမ်စုသည် အဘယ်အကျိုးရှိအံ့နည်း၊ အကျိုးမရှိသည်သာ။ သို့ရကား ငါသည် အလုံးစုံသော စည်းစိမ်အစုကို ဘဒ္ဒါကာပိလာနီသူဌေးကတော်အား အပ်နှင်း၍ တောထွက်ကာ ရဟန်းပြုပေတော့အံ့" ဟု လေးနက်စွာ ဆင်ခြင် စဉ်းစားမိလေ၏။

ဘဒ္ဒါကာပိလာနီ သူဌေးကတော်သည်လည်း ထို ခဏ၌ အိမ်ဝိုင်းအတွင်း၌ဝယ် နှမ်းအိုးကြီးသုံးလုံးတို့ကို ဖျာတို့ဖြင့် ဖြန့်ခင်း နေလှန်းစေလျက် အထိန်းတော်များ ဝန်းရံအပ်ကာ ထိုင်နေစဉ် ကျီးငှက်တို့က နှမ်းပိုးတို့ကို ထိုးဆွ စားသောက် ကြသည်ကို မြင်လတ်၍ အထိန်းတော်တို့ကို "အမိတို့... ဤ ကျီးငှက်တို့သည် အဘယ်ကို စားကြသနည်း" ဟု မေးလေ၏။ အထိန်းတော်များက "အိုအရှင်မ... နှမ်းပိုးတို့ကို စားကြပါသည်" ဟု ဖြေကြားကြလေ လျှင် ဘဒ္ဒါသူဌေးကတော်သည် "အမိတို့... ထိုသို့ ကျီးငှက်များ နှမ်းပိုးတို့ကို ထိုးဆွစားသောက်ကြသဖြင့် ဖြစ်သော မကောင်းမှု အကုသိုလ်ကံသည် အဘယ်သူ၏မကောင်းမှုအကုသိုလ်ကံ ဖြစ်နိုင် သနည်း" ဟု မေးမြန်းပြန်လေ၏။ အထိန်းတော်တို့က "အို အရှင်မ... အရှင်မတို့အတွက် လုပ်ဆောင်ရခြင်း ဖြစ်သောကြောင့် ထို မကောင်းမှု အကုသိုလ်ကံသည် အရှင်မတို့၏ မကောင်းမှု အကုသိုလ်ကံ ဖြစ်ပါ၏" ဟု ပြန်လည် ဖြေကြားကြလေလျှင် ဘဒ္ဒါ ကာပိလာနီ သူဌေးကတော်သည် "ဩ... ငါ့အဖို့ရာ ဝတ်ရေး အတွက် လေးတောင်မျှရှိသောအဝတ်, စားရေးအတွက် တကွမ်း စားချက် ( = တခွက်ချက်) မျှသော ထမင်းကို ရလျှင်ပင် သင့်လျော်လှပေ၏ ( = လေးတောင်ရှိသော အဝတ်ထက် ပို၍

လည်း မဝတ်နိုင်၊ တကွမ်းစားချက် ထမင်းထက် ပို၍လည်း မစားနိုင်-ဟု ဆိုလိုသည်)၊ အကယ်၍များ ဤမျှသောသူတို့ ပြုလုပ်အပ်သည့် မကောင်းမှု အကုသိုလ်ကံသည် ငါ၏ မကောင်းမှု အကုသိုလ်ကံ ဖြစ်မည်ဆိုပါက ငါသည် ကေန်ပင် ဘဝပေါင်း အထောင်ဖြင့်လည်း သံသရာဝဋ္ဋဒုက္ခမှ ဦးခေါင်း ထောင်နိုင်တော့မည်မဟုတ်ချေ၊ ငါသည် အရှင့်သား ရောက်လာလျှင်ပင် အလုံးစုံသော စည်းစိမ်ဥစ္စာကို အရှင့်သားအား အပ်နှင်း၍ တောထွက်ကာ ရဟန်းမ-ပြုတော့မည်”ဟု လေးနက်စွာ ဆင်ခြင် စဉ်းစားမိလေ၏။

## နှစ်ဦးလုံး ရဟန်းပြုကြခြင်း

ပိပ္ပလိသူဌေးသည် အိမ်သို့ပြန်လာပြီးလျှင် ရေမိုးချိုးပြီးနောက် ပြာသာဒ်ထက်သို့ တက်ရောက်၍ သူမြတ်တို့နှင့်သာ ထိုက်တန်သော သူဌေးပလ္လင်ဝယ် ထိုင်၍ နေလေ၏၊ ထိုအခါ သူဌေးအတွက် စကြာမင်းတို့အား သင့်လျော်လျောက်ပတ်သည့် ထမင်းစားပွဲကြီးကို ပြင်ဆင်ဆက်သ ကျွေးမွေးကြလေကုန်၏။ ပိပ္ပလိသူဌေးနှင့် ဘဒ္ဒါကာပိလာနီ သူဌေးကတော်=နှစ်ဦးသားတို့သည် အတူတကွ ထမင်းစားကြ၍ အခြံအရံလူများ ထွက်ခွါ၍ သွားကြလေသော် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်ကြကာ ချမ်းသာရာဌာန၌ ငြိမ်သက်စွာ ထိုင်နေကြလေကုန်၏။

ထိုနောက် ပိပ္ပလိသူဌေးနှင့် ဘဒ္ဒါကာပိလာနီသူဌေးကတော်တို့ တိုင်ပင်ပြောဆိုကြသည်မှာ—

(ပိပ္ပလိ) ရှင်မဘဒ္ဒါ... သင် ဤအိမ်သို့ လာရောက်စဉ်က အဘယ်မျှသော ဥစ္စာကို ယူဆောင်ခဲ့သနည်း။

(ဘဒ္ဒါ) လှည်းအစီးပေါင်း ငါးသောင်း ငါးထောင် တိုက်ရှိသော ဥစ္စာတို့ကို ယူဆောင်ခဲ့ပါသည် အရှင်...။

(ပိပ္ပလိ) ဤ သင်ယူဆောင်ခဲ့သော ဥစ္စာအားလုံးကို ၎င်း, ဤအိမ်မှာ ရှိရင်းစွဲဖြစ်သည့် ရှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာ, စက်ယန္တရားတပ်ဆင်ပြီးသည့် တဖက်ဆည်

ကန်ကြီး အလုံးခြောက်ဆယ်-အစရှိသော စည်းစိမ်ဥစ္စာ အားလုံးကိုဂုဏ်း သင့်အားသာလျှင် ငါအပ်နှင်းပါ၏။

(ဘဒ္ဒါ) အိုအရှင်.... အရှင်တို့ကမူ အဘယ်အရပ်သို့ သွားရောက်ကြပါမည်နည်း။

(ပိပ္ပလိ) ရှင်မဘဒ္ဒါ....ငါတမူကား ရဟန်းပြုပေတော့ အံ့။

(ဘဒ္ဒါ) အိုအရှင်....အကျွန်ုပ်သည်လည်း အရှင်တို့ ပြန် လာချိန်ကိုသာ စောင့်မျှော်လျက် အသင့်နေထိုင်ပါသည်၊ အကျွန်ုပ်သည်လည်း ရှင်ရဟန်းမ-ပြုပါတော့အံ့။

ဤကဲ့သို့ တိုင်ပင် ပြောဆိုကြလေသည်။ ထိုပါရမီရှင် နှစ်ဦးတို့၏ အဖို့ရာ ကာမ, ရူပ, အရူပတည်းဟူသော ဘဝသုံးပါးတို့သည် မီးတဟုန်းဟုန်းတောက်လောင်နေသော သစ်ရွက်မိုး ထဲကုပ်သုံး လုံးတို့ကဲ့သို့ ထင်ရကုန်၏။ သို့ရကား ပါရမီရှင်ကြီးနှစ်ဦးတို့သည် ဈေးအတွင်းမှ သင်္ကန်း, သပိတ်တို့ကို ဝယ်ဆောင်စေကြ၍ တယောက်က တယောက်၏ ဆံများကို ပယ်ချပေးကြကာ "လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်ကြသော ရဟန္တာ သခင် အရှင်မြတ်တို့ကို ရည်စူး၍ အကျွန်ုပ်တို့၏ ရဟန်းပြုခြင်း သည် ဖြစ်ပါ၏"ဟု နှုတ်မြွက်ရွတ်ဆိုကြ၍ ရဟန်းအသွင် ဝတ်ဆင် ကြပြီးလျှင် သပိတ်များကို သပိတ်အိတ်၌ အသီးအသီး ထည့်ကြပြီး လျှင် လက်ဝဲပခုံး၌ လွယ်ကြလျက် ပြာသာဒ်မှ ဆင်းသက်လာကြ လေကုန်၏။ အိမ်မှာရှိကြသော ကျွန်မိန်းမ, ကျွန်ယောကျ်ား, အလုပ်သမားတို့အနက် တဦးတယောက်မျှ ပါရမီရှင်နှစ်ဦးတို့ကို မမှတ်မိ မသိရှိကြကုန်။

ထိုနောက် မဟာတိတ္ထပုဏ္ဏားရွာမှ ထွက်၍ ကျေးကျွန်အလုပ် သမားတို့၏ ရွာတံခါးဖြင့် သွားကြသော အရှင်နှစ်ပါးတို့ကို အသွင်အပြင် အမူအရာကို ကြည့်၍ အလုပ်သမားရွာသားတို့သည် ငါတို့၏ အရှင်နှစ်ပါးတို့တည်းဟု သိရှိကြကာ သည်းစွာငိုကြွေး ကြ၍ ခြေရင်း၌ ဝပ်စင်းကြပြီးလျှင် "အရှင်တို့.... အဘယ့်ကြောင့်

အကျွန်ုပ်တို့ကို ကိုးကွယ်ရာမဲ့အောင် ပြုတော်မူကြသနည်း” ဟု ဝမ်းနည်းစကား ပြောကြားကြလေကုန်၏။ အရှင်နှစ်ပါးတို့သည်လည်း “အချင်းတို့….ငါတို့သည် ‘ဘဝသုံးပါးတို့ကား မီးတဟုန်းဟုန်း တောက်လောင်နေသော သစ်ရွက်မိုးတဲကုပ်နှင့် တူကုန်၏’ ဟု သတိသံဝေဂ ကြီးစွာရကြကာ ရှင်ရဟန်းပြုခဲ့ကြလေပြီ၊ သင်တို့တွင် တယောက်စီ တယောက်စီ တော်လှန်မင်းစစ် ကျွန်အဖြစ်မှ လွတ်မြောက်အောင် ငါတို့ပြုနေကြလျှင် နှစ်ပေါင်း တရာသော်မှလည်း လောက်နိုင်မည်မဟုတ်ချေ၊ သင်တို့သည်ပင် သင်တို့ဦးခေါင်းများကို ဆေးလျှော်ကြ၍ တော်လှန်မင်းစစ် ကျွန်အဖြစ်မှ လွတ်မြောက်ကြကာ အသက်ရှင်ရစ်ကြလော့” ဟု ပြောဆိုကြ၍ ကျေးကျွန်များ ငိုကြွေးမြည်တမ်းနေကြစဉ်ပင် စွန့်ခွါ၍သွားတော်မူကြလေကုန်၏။

## အရှင်နှစ်ပါး လမ်းခွဲတော်မူကြခြင်း

ဥပတိဿမထေရ်မြတ်သည် ရှေ့မှ ကြွသွားတော်မူရင်း ပြန်လည်ကြည့်ရှုကာ ဤသို့ စဉ်းစား ဆင်ခြင်တော်မူမိလေသည်၊ ဆင်ခြင်တော်မူမိပုံမှာ—

“ဇမ္ဗူဒိပ်တကျွန်းလုံး တန်ဖိုးနှုန်းထိုက်တန်သူ ဤဘဒ္ဒါကာပိလာနီ ထေရီမိန်းမလှသည် ငါ့နောက်မှ လိုက်ပါလျက်ရှိ၏၊ တဦး တယောက်သောသူက ‘ဤသူနှစ်ဦးတို့သည် ရဟန်းပြုပြီး၍လည်း တဦးနှင့်တဦး မခွဲခွါနိုင်ကြကုန်၊ ရဟန်းတို့အရေနှင့် မလျော်သည်ကို ပြုလုပ်ကြကုန်၏’ ဟု အကြံမှားမည်ဆိုက အကြံမှားနိုင်ရန် အကြောင်းရှိချေ၏။ ထို့ပြင်လည်း တဦးတယောက်သော သူသည် ငါတို့အပေါ်၌ စိတ်ပြစ်မှား၍ အပါယ်သို့လားရောက်မည်ဆိုက လားရောက်နိုင်လေရာ၏။ သို့ရကား ငါသည် ဤဘဒ္ဒါကာပိလာနီ ထေရီမိန်းမလှကို စွန့်ခွါသွားမှ သင့်လျော်လျောက်ပတ်တော့မည်”—

ဟု ကြံစည်ဆင်ခြင်တော်မူမိလေ၏။

မထေရ်မြတ်သည် ရှေ့မှ အစဉ်သဖြင့် ကြွသွားတော်မူလတ်သော် လမ်းနှစ်မွှာကို တွေ့လတ်၍ ထိုလမ်းနှစ်မွှာ၏ နှစ်မြွာကွဲ၍ ခွဲရာအရပ်၌ တန့်ရပ်တော်မူလေ၏။ ဘဒ္ဒါထေရီမသည်လည်း နောက်မှလာလတ်၍ မထေရ်မြတ်ကို ရှိခိုးရပ်တည်လေ၏။ ထို့နောက် မထေရ်မြတ်သည် ဘဒ္ဒါထေရီမကို "အို ဘဒ္ဒါထေရီ.... သင်ကဲ့သို့သော မိန်းမလှတယောက် ငါ့နောက်မှ လိုက်ပါနေသည်ကို မြင်ရလျှင် 'ဤသူနှစ်ဦးတို့သည် ရဟန်းပြုပြီး၍လည်း တဦးနှင့်တဦး မခွဲခွါနိုင်ကြကုန်'ဟု ကြံမှား၍ ငါတို့အပေါ်၌ စိတ်နေဖောက်ပြား ပြစ်မှားမိကြသော လူအပေါင်းသည် အပါယ် လေးပါး လားရောက်သည် ဖြစ်လေရာ၏၊ သို့ရကား ဤလမ်း နှစ်မွှာတွင် သင်နှစ်သက်ရာ လမ်းတခုကို ယူလော့၊ ငါသည် သင်မလိုချင်သော အခြားလမ်းတခုဖြင့် သွားပါတော့အံ့"ဟု မိန့်တော်မူလေ၏။

ဘဒ္ဒါထေရီမသည်လည်း "အိမ်း....ဟုတ်ပါသည် အရှင်.... ရဟန်းတို့အဖို့ရာ မာတုဂါမမည်သည် အညစ်အကြေး ဖြစ်ပါသည်၊ 'ရဟန်းပြုပြီး၍လည်း မခွဲခွါနိုင်ကြကုန်'ဟု အကျွန်ုပ်တို့ အပေါ်၌ လူအများ အပြစ်တင်ကြလိမ့်မည်၊ အရှင်တို့သည် လမ်း တခုကို ယူတော်မူကြပါ၊ အကျွန်ုပ်သည် အခြားလမ်းတခုကို ယူ၍ အကျွန်ုပ်တို့နှစ်ဦး ခွဲခွါကြပါကုန်စို့"ဟု ပြောဆို၍သုံးကြိမ်သုံးပတ် တိုင်တိုင် လက်ျာရစ်လှည့်ပြီးလျှင် ရှေ့,နောက်,ဝဲ,ယာ=လေးဌာန တို့၌ ငါးပါးသောတည်ခြင်းဖြင့် ရိုသေမြတ်နိုး ရှိခိုးပြီးနောက် လက်အုပ်ကို ချီမြှောက်လျက် "ကမ္ဘာတသိန်းထက်က ပြုခဲ့ကြသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်မှုသည် ယနေ့ ပြတ်စဲလေပြီ"ဟု ပြောဆိုကာ "အရှင်မြတ်တို့သည် လက်ျာဇာတ် သူမြတ်တို့ ဖြစ်ကြပါသည်၊ သို့ရကား အရှင်တို့အား လက်ျာလမ်းခရီးသည် သင့်လျော်လျောက်ပတ်ပါ၏။ အကျွန်ုပ်တို့ မာတုဂါမများကား လက်ဝဲဇာတ်ရှိသူများ ဖြစ်ကြပါသည်၊ သို့ရကား အကျွန်ုပ်တို့အား လက်ဝဲလမ်းခရီးသည် သင့်လျော်လျောက်ပတ်ပါ၏"ဟု ပြောဆို ရှိခိုးပြီးလျှင် လက်ဝဲလမ်းသို့ သွားရှာလေ၏။

ထိုအရှင်နှစ်ဦးတို့ လမ်းနှစ်ခွဖြာခွဲ၍ သွားကြသောအခါ၌ ဤမဟာပထဝီမြေကြီးသည် “ငါကား စကြာဝဠာတောင်၊ မြင်းမိုရ်တောင်တို့ကို ဆောင်၍ထားနိုင်သော်လည်း သင်အရှင်မြတ်နှစ်ဦးတို့၏ ဂုဏ်ကျေးဇူးတို့ကို ဆောင်ထားခြင်းငှါ မစွမ်းနိုင်တော့ပါ” ဟု နှုတ်မြွက်၍ ပြောဆိုသကဲ့သို့ ပွဲတင်သံကြီး မြည်ဟည်းလျက် သည်းစွာတုန်လှုပ်လေ၏။ ကောင်းကင်၌လည်း မိုးကြိုးထစ်သော အသံကဲ့သို့ ဖြစ်လေ၏။ စကြာဝဠာတောင်၊ မြင်းမိုရ်တောင်များသည် (မြေလျင်လှုပ်သဖြင့်) အထက်သို့ မြင့်၍မြင့်၍ တက်ကြလေ၏။

**မြတ်စွာဘုရားနှင့် မထေရ်မြတ် တွေ့ဆုံခြင်း**

ထိုအချိန်၌ မြတ်စွာဘုရားသည် ပဌမဝါကျွတ်ပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူပြီး၍ (ထိုဘုရားဖြစ်သောနှစ်မှာပင်) ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်တော်၌ ကိန်းအောင်းမွေ့လျော် နေတော်မူဆဲဖြစ်၏။ (ကပိလဝတ်ပြည်သို့ ကြွတော်မမူသေးမီ အချိန်ကာလဖြစ်သည်)။ ထိုအခါ မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတိုက်တော်ကြီးအတွင်း ဂန္ဓကုဋီကျောင်းဆောင်တော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် မဟာပထဝီမြေလှုပ်သံကို ကြားတော်မူ၍ “အဘယ်သူ့အတွက် မဟာပထဝီ ဤမြေကြီး တုန်လှုပ်သနည်း”ဟု ဆင်ခြင်တော်မူသည် ရှိသော် “ပိပ္ပလိလုလင်နှင့် ဘဒ္ဒါကာပိလာနီအမျိုးသမီးတို့သည် ငါဘုရားကို ရည်ညွှန်း၍ မနိုင်းရှည်နိုင်သော စည်းစိမ်ကို ရက်ရက်စွန့်ခွါကာ ရဟန်းပြုခဲ့ကြကုန်ပြီ၊ ထိုသူနှစ်ဦးတို့၏ ခွဲခွါရာအရပ်၌ နှစ်ဦးလုံးတို့၏ဂုဏ်ကျေးဇူးအစွမ်းကြောင့် ဤမြေလှုပ်ခြင်းဖြစ်လေသည်၊ ငါဘုရားသည်လည်း ထိုသူနှစ်ဦးတို့ကို သင်္ဂြိုဟ် ချီးမြှောက်မှုပြုမှ သင့်လျော်လျောက်ပတ်တော့မည်”ဟု ဆင်ခြင်တော်မူ၍ ဂန္ဓကုဋီကျောင်းဆောင်တော်မှ ထွက်ကြွတော်မူကာ ကိုယ်တော်တိုင်သာ သပိတ်,သင်္ကန်းကို ယူဆောင်တော်မူ၍ အသီတိသာဝကဝင်မထေရ်ကြီးတို့တွင် တပါးပါးကိုမျှ နောက်ပါအဖြစ် ခေါ်တော်မမူပဲ ကိုယ်တော်တပါးတည်းသာ သုံးဂါဝုတ်ခရီးတိုင်အောင်

ကြိုဆိုမှု ပြုတော်မူ၍ ရာဇဂြိုဟ်ပြည်နှင့် နာလန္ဒာမြို့၏ အကြား ဗဟုပုတ္တက-မည်သော ပညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ တော်မူလေ၏။

အထူးအားဖြင့် ထိုသို့ ထိုင်နေတော်မူသော မြတ်စွာဘုရား သည် မထင်မရှား=အညာတရ ပံသုကူမှတင်ဆောင် ရဟန်းတပါး ကဲ့သို့ ထိုင်နေတော်မမူပဲ ဘုရားရှင်ကို ရှေးက မဖူးမြင်ဘူးသော အရှင်မဟာကဿပမထေရ်၏ သဒ္ဓါတရား တိုးတက်ဖြစ်ပွါးစေ ခြင်းငှါ လက္ခဏာတော်ကြီးငယ်တို့ဖြင့် တင့်တယ်တောက်ပသည့် ပကတိဘုရားအသရေတို့ကို မဖုံးမကွယ်ပဲ အတောင်ရှစ်ဆယ် အရပ်တိုင်အောင် ထွန်းပြောင်တောက်ပသည့် တခဲနက်သော ဘုရားရောင်ခြည်တော်တို့ကို လွှတ်တော်မူကာ ထိုင်နေတော်မူ လေသည်။ ဤသို့လျှင် ထိုခဏ၌ သစ်ရွက်ထီးခန့်, လှည်းဘီးခန့်, အထွတ်တပ်သော ပြာသာဒ်ခန့်စသည် ပမာဏရှိကြသော ဘုရားရောင်ခြည်တော်တို့သည် ဤမှ ထိုမှ တလျှပ်လျှပ် ပြေးသွား တော်မူကြလျက် လအထောင် နေအထောင် တပြောင်ပြောင် တက်ထွန်းသောအခါမှာကဲ့သို့ ပြုကြကာ ထိုတောအုပ်အလုံးကို တပြိုင်နက် ထွန်းပြောင်အောင် ပြုဆောင်တော်မူကြလေကုန်၏၊ သို့ရကား တောအလုံးသည် သုံးဆယ့်နှစ်ပါးသော မဟာပုရိသ လက္ခဏာတော်တို့၏ အသရေတော်ဖြင့် ကြယ်တာရာတို့ဖြင့် တောက်ပြောင်သော မိုးကောင်းကင်ကဲ့သို့၎င်း၊ ကြာမျိုးငါးဖုံ အစုစုအရုံရုံ ပွင့်၍နေသော ရေအပြင်ကဲ့သို့၎င်း အလွန်ပင် တင့်တယ်လေတော့၏။ ပညောင်ပင်၏ပင်စည်မည်သည် ပကတိ အားဖြင့် ဖြူရမည်, အရွက်တို့မည်သည် ပကတိအားဖြင့် စိမ်းညို ရမည်, အရွက်ရင့်တို့မည်သည် ပကတိအားဖြင့် နီမြန်းကြရမည် ဖြစ်သော်လည်း ထိုနေ့မှာမူ အကြားမလပ် ဘုရားရောင်ခြည်တော် တို့ဖြင့် ထက်ဝန်းကျင် ရောပြွမ်း၍ နေရကား အခက်များစွာ ရှိသော ဗဟုပုတ္တက ပညောင်ပင်ကြီး တပင်လုံးသည် ရွှေရောင် အဆင်း ဝါဝင်းထိန်ဝေ၍သာ နေလေတော့၏။

အရှင်မဟာကဿပ မထေရ်သည် "ဤ အရှင်မြတ်သည်ပင် ငါ၏ဆရာ ဘုရားမြတ်စွာ ဖြစ်ပေလိမ့်မည်၊ ဤဘုရားမြတ်စွာကိုပင် ရည်ညွှန်း၍ ငါသည် ရဟန်းပြုခဲ့လေပြီ" ဟု ကြံစည်အောက်မေ့ကာ မြတ်စွာဘုရားရှင်ကို မြင်ရာအရပ်မှစ၍ မိမိကိုယ်ကို ညွတ်လျက် ညွတ်လျက် သွားရောက်ကာ အဝေးအရပ်မှ တကြိမ်, မနီးမဝေးအရပ်မှ တကြိမ်, အနီးအရပ်သို့ ရောက်သောအခါ တကြိမ် = ဤသို့ သုံးဌာန (အဝေး, မနီးမဝေး, အနီးအရပ်) တို့၌ မြတ်စွာဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် "သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကောဟမသ္မိ=မြတ်စွာဘုရား....ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်၏ဆရာ ဖြစ်တော်မူပါပေ၏၊ အကျွန်ုပ်သည် တပည့်သာဝကဖြစ်ပါ၏, သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကောဟမသ္မိ = မြတ်စွာဘုရား....ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်၏ဆရာ ဖြစ်တော်မူပါပေ၏၊ အကျွန်ုပ်သည် တပည့်သာဝကဖြစ်ပါ၏, သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကောဟမသ္မိ = မြတ်စွာဘုရား...ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်၏ဆရာ ဖြစ်တော်မူပါပေ၏၊ အကျွန်ုပ်သည် တပည့်သာဝက ဖြစ်ပါ၏" ဟု သုံးကြိမ်တိုင် နှုတ်မြွက်၍ တပည့်အဖြစ်ကို ခံယူလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်မဟာကဿပမထေရ်ကို "ချစ်သားကဿပ...သင်ချစ်သားသည် ဤယခု အလွန်အမင်း ရိုသေခြင်းအမှုကို အကယ်၍ မဟာပထဝီမြေကြီးအား ပြုလုပ်လျှင် ထို မဟာပထဝီမြေကြီးသည် သင်ချစ်သား၏ ဤ အလွန်အမင်း ရိုသေခြင်းကို ဆောင်ထားနိုင်မည်မဟုတ်ချေ၊ ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားအား ဤသို့ ဂုဏ်ကျေးဇူးကြီးမြတ်သည်ကို သိရှိသော သင်ချစ်သားက ပြုအပ်သော အလွန်အမင်း ရိုသေခြင်းအမှုသည် ငါဘုရား၏ မွေးညှင်းတပင်ကို မျှလည်း လှုပ်စေခြင်းငှါ မစွမ်းနိုင်ချေ၊ ချစ်သားကဿပ....ထိုင်လော့၊ သင်ချစ်သားအား ငါဘုရားသည် အမွေကို ပေးပေတော့အံ့" ဟု မိန့်တော်မူ၏။ (ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကက-

နိပါတ် ဧတဒဂ္ဂဝဂ်အဖွင့် အံ-ဋ္ဌ ၁၊ ၁၄၂,-နှင့် ထေရဂါထာ အဋ္ဌကထာ စတ္တာလီသနိပါတ် မဟာကဿပတ္ထေရဂါထာအဖွင့် ထေရဂါထာ-ဋ္ဌ ၂၊ ၄၄၃-တို့၌ ဖွင့်ပြပုံတည်း)။

နိဒါနဝဂ္ဂ ၅-ကဿပသံယုတ်၊ ၁၁-စီဝရသုတ် (ပိဋကတ် မြန်မာပြန် စာမျက်နှာ ၄၀၉)၌ကား ထိုသို့ အရှင်မဟာကဿပ မထေရ်က တပည့်ခံစကား သုံးကြိမ်တိုင် လေးနက်စွာ လျှောက် ထားသောအခါ မြတ်စွာဘုရားရှင်သည် အရှင်မဟာကဿပ မထေရ်ကို "ကဿပ....အကြင်သူသည် ဤကဲ့သို့ အလုံးစုံသော စိတ်နှင့် ပြည့်စုံသော တပည့်ကို မသိပါပဲလျက်လျှင် 'ငါသိ၏' ဟူ၍, မမြင်ပါပဲလျက်လျှင် 'ငါမြင်၏'ဟူ၍ ဆိုမိငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ပြတ်ကြွေကျရာ၏။ ကဿပ....ငါဘုရားသည်ကား သိတော်မူသောကြောင့်သာလျှင် 'ငါသိ၏' ဟူ၍, မြင်တော်မူ သောကြောင့်သာလျှင် 'ငါမြင်၏'ဟူ၍ ဆို၏"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူကြောင်း လာရှိသည်။

(ဤအရာ၌ ဆိုလိုရင်းမှာ — မြတ်စွာဘုရားမှတပါး အခြား "မသိ မမြင်ပါပဲလျက် သိ၏ မြင်၏"ဟု ဝန်ခံသော သာသနာပြင်ပ ဗာဟိရက ဆရာတဦးဦးအား ဤသို့ အလုံးစုံသောစိတ်နှင့် ပြည့်စုံလျက် သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ်ရှိသူ တပည့်သာဝကသည် ဤယခု အရှင်မဟာ- ကဿပမထေရ် ပြုသော အလွန်အမင်း ရိုသေခြင်းကဲ့သို့သော အရို အသေမှုကို ပြုလုပ်လျှင် ထိုသာသနာပြင်ပ ဗာဟိရကဆရာ၏ ဦးခေါင်း သည် အညှာမှ ပြတ်ကြွေကျသော ထန်းသီးမှည့်ကဲ့သို့ လည်ပင်းမှ ဦးခေါင်းသည်လည်း ပြတ်ကြွေကျလေရာ၏၊ ခုနစ်စိတ် ခုနစ်မြွာ ကွဲလေ ရာ၏ဟု ဆိုလိုသည်။

ဤ၌ မြတ်စွာဘုရားရှင်၏ မိန့်ဆိုတော်မူလိုရင်းကို ရှင်းလင်းဖော်ပြရ လျှင်—အရှင်မဟာကဿပမထေရ်သည် ဤယခု စိတ်၏ ကြည်ညိုခြင်းဖြင့် ဤအလွန်အမင်း ရိုသေခြင်းကို အကယ်၍များ မဟာသမုဒ္ဒရာကြီးအား ပြုမည်ဆိုလျှင် မဟာသမုဒ္ဒရာရေသည် လောလောပူသော သံအိုးကင်း၌ ထည့်အပ်သော ရေပေါက်ကဲ့သို့ ကျေပျောက်ခြင်းသို့ ရောက်လေရာ၏ အကယ်၍ စကြဝဠာတောင်ကြီးအား ပြုမည်ဆိုလျှင် စကြဝဠာတောင် ကြီးသည် ဖွဲဆုပ်ပမာ ဖရိုဖရဲ ပြိုကွဲပျက်စီး၍ သွားလေရာ၏၊ အကယ်၍

မြင်းမိုရ်တောင်အား ပြုမည်ဆိုလျှင် မြင်းမိုရ်တောင်သည် ကြီးနှုတ်သီးဖြင့် ထိုးဆွအပ်သော မန့်ညက်စိုင်ဆုပ်ကဲ့သို့ ဖရိုဖရဲ ပျက်စီးလေရာ၏၊ အကယ်၍ မဟာပထဝီမြေကြီးအား ပြုလုပ်မည်ဆိုလျှင် မဟာပထဝီမြေကြီးသည် လေတိုက်ခတ်သော ပြာပုံကြီးပမာ ကြဲပြန့်၍ သွားလေရာ၏။ သို့စဉ်ကလောက် တန်ခိုးရောက်သော မထေရ်မြတ်၏ အရိုအသေပြုမှုသည် မြတ်စွာဘုရား၏ ခြေတော်ဖမိုးဝယ် မွေးညှင်းတော်မျှကိုလည်း မတုန်လှုပ်စေနိုင်။ အရှင်မဟာကဿပမထေရ်တပါးကို ထားဘိဦးလော့၊ မထေရ်မြတ်နှင့် အလားတူသည့် ရဟန်းအထောင်၊ ရဟန်းအသိန်းပင်သော်လည်း ရှိသေမှုကို ထင်ရှားပြုခြင်းဖြင့် မြတ်စွာဘုရား၏ ခြေတော်ဖမိုးဝယ် မွေးညှင်းတော်မျှကိုလည်း ဖောက်ပြန်တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်၊ ကိုယ်တော်မြတ်ဝတ်ရုံအပ်သည့် ပံသုကူသင်္ကန်းဝယ် ချည်မျှင်ကလေး တမျှင်ကိုမျှလည်း မတုန်လှုပ်စေနိုင်၊ ဤသို့လျှင် မြတ်စွာဘုရားရှင်ကား အာနုဘော် ကြီးမားတော်မူလှပါပေ၏)။

## ဩဝါဒပဋိဂ္ဂဟဏ ရဟန်းအဖြစ်ကို ပေးတော်မူခြင်း

မြတ်စွာဘုရားသည် ရှေးဆိုအပ်ပြီးသောအတိုင်း အရှင်မဟာကဿပမထေရ်ကို "ချစ်သားကဿပ... ထိုင်လော့၊ သင်ချစ်သားအား ငါဘုရားသည် အမွေကို ပေးတော့အံ့"ဟု မိန့်တော်မူပြီးလျှင် (နိဒါနဝဂ္ဂ ၅-ကဿပသံယုတ်၊ ၁၁-စီဝရသုတ် ပိဋကတ် မြန်မာပြန် စာမျက်နှာ ၄၀၉-၌ လာရှိသောအတိုင်း)—

"ကဿပ....ထို့ကြောင့် ဤသာသနာတော်၌ သင်သည် သီတင်းကြီး, သီတင်းငယ်, သီတင်းလတ် ပုဂ္ဂိုလ်တို့၌ ငါ့အား ထက်စွာ ဟိရီ, ဩတ္တပ္ပကို ရှေးရှုထင်သည် ဖြစ်လတ္တံ့ဟု ဤသို့ ကျင့်ရမည် (၁)၊

ကဿပ....ထို့ကြောင့် ဤသာသနာတော်၌ သင်သည် ကုသိုလ်နှင့်စပ်သော တရားအားလုံးကို နာအံ့၊ ထိုတရားအားလုံးကို အရိုအသေပြုကာ နှလုံးသွင်း၍ အလုံးစုံသော စိတ်ဖြင့် ကောင်းစွာဆောင်၍ နားစိုက်လျက် တရားကို နာအံ့ဟူ၍ ဤသို့ကျင့်ရမည် (၂)၊

ကဿပ....ထို့ကြောင့် ဤသာသနာတော်၌ သင်သည် သုခနှင့်တကွဖြစ်သော ကာယဂတာသတိသည် ငါ့အား မစွန့်လတ္တံ့ဟု ဤသို့ ကျင့်ရမည်”(၃)။

ဤအဆုံးအမ ဩဝါဒသုံးပါးကို ပေးတော်မူလေသည်၊ ထိုဩဝါဒ သုံးပါးကို အရှင်မဟာကဿပ မထေရ်သည်လည်း ရိုသေစွာ ခံယူလေသည်။ ဤအဆုံးအမ ဩဝါဒသုံးပါးသည်ပင် အရှင် မဟာကဿပ၏အတွက် ရှင်ပြုခြင်းလည်း ဖြစ်၏၊ ရဟန်းခံခြင်း လည်း ဖြစ်၏။ **ဤရဟန်းခံခြင်းမျိုးကို ဤသာသနာတော်၌ အရှင်** မဟာကဿပမထေရ်တပါးသာ ရတော်မူ၏၊ ဤရဟန်းခံခြင်းမျိုး ကို **ဩဝါဒပဋိဂ္ဂဟဏ ဥပသမ္ပဒါ**ဟု ခေါ်၏။

(ဤ၌။ ။မြတ်စွာဘုရားရှင်သည် အရှင်မဟာကဿပမထေရ်အား ဤဩဝါဒသုံးရပ်ဖြင့် ရဟန်းပဉ္စင်းအဖြစ်ကို ပေးတော်မူ၏။ ထိုဩဝါဒ သုံးရပ်တို့တွင် (၁) အမှတ်ပြ ဩဝါဒ၌ ဆိုလိုရင်းမှာ—“ချစ်သား ကဿပ....သင်ချစ်သားသည် သီတင်းကြီးပုဂ္ဂိုလ်=မိမိထက် အသက် သိက္ခာကြီးသောပုဂ္ဂိုလ်, သီတင်းငယ်ပုဂ္ဂိုလ်=မိမိအောက်, အသက် သိက္ခာ ငယ်သောပုဂ္ဂိုလ်, သီတင်းလတ်ပုဂ္ဂိုလ်=မိမိနှင့် အသက်သိက္ခာ တူညီသောပုဂ္ဂိုလ် = ဤသီတင်းသုံးဖော် သုံးမျိုးလုံး၌ပင် အလွန် ထက်သန်သော ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးကို အလျင်လက်ဦး ဖြစ်ပွါး စေရမည် ထားရှိရမည်”ဟု ဆိုလိုရင်းဖြစ်၏။ ဤပဌမဩဝါဒကို အရှင် မဟာကဿပမထေရ်မှာ ဗြာဟ္မဏဇာတ်ရှိသူ ဖြစ်သောကြောင့် ဇာတိ မာန်ကို ပယ်ဖို့ရန် ဟောကြားတော်မူသည်။

(၂) အမှတ်ပြ ဩဝါဒ၌ ဆိုလိုရင်းမှာ—“ချစ်သားကဿပ....သင် ချစ်သားသည် အပြစ်ကင်းသောတရားများကို တရားနာစဉ် ပြင်လွင် တခြား စိတ်မသွားစေဘဲ အစ,အလယ်,အဆုံး သုံးဌာနမှာပင် ပညာနား, ပသာဒနား နှစ်ပါးစိုက်ထောင်၍ ရိုသေစွာနာယူရမည်”ဟု ဆိုလိုရင်းဖြစ် သည်။ ဤဒုတိယဩဝါဒကို အရှင်မဟာကဿပမထေရ်မှာ ဗဟုသုတ= အကြားအမြင်များသူဖြစ်၍ ယင်းအကြားအမြင်များမှုကို အမှီပြု၍ ဖြစ်တတ်သော ဗဟုသုတမာန်မူမူကိုပယ်ဖို့ရန် ဟောကြားတော်မူသည်။

(၃) အမှတ်ပြ ဩဝါဒ၌ ဆိုလိုရင်းမှာ—“ချစ်သားကဿပ....သင် ချစ်သားသည် ကာယဂတာသတိ, အာနာပါနအာရုံတို့၌ဖြစ်သည့် သုခ ဝေဒနာ ယှဉ်ဖက်ပါသော ပဌမဈာန် မိမိသန္တာန်၌ စွန့်ခွါ၍ မသွား

အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ရမည်” ဟု ဆိုလိုရင်း ဖြစ်၏။ ဤတတိယဩဝါဒကို (၂) အရှင်မဟာကဿပမထေရ်မှာ ဥပဓိနှင့်ပြည့်စုံ တင့်တယ်သူဖြစ်၍ ယင်းဥပဓိနှင့်ပြည့်စုံမှုကို အမှီပြုကာ ဖြစ်ပေါ်လာမည့် မိမိကိုယ်ကို ချစ်ခင်တွယ်တာမှု တဏှာလောဘကို ပယ်ဖို့ရန် ဟောကြားတော်မူသည်)။

မြတ်စွာဘုရားသည် ဆိုအပ်ခဲ့သည့်အတိုင်း ဗဟုပုတ္တက ပညောင်ပင်ရင်း၌ အရှင်မဟာကဿပမထေရ်အား ဩဝါဒ-ပဋိဂ္ဂဟ ဏာရဟန်းအဖြစ်ကို ပေးတော်မူပြီးလျှင် ထိုညောင်ပင်ရင်းမှ ထွက်ကြွတော်မူခဲ့၍ မထေရ်မြတ်ကို နောက်ပါရဟန်း ပြုတော်မူကာ ခရီးကြွတော်မူလေ၏။ မြတ်စွာဘုရားကိုယ်တော်မှာ မဟာပုရိသလက္ခဏာတော်ကြီးသုံးဆယ့်နှစ်ပါးတို့ဖြင့် ဆန်းကြယ် တင့်တယ်တော်မူ၍ အရှင်မဟာကဿပမထေရ်၏ ကိုယ်တော်မှာ မဟာပုရိသလက္ခဏာတော် ခုနစ်ပါးတို့ဖြင့် တန်းဆာဆင်အပ် ချောက်ပတ် တင့်တယ်တော်မူလေသည်။ မထေရ်မြတ်သည် ရွှေလှေကြီး၏ နောက်တွဲ ရွှေလှေငယ်ပမာ မြတ်စွာဘုရားရှင်၏ နောက်သို့ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါခဲ့လေ၏။ မြတ်စွာဘုရားရှင် ခရီးအတန်ငယ် သွားမိပြီးသော် ခရီးမ (သွားမြဲခရီး) မှ ဖဲသက်၍ သစ်ပင်ရင်းတခု၌ ထိုင်တော်မူမည့် အခြင်းအရာကို ပြတော်မူလေ၏၊ မထေရ်မြတ်သည် “မြတ်စွာဘုရားရှင် ထိုင်တော်မူလိုသည်” ဟု သိရှိကာ အပေါ်ရုံ (အလွန်နူးညံ့သော) ဒုကုဋ်သင်္ကန်းကြီးကို လေးခေါက်ပြုကာ ခင်းပြီးလျှင် မြတ်စွာဘုရားရှင်ကို “မြတ်စွာဘုရား····ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤနေရာ၌ ထိုင်တော်မူပါလော့၊ ယင်းသို့ မြတ်စွာဘုရားထိုင်တော်မူခြင်းသည် အကျွန်ုပ်၏အဖို့ရာ ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါး, ချမ်းသာအလို့ငှါ ဖြစ်လေရာပါ၏” ဟု လျှောက်ထားလေ၏။

**သင်္ကန်းချင်း လဲတော်မူခြင်း**

မြတ်စွာဘုရားသည် ထို လေးခေါက်သင်္ကန်းကြီး အခင်း၌ ထိုင်နေတော်မူပြီးလျှင် ထိုလေးခေါက်သင်္ကန်းကြီးကို ပဒုမာကြာ

ပွင့်အဆင်းရှိသော ရွှေလက်တော်ဖြင့် အစွန်အဖျားမှ သုံးသပ်ကိုင်တော်မူကာ "ချစ်သားကဿပ.... သင်ချစ်သား၏ ဤပုဆိုး ဟောင်းဒုကုဋ်သက်န်းကြီးသည် နူးညံ့လှစွာတကား"ဟု ချီးမွမ်းစကား မိန့်ကြားတော်မူလေ၏။

(ဤ၌။ ။"အဘယ့်ကြောင့် ဤသို့ချီးမွမ်းစကား မိန့်ကြားတော်မူသနည်း"ဟူမူ–"မထေရ်မြတ်နှင့် သင်္ကန်းချင်း 'လဲလှယ်တော်မူလို သောကြောင့် ဤသို့ချီးမွမ်းစကားမိန့်ကြားတော်မူ၏"ဟု ဖြေဆိုရာ၏။

"အဘယ့်ကြောင့် သင်္ကန်းချင်း လဲလှယ်တော်မူလိုရသနည်း" ဟူမူ–"မထေရ်မြတ်ကို ကိုယ်တော့်အရာ၌ ထားတော်မူလိုသောကြောင့် လဲလှယ်တော်မူလိုသည်"ဟု ဖြေဆိုရာ၏။

"ကိုယ်တော့် အရာ၌ ထားတော မူရန် အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်တို့ မရှိကြဘူးလော" ဟု မေးဖွယ်ရှိပြန်၏။ အဖြေကား—မရှိမဟုတ် ရှိကြပါ၏၊ သို့သော် မြတ်စွာဘုရား၏ စိတ်တော်အစဉ်ဝယ် ဤသို့ အကြံဖြစ်လေသည်၊ ဖြစ်ပုံမှာ "ဤသာရိပုတ္တရာ, မောဂ္ဂလာန်တို့သည် ကြာမြင့်စွာ တည်ကြလိမ့်မည်မဟုတ်ကုန်၊ ငါဘုရား၏အလျင် ပရိနိဗ္ဗာန် စံကြလိမ့်မည်၊ ကဿပသည်ကား အသက်နှစ်ပေါင်းတရာ့နှစ်ဆယ် ရှည်ပေလိမ့်မည်၊ သူသည် ငါဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးနောက် လေးလမြောက်ဝယ် စရည်းပင် ပေါက်ရောက်ရာလိုဏ်ဂူ၌ နေ၍ ဓမ္မဝိနယ နှစ်ပါးကို သံဂါယနာတင်ပြီးလျှင် ငါဘုရား၏ သာသနာတော်ကို နှစ်ပေါင်းငါးထောင်ကာလကြာ လည်နိုင် ဖြစ်နိုင်အောင် ပြုစုပေလိမ့်မည်ဟု သိမြင်တော်မူသောကြောင့် မထေရ်မြတ်ကို ကိုယ်တော့်အရာ၌ ထားတော်မူလျှင် ရဟန်းတို့သည် မထေရ်မြတ်အပေါ်၌ ရိုသေကျိုးနွံမှု ပြုကြပေလိမ့်မည်"ဟု ဆင်ခြင်တော်မူမိသဖြင့် မထေရ်မြတ်ကို ကိုယ်တော့်အရာ၌ ထားတော်မူလိုရင်းဖြစ်သည်၊ ယင်းသို့ မထေရ်မြတ်ကို ကိုယ်တော့်အရာ၌ထားတော်မူလိုသောကြောင့် သင်္ကန်းချင်း လဲလှယ်တော်မူလိုသည်၊ ထိုသို့ သင်္ကန်းချင်း လဲလှယ်တော်မူလိုသောကြောင့် ချီးမွမ်းစကား မိန့်ကြားတော်မူလေသည်)။

သပိတ်၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ, သင်္ကန်း၏ ဂုဏ်ကျေးဇူးကို ဖြစ်စေ တဦးဦးက ပြောဆိုအပ်လျှင် "ဤသပိတ်, ဤသင်္ကန်းကို အရှင်ဘုရားတို့အတွက် ခံယူတော်မူကြပါဘုရား" ဟု လျှောက်ထားခြင်းသည်ကား မထေရ်မြတ်၏ ပကတိ စာရိတ္တ ဖြစ်သည်၊

သို့ရကား မထေရ်မြတ်သည် "မြတ်စွာဘုရားကား ငါ၏ ဒုကုဋ် သင်္ကန်းကြီး = နှစ်ထပ်သင်္ကန်းကြီး၏ နူးညံ့ကြောင်းကို ချီးမွမ်းစကား မိန့်ကြားတော်မူသည်၊ ဝတ်ရုံတော်မူလိုသည် ဖြစ်ပေလိမ့်မည်" ဟု အရိပ်အခြည်ကို သိရှိတော်မူကာ "မြတ်စွာဘုရား.... ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤဒုကုဋ်သင်္ကန်းကြီးကို ဝတ်ရုံတော်မူပါဘုရား" ဟု လျှောက်ထားလေ၏။ "ချစ်သား ကဿပ....သင် ချစ်သားသည် အဘယ်သင်္ကန်းကို ဝတ်ရုံမည်နည်း" ဟု မြတ်စွာဘုရားရှင်က မေးမြန်း၍ "မြတ်စွာဘုရား.... အရှင်ဘုရားတို့ ဝတ်ရုံသောသင်္ကန်းကို ရပါမူ တပည့်တော်ဝတ်ရုံပါမည်ဘုရား" ဟု အရှင်မဟာကဿပမထေရ်က လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် "ချစ်သားကဿပ....သင်ချစ်သားသည် ငါဘုရား ဝတ်ရုံ၍ ဟောင်းနွမ်းလေပြီးသော ဤ ပံသုကူသင်္ကန်းကို ဝတ်ရုံနိုင်ပါမည်လော၊ မှန်၏-ငါဘုရား ဤ ပံသုကူသင်္ကန်းကို ကောက်ယူသောနေ့၌ မဟာပထဝီ ဤမြေကြီးသည် ရေအဆုံးအပိုင်းအခြားရှိသည်ကို ပြုလျက် တုန်လှုပ်ခဲ့၏၊ မြတ်စွာဘုရားရှင်တို့၏ ဤယခု သုံးဆောင်ပြီး၍ ဟောင်းနွမ်းလေသော သင်္ကန်းမည်သည်ကို ကျေးဇူးဂုဏ်နည်းပါးသော ပုဂ္ဂိုလ်သည် ဝတ်ရုံခြင်းငှါ မစွမ်းနိုင်၊ ပဋိပတ်အကျင့်ကို ဖြည့်ကျင့်နိုင်စွမ်းရှိသည့် ဇာတိပံသုကူဆောင် ပုဂ္ဂိုလ်မှသာ ခံယူထိုက်ပေသည်" ဟု မိန့်တော်မူကာ အရှင်မဟာကဿပ မထေရ်မြတ်နှင့် သင်္ကန်းချင်း လဲလှယ်တော်မူလေ၏။ ဤကဲ့သို့ သင်္ကန်းချင်း လဲလှယ်၍ မထေရ်မြတ်ဝတ်ရုံသော သင်္ကန်းကို မြတ်စွာဘုရားရှင် ဝတ်ရုံတော်မူလေ၏။ မြတ်စွာဘုရား၏ သင်္ကန်းကို မထေရ်မြတ် ဝတ်ရုံတော်မူလေ၏။ ထိုအခါ ဤမဟာပထဝီမြေကြီးသည် စိတ်စေတနာ မရှိပါပဲလျက် "မြတ်စွာဘုရား....အရှင်ဘုရားတို့သည် ပြုနိုင်ခဲသည်ကို ပြုတော်မူကြပါပြီ၊ မိမိဝတ်ရုံပြီးသော သင်္ကန်းကို တပည့်သာဝကအားရှေးကပေးအပ်ဘူးသောမည်သည် မရှိဖြစ်ပါသည်၊ အကျွန်ုပ်သည် အရှင်ဘုရားတို့၏ ဂုဏ်ကျေးဇူးကို ဆောင်ထားခြင်းငှါ မစွမ်းနိုင်ပါ"ဟု လျှောက်ထား ပြောဆိုသည့်အလား ရေအဆုံးအပိုင်းအခြားရှိသည်ကို ပြု၍ ပြင်းစွာတုန်လှုပ်လေ၏။

## (ဂ) မထေရ်မြတ် တရားတူးရ၍ တေဒဂ်ဘွဲ့ထူးကို ရတော်မူခြင်း အကြောင်း

အရှင်မဟာကဿပ မထေရ်မြတ်သည်လည်း "ငါသည် ယခု အခါ၌ မြတ်စွာဘုရားရှင်တို့ သုံးဆောင်အပ်ပြီးသော သင်္ကန်းကို ရအပ်လေပြီ၊ ယခုအခါ ငါ့အဖို့ရာ အထက်ဖြစ်သော မဂ်ဖိုလ် အတွက် အဘယ်ပြုဖွယ်ရှိတော့အံ့နည်း=မရှိတော့ပြီ"ဟု သင်္ကန်း ကို ရရုံမျှဖြင့် စိတ်တက်ကြွမှုကို ပြုတော်မမူပဲ မြတ်စွာဘုရားရှင်၏ အထံတော်မှာပင် ဓုတင်အကျင့် တဆယ့်သုံးပါးတို့ကို ကောင်းစွာ ကြည်ဖြူ ခံယူဆောက်တည်ပြီးလျှင် ရဟန်းတရား ပွါးများ ကြိုး ကုတ် အားထုတ်တော်မူလေရာ ခုနစ်ရက်မျှသာ ပုထုဇန်အဖြစ်၌ တည်နေ၍ ရှစ်ရက်မြောက် အရုဏ်တက်သောအခါ၌ ပဋိသမ္ဘိဒါ ဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော် မူလေ၏။

ဤအရှင်မဟာကဿပ မထေရ်မြတ်ကို စံနမူထားတော်မူကာ မြတ်စွာဘုရားသည် နိဒါနဝဂ္ဂ ကဿပသံယုတ်လာ များစွာသော တရားဒေသနာတို့ကို ဟောကြားတော်မူအပ်လေသည်။ (နိဒါန- ဝဂ္ဂ၊ ကဿပသံယုတ်မြန်မာပြန်မှ ကြည့်ရှုကြပါကုန်)။

မြတ်စွာဘုရားသည်လည်း "ကဿပေါ ဘိက္ခဝေ စန္ဒူပမော ကုလာနိ ဥပသင်္ကမတိ=ရဟန်းတို့....ကဿပမထေရ်သည် လနှင့် တူစွာ ကိုယ်, စိတ်ကို ထိန်းချုပ်၍သာလျှင် အချင်းခပ်သိမ်း ညှို့ သည်ပမာဖြစ်၍ အမျိုးလေးပါး ဒကာများ၌ ကိုယ်,နှုတ်,စိတ် = သုံးပါး ကြမ်းကြုတ်မှုအလျှင်းမရှိပဲ ဒါယကာတို့သို့ ချဉ်းကပ်၏" ဤသို့ စန္ဒူပမသုတ္တန်အစရှိသော များစွာသော သုတ္တန်တို့ဖြင့် မထေရ်မြတ်ကို ချီးမွမ်းတော်မူ၍ နောက်အဖို့ကာလဝယ် ဤ ကဿပသံယုတ်လာ မထေရ်မြတ်၏ ဓုတင်ပဋိပတ် စသည်တို့ကို အကြောင်းအဌုပ္ပတ်ပြုပြီးလျှင် မထေရ်မြတ်ကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓုတ- ဝါဒါနံ ယဒိဒံ မဟာကဿပေါ=ရဟန်းတို့....ကိလေ-

သာကို ခါတွက်ကြောင်း ကောင်းမြတ်သော ဓုတင်ပဋိပတ် အကျင့်မြတ်ကို ကိုယ်တိုင်လည်း ကျင့်သုံး၍ သူတပါးတို့ကို လည်း ဟောကြားပြသ ဆိုဆုံးမကြသော ငါဘုရား၏ တပည့်သားရဟန်းတို့တွင် မဟာကဿပ မထေရ်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ဧတဒဂ်ရာထူး၌ ထားတော်မူလေသတည်း။

ဤကား အရှင်မဟာကဿပမထေရ် အကြောင်းတည်း။

---

## (၅) အရှင်အနုရုဒ္ဓါ မထေရ်အကြောင်း

### (က) မထေရ်မြတ်၏ ရှေးဆုတောင်း

ရှေးလွန်ခဲ့ပြီးသော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာ ဘုရားရှင် ပွင့်ထွန်းတော်မူစဉ် အရှင်အနုရုဒ္ဓါအလောင်း သူတော်ကောင်းသည် အမည်အားဖြင့် မထင်ရှားသော သူကြွယ်တဦး ဖြစ်၍ နေမွန်းလွဲပြီးနောက်အခါ တရားနာရန် ကျောင်းတိုက်သို့ သွားရောက်ကြသော လူအပေါင်းနှင့် အတူတကွ လိုက်ပါခဲ့လေသည်။ သူကြွယ်သည် မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုး၍ ပရိသတ်အစွန်အဖျား၌ ရပ်တည်ကာ တရားတော်ကို နာယူလေ၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် တရားဒေသနာတော်ကို အနုသန္ဓေအတိုင်း ဆက်စပ်ဟောကြားတော်မူပြီးနောက် ရဟန်းတပါးကို ဒိဗ္ဗစက္ခုအဘိညာဏ်ရသောအရာဝယ် ဧတဒဂ်ဘွဲ့ထူး ရာထူး၌ ထားတော်မူလေ၏။

ထိုအခါ သူကြွယ်၏သန္တာန်ဝယ် "ဤရဟန်းကို မြတ်စွာဘုရား ရှင် ကိုယ်တော်တိုင်ပင် ဒိဗ္ဗစက္ခုအဘိညာဏ်ရသောအရာဝယ် ဧတဒဂ်ဘွဲ့ထူး ရာထူး၌ ထားတော်မူပေ၏၊ သို့ရကား ဤရဟန်း သည် သာလွန်မြင့်မြတ်စွာ့တကား၊ ငါသည်လည်း နောက်အခါ ပွင့်တော်မူမည့် တဆူဆူသော ဘုရားရှင်၏ သာသနာဝယ် ဒိဗ္ဗစက္ခုအဘိညာဏ်ရသော ရဟန်းတို့အနက် အသာဆုံး အမြတ်ဆုံး(= ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ်)ဖြစ်ရပါမူ ကောင်းလေစွာ့"ဟု စိတ်

အကြံဖြစ်ပြီးလျှင် ပရိသတ်အကြားမှပင် မြတ်စွာဘုရား၏ အနီးသို့ သွားရောက်၍ မြတ်စွာဘုရားကို ရဟန်းသံဃာနှင့်တကွ ပင့်ဖိတ်ပြီး နောက်တနေ့၌ ဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသော အလှူဒါနကို ပေးလှူပြီးလျှင် "ငါတား အလွန်ကြီးသော ရာထူး = ဌာနန္တရကို တောင့်တအပ်လေပြီ"ဟု ကြံစည်စဉ်းစား မိကာ ထိုနည်းအတိုင်းပင် "ယနေ့ ကောင်းမှုကုသိုလ်အလို့ငှါ ကြွတော်မူပါ, နက်ဖြန်ကောင်းမှု ကုသိုလ်အလို့ငှါ ကြွတော်မူပါ" ဟု နေ့စဉ်ရက်ဆက် ပင့်ဖိတ်ကာ ခုနစ်ရက်ပတ်လုံး ကြီးစွာသော အလှူဒါနကို ဖြစ်စေပြီးနောက် အခြံအရံ ရဟန်းတို့နှင့်တကွ မြတ်စွာဘုရားရှင်အား အလွန်မြတ်မွန်သော အဝတ်သင်္ကန်းတို့ကို လှူဒါန်းဆက်ကပ်၍—

"မြတ်စွာဘုရား....အကျွန်ုပ်သည် ဤပူဇော်သက္ကာရမှုကို နတ်စည်းစိမ်ရဖို့ရန်လည်း ပြုသည်မဟုတ်ပါ၊ လူ့စည်းစိမ် ရဖို့ရန်လည်း ပြုသည်မဟုတ်ပါ၊ စင်စစ်သော်ကား အရှင် ဘုရားတို့သည် ဤယခုနေ့မှအထက် လွန်ခဲ့သောခုနစ်ရက် က အကြင်ရဟန်းတော်တပါးကို ဒိဗ္ဗစက္ခုအဘိညာဏ် ရသောအရာဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူခဲ့ပါပြီ၊ အကျွန်ုပ်သည်လည်း နောက်အခါ တဆူဆူသောဘုရားရှင်၏ သာသနာဝယ် ဤရဟန်းကဲ့သို့ ပင် ဒိဗ္ဗစက္ခုအဘိညာဏ်ရသော ရဟန်းတို့အနက် အသာ ဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်ရပါလို၏"—

ဟု ဆုတောင်းပတ္ထနာမှု ပြုပြီးလျှင် မြတ်စွာဘုရား၏ ခြေတော် ရင်း၌ ဝပ်စင်း၍ နေလေ၏။ မြတ်စွာဘုရားရှင်သည် အနာဂတ်ကို ရှုကြည့်တော်မူလတ်သော် ထိုသူကြွယ်၏ ဆုတောင်းပြည့်မည့် အကြောင်းကို ကောင်းစွာ သိမြင်တော်မူ၍ "ဒါယကာ.......... နောက်အခါဝယ် ကမ္ဘာတသိန်းအဆုံး၌ ဂေါတမမြတ်စွာဘုရား ထင်ရှားပွင့်ထွန်းပေလိမ့်မည်၊ ထိုမြတ်စွာဘုရား၏ သာသနာဝယ် သင်သည် ဒိဗ္ဗစက္ခုအဘိညာဏ်ရသော ရဟန်းတို့အနက် အသာ ဆုံး အမြတ်ဆုံးဖြစ်သည့် အနုရုဒ္ဓါမထေရ်အမည်ရှိသူ ဖြစ်လိမ့်

မည်”ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၍ ဆွမ်းအနုမောဒနာ တရားဟောကြားပြီးလျှင် ကျောင်းတိုက်တော်သို့ပင် ပြန်ကြွတော်မူလေ၏။

သူကြွယ်သည်လည်း မြတ်စွာဘုရား သက်တော်ထင်ရှားရှိသမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ပြုလုပ် အားထုတ်ပြီးလျှင် ပဒုမုတ္တရ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ခုနစ်ယူဇနာရှိသော ရွှေစေတီကြီး တည်ပြီးလတ်သော် ရဟန်းသံဃာသို့ ချဉ်းကပ်၍ “အရှင်တို့ဘုရား...ဒိဗ္ဗစက္ခုအဘိညာဉ်၏ ရရန်အကြောင်း ပူရိကံကောင်းမှုကား အဘယ်ပါနည်း”ဟူ၍ မေးလျှောက်လေ၏။ ရဟန်းသံဃာတော် အရှင်မြတ်များက “ဒါယကာ....ဆီမီးအလှူကို ပေးလှူရန် သင့်ပေ၏”ဟု မိန့်ကြားလေလျှင် “ကောင်းပါပြီ အရှင်ဘုရားတို့....ဆီမီးအလှူဒါနကို ပြုလုပ်ပါအံ့”ဟု လျှောက်ထား၍ ရှေးဦးစွာ တပင်တပင်လျှင် ဆီမီးတိုင် တထောင်စီ ပါရှိသော ဆီမီးတိုင်သစ်ပင်ကြီးပေါင်း တထောင် ပြုလုပ်စေကာ လှူဒါန်းလေ၏၊ ထိုဆီမီးတိုင်သစ်ပင်ကြီးပေါင်း တထောင်၏ အခြားမဲ့၌ ထို့အောက်ငယ်သည့် ဆီမီးတိုင် သစ်ပင်လတ်တို့ကိုရင်း,ထိုဆီမီးတိုင် သစ်ပင်လတ်တို့၏ အခြားမဲ့၌ ထို့အောက်ငယ်သော ဆီမီးတိုင် သစ်ပင်ငယ်တို့ကိုရင်း ပြုလုပ်စေကာ လှူဒါန်းလေ၏၊ ဤသို့လျှင် ထောင်ပေါင်းများစွာသော ဆီမီးတိုင်သစ်ပင်တို့ကို လှူဒါန်းသည့်ပြင် ကြွင်းသောဆီမီးတို့သည်ကား မရေမတွက်နိုင်အောင်ပင် များလှစွာကုန်၏။

## ကဿပမြတ်စွာစေတီတော်အား ဆီမီးလှူပြန်ခြင်း

ဤသို့လျှင် အရှင်အနုရုဒ္ဓါအလောင်း ထိုသူကြွယ်သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်လျက် ကမ္ဘာတသိန်းကာလကို လွန်မြောက်၍ ဤဘဒ္ဒကမ္ဘာ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါဝယ် ဗာရာဏသီပြည်၌ သူကြွယ်ပင်ဖြစ်လတ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် တယူဇနာရှိသော စေတီတော်ကြီး တည်ပြီး

လတ်သော် ရွှေခွက်ပေါင်းများစွာတို့ကို သွန်းခတ် ပြုလုပ်စေ၍ ထောပတ်ကြည်အပြည့် ရွှေခွက်တိုင်းထည့်ပြီးလျှင် ရွှေခွက်တို့၏ အလယ်၌ တင်လဲခဲကို တည်ထားလျက် မီးညှိပြီးသော် စေတီတော် ပတ်ဝန်းကျင်၌ ရွှေခွက်အနားရေးချင်း ထိစေကာ ဆီမီးပူဇော် သည့်ပြင် မိမိအတွက်လည်း အကြီးဆုံးသော ရွှေခွက်ကြီးတခွက် သွန်းခတ်ပြုလုပ်စေပြီးနောက် ထောပတ်ကြည်အပြည့်ပင် ထည့်ပြီး လျှင် ထိုရွှေခွက်ကြီး၏ အနားရေးပတ်ပတ်လည်၌ ဆီမီးစာပေါင်း တထောင် ထွန်းညှိစေ၍ အလယ်တည့်တည့် ဆီမီးစာအတွက်ကိုမူ ပုဆိုးကြမ်းဖြင့် ရစ်ပတ်ထွန်းညှိစေပြီးလျှင် ထိုဆီမီးထောင်ပြည့် ထွန်းညှိထားသော ရွှေခွက်ကြီးကို ဦးခေါင်းဖြင့် ရွက်သယ်ကာ ညဉ့်သုံးယံပတ်လုံး တယူဇနာရှိသော စေတီတော်ကြီးကို လှည့် လည်ပူဇော်လေ၏။ ဤနည်းဖြင့် ထိုဘဝမှာလည်း အသက်ရှည် သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုပြုလုပ်၍ ထိုဘဝမှ စုတေ သောအခါ နတ်ပြည်၌ ဖြစ်လေ၏။

### အန္နဘာရ ဘဝ

တဖန် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မမူမီ ဗာရာဏသီပြည်မှာပင် သူဆင်းရဲမျိုး၌ ပဋိသန္ဓေတည်ယူနေ၍ သုမန-အမည်ရှိသော ဗာရာဏသီသူဌေးကြီးကို အမှီပြု၍ နေ၏၊ ထိုဆင်းရဲသား၏ အမည်မှာ "အန္နဘာရ" အမည် ရှိလေသည်။ သုမနသူဌေးကြီးသည်ကား ဓနေ့စဉ် နေ့တိုင်းပင် အထီးကျန်သော သူများ, ခရီးသွားများ, ဖုန်းတောင်းယာစကာများအား မိမိအိမ် တံခါးဝ၌ ကြီးစွာသောအလှူဒါနကို ပေးလှူလေသည်။

တနေ့သ၌ ဥပရိဋ္ဌ-အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ် တဆူသည် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ်ကို ဝင်စား၍ ထိုသမာပတ်မှ ထလတ်သော် "ငါသည် ယနေ့ အဘယ်သူ့အား ချီးမြှောက်ရပါမည်နည်း" ဟု စူးစမ်း ဆင်ခြင်တော်မူလေ၏။ အထူးအားဖြင့်ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မည်သည် သူဆင်းရဲတို့ကို အလွန်သနားတော်မူတတ်ကြကုန်၏၊ သို့ရကား ဥပရိဋ္ဌ ပစ္စေက

ဗုဒ္ဓါအရှင်မြတ်သည် "ယနေ့ ငါသည် အန္ဓဘာရ ဆင်းရဲသားအား ချီးမြှောက်မှုကို ပြုမှသင့်မည်" ဟု ကြံစည်တော်မူ၍ "ယခုအခါ အန္ဓဘာရ ဆင်းရဲသားသည် တောအုပ်မှ မိမိအိမ်သို့ ပြန်လာတော့မည်" ဟု သိရှိတော်မူတော့ သပိတ်, သင်္ကန်းကို ယူဆောင်၍ ဂန္ဓမာဒနတောင်မှ ကောင်းကင်သို့ တက်ကြွကာ ရွာတံခါးဝယ် အန္ဓဘာရဆင်းရဲသား၏ မျက်မှောက်၌ ရှေးရှုမတ်မတ် ရပ်တည်တော်မူလာ၏။

အန္ဓဘာရသည် ပစ္စေကဗုဒ္ဓါအရှင်မြတ် အချည်းနှီး (ဆွမ်းမပါ)သော သပိတ်ကို လက်စွဲလျက် ကြွလာသည်ကို မြင်လတ်၍ ရှိသေစွာ ရှိခိုးပြီးလျှင် "အရှင်ဘုရား....အရှင်မြတ်တို့သည် ဆွမ်းရတော်မူကြပါ၏လော" ဟု မေး၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်က "ရကြပါလိမ့်မည် ဒါယကာ...."ဟု မိန့်တော်မူလေလျှင် "အရှင်ဘုရား....အတန်ငယ်မျှ ဤနေရာဝယ် ရပ်တည်တော်မူနှင့်ကြပါဦး ဘုရား"ဟု လျှောက်ထား၍ လျင်မြန်စွာသွားပြီးလျှင် မိမိအိမ်၌ အိမ့်ရှင်မကို "အိုရှင်မ....ငါ့အတွက်ထား ချန်ထားသော ဝေပုံကျ ထမင်း ရှိသလော, မရှိဘူးလော" ဟု မေးလေ၏။ အိမ့်ရှင်မက "ရှိပါသည် အရှင်...."ဟု ပြန်ကြားပြောဆိုလေလျှင် ထိုနေရာမှပင် တဖန်ပြန်လာ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ လက်မှ သပိတ်ကို ယူဆောင်ပင့်ခဲ့၍ အိမ်သို့ရောက်လျှင် "အိုရှင်မ.... ငါတို့သည် ရှေးဘဝက ကုသိုလ်ကောင်းမှု မပြုခဲ့ကြသောကြောင့် ထမင်းအတွက် တတောင့်တတ နေထိုင်ကြရကုန်၏၊ ငါတို့အဖို့ရာ လှူလိုသောစေတနာ ရှိပါသော်လည်း လှူဖွယ်ဝတ္ထုက မရှိဘဲ ဖြစ်နေတတ်၏၊ လှူဖွယ်ဝတ္ထုရှိပြန်ပါသော်လည်း အလှူခံပုဂ္ဂိုလ်ကို မရဘဲ ရှိကြကုန်၏။ယနေ့ ငါသည် ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးတွေ့အပ်လေပြီ၊ ငါ့အဖို့ ဝေပုံကျ ထမင်းကလည်း ရှိနေ၏၊ ငါ့အဖို့ ဝေပုံကျ ထမင်းကို ဤသပိတ်၌ လောင်းထည့်လိုက်လော့"ဟု ပြောဆိုလေ၏။

လိမ္မာလှစွာသော အိမ့်ရှင်မသည် "ငါ့အရှင်သည် မိမိအဖို့ ဝေပုံကျထမင်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းရကား

ငါသည်လည်း ဤအလျှုဒါနဖြင့် အဖို့ဝေစုရသူ ဖြစ်သင့်၏”ဟု ကြံစည်စဉ်းစားကာ မိမိ၏အဖို့ဝေစုထမင်းကိုပါ ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်၌ ထည့်လှူလိုက်လေ၏။ အန္နဘာရသည် သပိတ်ကို ယူဆောင်ခဲ့၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ လက်၌ ဆက်ကပ်လှူဒါန်းပြီးသော် “အရှင်ဘုရား....တပည့်တော်များသည် ဤကဲ့သို့သော ဆင်းရဲပင်ပန်းစွာ အသက်ရှင်ရခြင်းမှ လျင်မြန်စွာ လွတ်မြောက်ကြရပါလိုကုန်၏”ဟု ဆုပန်စကား လျှောက်ထားလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်လည်း “ဘုန်းကံကြီးမားသော ဒါယကာ....ဤသင်ယခု ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေသတည်း”ဟု ဆုညွန်းစကား မိန့်ကြားတော်မူလေ၏။

အန္နဘာရသည် မိမိ၏ အပေါ်ရုံအဝတ်ကို တနေရာ၌ ခင်းပြီးလျှင် “အရှင်ဘုရား.... ဤနေရာ၌ ထိုင်၍ ဘုဉ်းပေးတော်မူကြပါဘုရား”ဟု လျှောက်ထားပြန်လေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အန္နဘာရ ခင်းပေးသောနေရာ၌ ထိုင်၍ (၁-ဆွမ်းခံသွားရခြင်း—ဂမန, ၂-ရှာမှီးရခြင်း—ပရိယေသန, ၃-သုံးဆောင်ခြင်း—ပရိဘောဂ, ၄-အခြားစီဖြစ်တတ်သော သလိပ် သည်းခြေ သွေး ပြည် ဟူသော—အာသယ, ၅-စု၍ တည်နေရာ အစာသစ်အိမ်ဟူသော—နိဓာန, ၆-မကျက်မကြေသေးခြင်း—အပရိပက္က, ၇-ကြေကျက်ပြီးခြင်း—ပရိပက္က, ၈-အကျိုးရင်း—ဖလ(နှင့်)ထိုမှ ဤမှ ယိုစီးစိမ့်ထွက်သော အကျိုးဆက်—နိဿန္ဒ, ၉-လူးလည်းခြင်း—မက္ခန ဤသို့) ကိုးပါးအပြားရှိသော စက်ဆုပ်ဖွယ်သဘောကို ဆင်ခြင်၍ ဘုဉ်းပေး သုံးဆောင်တော်မူလေ၏။ ။(ဤ၌-အကျိုးရင်း—ဖလနှင့် အကျိုးဆက်—နိဿန္ဒတို့ကို တခြားစီ ယူလျှင် အခြင်းအရာ ဆယ်ပါး ဖြစ်၏။ ထို ကိုးပါး, ဆယ်ပါး အခြင်းအရာအားဖြင့် စက်ဆုပ်ဖွယ် သဘောကို ဆင်ခြင်ပုံကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အာဟာရေပဋိကူလသညာအဖွင့်နှင့် အထူးအားဖြင့်မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ရေးသားတော်မူသော ပရမတ္ထသရုပဘေဒနီကျမ်း ကမ္မဋ္ဌာန်းပိုင်း (ဘေဒနီ ၂၊ မျက်နှာ ၃၇၂) အာဟာရေပဋိကူလသညာ အခန်း၌ လေ့လာ မှတ်ယူရာ၏။)

ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းဘုဉ်းပေးပြီးသောအခါ အန္နဘာရသည် သပိတ်ဆေးရေကို ဆက်ကပ်လေသည်။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးစီးလတ်သော်—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

တုယှံ = သင်၏။ ဣစ္ဆိတံ = အလိုရှိအပ်သော။ ပတ္ထိတံ = တောင့်တအပ်သော။ သဗ္ဗမေဝ = ခပ်သိမ်းဥဿုံ အလုံးစုံသည်ပင်။ သမိဇ္ဈတု = ပြည့်စုံစေသတည်း။ ပန္နရသော စန္ဒော ယထာ=ပက္ခဆန်းတက် ဆယ့်ငါးရက်ဝယ် စက်ပိုတင့်ရွှန်း လပြည့်ဝန်းကဲ့သို့။ တုယှံ = သင်၏။ သဗ္ဗေ = ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ သင်္ကပ္ပါ = စိတ်ဝယ်ကြံဆ ကောင်းမြတ်သော အကြံအစည်ဟူသမျှတို့သည်။ ပူရေန္တု = ပြည့်ပါစေကုန်သတည်း"—

ဟု အနုမောဒနာမှု ပြုတော်မူပြီးလျှင် ခရီးဆက်ကာ ကြွသွားတော်မူလေ၏။

## နတ်သမီး ကောင်းကြီးပေးခြင်း

ထိုအချိန်ဝယ် သုမနသူဌေးကြီး၏ ထီးချက်စောင့်နတ်သမီးသည် "အဟော ဒါနံ ပရမဒါနံ၊ ဥပရိဋ္ဌေ သုပတိဋ္ဌိတံ = ဩ.... အလွန်မြတ်သည့် အလှူဒါနကို ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်မြတ်၌ ကောင်းစွာ တည်ထားအပ်လေပြီတကား" ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းစကား မြွက်ဆိုကြား၍ ကောင်းကြီးပေးလေ၏။ သုမနသူဌေးကြီးသည် "ဟယ် နတ်သမီး....သင်သည် ဤမျှ ကာလရှည်လျားစွာ အလှူဒါန ငါပေးလှူနေသည်ကို မမြင်ဘူးလော" ဟု မေးလေ၏။ နတ်သမီးက "အို သူဌေးမင်း....ငါသည် သင်၏ အလှူဒါနအတွက် သာဓုကောင်းကြီးပေးသည်မဟုတ်၊ အန္နဘာရဆင်းရဲသားက ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူဒါန်းအပ်သော ဆွမ်းအတွက် သဒ္ဓါကြည်ညိုလှ၍ သာဓု ကောင်းကြီး ငါပေးပေသည်" ဟု ဆိုလေလျှင် သုမနသူဌေးကြီးသည် "ဩ....

၍ဖြစ်ရပ်ကား အံ့ဖွယ်ရှိစွ၊ ငါသည် ဤမျှကာလရှည်လျားစွာ အလှူဒါနကို ပေးလှူရပါလျက် နတ်များကို သာဓုကောင်းကြီး ပေးစေခြင်းငှါ မစွမ်းနိုင်ခဲ့ချေ၊ ဤ အန္တဘာဝရ ဆင်းရဲသားကား ငါ့ကိုအမှီပြု၍ နေရသူဖြစ်ပါလျက် လျောက်ပတ်သော အလှူခံ ပုဂ္ဂိုလ်ကို ရရှိအပ်လေသောကြောင့် ဆွမ်းတကြိမ် လှူဒါန်းခြင်း ဖြင့်ပင် ကောင်းကြီးပေးစေနိုင်ခဲ့လေပြီ၊ ဤအန္တဘာဝရဆင်းရဲသား အား သင့်လျော်လျောက်ပတ်သော ဥစ္စာကိုပေး၍ သူလှူသော ဆွမ်းကို ငါ့ဥစ္စာဖြစ်အောင်ပြုမှ သင့်တော့မည်”ဟု ကြံစည်ပြီးလျှင် အန္တဘာဝရကို ခေါ်စေ၍ “သင်သည် ယနေ့ တဦးတယောက်အား တစုံတရာ လှူဖွယ်ဝတ္ထုကို ပေးလှူအပ်သလော” ဟု မေးလေ၏။ အန္တဘာဝရ ဆင်းရဲသားက “ပေးလှူအပ်ပါသည် အရှင်သူဌေး မင်း....၊ အကျွန်ုပ်သည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်မြတ်အား မိမိ၏ ဝေပုံကျထမင်းကို ပေးလှူအပ်ပါသည်” ဟု ပြောဆိုလေလျှင် သုမနသူဌေးကြီးသည် “အမောင် အန္တဘာဝရ....ကိုင်း - ရော့ = ယူလော့၊ အသပြာတကျပ်ကို ယူပြီးလျှင် အမောင် လှူအပ်သော ထိုဆွမ်းကို ငါ့အား ပေးပါလော့” ဟု တောင်းဆိုလေ၏။

အန္တဘာဝရဆင်းရဲသားက“အရှင်သူဌေးမင်း....မပေးနိုင်ပါ”ဟု ငြင်းပယ်လတ်သော် သုမနသူဌေးကြီးသည် အသပြာတထောင် တိုင်အောင် တိုးတက်၍ ပေးလေ၏။ အန္တဘာဝရဆင်းရဲသားကမူ “အသပြာတထောင်ဖြင့်လည်း မပေးနိုင်ပါ” ဟူ၍ ပယ်မြဲပယ် လေ၏။ ထိုအခါ သုမနသူဌေးကြီးသည် ဝယ်ယူဖို့ရန်အတွက် လက်လျှော့ကာ “အမောင်အန္တဘာဝရ ....ထိုဆွမ်းကို အမောင် မပေးနိုင်လျှင် ရှိပါစေ၊ အသပြာတထောင်ကို အမောင်လက်ခံ ယူပြီးလျှင် ထို ဆွမ်းအလှူ ကုသိုလ်ကောင်းမှု အဖို့အစုကို ငါ့အား ပေးပါလော့” ဟု တောင်းဆိုပြန်လေ၏။ အန္တဘာဝရ ဆင်းရဲသားသည် “ဤ ကုသိုလ်ကောင်းမှု အဖို့ အစုကို ပေးသင့်, မပေးသင့်ကိုလည်း အကျွန်ုပ် ကွဲကွဲပြားပြား မသိပါ၊ စင်စစ် သော်ကား အကျွန်ုပ်သည် ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို မေးပြီးမှ ပေးသင့်သည်ဆိုလျှင် ပေးပါမည်” ဟု ပြောဆို၍

ပစ္စေကဗုဒ္ဓါအရှင်မြတ်နောက်သို့ အပြေးလိုက်ကာ မှီလတ်သော အခါ "အရှင်ဘုရား....သုမနသူဌေးကြီးက အကျွန်ုပ်အား အသပြာ တထောင်ပေးပြီးလျှင် အရှင်မြတ်တို့အား လှူဒါန်းအပ်သော ဆွမ်း၌ ကုသိုလ်ကောင်းမှု အမျှဝေစုကို တောင်းနေပါသည်၊ ပေးရပါမည်လော, မပေးရပါမည်လောဘုရား"ဟု လျှောက်ထား လေ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်က—

"ပညာရှိ.... သင့်အဖို့ရာ ငါဥပမာတခုကို ပြုဆောင် ပေအံ့၊ ဥပမာအားဖြင့် အိမ်ခြေတရာရှိသော ရွာဝယ် အိမ်တအိမ်သာလျှင် ဆီမီးညှိထွန်းထားသည် ဆိုကြပါစို့၊ ကျန်သော (၉၉) ကိုးဆယ့်ကိုးအိမ်တို့က မိမိ, မိမိ၏ ဆီ များဖြင့် ဆီမီးစာများကို ဆွတ်ကြ၍ မီးဆက်ညှိကြကာ ယူကြလေလျှင် ရှေးရှိရင်းစွဲဆီမီး၏ အရောင်အလင်းသည် ရှိမြဲရှိသလော၊ သို့မဟုတ် မရှိပဲ ယုတ်လျော့၍ သွား သလော"—

ဟု မေးလေလျှင် အန္နဘာရသည် " အရှင်ဘုရား....ယုတ်လျော့၍ မသွားပါ၊ အရောင်အလင်းသည် ရှေးကထက်တိုးတက်၍ ဖြစ်ပွါး ပါသည်ဘုရား" ဟု လျှောက်ထားလေ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်—

"ပညာရှိ····ဤအတူပင် တယောက်ချိုမျှသော ယာဂု ပင်ဖြစ်စေ၊ တယောက်မျှသော ဆွမ်းပင်ဖြစ်စေ မိမိ လှူဒါန်းအပ်သော ဆွမ်းအလှူ၌ သူတပါးတို့အား ကုသိုလ် ကောင်းမှု အဖို့အစုကို ပေးဝေသော အလှူရှင်၏အဖို့ရာ အခြားလူတရာအားပင် ပေးသည်ဖြစ်စေ၊ လူတထောင် အားပင် ပေးသည်ဖြစ်စေ အကြင်မျှလောက်သောသူတို့ အား ပေး၏၊ ထိုမျှလောက်သောသူတို့၏အဖို့ ကုသိုလ် ကောင်းမှုတရား တိုးပွါးသည်သာ ဖြစ်၏။ ယခု သင်က ဆွမ်းလှူရာမှာ ဆွမ်းတခုကိုသာ လှူခဲ့လေပြီ၊ အကယ်၍ သုမနသူဌေးကြီးအား သင်က ကုသိုလ်ကောင်းမှု အဖို့ ဘာဂ အမျှပေးအပ်သည်ရှိသော် သင့်အတွက် ဆွမ်းအလှူ

ဒါန (ရှိရင်းစွဲ) တခု, သုမနသူဌေးကြီးအတွက် ဆွမ်း အလှူဒါန (ကုသိုလ်ပွါး) တခု ＝ဤသို့အားဖြင့် ဆွမ်း အလှူဒါနနှစ်ပါးတို့ ဖြစ်ကြလေကုန်၏"—

ဟု ရှင်းလင်းစွာ ဖြေကြားတော်မူလေ၏။

အန္နဘာရဆင်းရဲသားသည် သံသယကင်းပြတ် အားရကျေနပ် ကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရိုသေမြတ်နိုး ရှိခိုးပြီးနောက် သုမနသူဌေးကြီးထံသို့ သွားရောက်ပြီးလျှင် "အရှင်သူဌေးမင်း.... အကျွန်ုပ်၏ ဆွမ်းအလှူဒါန၌ ကုသိုလ်ကောင်းမှု အဖို့အစုကို ယူတော်မူပါလော့" ဟု ဝမ်းမြောက်ဝမ်းသာ ပတ္တိဒါန အမျှ ပေးစကား ပြောကြားလေ၏။ ထိုနောက် ဆက်၍ သုမနသူဌေး ကြီးနှင့် အန္နဘာရဆင်းရဲသားတို့ စကားအတုံ့အလှယ် ပြောဆို ကြသည်မှာ—

(သူဌေး) ကိုင်း-အမောင်....ရော့ အသပြာတထောင် ကို အမောင်ယူလော့။

(အန္န) အရှင်သူဌေးမင်း.... အကျွန်ုပ်သည် ဆွမ်းကို ရောင်းသည်မဟုတ်ပါ၊ စင်စစ်သော်ကား သဒ္ဓါတရား ကြီးမားစွာဖြင့် အရှင်သူဌေးမင်းတို့အား ကုသိုလ်ကောင်း မှုအဖို့ဘာဂကို အမျှပေးပါသည်။

(သူဌေး) အမောင်.... အမောင်က ငါ့အား သဒ္ဓါ တရား ကြီးမားစွာဖြင့် ကုသိုလ်ကောင်းမှု အဖို့ဘာဂကို အမျှပေးပေ၏၊ ငါတမူကား သင်၏ ဂုဏ်ကျေးဇူးကို ပူဇော်လိုသည်ဖြစ်၍ အသပြာတထောင် ပေးပါ၏၊ယူသာ ယူပါ အမောင်—

ဤသို့ ပြောဆိုသောအခါ အန္နဘာရသည် "ကောင်းပါပြီ ရှိပါ စေတော့ အရှင်သူဌေးမင်း...."ဟု ပြောဆို၍ အသပြာတထောင် ကို လက်ခံယူလိုက်လေ၏။ ထိုနောက် သုမနသူဌေးကြီးသည် "အမောင်....အမောင်၏အဖို့ရာ အသပြာတထောင်ကို ရပြီးသော

အချိန်မှ စ၍ မိမိလက်ဖြင့် အလုပ်လုပ်ရန်ကိစ္စ မရှိတော့ချေ (=သင်ကား ရှေးကလို အလုပ်သမားဆင်းရဲသား မဟုတ်တော့ချေဟု ဆိုလို၏)၊ လမ်းမ၌ နေ့အိမ်ကို ဆောက်လုပ်၍ နေလော့၊ သင်အလိုရှိအပ်သော ဝတ္ထုကို ငါဆောင်စေပါမည် = ပေးပါမည်၊ သို့ရကား အမောင်အလိုရှိအပ်သော ဝတ္ထုကို ငါ့အိမ်မှ ဆောင်စေ၍သာ ယူပါလော့” ဟု ဖိတ်မန် စကား ထပ်၍ ပြောကြားလေ၏။

## ထိုနေ့ပင် မဟာဓနသူဌေး ဖြစ်ခြင်း

နိရောဓသမာပတ်မှ ထသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူဒါန်းအပ်သော ဆွမ်းမည်သည် ထို လှူသောနေ့မှာပင် ဒိဋ္ဌဓမ္မ-ဝေဒနီယ အကျိုးပေး၏၊ သို့ရကား သုမနသူဌေးကြီးသည် အခြားသောနေ့များ၌ အန္နဘာရကို ခေါ်၍ မင်းနန်းတော်သို့ မသွားခဲ့သော်လည်း ထို နေ့မှာမူကား ဒိဋ္ဌဓမ္မဝေဒနီယ (ဆွမ်းအလှူ) ကောင်းမှု၏ အာနုဘော်ကြောင့် အန္နဘာရကို ခေါ်ဆောင်၍သာလျှင် ရှေ့နန်းတော်သို့ သွားရောက်လေ၏။

နန်းတော်သို့ ရောက်သောအခါ အန္နဘာရ၏ ကောင်းမှုကုသိုလ်ကို အကြောင်းပြု၍ မင်းကြီးသည် သုမနသူဌေးကိုမကြည့်ပဲ အန္နဘာရကိုသာ စူးစိုက်ကြည့်ရှုတော်မူလေ၏၊ ထိုအခါသုမနသူဌေးနှင့်မင်းကြီးတို့ အပြန်အလှန် မေးမြန်းပြောဆိုကြသည်မှာ–

(သူဌေး) အရှင်မင်းမြတ် ........ အဘယ့်ကြောင့် ဤယောကျ်ားကို စူးစိုက်ကြည့်ရှုတော်မူပါသနည်း။

(မင်း) အခြားနေ့များက ဤ ယောကျ်ားကို မမြင်အပ်ဘူးသောကြောင့် ကြည့်ရှုပါသည် သူဌေးကြီး....။

(သူဌေး) အရှင်မင်းမြတ်....ဤယောကျ်ားကား စူးစိုက်ကြည့်ရှုထိုက်သော ယောကျ်ားဖြစ်ပါသည်။

(မင်း) သူဌေးကြီး ဤယောကျ်ား၏ စူးစိုက်ကြည့်ရှုထိုက်သော ဂုဏ်ကျေးဇူးဟူသည် အဘယ်နည်း။

(သူဌေး) အရှင်မင်းမြတ်....ဤယောက်ျားသည် ယနေ့ မိမိ၏ ဝေပုံကျရရှိသော ထမင်းကို ကိုယ်တိုင် မစားပဲ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းအပ်လေသော ကြောင့် အကျွန်ုပ်၏လက်မှ အသပြာတထောင်ကို ရပြီးသူ ဖြစ်ပါသည်။

(မင်း) ဤယောက်ျားသည် အဘယ် အမည် ရှိသ နည်း။

(သူဌေး) အန္နဘာရ အမည် ရှိပါသည် အရှင်မင်း မြတ်....။

(မင်း) သင်သူဌေးကြီး၏ လက်မှ အသပြာတထောင် ရအပ်ပြီးဖြစ်လေသောကြောင့် ငါ၏ လက်မှလည်း အသ ပြာတထောင် ရထိုက်သူ ဖြစ်ပေ၏၊ ငါသည်လည်း ထို ယောက်ျားအား ပူဇော်မှုပြုပေအံ့"—

ဤကဲ့သို့ ပြောဆို၍ မင်းကြီးကလည်း အန္နဘာရအား အသပြာ တထောင် ထပ်၍ ပေးလေ၏။

ထိုနောင်မှ မင်းကြီးသည် မင်းချင်းယောက်ျားတို့ကို "အချင်း တို့....ဤအန္နဘာရ၏အတွက် နေထိုင်ရန်အိမ်ကို သိကြကုန်လော့" ဟု မိန့်ဆိုလေ၏။ မင်းချင်းယောက်ျားတို့သည် "ကောင်းပါပြီ အရှင်မင်းကြီး...."ဟု ပြော့ဆိုကြ၍ အိမ်နေရာဟောင်းတခုကို သုတ်သင်ကြသည်ရှိသော် ပေါက်တူးဖြင့် တူးဆွအပ် တူးဆွအပ် တိုင်းသောနေရာ၌ ရတနာရွှေအိုးတို့ လည်မင်းချင်း ထိခတ်လျက် တည်နေကြသည်ကို အံ့ဩဖွယ်ရာ တွေ့မြင်ကြ၍ မင်းကြီးအား ပြန်ကြားလျှောက်ထားကြလေကုန်၏။ မင်းကြီးက "အချင်းတို့.... ထိုသို့ဖြစ်လျှင် သွားရောက်တူးဖော်ကြလော့"ဟု အမိန့်ပေးလျှင် ထိုမင်းချင်းယောက်ျားတို့ တူးကြ တူးကြစဉ်ပင် ရတနာ ရွှေအိုး တို့သည် အောက်သို့ သက်၍ သက်၍ သွားကြကုန်၏။ တဖန်ပြန်၍ မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားကြလေသော် မင်းကြီးသည်"အချင်းတို့....ငါ၏စကားဖြင့် မဟုတ်ပဲ အန္နဘာရ၏

ညွန့်ကြားချက်စကားဖြင့် တူးကြကုန်လော့”ဟု တဖန် ထပ်၍ စေခိုင်းပြန်လေ၏။ မင်းချင်း ယောကျ်ားတို့သည် ထိုနေရာသို့ သွားရောက်ကြ၍ “အနုရုဒ္ဓာ၏သာလျှင် ညွန့်ကြားချက်စကား ဖြစ်သည်”ဟု ပြောဆို တူးဆွကြကုန်၏။ ပေါက်တူး တူးရွင်းဖြင့် တူးဆွအပ် တူးဆွအပ်တိုင်းသော အရပ်၌ မှိုပုံကြီးများပမာ ရတနာရွှေအိုးတို့သည် အပြိုင်းအပြိုင်း ပေါ်တက်၍ လာကြကုန်၏။

မင်းချင်းယောကျ်ားတို့သည် ထိုရွှေငွေဥစ္စာ ရတနာအားလုံးကို စုရုံးယူဆောင်ခဲ့ကြ၍ မင်းကြီး၏အနီး၌ အစုအပုံ ပြုလုပ်ထားကြကုန်၏။ မင်းကြီးသည် အမတ်တို့ကို စည်းဝေးညီမူစေပြီးလျှင် “ဤဗာရာဏသီမြို့ဝယ် အနုရုဒ္ဓမှတပါး အခြား မည်သူ တဦး တယောက်အား ဤမျှများပြားသောဥစ္စာ ရှိသနည်း”ဟု မေးလေ၏။ အမတ်တို့က“အရှင်မင်းကြီး....အခြားမည်သူ တဦးတယောက်အား၌မျှ ဤမျှ များပြားသောဥစ္စာ မရှိပါဘုရား”ဟု လျှောက်ထားကြလေလျှင်၊ မင်းကြီးသည် “အချင်းတို့....ထိုသို့ဖြစ်လျှင် ဤ အနုရုဒ္ဓာသည် ဤငါ၏ ဗာရာဏသီ မင်းနေပြည်ဝယ် ‘ဓနသေဋ္ဌိ’ အမည်ရှိသော မင်းအသုံးတော်ခံ သူဌေးကြီးဖြစ်စေ”ဟု အမိန့်တော်မြွက်ဟ်လေ၏။ ထိုနေ့မှာပင်လျှင် အနုရုဒ္ဓာသည် မင်းကြီးထံမှ သူဌေးထီးဖြူကို ရရှိကာ မင်းအသုံးတော်ခံ မဟာဓနသေဋ္ဌိ အမည်ရှိသော သူဌေးကြီး ဖြစ်လေ၏။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်းအကြောင်း

အနုရုဒ္ဓာသည် ထိုသို့ ဓနသေဋ္ဌိအမည်ရှိသော မင်းအသုံးတော်ခံ သူဌေးကြီးဖြစ်သည်မှ စ၍ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်လေ၏။ ထို အရှင်အနုရုဒ္ဓါအလောင်း သူတော်ကောင်းသည် ရှည်လျားလှစွာ အခါကာလပတ်လုံး နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည်၍ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူမည့် ကဥ္စာဝယ် ကပိလဝတ်မင်းနေပြည်တော် သုက္ကောဒနသာကီဝင်မင်း၏ နန်းအိမ်၌ ပဋိသန္ဓေ ယူနေ ဖြစ်ပွါးလာလေ၏။ ထိုမင်း

သား၏ အမည်ကို မှည့်ယူသောနေ့၌"အနုရုဒ္ဓမင်းသား"ဟူသော အမည်ကို မှည့်ကြလေ၏။ ထို အနုရုဒ္ဓမင်းသားကား မြတ်စွာ ဘုရားရှင်၏ဘထွေးတော် = သုက္ကောဒန'သာကီဝင်မင်း၏ သား ဖြစ်၍ မဟာနာမသာကီဝင်မင်း၏ ညီငယ်ဖြစ်သည့်ပြင် အလွန် သိမ်မွေ့၍ အလွန်ပင် ဘုန်းကြီးသူ ဖြစ်လေသည်။

မြတ်စွာဘုရားရှင် ပဌမအကြိမ် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်ပြီး ထိုမှအပြန် အနုပိယတောအုပ်၌ သီတင်းသုံး နေတော်မူစဉ် ဤအနုရုဒ္ဓမင်းသားသည် ဘဒ္ဒိယမင်းသား, အာနန္ဒ မင်းသား, ဘဂုမင်းသား, ကိမိလမင်းသား, ဒေဝဒတ္တမင်းသား, ဥပါလိဆတ္တာသည်တို့နှင့် အတူတကွ မြတ်စွာဘုရားရှင်ထံတော် မှောက်သို့ လာရောက်၍ ရဟန်းပြုလေသည်။ (ထိုအကြောင်း အရာအကျယ်ကို ဤ မဟာဗုဒ္ဓဝင်ကျမ်း အောက်တတိယတွဲ စာမျက်နှာ ၁၄၅-မှ ၁၆၀-တိုင်အောင် ဖော်ပြအပ်ခဲ့လေပြီ၊ ဤနေရာ၌ ထိုစကားရပ်ကို ပြန်လည်ဖတ်ရှုပါလေ)။

### အရှင်အနုရုဒ္ဓါမထေရ် ရဟန္တာဖြစ်ခြင်း အကြောင်း

သာကီဝင် မင်းသားခြောက်ဦးတို့ ဥပါလိဆတ္တာသည်နှင့် အတူတကွ အနုပိယတောအုပ်သို့ သွားရောက်လိုက်ပါကြကာ မြတ်စွာဘုရားရှင်ထံတော်၌ ရဟန်းပြုကြပြီးသည်ရှိသော် ထို ရဟန်းခုနစ်ပါးတို့အနက် ထိုဝါတွင်းမှာပင် ဘဒ္ဒိယမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည် = ရဟန္တာဖြစ်တော် မူလေသည်၊ အနုရုဒ္ဓါမထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဏ်ကို ဖြစ် စေတော်မူလေသည် = ရတော်မူလေသည်၊ ရှင်ဒေဝဒတ်သည် လောကီသမာပတ်ရှစ်ပါးတို့ကို ဖြစ်ပွါးစေလေသည်၊ လောကီ အဘိညာဉ်တို့ကိုလည်း ရရှိလေသည်၊ အရှင်အာနန္ဒာမထေရ် သည်ကား သောတာပတ္တိဖိုလ်၌ တည်တော်မူလေသည်၊ ဘဂုမထေရ်, ကိမိလမထေရ်တို့ကား နောက်အခါမှာမှ အရဟတ္တဖိုလ်သို့ရောက် တော်မူကြလေသည်၊ ထိုမထေရ်တို့၏ ရှေးဆုတောင်းကောင်းမှု အကြောင်းအရာတို့သည် သူ့နေရာနှင့်သူ ထင်ရှားပေလိမ့်မည်။

အထူးအားဖြင့် အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ရဟန်းပြုပြီးနောက် ထိုပဌမဝါတွင်းမှာပင် သမာပတ်ရှစ်ပါးတို့ကို ရရှိတော်မူကာ လောကဓာတ် စကြဝဠာတိုက်ပေါင်း တထောင်ကို ရှုမြင်ခြင်းငှါ စွမ်းနိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ် အသိဉာဏ်ကို ဖြစ်စေတော်မူခဲ့လေသည်။ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် တနေ့သ၌ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံသို့ သွားရောက်ပြီးလျှင်—

"ငါ့ရှင်သာရိပုတ္တရာ......အကျွန်ုပ်သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိ(=ဒိဗ္ဗစက္ခု အဘိညာဏ်)ဖြင့် တထောင်သော လောကဓာတ်ကို မြင်နိုင်ပါ၏ (၁)၊ အကျွန်ုပ်သည် မတွန့်မဆုတ် လုံ့လကို အားထုတ်ပါ၏, မေ့လျော့ခြင်း မရှိမူ၍ သတိသည် ထင်ပါ၏, ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေးပါ၏, စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်ကြည်ပါ၏(၂)၊ ထိုသို့ဖြစ်ပါလျက်လည်း အကျွန်ုပ်၏စိတ်သည် တဏှာ, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်ကင်းသေးပါ(၃)"—

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို—

"ငါ့ရှင်အနုရုဒ္ဓါ····'ငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိ(=ဒိဗ္ဗစက္ခုအဘိညာဏ်)ဖြင့် တထောင်သော လောကဓာတ်ကို မြင်နိုင်၏'ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်သန္တာန်ဝယ် မာန ဖြစ်၍နေ၏ (၁)၊

ငါ့ရှင်အနုရုဒ္ဓါ····'ငါသည် မတွန့်မဆုတ် လုံ့လကို အားထုတ်၏, မေ့လျော့ခြင်းမရှိမူ၍ သတိသည် ထင်၏, ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေး၏, စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ကြည်

၏' ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်သန္တာန်ဝယ် စိတ်ပျံ့လွင့်ခြင်း = ဥဒ္ဓစ္စ ဖြစ်၍နေ၏ (၂)၊

ငါ့ရှင်အနုရုဒ္ဓါ.... 'ထိုသို့ ဖြစ်ပါလျက်လည်း ငါ၏ စိတ်သည် တဏှာ, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါ တရားတို့မှ မလွတ်ကင်းသေး'ဟု ဤသို့ အကြံဖြစ်ခြင်း သည်ပင် သင့်သန္တာန်ဝယ် တွေးတောမှု=သံသယကုက္ကုစ္စ ဖြစ်၍ နေ၏ (၃)၊

ငါတိုက်တွန်း တောင်းပန်စကား ပြောကြားလိုသည် မှာ အရှင်အနုရုဒ္ဓါသည် မိမိသန္တာန်၌ ဖြစ်ပွါးနေသော ဤ (မာန, ဥဒ္ဓစ္စ, ကုက္ကုစ္စ) တရားသုံးမျိုးတို့ကို ပယ်စွန့် ကာ ဤတရားသုံးမျိုးလုံးတို့ကို နှလုံးမသွင်းမူ၍ အမြိုက် (= နိဗ္ဗာန်) ဓာတ်သို့ မိမိစိတ်ကို ပို့ဆောင်စေချင် ပါသည်"—

ဟူ၍ ကမ္မဋ္ဌာန်းတရား ဟောကြားတော်မူလေ၏။

အရှင်အနုရုဒ္ဓါမထေရ်သည် ကမ္မဋ္ဌာန်းကို သင်ယူပြီးနောက် မြတ်စွာဘုရားရှင်ကိုပန်ကြားလျှောက်ထားပြီးလျှင် စေတီတိုင်းသို့ သွားရောက်ကာ ထိုစေတီတိုင်းဝယ် (မြတ်စွာဘုရား သီတင်းသုံး နေတော်မူရာမှ)အဝေးပါးသောအရပ်၌ နေထိုင်တော်မူ၍ ရဟန်း တရားကို ပွါးများအားထုတ်တော်မူလေသော် တဆယ့်ငါးရက်= လဝက်ပတ်လုံး မအိပ်မနေ စင်္ကြံသွား၍ တရားအားထုတ်တော် မူလေသည်။ မထေရ်မြတ်သည် ကမ္မဋ္ဌာန်းအလုပ် အားထုတ်မှု ဒဏ်ချက် ပြင်းထန်စွာ နှိပ်စက်အပ်ရကား ပင်ပန်းနွမ်းနယ်သော ကိုယ်ရှိသည်ဖြစ်၍ ဝါးရုံတခု၏ အောက်၌ ခေတ္တ အပန်းဖြေ ထိုင်နေတော်မူလေ၏။ ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်၏ စိတ် သန္တာန်ဝယ် ဤဆိုလတ္တံ့သော ယောကျ်ားမြတ်တို့၏ အကြံ ကြီးများ (= မဟာပုရိသဝိတက်ကြီးများ) ထင်ရှားဖြစ်ပေါ်၍ လာလေ၏၊ ဖြစ်ပေါ်လာပုံမှာ—

(၁) ဤလောကုတ္တရာတရားကိုးပါးသည် အလိုနည်းသော (=လိုချင်မှုဇာဇ္ဈာ တဏှာမရှိသော) ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ အလိုကြီးသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၂) ဤလောကုတ္တရာတရားကိုးပါးသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ မရောင့်ရဲသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၃) ဤလောကုတ္တရာတရားကိုးပါးသည် ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ အပေါင်းအဖော်၌ မွေ့လျော်သောပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၄) ဤလောကုတ္တရာတရား ကိုးပါးသည် ထက်သန်သော လုံ့လရှိသောပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ ပျင်းရိသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၅) ဤလောကုတ္တရာတရား ကိုးပါးသည် ထင်လင်းသော သတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ သတိလွတ်ကင်းသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၆) ဤလောကုတ္တရာတရား ကိုးပါးသည် တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ မတည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၇) ဤလောကုတ္တရာတရား ကိုးပါးသည် ပညာရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ ပညာမဲ့သော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်—

ဤသို့ထင်ရှား ဖြစ်ပေါ်လာလေ၏။

(ဤ၌ အထူးမှတ်ရန်မှာ– (၁) အလိုနည်းသော ပုဂ္ဂိုလ်နှင့်စပ်၍ (က) ပစ္စယအပ္ပိစ္ဆ=ပစ္စည်းလေးပါး၌ အလိုနည်းသောပုဂ္ဂိုလ်, (ခ) အဓိဂမအပ္ပိစ္ဆ=မိမိမဂ်ဖိုလ် တရားထူးရသည်ကို သူတပါးတို့အား အသိမပေး လျှို့ဝှက်သောပုဂ္ဂိုလ်, (ဂ) ပရိယတ္တိအပ္ပိစ္ဆ=မိမိပရိယတ်ဗဟုသုတ ပေါများ တတ်ကျွမ်းသည်ကို သူတပါးတို့အား အသိမပေး လျှို့ဝှက်သောပုဂ္ဂိုလ်, (ဃ) ဓုတင်အပ္ပိစ္ဆ=မိမိ ဓုတင်ဆောက်တည်

သည်ကို သူတပါးတို့အား အသိမပေး လျှို့ဝှက်သော ပုဂ္ဂိုလ်ဟူ၍= အပ္ပိစ္ဆပုဂ္ဂိုလ် လေးမျိုးရှိလေသည်။

(က) ထိုလေးမျိုးတို့တွင် ပစ္စယအပ္ပိစ္ဆပုဂ္ဂိုလ်သည် များများလှူလျှင် နည်းနည်းသာ ခံယူ၏၊ နည်းနည်းလှူလျှင် လှူသည့်အောက် နည်းနည်းသာ ခံယူ၏၊ အကုန်လုံးကို မခံယူ။

(ခ) အဓိဂမအပ္ပိစ္ဆပုဂ္ဂိုလ်သည် မဇ္ဈန္တိကမထေရ်ကဲ့သို့ မိမိရအပ်သော မဂ်ဖိုလ်တရားကို သူတပါးတို့အား အသိမပေးပဲ လျှို့ဝှက်စွာ နေ၏။ (မဇ္ဈန္တိကမထေရ်၏ အကြောင်းဝတ္ထု အကျဉ်းချုပ်ကား ထိုမထေရ်သည် ရဟန္တာမထေရ်မြတ်ကြီး ဖြစ်၏၊ သို့သော် မထေရ်မြတ်၏ သပိတ်, သင်္ကန်းကား တပါဒ=တမတ်မျှသာ အဖိုးထိုက်တန်၏၊ မထေရ်မြတ်သည် အသောကမင်းတရား၏ ကျောင်းလှုတ်ပွဲဇော်= ကျောင်းရေစက်ချပွဲ နေ့၌ သံဃာမထေရ် ဖြစ်တော်မူ၏။ ထိုအခါ မထေရ်မြတ်၏ သပိတ်, သင်္ကန်း အလှန်ခေါင်းပါး = ညှိုးဖျင်းဟောင်းနွမ်းသည်ကို မြင်ကြ၍ လူအများက အညံ့စား ကိုယ်တော်ကြီးတပါးဟု ထင်မှတ်ကြကာ "အရှင်ဘုရား....ခဏလောက် အပြင်မှာ ထွက်နေကြပါ" ဟု ပြောဆိုကြလေသည်။ ထိုအခါမှာမှ မထေရ်မြတ်သည် "ငါသို့စဉ် ရဟန္တာပုဂ္ဂိုလ်ကမှ မင်းကြီးအား ချီးမြှောက်မှုကို မပြုလျှင် အဘယ်သူသည် ပြုချိမ့်ညည်နည်း" ဟု အောက်မေ့တော်မူကာ ထိုခဏမှာပင် မြေ၌ လျှိုးတော်မူ၍ သံဃာမထေရ်အတွက် မြှောက်ချီလှူဒါန်းအပ်သည့် ဆွမ်းဦးကို ခံယူလျက် အခြားသူများ မသိကြစဉ် ပေါ်တော်မူလာ၏။ ဤသို့လျှင် မထေရ်မြတ်သည် ရှေးပိုင်း၌ ကိုယ်တိုင်က ရဟန္တာဖြစ်ပါလျက် "ငါ့ကို ရဟန္တာဟူ၍ လူအများ သိပါစေသတည်း" ဟု အလိုရှိတော်မမူ)။

(ဂ) ပရိယတ္တိအပ္ပိစ္ဆပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်က ပိဋကတ်သုံးပုံကို တတ်မြောက်သူဖြစ်ပါလျက်လည်း ဗဟုသုတများသောသူ၏ အဖြစ်ကို သူတပါးတို့အား အသိမပေးလို၊ သာကေတအရပ်၌နေသော တိဿမထေရ်ကဲ့သို့တည်း။

ထိုမထေရ်၏အကြောင်းဝတ္ထု အကျဉ်းချုပ်ကား—မထေရ်မြတ်ကို ရဟန်းတို့က ပါဠိအဋ္ဌကထာ ပို့ချပေးပါရန် တောင်းပန်လျှောက်ထားကြလေသော် ထိုသို့ ပို့ချပေးနိုင်ရန် အချိန်အားမရှိဟု ပြောဆိုပယ်မြစ်တော်မူသည့်အတွက် တောင်းပန်သော ရဟန်းများက "အရှင်ဘုရား.... ထိုသို့ဖြစ်လျှင် သေဖို့ရန် အချိန်ကိုပင် မရနိုင်ကြတော့ဘူးလော" ဟု

အပြစ်တင်စကား ပြောကြားအပ်ရကား မိမိ၏ဂိုဏ်းပရိသတ်ကို စွန့်၍ နေရင်းကျောင်းတိုက်မှ ဖဲခွါကာ ကဏ္ဍကာရဝါလိကာသမုဒ္ဒကျောင်းတိုက်သို့ ကြွတော်မူ၍ ထိုကျောင်းတိုက်၌ ဝါတွင်းသုံးလပတ်လုံး (မထင်မရှား စာမတတ်သော မထေရ်ကြီးတပါးကဲ့သို့ နေထိုင်ကာ) အတူနေသီတင်းကြီး, သီတင်းငယ်, သီတင်းလတ် ရဟန်းတို့အပေါ် ဝတ်ကြီးဝတ်ငယ်ပြုကာ များစွာကျေးဇူးပြုတော်မူလျက် သီတင်းကျွတ်လပြည့်မဟာပဝါရဏာဥပုသ်နေ့၌ တရားပွဲသဘင် ဆင်ယင်ကျင်းပသောအခါ စည်းဝေး ရောက်လာသော လူများအပေါင်းကို ကြက်သီးမွေးညှင်းထခြင်း, သာဓုကောင်းကြီးပေးခြင်း, ဦးရစ်ခေါင်းပေါင်း ပစ်မြှောက်ခြင်းစသည်ဖြင့်၎င်း၊ ထိုတရားပွဲသို့ မရောက်လာသော လူများအပေါင်းကိုလည်း "ဘယ်လိုနည်းဖြင့် ငါတို့သည် မထေရ်မြတ်ထံ၌ တရားကို နာကြရပါမည်နည်း"ဟု အုတ်အုတ်ကျက်ကျက် ဖြစ်စေသောအားဖြင့်၎င်း ဤနည်းအားဖြင့် လူအများကို ချောက်ချားစေ၍ "ညဉ့်က တရားဟောသောအရှင်မြတ်သည် ဤအရှင်မြတ်ပင်တည်း"ဟု လူအများသိကြမည်ကို စိုးခန့်တော်မူသဖြင့် ပရိယတ်၌ အလိုနည်းခြင်း=ပရိယတ္တိ-အပ္ပိစ္ဆတာကြောင့် လူအများမသိမီပင် မိမိ၏နေရင်း ပရိဝုဏ်သို့ ပြန်ကြွတော်မူလေ၏။

(ဃ) ဓုတင်အပ္ပိစ္ဆပုဂ္ဂိုလ်သည် မိမိဓုတင်ဆောင်ကြောင်းကို သူတပါးတို့အား အသိမပေးလိုပဲ ရှိ၏၊ ညီနောင် မထေရ်နှစ်ပါးတို့တွင် နောင်တော်မထေရ်ကဲ့သို့တည်း။

ထိုနောင်တော်မထေရ်၏ အကြောင်းဝတ္ထု အကျဉ်းချုပ်ကား— စေတိယတောင်ဝယ် ညီနောင်မထေရ်နှစ်ပါးတို့ သီတင်းသုံး နေထိုင်ကြကုန်၏၊ ထိုမထေရ်နှစ်ပါးတို့တွင် ညီငယ်မထေရ်သည် အလုပ်အကျွေး (ဆွမ်းဒါယကာ) တဦးက နောင်တော်မထေရ်အတွက် ပေးပို့ဆက်ကပ်လိုက်သော ကြံရိုးပိုင်းကို ယူဆောင်ခဲ့ကာ နောင်တော်ထံသို့ သွားရောက်၍ အကြောင်းအကျိုး လျှောက်ထားပြီးလျှင် "သုံးဆောင်တော်မူပါ အရှင်ဘုရား...."ဟု လျှောက်ထားလေ၏။ နောင်တော်မထေရ်မြတ်အဖို့မှာလည်း ထိုအချိန်မှာ ဆွမ်းစားပြီး၍ လုပ်ဆေးသောအခါဖြစ်၏၊ သို့ရကား နောင်တော်မထေရ်မြတ်က "ငါ့ရှင်....တော်ပါပြီ"ဟု ပြောဆိုလေလျှင် ညီငယ်မထေရ်သည် "အသို့နည်း=ဘယ့်နှယ်လဲ အရှင်ဘုရား....နောင်တော်အရှင်ဘုရားတို့သည် ဧကာသနိကဓုတင်ကို ကျင့်ဆောင်တော်မူကြပါသလား" ဟု မေးလျှောက်လေ၏။ နောင်တော်မထေရ်မြတ်သည် "ငါ့ရှင်.... ကြံရိုးပိုင်းကို ယူခဲ့လေ့"ဟု မိန့်တော်မူကာ

နှစ်ပေါင်းငါးဆယ်ကြာ ကောသနိက်ဓုတင်ကို ဆောင်ခဲ့သူဖြစ်ပါသော်လည်း ဓုတင်ကို လျှို့ဝှက်လိုသည့်အတွက် ထိုကြံရိုးကို သုံးဆောင်တော်မူ၍ လုပ်ဆေးပြီးလျှင် တဖန် ကောသနိက်ဓုတင်ကို ဆောက်တည်၍ ကြွသွားတော်မူလေ၏။

ဤ အပ္ပိစ္ဆပုဂ္ဂိုလ်လေးမျိုးအကြောင်းကို အံ-ဋ္ဌ ၁၊ မျက်နှာ ၂၂၆-မှ ထုတ်ဆောင်ဖော်ပြ၍ ဝတ္ထုများကိုမူ မ-ဋ္ဌ ၂၊ မျက်နှာ ၄၅,၄၆-တို့မှ ထုတ်ဆောင်ဖော်ပြအပ်သည်၊ ထို မ-ဋ္ဌ ၂၊ မျက်နှာ ၄၅-မှစ၍ ဣစ္ဆာ သုံးမျိုး,အပ္ပိစ္ဆတာလေးမျိုး, သန္တောသဆယ့်နှစ်မျိုး, ပဝိဝေကသုံးမျိုး, သံသဂ္ဂငါးမျိုး-စသည် အကျယ်လာ၏။ အလိုရှိက ထိုအဋ္ဌကထာ, ဋီကာမှ ထုတ်နုတ်မှတ်ယူရာ၏)။

ထိုသို့ အရှင်အနုရုဒ္ဓါမထေရ်မြတ် မဟာပုရိသဝိတက်ကြီး ခုနစ်ပါးကို ကြံစည်စဉ်းစားဆင်ခြင်၍ နေသောအချိန်မှာ မြတ်စွာဘုရားရှင်သည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠာမည်သော ဘေးမဲ့တော၌ သီတင်းသုံးနေထိုင်တော်မူဆဲ ဖြစ်၏၊ ဘေသကဠာ တောအုပ်နှင့် အရှင်အနုရုဒ္ဓါနေသော ဝါးတောတို့မှာ ဘေသ-ကဠာတောအုပ်ကား အနောက်အရပ်၌တည်ရှိ၍ ဝါးတောကား အရှေ့အရပ်၌ တည်ရှိလေသည်၊ ထို့ကြောင့် ထိုဝါးတောကို ပါစီနဝံသဒါယ = မြတ်စွာဘုရား သီတင်းသုံးနေတော်မူရာ ဘေသကဠာတောအုပ်မှ အရှေ့ဝါးတောဟု ဟောကြားအပ်လေသည်။

အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ရှေးဖော်ပြရာပါ မဟာပုရိသဝိတက်ကြီးခုနစ်ပါးတို့ကို ကြံစည်စဉ်းစားဆင်ခြင်ပြီးနောက် ရှေ့သို့တဆင့်တက်၍ ရှစ်ခုမြောက်ဖြစ်သော မဟာပုရိသဝိတက်ကြီးကို ဆက်၍ကြံစည်ဆင်ခြင်ရန် ပင်ပန်းလျက်ရှိလေ၏။ မှန်၏-သာဝကတို့အဖို့ရာ အလိုနည်းခြင်း အပ္ပိစ္ဆတာတရား, ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတရား, ကင်းဆိတ်ခြင်း ပဝိဝေကတရား, အားထုတ်ခြင်း ဝီရိယာရမ္ဘတရား, သတိထင်လင်းခြင်း ဥပဋ္ဌိတ-သတိတာတရား, တည်ကြည်ခြင်း သမာဓိတရား, ပိုင်းခြား၍ သိခြင်း ပညာတရား=ဤတရားများကို စဉ်းစားဆင်ခြင်ပြီးသော အခါ ထို့ထက်အထက်သို့တက်၍ တရားတမျိုးကို စဉ်းစားဆင်ခြင်

ရန် ဝန်လေးမြဲ ပင်ပန်းမြဲမွတာ ဖြစ်လေသည်၊ သာဝကတို့အဖို့ရာ ပညာတွင်ရွှေသာ တရားဆုံး၍ နေမြဲမွတာဖြစ်သည်၊ ထို့ကြောင့်ပင် အရှင်အနုရုဒ္ဓါသည် ခုနစ်ခုမြောက် ပညာနှင့်စပ်သော မဟာပုရိသဝိတက်ကြီးကို ကြံစည်စဉ်းစားဆင်ခြင်ပြီးနောက် ရှစ်ခုမြောက်ဖြစ်သော မဟာပုရိသဝိတက်ကြီးကို ဆက်၍ကြံစည်ဆင်ခြင်ရန် ပင်ပန်းလျက် ရှိခဲ့လေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် ဘေသကဠာ တောအုပ်၌နေတော်မူရင်းကပင် "အနုရုဒ္ဓါသည် ရှစ်ခုမြောက် မဟာပုရိသဝိတက်ကြီး၌ ပင်ပန်းလျက်နေ၏"ဟု သိတော်မူ၍ "ထိုအနုရုဒ္ဓါ၏အလိုအကြံကို ငါဘုရားသည် ပြည့်စေမည် = ဖြည့်စွက်ပေးမည်"ဟု ကြံစည်ဆင်ခြင်တော်မူကာ တန်ခိုးတော်ဖြင့် ခဏအတွင်းမှာပင် အရှင်အနုရုဒ္ဓါ၏ မျက်မှောက်သို့ ကြွရောက်တော်မူလျက်ခင်းထားပြီး ရှိနှင့်သောနေရာ၌ ထိုင်နေတော်မူပြီးလျှင်—

"အနုရုဒ္ဓါ....ကောင်းစွ ကောင်းစွ၊ အနုရုဒ္ဓါ....သင်သည် '(၁) ဤလောကုတ္တရာတရား ကိုးပါးသည် အလိုနည်းသောပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ အလိုကြီးသောပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။ (ပ)။ (၇) ဤလောကုတ္တရာတရား ကိုးပါးသည် ပညာရှိသောပုဂ္ဂိုလ်၏ သန္တာန် မှာသာ ပြည့်စုံနိုင်၏၊ ပညာမဲ့သောပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်'ဟု ယောကျာ်းမြတ်တို့၏အကြံကို ကောင်းစွာသာလျှင် ကြံပေ၏။

အနုရုဒ္ဓါ.... ထိုသို့ဖြစ်လျှင် သင်သည် '(၈) ဤလောကုတ္တရာတရား ကိုးပါးသည် သံသရာကို ချဲ့ထွင်တတ်သည့် (တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော) ပပဉ္စတရားမှ ကင်းလွတ်ရာနိဗ္ဗာန်၌ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်သော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ ပပဉ္စတရား၌သာ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်သောပုဂ္ဂိုလ်၏

သန္တာန်မှာ မပြည့်စုံနိုင်' ဟု ဤ ရှစ်ခုမြောက် ယောကျ်ား
မြတ်တို့၏ အကြံကိုလည်း ကြံပါဦးလော့"—

ဟု ဤ လိုနေသည့် ရှစ်ခုမြောက် မဟာပုရိသဝိတက်ကြီးကို ဖြည့်စွက်ပေးတော်မူလေသည်။ ယင်းသို့ ဖြည့်စွက်ပေးတော်မူပြီးလျှင် ဆက်၍ပင် မြတ်စွာဘုရားရှင်သည် အရှင်အနုရုဒ္ဓါမထေရ်မြတ်အား ဤမဟာပုရိသဝိတက်ကြီး ရှစ်မျိုးကို ကြံစည်၍နေလျှင် လောကီပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို အလွယ်တကူ ရယူဝင်စား နေနိုင်ကြောင်းကိုဝင်း, ဤမဟာပုရိသဝိတက်ကြီးရှစ်မျိုးကို ကြံစည်ကာ လောကီဈာန်လေးပါးတို့ကို အလွယ်တကူ ရယူဝင်စားနေလျှင် (၁) စီဝရသန္တောသ= သင်္ကန်း၌ ရောင့်ရဲလွယ်ခြင်း (၂) ပိဏ္ဍပါတသန္တောသ=ဆွမ်း၌ ရောင့်ရဲလွယ်ခြင်း (ဤ ပိဏ္ဍပါတသန္တောသ၌ပင် ဆေးပစ္စည်း၌ ရောင့်ရဲလွယ်ခြင်းကိုလည်း ထည့်သွင်းထားသည်ဟု အထူးမှတ်ပါ။) (၃) သေနာသနသန္တောသ = ကျောင်း,အိပ်ရာနေရာတို့၌ ရောင့်ရဲလွယ်ခြင်း (၄) ဘာဝနာရာမတာ = ဘာဝနာ အလုပ်၌ မွေ့လျော် ပျော်ပိုက်ခြင်းတည်းဟူသော အရိယဝံသပဋိပဒါလေးပါးကို အလွယ်နှင့်ရမည်ကိုဝင်း အကျယ်ဟောကြားတော်မူလေ၏။ (ဟောကြားတော်မူပုံ အကျယ်ကို ပိဋကတ်မြန်မာပြန် အင်္ဂုတ္တိုရ် တတိယအုပ် စာမျက်နှာ ၆၄-မှစ၍ ကြည့်ရှုရာ၏)။

ထိုသို့ ဟောကြားတော်မူပြီးနောက် မြတ်စွာဘုရားရှင်သည် "အနုရုဒ္ဓါ၏ အဖို့ရာ အဘယ်ကျောင်းအိပ်ရာနေရာ၌ နေထိုင်လျှင် ကမ္မဋ္ဌာန်းသည် သပ္ပါယဖြစ်လိမ့်မည်နည်း" ဟု ဆင်ခြင်တော်မူလတ်သော် ထိုဝါးတော၌ နေမှသာလျှင် သပ္ပါယဖြစ်လိမ့်မည်ဟု ကောင်းစွာ သိတော်မူ၍—

"အနုရုဒ္ဓါ....ထို့ကြောင့် (ထိုသို့ ဝါးတော၌ နေမှသာ
သပ္ပါယဖြစ်မည် ဖြစ်သောကြောင့်) သင်ချစ်သားသည်
နောင်အခါ၌လည်း စေတီတိုင်း ဤ ဝါးတောအရပ်၌
သာလျှင် ဝါကပ်၍ နေလေလော့"—

ဟု မိန့်တော်မူပြီးလျှင် ကောင်းကင်သို့ ပျံတက်တော်မူကာ ဘေသကဠာတောအုပ်သို့ပင် ကြွရောက်တော်မူ၍ ထိုတောအုပ်၌ ရဟန်းတို့အား ဤမဟာပုရိသဝိတက်ကြီးရှစ်ပါး တရားဒေသနာကို အကျယ်ဟောတော်မူပြန်လေ၏။ (အကျယ်ကို ပိဋကတ်မြန်မာပြန် အင်္ဂုတ္တိုရ် တတိယအုပ် စာမျက်နှာ ၆၆-မှစ၍ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် မြတ်စွာဘုရားရှင် ကြွသွားတော်မူလျှင်ပင် ရဟန်းတရား ပွါးများကြီးကုတ် အားထုတ်တော်မူလေရာ မကြာမြင့်မီပင်(နောက်နှစ်ဝါတွင်း၌)ပု,ဒိ,အာ = ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော အာသဝေါကုန်ခန်း ရဟန္တာမထေရ်မြတ်ဖြစ်၍ "ဩ...မြတ်စွာဘုရားသည် ငါ၏စိတ်ကို သိမြင်ကာ ကြွလာတော်မူ၍ ရှစ်ခုမြောက်ဖြစ်သော မဟာပုရိသဝိတက်ကြီးကို ဖြည့်စွက်ပေးတော်မူပါပေ၏၊ ငါ၏ ထိုစိတ်နှလုံး အလိုသည်လည်း ယခုအခါ အထွတ်အထိပ်မြောက် ပေါက်ရောက်လေပြီတကား" ဟု အားရဝမ်းသာ အောက်မေ့တော်မူကာ မြတ်စွာဘုရားရှင်၏ တရားဒေသနာတော်နှင့် မိမိရရှိအပ်သော လောကုတ္တရာတရားကို အာရုံပြု၍ ဤ ဆိုလတ္တံ့သော ဥဒါန်းဂါထာတို့ကို ရွတ်ဆိုကျူးရင့်တော်မူလေ၏။

(က) မမ သင်္ကပ္ပမညာယ၊ "
သတ္ထာ လောကေ အနုတ္တရော။
မနောမယေန ကာယေန၊
ဣဒ္ဓိယာ ဥပသင်္ကမိ။

လောကေ = လောကသုံးခွင် ဘုံအပြင်၌။ အနုတ္တရော = အတုမရှိ လွန်မြတ်ဘိသော။ သတ္ထာ = လူနတ်တို့ဆရာ ဘုရားမြတ်စွာသည်။ မမ=အနုရုဒ္ဓါ မထေရ် ငါ၏။ သင်္ကပ္ပံ = ဝမ်း၌ဖြစ်ဟန် စိတ်အကြံကို။ အညာယ = ပိုင်းခြားထင်ထင် သိမြင်တော်မူ၍။ မနောမယေန ကာယေန = အဘိညာဏ်စိတ်ကြောင့် ရိပ်ရိပ်လျှင်လျှား တဟုန်တည်းသွားသော ကိုယ်တော်ဖြင့်။ ဣဒ္ဓိယာ = နိုင်းတုမရလျှော်

တန်ခိုးတော်ဖြင့်။ ဥပသင်္ကမိ = ငါ၏မျက်မှောက် ခဏော ခြင်း ကြွရောက်တော်မူလာလေပြီ။

(ခ) ယထာ မေ အဟု သင်္ကပ္ပေါ၊
တတော ဥတ္တရိ ဒေသယိ။
နိပ္ပပဉ္စရတော ဗုဒ္ဓေါ၊
နိပ္ပပဉ္စ မဒေသယိ။

မေ = အနုရုဒ္ဓါ မထေရ်ငါ၏(သန္တာန်၌)။ ယထာ = အကြင်သို့အား ခုနစ်ပါးသောအခြင်းအရာဖြင့်။ သင်္ကပ္ပေါ = ပုဂ္ဂိုလ်ဥတ္တမ၌ ယောကျ်ားမြတ်တို့၏အကြံသည်။ အဟု = ဖြစ်ခဲ့လေပြီ။တတော = ထိုငါအကြံပွါး ခုနစ်ပါးသော ယောကျ်ားမြတ်တို့၏ အကြံထက်။ ဥတ္တရိ = အထက်၌ ဖြစ်ရန် ရှစ်ခုမြောက်အကြံကို။ ဒေသယိ = ကရုဏာ ရှေထား ဟောကြားတော်မူလေပြီ။ (ကထံ ဒေသယိ = အဘယ်သို့ ဟောကြားတော်မူသနည်း ဟူမူကား)။ နိပ္ပပဉ္စရတော = ပပဉ္စသုံးပါး သံသရာနယ်ချဲ့တရားတို့မှ ပယ်ရှားလွတ်မြောက်ရာမှန် အသခ်တနိဗ္ဗာန်၌ စိတ်သန် မွေ့လျော် ဖလသမာပတ်ဖြင့် ပျော်တော်မူသော။ ဗုဒ္ဓေါ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားသည်။ နိပ္ပပဉ္စံ = ပပဉ္စသုံးပါး သံသရာနယ်ချဲ့တရားတို့မှ ပယ်ရှားလွတ်မြောက်ရာမှန် အသခ်တနိဗ္ဗာန်ကို။ အဒေသယိ = ကရုဏာရှေ့ထား ဟောကြားတော်မူလေပြီ။

(ဂ) တဿာဟံ ဓမ္မမညာယ၊
ဝိဟာသိံ သာသနေ ရတော။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊
ကတံ ဗုဒ္ဓဿ သာသနံ။

အဟံ=အနုရုဒ္ဓါ မထေရ်ငါသည်။ တဿ=ထိုသဗ္ဗညု ဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရား၏။ ဓမ္မံ = ဟောကြားမိန့်ဖော် တရားတော်ကို။ အညာယ =

အရဟတ္တဖိုလ်ပေါက် အသိဉာဏ်ရောက်၍။ သာသနေ = သုံးပါးသိက္ခာ သာသနာ၌။ ရတော = ဖလသမာပတ်ဖြင့် မပြတ်မွေ့လျော် ပျော်ပိုက်သည် ဖြစ်၍။ ဝိဟာသိံ = မျက်မှောက်ဘဝ ချမ်းသာရ၍ မျှတနေနိုင်ခဲ့လေပြီ။ မေ = အနုရုဒ္ဓါ မထေရ်ငါသည်။ တိဿော ဝိဇ္ဇာ = သုံးပါးဝိဇ္ဇာ ပု+ဒိ+အာ - တို့သို့။ အနုပ္ပတ္တာ = အရဟတ္တဖိုလ်ခိုက် ရောက်ဆိုက်အပ်ကုန်ပြီ။ ဗုဒ္ဓဿ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရား၏။ သာသနံ = သုံးပါးသိက္ခာ သာသနာကို။ ကတံ = အရဟတ္တဖိုလ် ရောက် ကျင့်ဆောက်ကြိုးကုတ် အပြီးတိုင်ပြုလုပ်အပ်လေပြီ။

## တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

ထိုမှ နောက်အခါ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံး နေထိုင်တော်မူစဉ် များစွာသော ရဟန်းတော်တို့အား အသီးအသီး တေဒဂ်ဘွဲ့နှင်းသဘင် ဆင်ယင်ကျင်းပသောအခါ ၌ အရှင်အနုရုဒ္ဓါမထေရ်မြတ်အား—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ အနုရုဒ္ဓေါ = ရဟန်းတို့····ဒိဗ္ဗစက္ခုအဘိညာဏ်ရှိသော ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် အနုရုဒ္ဓါသည် အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏"-

ဟု ချီးကျူးမြွက်ဆိုတော်မူကာ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရရှိသော အရာ၌ တေဒဂ်ထားတော်မူလေ၏။

(ဤ၌။ ။"အခြား တပါးသော တေဝိဇ္ဇရဟန္တာ, ဆဠဘိညရဟန္တာတို့သည်လည်း ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရတော်မူကြသည်ချည်း ဖြစ်ပါလျက် အဘယ့်ကြောင့် မြတ်စွာဘုရားသည် အရှင်အနုရုဒ္ဓါ မထေရ်အားသာ ထူးချွန်၍ 'ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရရှိသောအရာ၌' တေဒဂ်ထားတော်မူသနည်း" ဟု မေးဖွယ်ရှိ၏။ အဖြေကား — အခြားသော တေဝိဇ္ဇရဟန္တာ, ဆဠဘိညရဟန္တာတို့သည်လည်း ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရတော်မူကြသည်ချည်း မှန်သော်လည်း ထိုမထေရ်တို့သည် ဒိဗ္ဗစက္ခု အဘိညာဏ်ကို အရှင်အနုရုဒ္ဓါ မထေရ်ကဲ့သို့ လွန်လွန် ကဲကဲ

ဝင်စားတော်မမူကြချေ၊ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်ကား ဆွမ်းခံကြွသွားသောအခါ ဆွမ်းဘုဉ်းပေးသောအခါမျှကို ချန်လှပ်၍ ကြွင်းသောအချိန်အခါ၌ အာလောကကသိုဏ်းကို တိုးချဲ့ပွါးများ၍ ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် သတ္တဝါတို့ကို ကြည့်ရှု၍သာ အနေများလေသည်၊ ဤသို့လျှင် အရှင်အနုရုဒ္ဓါမထေရ်မြတ်မှာ နေ့နေ့ညဉ့်ညဉ့် ဒိဗ္ဗစက္ခုအဘိညာဏ်ဝယ် ဝသီဘော်ငါးတန် (အခြားမထေရ်များထက်) အလေ့အကျက်အားသန်သောကြောင့် မြတ်စွာဘုရားသည် အရှင်အနုရုဒ္ဓါမထေရ်အားသာ 'ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရရှိသောအရာ၌' ဧတဒဂ်ထားတော်မူသည်။ ဤကား အဖြေတည်း။

တနည်းဖြေဆိုရလျှင် အရှင်အနုရုဒ္ဓါသည် ကမ္ဘာတသိန်းကာလကြာအောင် ဤဒိဗ္ဗစက္ခုက ဧတဒဂ်ရာထူးကို ရရှိရန် အဓိကာရကောင်းမှုပြုတော်မူခဲ့ တောင့်တပန်ထွာတော်မူခဲ့သောကြောင့် ဤယခုနောက်ဆုံး ပါရမီဆုတောင်းပြည့်ဝသောဘဝမှာလည်း ရှေးဆုတောင်းတရားအထုံဝါသနာ ပါရှိသည့်အတိုင်း ဒိဗ္ဗစက္ခုအဘိညာဏ်ကို အခြားတပါးသော ရဟန္တာမထေရ်တို့ထက် လွန်လွန်ကဲကဲ ဝင်စားလေ့လာတော်မူလေသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်အနုရုဒ္ဓါမထေရ်အားသာ 'ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရရှိသောအရာ၌' ဧတဒဂ်ထားတော်မူသည်၊ ဤကား အဖြေတည်း)။

## အရှင်အနုရုဒ္ဓါမထေရ် နတ်လျှုဒါန်းသည့် ပံသုကူသင်္ကန်းကို ရတော်မူခြင်းအကြောင်း

(ဓမ္မပဒ-ဋ္ဌ ၁၊ ၃၇၇-ဂ-မှ ထုတ်နုတ်ဖော်ပြသည်)

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ နေတော်မူစဉ် တနေ့သ၌ အရှင်အနုရုဒ္ဓါမထေရ်သည် ဟောင်းနွမ်းသော သင်္ကန်းရှိသည်ဖြစ်ရကား တံမြက်ချေးပုံ-စသည်တို့၌ ပံသုကူသင်္ကန်းကို လှည့်လည် ရှာမှီးတော်မူလေ၏။ မထေရ်၏ ဤယခုဘဝမှ သုံးခုမြောက်ဘဝက ဇနီးဟောင်းသည် တာဝတိံသာနတ်ပြည်ဝယ် ဇာလိနီအမည်ရှိသော နတ်သမီးဖြစ်၍ နေ၏။

ဇာလိနီနတ်သမီးသည် မထေရ်မြတ်ကို ပံသုကူအဝတ်ကြမ်းများ ရှာမှီးနေသည်ကို မြင်လတ်၍ မထေရ်၏အလို့ငှါ အလျားတဆယ့်သုံးတောင်, အနံ လေးတောင်ရှိသော နတ်ဖြစ်ပုဆိုး

သုံးထည်တို့ကို ယူဆောင်ခဲ့၍ "အကယ်၍ ငါသည် ဤနတ်ဖြစ်ပုဆိုးတို့ကို ဤပုံ ဤပန်းအတိုင်း မထေရ်အား လှူဒါန်းလျှင် မထေရ်သည် ခံယူလိမ့်မည် မဟုတ်"ဟု ကြံစည်ပြီးလျှင် ပံသုကူပုဆိုးကြမ်း ရှာနေသောမထေရ်မြတ်၏ ရှေ့မှ အမှိုက်ပုံတခုဝယ် ထို နတ်ဖြစ်ပုဆိုးတို့၏ အမြိတ်အဆာ အစွန်းမျှသာ မြင်အောင် မြှုပ်၍ထားရှိလေသည်။

မထေရ်သည် ထိုလမ်းအတိုင်း ပံသုကူရှာ ကြွလာလတ်သော် ထိုနတ်ဖြစ်ပုဆိုးတို့၏ အမြိတ်အဆာ အစွန်းမျှကိုသာ မြင်တော်မူ၍ ထိုနေရာမှာပင် ပံသုကူကောက်ယူလေလျှင် ဖော်ပြရာပါ နတ်ဖြစ်ပုဆိုးသုံးထည်တို့ကို မြင်တော်မူ၍ "ဤအဝတ်ကား ဧကန္တ ပံသုကူပေတကား"ဟု အောက်မေ့ကောက်ယူကာ ဖဲသွားလေ၏။

ထို့နောက် မထေရ်မြတ် သင်္ကန်းချုပ်လုပ်သောနေ့၌ မြတ်စွာဘုရားသည် ရဟန်းငါးရာခြံရံလျက်သင်္ကန်းချုပ်ရာ ရှင်အနုရုဒ္ဓါ၏ ကျောင်းသို့ ကြွရောက်၍ ထိုင်နေတော်မူ၏။ အသီတိသာဝက ဂိုဏ်းဝင် မထေရ်ကြီးတို့သည်လည်း ထိုသင်္ကန်းချုပ်ရာ ကျောင်း၌ပင် ထိုင်နေတော်မူကြကုန်၏။ သင်္ကန်းချုပ်ဖို့ရန် အရှင်မဟာကဿပမထေရ်က အရင်းပိုင်း=အစပိုင်း၌ ထိုင်နေ၍ အရှင်သာရိပုတ္တရာက အလယ်ပိုင်း, အရှင်အာနန္ဒာက အဖျားပိုင်းက ထိုင်နေကာ သင်္ကန်းချုပ်တော်မူကြ၏၊ ရဟန်းသံဃာက ချည်ကို ကျစ်၍ ပေးလေသည်၊ မြတ်စွာဘုရားရှင်က အပ်ချည်များကို အပ်နဖား၌ တပ်၍ပေးလေသည်၊ အရှင်မဟာမောဂ္ဂလာန်မထေရ်က ထိုသင်္ကန်းချုပ်ပွဲဝယ် အကြွင်းအကြွင်း အလိုရှိအပ်သမျှသောပစ္စည်းများကို ရအောင်ရှာဆောင် လှည့်လည်တော်မူလေသည်။

ဇာလိနီနတ်သမီးသည်လည်း မြို့တွင်းသို့ဝင်၍ "အိုလူများ အပေါင်းတို့.... ငါတို့အရှင် အနုရုဒ္ဓါမထေရ်အတွက် သင်္ကန်းချုပ်လုပ်ရန် မြတ်စွာဘုရားရှင်သည် အသီတိသာဝက ရဟန္တာမထေရ်မြတ်ကြီးများ ခြံရံအပ်လျက် ရဟန်းငါးရာတို့နှင့် အတူတကွ ကျောင်း၌ ထိုင်နေတော်မူလေသည်၊ ယာဂုစသည်တို့ကို ယူဆောင်၍ ကျောင်းတိုက်သို့သွားကြကုန်လော့"ဟု အမျိုးသမီးများ

ယာဂု,ဆွမ်းယူဆောင်၍ သွားကြရန် နှိုးဆော်ဆောက်တည်စေလေ၏။ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည်လည်း ဆွမ်းမစားမီအကြားကာလ၌ ဇမ္ဗူ့သပြေသီးခိုင်ကြီးများကို ယူဆောင်ပေးတော်မူလေသည်၊ ထိုသပြေသီးများကို ရဟန်းငါးရာတို့ ကုန်အောင်မစားနိုင်ကြကုန်။ သိကြားနတ်မင်းသည် သင်္ကန်းချုပ်လုပ်ရာအရပ်၌ မြေကိုအပြေအပြစ်ဖြစ်အောင် ပြုလုပ်ဖန်ဆင်းပေးလေသည်၊ သို့ရကား သင်္ကန်းချုပ်ရာ မြေအပြင်သည် ချိပ်ရည်သွန်းလောင်း ထားအပ်သကဲ့သို့ ရှိလေသည်။ ရဟန်းတို့ စားသုံး၍ကြွင်းကျန်သော ယာဂု,ခဲဖွယ်,ဆွမ်းများမှာ တပုံကြီးဖြစ်၍ နေလေသည်။

ထိုအခါ ရဟန်းတို့သည် "ဤမျှသော ရဟန်းတို့အတွက် ဤမျှများပြားသော ယာဂု, ခဲဖွယ်, ဆွမ်း-စသည်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ (တကယ်ဆိုလျှင်) အတိုင်းအရှည်ကို မှတ်ယူပြီးလျှင် 'ဤမျှလောက်ကိုသာ ဆောင်ယူခဲ့ကြလော့' ဟုဆွေမျိုးများ,အလုပ်အကျွေး ဒကာ ဒကာမများကို ပြောဆိုသင့်သည်မဟုတ်လော၊ အရှင်အနုရုဒ္ဓါမထေရ်သည် မိမိမှာ ဆွေမျိုး, အလုပ်အကျွေး ဒကာ ဒကာမများ ပေါ်များကြောင်းကို သိစေလိုသည်ထင်ပါ၏" ဟု ကဲ့ရဲ့စကား ပြောကြားကြလေ၏။ ထိုအခါ ထိုရဟန်းများကို မြတ်စွာဘုရားရှင်က "ချစ်သားတို့....အဘယ်စကားကို ပြောကြားနေကြသနည်း"ဟု မေးတော်မူ၍ ရဟန်းများက "ဤမည်သောစကားကို ပြောကြားနေကြပါသည် မြတ်စွာဘုရား...."ဟု ပြန်ကြားလျှောက်ထားကြလေလျှင် မြတ်စွာဘုရားရှင်သည် "ရဟန်းတို့....သင်တို့သည် ဤယာဂု, ခဲဖွယ်, ဆွမ်း-စသည်များကို အနုရုဒ္ဓါက ဆောင်စေအပ်၏ဟု မှတ်ထင်ကြသလော"ဟု မေးတော်မူ၏။ ရဟန်းများက "ဟုတ်ပါသည် ရှင်အနုရုဒ္ဓါက ဆောင်စေအပ်၏ဟု မှတ်ထင်ကြပါသည်ဘုရား....ဟု ပြန်ကြား လျှောက်ထားကြလေသော် မြတ်စွာဘုရားရှင်သည်—

"ရဟန်းတို့....ငါ၏ သားတော် အနုရုဒ္ဓါသည် ဤသို့သဘောရှိသည့် ပစ္စည်းလေးပါး တောင်းရမ်းစကား

မပြောကြားချေ၊ မှန်၏—ရဟန္တာပုဂ္ဂိုလ်တို့သည် ပစ္စည်းလေးရပ်နှင့် စပ်သောစကားကို အလေးထား၍ မပြောကြားကြကုန်၊ ဤဆွမ်းသည်ကား နတ်၏ အာနုဘော်ကြောင့် ဖြစ်လာလေသည်"—

ဟု မိန့်တော်မူ၍ ရှေးနောက်စကား အနုသန္ဓေ = ဆက်စပ်တော်မူပြီးလျှင် တရားဟောတော်မူလိုရကား ဤဆိုလတ္တံ့သော ဂါထာကို မိန့်တော်မူလေ၏—

> ယဿာသဝါ ပရိက္ခီဏာ၊
> အာဟာရေ စ အနိဿိတော။
> သုညတော အနိမိတ္တော စ၊
> ဝိမောက္ခော ယဿ ဂေါစရော။
> အာကာသေဝ သကုန္တာနံ၊
> ပဒံ တဿ ဒုရန္နယံ။

(ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့........)။ ယဿ=အကြင်ရဟန္တာပုဂ္ဂိုလ်၏(သန္တာန်၌)။ အာသဝါ—ကာမ, ဘဝ, ဒိဋ္ဌိ, အဝိဇ္ဇာ=လေးဖြာသော အာသဝေါတရားတို့သည်။ ပရိက္ခီဏာ = အငွေ့အသက်မျှပင် ကျန်မထင်အောင် ထက်ဝန်းကျင် ကုန်ခန်းကြရုလပြီ။ ယော—အကြင် ရဟန္တာပုဂ္ဂိုလ်သည်။ အာဟာရေ စ = အစာအာဟာရ၌လည်း။ အနိဿိတော = တဏှာ,ဒိဋ္ဌိ နှစ်ပါးတို့ဖြင့် လားလားမျှမှီတော်မမူ။ သုညတော ဝိမောက္ခော စ = ရာဂ, ဒေါသ, မောဟဆိတ်သုဉ်း ထိုတရားအားလုံးမှလည်း လွတ်မြောက်၍ သုညတဝိမောက္ခ အမည်ရသော နိဗ္ဗာန်သည်၎င်း။ အနိမိတ္တော ဝိမောက္ခော စ = ရာဂ, ဒေါသ,မောဟနိမိတ်တို့ပိတ်(ဗိတ်)မရှိထိုနိမိတ်တို့မှလည်း လွတ်မြောက်၍ အနိမိတ္တဝိမောက္ခ အမည်ရသော နိဗ္ဗာန်သည်၎င်း။ (အပ္ပဏိဟိတော ဝိမောက္ခော စ = ရာဂ, ဒေါသ, မောဟပဏိဓိတို့ ပိတ် (ဗိတ်) မရှိ ထိုပဏိဓိတို့မှလည်း လွတ်မြောက်၍ အပ္ပဏိဟိတဝိမောက္ခ အမည်ရ

သော နိဗ္ဗာန်သည်ငှင်း၊ စ-သဒ္ဒါဖြင့် ဆည်းသည်)။ ယဿ = အကြင်ရဟန္တာပုဂ္ဂိုလ်၏။ ဂေါစရော = ဖလသမာပတ်ဖြင့် မပြတ်ကျက်စားရာမှန် ဂေါစရဂါမ်လည်း ဖြစ်ပေ၏။ အာကာသေ=အဇ္ဈာပြင် မိုးကောင်းကင်၌။ သကုန္တာနံ = သွားရောက်ကုန်ပြြား ငှက်အများတို့၏။ ပဒံ = ခြေဖြင့် နင်း၍သွားရောက်ရာ, ရင် ဦးခေါင်း အတောင်တို့ဖြင့် ထိခတ်၍သွားရောက်ရာ အရပ်ကို။ ဒုရန္နယံ ဣဝ = သိရန်ခဲကပ် မတတ်နိုင်သကဲ့သို့။ တဿ = ထိုရဟန္တာပုဂ္ဂိုလ်၏။ ပဒံ = စုတိမှနောက် လားရောက်တော်မူရာ အနုပါဒိ-သေသ နိဗ္ဗာနဓာတ်ကို။ ဒုရန္နယံ = လူသာမန်တို့ သိရန်ခဲကပ် မတတ်နိုင်ချေ။

ဒေသနာနိဂုံး ဆုံးသောအခါ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်-စသည်တို့သို့ လားရောက်ကြလေကုန်၏။

ဤကား အရှင်အနုရုဒ္ဓါမထေရ် အကြောင်းတည်း။

---

## (၆) အရှင်ဘဒ္ဒိယ မထေရ်အကြောင်း

ဤသံဃရတနာအခန်း၌ ဘဒ္ဒိယမထေရ်တို့မှာ ယခု (၆) အမှတ်ပါ ဘဒ္ဒိယမထေရ်, (၇) အမှတ်ဖြင့် ဖော်ပြလတ္တံ့သော လကုဏ္ဍကဘဒ္ဒိယမထေရ်ဟူ၍ နှစ်ပါးတို့ ရှိကြလေသည်၊ထိုနှစ်ပါးတို့တွင် ဤယခုဖော်ပြမည့် ဘဒ္ဒိယ မထေရ်မှာ ရှေးအရှင်အနုရုဒ္ဓါအကြောင်း၌ ဖော်ပြအပ်ခဲ့ပြီးသည့် သာကီဝင်မင်းသား ခြောက်ယောက်အဝင်အပါ ဘဒ္ဒိယမင်းသားဘဝမှ ရဟန်းပြုသော ဘဒ္ဒိယမထေရ် ဖြစ်သည်၊ ဤဘဒ္ဒိယမထေရ်၏ မယ်တော်မှာ "ကာဠီ-ဂေါဓာ" မည်သော သာကီဝင် မင်းသမီး ဖြစ်သည်၊ ထို့ကြောင့် ဤဘဒ္ဒိယမထေရ်ကို "ကာဠီဂေါဓာပုတ္တဘဒ္ဒိယ မထေရ် = ကာဠီဂေါဓာ သာကီဝင်မင်းသမီး၏ သားဖြစ်သော ဘဒ္ဒိယမထေရ်"ဟု အသိအမှတ်ပြုအပ်လေသည်။

## (က) မထေရ်မြတ်၏ ရွေးဆုတောင်း

ဤဘဒ္ဒိယမထေရ်သည်လည်း အတိတ်အခါ ကမ္ဘာတသိန်း ထက်ဝယ် ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်ထွန်းတော်မူရာအခါ၌ စည်းစိမ်ဥစ္စာပေါများသော မဟာဘောဂအမျိုး၌ သူဌေးသား ဖြစ်၍ (ရှင်အနုရုဒ္ဓါ ဝတ္ထု၌) ဆိုအပ်ခဲ့သောနည်းအတိုင်း တရား နာရန် ကျောင်းတော်သို့ သွားရောက်လေသည်။

ထိုနေ့၌ ပဒုမုတ္တရမြတ်စွာဘုရားရှင်က ရဟန်းတပါးကို အမျိုး မြတ်ခြင်း ရှိသူတို့အနက် ဧတဒဂ်ဘွဲ့ထူး ပေးအပ်တော်မူသည်ကို တွေ့မြင်ရ၍ "ငါသည်လည်း နောက်အခါ တဆူဆူသော ဘုရား ရှင်၏ သာသနာ၌ ဤယခု ရဟန်းကဲ့သို့ပင် အမျိုးမြတ်ခြင်း ရှိကြ သော ရဟန်းတို့အနက် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ရ ရဟန်းဖြစ်မှ သင့်တော်မည်" ဟု ကြံစည်ဆင်ခြင်ကာ မြတ်စွာဘုရား ကို ပင့်ဖိတ်၍ ခုနစ်ရက်ကြာ ဘုရားအမှူးရှိသော သံဃာအား မဟာဒါနကြီး ပေးလှူပြီးလျှင် "မြတ်စွာဘုရား... တပည့်တော် သည် ဤဒါန၏ အကျိုးကြောင့် အခြားတပါးသောစည်းစိမ်ကို မတောင့်တပါ၊ စင်စစ်သော်ကား နောက်အခါဝယ် တဆူဆူသော မြတ်စွာဘုရား၏ သာသနာ၌ အမျိုးမြတ်ခြင်း ရှိကြသော ရဟန်း တို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ရ-ရဟန်း ဖြစ်ရပါ လို၏" ဟု ဆုတောင်း၍ မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်စင်း လျက် နေလေ၏။

မြတ်စွာဘုရားသည် အနာဂတ်ကို ရှုကြည့်တော်မူလတ်သော် ထိုသူဌေးသား၏ ဆုတောင်းချက် ပြည့်စုံမည်ကို မြင်တော်မူ၍ "သင်၏ ဤဆုတောင်းမှုသည် ပြည့်စုံလိမ့်မည်၊ ဤကမ္ဘာမှ နောက် ကမ္ဘာတသိန်း အဆုံးရောက်သောအခါ၌ ဂေါတမ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်၊ ထိုအခါ သင်သည် ဂေါတမမြတ်စွာ သာသနာ၌ အမျိုးမြတ်ကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ရ-ရဟန်း ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်ကြားတော်မူ၍ ဆွမ်းအနုမောဒနာတရား ဟောကြားပြီး လျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

သူဌေးသားသည်လည်း ထိုမျှာဒိတ်ကို ရရှိပြီးနောက် မြတ်သောအမျိုး၌ ဖြစ်စေတတ်သော ကောင်းမှုကုသိုလ်များကို မေးမြန်းလျှောက်ထားပြီးလျှင် တရားဟောရာ ဓမ္မာသနပလ္လင်များကို ပြုလုပ်စေ၍ လှူဒါန်းလေသည်၊ ထိုပလ္လင်များ၌ အခင်းများကို ပြုလုပ်စေ၍ လှူဒါန်းလေသည်၊ ဓမ္မကထိကများ တရားဟောသောအခါ အသုံးပြုရန် ယပ်များကိုင်၊ ဓမ္မကထိကအရှင်မြတ်တို့အား ပူဇော်သက္ကာရမှုကိုင်၊ ဥပုသ်အိမ် သိမ်အပြင်၌ ဆီမီးတန်ဆောင်များကိုင် လှူဒါန်းလေသည်။ ဤသို့လျှင် အသက်ထက်ဆုံး များစွာသောကောင်းမှုကို ပြုလုပ်၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်, လူ့ပြည် အလှည့်အလည် ကျင်လည်ကျက်စားခဲ့၍ ကဿပမြတ်စွာဘုရားရှင်နှင့် ဤ ဂေါတမမြတ်စွာဘုရားရှင်တို့၏ အကြားကာလဝယ် ဗာရာဏသီပြည် သူကြွယ်အိမ်၌ သူကြွယ်သား ဖြစ်ပြန်လေ၏။

ထိုအခါဝယ် များစွာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ဂန္ဓမာဒနတောင်မှ ကြွလာကြ၍ ဗာရာဏသီပြည် ဂင်္ဂါမြစ်ကမ်းဝယ် ရေမိုးချမ်းသာရာ နေရာတခု၌ ထိုင်၍ ဆွမ်းဘုဉ်းပေးကြကုန်၏။ အရှင်ဘဒ္ဒိယအလောင်း သူကြွယ်သည် ထို ပစ္စေကဗုဒ္ဓါအရှင်မြတ်များ အမြဲမပြတ် ထိုနေရာ၌ ဆွမ်းဘုဉ်းပေးကြသည်ကို သိ၍ ကျောက်ပြားကြီးရှစ်ချပ် ခင်းလှူကာ အသက်ထက်ဆုံး ပစ္စေကဗုဒ္ဓါအရှင်တို့ကို ပြုစုလုပ်ကျွေးလေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုနောက် ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားရှင်တို့၏ အကြားကာလ = ဗုဒ္ဓန္တရအသင်္ချေယျ အချိန်ပိုင်းကာလပတ်လုံး အပါယ်မလားပဲ နတ်ပြည်, လူ့ပြည်တို့၌သာ ကျင်လည်ခဲ့၍ ဤဘုရားလက်ထက်တော် အခါဝယ် ကပိလဝတ်ပြည် သာကီဝင်မင်းမျိုး၌ ဖြစ်လေ၏၊ ထိုမင်းသား၏ အမည်ကို ဘဒ္ဒိယမင်းသားဟု မိဖတို့က မှည့်ခေါ်ကြလေသည်။

ထို ဘဒ္ဒိယမင်းသားသည် အရွယ်သို့ ရောက်ရှိလတ်သော် (အောက်မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၁၄၅-မှ ၁၆၀-တိုင် ဖော်ပြအပ်ခဲ့သည့် သာကီဝင်မင်းသားခြောက်ဦးတို့ ဥပါလိ-ဆတ္တာသည်နှင့်တကွ ရဟန်းပြုကြသော အခဏ်း၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း) မင်းသားခြောက်ဦးတို့တွင် ခေါင်းဆောင်မင်းသားတဦး အပါအဝင်ဖြစ်ကာ မြတ်စွာဘုရားရှင် အနုပိယမြို့၏အနီး "သရက်တောကျောင်းတိုက်"၌ သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်အထံ၌ ရဟန်းပြု၍ ထိုနှစ်ဝါတွင်းမှာပင် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။

(ထို ဘဒ္ဒိယ ရဟန္တာအရှင်မြတ်၏ ရဟန္တာဖြစ်ပြီးနောက် ဖလသမာပတ်ဖြင့် ချမ်းသာစွာနေတော်မူရ၍ "အဟော သုခံ, အဟော သုခံ= ဩ....ချမ်းသာစွ,ဩ....ချမ်းသာစွ"ဟုဥဒါန်းကျူးရင့်တော်မူသည်ကို ပုထုဇန်ရဟန်းတို့ မသိရှိကြ၍ မင်းစည်းစိမ်ဟောင်းကို အောက်မေ့ကာ ဥဒါန်းကျူးသည် ထင်မှတ်ကြလျက် မြတ်စွာဘုရားရှင်အား လျှောက်ထားကြသော အကြောင်းအရာစသည်ကို ပိဋကတ်တော်မြန်မာပြန် ဥဒါန်းပါဠိတော် (ခု-မြန် ၁၊ စာမျက်နှာ ၉၀)၌ ကြည့်ရှုကုန်ရာ၏)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် ဇေတဝန်ကျောင်းတိုက်၌ နေတော်မူစဉ် ရဟန်းတော်တို့အား ဧတဒဂ်ဘွဲ့ထူး နှင်းအပ်သောသဘင် ဆင်ယင်ကျင်းပသောအခါ ဤဘဒ္ဒိယရဟန္တာအရှင်မြတ်အား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဥစ္စာ-ကုလိကာနံ ယဒိဒံ ဘဒ္ဒိယော ကာဠိဂောဓာယ ပုတ္တော= ရဟန်းတို့....မြတ်သောအမျိုး၌ ဖြစ်ကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ကာဠိဂောဓာ သာကီဝင်မင်းသမီး၏သား ဘဒ္ဒိယသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "ဥစ္စာကုလိက=မြတ်သောအမျိုး၌ ဖြစ်သောအရာ"ဝယ် ဧတဒဂ်ထားတော်မူလေ၏။

(ဤ၌။ ။မထေရ်၏မိခင် သာကီဝင်မင်းသမီး၏ အမည်ရင်းမှာ "ဂေါဓာ" ဟူ၍ ဖြစ်သည်၊ အသားအရေ စဉ်းငယ်မည်းနက်သော ကြောင့် ထိုမင်းသမီးကို "ကာဠိဂေါဓာသာကီဝင်မင်းသမီး" ဟု ခေါ်၏။ ထိုမင်းသမီး၏ သားဖြစ်သောကြောင့် အရှင်ဘဒ္ဒိယရဟန္တာ မထေရ်ကို "ကာဠိဂေါဓာပုတ္တဘဒ္ဒိယမထေရ်=ကာဠိဂေါဓာ သာကီဝင်မင်းသမီး၏ သား အရှင်ဘဒ္ဒိယမထေရ်" ဟု ခေါ်ဆိုလေသည်။

ကာဠိဂေါဓာ သာကီဝင်မင်းသမီးသည် သာကီဝင် မင်းသမီးတကာ တို့တွင် အရွယ်အားဖြင့် အကြီးဆုံးဖြစ်၏၊ မြတ်စွာဘုရားအလောင်း တော် ဘုရားဖြစ်တော်မူချိန်၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှာ အသက် ကိုးဆယ်ကျော်အရွယ်သို့ ရောက်ရှိလေပြီ (သေချာစွာစဉ်း စားမှ ဤအကြောင်းကို ခန့်မှန်းနိုင်၏)။ ထိုအချိန်၌ သုဒ္ဓေါဒန မင်း ကြီးမှာ ငယ်စဉ်ကကဲ့သို့ ပြည်၏တာဝန်ကို ရှေ့ဆောင်မင်း အဖြစ်ဖြင့် ဆောင်ရွက်နိုင်သော အင်အားမရှိတော့ချေ၊ ထို့ကြောင့် သုဒ္ဓေါဒနမင်း ကြီးမှာ သာကီဝင်မင်းတို့၏ နာယကကြီး အဖြစ်လောက်ဖြင့်သာ တည်ရှိနေပေလိမ့်မည်၊ ထို့ကြောင့် ထိုအချိန်တွင် သာကီဝင်မင်းတို့ အထဲမှ အမျိုးကြီး, ငယ် အစဉ်အလိုက် မင်းပြုထိုက်သူကို ရွေးချယ် သောအခါ အမျိုးအမြတ်ဆုံး အကြီးဆုံးဖြစ်သည့် ဘဒ္ဒိယမင်းသားကို ရွေးချယ်၍ ရှေ့ဆောင်မင်းအဖြစ် ခန့်အပ်ကြလေသည်။ ဘဒ္ဒိယမင်းသား သည် မိမိလက်ဝယ် ရရှိပြီးသော သာကီဝင်ရှေ့ဆောင်မင်း အဖြစ်ကို စွန့်၍ ရဟန်းပြုခဲ့သူဖြစ်သည်၊ ထို့ကြောင့် ယခု ဧတဒဂ်ဘွဲ့ထူး နှင်းအပ် သောအခါ "အမျိုးကြီးမြတ်ကြသူတို့အနက် အသာဆုံး အမြတ်ဆုံး" ဧတဒဂ်ဘွဲ့ထူးကို နှင်းအပ်တော်မူသည်။

တနည်း ဤဘဒ္ဒိယမထေရ်သည် ရှေးဆုတောင်းပတ္ထနာ၏ အာနု ဘော်ကြောင့် ဘဝငါးရာဆက်၍ မင်းမျိုး၌ဖြစ်ကာ မင်းဖြစ်ခဲ့လေသည်။ ထို့ကြောင့် ဥစ္စာကုလိက-ဧတဒဂ်ဘွဲ့ကို ရတော်မူသည်။ ဤကား အထူး မှတ်ဖွယ်တည်း)။

ဤကား အရှင်ဘဒ္ဒိယမထေရ် အကြောင်းတည်း။

---

## (၇) အရှင်လကုဏ္ဍကဘဒ္ဒိယ မထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤ လကုဏ္ဍက ဘဒ္ဒိယမထေရ်သည်လည်း ပဒုမုတ္တရ မြတ်စွာ ဘုရား လက်ထက်တော် အခါဝယ် ဟံသာဝတီ မင်းနေပြည်၌

စည်းစိမ်ဥစ္စာ ပေါများသော မဟာဘောဂ သူဌေးမျိုး=သူကြွယ်မျိုးဝယ် သူဌေးသား=သူကြွယ်သား ဖြစ်၍ (ရှင်အနုရုဒ္ဓါဝတ္ထု၌) ဆိုအပ်ခဲ့သော နည်းအတိုင်း တရားနာရန် ကျောင်းတော်သို့ သွားရောက်လေသည်။

ထိုအခါ မြတ်စွာဘုရားရှင်က အလွန်သာယာသော အသံရှိသည့် ရဟန်းတော်တပါးကို တေဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ "ငါသည်လည်း နောက်အခါဝယ် ဤရဟန်းကဲ့သို့ တဆူဆူသော ဘုရားရှင်၏ သာသနာ၌ သာယာသော အသံရှိသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = တေဒဂ်ဘွဲ့ထူးရသူ ဖြစ်ရပါမူ ကောင်းလေစွ"ဟု စိတ်အကြံကို ဖြစ်စေ၍ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးလျှင် ခုနစ်ရက်ကြာ ဘုရားအမှူးရှိသော သံဃာအား မဟာဒါနကြီး ပေးလှူပြီးလတ်သော် "မြတ်စွာဘုရား....တပည့်တော်သည် ဤဒါန၏အကျိုးအားကြောင့် အခြားတပါးသော စည်းစိမ်ကို မတောင့်တပါ၊ စင်စစ်သော်ကား နောက်အခါဝယ် တဆူဆူသော မြတ်စွာဘုရား၏ သာသနာ၌ သာယာသော အသံရှိကြသည့် ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=တေဒဂ်ဘွဲ့ရ-ရဟန်း ဖြစ်ရပါလို၏"ဟုဆုတောင်း၍ မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်စင်းလျက် နေလေ၏။

မြတ်စွာဘုရားသည် အနာဂတ်ကို ရှုကြည့်တော်မူလတ်သော် ထိုသူဌေးသား၏ ဆုတောင်းချက် ပြည့်စုံမည်ကို မြင်တော်မူ၍ "သင်၏ ဤဆုတောင်းမှုသည် ပြည့်စုံလိမ့်မည်၊ ဤကမ္ဘာမှနောက် ကမ္ဘာတသိန်း အဆုံးရောက်သောအခါ၌ ဂေါတမမြတ်စွာဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်၊ ထိုအခါ သင်သည် ဂေါတမမြတ်စွာ သာသနာ၌ သာယာသောအသံရှိကြသည့် ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = တေဒဂ်ဘွဲ့ရ-ရဟန်း ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား ကြားတော်မူပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

## စိတ္တပတ္တ ဥသြငှက်ဘဝ

သူဌေးသားသည် ထိုဗျာဒိတ်ကို ရရှိပြီးနောက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ ထိုဘဝမှ စုတေလတ်သော်နတ်ပြည်, လူ့ပြည်တို့၌ လှည့်လည်ကျက်စားလျက် ဝိပဿီမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူသောအခါ၌ဝယ် "စိတ္တပတ္တ" မည်သောဥသြငှက်ဖြစ်၍ ခေမမိဂဒါဝုန်တောသို့နေစဉ် တနေ့သ၌ ဟိမဝန္တာသို့ သွားရောက်ကာ ချိုမြိန်သောသရက်သီးကို နှုတ်သီးဖြင့် ကိုက်ချီခဲ့၍ ပြန်လာလတ်လျှင် ရဟန်းအပေါင်း ခြံရံအပ်သော မြတ်စွာဘုရားကို ဖူးမြော်ရ၍ "ငါကား အခြားတပါးသော နေ့များ၌ လှူဖွယ်ပစ္စည်းမပါပဲ အချည်းနှီး မြတ်စွာဘုရားကို ဖူးမြော်ခဲ့ရ၏၊ ယနေ့မူကား ငါသည် ဤသရက်သီးမှည့်ကို သားငယ်များစားရန်အတွက် ဆောင်ယူအပ်ခဲ့လေပြီ၊ ထိုငါ၏ သားငယ်များအားအခြားသောသစ်သီးကိုငါဆောင်၍ပေးတော့အံ့၊ ဤသရက်သီးကိုမူ မြတ်စွာဘုရားအား လှူမှသင့်တော့မည်"ဟု ကြံစည်၍ အောက်သို့ ဆင်းသက်၍ လာပြီးလျှင် (မြေ၌မနားသေးပဲ) ကောင်းကင်၌လှည့်လည်ပျံသန်း၍နေလေ၏။ ဝိပဿီမြတ်စွာဘုရားသည် ထိုဥသြ၏ စိတ်အကြံကို သိတော်မူ၍ အလုပ်အကျွေးဖြစ်သည့် အသောကမထေရ်ကို ကြည့်တော်မူလေ၏၊ အသောကမထေရ်သည် သပိတ်ကို အိတ်မှထုတ်၍ မြတ်စွာဘုရား၏လက်၌ ထားလေ၏၊ ထိုအခါဥသြငှက်သည် မိမိကိုက်ချီ ယူဆောင်လာသော သရက်သီးကိုမြတ်စွာဘုရား၏ သပိတ်တော်၌ တည်စေလေ၏=လောင်းထည့်လှူလိုက်လေ၏။ မြတ်စွာဘုရားသည် ထိုလှူရာအရပ်၌ပင် ထိုင်၍ထိုသရက်သီးကို ဘုဉ်းပေးသုံးဆောင်တော်မူလေ၏။ စိတ္တပတ္တဥသြငှက်သည် သဒ္ဓါကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အဖန်ဖန်မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို မိမိတတ်သိသမျှ ဆင်ခြင်၍မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် မိမိ၏ အသိုက်သို့ သွားရောက်ကာခုနစ်ရက်ပတ်လုံး အစာရှာမထွက်တော့ပဲ နှစ်သက်, ဝမ်းမြောက်ခြင်း=ပီတိ, သုခဖြင့် အချိန်ကို ကုန်လွန်စေလေ၏။

ထိုစိတ္တပတ္တဥပြေင့်ဘဝ၌ ဤမျှသော ကုသိုလ်ကောင်းမှုကို ပြုလုပ်အပ်ခဲ့လေသည်၊ ဤကောင်းမှုကုသိုလ်ကံကြောင့် ထိုမထေရ်၏အသံသည် အလွန်ချိုမြိန်သာယာလေသည်။

**လက်သမားဆရာကြီးဘဝ**

ကဿပမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာ ကာလ၌ကား ထိုအရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်အလောင်းသည် လက်သမားဆရာကြီး ဖြစ်လာလေ၏။ ကဿပမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာရီရိကဓာတ်တော် တဆူတည်းကို စေတီတော်ကြီးတဆူတည်းတည်ရန် စီမံတိုင်ပင်ကြလေသော် "အဘယ်မျှ ပမာဏရှိသော စေတီတော်ကြီး တည်ဆောက်ကြမည်နည်း" ဟူသော အမိကပြဿနာအတွက် အချို့က ခုနစ်ယူဇနာပမာဏရှိသော စေတီတော်ကြီး တည်ဆောက်ရန် အကြံပေးတင်ပြကြလေသည်။ အချို့က "ဤခုနစ်ယူဇနာသည် အလွန်ကြီးလှ၏၊ (ပြီးနိုင်မည်မဟုတ်) ခြောက်ယူဇနာ ပမာဏရှိသော စေတီတော်ကြီး တည်ကြကုန်စို့" ဟု အကြံပေး တင်ပြကြလေသည်။ အချို့က "ဤခြောက်ယူဇနာသည်လည်း အလွန်ကြီးသေး၏၊ (ပြီးနိုင်မည်မဟုတ်) ငါးယူဇနာ ပမာဏရှိသော စေတီတော်ကြီး တည်ကြကုန်စို့၊ (ပ)၊ လေးယူဇနာ၊ သုံးယူဇနာ၊ နှစ်ယူဇနာ ပမာဏရှိသော စေတီတော်ကြီး တည်ကြကုန်စို့" ဟု တင်ပြ ပြောဆိုအပ်သည်ရှိသော် ဤအရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်၏ အလောင်းလက်သမားဆရာကြီးသည် ထိုအစည်းအဝေး၌ အမိက ပြဋ္ဌာန်းသူတယောက် ဖြစ်ရကား "အိုအချင်းတို့....လာကြလော့၊ မည်သူက မည်သို့ပင် ပြောစေကာမူ နောက်အခါဝယ် ပြုပြင်ရန် လွယ်ကူသော စေတီတော်ကို တည်ဆောက်ကြမှ သင့်တော်တော့မည်" ဟု အဆုံးအဖြတ်စကား ပြောကြား၍ တမျဉ်းကြိုးကို ယူဆောင်ကာ စေတီတော်တည်ရာအရပ်ကို ဝန်းဝိုင်းတိုင်းတာ လတ်သော် တဂါဝုတ်မျှသောအရပ်၌ ရပ်တည်၍ "စေတီတော်၏ တမျက်နှာ တမျက်နှာသည် တဂါဝုတ် တဂါဝုတ် ဖြစ်ပါစေ၊ ယင်းသို့တည်လျှင် စေတီတော်သည် လေးမျက်နှာပေါင်း တယူ

ဇနာ အဝန်းအဝိုင်းရှိ၍ တယူဇနာ အမြင့်ရှိသည် ဖြစ်လိမ့်မည်”ဟု ဆုံးဖြတ်စကား ပြောကြားလေ၏။

ထို လူများအပေါင်းသည် လက်သမားဆရာကြီး၏ ဆုံးဖြတ်စကား၌ တည်ကြကာ တမျက်နှာ တမျက်နှာ( = တမုခ် တမုခ်) လျှင် တဂါဝုတ်စီ ရှိ၍ စတုရန်း = လေးမျက်နှာ ( = လေးမုခ်) ပေါင်းလျှင် တယူဇနာ အဝန်းအဝိုင်းရှိ၍ အမြင့် တယူဇနာ ရှိသော ဓာတုစေတီတော်ကြီးကို တည်ထားကြလေ၏။ ဤသို့လျှင် ထိုလက်သမားဆရာကြီးသည် မနှိုင်းယှဉ်နိုင်သော ဂုဏ်တော်ရှင် မြတ်စွာဘုရား၏ စေတီတော်တည်ရန်အတွက် အတိုင်းအရှည် ပမာဏကို ပြုလုပ်ပြောဆိုမိခဲ့လေသည်။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း

ထို အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်အလောင်းသည် မနှိုင်းယှဉ်နိုင်သောဂုဏ်တော်ရှင် မြတ်စွာဘုရား၏ စေတီတော်တည်ရန်အတွက် အတိုင်းအရှည် ပမာဏကို ပြုလုပ်ပြောဆိုမိခဲ့သောကံကြောင့် ဖြစ်လေရာရာဘဝထိုထို၌ အခြားသူများအောက် ပုဂ္ဂယုတ်နိမ့်သော ကိုယ်ခန္ဓာပမာဏရှိသူ ဖြစ်ခဲ့၍ ဤယခုနောက်ဆုံးပစ္ဆိမဘဝဝယ် အကျွန်ုပ်တို့၏ မြတ်စွာဘုရား ပွင့်ထွန်းတော်မူရာကာလ၌ သာဝတ္ထိပြည်တွင် စည်းစိမ်ဥစ္စာပေါများသော မဟာဘောဂသူဌေးမျိုး = သူကြွယ်မျိုး၌ ဖြစ်လေ၏၊ ထိုသူ၏ အမည်ကို မိဘဆွေမျိုးတို့က “ဘဒ္ဒိယ”ဟု မှည့်ခေါ်ကြလေသည်။

ဘဒ္ဒိယသူဌေးသားသည် အရှယ်သို့ ရောက်လတ်သည်ရှိသော် မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံး နေထိုင်တော်မူစဉ် ကျောင်းတိုက်သို့ သွားရောက်၍ တရားနာပြီးလျှင် သဒ္ဓါတရား ကြီးမားစွာဖြစ်ရှိရကား သာသနာဝန်ထမ်းရှင်ရဟန်းပြု၍ မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းတရားကို သင်ကြားနာယူ၍ ဝိပဿနာအလုပ် အားထုတ်လေလျှင်အရဟတ္တဖိုလ်ပေါက် ရောက်တော်မူလေ၏။

### အရှင်လကုဏ္ဍကဘဒ္ဒိယနှင့်ပေါ်သော တရားများ

(ဤအရာ၌ အရှင်လကုဏ္ဍကဘဒ္ဒိယနှင့်စပ်၍ မှတ်သားကြည်ညိုဖွယ် ကောင်းသော သုတ္တန်တရားများကို အကျဉ်းအားဖြင့် ဖော်ပြဦးအံ့) –

### မထေရ်မြတ် ရဟန္တာဖြစ်သော သုတ်တရား

အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်သည် ရဟန်း ဖြစ်ပြီးနောက် မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းတရားကို သင်ကြားနာယူ၍ ဝိပဿနာအလုပ် အားထုတ်လေလျှင် ရှေးဦးစွာ သောတာပတ္တိဖိုလ်သို့ ရောက်လေသည်။ ထို အချိန်၌ သေက္ခရဟန်း (= သောတာပန်, သကဒါဂါမိ, အနာဂါမိရဟန်း) များသည် များသောအားဖြင့် အရှင်သာရိပုတ္တရာထံ ဆည်းကပ်ကြ၍ အထက်မဂ်အလို့ငှါ ကမ္မဋ္ဌာန်းတောင်းကြ, တရားဒေသနာကို တောင်းကြ, ပြဿနာမေးလျှောက်ကြလေသည်၊ အရှင်သာရိပုတ္တရာမထေရ်သည် ထိုတောင်းပန်လျှောက်ထားကြသော ရဟန်းတို့၏ အလိုကို ဖြည့်စွမ်းလျက် ကမ္မဋ္ဌာန်းအားထုတ်ပုံကို ပြောပြတော်မူ၏၊ တရားဒေသနာကို ဟောပြတော်မူ၏၊ ပြဿနာကို ဖြေတော်မူ၏။ ထိုရဟန်းများသည် ဆက်လက်ကြိုးကုတ် ရဟန်းတရားကို အားထုတ်ကြလေလျှင် အချို့သကဒါဂါမိဖိုလ်ကို, အချို့ အနာဂါမိဖိုလ်ကို, အချို့အရဟတ္တဖိုလ်ကို, အချို့ဝိဇ္ဇာသုံးပါးတို့ကို, အချို့ အဘိညာဏ်ခြောက်ပါးတို့ကို, အချို့ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့ကို ရကြရောက်ကြလေ၏။

ထိုရဟန်းတို့ကို မြင်ရ၍ အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်သည်လည်း မိမိကိုယ်တိုင်က သောတာပန် အရိယာ ဖြစ်ရှိကာ အခါကို သိ၍ မိမိ၏ စိတ်ကျန်းခံ့ခြင်း, ကိလေသာတို့မှ ခေါင်းပါးခြင်းကို ဆင်ခြင်လျက် အရှင်သာရိပုတ္တရာထံသို့ ချဉ်းကပ်ပြီးလျှင် အစေ့အစပ်စကား, ဝမ်းမြောက်ဝမ်းသာစကား ပြောကြားပြီးနောက် တရားဟောဖို့ရန် တောင်းပန် လျှောက်ထားလေသည်။ အရှင်သာရိပုတ္တရာမထေရ်သည်လည်း အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်၏ အလိုအဇ္ဈာသယနှင့် လိုက်လျောသော တရားစကား ဟောကြားတော်မူလေသည်။

အရှင်လကုဏ္ဍကဘဒ္ဒိယ မထေရ်သည် အရှင်သာရိပုတ္တရာ မထေရ် ဟောကြားတော်မူသည့်အတိုင်း ဒေသနာနောက် ဉာဏ် အစဉ်လျှောက်၍ ဝိပဿနာတရား ပွါးများအားထုတ်တော်မူ လေရာ အရှင်သာရိပုတ္တရာမထေရ်၏ တရားဒေသနာအာနုဘော် နှင့် မိမိ၏ ရှေးကောင်းမှုနှင့်ပြည့်စုံခြင်း ဤအကြောင်းနှစ်ပါးတို့ ကြောင့် ဝိပဿနာဉာဏ် ရင့်သန်ပွါးစီးကာ အရဟတ္တဖိုလ်ပေါက် ရောက်တော်မူလေသည်။

ထိုအကြောင်းကို ကောင်းစွာသိမြင်တော်မူကာ မြတ်စွာဘုရား သည် ထိုအချိန်၌ ဤဖော်ပြလတ္တံ့သော ဥဒါန်းဂါထာကို ကျူးရင့် တော်မူလေ၏—

ဥဒ္ဓံ အဓော သဗ္ဗဓိ ဝိပ္ပမုတ္တော၊
အယံဟမသ္မီတိ အနာနုပဿီ။
ဧဝံ ဝိမုတ္တော ဥဒတာရိ ဩဃံ၊
အတိဏ္ဏပုဗ္ဗံ အပုနဗ္ဘဝါယ။

ယော = အကြင် အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ် သည်။ ဥဒ္ဓံ = အထက်ခေါ်မှတ် ရူပဓာတ်, အရူပဓာတ်၌ ၎င်း။ အဓော = အောက်ဟု ခေါ်မှတ် ကာမဓာတ်၌၎င်း။ သဗ္ဗဓိ= ခပ်သိမ်းဥဿုံ အလုံးစုံသော သင်္ခါရတရား၌၎င်း။ ဝိပ္ပမုတ္တော = ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပ္ပဿဒ္ဓိဝိမုတ္တိတည်းဟူသော ဝိမုတ္တိသုံးပါး ခပ်သိမ်းသော် အပြားဖြင့်လွတ်မြောက်၏။သော=ထိုအာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်သည်။ (ရူပဝေဒနာဒိသု = ရုပ်, ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏဟု အစုငါးတန် ငါးရပ်ခန့်တို့၌)။ "အယံ = ဤတရားသည်။ အဟမသ္မီတိ = ငါလျှင်စင်စစ် ကေန်ဖြစ်၏" ဟူ၍။ အနာနုပဿီ=ဒိဋ္ဌိ,မာန နှစ်ပါးတို့ဖြင့် အမှားမရှုတော့ပြီ။ ဧဝံ ဝိမုတ္တော = ဤသို့ သံယောဇဉ် ဆယ်ပါး အလုံးစုံသော အဂုသိုလ်တရားတို့မှ ခပ်သိမ်း သောအပြားဖြင့် လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ် သည်။ အတိဏ္ဏပုဗ္ဗံ = အရိယမဂ်ကိုရသည်မှ ရှေးကာလ

ဝယ် အိပ်မက်တွင်မျှ မကူးမြောက်ခဲ့ရဘူးသော။ ဩဃံ = ဩဃလေးခဏ်း ရေပြင်ကြမ်းကို။ (ဝါ) စက်သံသာရ ဝဲ ဩဃကို။ အပုနဗ္ဘဝါယ = တဖန်ဘဝသစ်ဝယ် မဖြစ်ဖို့ရန်။ ဥဒတာရိ = အနုပါဒိသေသ နိဗ္ဗာနဖြင့် လှလှကူးသန်း တဖက်ကမ်းဝယ် ချမ်းသာစွာတည်ရလေပြီ....။

( ဤကား ဥဒါန်းပါဠိတော် ၇-စူဠဝဂ် ၁-ပဌမလကုဏ္ဍကဘဒ္ဒိယ သုတ် (ခု ၁၊ မျက်နှာ ၁၇၀) မှ ဖော်ပြချက်တည်း)။

**အရှင်လကုဏ္ဍကဘဒ္ဒိယကို သေက္ခအရိယာပင် ထင်မှတ်၍ အရှင်သာရိပုတ္တရာက တရားတိုး၍ ဟောနေခြင်း**

အရှင်လကုဏ္ဍက ဘဒ္ဒိယသည် ဖော်ပြရာပါ ပဌမသုတ်၌ ဆိုအပ်ခဲ့သော အစီအရင်အတိုင်း ( အရှင်သာရိပုတ္တရာထံမှ ) ပဌမ ရသော ဩဝါဒဖြင့် ထိုင်နေရင်းပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူခဲ့လေသည်။ သို့သော် အရှင်သာရိပုတ္တရာမထေရ် မြတ်သည်ကား အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ် အရဟတ္တဖိုလ်သို့ ရောက်ရှိခြင်းကို (မဆင်ခြင်သည့်အတွက်) မသိ၍ သေက္ခအရိယာ ပင် ထင်မှတ်တော်မူကာ (တခုသော နောက်နေ့ဝယ်)နည်းနည်း တောင်းပါလျက် လိုသည်ထက် ပို၍ပေးသော ကုသိုလ်ဆန္ဒ ကြီးမြတ်လှသည့် ဒါနရှင်ယောက်ျားကဲ့သို့ ဆဆထပ်ပိုး တိုး၍ တိုး၍ အကြောင်းပေါင်းများစွာဖြင့် အရှင်လကုဏ္ဍကဘဒ္ဒိယ အရဟတ္တဖိုလ်ကို ရရှိရန် တရားအကျယ် ဟောတော်မူလေသည်။ အရှင်လကုဏ္ဍကဘဒ္ဒိယသည်လည်း "ငါကား ယခုအခါ ရဟန်း ကိစ္စ အပြီးတိုင်ပြုပြီးသူ ဖြစ်၏၊ ဤအဆုံးအမ ဩဝါဒဖြင့် အဘယ် အကျိုးရှိအံ့နည်း"ဟု မကြံစည်ပဲ သူတော်ကောင်းတရား၌ ရိုသေ ခြင်း=ဓမ္မဂါရဝစိတ်ဖြင့် ရှေးအခါကကဲ့သို့ပင် ရိုသေစွာ နာယူမြဲ နာယူနေလေ၏။

ထိုအခြင်းအရာကို မြင်တော်မူ၍ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတိုက်တော် ဂန္ဓကုဋီ ကျောင်းတော်၌ ထိုင်နေတော်မူရင်းကပင် ဘုရားအာနုဘော်ဖြင့် အရှင်လကုဏ္ဍက ဘဒ္ဒိယ၏ ကိလေသာ ကုန်ခန်းကြောင်းကို အရှင်သာရိပုတ္တရာ

သိနိုင်လောက်အောင် ဤဆိုလတ္တံ့သောဥဒါန်းဂါထာကို ကျူးရင့်တော်မူလေ၏—

အစ္ဆေဒ္ဒိ ဝဋ္ဋံ ဗျဂါ နိရာသံ၊
ဝိသုက္ခာ သရိတာ န သန္ဒတိ။
ဆိန္နံ ဝဋ္ဋံ န ဝတ္တတိ၊
ဧသေဝန္တော ဒုက္ခဿ။

ယဿ = အကြင် အာသဝေါကုန်ခန်း ရဟန္တာ၏ (သန္တာန်၌)။ ဝဋ္ဋံ = ကိလေသဝဋ်သည်။ အစ္ဆေဒ္ဒိ = အကြွင်းမဲ့ပြတ်လေပြီ (ကိလေသဝဋ်ပြတ်လျှင်ကမ္မဝဋ်လည်း ပြတ်တော့သည်သာဟု သိပါလေ)။ ယော = အကြင် အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်သည်။ နိရာသံ = တဏှာကင်းရာ နိဗ္ဗာန်ချမ်းသာသို့။ ဗျဂါ=အရဟတ္တဖိုလ် ပေါက် အထူးပင် ဆိုက်ရောက်လေပြီ။ ယဿ=အကြင် အာသဝေါကုန်ခန်း ရဟန္တာ၏ (သန္တာန်၌)။ ဝိသုက္ခာ= ကမ္ဘာပျက်ခါနီးကာလ စတုတ္ထနေဝန်း ထွက်ပေါ်ထွန်း သဖြင့် ငါးခဏ်းသောမြစ်ကြီးတို့ ခန်းခြောက်သည့် နည်း အတူ အရဟတ္တမဂ် စတုတ္ထနေမင်း ထွက်ပြူခြင်းကြောင့် အကြွင်းမဲ့ ခန်းခြောက်လေပြီးသော။ သရိတာ=တသွင်သွင်စီး တဏှာတည်းဟူသော ကိလေသာမြစ်ကြီးသည် (တဏှာသည် ဒုက္ခ၏အကြောင်းရင်း=သမုဒယသစ္စာ ဖြစ်ခြင်းကြောင့် ထိုတဏှာကို ပယ်အပ်လျှင် ခပ်သိမ်းသော ကိလေသာတို့ကို ပယ်အပ်ပြီးဖြစ်လေ၏၊ ထို့ကြောင့် တဏှာကို အထူးပြု၍ ဟောတော်မူသည်)။ န သန္ဒတိ=အဘယ် နည်းဖြင့်မျှ မစီးနိုင်တော့ချေ။ ဆိန္နံ = ကိလေသဝဋ်ကို ဖြတ်သဖြင့် အမြစ်ပြတ်သောသစ်ပင်၏နည်း ပြတ်တောက် ပြီးဖြစ်လေသော။ ဝဋ္ဋံ = ကမ္မဝဋ်သည်။ န ဝတ္တတိ = တစ်ဖန်လည်လည် မဖြစ်တော့ချေ။ (ကမ္မဝဋ်ပြတ်လျှင် အနာဂတ်၌ ဖြစ်မည့် ဝိပါကဝဋ်လည်း ပြတ်တော့သည်သာဟု သိပါလေ)။ ဧသေဝ = ဤသို့ ကိလေသဝဋ်၊ ကမ္မဝဋ်တို့

ပြတ်သဖြင့် အနာဂတ်ကာလဝယ် ဝိပါကဝဋ်၏ မဖြစ်ခြင်း
သည်ပင်လျှင်။ ဒုက္ခဿ = စက်သံသာရ ဝဋ်ဒုက္ခ၏။
အန္တော = ကုန်စင်ပျက်ပြုန်း အဆုံးဖြစ်လေတော့၏။

(ဤကား ဦးဒါန်းပါဠိတော် ၇-စူဠဝဂ် ဒုတိယလကုဏ္ဍကဘဒ္ဒိယသုတ်
(ခု ၁၊ မျက်နှာ ၁၇၀-၁၇၁)မှ ဖော်ပြချက်တည်း)။

**အရှင်လကုဏ္ဍကဘဒ္ဒိယ၏ ဂုဏ်ကျေးဇူးများကို**
**မြတ်စွာဘုရား ထင်ရှားဖော်ပြတော်မူခြင်း**

အခါတပါး၌ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးနေတော်မူစဉ် များစွာသော ရဟန်းတို့ ဘုရားရှင်ထံတော်မှောက်သို့ လာရောက်ကြလေသည်။ ထိုအခါ အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်သည်လည်း များစွာသော ရဟန်းတို့နှင့် အတူတကွ ရွာတပါး၌ ဆွမ်းခံလှည့်လည်တော်မူ၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးလတ်သော် သပိတ်ကို ရေစင်အောင်ပြုကာ သပိတ်အိတ်၌ ထည့်ချုပ် ပခုံး၌ ချိတ်ပြီးလျှင် သင်္ကန်းကြီးကိုလည်း ခေါက်၍ လက်ဝဲပခုံး၌ထားလျက် ကြည်ညိုဖွယ်ရှိသော ရှေ့သို့တက်ခြင်း,နောက်သို့ ဆုတ်ခြင်း, တူရူကြည့်ခြင်း, ဘေးသို့ကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်းတို့ဖြင့် မျက်လွှာချကာ ဣရိယာပုထ်နှင့် ပြည့်စုံလျက် မိမိ၏ သတိပညာပြန့်ပြောခြင်းကို ထင်လင်းစွာပြသကဲ့သို့ သတိ, သမ္ပဇဉ်နှစ်ပါး ကောင်းစွာဖြစ်ပွါးစေ၍ တည်ကြည်စွာသောစိတ်ဖြင့် ရှေ့ခြေရာ၌ နောက်ခြေကို နင်းကာ မြတ်စွာဘုရားထံမှောက်သို့ သွားရောက်လေသည်။

ထိုသို့ သွားရောက်သည်ရှိသော် များစွာသော ရဟန်းတို့နှင့် မရောယှက်ပဲ ထိုရဟန်းတို့နောက်မှ သွားရောက်တော်မူလေသည်၊ အကြောင်းကား—အများနှင့်မရော တပါးတည်း ကေစာရီ နေတော်မူလေ့ရှိသောကြောင့်တည်း။ တနည်း ထို အရှင်မြတ်၏ ပုက္ကူ၍ အကြည့်ရခက်သော ရုပ်ကာယကို ဆဗ္ဗဂ္ဂီရဟန်းတို့ကဲ့သို့ သော ပုထုဇန်ရဟန်းအချို့တို့သည် ပြက်ရယ်ပြောင်လှောင်မှုတ်ချ ပြုလုပ်ကြလေ့သည်၊ မထေရ်မြတ်သည် ထိုအကြောင်းကို စဉ်းစား မိတော်မူသဖြင့် "ဤ အချို့သော ပုထုဇန်ရဟန်းတို့သည် ငါ့ကို

အမှီပြု၍ အကုသိုလ်တရားကို မပွါးစေကြပါကုန်လင့်”ဟု အောက်မေ့တော်မူကာ ထိုများစွာသော ရဟန်းတို့နောက်မှ သွားရောက်လိုက်ပါတော်မူလေသည်။ ဤသို့လျှင် ထိုရဟန်း များစွာတို့နှင့် မထေရ်မြတ်ဘို့ သာဝတ္ထိပြည်သို့ ရောက်ကြကာ ဇေ-တဝန်ကျောင်းတိုက်သို့ ဝင်ကြ၍ ဘုရားရှိတော်မူရာ အရပ်သို့ ဆည်းကပ်သွားရောက်ကြလေ၏။

မြတ်စွာဘုရားသည် ယင်းသို့ လကုဏ္ဍက ဘဒ္ဒိယမထေရ် ရဟန်းများစွာတို့နောက်မှ ကြည်ညိုဖွယ်သော ဣန္ဒြေဖြင့် လိုက်ပါလာသည်ကို အဝေးမှပင် မြင်တော်မူ၍ “ဤရဟန်းတို့သည် ငါ့သားတော်၏ အာနုဘော်ကြီးမြတ်ကြောင်းကို မသိကြကုန်၊ ထို့ကြောင့်ပင် အချို့သောပုထုဇဉ်ရဟန်းတို့သည် ငါ့သားတော်ကို ပြက်ရယ်ရှုတ်ချ လွှမ်းမိုးကြလေသည်၊ ထိုသို့ ပြုမူခြင်းသည် ထိုရဟန်းတို့အဖို့ရာ ကာလရှည်ကြာ အစီးအပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်ပေလိမ့်မည်၊ ယခုအခါ ငါ ဘုရားသည် ဤ ငါ့သားတော်၏ ဂုဏ်ကျေးဇူးများကို ရဟန်းတို့အား ထင်ရှားဖော်ပြ၍ ငါ့သားတော်ကို ပြက်ရယ်ရှုတ်ချ လွှမ်းမိုးကြခြင်းဘေးမှ လွတ်စေမည်”ဟု ကြံစည်ဆင်ခြင်တော်မူ၍ ရဟန်းတို့ကို “ရဟန်းတို့.... သင်ချစ်သားတို့သည် ရဟန်းများစွာတို့၏ နောက်မှ နောက်မှ လိုက်ပါလာသည့် အဆင်းမလှ အကြည့်ရခက် ပုက္ကုချက်ကြောင့် များစွာသော ပုထုဇဉ်ရဟန်းအချို့တို့ ပြက်ရယ်ရှုတ်ချ အလွှမ်းမိုး ခံရသည့် သိုရဟန်းကို မြင်ကြ၏လော”ဟု မေးတော်မူလေ၏။ ရဟန်းတို့က “မြင်ကြပါသည် မြတ်စွာဘုရား....”ဟု လျှောက်ထားကြလေလျှင် မြတ်စွာဘုရားရှင်သည်—

“ရဟန်းတို့....ဤရဟန်းသည် ကြီးမားသော တန်ခိုးဣဒ္ဓိ ကြီးမားသော အာနုဘော်ရှိသူ ဖြစ်ပေ၏။ ထိုရဟန်း မဝင်စားဘူးသော သာဝကတို့ဆိုင်ရာ သမာပတ်ဟူ၍ မရှိသလောက်ပင် ဖြစ်၏၊ (သာဝကတို့နှင့် ဘက်ဆိုင်သည့် ရူပ-သမာပတ်, အရူပသမာပတ်, ဗြဟ္မဝိဟာရသမာပတ်, နိရောဓသမာပတ်, ဖလသမာပတ် အားလုံးပင် ထိုရဟန်း

ဝင်စားဘူးသည်သာ ဖြစ်၏-ဟု ဆိုလိုသည်၊ ဤစကားရပ်ဖြင့် တန်ခိုးဇုဒ္ဓိ ကြီးမားသည်ကို ပြတော်မူ၏)။ ထိုရဟန်းသည် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသည့် အမျိုးသားများ ပဓာန လိုလားအပ်သည့် အတုမရှိ မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ပြည့်စုံစေကာ နေ၏၊ (အရဟတ္တဖိုလ် သမာပတ်ကို မပြတ်ဝင်စားကာ နေသောရဟန်းဖြစ်သည်-ဟု ဆိုလိုသည်၊ ဤစကားရပ်ဖြင့် အာနုဘော်ကြီးမားသည်ကို ပြတော်မူ၏၊ မှန်၏-ဤအရာ၌ အရဟတ္တဖိုလ် သမာပတ်သည် မထေရ်မြတ် သုံးဆောင်ခံစားအပ်သောကြောင့် အာနုဘာဝ = အာနုဘော်မည်၏။)”—

ဤကဲ့သို့ မိန့်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော (မထေရ်၏ဂုဏ်ကျေးဇူးကို ဖော်ပြသည့်) ဥဒါန်းဂါထာကိုလည်း ကျူးရင့်တော်မူလေ၏—

နေလငေ်္ဂါ သေတပစ္ဆာဒေါ၊ ဧကာရော ဝတ္တတီ ရထော။
အနီဃံ ပဿ အာယန္တံ၊ ဆိန္နသောတံ အဗန္ဓနံ။

နေလငေ်္ဂါ = အပြစ်အနာကင်းပသည့် အရဟတ္တဖိုလ်သီလတည်းဟူသော ပဓာနအင်္ဂါကြီး ရထားဘီးလည်းရှိထသော။ သေတပစ္ဆာဒေါ = ဖြူစင်စွာဘိ အရဟတ္တဖိုလ်ဝိမုတ္တိတည်းဟူသော ရထား၏ခင်းနှီး စသည်လည်း ရှိထသော။ ဧကာရော = အတုမရှိ အရဟတ္တဖိုလ်သတိတည်းဟူသော ရထား၏ အကန့်လည်းရှိထသော။ ရထော = ငါဘုရား၏ သားဩရသ ဘဒ္ဒိယ၏ အတ္တဘာဝခေါ်ငြားကိုယ်ခန္ဓာရထားသည်။ ဝတ္တတိ = ဆီမထည့်ရပဲ လှလှကြီးလှည့်လည်သွားလာ၏။ အာယန္တံ = များစွာသော ရဟန်းတို့နောက်မှ လိုက်ပါလာသော။ အနီဃံ = ကိလေသာတည်းဟူသော ချောက်ချား ဆင်းရဲခြင်း အလျှင်းမရှိ

သော။ ဆိန္နသောတံ=တဏှာတည်းဟူသော ဆီအယဉ်တသွင်သွင်ယိုစီးခြင်း ပြတ်ကင်းပြီးထသော။ အဗန္ဓနံ=သံယောဇဉ်ဆယ်မျိုး အနှောင်ကြိုးတချောင်းမျှ မရှိသော။ (ဍုမံ=ဤလကုဏ္ဍကဘဒ္ဒိယ ငါဘုရား၏အတ္တဘော တည်းဟူသော ရထားကို)။ ပဿ=ပဿထ=စေ့စေ့ သေချာ ကြည့်ရှုပါလော့။ (ဤ၌ မြတ်စွာဘုရားသည် မထေရ်၏ ဂုဏ်ကျေးဇူးများကြောင့် အလွန်ဝမ်းမြောက် တော်မူသည်ဖြစ်၍ ကိုယ်တော်မြတ်ကိုယ်ကိုပင် "ကြည့်စမ်း ပါလော့" ဟု တိုက်တွန်းစကား မိန့်ကြားတော်မူလေသည်)။

(ဤကား ဥဒါန်းပါဠိတော် ၇-စူဠဝဂ်၊ ၅-အပရ လကုဏ္ဍက ဘဒ္ဒိယ သုတ် (ခု ၁-မျက်နှာ ၁၇၂)မှ ထုတ်နုတ်ဖော်ပြချက်တည်း)။

ထိုမှတပါးလည်း အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်နှင့် စပ်သော အကြောင်းအရာ တရားဒေသနာတို့ကို ဓမ္မပဒ ပါဠိအဋ္ဌကထာ, ထေရဂါထာ ပါဠိအဋ္ဌကထာ, အပဒါန ပါဠိ အဋ္ဌကထာ - စသည်တို့မှ ထုတ်နုတ်မှတ်သားကုန် ရာ၏။

## (၈) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် ဇေတဝန်ကျောင်း တိုက်၌ နေတော်မူစဉ် ရဟန်းတော်တို့အား တေဒဂ်ဘွဲ့ထူး နှင်းအပ်သောသဘင် ဆင်ယင်ကျင်းပသောအခါ ဤ လကုဏ္ဍက ဘဒ္ဒိယ ရဟန္တာအရှင်မြတ်အား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဉ္ဇုဿရာနံ ယဒိဒံ လကုဏ္ဍကဘဒ္ဒိယော=ရဟန်းတို့···သာယာ ချိုမြိန်သော အသံရှိကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် လကုဏ္ဍက ဘဒ္ဒိယသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "မဇ္ဈုသရ = သာယာချိုမြိန်သော အသံရှိသောအရာ"ဝယ် ဧတဒဂ်ထားတော်မူလေ၏။

ဤကား အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ် အကြောင်းတည်း။

---

## (၈) အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤပိဏ္ဍောလဘာရဒွါဇမထေရ်၏ အလောင်းသည်ကား ပဒုမုတ္တရ မြတ်စွာဘုရားရှင်လက်ထက်တော် အခါဝယ် ခြင်္သေ့မျိုး၌ ဖြစ်၍ တောင်ခြေဘခုဝယ် လှည့်လည်ကျက်စား နေထိုင်လေသည်။ တနေ့သ၌ ပဒုမုတ္တရမြတ်စွာဘုရားသည် နံနက်မိုးသောက်ထအခါ သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် ထိုခြင်္သေ့၏ မဂ်ဖိုလ်နိဗ္ဗာန် ရရှိရန်အကြောင်းနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ ဟံသာဝတီပြည်၌ ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် နေလွဲအခါ ခြင်္သေ့ အစာရှာသွားသော အချိန်၌ ထိုခြင်္သေ့၏နေရာ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်တော်မူ၍ ကောင်းကင်၌ ထက်ဝယ် (= တင်ပလ္လင်) ဖွဲ့ခွေတော်မူကာ နိရောဓသမာပတ်ကို ဝင်စားလျက် နေတော်မူ၏။

ခြင်္သေ့သည် စားကျက်ကိုရပြီးနောက် ပြန်လာ၍ လိုဏ်ဂူဝ၌ ရပ်တည်လျှင်ပင် ဂူအတွင်း၌ မြတ်စွာဘုရားရှင် ကောင်းကင် အပြင်ဝယ် အံ့ဩဖွယ်ရာ ထိုင်နေတော်မူသည်ကို မြင်လတ်၍ "ငါ၏နေရာသို့ လာရောက်ကာ အခြားမည်သည့်သတ္တဝါတဦးမျှ ထိုင်နေခြင်းငှါ စွမ်းနိုင်သောသူမည်သည် မရှိဖြစ်ချေသည်၊ ဤပုဂ္ဂိုလ်မြတ်ကား ကြီးမြတ်ကော်ရော်ပူဇော်အပ်သူဖြစ်စွာတကား၊ ယင်းသို့ ပူဇော်အပ်သူ ဖြစ်သောကြောင့်ပင် လိုဏ်ဂူအတွင်း ကောင်းကင်အပြင်ဝယ် ထက်ဝယ် (= တင်ပလ္လင်) ဖွဲ့ခွေ ထိုင်နေနိုင်ပေသည်၊ ထိုပုဂ္ဂိုလ်သူမြတ်၏ ကိုယ်ရောင်တော်သည်လည်း ထက်ဝန်းကျင်ပြန့်၍ အန္တံကွန့်မြူးလျက် ရှိလေသည်၊ ငါသည် ဤသို့ သဘောရှိသော အံ့ဖွယ်သရဲကို ရှေးကမမြင်အပ်စဘူး၊

၍ ပုဂ္ဂိုလ်သူမြတ်သည် ဤ လောက၌ ပူဇော်လိုက်သူတို့တွင် အသာဆုံး အမြတ်ဆုံးပုဂ္ဂိုလ်မြတ် ဖြစ်ပေလိမ့်မည်၊ ငါသည်လည်း ထိုပုဂ္ဂိုလ်သူမြတ်အား စွမ်းအားရှိသလောက် ပူဇော်သက္ကာရမှု ပြုမှ သင့်တော်တော့မည်”ဟု ကြံစည်အောက်မေ့၍ ကြည်းပန်း, ရေပန်း အမျိုးမျိုးတို့ကို တောမှသယ်ဆောင်ခဲ့၍ မြေအပြင်မှသည် မြတ်စွာဘုရားရှင် ထက်ဝယ်(=တင်ပလ္လင်)ဖွဲ့ခွေ ထိုင်နေတော်မူရာ ကောင်းကင်အရပ်တိုင်အောင် ပန်းနေရာတော်ကို ခင်း၍ ညွှတ်သုံးယံပတ်လုံး မြတ်စွာဘုရား၏ ရှေ့တော်တည့်တည့်အရပ်၌ ရှိခိုးကာ ရပ်တည်ပူဇော်နေလေ၏။ နောက်တနေ့၌ ပန်းဟောင်းတို့ကို စွန့်ပစ်ပယ်ရှား၍ ပန်းအသစ်တို့ဖြင့် ထိုအတူ နေရာတော် ခင်းကျင်း ပူဇော်ပြန်လေသည်။

ဤနည်းဖြင့် ခုနစ်ရက်ကြာ ပန်းနေရာတော်ခင်း၍ အားကြီးသော နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းကို ဖြစ်စေလျက် လိုဏ်ဂူတံခါးဝ၌ အစောင့်အရှောက်ကိုယူ ပူဇော်နေလေသည်၊ ခုနစ်ရက်မြောက်နေ့၌ မြတ်စွာဘုရားသည် နိရောဓသမာပတ်မှ ထတော်မူ၍ လိုဏ်ဂူတံခါးဝ၌ ရပ်တည်တော်မူလေ၏။ ထိုအခါ ခြင်္သေ့မင်းသည် မြတ်စွာဘုရားကို လက်ျာရစ်သုံးပတ်လှည့်၍ ရှေ့, နောက်, ဝဲ, ယာ=လေးဌာနတို့၌ ရှိခိုးပြီးသော် နောက်သို့ ဆုတ်၍ ရပ်တည်နေလေ၏။

မြတ်စွာဘုရားသည် “ဤခြင်္သေ့၏အဖို့ရာ ဤမျှသော ကောင်းမှု ကုသိုလ်အစုသည် မင်္ဂဖိုလ်၏ ဥပနိဿယည်း ပစ္စည်းဖြစ်နိုင်လောက်ပြီ”ဟု ဆင်ခြင်တော်မူ၍ ကောင်းကင်သို့ ပျံတက်တော်မူကာ ကျောင်းတော်တို့သာ ပြန်ကြွတော်မူလေ၏။

### မဟာသာလ သူဌေးသားဘဝ

ထိုခြင်္သေ့သည်လည်း ဘုရားရှင်နှင့် ကွေကွင်းရသဖြင့် စိတ်ဒုက္ခကြီးစွာရောက်ရှိကာ စုတိပြုတ်ကြွေ သေလွန်ပြီးနောက် ဟံသာဝတီပြည်ဝယ် မဟာသာလ သူဌေးမျိုး၌ ပဋိသန္ဓေ ယူနေဖြစ်ပွါး၍ အရွယ်သို့ရောက်လတ်သော် တနေ့သ၌ မြို့သူမြို့သားတို့နှင့် အတူ

တကွ သွားရောက်ကာ တရားတော်ကို နာယူစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "သီဟနာဒိက=ရဲရဲတောက်မင်ဖိုလ်စကား ပြောကြားကြသောရဟန်း"တို့အနက် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်လတ်၍ ရှေးမထေရ်တို့၏ဝတ္ထုများ၌ ဆိုအပ်ပြီးသောနည်းအတိုင်း ခုနစ်ရက်ကြာ မဟာဒါနကို ပြု၍ ထိုရာထူး = ဌာနန္တရကို တောင့်တဆုပန်လေသည်။

မြတ်စွာဘုရားရှင်သည်လည်း ဆုတောင်းပြည့်မည်ကို သိမြင်တော်မူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်၊ ထိုမဟာသာလသူဌေးသားသည် ဗျာဒိတ်ရပြီးနောက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ ထိုဘဝမှ စုတေလတ်သော် ကမ္ဘာတသိန်းကြာ အပါယ်သို့မလားမရောက်ပဲ နတ်ပြည်, လူ့ပြည် အလှည့်အလည် ကျင်လည်ရလေသည်။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ယင်းသို့ နတ်ပြည်, လူ့ပြည် စုန်, ဆန် ကျင်လည်ခဲ့၍ ဤဘုရားပွင့်တော်မူရာ အခါကာလဝယ် ရာဇဂြိုဟ်ပြည် ပုဏ္ဏားသူဌေးမျိုး၌ ဖြစ်၍ အမည်အားဖြင့် "ဘာရဒွါဇ"ဟု အမည်တွင်လေသည်။

### ပိဏ္ဍောလဘာရဒွါဇ အမည်ရပုံ

ဘာရဒွါဇလုလင်သည် အရွယ်သို့ ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်၍ ပုဏ္ဏားလုလင်ငါးရာတို့ကို ဝေဒကျမ်းများ ပို့ချ သင်ကြားပေးလျက် လှည့်လည် သွားလာ ဆရာတဆူပြုလုပ်ကာ နေလေ၏။ ထိုဘာရဒွါဇ ဆရာပုဏ္ဏားလုလင်သည် ကိုယ်တိုင်က ဆရာတဆူဖြစ်နေသောကြောင့် ပင့်ဖိတ်ကျွေးမွေးရာဌာနတို့၌ အားလုံးတို့အတွက် အစာထမင်းကို ပိုင်စိုးပိုင်နင်း ပြုလုပ်ကာ ကိုယ်တိုင်သာလျှင် ခံယူလေသည်၊ ထိုဘာရဒွါဇဆရာပုဏ္ဏားလုလင်သည်ကား အစာအာဟာရ၌ စဉ်းငယ်လျှပ်ပေါ် လော်လည်သော သဘောရှိသူဖြစ်၍ တပည့်လုလင်

ငါးရာတို့နှင့် အတူတကွ "ယာဂု အဘယ်မှာရမည်နည်း၊ ထမင်း အဘယ်မှာ ရမည်နည်း"ဟု ယာဂု, ထမင်း, ခဲဖွယ်တို့ကိုသာ အလေးပြု ဂရုတစိုက် တောင့်တရှာဖွေ လှည့်လည်နေတတ်ချေ၏၊ ထို ဆရာဘာရဒွါဇ ပုဏ္ဏားလုလင်သည် ရောက်လေရာရာ၌ အစာ ထမင်းကိုသာ အဓိကတောင့်တမျှော်ခေါ်ကာ လှည့်လည်နေထိုင် တတ်သောကြောင့် "ပိဏ္ဍောလဘာရဒွါဇ= အစာ့ထမင်းကိုသာ အဓိကရှာမှီးတတ်သော ဘာရဒွါဇပုဏ္ဏား" ဟု ထင်ရှားလေ သည်။

## ရဟန်းပြုသောအခါလည်း
## ပိဏ္ဍောလဘာရဒွါဇ-ဟူ၍ပင် အမည်တွင်ပုံ

ပိဏ္ဍောလဘာရဒွါဇပုဏ္ဏားသည် နောက်တချိန်၌ စီးပွါးဥစ္စာ ပျက်စီးခြင်းအန္တရာယ်နှင့် ကြုံတွေ့ရ၍ ဆင်းရဲသောဘဝသို့ ရောက် ရှိရလေသည်၊ ထိုအချိန် တနေ့သ၌ မြတ်စွာဘုရားရှင် ရာဇဂြိုဟ် ပြည်သို့ ရောက်တော်မူ၍ တရားစကား ဟောကြားတော်မူလေ လျှင် ပိဏ္ဍောလဘာရဒွါဇပုဏ္ဏားသည် တရားတော်ကို နာယူရ၍ သဒ္ဓါတရားဖြစ်ရှိကာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြုလေ၏။

သာသနာတော်သို့ ရောက်ရှိလာကြသော ပုဂ္ဂိုလ်တို့မှာ များသောအားဖြင့် အနွယ်နှင့်စပ်သောအမည်ဖြင့်သာ ထင်ရှား ကြမြဲဖြစ်၍ ဤပိဏ္ဍောလ ဘာရဒွါဇရဟန်းမှာလည်း "ဘာရဒွါဇ ရဟန်းတော်"ဟူ၍သာ အမည်တွင်သင့်သော်လည်း ထိုသို့အမည် မတွင်ပဲ "အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်"ဟူ၍ပင် အမည် တွင်လေသည်၊ ထိုသို့ အမည်တွင်ခြင်း၏ အကြောင်းကား— ထိုမထေရ်သည် အလွန်ကြီးစွာသော အိုးကင်းသပိတ်ကြီးကို ကိုင်ဆောင်သူဖြစ်လျက် ထိုအိုးကင်းကြီးအပြည့် ယာဂုကိုလည်း သောက်လေသည်၊ အိုးကင်းကြီးအပြည့် မုန့်တို့ကိုလည်း စားသုံး လေသည်၊ ထိုအိုးကင်းကြီးအပြည့် ဆွမ်းကိုလည်း ဘုဉ်းပေး လေသည်။ ထိုအခါ ထိုရဟန်း၏ အစားကြီးကြောင်းကို မြတ်စွာ ဘုရားရှင်အား ရဟန်းတို့က လျှောက်ထားကြလေသည်။

မြတ်စွာဘုရားရှင်သည် ထိုမထေရ်အတွက် သပိတ်အိတ်ကို ခွင့်မပြုပဲတော်မူသေးသည်၊ သို့ရကား ထိုမထေရ်၏သပိတ်ကို ညောင်စောင်း = ခုတင်၏အောက်၌ မှောက်၍ ထားရလေ၏၊ မထေရ်သည် သပိတ်ကို ခုတင်အောက်၌ ထားသောအခါမှာလည်း သပိတ်နှုတ်ခမ်းနှင့် အောက်မြေကြမ်း ပွတ်တိုက်လျက်သာ တွန်း၍ ထားရလေသည်၊ ယူသောအခါမှာလည်း ထိုအတူပင် ပွတ်တိုက်လျက်သာ ဆွဲငင်၍ ယူရလေသည်။ ကာလအတန်ကြာသောအခါ ပွတ်တိုက်ရမန်များသဖြင့် သပိတ်အနား (=အိုးကင်းကြီးအနား) ပွန်းပဲ့ကုန်ခန်းကာ ပင်ကိုယ်က အိုးကင်းကြီးခန့်ရှိသော သပိတ်သည် တကွမ်းစားချက် (=တခွက်ချက်) မျှသာ ဆံ့သောသပိတ်ဖြစ်လေတော့၏၊ ထိုအခါ၌ ရဟန်းတို့က မြတ်စွာဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားကြလေသည်၊ ထိုအခါမှ မြတ်စွာဘုရားရှင်သည် မထေရ်၏အတွက် သပိတ်အိတ်ကို သုံးဆောင်ခွင့်ပြုတော်မူလေ၏။ ဤသို့လျှင် ထိုမထေရ်မြတ်သည် ဆွမ်းအလို့ငှါ ဝမ်းရေးကျပ်၍ ရဟန်းပြုသကဲ့သို့ ဖြစ်သောကြောင့် ပိဏ္ဍောလ, အနွယ်အားဖြင့် ဘာရဒွါဇအနွယ်ဖွား ဖြစ်သောကြောင့် ဘာရဒွါဇ=ဤသို့ အမည်နှစ်ရပ် ပေါင်းစပ်ကာ ရဟန်းဖြစ်သောအခါ၌လည်း "အရှင်ပိဏ္ဍောလဘာရဒွါဇ"ဟူ၍ပင် အမည်တွင်တော်မူလေသည်။

အရှင်ပိဏ္ဍောလ ဘာရဒွါဇမထေရ်သည် နောက်တချိန်၌ ဣန္ဒြိယဘာဝနာတရား ပွါးများကြိုးကုတ် အားထုတ်တော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်ရှိကာ ရဟန္တာဖြစ်တော်မူလေ၏။

မထေရ်မြတ်သည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသောအချိန်မှာ ပင် သံကောက် (=သေ့) ကို ယူဆောင်၍ ကျောင်းတိုက်တတိုက်မှ ကျောင်းတိုက် တတိုက်သို့, ပရိဝုဏ်တခုမှ ပရိဝုဏ်တခုသို့ သွားရောက်၍ "မဂ်တရား ဖိုလ်တရား၌ ယုံမှားသံသယရှိသော ရဟန်းသည် အကျွန်ုပ်ကို မေးစေချင်ပါ၏"ဟု မနှိမ်မကြောက် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက်စကား ပြောကြားလှည့်လည်လေသည်။ (ဤအကြောင်းအရာအကျယ်ကို ပိဋကတ်

မြန်မာပြန် မဟာဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ ၂၀၂-၂၀၃၊ ၄-ဇာန္ဒြိယသံယုတ်၊ ၅-ဇရာဝဂ်၊ ၉-ပိဏ္ဍောလဘာရဒွါဇသုတ်၌ ကြည့်ရှုမှတ်ယူရာ၏)။

ထိုအရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် တနေ့သ၌ ရာဇဂြိုဟ်သူဌေး ဝါးအဆင့်ဆင့်ဆက်ကာ စိုက်ထောင်၍ အထောင် ခြောက်ဆယ်မြင့်သော ကောင်းကင်၌ ချိတ်ဆွဲအပ်သော စန္ဒကူး နှစ်သပိတ်ကို တန်ခိုးဖြင့် ယူဆောင်၍ ကောင်းကြီးပေးသော လူများအပေါင်း ခြံရံအပ်လျက် ဝေဠုဝန်ကျောင်းတိုက်သို့ လာ ရောက်၍ ထိုသပိတ်ကို မြတ်စွာဘုရားရှင်လက်တော်၌ ထားလေ သည်၊ မြတ်စွာဘုရားသည် သိတော်မူလျက်ပင် "ချစ်သားဘာရ-ဒွါဇ....သင်သည် ဤသပိတ်ကို အဘယ်မှ ရအပ်သနည်း" ဟု မေးမြန်းတော်မူလေသည်။ မထေရ်က အကြောင်းကို ပြန်ကြား လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်သည် "သင်ချစ်သား ကား ဤသို့ သဘောရှိသော ဥတ္တရိမနုဿဓမ္မ=လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန် မဂ်ဖိုလ် တရားကို လူများအား ပြသဘိ၏၊ သင်ချစ်သားသည် မပြသင့် သည်ကို ပြုဘိ၏"- ဤသို့စသည် များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပြီးနောက် တန်ခိုးပြာဋိဟာ မပြဖို့ရန် သိက္ခာပုဒ် ပညတ်တော်မူလေ၏။ (ဤအကြောင်းအရာ အကျယ်ကို အောက် မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၄၈၇-မှ ၅၀၀-တိုင် ပြန်၍ ဖတ်ရှုရာ၏)။

ထို့နောက် ရဟန်းသံဃာတို့အလယ်၌ "(၁) သီဟနာဒိယ မထေရ် = ရဲရဲတောက် စကား ပြောကြားလေ့ရှိသော အရှင် ပိဏ္ဍောလဘာရဒွါဇမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်သော နေ့၌ပင် ရဟန်းသံဃာအလယ်၌ 'မဂ်တရား ဖိုလ်တရား၌ ယုံမှား သံသယရှိသော ရဟန်းသည် အကျွန်ုပ်ကို မေးစေချင်ပါ၏' ဟု ရဲရဲတောက်စကား ပြောကြားပေ၏။ (၂) ဘုရားရှင်တို့၏ မျက်မှောက်တော်၌လည်း မိမိအရဟတ္တဖိုလ်သို့ ရောက်ကြောင်းကို လျှောက်ထားပေ၏၊ အခြားသော သာဝကတို့ကား ဆိတ်ဆိတ်

သာ ဖြစ်ကြနေကြကုန်၏။ (၃) ထိုမထေရ်သည် မိမိကိုယ်တိုင်က ရဲရဲတောက်စကား ပြောကြားလေ့ရှိသောကြောင့်ပင် လူအပေါင်းအား ကြည်ညိုခြင်းကို ဖြစ်စေ၍ ကောင်းကင်သို့ ပျံတက်ကာ ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးနှစ် သပိတ်ကိုလည်း ယူဆောင်ခဲ့လေပြီ” ဟု အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်၏ ဂုဏ်ကျေးဇူးနှင့် စပ်သော စကားသုံးမျိုး ဖြစ်ပေါ်ခဲ့လေသည်။ ရဟန်းတို့သည် မထေရ်၏ ဤ ဂုဏ်ကျေးဇူး သုံးပါးတို့ကို တပေါင်းတည်းပြုကြကာ မြတ်စွာဘုရားအား လျှောက်ထားကြလေကုန်၏။

ဘုရားရှင်တို့မည်သည် ကဲ့ရဲ့သင့်သောအရာကို ကဲ့ရဲ့တော်မူ၍ ချီးမွမ်းသင့်သောအရာကို ချီးမွမ်းတော်မူကြမြဲ ဓမ္မတာဖြစ်သောကြောင့် ဤအရာ၌ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်၏ ချီးမွမ်းသင့်သော ဂုဏ်အင်္ဂါကိုသာ ယူတော်မူ၍—

“ရဟန်းတို့...ဣန္ဒြေသုံးပါးတို့ကို ပွါးများခြင်း, ကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့် ဘာရဒွါဇရဟန်းသည် ‘ငါ့မှာ ပဋိသန္ဓေနေရမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ် ငါ့မှာမရှိတော့ပြီ-ဟု ငါသိ၏’ ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။

အဘယ်သုံးပါးတို့နည်း ဟူမူ—သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေကို ပွါးများခြင်း, ကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့်တည်း။ ရဟန်းတို့...ဤဣန္ဒြေသုံးပါးတို့ကို ပွါးများခြင်း, ကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့် ဘာရဒွါဇရဟန်းသည် ‘ငါ့မှာ ပဋိသန္ဓေနေရမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ် ငါ့မှာ မရှိတော့ပြီ–ဟု ငါသိ၏’ ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။

ရဟန်းတို့...ဤ ဣန္ဒြေသုံးပါးတို့သည် အဘယ်အဆုံးရှိကုန်သနည်းဟူမူ—ကုန်ခြင်းလျှင် အဆုံးရှိကုန်၏။ အဘယ်

တရား၏ ကုန်ခြင်းလျှင် အဆုံးရှိကုန်သနည်း ဟူမူ—ပဋိသန္ဓေနေမှု, အိုမှု, သေမှု၏ ကုန်ခြင်းလျှင် အဆုံးရှိကုန်၏။ ရဟန်းတို့....ပဋိသန္ဓေနေမှု, အိုမှု, သေမှု ကုန်ပြီဟု ကောင်းစွာသိမြင်သောကြောင့် ဘာရဒွါဇရဟန်းသည် 'ငါ့မှာ ပဋိသန္ဓေနေရမှုကုန်ပြီ၊အကျင့်မြတ်ကိုကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် ငါ့မှာ မရှိတော့ပြီ–ဟု ငါသိ၏'ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏ (မဟာဝဂ္ဂသံယုတ် မြန်မာပြန် စာမျက်နှာ ၂၀၃-မှ)"—

ဤကဲ့သို့ ပိဏ္ဍောလဘာရဒွါဇ မထေရ်မြတ်ကို ချီးမွမ်းစကား မိန့်ကြားတော်မူလေ၏။

ဤ အရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ်သည်ပင် ကောသမ္ဗီပြည့်ရှင် ဥဒေနမင်းကို သရဏဂုံတည်သူ ဥပါသကာ တယောက်ဖြစ်လာအောင် တရားဟောတော်မူခဲ့လေသည်။ (ဤအကြောင်းအရာအကျယ်ကို သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် မြန်မာပြန် စာမျက်နှာ ၃၂၂-မှစ၍ ဘာရဒွါဇသုတ် မြန်မာပြန်ကို ကြည့်ရှုရာ၏)။

## (၈) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် ရဟန်းတော်တို့အား ဧတဒဂ်ဘွဲ့ထူး နှင်းအပ်သောသဘင် ဆင်ယင်ကျင်းပသော အခါ ဤအရှင် ပိဏ္ဍောလဘာရဒွါဇမထေရ်အား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သီဟနာဒိကာနံ ယဒိဒံ ပိဏ္ဍောလဘာရဒွါဇော=ရဟန်းတို့.... မနှိမ်မကြောက် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက်စကား ပြောကြားကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ပိဏ္ဍောလဘာရဒွါဇရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "သီဟနာဒိက = ခြင်္သေ့ဟောက် သကဲ့သို့ ရဲရဲတောက် စကား ပြောကြားသောအရာ"ဝယ် ဧတဒဂ် ထားတော်မူလေ၏။

ဤကား အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် အကြောင်းတည်း။

---

## ( ၉ ) အရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်အကြောင်း

(မထေရ်၏ အမည်တော်ရင်းမှာ ပုဏ္ဏ-အမည်တော်ရှိသည်၊ အရှင်ကောဏ္ဍညမထေရ်ကြီး၏နှမ မန္တာဏိ ပုဏ္ဏေးမ၏ သားတော်ဖြစ်ခြင်းကြောင့် မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်ဟူ၍ အမည်တော်တွင်လေသည်)။

### (က) မထေရ်၏ ရှေးဆုတောင်း

ဤအရှင် မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်အလောင်း အမျိုးကောင်းသားသည် လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသည်မှ ရှေးဦးကပင်လျှင် (= ပွင့်တော်မမူမီကပင်) ဟံသာဝတီမြို့ဝယ် ပုဏ္ဏားသူဌေးမျိုး၌ ဖြစ်ခဲ့လေသည်။ ထိုအမျိုးကောင်းသားကို အမည်မှည့်သောနေ့၌ မိဖဆွေမျိုးတို့က ဂေါတမဟူ၍ အမည်မှည့်ကြလေသည်။

ထို ဂေါတမပုဏ္ဏား သူဌေးသားသည် အရွယ်သို့ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်၍ ခပ်သိမ်းသောအတတ်တို့၌ ကျွမ်းကျင်လိမ္မာသူဖြစ်ကာ လုလင် (တပည့်)ငါးရာ အခြံအရံရှိလျက် လှည့်လည်ကျက်စား သွားလာနေစဉ် ဗေဒင်သုံးပုံတို့ကို စဉ်းစားဆင်ခြင်ကြည့်ရှု၍ ထိုဗေဒင်များ၌ သံသရာဝဋ်မှ လွတ်မြောက်ကြောင်းတရားကို မတွေ့မမြင်ရကား "ဤဗေဒင်သုံးပုံမည်သည် ငှက်ပျောတုံးပမာ အပြင်မှာချောမွေ့လျက် အတွင်းမှာကား အနှစ်မရှိချေ၊ ဤဗေဒင်သုံးပုံကို အမြတ်တနိုးစွဲယူ၍ ယခုလိုငါလှည့်လည်နေခြင်းသည် ဖွဲကို ဆန်ရနိုးနိုးဖြင့် ထုထောင်းခြင်းနှင့် တူလှ၏၊ ငါ့အဖို့ရာ ဤဗေဒင်သုံးပုံဖြင့် အဘယ်အကျိုး

ရှိအံ့နည်း = မရှိသည်သာတည်း''ဟု ကြံစည်ပြီးနောက် တဖန် ဆက်လျှောက်၍ "ငါသည် ရသေ့ရဟန်းပြုလုပ်၍ ဗြဟ္မဝိဟာရ ဈာန်များကို ဖြစ်ပွါးစေကာ ဈာန်မလျှောကျသူဖြစ်လျက် ဗြဟ္မာ့ ပြည်သို့ ဘဝပဋိသန္ဓေကပ်ရောက်သူ ဖြစ်ချိမ့်မည်"ဟု တပည့် လုလင်ငါးရာတို့နှင့် အတူတကွ တောင်ခြေသို့ သွားရောက်လျက် ရသေ့ရဟန်းပြု၍ နေလေ၏။

ထိုဂေါတမရသေ့၏ အခြံအရံတပည့်ရသေ့တို့ကား ဆံကျစ် ရသေ့ပေါင်း တသောင်းရှစ်ထောင်တို့ ဖြစ်ကြလေသည်၊ ဆရာ ဂေါတမရသေ့သည် ကိုယ်တိုင်က လောကီအဘိညာဏ်ငါးပါး, လောကီဈာန် သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေပြီးနောက် ထိုတပည့် ရသေ့တသောင်းရှစ်ထောင်တို့အားလည်း ကသိုဏ်းပရိကံ ပွါး များပုံကို သင်ကြားပြသ၍ ပေးလေ၏၊ တပည့်ရသေ့တသောင်း ရှစ်ထောင်တို့သည်လည်း ထိုဆရာဂေါတမရသေ့၏ အဆုံးအမ၌ တည်ကြ၍ အကုန်လုံးပင် လောကီအဘိညာဏ်ငါးပါး, လောကီ ဈာန်သမာပတ်ရှစ်ပါးတို့ကို ဖြစ်ပွါးစေကြလေ၏။

ဤနည်းဖြင့် အချိန် ကြာညောင်း၍ ဆရာ ဂေါတမ ရသေ့ အသက်အရွယ် အိုမင်းရင့်ရော်သောအခါ၌ ပဒုမုတ္တရမြတ်စွာ ဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ဓမ္မစကြာတရားဦး ဟောတော်မူပြီးနောက် ရဟန်းတသိန်း ခြံရံလျက် ဖွားတော်မူရာ ဟံသာဝတီမင်းနေပြည်ကို အမှီဂေါစရဂါမ်ပြု၍ သီတင်းသုံးနေ တော်မူဆဲဖြစ်၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် တနေ့သ၌ နံနက် မိုးသောက်ထအခါ သတ္တလောကကို ကြည့်ရှုတော်မူလေလျှင် ဂေါတမရသေ့၏တပည့် ရသေ့ပေါင်းတသောင်းရှစ်ထောင်တို့၏ အရဟတ္တဖိုလ်ရကြောင်း ရှေးကောင်းမှုကိုရင်း, ကိုယ်တော်မြတ် ကြွသွားလျှင် ဆရာဖြစ်သော ဂေါတမရသေ့ကလည်း "ငါသည် နောက်အခါပွင့်တော်မူမည့် ဘုရားရှင်၏သာသနာ၌ ဓမ္မကထိက = တရားဟောကောင်းကြသော ရဟန်းတို့အနက် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ်ဖြစ်ရပါလို၏"ဟုဆုတောင်း လိမ့်မည်ကိုရင်း မြင်တော်မူ၍ စောစောပင် ကိုယ်လက်သုတ်သင်မှု

ပြုတော်မူကာ ကိုယ်တော်မြတ်၏ သပိတ်, သင်္ကန်းကို ကိုယ်တော်တိုင်ပင် ယူဆောင်တော်မူ၍ မထင်ရှားသောအသွင်ဖြင့် ဂေါတမရသေ့၏တပည့်များ သစ်မြစ်,သစ်သီးရှာရန် သွားကြသည်ရှိသော် ကြွတော်မူ၍ ဂေါတမရသေ့၏ သင်္ခမ်းကျောင်းတံခါးဝ၌ ရပ်တည်တော်မူလေ၏။

ဂေါတမဆရာရသေ့သည် မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူသည်ကို ကြိုတင်၍ သိမထားသော်လည်း အဝေးမှပင် ပဒုမုတ္တရမြတ်စွာဘုရားရှင်ကို မြင်ရလျှင် "ဤယခု ကြွရောက်လာသောပုဂ္ဂိုလ်မြတ်၏ ကိုယ်ခန္ဓာတော် ပြည့်စုံပြီးစီးမှုကို ထောက်ရှုဆင်ခြင်လျှင် ယင်းလက္ခဏာတို့နှင့် ပြည့်စုံသောသူသည် အိမ်ရာတည်ထောင် လူ့ဘောင်၌တည်နေလျှင် စကြဝတေးမင်း ဖြစ်နိုင်၏၊ ရဟန်းပြုလျှင် ကိလေသာအမိုးကို ပယ်ချိုးဖွင့်လှစ်နိုင်သည့် သဗ္ဗညူဘုရားစင်စစ် ဖြစ်နိုင်၏၊ သို့ရကား ဤယခု ကြွရောက်လာသောယောကျ်ားမြတ်သည် လောကသုံးပါးမှ လွတ်မြောက်ပြီးသူ ဖြစ်၍ထင်ပေ၏"ဟု မဟာပုရိသလက္ခဏာကျမ်းအရ ဘုရားဖြစ်ကြောင်းကောင်းစွာရိပ်မိ သိရှိပြီးလျှင် ရှေးဦးစွာ မြင်လျှင် မြင်ခြင်းပင်မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးဦးညွှတ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ဤအရပ်မှ ကြွတော်မူပါဘုရား"ဟု လျှောက်ထားကာ ဘုရားနေရာတော်ကို ခင်း၍ ပေးလေ၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် ခင်းအပ်သောနေရာ၌ ထိုင်နေတော်မူကာ ဂေါတမရသေ့အား တရားဟောနေတော်မူလေ၏။

ထိုအချိန်၌ တပည့် ဆံကျစ်ရသေ့တို့သည် "ကောင်းနိုးရာရာတောသစ်မြစ်, သစ်သီး ကြီး, ငယ်တို့ကို ငါတို့ဆရာကြီးအားပေးလှူပြီးလျှင် ကြွင်းကျန်သည်ကို ငါတို့စားကြကုန်အံ့"ဟူသောအကြံဖြင့် ပြန်လာကြသည်ရှိသော် မြင့်သောနေရာ၌ မြတ်စွာဘုရားရှင် ထိုင်နေတော်မူသည်ကိုငင်း, နိမ့်သောနေရာ၌ မိမိတို့၏ဆရာကြီး ထိုင်နေသည်ကိုငင်း ပက်ပင်းပါတွေ့မြင်ကြရ၍ "ကြည့်ကြစမ်းပါ, ငါတို့သည် 'ဤလောက၌ ငါတို့ဆရာထက် သာလွန်မြင့်မြတ်သူ မရှိ'ဟု အောက်မေ့ကြကာ လှည့်လည်ခဲ့ကြကုန်၏၊

ယခုမူကား ငါတို့ဆရာကို နိမ့်သောနေရာ၌ ထိုင်စေ၍ မိမိကိုယ်တိုင်ကမူ မြင့်သောနေရာ၌ ထိုင်နေသော ပုဂ္ဂိုလ်မြတ်ကြီးတပါးကို ထင်ရှားစွာ တွေ့မြင်သိရှိအပ်လေပြီ။ ဤပုဂ္ဂိုလ်သူမြတ်ကား အလွန်မြင့်မြတ်ပူဇော်အပ်သူဖြစ်ပေလိမ့်တကား”ဟု ကြံစည်ကြ၍ သစ်သီးခြင်းတောင်းများကို ယူဆောင်ကာ ရှေးရှုလာရောက်ကြလေကုန်၏။

ဆရာဗေါဝရီသည် “ဤရသေ့တို့ကား ငါ့ကို မြတ်စွာဘုရားရှင်၏ အနီးသံတော်မှောက်၌ပင် ရှိခိုးကြကုန်လေရာ၏”ဟု တပည့်ရသေ့တို့ ရှိခိုးကြမည်မှ ကြောက်ရွံ့စိုးခန့်ရကား အဝေးမှပင် “တပည့်တို့...ငါ့ကို ရှိမခိုးကြကုန်လင့်၊ နတ်ဗြဟ္မာနှင့်တကွသော သတ္တလောကဝယ် အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူလျက်သူခပ်သိမ်းတို့ရှိခိုးထိုက်သော ပုဂ္ဂိုလ်မြတ်သည် ဤအရပ်၌ ထိုင်နေတော်မူသည်၊ ထိုပုဂ္ဂိုလ်မြတ်ကို ရှိခိုကြလော့”ဟု တိုက်တွန်းစကား ပြောကြားလေ၏။ တပည့်ရသေ့တို့သည်လည်း “ဆရာကြီးသည် မသိပဲ ပြောကြားလိမ့်မည် မဟုတ်”ဟု အားလုံးပင် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးကြလေကုန်၏။

ဆရာကြီးသည် “တပည့်တို့...ငါတို့၏ အဖိုရာ မြတ်စွာဘုရားအား အခြားလှူရန် ဘောဇဉ်ဟူ၍ မရှိချေ၊ ဤတောသစ်မြစ်, သစ်သီး ကြီး,ငယ်ကိုပင် လှူကြကုန်စို့”ဟု ပြောဆို၍ ကောင်းနိုးရာရာ သစ်မြစ်,သစ်သီးများကို မြတ်စွာဘုရား၏ သပိတ်တော်၌လောင်းထည့် လှူဒါန်းလေ၏။ မြတ်စွာဘုရားရှင် တောသစ်မြစ်, သစ်သီးတို့ကို ဘုဉ်းပေးပြီးသောအခါမှ ဆရာရသေ့သည် တပည့်တို့နှင့် အတူတကွ တောသစ်မြစ်, သစ်သီးတို့ကို စားသုံးလေသည်။

မြတ်စွာဘုရားရှင်သည် သစ်သီးဆွမ်း ဘုဉ်းပေးပြီးလတ်သော် “အဂ္ဂသာဝက ရဟန်းနှစ်ပါးတို့သည် ရဟန်းတသိန်းကို ခေါ်ဆောင်၍ ငါ့ထံမှောက် လာရောက်ကြစေသတည်း”ဟု ကြံစည်တော်မူလိုက်၏၊ ထိုခဏ၌ အဂ္ဂသာဝက ဖြစ်သော မဟာဒေဝလမထေရ်သည် “မြတ်စွာဘုရားသည် အဘယ်အရပ်သို့

ကြွသွားတော်မူသနည်း”ဟု ဆင်ခြင်သည်ရှိသော် “မြတ်စွာဘုရား သည် ကိုယ်တော့်ထံမှောက် ငါတို့၏လာရောက်ခြင်းကို တောင့်တ တော်မူ၏”ဟု သိ၍ ရဟန်းတသိန်းကို ခေါ်ဆောင်ပြီးလျှင် မြတ် စွာဘုရားအထံတော်သို့ သွားရောက်ရှိခိုး ဦးညွတ်လျက် ရပ်တည် ကာ နေလေ၏။

ဆရာဝေါ်တမရသေ့သည် တပည့်များကို “တပည့်တို့....ငါတို့ မှာ ရဟန်းသံဃာအား အခြားပူဇော်ဖွယ်ဟူ၍ မရှိချေ၊ ရဟန်း သံဃာသည် ဆင်းဆင်းရဲရဲ ရပ်တည်၍ နေရ၏၊ ဘုရားအမှူး ရှိသော ရဟန်းသံဃာအတွက် ပန်းနေရာတော် ခင်းကြကုန်စို့၊ တပည့်တို့သည် ရေပန်း, ကြည်းပန်းတို့ကို လျင်မြန်စွာ ဆောင်ယူ ခဲ့ကြလော့”ဟူ၍ ပြောဆိုလေ၏။ တပည့်ရသေ့များသည် ထို ခဏမှာပင် တောင်ခြေမှ အဆင်း, အနံ့နှင့်ပြည့်စုံသော ပန်းတို့ကို တန်ခိုးဖြင့် ဆောင်ယူခဲ့ကြ၍ အောက်-အရှင်သာရိပုတ္တရာမထေရ် ဝတ္ထု၌ ဆိုအပ်ပြီးသော နည်းအတိုင်း ပန်းနေရာတော်တို့ကို ခင်းကြလေကုန်၏။ ထို့နောက် မြတ်စွာဘုရားနှင့် သံဃာတော်တို့ နိရောဓသမာပတ်ဝင်စားကြသောအကြောင်း, ရသေ့တို့ ပန်းထီး မိုး၍ ပေးကြသောအကြောင်းစသည် အလုံးစုံကို အောက်-အရှင် သာရိပုတ္တရာမထေရ်ဝတ္ထု၌ ဆိုအပ်ပြီးသောနည်းအတိုင်း သိမှတ် ရာ၏။

မြတ်စွာဘုရားသည် ခုနစ်ရက်မြောက်သောနေ့၌ နိရောဓ- သမာပတ်မှ ထတော်မူလတ်သည်ရှိသော် ဝန်းရံလျက် ရပ်တည် နေကြသော ရသေ့တို့ကို မြင်တော်မူ၍ တရားဟောကောင်းသော အရာဝယ် ဧတဒဂ်ဘွဲ့ထူးရ သာဝကရဟန်းတော်ကို “ချစ်သား.... ဤရသေ့အပေါင်းသည် ကြီးစွာသော ပူဇော်သက္ကာရမှု ပြုအပ် ပေပြီ၊ ချစ်သားသည် ထိုရသေ့တို့အား ပန်းနေရာအနုမောဒနာ တရား ဟောကြားလော့”ဟု မိန့်တော်မူလေ၏။ ထိုဧတဒဂ် ဘွဲ့ထူးရ ရဟန္တာအရှင်မြတ်သည် မြတ်စွာဘုရား မိန့်ကြားတော် မူချက်ကို ဦးထိပ်ရွက်ပန်ဆင်လျက် ပိဋကတ်သုံးပုံတို့ကို သုံးသပ် ဆင်ခြင်ကာ အနုမောဒနာတရား ဟောကြားလေ၏။ ထိုရဟန်း

အနုမောဒနာတရား ဟောကြား၍ ပြီးဆုံးသောအခါ မြတ်စွာဘုရားသည် ကိုယ်တော်တိုင်ပင် ဗြဟ္မာသံကျူးငြိတ်၍ မင်္ဂလိုလ်ရကြောင်းတရားကို ဆက်လက်၍ ဟောကြားတော်မူလေ၏၊ ဒေသနာနိဂုံး ဆုံးလတ်သောအခါ ဆရာဂေါတမ ရသေ့ကိုထား၍ ကြွင်းကျန်သည့် တသောင်းရှစ်ထောင်သော တပည့် ဆံကျစ်ရသေ့တို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်၏။

ဆရာဖြစ်သူ ဂေါတမရသေ့သည်ကား ထိုကိုယ်၏အဖြစ်ဖြင့် ပဋိဝေဓတရားထူးကို မရနိုင်ရကား မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား ...ရှေးဦးစွာ တရားဟောသော ရဟန်းသည် အရှင်ဘုရား၏ သာသနာတော်ဝယ် အဘယ် အမည် ရှိပါသနည်း" ဟု မေးလျှောက်လေ၏။ မြတ်စွာဘုရားရှင်က "ဂေါတမရသေ့....၌ ရှေးဦးစွာ တရားဟောသော ရဟန်းသည် ငါဘုရား၏ သာသနာ၌ တရားဟောကောင်းကြသော=ဓမ္မကထိကရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ်ဖြစ်ပေ၏" ဟု မိန့်တော်မူလေလျှင် ဂေါတမရသေ့သည် "မြတ်စွာဘုရား....တပည့်တော်သည်လည်း ဤခုနစ်ရက် ပြုလုပ်အပ်သော အဓိကာရကောင်းမှုကုသိုလ်၏ အကျိုးအားကြောင့် ဤရှေးဦးစွာ တရားဟောသော ရဟန်းကဲ့သို့ နောက်အခါဝယ် တဆူဆူသောဘုရားရှင်၏ သာသနာတော်၌ တရားဟောကောင်းကြသော = ဓမ္မကထိကရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်ရပါလို၏" ဟု ဆုတောင်းပတ္ထနာမှု ပြုလုပ်၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းလျက် နေလေ၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် အနာဂတ်ကို ရှုကြည့်တော်မူလတ်သော် ထိုဂေါတမရသေ့၏ တောင့်တချက် အန္တရာယ်မရှိပဲ ပြည့်စုံမည်ကို မြင်တော်မူလတ်၍ "နောက်အခါဝယ် ကမ္ဘာတသိန်းအဆုံး၌ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလိမ့်မည်၊ ထိုအခါ သင်သည် ထိုဂေါတမမြတ်စွာ သာသနာ၌ တရားဟောကောင်းကြသော = ဓမ္မကထိကပုဂ္ဂိုလ်တို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်စကား

မိန့်ကြားတော်မူပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်ပြီးကြသော တပည့်ရသေ့တို့ကို "ထေ ဘိက္ခဝေါ = ရဟန်းတို့...လာကြလော့" ဟု ဧဟိဘိက္ခုခေါ်တော်မူလေ၏။ ထိုအခါ တပည့်ရသေ့အားလုံး တို့သည်ပင် ဆံ,မုတ်ဆိတ်များ (မရိတ်ရပဲ) အလိုလိုကွယ်ပျောက် ဣဒ္ဓိမယသပိတ်,သင်္ကန်းတို့ ကိုယ်ဝယ်အဆင်သင့်ရောက်ရှိဝတ်ရုံပြီး ဖြစ်ကာ အဝါ (၆၀) ခြောက်ဆယ် = သက်တော်ရှစ်ဆယ် ရှိကြ သည့် မထေရ်ကြီးများကဲ့သို့ ရသေ့အသွင်ကွယ်ပျောက် ရဟန်း အဖြစ်သို့ အကြွင်းမဲ့ ရောက်ကြလေကုန်၏။ ပဒုမုတ္တရမြတ်စွာ ဘုရားသည် ရဟန်းအပေါင်းကို နောက်တော်ပါ ခေါ်ဆောင်၍ ကျောင်းတော်သို့တဖန် ပြန်ကြွတော်မူလေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ဂေါတမ ရှင်ရသေ့သည်လည်း အသက်ထက်ဆုံး မြတ်စွာ ဘုရားကို ပြုစုလုပ်ကျွေး၍ အစွမ်းရှိသလောက် ကောင်းမှုကုသိုလ် ပြုပြီးလျှင် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်,လူ့ပြည်တို့၌သာ ကျင် လည်ရ၍ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာ ကာလဝယ် ကပိလဝတ်မင်းနေပြည်တော်၏အနီး ဒေါဏဝတ္ထု- မည်သောပုဏ္ဏားရွာ၌ ပုဏ္ဏားသူဌေးမျိုးဝယ် ပဋိသန္ဓေ တည်နေ ဖြစ်ပွါးလာလေ၏။ ထိုသူငယ်၏အမည်ကို "မိဖဆွေမျိုးတို့က "ပုဏ္ဏ"ဟူ၍ မှည့်ခေါ်ကြလေသည်။

မြတ်စွာဘုရားရှင်သည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် တော်တို့ကို ရ၍ ဓမ္မစကြာတရား ဟောကြားတော်မူပြီးသော် အစဉ်သဖြင့် ကြွရောက်၍ ရာဇဂြိုဟ်ပြည်ကို အမှီဂေါစရဂါမ်ပြုကာ နေထိုင်တော်မူစဉ် အရှင်အညာသိကောဏ္ဍညမထေရ်သည် ကပိ- လဝတ်ပြည် ဒေါဏဝတ္ထုပုဏ္ဏားရွာသို့ ကြွရောက်၍ မိမိ၏တူ (=နှမ၏သား)ဖြစ်သူ ပုဏ္ဏလုလင်ကို ရှင်ရဟန်းပြုပေးပြီးလျှင် ရဟန်းတရား အားထုတ်ပုံကိုပါ ဟောပြခဲ့၍ နောက်တနေ့၌ မြတ်စွာဘုရားအထံတော်သို့ လာရောက်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးခွင့်ပန်၍ အမြဲနေထိုင်ရန်အလို့ငှါ ဆဒ္ဒန်အိုင်သို့ ကြွသွားတော်မူလေ၏။

မန္တာဏိပုတ္တ-အရှင်ပုဏ္ဏမထေရ်သည်ကား ဦးကြီး (= အမေ့မောင်) ဖြစ်သူ အရှင်အညာသိကောဏ္ဍညမထေရ်နှင့် အတူတကွ ဘုရားရှင်ထံတော်သို့ မလိုက်ပါပဲ "ငါ၏ ရဟန်းကိစ္စ အတွတ်အထိပ် = အရဟတ္တဖိုလ်သို့ ရောက်စေပြီးမှသာလျှင် ငါသည် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ဖူးမြော်တော့မည်" ဟု ကြံစည်ဆုံးဖြတ်၍ ကပိလဝတ်ပြည်မှာပင် ချန်နေရစ်ခဲ့လျက် ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်လေလျှင် မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏။

ထိုအရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်၏ အထံ၌ အမျိုးကောင်းသား ငါးရာတို့သည် ရှင်ရဟန်းပြုကြလေ၏၊ မထေရ်မြတ်သည် ကိုယ်တော်တိုင်ကပင် ကထာဝတ္ထုဆယ်ပါး* တို့ကို ရယူလိုက်နာကျင့်သုံးလေ့ရှိတော်မူသောကြောင့် ထိုအမျိုးကောင်းသားရဟန်း ငါးရာတို့ကိုလည်း ကထာဝတ္ထု ဆယ်ပါးတို့ဖြင့်ပင် ဆုံးမတော်မူလေ၏။ ထိုရဟန်းငါးရာတို့သည် အရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်၏ အဆုံးအမ ဩဝါဒ၌ တည့်ကြကာ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်ကြသဖြင့် ငါးရာလုံးပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြလေကုန်၏။

---

* ကထာဝတ္ထုဆယ်ပါး-ဟူသည်မှာ (၁) အပ္ပိစ္ဆကထာ=အလိုနည်းမှုနှင့်စပ်သော တရားစကား၊ (၂) သန္တုဋ္ဌိကထာ=ရောင့်ရဲလွယ်မှုနှင့်စပ်သော တရားစကား၊ (၃) ပဝိဝေကကထာ=ဝိဝေကသုံးပါးနှင့်စပ်သော တရားစကား၊ (၄) အသံသဂ္ဂကထာ=သံသဂ္ဂ ၅-မျိုးမှ ကင်းခြင်းနှင့်စပ်သော တရားစကား၊ (၅) ဝီရိယာရမ္ဘကထာ= ဝီရိယနှင့်စပ်သော တရားစကား၊ (၆) သီလကထာ=သီလနှင့်စပ်သော တရားစကား၊ (၇) သမာဓိကထာ=သမာဓိနှင့်စပ်သော တရားစကား၊ (၈) ပညာကထာ=ပညာနှင့်စပ်သော တရားစကား၊ (၉) ဝိမုတ္တိကထာ=အရဟတ္တဖိုလ်နှင့်စပ်သော တရားစကား၊ (၁၀) ဝိမုတ္တိဉာဏဒဿနကထာ=ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်သော တရားစကား၊ အရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်သည် ကိုယ်တိုင်ကလည်း ဤကထာဝတ္ထုဆယ်ပါးအတိုင်း လိုက်နာကျင့်သုံး၍ တပည့်တို့ကိုလည်း ထိုကထာဝတ္ထုဆယ်ပါးတို့ဖြင့် ဆုံးမတော်မူလေသည်။

ထိုရဟန်းငါးရာတို့သည် မိမိတို့၏ ရဟန်းကိစ္စ အထွတ်အထိပ် (အရဟတ္တဖိုလ်) သို့ ရောက်ပြီးသည်ကို သိရှိကြ၍ ဥပဇ္ဈာယ် ဆရာ အရှင်မန္တာဏိပုတ္တ - ပုဏ္ဏမထေရ်ထံသို့ သွားရောက် ဆည်းကပ်ကြပြီးလျှင် "အရှင်ဘုရား.... တပည့်တော်တို့၏ ရဟန်း ကိစ္စသည် အထွတ်အထိပ်(=အရဟတ္တဖိုလ်)သို့ ရောက်လတ်ပါ ပြီ၊ တပည့်တော်တို့သည် ကထာဝတ္ထုဆယ်ပါး တရားတော်မြတ် တို့ကိုလည်း အလွယ်တကူ ရယူလေ့ရှိကြပါကုန်၏၊ တပည့်တော် တို့၏ အဖို့ရာ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန် အချိန်တန်ပါပြီ ဘုရား"ဟု လျှောက်ထားကြလေကုန်၏။ ဥပဇ္ဈာယ်မထေရ်မြတ် သည် ထိုတပည့်ရဟန်းငါးရာတို့၏ စကားကို ကြားသိရလေလျှင် "ငါ၏ ကထာဝတ္ထုဆယ်ပါး တရားတော်မြတ်ကို ရလွယ်ကြောင်း ကို မြတ်စွာဘုရားရှင် သိတော်မူပေ၏၊ ငါသည် တရားဟောလျှင် ကထာဝတ္ထုဆယ်ပါးတို့ကို လက်မလွှတ်ပဲသာလျှင် ဟောကြား ခဲ့၏၊ ငါယခု ဤရဟန်းတို့နှင့် အတူတကွလိုက်ပါခဲ့လျှင် ဤရဟန်း ငါးရာလုံးပင် ငါ့ကို ဝန်းရံ၍ လိုက်ပါကြလိမ့်မည်၊ ငါ့အဖို့ရာ ဤကဲ့သို့ ဂိုဏ်းသံဃာခြံရံကာ သွားရောက်၍ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန် မသင့်လျော်ချေ၊ ဤရဟန်းတို့သည်ပင် အလျှင်လက်ဦး သွားရောက်၍ မြတ်စွာဘုရားရှင်ကို ဖူးမြော်ကြစေကုန်တော့"ဟု ဆင်ခြင်ပြီးလျှင် ထိုရဟန်းတို့ကို "ငါ့ရှင်တို့....သင်တို့သည် ရှေ့က သွားနှင့်ကြ၍ မြတ်စွာဘုရားရှင်ကို ဖူးမြော်ကြကုန်လော့၊ ငါ၏ အမှာစကားဖြင့် မြတ်စွာဘုရား၏ ခြေတော်အစုံတို့ကိုလည်း ရှိခိုးကြကုန်လော့၊ ငါသည်လည်း သင်တို့သွားရာလမ်းအတိုင်းပင် နောက်မှ လိုက်ပါခဲ့မည်"ဟု မိန့်ဆိုတော်မူလေ၏။

အားလုံးပင် မြတ်စွာဘုရား၏ ဖွားတော်မူရာ ကပိလဝတ် နယ်မြေသားချည်း ဖြစ်ကြ, အားလုံးပင် အာသဝေါ ကုန်ခန်း ရဟန္တာချည်းဖြစ်ကြ,အားလုံးပင် ကထာဝတ္ထုဆယ်ပါးကို ရလွယ် သော ပုဂ္ဂိုလ်ချည်းသာ ဖြစ်ကြသည့် ထိုရဟန်းငါးရာတို့သည် ဥပဇ္ဈာယ်ဆရာ၏ အဆုံးအမ ဩဝါဒကို မဖျက်ကြပဲ အစဉ်သဖြင့် ခရီးဒေသစာရီ လှည့်လည် ကြွသွားကြသည်ရှိသော် ယူဇနာ

ခြောက်ဆယ်ခရီးကိုလွန်၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်သို့ ရောက်ဆိုက်ကြ၍ မြတ်စွာဘုရား၏ ခြေတော်အစုံတို့ကို ရှိခိုးကြပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ထိုင်နေကြလေကုန်၏။

ရောက်ဆိုက်လာကြသော အာဂန္တုရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်ဝမ်းသာစကား ပြောကြားခြင်းသည် ဘုရားရှင်တို့၏ ဓမ္မတာအာစိဏ္ဏ = အလေ့အကျက်တော်ပင် ဖြစ်ရကား မြတ်စွာဘုရားရှင်သည် ထိုရဟန်းငါးရာတို့နှင့်အတူတကွ "ကစ္စိ ဘိက္ခဝေ ခမနီယံ = ရဟန်းတို့....အသို့နည်း ခံ့ကျန်းကြ၏လော" =၌သို့ အစရှိသောနည်းဖြင့် ချိုမြိန်သော အစေ့အစပ်စကား ပြောကြားတော်မူပြီးလျှင်"ရဟန်းတို့ သင်တို့သည် အဘယ်အရပ်မှ လာကြကုန်သနည်း"ဟု မေးတော်မူလေ၏။ ထိုရဟန်းတို့က "ရှင်တော်ဘုရား၏ဖွားတော်မူရာ ကပိလဝတ်နယ်မြေမှ လာကြပါကုန်သည် ဘုရား"ဟု လျှောက်ထားကြလေလျှင် မြတ်စွာဘုရားသည် "ရဟန်းတို့....ငါဘုရား၏ ဖွားတော်မူရာ ကပိလဝတ်နယ်မြေသား ရဟန်းများတို့တွင် အဘယ်ရဟန်းကို သီတင်းသုံးဖော် သီလာတော်တို့က 'ဤရဟန်းသည် ကိုယ်တိုင်က အလိုနည်းသူ ဖြစ်ပြီးလျှင် ရဟန်းတို့ကိုလည်း အပ္ပိစ္ဆကထာ = အလိုနည်းမှုနှင့် စပ်သော တရားစကားကို ပြောကြားလေ့ရှိသူ ဖြစ်၏'ဟု ချီးမွမ်းအပ်သနည်း"-၌သို့ အစရှိသည်ဖြင့် ကထာဝတ္ထု ဆယ်ပါးရလွယ်သော ရဟန်းကို ဦးစားပေး၍ မေးတော်မူလေ၏။ ထိုရဟန်းငါးရာတို့သည်လည်း "အရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်ကို သီတင်းသုံးဖော် သီလာတော်တို့က ထိုကဲ့သို့ ချီးမွမ်းအပ်ပါသည် ဘုရား" ဟု မြတ်စွာဘုရားအား တညီတညွတ်တည်း လျှောက်ထားကြလေကုန်၏။ ထိုစကားကို ကြားရ၍ အရှင်သာရိပုတ္တရာမထေရ်သည် အရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်ကို အလွန်ပင် တွေ့မြင်တော်မူလိုလေသည်။

ထို့နောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ကြွရောက်တော်မူလေ၏၊ ပုဏ္ဏမထေရ်သည် မြတ်စွာဘုရားရှင် သာဝတ္ထိပြည်သို့ ကြွရောက်လာတော်မူကြောင်းကို ကြားသိလေ

လျှင် "မြတ်စွာဘုရားကို ငါဖူးမြော်ပေအံ့" ဟု တပါးတည်း သာဝတ္ထိပြည်သို့ ကြွရောက်၍ ဂန္ဓကုဋီတိုက်တော်၌ပင် မြတ်စွာဘုရားရှင်ကို တိုက်ရိုက်ဖူးမြော်လေသည် (မည်သည့်ရဟန်းကိုမျှ လည်း ရှေ့ဆောင်မပြု)။ မြတ်စွာဘုရားသည် ပုဏ္ဏမထေရ်အား ကထာဝတ္ထုဆယ်ပါးနှင့်စပ်သော တရားကို ဟောတော်မူလေ၏။ ပုဏ္ဏမထေရ်သည် တရားနာပြီးသော် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ တပါးတည်းကိန်းအောင်းရန် အန္ဓဝန်တောအုပ်သို့ သွားရောက်ကာ သစ်ပင်ရင်းတခု၌ နေ့သန့်နေတော်မူလေ၏။ အရှင်သာရိပုတ္တရာမထေရ်သည်လည်း ပုဏ္ဏမထေရ် အန္ဓဝန်တောအုပ်သို့ သွားရောက်ကြောင်း ကြားသိရ၍ မျက်ခြေမပျောက် ပုဏ္ဏမထေရ်၏ ဦးခေါင်းကိုကြည့်ရှုလိုက်ပါကာ အခါအခွင့် သင့်လျောက်ပတ်သည်ကို မှတ်သား၍ ညနေချမ်းကာလ၌ ထိုသစ်ပင်ရင်းသို့ ကြွရောက်ကာ အရှင်ပုဏ္ဏမထေရ်နှင့် ဝမ်းမြောက်ဖွယ်စကား ပြောကြားပြီးနောက် ဝိသုဒ္ဓိခုနစ်ပါး တရားအစဉ်ကို မေးမြန်းတော်မူလေသည်၊ အရှင်ပုဏ္ဏမထေရ်သည် အရှင်သာရိပုတ္တရာ မေးတိုင်း မေးတိုင်းသော ပြဿနာတို့ကို ဖြေကြားတော်မူလေသည်၊ ထိုမထေရ်မြတ်ကြီးနှစ်ပါးတို့သည် အချင်းချင်းပြောဆိုအပ်သော တရားစကားကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုတော်မူကြလေသည်။ (၎င်းအကြောင်းအရာအကျယ်ကို ပိဋကတ်မြန်မာပြန် မူလပဏ္ဏာသပါဠိတော်၊ ၃-ဩပမ္မဝဂ်၊ ၄-ရထဝိနီတသုတ်၊ စာမျက်နှာ ၂၀၄-မှစ၍ ကြည့်ရှု မှတ်ယူကုန်ရာ၏)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် ရဟန်းတော်တို့အား ဧတဒဂ်ဘွဲ့ထူး နှင်းအပ်သောအခါ ၎င်းအရှင်မန္တာဏိပုတ္တပုဏ္ဏမထေရ်အား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓမ္မကထိကာနံ ယဒိဒံ ပုဏ္ဏော မန္တာဏိပုတ္တော = ရဟန်းတို့....တရားဟောကျောင်းကြသည့် ငါဘုရား၏ တပည့်

သ၁ဝက ရဟန်းတို့တွင် မန္တာဏီပုဏ္ဏေးမ၏သား ပုဏ္ဏ
ရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "ဓမ္မကထိက = တရားဟော ကောင်းသောအရာ"ဝယ် ဧတဒဂ်ထားတော်မူလေ၏။

ဤကား အရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ် အကြောင်းတည်း။

---

## (၁၀) အရှင်ကစ္စည်းမထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤ အရှင်ကစ္စည်းမထေရ်အလောင်း သူတော်ကောင်းသည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါဝယ် သူကြွယ်မျိုး၌ ဖြစ်၍ ကြီးပြင်းခြင်းသို့ ရောက်လတ်သော် တနေ့သ၌ ရှေးမထေရ်အလောင်းများနည်းတူ ကျောင်းတိုက်သို့ သွားရောက်၍ ပရိသတ်အစွန်အဖျား၌ ရပ်တည်ကာ တရားနာယူနေစဉ် မြတ်စွာဘုရားရှင်က ရဟန်းတပါးကို"အကျဉ်းဟောအပ်သော တရားစကား၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဘန်ခွဲခြား စိတ်ဖြာဟောကြားတတ်သော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး တည်းဟူသော" = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်လတ်၍ "ဤရဟန်းကား အလွန် ကြီးမြတ်စွာတကား၊ ယင်းရဟန်းကို မြတ်စွာဘုရားသည် ဤကဲ့သို့ ( = အကျဉ်းဟောကြားအပ်သော တရားစကား၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဘန် ခွဲခြား စိတ်ဖြာ ဟောကြားတတ်သော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး ဟု) ချီးမွမ်းတော်မူ၏၊ ငါသည်လည်း နောက်အခါ တဆူဆူသောဘုရားရှင်၏ သာသနာ၌ ဤရဟန်း ကဲ့သို့သော ဧတဒဂ်ဘွဲ့ထူးရ-ရဟန်းဖြစ်မှ သင့်တော့မည်"ဟု ကြံစည်စဉ်းစားမိ၍ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ပြီးလျှင် ရှေး၌ ဆိုအပ်ပြီးသော နည်းအတိုင်း ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလှူပြီးနောက် "မြတ်စွာဘုရား........တပည့်တော်သည် ဤခုနစ်ရက်ကြာ မဟာဒါန သက္ကာရ ကောင်းမှုကုသိုလ်၏ အကျိုးအား

ကြောင့် အခြားစည်းစိမ်ကို မတောင့်တပါ၊ စင်စစ်သော်ကား နောက်အခါ၀ယ် တဆူဆူသောဘုရားရှင်၏ သာသနာ၌ ယနေ့မှ အထက် လွန်ခဲ့သောခုနစ်ရက်က အရှင်ဘုရားတို့ တေဒဂ်ရာထူး-ဌာနန္တရ၌ ထားအပ်သော ရဟန်းကဲ့သို့ပင် တပည့်တော်သည်လည်း ထို(အကျဉ်းဟောကြားအပ်သောတရားစကား၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဘန်ခွဲခြား စိတ်ဖြာဟောကြားတတ်သော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး) တေဒဂ်ရာထူး ဌာနန္တရကို ရပါလို၏”ဟု ဆုတောင်းပတ္ထနာမှု ပြုလုပ်၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းလျက် နေလေ၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် အနာဂတ်ကို ရှုကြည့်တော်မူလတ်သော် “ဤ အမျိုးကောင်းသား၏ တောင့်တချက်သည် ပြည့်စုံလိမ့်မည်”ဟု မြင်တော်မူ၍ “အိုအမောင် အမျိုးကောင်းသား....နောက်အခါ၀ယ် ကမ္ဘာတသိန်းအဆုံး၌ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလိမ့်မည်၊ သင်သည် ထိုဂေါတမမြတ်စွာ သာသနာ၌ အကျဉ်း ဟောကြားအပ်သော တရားစကား၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဘန်ခွဲခြား စိတ်ဖြာ ဟောကြားတတ်သော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = တေဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်လိမ့်မည်”ဟု ဗျာဒိတ်ကြား၍ အနု-မောဒနာတရား ဟောကြားပြီးလျှင် ခဲသွားတော်မူလေ၏။

### ရွှေအုတ်လှူခြင်း

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ ကမ္ဘာတသိန်းကာလပတ်လုံး အပါယ်မလားစေနည်ပြည်, လူ့ပြည်တို့၌ ကျင်လည်၍ ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါ ဗာရာဏသီပြည်ဝယ် အမျိုးကောင်းအိမ်၌ ဖြစ်၍ ကဿပမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလတ်သည် ရှိသော် ရွှေစေတီကြီးတည်ဆောက်ရာအရပ်သို့ သွားရောက်လျက် အဖိုးတသိန်းထိုက်သော ရွှေအုတ်ဖြင့် ပူဇော်မှုပြုပြီးလျှင် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဖြစ်လေရာရာ ဘုံဌာန၌ တပည့်

တော်၏ကိုယ်သည် ရွှေအဆင်းရှိသည် ဖြစ်ပါစေသတည်း"ဟု ဆုတောင်းပန်ထွာမှု ပြုခဲ့လေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုနောက် အသက်ထက်ဆုံး ကုသိုလ်မှုကို ပြုလုပ်၍ ဗုဒ္ဓန္တရ အသင်္ချေယျတကပ်ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည် ပြီးလျှင် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာ ကာလ၌ ဥဇ္ဇေနီမြို့ဝယ် ပုရောဟိတ်၏သား ဖြစ်၍ လာလေ၏၊ ထိုသတို့သားကို အမည်မှည့်သော နေ့ဝယ် "ငါ၏ သားသည် ရွှေရောင်အဆင်း ဝါဝင်းသောကိုယ်ရှိလျက် မိမိသည်ပင် မိမိ၏ အမည်ကို မှည့်ခေါ် ယူငင်၍ လာသူဖြစ်သည်"ဟု ဖခင်ကပြောဆို ၍ "ကဥ္စနသတို့သား"ဟူသော အမည်ကို မိဖဆွေမျိုးတို့က မှည့်ခေါ်ကြလေ၏။ ကဥ္စနသတို့သားသည် အရွယ်ကြီးပြင်းလတ် သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်၍ ခမည်းတော် ပုရောဟိတ်ကြီး ကွယ်လွန်သောအခါ၌ ခမည်းတော်၏ အရိုက် အရာ ပုရောဟိတ်ရာထူးကို ရရှိလေ၏။ ထိုကဥ္စနသတို့သား ပုရော ဟိတ်ပုဏ္ဏားသည် အနွယ်၏ အစွမ်းအားဖြင့် "ကစ္စာန"ဟူ၍ မည်တွင်ပြန်လေသည်။

စဏ္ဍပဇ္ဇောတမင်းသည် အမတ်တို့ကို စည်းဝေးစေ၍ "အမတ် တို့....လောက၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာပြီ၊ ထိုမြတ်စွာ ဘုရားကို ပင့်ဆောင်နိုင်စွမ်းသော အမတ်တို့သည် သွားရောက်၍ ပင့်ဆောင်ကြလော့"ဟု မိန့်ဆိုလေ၏။ အမတ်တို့က "အရှင် မင်းမြတ်....ကစ္စာနပုရောဟိတ်မှတပါး အခြား မြတ်စွာဘုရားကို ပင့်ဆောင်စွမ်းနိုင်မည့်သူ မရှိပါ၊ ဆရာကစ္စာန ပုရောဟိတ် ပုဏ္ဏားသည်သာလျှင် ပင့်ဆောင်နိုင်စွမ်း ရှိပါသည်၊ သူ့ကို ခွင့်လွှတ်တော်မူကြပါကုန်လော့"ဟု တညီတညွတ်တည်း တင် လျှောက်ကြလေလျှင် စဏ္ဍပဇ္ဇောတမင်းသည် ကစ္စာနပုရောဟိတ် ကို ခေါ်စေ၍ "အမောင်ကစ္စာန....မြတ်စွာဘုရား၏ အထံတော် သို့ သွားရောက်ပင့်ဆောင်ချေလော့"ဟု မိန့်ဆိုလေ၏။ ကစ္စာန

ပုရောဟိတ်က "မြတ်သော မင်းကြီး........အကျွန်ုပ်သွားရောက်၍ ရဟန်းပြုခွင့်ကို ရပါမူ သွားရောက်ပါမည်"ဟု လျှောက်ထားလေလျှင် စဏ္ဍပဇ္ဇောတမင်းသည် "အမောင်ကစ္စာန....ခပ်သိမ်းသော အမှု အမောင်နှစ်သက်ရာပြုပြီးလျှင် မြတ်စွာဘုရားကိုသာ ပင့်ဆောင်ခဲ့ပါလော့"ဟု ခွင့်ပြုစကား မိန့်ကြားလေ၏။

ကစ္စာနပုရောဟိတ်ဆရာသည် "ဘုရားရှင်တို့ထံ သွားရောက်သောသူ၏အဖို့ရာ များစွာသောပရိသတ်ဖြင့် အလုပ်ကိစ္စ မရှိ"ဟု ကြံစည်ဆင်ခြင်၍ မိမိလျှင် ရှစ်ယောက်မြောက် ရှိသူ ဖြစ်လျက် (=အဖော်ခုနစ်ယောက်ကိုသာခေါ်၍-ဟု ဆိုလိုသည်) မြတ်စွာဘုရားရှင် အထံတော်သို့ သွားရောက်လေသည်။ ထိုအခါ မြတ်စွာဘုရားသည် ကစ္စာနပုရောဟိတ်အား တရားဟောတော်မူလေ၏၊ ဒေသနာနိဂုံး ဆုံးလတ်သောအခါ ကစ္စာနပုရောဟိတ်ဆရာသည် အဖော်ခုနစ်ယောက်တို့နှင့် အတူတကွ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်လေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် "ဧထ ဘိက္ခဝေါ= ရဟန်းတို့ ....လာကြလော့"ဟု ခေါ်တော်မူကာ လက်ျာလက်တော်ကို ဆန့်တန်းတော်မူလိုက်လေ၏၊ ထိုခဏမှာပင် ရှစ်ဦးလုံး ဆံ,မုတ်ဆိတ် ကွယ်ပျောက် ဣဒ္ဓိမယ သပိတ်,သင်္ကန်းတို့ ကိုယ်သို့ ရောက်လျက် ဝါတော်ခြောက်ဆယ်=သက်တော်ရှစ်ဆယ်ရှိသော မထေရ်ကြီးများကဲ့သို့ ရဟန်းအဖြစ်သို့ ရောက်ရှိကြလေ၏။

အရှင်ကစ္စည်းမထေရ်သည် မိမိ၏ ရဟန်းကိစ္စ အထွတ်အထိပ် (=အရဟတ္တဖိုလ်) သို့ ရောက်ပြီးလတ်သော် ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေတော်မမူပဲ အရှင်ကာဠုဒါယီ မထေရ်ကဲ့သို့ပင် မြတ်စွာဘုရားရှင် ဥဇ္ဇေနီပြည်သို့ ကြွရောက်တော်မူရန် လမ်းခရီး၏ ဂုဏ်ကျေးဇူးဖွဲ့ဂါထာများကို လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည် အရှင်ကစ္စည်းမထေရ်၏ စကားကို ကြားသိတော်မူ၍ "ကစ္စာနသည် မိမိ၏ ဖွားရာမြေ=ဥဇ္ဇေနီပြည်သို့ ငါဘုရား၏ လိုက်ပါခြင်းကို တောင့်တပေ၏"ဟု သိတော်မူ၏။ အထူးအားဖြင့် ဘုရားရှင်တို့မည်သည် အကြောင်းတခုခုကို အစွဲပြု၍ သွားရန် မသင့်လျော်သော အရပ်သို့ ကြွသွားတော် မမူကြကုန်၊

သို့ရကား မြတ်စွာဘုရားရှင်သည် အရှင်ကစ္စည်း မထေရ်ကို "ချစ်သား....သင်သာလျှင် ဥဇ္ဇေနီပြည်သို့ သွားလေလော့၊ သင်ချစ်သားသွားလျှင်လည်း စဏ္ဍပဇ္ဇောတမင်းသည် ကြည်ညိုပေလိမ့်မည်"ဟု မိန့်တော်မူလေ၏။

အရှင်ကစ္စည်းမထေရ်သည် "ဘုရားရှင်တို့အဖို့ရာ စကားနှစ်ခွ ဟူ၍ မရှိချေ"ဟု ဆင်ခြင်စဉ်းစားတော်မူပြီးလျှင် မြတ်စွာဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုး၍ မိမိနှင့် အတူတကွ လိုက်ပါလာကြသော ရဟန်းခုနစ်ပါးတို့နှင့် အတူတကွ ဥဇ္ဇေနီပြည်သို့ ကြွတော်မူလေ၏။

## သူဌေးသမီး နှစ်ယောက်တို့အကြောင်း

ထိုသို့ ဥဇ္ဇေနီပြည်သို့ ကြွချီတော်မူလေသော် လမ်းခရီးအကြား ဝယ် "တေလပနာဠိ"မည်သော နိဂုံး၌ ဆွမ်းခံ လှည့်လည်တော်မူလေ၏။ ထိုနိဂုံးမှာလည်း သူဌေးသမီးနှစ်ယောက်တို့ ရှိကြသည့်အနက် သူဌေးသမီးတယောက်သည် စီးပွါးပျက်သော သူဌေးမျိုး၌ ဖြစ်ရ၍ မိဖတို့ကွယ်လွန်လျှင် အထိန်းတော်ကြီးကို အမှီပြု အားကိုး၍ အသက်ရှင်ရ၏၊ သို့သော် ထိုသူဌေးသမီး၏ခန္ဓာကိုယ်အတ္တဘောမှာ အလွန်ပင်တင့်တယ် ပြည့်ဖြိုးလှပပေ၏၊ ဆံပင်များသည်လည်း အခြားမိန်းမတို့၏ ဆံပင်များထက် ရှည်လည်းရှည် နုလည်းနု ပြေလည်းပြေပြစ် ပိတုန်းအရောင် ညိုမှောင်သော အဆင်းလည်း ရှိ၏။ ထိုနိဂုံးမှာပင် အခြားသူဌေးသမီးတဦးကား ဆံပင်နည်းပါးသူ ဖြစ်၏၊ ထိုသူဌေးသမီးသည် အရှင်ကစ္စည်း မထေရ်တို့ မကြွလာမီ ရှေးအခါက ထိုဆံပင်ကောင်းသော (စီးပွါးပျက်) သူဌေးသမီးထံသို့ လူလွှတ်၍ "တရာဖြစ်စေ တထောင်ဖြစ်စေ ထိုဆံပင်များအတွက် ဆိုတိုင်းအဖိုးပေးပါမည်" ဟု တောင်းခံဝယ်ယူ ပြောဆိုသော်လည်း ဆံပင်ရှင်သူဌေးသမီး က မရောင်းသည့်အတွက် မရယူနိုင်ခဲ့ချေ။

အရှင်ကစ္စည်းမထေရ်တို့ ဆွမ်းခံ ကြွဝင်လာသော နေ့၌ကား ဆံပင်ရှင်သူဌေးသမီးသည် ရဟန်းခုနစ်ပါးတို့ ခြီရံအပ်လျက်

သပိတ်အချည်းနှီး ဆွမ်းမပါဝဲ ကြွလာသော အရှင်ကစ္စည်း မထေရ်ကို ဖူးမြင်ရ၍ "ရွှေရောင်အဆင်းရှိသည့် မြဟ္မာ့နွယ်ဖွား ဤရဟန်းတော်တပါးသည် ဆေးမြဲတိုင်းသော သပိတ်ဖြင့်သာလျှင် ကြွလာတော်မူ၏၊ ငါ့မှာလည်း အခြားဥစ္စာဟူ၍ မရှိ၊ ဤမည်သော သူဌေးသမီးသည်ကား ဤငါ၏ဆံပင်များအလို့ငှါ ဈေးကလူလွှတ်ဘူးလေပြီ၊ ယခုအခါ ဤငါ့ဆံပင်များမှ ရအပ်သော အဖိုးဥစ္စာဖြင့် မထေရ်မြတ်အား ယျူဖွယ်ဝတ္ထု (= ဆွမ်းပစ္စည်း)ကို ပေးလှူနိုင်လောက်၏"ဟု ဆင်ခြင်စဉ်းစား၍ အထိန်းတော်ကြီးကို လွှတ်ပြီးလျှင် မထေရ်တို့ကို ပင့်၍ အိမ်တွင်း၌ ထိုင်နေစေလေ၏။

သူဌေးသမီးသည် မထေရ်မြတ်တို့ ထိုင်နေမိကြသောအခါ အိမ်ခန်းတွင်းသို့ဝင်၍ အထိန်းတော်ကြီးကို မိမိ၏ဆံပင်များကို ရိတ်ဖြတ်စေပြီးလျှင် "အိုမိခင်....ဤဆံပင်များကို ဤအမည်ရှိသော သူဌေးသမီးအား ပေးအပ်၍ ထိုသူဌေးသမီး ပေးသမျှသော အဖိုးဥစ္စာကို ယူဆောင်ခဲ့ပါလော့၊ အရှင်မြတ်တို့အား ဆွမ်းကို လှူဒါန်းကြပါကုန်အံ့"ဟု ပြောဆိုလွှတ်လိုက်လေ၏၊ အထိန်းတော်ကြီးသည် လက်ဖမိုးဖြင့် မျက်ရည်များကို သုတ်၍ ကျန်လက်တဖက်ဖြင့် မိမိရင်ကို မ-ချီကာ မထေရ်မြတ်တို့၏ အနီး၌ မမြင်ရအောင်ဖုံးဌက်၍ ထိုဆံပင်များကို ယူဆောင်ကာ (ဈေးက ဆံပင်အဝယ်လွှတ်သော) ထိုသူဌေးသမီးထံသို့ သွားရောက်လေ၏။

"ရောင်းကုန်မည်သည် ကောင်းမွန် အဖိုးထိုက်တန်သော ပစ္စည်းပင်ဖြစ်လင့်ကစား ပစ္စည်းရှင်ကိုယ်တိုင်က ဝယ်ယူသူ့ထံသို့ ပို့အပ်လျှင် ဝယ်ယူမည့်သူက ရိုသေလေးနာမှု မပြုခြင်း = ဈေးနှိမ်ခြင်းကို ဖြစ်စေတတ်မြဲဓမ္မတာ ဖြစ်သည်"။

သို့ရကား စည်းစိမ်ရှင် (= ဆံပင်နည်းပါးသော) သူဌေးသမီးသည် "ငါကား ဈေးက များစွာသောဥစ္စာဖြင့် ပေး၍ဝယ်ပါသော်လည်း ဤဆံပင်များကို ဆောင်ယူစေခြင်းငှါ (= ရယူ

ခြင်းငှါ) မတတ်နိုင်ခဲ့ချေ၊ ယခုမူကား ဖြတ်ပြီးသောအချိန်မှစ၍ ထိုသူဌေးသမီးသည် မူလတန်ဖိုးကို ရနိုင်တော့မည် မဟုတ် = ငါ ဆိုသမျှ သင်းခံရမည်သာ ဖြစ်၏” ဟု ကြံစည်ကာ အထိန်းတော် ကြီးကို “အိုအထိန်းတော်ကြီး....ကျွန်မသည် ရှေးက အထိန်းတော် ကြီး၏ သခင်မကို များစွာသောဥစ္စာဖြင့် ပေး၍ ဝယ်ပါသော် လည်း ဆံပင်များကို ဆောင်ယူစေခြင်းငှါ ( = ရယူခြင်းငှါ) မတတ်နိုင်ခဲ့ပါ၊ တစုံတခုသော နေရာ၌ ကျလိုရာကျပြီးသည့် အသက်မဲ့ဆံပင်တို့မည်သည် ရှစ်ကျပ်သာအဖိုးတန်ပါကုန်၏” ဟု ပြောဆိုဈေးနှိမ်ကာ အထိန်းတော်ကြီးအား ငွေရှစ်ကျပ်တို့ကိုသာ ပေးလိုက်လေ၏။

အထိန်းတော်ကြီးသည် အသပြာရှစ်ကျပ်တို့ကို ယူဆောင်ခဲ့၍ (စီးပွါးပျက်) သူဌေးသမီးအား ပေးလိုက်လေ၏၊ (စီးပွါးပျက်) သူဌေးသမီးသည် ဆွမ်းတပါးတပါးစာလျှင် အသပြာတကျပ်တန် တကျပ်တန်ပြုလုပ်၍ မထေရ်မြတ်ရှစ်ပါးတို့အား ဆက်ကပ်လှူဒါန်း လေ၏၊ အရှင်ကစ္စည်းမထေရ်မြတ်သည် ဆင်ခြင်ကြည့်ရှုတော်မူ လတ်သော် သူဌေးသမီး၏ ဥပနိဿယည်း အားကြီးသော ကောင်းမှုကို မြင်တော်မူလတ်၍ “သူဌေးသမီးသည် ယခုအခါ အဘယ်မှာနည်း” ဟု မေးတော်မူ၏၊ အထိန်းတော်ကြီးက “အိမ်ခန်းထဲမှာပါ အရှင်ဘုရား....” ဟု လျှောက်ထားလေလျှင် မထေရ်မြတ်သည် “ထိုဆွမ်းဒါယိကာ သူဌေးသမီးကို ခေါ်လိုက် ကြလော့” ဟု မိန့်တော်မူလေ၏။

ဆွမ်းဒါယိကာ သူဌေးသမီးသည်လည်း မထေရ်တို့၌ ရိုသေ လှသောကြောင့် တခွန်းတည်းသောစကားဖြင့်ပင် လာရောက်၍ မထေရ်တို့ကို ရှိခိုးပြီးလျှင် အားကြီးသော သဒ္ဓါတရားကို အထပ် ထပ် ဖြစ်ပွါးစေလေ၏။ (လယ်ယာမြေကောင်းသဖွယ် ဖြစ်သော ဤ သာသနာတော်၌ သဒ္ဓါကြည်ဖြူ တည်လှူ ကြချအပ်သော ဆွမ်းအလှူဒါန မျိုးစေ့သည် မျက်မှောက်ဘဝ၌ပင် အကျိုး ပေး၏)၊ သို့ရကား မထေရ်တို့ကို ရှိခိုးလိုက်သည်နှင့် တပြိုင်နက် ( = ရှိခိုးလျှင် ရှိခိုးခြင်း) ဆွမ်းဒါယိကာ သူဌေးသမီး၏ ဆံပ

များသည် မူလပကတိ အဖြစ်၌သာလျှင် တည်ကြလေကုန်၏ (=မူလပကတိအတိုင်း ပြန်၍ဖြစ်လာကြသည်)။ မထေရ်တို့သည်လည်း ထိုဆွမ်းကို အလှူခံတော်မူကြ၍ သူဌေးသမီး မြင်စဉ်ပင် ကောင်းကင်သို့ ပျံတက်ကြွသွားကြကာ စဏ္ဍပဇ္ဇောတမင်း၏ "ကဥ္စနဝန" မည်သော ဥယျာဉ်၌ သက်ဆင်းတော်မူကြလေကုန်၏။

ဥယျာဉ်မှူးသည် အရှင်ကစ္စည်းမထေရ်ကို မြင်ရလျှင် မင်းကြီးထံသို့ သွားရောက်၍ "အရှင်မင်းကြီး....အကျွန်ုပ်၏အရှင် ကစ္စာနပုရောဟိတ်သည် ရှင်ရဟန်းပြုပြီး၍ ဥယျာဉ်တော်သို့ ကြွရောက်လာပါပြီ" ဟု လျှောက်ထားလေ၏။ စဏ္ဍပဇ္ဇောတမင်းသည် ဥယျာဉ်သို့ သွားရောက်၍ ဆွမ်းကိစ္စပြုပြီးသော အရှင်ကစ္စည်းမထေရ်ကို တည်ခြင်းငါးမျိုးဖြင့် ရှိခိုးပြီးသော် အပြစ်လွတ်ရာနေရာ၌ ထိုင်နေလျက် "အရှင်ဘုရား....မြတ်စွာဘုရား အဘယ်မှာနည်း" ဟု မေးလျှောက်လေ၏။ အရှင် ကစ္စည်းမထေရ်က "မြတ်သောမင်းကြီး .. မြတ်စွာဘုရားသည် ကိုယ်တော်တိုင်ကြွလာတော်မမူသေးပဲ ငါ့ကို လွှတ်လိုက်၏"ဟု မိန့်ဆိုလေလျှင် စဏ္ဍပဇ္ဇောတမင်းသည် "အရှင်ဘုရား····အရှင်ဘုရားတို့သည် ယနေ့ဘုဉ်းပေးရန် ဆွမ်းကို အဘယ်အရပ်၌ ရပါကုန်သနည်း" ဟု မေးလျှောက်ပြန်လေ၏။ အရှင်ကစ္စည်းမထေရ်သည် မင်းကြီး၏ အမေးနှင့် လိုက်လျောသဘောတူညီစွာ ဆွမ်းဒါယိကာ သူဌေးသမီး ပြုလုပ်အပ်သည့် ခဲယဉ်းစွာသော ကောင်းမှုကုသိုလ်အကြောင်းကို အလုံးစုံ ပြန်ကြားမိန့်တော်မူလေ၏။

စဏ္ဍပဇ္ဇောတမင်းကြီးသည် အရှင်ကစ္စည်းမထေရ်၏အတွက် နေရာဌာနကို ကြပ်မစီမံ၍ မထေရ်မြတ်ကို နက်ဖြန်ဆွမ်းအလို့ငှါ ပင့်ဖိတ်ပြီးသော် ရွှေနန်းတော်သို့ ပြန်သွားလျက် ဆွမ်းဒါယိကာ သူဌေးသမီးကို မင်းအာဏာဖြင့် ခေါ်ယူ၍ မိဖုရားကြီးအရာ၌ မြှောက်စားတင်ထားလေ၏။ ဤဆွမ်းဒါယိကာ သူဌေးသမီး၏ ပဉ္စမဇော ကုသိုလ်စေတနာအတွက် မျက်မှောက်ဘဝ၌ဖြစ်သော စည်းစိမ်ချမ်းသာကို ရရှိမှုသာလျှင် ဖြစ်လေ၏။

(ဤ၌ ဆိုလိုရင်းမှာ–ဆွမ်းလှူမှုစသည်ကို ပြုလုပ်ရာ၌ မဟာကုသိုလ်ဇောစေတနာ ခုနစ်ပါးတို့ ရှိကြသည့်အနက် ပဌမဇောစေတနာသည် အကြောင်းညီညွတ်က မျက်မှောက်ဘဝ၌ အကျိုးပေး၏၊ ထို့ကြောင့် ထိုပဌမဇောစေတနာကို ဒိဋ္ဌဓမ္မဝေဒနီယကံဟူ၍ ခေါ်၏၊ မျက်မှောက်ဘဝ၌ အကျိုးပေးသောကံဟု ဆိုလိုသည်။ သတ္တမဇောစေတနာသည် အကြောင်းညီညွတ်က ဒုတိယဘဝ၌ အကျိုးပေး၏၊ ထို့ကြောင့် ထိုသတ္တမဇောစေတနာကို ဥပပဇ္ဇဝေဒနီယကံဟူ၍ ခေါ်၏၊ အခြားမဲ့ဘဝ၌ အကျိုးပေးသောကံဟု ဆိုလိုသည်။ အလယ်ဇောငါးချက်ပါ ဇစေတနာတို့သည် အကြောင်းညီညွတ်က တတိယဘဝမှ စ၍ အဆက်ဆက်သော ဘဝ၌ အကျိုးပေးကုန်၏။ ထို့ကြောင့် ထိုစေတနာတို့ကို အပရာပရိယဝေဒနီယကံဟူ၍ ခေါ်၏၊ အဆက်ဆက်သောဘဝ၌ အကျိုးပေးသောကံဟု ဆိုလိုသည်။

ကံက အကျိုးပေးရာ၌ အကျိုးသည် ဘဝအကျိုး, ဘဝသမ္ပတ္တိအကျိုးဟူ၍ နှစ်မျိုးရှိသည်၊ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ဖြစ်သော ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဘဝအကျိုးဟု ခေါ်၏၊ ထိုဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တို့ကို ဥပပတ္တိဘဝဟူ၍ ခေါ်သည်။ ထိုဘဝ၌ ရရှိခံစားအပ်သော စည်းစိမ်အမျိုးမျိုးကို ဘဝသမ္ပတ္တိအကျိုးဟူ၍ ခေါ်၏။

ဖော်ပြရာပါ ကံသုံးမျိုးတို့တွင် ဥပပဇ္ဇဝေဒနီယကံနှင့် အပရာပရိယဝေဒနီယကံတို့သည် မိမိတို့ဆိုင်ရာ ဘဝအကျိုး, ဘဝသမ္ပတ္တိအကျိုး= နှစ်မျိုးလုံးတို့ကို အပြည့်အစုံ ပေးကြကုန်၏။ ပဌမဇောစေတနာ= ဒိဋ္ဌဓမ္မဝေဒနီယကံသည်ကား ယခုဘဝ၌ အကျိုးပေးရာဝယ် (ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တည်းဟူသော) ဘဝအကျိုးကိုကား ယခုဘဝပဋိသန္ဓေကျိုးပေးလိုက်သော ဇနကကံက အကျိုးပေးပြီးဖြစ်၍ ထိုဘဝအကျိုးကို မပေးနိုင်တော့ပဲ ထိုဘဝ၌ ရရှိခံစားအပ်သော စည်းစိမ်ဥစ္စာ အသုံးအဆောင် အမျိုးမျိုးတည်းဟူသော ဘဝသမ္ပတ္တိအကျိုးကိုသာ ပေးရ၏၊ ထို့ကြောင့် ဤယခု ဆွမ်းဒါယိကာ သူဌေးသမီး၏ ပဌမဇောစေတနာ = ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပဝတ္တိအခါ ယခုဘဝ သုံးဆောင်ခံစားအပ်သည့် မိဖုရားကြီးစည်းစိမ်ဥစ္စာ အသုံးအဆောင်တည်းဟူသော ဘဝသမ္ပတ္တိအကျိုးကိုသာ ပေးလေတော့၏ဟု ဆိုလိုသည်)။

ထိုအချိန်မှ စ၍ စဏ္ဍပဇ္ဇောတမင်းကြီးသည် အရှင်ကစ္စည်းမထေရ်အား ကြီးစွာသောပူဇော်သက္ကာရမှု ပြုလေ၏။ အရှင်

ကစ္စည်းမထေရ်မြတ်၏ တရားစကား၌ ကြည်ညိုကြသောကြောင့် အမျိုးကောင်းသား လူများအပေါင်းသည် မထေရ်မြတ်ထံ၌ ရဟန်းပြုကြလေ၏။ ထိုအချိန်မှ စ၍ ဥဇ္ဇေနီပြည်အလုံးသည် တခဲနက် သင်္ကန်းရောင်ဖုံးလျက် ရဟန်းတော်တို့၏ သွား,လာသော လေဖြင့် တိုက်ခတ်လျက် ရှိလေ၏။ ထိုမိဖုရားသည်လည်း ကိုယ်ဝန်သားကို ရ၍ ဆယ်လလွန်မြောက်သောအခါ သားကို ဖွားမြင်လေ၏၊ ထိုမင်းသားအမည်မှည့်သောနေ့၌ အဖိုး(=အမိ၏ဖခင်) ဂေါပါလသူဌေးကြီး၏ အမည်ကိုယူ၍ "ဂေါပါလမင်းသား" ဟု အမည်မှည့်ကြလေကုန်၏။ မိဖုရားကြီးသည် သား၏အမည်နှင့် ဆက်စပ်၍ "ဂေါပါလမာတာမိဖုရား" ဟု အမည်ထင်ရှားလေသည်။ ဂေါပါလမာတာမိဖုရားကြီးသည် အရှင်ကစ္စည်းမထေရ်၌ အလွန်လျှင် ကြည်ညိုရကား မင်းကြီးထံခွင့်ပန်၍ ကဥ္စနဝနဥယျာဉ်တော်၌ အရှင်ကစ္စည်း မထေရ်မြတ်အတွက် ကျောင်းတိုက်ကြီး တည်ဆောက် လှူဒါန်းလေ၏။ အရှင်ကစ္စည်းမထေရ်မြတ်သည် ဥဇ္ဇေနီပြည်သူပြည်သားတို့ကို သာသနာတော်၌ သက်ဝင်ကြည်ညိုစေပြီးလျှင် မြတ်စွာဘုရားရှင် အထံတော်သို့ တဖန် ပြန်ကြွတော်မူလေ၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ်,ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးနေထိုင်တော်မူလျက် ရဟန်းတော်တို့အား ဧတဒဂ်ဘွဲ့ထူး နှင်းအပ်တော်မူသောအခါ (၁) မဓုပိဏ္ဍိကသုတ်၊ (၂) ကစ္စာယနပေယျာလ၊ (၃) ပါရာယနသုတ်= ဤ သုတ္တန်သုံးခုတို့ကို အကြောင်းအဋ္ဌုပ္ပတ္တိပြု၍ အရှင်ကစ္စည်းမထေရ်မြတ်ကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာကစ္စာနော = ရဟန်းတို့....အကျဉ်း ဟောကြားအပ်သော တရားစကား၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဘန်ခွဲခြား စိတ်ဖြာဟောကြားတတ်သော ငါဘုရား

၏ တပည့်သာဝကရဟန်းတို့တွင် မဟာကစ္စာနရဟန်း
သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ ဧတဒဂ်ထားတော်မူလေ၏။

ဤအရှင်မဟာကစ္စည်း ဟောကြားအပ်သော တရားတို့ကို အပဒါန်ပါဠိအဋ္ဌကထာ, ထေရဂါထာ ပါဠိအဋ္ဌကထာ-စသည်တို့မှ ထုတ်နုတ်မှတ်ယူရာ၏။

ဤကား အရှင်ကစ္စည်းမထေရ် အကြောင်းတည်း။

---

## (၁၁-၁၂) ပန္ထကမထေရ် နောင်ညီနှစ်ပါး အကြောင်း

### (က) မထေရ်မြတ်တို့၏ ရှေးဆုတောင်း

လွန်လေပြီးသောအခါ ကမ္ဘာတသိန်းထက်ဝယ် ပဒုမုတ္တရမြတ်စွာဘုရား ပွင့်ထွန်းတော်မူရာကာလ၌ ဟံသာဝတီပြည်သား သူကြွယ်ညီနောင်နှစ်ယောက်တို့သည် သဒ္ဓါရွှန်းစိုရတနာသုံးပါး၌ ကြည်ညိုကြကုန်သည်ဖြစ်၍ အမြဲမပြတ် မြတ်စွာဘုရားထံတော်သို့ သွားရောက်ကြ၍ တရားနာကြကုန်၏။ ထိုညီနောင်နှစ်ယောက်တို့တွင် တနေ့သ၌ ညီငယ်သည် မြတ်စွာဘုရားရှင်က အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရဟန်းတော်တပါးကို "ငါဘုရား၏ သာသနာ၌ (၁) စိတ်ဖြင့်ပြီးသောကိုယ်ကို ဖန်ဆင်းကြသောရဟန်းတို့တွင်၎င်း, (၂) ရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကြသော ရဟန်းတို့တွင်၎င်း ဤရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"ဟု ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်လတ်၍ "ဤရဟန်းသည် အလွန်ကြီးမြတ်စွာ့တကား၊ တပါးတည်းဖြစ်လျက် အင်္ဂါနှစ်ပါးတို့ကို ဖြည့်ကျင့်၍ လှည့်လည်တော်မူ၏၊ ငါသည်လည်း နောက်အခါ တဆူဆူသောဘုရားရှင်၏ သာသနာ၌ အင်္ဂါနှစ်ပါးတို့ကို ဖြည့်ကျင့်သောရဟန်းဖြစ်လျက် လှည့်လည်မှ သင့်မြတ်မည်"ဟု ကြံစည်ဆင်ခြင်မိလေ၏။

ထိုညီငယ်ဖြစ်သော သူကြွယ်သည် ရှေးမထေရ်အလောင်း အလျာတို့နည်းအတူ မြတ်စွာဘုရားကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး

ကြီးစွာသော အလှူဒါနကို ပေးလှူပြီးလျှင် "မြတ်စွာဘုရား......
အရှင်ဘုရားတို့သည် ဤယနေ့မှအထက် ခုနစ်ရက်က အကြင်ရဟန်းတော်တပါးကို စိတ်ဖြင့်ပြီးသောကိုယ်ကို ဖန်ဆင်းနိုင်ခြင်းအင်္ဂါ, ရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာမှုအင်္ဂါ=ဤအင်္ဂါနှစ်ပါးဖြင့် 'ဤရဟန်းကား ငါဘုရား၏သာသနာ၌ အသာဆုံး အမြတ်ဆုံး ဖြစ်၏'ဟု ဧတဒဂ်ရာထူး၌ ထားတော်မူခဲ့ကြပါပြီ၊ အကျွန်ုပ်သည်လည်း ဤအဓိကာရကောင်းမှု ကုသိုလ်ကံအကျိုးအားကြောင့် ထိုရဟန်းကဲ့သို့ပင် အင်္ဂါနှစ်ခန်း ပြည့်စွမ်းနိုင်သူ ဖြစ်ရပါလို၏"ဟု ဆုတောင်းပတ္တနာမှုကို ပြုလေ၏။

မြတ်စွာဘုရားရှင်သည် အနာဂတ်ကို ကြည့်ရှုတော်မူလတ်သော် ထိုသူကြွယ်၏ဆုတောင်းပတ္တနာချက် ပြည့်စုံမည်ကို မြင်တော်မူလတ်၍ "နောက်အခါ ကမ္ဘာတသိန်းအဆုံး၌ ဂေါတမ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလိမ့်မည်၊ ထိုမြတ်စွာဘုရားသည် သင့်ကို ဤဧတဒဂ်ရာထူး ဌာနနှစ်ပါး၌ ထားတော်မူလိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၍ အနုမောဒနာတရား ဟောကြားတော်မူပြီးလျှင် ဖဲကြွတော်မူလေ၏။ (ဤကား ညီငယ်၏ ဆုတောင်းတည်း)။

နောင်တော်ဖြစ်သော သူကြွယ်သည်လည်း တနေ့သ၌ မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "သညာဝိဝဋ္ဋကုသလ= အရူပါဝစရဈာန်အရာ လိမ္မာကျွမ်းကျင်သောအရာ၌" ဧတဒဂ်ရာထူး ထားတော်မူသည်ကို မြင်လတ်၍ ထိုညီငယ်အတူပင် အဓိကာရကောင်းမှု ကုသိုလ်ကြီးကို ပြုပြီးလျှင် ထို"သညာဝိဝဋ္ဋ-ကုသလ = အရူပါဝစရဈာန်အရာ လိမ္မာကျွမ်းကျင်မှု" ဧတဒဂ်ရာထူးကို ရပါလိုကြောင်း ဆုတောင်းလေသည်၊ မြတ်စွာဘုရားရှင်ကလည်း ထိုနောင်တော်ဖြစ်သောသူကြွယ်ကို ပြည့်စုံလိမ့်မည့်အကြောင်း ဗျာဒိတ်ကြားတော်မူ၏။

ထိုသူကြွယ်ညီနောင် နှစ်ဦးလုံးတို့သည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြ၍

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ သာရီရိကစေတီတော်မြတ်၌ ရွှေဖြင့်ပူဇော်မှု ပြုလုပ်ကြပြီးလျှင် ထိုဘဝမှ စုတေကြလေသော် နတ်ပြည်၌ ဖြစ်ကြလေကုန်၏။ ထိုညီနောင်နှစ်ဦးတို့ (အပါယ်လေးပါး မလားမရောက်ကြပဲ) နတ်ပြည်, လူ့ပြည်၌ ကျင်လည်ကြစဉ်ပင် ကမ္ဘာတသိန်း လွန်ခဲ့လေသည်။

(ထိုညီနောင်နှစ်ဦးတို့တွင် နောင်တော် မဟာပန္ထက၏ အကြားကာလ ပြုလုပ်အပ်ခဲ့သော ကောင်းမှုကို မဟာအဋ္ဌကထာ၌ အထူးမပြဆိုအပ်)။ ညီငယ်ဖြစ်သူ စူဠပန္ထကသည်ကား ကဿပမြတ်စွာ သာသနာ၌ ရဟန်းပြု၍ အနှစ် (၂၀၀၀၀) နှစ်သောင်းကြာ ကာလတို့ပတ်လုံး ဩဒါတကသိုဏ်း ကမ္မဋ္ဌာန်း စီးဖြန်းခဲ့၍ နတ်ပြည်၌တဖန် ဖြစ်ပြန်လေသည်။ ထို့နောက် အကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရား ဟောကြားတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်ကြီး၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါသို့ တိုင်ခဲ့လေ၏။

(ဤအရာဝယ် အကြားညှပ်၍ ပန္ထကညီနောင်တို့ ဖြစ်ပွါးကြပုံကို ပြဆိုဦးအံ့)—ရာဇဂြိုဟ်ပြည်ဝယ် စနေသေဋ္ဌိသူဌေးကြီး၏ သမီးသည် မိမိ၏ကျွန်နှင့် မေတ္တာရည်ငံ်ရှိကြ၍ "ငါ၏ ဤအမှုကို အခြားသူများလည်း သိကုန်ကြလိမ့်မည်"ဟုကြံစည်ပြီးလျှင် မိမိ၏ အရှင်လင် ကျွန်ယောကျ်ားကို "ငါတို့သည် ဤအရပ်၌ မနေနိုင်ကြတော့ကုန်၊ ငါ့မိဖများ ဤအပြစ်ကို အကယ်၍ သိသွားကြလျှင် ငါ့ကို အပိုင်းပိုင်းခုတ်ဖြတ် သတ်ကြလိမ့်မည်၊ အဝေးတပါးသို့ သွားရောက်နေထိုင်ကြကုန်စို့" ဟု တိုင်ပင်ညီညွတ်ကြ၍ လက်ဆောင်ဥစ္စာနှစ်များကို တိတ်တဆိတ်ယူဆောင်ခဲ့ပြီးလျှင် ရှေးဦးဖွင့်သောတံခါးမှ ထွက်ခဲ့ပြီးနောက်"ဟုတ်ဟုတ်ငြားငြားသူတပါးတို့ ငါတို့ကို မသိရာအရပ်သို့ သွားရောက်နေထိုင်ကြကုန်စို့"ဟု တိုင်ပင်၍ နှစ်ဦးလုံးပင် သွားကြလေကုန်၏။

ထိုသူနှစ်ယောက်တို့ မတင်မရှား အရပ်တပါး၌ နေထိုင်ကြစဉ် ဆက်ဆံပေါင်းသင်းမှုကို အစွဲပြု၍ သူဌေးသမီး၏ ဝမ်းတိုက်၌

ကိုယ်ဝန်တည်ရှိလေ၏။ သူဌေးသမီးသည် ကိုယ်ဝန်ရင့်ကျက်ချိန်သို့ ရောက်လတ်သော် "အရှင်....ကျွန်တော်မ၏ ကိုယ်ဝန်သည် ရင့်ကျက်လေပြီ၊ ဆွေမျိုးမိတ်သင်္ဂဟ-စသည့် ကင်းကွာရာအရပ်၌ ကိုယ်ဝန်သားကို မွေးဖွားရခြင်းသည် ငါတို့နှစ်ယောက်လုံးအဖို့ ဆင်းရဲလှစွာ၏၊ မိဖအိမ်သို့သာလျှင် ပြန်ကြပါစို့"ဟု လင်ဖြစ်သူကို တိုင်ပင်စကားပြောကြားလေ၏။ လင်ဖြစ်သူသည် "ယနေ့ သွားကြကုန်အံ့, နက်ဖြန်သွားကြကုန်အံ့"ဟု နှစ်သိမ့်စကား ပြောကြားကာ နေ့ရက်တို့ကို ကုန်လွန်စေခဲ့လေသည်။ ထိုအခါ သူဌေးသမီးသည် "ဤလူမိုက်ကား မိမိ၏ အပြစ်က ကြီးလှသောကြောင့် မသွားဝံ့ပဲ ရှိချေ၏၊ မိဖတို့မည်သည် သားသမီးအပေါ်၌ ကောင်းစားချမ်းသာကို လိုလားကြမြဲမှတ် ဖြစ်သည်၊ ဤလူမိုက်သည် လိုက်လိုလျှင်လည်း လိုက်စေ၊ မလိုက်လိုလျှင်လည်း နေစေ၊ ငါသွားမှ သင့်တော့မည်"ဟု ကြံစည်ပြီးလျှင် ထိုယောကျ်ား အိမ်ပြင်သို့ ထွက်သွားသောအခါ သူဌေးသမီးသည် အိမ်ရှိ ပရိဘောဂများကို သိမ်းဆည်းသိုမှီးပြီးလျှင် မိမိ မိဖအိမ်သို့ သွားရောက်ကြောင်း ပြောကြားဖို့ရန် အခြားမဲ့အိမ်၌ နေသော သူတို့အား မှာထားခဲ့၍ တယောက်ထီးတည်း ခရီးထွက်ခဲ့လေ၏။

ထို့နောက် ထိုယောကျ်ား အိမ်သို့ ပြန်လာသောအခါ သူဌေးသမီးကို မတွေ့ရ၍ အိမ်နီးချင်းတို့ကို မေးလတ်သည်တွင် "မိဖအိမ်သို့ ပြန်သွားသည်"ဟူသော သတင်းစကားကို ကြားသိရ၍ လျင်မြန်စွာ လိုက်လေသော် လမ်းခရီးအကြား၌ သူဌေးသမီးကို မှီတွေ့လေ၏။ ထို သူဌေးသမီးမှာလည်း ထိုတွေ့ရာနေရာ၌ပင် ကိုယ်ဝန်သားကို ဖွားသန့်ခြင်းကိစ္စ ဖြစ်လေတော့၏။ယောကျ်ားက "ရှင်မ....ဤဝတ္ထုကား အဘယ်နည်း"ဟု မေးလတ်သော် "အရှင်.... သားတယောက်တော့ဖြင့် ဖွားမြောက်ခဲ့လေပြီ"ဟု သူဌေးသမီးက ပြန်ကြားပြောဆိုလေ၏။ "ယခုအခါ အဘယ်သို့ ပြုလုပ်ကြမည်နည်း"ဟု တိုင်ပင်ကြသောအခါ "ငါတို့သည် သားဖွားရန် ကိစ္စအတွက် မိဖအိမ်သို့ သွားကြရမည်ဖြစ်သည်၊ ယခုမူ ထိုသားဖွားခြင်းအမှုကိစ္စတား လမ်းခရီးအကြားမှာပင်

ပြီးမြောက်ခဲ့လေပြီ၊ မိဖအိမ်သို့ သွားရောက်၍ အဘယ်အမှု ပြုကုန်အံ့နည်း (=အကျိုးမရှိတော့ပြီ)၊ ပြန်ကြကုန်စို့" ဟု နှစ်ဦး လုံးပင် စိတ်တူကြကာ ထိုအရပ်မှပင် ပြန်ခဲ့ကြလေ၏။ ထိုသူငယ်၏ အမည်ကို ( လမ်း၌ မွေးဖွားသောကြောင့် ) "ပန္ထက= မောင်လမ်း" ဟု အမည်မှည့်ကြလေ၏။

ထိုသူဌေးသမီး၏ကိုယ်ဝယ် မကြာမီပင် အခြားကိုယ်ဝန်သား တည်ပြန်လေ၏။ ထို ဒုတိယကိုယ်ဝန်သား ရင့်ကျက်သောအခါ မှာလည်း ရှေးနည်းအတူပင် မိဖအိမ်သို့အသွား လမ်းခရီး အကြား၌ မွေးဖွားလေသောကြောင့် ပဌမဖွားသော သားအကြီး ၏ အမည်ကို "မဟာပန္ထက=မောင်လမ်းကြီး" ဟု မှည့်ခေါ်၍ နောက်မှဖွားသော သားငယ်၏ အမည်ကို "စူဠပန္ထက= မောင်လမ်းငယ်" ဟု အမည် မှည့်ခေါ်ကြလေ၏။

ဇနီးမောင်နှံ နှစ်ဦးလုံးပင် သားတို့ကို ကိုယ်စီ ပွေ့ချီကြ၍ မိမိတို့ နေရာအရပ်သို့ပင် ပြန်ခဲ့ကြလေကုန်၏။ ထိုသူတို့ ထိုအရပ် ၌ နေကြကုန်စဉ်ပင် သားအကြီး မဟာပန္ထက-သူငယ်သည် အခြားကလေးသူငယ်များက "ဖထွေး, ဖကြီး, ဗိုးဗိုး, ဖွားဖွား"- စသည် ပြောဆိုကြသည်ကို ကြားရ၍ မိမိ၏ မိခင်ကို "အို မိခင်.... အခြားကလေးများသည် 'ဗိုးဗိုး, ဖွားဖွား'-စသည် ပြောဆိုကြပါ သည်၊ ကျွန်တော်တို့၏ ဆွေမျိုးများကား မရှိကြဘူးလော" ဟု မေးလေ၏။ မိခင်သူဌေးသမီးက "အိမ်း....ဟုတ်တယ် ချစ်သား....၊ ဤအရပ်မှာ သားတို့၏ ဆွေမျိုးများ မရှိကြဘူး၊ ရာဇဂြိုဟ်ပြည် မှာကား မဟာဓနသူဌေးကြီးသည် သားတို့၏ အဘိုး ဖြစ်သည်၊ ထိုရာဇဂြိုဟ်ပြည်မှာ သားတို့၏ ဆွေမျိုးတို့ကား များလှစွာကုန် ၏" ဟု ပြောကြားလေလျှင် မဟာပန္ထကသည် "အို မိခင်.... အဘယ့်ကြောင့် ထိုရာဇဂြိုဟ်ပြည်သို့ မိခင်တို့ မသွားကြသနည်း" ဟု မေးလေ၏။

မိခင်သူဌေးသမီးသည် မိမိ၏ ရာဇဂြိုဟ်ပြည်သို့ မသွားရောက် ခြင်း အကြောင်းကို သားဖြစ်သူအား အဖြေမပေးပဲ သားများ က အဖန်ဖန်အထပ်ထပ် မေးမြန်းပြောဆိုကြလတ်သော် လင်

ယောက်ျားဖြစ်သူကို "အိုအရှင်....ဤသားငယ်တို့သည် အလွန်ပင် ကျွန်တော်မကို စိတ်ပင်ပန်းစေကြပါကုန်သည်၊ မိဖများသည် ကျွန်တော့်မတို့ကို တွေ့မြင်ကြလျှင် အသားကို ဖွဲ့၍စားကြမည် မဟုတ်ပါ၊သွားကြပါစို့ ကလေးများကိုအဖိုး,အဖွားအိမ်ကိုပြကြ,ပို့ ကြပါကုန်စို့"ဟု တိုင်ပင်စကားပြောကြားလေ၏။လင်ယောက်ျား ဖြစ်သူက "အိုရှင်မ···ငါသည် သင်၏မိဖများ မျက်မှောက်သို့ မသွားရောက်ဝံ့ပါ၊ သို့သော်လည်း သင့်ကို မရောက်ရောက်အောင် ပို့ဆောင်ပါမည်"ဟု ပြောကြားလေလျှင် သူဌေးသမီးသည် "ကောင်းပါပြီ အရှင်···· တနည်းနည်းဖြင့် ကလေးများအား အဖိုး,အဖွား၏အိမ်ကိုပြရန် သင့်ပါသည်" ဟု ပြောဆိုကာ ဇနီး မောင်နှံနှစ်ဦးလုံးတို့ပင် သားငယ်တို့ကို ခေါ်ဆောင်၍ သွားကြ လေရာ အစဉ်သဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်ကြ၍ မြို့တံခါးဝ တခုသောစရပ်၌ တည်းခိုနေထိုင်ကြပြီးသော် ကလေးတို့မိခင် သည် သားငယ်နှစ်ယောက်တို့ကို ခေါ်ဆောင်၍ မိမိတို့ရောက် လာကြောင်း မိဖတို့အား အသိပေး ပြောကြားစေလေ၏။

မိဖနှစ်ပါးတို့သည် ထိုသတင်းစကားကို ကြားသိကြရလေလျှင် "သံသရာ၌ ကျင်လည်ကြသော သူတို့အဖို့ရာ သားမဖြစ်ဘူး သောသူ, သမီးမဖြစ်ဘူးသောသူမည်သည် မရှိ၊ ထိုသူနှစ်ဦးတို့ ကား ငါတို့အပေါ်အလွန်ကြီးမားသည့်အပြစ်ကို လွန်ကျူးသူများ ဖြစ်ကြသည်၊ ထိုသူနှစ်ဦးလုံးပင် ငါတို့မျက်မှောက်၌ ရပ်တည် ခြင်းငှါ မစွမ်းနိုင်ကြ မလိုက်တန်ကြပေ၊ သို့သော် ဤမျှသော ဥစ္စာကိုယူ၍ နှစ်ဦးလုံးပင် ချမ်းသာရာအရပ်သို့ သွားရောက် ကြကာ အသက်ရှင်ကြပါစေ၊ ကလေးနှစ်ယောက်တို့ကိုမူ ဤ ငါတို့အိမ်သို့ ပို့လိုက်ကြကုန်စေ"ဟု တမန်လွှတ်၍ ပြန်ကြားပြောဆို စေကြကုန်၏။ သူဌေးသမီးသည် မိဖတို့က ပို့လိုက်သောဥစ္စာကို ယူ၍ သားငယ်နှစ်ယောက်တို့ကို တမန်တို့၏လက်၌ပင် ပေးအပ်၍ အဖိုး,အဖွားထံသို့ ပို့စေလေ၏။ မဟာပန္ထက, စူဠပန္ထက = ကလေးသူငယ် နှောင်ညီနှစ်ယောက်တို့သည် အဖိုး,အဖွားအိမ်၌ ချမ်းသာစွာ ကြီးပြင်းကြရလေကုန်၏။

## (ခ) ဤနောက်ဆုံးဘဝ ရဟန်းပြုကြခြင်း

နှောင်ညီနှစ်ယောက်တို့တွင် စူဠပန္ထကကား အလွန်နုနယ် အသက်ငယ်ရှာသေး၏၊ မဟာပန္ထကကား အဖိုး = ဓနသေဋ္ဌိ သူဌေးကြီးနှင့် အတူတကွ မြတ်စွာဘုရား၏ တရားစကားကြားနာဖို့ရန် အမြဲလိုက်ပါခဲ့၏။ ထိုမဟာပန္ထကသူငယ်၏အဖို့ရာ အမြဲမပြတ် မြတ်စွာဘုရားရှင် မျက်မှောက်တော်၌ တရားတော်ကို ကြားနာရသောကြောင့် ရှင်ရဟန်းပြုဖို့ရန် စိတ်ညွတ်လေ၏။ သို့ရကား မဟာပန္ထကသည် အဖိုး = ဓနသေဋ္ဌိ သူဌေးကြီးကို "ဖိုးဖိုး....အကယ်၍ ဖိုးဖိုးတို့က ခွင့်ပြုကြပါလျှင် ကျွန်တော်သည် ရှင်ရဟန်းပြုပါရစေ" ဟု ခွင့်ပန်စကား ပြောကြားလေ၏။ အဖိုးဖြစ်သူ ဓနသေဋ္ဌိသူဌေးကြီးသည် "ဘယ့်နှယ်ပြောပါလိမ့် ချစ်မြေး.... အဖိုး၏အဖို့ရာ လောကကြီးတခုလုံး ရှင်ရဟန်း ပြုခြင်းထက် ငါ့မြေး၏ ရှင်ရဟန်းပြုခြင်းကသာ အကောင်းမြတ်ဆုံး ဖြစ်ပေသည်၊ အကယ်၍စွမ်းနိုင်ပါလျှင် ရှင်ရဟန်းပြုသာ ပြုပါ ငါ့မြေး...." ဟု ဝမ်းမြောက်စွာ ပြောကြား၍ မဟာပန္ထက၏ ခွင့်ပန်ချက်ကို လက်ခံပြီးလျှင် မဟာပန္ထကသူငယ်ကို ခေါ်၍ မြတ်စွာဘုရားရှင်ထံတော်သို့ သွားရောက်လေ၏။ မြတ်စွာဘုရားရှင်က "သူဌေးကြီး····အသို့နည်း = ဘယ့်နှယ်လဲ သင်သည် ကလေးကို ရအပ်သလော" ဟု မေးတော်မူလေလျှင် ဓနသေဋ္ဌိ သူဌေးကြီးသည် "မှန်ပါသည် မြတ်စွာဘုရား···· ဤ သူငယ်ကား တပည့်တော်၏ မြေးအကြီး ဖြစ်ပါသည်၊ ဤသူငယ်က အရှင်ဘုရားတို့၏ အထံတော်၌ ရှင်ရဟန်းပြုပါရစေဟု ပြောကြားနေပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အနီးရှိ ဆွမ်းခံရဟန်းတပါးကို "ဤသူငယ်ကို ရှင်ပြုပေးလိုက်လော့" ဟု အမိန့် ပေးတော်မူလေ၏။ ပိဏ္ဍစာရိကမထေရ်သည် သူငယ်အား တစပဉ္စကကမ္မဋ္ဌာန်းကို ပြောပြပြီးလျှင် ရှင်ပြုပေးလေ၏။ မဟာပန္ထက သာမဏေသည် ရှင်ဖြစ်သည်မှစ၍ များစွာသော ဘုရားစကား = ပိဋကတ်တော်များကို သင်ကြား၍ အသက်နှစ်ဆယ် ပြည့်သောအခါ ရှုဟန်း

ပဋိသမ္ဘိဒာ ပတ္တဖြစ်ကို ရယူလေ၏။ ရဟန်းဖြစ်ပြီးလတ်သော် ကမ္မဋ္ဌာန်းတရား ပွါးများကြီးကုတ် အားထုတ်သည်ဖြစ်၍ အရူပါဝစရချာန် လေးပါးတို့ကို လေ့လာရရှိနိုင်နင်းသူ ဖြစ်ပြီးလျှင် ဈာန်မှထ၍ ဝိပဿနာတရား ပွါးများကြီးကုတ် အားထုတ်တော်မူလေရာ အရဟတ္တဖိုလ်တိုင်မြောက် ရောက်ရှိတော်မူလေ၏။ ဤသို့လျှင် အရှင်မဟာပန္ထက ရဟန္တာအရှင်မြတ်သည် အရူပါဝစရဈာန် အရာဝယ် လွန်စွာ ကျွမ်းကျင်လိမ္မာကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူလေ၏။

## ညီငယ်ကို ရှင်ပြုပေးခြင်း

မဟာပန္ထကမထေရ်သည် ဈာန်ချမ်းသာ, ဖိုလ်ချမ်းသာတို့ဖြင့် အခါကို လွန်စေတော်မူလျက် တနေ့သ၌ "ဤ ဈာန်ချမ်းသာ, ဖိုလ်ချမ်းသာကို ငါ့ညီ စူဠပန္ထကအား ပေးခြင်းငှါ စွမ်းနိုင်မည်လော" ဟု ကြံစည်ပြီးလျှင် အဖိုးသူဌေးကြီးထံ သွားရောက်၍ "ဒါယကာသူဌေးကြီး....အကယ်၍ သင်တို့က သဘောတူလက်ခံကြမည်ဆိုပါလျှင် ငါသည် စူဠပန္ထကကို ရှင်ပြုပေးလိုပါ၏" ဟု ခွင့်ပန်စကား မိန့်ကြားလေ၏။ အဖိုးသူဌေးကြီးက "အလိုတော်ရှိသည့်အတိုင်း ရှင်ပြုပေးတော်မူကြပါ အရှင်ဘုရားတို့...." ဟု ကျေနပ်စွာ ခွင့်ပြုစကား ပြောကြားလတ်သော် မဟာပန္ထကမထေရ်သည် စူဠပန္ထကသူငယ်ကို ရှင်ပြုပေး၍ ဆယ်ပါးသီလတို့၌ တည်စေလေ၏။

စူဠပန္ထကသာမဏေသည် နောင်တော်မဟာပန္ထကမထေရ်၏ အထံ၌—

ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လ-မဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တ-မာဒိစ္စ-မိဝန္တလိက္ခေ။

ကောကနဒံ=ရွက်ဖတ်များထ အဆင်းလှ၍ ကောကနဒ အမည်ရသော။ သုဂန္ဓံ=ရနံ့ကောင်းကြိုင် လှိုင်ပေ

ထသော။ ပဒုမံ = ပဒုမာကြာသည်။ ပါတော = နေ
အရုဏ်စက် တက်လတ်ဦးစွာ နံနက်အခါ၌။ ဖုလ္လံ = ပွင့်
သည်ဖြစ်၍။ အဝီတဂန္ဓံ = ရနံ့ကောင်းသင်း မကင်းသည်
ဖြစ်၍။ ဝိရောစမာနံ = ရှုချင်စဖွယ် တင့်တယ်လှပသည်။
သိယာ ယထာ = ဖြစ်လေသကဲ့သို့။ (တထာ = ထို့အတူ)။
သုဂန္ဓံ = ကိုယ်တော်ရနံ့ ဂုဏ်ရနံ့ဖြင့် သင်းပြန့်မွှေးကြိုင်
လှိုင်တော်မူထသော။ အန္တလိက္ခေ = အဇဋာပြင် မိုး
ကောင်းကင်၌။ အာဒိစ္စမိဝ = သရဒအခါ တက်လာ
ပေါ်ထွန်း နေစက်ဝန်းကဲ့သို့။ တပန္တံ = ကိုယ်တော်၏
တန်ခိုးရှိန်ဖြင့် တထိန်ထိန် တောက်ပတော်မူထသော။
ဝိရောစမာနံ = ဖူးတိုင်းသပ္ပါယ် တင့်တယ်စွာထသော။
အင်္ဂီရသံ = ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်
လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာ
ဘုရားကို။ ပဿ = ပဿာဟိ = အာရုံထင်ထင် သဒ္ဓါ
ဇောသက်ဝင်၍ ဖူးမြင်လိုက်စမ်းပါတော့လော—

ဤဂါထာကို သင်ယူလေသည်။ သင်ပြီးတိုင်း သင်ပြီးတိုင်းသော စာပိုဒ်များသည် အထက်အထက် စာပိုဒ်များကို သင်ယူလတ်သည်ရှိသော် ပျောက်ခြင်းမလှ ပျောက်၍ပျောက်၍ သွားလေ၏။ ထို စူဠပန္ထက သာမဏေ၏အဖို့ရာ ဤဂါထာကို သင်ယူရန် အားထုတ်စဉ်ပင် လေးလတိုင်လွန်၍ သွားကုန်၏ (= လေးလကြာသော်လည်း ဤဂါထာကို နှုတ်တက်မရနိုင်ဟု ဆိုလိုသည်။)

(စူဠပန္ထကသည် ကဿပမြတ်စွာ လက်ထက်တော်အခါက ရဟန်းပြု၍ ပညာရှိပုဂ္ဂိုလ်တပါး ဖြစ်ပြီးလျှင် အခြားဉာဏ်နုံ့နှေး လေးကန်သည့် ရဟန်းတပါး ပါဠိသင်ယူသောအခါ ပြက်ရယ်ပြောင်လှောင်မှုပြုခဲ့လေသည်။ ထိုဉာဏ်နုံ့သော ရဟန်းသည် ထိုပြက်ရယ်ပြောင်လှောင်မှုကြောင့် ရှက်နိုးလှရကား ပါဠိကိုလည်း မသင်ဝံ့တော့ချေ၊ စာအံမှုကိုလည်း မပြုဝံ့တော့ချေ၊ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ယခု စူဠပန္ထကဘဝဝယ် ရှင်သာမဏေပြုပြီးလျှင်ပင် ထိတ်လန့်ဖွယ်ရာ ဉာဏ်ပညာနုံ့နှေးထိုင်းမှိုင်း၍ သွားလေ၏။ ထို့ကြောင့် သင်ပြီးတိုင်း သင်ပြီးတိုင်းသော စာပိုဒ်များသည် အထက်အထက် စာပိုဒ်များကို

သင်ယူလတ်သည်ရှိသော် ပျောက်ခြင်းမလှ ပျောက်၍မေ့၍ သွားကြလေ၏။ ။အင်္ဂုတ္တရဋ္ဌကာမှ)။

ထိုအခါ စူဠပန္ထကသာမဏေကို နောင်တော်မဟာပန္ထကမထေရ်သည် စူဠပန္ထက...သင်သည် ဤသာသနာတော်၌ မဂ်ဖိုလ်ကို မရထိုက်သူ=အဘဗ္ဗပုဂ္ဂိုလ် ဖြစ်ချေ၏၊ သင်ကား လေးလတို့ဖြင့် တဂါထာကိုမျှ ရအောင်မသင်ယူနိုင်၊ ထိုသို့ဂါထာတပုဒ်ကိုမျှ လေးလဖြင့် ရအောင်မသင်ယူနိုင်သော သင်သည် ရဟန်းကိစ္စကိုကား အဘယ်မှာလျှင် အထွတ်အထိပ်(=အရဟတ္တဖိုလ်) ပေါက်ရောက်စေနိုင်လိမ့်မည်နည်း=မရောက်စေနိုင်မည်သာ ဖြစ်၏၊ သို့ရကား သင်သည် ဤကျောင်းမှ ထွက်သွားလော့"ဟု နှင်ထုတ်လေ၏။ထိုသို့ နောင်တော်မထေရ်က နှင်ထုတ်အပ်ရကား စူဠပန္ထကသာမဏေသည် ကျောင်းပေါ်၌ မနေဝံ့တော့ပဲ ကျောင်းအစွန်အဖျား (နောင်တော်မထေရ် မမြင်မည့်နေရာ)၌ ငိုကြွေးလျက် ရပ်တည်နေလေ၏။

ထိုအချိန်၌ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ကို အမှီဝေါစရဂါမ် ပြု၍ ဆရာဇီဝက၏ သူ့ဒါန်းဆောက်လုပ်အပ်သည့် သရက်ဥယျာဉ် ကျောင်းတိုက်တော်၌ သီတင်းသုံးနေ့ထိုင်တော်မူဆဲဖြစ်၏၊ ထိုအခါ ဆရာဇီဝကသည် ယောကျ်ားတယောက်ကို "ရဟန်းငါးရာတို့နှင့် အတူတကွ မြတ်စွာဘုရားကို နက်ဖြန်ဆွမ်းစားကြွရန် သွားရောက်ပင့်လျှောက်ချေ"ဟု စေလွှတ်လိုက်၏။ ထိုအချိန်၌ မဟာပန္ထကမထေရ်သည် ဘတ္တုဒ္ဒေသက=ဆွမ်းညွှန်းသမ္မုတိ ရယူထားသူ ဖြစ်လေ၏။သို့ရကား ဆွမ်းစားအပင့်လာသော ဒါယကာက အရှင်မဟာပန္ထကမထေရ်ကို "အရှင်ဘုရား...ရဟန်းငါးရာတို့အတွက် ဆွမ်းကို လက်ခံတော်မူပါဘုရား"ဟု လျှောက်ထားအပ်လေသော် မဟာပန္ထကမထေရ်သည် "စူဠပန္ထကကိုထား၍ ကြွင်းကျန်သော ရဟန်းတို့အတွက် ဆွမ်းကို လက်ခံ၏"ဟု (စူဠပန္ထကကို ပစ်ပယ်စကား)မိန့်ကြားလေ၏။

## မြတ်စွာဘုရားက ကမ္မဋ္ဌာန်းပေးတော်မူခြင်း

စူဠပန္ထကသည် ထိုစကားကိုကြားရလျှင် အတိုင်းထက်အလွန် နှလုံးမသာမယာ ဖြစ်ရှာလေ၏။ မြတ်စွာဘုရားသည် စူဠပန္ထက၏ ပင်ပန်းနေပုံကို မြင်တော်မူ၍ "စူဠပန္ထကသည် ငါဘုရားကြွသွားလျှင် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်လိမ့်မည်"ဟု ဆင်ခြင်တော်မူ၍ ကြွရောက်ပြီးလျှင် မနီးမဝေးသောအရပ်၌ ကိုယ်တော်ကို ထင်စွာပြလျက် "ချစ်သားပန္ထက....သင်ချစ်သားသည် အဘယ့်ကြောင့် ငိုကြွေးနေသနည်း"ဟု မေးတော်မူလေ၏။ စူဠပန္ထက-က "မြတ်စွာဘုရား....နှောင်တော်မထေရ်က တပည့်တော်ကို ကျောင်းမှ နှင်ထုတ်ပါသည်ဘုရား"ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် "ချစ်သားပန္ထက........သင်၏ နှောင်တော်မှာ သတ္တဝါတို့၏ အာသယဓာတ်,အနုသယဓာတ်ကို သိသော=အာသယာနုသယဉာဏ် မရှိချေ၊ သင်ချစ်သားကား ငါဘုရားချေချွတ်ဆုံးမရမည့်=ဗုဒ္ဓဝေနေယျပုဂ္ဂိုလ် ဖြစ်လေသည်"ဟု အားပေးစကား မိန့်ကြားတော်မူပြီးလျှင် "ချစ်သားပန္ထက.... သင်ချစ်သားသည် ဤအဝတ်ကို လက်ဖြင့်ဆုပ်ကိုင်၍ 'ရဇောဟရဏံ ရဇောဟရဏံ=ဤအဝတ်ကား မြူကိုဆောင်တတ်စွ၊ ဤအဝတ်ကား မြူကိုဆောင်တတ်စွ'ဟု တတွတ်တွတ်ရွတ်ဆိုကာ ဘာဝနာတရား ပွါးများအားထုတ်လော့"ဟု မိန့်တော်မူ၍ တန်ခိုးတော်ဖြင့် ဖန်ဆင်းပြီးလျှင် စင်ကြယ်သော ပုဆိုးကြမ်း=အဝတ်စ တခုကို ပေးတော်မူလေ၏။

(ဤ၌။ ။စူဠပန္ထကသည် ရှေးတခုသောဘဝက မင်းဖြစ်၍ မြို့ကို လက်ျာရစ် လှည့်လည်ကြည့်ရှုသည်တွင် နဖူးမှ ချွေးယိုထွက်သဖြင့် စင်ကြယ်သော ပုဆိုးစဖြင့် နဖူးကို သုတ်လေ၏။ ပုဆိုးစသည် ညစ်နွမ်း၍ သွားလေ၏။ ထို(စူဠပန္ထကအလောင်း)မင်းသည် "ဤညစ်နွမ်းသော ကိုယ်ကို အမှီပြု၍ ဤသို့သဘောရှိသည့် စင်ကြယ်သောပုဆိုးစသည် ပကတိသဘောကို စွန့်၍ ညှိမ်နွမ်းရလေပြီ၊ သင်္ခါရတရားတို့သည် မမြဲ ကုန်စွတကား"ဟု အနိစ္စသညာကို ရခဲ့ဘူးလေသည်။ ထို့ကြောင့် ဤစူဠပန္ထက၏အဖို့ရာ "ရဇောဟရဏကမ္မဋ္ဌာန်း=မြူကို ဆောင်တတ်သည့် အဝတ်ကမ္မဋ္ဌာန်းသည် သာလျှင်" အရဟတ္တဖိုလ်ရကြောင်း

အားကောင်းသော ဥပနိဿယည်း ဝစ္စည်းဖြစ်လေသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် စူဠပန္ထက၏ ဖော်ပြရာပါ ရှေးအကြောင်းကောင်းမှုကို မြင်တော်မူ၍ ထိုကောင်းမှုအား လျောက်ပတ်သော်ကမ္မဋ္ဌာန်းဥ္ဖိ တိုက်တွန်းတော်မူလိုသည်ဖြစ်၍ စင်ကြယ်သော ပုဆိုးကြမ်းအဝတ်စကို ပေးတော်မူ၏)။

## အရှင်စူဠပန္ထက ရဟန္တာဖြစ်ခြင်း

စူဠပန္ထကသည် မြတ်စွာဘုရားရှင် ပေးအပ်သည့် ပုဆိုးအဝတ်စကို "ရဇောဟရဏံ ရဇောဟရဏံ = မြူကို ဆောင်တတ်စွာ့တကား၊ မြူကို ဆောင်တတ်စွာ့တကား" ဟု တတွတ်တွတ်ရွတ်ဆိုလျက် လက်ဖြင့် ဆုပ်နယ်ကာ ထိုင်နေလေ၏။ ယင်းသို့ ဆုပ်နယ်ဖန်များလတ်သော် ထိုပုဆိုးကြမ်း အဝတ်စ၏ ချည်မျှင်များသည် ညစ်နွမ်း၍ လာကုန်၏၊ တဖန်ထပ်၍ သုံးသပ်ဆုပ်နယ်ပြန်သော် လက်နှီးအဝတ်သဖွယ် တိုး၍ညစ်နွမ်းလေ၏။ စူဠပန္ထကသည် ဉာဏ်ရင့်ကျက်ချိန်သို့ရောက်၍ ထိုပုဆိုးကြမ်း၌ ခယဝယ = ကုန်ခန်းခြင်း ပျက်စီးခြင်းသဘောကို စိတ်ဝယ်ထင်မြင်စေပြီးနောက် တဖန်ဆက်၍ "ဤပုဆိုးကြမ်းအဝတ်စသည် ပကတိပင်ကိုယ်အားဖြင့် ဖြူစင်သန့်ရှင်းသောအဝတ်ဖြစ်၏၊ သို့သော် ဤဥပါဒိန္နက = ငါ၏ ခန္ဓာကိုယ်ကို အမှီအကြောင်းပြု၍ ညစ်နွမ်းရလေသည်။ ဤစိတ်တရားသည်လည်း ဤအဝတ်နှင့်တူသောအလား = ဖြစ်ခြင်းရှိစွာ့တကား = ဘဝင်စိတ်အနေ ပင်ကိုယ်ပကတိအားဖြင့် ဖြူစင်သန့်ရှင်းသော ဤစိတ်သည်လည်း ရာဂ, ဒေါသ, မောဟ-စသော ယှဉ်ဖက်အကုသိုလ်တရားတို့နှင့် ဆက်စပ်သောကြောင့် ညစ်နွမ်းသော သဘောရှိစွာ့တကား" ဟု မိမိ၏ ခန္ဓာကိုယ်အတွင်း နှလုံးသွင်း ကြံစည်ဆင်ခြင်၍ သမာဓိဘာဝနာအလုပ်ကို အားထုတ်လေရာ ရူပါဝစရဈာန်လေးပါးတို့ကို ရရှိ ထိုဈာန်တို့ကို အခြေပါဒက ပြုလုပ်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလတ်သော် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏ = ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်လေ၏။ အရှင်စူဠပန္ထကသည် မနောမယ ရူပါဝစရဈာန်ကို လှလှကြီး ပိုင်ပိုင်နိုင်နိုင် ရရှိသူဖြစ်၍

တပါးတည်းက အများဖြစ်အောင်, အများကြီးက တပါးတည်း ဖြစ်အောင်–ဤသို့စသည့် ဖန်ဆင်းနိုင်သော ဣဒ္ဓိရှင် ဖြစ်တော်မူသည့်ပြင် ထိုအရှင်မြတ်၏အဖို့ရာ အရဟတ္တမဂ်ဖြင့်ပင် ပိဋကတ်တော်သုံးပုံလည်း တတ်ပြီး သင်ပြီး, အဘိညာဏ်ခြောက်ပါးတို့လည်း ရပြီးသား ဖြစ်လေတော့၏။ (ဤအရာမျိုးကို မဂ္ဂသိဒ္ဓပရိယတ္တိ, မဂ္ဂသိဒ္ဓအဘိညာဏ်ဟု ခေါ်၏၊ ပရိယတ်ကို အထူးမသင်ရပဲ, အဘိညာဏ်အတွက် အထူးအားမထုတ်ရပဲ အရဟတ္တမဂ်ကို ရလိုက်လျှင်ပင် ပိဋကတ်လည်း သင်ပြီး တတ်ပြီး, အဘိညာဏ်တို့ကိုလည်း ရပြီးသား ဖြစ်လေသည်၊ မဂ်၏တန်ခိုးကြောင့် ပြီးသည့် ပရိယတ်, အဘိညာဏ်ဟု ခေါ်ဆိုရာ၏)။

နောက်တနေ့၌ မြတ်စွာဘုရားသည် ရဟန်းပေါင်း (၄၉၉) လေးရာ့ကိုးဆယ့်ကိုးပါးတို့နှင့် အတူတကွ ဆရာဇီဝက၏ နေအိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွရောက်ကာ ထိုင်နေတော်မူလေ၏။ အရှင်စူဠပဏ္ဍကသည်ကား မိမိအတွက် ဆွမ်းကို နှောင်တော် မဟာပဏ္ဍုကမ္ဗလထေရ်က လက်မခံသည့်အတွက်သာ မလိုက်ပါရပဲ ရှိလေ၏။ ဆရာဇီဝကသည် ရေစဉ်းစွာ ယာဂုကပ်လှူဖို့ရန် စီမံအားထုတ်လေ၏၊ မြတ်စွာဘုရားရှင်သည် ယာဂုကို အလှူမခံပဲ လက်တော်ဖြင့် သပိတ်တော်ကို ပိတ်၍ ထားတော်မူ၏။ ဆရာဇီဝက-က "မြတ်စွာဘုရား........အဘယ့်ကြောင့် ယာဂုကို အလှူမခံပါသနည်း ဘုရား"ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် "ဒါယကာဇီဝက...ကျောင်းမှာ ရဟန်းတပါး ကျန်ရှိနေသေးသည်"ဟု မိန့်တော်မူ၏။

ထိုအခါ ဆရာဇီဝကသည် ယောက်ျားတယောက်ကို "အမောင်...သွားပါချေ၊ ကျောင်းမှာကျန်ရှိနေသော အရှင်မြတ်ကို ပင့်၍ လာခဲ့ပါလော့" ဟု မှာထား စေလွှတ်လိုက်လေ၏။ စူဠပဏ္ဍက မထေရ်သည်လည်း ထို ယောက်ျား မလာမီကပင် ကြိုတင်၍ ရဟန်းတပါးနှင့်တပါး ပုံပန်းသဏ္ဌာန်မတူအောင်, ရဟန်းတပါး၏ သက်န်းစီရင်ခြင်း-စသော အမှုကိစ္စကိုလည်း

အခြား ရဟန်းတပါးနှင့် မတူအောင်ပြု၍ ရဟန်းတော်ပေါင်း တထောင် တန်ခိုးဖြင့် ဖန်ဆင်းထားနှင့်လေ၏။

ဆရာဇီဝကလွှတ်လိုက်သော ယောကျ်ားသည် ကျောင်း၌ ရဟန်းတော်တို့ အလွန်များနေသည်ကို တွေ့မြင်ရ၍ (ဆရာဇီဝကက ရဟန်းတပါးကိုသာ အပင့်လွှတ်လိုက်ရကား မပင့်ဝံ့တော့ပဲ) တဖန်ပြန်လာ၍ ဆရာဇီဝကအား "အိုအရှင် ဆရာဇီဝက.... ဤသခု ဆရာ့အိမ်မှာ ကြွရောက်ရှိနေသော ရဟန်းသံဃာထက် ကျောင်းတိုက်မှာရှိနေသော ရဟန်းသံဃာက ပို၍များပါသည်၊ သို့ဖြစ်၍ ပင့်ဖိတ်ရမည့် အရှင်ကောင်းကို မသိနိုင် မစဉ်းစားနိုင် အောင် ဖြစ်ပါသည်" ဟု ပြန်ကြား ပြောဆိုလေ၏။ ဆရာဇီဝက သည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား........ကျောင်းတိုက်မှာ ကျန်ရှိနေရစ်သော ရဟန်းသည် အဘယ်အမည်ရှိပါသနည်း" ဟု မေးလျှောက်လေ၏။ မြတ်စွာဘုရားရှင်က "ဒါယကာဇီဝက.... ကျောင်းတိုက်မှာ ကျန်ရှိနေရစ်သော ရဟန်းသည် 'စူဠပန္ထက အမည်ရှိ၏" ဟု မိန့်တော်မူလေလျှင် ဆရာဇီဝကသည် ထို ယောကျ်ားကို "အမောင်....တဖန် သွားပါဦးလော့၊ စူဠပန္ထက အမည်ရှိသော အရှင်သည် အဘယ်အရှင်မြတ်နည်း' ဟု မေး၍ ပင့်ဆောင်ခဲ့လော့" ဟု မှာတမ်း၍ တဖန် အပင့်လွှတ်လိုက်ပြန် လေ၏။

ထို ယောကျ်ားသည် ကျောင်းတိုက်သို့သွား၍ "စူဠပန္ထက အမည်ရှိသော အရှင်သည် အဘယ်အရှင်မြတ်ပါနည်း" ဟု မေး လေ၏။ ရဟန်းတထောင်လုံးကပင် "စူဠပန္ထကမထေရ်ဆိုသူမှာ ငါပင်တည်း၊ စူဠပန္ထကမထေရ်ဆိုသူမှာ ငါပင်တည်း" ဟု ဖြေ ကြားလေ၏။ ထိုယောကျ်ားသည် တဖန် ပြန်လာ၍ ဆရာဇီဝက အား "ဆရာ .... ရဟန်းတထောင်အားလုံးကပင် 'စူဠပန္ထက မထေရ်ဆိုသူမှာ ငါပင်တည်း၊ စူဠပန္ထကမထေရ်ဆိုသူမှာ ငါပင် တည်း' ဟု မိန့်ကြားကြပါသည်၊ အကျွန်ုပ်သည် ဤမည်သော အရှင်ကို ပင့်ခေါ်ရမည်ဟု မသိနိုင် မစဉ်းစားနိုင်အောင် ဖြစ်ခဲ့ရ ပါသည်" ဟု ဖြန့်ကြားပြောဆိုလေ၏။ ဆရာဇီဝကသည်ကား

သစ္စာလေးပါး တရားသိပြီးသူ အရိယာဒါယကာ တယောက် ဖြစ်ခြင်းကြောင့် "ကျောင်းမှာ ကျန်ရှိနေရစ်သော ရဟန်းသည် တန်ခိုးရှင်ရဟန်းတည်း" ဟု နည်းဥပါယ်အားဖြင့်ပင် သိမြင်၍ "အမောင်....သွားပါချေဦး၊ ရှေးဦးစွာပြောကြားသော ရဟန်းကို ပင် 'မြတ်စွာဘုရားက အရှင်ဘုရားတို့ကို ခေါ်တော်မူ၏' ဟု ပြောဆို၍ ထိုရဟန်း၏ သက်န်းစွန်း၌ ဆွဲကိုင်ကာ ပင့်ခဲ့လော့" ဟု ပြောဆိုစေလွှတ်လိုက်ပြန်၏။ ထိုယောကျ်ားသည် ကျောင်းတိုက် သို့ သွားပြန်၍ ဆရာဇီဝက မှာလိုက်သည့်အတိုင်း ပြုလုပ်လေလျှင် ထိုခဏမှာပင် ရဟန်းတထောင်တို့ ကွယ်ပျောက်၍သွားကြလေ ကုန်၏။ ထိုအခါမှာမှ ထိုယောကျ်ားသည် အရှင်စူဠပန္ထက မထေရ်ကို ပင့်ဖိတ်ခေါ်ဆောင်၍ သွားလေ၏။ မြတ်စွာဘုရား သည် ထိုခဏမှာမှ ယာဂုကို အလှူခံကာ ဘုဉ်းပေး သုံးဆောင် တော်မူလေ၏။

မြတ်စွာဘုရားရှင် ဆွမ်းဘုဉ်းပေးပြီး၍ ကျောင်းတော်သို့ ပြန်ရောက်တော်မူလျှင် တရားသဘင်၌ "ဘုရားရှင်တို့မည်သည် အလွန်လျှင် ကြီးမြတ်လှကုန်စွဘကား၊ လေးလကြာ၍မှ ဂါထာ တပုဒ်ကို နှုတ်တက်ရအောင် မသင်ယူနိုင်သောရဟန်းကို ဤသို့စဉ် တန်ခိုးကြီးမြတ်သူ ဖြစ်အောင် ပြုတော်မူနိုင်ပါပေကုန်၏" ဟု ရဟန်းတို့၏ ဆွေးနွေးစကား ဖြစ်ရှိလေသည်။ မြတ်စွာဘုရားရှင် သည် ထိုရဟန်းတို့၏ စိတ်ဖြစ်ပုံကို သိတော်မူ၍ တရားသဘင်သို့ ကြွတော်မူကာ ခင်းထားအပ်သော ဘုရားနေရာတော်၌ ထိုင်နေ တော်မူလျက် "ရဟန်းတို့....သင်တို့သည် အဘယ်စကားကို ပြော ကြားနေကြကုန်သနည်း" ဟု မေးတော်မူလေ၏။ ရဟန်းများက "မြတ်စွာဘုရား....တပည့်တော်များသည် အခြားစကား တစုံတရာ ကိုမျှ မပြောဆိုကြပါ၊ 'စူဠပန္ထကသည် အရှင်ဘုရားတို့၏အထံမှ ကြီးစွာသော လာဘ်ကို ရအပ်လေပြီ' ဟု အရှင်ဘုရားတို့၏ ဂုဏ် ကျေးဇူးစကားကိုသာ ပြောဆိုနေကြပါကုန်၏" ဟု ပြန်ကြား လျှောက်ထားကြလေလျှင် မြတ်စွာဘုရားရှင်သည် "ရဟန်းတို့.... ယခုအခါ ငါဘုရား၏ ဩဝါဒကို လိုက်နာ၍ လောကုတ္တရာအမွေ

အနှစ်ကို ရခြင်းကာဓ မအံ့ဩလောက်သေး၊ ဤစူဠပန္ထကသည် အတိတ်ဝေးစွာ ရှေးအခါကလည်း မရင့်ကျက်သေးသောဉာဏ်၌ တည်စဉ် ငါဘုရား၏ အဆုံးအမကို လိုက်နာ၍ လောကီအမွေ အနှစ်ကို ရဘူးလေပြီ”ဟု မိန့်တော်မူလေ၏။ ရဟန်းတို့က “အဘယ်အခါတုန်းကနည်း မြတ်စွာဘုရား....”ဟု တောင်းပန် လျှောက်ထားကြသဖြင့် မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ဤဆိုလတ္တံ့သောအတိုင်း အတိတ်ဖြစ်ရပ် “စူဠသေဋ္ဌိဇာတ်”ကို ထုတ်ဆောင်ပြတော်မူလေ၏—

## စူဠသေဋ္ဌိဇာတ်

ရဟန်းတို့........ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုလေ၏၊ ထိုအခါ စူဠသေဋ္ဌိအမည်ရှိသော ပညာရှိသုခမိန်သူဌေးသည် ခပ်သိမ်းသောနိမိတ်တို့ကို သိမြင် ကျွမ်းကျင်၏။ စူဠသေဋ္ဌိသုခမိန်သူဌေးသည် တနေ့သ၌ မင်းကို ခစားရန် သွားလတ်သော် လမ်းခရီးအကြား၌ ကြွက်သေ တကောင်ကို တွေ့မြင်၍ ထိုခဏ၌ပင် ကောင်းကင်နက္ခတ်ကို ကြည့်ရှုဆင်ခြင်ပြီးသော် “ပညာမျက်စိရှိသော အမျိုးကောင်းသား သည် ဤကြွက်သေကို ယူဆောင်၍ သားမယား မွေးမြူမှုကို ပြုရန် ငှင်း, အလုပ်ကိစ္စတို့ကို ယှဉ်စေရန်ငှင်း တတ်နိုင်၏”ဟု နိမိတ်ဖတ် စကား ပြောကြားလေ၏။

မထင်မရှား ဆင်းရဲသားတယောက်သည် ထိုပညာရှိသုခမိန် စူဠသေဋ္ဌိသူဌေး၏ နိမိတ်ဖတ်စကားကို ကြားရ၍ “ဤသုခမိန် သူဌေးသည် မသိဘဲ ပြောလိမ့်မည်မဟုတ်”ဟု စဉ်းစားဆင်ခြင်၍ ထိုကြွက်သေကို ကောက်ယူပြီးလျှင် ဈေးတခုသို့ သွားရောက်ကာ ကြောင်စာအဖြစ် ရောင်းချ၍ တချင်ရွေးမျှသောဥစ္စာကို ရလေ၏။ ထိုတချင်ရွေးဖြင့် တင်လဲ(=ထန်းလျက်ခဲ)ကို ဝယ်ပြီးလျှင် သောက်ရေအိုးတလုံးကို ထမ်းယူခဲ့ကာ တောမှ ပန်းခူး၍ပြန်လာ သော ပန်းသည်တို့ကို တွေ့၍ တင်လဲခဲ အတန်ငယ် အတန်ငယ်ကို ပေးပြီးလျှင် ရေမှုတ်ဖြင့် သောက်ရေကို သန့်သန့်ပြန့်ပြန့်ခပ်ယူကာ

အမောပြေတိုက်ပေးလေ၏။ ပန်းသည်များသည် ကျေးဇူးတင်စွာဖြင့် ထိုဆင်းရဲသားအား ပန်းတဆုပ်စီ တဆုပ်စီ ပေးခဲ့ကြတုန်၏။

(ဤမှစ၍ ထိုဆင်းရဲသား အမျိုးကောင်းသားကို ပညာရှိသူဖြစ်သောကြောင့်၎င်း, စူဠသေဋ္ဌိသုခမိန်သူဌေး၏ နည်းခံတပည့်ဖြစ်သောကြောင့်၎င်း "ပညာရှိတပည့်ငယ်"ဟူ၍ ခေါ်ဆိုသုံးစွဲပေအံ့)။ ထိုပညာရှိတပည့်ငယ်သည် ပန်းသည်များ တဆုပ်စီ တဆုပ်စီ ပေးခဲ့ကြသော ပန်းဖိုးဖြင့် နောက်တနေ့၌လည်း ရနိုင်သမျှသော တင်လဲနှင့် သောက်ရေအိုးသန့်သန့်ကို ထမ်းဆောင်ကာ ပန်းဥယျာဉ်ရှိရာသို့ပင် သွားရောက်လေ၏။ ထိုနေ့၌ကား ပန်းသည်များသည် ထိုပညာရှိတပည့်ငယ်အား မိမိတို့ခူးပြီးသော ပန်းများမှ တဝက်စီ တဝက်စီ ခွဲဝေ၍ပေးကာ ပြန်သွားကြလေကုန်၏။ ဤနည်းဖြင့် ထိုပညာရှိတပည့်ငယ်သည် မကြာမီပင် ငွေအသပြာ ရှစ်ကျပ်တို့ကို ရရှိ စုဆောင်းမိလေ၏။

တဖန် လေကြီးမိုးကြီးကျသောတနေ့၌ ထိုပညာရှိတပည့်ငယ်သည် စွန့်ပစ်ထားသော ဥယျာဉ်ကြီး (=ဥယျာဉ်အိုကြီး) သို့ သွားရောက်၍ လေတိုက်ခပ်သဖြင့် ပြတ်ပြတ်ကျသော ထင်းတို့ကို အစုအပုံ ပြုသျက်နေစဉ် မင်းအသုံးတော်ခံ အိုးထိန်းသည်၏ အထံမှ ငွေအသပြာ တဆယ့်ခြောက်ကျပ်တို့ကို ရပြန်လေသည်။ ထိုပညာရှိတပည့်ငယ်သည် ပန်းဖိုးရှစ်ကျပ်နှင့် ထင်းခြောက်ဖိုး တဆယ့်ခြောက်ကျပ် = ၂-ရပ်ပေါင်း နှစ်ဆယ့်လေးအသပြာ = နှစ်ဆယ့်လေးကျပ်တို့ ဖြစ်ကုန်လတ်သော် "ငါ့အဖို့ရာ ဤဥစ္စာရကြောင်း နည်းလမ်းဥပါယ်ကောင်းသည် ရှိ၏ = မြက်သည်တို့အား ရေချမ်းဒကာခံရလျှင် ဥစ္စာရကြောင်း နည်းလမ်းဥပါယ်ကောင်းဖြစ်၏"ဟု ကြံစည်စဉ်းစားမိ၍ မြို့တံခါးဝမှ မနီးမဝေးအရပ်၌ ရေလှောင်အိုးစရည်းကြီးတလုံးကို တည်ထားပြီးလျှင် မြို့အပြင်ဆင်ခြေဖုံးမှ လာရောက်ကြသည့် မြက်ထမ်းသမား= မြက်သည်ငါးရာတို့ကို သောက်ရေတိုက်ကာ ရေချမ်းဒကာခံလေ၏။ မြက်သည်များက "မိတ်ဆွေ.......သင်ကား ငါတို့၏အပေါ်ဝယ် အလွန်ကျေးဇူးများသူ ဖြစ်ပါ၏၊ သင့်အဖို့ရာ အဘယ်အမှုကို

ငါတို့ကူညီပြုရမည်နည်း”ဟု မေးမြန်းပြောဆိုကြလေလျှင် ပညာရှိတပည့်ငယ်သည် “ကျွန်ုပ်၏အတွက် ကူညီဆောင်ရွက်ဖွယ်ကိစ္စဖြစ်ပေါ်လာသောအခါ ကူညီဆောင်ရွက်ကြရပါလိမ့်မည်”ဟု လက်ခံစကား ပြောကြားပြီးလျှင် ဤမှ ထိုမှ လှည့်လည်သွားရောက်ကာ ကုန်းလမ်းကိစ္စဆိုင်ရာ အကြီးအကဲ, ရေလမ်းကိစ္စဆိုင်ရာ အကြီးအကဲတို့နှင့် အဆွေခင်ပွန်း ချစ်ကျွမ်းမိတ်ဖွဲ့မှုကို ပြုမိလေ၏။

တနေ့သ၌ ပညာရှိတပည့်ငယ်အား ကုန်းလမ်းကိစ္စဆိုင်ရာအကြီးအကဲက “နက်ဖြန်ခါ ဤဗာရာဏသီပြည်သို့ မြင်းကုန်သည်တယောက် မြင်းငါးရာတို့ကို ယူဆောင်၍ လာလိမ့်မည်”ဟု သတင်းကောင်းစကား ပြောကြားလေ၏။ ပညာရှိတပည့်ငယ်သည် ထိုကုန်းလမ်းကိစ္စဆိုင်ရာ အကြီးအကဲ၏စကားကို ကြားသိရ၍ မြက်ထမ်းသမား=မြက်သည်များအား အသိပေးပြီးလျှင် တယောက်တယောက်လျှင် ရှေးနေ့များကထက် မြက်တထုံးတထုံး ပို၍ ယူဆောင်လာစေလေ၏။ ထိုအခါ ပညာရှိတပည့်ငယ်သည် မြင်းတို့ကို မြို့တွင်းသို့ သွင်းလာသောအချိန်၌ မြက်ထုံးပေါင်းတထောင်ကို မြင်းကုန်သည်မြင်နိုင်လောက်အောင် ရှေ့မြို့တော် အတွင်းတံခါး၌ စုပုံထားကာ ထိုင်နေလေ၏။ မြင်းကုန်သည်သည် တမြို့လုံး၌ လှည့်လည်ရှာပါသော်လည်း မြင်းစာကို မရရှိသောကြောင့် ထိုပညာရှိတပည့်ငယ်အား အသပြာကျပ်တထောင်ပေး၍ ထိုမြက်ထုံးတထောင်ကို ယူဆောင်သွားလေ၏။

ထို့နောက် နှစ်ရက်သုံးရက် လွန်သောအခါ၌ ထိုပညာရှိတပည့်ငယ်အား ရေလမ်းကိစ္စဆိုင်ရာ အကြီးအကဲမိတ်ဆွေသည် “ပင်လယ်ကူးဆိပ်ကမ်းသို့ ကုန်သဘောကြီးတစင်း ဆိုက်ရောက်လာပြီ”ဟူသော သတင်းစကားကို ပြောကြားစေလေ၏။ ပညာရှိတပည့်ငယ်သည် “ဥစ္စာရကြောင်း ဤနည်းလမ်း ဥပါယ်ကောင်းသည် ဖြစ်ပေါ်လာပြန်ပြီ”ဟု ကြံစည်ဆင်ခြင်ကာ အလုံးစုံအဆောင်အယောင်နှင့် ပြည့်စုံသော ရထားတစီးကို ခေတ္တခဏ အသပြာငွေရှစ်ကျပ်ဖြင့် ငှါးယူ၍ ပင်လယ်ကူးဆိပ်ကမ်းသို့ သွား

ရောက်ပြီးလျှင် လက်စွပ်တကွင်း သင်္ဘောကုန်သည်မှူးအား စရံအဖြစ် ပေးအပ်၍ ဆိပ်ကမ်းနှင့် မနီးမဝေးအရပ်ဝယ် ပွဲရုံပမာ တင်းထိမ်ကန့်လန့်ကာကို သပ်ယပ်စွာကာရံစေပြီးနောက် ထိုပွဲရုံအတွင်း၌ ထိုင်နေကာ မိမိ၏ အစေအပါး (ငှါးထားသော) လူများကို "အပြင်ကုန်သည်များ အကယ်၍ လာရောက်ကြလျှင် သုံးခုမြောက်ဆင့်ကြား သတင်းစကားဖြင့် (ပြောဆိုရာ၌သာနေ၍ သုံးဆင့်ထား၍-ဟု ဆိုလိုသည်) ငါ့အား ပြောကြားကြကုန်လော့"ဟု အမိန့်ပေး မှာထားလေ၏။

"ကုန်သင်္ဘောကြီး ဆိုက်ရောက်နေပြီ" ဟူသော သတင်းစကားကို ကြားသိရ၍ ဗာရာဏသီပြည်မှ တရာမျှသောကုန်သည်ကြီးတို့သည် "ကုန်ဘဏ္ဍာဥစ္စာကို ငါတို့ဝယ်ယူကုန်အံ့"ဟု ဆိပ်ကမ်းသို့ လာရောက်ကြလေကုန်၏။ ဆိပ်ကမ်းမှာရှိနှင့်ကြသည့် ပညာရှိတပည့်ငယ်၏ လူများက "ကုန်ဘဏ္ဍာဥစ္စာကို အသင်တို့ ရကြတော့မည် မဟုတ်ကုန်၊ ဤမည်သော နေရာ၌ နေထိုင်သည့် ကုန်သည်ကြီးက အားလုံးကုန်များအတွက် စရံပေးထားအပ်လေပြီ"ဟု ဆီးကြို၍ပြောဆိုကြလေကုန်၏။ ထိုဗာရာဏသီကုန်သည်ကြီး တရာမျှတို့သည် ထိုသူတို့ပြောစကားကို ကြားရလေလျှင် ပညာရှိတပည့်ငယ် (= ကုန်သည်ကြီးဆိုသူ)အထံသို့ လာရောက်ကြလေကုန်၏။

ပညာရှိငယ်၏ တပည့်များက ရှေးမှာထားရင်းအတိုင်း ခမ်းနားသည်ထက် ခမ်းနားအောင် သုံးခုမြောက်ဆင့်ကြား သတင်းစကားဖြင့် ကုန်သည်ကြီးများ လာရောက်ကြကြောင်းကို တရိုတသေ ပြောကြားကြလေကုန်၏။ ကုန်သည်ကြီး တရာတို့သည်လည်း ပညာရှိငယ်အား တယောက်တယောက်လျှင် တထောင်စီ တထောင်စီ လက်ဆောင် (အပျောက်) ပေး၍ ထိုသင်္ဘောပါကုန်များအတွက် အစုရှင်များ ဖြစ်ကြပြီးသော် တဖန်ထပ်လော၍ တယောက် တယောက်လျှင် တထောင်စီ တထောင်စီပင် ပညာရှိငယ်အား အမြတ်အစွန်းပေးကြ၍ (ထိုပညာရှိငယ်ကို အစုရှင်အဖြစ်မှ ထွက်စေပြီးလျှင်) သင်္ဘောပါကုန်ဘဏ္ဍာ ဥစ္စာ

တို့ကို မိမိတို့ချည်းပိုင်သည့် ကုန်ဘဏ္ဍာဖြစ်အောင် ပြုလုပ်ကြလေကုန်၏။ ထိုပညာရှိတပည့်ငယ်သည် တထိုင်တည်းဖြင့်ပင် အသပြာနှစ်သိန်းတို့ကို ရယူခဲ့၍ ဗာရာဏသီပြည်တွင်းသို့ လာခဲ့ပြီးလျှင် "ငါကား ကျေးဇူးသိသူ = ကတညူပုဂ္ဂိုလ်ဖြစ်မှ သင့်တော်မည်" ဟု ကြံစည်ဆင်ခြင်ပြီးနောက် အသပြာတသိန်းကို ယူဆောင်ခဲ့၍ စူဠသေဋ္ဌိ ပညာရှိသုခမိန်သူဌေးထံသို့ သွားရောက်လေ၏။

ထိုအခါ စူဠသေဋ္ဌိ ပညာရှိသုခမိန်သူဌေးသည် ထိုပညာရှိတပည့်ငယ်ကို "ချစ်သား.... သင်သည် အဘယ်သို့ ပြု၍ ဤအသပြာ ဥစ္စာများကို ရအပ်သနည်း"ဟု မေးလေ၏။ ပညာရှိတပည့်ငယ်သည် "အရှင်သူဌေးမင်းတို့ ကြွက်သေကို ကြည့်ရှုကာ မိန့်မှာအပ်သော နည်းလမ်းဥပါယ်ကောင်း၌ တည်၍ အကျွန်ုပ်သည် လေးလအတွင်းမှာပင် အသပြာနှစ်သိန်းနှင့် နှစ်ဆယ့်လေးကျပ်ကိုရအပ်ပါပြီ"ဟု အကြောင်းမျိုးစုံကို ပြန်ကြားပြောဆိုလေ၏။ ထိုအခါ စူဠသေဋ္ဌိ ပညာရှိသုခမိန်သူဌေးသည် ထိုပညာရှိငယ်၏ စကားကို ကြားရလေလျှင် "ယခုအခါ ဤသို့ ပညာရှင်သဘောရှိသော လူငယ်တယောက်ကို သူတပါးဥစ္စာ ပြုရန် မသင့် = မိမိဥစ္စာဖြစ်အောင် ပြုသင့်၏"ဟု ကြံစည်ဆင်ခြင်ပြီးလျှင် အရွယ်သို့ရောက်ပြီးသော မိမိသမီးကို ထိုပညာရှိငယ်အား ပေး၍ အိမ်ထောင်စု၏ အရှင်သခင် အကြီးအကဲအဖြစ်ရောက်အောင် ချီးမြှောက်လေ၏။ ထိုအမျိုးကောင်းသား ပညာရှိသည် စူဠသေဋ္ဌိ ပညာရှိသုခမိန်သူဌေးကြီး ကွယ်လွန်သောအခါ ထိုဗာရာဏသီပြည်၌ သူဌေးကြီးရာထူးကို ရယူ၍ အသက်တမ်းအတိုင်း တည်နေပြီးလျှင် ကံအားလျော်စွာ လားရောက်လေ၏။

မြတ်စွာဘုရားသည် ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထု၊ နှစ်ပါးတို့ကို ဟောကြားပြီးနောက် အနုသန္ဓေစကား ဆက်စပ်ပြီးလျှင် ယခုဘုရားဖြစ်တော်မူပြီးသောအခါ၌—

"အပ္ပကေနပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့........။
ပုရိသော = ပညာရှိဖြစ်သော ယောကျ်ားသည်။ အကုံ = အနည်းငယ်မျှ မပြောပလောက်သော။ အဂ္ဂိံ = မီးကို။ သန္ဓမံ = သန္ဓမန္တော = လောင်စာထည့်ပေ ခံတွင်းလေဖြင့် မနေမနား ကြိုးစားအားထုတ် အဖန်ဖန်မှုတ်သည် ဖြစ်၍။ မဟန္တံ အဂ္ဂိက္ခန္ဓံ = ကြီးစွာသော မီးပုံကြီးကို။ သမုဋ္ဌာပေတိ ဣဝ = ဖြစ်စေသကဲ့သို့။ ဧဝံ = ဤအတူ။ ဝိစက္ခဏော = ရောင်းရေးဝယ်တာ လိမ္မာပါးနပ်သော။ မေဓာဝီ = ရှေ့ရေး နောက်ရေး တောက်တွေးမြော်မြင် ပညာရှင်သည်။ အပ္ပကေနပိ = အနည်းငယ်မျှ မပြောပ လောက်သည်လည်းဖြစ်သော။ ပါဘတေန = အရင်းဥစ္စာဖြင့်။ မဟာဓနေယသံ = ကြီးစွာသော ဥစ္စာစည်းစိမ်ကို။ သမုဋ္ဌာပေတွာ = ဖြစ်စေ၍။ တတ္ထ = ထိုကြီးကျယ်လှစွာ စည်းစိမ်ဥစ္စာ၌။ အတ္တာနံ = မိမိကိုယ်ကို။ သမုဋ္ဌာပေတိ = သိမ်း, သန်းကြွယ်ဆောက် သူဌေးအဖြစ်ရောက်အောင် ချီးမြှောက်တင်ထားနိုင်လေ၏"—

ဟူသော ဤဂါထာကို ဟောကြားတော်မူလေ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် တရားသဘင်၌ စည်းဝေးညီမူကြသော ရဟန်းတို့အား ဤအကြောင်းရပ် အဋ္ဌုပ္ပတ်ကို ဟောကြားတော် မူလေ၏။

## (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူကြခြင်း

နောက်တချိန်၌ မြတ်စွာဘုရားရှင်သည် အရိယာသံဃာတော် အပေါင်း ခြံရံအပ်လျက် ဓမ္မာသနပလ္လင်ဝယ် ထိုင်နေတော်မူကာ များစွာသော ရဟန်းတော် အရှင်မြတ်တို့အား တေဒဂ်ဘွဲ့ထူး နှင်းအပ်သောသဘင် ဆင်ယင်သောအခါ၌ အရှင်စူဠပန္ထက မထေရ်အား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မနော- မယံ ကာယံ အဘိနိမ္မိနန္တာနံ ယဒိဒံ စူဠပန္ထကော (၁)၊

စေတောဝိဝဋ္ဋကုသလာနံ ယဒိဒံ စူဠပန္ထကော (၂)= ရဟန်းတို့ ... အဘိညာဏ်စိတ်ဖြင့် ပြီးသော (=အဘိ-ညာဏ်စိတ်ကြောင့်ဖြစ်သော) ရုပ်ကိုယ်ကို ဖန်ဆင်းနိုင်ကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် စူဠ-ပန္ထကသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏ (၁)။ ရူပါ-ဝစရချမ်းသာအရာဝယ် လိမ္မာကျွမ်းကျင်ကြသော ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် စူဠပန္ထကသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏ (၂)"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ ဧတဒဂ်ဘွဲ့ ဘူးနှစ်ရပ် နှင်းအပ်ပေးတော်မူလေ၏။

နောင်တော်ဖြစ်သော မဟာပန္ထကမထေရ်အားကား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သညာ-ဝိဝဋ္ဋကုသလာနံ ယဒိဒံ မဟာပန္ထကော = ရဟန်းတို့.... အရူပါဝစရချမ်းသာအရာဝယ် လိမ္မာကျွမ်းကျင်ကြသော ငါဘုရား၏တပည့်သာဝကရဟန်းတို့တွင်မဟာပန္ထကသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ သညာဝိဝဋ္ဋ ကုသလအရာဝယ် ဧတဒဂ်ဘွဲ့ဘူး နှင်းအပ်တော်မူလေ၏။

(ဤဌာ။ ။အခြားတပါးသော ရဟန်းတို့သည် ဣဒ္ဓိဝိဓအဘိညာဏ်ဖြင့် မနောမယရုပ်ကိုယ်ကို ဖန်ဆင်းကြလျှင် သုံးပါး သို့မဟုတ် လေးပါးစသည် အနည်းအကျဉ်းသာ ဖန်ဆင်းကြကုန်၏၊ အများကြီး မဖန်ဆင်းကြကုန်၊ ထိုသို့ဖန်ဆင်းရာမှာလည်း ဣဒ္ဓိရှင် = တန်ခိုးရှင်မိမိနှင့် ပုံပန်းတူလျက် အလုပ်ကိစ္စတခုတည်း တမျိုးတည်းကိုသာ ပြုလုပ်ကြသော နိမ္မိတရုပ်တို့ကို ဖန်ဆင်းကြကုန်၏။ စူဠပန္ထကမထေရ်သည်ကား အာဝဇ္ဇန်းတချက်တည်း (=ဝီထိ တဝီထိ)တည်းဖြင့်ပင် နိမ္မိတရဟန်း အထောင်ကို ဖန်ဆင်းတော်မူ၏။ ထိုသို့ဖန်ဆင်းရာမှာလည်း နိမ္မိတရုပ်ချင်း တပါးနှင့်တပါး အဆင်းမတူအောင် အလုပ်ကိစ္စမတူအောင်= တပါးက အဆင်းတမျိုး အခြားတပါးက အဆင်းတမျိုးဖြစ်အောင်, တပါးက အလုပ်တမျိုး အခြားတပါးက အလုပ်တမျိုးပြုလုပ်နေပုံ

ဖြစ်အောင် ဖန်ဆင်းတော်မူသည်။ ထို့ကြောင့် မနောမယရုပ်ကိုယ်ကို ဖန်ဆင်းရာ၌ ဧတဒဂ်ရာထူး ရတော်မူသည်။ ။စေတောဝိဝဋ္ဋကုသလ နှင့် သညာဝိဝဋ္ဋကုသလအရတို့ကို အဋ္ဌကထာ၌ အနည်းနည်းဖွင့်ပြ သော်လည်း စာဖတ်သူတို့ ဉာဏ်မရှုပ်ထွေးစေရန် ဤ၌ မဖော်ပြ တော့ပြီ။ ။ဤပန္ထကမထေရ်ညီနောင် ၂-ပါးတို့နှင့်စပ်သော တရား ဒေသနာများကို အပဒါန် ပါဠိအဋ္ဌကထာ, ထေရဂါထာ ပါဠိအဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာ, ဥဒါန်းပါဠိအဋ္ဌကထာ-စသည်တို့မှ အကျယ်ထုတ်ယူ မှတ်သားကုန်ရာ၏)။

ဤကား ပန္ထကမထေရ်နောင်ညီ ၂-ပါးတို့ အကြောင်းတည်း။

---

## (၁၃) အရှင်သုဘူတိ မထေရ်အကြောင်း

### (က) မထေရ်မြတ်၏ ရှေးဆုတောင်း

ဤ အရှင်သုဘူတိမထေရ်အလောင်း သူတော်ကောင်းအမျိုး သားသည် လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာ ဘုရားရှင် ပွင့်တော်မမူမီ. ပုဏ္ဏားသူကြွယ်မျိုး၌ ဖြစ်၍ အမည် အားဖြင့် နန္ဒလုလင်ဟူ၍ တွင်မည်လေသည်။

နန္ဒလုလင်သည် အရွယ်သို့ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြား တတ်မြောက်၍ ထို ဗေဒင်ကျမ်းများ၌ တရားအနှစ် သာရကို မတွေ့ရှိရကား မိမိ၏ အခြံအရံဖြစ်သော လုလင်ပေါင်း (၄၄၀၀၀) လေးသောင်းလေးထောင်တို့နှင့် အတူတကွ နိသဘာ မည်သော တောင်ခြေရင်း၌ ရသေ့ရဟန်းပြု၍ လောကီအဘိ- ဉာဏ်ငါးပါး, သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေလေ၏။ မိမိ၏ တပည့် ရသေ့ပေါင်း လေးသောင်းလေးထောင်တို့ကိုလည်း ရှာန်အဘိညာဏ်ရ ပုဂ္ဂိုလ်ချည်းဖြစ်အောင် ပြုလုပ်လေ၏။

ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် လောက၌ ပွင့်ထွန်း တော်မူလာ၍ ဟံသာဝတီမင်းနေပြည်ကို အမှီဝေါစရဂါမ်ပြုလျက် နေတော်မူစဉ် တနေ့သ၌ နံနက်မိုးသောက်ထအခါ သတ္တလောက ကို ကြည့်ရှုတော်မူလေလျှင် နန္ဒရသေ့၏ တပည့်ဖြစ်ကြသူ ဆံကျစ်

ရသေ့ပေါင်း လေးသောင်း လေးထောင်တို့၏ အရဟတ္တဖိုလ် ရကြောင်း ရှေးကောင်းမှုကိုဎင်း, နန္ဒရသေ့၏ အဖို့ရာလည်း အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော မဟာသာဝကရာထူးကို တောင့်တ ဆုပန်လိမ့်မည်ကိုဎင်း မြင်တော်မူ၍ စော်စောပင် ကိုယ်လက် သုတ်သင်မှု ပြုတော်မူ၍ နံနက်အခါ ကိုယ်တော်တိုင် သပိတ်, သင်္ကန်းကို ယူဆောင်တော်မူပြီးလျှင် ရှေး သာရိပုတ္တရာမထေရ် ဝတ္ထု၌ ဆိုအပ်ပြီးသောနည်းအတိုင်း နန္ဒရသေ့၏ သခ်မ်းကျောင်း သို့ ကြွတော်မူလေ၏။ ထိုသခ်မ်းကျောင်း၌ သစ်သီးကြီးငယ် လှူ ဒါန်းကြကြောင်း, ပန်းနေရာတော် ခင်းကျင်းလှူဒါန်းကြကြောင်း, နိရောဓသမာပတ် ဝင်စားတော်မူကြောင်းများကို ရှေး သာရိ- ပုတ္တရာမထေရ်ဝတ္ထု၌ ဆိုအပ်ပြီးသောနည်းအတိုင်း သိအပ်၏။

အထူးအားဖြင့်ကား မြတ်စွာဘုရားသည် နိရောဓသမာပတ်မှ ထတော်မူလတ်သော် (၁) ကိလေသာကင်းရှင်း ချမ်းသာစွာ နေခြင်းအင်္ဂါ, (၂) မြတ်သောဒလှူကို ခံယူထိုက်ခြင်း အင်္ဂါ = ဤ အင်္ဂါနှစ်ပါးတို့နှင့် ပြည့်စုံသော သာဝကမထေရ်တပါးကို "ချစ်သား.... သင်ချစ်သားသည် ရသေ့အပေါင်းအား ပန်းနေရာ အလှူအနုမောဒနာတရား ဟောကြားလော့"ဟု အမိန့်ပေးတော် မူလေ၏။ မထေရ်သည် မိမိ၏ အရာ၌ တည်၍ ပိဋကတ်သုံးပုံကို သုံးသပ်ဆင်ခြင်တော်မူလျက် အနုမောဒနာတရား ဟောကြား တော်မူလေ၏။ ထိုမထေရ်၏ တရားဒေသနာနိဂုံး ဆုံးသောအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ကိုယ်တော်တိုင်ပင် တရားဟော တော်မူလေ၏။ ဒေသနာနိဂုံး ဆုံးသောအခါ တပည့်ရသေ့ပေါင်း (၄၄၀၀၀) လေးသောင်း လေးထောင်လုံးတို့သည်ပင် အရ- ဟတ္တဖိုလ်သို့ ရောက်ဆိုက်ကြလေကုန်၏။ ဆရာဖြစ်သူ နန္ဒရသေ့ သည်ကား အနုမောဒနာတရား ဟောကြားသော ရဟန်း၏ အာရုံနိမိတ်ကို ယူနေသည့်အတွက် မြတ်စွာဘုရား၏ တရား ဒေသနာတော်ကို အစဉ်ခဲ့လျှောက်သောအားဖြင့် မိမိဉာဏ်ကို မစေလွှတ်နိုင်ပဲ ရှိလေ၏။ (အနုမောဒနာတရား ဟောကြားသော ရဟန်းကိုသာ အာရုံစေ၍ စိတ်ဝင်စားနေသဖြင့် မြတ်စွာဘုရား၏

တရားတော်၌ ဉာဏ်မဝင်စားနိုင်ပဲ ရှိလေသည်ဟု ဆိုလို၏)။ မြတ်စွာဘုရားသည် "ဧထ ဘိက္ခဝေါ = ရဟန်းတို့........လာကြလော့"ဟု ကျန်သော တပည့်လေးသောင်းလေးထောင်တို့အတွက် ရွှေလက်တော်ဆန့်တန်း၍ ဧဟိဘိက္ခု ခေါ်တော်မူလိုက်လေ၏။ ထိုအခါ အားလုံးပင် ဆံ,မုတ်ဆိတ်များ ကွယ်ပျောက် ဣဒ္ဓိမယ-ပရိက္ခရာတို့ ကိုယ်ဝယ်ရောက်ကြလျက် အဝါခြောက်ဆယ် = သက်တော်ရှစ်ဆယ် ရှိပြီးသော မထေရ်ကြီးများကဲ့သို့ ဣန္ဒြေကြီးမားသော ရဟန်းတော်ကြီးများ ဖြစ်သွားကြလေ၏။

နန္ဒရသေ့သည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဘုရားရှင်မျက်မှောက်တော်၌ ရပ်တည်လျက် "မြတ်စွာဘုရား.... ပန်းနေရာတော်အလှူ အနုမောဒနာတရား ဟောကြားသော ရဟန်းသည် အရှင်ဘုရားတို့၏ သာသနာတော်၌ အဘယ်အမည် ရှိပါသနည်း ဘုရား"ဟု မေးလျှောက်လေ၏။ မြတ်စွာဘုရားရှင်က "ထိုရဟန်းကား ငါဘုရား၏ သာသနာဝယ် ကိလေသာ ကင်းရှင်းချမ်းသာစွာနေခြင်း အင်္ဂါ, မြတ်သော အလှူကို ခံယူထိုက်ခြင်း အင်္ဂါ=ဤအင်္ဂါနှစ်ပါးဖြင့် ဧတဒဂ်ဘွဲ့ထူးရသော ရဟန်းဖြစ်သည်" ဟု မိန့်တော်မူလေလျှင် နန္ဒရသေ့သည် "မြတ်စွာဘုရား....ဤခုနစ်ရက်ကြာပြုလုပ်အပ်သော အဓိကာရကောင်းမှုကုသိုလ်ကြောင့် အကျွန်ုပ်သည် အခြား လူနတ်စည်းစိမ်များကို မတောင့်တပါ၊ စင်စစ်သော်ကား နောက်အခါ တဆူဆူသော ဘုရားရှင်၏ သာသနာတော်၌ ဤအနုမောဒနာတရား ဟောကြားသော မထေရ်ကဲ့သို့ အင်္ဂါနှစ်ပါးတို့နှင့် ပြည့်စုံသော ဧတဒဂ်ဘွဲ့ထူးရ ပုဂ္ဂိုလ် ဖြစ်ပါလို၏"ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။ မြတ်စွာဘုရားရှင်သည် ထိုနန္ဒရသေ့ ဆုတောင်းပန်ထွာမှု၏ အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ ဗျာဒိတ်စကား ကြားတော်မူပြီးလျှင် ဖဲကြွတော်မူလေ၏။ နန္ဒရသေ့သည်လည်း အခါမပြတ် မြတ်စွာဘုရားရှင်၏ အထံတော်၌ တရားတော်ကို နာယူ၍ မလျော့ကျသော ဈာန်ရှိသူဖြစ်ရကား သေသည်၏ အခြားမဲ့ဝယ် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။ (ဤကား အရှင်သုဘူတိမထေရ်၏ ရှေး

ဆုတောင်း ကောင်းမှုဖြစ်သည်၊ ကမ္ဘာတသိန်းအတွင်း အကြား ကာလ၀ယ် ထိုမထေရ်၏ ကုသိုလ်ကောင်းမှုကို မဟာအဋ္ဌကထာ၌ မပြဆိုခဲ့)။

## (ခ) နောက်ဆုံးဘ၀ ရဟန်းပြုခြင်း

ထိုအရှင်သုဘူတိ မထေရ်အလောင်း အမျိုးကောင်းသားသည် ကမ္ဘာတသိန်းလွန်မြောက်၍ ဤသာသနာခေတ်သို့ ရောက်လတ်သော် သာဝတ္ထိပြည်၀ယ် သုမနသူဌေးကြီး၏သား (အနာထပိဏ်၏ညီ)ဖြစ်၍ အမည်အားဖြင့် သုဘူတိဟူ၍ တွင်မည်လေသည်။ နောက်အဖို့၀ယ် အကျွန်ုပ်တို့မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာ၍ ရာဇဂြိုဟ်ပြည်ကို အမှီဂေါစရဂါမ်ပြု၍ နေထိုင်တော်မူသောအခါ အနာထပိဏ်သူဌေးသည် သာဝတ္ထိပြည်၌ ဖြစ်ပေါ်သော ရောင်းဖွယ်ရာ ဘဏ္ဍာကို ယူဆောင်ခဲ့၍ မိမိ၏ သူငယ်ချင်း (သမီး ယောက်ဖတော်စပ်သူ) ရာဇဂြိုဟ်သူဌေးအိမ်သို့ ရောက်လေသော် မြတ်စွာဘုရား ပွင့်ထွန်းတော်မူကြောင်းကို ကြားသိရ၍ သီတ၀န တောအုပ်၌ နေထိုင်တော်မူသော မြတ်စွာဘုရားရှင်ကို ဆည်းကပ်၍ ပဌမအကြိမ် ဖူးမြော်လိုက်ရလျှင်ပင် သောတာပတ္တိဖိုလ်၌ တည်ပြီးလျှင် (= သောတာပန် အရိယာ ဖြစ်ပြီးလျှင်) မြတ်စွာဘုရားကို သာဝတ္ထိပြည်သို့ ကြွရောက်တော်မူပါရန် တောင်းပန်လျှောက်ထားခဲ့၍ သာဝတ္ထိနှင့် ရာဇဂြိုဟ်အကြား လေးဆယ့်ငါး ယူဇနာ ဝေးကွာသောခရီး၀ယ် တယူဇနာ တယူဇနာလျှင် တသိန်း တသိန်း အကုန်အကျခံ စွန့်လှူခြင်းဖြင့် စံကျောင်း (= တည်းကျောင်း)တော်များ တည်ထားစေပြီးလျှင် သာဝတ္ထိပြည်၌ မင်း၏ပယ်အားဖြင့် ရှစ်မင်းပယ် ကျယ်ဝန်းသည့် ဇေတမင်းသား၏ ဥယျာဉ်မြေကို အသပြာရွှေဒင်္ဂါး ဒေါ်လာချင်း အစွန်းချင်းထိအောင် ခင်းခြင်းဖြင့် ၀ယ်ယူပြီးနောက် ထိုနေရာ၌ မြတ်စွာဘုရားရှင်အတွက် ဇေတဝန်ကျောင်းတိုက်ကြီး တည်ဆောက်၍ လှူဒါန်းလေသည်၊ (ဤအကြောင်းအရာအကျယ်ကို အောက်မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ အခန်း ၂၀၊ စာမျက်နှာ

၁၇၀၊ အနာထပိဏ်သူဌေးအကြောင်းမှစ၍ စာမျက်နှာ ၂၂၂-တိုင်အောင် ကြည့်ရှုမှတ်ယူရာ၏)။

ဇေတဝန်ကျောင်းတိုက်တော်ကြီးကို ရေစက်ချ လှူဒါန်းသော ကျောင်းလွှတ်ပွဲတော်နေ့၌ ဤသုဘူတိသူကြွယ် (=သူဌေးသား) သည် နောင်တော် အနာထပိဏ်သူဌေးနှင့် အတူတကွ သွားရောက်၍ တရားကို နာယူလေသော် သဒ္ဓါတရား ကြီးစွာ ဖြစ်ပွါးကာ သာသနာ့ပန်ထမ်း ရှင်ရဟန်း ပြုလေ၏။ သုဘူ-တိမထေရ်သည် ရဟန်းပြုပြီးသော် ဒွေမာတိကာတို့ကို ကောင်းစွာ လေ့လာတတ်မြောက်တော်မူပြီးနောက် ကမ္မဋ္ဌာန်းတရားကို ဟောကြားစေကာ (=နာယူကာ) တောကျောင်းနေ၍ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်လေသော် မေတ္တာဈာန်ကို အခြေပါဒကပြု၍ ဝိပဿနာတရား ပွါးများတော်မူသဖြင့် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူလေ၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူးနှစ်ဆင့် ရတော်မူခြင်း

အရှင်သုဘူတိ မထေရ်မြတ်သည် တရားဟောတော်မူလျှင် (ပုဂ္ဂလာဓိဋ္ဌာန်နည်းဖြင့် ပုဂ္ဂိုလ်တဦးတယောက်ကို ရည်ညွှန်း ထုတ်ဖော်ဟောပြခြင်း အလျှင်းမပြုပဲ) ဓမ္မာဓိဋ္ဌာန်နည်းအားဖြင့် မြတ်စွာဘုရား ဟောကြားအပ်သော နည်းအတိုင်း တရား သက်သက်ကိုသာ ဟောတော်မူလေသည်။ (ဤကား "အရဏ-ဝိဟာရီ = ကိလေသာကင်းကွာ ချမ်းသာစွာ နေလေ့ရှိသော အရာဝယ်" ဧတဒဂ်ရကြောင်းတည်း)။

မထေရ်မြတ်သည် ဆွမ်းခံကြွတော်မူလျှင် အိမ်တိုင်းအိမ်တိုင်း၌ "ဤနည်းပြုလတ်သော် အလှူဒါယကာတို့အဖို့ အထူးသဖြင့် အကျိုးကြီးမြတ်မှု ဖြစ်ပေလိမ့်မည်" ဟု ဆင်ခြင်တော်မူကာ မေတ္တာဈာန်ကိုဝင်စား၍ ထိုမေတ္တာဈာန်မှ ထပြီးသော် ဆွမ်းကို အလှူခံတော်မူလေ့ရှိ၏၊ (ဤကား မထေရ်မြတ်၏ "ဒက္ခိ-ဏေယျ=မြတ်သောအလှူကို ခံထိုက်သောအရာဝယ်" ဧတဒဂ် ရကြောင်းတည်း)။

ထို့ကြောင့် မြတ်စွာဘုရားသည် နောက်အဖို့ဝယ် ရဟန်းတို့အား တေဒဂ်ဘွဲ့ထူး နှင်းအပ်သောသဘာင်း ဆင်ယင်ကျင်းပသောအခါ ဤအရှင်သုဘူတိမထေရ်မြတ်အား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အရဏ-ဝိဟာရီနံ ယဒိဒံ သုဘူတိ (၁)၊ ဒက္ခိဏေယျာနံ ယဒိဒံ သုဘူတိ (၂) = ရဟန်းတို့........ ကိလေသာကင်းကွာ ချမ်းသာစွာနေလေ့ရှိကြသော ငါဘုရား၏ တပည့်သာဝ-ကရဟန်းတို့တွင် သုဘူတိသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏ (၁)၊ မြတ်သောအလှူကို ခံယူထိုက်ကြသော ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် သုဘူတိသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏ (၂)"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ တေဒဂ်ဘွဲ့ထူးနှစ်ရပ် နှင်းအပ်တော်မူလေ၏။

(ဤဦ။ ။ (၁) အရဏဝိဟာရီ တေဒဂ်ဝယ် ရာဂ-စသော ကိလေသာတို့ကို (ငိုကြွေးမြည်တမ်းကြောင်း ဖြစ်သောကြောင့်) ရဏဟူ၍ ခေါ်၏။ ထိုငိုကြွေးမြည်တမ်းကြောင်း=ရာဂ-စသော ကိလေသာများ ကင်းရှင်း၍ ချမ်းသာစွာနေခြင်းရှိကြသည့် ရဟန္တာအရှင်မြတ်တို့ကို အရဏဝိဟာရီပုဂ္ဂိုလ်များဟု ခေါ်ဆို၏။ အရှင်သုဘူတိမထေရ်မှတပါး အခြားရဟန္တာမထေရ်မြတ်များသည်လည်း ကိလေသာကင်းကွာ ချမ်းသာစွာ နေခြင်းရှိကြသည်ချည်း ဖြစ်ကုန်၏။ သို့သော်လည်း အခြားသော ရဟန္တာအရှင်မြတ်တို့မှာ တရားဟောတော်မူကြလျှင် ပုဂ္ဂလာဓိဋ္ဌာန် ဓမ္မဒေသနာနည်းဖြင့်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်ကို ရည်ညွှန်းထုတ်ဖော်၍ ဂုဏ်ကျေးဇူးကိုဖြစ်စေ, အပြစ်ကိုဖြစ်စေ ဟောတော်မူကြကုန်၏၊ အရှင်သုဘူတိမထေရ်မြတ်သည်ကား ရှေး ဆိုအပ်ပြီးသောနည်းအတိုင်း ဓမ္မာဓိဋ္ဌာနနည်းအားဖြင့်သာ မြတ်စွာဘုရားဟောကြားတော်မူအပ်သည့် တရားသက်သက်ကိုသာ ဓမ္မာဓိဋ္ဌာန်ကျကျ ဟောတော်မူလေသည်၊ ထို့ကြောင့် "အရဏဝိဟာရီ=ကိလေသာကင်းကွာ ချမ်းသာစွာနေကြသော သာဝကရဟန်းတို့တွင်" အသာဆုံး အမြတ်ဆုံး=တေဒဂ်ဘွဲ့ထူး ရတော်မူလေသည်။

ဤတွင် ဥပရိပဏ္ဏာသပါဠိတော် အရဏဝိဘင်္ဂသုတ်လာ—(၁) အယုတ်နှစ်ပါး မလိုက်စားပဲ မဇ္ဈိမပဋိပဒါလမ်းသို့ လိုက်ပါခြင်း၊ (၂) ပုဂ္ဂလာဓိဋ္ဌာနနည်းဖြင့် ပုဂ္ဂိုလ်ကိုဦးတည်၍ စကားပြော တရားဟော လျှင် "ချီးမွမ်းအပ်သည့် ပုဂ္ဂိုလ်ဖြစ်သည်"ဟု ပြောဟောက "မြှောက်စားခြင်း"မည်၍ "ကဲ့ရဲ့အပ်သည့်ပုဂ္ဂိုလ်ဖြစ်သည်"ဟု ပြောဟောက "သူ့ကိုနှိမ်ခြင်း"မည်လေသည်၊ ထိုသို့ မြှောက်စားခြင်း, နှိမ်ခြင်းကို အလျှင်းမပြုပဲ ဓမ္မာဓိဋ္ဌာနနည်းအားဖြင့် တရားသဘောကိုသာညွှန်ပြ၍ "ချီးမွမ်းအပ်သော တရားဖြစ်သည်, ကဲ့ရဲ့အပ်သော တရားဖြစ်သည်" ဟူသာ ဟောပြောခြင်း၊ (၃) သူတော်တရား သမထဝိပဿနာ ဘာဝနာတရား အားထုတ်၍ရရှိသော အဇ္ဈတ္တသုခ, အပြင်အပ ဗဟိဒ္ဓ အာရုံငါးပါးကို အကြောင်းပြု၍ရရှိသော ဗဟိဒ္ဓသုခဟု=သုခနှစ်ပါးကို ခွဲခြားသိမြင်ပြီးလျှင် အဇ္ဈတ္တသုခကိုသာ ပွါးများခြင်း၊ (၄) ပုဂ္ဂိုလ်တဦးဦး၏ အကြောင်းကို မျက်မှောက်, မျက်ကွယ်=နှစ်နေရာလုံးမှာပင် မှန်ကန်၍ အကျိုးရှိမှ ပြောဆိုခြင်း၊ (၅) စကားပြော တရားဟောသောအခါ မလျှင်မဆော ခံ့ချွဲပြေစွာ ပြောဟောခြင်း၊ (၆) အရပ်တပါးသို့ ရောက်သွားသော် ထိုအရပ်၌ သုံးစွဲသည့် ဝေါဟာရစကားများနှင့်စပ်၍ (မိမိ၏အရပ်သုံး ဝေါဟာရနှင့် မတူကွဲပြားသော်လည်း) ငြင်းခုံလွန်ဆန်မှု မပြုခြင်း—

ကျ။ အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွား မဇ္ဈိမ။

ခ။ မမြှောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။

ဂ။ သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွါးများ အဇ္ဈတ္တ။

ဃ။ မျက်မှောက်, မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဘွယ်သိတတ်လှ။

င။ မလျှင်မဆော၊ စကားပြော၊ ပြေချောမွေ့သိမ်စွာ။

စ။ အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး အရဏ။

ဟူသော လင်္ကာဆောင်ပုဒ်အတိုင်း "အရဏဝိဟာရတရား=ကိလေသာကင်းကွာ၍ ချမ်းသာစွာနေနိုင်ကြောင်း တရားခြောက်ပါးကို" မှတ်ယူရာ၏။

(၂)မှတ် ဒက္ခိဏေယျတေဒဂ်ဝယ် အခြားတပါးသော ရဟန္တာ အရှင်မြတ်တို့သည်လည်း မြတ်သောအလှူကို ခံယူထိုက်သည်ချည်းပင် ဖြစ်ကုန်၏၊ ဤ အရှင်သုဘူတိမထေရ်မြတ်သည်ကား ဆွမ်းခံကြွလျှင် အိမ်တိုင်းအိမ်တိုင်း၌ "ဤနည်းပြုလတ်သော် အလှူဒါယကာတို့အဖို့

အထူးသဖြင့် အကျိုးကြီးမြတ်မှု ဖြစ်ပေလိမ့်မည်”ဟု ဆင်ခြင်တော်မူကာ မေတ္တာစျာန်ကို ဝင်စား၍ ထိုမေတ္တာစျာန်မှ ထပြီးသော် ဆွမ်းကို အလှူခံတော်မူလေရှိ၏။ ထို့ကြောင့် “ဒက္ခိဏေယျ=မြတ်သောအလှူကို ခံယူထိုက်ကြသော သာဝကရဟန်းတို့တွင်” အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူး ရတော်မူလေသည်။

ဤတွင် “မဟ္မသေနာပတိ သာရိပုတ္တရာမထေရ်မြတ်သည် ဝတ္ထုကို သုတ်သင်တော်မူ၏၊ (ဝတ္ထုကိုသုတ်သင်၏–ဟူသည်မှာ နိရောဓသမာပတ်ကို ဝင်စားခြင်းဖြင့် အကျိုးကြီးမြတ်အောင်ပြုခြင်းကြောင့် ဒက္ခိဏေယျဝတ္ထုဖြစ်သော မိမိကို သုတ်သင်၏-ဟု ဆိုလိုသည်)။ သုဘူတိမထေရ်သည် အလှူကို သုတ်သင်စင်ကြယ်စေ၏၊ (အလှူကိုသုတ်သင်စင်ကြယ်စေ၏–ဟူသည်မှာ မေတ္တာဘာဝနာဖြင့် မိမိအား ဒါယကာတို့သည် နူးညံ့သောစိတ်ရှိမှု, များစွာမြတ်နိုးမှုကို ရှေးသွားပြု၍ ပေးလှူကြရကား ဒကာကြောင့်လည်း အလှူ၏စင်ကြယ်ဖို့ ဖြိုး အကျိုးကြီးမြတ်မှုကို ဖြစ်စေသည်ဟု ဆိုလိုသည်)။ ချဲဦးအံ့—အရှင်သာရိပုတ္တရာမထေရ်သည် ဆွမ်းခံကြွလျှင် အိမ်တံခါး၌ ရပ်တော်မူလျက် ဆွမ်းကိုယူဆောင်လာသည်တိုင်အောင် ထိုချိန်ကိုပိုင်း၍ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏၊ ဆွမ်းလှူမည့်သူ အနီးသို့ရောက်သောအခါမှ နိရောဓသမာပတ်မှထ၍ လှူဖွယ်ဝတ္ထုကို အလှူခံတော်မူ၏။ အရှင်သုဘူတိမထေရ်သည်ကား ထိုအတူပင် မေတ္တာစျာန်ကို ဝင်စားတော်မူ၍ ဆွမ်းလှူမည့်သူ အနီးသို့ရောက်သောအခါမှ မေတ္တာစျာန်မှထ၍ လှူဖွယ်ဝတ္ထုကို အလှူခံတော်မူ၏”ဟူသော ဥပရိပဏ္ဏာသအဋ္ဌကထာ စာမျက်နှာ ၁၉၃၊ အရဏဝိဘင်္ဂသုတ်အဖွင့်လာ စကားရပ်ကိုလည်း အထူးမှတ်ယူရာ၏)။

ဤ အရှင်သုဘူတိမထေရ်နှင့် စပ်သော တရားဒေသနာတို့ကို အပဒါန်ပါဠိ အဋ္ဌကထာ-စသည်တို့မှ မှတ်ယူဂုန်ရာ၏။

ဤကား အရှင်သုဘူတိမထေရ် အကြောင်းတည်း။

---

## (၁၄) အရှင်ခဒိရဝနိယရေဝတ မထေရ်၏အကြောင်း

### (က) မထေရ်မြတ်၏ ရှေးဆုတောင်း

(ဤမထေရ်၏ အမည်ရင်းကား ရေဝတမထေရ် ဖြစ်သည်၊ အရှင်သာရိပုတ္တရာမထေရ်၏ ညီထွေးဖြစ်သည်၊ မြေမညီညွတ် ခရွတ်ခရော် ကျောက်စရစ်ပေါသည့် ရှားတောအရပ်ဝယ် တောကျောင်းနေတော်

မူသောကြောင့် "ခဒိရဝနိယ ရေဝတမထေရ် = ရှားတောကျောင်းနေ အရှင်ရေဝတမထေရ်" ဟု အမည်တွင်လေသည်။ မထေရ်မြတ်၏ အကြောင်းအရာကို ရေးသားရာ၌ စကားကျဉ်းစိမ့်သောငှါ အရှင် ရေဝတမထေရ်ဟူ၍သာ သုံးနှုန်းရေးသားပါမည်)။

ဤအရှင်ရေဝတမထေရ်အလောင်း သူတော်ကောင်းသည် လွန်ခဲ့သော ကမ္ဘာတသိန်းထက်ဝယ် ပဒုမုတ္တရမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာကာလ၌ ဟံသာဝတီမြို့သားဖြစ်၍ ယခုအခါ ဂင်္ဂါမြစ်ကြီး၏ ပယာဂဆိပ်ကမ်း တည်ရာအရပ်၌ လှေကူးတို့ပို့ လျက် နေထိုင်ခဲ့လေသည်။ ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် အခြံအရံ ရဟန်းတော်ပေါင်း တသိန်းတို့နှင့် အတူတကွ ဒေသ စာရီ ကြွချီတော်မူလေသော် ပယာဂဆိပ်ကမ်းတည်ရာအရပ်သို့ (ထိုမှ ဖက်ကမ်းသို့ ကူးသန်းရန်)ရောက်တော်မူလာလေ၏။

အရှင်ရေဝတအလောင်း အမျိုးကောင်းသားသည် မြတ်စွာ ဘုရားကို ဖူးမြော်ရလေလျှင် "ငါ့အဖို့ရာ အခါမပြတ် ဘုရား ရှင်ကို ဖူးမြင်ရခြင်းမည်သည် မဖြစ်နိုင်၊ ဤယခု ဘုရားရှင် ကြွတော်မူလာသော အခါသည်ကား ငါ့အဖို့ရာ ကုသိုလ် ကောင်းမှု ပြုလုပ်ရန် အခွင့်ကောင်းကြီးပေတည်း"ဟု ကြံစည် စဉ်းစား၍ လှေပေါင်းချုပ်(လှေတွဲကြီး)ကို ဖွဲ့ပြီးလျှင် ထိုလှေတွဲ အထက်၌ မိတာန်မျက်နှာကြက်အဖြူကို ကြက်၍ နံ့သာပန်းဆိုင်း များကို အပြိုင်းပြိုင်းတွဲလျားဆွဲချ ပူဇော်လျက် အောက်အပြင်ဝယ် အလွန်ကောင်းမြတ်သော ပိုက်ဆန်လျှော်ချည်ဖြင့် ရက်လုပ်အပ် သည့် ဆန်းကြယ်သော အခင်းများကို ခင်းစေပြီးလျှင် အခြံအရံ ရဟန်းတသိန်းနှင့်တကွသော မြတ်စွာဘုရားကို တဖက်ကမ်းသို့ ပို့ဆောင်လေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် တောကျောင်းနေ ရဟန်း တော်တပါးကို အာရညက = တောကျောင်းနေသောအရာဝယ် ဧတဒဂ်ထားတော်မူလေ၏။ ထိုလှေသူကြီး အမျိုးကောင်းသား သည် ထိုအကြောင်းအရာကို တွေ့မြင်ရ၍ "ငါသည်လည်း ဤ

ရဟန်းတော်ကဲ့သို့ပင် နောက်အခါဝယ် တဆူဆူသော ဘုရားရှင်၏ သာသနာတော်၌ တောကျောင်းနေသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်မှ သင့်တော့မည်”ဟု ကြံစည်၍ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးလျှင် ခုနစ်ရက်ကြာ မဟာဒါနကြီး ပေးလှူပြီးနောက် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းလျက် “မြတ်စွာဘုရား........အရှင်ဘုရားတို့ ဧတဒဂ်ရာထူး၌ ချီးကျူးမြှောက်စား ထားတော်မူအပ်သော ထိုရဟန်းတော်အရှင်မြတ်ကဲ့သို့ တပည့်တော်သည်လည်း နောက်အခါ တဆူဆူသော ဘုရားရှင်၏ သာသနာတော်၌ တောကျောင်းနေ ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်ရပါလို၏”ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။ မြတ်စွာဘုရားသည် အန္တရာယ်မရှိ ဆုတောင်းပြည့်မည်ကို သိမြင်တော်မူလတ်၍ “နောင်သောအခါ ဂေါတမမြတ်စွာ သာသနာ၌ သင်သည် တောကျောင်းနေရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်လိမ့်မည်”ဟု ဗျာဒိတ်စကား ကြားတော်မူပြီးလျှင် ဖဲကြွတော်မူလေ၏။ (ဤမှနောက် အကြားကာလဝယ် မထေရ်၏ အခြားတပါးသော ကောင်းမှုကုသိုလ် အကြောင်းအရာကို မဟာအဋ္ဌကထာ၌ မပြဆိုအပ်တော့ချေ)။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း ။

ထိုလှေသူကြီး အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကောင်းမှုများကို ပြု၍ (အပါယ်လေးပါး မလားမရောက်ရပဲ) နတ်ပြည့်၊ လူ့ပြည်တို့၌ ကျင်လည်ကျက်စား၍လာခဲ့ရာ ဤအကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာကာလဝယ် မဂဓတိုင်းနယ်မြေအဝင်အပါ နာလက-မည်သော ပုဏ္ဏားရွာ၌ မယ်တော်ရူပသာရီပုဏ္ဏေးမ၏ ဝမ်းကြာတိုက်ဝယ် ပဋိသန္ဓေ တည်နေဖြစ်ပွါး၍ ဥပတိဿ, စုန္ဒ, ဥပသေနဟူသော = နောင်တော်သုံးဦး၊ စာလာ, ဥပစာလာ, သီသူပစာလာ ဟူသော အမတော် သုံးယောက်တို့၏ ညီအထွေး မောင်အထွေးဖြစ်ကာ အမည်အားဖြင့် ရေဝတ-ဟု အမည်တွင်လေသည်။

ထိုနောက် ရေဝတ၏ မိဖတို့သည် "ကြီးလာ ကြီးလာတိုင်းသော ကလေးများကို မြတ်စွာဘုရား၏သား ရဟန်းများသည် ခေါ်ဆောင်သွားကြကာ ရှင်ပြုပေးကြကုန်၏၊ ငါတို့သား ရေဝတကို အသက်အရွယ်ငယ်စဉ်ပင် (ရဟန်းများ ရှင်သာမဏေပြုမပေးကြမီ) အိမ်ရာအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ကြကုန်စို့" ဟု သဘောတူ တိုင်ပင်ကြကုန်၏။

(ဤ၌။ ။အရှင်သာရိပုတ္တရာသည် မိမိရဟန်းပြုပြီးလျှင် စာလာ, ဥပစာလာ, သီသူပစာလာဟူသော နှမသုံးယောက်နှင့် စုန္ဒ, ဥပသေန ညီနှစ်ဦးတို့ကို ရှင်ရဟန်းပြုပေးလေသည်၊ ရေဝတသူငယ်တယောက်သာလျှင် အိမ်မှာ ကျန်ရစ်လေသည်၊ ထို့ကြောင့် မိဖနှစ်ပါးတို့ ဤသို့ တိုင်ပင်ကြလေသည်)။

ထိုသို့ သဘောတူတိုင်ပင်ကြပြီးနောက် မိဖနှစ်ပါးတို့သည် အမျိုးဇာတ်အနွယ်စည်းစိမ်ဂုဏ်ရည်တူသော အိမ်ထောင်စုတခုမှ သတို့သမီးငယ်ကို ဆောင်ယူခဲ့ကြ၍ ရေဝတ၏ အဖွားအိုကို ရှိခိုးစေကြပြီးလျှင် "အမိ = ချစ်သမီး.... သင်ချစ်သမီးသည် သင်၏ ယခုအဖွားထက် အသက်အရွယ် ကြီးရင့်စွာ နေရသူ ဖြစ်ပါစေသတည်း" ဟု မင်္ဂလာဆုတောင်းစကား မြွက်ကြားပြောဆိုကြကုန်၏။

(ဤဆုတောင်းစကား မိဖတို့ပြောကြားကြသည်မှာ သတို့သမီးငယ်၏ အသက်ရှည်ခြင်းကို လိုလားတောင့်တကြ၍ ပြောကြားကြလေသည်၊ထိုအဖွားအိုမှာ ထိုအချိန်၌ အသက်နှစ်ပေါင်း တရာ့နှစ်ဆယ်ရှိပြီးဖြစ်၍ ဆံဖြူ, သွားကျိုး, အရေမျှားတွန့်လိပ်ကာ တကိုယ်လုံးမှည့်မည်း (မွဲမဲ)တွေစွဲကပ်လျက် အိမ်အို၏ ဒိုင်းများကဲ့သို့ အလွန်အလွန်ပင် ခါးကိုင်း၍နေလေပြီ)။

## ရေဝတ သံဝေဂရခြင်း

ရေဝတသည် မိဖတို့၏ ထိုမင်္ဂလာဆုတောင်းစကားကို ကြားရလေလျှင် "ဤသူငယ်မကား အသက်ငယ်သူ ပဌမအရွယ်၌တည်ရှိသူသာ ဖြစ်၏၊ ဤသူငယ်မ၏ ဤမျှနုနယ် တင့်တယ်သောရုပ်

အဆင်းသည် ငါ့အဖွား၏ ရုပ်အဆင်းနှင့် အလားတူ ရွတ်တွဲယိုယွင်း အိုမင်းရသည် ဖြစ်လိမ့်မည်တဲ့၊ ထိုမိဖတို့၏ အလိုဆန္ဒကို သိရအောင် ငါ မေးဦးမည်”ဟု ကြံစည်ပြီးနောက် “အိုမိခင်ဖခင်တို့.... မိဖတို့သည် အဘယ်ကို ရည်ရွယ်၍ ဤသို့ ပြောဆိုကြသနည်း”ဟု မေးလေ၏။ မိဖတို့က “ချစ်သား.... သင့်၏ ကြင်ယာ ဤသူငယ်မသည် သင့်အဖွားကဲ့သို့ အိုမင်းခြင်းသို့ ရောက်ပါစေသတည်း ဟု မင်္ဂလာဆုတောင်းစကား ငါတို့မြွက်ကြားကြပါသည်”ဟု ပြန်ကြားဖြေဆိုကြလေလျှင် ရေဝတသည် “အိုမိခင်ဖခင်တို့....ဤသူငယ်မ၏ နုနယ်လှသောရုပ်အဆင်းသည် အဖွား၏ ရုပ်အဆင်းကဲ့သို့ အိုမင်းသည် ဖြစ်လိမ့်ဦးမည်လော”ဟု အမှန်တကယ်ပင် နားမလည်၍ မေးမြန်းလေ၏။ ထိုအခါ မိဖတို့သည် “ချစ်သား....အဘယ်ကို ပြောဆိုနေသနည်း (= ဘာစကားတွေ ပြောနေဒါလဲ)၊ ဘုန်းကံကြီးမားသောသူများမှသာ မောင့်အဖွား ပမာ ဤသို့ အိုအောင် မင်းအောင် နေကြရကုန်သည်”ဟု နားချ ပြောဆိုကြလေကုန်၏။

ရေဝတသည် “ဤသူငယ်မ၏ ဤမျှလှပတင့်တယ် နုနယ်သော ရုပ်အဆင်းသည် ဤငါ့အဖွား၏ နည်းအတိုင်း ဆံဖြူ, သွားကျိုး, အရေတွန့်လိပ်သည် ဖြစ်လိမ့်မည်တဲ့၊ ငါသည် ဤသို့ ရွတ်တွ ယိုယွင်း အိုမင်းရခြင်းသဘောရှိသည့် ရုပ်အဆင်း၌ တပ်မက်၍ အဘယ်မှုစအံ့နည်း = အကျိုးမရှိသည်သာ၊ ငါ၏ နောင်တော်များ သွားတော်မူကြရာ လမ်းသို့ပင် လိုက်ပါတော့မည်”ဟု ကြံစည်ဆင်ခြင်ပြီးလျှင် သူငယ်တို့ဘာဝ မြူးတူးပျော်ပါး ကစားလိုဟန်ဆောင်၍ အခြားအရွယ်တူ သူငယ်ဖော်များကို “သူငယ်ချင်းတို့.... လာကြကုန်၊ ပြေးတန်းကစားကြစို့”ဟု ပြောဆိုလေ၏။ မိဖတို့က “ချစ်သား.... မင်္ဂလာဆောင်သောနေ့မှာ အိမ့်ပြင်ပသို့ မသွားပါလင့်”ဟု တားမြစ်ကြသော်လည်း ရေဝတသည် သူငယ်ဖော်တို့နှင့် အတူတကွ ကစားလိုဟန်ဆောင်၍ မိမိပြေးလှည့် (ပြေးရမည့်အလှည့်) ကျရောက်သောအခါ အနည်းငယ်သာ ပြေးသွား၍ ကိုယ်လက် သုတ်သင်သည့်ဟန်ပြု၍ အချိန်ကို ဖင့်နွှဲစေ၍

ပြန်လာ၏။ ဒုတိယအကြိမ် ပြေးလှည့်ရောက်သောအခါ ထိုထက် လျင်မြန်သကဲ့သို့ ပြေးသွားကာ ပြန်လာလေ၏။ တတိယအကြိမ် ပြေးလှည့် ရောက်လတ်သော်ကား "ငါ့အဖို့ရာ ဤ အခါသည် အလွတ်ထွက်ပြေးရန် အခါကောင်းတည်း" ဟု အောက်မေ့သိရှိ ပြီးလျှင် မျက်နှာမူမိ (ခြေဦးတည့်) ရာ အရပ်အတိုင်း တအားကုန် ပြေးသွား၍ ပံသုကူဝုဘင်ဆောင်ရဟန်းတို့ သီတင်းသုံးနေထိုင် ရာ တောကျောင်းသို့ ရောက်လေလျှင် မထေရ်တို့ကို ရှိခိုး၍ ရှင် သာမဏေပြုပေးရန် တောင်းပန်လေ၏။

မထေရ်တို့က "အို သူတော်ကောင်းကလေး....ငါတို့သည် သင့် ကို 'အဘယ်သူ့သား' ဟူ၍ မသိကြပါကုန်၊ သင်ကလည်း အဆင် တန်ဆာအပြည့်အစုံ ဆင်မြဲတိုင်းဖြင့်သာ လာရောက်သူ ဖြစ်၏၊ အဘယ်သူသည် သင့်ကို ရှင်ပြုပေးဝံ့လိမ့်မည်နည်း=မပေးဝံ့သည် သာ" ဟု ငြင်းပယ်စကား မိန့်ကြားတော်မူကြလေလျှင် ရေဝတ သည် လက်ရုံးနှစ်ဖက်တို့ကို မြှောက်ချီ၍ "အကျွန်ုပ်ကို လုယက် နေကြပါသည်၊ အကျွန်ုပ်ကိုလုယက်နေကြပါသည်" ဟု မြည်တမ်း ဟစ်အော်လေ၏။

ထိုမှ ဤမှလည်း ရဟန်းတော်များ စည်းဝေးရောက်ရှိလာကြ ပြီးလျှင် "အို သူတော်ကောင်းကလေး....ဤနေရာ၌ သင်၏အဝတ် အစားကိုသော်၎င်း, အဆင်တန်ဆာကိုသော်၎င်း လုယက်ယူငင် သူ တဦးမျှ မရှိချေ၊ သင်ကိုလည်း 'လုယက်နေကြပါသည်' ဟု ဟစ်အော်မြည်တမ်းပြောဆို၏၊ သင်သည် အဘယ်ကို ရည်ညွှန်း၍ ထိုသို့ပြောဆိုသနည်း" ဟု မေးမြန်းကြလေ၏။ ထိုအခါ ရေဝတ သူငယ်သည်—

"အရှင်ဘုရားတို့... တပည့်တော်သည် အဝတ်, တန်း ဆာ (အလုခံရသည်) ကို ရည်ညွှန်း၍ ပြောသည်မဟုတ်ပါ၊ စင်စစ်သော်ကား တပည့်တော်၏အဖို့ရာ ( ရှင်ရဟန်း မပြုရသည့်အတွက်) လူ,နတ်,နိဗ္ဗာန် = ချမ်းသာ သုံးပါးကို အလုအယက် ခံနေရပါသည်။ (ဤ၌ လူ,နတ်,နိဗ္ဗာန် =

ချမ်းသာသုံးပါး ဟူသော စကားကို အဆင့်ကြားအားဖြင့် ပြောဆိုခြင်း ဖြစ်သည်။) ထိုသို့ လူ,နတ်,နိဗ္ဗာန်=ချမ်းသာ သုံးပါး အလုံအယက် ခံနေရသည်ကို ရည်ညွှန်း၍ ပြောဆို ခြင်းဖြစ်ပါသည်။ အရှင်ဘုရားတို့သည် တပည့်တော်ကို ရှင်ရဟန်းပြုမပေးကြလျှင် ရှိပါစေဦးတော့၊ တပည့်တော် ၏ နောင်တော်ကြီးကိုကား အရှင်ဘုရားတို့သည် သိကြ ပါ၏လော"—

ဟု မေးမြန်းလေ၏။ ရဟန်းတို့က "သင်၏နောင်တော်ကြီးကား အဘယ်အမည်ရှိသနည်း"ဟု မေးမြန်းကြပြန်သော် ရေဝတသူငယ် သည် "တပည့်တော်၏ နောင်တော်ကြီးသည် လူဖြစ်စဉ်အခါက 'ဥပတိဿ' အမည်ရှိပါ၏၊ ယခု ရဟန်းဖြစ်သော အခါ၌ကား 'သာရိပုတ္တရာ အမည်ရှိသူ ဖြစ်နေသည်' ဟု အားလုံးက ပြောကြ ပါသည်ဘုရား" ဟူ၍ ပြန်ကြားလျှောက်ထားလေ၏။

ထိုအခါ ရဟန်းတို့သည် "ငါ့ရှင်တို့ ...ဤသို့ဖြစ်လျှင် (=ဒီလို ဆိုလျှင်) ဤအမျိုးကောင်းသားကလေးကား ငါတို့၏ ညီအထွေး ကလေး ဖြစ်နေပါပကော၊ ငါတို့ကို နောင်တော်ကြီး ဖြစ်တော် မူသော တရားစစ်မှူး သာရိပုတ္တရာမထေရ်မြတ်က အလျင်ရှေးဦး ကပင် 'ငါတို့၏ ဆွေမျိုးများကား မိစ္ဆာဒိဋ္ဌိ=အယူမှား ရှိကြ သူချည်း ဖြစ်ကုန်၏၊ တစုံတယောက်သောသူသည် ငါတို့၏ ဆွေမျိုးဟု ပြောဆိုကာ လာရောက်ခဲ့သော် ထိုသူကို ဟုတ်ဟုတ် ငြားငြား=ဖြစ်နိုင်သည့် နည်းလမ်းဥပါယ်ဖြင့် ရှင်ရဟန်းပြုပေး လိုက်ကြပါလော့'ဟု မှာတမ်းပြောဆိုထားပြီး ဖြစ်လေသည်။ ဤ ယခု သူငယ်သည်ကား ငါတို့နောင်ကြီး မေ့သေနာပတိ သာရိ- ပုတ္တရာမထေရ်မြတ်၏ အငယ်တကာ=အတွင်းကျသော ညီအရင်း တယောက်ဖြစ်လေသည်၊သို့ရကား ထိုသူငယ်ကို ငါတို့ ရှင်ပြုပေး ကြကုန်စို့" ဟု အားလုံးပင် တိုင်ပင်ညီညွတ်ကြကာ တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြ၍ ရေဝတသူငယ်ကို ရှင်ပြု ပေးကြလေ၏။ ထို့နောက် အသက်နှစ်ဆယ်ပြည့်လတ်သော် ရဟန်းခံပေးကြ၍ ကမ္မဋ္ဌာန်းအလုပ်၌ အားထုတ်စေကြလေကုန်၏။

အရှင်ရေဝတမထေရ်သည် ကမ္မဋ္ဌာန်းကို ယူပြီးနောက် ဆရာဥပဇ္ဈာယ်တို့နှင့် မနီးမဝေးသောအရပ်၌ မြေမညီညွတ် ခရွတ်ခရော် ကျောက်စရစ် ကျောက်ခဲပေါများလှသည့် ရှားတောအတွင်းသို့ ဝင်ရောက်၍ ရဟန်းတရား ပွါးများကြိုးကုတ်အားထုတ်လေ၏။ ထိုအရှင်ရေဝတ၏အဖို့ရာ "ငါသည် အရဟတ္တဖိုလ်သို့ မရောက်သေးပဲသာဖြင့် မြတ်စွာဘုရားရှင်ကိုသော်၎င်း၊ နောင်တော်မထေရ်မြတ်ကိုသော်၎င်း မဖူးမြော်သေး" ဟု ဖွဲ့သန်သန်ဖြင့် ကမ္မဋ္ဌာန်းတရား ပွါးများ အားထုတ်စဉ်ပင် သုံးလအချိန်ကာလတို့ လွန်ခဲ့လေကုန်သည်။ သိမ်မွေ့နူးညံ့လှစွာသော (သူဌေးသား) အမျိုးကောင်းသား၏အဖို့ရာ အလွန်ကြမ်းတမ်းသော အစာအာဟာရကို စားသောက် ဘုဉ်းပေးရသည်ဖြစ်၍ စိတ်သည် အရေတွန့်လိပ်သည့်အလား တွန့်လိပ်၍ နေလေသည် (သီဟိုဠ်မူအလို-စိတ်သည် နူးညံ့မွန်မြတ်သည်မဖြစ်နိုင်)၊ ကမ္မဋ္ဌာန်းအလုပ်သည် ကျွတ်လွတ်မှုသို့ ရုတ်တရက် မရောက်နိုင်ပဲ ရှိလေ၏။ သို့သော် အရှင်ရေဝတမထေရ်သည် စိတ်ဇွဲကို မလျှော့ပဲ သုံးလလွန်သောအခါ ပဝါရဏာပြု၍ ဝါကျွတ်ပြီးလတ်သော် အရပ်တပါးသို့ မပြောင်းရွှေ့ပဲ ထိုရှားတောအရပ်၌ပင် ဆက်လက်၍ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်တော်မူလေသည်၊ ထိုသို့ ဝီရိယာဓိပတိ ဇွဲရှိရှိဖြင့် ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်လေလေ မထေရ်၏ စိတ်သည် တည်ကြည်လေ တည်ကြည်လေ ဖြစ်၍လာလေ၏၊ မထေရ်မြတ်သည် ဆက်၍ ဝိပဿနာတရား ပွါးများကြိုးကုတ် အားထုတ်လတ်သော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏။

## မြတ်စွာဘုရား ရဟန်းများစွာတို့နှင့်တကွ ကြွလာတော်မူခြင်း

အရှင်သာရိပုတ္တရာမထေရ်သည် ညီငယ်ရေဝတ ရှင်ရဟန်းပြုကြောင်း ကြားသိရသော အချိန်ကပင် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား....တပည့်တော်၏ညီငယ် ရေဝတသည် ရှင်ရဟန်းပြုပါပြီတဲ့၊ သူသည် ဤသာသနာတော်၌ မွေ့လျော် ပျော်ပိုက်မူလည်း ပျော်ပိုက်လေရာ၏, မပျော်ပိုက်ပဲ ရှိသော်မူလည်း ရှိလေ

ရာပါ၏၊ သွားရောက်၍ ထိုရေဝတည်း၏ ရဟန်းကို ကြည့်ရှု အကဲခပ်ပါရစေ ဘုရား” ဟု လျှောက်ထားလေသည်။ မြတ်စွာဘုရားသည် ထိုအချိန်၌ အရှင်ရေဝတမှာ ဝိပဿနာအလုပ် အပြင်းအထန် အားထုတ်နေဆဲရှိသည်ကို သိတော်မူ၍ နှစ်ကြိမ်တိုင်တိုင် မသွားရန် တားမြစ်တော်မူပြီးလျှင် တတိယအကြိမ် မြောက် တောင်းပန်လျှောက်ထားအပ်သည်ရှိသော် ထိုအချိန်၌ကား အရှင်ရေဝတ အရဟတ္တဖိုလ်သို့ ရောက်ရှိပြီး ဖြစ်သည်ကို ပိုင်းခြားသိမြင်တော်မူ၍ “ချစ်သားသာရိပုတ္တရာ....ငါဘုရားလည်း သင်ချစ်သားတို့နှင့်အတူ လိုက်ပါပေအံ့၊ ရဟန်းတို့အား ပြောကြား လေလော့” ဟု မိန့်တော်မူ၏။

အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းသံဃာကို စည်းဝေးစေ၍ “ငါ့ရှင်တို့....မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူလိုသည်၊ လိုက်လိုသော ရဟန်းတို့သည် လာရောက်ကြကုန်လော့” ဟု ရဟန်းအားလုံးတို့အားပင် ပြောကြားတော်မူလေ၏။ မြတ်စွာဘုရားရှင် ဒေသစာရီလှည့်လည်ရန် ကြွတော်မူသောအခါ ကျောင်းတိုက်၌ ချန်နေရစ်ကြသော ရဟန်းတို့မည်သည် နည်းပါး လှကုန်၏၊ “မြတ်စွာဘုရား၏ ရွှေအဆင်းရှိသော ရူပကာယ ကိုယ်တော်ကိုလည်း မပြတ်ဖူးမြော်ကြရလိမ့်မည်၊ ချိုမြိန်သော တရားစကားကိုလည်း နာကြားကြရလိမ့်မည်” ဟူ ကြံစည် အောက်မေ့ကြ၍ များစွာသောအားဖြင့် လိုက်ပါလိုသော ရဟန်း တို့ကသာ များကြကုန်၏။ ထိုသို့ကား မြတ်စွာဘုရားသည် ရဟန်း သံဃာ များစွာခြံရံလျက် “ရေဝတကို ကြည့်ရှုတော်မူမည်” ဟု ကျောင်းတော်မှ ထွက်ကြွတော်မူခဲ့လေ၏။

### အရှင်သိဝလိ၏ ဘုန်းတန်ခိုး

ထိုသို့ ထွက်ကြွတော်မူသောအခါ တနေရာ၌ အရှင်အာနန္ဒာ မထေရ်သည် လမ်းနှစ်ခွသို့ ရောက်၍ မြတ်စွာဘုရားရှင်ကို “မြတ်စွာဘုရား....ဤအရပ်၌ လမ်းနှစ်ခွတို့ ရှိကြပါသည်၊ အဘယ် လမ်းဖြင့် သံဃာသည် ကြွသွားစေလိုပါသနည်း” ဟုမေးလျှောက်

လေ၏။ မြတ်စွာဘုရားရှင်က “ချစ်သားအာနန္ဒာ ... ဤလမ်း နှစ်မြွာတို့တွင် အဘယ်လမ်းသည် မကွေ့မကောက် ဖြောင့်မတ် သနည်း” ဟု မေးတော်မူလေလျှင် အရှင်အာနန္ဒာမထေရ်သည် “မြတ်စွာဘုရား.... မကွေ့မကောက် ဖြောင့်မတ်သောလမ်း (= ဖြတ်လမ်း) သည် ယူဇနာသုံးဆယ်ရှိ၍ နတ်ဘီလူးတို့ စိုးအုပ်ရာ အစာလည်းခေါင်းပါး ဘေးရန်လည်း များလှပါသည် ဘုရား၊ လှိုးလွှဲကွေ့ကောက်၍ သွားရမည့် (အများသွားနေကျ) လမ်း ရိုးသည်ကား ယူဇနာခြောက်ဆယ်ရှိ၍ ဘေးရန်ကင်းကွာ အစာ အစား ပေါများလှပါသည် ဘုရား” ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် “ချစ်သားအာနန္ဒာ.... သီဝလိ ရဟန်းသည် ငါဘုရားတို့နှင့် အတူတကွလိုက်ပါလာ၏လော”ဟု မေးတော်မူလေ၏။ရှင်အာနန္ဒာမထေရ်က “လိုက်ပါလာပါသည် မြတ်စွာဘုရား....”ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင် သည်“ချစ်သားအာနန္ဒာ....ထိုသို့ဖြစ်လျှင် = သီဝလိရဟန်း ငါတို့ နှင့်အတူတကွ လိုက်ပါလာလျှင် သံဃာသည် ဘေးရန်မပေါများ အစာရှားသည့် အဖြောင့်လမ်း (= ဖြတ်လမ်း)ကိုပင် ယူလော့၊ သီဝလိရဟန်း၏ ကောင်းမှုတန်ခိုးကို စုံစမ်းကြကုန်အံ့”ဟု မိန့် တော်မူလေ၏။

ထိုသို့မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် အရှင်သီဝလိ၏ ရှေးကောင်းမှုဘုန်းတန်ခိုးကို လက်တွေ့ စုံစမ်းသိရှိရန် ဘေးရန်မပေါများ အစာရှားသည့်တောအုပ်လမ်း သို့ တက်ရောက် ကြွချီတော်မူလေ၏။ ထိုလမ်းသို့ တက်ရောက် သောအချိန်မှစ၍ နတ်အပေါင်းသည် တယူဇနာ, တယူဇနာ အရပ်၌ မြို့ကြီးတခုတခု ဖန်ဆင်းကြ၍ ဘုရားအမှူးရှိသော သံဃာ တော်များနေထိုင်ရန် ကျောင်းတိုက်များကို စီမံဖန်ဆင်းထားနှင့် ကြလေ၏။ မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်တို့ ရောက် တိုင်း ရောက်တိုင်းသော နေရာကျောင်းတိုက်တို့၌ နတ်သားတို့ သည် ထိုမြို့နေပြည့်ရှင်မင်းက စေလွှတ်လိုက်သည့် အလုပ်သမား များကဲ့သို့ ဖြစ်ရှိကြ၍ (= မင်းလွှတ်လိုက်သည့် မင်းမှုထမ်း

ယောက်ျားများအသွင် ဖန်ဆင်းကြ၍ဟု ဆိုလိုသည်။) ယာဂု, ခဲဖွယ်, ဆွမ်း-စသည်တို့ကို ထမ်းပိုးယူဆောင်ခဲ့ကြကာ "အရှင်သီဝလိမထေရ်သည် အဘယ်မှာနည်း, အရှင်သီဝလိမထေရ်သည် အဘယ်မှာနည်း"ဟု မေးမြန်းလိုက်ပါကြလေ၏။ အရှင်သီဝလိမထေရ်သည် ထိုပူဇော်ဖွယ်ဝတ္ထု အစုစုကို ခံယူစေ၍ မြတ်စွာဘုရားထံသို့ သွားရောက်လေ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့် အတူတကွ အရှင်သီဝလိအား နတ်တို့ အမြတ်တနိုးလှူဒါန်းအပ်သော ဆွမ်း ခဲဖွယ် ဘောဇဉ် ယာဂုတို့ကို ဘုဉ်းပေးသုံးဆောင်တော်မူလေ၏။

ဤနည်းဖြင့်ပင် မြတ်စွာဘုရားသည် ပူဇော်သက္ကာရမှုကို သုံးဆောင်တော်မူလျက် နေ့စဉ်နေ့စဉ် တယူဇနာ ခရီးတိုင်တိုင် ကြွချီတော်မူ၍ ယူဇနာသုံးဆယ်ရှိသောခရီးခဲကို တလဖြင့် လွန်မြောက်ပြီးလျှင် အရှင်ခဒိရဝနိယ ရေဝတမထေရ်၏ ကြိုတင်မြင်ထားသဖြင့် ညီညွတ်သော ရှားတောကျောင်းသို့ ရောက်တော်မူလေ၏။ အရှင်ရေဝတမထေရ်သည် မြတ်စွာဘုရားရှင်ကြွလာတော်မူမည်ကို ကြိုတင်သိရှိ၍ မိမိ၏နေရာ ရှားတောကျောင်း၌ ဘုရားအမှူးရှိသော သံဃာအား နေလောက်အောင် ကျောင်းများကိုဣင်း,မြတ်စွာဘုရားရှင်အတွက်ဂန္ဓကုဋီတိုက်တော်ကိုဣင်း, ညဉ့်သန့်ရာ,နေ့သန့်ရာဌာန-စသည်တို့ကိုဣင်း တန်ခိုးဖြင့် ဖန်ဆင်းပြီးလျှင် မြတ်စွာဘုရားအား ခရီးဦးကြို ကြွခဲ့လေသည်။ မြတ်စွာဘုရားသည် တန်းဆာဆင်အပ် သပ်ယပ်သော ခရီးဖြင့် ကျောင်းတိုက်သို့ ဝင်တော်မူလေ၏။ထို့နောက် မြတ်စွာဘုရားရှင် ဂန္ဓကုဋီတိုက်တော်သို့ ဝင်တော်မူပြီးလတ်သော် ကျန်သောရဟန်းတို့သည် ဝါစဉ်အတိုင်း မိမိတို့သို့ ရောက်သော ကျောင်းအိပ်ရာနေရာ အသီးသီးသို့ ဝင်တော်မူကြလေကုန်၏။ နတ်တို့သည် "ဤအချိန်ကား ဆွမ်းအာဟာရ ဘုဉ်းပေးရန် အချိန်မဟုတ်"ဟု သိရှိကြကာ အဖျော်ရှစ်မျိုး (= သပြေ သရက်၊ မုဒရက်၊ ဖက်သက်, သစ်မည်စည်။ ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုး အဖျော်ရည်။) တို့ကို ပို့ဆောင်ဆက်ကပ်ကြကုန်၏။ ဤနည်းဖြင့်ပင် မြတ်စွာဘုရားရှင်၏

အဖို့ရာ ပူဇာ သက္ကာရကို ခံယူ သုံးဆောင်တော်မူစဉ် လဝက် (= တဆယ့်ငါးရက်) အချိန်သည် လွန်ခဲ့လေသည်။

## ဥဒ္ဒစ္စသမားများ အထင်မှားကြခြင်း

ထိုစဉ်အခါ အချို့အချို့သော ဥဒ္ဒစ္စပြောများ စိတ်လွင့်ပါးသော ရဟန်းတို့သည် တနေရာ၌ ထိုင်နေကြပြီးလျှင် "လူနတ်တို့ဆရာ မြတ်စွာဘုရားသည် 'ငါ့အဂ္ဂသာဝက၏ ညီအထွေး'ဟု မိန့်တော်မူကာ ဤသို့သဘောရှိသည့် နဝကမ္မအလုပ် အားထုတ်၍သာနေသော ရဟန်းကို ကြည့်ရှုရန် ကြွလာတော်မူဘိ၏၊ ဤယခု အရှင်ရေဝတ၏ ကျောင်းတိုက်ကြီးအနီးအပါး၌ ဇေတဝန်ကျောင်းတိုက်ကြီးသည်၎င်း, ဝေဠုဝန် ကျောင်းတိုက်ကြီး-စသည်တို့သည် ၎င်း ဘာလုပ်မည်နည်း။ ဤရေဝတ ရဟန်းသည်လည်း ဤသို့သဘောရှိသည့် နဝကမ္မအလုပ်ကို ပြုလုပ်နေသူသာဖြစ်၏၊ သို့စဉ် နဝကမ္မအလုပ်အားထုတ်နေသောရဟန်းသည် အဘယ်မည်သော ရဟန်းတရားကို ပြုလုပ်အားထုတ်နိုင်ချိမ့်မည်နည်း = ပြုလုပ်နိုင်မည်မဟုတ်ဟု ကဲ့ရဲ့သပြီးပြီးဟ်..စကားတင်းဆိုကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် "ငါဘုရား ဤ အရပ်၌ ကြာမြင့်စွာနေလျှင် ဤ အရပ်သည် ပရိသတ်လေးခဏ်း ရောပွမ်း၍ လာပေလိမ့်မည်၊ တောကျောင်းနေရဟန်းတို့မည်သည် ဆိတ်ငြိမ်ခြင်းကို အလိုရှိကြကုန်၏၊ ငါဘုရား ကြာကြာနေလျှင် ရေဝတ၏ အဖို့ရာ မချမ်းမသာနေရခြင်း ဖြစ်ပေလိမ့်မည်"ဟု ကြံစည်ဆင်ခြင်ပြီးနောက် အရှင်ရေဝတ၏ နေသန့်ရာအရပ်သို့ ကြွရောက်တော်မူလေ၏။ အရှင်ရေဝတမထေရ်သည် တပါးတည်း စင်္ကြံ ခွန်းဝယ် မီရာတံကဲပျဉ်ကိုမှီ၍ ကျောက်ဖျာထက်၌ ထိုင်နေရင်းက မြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်၍ ခရီးဦးကြိုဆိုကာ မြတ်စွာဘုရားကိုရှိသေမြတ်နိုး ရှိခိုးဝတ်ပြုလေ၏။

မြတ်စွာဘုရားသည် အရှင်ရေဝတကို "ချစ်သားရေဝတ…. ဤအရပ်ကား ခြင်္သေ့, သစ်, ကျား သားရဲများ နေရာဌာနဖြစ်၏၊ ကြမ်းတမ်းသော ဆင်မြင်းစသည်တို့၏ အသံကိုကြားလျှင် သင်

ချစ်သားသည် အဘယ်သို့ ပြုသနည်း” ဟု မေးတော်မူလေ၏။ အရှင်ရေဝတသည် “မြတ်စွာဘုရား …ထိုဆင်ကြမ်း မြင်းကြမ်း စသည်တို့၏ အသံကိုကြားရသော တပည့်တော်၏(သန္တာန်မှာ) တောၥမွေ့လျော် ပျော်ပိုက်ခြင်း=အရညရတိတရား ထပ်တလဲလဲ ဖြစ်ပွါးပါသည်ဘုရား”ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရား သည် ထိုနေ့သန့်ရှာအရပ်၌ အရှင်ရေဝတ္တမထေရ်အား ဂါထာ ငါးရာတို့ဖြင့် တောကျောင်းနေခြင်း၏ အကျိုးအာနိသင်မည် သော တရားစကား ဟောကြားတော်မူပြီးလျှင် နောက်တနေ့၌ မနိုးမဝေးသောအရပ်ဝယ် ဆွမ်းခံ လှည့်လည်တော်မူပြီး နောက် (ရှင်ရေဝတ၏ရွာကတောကျောင်းတိုက်သို့ တဖန် မပြန်တော့ပဲ ထို အရပ်မှပင်) အရှင်ရေဝတကို ပြန်နှစ်စေတော်မူ၍ အရှင်ရေဝတ ၏ ကျေးဇူးမဲ့ကို ပြောကြားကြသည့် ဥဒ္ဓစ္စသမား စိတ်လွင့်ပါး သော ရဟန်းများ၏ တောင်ဝှေး, ဘိနပ်, နယ်ဆီဗူး, ထီးတို့ကို မေ့ကျန်နေရစ်ရန် တန်ခိုးတော်ဖြင့် စီမံတော်မူလေ၏။

ထိုဥဒ္ဓစ္စသမား ရဟန်းများသည် မိမိတို့၏ အသုံးအဆောင် များကို ယူဆောင်ရန် အရှင်ရေဝတ၏ ကျောင်းတိုက်သို့ ပြန်နှစ် လာကြသည်ရှိသော် လာခဲ့ရင်းလမ်းဖြင့်ပင် သွားကြပါသော် လည်း ထိုမိမိတို့နေရာဌာနကိုမမှတ်မိနိုင်အောင် ရှိကြလေကုန်၏။ မှန်၏-ထိုဥဒ္ဓစ္စသမား ရဟန်းများသည် ရှေးနေ့များက (တန်ခိုး ဖြင့် ဖန်ဆင်းအပ်သည့်)တန်းဆာဆင်အပ်သောလမ်းဖြင့် သွားကြ ရ၍ ထိုပြန်မည့်နေ့၌ကား မညီညွတ်သော(မူလပကတိ)လမ်းဖြင့် သွားကြရလျက် ထိုထိုအရပ်၌ ( မောပန်းကာ ) အပန်းဖြေ နားနေကြရကုန်၏၊ အချို့နေရာ၌ကား ဒူးထောက်၍ သွားကြရ ကုန်၏၊ ထိုရဟန်းတို့သည် သစ်ပင်ငယ်များ, ချုံပုပ်ပေါင်းများ, ဆူးများကို ပင်ပန်းဆင်းရဲစွာ ကျော်လွှားနင်းနယ် သွားကြရ ကုန်လျက် မိမိတို့နေခဲ့သောအရပ်နှင့် တူသည့်အရပ်သို့ ရောက်ရှိ ကြလေသော် ထိုထိုရွာၥငုတ်တိုများ၌ မိမိတို့၏ထီးများ,ဘိနပ်များ, နယ်ဆီဗူးများ, တောင်ဝှေးများကို ချိတ်လျက် ထောင်လျက် သား တွေ့မြင်ကြရလေကုန်၏။ ထိုအခါကျမှ ထိုဥဒ္ဓစ္စသမား

ရဟန်းများသည် "ဤ အရှင်ရေဝတရဟန်းကား ဇာဒိရှင်=တန်ခိုးရှင် ရဟန်းပေတည်း" ဟု သိကြ၍ မိမိတို့၏ ပရိက္ခရာများကို ယူဆောင်ခဲ့ကြပြီးလျှင် "ဩ… မြတ်စွာဘုရားရှင်အတွက် စီမံအပ်သော ပူဇော်သက္ကာရသည် ဤသို့ အံ့ဖွယ်သဘောရှိစွာတကား" ဟု တအံ့တဩ ပြောဆိုကြကာ သာဝတ္ထိပြည်သို့ အရောက် သွားရောက်ကြလေကုန်၏။

ရွှေမှ သွားနှင့်ကြ၍ သာဝတ္ထိသို့ ရောက်နှင့်ကြသော ရဟန်းတို့ကို ဝိသာခါကျောင်းအမကြီးသည် မိမိအိမ်၌ ဆွမ်းစားပင့်ကာ ထိုင်နေကြသောအခါ၌ "အရှင်ဘုရားတို့ …. အရှင်ရေဝတ၏ နေထိုင်ရာ ကျောင်းတိုက်သည် နှစ်သက်ဖွယ်, ရှိပါ၏လား ဘုရား" ဟု မေးမြန်းလေ၏။ ထိုအခါ အလျင်လက်ဦးရောက်နှင့်ကြသော ထိုရဟန်းတို့သည် "ဒါယိကာမကြီး…. အရှင်ရေဝတ၏ နေထိုင်ရာကျောင်းတိုက်သည် နှစ်သက်ဖွယ် ပျော်မွေ့ဖွယ် ရှိလှပါ၏၊ ထိုကျောင်းတိုက်သည် နန္ဒဝန်နတ်ဥယျာဉ်, စိတ္တလတာနတ်ဥယျာဉ်နှင့် တသွင်တည်း တပုံတည်း တူလှပါပေ၏" ဟု ဖြေဆိုကြကုန်၏။ ထိုနောက်မှ ကျောင်းအမကြီးသည် အားလုံးသော ရဟန်းတို့၏ နောက်မှ ရောက်လာကြသည့် ဥဒ္ဓစ္စသမား ရဟန်းများကို "အရှင်ကောင်းတို့…. အရှင်ရေဝတ၏ နေထိုင်ရာကျောင်းတိုက်သည် နှစ်သက်ဖွယ်ရှိပါ၏လားဘုရား" ဟု မေးမြန်းပြန်လေ၏။ ထိုအခါ ဥဒ္ဓစ္စသမား ရဟန်းများသည် "မမေးပါနှင့် ဒါယိကာမကြီး….၊ ထိုအရှင်ရေဝတ နေရာအရပ်သည် စကားထဲ၌ပင် ထည့်သွင်းပြောဆိုခြင်းငှါ မသင့်လျော်သောအရပ် ဖြစ်ပါသည်၊ ထို အရှင်ရေဝတ နေရာအရပ်သည် ကျတ်တီးမြေပြင်ဖြစ်သည့်ပြင် ကျောက်စရစ်ခဲများ, ကျောက်ပြား ကျောက်တုံးများဖြင့် အလွန်လျှင် မြေမညီသော ရှားတောအရပ်ကြီး ဖြစ်ပါသည်၊ ထိုအရပ်၌ အရှင်ရေဝတသည် ဆင်းရဲစွာ နေရှာပါသည်" ဟု နောက်ဆုံး မိမိတို့ တွေ့ခဲ့သည့်အတိုင်း ဖြေကြားပြောဆိုကြလေကုန်၏။

ဝိသာခါကျောင်းအမကြီးသည် အလျင်လက်ဦး ရောက်လာသောရဟန်း, နောက်ကျ၍ ရောက်လာကြသော ရဟန်းတို့၏ ပတူထူးခြား ကွဲပြားသောအဖြေစကားကို ကြားသိရ၍ "အဘယ် ရဟန်းတို့၏ စကားက မှန်မည်နည်း" ဟု ကွဲပြားစွာ သိရှိရန် နေမွန်းလွဲအခါ၌ နံ့သာ, ပန်းကို ယူဆောင်၍ မြတ်စွာဘုရားအား ဆည်းကပ်ရန် သွားရောက်ရှိခိုးပြီးလျှင် အပြစ်လွတ်ရာ အရပ်၌ ထိုင်နေလျက် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား....အရှင်ရေဝတ မထေရ်၏ နေရာအရပ်ကို အချို့သော မထေရ်တို့က ချီးမွမ်းကြပါသည်၊ အချို့သော မထေရ်တို့က ကဲ့ရဲ့ကြပါသည်၊ ဤသို့ အဖြေစကား နှစ်ထွေပြားရခြင်းသည် အဘယ့်ကြောင့်ပါနည်း မြတ်စွာဘုရား...." ဟု လျှောက်ထား မေးမြန်းလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ဝိသာခါကျောင်းအမကြီးကို "ဝိသာခါ.... လောကအခေါ် မွေ့လျော်ဖွယ် အရပ်ပင်ဖြစ်စေ, မမွေ့လျော်ဖွယ် အရပ်ပင်ဖြစ်စေ အကြင်အရပ်၌ အရိယာတို့၏ စိတ်သည် မွေ့လျော်၏၊ ထိုအရိယာတို့ စိတ်မွေ့လျော်ရာ အရပ်သည်သာလျှင် မွေ့လျော်ဖွယ့်အရပ် မည်ပေ၏" ဟု မိန့်တော်မူပြီးလျှင်—

"ဂါမေ ဝါ ယဒိ ဝါရညေ၊
နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊
တံ ဘူမိရာမဏေယျကံ"။

ဝိသာခေ = ပုဗ္ဗာရုံကျောင်းအမ မိဂါရမာတာ အို-ဝိသာခါ....။ ဂါမေ ဝါ = ငါးပါးအာရုံ ကာမဂုဏ်တို့ ဝန်းရံထူထပ် ရွာအရပ်၌ဖြစ်စေ။ ယဒိ = ထိုသို့မဟုတ်။ အရညေ ဝါ = ကာမဂုဏ်ငါး အာရုံများမှ ဝေးခြားတုံ လတ် တောအရပ်၌ဖြစ်စေ။ နိန္နေ ဝါ = စိမ့်စမ်းများဖြင့် ရေသွင်သွင်နှင့် သစ်ပင်စိမ်းလန်း ချိုင့်ဝှမ်းရာ အရပ်၌ ဖြစ်စေ။ ယဒိ = ထိုသို့မဟုတ်။ ထလေ ဝါ = သစ်ပင်မရှိ မြူအတိလျှင် ပြွမ်းဘိပူလောင် ကုန်းခေါင်ခေါင်အရပ်၌ ဖြစ်စေ။ ယတ္ထ = အမှတ်မထင် အကြင်အရပ်၌။ အရ-

ဟာန္တော = အာသဝေါကုန်ခန်း ရဟန္တာသခင် အရှင်မြတ်တို့သည်။ ဝိဟရန္တိ = ဣရိယာပထ မျှတရှင်ပြီး သီတင်းသုံး နေတော်မူကြကုန်၏။ တံ ဌာနံ = ထိုရဟန္တာသခင် အရှင်မြတ်တို့ သီတင်းသုံးနေထိုင်ရာ အရပ်သည်။ ဘူမိ-ရာမဏေယျကံ = မြေအပြင်ဝယ် မွေ့လျော်ဖွယ်မှန်လှ အရပ်ဌာနပေတည်း"—

ဟူသော ဤဂါထာကို ဟောတော်မူလေ၏။ (ဤစကားရပ်စုကား အင်္ဂုတ္တရအဋ္ဌကထာမှ ဖြစ်သည်)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် ရဟန်းတော်တို့အား ဧတဒဂ်ဘွဲ့ထူး နှင်းအပ်သောသဘင် ဆင်ယင်ကျင်းပသောအခါ ဤအရှင်ခဒိရဝနိယ-ရေဝတမထေရ်အား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရညကာနံ ယဒိဒံ ရေဝတော ခဒိရဝနိယော = ရဟန်းတို့.... တောကျောင်းနေကြသော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် ရှားတော်ခွနေသော ရေဝတရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "အာရညက = တောကျောင်း နေသောအရာ" ဝယ် ဧတဒဂ်ထားတော်မူလေ၏။

(ဤ၌။ ။အခြားတပါးသော မထေရ်တို့သည် တောကျောင်းနေကြသည်ရှိသော် သပ္ပါယဖြစ်လောက်သော တော, သပ္ပါယဖြစ်လောက်သော ရေ, သပ္ပါယဖြစ်လောက်သော ဆွမ်းခံရွာများကို ရွေးချယ်မှတ်သားပြီးမှ တောကျောင်းနေတော်မူကြ၏၊ ဤ အရှင်ရေဝတမထေရ်သည်ကား ထို သပ္ပါယများကို အလေးမထား ဂရုမမူ မရွေးချယ်ပဲ ကျတ်တီးမြေပြင် ကျောက်စရစ် ကျောက်ပြား ကျောက်တုံးများ ပေါ်များကာ မြေအပြင်လည်း မညီညွတ်သည့် ရှားတော၌ နေတော်မူ၏၊ ထို့ကြောင့် ဤအရှင်မြတ်ကိုသာ "အာရညက=တောကျောင်းနေသော အရာ" ဝယ် ဧတဒဂ်ထားတော်မူသည်ဟု အထူးမှတ်ယူရာ၏)။

ဤအရှင်ခဒိရဝနိယ-ရေဝတမထေရ်နှင့် စပ်သော တရားတို့ကို အပဒါနပါဠိ၊ အဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာ-စသည်တို့မှ ထုတ်နုတ်မှတ်ယူရာ၏။

ဤကား အရှင်ခဒိရဝနိယရေဝတမထေရ် အကြောင်းတည်း။

---

## (၁၅) အရှင်ကင်္ခါရေဝတမထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤ ကင်္ခါရေဝတမထေရ်သည် လွန်ခဲ့သောကမ္ဘာတသိန်းထက်ဝယ် ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်၌ ရှေးမထေရ်အလောင်း သူတော်ကောင်းတို့နည်းတူ လူများအပေါင်းနှင့် အတူတကွ ကျောင်းတော်သို့ သွား၍ ပရိသတ်အစွန်အဖျား၌ ရပ်တည်၍ တရားနာသည်ရှိသော် မြတ်စွာဘုရားရှင်က ရဟန်းတပါးကို "ဈာယီ=ဈာန်ဝင်စားကြသော ရဟန်း"တို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ထားတော်မူသည်ကို တွေ့မြင်လတ်၍ "ငါသည်လည်း နောက်အခါဝယ် ဤရဟန်းကဲ့သို့ပင် ဖြစ်မှသင့်တော်တော့မည်" ဟု ကြံစည်ဆင်ခြင်ကာ တရားပွဲပြီးဆုံးသောအခါ မြတ်စွာဘုရားကို ပင့်ဖိတ်၍ ရှေးမထေရ်အလောင်းများနည်းတူ ခုနစ်ရက်ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရမှု ပြုပြီးလတ်သော် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား....တပည့်တော်သည် ဤ အဓိကာရကောင်းမှု ကုသိုလ်ကံကြောင့် အခြားတပါးသော စည်းစိမ်များကို မတောင့်တပါ၊ စင်စစ်သော်ကား အရှင်ဘုရားတို့သည် ဤနေ့မှအထက် လွန်ခဲ့သောခုနစ်ရက်က ဈာန်ဝင်စားလေ့ရှိသောအရာဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူအပ်သော ရဟန်းကဲ့သို့ပင် တပည့်တော်သည်လည်း နောက်အခါဝယ် တဆူဆူသော ဘုရားရှင်၏ သာသနာ၌ ဈာန်ဝင်စားလေ့ရှိကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်ရပါလို၏" ဟု လျှောက်ဆိုကာ ဆုတောင်းပတ္ထနာမှု ပြုလေ၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် အနာဂတ်ကို ရှုကြည့်ဆင်ခြင်တော်မူလတ်သော် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် ပြည့်စုံလိမ့်မည်ကို မြင်တော်မူ၍ "နောက်အခါဝယ် ကမ္ဘာတသိန်းအဆုံး၌ ဂေါတမမြတ်စွာဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်၊ ထိုဘုရား၏သာသနာ၌ သင်သည် ဈာန်ဝင်စားသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်ပေလိမ့်မည်"ဟု ဗျာဒိတ်ကြားတော်မူပြီးလျှင် ဖဲကြွတော်မူလေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ ကမ္ဘာတသိန်းကာလပတ်လုံး (အပါယ်လေးပါးမလားမရောက်ပဲ) နတ်ပြည်,လူ့ပြည်တို့၌ ကျင်လည် ကျက်စား၍ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာကာလဝယ် သာဝတ္ထိပြည် မဟာဘောဂသူကြွယ်မျိုး သူဌေးမျိုး၌ ဖြစ်၍ အမည်အားဖြင့် ရေဝတ-ဟု အမည်တွင်လေသည်။ ရေဝတ သူဌေးသားသည် တနေ့သ၌ နေလွဲအခါ ကျောင်းတော်သို့ တရားနာရန် သွားရောက်ကြသော လူများအပေါင်းနှင့် အတူ တကွ ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ပရိသတ်အစွန်၌ ရပ်တည်ကာ မြတ်စွာဘုရား၏ တရားစကားကို နာကြားရသည် ရှိသော် သဒ္ဓါတရား ဖြစ်ပွါးကာ သာသနာဝန်ထမ်း ရှင်,ရဟန်း ပြုပြီးနောက် မြတ်စွာဘုရားအထံတော်မှ ကမ္မဋ္ဌာန်းတရားကို နာယူကာ သမာဓိပရိကံ စီမံပြုလုပ် အားထုတ်လတ်သည်ရှိသော် လောကီဈာန်ရ-ရဟန်းဖြစ်၍ ဈာန်ကိုပင် အခြေပါဒကပြုကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလတ်သည်တွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏ = ရဟန္တာဖြစ်လေ၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

ထို အရှင်ကင်္ခါရေဝတမထေရ်သည် မြတ်စွာဘုရား ဝင်စားတော်မူအပ်သော သမာပတ်တို့တွင် အနည်းငယ်မျှသော သမာပတ်တို့ကို ထား၍ များစွာသော သမာပတ်တို့ကို ဝင်စားလျက်

နေ့နေ့ညဉ့်ညဉ့် ချမ်းတရားတို့၌ မွေ့လျော် နိုင်နင်းတော်မူလေသည်။ ထိုနောက် မြတ်စွာဘုရားရှင်သည် ရဟန်းတော်တို့အား ဧတဒဂ်တွဲထူး နှင်းအပ်သောသဘင် ဆင်ယင်ကျင်းပသောအခါ ၌အရှင်ကင်္ခါရေဝတမထေရ်အား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဈာယီနံ ယဒိဒံ ကင်္ခါရေဝတော = ရဟန်းတို့ ... ဈာန်ဝင်စားလေ့ရှိကြသော ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ကင်္ခါရေဝတ ရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "ဈာန်ဝင်စားသော အရာ"ဝယ် ဧတဒဂ်ထားတော်မူလေ၏။

## ကင်္ခါရေဝတဟု အမည်ရခြင်းအကြောင်း

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် အရှင်ကင်္ခါရေဝတသည် လမ်းခရီးအကြား၌ တင်လဲချက်ရာတင်းကုပ် (ထန်းလျက်တင်လဲချက်ရာတဲကုပ်) သို့ ဝင်၍ မှုန့်ညက်နှင့်ဖွဲ့ထည့်သော တင်လဲကို (တင်လဲထန်းလျက်ခဲပြုရာဝယ် မာကျောအောင် တင်လဲထန်းလျက်ထဲ၌ မှုန့်ညက်မှုန့်အနည်းငယ်နှင့်ဖွဲ့ ထည့်နေကြသည်ကို) မြင်ရသောကြောင့် "အာမိသနှင့်တကွသော တင်လဲထန်းလျက်သည် မအပ် = တင်လဲထန်းလျက်ထဲ၌ မှုန့်ညက်နှင့်ဖွဲ့တည်းဟူသော အာမိသ ပါရှိနေသောကြောင့် မအပ်၊ တင်လဲထန်းလျက်ကို နေလွဲသောအခါ သုံးဆောင်ခြင်းငှါ မအပ်"ဟု ယုံမှားကွေးတောမှု=သံသယကုက္ကုစ္စရှိသည်ဖြစ်၍ သူ၏ တပည့်ပရိသတ်နှင့်တကွ တင်လဲထန်းလျက်ကို နေလွဲအခါ၌ မသုံးဆောင်ချေ။

ထိုမထေရ်၏စကားကို ယုံကြည်ကိုးစား လိုက်နာကြသော ရဟန်းတို့သည်လည်း တင်လဲကို မသုံးဆောင်ကြကုန်။ မြတ်စွာဘုရားရှင်အား ရဟန်းတို့က ထိုအကြောင်းကို လျှောက်ထားကြ

သောအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို "ရဟန်းတို့.... အဘယ့်ကြောင့်တင်လဲ့မှုန့်ညက်နှင့်ဖွဲကိုလူများတည့်ကြသနည်း" ဟု မေးတော်မူ၏။ ရဟန်းတို့က "မာကျောစိမ့်သောငှါ ထည့်ပါ ကုန်၏ဘုရား"ဟု လျှောက်ထားကြလေလျှင် မြတ်စွာဘုရားသည် "ရဟန်းတို့....အကယ်၍ မာကျောစိမ့်သောငှါ တင်လဲ့မှုန့်ညက် မှုန့်နှင့် ဖွဲကို လူတို့ထည့်ကြလျှင် ထိုထည့်သော မုန့်ညက်မှုန့်နှင့် ဖွဲသည် ဟင်လဲဟူသော အမရအတွက်သို့ ရောက်သည်သာ တည်း။ ရဟန်းတို့....အလိုရှိတိုင်း တင်လဲကို သုံးဆောင်ခြင်းငှါ ငါဘုရား ခွင့်ပြု၏"ဟု အနုညာတသိက္ခာပုဒ် ခွင့်ပြုပညတ်တော်မူ လေသည်။

အရှင်ကင်္ခါရေဝတသည် လမ်းခရီးအကြားဝယ် ကျင်ကြီး၌ အပင်ပေါက်သော ပဲနောက်ကို မြင်ရ၍ "ပဲနောက်တို့သည် မအပ်ကုန်၊ ကျက်ပြီးသောပဲနောက်များသည်လည်း အပင်ပေါက် ကုန်၏"ဟု မိန့်ဆိုကာ မအပ်ဟု ယုံမှား တွေးတောမှု သံသယ ကုက္ကုစ္စ ရှိသည်ဖြစ်၍ ဘုရ၏တပည့်ပရိသတ်နှင့်တကွ ပဲနောက်ကို မသုံးဆောင်။ ထိုမထေရ်၏စကားကို ယုံကြည်ကိုးစား လိုက်နာ ကြသော ရဟန်းတို့သည်လည်း ပဲနောက်ကိုမသုံးဆောင်ကြကုန်။ မြတ်စွာဘုရားရှင်အား ရဟန်းတို့က ဤအကြောင်းကို လျှောက် ထားကြသောအခါ မြတ်စွာဘုရားရှင်သည် "ရဟန်းတို့... ကျက်ပြီး သော ပဲနောက်တို့ကို အပင်ပေါက်စေကာမူ အလိုရှိတိုင်း သုံး ဆောင်ခြင်းငှါ ငါဘုရား ခွင့်ပြု၏"ဟု အနုညာတသိက္ခာပုဒ် ခွင့်ပြု ပညတ်တော်မူလေသည်။ (ဤ အကြောင်းများကား ဝိနည်း မဟာဝါ ဒု-ဘေသဇ္ဇက္ခန္ဓက ပိဋကတ်မြန်မာပြန် စာမျက်နှာ ၃၀၃၊၃၀၄-တို့၌ လာ၏။)

ဤသို့လျှင် ဤပုဂ္ဂိုလ် အရှင်ရေဝတမထေရ်သည် အပ်စပ်သော ဝတ္ထုတို့၌ပင် မအပ်စပ်ဟု တွေးတောယုံမှားမှု ဝိနယကုက္ကုစ္စ အားကြီးလှသောကြောင့် ကင်္ခါရေဝတမထေရ် ဟု အမည်တွင် လေသည်=တွေးတောယုံမှားမှု အားကြီးသောရေဝတမထေရ်ဟု ဆိုလိုသည်။

တိုမှတပါး ဤကန်ါရေဝတာမထေရ်နှင့်စပ်သော တရားတို့ကို အပဒါန် ပါဠိအဋ္ဌကထာ, ထေရဂါထာ အဋ္ဌကထာ-စသည်တို့မှ ထုတ်နုတ်မှတ်ယူရာ၏။

ဤကား အရှင်ကင်္ခါရေဝတမထေရ် အကြောင်းတည်း။။

(၁၆) အရှင်သောဏကောဋိဝိသမထေရ်အကြောင်း

(က) မထေရ်၏ရှေးဆုတောင်း

ဤအရှင်သောဏ- ကောဋိဝိသမထေရ်အလောင်း သူတော်ကောင်းသည် ရှေးလွန်လေပြီးသောအခါ ပဒုမုတ္တရမြတ်စွာဘုရားရှင်လက်ထက်တော်ဝယ် သူဌေးမျိုး၌ဖြစ်၍ "သိရိဝဍ္ဎသူဌေးသား" ဟု အမည်တွင်လေသည်။ သိရိဝဍ္ဎသူဌေးသားသည် အရွယ်သို့ ရောက်လတ်သော် ရှေးမထေရ် အလောင်းလျာများ နည်းတူ ကျောင်းတော်သို့ သွား၍ ပရိသတ်အစွန်အဖျား၌ ရပ်လျှည်ကာ တရားနာသည်ရှိသော် မြတ်စွာဘုရားရှင်က ရဟန်းတပါးကို "အာရဒ္ဓဝီရိယ = အပြင်းအထန်ကြိုးကုတ် အားထုတ်ကြသော ရဟန်း" တို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ထားတော်မူသည်ကို တွေ့မြင်လတ်၍ "ငါသည် ... ည်း နောက်အခါဝယ် ဤရဟန်းကဲ့သို့ပင် ဖြစ်မှ သင့်တော့မည်" ဟု ကြံစည်ဆင်ခြင်ကာ တရားပွဲပြီးဆုံးသောအခါ မြတ်စွာဘုရားကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး မဟာဒါနကြီး ပေးလှူပြီးလျှင် ရှေးမထေရ်အလောင်းအလျာများနည်းတူ ဆုတောင်းပဏ္ဍနာမှု ပြုလေ၏။ မြတ်စွာဘုရားသည် ထိုသူဌေးသား၏ ဆုတောင်းချက် ပြည့်စုံမည်ကို မြင်တော်မူ၍ ရှေးနည်းအတိုင်း ဗျာဒိတ်ကြားပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

မာရာဏသီပြည်သား အမျိုးကောင်းသားဘဝ

သိရိဝဍ္ဎသူဌေးသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည် ကျက်စားလျက် ကမ္ဘာတသိန်းကို လွန်မြောက်၍ ဤဘဒ္ဒကမ္ဘာဝယ် ကဿပမြတ်

ဋ္ဌာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အကျွန်ုပ်တို့၏ မြတ်ဋ္ဌာဘုရားရှင် ပွင့်ထွန်းတော်မမူမီ ဗာရာဏသီပြည်ဝယ် အမျိုးကောင်းအိမ်၌ အမျိုးကောင်းသတို့သား ဖြစ်လာလေ၏။ ထိုအမျိုးကောင်းသတို့သားသည် မိမိ၏ သူငယ်ချင်းများနှင့် အတူတကွ တနေ့သ၌ ဂင်္ဂါမြစ်ဝယ် ရေကစား၍နေလေ၏။

ထိုအခါ သင်္ကန်းဟောင်းနွမ်းသော ပစ္စေကဗုဒ္ဓါ အရှင်မြတ် တဆူသည် "ငါသည် ဗာရာဏသီပြည်ကို အမှီဂေါစရဂါမ်ပြု၍ ဂင်္ဂါမြစ်ကမ်းဝယ် သင်္ခမ်းကျောင်းကို ဆောက်လုပ်ကာ ဝါကပ်ဆိုပေအံ့"ဟု ကြံစည်ဆင်ခြင်တော်မူ၍ ရေအယဉ်ဖြင့် တိုက်ခတ်မျောပါလာသော သစ်သားချောင်းများ ကြိမ်နွယ်များကို ဆယ်ယူစုရုံးလျက် နေတော်မူ၏။ ထိုအခါ အမျိုးကောင်း သတို့သားသည် သူငယ်ချင်းတို့နှင့် အတူတကွ သွားရောက်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ရိုသေမြတ်နိုး ရှိခိုးရပ်တည်လျက် "အရှင်ဘုရားတို့.... အဘယ်အမှုကို ပြုနေတော်မူကြပါသနည်း"ဟု မေးလျှောက်လေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် "အမောင်သတို့သား.... ဝါလနီးကပ်လတ်သော် ရဟန်းတို့အဖို့ရာ နေထိုင်ရန် ကျောင်းကို ရမှ သင့်တော်မည်"ဟု မိန့်တော်မူလေ၏။

ထိုအခါ အမျိုးကောင်း သတို့သားသည် "အရှင်ဘုရား.... အရှင်မြတ်သည် ယနေ့တရက်တာမျှ ဟုတ်ဟုတ်ငြားငြား ဖြစ်နိုင်သော နည်းလမ်းဖြင့် ဆိုင်းငံ့တော်မူစေချင်ပါသည်၊ တပည့်တော်သည် နက်ဖြန်ခါ အရှင်ဘုရားအား ကျောင်းဆောက်လုပ်လှူဒါန်းပါမည်ဘုရား"ဟု လျှောက်ထားလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် "ထိုအမျိုးကောင်း သတို့သားအားလျှင် ချီးမြှောက်မှုကို ပြုလုပ်မည်"ဟု လာခဲ့ရင်းဖြစ်သောကြောင့် အမျိုးကောင်းသတို့သား၏ ပင့်ဖိတ်ချက်ကို လက်ခံသာယာတော်မူလေ၏။ အမျိုးကောင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ လက်ခံသာယာကြောင်းကို သိရှိ၍ ပြန်သွားပြီးလျှင် နောက်တနေ့၌ ပူဇော်ဖွယ်မှု အစုစုကို ပြုစီရင်ပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွလာတော်မူခြင်းကို စောင့်မျှော်ရပ်တည်လျက် နေလေ၏။ ပစ္စေက

ဗုဒ္ဓါအရှင်မြတ်သည်လည်း "ယခနေ့ အဘယ်အရပ်၌ ဆွမ်းခံလှည့်လည်မှုကို ရရှိလိမ့်မည်နည်း"ဟုဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ အမျိုးကောင်းသား၏ အိမ်တံခါးဝသို့ ကြွတော်မူလေ၏။

အမျိုးကောင်းသားသည် ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွလာသည်ကို မြင်လတ်၍ အလွန် ချစ်ခင်နှစ်သက်လျက် သပိတ်ကို ယူ၍ ဆွမ်းလှူပြီးလျှင် "အရှင်ဘုရား....အရှင်မြတ်တို့သည် ဤဝါတွင်း သုံးလပတ်လုံး တပည့်တော်၏ အိမ်တံခါးဝသို့သာ ကြွတော်မူကြပါကုန်ဘုရား"ဟု လျှောက်ထားတောင်းပန်ကာ ဝန်ခံချက်ကို ရယူပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းဘုဉ်းပေးပြီး၍ ကြွသွားတော်မူလတ်သော် သူငယ်ချင်းတို့နှင့် အတူတကွ သွားရောက်၍ နေ့ခြင်းပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ် နေထိုင်တော်မူရန် သင်္ခမ်းကျောင်း, စင်္ကြံ, ညဉ့်သန့်ရာ, နေ့သန့်ရာဌာနများကို ဆောက်လုပ်စေ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းလေ၏။

အထူးအားဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ် သင်္ခမ်းကျောင်းအတွင်းသို့ ကြွဝင်တော်မူသောအခါ နွားချေး အစိုလိမ်းကျံအပ်သော မြေအပြင်၌ "ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ ခြေတော်တို့ဝယ် ရွှံ့ညွန်များ မငြိကပ်ပါစေလင့်"ဟူသော ရည်ရွယ်ချက်ဖြင့် မိမိ ကြီးရုံးအပ်သည့် အဖိုး တသိန်းတန် ကမ္ဗလာနီကြီးကို ခြေအခင်းပြုကာ ခင်းပြီးလျှင် ကမ္ဗလာနီ၏ အဆင်းနှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ ကိုယ်တော်ရောင်တို့ တထပ်တည်း တူမျှနေသည်ကို ဖူးမြော်ရ၍ အလွန်လျှင် သဒ္ဓါကြည်ညိုဖြစ်ရှိကာ "အရှင်ဘုရားတို့ နင်းကြွသော အချိန်မှစ၍ ဤကမ္ဗလာ၏ အရောင်သည် အလွန်လျှင် တင့်တယ်သကဲ့သို့ ဤအတူပင်လျှင် ဖြစ်လေရာရာ သံသရာဘဝ၌ တပည့်တော့် လက်ခြေများ၏ အရောင်သည်လည်း လယ်ခေါင်ရန်းပန်းအသွေး နီတွေး တင့်တယ်သည် ဖြစ်ပါစေသတည်း။ ကိုယ်အတွေ့သည်လည်း အကြိမ်တရာဖတ်အပ်သော ဝါဂွမ်းလွှာ၏ အတွေ့

ပမာ နူးညံ့သည် ဖြစ်ပါစေသတည်း”ဟု ဆုတောင်း ပဏ္ဏနာမှု ပြုခဲ့လေသည်။

အမျိုးကောင်းသားသည် ဝါတွင်းသုံးလပတ်လုံး ပဒုမုတ္တရဘုရား အရှင်မြတ်ကို ပြုစုလုပ်ကျွေး၍ ဝါကျွတ်ပြီး ပဝါရဏာပြုပြီးသော အခါ၌ တိစိဝရိက်သက်နိုးကို လှူဒါန်းလေ၏။ ပဒုမုတ္တရ အရှင်မြတ်သည် သပိတ်,သင်္ကန်း ပြည့်စုံတော်မူကာ ဂန္ဓမာဒန တောင်သို့သာလျှင် ကြွတော်မူလေ၏။

**နောက်ဆုံးဘဝ ရဟန်းပြုခြင်း**

ထိုအမျိုးကောင်းသားသည် အပါယ်လေးပါး မလားမရောက် ရပဲ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် အကျွန်ုပ် တို့၏ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ၀ယ် ကာဠစမ္ပာပြည် ဥသဘာသူဌေးအိမ်၌ ပဋိသန္ဓေ တည်ယူနေလေ၏။ ထိုအမျိုး ကောင်းသား ပဋိသန္ဓေ တည်ယူနေသောနေ့မှစ၍ သူဌေး၏ အိမ်သို့ အထောင်များစွာ လက်ဆောင်ပဏ္ဏာတို့ လာရောက်ကြ ကုန်၏။ အမျိုးကောင်းသား ဖွားမြင်သောနေ့၌လည်း ကာဠ- စမ္ပာပြည်တမြို့လုံး ပူဇော်သက္ကာရဖြင့် ဖုံးလျက်ရှိပေ၏။ ထိုအမျိုး ကောင်းသားကို အမည်မှည့်သောနေ့၌ မိဖနှစ်ပါးတို့သည်“ငါတို့ သားကား မိမိ၏အမည်ကို မိမိပင်မှည့်၍သာ လာသူဖြစ်၏၊ ငါတို့ သား၏ ကိုယ်ရေအရောင်သည် ရွှေနီအရည်ဖြင့် သွန်းဖျန်းအပ် သကဲ့သို့ ဖြစ်ချေ၏”ဟု ပြောဆိုကြကာ အမျိုးကောင်းသား၏ အမည်ကို “သောဏသတို့သား=သောဏသူဌေးသား”ဟူ၍သာ မှည့်ခေါ်ကြလေကုန်၏။ (ဤသို့လျှင် ထိုသူဌေးသား၏ မိဖတို့ မှည့်ခေါ်သော အမည်မှာ သောဏ-ဟူ၍ ဖြစ်သည်၊ ကောဋိဝိသ အနွယ်ဖြစ်သောကြောင့် အမည်ရင်းနှင့် အနွယ် နှစ်ရပ် စပ်၍ ထိုသူဌေးသားသည် “သောဏ-ကောဋိဝိသသူဌေးသား”ဟု ထင် ရှားလေသည်)။ ထို့နောက် ထိုသူဌေးသားအတွက် အထိန်းတော် ခြောက်ကျိပ်တို့ကို ခန့်ထားပြီးလျှင် ထိုသူဌေးသားကို နတ်သား ပမာ ချမ်းသာစွာ ပြုစုမှုယု ကြီးပြင်းစေကြလေကုန်၏။

### သူဌေးသားအတွက် အစာအာဟာရ စီမံကြပုံ

ထိုသူဌေးသားအတွက် အစာအာဟာရ စီမံကြပုံမှာ—

ရှေးဦးစွာ မင်းပယ် (၆၀) ခြောက်ဆယ် ကျယ်ဝန်းသော လယ်မြေအရပ်ကို ထွန်ယက်, စိုက်ပျိုးပြီးသောအခါ (၁) နွားနို့ရေ (၂) နို့သာရေ (၃) ရေရိုးရိုး = ဤရေသုံးမျိုးဖြင့် သလေးစပါးပင်တို့ကို စောင့်ရှောက် ကြီးပြင်းစေကြရလေသည်။

လယ်အတွင်း ရေသွန်းမည့်မြောင်းများ၌ နွားနို့ရေ နို့သာရေ အိုးစရည်းပေါင်းများစွာ သွန်းလောင်းကြရလေသည်။

သလေးနှံများ နို့ရည်ဝင်သောအခါ ကျေးငှက်-စသော ပိုးမွှားတို့၏ စားကြွင်းပြုမှုဘေးရန်ကို ကာကွယ်ရန်အတွက်၎င်း,ကောက်သားတို့ နူးညံ့ရန်အတွက်၎င်း လယ်ကွက်ပတ်ဝန်းကျင်နှင့်တကွ လယ်ကွက်အတွင်း အကြားအကြားတို့၌ တိုင်များစိုက်ထူပြီးလျှင် အခြင်, ရနယ် တန်းများ ပေး၍ ဖျာမိုးလျက် တင်းထိမ်တန့်လန့်ကာများ ကာရံပြီးလျှင် အပြင်အပ အစွန်းအနား၌ စောင့်နေကြရကုန်၏။

ကောက်စပါးများ မှည့်ရင့်သောအခါ စပါးကျီကြများကို (ကုက်မံ, လေးညှင်း, တောင်ဇလပ်ပွင့်, ကဏ္ဍူ = ကမျည်းမှုန့် တည်းဟူသော) နို့သာ လေးမျိုးတို့ဖြင့် လိမ်းကျံ အပြေအပြစ်ပြုပြီးလျှင် ထို၏ အထက်၌ အလွှန်မွှန်မြတ်သော နို့သာတို့ဖြင့် ထုံလှိုင် ကြိုင်စေကြကုန်သည်၊ ထို့နောင်မှ အလုပ်သမားပေါင်းများစွာတို့ လယ်အတွင်း ဆင်းကြကာ သလေးနှံများကို တရိုတသေ အညှာမှ ဖြတ်၍ အဆုပ်အဆုပ် ပြုလုပ်ကြပြီးလျှင် ကြိုးများဖြင့် စည်းနှောင်၍ အခြောက်လှန်းကြရကုန်၏။

ထို့နောင်မှ ကျီကြ၏ အောက်ဆုံး၌ နို့သာတထပ် ခင်းပြီးလျှင် ထို၏အထက်မှ အခြောက်လှန်းပြီးသော စပါးနှံစည်းများကိုခင်းရပြန်သည်၊ ဤနည်းဖြင့် နို့သာတထပ် စပါးနှံတထပ် အလဲအလှယ် ခင်း၍ ထပ်၍ ကျီကြပြည့်လတ်သော် တံခါးကို ပိတ်လျက် သုံးနှစ်ကြာအောင် ထားကြရလေသည်။

သုံးနှစ်ပြည့်သောအခါမှ စပါးကျီကြကို ဖွင့်ကြရသည်၊ ဖွင့်လိုက်သောအခါ စမွာပြည်တပြည်လုံး နံ့သာနံ့ဖုံး၍သွားလေ၏။

ထိုသလေးစပါးများကို ဆန်ဖွပ်သောအခါ သေသောက်ကြူးတို့သည် ဖွဲကြမ်း, ဖွဲနုကို အလုအယက် ဝယ်ကြကုန်၏၊ ဆန်ကွဲဆန်ကျိုးကိုကား အလုပ်အကျွေးတပည့်များ ရယူကုန်၏။သလေးဆန်ရင်းဆန်သားတို့ကိုသာ သူဌေးသားအတွက် ရွေးချယ်၍ ယူကြရလေသည်။

ထမင်းချက်ကြပုံမှာ—ရွှေချည်မျှင်ဖြင့် ရက်လုပ်အပ်သောဆန်ဆေးတောင်း၌ ထိုသလေးဆန်ရင်းတို့ကို ထည့်၍ အကြိမ်တရာ ရေစစ်၍ယူကြပြီးသော် ကျိုက်ကျိုက်ဆူသောရေနွေး၌ တကြိမ်တည်းနှစ်၍ (ကြာကြာမထားရပဲ) ထုတ်ဆယ်ကြရလေသည်၊ ထိုအခါ ရေနွေးမှ လွတ်တိုင်း လွတ်တိုင်းသော နေရာသည် (ရေနွေးမှလွတ်လျှင်ပင် ကျက်ပြီးသားဖြစ်၍) မုလေး (မြတ်လေး)ပန်းနှင့် တူသော ထမင်း ဘောဇဉ် ဖြစ်၍ လာလေ၏။

ထိုဘောဇဉ်ထမင်းကို ရွှေခွက်၌ ထည့်ကြပြီးလျှင် ထိုရွှေခွက်ကို ကျိုက်ကျိုက်ဆူလျက် ရေမပါသော ဃနာနို့ထမင်းချို အပြည့်ထည့်ထားသော ငွေခွက်ပေါ်၌ (အေး မသွားရန်) တင်ထားပြီးမှ ယူဆောင်လာကြ၍ သူဌေးသား၏ ရွှေမှောက်ဝယ် ချထားကြရလေသည်။

သောဏ-ကောဋိဝိသ သူဌေးသားသည် ထိုသလေးထမင်းကို မိမိမျှတရုံသာ စားပြီးလျှင် နံ့သာထုံအပ်သောရေဖြင့် ခံတွင်းလုပ်ကျင်းခြင်း, လက်ခြေ ဆေးခြင်းအမှုကို ပြုလေသည်။ ထို့နောက် လက်ခြေဆေးပြီးသောထိုသူဌေးသားအား အထူးထူးအပြားပြားသော (=အမျိုးမျိုးသော) ကွမ်းစသည်များကို ခံတွင်းနံ့ကြိုင်လှိုင်စေရန် ဆက်သကြရကုန်၏။

သူဌေးသား သွားတိုင်း သွားတိုင်းသောအရပ်၌ ကောင်းမြတ်ဆန်းကြယ်သော အခင်းများကို ခင်း၍ပေးကြရ၏၊ သူဌေးသား၏

လှက်ဖဝါး ခြေဖဝါးတို့သည် လယ်ခေါင်ရှန်းပန်း အသွေး တွေး တွေးနီမြန်းကြကုန်၏၊ သူဌေးသား၏ အတွေ့သည် အကြိမ် တရာ ဖတ်အပ်သော ဝါဂွမ်းလွှာပမာ နူးညံ့လှစွာ၏၊ ခြေဖဝါးအပြင်တို့၌ ပတ္တမြားနားဍောင်းဝယ် လက်ျာရစ်လည်၍ တည်သော ကြာချည် အဆင်းရှိသည့် မွေးညှင်းကလေးများ အစီအရီ ပေါက်လျက်ရှိ ကုန်၏။ သူဌေးသားသည် တဦးတယောက်၏ အပေါ်၌ စိတ်ဆိုး အမျက်ထွက်လျှင် "သင် သတိထား စဉ်းစား သိရှိလော့၊ ငါသည် ယခုပင် မြေကို နင်းလိုက်အံ့" ဟု ကြိမ်းမောင်းစကား ပြောကြား တတ်၏။ ထိုသူဌေးသား အရွယ်သို့ရောက်လတ်သော် (အောက် ယသသူဌေးသား အခဏ်းမှာကဲ့သို့) ဥတုသုံးပါးတို့အား လျော် လျောက်ပတ်သည့် ပြာသာဒ် သုံးဆောင်တို့ကို ဆောက်လုပ်စေ ကာ ကခြေသည် မောင်းမများကိုလည်း (မိဖတို့က) ခစားစေကြ လေသည်။ သူဌေးသားသည် ကြီးစွာသော စည်းစိမ်ကို ခံစား သုံး ဆောင်လျက် နတ်သားပမာ ချမ်းသာစွာ စိုးအုပ် နေထိုင်လေ၏။

ထို့နောက် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင်သည် ဘုရား ဖြစ်တော်မူပြီးလျှင် ဓမ္မစကြာတရား ဟောကြားတော်မူပြီး၍ ရာဇဂြိုဟ်ပြည်ကိုအမှီဝေါဝရဂါမ်ပြု၍နေတော်မူစဉ်မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်းတရားက သောဏ-သူဌေးသားကို ဆင့်ခေါ် စေတော်မူပြီးလျှင် ရွာသူကြီးပေါင်း ရှစ်သောင်းတို့နှင့် အတူတကွ မြတ်စွာဘုရားရှင်ထံတော်သို့စေလွှတ်အပ်ရကား သောဏ-သူဌေး သားသည် တရားဒေသနာကို ကြားနာရပြီးလျှင် သဒ္ဓါတရား ကြီးမားစွာ ဖြစ်ရှိလျက် မြတ်စွာဘုရားကို ရှင်ရဟန်းပြုပေးပါရန် တောင်းပန်လျှောက်ထားလေ၏။

ထိုအခါ သောဏ-သူဌေးသားကို မြတ်စွာဘုရားသည် "မိဖ နှစ်ပါးတို့က ရှင်ရဟန်းပြုရန် ခွင့်ပြုအပ်ပြီလော" ဟု မေးတော် မူ၍ ခွင့်မပြုအပ်သေးကြောင်း ကြားသိတော်မူပြီးလျှင် "ချစ်သား သောဏ...မြတ်စွာဘုရားတို့သည် မိဖနှစ်ပါး ခွင့်မပြုအပ်သော သားကို ရှင်ရဟန်းပြု၍ မပေးကြကုန်" ဟု ငြင်းပယ်စကားမိန့်ကြား တော်မူလေ၏။ သူဌေးသားသည် "ကောင်းပါပြီ . မြတ်စွာ

ဘုရား....”ဟု မြတ်စွာဘုရားရှင် မိန့်ကြားချက်ကို ဦးထိပ်ရွက်ပန်ဆင်၍ မိဖတို့ထံ ပြန်သွားကာ ခွင့်ပြုစေ၍ ဘုရားရှင်ထံမှောက်တဖန်ပြန်ရောက်ပြီးလျှင် မြတ်စွာဘုရား စေခိုင်းတော်မူချက်အရ ရဟန်းတော်တပါး၏ အထံ၌ ရှင်ရဟန်းပြုလေ၏။ (ဤကား အကြောင်းအရာ အကျဉ်းတည်း၊ထိုသောဏ-သူဌေးသား ရဟန်းဖြစ်ပုံ အကြောင်းအရာအကျယ်ကို ဝိနည်းမဟာဝါပိဋကတ်မြန်မာပြန် ၅-စမ္မက္ခန္ဓက စာမျက်နှာ ၂၆၃-မှစ၍ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

သောဏမထေရ်သည်ရှင်ရဟန်းအဖြစ်ကိုရယူပြီး၍ ရာဇဂြိုဟ်ပြည်၌နေစဉ် များစွာသော ဆွေမျိုးသားချင်း မိတ်သင်္ဂဟတို့သည် မြတ်နိုးတနာ ပူဇာသက္ကာရမှု များစွာပြုကြလေ၏၊ မထေရ်၏ ရုပ်အဆင်းတင့်တယ်ပုံ ကျေးဇူးဂုဏ်ကို ချီးမွမ်းစကားများစွာ ပြောကြားကြ၏။ သောဏမထေရ်သည် “ငါ့အထံသို့ များစွာသောလူတို့ လာရောက်ကြကုန်၏၊ ဤသို့သာ လာရောက်နေကြလျှင် ငါသည် သမထဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းအလုပ်အဘယ်မှာလျှင် အားထုတ်နိုင်တော့မည်နည်း = အားထုတ်နိုင်တော့မည်မဟုတ်ချေ၊ ငါသည် မြတ်စွာဘုရားရှင် အထံတော်၌ ကမ္မဋ္ဌာန်းတရား နာကြားပြီးလျှင် သီတဝနတောအုပ်သုသာန်သို့ သွားရောက်ကာ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်ရပါမူ ကောင်းလေစွ၊ မှန်၏-ထိုအရပ်၌ ‘သုသာန်’ဟူ၍ စက်ဆုပ်ကြကာ လူအများ လာရောက်ကြမည်မဟုတ်ချေ၊ ထိုသို့မလာကြလျှင် ငါ၏ ရဟန်းကိစ္စသည် အထွတ်အထိပ် = အရဟတ္တဖိုလ်ပေါက် ရောက်ပေလိမ့်မည်”ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် မြတ်စွာဘုရားရှင် အထံတော်၌ ကမ္မဋ္ဌာန်းတရား နာကြားပြီးနောက် သီတဝနတောအုပ်သို့ သွားရောက်၍ ရဟန်းတရားကို ပွါးများဖို့ရန် စ-ဖန်အားသစ်လေ၏။

### အပြင်းအထန် အားထုတ်တော်မူခြင်း

သောဏမထေရ်သည် “ငါ၏ကိုယ်ကား အလွန်သိမ်မွေ့စွာ၏၊ စင်စစ်သော်ကား မင်္ဂဖိုလ်ချမ်းသာကို အလွယ်တကူနှင့် ရောက်ဖို့

ရန် မတတ်နိုင်ချေ၊ သို့ရကား မိမိကိုယ်ကို ပင်ပန်းနွမ်းနယ်စေ၍လည်း ရဟန်းတရား ပွါးများအားထုတ်မှ သင့်တော်တော့မည်" ဟု ကြံစည်ဆင်ခြင်တော်မူပြီးနောက် (လျောင်းခြင်း, ထိုင်ခြင်း အလျှင်းပင် မပြုတော့ပဲ) ရပ်ခြင်း, စင်္ကြံသွားခြင်း–ဣရိယာပုထ် နှစ်ပါးကိုသာ ဆောက်တည်၍ ပဓာနအလုပ် အပြင်းအထန် အားထုတ်လေတော့၏။ ထို အရှင်သောဏမထေရ်၏ အဖို့ရာ အလွန်သိမ်မွေ့နူးညံ့စွာသော ခြေဖဝါးအပြင် အစွန်းအနားတို့မှာ အဖူးအရူးများ ပေါက်ရောက်ကာ ကွဲကြသဖြင့် စင်္ကြံတခုလုံးမှာ သွေးခြင်းခြင်းနီ၍ နေလေတော့၏။ မထေရ်သည် ခြေထောက်တို့ဖြင့် မသွားနိုင်လတ်သော် တတောင်ဆစ်, ဒူးခေါင်းတို့ဖြင့် လေးဖက်တွားသွားလျက် ရဟန်းတရား ပွါးများအားထုတ်လေ၏၊ တတောင်ဆစ်, ဒူးခေါင်းတို့လည်း ထိုအတူ ပေါက်ကွဲသဖြင့် စင်္ကြံတခုလုံး သွေးခြင်းခြင်းနီ၍နေလေ၏။ ဤသို့စဉ် ဝီရိယကို အပြင်းအထန် အားထုတ်ပါသော်လည်း ကမ္မဋ္ဌာန်းနိမိတ် အရိပ်အရောင်ကိုမျှ ဖြစ်စေခြင်းငှါ မစွမ်းနိုင်ရကား—

"အကယ်၍ ငါမှတပါး အခြားသူတယောက်သည် ဝီရိယကို အပြင်းအထန် အားထုတ်မည်ဆိုပါက ငါကဲ့သို့သာ ဖြစ်လေရာ၏, အားထုတ်ငြားရာ၏–ဤမျှထက်ပို လွန်၍ အားမထုတ်နိုင်လေရာ၊ ငါသည်ကား ဤသို့ပင် အားထုတ်ပါသော်လည်း မဂ်, ဖိုလ်တရားကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ချေ၊ သို့ရကား ငါသည် စကန်ပင် ဥဃဋိတညူ, ဝိပဉ္စိတညူ, နေယျဟူသော မဂ်ဖိုလ်ရထိုက်သူပုဂ္ဂိုလ် မဖြစ်လေရာ၊ ငါသည် ပဒပရမပုဂ္ဂိုလ်သာ ဖြစ်လေရာ၏။ သို့ရကား 'ငါ့အဖို့ရာ ရှင်ရဟန်းအဖြစ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း–ရှိမည်မဟုတ်လေရာ၊ ငါသည် လူ့ဘောင်သို့ လှည့်လည်လျောကျ၍ လောက စည်းစိမ်များကိုလည်း သုံးဆောင်ပေတော့အံ့၊ (လောကစည်းစိမ်ခံစားရင်းက) ကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်ပေတော့အံ့"—

ဟု ကြံစည်မိလေ၏။

**ဝိဏောဝါဒ—မလျော့, မတင်း စောင်းကြိုးဖြင့်**
**အဆုံးအမတရား ဟောတော်မူခြင်း**

ထိုအခါ မြတ်စွာဘုရားသည် မထေရ်၏စိတ်အကြံကို သိတော်မူ၍ ညနေချမ်းအခါ ရဟန်းအပေါင်း ခြံရံအပ်လျက် ထို အရပ်သို့ ကြွရောက်ကာ သွေးခြင်းခြင်းနီသောစင်္ကြံကို မြင်တော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့....နွားသတ်ရာအရပ်ကဲ့သို့ သွေးခြင်းခြင်းနီနေသော ဤစင်္ကြံသည် အဘယ်ရဟန်း၏ စင်္ကြံနည်း"ဟု (သိတော်မူလျက်နှင့်ပင် တရားဟောရန် ရည်ရွယ်ချက်ဖြင့်) မေးတော်မူလေ၏။ ရဟန်းတို့က "မြတ်စွာဘုရား....အလွန်အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍ စင်္ကြံသွားလျက် တရားကျင့်သော အရှင်သောဏ၏ ခြေဖဝါးတို့သည် ကွဲပေါက်ခဲ့ပါကုန်ပြီ၊ ယခု မြင်တော်မူရသည့် နွားသတ်ရာအရပ်ကဲ့သို့ သွေးခြင်းခြင်းနီနေသော ဤစင်္ကြံသည် ထို သောဏရဟန်း၏ စင်္ကြံဖြစ်ပါသည် ဘုရား"ဟု လျှောက်ထားကြလေလျှင် မြတ်စွာဘုရားသည် အရှင်သောဏမထေရ်၏ ကမ္မဋ္ဌာန်းကျောင်းသို့ ကြွရောက်၍ အသင့်ခင်းထားအပ်ပြီးသော နေရာဝယ် ထိုင်နေတော်မူလေ၏။

အရှင်သောဏသည်လည်း မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ လာရောက်ရှိခိုးဝတ်ပြု၍ အပြစ်လွတ်ရာအရပ်၌ ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားရှင်က အရှင်သောဏမထေရ်ကို ရှေးဆိုအပ်ပြီးသည့်အတိုင်း ချစ်သား၏သန္တာန်၌ အကြံဖြစ်သည်မှန်၏လော-ဟု တိုက်ရိုက်မေးတော်မူလေလျှင် အရှင်သောဏမထေရ်သည် ဟုတ်မှန်ကြောင်း ဝန်ခံစကား ပြန်ကြားလျှောက်ထားလေ၏။ ထို့နောက် မြတ်စွာဘုရားရှင်က အရှင်သောဏမထေရ်ကို "ဝိဏောဝါဒ=မလျော့, မတင်း စောင်းကြိုးဖြင့် အဆုံးအမတရား"ဟောကြားတော်မူသည်မှာ—

(ဗုဒ္ဓ) ချစ်သားသောဏ.... ယခု ငါဘုရား မေးမြန်းမည့်စကားကို သင်ချစ်သား အဘယ်သို့ မှတ်ထင်သဘောကျသနည်း = သင်ချစ်သား သဘောကျသည့်အတိုင်း ဖြေ

ဆိုခွင့်ရှိသည်၊ သင်ချစ်သားသည် ရှေးလူဖြစ်စဉ် အခါက စောင်းတီးခြင်း၌ လိမ္မာခဲ့သည် မဟုတ်လော။

(သောဏ) ဟုတ်ပါသည် မြတ်စွာဘုရား....။

(ဤ၌။ ။အရှင်သောဏကို ငယ်စဉ်အခါက မိဘနှစ်ပါးတို့က 'ငါတို့သားသည် အခြားအတတ်ကို သင်ကြားလျှင် ကိုယ်ပင်ပန်းလိမ့်မည်၊ ဤစောင်းတီးခြင်းအတတ်ကား နေရာ၌ ချမ်းသာစွာ ထိုင်နေရင်းပင် သင်ယူနိုင်သောအတတ်ဖြစ်သည်'ဟု စဉ်းစားကြ၍ စောင်းအတတ်ကို သင်ကြားစေကြသဖြင့် မထေရ်သည် စောင်းတီးအတတ်၌ လေ့လာနိုင်နင်းသူ ဖြစ်လေသည်။

မြတ်စွာဘုရားရှင်သည်လည်း "ဤသောဏရဟန်း၏ အဖို့ရာ အခြားကမ္မဋ္ဌာန်းဖြင့် အကျိုးမရှိနိုင်၊ ဤရဟန်းသည် လူဖြစ်စဉ်အခါ စောင်းအတတ်၌ နိုင်နင်းလေ့လာ လိမ္မာသူဖြစ်သည်၊ မိမိ၏ စောင်းပညာအရာ၌တည်၍ တရားဟောရလျှင် လျင်မြန်စွာ သိပေလိမ့်မည်"ဟု သိရှိတော်မူသဖြင့် ဆိုအပ်ပြီးသောအတိုင်း မေးမြန်း၍ တရားစ-တော်မူလေသည်)။

(ဗုဒ္ဓ) ချစ်သားသောဏ....ယခု ငါဘုရားမေးမြန်းမည့်စကားကို သင်ချစ်သား အဘယ်သို့ မှတ်ထင်သဘောကျသနည်း၊ သင်၏ စောင်းညှို=စောင်းကြိုးများ တင်း၍ နေသောအခါ သင့်စောင်းသည် အသံသာခြင်းရှိသည်, အရှည်တီးရန် ခံ့ခြင်းရှိသည် ဖြစ်၏လော = အသံ သာယာ၏လော, ကြာကြာအတီးခံ၏လော။

(သောဏ) မြတ်စွာဘုရား.... ဤသို့မဖြစ်နိုင်ပါ = အသံလည်း မသာယာ, ကြာကြာလည်း အတီးမခံပါ။

(ဗုဒ္ဓ) ချစ်သားသောဏ....ယခုငါဘုရားမေးမြန်းမည့်စကားကို သင်ချစ်သား အဘယ်သို့ မှတ်ထင်သဘောကျသနည်း၊ သင်၏ စောင်းညှို=စောင်းကြိုးများ လျော့၍ နေသောအခါ သင့်စောင်းသည် အသံသာခြင်းရှိသည်, အရှည်တီးရန် ခံ့ခြင်းရှိသည် ဖြစ်၏လော = အသံ သာယာ၏လော, ကြာကြာ အတီးခံ၏လော။

(သောဏ) မြတ်စွာဘုရား...ဤသို့မဖြစ်နိုင်ပါ = အသံလည်း မသာယာ, ကြာကြာလည်း အတီးမခံပါ။

(ဗုဒ္ဓ) ချစ်သားသောဏ....ယခုငါဘုရားမေးမြန်းမည့် စကားကို သင်ချစ်သား အဘယ်သို့ မှတ်ထင်သတောကျ သနည်း၊ သင်၏ စောင်းညို့ = စောင်းကြိုးများ မတင်းလွန်း, မလျော့လွန်းပဲ ညီမျှသောဂုဏ်၌ တည်ကြသော အခါ သင့်စောင်းသည် အသံသာခြင်းရှိသည်, အရှည်တီးရန် ခံခြင်းရှိသည် ဖြစ်၏လော = အသံသာယာ၏လော, ကြာကြာ အတီးခံ၏လော။

(သောဏ) ဖြစ်ပါသည် မြတ်စွာဘုရား····အသံလည်း သာယာ, ကြာကြာလည်းအတီးခံပါသည် မြတ်စွာဘုရား။

(ဗုဒ္ဓ) ချစ်သားသောဏ....ဤအတူပင် လွန်စွာ အားထုတ်အပ်သော ဝီရိယသည် ပျံ့လွင့်ခြင်းငှါ ဖြစ်၏ (= ဝီရိယလွန်ကဲလျှင် ဥဒ္ဓစ္စဖြစ်၏)၊ လျော့လွန်းသော ဝီရိယသည် ပျင်းရိခြင်းငှါ ဖြစ်၏၊ (= ဝီရိယလျော့လျှင် ကောသဇ္ဇ = အပျင်းဓာတ် ဖြစ်၏)။ ချစ်သားသောဏ.... သို့ရကား သင်ချစ်သားသည် ဝီရိယနှင့် သမာဓိ မျှသော အဖြစ်ကို ဆောက်တည်လော့ (= ဝီရိယနှင့် သမာဓိ မျှအောင် အားထုတ်လော့)။ သဒ္ဓါ-စသော ဣန္ဒြေတို့ ညီမျှသောအဖြစ်ကို သိလော့ (= သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ = ဤဣန္ဒြေငါးပါး ညီမျှအောင် ကျင့်လော့)။ ထိုသို့ ညီမျှသောအခါ၌ သမထ-စသော နိမိတ်ကို ဖြစ်စေလော့။

(သောဏ) ကောင်းပါပြီ မြတ်စွာဘုရား....။

မြတ်စွာဘုရားရှင်သည် အရှင်သောဏမထေရ်ကို ဤဖော်ပြရာပါ ဝီဏောဝါဒ = မလျော့, မတင်း စောင်းကြိုးဥပမာ အဆုံးအမတရားဖြင့် ဆုံးမတော်မူ၍ ဝီရိယနှင့် သမာဓိ ညီမျှအောင်

ကျင့်ကြံပုံ ကမ္မဋ္ဌာန်းတရား ဟောကြားတော်မူပြီးလျှင် ဝိဋ္ဌကုဋ်
တောင်ပေါ်ကျောင်းတိုက်သို့ ပြန်ကြွတော်မူလေ၏။

အရှင်သောဏမထေရ်သည်လည်း မြတ်စွာဘုရားရှင်၏ မျက်မှောက်ဩဝါဒ အဆုံးအမကို ရယူတော်မူကာ ရဟန်းတရား မလျော့,မတင်း ပွါးများအားထုတ်တော်မူလေရာ မကြာမြင့်မီပင် အရဟတ္တဖိုလ်၌ တည်တော်မူလေ၏ = ရဟန္တာ ဖြစ်တော်မူလေ၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

၍ အရှင်သောဏ ကောဠိဝိသမထေရ်၏ တရားအားထုတ်ပုံကို ပြန်လည်သုံးသပ်ဆင်ခြင်ပါလျှင် "အခြားတပါးသော ရဟန်းတို့၏အဖို့ရာ ဝီရိယတရားမည်သည် (လျော့နေ၍) တိုးတက်ပွါးစေအပ်သော သဘောရှိသည်၊ ၍အရှင်မြတ်၏ ဝီရိယကား (တင်းလွန်းနေသဖြင့်) လျော့စေအပ်သော သဘောရှိသည်" ဟူသော ၍အချက်သည် ထင်ရှားလာ၏။ သို့ရကား မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် ရဟန်းတော်တို့အား ဧတဒဂ်ဘွဲ့ထူး နှင်းအပ်သောသဘင် ဆင်ယင်ကျင်းပသောအခါ ၍ အရှင်သောဏ-ကောဠိဝိသမထေရ်အား— "

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏော ကောဠိဝိသော = ရဟန်းတို့....ထက်သန်သော လုံ့လဝီရိယရှိကြသော ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ကောဠိဝိသအနွယ်၌ ဖြစ်သော သောဏရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "အာရဒ္ဓဝီရိယ = ထက်သန်သော လုံ့လဝီရိယရှိကြသောအရာ"ဝယ် ဧတဒဂ် ထားတော်မူလေ၏။

**၍ကား အရှင်သောဏ-ကောဠိဝိသမထေရ် အကြောင်းတည်း။**

## (၁၇) အရှင်သောဏ-ကုဋိကဏ္ဏမထေရ် အကြောင်း

(ဤအရှင်မှာ မိဖတို့မှည့်ခေါ်သော အမည်အားဖြင့် သောဏ-ဟု အမည်တွင်၍ လူဖြစ်စဉ်အခါ တကုဋေတန် နားတန်ဆာကို ပန်ဆင်လေ့ရှိသောကြောင့် ကုဋိကဏ္ဏ=ဤအမည်နှစ်ရပ် စပ်ကာ "သောဏ-ကုဋိကဏ္ဏမထေရ်"ဟု မည်တွင်တော်မူလေသည်)။

### (က) မထေရ်၏ ရှေးဆုတောင်း

ဤ အရှင်သောဏ-ကုဋိကဏ္ဏ မထေရ်အလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် ရှေးနည်းအတိုင်း လူများအပေါင်းနှင့် အတူတကွ ကျောင်းတော်သို့ သွားရောက်၍ ပရိသတ်အစွန်အနား၌ ရပ်တည်ကာ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာနေစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို ချိုသာသော တရားစကားဟောကြား ပြောဆိုတတ်ကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ "ငါသည်လည်း နောက်အခါ တဆူဆူသော ဘုရားရှင်၏ သာသနာ၌ ချိုသာသော တရားစကား ဟောကြား ပြောဆိုတတ်ကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ်ဖြစ်မှ သင့်တော်တော့မည်"ဟု ကြံစည်ဆင်ခြင်ပြီးလျှင် မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ ခုနစ်ရက်ကြာ မဟာဒါနကြီး ပေးလှူပြီးနောက် "မြတ်စွာဘုရား.... အရှင်ဘုရားတို့သည် ယနေ့မှအထက် လွန်ခဲ့သော ခုနစ်ရက်က အကြင်ရဟန်းကို ကလျာဏဝါက္ကရဏ=ချိုသာသော တရားစကား ဟောကြားပြောဆိုတတ်ကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူခဲ့ကြပါပြီ၊ တပည့်တော်သည်လည်း ဤအဓိကာရကောင်းမှု ကုသိုလ်၏ အကျိုးအားကြောင့် နောက်အခါဝယ် တဆူဆူသော မြတ်စွာဘုရား၏ သာသနာတော်၌ ထိုရဟန်းကဲ့သို့ပင် ကလျာဏဝါက္ကရဏ=ချိုသာသော တရားစကား ဟောကြား ပြောဆိုသောအရာဝယ် ဧတဒဂ်ဘွဲ့ထူးရ

ပုဂ္ဂိုလ် ဖြစ်ရပါလို၏”ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။ မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်းချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ “သင်သည် နောက်အခါ ဂေါတမမြတ်စွာ သာသနာ၌ ကလျာဏဝါက္ကရဏ=ချိုသာသော တရားစကား ဟောကြားပြောဆိုတတ်ကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရပုဂ္ဂိုလ် ဖြစ်လိမ့်မည်”ဟု ဗျာဒိတ်ကြား၍ ဖဲသွားတော်မူလေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုအမျိုးကောင်းသားသည်လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ကမ္ဘာတသိန်းကြာ (အပါယ်လေးပါး မလားမရောက်ပဲ) နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မမူမီပင် အဝန္တိတိုင်း ကုရရဃရမြို့နေ ကာဠီမည်သော သူဌေးကတော် ဥပါသိကာ၏ ဝမ်း၌ ပဋိသန္ဓေ တည်ယူနေလေသည်။ ထိုသူဌေးကတော်သည် ကိုယ်ဝန်ရင့်လတ်သော် ရာဇဂြိုဟ်ပြည် မိမိ၏ မိဖနေအိမ်သို့ ပြန်လာလေသည်။

ထိုအချိန်၌ အကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ ဣသိပတနမိဂဒါဝုန်တောဝယ် ဓမ္မစကြာတရား ဟောကြားတော်မူနေ၏၊ (မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်နေ့တည်း)။ ဓမ္မစကြာတရား ဟောကြားတော်မူရာ ဣသိပတနမိဂဒါဝုန်တော၌ စကြဝဠာပေါင်း တိုက်တသောင်းမှ နတ်ဗြဟ္မာတို့ ညီညာစည်းဝေးကြလေသည်။ ထိုအစည်းအဝေး၌ ယက္ခစစ်သေနာပတိ နှစ်ကျိပ်ရှစ်ဦးတွင် တဦးအပါအဝင်ဖြစ်သော သာတာဂိရဘီလူး နတ်စစ်မှူးသည် မြတ်စွာဘုရား၏ တရားစကားကို ကြားနာလေသည်။

(ဤ၌။ ။ယက္ခစစ်သေနာပတိကြီး နှစ်ဦးတို့၏ အကြောင်းအရာအကျယ်ကို အောက် မဟာဗုဒ္ဓဝင် ဒုတိယတွဲ အခဏ်း-၁၀၊ စာမျက်နှာ ၄၃၀-မှစ၍ ပြန်လည် ကြည့်ရှု သုံးသပ် မှတ်ယူရာ၏။

အထူးအားဖြင့် အောက် မဟာဗုဒ္ဓဝင် ဒုတိယတွဲ အခဏ်း-၁၀၊ မျက်နှာ ၄၃၀-မှစ၍ စကားရပ်များမှာ သုတ္တနိပါတ်အဋ္ဌကထာ ဟေမဝတသုတ်အဖွင့်ကို မှီ၍ ရေးသားအပ်သော စကားရပ်များဖြစ်သည်၊ ထို ဟေမဝတသုတ်အဖွင့် အဋ္ဌကထာအလို သာတာဂိရနတ်မင်းသည် ဓမ္မစကြာတရားနာယူစဉ် မိမိ၏ သူငယ်ချင်း ဟေမဝတနတ်မင်းကို အမှတ်ရ စိတ်ပျံ့လွင့်နေသောကြောင့် မဂ်ဖိုလ်မရသေးပဲ သူငယ်ချင်းကို အခေါ်သွားပြီး တဖန်ပြန်လာသောအခါမှ နတ်စစ်မှူးနှစ်ဦးလုံးပင် သောတာပန်အရိယာ ဖြစ်ကြကြောင်း လာရှိသည်။

ကောကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ စာမျက်နှာ ၁၈၆-မှ စ၍ ဖွင့်ပြပုံမှာကား သာတာဂိရနတ်မင်းသည် ဓမ္မစကြာတရားကို နာယူရ၍ သောတာပန်ဖြစ်ပြီးမှ မိမိ၏ သူငယ်ချင်း ဟေမဝတနတ်မင်းကို သွားရောက်ခေါ်ယူရာ ရာဇဂြိုဟ်ပြည် (ကုရရဃရမြို့သူ) ကာဠီသူဌေးသမီး အိမ်အပေါ်ကောင်းကင်၌ တွေ့ဆုံကြ၍ ဟေမဝတနတ်မင်းက သာတာဂိရနတ်မင်းကို မြတ်စွာဘုရား၏ ကာယသမာစာရ, အာဇီဝ, မနောသမာစာရတို့ကို မေးလေသည်၊ သာတာဂိရနတ်မင်းကလည်း မေးတိုင်းမေးတိုင်း ဖြေကြားလေသည်။ ဤသို့လျှင် မြတ်စွာဘုရား၏ ကိုယ်တော်ကျေးဇူး, ဂုဏ်တော်ကျေးဇူးကို မေးဖြေသည်၏ အဆုံးအားဖြင့် ဟေမဝတသုတ္တန် ပြီးဆုံးလတ်သော် ဟေမဝတနတ်မင်းသည် သူငယ်ချင်း သာတာဂိရနတ်မင်း၏ တရားဒေသနာကို အစဉ်လျှောက်သောအားဖြင့် ဉာဏ်ကိုစေလွှတ်၍ သောတာပတ္တိဖိုလ်၌ တည်လေသည်-ဟု ဖွင့်ပြလေသည်။ ထိုသို့ အဆိုကွဲပြားခြင်းမှာ ဘာဏကာမထေရ်တို့၏ အလိုအတိုင်း ကွဲပြားလေသည်ဟုသာ မှတ်ယူရာ၏)။

သာတာဂိရ နတ်စစ်မှူးသည် ဓမ္မစကြာတရားပွဲ၌ မိမိ၏ သူငယ်ချင်း ဟေမဝတနတ်စစ်မှူး မလာရောက်သဖြင့် သွားရောက်ခေါ်ငင်ရာ ရာဇဂြိုဟ်ပြည်(ကုရရဃရမြို့သူ)သူဌေးကတော် ကာဠီတို့၏ အိမ်အပေါ်ကောင်းကင်၌ နတ်စစ်မှူးကြီးနှစ်ဦး တွေ့ဆုံကြ၍ ထိုကောင်းကင်မှာပင် ဟေမဝတ နတ်မင်းက မြတ်စွာဘုရား၏ ကာယသမာစာရ-စသည်ကို မေး၍ သာတာဂိရ နတ်စစ်မှူးကလည်း မေးတိုင်း မေးတိုင်း ဖြေကြားလေသည်။

ထိုအခါ ဤကာဠီသူဌေးကတော်သည် သူတပါးအား တရားဟောစဉ် မြတ်စွာဘုရားရှင်ကို မဖူးမြင်ရပဲပင် အဆင့်ကြား

ကြည်ညိုမှု = သဒ္ဓါတရားကို ဖြစ်ပွါးစေ၍ သူတပါးအတွက် ခူးအပ်သော ထမင်းကို စားသုံးသောသူကဲ့သို့ သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထိုကာဠီသူဌေးကတော်သည် မာတုဂါမများအားလုံးတွင် ရှေးဦးစွာသော သောတာပန်အရိယာသာဝိကာ ဖြစ်၍ အားလုံးတို့၏ အစ်မကြီးအရိယာ ဖြစ်လေသည်။

ကာဠီသူဌေးကတော်၏အဖို့ရာ သောတာပန်ဖြစ်ပြီးသည်နှင့် တပြိုင်နက် ထိုညဉ့်၌ပင် ကိုယ်ဝန်သား ဖွားသန့်လေသည်၊ ရရှိသော သူငယ်အား အမည်မှည့်သောနေ့၌ "သောဏ"ဟူ၍ အမည်မှည့်လေသည်။ ကာဠီသူဌေးကတော်သည် မိမိအလိုရှိသလောက် မိဖတို့အိမ်၌ နေပြီးလျှင် ကုရရဃရမြို့သို့ပင် တဖန်ပြန်၍သွားလေ၏။ သောဏသူဌေးသားကလေးမှာ တကုဋေတန်နားတန်ဆာကို ပန်ဆင်ရသူဖြစ်၍ "သောဏ-ကုဋိကဏ္ဏ" သူဌေးသားဟု အမည်တွင်ပြန်လေသည်။

### သောဏကုဋိကဏ္ဏသူဌေးသား သံဃေဂရ၍ ရှင်ရဟန်းပြုခြင်း

ထိုအချိန်၌ အရှင်မဟာကစ္စည်းမထေရ်သည် ကုရရဃရမြို့ကို အမှီဂေါစရဂါမ်ပြု၍ ပပတ-မည်သော(တနည်း ပဝတ္တမည်သော, တနည်း ဥပဝတ္တမည်သော) တောင်၌ သီတင်းသုံးနေထိုင်တော်မူ၏။ ကာဠီသူဌေးကတော် ဥပါသိကာသည် အရှင်မဟာကစ္စည်းမထေရ်ကို ပြုစုလုပ်ကျွေး၏၊ မထေရ်သည် ကာဠီသူဌေးကတော် ဥပါသိကာ၏အိမ်သို့ အမြဲမပြတ် ကြွတော်မူ၏။ သောဏသူငယ်သည်လည်း အမြဲမပြတ် မထေရ်မြတ်၏အထံ၌ လှည့်လည်ကျက်စားလျက် မထေရ်မြတ်နှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးသူ ဖြစ်လေ၏။

သောဏသူဌေးသားသည် အခါအခွင့်ရရှိတိုင်း မထေရ်မြတ်ထံ ဆည်းကပ်ရန် သွားရောက်လေ၏။ မထေရ်မြတ်ကလည်း သောဏသူဌေးသားအား တရားမမှု မပြတ် ဟောပြတော်မူလေ၏။ ထို့ကြောင့် သောဏသူဌေးသားသည် သံဝေဂပြောများ

သူဖြစ်လျက် တရားကျင့်ရန် ထက်သန်သောလုံ့လ ဖြစ်ရှိလျက်သာ နေထိုင်လေ၏။ အခါတပါး၌ သောဏသူဌေးသားသည် လှည်းကုန်သည်( = လှည်းတပ်ကြီး)နှင့် အတူတကွ ကုန်ရောင်းဝယ်ရန် ဥဇ္ဇေနီပြည်သို့ သွားလတ်သော် လမ်းခရီးအကြား တခုသော တောအုပ်ဝယ် လှည်းတပ်ကြီး စခန်းချ၍ နားနေသည်တွင် ညဉ့်အခါ၌ လူအများနှင့် ကျပ်တည်းကျဉ်းမြောင်းစွာ နေထိုင်ရမှုမှ ကြောက်သဖြင့် သင့်လျော်ရာ တနေရာ၌ ရှောင်ဖဲ၍ အိပ်စက်လေ၏။ လှည်းတပ်ကြီးသည် မိုးသောက်အချိန်၌ ထ၍ သွားလေ၏၊ တယောက်ကမျှလည်း သောဏသူဌေးသားကို မနှိုးမိကြပဲ အားလုံးတပင် မေ့၍ သွားကြလေကုန်၏။

သောဏသူဌေးသားသည် နံနက်မိုးသောက် အိပ်ရာမှထ၍ တဦးတယောက်ကိုမျှ မတွေ့မမြင်ရပဲ လှည်းကုန်သည် = လှည်းတပ်ကြီး သွားသောလမ်းအတိုင်း မြန်မြန်လိုက်ပါသွားလတ်သည် ရှိသော် ပညောင်ပင်တပင်သို့ ဆိုက်ရောက်လေ၏။ ထိုပညောင်ပင်၌ အကြည့်ရလည်းတန်, ခန္ဓာကိုယ်လည်းကြီးလျက် စက်ဆုပ်ဖွယ်လည်းကောင်းသည့် ပြိတ္တာယောကျ်ားတယောက် မိမိ၏ အရိုးတို့မှ ကြွေ၍ကြွေ၍ (ပြုတ်၍ပြုတ်၍) ကျသော အသားများကို မိမိကိုယ်တိုင်ပင် ကောက်ယူစားသောက်နေသည်ကို မြင်လတ်၍ "သင်သည် အဘယ်သူနည်း" ဟု မေးလေ၏။ ပြိတ္တာက "အိုအရှင်....အကျွန်ုပ်ကား ပြိတ္တာဖြစ်ပါသည်" ဟု ဖြေကြားလေလျှင် သောဏသူဌေးသားသည် "အမောင်....အဘယ့်ကြောင့် ဤကဲ့သို့ ပြုလုပ်နေသနည်း" ဟု မေးပြန်လေ၏။ ပြိတ္တာက "မိမိ၏ ရှေးကံကြောင့် ဤကဲ့သို့ ပြုလုပ်နေရပါသည်" ဟု ဖြေကြားလေလျှင် သောဏသူဌေးသားသည် "ထို သင်ပြုခဲ့သည့် ရှေးကံဟူသည် အဘယ်သို့သော ကံ ဖြစ်သနည်း" ဟု မေးပြန်လေ၏။ ထိုအခါ ပြိတ္တာသည် "အိုအရှင်.... အကျွန်ုပ်ကား ရှေးအခါက ဘာရုကစ္ဆမြို့သား ကောက်ကျစ်စဉ်းလဲသော ကုန်သည်တဦး ဖြစ်ခဲ့၍ သူတပါးတို့၏ ဥစ္စာများကို လိမ်လည်လှည့်ဖြားကာ စားသောက်ခဲ့ပါပြီ၊ ဤတွင်မျှမကသေး ရဟန်းသံဃာတော်များ ဆွမ်းခံကြွ

ရောက်လာသည်ကို "သင်တို့၏ အသားကို သင်တို့ စားကြပါ တော့လား"ဟု ဆဲရေးစကားပြောကြားခဲ့ပါပြီ၊ ထိုအကုသိုလ်ကံကြောင့် ယခုအခါ၌ ဤ အရှင့်သား တွေ့မြင်နေရသည့် ဆင်းရဲ ဒုက္ခကို ခံစား၍ နေရပါသည်"ဟု ဖြေကြားလေ၏။ ထိုအကြောင်းကို ကြားသိရလျှင် သောဏသူဌေးသားသည် အလွန်လျှင် ထိတ်လန့်ခြင်း = သံဝေဂကို ရရှိလေ၏။

ထိုမှတဖန် ခရီးဆက်ခဲ့ပြန်သော် ခံတွင်းမှ သွေးနက်များ တတွေတွေ ယိုစီးကျနေကြသည့် ပြိတ္တာသူငယ် နှစ်ယောက်တို့ကို တွေ့မြင်ရ၍ ရှေးနည်းအတူပင် မေးလေ၏။ ထိုပြိတ္တာငယ်တို့သည်လည်း သောဏသူဌေးသားအား မိမိတို့၏ ရှေးကပြုခဲ့သော အကုသိုလ်ကံကို ပြောဆိုကြလေသည်၊ ပြောဆိုကြသည့်အကြောင်းမှာ— ထို သူငယ်တို့သည် ရှေးဘဝ လူဖြစ်စဉ် ဘာရုကစ္ဆမြို့၌ အသက်အရွယ် ငယ်စဉ်အခါဝယ် နွားသာရောင်းဝယ်မှုဖြင့် အသက်မွေးမှု ပြုလုပ်နေကြစဉ် မိမိတို့၏ မိခင်က ရဟန္တာအရှင်မြတ်တို့ကို ပင့်ဖိတ်၍ ဆွမ်းဆက်ကပ် လှူဒါန်းသည်ရှိသော် အိမ်သို့ပြန်လာကြ၍ "အိုမိခင်....ကျွန်ုပ်တို့၏ ဥစ္စာကို အဘယ့်ကြောင့် ရဟန်းများအား ပေးလှူဘိသနည်း၊ မိခင်ပေးလှူအပ်သည့် ဘောဇဉ်ကို စားသုံးကြသည့် ရဟန်းတို့၏ခံတွင်းမှ သွေးနက်များ တပွက်ပွက် ယိုထွက်ပါစေသတည်း"ဟု ဆဲရေးကြ, ကျိန်ဆဲကြလေသည်။ ထိုသူငယ်တို့သည် ထိုအကုသိုလ်ကံကြောင့် ငရဲ၌ ကျက်ခဲ့ရပြီးလျှင် ထိုအကုသိုလ်ကံ၏ အကျိုးဝိပါက်ကြွင်းအနေဖြင့် ပြိတ္တာဘုံ၌ ဖြစ်ကြ၍ ထိုသို့ သောဏသူဌေးသားနှင့် တွေ့သောအခါမှာ ဤဆင်းရဲဒုက္ခကို ခံစားနေကြရလေသည်။ ထိုအကြောင်းကို ကြားရ၍လည်း သောဏသူဌေးသားသည် ရှေးကထက်တိုး ဆထမ်းပိုး ထိတ်လန့်ခြင်းပြင်းစွာ ဖြစ်ရှိလေတော့၏။ (ဤသံဝေဂဖြစ်ကြောင်းဝတ္ထုတို့သည် ဥဒါန်းအဋ္ဌကထာ စာမျက်နှာ ၂၇၉ (နှင့်) သာရတ္ထဒီပနီဋီကာ တတိယအုပ် စာမျက်နှာ ၂၉၆-၂၉၇-တို့၌ လာရှိ၏။)

သောဏသူဌေးသားသည် ဥဇ္ဇေနီပြည်သို့ ရောက်၍ ထိုကုန်ရောင်းဝယ်မှုကိစ္စကို ပြီးဆုံးစေပြီးလျှင် ကုရရဃရမြို့သို့ တဖန်ပြန်ရောက်သည်ရှိသော် အရှင်မဟာကစ္စည်း မထေရ်မြတ်ထံသို့ ဆည်းကပ်၍ ထိုအကြောင်းကို လျှောက်ထားလေ၏။ မထေရ်မြတ်သည်လည်း သောဏသူဌေးသားအား သံသရာဝဋ်လည်ခြင်း = ဖြစ်ခြင်း၌ အပြစ်ဒေါသကိုရင်း, သံသရာဝဋ်နှစ်ခြင်း = ပြတ်ခြင်း၌ အကျိုးအာနိသင်ကိုရင်း ထင်စွာဖော်ပြလျက် တရားစကား ဟောကြားတော်မူလေ၏။ သောဏသူဌေးသားသည် မထေရ်မြတ်ကို ရှိခိုး၍ အိမ်သို့ပြန်လာပြီးလျှင် ညနေစာစားပြီးနောက် အိပ်ရာသို့ ကပ်ရောက်ပြီးသော် အနည်းငယ်သာ အိပ်ပျော်၍ နိုးပြီးလျှင် မိမိ၏အိပ်ရာအပြင်၌ ထိုင်နေလျက် မိမိအရှင်မဟာကစ္စည်းမထေရ် အထံမှ ကြားသိခဲ့ရသောတရားကို စ-တင်ဆင်ခြင်လေတော့၏။ ထိုသို့ တရားကိုလည်းဆင်ခြင်, ထိုပြိဿတို့၏ ထိုအဖြစ်ကိုလည်း အောက်မေ့သော သောဏသူဌေးသား၏ ဉာဏ်၌ သံသရာဝဋ်ဆင်းရဲသည် အလွန်အလွန် ကြောက်မက်ဖွယ်ဖြစ်၍ ထင်လာလေ၏၊ ရဟန်းပြုဖို့ရန် စိတ်ညွတ်အားသန်၍ လာလေ၏။

သောဏသူဌေးသားသည် နံနက်မိုးသောက် ရောက်သောအခါ ကိုယ်လက်သုတ်သင်၍ အရှင်မဟာကစ္စည်း မထေရ်အထံသို့ သွားရောက်ဆည်းကပ်ပြီးလျှင် မိမိစဉ်းစားမိပုံကို "အရှင်ဘုရား....အကျွန်ုပ်သည် အရှင်ဘုရားဟောကြားတော်မူအပ်သော တရားကို အနည်းနည်းဖြင့် စဉ်းစားဆင်ခြင်ကြည့်သောအခါ လူ့ဘောင်၌ နေသောသူသည် စင်စစ် ပြည့်စုံစင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်အတူ ဖြူမြတ်သောအကျင့် (သိက္ခာသုံးပါး)ကို ကျင့်ဖို့ရန် မလွယ်ကူသည်ကို တွေ့ရပါသည်" ဟု လျှောက်ထား၍ "အရှင်ဘုရား....အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ရိတ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှထွက်ကာ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်" ဟု မိမိ ရဟန်းပြုလိုကြောင်း လျှောက်ထားပြီးလျှင် "အရှင်ဘုရား.... သို့ဖြစ်ရကား အရှင်မြတ်

မဟာကဿပထေရ်မြတ်သည် အကျွန်ုပ်ကို ရှင်ပြုပေးတော်မူစေချင်ပါသည်" ဟု ရှင်ပြုပေးရန် တောင်းပန်စကား လျှောက်ထားလေ၏။

ထိုအခါ အရှင်မဟာကဿပ မထေရ်မြတ်သည် သောဏ သူဌေးသား၏ ဉာဏ် ရင့်ကျက်ပြီဖြစ်သည်, မရင့်ကျက်သေးသည်ကို စူးစမ်းဆင်ခြင်တော်မူလတ်သော် "သောဏ သူဌေးသား၏ ဉာဏ်ကား ရင့်ကျက်ခြင်းသို့ မရောက်သေး" ဟု သိမြင်တော်မူ၍ ဉာဏ်ပညာ ရင့်ကျက်ချိန်ကို စောင့်ဆိုင်း ငံ့လင့်တော်မူလိုသည့်အတွက် သောဏသူဌေးသားကို "သောဏ.... တယောက်တည်းသာ အိပ်ရ, တယောက်တည်းသာ စားရသည့် မြတ်သောအကျင့်ကို အသက်ထက်ဆုံး ကျင့်ဖို့ရန် ခဲယဉ်းလှ၏၊ သို့ဖြစ်၍ သောဏ.... ငါတိုက်တွန်းလိုသည်မှာ သင်သည် ထိုလူ့ဘောင်၌သာလျှင် လူဖြစ်လျက် (ဥပုသ်နေ့ စသော) အခါကာလအား လျော်စွာ တယောက်တည်းသာ အိပ်ရ, တယောက်တည်းသာ စားရသည့် မြတ်စွာဘုရား၏ အဆုံးအမဟုဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်ဦးလော့" ဟု မိန့်တော်မူလေ၏။

ထိုအခါ သောဏသူဌေးသား၏ ဣန္ဒြေများကလည်း မရင့်ကျက်သေး, သံဝေဂဉာဏ်ကလည်း အလွန်ကြီးမထက်သေးသောကြောင့် ရဟန်းပြုရန်အားသစ်မှုသည် ငြိမ်းစဲ၍သွားလေ၏။ ငြိမ်းစဲ၍သွားသော်လည်း ပေါ့ပေါ့တန်တန်မနေပဲ မထေရ်မြတ် မိန့်ကြားဆုံးမအပ်သော အစီအရင်၌ ကောင်းစွာတည်လျက် မထေရ်မြတ်ထံ အခါမပြတ်ဆည်းကပ်လျက် တရားတော်ကို နာယူလေ၏။ ကာလ အတန်ကြာလတ်သော် သောဏသူဌေးသား၏ စိတ်သန္တာန်ဝယ် ဆိုအပ်ခဲ့သောအတိုင်း ရှင်ရဟန်းပြုရန် ဒုတိယအကြိမ် စိတ်ညွတ်ပြန်သဖြင့် မထေရ်မြတ်အား လျှောက်ထားတောင်းပန်ပြန်လေသည်။ ထိုအကြိမ်မှာလည်း မထေရ်မြတ်သည် ရှေးနည်းအတူပင် မိန့်တော်မူလေ၏။

တတိယအကြိမ်မြောက် တောင်းပန်လျှောက်ထားသောအခါ၌ကား သောဏသူဌေးသား၏ ဉာဏ်ပညာ ရင့်ကျက်ပြီဖြစ်သော

ကြောင့် အရှင်မဟာကစ္စည်း မထေရ်မြတ်သည် "ယခုအခါ သောဏကို ရှင်ပြုပေးရန် အချိန်တန်ပြီ"ဟု ဆင်ခြင်တော်မူ၍ ရှင်ပြုပေးလေသည်။ ရှင်ပြုပေးပြီးနောက် ဆက်၍ပင် ရဟန်းပြု ပေးရန်ဖြစ်သော်လည်း ထိုအချိန်၌ ရဟန်းတို့သည် များသော အားဖြင့် မဇ္ဈိမတိုက်၌သာလျှင် နေတော်မူကြသောကြောင့် ထိုကုရရဃရမြို့မှာ ရဟန်း နှစ်ပါး သုံးပါးလောက်သာလျှင် သီတင်းသုံး နေထိုင်တော်မူကြကုန်၏။ ထိုရဟန်းတို့သည်လည်း တရွာလျှင် တပါး, တနိဂုံးလျှင် နှစ်ပါး-စသည် အသီးအသီး တခြားစီ နေတော်မူကြကုန်၏။ ဥပဇ္ဈာယ်ဖြစ်တော်မူသည့် အရှင် မဟာကစ္စည်းမထေရ်မြတ်သည် သဒ္ဓိဝိဟာရိကတပည့် သောဏ-ကုဋိကဏ္ဏသာမဏေကို ရဟန်းပြုပေးရန်အတွက် ထိုထိုရွာနိဂုံး စသည်တို့မှ ရနိုင်သမျှရဟန်းတော်နှစ်ပါးသုံးပါးတို့ကို ပင့်ဆောင် ခဲ့၍ အခြားရဟန်းတော်များကို လိုက်လံရှာဖွေပင့်ဆောင်လာ ပြန်သော် ရှေးကပင့်ဆောင်ခဲ့ပြီး ရဟန်းတော်တို့က တစုံတခု ပြုဖွယ်ကိစ္စကြောင့် အရပ်တပါးသို့ ဖဲသွားနှင့် ကြလေသည်။ တဖန် အချိန်အနည်းငယ် ဆိုင်းငံ့၍ ထိုဖဲသွားသော ရဟန်းတော် တို့ကို လိုက်လံရှာဖွေ ပင့်ဆောင်လာပြန်သော် ရှိရင်းစွဲရဟန်း များက တစုံတခု ပြုဖွယ်ကိစ္စကြောင့် အရပ်တပါးသို့ ဖဲသွားနှင့် ကြပြန်လေ၏။

ဤသို့လျှင် အဖန်ဖန်အထပ်ထပ် ပင့်ဆောင်ရသဖြင့် ရဟန်း သံဃာတကျိပ် စည်းဝေးမိရန်မှာ သုံးနှစ်လွန်မှ စည်းဝေးမိ လေသည်၊ ထိုအချိန်မှာလည်း ရဟန်းသံဃာတကျိပ် စည်းဝေးမိမှ ရဟန်းခံပေးခြင်း=ဥပသမ္ပဒကံကို ဆောင်ရွက်နိုင်ခွင့်ရှိလေသည်။ အရှင်မဟာကစ္စည်းမထေရ်မြတ်သည်လည်း ထိုအချိန်မှာ တပါး တည်း=ဧကစာရီ နေတော်မူဆဲ ဖြစ်လေသည်။ သို့ရကား အလွန်ပင်ပန်းဆင်းရဲစွာ သုံးနှစ်ကျော်လွန်မှ ဂိုဏ်းသံဃာတကျိပ် စည်းဝေးမိကာ ဥပဇ္ဈာယ်ဆရာ အရှင်မဟာကစ္စည်းမထေရ်မြတ် သည် သဒ္ဓိဝိဟာရိကတပည့်ဖြစ်သူ သောဏ-ကုဋိကဏ္ဏသာမဏေ ကို ခဲခဲယဉ်းယဉ်း ငြိုငြိုငြင်ငြင် ရဟန်းခံ၍ပေးရလေသည်။ (ဤ

အကြောင်းအရာများကို သာရတ္ထဒီ ၃၊ ၂၉၀-၂၉၉-တို့မှ ထုတ်နုတ်ဖော်ပြအပ်သည်)။

သောဏ-ကုဋိကဏ္ဏ သာမဏေသည် ရဟန်းခံယူပြီးနောက် ဥပဇ္ဈာယ်ဆရာ အရှင်မဟာကစ္စည်းမထေရ်အထံ၌ ကမ္မဋ္ဌာန်းကို သင်ကြားနာယူ၍ ဝိပဿနာတရား ပွါးများကြိုးကုတ် အားထုတ်သည်ရှိသော် ထိုဝါတွင်းမှာပင် အရဟတ္တဖိုလ်သို့ ရောက်၍ (=ရဟန္တာဖြစ်ပြီး၍) မထေရ်မြတ်၏အထံမှာပင် သုတ္တနိပါတ်တရားတော်ကို သင်ကြားတတ်မြောက်လေသည်။ သောဏ-ကုဋိကဏ္ဏမထေရ်သည် ဝါကျွတ်၍ ပဝါရဏာပြုပြီးလတ်သော် မြတ်စွာဘုရားရှင်ကို ဖူးမြော်လိုလှ၍ ဥပဇ္ဈာယ်ဆရာ အရှင်မဟာကစ္စည်း မထေရ်မြတ်ထံ ခွင့်ပန် လျှောက်ထားလေသည်။ (ခွင့်ပန်လျှောက်ထားပုံ အကျယ်ကို ပိဋကတ်မြန်မာပြန် ဝိနယမဟာဝဂ်ပါဠိတော် စာမျက်နှာ ၂၀၄-၂၀၅-တို့၌ ကြည့်ရှုရာ၏)။

ထိုအခါ ဥပဇ္ဈာယ်ဆရာ အရှင်မဟာကစ္စည်း မထေရ်မြတ်သည် "သောဏ....သင်ရောက်သွားလျှင် မြတ်စွာဘုရားသည် သင့်ကို ဂန္ဓကုဋီတတိုက်တည်း၌ နေစေပြီးလျှင် တရားဟောဆိုရန် တိုက်တွန်းတော်မူလိမ့်မည်၊ ယင်းသို့ တိုက်တွန်းတော်မူချက်အရ သင်သည် တရားကို ရွတ်ဆိုဟောကြားရလိမ့်မည်၊ မြတ်စွာဘုရားသည် သင်၏ တရားစကား၌ သဒ္ဓါကြည်ညိုတော်မူလှ၍ သင့်အား ဆုပေးတော်မူလိမ့်မည်၊ သင်သည် ဆုကို ယူသောအခါ ဤမည် ဤမည်သောဆုများကို ယူလေလော့ (ဆုများ နောက်၌ ထင်ရှားလတ္တံ့)။ ငါမှာလိုက်သောစကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ငါ၏ကိုယ်စား သင် ရှိခိုးပါလော့"ဟု မိန့်တော်မူကာ အနုးအညွတ် ခွင့်လွှတ်တော်မူလေ၏။

အရှင်သောဏ-ကုဋိကဏ္ဏမထေရ်မြတ်သည် ဥပဇ္ဈာယ်ဆရာက ခွင့်ပြုအပ်ပြီးနောက် မယ်တော် ကာဠီသူဌေးကတော် ဥပါသိကာ၏ အိမ်သို့ ကြွရောက်၍ ထိုအကြောင်းကို ပြောကြားလေသည်။ မယ်တော် ကာဠီသူဌေးကတော် ဥပါသိကာသည်လည်း

"ကောင်းပါပြီ ချစ်သား…သင်ချစ်သားသည် မြတ်စွာဘုရားကို ဖူးမြော်ရန် သွားရောက်လျှင် ဤကမ္ဗလာကိုလည်း ယူဆောင်သွား၍ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်တော်၌ မြေအခင်းပြု၍ ခင်းလှူခဲ့ပါလော့"ဟု ပြောဆိုမှာထား၍ ကမ္ဗလာအဝတ်ထည်ကို ပေးအပ်လိုက်လေသည်။

အရှင်သောဏ-ကုဋိကဏ္ဏမထေရ်သည် ထိုမိခင်ပေးအပ်လိုက်သည့် ကမ္ဗလာအဝတ်ထည်ကို ယူဆောင်ခဲ့၍ မိမိ၏ ကျောင်းအိပ်ရာနေရာများကို သိုမှီးသိမ်းဆည်းပြီးလျှင် အစဉ်သဖြင့် ခရီးထွက်ချီခဲ့ရာ သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်းတိုက်တော်သို့ရောက်၍ မြတ်စွာဘုရားရှင် ဗုဒ္ဓါသန ဓမ္မပလ္လင်၌ ထိုင်နေတော်မူစဉ်အချိန်မှာပင် ဆည်းကပ်ရိုကျိုး ရှိခိုးလျက် အပြစ်လွတ်ရာအရပ်၌ ရပ်တည်နေလေ၏။ မြတ်စွာဘုရားသည် သောဏ-ကုဋိကဏ္ဏမထေရ်နှင့် အစေ့အစပ်=ပဋိသန္ထာရစကား မိန့်ကြားတော်မူပြီးနောက် အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ…ဤရဟန်း၏အတွက် ကျောင်း အိပ်ရာနေရာကို သိလော့"ဟု အထူးမိန့်ကြားတော်မူလေ၏။

(ဤ၌။ ။မြတ်စွာဘုရားသည် အကြင်အာဂန္တုရဟန်းနှင့် ဂန္ဓကုဋိတတိုက်တည်း တကျောင်းတည်း၌ နေတော်မူလိုလျှင် ထိုရဟန်းအတွက် နေရာခင်းပေးဖို့ရန် အထူး မိန့်တော်မူလေသည်။ ဂန္ဓကုဋိတတိုက်တည်း တကျောင်းတည်း၌ အတူတကွ နေတော်မမူလိုသောအာဂန္တုရဟန်းအတွက်ကား နေရာခင်းပေးရန် အထူးမိန့်တော်မမူချေ၊ ထိုရဟန်းအတွက် နေရာကို အရှင်အာနန္ဒာ အစရှိသော တာဝန်ကျရဟန်းတော်မထေရ်တို့ကသာ သင့်လျော်ရာကျောင်း၌ နေရာခင်းပေးကြရလေသည်။)

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရား၏ အလိုတော်ကို ရိပ်မိသိရှိကာ ဂန္ဓကုဋိတိုက်တော်အတွင်း၌ပင် အရှင်သောဏ-ကုဋိကဏ္ဏမထေရ်အတွက် နေရာခင်းလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် များစွာသော ညဉ့်ပတ်လုံးသမာပတ်ကို ဝင်စားတော်မူကာ ထိုင်နေတော်မူလျက် အချိန်ကို

ကုန်လွန်စေပြီးလျှင် ဂန္ဓကုဋီကျောင်းတော်အတွင်းသို့ ဝင်တော်မူလေ၏။ အရှင်သောဏ-ကုဋိကဏ္ဏသည်လည်း များစွာသော ညဉ့်ပတ်လုံး သမာပတ်ကို ဝင်စားကာ ထိုင်နေလျက် အချိန်ကို ကုန်လွန်စေပြီးလျှင် ဂန္ဓကုဋီကျောင်းတော်အတွင်းသို့ ဝင်လေ၏။ မြတ်စွာဘုရားသည် အရှင်သောဏအား သမာပတ်ကို ဝင်စားခြင်းဖြင့် ပဋိသန္ထာရမှု ပြုတော်မူလိုသည့်အတွက် သာဝကတို့နှင့် ဆက်ဆံသော ခပ်သိမ်းသော သမာပတ်တို့ကို အနုလုံ ပဋိလုံ ဝင်စားတော်မူလျက် ဟင်းလင်းအပြင် လွင်တီးခေါင်၌ များစွာသော ညဉ့်ပတ်လုံး ထိုင်နေခြင်းဖြင့် အချိန်ကို ကုန်လွန်စေတော်မူ၍ ခြေတော်တို့ကို ဆေးကြောပြီးလျှင် ကျောင်းတော်တွင်းသို့ ဝင်တော်မူလေ၏။ အရှင်သောဏ-ကုဋိကဏ္ဏသည်လည်း မြတ်စွာဘုရားရှင်၏ အလိုတော်ကိုသိရှိကာ ထိုအခါအား လျော်လျောက်ပတ်စွာ ခပ်သိမ်းသော ထိုသမာပတ်တို့ကို ဝင်စားလျက် များစွာသော ညဉ့်ပတ်လုံး ဟင်းလင်းအပြင် လွင်တီးခေါင်၌ ထိုင်နေခြင်းဖြင့် အချိန်ကို ကုန်လွန်စေ၍ ခြေတို့ကို ဆေးကြောပြီးလျှင် ကျောင်းတော်တွင်းသို့ ဝင်လေ၏။

ယင်းသို့ဝင်ပြီးလျှင် မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မူချက်အရ သက်နီးကန့်လန့်ကာကို ပြုလုပ်၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ထိုင်နေခြင်းဖြင့် အချိန်ကို ကုန်လွန်စေလေ၏။ မြတ်စွာဘုရားရှင်သည် ပစ္ဆိမယာမ်၌ သီဟသေယျလျောင်းစက်ခြင်း=သတိသမ္ပဇဉ်လက်မလွှတ်ပဲ လက်ျာနံတောင်း လျောင်းစက်ခြင်းအမှုကို ပြုတော်မူ၍ မိုးသောက်ခါနီးဝယ် ထတော်မူ၍ ထိုင်နေတော်မူကာ "ဤမျှလောက်သော အချိန်အခါဖြင့် သောဏ၏ ကိုယ်ပင်ပန်းနွမ်းနယ်မှု ငြိမ်းအေးလောက်ပြီ" ဟု သိမြင် ဆင်ခြင်တော်မူ၍ အရှင်သောဏ - ကုဋိကဏ္ဏကို "ချစ်သားရဟန်း.... ရွတ်ဆိုရန်တရားသည် သင်ချစ်သား၏ဉာဏ်၌ ထင်စေလော့" ဟု တိုက်တွန်းတော်မူလေ၏။ အရှင်သောဏ-ကုဋိကဏ္ဏမထေရ်သည် အလွန်ချိုမြိန်သာယာသောအသံဖြင့် အက္ခရာတလုံးကိုမျှလည်း မချွတ်ယွင်း မပျက်စီးစေပဲ သုတ္တနိပါတ်ပါဠိတော်လာ အဋ္ဌကဝဂ်ဟု

ခေါ်သော ကာမသုတ္တန်-အစရှိသော သုတ္တန်ပေါင်း တဆယ့်ခြောက်သုတ်တို့ကို ရွတ်ဆိုလေ၏။

သုတ္တန်များ ပြီးဆုံးသောအခါ မြတ်စွာဘုရားသည် အရှင်သောဏ - ကုဋိကဏ္ဏအား သာဓုကောင်းကြီး ပေးတော်မူ၍ "ချစ်သားရဟန်း....သင်ချစ်သားသည် အဋ္ဌကဝဂ် = သုတ်ပေါင်း တဆယ့်ခြောက်သုတ်အားလုံးတို့ကို ကောင်းစွာ သင်ထားပေ၏၊ ကောင်းစွာ ဆောင်ထားပေ၏။ (ဌာန်ကရိုဏ်း စသည် ပြည့်စုံသဖြင့်) ကောင်းသောစကားသံနှင့်လည်း ပြည့်စုံပေ၏၊သန့်လည်း သန့်ရှင်း, အပြစ်လည်းကင်း, လိပ်လည်းခြင်းလည်း မရှိသော အနက်ကို သိစေတတ်သော စကားနှင့်လည်း ပြည့်စုံပေ၏။ ချစ်သားရဟန်း....သင်ချစ်သားသည် ဝါ အဘယ်မျှ ရှိပြီနည်း"ဟု မေးတော်မူလေသော် အရှင်သောဏ-ကုဋိကဏ္ဏသည် "မြတ်စွာဘုရား····တပည့်တော်သည် တဝါသာ ရရှိပါသေးသည်"ဟု လျှောက်ထားလေ၏။

တဖန် မြတ်စွာဘုရားရှင်က "ချစ်သားရဟန်း···· သင်သည် အဘယ့်ကြောင့် ဤသို့ ကြာမြင့်မှ ရဟန်းပြုသနည်း"ဟု မေးတော်မူလေလျှင် အရှင်သောဏ - ကုဋိကဏ္ဏမထေရ်သည် "မြတ်စွာဘုရား....တပည့်တော်သည် ကာမဂုဏ်တို့၌ အပြစ်ကို မြင်နေသည်မှာ ကြာမြင့်ပါပြီ၊ သို့သော်လည်း လူ့ဘောင်၌နေသော သူတို့သည် ကျဉ်းမြောင်းလှပါကုန်၏၊ များသောကိစ္စ, များသောပြုဖွယ် ရှိကြပါကုန်၏ ဘုရား...."ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ဤအကြောင်း = ကာမဂုဏ်တို့၌ အမှန်အတိုင်း အပြစ်ကိုမြင်သောသူ၏ စိတ်သည် အချိန်ကြာမြင့်၍လည်း အိမ်ရာတည်ထောင် လူ့ဘောင်၌ မသက်ဝင်ပဲ ပဒုမာကြာဖက်၌ ရေပေါက်ကဲ့သို့ ဆုတ်နစ် လျှောကျသည်သာ ဖြစ်၏ ဟူသော အကြောင်းကို သိတော်မူ၍——

"ဒိသွာ အာဒီနဝံ လောကေ၊ ဉတွာ ဓမ္မံ နိရူပဓိံ။
အရိယော န ရမတီ ပါပေ၊ ပါပေ န ရမတီ သုစိ။

လောကေ = ခပ်သိမ်းဥဿုံ အလုံးစုံသော သင်္ခါရ လောက၌။ အာဒီနဝံ = မမြဲ, ဆင်းရဲ, ဖောက်လွဲတတ်ကြောင်း အပြစ်များကို။ ဒိသွာ = ဝိပဿနာဉာဏ်မျက်စိဖြင့် ထိတိ ထင်ထင် လင်းလင်း မြင်သောကြောင့်ၾငင်း။ နိရူပဓိ = ဥပဓိလေးတန် ဆိတ်ရာမှန်သော။ ဓမ္မံ = နိဗ္ဗာန်တရားကို။ ဉတွာ = လေးပါးသောမဂ်ဉာဏ်ဖြင့် ဝေဘန်ထိုးထွင်း သိ မြင်ခြင်းကြောင့်ၾငင်း။အရိယော=ကိလေသာတို့မှဝေးကွာ အရိယာ သူတော်ကောင်းသည်။ ပါပေ = ဒုစရိုက်စု မကောင်းမှု၌။ န ရမတိ = မမွေ့လျော် မနှစ်ခြိုက် မပျော် ပိုက်ချေ။ (တသ္မာ = အဘယ့်ကြောင့်နည်း ဟူမူကား)။ သုစိ=ဟသ်ာမင်းနှယ် စင်ကြယ်သော ကာယကံမှု-စသည် ရှိသော ပုဂ္ဂိုလ်သည်။ ပါပေ = မစင်ထုထင် အရပ်နှိုင်းတု ညစ်နွမ်းသော အကုသိုလ်တရားအစု၌။ န ရမတိ = မမွေ့ လျော်နှစ်ခြိုက် ပျော်ပိုက်ရိုးထုံးတမ်းမရှိချေ။ (တသ္မာ = ထို့ကြောင့်တည်း)"—

ဟူသော ဤဥဒါန်းဂါထာကို ကျူးရင့်တော်မူလေ၏။

ထိုအခါ အရှင်သောဏ-ကုဋိကဏ္ဏမထေရ်သည် "မြတ်စွာ ဘုရားသည် ငါ့ကို ဝမ်းမြောက်စကား မိန့်ကြားတော်မူ၏၊ ငါ၏ ဥပဇ္ဈာယ်ဆရာ မှာတော်မူလိုက်သောသတင်းစကားကို လျှောက် ထားရန် အချိန်တန်ပြီ"ဟု နေရာမှထ၍ လက်ဝဲပခုံးထက်၌ ကော်စွီ သင်္ကန်းကို စံပယ်တင်ကာ မြတ်စွာဘုရားရှင်၏ ခြေတော်တို့၌ ဦးခိုက်၍ မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား····တပည့်တော်၏ ဥပဇ္ဈာယ် ဆရာ အရှင်မဟာကစ္စည်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလိုက်ပါသည်။ ဤသို့လည်း လျှောက် ထားလိုက်ပါသည်—

'မြတ်စွာဘုရား····အဝန္တီတိုင်း တောင်ပိုင်းနယ်သည် ရဟန်း နည်းပါးပါ၏၊ တပည့်တော်သည် သုံးနှစ်ကျော်

လွန်အောင် ပြုပြင်ပင်ပန်းစွာ ထိုထိုအရပ်မှ တကျိပ်အစု ရှိသော ရဟန်းအပေါင်းကို စည်းဝေးစေပြီးမှ ရဟန်း အဖြစ်ကို ရခဲ့ပါ၏။ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ တကျိပ်အောက်နည်းသော ဂိုဏ်းဖြင့် ဥပသမ္ပဒကံကို ခွင့်ပြုတော်မူမည်လည်း မသိ (ဝါ) ခွင့်ပြု ကောင်း ခွင့်ပြုတော်မူလေရာ၏၊ (၁)

မြတ်စွာဘုရား....အဝန္တိတိုင်းတောင်ပိုင်းနယ်၌ အထက် သို့ စုန့်စုန့်တက်၍ မည်းနက်သည့်နွားခွါရာ ခရောင်းမြေ သည် ကြမ်းတမ်းပါ၏၊ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အထပ် အလွှာ များသော ဘိနပ်ကို ခွင့်ပြုတော်မူမည်လည်းမသိ(ဝါ)ခွင့်ပြုကောင်းခွင့်ပြုတော် မူလေရာ၏၊ (ထိုအချိန်မှာ တလွှာတထပ် ဘိနပ်ကိုသာ စီးခွင့်ပြုထားသောကြောင့် ထိုသို့ လျှောက်ထားခြင်း ဖြစ် သည်၊) (၂)

မြတ်စွာဘုရား....အဝန္တိတိုင်း တောင်ပိုင်းနယ်၌ လူတို့ သည် ရေချိုးခြင်းကို အလေးပြုကြပါကုန်၏၊ ရေဖြင့် စင်ကြယ်၏ - ဟု အယူရှိကြပါကုန်၏၊ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ မပြတ်ရက်ဆက် ရေချိုး ခြင်းကို ခွင့်ပြုတော်မူမည်လည်း မသိ (ဝါ) ခွင့်ပြုကောင်း ခွင့်ပြုတော်မူလေရာ၏၊ (ထိုအချိန်မှာ ၁၅-ရက်မှ တကြိမ် သာ ရဟန်းတို့အား ရေချိုးရန် ခွင့်ပြုထားသောကြောင့် ထိုသို့ လျှောက်ထားခြင်းဖြစ်သည်၊) (၃)

မြတ်စွာဘုရား....အဝန္တိတိုင်းတောင်ပိုင်းနယ်၌ သိုးရေ, ဆိတ်ရေ, သမင်ရေ ဟူသော သားရေတို့ကို ခင်းကြပါ ကုန်၏။ မြတ်စွာဘုရား···ဥပမာအားဖြင့် မဇ္ဈိမတိုင်း ဇနပုဒ်၊ တိုက်နယ်တို့၌ ဖြတ်မြက်ဖျာ, မြားမြက်ဖျာ, သင်မြက်ဖျာ, ပိတ်ထည်မြက်ဖျာတို့ကို ခင်းကုန်သကဲ့သို့ မြတ်စွာဘုရား....ဤအတူပင် အဝန္တိတိုင်း တောင်ပိုင်းနယ်

၌ သိုးရေ, ဆိတ်ရေ, သမင်ရေ ဟူသော သားရေတို့ကို ခင်းကြပါကုန်၏၊ မြတ်စွာဘုရားသည် အဝန္တိတိုင်း တောင်ပိုင်း၌ သိုးရေ,ဆိတ်ရေ,သမင်ရေဟူသော သားရေ အခင်းတို့ကို ခွင့်ပြုတော်မူမည်လည်း မသိ (ဝါ) ခွင့်ပြု ကောင်း ခွင့်ပြုတော်မူလေရာ၏၊ (ယိုအချိန်မှာ ရဟန်း တို့အား သားရေကို သုံးဆောင်ခွင့်မပြုသောကြောင့် ထိုသို့ လျှောက်ထားခြင်း ဖြစ်သည်)၊ (၄)

မြတ်စွာဘုရား.... ယခုအခါ၌ လူတို့သည် သိမ်ပသို့ သွား(ရောက်)နေသော ရဟန်းတို့အား 'ဤမည်သော ရဟန်းအား ဤသင်္ကန်းကို လှူပါကုန်၏'ဟု ပြောဆိုကြ ကာ သင်္ကန်းလှူပါကုန်၏၊ ထိုသို့အပြောခံရသော သီတင်း သုံးဖော် ရဟန်းတို့သည် သင်္ကန်းအလှူခံကြရမည့် ရဟန်း တို့ထံ လာ၍ 'ငါ့ရှင်....ဤမည်သော လူတို့သည် သင့်အား သင်္ကန်းလှူကုန်၏'ဟု ပြောကြပါကုန်၏၊ ထိုအခါ သင်္ကန်း အလှူခံကြရမည့် ထိုရဟန်းတို့သည် 'ငါတို့၏ အဖို့ရာ စွန့်ခြင်းဝိနည်းကံ မဖြစ်ပါစေလင့်'ဟု အောက်မေ့ကြ၍ မအပ်ဟု တွေးတောမှု = သံသယကုက္ကုစ္စ ရှိကြသည်ဖြစ်၍ မခံယူကြပါကုန်၊ မြတ်စွာဘုရားသည် သင်္ကန်း၌အပ်သော ပရိယာယ်ကို ဟောကြားတော်မူမည်လည်း မသိ (ဝါ) ဟောကြားကောင်း ဟောကြားတော်မူလေရာ၏၊ (၅)' ဟူ၍ လျှောက်ထားလိုက်ပါသည်"—

ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအရှင်သောဏ - ကုဋိကဏ္ဏ မထေရ် လျှောက်ထားသော အကြောင်းအရာကြောင့် တရား စကား ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို ဤဆိုလတ္တံ့သော အတိုင်း မိန့်တော်မူ၏—

"ရဟန်းတို့........အဝန္တိတိုင်း တောင်ပိုင်းနယ်သည် ရဟန်း နည်းပါး၏၊ ရဟန်းတို့....အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌

ဝိနည်းဓိုရ်ရှိရဟန်းလျှင် ငါးယောက်မြောက်ရှိသော ဂိုဏ်းသံဃာဖြင့် ပဉ္စင်းခံခြင်းကို ငါဘုရား ခွင့်ပြု၏။

ထိုစကားရပ်၌ ပစ္စန္တရစ် ဇနပုဒ်တို့ဟူသည်မှာ အရှေ့မျက်နှာအရပ်၌ ဂဇင်္ဂလမည်သော နိဂုံး ရှိ၏၊ ထိုနိဂုံး၏ အပြင်ဘက်မှာ အင်ကြင်းပင်ကြီးရှိ၏၊ ထိုအင်ကြင်းပင်ကြီးမှ အပြင်ဘက်ကား ပစ္စန္တရစ် ဇနပုဒ်တို့တည်း၊ အတွင်းကား မဇ္ဈိမတိုက်တည်း။

အရှေ့တောင်အရပ်၌ သလ္လဝတီမည်သော မြစ်ရှိ၏၊ ထိုသလ္လဝတီမြစ်မှ အပြင်ဘက်ကား ပစ္စန္တရစ် ဇနပုဒ်တို့တည်း၊ အတွင်းကား မဇ္ဈိမတိုက်တည်း။

တောင်မျက်နှာအရပ်၌ သေတကဏ္ဏိကမည်သော နိဂုံးရှိ၏၊ ထိုနိဂုံးမှ အပြင်ဘက်ကား ပစ္စန္တရစ် ဇနပုဒ်တို့တည်း၊ အတွင်းကား မဇ္ဈိမတိုက်တည်း။

အနောက်မျက်နှာအရပ်၌ ထူန—မည်သော ပုဏ္ဏားရွာရှိ၏၊ ထိုရွာမှ အပြင်ဘက်ကား ပစ္စန္တရစ် ဇနပုဒ်တို့တည်း၊ အတွင်းကား မဇ္ဈိမတိုက်တည်း။

မြောက်မျက်နှာအရပ်၌ ဥသီရဒ္ဓဇ-မည်သော တောင်ရှိ၏၊ ထိုတောင်မှ အပြင်ဘက်ကား ပစ္စန္တရစ် ဇနပုဒ်တို့တည်း၊ အတွင်းကား မဇ္ဈိမတိုက်တည်း။

ရဟန်းတို့...ဤသို့သဘောရှိသော ပစ္စန္တရစ် ဇနပုဒ်တို့၌ ဝိနည်းဓိုရ် ရဟန်းလျှင် ငါးယောက်မြောက်ရှိသော ဂိုဏ်းသံဃာဖြင့် ပဉ္စင်းခံခြင်းကို (= ပဉ္စင်းခံပေးရန်) ငါဘုရား ခွင့်ပြု၏။ (၁)

ရဟန်းတို့...အဝန္တိတိုင်း တောင်းပိုင်းနယ်၌ အထက်သို့ စုန့်စုန့်တက်၍ မည်းနက်သည့် နွားခွါရာ ခရောင်းခဲမြေသည် ကြမ်းတမ်းလှ၏၊ ရဟန်းတို့...အသုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ အထပ်အလွှာများသော ဘိနပ်ကို (စီးရန်) ငါဘုရား ခွင့်ပြု၏။ (၂)

ရဟန်းတို့....အဝန္တိတိုင်း တောင်ပိုင်းနယ်၌ လူတို့သည် ရေချိုး ခြင်းကို အလေးပြုကြကုန်၏၊ ရေဖြင့် စင်ကြယ်၏-ဟု အယူရှိကုန် ၏၊ ရဟန်းတို့....အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ မပြတ် ရက်ဆက် ရေချိုးခြင်းကို (=ရေချိုးရန်)ငါဘုရား ခွင့်ပြု၏။ (၃)

ရဟန်းတို့....အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ, ဆိတ်ရေ, သမင်ရေဟူသော သားရေတို့ကို ခင်းကုန်၏၊ ရဟန်းတို့....မဇ္ဈိမ တိုင်း ဇနပုဒ်=တိုက်နယ်တို့၌ ဖြိတ်မြက်ဖျာ, မြားမြက်ဖျာ, သင်မြက် ဖျာ,ပိတ်ထည်မြက်ဖျာတို့ကို ခင်းကုန်သကဲ့သို့ ရဟန်းတို့....ဤအတူ လျှင် အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ, ဆိတ်ရေ, သမင်ရေ ဟူသော သားရေတို့ကို ခင်းကုန်၏၊ ရဟန်းတို့....အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ သိုးရေ, ဆိတ်ရေ, သမင်ရေဟူသော သားရေအခင်းတို့ကို (သုံးစွဲရန်)ငါဘုရား ခွင့်ပြု၏။ (၄)

ရဟန်းတို့....လူတို့သည် ဥပစာရသိမ်ပသို့ သွား (ရောက်နေ) သော ရဟန်းတို့အား 'ဤမည်သော ရဟန်းအား ဤသင်္ကန်းကို လှူပါကုန်၏'ဟု ပြောဆို၍ သင်္ကန်းလှူကုန်ငြားအံ့၊ ရဟန်းတို့.... လက်သို့ မရောက်သေးသမျှ အဓိဋ္ဌာန်တင်ရမည့် အရေအတွက်သို့ မရောက်နိုင်ပေ။ ရဟန်းတို့........ ထို သင်္ကန်းကို ခံယူစိမ့်သောငှါ ငါဘုရား ခွင့်ပြု၏" (၅)—

ဟု မိန့်တော်မူ၏။

တဖန် အရှင်သောဏ-ကုဋိကဏ္ဏမထေရ်သည် မိခင် ဒါယိ- ကာမကြီး၏ မှာကြား လျှောက်ထားလိုက်သော စကားဖြင့် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "မြတ်စွာဘုရား....ဤကမ္ဗလာအဝတ် ထည်ကို ကာဠီ ဥပါသိကာ ဒါယိကာမကြီးက အရှင်ဘုရားတို့ နေတော်မူရာ ဂန္ဓကုဋီတိုက်၌ မြေအခင်းပြုလုပ်ရန် ဆက်ကပ် လှူဒါန်းအပ်ပါသည် ဘုရား"ဟု လျှောက်ထားကာ ကမ္ဗလာ အဝတ်အထည်ကို မြတ်စွာဘုရားအား ဆက်ကပ်၍ နေရာမှ ထပြီး သော် မြတ်စွာဘုရားကို ရှိခိုးအရိုအသေပြုလျက် မိမိနေရာ အဝန္တိ

တိုင်း ကုရရဃရမြို့ ပပတတောင်ကျောင်းသို့ ပြန်ကြွတော်မူလေ၏။

သောဏာ-ကုဋိကဏ္ဏ မထေရ်သည် ဥပဇ္ဈာယ်ဆရာထံမှောက် ရောက်လတ်သောအခါ ထိုအကြောင်းအရာ အလုံးစုံကို ပြန်ကြား လျှောက်ထားလေ၏။ နောက်တနေ့၌ မယ်တော် ကာဠီသူဌေး ကတော် ဥပါသိကာ၏ အိမ်တံခါးဝသို့ ကြွရောက်၍ ဆွမ်းရပ် တော်မူလေ၏။ မယ်တော်ဒါယိကာမကြီးသည် "ငါ့သားသည် တံခါးဝမှာ ရပ်နေသတဲ့" ဟူသော သတင်းစကားကို ကြားသိရ၍ လျင်မြန်စွာ လာရောက်ရှိခိုးပြီးလျှင် မထေရ်၏လက်မှ သပိတ်ကို လှမ်းယူ၍ အိမ်တွင်း၌ နေရာထိုင်ခင်းပေးကာ ဆွမ်းဆက်ကပ် လှူဒါန်းလေ၏။

ထိုနောက် ဆွမ်းဘုဉ်းပေးပြီးသောအခါ မယ်တော် ဒါယိ-ကာမကြီးနှင့် မထေရ်တို့ အပြန်အလှန် မေးကြ ဖြေကြသည်မှာ—

(မယ်တော်) ချစ်သား.... သင်ချစ်သားသည် မြတ်စွာ ဘုရားကို ဖူးခဲ့ရပါ၏လော။

(မထေရ်) အိမ်း....ဖူးခဲ့ရသည် ဒါယိကာမကြီး....။

(မယ်တော်) ချစ်သားသည် မယ်တော် မှာကြား လျှောက်ထားလိုက်သော စကားဖြင့်ကော မြတ်စွာဘုရား ကို မယ်တော့်ကိုယ်စား ရှိခိုးအပ်ခဲ့ပါ၏လော။

(မထေရ်) အိမ်း....ရှိခိုးအပ်ခဲ့သည် ဒါယိကာမကြီး....၊ ဒါယိကာမကြီး လှူဒါန်းလိုက်သည့် ထိုကမ္ဗလာအဝတ် ထည်ကိုလည်း သားတော်ကိုယ်တိုင်ပင် မြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူရာ ဂန္ဓကုဋိကျောင်းတော်၌ မယ်တော်ကြီး မှာတမ်းလိုက်သည့်အတိုင်း မြေအခင်း ပြုလုပ်ကာ ခင်းထားအပ်ခဲ့လေပြီ။

(မယ်တော်) ချစ်သား.... အသို့နည်း = ဘယ့်နှယ်လဲ သင်ချစ်သားသည် မြတ်စွာဘုရားရှင်အား တရားစကား

ရွတ်ဆို လျှောက်ထားအပ်ခဲ့သတဲ့ ဆို့ မြတ်စွာဘုရားက လည်း သင်ချစ်သားအား သာမဏေကြီး ပေးတော် မူအပ်သတဲ့ ဆို။

(မထေရ်) ဒါယိကာမကြီး...၌အကြောင်းအရာများကို ဒါယိကာမကြီးသည် ဘယ်နည်းဖြင့် သိအပ်ပါသနည်း။

(မယ်တော်) ချစ်သား...မယ်တော်အိမ်မှာ စောင့်ကြပ် စိုးအုပ်နေသော (အိမ်စောင့်) နတ်က "ချစ်သားအား ဘုရားရှင်က သာမဏေကြီး ပေးသောနေ့၌ စကြဝဠာ ပေါင်း တိုက်တသောင်းနေ နတ်ဗြဟ္မာတို့သည် သာမ ကောင်းကြီး ပေးကြပါသည်"ဟု မယ်တော်ကို ပြောကြား ပါသည်။ ချစ်သား...သင်ချစ်သား ဟောကြားအပ်ခဲ့သည့် တရားစကားကိုမြတ်စွာဘုရားရှင်တို့အား ရွတ်ဆိုလျှောက် ထား ဟောကြားအပ်ခဲ့သည့်နည်းအတိုင်းပင် မယ်တော် အားလည်း တဖန်ပြန်၍ ဟောကြားပါရန် တောင့်တ လင့်ဆို မယ်တော်အလိုရှိပါ၏ ချစ်သား...။

မထေရ်မြတ်သည် မယ်တော်၏ လျှောက်ထားတောင်းပန် ချက်ကို ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူလေ၏။ မယ်တော် ဒါယိကာမကြီးသည် မထေရ်မြတ်က လက်ခံသည်ကို သိရှိကာ မိမိအိမ်ဘုံခါးဝ၌ မဏ္ဍပ်ကြီးစွာ ဆောက်လုပ်စေ၍ မြတ်စွာဘုရား အား ရွတ်ဆိုလျှောက်တား ပြောကြားအပ်ခဲ့သည့် နည်းအတိုင်း ပင် တရားစကားကို ဟောကြားစေလေသည် = တရားပွဲ သဘင် ကြီးစွာယင်လေသတည်း။

## (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားသည် နောက်အခါဝယ် အရိယာသံဃာတို့ အလယ်၌ ထိုင်နေတော်မူလျက် အရှင်သောဏ-ကုဋိကဏ္ဏ မထေရ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကလျာ- ဏဝါက္ကရဏာနံ ယဒိဒံ သောဏော ကုဋိကဏ္ဏော =

ရဟန်းတို့...ချိုမြိန်သာယာစွာသောအသံဖြင့်တရားစကား ဟောကြားကြသော ငါဘုရား၏ တပည့်သာဝကရဟန်း တို့တွင် ကုဋိကဏ္ဏ သောဏရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "ကလျာဏဝါက္ကရဏ=သာယာ ချိုမြိန်သောအသံဖြင့် တရားဟောသော အရာ"ဝယ် ဧတဒဂ် ထားတော်မူလေသည်။

ဤကား အရှင်သောဏ-ကုဋိကဏ္ဏမထေရ် အကြောင်းတည်း။

## (၁၈) အရှင်သီဝလိမထေရ် အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤ အရှင်သီဝလိမထေရ်အလောင်း အမျိုးကောင်းသားသည် လည်း ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ ရှေး မထေရ်အလောင်းများနည်းတူပင် ကျောင်းတော်သို့ သွားရောက် ၍ ပရိသတ်အစွန်အဖျား၌ ရပ်တည်လျက် တရားနာနေစဉ် မြတ်စွာဘုရားက ရဟန်းတော်တပါးကို လာဘ်လာဘပေါများ ကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ "ငါသည်လည်း နောက်အခါ ဝယ် ဤရဟန်းကဲ့သို့ပင် လာဘ်လာဘ ပေါများကြသော ရဟန်း တို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်မှ သင့်တော့မည်"ဟု ကြံစည်ဆင်ခြင်၍ မြတ်စွာဘုရားကို မိမိအိမ်သို့ ပင့်ဖိတ်ပြီးလျှင် ရှေးမထေရ်အလောင်းများနည်းတူပင် ခုနစ်ရက် ကြာ မဟာဒါနကြီး ပေးလှူပြီးနောက် "မြတ်စွာဘုရား....တပည့် တော်သည်လည်း ဤအဓိကာရကောင်းမှု ကုသိုလ်ကံကြောင့် အခြားတပါးသော စည်းစိမ်ကို မတောင့်တပါ၊ စင်စစ်သော်ကား နောက်အခါဝယ် တဆူဆူသော ဘုရားရှင်၏သာသနာ၌ တပည့် တော်သည်လည်း အရှင်ဘုရားတို့ လွန်ခဲ့သော ခုနစ်ရက်က ဧတဒဂ်ထားအပ်သော ရဟန်းနည်းတူ လာဘ်လာဘပေါများကြ

သော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ရ-ရဟန်း ဖြစ်ရပါလို၏”ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။

မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ “သင်ဒါယကာ၏ ဤဆုတောင်းချက်သည် နောက်အခါ ဂေါတမ မြတ်စွာ သာသနာ၌ ပြည့်စုံလိမ့်မည်”ဟု ဗျာဒိတ်ကြား၍ ကျောင်းတော်သို့ ဖဲကြွပြန်သွားတော်မူလေ၏။

## တောရွာသား ဘဝ

ရှင်သီဝလိအလောင်း ထို အမျိုးကောင်း သားသည်လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ (အပါယ်လေးပါး မလားမရောက်ရပဲ) နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် (ဤကမ္ဘာမှ အထက် ကိုးဆယ့်တကမ္ဘာ၌ ပွင့်ထွန်းတော်မူသော) ဝိပဿီမြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် ဗန္ဓုမတီ မင်းနေပြည်မှ မနီးမဝေး တခုသောရွာ၌ အမျိုးကောင်းသား ဖြစ်လာ၏။

ထိုအချိန်၌ ဗန္ဓုမတီ မြို့သူမြို့သားတို့သည် ဗန္ဓုမမင်းကြီးနှင့် သူရိုး၍ ငါနိုင်ရန် အပြိုင်သဘော အချင်းချင်း နှိုးနှော်ဆွေးနွေး တိုင်ပင်ကြ၍ ဝိပဿီမြတ်စွာဘုရားအားကြီးစွာသောအလှူဒါနကို ပေးလှူကြကုန်၏။ ထိုမြို့သူမြို့သားတို့သည် တနေ့သ၌ အားလုံးပင် စုပေါင်းကြ၍ အလှူပေးကြသည်ရှိသော် “ငါတို့၏ အလှူမျက်မှောက်ဝယ် အဘယ်ဝတ္ထု မပါရှိသနည်း”ဟု လိုက်လံကြည့်ရှုကြသည်တွင် ပျားရည်နှင့် နွားနို့ခဲ မပါရှိသည်ကို သိကြရသဖြင့် “တနည်းနည်းဖြင့် ရရာအရပ်မှ ထိုပျားရည်နှင့် နွားနို့ခဲကို ရအောင်ယူဆောင်ကြကုန်အံ့”ဟု တိုင်ပင်ညီညွတ်ကြကာ ဇနပုဒ်-တိုက်နယ်မှ မြို့တွင်းသို့ ဝင်ရာလမ်း၌ အစောင့်ယောက်ျားကို ထားကြလေကုန်၏။

ထိုအခါ ဤအရှင်သီဝလိအလောင်း တောရွာသား အမျိုးကောင်းသားသည် မိမိ၏ရွာမှ နွားနို့ခဲအိုးကို ယူဆောင်ခဲ့၍

"တစုံတခု လူ့အသုံးအဆောင်ကို ငါလဲလှယ်ဝယ်ဆောင်ခဲ့မည်" ဟူသောအကြံဖြင့် မြို့သို့သွားလေသော် "ငါသည် မျက်နှာသစ်ပြီး လက်ခြေများကို ဆေးကြောပြီးမှ မြို့တွင်းသို့ဝင်အံ့"ဟု ကြံစည်၍ ရေချမ်းသာရာအရပ်ကို ထိုမှ ဤမှ ကြည့်ရှုလတ်သော် ထွန်တုံး ဦးမျှ ပမာဏရှိသည့် ပျားကောင်များမပါသော (မစုတ်)ပျားတံ ကြီးကို တွေ့မြင်ရလေလျှင် "ဤမစုတ်ပျားသည် ငါ၏ ကုသိုလ်ကံ ကြောင့် ဖြစ်ပေါ်လာသည်"ဟု အောက်မေ့၍ ယူဆောင်ခဲ့ကာ မြို့သို့ ဝင်လေ၏။

မြို့သူမြို့သားတို့က အစောင့်ထားသော ယောက်ျားသည် ထို တောရွာသား အမျိုးကောင်းသားကို မြင်လေလျှင် "အမောင်.... ဤပျားရည်နှင့်နွားနို့ခဲကို အဘယ်သူ့အတွက် အမောင်ယူဆောင် လာပါသနည်း"ဟုမေးလေ၏။တောရွာသားက "အရှင်....မည်သူ တဦးတယောက်၏အတွက်မျှ ဤပျားရည်နှင့်နွားနို့ခဲကိုယူဆောင် လာခဲ့သည် မဟုတ်ပါ၊စင်စစ်သော်ကား ရောင်းချဖို့ရန် ယူဆောင် အပ်ခဲ့ပါသည်"ဟု ပြောလေလျှင် အစောင့်ထားသော မြို့သား ယောက်ျားသည် "အမောင်........ထိုသို့ဖြစ်လျှင် ဤ ကျွန်ုပ်လက်မှ အသပြာတကျပ်ကို ယူ၍ အမောင်၏ ထိုပျားရည်နှင့် နွားနို့ခဲကို ပေးပါလော့"ဟု ပြောဆိုလေ၏။

ထိုအခါ အရှင်သီဝလိအလောင်း တောရွာသား အမျိုး ကောင်းသားသည် "ဤ ငါယခုယူဆောင်လာသည့် ပျားရည်နှင့် နွားနို့ခဲသည် များစွာအဖိုးမထိုက်ချေ၊ ဤ ယောက်ျားကလည်း ပဌမအကြိမ်မှာပင် အဖိုးများစွာပေး၍ ဝယ်ယူဘိ၏၊ စုံစမ်းဦးမှ သင့်တော့မည်"ဟု ကြံစည်ပြီးနောက် ထိုမြို့သားယောက်ျားကို "အိုအရှင်....အကျွန်ုပ်သည် ငွေတကျပ်နှင့်တော့ဖြင့် မပေးနိုင်ပါ— မရောင်းနိုင်ပါ"ဟု ပြောဆိုလေ၏။ မြို့သားက "ယင်းသို့ တကျပ် နှင့် မရောင်းနိုင်ပါလျှင် ငွေနှစ်ကျပ်တို့ကို အမောင်ယူ၍ ထို ပျားရည်နှင့်နွားနို့ခဲကို ငါ့အား ပေးပါလော့"ဟု ဈေးတက်၍ ပေးလေလျှင် တောရွာသားသည် "ငွေနှစ်ကျပ်ဖြင့်လည်း မပေး နိုင်ပါ"ဟု ဈေးဆွဲစကား ပြောဆိုလေ၏။ ဤနည်းဖြင့် တိုး၍

တိုး၍ ဈေးတက်ပေးလာသည်မှာ ငွေကျပ်တစ်ထောင်သို့ပင် ရောက်ရှိလာလေ၏။

တောရွာသားသည် "အချိန်ကြာမြင့်စွာ ဆွဲထား၍ဖြင့် မသင့်လျော်ချေ၊ ရှိစေဦးတော့၊ ဤယောက်ျား၏ အလုပ်ကိစ္စကို ငါမေးပေအံ့"ဟု ကြံစည်၍ မြို့သားယောက်ျားကို "ဤပျားရည်နှင့် နွားနို့ခဲကား အဖိုးများစွာ မထိုက်တန်လှပါ၊ သို့ပါလျက် အရှင်ကလည်း အဖိုးများစွာ မတန်တဆ ပေးတိ၏၊ အဘယ်အမှုကိစ္စကြောင့် ဤပျားရည်နှင့် နွားနို့ခဲကို အဆမတန် အဖိုးပေး၍ ယူလိုပါသနည်း" ဟု မေးလေ၏။ ထိုအခါ မြို့သားယောက်ျားသည် "အမောင်.... ဤဗန္ဓုမတီ မင်းနေပြည်၌ မြို့သူမြို့သားတို့သည် မင်းကြီးနှင့် အပြိုင်ပြုကာ ဝိပဿီမြတ်စွာဘုရားအား အလှူဒါနပေးလှူကြသည်ရှိသော် ဤပျားရည်နှင့်နွားနို့ခဲ နှစ်မျိုးကို မိမိတို့၏ အလှူမျက်မှောက်၌ မတွေ့မမြင်ကြ၍ မရအရရှာမှီးနေကြပါသည်။ အကယ်၍ ဤနှစ်မျိုးကို မရလျှင် မြို့သူမြို့သားတို့က ရှုံးကြရပါလိမ့်မည်၊ ထို့ကြောင့် အသပြာတစ်ထောင်ကို ပေး၍ ငါ ယူလိုပါသည်" ဟု အကြောင်းအရာ အလုံးစုံကိုပြန်ကြားပြောဆိုလေသော် တောရွာသားသည်"အိုအရှင်....ဤအလှူဒါနကောင်းမှုကို မြို့သူမြို့သားများသာ ပြုလုပ်ကောင်းသလော၊ အခြားတောရွာသားတို့ကမှု မပေးလှူကောင်းဘူးလော"ဟု မေးပြန်လေ၏။

ထိုအခါ မြို့သားယောက်ျားက "အမောင်.... မည်သူ တဦးတယောက်၏ ပေးလှူခြင်းကိုမျှ မတားမြစ်အပ်ပါ၊ (=မြို့သား ရွာသား မည်သူမဆို ပေးလှူနိုင်ပါသည်)"ဟု ပြောဆိုလေလျှင် တောရွာသားသည် "အိုအရှင်....မြို့သူ မြို့သားများ၏ ဤ ယခု အလှူဒါန ပေးလှူကြရာ၌ တနေ့တည်းဖြင့် အသပြာတထောင် ပေးလှူတတ်သူ တဦးတယောက်များ ရှိပါသလား"ဟူ၍ မေးမြန်းလေ၏။ မြို့သားယောက်ျားက "မရှိပါ အဆွေ...."ဟု ဖြေကြားလေလျှင် တောရွာသားသည် "အိုအရှင်....ဤယခု အကျွန်ုပ်ယူဆောင်လာသော ပျားရည်နှင့် နွားနို့ခဲတို့၏ အသပြာ တထောင် အဖိုးထိုက်သောအဖြစ်ကို အရှင်သိ၏ မဟုတ်လော"ဟု

ထပ်၍ အခိုင်အမာ မေးမြန်းပြန်လေ၏။ မြို့သားယောကျ်ားက "အိမ်း....သိပါသည်အရှေ့...."ဟု ဖြေဆိုလေလျှင် တောရွာသား သည် "အိုအရှင်....ထိုသို့ဖြစ်လျှင် သွားပါချေ၊ မြို့သူမြို့သား လူ အများတို့အား 'တောရွာသား ယောကျ်ား တယောက်သည် ဤပျားရည်နှင့် နွားနို့ခဲ=နှစ်မျိုးတို့ကို အဖိုးငွေဖြင့် မပေးပါ၊ သူ့ကိုယ်တိုင် မိမိလက်ဖြင့်ပင် ပေးလှူလိုပါသည်၊ အသင် မြို့သူ မြို့သားတို့သည် ဤပျားရည်နှင့် နွားနို့ခဲ နှစ်မျိုးတို့ကို ရဖို့ရန် အကြောင်းကြောင့်တော့ဖြင့် ကြောင့်ကြမဲ့သာ နေကြပါလော့'ဟု ပြောကြားပါလေ။ အရှင်သည်ကား ဤ အလှူ မျက်မှောက်၌ (=ဤအလှူပွဲကြီး၌) အကျွန်ုပ်က အကြီးဆုံး အများဆုံး အဖိုး အတန်ဆုံး လှူဒါန်းသူဖြစ်ကြောင်းအတွက် ကိုယ်ဖြင့်သက်သေခံသူ (= ကိုယ်တိုင်သက်သေခံသူ) ဖြစ်တော်မူစေချင်ပါသည်" ဟု ပြောကြားလေ၏။

## ပျားရည်နှင့် ဒိန်ရည် ရောစပ်လှူခြင်း

တောရွာသားသည် ထိုသို့ ပြောကြားပြီးနောက်, မိမိရိက္ခာ အတွက် အိမ်မှ ယူဆောင်ခဲ့သော တပဲသောဥစ္စာ အသပြာဖြင့် အစပ်ငါးပါး (= အမွှေးအကြိုင်ဘဏ္ဍာ) ကို ဝယ်ယူပြီးလျှင် အမှုန့်ပြု၍ နွားနို့ခဲမှ နို့ခမ်းကြည် (=ဒိန်ရည်) ကို ညှစ်ယူပြီးနောက် ထိုဒိန်ရည်၌ ပျားလဘို့ကို ညှစ်ချ၍ အစပ်ငါးပါးအမှုန့်နှင့် ရောစပ် လျက် ပဒုမာကြာရွက်တခု၌ ထည့်ပြီးသော် ကောင်းစွာပြုပြင် စီရင်ယူဆောင်ခဲ့၍ မြတ်စွာဘုရားရှင်နှင့် မနီးမဝေးသောအရပ်၌ မိမိလှူခွင့် လှူလှည့်ကို စောင့်မျှော်ထိုင်နေလေ၏။

မြို့သူမြို့သားများ အသီးအသီး ယူဆောင်အပ်ခဲ့သော ပူဇော် သက္ကာရ ဒါနဝတ္ထုများ အကြား၌ မိမိ၏လှူရန် အခွင့်အလှည့်ကို စောင့်မျှော်နေစဉ် အခွင့်အလှည့် ကျရောက်လာပြီကို သိရှိ၍ မြတ်စွာဘုရားရှင်ထံတော်ပါးသို့ သွားရောက်ပြီးလျှင်"ဘုန်းတော် ကြီးသော မြတ်စွာဘုရား....ဤပူဇော်သက္ကာရကား တပည့်တော်၏ ဆင်းရဲသားလက်ဆောင် ဖြစ်ပါသည်ဘုရား၊ တပည့်တော်၏

၍ ဆင်းရဲသားလက်ဆောင် = လှူဖွယ်ဝတ္ထုကို ကရုဏာရှေးရှု အလှူခံတော်မူပါ ဘုရား"ဟု တောင်းပန် လျှောက်ထားလေ၏။ မြတ်စွာဘုရားသည်လည်း ထိုတောရွာသားအား သနားသမှုအကြောင်း ပြု၍ စတုမဟာရာဇ်နတ်မင်းကြီးတို့ လှူဒါန်းအပ်သောကျောက် သပိတ်ဖြင့် ထိုပူဇော်သက္ကာရကို ခံယူတော်မူပြီးလျှင် ထိုအလှူ ဝတ္ထုကိုရဟန်းပေါင်းခြောက်သန်းရှစ်သိန်း (၆၈၀၀၀၀၀)အား လှူဒါန်း၍မကုန်နိုင်အောင် အဓိဋ္ဌာန်တော်မူလေ၏။

ထိုတောရွာသား အမျိုးကောင်းသားသည်လည်း မြတ်စွာ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားကို ရိုသေ မြတ်နိုး ရှိခိုး၍ အပြစ်လွတ်ရာ အရပ်၌ ရပ်တည်လျက် "ဘုန်းတော် ကြီးသော မြတ်စွာဘုရား... ၍ယနေ့ တပည့်တော်သည် အရှင် ဘုရားတို့အား ပူဇော်သက္ကာရ ဒါနဝတ္ထု ရှေးရှုဆောင်လှူအပ် သည်ကို ဗန္ဓုမတီ မင်းနေပြည်တော်သူ နေပြည်တော်သား အား လုံးတို့ ဒိဋ္ဌမျက်မြင် အသိပင်ဖြစ်ပါသည်ဘုရား၊ တပည့်တော်သည် လည်း ၍ကောင်းမှု ကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ဖြစ်လေ ရာရာ သံသရာဘဝ၌ လာဘ်လာဘ အထွတ်အမြတ်ရောက်သူ, အခြံအရံအကျော်အစော အထွတ်အမြတ်ရောက်သူ ပုဂ္ဂိုလ်စင်စစ် ဖြစ်ရပါလို၏ဘုရား"ဟု ဆုတောင်းပန်ထွာလေ၏။ ဝိပဿီမြတ်စွာ ဘုရားသည် "ဧဝံ ဟောတု ကုလပုတ္တ= ၍ သင်ဆုတောင်းသည့် အတိုင်း ဖြစ်ပါစေ အမျိုးကောင်းသား....ဟု မိန့်ကြားတော်မူ၍ ထိုအမျိုးကောင်းသားနှင့်တကွ မြို့သူ မြို့သားတို့အား ဆွမ်းအနု- မောဒနာတရား ဟောကြားတော်မူပြီးသော် ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုကို ပြုလုပ်၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည် ကျက် စား၍လာခဲ့ရာ ၍အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော် မူရာ အခါကာလ၌ ကောလိယသာကီဝင်မင်းမျိုးဝယ် သုပ္ပဝါ-

သာ-မည်သော ကောလိယသာကီဝင်မင်းသမီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ ယူနေလာလေ၏။

### ပဋိသန္ဓေ တည်နေစဉ်အချိန် အံ့ဖွယ်များ

ထိုအမျိုးကောင်းသား ပဋိသန္ဓေတည်နေသော အချိန်မှစ၍ မယ်တော် သုပ္ပဝါသာ သာကီဝင်မင်းသမီးအထံသို့ ရာပေါင်း များစွာသော လက်ဆောင်ပဏ္ဏာတို့ ညဉ့်နံနက် ဆက်ကာ ဆက်ကာ ရောက်၍လာကုန်၏။ သုပ္ပဝါသာမင်းသမီးသည် ရှေးက ထက်ပြည့်စုံခြင်းသို့ ရောက်လေ၏။ (သီဟိုဠ်မှုအလို-ညဉ့်, နံနက် လက်ဆောင်ပဏ္ဏာ ငါးရာ ငါးရာတို့ကို သုပ္ပဝါသာမင်းသမီး သည် လက်ခံရရှိလေ၏)။

ထို့နောက် တနေ့သ၌ သုပ္ပဝါသာမင်းသမီးကို (သူ၏) ဘုန်း ကံအစွမ်း စုံစမ်းသိရှိရန် မဟာဆွေတော်မျိုးတော်များက မင်း သမီး၏လက်ဖြင့် မျိုးစေ့များထည့်ထားသောတောင်း (=မျိုးစေ့ တောင်း) ကို ထိစေကြ, တို့စေကြကုန်၏။ ထိုမျိုးစေ့များကို ကြဲချ သောအခါ မျိုးစေ့ တစေ့ တစေ့မှ အပင်အသြောက်ပေါင်း အရာ အထောင်ပင် ပေါက်၍ ထွက်လာလေ၏။ မင်းပယ်တပယ် ကျယ် ဝန်းသော လယ်မြေတကွက်မှပင် လှည်းအစီးပေါင်း ငါးဆယ်, ခြောက်ဆယ်တိုက် ကောက်စပါးများ ဖြစ်ပွါးထွက်ရှိကြကုန်၏။

စပါးကျီအတွင်း ကောက်စပါးများ ဖြည့်သွင်းသောအခါ၌ လည်း မဟာဆွေတော် မျိုးတော်များက မင်းသမီး၏လက်ဖြင့် ကျီတံခါးကို ထိစေကြ, တို့စေကြကုန်၏၊ မင်းသမီး၏ ဘုန်းကံ ကြောင့် ကောက်စပါးကို ထုတ်ယူကြသည်ရှိသော် ယူတိုင်း ယူတိုင်းသော နေရာသည် တဖန်ထပ်၍ ပြည့်မြဲပြည့်လေ၏။ ထို့ပြင်လည်း ပြည့်သောထမင်းအိုးမှ (ထမင်းကို ခူးကာ ခူးကာ) "မင်းသမီး၏ ဘုန်းကံတည်း" ဟု ပြောဆိုကြ၍ အလုံးစုံ ရောက် လာသမျှသော လူအပေါင်းအား ပေးလှူကြသည်ရှိသော် ပေးလို သမျှကာလပတ်လုံး ထိုထမင်းသည် မကုန်နိုင်ချေ။ သတို့သား

အမိဝမ်း၌ ကိန်းတည်နေစဉ်မှာပင် ခုနစ်နှစ်အချိန်ကာလတို့ လွန်၍သွားကုန်၏။

ခုနစ်နှစ်စေ့ရောက်၍ ကိုယ်ဝန်သားရင့်ကျက်သောအခါ ခုနစ်ရက်ကြာ မင်းသမီးသည် ကြီးစွာသော ဂဗ္ဘမူဠှဒုက္ခ (ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရခြင်း ဆင်းရဲဒုက္ခ)ကို ခံစားရလေ၏။ သုပ္ပဝါသာမင်းသမီးသည် ထိုကြီးစွာသော ဆင်းရဲဒုက္ခကို—

"သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။ =အကြင် ငါတို့ဆရာ မြတ်စွာဘုရားသည် ဤသို့သဘော ရှိသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို ပယ်စွန့်ဖို့ရန် တရား ဟောတော်မူပါပေ၏၊ ထိုငါတို့ဆရာ မြတ်စွာဘုရားသည် သစ္စာ,ဥေယျ ဓမ္မခပင်း လင်းလင်းသိမြင် သဗ္ဗညုတ ရွှေဉာဏ်တော်နှင့် ပြည့်စုံတော်မူပါပေစွတကား....(၁),

သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝက-သံဃော၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။ = အကြင်မြတ်ဘုရား၏ တပည့်သားသာဝက သံဃာတော်သည် ဤသို့သဘောရှိသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို ပယ်စွန့်ဖို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ် တော်မူပါပေ၏၊ ထိုမြတ်ဘုရား၏ တပည့်သားသာဝက သံဃာတော်သည် (သုံးပါးသိက္ခာ ကျင့်ဖွယ်ရာကို) ကောင်းစွာ ကျင့်တော်မူပါပေစွတကား....(၂),

သုသုခံ ဝတ တံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဧဝရူပံ ဒုက္ခံ န သံဝိဇ္ဇတိ။ = အကြင်တရားမြတ်၌ ဤသို့ သဘောရှိသော ဤဆင်းရဲဒုက္ခ ဝေဒနာမျိုး တစိုးတစိ မရှိပေ၊ ထိုနိဗ္ဗာန် တရားမြတ်သည် အလွန့်အလွန် ချမ်းသာပါပေစွ တကား....(၃)"—

ဤဖော်ပြအပ်ပြီးသော (၁) မြတ်စွာဘုရား၏ ဂုဏ်တော်နှင့် စပ်သော ကောင်းသေအကြီး (၂) သံဃာတော်၏ သုပ္ပဋိပန္န

ဂုဏ်တော်နှင့်စပ်သော ကောင်းသောအကြံ၊ (၃) နိဗ္ဗာန်၏ သန္တိသုခဂုဏ်နှင့်စပ်သော ကောင်းသောအကြံ=ဤအကြံသုံးမျိုးတို့ဖြင့် အောင့်အည်းသည်းခံလေသည် (=ကြီးစွာသော ဂဗ္ဘမူဋ္ဌဒုက္ခကို ဖော်ပြရာပါအတိုင်း ဘုရားဂုဏ်, သံဃာဂုဏ်, နိဗ္ဗာန်တရားဂုဏ်တို့ကို အပြန်ပြန် အောက်မေ့ဆင်ခြင်၍ မည်းမည်းသည်းခံလေသည်)။

ခုနစ်ရက်မြောက် ရောက်သောအခါ သုပ္ပဝါသာ ကောလိယမင်းသမီးသည် မိမိ၏အရှင်သခင်ဖြစ်သော ကောလိယမင်းသားကို အနီးသို့ခေါ်၍ "မသေခင် အသက်ရှင်စဉ်ပင် ငါသည် အလှူဒါန ပေးဦးအံ့"ဟု ကြံစည်ကာ "အိုအရှင့်သား....သွားပါတော့ချေ၊ ဤကျွန်တော်မ၏ဖြစ်ရပ်ကို မြတ်စွာဘုရားအား လျှောက်ထားပြီးလျှင် မြတ်စွာဘုရားကို ပင့်ဖိတ်တော်မူခဲ့ပါ၊ မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်သည်များကိုလည်း ကောင်းစွာ မှတ်သား၍ ပြန်လာပြီးလျှင် အကျွန်ုပ်အား ပြောကြားတော်မူပါ"ဟု ပြောဆို လွှတ်လိုက်လေသည်။ ကောလိယမင်းသည် သွားရောက်၍ သုပ္ပဝါသာ မင်းသမီး၏ အကြောင်းအရာ သတင်းစကားကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် "ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိ ပကတိချမ်းသာစေသတည်း၊ ရောဂါမရှိ ပကတိချမ်းသာလျက် ရောဂါကင်းသောသားကို ဖွားစေသတည်း"ဟု မိန့်တော်မူလေ၏။ မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်သည်နှင့် တပြိုင်နက် ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိ ပကတိချမ်းသာလျက် ရောဂါကင်းသောသားကို ဖွားမြင်လေ၏။ ဝန်းရံ၍ နေကြသော လူအပေါင်းသည် ငိုရသည့်အဖြစ်မှ တခေတ်ကူးပြောင်းကာ ဝမ်းမြောက်ဝမ်းသာ ကောလိယမင်းအား သား၏သတင်းကို လျှောက်ထားရန် သွားရောက်လေ၏။ ကောလိယမင်းသည်ကား မြတ်စွာဘုရား မိန့်ကြားတော်မူသည်ကို နာယူပြီးနောက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရွာတွင်းသို့ ရှေးရှု ပြန်လာလေ၏။

ကောလိယမင်းသည် ထိုမင်းချင်းယောကျ်ားတို့ အားရဝမ်းသာ ပြေးလာ ဆီးကြိုကြပုံ အခြင်းအရာကို မြင်ရလျှင်ပင် "မြတ်စွာဘုရား မိန့်ကြားအပ်သော စကားတော်သည် ပြီးစီးအောင်မြင်ပြီထင်၏"ဟု ဆင်ခြင်ကြံစည်မိလေ၏။ ကောလိယမင်းသည် သုပ္ပဝါသာမင်းသမီးထံသို့ လာရောက်၍ မြတ်စွာဘုရား၏ မိန့်ကြားတော်မူလိုက်သော သတင်းစကားကို မင်းသမီးအား ပြန်ကြားပြောဆိုလေ၏။ မင်းသမီးသည် "အရှင့်သား ပင့်ဖိတ်အပ်ခဲ့သော အသက်ရှင်ဆွမ်းသည်ပင် မင်္ဂလာဆွမ်း ဖြစ်လိမ့်မည်၊ တဖန် ပြန်သွားပါဦး၊ ခုနစ်ရက်ပတ်လုံး (ဆွမ်းဘုဉ်းပေးတော်မူရန်) မြတ်စွာဘုရားကို ပင့်လျှောက်ချေပါဦး" ဟူ၍ ပြောဆိုလေ၏။ ကောလိယမင်းသည် မင်းသမီးပြောဆိုတိုင်း ပြုလုပ်လေ၏။ ထိုမင်း, မင်းသမီးတို့သည် ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာအား ကြီးစွာသော အလှူဒါနကို ဖြစ်စေကြလေကုန်၏။

သူငယ်သည် ခပ်သိမ်းသော ဆွေမျိုးတို့၏ ပူပန်သောစိတ်ကို ငြိမ်းအေးစေလျက် ဖွားမြောက်သန့်စင်လာလေသည်၊ ထို့ကြောင့် ထိုသူငယ်၏ အမည်ကို "သီဝလိသူငယ်"ဟု အမည်မှည့်ကြလေကုန်၏။ သီဝလိသူငယ်သည် ခုနစ်နှစ်အကြာ အမိဝမ်း၌ ကိန်းနေခဲ့ရသောကြောင့် ဖွားမြောက်သောအချိန်မှ အစပြုကာ ခုနစ်နှစ်အရွယ်ရှိ သူငယ်တို့ ပြုလုပ်ရမည့် ခပ်သိမ်းသောအမှုများကို ပြုစွမ်းနိုင်သူ ဖြစ်လေသည်၊ ထို့ကြောင့်ပင် သီဝလိသူငယ်သည် ခုနစ်ရက်ပတ်လုံး မဟာဒါနကြီး ပေးလှူအပ်သည်ရှိသော် မွေးဖွားသည့်နေ့မှစ၍ ဓမကရိုဏ်=ရေစစ်ကို ယူကာ သံဃာတော်အား ရေကိုစစ်၍ ဆက်ကပ်လှူဒါန်းလေ၏။

တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ခုနစ်ရက်မြောက်သောနေ့၌ သီဝလိသူငယ်နှင့် စကားနီးနှော ပြောဆိုတော်မူ၏။ ထိုသို့ ပြောဆိုသောအခါ မထေရ်မြတ်က "သီဝလိ···သင်သည် ဤသို့သဘောရှိသော ဒုက္ခအစုကို ခံစားရပြီးလျှင် ရှင်ရဟန်းပြုရန် မသင့်လျော်ဘူးလော" ဟု

မေးမြန်းတော်မူလေလျှင် သီဝလိသူငယ်သည် "အရှင်ဘုရား.... တပည့်တော်သည် မိဖထံမှ ရှင်ရဟန်းပြုခွင့်ရလျှင် ရှင်ရဟန်းပြုလိုလှပါသည်ဘုရား"ဟု ပြန်ကြားလျှောက်ထားလေ၏။ သုပ္ပဝါသာမင်းသမီးသည် မိမိသား သီဝလိသူငယ် မထေရ်မြတ်နှင့် အတူတကွ စကားပြောနေသည်ကို မြင်ရ၍ "အသို့နည်း = ဘယ့်နှယ်လဲ ငါ့သားသည် တရားစစ်မှူး ဖြစ်တော်မူသော မထေရ်မြတ်နှင့် အတူတကွ စကားပြောနေပါတကား" ဟု အားရဝမ်းသာစွာ မထေရ်မြတ်ထံသို့ ဆည်းကပ်၍ "အရှင်ဘုရား.... တပည့်တော်မသားက အရှင်ဘုရားတို့နှင့် အတူတကွ အဘယ်စကားများကို ပြောဆိုနေပါသနည်း ဘုရား" ဟု မေးလျှောက်လေ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်က "မိမိခံစားခဲ့ရသော အမိဝမ်းခေါင်းကိန်းအောင်းရသည့် ဒုက္ခကို ပြောပြ၍ အသင်မိဖနှစ်ပါးတို့က ခွင့်ပြုအပ်ပါလျှင် ရှင်ရဟန်းပြုပါအံ့ဟူ၍ ပြောဆိုပေ၏"ဟု မိန့်ကြားတော်မူလေလျှင် သုပ္ပဝါသာမင်းသမီးသည် "ကောင်းပါပြီ အရှင်ဘုရား....ထိုသီဝလိသူငယ်ကို ရှင်ပြုပေးတော်မူကြပါဘုရား" ဟု ခွင့်ပြုစကား ပြန်ကြားလျှောက်ထားလေ၏။

ထိုအခါ မထေရ်မြတ်သည် သီဝလိသူငယ်ကို ကျောင်းတော်သို့ ခေါ်ဆောင်သွား၍ တစပဉ္စက-ကမ္မဋ္ဌာန်းကို ပေးပြီးလျှင် ရှင်ပြုပေးတော်မူလတ်သော် "သီဝလိ....သင့်အဖို့ရာ အခြားတပါးသော အဆုံးအမ ဩဝါဒဖြင့် ပြုလုပ်ဖွယ်မရှိ၊ (တခြားဩဝါဒ ပေးရန်မလို-ဟု ဆိုလိုသည်)၊ ခုနစ်နှစ်တို့ကာလပတ်လုံး မိမိခံစားခဲ့ရသော ဆင်းရဲဒုက္ခဝေဒနာကိုပင် ဆင်ခြင်စဉ်းစားလော့" ဟု မိန့်တော်မူလေ၏။ သီဝလိသူငယ်သည် "အရှင်ဘုရား.... ရှင်ပြုပေးခြင်းသည်သာ အရှင်ဘုရားတို့၏ တာဝန် ဖြစ်ပါသည်၊ တပည့်တော် ပြုစွမ်းနိုင်သမျှသော တရားနှလုံးသွင်းခြင်း-အမှုကို တပည့်တော်ပင် ဆင်ခြင်စဉ်းစား ပွါးများပါမည်ဘုရား" ဟု ပြန်ကြားလျှောက်ထားလေ၏။

ထို ရှင်သီဝလိသူငယ်သည် ပဌမဆံဝန်းကို ရိတ်ချလိုက်သောခဏမှာပင် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ဒုတိယဆံဝန်းကို

ရိတ်ချလိုက်သောအခါ သကဒါဂါမိဖိုလ်၌ တည်၍ တတိယဆံဝန်းကို ရိတ်ချလိုက်သောအခါ အနာဂါမိဖိုလ်၌ တည်ပြီးလျှင် အားလုံးသောဆံဝန်းကို ရိတ်ချပြီးသည်နှင့် တပြိုင်နက် အရဟတ္တဖိုလ်၌ တည်လေ၏( = အားလုံးသောဆံတို့ကို ရိတ်ချပြီးခြင်းနှင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းသည် မရှေးမနှောင်းပင် ဖြစ်လေ၏)။

ထိုသီဝလိသူငယ်ကို ရှင်ရဟန်းပြုပေးသောနေ့မှ စ၍ ရဟန်းသံဃာအား သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး = ပစ္စည်းလေးပါးတို့သည် အလိုရှိတိုင်း ဖြစ်ပေါ်ပေါ်များ၍ လာကုန်၏။ ဤသို့လျှင် ရှင်သီဝလိ၏ အကြောင်းအရာဝတ္ထုကား ကုဏ္ဍိကာမြို့၌ ဖြစ်ပေါ်လေသည်။

( ဤ၌။ ။ အရှင်သီဝလိ၏ ပစ္စုပ္ပန်ဝတ္ထုကို ဥဒါန်းပါဠိတော် ပိဋကတ်မြန်မာပြန် (ခု မြန် ၁၊ စာမျက်နှာ ၈၆-မှစ၍) ထုတ်နုတ်မှတ်ယူကုန်ရာ၏။ ထို အရှင်မြတ်သားအမိတို့၏ ခုနစ်နှစ် ခုနစ်ရက်ကြာ ဂဗ္ဘ-ဝါသဒုက္ခ=အမိဝမ်းခေါင်း ကိန်းအောင်းရခြင်း ဆင်းရဲဒုက္ခ, ဂဗ္ဘမူဠ-ဒုက္ခ=ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရခြင်း ဆင်းရဲဒုက္ခ ခံစားရခြင်း၏ အကြောင်း အကုသိုလ်ကံနှင့်စပ်သော ဖြစ်ရပ်ဝတ္ထုအကျယ်ကို ဥဒါန်း အဋ္ဌကထာမှ ထုတ်နုတ်မှတ်ယူကုန်ရာ၏။

အကျဉ်းမှတ်ရန်မှာ—ထို အရှင်မြတ် သားအမိတို့သည် တခုသော အတိတ် ဘဝက ဗာရာဏသီမင်း၏ မိဖုရားကြီးနှင့် သားတော် ဖြစ်ခဲ့ကြ၍ တချိန်တွင် ကောသလမင်းက စစ်တပ်အလုံးအရင်းဖြင့် ဗာရာ-ဏသီမင်းကို တိုက်ဖျက်လုပ်ကြံ၍ ထိုမင်း၏ မိဖုရားကြီးကို သိမ်းပိုက်ကာ မိဖုရားကြီးရာထူး၌ ထားရှိလေသည်။

ဗာရာဏသီမင်းသားသည် ခမည်းတော် စစ်ရှုံး၍ နတ်ရွာစံသောအခါ ရေထုတ်ပြွန်မှ တိတ်တဆိတ်ထွက်ပြေး၍ ဗိုလ်ပါအလုံးအရင်းကို စုရုံးပြီးလျှင် ဗာရာဏသီပြည်သို့လာ၍ ထီးနန်းပြန်အပ်ရန်, (သို့မဟုတ်) စစ်တိုက်ရန် ရာဇသံပေး အရေးဆိုလေလျှင် အတွင်းမှာရှိနေသော မယ်တော်မိဖုရားကြီးက စစ်တိုက်လျှင် လူအများ ဆင်းရဲကြမည်ဖြစ်၍ မြို့ကို ပိတ်ဆို့ဝန်းရံထားရန် အကြံပေးလေသည်။ မယ်တော်အကြံပေးသည့်အတိုင်း မင်းသားသည် မြို့တံခါးမကြီးလေးပေါက်တို့ကို အထွက်အဝင် မရှိရအောင် ပိတ်ဆို့စောင့်ရှောက်လျက် ခုနစ်နှစ်ကြာ မြို့ကို ဝန်းရံ

ပိတ်ဆိုထားသော်လည်း မြို့သူမြို့သားတို့သည် တံခါးငယ်များမှ ထွက်၍ မြက်, ထင်း-စသည် သယ်ဆောင်သွင်းယူကြသဖြင့် အကြောင်းမထူးပဲ ရှိလေရာ ထိုသတင်းကို မယ်တော်မိဖုရား ကြားသိရ၍ တဖန်ထပ်ပြီး လျှင် တံခါးငယ်များကိုပါ ပိတ်ဆို့ရန် အကြံပေးပြန်လေသည်။

ထိုအကြံပေးချက်အရ တံခါးငယ်များကိုပါ ပိတ်ဆို့ဝန်းရံသဖြင့် ခုနစ်ရက်ရှိသောအခါ မြို့သူမြို့သားတို့ အခနေကြပ်သဖြင့် ကောသလ မင်း၏ ဦးခေါင်းကိုဖြတ်၍ မင်းသားအား ဆက်သကြလေသည်။ မင်း သားသည် မြို့ကို ဝင်၍ မင်းအဖြစ်ကို ခံယူသိမ်းပိုက်လေသည်။

ဤဆိုအပ်ပြီးသော မကောင်းမှု အကုသိုလ်ကံကြောင့် ထိုအရှင်မြတ် သားအမိတို့သည် ခုနစ်နှစ်ကြာ ကိုယ်ဝန်သားကို ဆောင်ရခြင်း ဆင်းရဲ ဒုက္ခ, အမိဝမ်းခေါင်း ကိန်းအောင်ရခြင်း ဆင်းရဲဒုက္ခ, မယ်တော်မှာ ကိုယ်ဝန်ကြောင့် ခုနစ်ရက်ကြာ မိန်းမောဇွေတွေခြင်း ဆင်းရဲဒုက္ခကို ခံစားကြရလေသည်)။

## မထေရ်မြတ် မိမိဘုန်းကံကို စုံစမ်းကြည့်ခြင်း

နောက်တချိန်၌ မြတ်စွာဘုရားရှင် သာဝတ္ထိပြည်သို့ ရောက် တော်မူသောအခါ အရှင်သီဝလိမထေရ်သည် မြတ်စွာဘုရားရှင် ကို ရှိသေမြတ်နိုး ရှိခိုးဦးညွတ်၍ "မြတ်စွာဘုရား....တပည့်တော်၏ ဘုန်းကံကို လက်တွေ့စုံစမ်းပါအံ့၊ တပည့်တော်အား ရဟန်းတော် ငါးရာတို့ကို အဖော်အဖြစ်ထည့်ပေးတော်မူပါဘုရား"ဟု လျှောက် ထားတောင်းပန်လေ၏။ မြတ်စွာဘုရားရှင်သည်လည်း "ချစ်သား သီဝလိ....ခေါ်ယူ၍ သွားလေ"ဟု ခွင့်ပြုတော်မူလေသည်။

အရှင်သီဝလိမထေရ်သည် အဖော်ရဟန်းငါးရာတို့ကို အတူ တကွ ခေါ်ယူ၍ ဟိမဝန္တာသို့ ရှေးရှုသွားလတ်သည်ရှိသော် တောလမ်းခရီးအတိုင်း ကြွတော်မူလေ၏။ (၁) ထိုအခါ ရှေးဦး စွာ ခရီးစခန်း၌ ပညောင်ပင်ကြီးကို တွေ့ရလေသည်၊ ညောင် စောင့်နတ်မင်းသည် မထေရ်မြတ်အား ခုနစ်ရက်ကြာ အလှူဒါန ကို ပေးလှူလေသည်။ ဤနည်းဖြင့် ထိုအရှင်သီဝလိမထေရ်သည်—

(၁) ရှေးဦးစွာ (ဖော်ပြရာပါ) ပညောင်ပင်ကြီးကို တွေ့ရလေသည်။

(၂) နှစ်ကြိမ်မြောက်၌ ပဏ္ဍဝတောင်,
(၃) သုံးကြိမ်မြောက်၌ အရဗိဝတီမြစ်,
(၄) လေးကြိမ်မြောက်၌ ဝရာသာဂရမည်သော သမုဒြာ,
(၅) ငါးကြိမ်မြောက်၌ ဟိမဝန္တာတောင်,
(၆) ခြောက်ကြိမ်မြောက်၌ ဆဒ္ဒန်အိုင်,
(၇) ခုနစ်ကြိမ်မြောက်၌ ဂန္ဓမာဒနတောင်,
(၈) ထိုနောက် ရှစ်ကြိမ်မြောက်၌ အရှင်ရေဝတာ နေရာသို့—

ဆိုက်ရောက် တွေ့မြင်ရလေသည်။ နေရာဌာန အားလုံးတို့၌ပင် ခုနစ်ရက်စီ ခုနစ်ရက်စီ နတ်တို့က အရှင်သီဝလိမထေရ်အား အလှူဒါန ကြီးစွာလှူဒါန်းကြလေသည်။

အထူးအားဖြင့် ဂန္ဓမာဒနတောင်သို့ ရောက်ဆိုက်သောအခါ၌ နာဂဒတ္တမည်သော နတ်မင်းသည် ခုနစ်ရက်ကြာ အလှူဒါန ပေးလှူရာဝယ် နွားနို့ဆွမ်းတရက် ထောပတ်ဆွမ်းတရက် ဤသို့ အလှည့်အလည် ပေးလှူလေသည်။ ထိုအခါ ရဟန်းသံဃာသည် "ငါ့ရှင်တို့....ဤနတ်မင်းက နို့စားနွားမျိုးကို နို့ညှစ်နေအပ်သည် တို့ကိုလည်း ငါတို့သည် မတွေ့မထင် မမြင်အပ်ကုန်၊ ထောပတ် ဖြစ်ရန် နို့မှမ်းကိုမွှေနေသည်ကိုလည်း ငါတို့သည် မတွေ့မထင် မမြင်အပ်ချေ။ ဒါယကာနတ်မင်း.... သင့်အဖို့ရာ ဤနွားနို့ဆွမ်း, ထောပတ်ဆွမ်းများသည် အဘယ်ကောင်းမှုကြောင့် ဖြစ်ပွါးပြည့်စုံ သနည်း" ဟု မေးမြန်းလေ၏။ နာဂဒတ္တနတ်မင်းသည် "အရှင် ဘုရားတို့....ဤသို့ နို့စားနွားမျိုးလည်း မရှိပါဘဲလျက်, နို့မှမ်း မွှေနေရခြင်းလည်း မရှိပါဘဲလျက် နွားနို့ဆွမ်း, ထောပတ်ဆွမ်းကို လှူဒါန်းဆက်ကပ်နိုင်ခြင်းမှာ ကဿပမြတ်စွာ လက်ထက်တော် အခါ၌ စားရေးတံနွားနို့ဆွမ်း လှူဒါန်းခဲ့သော ဒါနကောင်းမှု၏ အကျိုး ဖြစ်ပါသည်ဘုရား" ဟု ပြန်ကြားလျှောက်ထားလေ၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

နောက်တချိန်ဝယ် မြတ်စွာဘုရားသည် (ရှေး ခဒိရဝနိယ ရေဝတမထေရ်ဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း) အရှင်ခဒိရဝ- နိယ ရေဝတမထေရ်အထံ ကြွရောက်တော်မူရာဝယ် လူသူမနီး ဘေးရန်တွေ့ကာဆီးသော လမ်းခရီးအကြား၌ နတ်များက အရှင်သီဝလိမထေရ်အားသာ ဦးတည်၍ နေ့ရက်မပြတ် အလှူ ဒါန လှူဒါန်းဆက်ကပ်ကြသည်ကို အဋ္ဌုပ္ပတ်ဝတ္ထု အကြောင်းပြု၍ အရှင်သီဝလိမထေရ်မြတ်ကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လာဘီနံ ယဒိဒံ သီဝလိ=ရဟန်းတို့...ပစ္စည်းလေးရပ် လာဘ်လာဘ ပေါများကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်း တို့တွင် သီဝလိရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "လာဘီ=လာဘ်လာဘပေါများ သောအရာ"ဝယ် ဧတဒဂ်ထားတော်မူလေ၏။

(ဤ အရှင်သီဝလိမထေရ်နှင့်စပ်သော တရားစကားရပ်တို့ကို အပဒါန် ပါဠိ အဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာ – စသည်တို့မှ ထုတ်နုတ်မှတ်ယူကုန်ရာ၏။ ဤနည်းအတူပင် နောက်နောက် ဖြစ်သော မထေရ်တို့နှင့်စပ်သော တရားစကားရပ်တို့ကိုလည်း မှတ်ယူကုန်ရာ၏။ ဤမဟာဗုဒ္ဓဝင်ကျမ်း၌ကား (က) မထေရ်မြတ် တို့၏ ရှေးဆုတောင်း၊ (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း၊ (ဂ) ဧတဒဂ် ဘွဲ့ထူးရတော်မူခြင်း = ဤသုံးချက်ကိုသာ ဦးတည်၍ ရေးသားဖော်ပြပေအံ့)။

ဤကား အရှင်သီဝလိမထေရ် အကြောင်းတည်း။

## (၁၉) အရှင်ဝက္ကလိမထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

၍ မထေရ်မြတ်သည်လည်း ရှေးလွန်လေပြီးသောအခါ ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်၌ ဆိုအပ်ပြီးသောနည်း အတိုင်း ကျောင်းတော်သို့ သွားရောက်ကာ ပရိသတ်အစွန်၌ ရပ်တည်လျက် တရားနာစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော် တပါးကို သဒ္ဓါတရား ကြီးမားလွန်ကဲသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်လတ်၍ "ငါသည်လည်း နောက်အခါဝယ် ၍ရဟန်းကဲ့သို့ သဒ္ဓါဓိမုတ္တ = သဒ္ဓါတရား ကြီးမားလွန်ကဲသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ်ဖြစ်မှ သင့်လျော်တော့မည်"ဟု ကြံစည်၍ ဆိုအပ်ပြီးသောနည်းအတိုင်း မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ပြီးလျှင် ခုနစ်ရက်ကြာ မဟာဒါနကြီးပေးလှူပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ "မြတ်စွာဘုရား····တပည့်တော်သည်လည်း ၍အဓိကာရကောင်းမှု ကုသိုလ်ကံကြောင့် ရှင်တော်ဘုရားတို့သည် သဒ္ဓါဓိမုတ္တရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားအပ်သော ရဟန်းကဲ့သို့ နောက်အခါဝယ် တဆူဆူသော မြတ်စွာဘုရား၏ သာသနာ၌ သဒ္ဓါဓိမုတ္တရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်ရပါလို၏"ဟု ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို သိမြင်တော်မူ၍ ဗျာဒိတ်စကား မိန့်ကြားပြီးလျှင် ကျောင်းတော်သို့ တဖန် ဖဲကြွတော်မူလေ၏။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုအမျိုးကောင်းသားသည်လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌သာ ကျင်လည်ကျက်စားခဲ့ကာ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ သာဝတ္ထိပြည်ဝယ် ပုဏ္ဏားမျိုး၌ ပဋိသန္ဓေ တည်နေ ဖြစ်ပွါးခဲ့လေ

သည်။ ထိုသူငယ်၏ အမည်ကို "ဝက္ကလိ"ဟု မိဖဆွေမျိုးတို့က မှည့်ခေါ်ကြလေသည်။

ဝက္ကလိသူငယ်သည် အရွယ်ကြီးခြင်းသို့ ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်ပြီးနောက် တချိန်တွင် ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်အတွင်း ကြွချီတော်မူသော မြတ်စွာဘုရားကို ဖူးမြော်ရ၍ မြတ်စွာဘုရား၏ ရူပကာယ အသရေတော်ကို ဖူးမြော်ကြည့်ရှုရလေသော် ထိုရူပကာယအသရေတော်ကို ဖူးမြော်ရခြင်းဖြင့် အားမရ တင်းမတိမ်နိုင်ရကား မြတ်စွာဘုရားနှင့် အတူတကွ (တပါတည်း)သာလျှင် လိုက်ပါလှည့်လည်ခဲ့လေ၏။ မြတ်စွာဘုရား ကျောင်းတော်သို့ ကြွသွားသောအခါမှာလည်း ဘုရားနှင့် အတူတကွ ကျောင်းတော်သို့ လိုက်ပါ၍ ရူပကာယအသရေတော်ကို ဖူးမြော်လျက်သာလျှင် ရပ်တည်နေလေ၏။ တရားသဘင်၌ မြတ်စွာဘုရားရှင် တရားဟောတော်မူလတ်သည်ရှိသော် ဘုရားရှင်၏ မျက်မှောက် (ရှေ့တည့်တည့်)အရပ်၌ တည်နေလျက် တရားကို နာယူလေသည်။

ဝက္ကလိအမျိုးသားသည် သဒ္ဓါတရား ကြီးမားလွန်ကဲစွာ ဖြစ်ရှိလာရကား "အိမ်ရာတည်ထောင် လူ့ဘောင်၌ ငါနေလျှင်မြတ်စွာဘုရားရှင်ကို အမြဲမပြတ် ဖူးမြော်ခွင့်ကို ရလိမ့်မည်မဟုတ်၊ (ရဟန်းပြုမှသာ ရလိမ့်မည်)"ဟု ကြံစည် ဆင်ခြင်ပြီးလျှင် ရှင်ရဟန်းပြုပေးရန် တောင်းပန်လျှောက်ထား၍ မြတ်စွာဘုရားရှင် အထံတော်၌ ရှင်ရဟန်းပြုလေ၏။

ထိုသို့ရဟန်းပြုပြီးသောအချိန်မှစ၍ အရှင်ဝက္ကလိမထေရ်သည် ဆွမ်းဘုဉ်းပေးသောအချိန်ကို ထား၍ ကြွင်းကျန်သောအခါများ၌ မြတ်စွာဘုရားရှင်ကို ဖူးမြင်နိုင်လောက်ရာအရပ်၌ တည်နေကာ စာပေသင်အံခြင်း, ကမ္မဋ္ဌာန်းတရား နှလုံးသွင်းခြင်း အမှုများကို အလျှင်းမပြုပဲ ပယ်စွန့်၍ မြတ်စွာဘုရားကို ဖူးမြော်လျက်သာလျှင် နေလေ၏။ မြတ်စွာဘုရားသည်လည်း အရှင်ဝက္ကလိ၏ ဉာဏ်ပညာရင့်ကျက်ချိန်ကို စောင့်ဆိုင်းငံ့လင့်တော်မူလျက် အချိန်ကြာမြင့်စွာ ထိုအရှင်ဝက္ကလိရဟန်း ရူပကာယအသရေတော်ကို ဖူး

မြော်လျက်သာ လှည့်လည်ကျက်စား သွားလာနေစဉ် တစုံတရာ မိန့်ကြားမှု ပြုတော်မမူပဲ နေတော်မူခဲ့ရာမှ အချိန်တန်လတ်သော် "ယခုအခါ ဤဝက္ကလိရဟန်း၏ ဉာဏ်သည် ရင့်ကျက်ခြင်းသို့ ရောက်ခဲ့လေပြီ၊ ဤရဟန်းကို အသိတရားရစေရန် တတ်နိုင်လောက်ပြီ"ဟု သိတော်မူပြီးလျှင်—

"ချစ်သားဝက္ကလိ.......ဤကိုယ်ပုပ်ကို ရှုကြည့်နေသဖြင့် သင်ချစ်သား၏ အဖို့ရာ အဘယ်အကျိုးရှိအံ့နည်း၊ = အကျိုး မရှိသည်သာ။ ချစ်သားဝက္ကလိ .... စင်စစ်တော့ အကြင်သူသည် တရားကို မြင်၏၊ ထိုသူသည် ငါဘုရားကို မြင်သည်မည်၏။ အကြင်သူသည် ငါဘုရားကို မြင်၏၊ ထိုသူသည် တရားကို မြင်သူဖြစ်၏။ ချစ်သားဝက္ကလိ....တရားကို ရှုကြည့်သောသူမှသာ ငါဘုရားကို ရှုကြည့်သောသူ ဖြစ်ပေ၏၊ ငါဘုရားကို ရှုကြည့်သောသူသည် တရားကို ရှုကြည့်သောသူ ဖြစ်ရပေမည်"—

ဟု အရှင်ဝက္ကလိ တရားအားထုတ်ရန်အတွက် ကိုယ်တော်၏ ရူပကာယကိုယ်ကိုပင် အပုပ်ကောင်ကြီးအနေ မိန့်ကြားတော်မူလေသည်။

မြတ်စွာဘုရားရှင်က ဤသို့ပင် ဆုံးမတော်မူပါသော်လည်း အရှင်ဝက္ကလိမထေရ်သည် မြတ်စွာဘုရားရှင်အား ဖူးမြင်လောက်ရာ အရပ်ကို ပယ်စွန့်၍ အရပ်တပါးသို့ မည်သည့်နည်းနှင့်မျှ မသွားနိုင်ပဲရှိလေ၏။ ထိုအခါ မြတ်စွာဘုရားသည် "ဤရဟန်းကား ထိတ်လန့်ခြင်း = သံဝေဂကို မရလျှင် သစ္စာလေးပါး တရားကို သိလိမ့်မည်မဟုတ်"ဟု ဆင်ခြင်သိမြင်တော်မူကာ ဝါဆိုရက်နီးကပ်လတ်သော် ရာဇဂြိုဟ်ပြည်သို့ကြွတော်မူ၍ ဝါဆိုဝါကပ်သောနေ့၌ "ဝက္ကလိရဟန်း....(ငါဘုရား၏ အနီးမှ) လွတ်ရာဖယ်ရှား သင်သွားလေ့"ဟု တိုက်ရိုက်ပင် အရှင်ဝက္ကလိကို နှင်ထုတ်တော်မူလိုက်လေ၏။

မြတ်စွာဘုရားတို့မည်သည့် သူတဖက်သားတို့က လိုက်နာအပ်သော စကား ရှိတော်မူကုန်၏ = သူတဖက်သားတို့သည် ဘုရား

ရှင်တို့စကားကို မပယ်လှန်နိုင်ကုန်။ သို့ရကား အရှင်ဝက္ကလိမထေရ်သည် မြတ်စွာဘုရားရှင်ကို ဆန့်ကျင်ဖက်ပြုကာ တည်နေခြင်းငှါ မတတ်နိုင်တော့ပဲ ဝါတွင်းသုံးလပတ်လုံး မြတ်စွာဘုရား၏မျက်မှောက်တော်သို့ လာရောက်ဖို့ရန် မဝံ့တော့ရကား "ယခုအခါ ငါ ဘယ်အမှု ပြုနိုင်တော့မည်နည်း=မပြုနိုင်တော့သည်သာ၊ မြတ်စွာဘုရားရှင်သည် ငါ့ကို နှင်ထုတ်အပ်လေပြီ၊ ရှင်တော်ဘုရားနှင့် မျက်နှာချင်းဆိုင်ခွင့်ကို ငါ ဘယ်နည်းမှ ရနိုင်မည်မဟုတ်၊ ငါ့အဖို့ရာ အသက်ရှင်နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း=အကျိုးမရှိတော့ပြီ"ဟု ကြံစည်စိတ်ပျက်၍ ဂိဇ္ဈကုဋ်တောင်ဝယ် ချောက်ကမ်းပါး ပေါ်များရာအရပ်သို့ တက်ရောက်လေ၏။

မြတ်စွာဘုရားရှင်သည် အရှင်ဝက္ကလိ၏ စိတ် အလွန်ပင်ပန်းနွမ်းလျအားငယ်နေသည်ကို သိတော်မူ၍ "ဤဝက္ကလိရဟန်းသည် ငါဘုရားအထံမှ သက်သာကြွက်ကို မရလျှင် မဂ်ဖိုလ်၏ဥပနိဿယည်း ရှေးကောင်းမှုကုသိုလ်ပစ္စည်းကို ဖျက်ဆီးပစ်လေရာ၏"ဟု ဆင်ခြင်တော်မူ၍ ကိုယ်တော်မြတ်ကို အထင်အရှားပြဖို့ရန် ရှင်ဝက္ကလိရှိရာအရပ်သို့ ဗုဒ္ဓရောင်ခြည်တော်ကို လွှတ်လိုက်လေ၏။ (လျှပ်စစ်=ဆပ်ချိုလိုက်အရောင်အစွန်းမှ ဗုဒ္ဓရုပ်ပုံတော်ကို မှန်းမြော်၍ အာရုံပြုကြည့်ပါ)။ ထိုသို့ ဗုဒ္ဓရောင်ခြည်တော်ကို လွှတ်လိုက်သောအခါ မြတ်စွာဘုရားရှင်ကို မျက်ဝါးထင်ထင် ဖူးမြင်လိုက်ရသော အချိန်မှစ၍ အရှင်ဝက္ကလိမထေရ်မြတ်သည် သို့စင်ကလောက် ကြီးမားလှသော စိတ်ပူပန်မှု=သောကမြွားငြောင့်ကြီး ပယ်အပ်ပြီးသား ဖြစ်လေတော့၏။

မြတ်စွာဘုရားရှင်သည် ခြောက်သွေ့နေသော တဖက်ဆည်ကန်ကြီး၌ ရေအယဉ်ကြီးစွာကို ဆောင်ယူလောင်းထည့်လိုက်သကဲ့သို့ အရှင်ဝက္ကလိမထေရ်၏ သန္တာန်၌ အားကြီးသော နှစ်သက်ခြင်း=ပီတိ၊ ဝမ်းမြောက်ခြင်း=သောမနဿ=တရားနှစ်ပါး ဖြစ်ပွါးစေခြင်းငှါ ဓမ္မပဒကျမ်း၌လာသော—

"ပါမောဇ္ဇဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

ဝက္ကလိ = ချစ်သားဝက္ကလိ....။ ပါမောဇ္ဇဗဟုလော= မြတ်စွာဘုန်းတောက် အာရုံရောက်၍ ဝမ်းမြောက်ခြင်း= ပါမောဇ္ဇတရား ပြောများလှသော။ဘိက္ခု=သံသရာဘေး ခန္ဓာရေးကို ထောက်တွေးမြော်မှန်း ရှင်ရဟန်းသည်။ ဗုဒ္ဓသာသနေ = သုံးပါးသိက္ခာ ဘုရားသာသနာ၌။ ပသန္နော = သဒ္ဓါရွှန်းစို ကြည်ညိုသည်ဖြစ်၍။ သန္တံ = သန္တိလက္ခဏာ ငြိမ်းအေးလှစွာသော။ သင်္ခါရူပသမံ = သင်္ခါရခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော။ သုခံ = ချမ်းသာ ကေန် စင်စစ်မှန်သော။ ပဒံ = အသင်္ခတဓာတ် နိဗ္ဗာန် ပရမတ်ကို။ အဓိဂစ္ဆေ=ကိုယ်တိုင်မျက်မှောက် အရဟတ္တ ဖိုလ်ပေါက်အောင် ဆိုက်ရောက်နိုင်ပေ၏"——

ဟူသော ဤဂါထာကို ဟောကြားတော်မူလေ၏။ ဤတွင်မျှမက သေး (အင်္ဂုတ္တိုရ်အဋ္ဌကထာအဆိုအားဖြင့်) မြတ်စွာဘုရားသည် အရှင်ဝက္ကလိမထေရ်အား "ဧဟိ ဝက္ကလိ = လာလော့ ချစ်သား ဝက္ကလိ...."ဟု မိန့်တော်မူကာ ရွှေလက်တော်ကို ဆန့်တန်း ခေါ်တော်မူလိုက်လေသည်။

(ဓမ္မပဒအဋ္ဌကထာအဆိုအားဖြင့်) ဤ "ပါမောဇ္ဇဗဟုလော ဘိက္ခု" အစရှိသော ဂါထာကို ဟောကြားတော်မူပြီးနောက် မြတ်စွာဘုရားသည် အရှင်ဝက္ကလိမထေရ်အား ရွှေလက်တော်ကို ဆန့်တန်း၍——

"ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ ပင်္ကေ သန္နံဝ ကုဉ္ဇရံ။

ဝက္ကလိ = ချစ်သားဝက္ကလိ····။ ဧဟိ = ငါဘုရားထံ မှောက် ယခုပင်လာရောက်လော့။ မာ ဘာယိ=စိတ်ထား နောက်တွန့်၍ မကြောက်ရွံ့ပါလင့်။ တထာဂတံ = ရှေး ဘုရားတို့အတူ လာခြင်း ကောင်းတော်မူသော မြတ်စွာ ဘုရားကို။ ဩလောကေဟိ = စိတ်နေရွှင်ပျော် သင်ချစ်

သား ဖူးမြော်လော့။ (ဤကား ဂါထာ ရှေ့ထက်ဝက် အနက်တည်း)။

အဟံ = လူသုံးပါးတို့ဆရာ ဘုရားငါသည်။ ပဂေ် = ညွှန်ပျောင်း ညွှန်ပျစ် ညွှန်ပျော့၌။ သန္နံ = နစ်မြုပ်၍ နေသော။ ကုဉ္စရံ ဣဝ=ဆင်ပြောင်ကြီးကို ကဲ့သို့။ ပင်္ကေ= သံသရာနက်ရှောင်း ရွှံ့ညွှန်ပျောင်း၌။ သန္နံ=အနမတဂ္ဂ အစမထင် သည်ရာတခေတ် နစ်မြုပ်၍နေသော။ တံ = သင်ချစ်သားကို။ ဥဒ္ဓရိဿာမိ=နိဗ္ဗာန်ကြည်းခေါင် ဘေးမဲ့ ဘောင်သို့ ရောက်အောင်ဆယ်ထုတ်ပေအံ့။

ပေဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ မောစယိဿာမိ၊ ရာဟုဂ္ဂဟံဝ သူရိယံ။

(ဂါထာ ရှေ့ထက်ဝက် ရှေးနည်းအတူ အနက်ပေးလေ၊)နောက်ထက်ဝက် အနက်ကား—အဟံ=လူသုံး ပါးတို့ဆရာ ဘုရားငါသည်။ ရာဟုဂ္ဂဟံ = ရာဟုလက်တွင်း သက်ဆင်း ဖမ်းမိနေသော။သူရိယံ ဣဝ=ဖလ်ဝါရောင်ရွှန်း နေစက်ဝန်းကိုကဲ့သို့။ ရာဟုဂ္ဂဟံ = ကိလေသာတည်း ဟူသော ရာဟုလက်တွင်း သက်ဆင်းဖမ်းမိနေသော။ တံ = သင်ချစ်သား နေရထားကို။ မောစယိဿာမိ = ယခုပင်လျှင်တွေ ကျွတ်လွှတ်အောင် ကယ်မပေအံ့။

ပေဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ မောစယိဿာမိ၊ ရာဟုဂ္ဂဟံဝ စန္ဒိမံ။

(ဂါထာ ရှေ့ထက်ဝက် ရှေးနည်းအတူ အနက်ပေးလေ၊)နောက်ထက်ဝက်အနက်ကား—အဟံ=လူသုံး ပါးတို့ဆရာ ဘုရားငါသည်။ ရာဟုဂ္ဂဟံ=ရာဟုလက်တွင်း သက်ဆင်းဖမ်းမိနေသော။ စန္ဒိမံ ဣဝ=ပြာသာဒ်ယာဉ်သာ လ-စကြာကိုကဲ့သို့။ ရာဟုဂ္ဂဟံ=ကိလေသာတည်းဟူသော ရာဟုလက်တွင်း သက်ဆင်းဖမ်းမိ၍နေသော။ တံ =

သင်ချစ်သား လ-ရထားကို။ မောစယိဿာမိ=ယခုပင်
လျှင်ထွေ ကျွတ်လွတ်အောင် ကယ်မပေအံ့"—

ဟူသော ဤဂါထာတို့ကို ဟောကြားမိန့်ဆိုတော်မူလေ၏။

ထိုအခါ အရှင်ဝက္ကလိမထေရ်သည် "ဩ....ငါကား မြတ်စွာဘုရားကိုလည်း ဖူးမြော်ရလေပြီ၊ချစ်သား....လာလော့-ဟူ၍လည်း အခေါ်တော်ခံရလေပြီ" ဟု အလွန်အားကြီးသောနှစ်သက်ခြင်း=ပီတိတရားကို ဖြစ်စေပြီးလျှင် "အဘယ်အရပ်မှ သွားရမည်" ဟူ၍ မိမိသွားရမည့်လမ်းကိုပင် မမြင်နိုင်တော့ပဲ မြတ်စွာဘုရားရှင်နှင့် မျက်နှာမူမိရာ (=မျက်နှာချင်းဆိုင်မိရာ) အဇ္ဈာပြင် မိုးကောင်းကင်သို့ ပျံတက်၍ ပဌမခြေ တောင်ပေါ်၌ တည်နေစဉ်ပင် မြတ်စွာဘုရား ဟောကြားအပ်သော ဂါထာတို့ကို ဆင်ခြင်လျက် ကောင်းကင်၌ပင် ပီတိကိုခွါ၍ ဝိပဿနာနှလုံး ကျင့်သုံးတော်မူလေရာ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ မြတ်စွာဘုရားကို ရှိခိုးလျက်သာ မြေသို့သက်ကာ မြတ်စွာဘုရား၏ အထံတော်၌ ရပ်တည်လာလေ၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားသည် နောက်အဖို့ဝယ် အရိယာသံဃာတော်တို့အလယ်၌ ထိုင်နေတော်မူလျက် ရဟန်းတော်တို့အား ဧတဒဂ်ဘွဲ့ထူး အသီးအသီး ချီးကျူးအပ်နှင်းတော်မူသောအခါ အရှင်ဝက္ကလိမထေရ်မြတ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သဒ္ဓါဓိမုတ္တာနံ ယဒိဒံ ဝက္ကလိ=ရဟန်းတို့....သက်ဝင်စုပ်စုပ် နစ်မြုပ်လုမတတ် သဒ္ဓါယုံကြည်ခြင်းရှိကြသည့် (=သဒ္ဓါတရားကြီးမားလွန်ကဲကြသည့်) ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ဝက္ကလိရဟန်းသည် အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်ဆိုတော်မူကာ "သဒ္ဓါဓိမုတ္တ=သဒ္ဓါတရား ကြီးမား လွန်ကဲသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဤ၌။ ။အခြားတပါးသော ရဟန်းတို့၏ သဒ္ဓါတရားသည် ပင်ကိုယ်အား လျော့ပါးနေသည့်အတွက် တိုးပွါးစေရလေသည်=တိုး ပွါးအောင်ပင် တမင်ဟောပြ ပွါးများကျင့်ကြံ၍ ယူရလေသည်။ အရှင် ဝက္ကလိမထေရ်၏ သဒ္ဓါတရားကား ပင်ကိုယ်အား အလွန်ကြီးမားနေ သောကြောင့် လျော့စေရလေသည် = လျော့သွားအောင် တနည်း ဆင်၍ နှင်ထုတ်ခြင်းအမှုပင် ပြုရလေသည်။ ထိုကြောင့် မထေရ်မြတ် သည် သဒ္ဓါဓိမုတ္တအရာဝယ် ဧတဒဂ်ရာထူးကို ရတော်မူလေသည် ဟု အထူး မှတ်ယူရာ၏)။

ဤကား အရှင်ဝက္ကလိမထေရ် အကြောင်းတည်း။

---

## (၂၀-၂၁) အရှင်ရာဟုလာ, အရှင်ရဋ္ဌပါလ မထေရ် ၂-ပါးတို့အကြောင်း

### (က)မထေရ်မြတ် ၂-ပါးတို့၏ ရှေးဆုတောင်း

ဤမထေရ်မြတ် နှစ်ပါးတို့၏အလောင်း သူတော်ကောင်းတို့ သည် လွန်ခဲ့သောကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာ သာ- သနာခေတ်အစပိုင်းလောက်ဝယ် ဟံသာဝတီမင်းနေပြည်၌ စီးပွါး ဥစ္စာ များစွာကြွယ်ဝသော သူကြွယ်မျိုး၌ အသီးအသီးဖြစ်ကြလေ သည်။ (ထိုသူနှစ်ဦးတို့၏ ငယ်စဉ်အခါ အမည်, အနွယ်များကို ရှေးအဋ္ဌကထာ၌ မပြဆိုအပ်ချေ)။

ထိုသူကြွယ်သားနှစ်ဦးတို့သည် အရွယ်သို့ရောက်ကြလတ်သော် အိမ်ရာတည်ထောင်ကြ၍(=အိမ်ထောင်ကျကြ၍ဟုဆိုလိုသည်၊) မိမိ မိမိတို့၏ ဖခင်များ ကွယ်လွန်ကြသဖြင့် နှစ်ဦးလုံးပင် မိမိ မိမိ တို့၏ ရတနာကျီကြ ဘဏ္ဍာတိုက်တို့၌ အုပ်ချုပ်လုပ်ကိုင်ကြသည့် ဘဏ္ဍာစိုးတို့ကို အသီးအသီး ခေါ်စေကြ၍ ဥစ္စာဘဏ္ဍာကို စစ် ဆေးကြလေရာ မရေတွက်နိုင် မနှိုင်းရှည်နိုင်လောက်အောင် မြား မြောက်လှသော ဥစ္စာအစုကို တွေ့မြင်ကြ၍ "ဩ....ဤမျှများစွာ မရေ

မတွက်နိုင်သော ဥစ္စာအစုကို ငါ၏ အဖိုး,အဘေး-စသော အထက် ဆွေမျိုးများသည် စုရုံးသာ စုရုံးထားခဲ့ကြ၍ ကိုယ်နှင့်အတူ ယူဆောင်၍ သွားခြင်းငှါကား မတတ်နိုင်ကြကုန်၊ ယခုအခါ ငါတို့သည် တနည်းနည်းဖြင့် ဤဥစ္စာအစုကို ယူဆောင်၍ တမလွန်လောက သွားကြမှပင် သင့်တော်တော့မည်"ဟု ကြံစည်ဆင်ခြင်မိကြ၍ နှစ်ဦးသားလုံးပင် လေးပါးသောဌာနတို့၌ (သီဟိုဠ်မူအလို–မြို့တံခါး၀ လေးဌာနတို့၌) အထီးကျန်ကပ္ပါး, ခရီးသွားစသည်တို့အား ကြီးစွာသော အလှူဒါနကို စ-တင်လှူဒါန်းအားထုတ်ကြလေကုန်၏။

ထိုသူ နှစ်ယောက်တို့တွင် တယောက်သော သူကြွယ်သည် မိမိ၏ အလှူတင်းကုပ် = အလှူမဏ္ဍပ်သို့ ရောက်လာရောက်လာတိုင်းသော အလှူခံပုဂ္ဂိုလ်များကို ထိုသူတို့ အလိုရှိအပ်ရာကို မေးမြန်းမှ ယာဂု,ခဲဖွယ်-စသည်တို့တွင် အလှူခံပုဂ္ဂိုလ်တို့ လိုအပ်ရာရာကို ပေးလှူလေသည်၊ ထို့ကြောင့်ပင် ထိုသူကြွယ်၏အမည်မှာ "အာဂ-တပါက = လာတိုင်းလူကိုမေးမြန်းမှ ပေးလှူတတ်သူ"ဟူ၍ တွင်လေ၏။ ။အခြားသူငယ်ချင်း သူကြွယ် အလှူဒကာသည်ကား အလှူခံ ပုဂ္ဂိုလ်များကို မမေးပဲပင် ထိုသူများ ယူလာယူလာတိုင်းသောခွက် အပြည့်အပြည့် ထည့်၍သာ လှူဒါန်းလေ၏၊ ထို့ကြောင့်ပင် ထိုသူကြွယ်၏ အမည်မှာ "အနဂ္ဂပါက = အတိုင်းအရှည်မရှိ ပေးလှူတတ်သူ"ဟူ၍ တွင်လေ၏။

ထိုအလှူဒကာ သူကြွယ်နှစ်ယောက်လုံးတို့ပင် တနေ့သ၌ စောစောစီးစီး မျက်နှာသစ်ရန် ရွာပြင်သို့ သွားကြလေသည်။ ထိုအချိန်၌ ဟိမဝန္တာမှ တန်ခိုးရှင် ရသေ့နှစ်ဦးတို့သည် ဆွမ်းခံရန် ကောင်းကင်ခရီးဖြင့် လာကြ၍ ထိုသူငယ်ချင်းနှစ်ဦးတို့၏ မနီးမဝေး၌ မြေသို့ သက်ကြပြီးသော် "ငါတို့ကို ထို သူကြွယ်နှစ်ဦးတို့ မမြင်ကြပါစေလင့်"ဟု အောက်မေ့ကြကာ လမ်းခရီးနံပါးတဖက်၌ ကိုယ်ရှိန်သတ် ရပ်၍ နေကြကုန်၏။

သူကြွယ်သူငယ်ချင်း နှစ်ဦးသားတို့သည်လည်း ရသေ့နှစ်ဦး မိမိတို့၏ အသုံးအဆောင်ဖြစ်သည့် ဗူး,ခွက်-စသည်ကို ပြင်ဆင်၍

ရွာတွင်းဆီသို့ ဦးတည်ရည်ရွယ်ကြကာ ဆွမ်းအလို့ငှါ သွားကြသောအခါမှ မြင်ကြ၍ ရသေ့တို့ထံ လာရောက်ကြပြီးလျှင် ရှိသေစွာ ရှိခိုးကြလေကုန်၏။ ထိုအခါ ရသေ့တို့သည် သူကြွယ်နှစ်ဦးတို့ကို "ဘုန်းကံကြီးမား ဒကာများတို့......သင်တို့သည် အဘယ်အချိန်က လာရောက်ကြသနည်း"ဟု မေးမြန်းကြကုန်၏။ သူကြွယ်နှစ်ဦးတို့သည် "ယခုပင် လာရောက်ကြပါသည် အရှင်ဘုရားတို့..."ဟု လျှောက်ထားကြ၍ ရသေ့တို့၏လက်မှ ဖူး,ခွက်များကို ယူကြကာ တပေါက်လျှင် ရသေ့တပါးကျ မိမိ မိမိ၏ အိမ်သို့ ပင့်ဆောင်သွားကြ၍ ရသေ့များ၏ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ၌ အမြဲမပြတ် မိမိတို့အိမ်သို့ ဆွမ်းခံကြွရောက်ရန် ဝန်ခံချက်ကို တောင်းယူကြကုန်၏။

ထို ရသေ့နှစ်ဦးတို့တွင် တဦးသောရသေ့ (အရှင်ရာဟုလာ အလောင်း သူကြွယ် ပင့်ထားသောရသေ့)သည် သည်းခြေဒေါသ ပြောများသူဖြစ်သောကြောင့် ကိုယ်ခန္ဓာပူလောင်သော သဘော ရှိသူဖြစ်ရကား မိမိ၏တန်ခိုးအာနုဘော်ဖြင့် မဟာသမုဒ္ဒရာရေကို နှစ်ဖြာခွဲ၍ ပထဝိန္ဓရ-မည်သော နဂါးမင်း၏ ဘုံဗိမာန်သို့ သွားရောက်ပြီးလျှင် နေ့သန့်တော်မူ၏။ ထိုရသေ့သည် သပ္ပါယဥတုကို ရယူပြီးနောက် လူ့ပြည်သို့ ပြန်လာသည်ရှိသော် မိမိ၏အလုပ်အကျွေး (=ရှင်ရာဟုလာအလောင်း) သူကြွယ်၏အိမ်၌ ဆွမ်းအနုမောဒနာတရား ဟောကြားသည်ရှိသော် "ပထဝိန္ဓရနဂါးမင်း၏ဘုံဗိမာန်ကဲ့သို့ ဖြစ်ပါစေ"ဟု ဆုတောင်းစကား မိန့်ကြားလေ၏။ ထို့နောက် တနေ့သ၌ အလုပ်အကျွေး ဆွမ်းဒါယကာ သူကြွယ်က ထိုရသေ့ကို "အရှင်ဘုရား....အရှင်ဘုရားတို့သည် ဆွမ်းအနုမောဒနာမှု ပြုကြလတ်သော် 'ပထဝိန္ဓရနဂါးမင်း၏ ဘုံဗိမာန်ကဲ့သို့ ဖြစ်ပါစေ'ဟု မိန့်တော်မူကြကုန်၏၊ တပည့်တော်တို့သည် ဤစကား၏ အနက်အဓိပ္ပါယ်ကို မသိကြပါကုန်၊ ဤစကားရပ်သည် အဘယ်အနက်အဓိပ္ပါယ်ကို ဆိုအပ်လိုပါသနည်း ဘုရား"ဟု မေးမြန်းလေလျှင် ဆွမ်းခံရသေ့သည် "အိမ်း.... ဟုတ်ပေသည် သူကြွယ်....ငါသည် သင်တို့၏စည်းစိမ်ချမ်းသာ

သည် ပထဝိန္ဒရနဂါးမင်း၏ စည်းစိမ်ချမ်းသာကဲ့သို့ ဖြစ်ပါစေဟု ဆုတောင်းစကား ပြောကြားပေ၏”ဟု ဆို၍ ပထဝိန္ဒရနဂါးမင်း၏ စည်းစိမ်ချမ်းသာကြီးကျယ်ပုံကို ရှင်းလင်းပြောပြလေ၏။ ထိုသူကြွယ်သည် ထိုအချိန်မှစ၍ ပထဝိန္ဒရနဂါးမင်း၏ ဘုံဗိမာန်၌ အမြဲမပြတ် စိတ်ကိုညွတ်၍ ထားလေ၏။

အခြားရသေ့ (အရှင်ရဋ္ဌပါလအလောင်း သူကြွယ် ပင့်ထားသောရသေ့) သည် တာဝတိံသာနတ်ပြည်သို့ သွားရောက်၍ အလွန်တိတ်ဆိတ်လျက် ဗိမာန်ဝဝယ် နတ်ကုဏ္ဍိပင်ကြီး ပေါက်ရောက်နေသဖြင့် “သေရိသက” အမည်ရှိသော ဗိမာန်၌ နေ့သန့်နေထိုင်မှုကို ပြုလေ၏။ ထိုရသေ့သည် အသွား,အပြန်ပင် သိကြားနတ်မင်း၏စည်းစိမ်ကို နေ့စဉ်နေ့စဉ် တွေ့မြင်နေရ၍ မိမိ၏အလုပ်အကျွေး (=အရှင်ရဋ္ဌပါလအလောင်း) သူကြွယ်အား ဆွမ်းအနုမောဒနာတရား ဟောကြားလတ်သည်ရှိသော် “သိကြားမင်း၏ ဗိမာန်ကဲ့သို့ ဖြစ်ပါစေသတည်း”ဟု ဆုတောင်းစကား မိန့်ကြားလေ၏။ ထိုအခါ သူကြွယ်သည် ထိုရသေ့ကို(သူငယ်ချင်းသူကြွယ်က ထိုရသေ့ကို မေးသကဲ့သို့) အနက်အဓိပ္ပါယ်ကို မေးသဖြင့် ရသေ့သည်လည်း ရှေးရသေ့ကဲ့သို့ပင် “အိမ်း····ဟုတ်ပေသည် သူကြွယ်....ငါသည် ‘သင်တို့၏ စည်းစိမ်ချမ်းသာသည် သိကြားမင်း၏ စည်းစိမ်ချမ်းသာကဲ့သို့ ဖြစ်ပါစေ’ဟု ဆုတောင်းစကား ပြောကြားပေ၏”ဟု ဆို၍ သိကြားမင်း၏ စည်းစိမ်ချမ်းသာကြီးကျယ်ပုံကို ရှင်းလင်းပြောပြလေ၏။ သူကြွယ်သည်လည်း ရသေ့၏ အဖြေစကားကို ကြားသိရလေလျှင် ထိုအချိန်မှစ၍ သိကြားမင်း၏ ဘုံဗိမာန်၌ အမြဲမပြတ် စိတ်ကိုညွတ်၍ထားလေ၏။

ထိုသူကြွယ်သူငယ်ချင်း နှစ်ယောက်လုံးတို့ပင် ထိုဘဝမှ စုတေကြသောအခါ မိမိတို့တောင့်တအပ်သည့်အတိုင်း တဦးက ပထဝိန္ဒရနဂါးဘုံ၌ ပထဝိန္ဒရနဂါးမင်းဖြစ်၍ တဦးက တာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်လေ၏။

ပထဝိန္ဒရနဂါးမင်းသည် ထိုဘုံ၌ ဖြစ်သောခဏမှာပင် မိမိ၏ ကိုယ်ခန္ဓာအတ္တဘောကို ကြည့်၍ “ငါ့အိမ်သို့ ဆွမ်းခံကြွသော

ရှင်ရသေ့သည် ငါ့အား နှစ်သက်ဖွယ်မရှိသော အရပ်၏ ဂုဏ်ကျေးဇူးကို ပြောဆိုဘိ၏၊ ဤနဂါးဘုံသည်ကား ရင်ဖြင့်တွားသွား၍ ကျက်စားလှည့်လည်ရသော ဘုံဌာနဖြစ်၏၊ ထိုငါ့ဆရာရသေ့သည် ဤနဂါးဘုံမှတပါး အခြားဘုံဌာနကို မသိလေယောင်တကား" ဟု စဉ်းစားဆင်ခြင်ကာ နှလုံးမသာမယာ ဖြစ်ရှိလေ၏။ ထိုအခါ ထိုပထဝိန္ဓရနဂါးမင်းအား ထိုခဏမှာပင် အဆင်တန်းဆာစုံလင် တန်းဆာဆင်အပ်ပြီးဖြစ်ကြသည့် နဂါးကခြေသည်တို့သည် အလုံးစုံသော အရပ်ဒေသတို့၌ နတ်တူရိယာတို့ကို မြှောက်ချီတီးမှုတ်ကြကာ က-ခုန် ဖျော်ဖြေကြလေကုန်၏။ နဂါးမင်းသည် ထိုခဏမှာပင် နဂါး၏ ကိုယ်ခန္ဓာအတ္တဘောကို စွန့်၍ နတ်လုလင်အသွင်ရှိသူ ဖြစ်လေတော့၏။

အထူးအားဖြင့် လဆွဲတကြိမ် လဆွဲတကြိမ်ကျ စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့သည် သိကြားမင်းအား ခစားဆည်းကပ်ရန် သွားရောက်ကြကုန်၏၊ သို့ရကား ပထဝိန္ဓရ နဂါးမင်းသည်လည်း ဝိရူပက္ခနဂါးနတ်မင်းနှင့် အတူတကွ သိကြားမင်းအား ခစားဆည်းကပ်ရန် တနေ့သ၌ သွားရောက်လေသော် သိကြားမင်းသည် ပထဝိန္ဓရနဂါးမင်း လာနေသည်ကို အဝေးမှပင် မြင်၍ မှတ်မိ သိရှိလေ၏။ ထို့နောက် သိကြားမင်းသည် အနီးသို့ လာရောက် ခစားနေသော ထိုပထဝိန္ဓရနဂါးမင်းကို "မိတ်ဆွေ.... အဘယ်ဘုံဌာန၌ ဖြစ်၍နေသနည်း" ဟု နှုတ်ဆက်မေးမြန်းလေ၏။ ပထဝိန္ဓရနဂါးမင်းက "မပြောပါနှင့် အရှင်သိကြားမင်း........၊ အကျွန်ုပ်သည် ရင်ဖြင့်တွား၍ သွားရသော နဂါးဘုံဌာန၌ ဖြစ်၍ နေပါသည်၊ အရှင်သိကြားမင်းတို့မှာမူ မိတ်ဆွေကောင်းကို ရတော်မူကြပါပေကုန်ပြီ" ဟု ဝမ်းနည်းစကား ပြောကြားလေလျှင် သိကြားမင်းသည် "မိတ်ဆွေ....သင်သည် 'ငါကား မလျော်သော ဘုံဌာန၌ ဖြစ်ရလေခြင်း' ဟု တွေးရာလေးပါး စိတ်အကြံမများပါလင့်၊ လောက၌ ပဒုမုတ္တရမြတ်စွာဘုရား ထင်ရှားပွင့်ထွန်း၍ နေပါသည်၊ သင်သည် ထိုမြတ်စွာဘုရားရှင်၏ အထံတော်၌ အမိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ဤသိကြားမင်းဘုံဌာန

ကိုပင် တောင့်တပါလော့၊ ငါတို့နှစ်ဦးသား ချမ်းသာစွာ နေကြရပါကုန်အံ့”ဟု အားပေးစကား အကြံပေးစကား ပြောကြားလေ၏။ ပထဝိန္ဓရနဂါးမင်းသည် “ကောင်းပါပြီ အရှင်သိကြားမင်း....၌ ယခု အရှင်သိကြားမင်း မိန့်ဆိုသည့်အတိုင်း အကျွန်ုပ်လိုက်နာပြုကျင့်ပါမည်”ဟု ဝန်ခံပြောဆို၍ ပဒုမုတ္တရမြတ်စွာဘုရားရှင် ထံတော်သို့ သွားရောက်ကာ မြတ်စွာဘုရားကို (နက်ဖြန်မိမိဘုံဗိမာန်သို့ ကြွရောက်၍ အပူဇော်ခံရန်) ပင့်ဖိတ်ပြီးလျှင် မိမိ၏ နဂါးဘုံ၌ နဂါးပရိသတ်နှင့် အတူတကွ ညဉ့်သုံးယံပတ်လုံး ပူဇော်ဖွယ်ဝတ္ထုအစုစုကို ပြုလုပ်စီမံလေ၏။

မြတ်စွာဘုရားသည် နောက်တနေ့၌ အရဟတ်တက်လတ်သော် ကိုယ်တော်မြတ်၏ အလုပ်အကျွေးဖြစ်သော အရှင်သုမန-မထေရ်ကို “ချစ်သားသုမန....ယနေ့ မြတ်စွာဘုရားသည် အဝေးအရပ်သို့ ဆွမ်းခံကြွလိမ့်မည်၊ ပုထုဇန်ရဟန်းများ မလိုက်ပါ မလာရောက်စေလင့်၊ ပိဋကတ်သုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တ ဆဠဘိညာ-ရဟန္တာများသာ ငါဘုရားနှင့် အတူတကွ လိုက်ပါလာရောက်ကြကုန်စေ”ဟု မိန့်တော်မူလေ၏။ မထေရ်သည် မြတ်စွာဘုရား၏ အမိန့်စကားကို ကြားနာပြီးလျှင် ခပ်သိမ်းသော ရဟန်းတို့အား ထိုအကြောင်းကို ပြောကြားလျှောက်ထားလေ၏။

ထို့နောက် မြတ်စွာဘုရားနှင့် အတူတကွ ပိဋကတ်သုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တ ဆဠဘိညာ-ရဟန္တာတသိန်းတို့သည် ကောင်းကင်သို့ ပျံတက်ကြကာ ပထဝိန္ဓရနဂါးမင်း၏ ဘုံဗိမာန်ရှိရာသို့ ကြွတော်မူကြလေကုန်၏။ ပထဝိန္ဓရနဂါးမင်းသည် မိမိ၏ နဂါးပရိသတ်နှင့် အတူတကွ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုရန် လာရောက်သည်ရှိသော် မြတ်စွာဘုရားရှင်ကို ဝန်းရံလျက် သမုဒ္ဒရာရေပြင်ထက်ဝယ် မြအဆင်းရောင်ရှိသည့် လှိုင်းတံပိုးတို့ကို ကြိတ်နင်းကြွချီလာသော ရဟန်းသံဃာကို ဖူးမြင်ရ၍ အားရဝမ်းသာဖြစ်ရှိကာ ရှေ့ဦးမှ မြတ်စွာဘုရားကိုငှင်း, နောက်ဆုံးမှ အငယ်ဆုံးသံဃာ (=သံဃနော) မြတ်စွာဘုရား၏သား ဥပ-ရေဝတမည်သော သာမဏေငယ်ကိုငှင်း ကြည့်ရှုလျက် “ကြွင်း

ကျန်သော သာစကရဟန်းတို့၏ ဤသို့သော တန်ခိုးအာနုဘော်ကား လက်ဖျစ်တီး၍ မအံ့ချီးထိုက်သေးပါ၊ အလွန်ပျိုမျစ်နုနယ်သူငယ်ဖြစ်သော ဤသာမဏေငယ်၏ ဤသို့သော တန်ခိုးအာနုဘော်ကသာ လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ”ဟု စဉ်းစားဆင်ခြင်ကာ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိလေ၏။

ထို့နောက် နဂါးမင်း၏ ဘုံဗိမာန်၌ မြတ်စွာဘုရားရှင် ထိုင်နေတော်မူပြီးလျှင် ကြွင်းကျန်သော ရဟန်းတို့လည်း အစွန်မှစ၍ မိမိတို့ ဝါစဉ်အလိုက် ကျရောက်ရာနေရာတို့၌ ထိုင်တော်မူကြသည် ရှိသော် မြတ်စွာဘုရား၏မျက်မှောက်(ရှေ့တည့်တည့်)အရပ်၌ပင် ရှင်ဥပရေဝတ-သာမဏေငယ်၏ နေရာသည် ကျရောက်လေ၏၊ ထိုနေရာ၌ ဥပရေဝတ သာမဏေငယ်သည် ထိုင်နေလေ၏။ ထိုအခါ ပထဝိန္ဒရနဂါးမင်းသည် ယာဂုကို လှူကပ်သော်ငြား, ခဲဖွယ်ကို လှူကပ်သော်ငြား မြတ်စွာဘုရားကို တလှည့်, ရှင်ဥပ-ရေဝတကို တလှည့် လှည့်ကာ လှည့်ကာ ကြည့်ရှုလေ၏။

ရှင်ဥပရေဝတ၏ ကိုယ်၌ မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှာကဲ့သို့ မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ပေါ်လျက်ရှိကြကုန်၏၊ ထို့ကြောင့် နဂါးမင်းသည် မြတ်စွာဘုရားရှင်နှင့် ရှင်ဥပရေဝတကို တလှည့်စီ ကြည့်ရှုဖူးမြော်လေသည်။ ထို့နောင်မှ နဂါးမင်းသည် “ဤသာမဏေကား ဘုရားရှင်နှင့် ပိုပန်းသဏ္ဌာန် တူလှစွာ၏၊ အဘယ်သို့များ တော်စပ်ပါမည်နည်း”ဟု ကြံစည်စဉ်းစားမိ၍ အနီး၌ ထိုင်နေသော ရဟန်းတပါးကို “အရှင်ဘုရား.... ဤသာမဏေငယ်ကလေးသည် မြတ်စွာဘုရားရှင်နှင့် အဘယ်သို့ တော်စပ်ပါသနည်းဘုရား”ဟု လျှောက်ထားမေးမြန်းလေ၏။ ထိုအမေးခံရသော ရဟန်းက “နဂါးမင်း....ဤသာမဏေငယ်သည် မြတ်စွာဘုရား၏ သားတော်ဖြစ်ပါ၏”ဟု ဖြေကြားမိန့်ဆိုလေလျှင် ပထဝိန္ဒရနဂါးမင်းသည် ဤရဟန်းကား အလွန်ကြီးမြတ်စွာ့တကား၊ ဤသို့စဉ် တင့်တယ်ခြင်း အထွဋ်အထိပ်သို့ ရောက်တော်မူသော မြတ်စွာဘုရား၏ သားတော်အဖြစ်ကို ရရှိပေ၏၊ ဤသာမဏေငယ်၏ ကိုယ်သည်

လည်း တစိတ်တဒေသအား ဖြင့် မြတ်စွာဘုရားတို့၏ ကိုယ်တော်နှင့် တူလှစွာ၏၊ ငါသည်လည်း နောက်အခါဝယ် ဤသာမဏေ ငယ်ကဲ့သို့ ဖြစ်မှ သင့်တော့မည်"ဟု ကြံစည်စဉ်းစား၍ ခုနစ်ရက်ကြာ မဟာဒါနကြီး ပေးလှူပြီးလျှင် "မြတ်စွာဘုရား....တပည့်တော်သည် ဤအဓိကာရကောင်းမှု ကုသိုလ်ကံအာနုဘော်ကြောင့် ဤဥပရေဝတ-သာမဏေငယ်ကဲ့သို့ နောက်အခါဝယ် တဆူဆူသော ဘုရားရှင်၏ သားတော်ဖြစ်ရပါလို၏"ဟု ဆုတောင်းပတ္ထနာမှုကို ပြုလေ၏။ မြတ်စွာဘုရားသည် အန္တရာယ်မရှိ ဆုတောင်းချက်ပြည့်မည်ကို သိမြင်တော်မူ၍ "နောက်အခါ ဂေါတမမြတ်စွာဘုရား၏ သားတော်စင်စစ်ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် ဖဲကြွတော်မူလေ၏။ (ဤကား အရှင်ရာဟုလာအလောင်း ဗျာဒိတ်ခံရခြင်းတည်း)။

ပထဝိန္ဓရနဂါးမင်းသည်လည်း နောက်တဖန် လဲ့ရောက်လတ်သော် ဝိရူပက္ခနဂါးမင်းနှင့် အတူတကွ သိကြားမင်းအား ဆည်းကပ်ခစားရန် သွားရောက်ပြန်လေ၏။ ထိုအခါ သိကြားမင်းသည် မိမိအနီး၌ ရပ်တည်လာသော ပထဝိန္ဓရနဂါးမင်းကို "မိတ်ဆွေ.... သင်သည် ဤတာဝတိံသာ နတ်ပြည်လောကကို တောင့်တပတ္ထနာမှု ပြုအပ်ပြီလော"ဟု မေးလေ၏။ ပထဝိန္ဓရနဂါးမင်းက "မတောင့်တခဲ့မိပါ အရှင်သိကြားမင်း...."ဟု ဖြေကြားလေလျှင် သိကြားမင်းသည် "အဘယ်အပြစ်ကို မြင်၍ မတောင့်တသနည်း"ဟု တဖန် မေးပြန်လေ၏။ ထိုအခါ ပထဝိန္ဓရနဂါးမင်းသည် "အပြစ်မရှိပါ အရှင်သိကြားမင်း....၊ စင်စစ်သော်ကား အကျွန်ုပ်သည် မြတ်စွာဘုရား၏ သား ဥပရေဝတ သာမဏေငယ်ကို အံ့ဩဖွယ် ဖူးတွေ့ခဲ့ရပါပြီ၊ ထိုသာမဏေငယ်ကို မြင်အပ်သည့်အချိန်မှစ၍ အကျွန်ုပ်၏စိတ်သည် အခြားတပါး ဆုတောင်းရန် အချက်များ၌ မညွတ်တော့ပါ၊ အကျွန်ုပ်သည် 'နောက်အခါဝယ် တဆူဆူသော ဘုရားရှင်၏ ဤဥပရေဝတသာမဏေငယ်ကဲ့သို့သော သားတော်စင်စစ် ဖြစ်ရပါလို၏'ဟု ဆုတောင်းပတ္ထနာမှု ပြုပြီးခဲ့ပါပြီ၊ အို အရှင်သိကြားမင်း.... အရှင်သိကြားမင်း

သည်လည်း တခုခု ဆုတောင်းမှုပြုတော်မူပါလော့၊ အရှင်သိကြားမင်းနှင့်အကျွန်ုပ်တို့သည် ဖြစ်လေရာရာသံသရာဘဝ ဘုံဌာနဌ မကွဲမကွာ ဖြစ်ကြပါကုန်စို့”ဟု တိုက်တွန်းစကား ပြောကြားလေ၏။

သိကြားမင်းသည် ပထဝိန္ဓရနဂါးမင်း၏စကားကို လက်ခံပြီးလျှင် ကြီးမြတ်သောအာနုဘော်ရှိသော ရဟန်းတော်တပါးကို မြင်ရ၍ “ဤအမျိုးကောင်းသားသည် အဘယ်အမျိုးမှ တောထွက်၍ ရဟန်းပြုခဲ့လေသနည်း”ဟု ဆင်ခြင်လတ်သော် “ဤအမျိုးကောင်းသားသည် ကွဲပြားသော တိုင်းနိုင်ငံကို တဖန်စေ့စပ်ခြင်းငှါ စွမ်းဆောင်နိုင်သည့် မြတ်သောအမျိုး၏ သားထူးဖြစ်၍ (၁၄) တဆယ့်လေးထပ် အစာကိုဖြတ်ပြီးလျှင် (ခုနစ်ရက် အစာငတ်ခံပြီးလျှင်) မိဖတို့ကို ရှင်ရဟန်းပြုရန်အခွင့်ကို မရအရတောင်း၍ ရှင်ရဟန်းပြုခဲ့သူ ဖြစ်ပါပေတကား”ဟု ကောင်းစွာသိပြီးလျှင် မသိဟန်ဆောင်၍ ပဒုမုတ္တရမြတ်စွာဘုရားရှင်ကို မေးမြန်းလျှောက်ထားပြီးနောက် ခုနစ်ရက်ကြာ ကြီးစွာသော ပူဇော်သက္ကာရမှု ပြု၍ “မြတ်စွာဘုရား....တပည့်တော်သည် ဤကောင်းမှု၏ အကျိုးဆက်ကြောင့် အရှင်ဘုရားတို့၏ သာသနာဝယ် ဤ(သဒ္ဓါပဗ္ဗဇိတ)အမျိုးကောင်းသား ရဟန်းတော်ကဲ့သို့ နောက်အခါဝယ် တဆူဆူသော ဘုရားရှင်၏ သာသနာတော်၌ သဒ္ဓါကြည်ညို၍ ရဟန်းပြုကြသည့် ရဟန်း (= သဒ္ဓါပဗ္ဗဇိတ ရဟန်း)တို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်ရပါလို၏”ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။ မြတ်စွာဘုရားရှင်သည် အန္တရာယ်မရှိ ထိုသိကြားမင်း၏ ဆုတောင်းချက်ပြည့်မည်ကို သိမြင်တော်မူလတ်၍ “ဒါယကာသိကြားနတ်မင်း.... သင်သည် နောက်အခါ ဂေါတမမြတ်စွာ သာသနာ၌ သဒ္ဓါပဗ္ဗဇိတ ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်လိမ့်မည်”ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် ဖဲကြွတော်မူလေ၏။

သိကြားနတ်မင်းသည်လည်း ပဒုမုတ္တရမြတ်စွာဘုရားရှင်အထံတော်မှ ဗျာဒိတ်ကိုခံယူပြီးနောက် မိမိ၏နတ်ပြည်သို့သာလျှင်

ပြန်သွားလေ၏။ (ဤကား အရှင်ရဋ္ဌပါလအလောင်း ဗျာဒိတ်ခံရခြင်းတည်း)။

## အရှင်ရဋ္ဌပါလ၏ ဝေယျာဝစ္စမှုဘဝ

ထိုသူနှစ်ဦးလုံးတို့ပင် မိမိတို့ဖြစ်ရာ သိကြားမင်းဘဝ, ပထဝိန္ဓရ နဂါးမင်းဘဝတို့မှ စုတေခဲ့ကြပြီးလျှင် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားကြကုန်လျက် ကမ္ဘာထောင်ပေါင်းများစွာတို့ကို လွန်ခဲ့ကြလေသည်။ အထူးအားဖြင့် ဤကမ္ဘာမှအထက် (၉၂) ကိုးဆယ့်နှစ်ကမ္ဘာထက်ဝယ် ဖုဿမြတ်စွာဘုရားသည် လူသုံးပါး၌ ထင်ရှားပွင့်တော်မူခဲ့လေသည်။ ထို ဖုဿမြတ်စွာဘုရား၏ ခမည်းတော်ကား မဟိန္ဒမင်းကြီး ဖြစ်သည်၊ ထိုဖုဿမြတ်စွာဘုရား၏ ဖတူမိကွဲ မင်းသားညီနောင် သုံးယောက်တို့ ရှိကြလေသည်။ မဟိန္ဒမင်းကြီးသည် နေ့တိုင်း နေ့တိုင်းပင် "ဘုရားရှင်သည် ငါ့ဘုရားသာလျှင် ဖြစ်၏၊ တရားတော်သည် ငါ့တရားသာလျှင် ဖြစ်၏၊ သံဃာတော်သည် ငါ့သံဃာသာလျှင် ဖြစ်၏"ဟု မရက်မစက် မြတ်နိုးလျက် (သူတပါးတို့အား ပြုစုခွင့် မပေးပဲ) မြတ်စွာဘုရားနှင့်တကွ သံဃာတော်ကို အမြဲမပြတ် ဆွမ်းဆက်ကပ်လေသည်။

ထိုနောက် တနေ့သ၌ မဟိန္ဒမင်းကြီး၏ ပစ္စန္တရစ်=နယ်စွန်နယ်ဖျားသည် သူပုန်ရန်ကြောင့် ပျက်စီးလုမတတ် ဖြစ်၍နေ၏။ မင်းကြီးသည် သားတော်သုံးယောက်တို့ကို "ချစ်သားတို့...... ပစ္စန္တရစ်=နယ်စွန်နယ်ဖျားမှာ သူပုန်ထလျက်ရှိသည်၊ ချစ်သားတို့သော်၎င်း, ငါခမည်းတော်သော်၎င်း သွားရောက်မှသင့်ချေမည်၊ အကယ်၍ ငါခမည်းတော်သွားရောက်ရလျှင် ချစ်သားတို့သည် ဤနည်းအတိုင်း မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးကြရမည်"ဟု မိန့်ဆိုလေ၏။ ထိုအခါ မင်းသားသုံးယောက်လုံးကပင် တပြိုင်နက်တည်း "ခမည်းတော်ဘုရား....ခမည်းတော်တို့သွားရမည့်ကိစ္စ မဟုတ်ပါ၊ အကျွန်ုပ်တို့သည်ပင် သွားရောက်ကြ၍ သူပုန်ရန်လေ့ငြိမ်းအေးစေကြပါမည်"ဟု တညီတညွတ်တည်း လျှောက်ထားကြ

၍ ခမည်းတော်မင်းကြီးကိုရှိခိုးကြပြီးလျှင် ပစ္စန္တရစ်သို့သွားရောက်ကြကာ သူပုန်ရန်ကို နှိမ်နင်းကြပြီးနောက် စစ်ပွဲအောင်နိုင်ခဲ့ကြ၍ နေပြည်တော်သို့တဖန် ပြန်ခဲ့ကြလေကုန်သည်။

မင်းသားသုံးယောက်တို့သည် လမ်းခရီးအကြား၌ ခြေရင်းအလုပ်အကျွေး လူယုံတော်များနှင့် "အမောင်တို့.......ငါတို့အား နေပြည်တော်သို့ ရောက်သောခဏမှာပင် ခမည်းတော်မင်းကြီးသည် ဆုပေးတော်မူလိမ့်မည်၊ အဘယ်ဆုကို ငါတို့ ယူကြရမည်နည်း" ဟု တိုင်ပင်စကား ပြောကြားကြကုန်၏။ လူယုံတော်များက "အရှင်မင်းသားတို့... အရှင်တို့အဖို့ရာ ခမည်းတော်ကြီး နတ်ရွာစံလွန်သောအခါ၌ ရခဲသောအရာဟူ၍ မရှိ ဖြစ်လေသည်၊ စင်စစ်သော်ကား အရှင်မင်းသားတို့၏ နောင်တော်ကြီးဖြစ်တော်မူသည့် ဖုဿမြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးခွင့်ဆုကိုသာ ယူတော်မူကြပါကုန်လော့" ဟု အကြံပေးစကား လျှောက်ထားကြလေလျှင် မင်းသားတို့သည် "အမောင်တို့....အမောင်တို့သည်ကောင်းသော အကြံပေးစကား ပြောကြားအပ်ပါပေသည်" ဟု အကြံပေးချက်ကို လက်ခံကြ၍ အားလုံးပင်စိတ်သဘောတူညီကြကာ နေပြည်တော်သို့ ပြန်ရောက်၍ ခမည်းတော်မင်းကြီးကို သွားရောက်ဖူးမြော်တွေ့ဆုံကြလေ၏။

ထိုအခါခမည်းတော်မင်းကြီးသည် သားတော်တို့အား အားရကြည်ညိုလှ၍ ဆုကိုပေးလေ၏။ မင်းသားတို့က "သုံးလပတ်လုံး မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးကြပါကုန်အံ့" ဟု ဆုတောင်းကြလေလျှင် မင်းကြီးသည် "ဤဆုကိုကား ငါမပေးနိုင်၊ အခြားဆုတခုကို လွှဲပြောင်းယူကြလော့" ဟု ဆိုလေ၏။ မင်းသားတို့သည် "ခမည်းတော်ဘုရား........အကျွန်ုပ်တို့အဖို့ရာ အခြားတပါးသောဆုဖြင့် အလုပ်ကိစ္စ မရှိပါ၊ အကယ်၍ ခမည်းတော်ဘုရားတို့ဆုပေးတော်မူလိုကြပါလျှင် ဤ (မြတ်စွာဘုရားကို သုံးလကြာ ပြုစုနိုင်ခွင့်) ဆုကိုသာ အကျွန်ုပ်တို့အား ပေးတော်မူကြပါ" ဟု အခိုင်အမာစကား လျှောက်ထား တောင်းခံကြလေ၏။ မင်းကြီးသည် မင်းသားတို့က အဖန်ဖန် အထပ်ထပ် ပြောဆိုတောင်းခံကြလတ်

သော် ကိုယ်တိုင်ကပင် လိုရာဆုကို ပေးပါမည်ဟု ဝန်ခံအပ်ပြီး ဖြစ်သောကြောင့် "ငါသည် မပေးပဲ မနေနိုင်" ဟု ကြံစည် ဆင်ခြင်မိ၍ သားတော်များကို "ချစ်သားတို့...ငါသည် သင်တို့အား ဝန်ခံရင်းအတိုင်း သင်တို့လိုသည့်ဆုကို ပေးပါမည်၊ အထူးမှာတား ငါ့မည်းတော် ပြောကြားလိုသည်မှာ မြတ်စွာဘုရားတို့မည်သည် တကိုယ်တည်း လှည့်လည် နေတော်မူကြသည်ဖြစ်၍ ကေသရခြင်္သေ့မင်းတို့ပမာ လွန်စွာချဉ်းကပ်နိုင်ခဲကုန်၏၊ သို့ရကား သင်ချစ်သားတို့သည် မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးကြလျှင် မမေ့မလျော့ပဲ ပြုစုလုပ်ကျွေးကြကုန်လော့"ဟု မိန့်ဆိုလေ၏။

မင်းသားညီနောင် သုံးဦးတို့သည် "ငါတို့သည် မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးကြလျှင် မြတ်စွာဘုရားအရှင်တော်နှင့် သင့်လျော်အောင် ပြုလုပ်ကြ၍ ပြုစုလုပ်ကျွေးကြမှ သင့်တော်မည်"ဟု ကြံစည်တိုင်ပင်ကြ၍ စိတ်သဘောတူညီကြလျက် ဆယ်ပါးသီလတို့ကို ဆောက်တည်ခံယူကြပြီးလျှင် *အကုသိုလ်တည်းဟူသော အပုပ်နံ့ လုံးဝမရှိကြပဲ မြတ်စွာဘုရားရှင်အား လှူဒါန်းရမည့် အလှူတင်းကုပ် ဒါနအလုပ်ဝယ် အားထုတ်ရွက်ဆောင်ကြမည့် ရွှေဆောင်ယောကျာ်း သုံးဦးသားတို့ကို ခန့်ထားကြလေ၏။

---

* နိရာမဂန္ဓာ (အဋ္ဌကထာ)=အကုသိုလ်တည်းဟူသော အပုပ်နံ့ ကိလေသာတည်းဟူသော အပုပ်နံ့ လုံးဝမရှိကြပဲ-ဟု အနက်ယောဇနာရန် ဋီကာ၌ ဖွင့်ပြလေသည်။ မှန်၏-ဤအရာ၌ ကိလေသာတရား မပြတ် ဖြစ်ပွါးခြင်းကို အပုပ်နံ့ဟူ၍ အာမဂန္ဓဟူ၍ ခေါ်ဆိုအပ်သည်၊ အကြောင်းကား ထိုကိလေသာတရား မပြတ်ဖြစ်ပွါးလျှင် နှစ်သက်ဖွယ်မရှိသောကြောင့်၎င်း, ကိလေသာမစင်တို့နှင့် ရောထွေးသောကြောင့်၎င်း, သူတော်ကောင်းတို့စက်ဆုပ်အပ်သောကြောင့်၎င်း အလွန့်အလွန် ရနံ့မကောင်း ပုပ်လှောင်းအောင် ရွက်ဆောင်တတ်သောကြောင့်၎င်းတည်း။ ထိုသို့ အကုသိုလ်တရား ကိလေသာတရားတို့၏ ရနံ့မကောင်း ပုပ်လှောင်းအောင် ရွက်ဆောင်တတ်ရာ၌ အထောက်သာဓက ဉပကာကို ဖော်ပြရလျှင် ကိလေသာ ပြောထူသောသူတို့သည် အလွန့်အလွန် ပုပ်လှောင်း ရနံ့မကောင်းကုန်၊ ထိုကြောင့်ပင် ကိလေသာမရှိသော ပုဂ္ဂိုလ်တို့၏ သေပြီး သူကောင်အလောင်းသည် ရနံ့မကောင်း မဖြစ်ချေ။ ဋီကာမှ အထူး ကောက်နုတ်ဖော်ပြအပ်ပါသည်။

ထိုသုံးဦးသားတို့တွင် တဦးကား ဥစ္စာစပါးဖြစ်အောင် ရှေ့ဆောင်အားထုတ်ရ၏၊ အခြားတဦးကား နေ့စဉ် ကုန်ကျမည့် စရိတ်အတွက် ဥစ္စာစပါးကို အပြည့်အဝဖြစ်အောင် ရှေ့ဆောင်၍ ထုတ်ဆောင်ခြင်တွယ်ပေးရ၏၊ အခြားတတိယတဦးကား လျှာဒါန်းမှုကိစ္စ ပြည့်စုံထမြောက်အောင် ရှေ့ဆောင်စီမံရ၏။ ထိုသူသုံးယောက်တို့အနက် ဤယခု နောက်ဆုံး ပစ္ဆိမဘဝ အကျွန်ုပ်တို့၏ ဖြတ်စွာဘုရား လက်ထက်တော်အခါဝယ် ပဌမလူ=ဥစ္စာစပါး ဖြစ်ပွါးလာအောင် ရှေ့ဆောင်အားထုတ်ရသော ယောက်ျားသည် ဗိမ္ဗိသာရမင်းကြီး ဖြစ်လာလေသည်၊ ဒုတိယလူ=ဥစ္စာစပါးကို အပြည့်အဝဖြစ်အောင် ရှေ့ဆောင်၍ ခြင်တွယ်ထုတ်ပေးရသော ယောက်ျားသည် ဝိသာခသူဌေးဖြစ်လာ၏၊တတိယလူ=အလှူဒါနဝေယျာဝစ္စမှုးယောက်ျားသည် အရှင်ရဋ္ဌပါလမထေရ် ဖြစ်လာလေသည်။

## အရှင်ရာဟုလာ၏ ပထဝိန္ဒရမင်းသားဘဝ

အရှင်ရာဟုလာမထေရ်သည်ကား ကဿပမြတ်စွာ လက်ထက်တော်အခါဝယ် ကာသိတိုင်းရှင် ဘုရင်ကိကီမင်းကြီး၏သားတော်အကြီး ဖြစ်လာလေသည်၊ ထိုသားတော်ကြီး၏ အမည်ကို မယ်တော်, ခမည်းတော်တို့က "ပထဝိန္ဒရမင်းသား"ဟု မှည့်ခေါ်ကြလေသည်၊ ထိုမင်းသားမှာ—

(၁) ခေမာထေရီအလောင်း—သမဏီမင်းသမီး,

(၂) ဥပ္ပလဝဏ်ထေရီအလောင်း=သမဏဂုတ္တာမင်းသမီး,

(၃) ပဋာစာရာထေရီအလောင်း=ဘိက္ခုနီမင်းသမီး,

(၄) ကုဏ္ဍလကေသီထေရီအလောင်း=ဘိက္ခုဒါယိကာမင်းသမီး,

(၅) ကိသာဂေါတမီ ထေရီအလောင်း=ဓမ္မာမင်းသမီး,

(၆) ဓမ္မဒိန္နာထေရီအလောင်း....သုဓမ္မာမင်းသမီး,

(၇) ဝိသာခါဥပါသိကာအလောင်း = သံဃဒါယိကာ မင်းသမီး—

ဟူ၍ ညီမ = နှမ ခုနစ်ယောက်တို့ ရှိကြလေသည်။

ညီမ=နှမ မင်းသမီးခုနစ်ယောက်တို့က အသီးအသီး ကဿပမြတ်စွာ ဘုရားရှင်အတွက် ပရိဝုဏ်ခုနစ်ခုကို ဆောက်လုပ်စေပြီး လှူဒါန်းပြီး ဖြစ်ကြသောအခါမှာ ပထဝိန္ဓရမင်းသားသည် အိမ်ရှေ့ရာထူးကို ရရှိလေသည်၊ မင်းသားသည် ထိုသို့ အိမ်ရှေ့ရာထူးကို ရရှိသောအခါ ညီမ = နှမ မင်းသမီးခုနစ်ယောက်တို့ကို "ညီမတို့....သင်တို့ ဆောက်လုပ်ပြီးသော ပရိဝုဏ်ခုနစ်ခုတို့ အထဲမှ တခုကို ငါ့အားလည်း ခွဲဝေပေးကြပါဦး"ဟု တောင်းခံစကားပြောကြားလေသည်။ ထိုအခါ မင်းသမီးတို့သည် "မောင်ကြီး.... မောင်ကြီးတို့သည် အိမ်ရှေ့မင်းအဖြစ်၌ တည်ကြပြီးသူများ ဖြစ်ကြပါသည်၊ မောင်ကြီးတို့ကသာ အကျွန်ုပ်ညီမငယ်များအား ပေးသင့်ပါသည်၊ မောင်ကြီးတို့သည် အခြားပရိဝုဏ် အသစ်တခုကို တည်ဆောက်ကြစေချင်ပါသည်"ဟု ပြန်ကြား ပြောဆိုကြလေ၏။

ပထဝိန္ဓရအိမ်ရှေ့မင်းသားသည် ညီမမင်းသမီးတို့ ပြောဆိုသောစကားကို ကြားသိရပြီးနောက် အိမ်ရှေ့မင်းဟူသောဂုဏ်နှင့် လိုက်လျောအောင် ကျောင်းတိုက်ကြီးပေါင်း (၅၀၀)ငါးရာ တည်ဆောက်လှူဒါန်းလေ၏။ (ပရိဝုဏ်ငါးရာဟုလည်းဆိုကြ၏)။ ပထဝိန္ဓရမင်းသားသည် ထိုဘဝ၌ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်လေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုကြခြင်း

ဤအကျွန်ုပ်တို့၏ ဘုရားမြတ်စွာ သာသနာခေတ်သို့ ရောက်လတ်သော်ကား ပထဝိန္ဓရမင်းသားသည် အကျွန်ုပ်တို့မြတ်စွာဘုရားအလောင်းတော် (သိဒ္ဓတ်မင်း)၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဖြစ်သူ ယသော်ဓရာမိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ ယူနေဖြစ်ပွါးကာ ရာဟုလာမင်းသားဟု ထင်ရှားလာ

လေသည်။ ထိုရာဟုလာ၏ သူငယ်ချင်းကား ကုရုတိုင်း ထုလ္လ-ကောဋ္ဌိကနိဂုံးဝယ် ရဋ္ဌပါလသူဌေးအိမ်၌ ရဋ္ဌပါလ-မည်သော သူဌေးသား ဖြစ်လာလေသည်။

(ဤမှနောက်—ရာဟုလမင်းသားကို ရှင်ပြုပေးသော အကြောင်း အရာအကျယ်ကို အောက်မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၁၃၂-၌ ပြန်လည်ကြည့်ရှု မှတ်သားကုန်ရာ၏။ အရှင်ရာဟုလာကို အကြောင်း ပြု၍ မဟာရာဟုလောဝါဒသုတ်ကို ဟောတော်မူခြင်း, အရှင်ရာဟုလာ ကို အကြောင်းပြု၍ များစွာသော တရားဒေသနာတို့ကို ဟောတော် မူခြင်း-စသော အကြောင်းအရာများကို အောက်မဟာဗုဒ္ဓဝင် စတုတ္ထတွဲ စာမျက်နှာ ၁၇၃-မှစ၍ ပြန်လည်ကြည့်ရှု မှတ်ယူကုန်ရာ၏)။

**အရှင်ရာဟုလာ၏ သိက္ခာသုံးပါး လိုလားပုံအကြောင်း**

(အောက်မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၁၃၂-၌ ပြဆို အပ်ခဲ့ပြီးသောအတိုင်း) မြတ်စွာဘုရားသည် ရှင်သာမဏေပြုစေ ပြီးနောက် ရာဟုလသာမဏေအား အမြဲမပြတ် ဆုံးမတော်မူသော အားဖြင့် သုတ္တနိပါတ် ပါဠိတော်လာ ရာဟုလောဝါဒသုတ္တန်ကို ဟောကြားတော်မူလေသည်။ (ခုဒ္ဒကပါဌာဒိ ပိဋက မြန်မာပြန် "ခု မြန် ၁၊ မျက်နှာ ၃၁၀-၃၁၁"၌ ကြည့်ပါလေ၊)၅၊ "အဘိဏှ-ရာဟုလောဝါဒသုတ်"တရားသားအချုပ်ကိုလည်း—

(မိတ်ကောင်းမှီစေ၊ တောရပ်နေ၊ သုံးလေ မတ္တညူ။
ပစ္စည်း ၄-ဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု။
ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု။
တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်စေပိတ်ဆို့ပြု။
သတိမြဲရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု။
သုဘနိမိတ်၊ ခွါရှောင်ဆိတ်၊ ဈာန်စိတ်ပိုင်အောင်ရှု။
အနိမိတ္တ၊ ထင်စေမှု၊ မာနက္ခာအောင်ရှု။
ဤနည်းကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမှန်သည်ဟု။
ရာဟုလာအား၊ ဗုဒ္ဓဘုရား၊ ဟောကြားနေ့နေ့မှု)—

ဟူသော လင်္ကာအတိုင်း မှတ်ယူရာ၏။

ရာဟုလသာမဏေသည်လည်း စောစီးစွာ အိပ်ရာက ထပြီးလျှင် လက်ခုပ်ဖြင့် သဲမှုန့်များကို ကျုံးယူပြီးနောက် "ငါသည် ယနေ့အဖို့ရာ မြတ်စွာဘုရားရှင် အထံတော်မှ၎င်း၊ ဆရာဥပဇ္ဈာယ်တို့၏ အထံမှ၎င်း ဤသဲမှုန့်နှင့်အမျှ အဆုံးအမ ဩဝါဒကို ရပါလို၏"ဟု ဆိုလေ့ရှိ၏။ သို့ရကား ရဟန်းသံဃာတို့အလယ်၌ "ရာဟုလသာမဏေသည် အဆုံးအမကို လွယ်ကူစွာ ခံယူသူ ဖြစ်စွာ့တကား၊ ခမည်းတော် မြတ်စွာဘုရားအား သင့်လျော်လျောက်ပတ်သည့် သားထူးသားမြတ် ဖြစ်စွာ့တကား"ဟု ရာဟုလာနှင့်စပ်သည့် ဂုဏ်ကျေးဇူးစကား ထင်ရှားဖြစ်လေသည်။

မြတ်စွာဘုရားသည် ရဟန်းတို့၏ စိတ်ဖြစ်ပုံကို သိတော်မူ၍ "ငါဘုရား ကြွသွားလျှင် တရားဒေသနာတခုလည်း တိုးပွါးဖြစ်ထွန်းလိမ့်မည်၊ ရာဟုလာ၏ ဂုဏ်ကျေးဇူးသည်လည်း ပေါ်လွင်ထင်ရှားလိမ့်မည်"ဟု ကြံစည် ဆင်ခြင်တော်မူကာ ဓမ္မသဘင်သို့ ကြွတော်မူ၍ ဗုဒ္ဓါသန ဓမ္မပလ္လင်၌ ထိုင်နေတော်မူလျက် ရဟန်းတို့ကို ရဟန်းတို့…ယခုအခါ သင်တို့သည် အဘယ်စကားဖြင့် စည်းဝေးညီမူ၍ နေကြသနည်း"ဟု မေးတော်မူလေ၏။ ရဟန်းတို့က "မြတ်စွာဘုရား….တပည့်တော်တို့သည် ရာဟုလသာမဏေ၏ အဆုံးအမကို လွယ်ကူစွာ ခံယူခြင်းနှင့်စပ်သော ဂုဏ်ကျေးဇူးစကားကို ပြောကြား၍ နေကြပါသည်ဘုရား"ဟု လျှောက်ထားကြလေလျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ထိုအကြောင်းဝတ္ထု၌ (ဧကကနိပါတ်၊ ၂-သီလဝဂ်၊ ၆-ခုမြောက်) တိပလ္လတ္ထမိဂဇာတ်ကို ဟောတော်မူလေသည်။ (ထိုဇာတ်တော်အကြောင်းအရာအကျယ်ကို ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု ဧကကနိပါတ်မှ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

မြတ်စွာဘုရားသည် ရှင်ရာဟုလာအား ခုနစ်နှစ်အရွယ် သာမဏေငယ်အခါ၌ပင် "ရာဟုလာသည် ငယ်ရွယ်သူဖြစ်သောကြောင့် မုသားစကား ပြောကြားလေရာ၏၊ မြူးထူးပျော်ရွှင်လိုသဖြင့်လည်း မုသားစကား မပြောကြားပါစေလင့်" ဟု ရည်ရွယ်တော်မူကာ (မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ-လာ)အမ္ဗလဋ္ဌိက ရာဟုလောဝါဒ

သုတ်ကို ဟောတော်မူလေသည်။ (ထိုအကြောင်းကို အောက်မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၁၆၀-မှစ၍ အကျယ်ရေးခဲ့ပြီ)။

(၁၈) -ဘဆယ့်ရှစ်နှစ်သားအရွယ် သာမဏေအခါ၌ မဟာရာဟုလောဝါဒသုတ်ကို ဟောတော်မူလေသည်။ (အောက်မဟာဗုဒ္ဓဝင် စတုတ္ထတွဲ စာမျက်နှာ ၁၇၃-မှစ၍ အကျယ်ဖော်ပြခဲ့ပြီးပြီ)။

ရှင်ရာဟုလာ ဝိပဿနာအလုပ် အားထုတ်နိုင်ရန် အတွက် ရာဟုလသံယုတ် (သုတ်ပေါင်း ၂၂-သုတ်) ကိုငှ်း, အင်္ဂုတ္တရ စတုက္ကနိပါတ် (မျက်နှာ ၄၀၃၊"အင်မြန် ၁-၄၉၀"လာ) ရာဟုလသုတ်ကိုငှ်း ဟောတော်မူလေသည်။

ထို့နောက် မြတ်စွာဘုရားသည် ရှင်ရာဟုလာ၏ ဉာဏ်ပညာရင့်ကျက်နေပြီကို သိတော်မူ၍ ရှင်ရာဟုလာ ရဟန်းဖြစ်ပြီးစ ဝါမရမီအချိန်မှာ (မ ၃၊၃၂၄-လာ) စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူသည်။(ထိုအကြောင်းကို အောက်မဟာဗုဒ္ဓဝင် စတုတ္ထတွဲ စာမျက်နှာ ၂၀၇-၌ အကျယ်ဖော်ပြခဲ့ပြီ။)

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားသည် နောက်တချိန်ဝယ် အရိယာသံဃာတော်အလယ်၌ ထိုင်နေတော်မူလျက် ရဟန်းတော်တို့အား ဧတဒဂ်ဘွဲ့ထူး ချီးကျူး နှင်းအပ်တော်မူသောအခါ အရှင်ရာဟုလာမထေရ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သိက္ခာကာမာနံ ယဒိဒံ ရာဟုလော=ရဟန်းတို့...သိက္ခာသုံးပါးလိုလားကြသည့် ငါဘုရား၏လက်စားပည့်သာဝကရဟန်းတို့တွင် ရာဟုလာသည် အသာဆုံးအမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "သိက္ခာကာမ = သိက္ခာသုံးပါးလိုလားသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

## အရှင်ရဋ္ဌပါလ ရဟန်းပြုခြင်း

မြတ်စွာဘုရားသည် ကုရုတိုင်း၌ ဒေသစာရီ ထွက်ချီတော်မူခဲ့၍ ထုလ္လကောဋ္ဌိကနိဂုံး(=အိမ်တိုင်းအိမ်တိုင်း ကျီတိုင်းကျီတိုင်း၌ စပါးအပြည့် အမြဲရှိနေသောနိဂုံး) သို့ ဆိုက်ရောက်တော်မူလေသော် ရဋ္ဌပါလသူဌေးသားသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သဒ္ဓါတရား ကြီးမားစွာဖြစ်ရှိကာ မယ်တော် ခမည်းတော်တို့ကို(အောက်သုဒိန်သူဌေးသားနည်းတူ) ခဲယဉ်းစွာ ခွင့်ပြုစေကြပြီးနောက် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ဆည်းကပ်၍ မြတ်စွာဘုရား၏ စေခိုင်းတော်မူချက်အရ ရဟန်းတပါး၏အထံ၌ ရှင်ရဟန်းပြုခဲ့လေသည်။

ရဋ္ဌပါလသူဌေးသား ရှင်ရဟန်းပြုသောနေ့မှ စ၍ ဖခင်သူဌေးကြီးသည် မိမိအိမ်တံခါးဝသို့ ရဟန်းတော်များ ကြွလာသည်ကို မြင်ရလျှင် "ကိုယ်တော်တို့၏အဖို့ရာ ဤအိမ်မှာ ဘာအလုပ်များရှိသနည်း၊ တပည့်တော်တို့မှာ သားတယောက်တည်းရှိပါသည်၊ထိုတယောက်တည်းသောသားကို ကိုယ်တော်တို့သည် ခေါ်ယူသွားကြပြီး ဖြစ်ပါကုန်၏၊ ယခုအခါ အဘယ်အမှု ပြုကြဦးမည်နည်း"ဟု ဆဲရေးစကား ရေရွတ်စကား ပြောကြားလေသည်။

မြတ်စွာဘုရားသည် ဆယ့်ငါးရက် (=လဝက်) သာ ထုလ္လကောဋ္ဌိကနိဂုံး၌ သီတင်းသုံးနေတိုင်တော်မူပြီးနောက် သာဝတ္ထိသို့ပင် တဖန် ပြန်ကြွတော်မူလေ၏။ ထိုသာဝတ္ထိပြည်၌ အရှင်ရဋ္ဌပါလသည် ဝိပဿနာတရား ပွါးများကြိုးကုတ် အားထုတ်တော်မူသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏။

ရဋ္ဌပါလမထေရ်သည် မြတ်စွာဘုရားရှင်ထံတော်၌ ခွင့်ပန်ပြီးလျှင် မယ်တော်, ခမည်းတော်တို့ကို တွေ့မြင်ရန်အတွက် ထုလ္လကောဋ္ဌိကနိဂုံးသို့ ကြွရောက်၍ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်တော်မူလတ်သော် (အောက်အရှင်သုဒိန် အခဏ်းကကဲ့သို့ပင်) ဖခင်သူဌေးအိမ်မှ တည၌သိုးပြီးသော မုယောမုန့်တို့ ရခဲ့၍ ထိုမုယောမုန့်သိုးကို အမြိုက်သုဓေဘုတ်ပမာ မြိန်ရှက်စွာ ဘုဉ်းပေး၍

သုံးဆောင်တော်မူလေသည်။ မထေရ်ကို ဖခင်သူဌေးကြီးတွေ့၍ အပြစ်တင် မခံနိုင်စကား ပြောကြားကာ ဆွမ်းစားရန် အိမ်သို့ ပင့်သော်လည်း (ထိုနေ့အဖို့ရာ ဆွမ်းကိစ္စ ပြီးပြီဖြစ်၍) နက်ဖြန် အတွက်သာ လက်ခံသာယာတော်မူ၍ နောက်တနေ့၌ မထေရ် သည် ဖခင်သူဌေးကြီးအိမ်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် တန်းဆာ စုံလင် ဆင်ယင်ပြီးသော မိန်းမအပေါင်း၌ အသုဘသညာကို ဖြစ်စေတော်မူကာ ရပ်တော်မူလျက်ပင် တရားဟောတော်မူ၍ လေးညှိမှ လွှတ်လိုက်သောမြှားပမာ ကောင်းကင်သို့ ပျံတက်ပြီး လျှင် ကောရဗျမင်း၏ မိဂစီရဥယျာဉ်သို့ ကြွရောက်ကာ မင်္ဂလာ ကျောက်ဖျာ၌ ထိုင်နေတော်မူလေ၏။

ထိုသို့ထိုင်နေပြီးနောက် ဥယျာဉ်မှူး၏ ပြောကြားလျှောက် ထားသိစေချက်အရ မိမိထံမှောက် အဖူးအမြော်ရောက်ရှိလာ သော ကောရဗျမင်းအား ပါရိဇုည (= ဆုံးရှုံးပျက်စီးခြင်း) လေးပါးတို့ဖြင့် တန်းဆာဆင်အပ်သော ဓမ္မုဒ္ဒေသလေးပါးနှင့် စပ်သည့် တရားစကားကို အကျယ်ဟောကြားပြီးလျှင် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီခဲ့ရာ တဖန် မြတ်စွာဘုရားရှင်ထံတော် မှောက်သို့ ရောက်ရှိလေ၏။ ဤသို့လျှင် ဤအရှင်ရဋ္ဌပါလမထေရ်၏ အကြောင်းအရာဝတ္ထုသည် ဖြစ်ပေါ်ခဲ့လေသည်။ (ဤဖော်ပြရာပါ မထေရ်၏ ပစ္စုပ္ပန်ဝတ္ထု အကြောင်းအရာအကျယ်ကို မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိ စာမျက်နှာ ၂၄၄-ပိဋကတ်မြန်မာပြန် "မ မြန်၂" စာမျက်နှာ ၂၅၅-မှစ၍ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

## အရှင်ရဋ္ဌပါလ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားသည် နောက်တချိန်ဝယ်၊ အရိယာသံဃာတော် အလယ်၌ ထိုင်နေတော်မူလျက် ရဟန်းတော်တို့အား ဧတဒဂ် ဘွဲ့ဘူး ချီးကျူးနှင်းအပ်တော်မူသောအခါ အရှင်ရဋ္ဌပါလမထေရ် ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ. မမ သာဝကာနံ ဘိက္ခူနံ သဒ္ဓါ-ပဗ္ဗဇိတာနံ ယဒိဒံ ရဋ္ဌပါလော = ရဟန်းတို့....သဒ္ဓါတရား

ဖြင့် ရဟန်းပြုကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်း တို့တွင် ရဋ္ဌပါလသည် အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏”— ဟု ချီးကျူးမြွက်ဆိုတော်မူကာ “သဒ္ဓါပဗ္ဗဇိတ = သဒ္ဓါတရားဖြင့် ရဟန်းပြုကြသောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

(ဤ၌။ ။အရှင်ရာဟုလာသည် ရှင်ဖြစ်သောနေ့မှ အစပြု၍ နေ့စဉ်နေ့စဉ် နံနက်စောစောထပြီးလျှင် လက်ခုပ်နှင့်အပြည့် သဲမှုန့်တို့ကို ဆုပ်ယူလျက် “ငါသည် ယနေ့ မြတ်စွာဘုရားရှင်အထံတော်မှရင်း, ဆရာဥပဇ္ဈာယ်တို့၏အထံမှရင်း ဤသဲမှုန့်သဲပွင့်များနှင့် အညီအမျှ အဆုံးအမ ဩဝါဒ, အနုသာသနီတို့ကို ရရှိပါမူ ကောင်းလေစွ”ဟု တောင့်တလေ့ရှိသည်၊ ထို့ကြောင့် “သိက္ခာကာမ=သိက္ခာသုံးပါးကို အလွန်လိုလားဖြည့်ကျင့်သော အရာ”ဝယ် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်လေသည်။

အရှင်ရဋ္ဌပါလသည် မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရ၍ သဒ္ဓါတရား အထူးဖြစ်ပွါးကာ အစာထမင်းဆယ့်လေးနပ်(=ခုနစ်ရက်) အငတ်ခံကာ မိဖတို့ကို ရှင်ရဟန်းပြုခွင့်ပေးကြရန် ခဲခဲယဉ်းယဉ်း ဆင်းရဲစွာ ဆောင်ရွက်၍ ရှင်ရဟန်းပြုခဲ့ရလေသည်၊ ထို့ကြောင့် “သဒ္ဓါပဗ္ဗဇိတ=သဒ္ဓါတရားကြီးမားစွာဖြင့် ရဟန်းပြုသောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်လေသည်။ ။ဤသို့ လည်း အထူးမှတ်ရာ၏)။

ဤကား အရှင်ရာဟုလာ, အရှင်ရဋ္ဌပါလမထေရ် ၂-ပါး အကြောင်းတည်း။

---

## (၂၂) အရှင်ကုဏ္ဍ-ဓာနမထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤကုဏ္ဍ-ဓာနမထေရ်အလောင်း အမျိုးကောင်းသားသည် ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်အခါ ဟံသာဝတီပြည် ဝယ် အမျိုးကောင်းအိမ်၌ အမျိုးကောင်းသား ဖြစ်ခဲ့၍ ရှေးဆိုအတိုင်း ပြီးနည်းအတူ ကျောင်းတော်သို့ သွားရောက်ကာ တရားနာစဉ်

ပဒုမုတ္တရမြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "ရှေးဦးစွာ စာရေးတံမဲကို ရယူသောရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး= ဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ ဘုရားရှင်တို့အား အဓိကာရကောင်းမှု ကုသိုလ်ကိုပြု၍ ထိုရာထူးကို တောင့်တပတ္ထနာမှု ပြုလေသည်။ ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ ရှေးနည်းအတူ ဗျာဒိတ်စကား မိန့်ကြားတော်မူကာ ကျောင်းတော်သို့ ဖဲကြွတော်မူလေ၏။

### မထေရ်အလောင်း၏ ဝဋ်လိုက်ပွယ် မကောင်းမှု

ထိုကုဏ္ဍာ-ဓာနမထေရ်အလောင်း အမျိုးကောင်းသားသည် ပဒုမုတ္တရ မြတ်စွာဘုရားရှင် အထံတော်မှ ဗျာဒိတ်ရပြီးနောက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်,လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့ရာ ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ ဘုမ္မစိုဝ်းနတ် ဖြစ်၍ လာလေသည်။

အထူးအားဖြင့် သက်တော်ရှည် မြတ်စွာဘုရားရှင်တို့၏ လက်ထက်တော်အခါမှာ (ယခု အသက်တော်တိုသည့် အကျွန်ုပ်တို့မြတ်စွာဘုရား၏ လက်ထက်တော်မှာကဲ့သို့ ) ဆယ့်ငါးရက် (=လဝက်)တကြိမ် ဥပုသ်ပြုရသည် မဟုတ်။ မှန်၏—ဝိပဿီ မြတ်စွာဘုရား၏ လက်ထက်တော်အခါမှာ ခြောက်နှစ် တကြိမ် ခြောက်နှစ်တကြိမ် ဥပုသ်ပြုရ ပါတိမောက်ပြရလေသည်၊ ကဿပမြတ်စွာ လက်ထက်တော်အခါ၌ ခြောက်လတကြိမ် ခြောက်လတကြိမ် ပါတိမောက်ပြ ဥပုသ်ပြုရလေသည်။

ကဿပမြတ်စွာဘုရားရှင်၏ (ခြောက်လစေ့၍) ဩဝါဒပါတိမောက်ပြ = ဥပုသ်ပြုရသော အခါတပါးဝယ် အရပ်ဝေးခြား၌ နေထိုင်ကြသည့် အလွန်ရင်းနှီးသော သူငယ်ချင်း မထေရ်နှစ်ပါးတို့သည် "ငါတို့သည် ဥပုသ်ပြုကြကုန်အံ့" ဟု ကဿပမြတ်စွာဘုရားရှင်ရှိရာသို့ သွားရောက်ကြကုန်၏။ ထိုအခါ ဖော်ပြရာပါ ဘုမ္မစိုဝ်းနတ်သည် 'ဤမထေရ်နှစ်ပါးတို့၏ချစ်ခင်ခြင်းမေတ္တာကား

လွန်စွာခိုင်မြဲလှပေ၏၊ အသို့နည်း = ဘယ့်နှယ်လဲ ကွဲပြားအောင် ပြုလုပ်သူရှိလျှင် ထိုမထေရ်နှစ်ပါးတို့၏ မေတ္တာတရားသည်ကွဲပြား ပျက်စီးမည်လော၊ မပျက်စီးမည်လော" ဟု စဉ်းစားကြံစည်ကာ ထိုမထေရ်နှစ်ပါးတို့၏ စိတ်ဝမ်း ကွဲပြားအောင် ပြုလုပ်နိုင်မည့် အခွင့်အပေါက်ကို မြော်ထောက်ရှာကြံလျက် မထေရ်တို့၏ မနီး မဝေးမှ လိုက်ပါခဲ့လေသည်။

## စိတ်ဝမ်းကွဲအောင် ပြုလုပ်ခြင်း

ထိုနောက် မထေရ်တပါးသည် အခြားမထေရ်၏ လက်၌ သပိတ်,သင်္ကန်းကိုအပ်နှံခဲ့ပြီးလျှင် ကိုယ်လက်သုတ်သင်ရန်အတွက် ရေမိုးချမ်းသာရာ အရပ်သို့ သွားရောက်ကာ ကိုယ်လက် သုတ်သင် = အညစ်အကြေးစွန့်မှု ပြုလုပ်ပြီးလျှင် လက်,ခြေတို့ကို ဆေးကြောပြီးနောက် ချုံဖုတ်တခု၏အနီးမှ ထွက်၍လာလေ၏။

ဘုမ္မစိုဝ်းနတ်သည် ထို ကိုယ်လက်သုတ်သင်သော မထေရ်၏ နောက်နားမှကပ်ကာ အလွန်အဆင်းလှသော မိန်းမအသွင် ဖန်ဆင်းလျက ဆံပင်များကို ခါ၍ခါ၍ ပြင်ဆင် ထုံးဖွဲ့သကဲ့သို့ရှင်း, ထဘီကို ပြင်၍ပြင်၍ ဝတ်သကဲ့သို့ရှင်း ပြုလုပ်ကာ မထေရ်၏ ဖဝါးခြေထပ် ထက်ကြပ်လိုက်ပါကာ ချုံဖုတ်မှ တပါတည်း ထွက်၍လာလေ၏။

## စိတ်ဝမ်းကွဲ အထင်လွဲလေပြီ

အဖော်ဖြစ်သော မထေရ်မြတ်သည် လျောက်ပတ်ရာအရပ်၌ ရပ်တည်စောင့်နေရင်းက ဤအကြောင်းအရာဖြစ်ရပ်ကို မြင်လတ်လေသော် နှလုံးမချမ်းမသာ ဖြစ်ရှိကာ "ယခုအခါ ငါ့အဖို့ရာ ဤရဟန်းနှင့် အတူတကွ ကာလမြင့်ကြာ ဖြစ်ပွါး ထားရှိ၍လာခဲ့သော မေတ္တာတရားကား ပျက်ပြားလေပြီ၊ ငါသည် အကယ်၍ ဤရဟန်း ဤသို့ ယုတ်မာမှန်းသိခဲ့လျှင် ဤမျှအခါ ရှည်မြင့်ကြာ အောင် ဤရဟန်းနှင့် အတူတကွ အကျွမ်းတဝင် ချစ်ခင်မှုကို ပြုလိမ့်မည်မဟုတ်"ဟု ကြံစည်စဉ်းစားမိပြီးလျှင် ထို ကိုယ်လက်

သုတ်သင်သောမထေရ်အား မိမိအနီးသို့ ရောက်လျှင်ရောက်ခြင်းပင် "ငါ့ရှင်.... သင်၏ သပိတ်, သင်္ကန်းကို ရော့= ယူလော့၊ ငါသည် သင်ကဲ့သို့ ယုတ်မာလှသော သူငယ်ချင်းနှင့် အတူတကွ လမ်းတကြောင်းတည်း ဘယ်နည်းဖြင့်မျှ မသွားတော့အံ့"ဟု မိတ်ပြတ်စကား ပြောကြားလေ၏။

(ဤမှနောက်၌ မှတ်သားလွယ်ကူစေရန် အပြစ်တင်စွပ်စွဲမည့်မထေရ်၏ အမည်ကို စောဒကမထေရ်, အပြစ်တင်ခံ စွပ်စွဲခံရမည့် မထေရ်၏ အမည်ကို စုဒိတက-မထေရ်ဟု ခေါ် ဆိုသုံးစွဲ ရေးသားပေအံ့)။

ထို မိတ်ပြတ်စကားကို ကြားသိရလေလျှင် လဇ္ဇီသူတော်ကောင်းစင်စစ် ဖြစ်တော်မူသော စုဒိတကမထေရ်၏စိတ်နှလုံးမှာ အလွန်ထက်လှစွာသော လှံကို ဆုပ်ကိုင်၍ တအား ထိုးလိုက်သကဲ့သို့ ဖြစ်ရှိလေ၏၊ ထိုနောင်မှ စောဒကမထေရ်ကို "ငါ့ရှင်.... သင်သည် ဘယ်လိုစကားမျိုးကို ပြောလိုက်ဘိသနည်း၊ ငါသည် ဤမျှကာလကြာအောင် ဒုက္ကဋ်အာပတ်မျှကိုလည်း (သင့်ခဲ့သည်ဟု) မသိရှိခဲ့ပါ၊ (ဒုက္ကဋ်အာပတ်မျှပင် မသင့်ခဲ့ပါ-ဟု ဆိုလိုသည်)၊ သို့ပါလျက် သင်သည် ငါ့ကို ယနေ့ 'ပါပ= ယုတ်မာသောသူ'ဟု ပြောဆိုဘိ၏၊ သင်သည် အဘယ်အရာကို မြင်အပ်သနည်း" ဟု မေးမြန်းပြောဆိုလေ၏။ စောဒကမထေရ်က "ငါ့ရှင်.... အခြားတပါး မြင်အပ်သော အရာဖြင့် အဘယ်မူစအံ့နည်း၊ သင်သည် ဤသို့ သဘောရှိသည့် တန်းဆာစုံလင် ဆင်ယင်အပ်ပြီးသည့် မာတုဂါမနှင့် အတူတကွ တနေရာတည်း၌ ဖြစ်ပြီးမှ ချုံက ထွက်လာသည် မဟုတ်လော"ဟု မိမိမြင်သည့်အတိုင်း အပြစ်တင် ပြောဆိုလေလျှင် စုဒိတကမထေရ်သည် "ငါ့ရှင်.... ဤဖြစ်ရပ်မျိုး ငါ့မှာ လုံးဝမရှိပါ၊ ငါသည် ဤသို့ သဘောရှိသော= သင်ယခုပြောသော မာတုဂါမကို လုံးဝမတွေ့ မမြင်ရပါ"ဟု ရိုးသားစွာ ပြန်ကြားပြောဆိုလေ၏။ စုဒိတကမထေရ်က သုံးကြိမ်တိုင်တိုင် ဤအတိုင်း ရိုးသားစွာ ပြောကြားသော်လည်း စောဒကမထေရ်သည် ထိုစကားကို လုံးဝမယုံကြည်နိုင်ပဲ မိမိမြင်အပ်သော အကြောင်းအရာကိုသာလျှင် အမှန်ဟု

စွဲယူပြီးလျှင် စုဒိတကမထေရ်နှင့် အတူတကွ လမ်းတကြောင်းတည်း မသွားတော့ပဲ အခြားတလမ်းဖြင့် ကဿပမြတ်စွာဘုရားထံသို့ သွားရောက်လေ၏။ စုဒိတကမထေရ်သည်လည်း အခြားလမ်းတလမ်းဖြင့် ကဿပ မြတ်စွာဘုရားထံသို့ သာလျှင် သွားရောက်လေ၏။

## ဘုမ္မစိုဝ်းနတ်၏ နောင်တ

ထိုနောက် ရဟန်းသံဃာများ ဥပုသ်အိမ်သိမ်အပြင်သို့ ဝင်သောအခါ၌ စောဒကမထေရ်သည် စုဒိတကမထေရ်ကို ဥပုသ်အိမ်သိမ်အပြင်၌ တွေ့မြင်သိရှိ၍ "ဤဥပုသ်အိမ်သိမ်အပြင်၌ ဤသို့သဘောရှိသော ရဟန်းယုတ်တပါး ပါရှိ၍နေသည်၊ ငါသည် ထိုရဟန်းယုတ်နှင့်အတူတကွ အဘယ်နည်းဖြင့်မျှ ဥပုသ်မပြုနိုင်" ဟု နှုတ်မြွက်ပြောဆိုကာ ဥပုသ်အိမ်မှထွက်၍ အပြင်အပ၌ ရပ်တည်နေလေ၏။

ဘုမ္မစိုဝ်းနတ်သည် "ဩ....ငါကား ဝန်လေးသောအမှုကိုပြုအပ်မိလေပြီ" ဟု နောင်တတဖန် ပူပန်၍ ဥပါသကာ သူအို အသွင်ဖြင့် စောဒကမထေရ်ထံသို့ ချဉ်းကပ် သွားရောက်ပြီးလျှင် "အရှင်ဘုရား....အရှင်မြတ်သည် အဘယ့်ကြောင့် ဤဥပုသ်အိမ် သိမ်အပြင်အရပ်၌ရပ်တည်နေပါသနည်း" ဟု မေးမြန်းလျှောက်ထားလေ၏။ မထေရ်က "ဒါယကာ....ဤ ဥပုသ်အိမ် သိမ်အတွင်းသို့ရဟန်းယုတ်တပါး ဝင်ပြီးသားရှိနေသည်၊ ငါသည် ထိုရဟန်းယုတ်နှင့် အတူတကွ အဘယ်နည်းဖြင့်မျှ ဥပုသ်မပြုနိုင်ဟု နှုတ်မြွက် ပြောဆိုကာ ဥပုသ်အိမ်မှ ထွက်၍ အပြင်အပ၌ ရပ်တည်နေပါ၏" ဟု မိန့်ဆိုဖြေကြားလေလျှင် ဘုမ္မစိုဝ်းနတ်သည် "အရှင်ဘုရား.... ဤသို့ မှတ်ယူတော်မမူကြပါလင့်၊ ထို (စုဒိတက) ရဟန်းသည် စင်ကြယ်သော သီလရှိသူ စင်စစ် ဖြစ်ပါသည်၊ အရှင်ဘုရားတို့ မြင်အပ်သော မာတုဂါမ-ဟူသည်မှာ တပည့်တော်ပင် ဖြစ်ပါသည်၊ တပည့်တော်သည် အရှင်ဘုရားတို့၏ အပေါ် 'ဤမထေရ် နှစ်ပါးတို့၏ ချစ်ခင်ခြင်းမေတ္တာသည် ခိုင်မြဲ၏လော၊ မခိုင်မြဲဘူးလော' ဟု စုံစမ်း

ရန် လဇ္ဇီရဟန်းအဖြစ်, အလဇ္ဇီရဟန်းအဖြစ်ကို ကြည့်ရှုသိမြင်လို ပါသဖြင့် ထိုကဲ့သို့ မာတုဂါမယောင်ဆောင်၍ စုဒိတကမထေရ်၏ နောက်မှ လိုက်ပါခြင်းအမှုကို ပြုခဲ့မိပါသည်ဘုရား”ဟု လျှောက် ထား ရှင်းပြလေ၏။

မထေရ်က “ဒိုသူတော်ကောင်း.... သင်သည်ကား အဘယ် သူနည်း”ဟု မေးမြန်းလေလျှင် ဘုမ္မစိုဝ်းနတ်သည်“အရှင်ဘုရား.... တပည့်တော်သည် ဘုမ္မစိုဝ်းနတ်တဦး ဖြစ်ပါသည်”ဟု လျှောက် ထားပြောဆိုရင်းပင် နတ်၏အာနုဘော်ဖြင့် ရပ်တည်၍ မထေရ်၏ ခြေရင်း၌ ဝပ်စင်းပြီးလျှင် “အရှင်ဘုရားတို့.... တပည့်တော်အား သည်းခံတော်မူကြပါကုန်၊ ဤအပြစ်ကို (စုဒိတက) မထေရ်သည် လုံး၀မသိရှာပါ၊ ဥပုသ်ကို စိတ်ချစွာ ပြုတော်မူကြပါဘုရား”ဟု မထေရ်ကိုတောင်းပန်၍ ဥပုသ်အိမ်သိမ်အတွင်းသို့ သွင်းဆောင်ခဲ့ လေ၏။ ထိုမထေရ်သည် ဥပုသ်ကို တနေရာတည်း၌ပြုသော်လည်း နောက်တဖန် ထို (စုဒိတက) မထေရ်နှင့် အဆွေခင်ပွန်း ချစ်ကျွမ်း ဝင်သောအနေဖြင့် တနေရာတည်း၌ မနေတော့ချေ။ (ဤစေဒက မထေရ်၏ ကမ္မဋ္ဌာန်းအမှုကို မဟာအဋ္ဌကထာ၌ အထူးမပြဆို အပ်ချေ)။ စုဒိတကမထေရ်သည်ကား အဆင့်ဆင့် ဝိပဿနာ ကမ္မဋ္ဌာန်း စီ ဖြန်းမှုပြုလျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော် မူလေ၏။

ဘုမ္မစိုဝ်းနတ်သည် ထိုမကောင်းမှု အကုသိုလ်ကံအကျိုးဆက် ကြောင့် ကဿပမြတ်စွာဘုရားနှင့် အကျွန်ုပ်တို့၏ မြတ်စွာဘုရား = ဤဘုရားနှစ်ဆူတို့၏ အကြားကာလ မရေမတွက်နိုင်သော နှစ်ပရိစ္ဆေဒတည်းဟူသော ဗုဒ္ဓန္တရအသင်္ချေယျ တကပ်ပတ်လုံး အပါယ်မှ မလွတ်မြောက်နိုင်ရှာ။ ရံခါရံခါ လူဖြစ်လာပြန်ပါလည်း အခြားသူများ ပြုအပ်သမျှ အပြစ်များသည် ထိုသူ၏အပေါ်၌သာ ကျရောက်လေတော့၏။

### (၁) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုသူသည် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ သာဝတ္ထိပြည်ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍လာလေ၏။ ထိုသူ၏အမည်ကို "ခာနု-လုလင်"ဟု မိဖတို့က မှည့်ခေါ်ကြလေသည်။ ခာနုလုလင်သည် အရွယ်သို့ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်၍ အသက်အရွယ်ကြီးရင့်သောအခါ၌ မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရ၍ သဒ္ဓါတရား အထူးဖြစ်ပွါးကာ သာသနာဝန်ထမ်း ရှင်ရဟန်းပြုလေ၏။

### ဝဠ်လိုက်လေပြီ

ခာနု-မထေရ် ရဟန်းပြုသောနေ့မှ စ၍ တန်းဆာစုံလင် ဆင်ယင်အပ်ပြီးသော မိန်းမတယောက် (=တကယ့်မိန်းမ မဟုတ်၊ ဝိပါက်ဝဠ်ကြွေးရှင်) သည် မထေရ် ရွာတွင်းသို့ဝင်လျှင် အတူတကွဝင်၍လိုက်ပါ၏။ မထေရ်ထွက်လာလျှင် အတူတကွထွက်၍လိုက်ပါ၏၊ မထေရ်ရပ်လျှင် ရပ်၏၊ မထေရ်သွားလျှင် သွား၏-ဤသို့စသည်ဖြင့် အမြဲပင် မထေရ်နောက်သို့ ကောက်ကောက်လိုက်ပါနေသည့်အသွင် ထင်ရလေသည်၊ ထိုမိန်းမရုပ်ကို ခာနု-မထေရ်ကား မမြင်ရ၊ ထိုရှေးမကောင်းမှု အကုသိုလ်ကံ၏အကျိုးဆက်ကြောင့် အခြားတပါးသောသူတို့မှာ ထိုမိန်းမရုပ်ကို မြင်နေရလေသည်၊ (အကုသိုလ်ကံများကား ကြောက်ဖွယ်ကောင်းစွ)။

မြို့တွင်းရွာတွင်း၌ ယာဂု, ဆွမ်း လှူဒါန်းကြသော အမျိုးသမီးမင်းမိန်းမတို့သည် "အရှင်ဘုရား....ဤယာဂု တယောက်ချိသည် အရှင်ဘုရားဘို့အတွက် ဖြစ်ပါသည်၊ ဤယာဂု တယောက်ချိကား တပည့်တော်တို့၏ သူငယ်ချင်းမ အရှင်ဘုရား၏ နောက်ကပါသော ဤမိန်းမအတွက် ဖြစ်ပါသည်ဘုရား"ဟု ပြက်ရယ်ပြောင်လှောင်စကား ပြောကြားကြလေ၏။ ခာနု-မထေရ်၏အဖို့ရာ ထိုအဘွက် များစွာစိတ်ပင်ပန်းမှု ဖြစ်လေသည်။ ကျောင်းတိုက်သို့ရောက်သောအခါမှာလည်း ခာနု-မထေရ်ကို သာမဏေများ, ရဟန်းငယ်များက ဝန်းရံကြ၍"ခာနော ကောဏ္ဍော ဇာတော=

အရှင်ဓာနသည် မိန်းမကြူးသူ ဖြစ်၏”ဟု ပြက်ရယ်မှု ပြုကြလေ၏။ ထိုအကြောင်းကြောင့်ပင် ထိုအချိန်မှ နောက်ကာလ၌ ဓာနမထေရ်၏ အမည်သည် “ကုဏ္ဍ-ဓာနမထေရ်”ဟူ၍ မည်တွင်လေ၏။

ကုဏ္ဍ-ဓာနမထေရ်သည် ထ၍ ထ၍ (ခဏ ခဏ စုရုံးရောက်ရှိလာကြကာ) သာမဏေများ, ရဟန်းငယ်များက ပြုလုပ်ပြောဆိုအပ်သော ပြက်ရယ် ပြောင်လှောင်မှုကို သည်းမခံနိုင်တော့ရကား “သင်တို့သာ မိန်းမကြူးသူများ ဖြစ်ကြ၏၊ သင်တို့၏ ဥပဇ္ဈာယ်များသာ မိန်းမကြူးသူများ ဖြစ်ကြ၏၊ သင်တို့၏ ဆရာများသာ မိန်းမကြူးသူများ ဖြစ်ကြ၏”ဟု ပြန်လှန်ပြောဆိုလေ၏။ ထိုအခါ အခြားရဟန်းတို့သည် မြတ်စွာဘုရားရှင်အား “မြတ်စွာဘုရား....ကုဏ္ဍ-ဓာနရဟန်းသည် ရဟန်းငယ်, သာမဏေတို့နှင့် အတူတကွ ဤသို့သဘောရှိသော ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုပါသည်ဘုရား”ဟု ကုဏ္ဍ-ဓာနမထေရ်အကြောင်းကို လျှောက်ထားကြလေ၏။ မြတ်စွာဘုရားသည် ကုဏ္ဍ-ဓာနမထေရ်ကို ခေါ်စေတော်မူ၍ “ရဟန်း....မှန်သလော”ဟု မေးတော်မူ၏။ ကုဏ္ဍ-ဓာနမထေရ်က “မှန်ပါသည် မြတ်စွာဘုရား....”ဟု ဝန်ခံလျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်က တဖန် ထပ်၍ “အဘယ့်ကြောင့် ဤသို့ ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောကြားဘိသနည်း”ဟု မေးတော်မူပြန်၏။

ကုဏ္ဍ-ဓာနမထေရ်က “မြတ်စွာဘုရား....အမြဲမပြတ် စိတ်ဆင်းရဲအောင် ညှဉ်းဆဲသည်ကို သည်းမခံနိုင်၍ ဤသို့ ပြောမိပါသည်ဘုရား........”ဟု အကြောင်းကို လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် “ချစ်သား........သင်သည် ရှေးက ပြုအပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံကို ယနေ့တိုင်အောင်ပင် ကြေကျက်စေခြင်း ( = ငြိမ်းအေးစေခြင်း) ငှါ မတတ်နိုင်သေးဖြစ်သည်၊ ချစ်သား....နောက်တဖန် ဤသို့သဘောရှိသည့် ကြမ်းတမ်းသောစကားကို မပြောကြားလင့်”ဟု မိန့်တော်မူပြီးလျှင်—

မာဝေါစ ဖရုသံ ကဉ္စိ၊ ဝုတ္တာ ပဋိဝဒေယျု တံ။
ဒုက္ခာ ဟိ သာရမ္ဘကထာ၊ ပဋိဒဏ္ဍာ ဖုသေယျု တံ။

(ဘိက္ခု = ခါနမည်ငြား အိုချစ်သား....)။ ကဉ္စိ=တစုံတယောက်သောသူကိုမျှ။ ဖရုသံ = လွှစွယ်အလား ကြမ်းတမ်းသော စကားကို။ မာဝေါစ = သင်ချစ်သား မပြောကြားလေလင့်။ ဝုတ္တာ=ကြမ်းခက်စကား သင်ချစ်သားကပြောကြားအပ်မူ အခြားသူတို့သည်။ တံ=သင်ချစ်သားကို။ ပဋိဝဒေယျု = အကြမ်းစကားကို တဖန်ပြန်၍ ပြောဆိုကုန်လေရာ၏။ ဟိ = မှန်၏။ သာရမ္ဘကထာ = သူ့ကိုငါနိုင် အသာပိုင်ဟု အပြိုင်စကား ပြောကြားခြင်းသည်။ ဒုက္ခာ = အလွန်အမင်း ဆင်းရဲလှချေ၏။ တံ = သိတင်းသုံးဖော် ရှင်တို့အပေါ်ဝယ် ထော်လော်ခက်ထန် ကာယဒဏ်, ဝစီဒဏ်ကို ပြန်လှန်ပုတ်ခတ် ပြောဆို,ပြုမူလတ်သောသင်ချစ်သားကို။ ပဋိဒဏ္ဍာ = အတုံ့အပြန် ကာယဒဏ်, ဝစီဒဏ်တို့သည်။ ဖုသေယျု = လေညှာသို့ပစ် မြာမှုန်ညစ်သို့ စင်စစ်တဖန် ဆိုက်ရောက်ကြပြန်ကုန်လေရာ၏။

သစေ နေရေသိ အတ္တာနံ၊
ကံသော ဥပဟတော ယထာ။
ဧသ ပတ္တောသိ နိဗ္ဗာနံ၊
သာရမ္ဘော တေ န ဝိဇ္ဇတိ။

(ဘိက္ခု = ခါန-မည်ငြား အို ချစ်သား....)။ တွံ = သင်ချစ်သားသည်။ အတ္တာနံ = မိမိကိုယ်ကို။ ကံသော ဥပဟတော ယထာ = အနားရေးကိုခုတ်ဖျက် အသံမထွက်သော ကြေးခွက် (= လင်းကွင်း) ကဲ့သို့။ သစေ နေရေသိ = အကယ်၍ ကြမ်းကြုတ်ခက်ထန် အသံမထက်မလှုပ်လှက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ငြားအံ့။ ဧသ = ဧသော တွံ = ထို သင်ချစ်သားသည်။ နိဗ္ဗာနံ = ဒုက္ခဇာတ်သိမ်း ငြိမ်းရာကေန် နိဗ္ဗာန်ပရမတ်သို့။ ပတ္တော=ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်ပြီးသူသည်။

အသိ = ဖြစ်လေတော့၏။ (ဧဝံ သတိ = ဤသို့ဖြစ်သည် ရှိသော်)။ တေ = သင်ချစ်သား၏ (သန္တာန်၌)။ သာရမ္ဘော = သူ့ကို ငါနိုင် အသာပိုင်ဟု အပြိုင်စကားပြောကြားမြူမှုသည်။ နတ္ထိ = တစိုးတစိ ရှိတော့မည် မဟုတ်ချေ။—

ဤ တရားဒေသနာ နှစ်ဂါထာတို့ကို ဟောကြားတော်မူ၏။ ဒေသနာနိဂုံး ဆုံးလတ်သောအခါ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်-စသည်တို့သို့ ဆိုက်ရောက်ကြလေကုန်၏။

(ဓမ္မပဒ ဋ္ဌ ၂၊ မျက်နှာ-၃၇။)

**ကောသလမင်းကြီး ကိုယ်တိုင် စုံစမ်းခြင်း**

ရဟန်းတို့သည် (ကုဏ္ဍ-ဓာနမထေရ်၏ မာတုဂါမနှင့် အတူတကွ လှည့်လည်နေမှု-တည်းဟူသော) ဤအကြောင်းကို ပသေနဒီ ကောသလမင်းကြီးအား ပြောကြားကြကုန်၏။ ကောသလမင်းကြီးသည် မင်းချင်းယောက်ျားတို့ကို "အချင်းတို့....သွားကြကုန်, စုံစမ်းကြကုန်" ဟု ပြောဆိုစေလွှတ်လိုက်၍ မိမိကိုယ်တိုင်လည်း အခြံအရံပရိသတ် အနည်းငယ်နှင့် အတူတကွ ကုဏ္ဍ-ဓာနမထေရ်၏နေရာဌာနသို့ သွားရောက်ပြီးလျှင် အကဲခတ်ကြည့်ရှုကာ သင့်လျော်ရာအရပ်၌ ရပ်တည်နေလေ၏။

ထိုအချိန်၌ ကုဏ္ဍ-ဓာနမထေရ်သည် အပ်အမူ (= သက်န်းချုပ်မှု)ပြုလျက် ထိုင်နေဆဲဖြစ်၏။ ထိုမိန်းမ (=ဝိပါက်ဝင်ရုပ်ကြွေးရှပ်) သည်လည်း မထေရ်၏အနီး၌ ရပ်၍နေသကဲ့သို့ ထင်ရ မြင်ရ၏။ ကောသလမင်းကြီးသည် "ဤအကြောင်းထူးကား ကေန်ပင်ရှိပေ၏"ဟု ကြံစည်ဆင်ခြင်ကာ ထိုမိန်းမ (= ဝိပါက်ဝင်ရုပ်ကြွေးရှပ်) ရပ်၍နေသောအရပ်သို့ သွားရောက်လေ၏။ မင်းကြီးလာလတ်သော် ထိုမိန်းမ (= ဝိပါက်ဝင်ရုပ်ကြွေးရှပ်) သည် မထေရ်သီတင်းသုံး နေထိုင်ရာ သင်္ခမ်းကျောင်းတွင်းသို့ ဝင်သွားသကဲ့သို့ ဖြစ်လေ၏။ မင်းကြီးသည်လည်း ထိုမိန်းမ (= ဝိပါက်ဝင်ရုပ်ကြွေးရှပ်) နှင့် အတူတကွပင် သင်္ခမ်းကျောင်းအတွင်းသို့ ဝင်ရောက်လိုက်ပါ

သွား၍ ကျောင်းတွင်းနေရာအနှံ့ ကြည့်ရှုရှာဖွေပါသော်လည်း ထိုမိန်းမ (＝ဝိပါက်ဝင့်ကြွေးရှပ်) ကို မတွေ့မမြင်ရ၍ "ဤမိန်းမ ကား တကယ့်မာတုဂါမ မဟုတ်ချေ၊ မထေရ်၏ တခုသော ကံ အကျိုးဝိပါက်သာ ဖြစ်ချေ၏"ဟု ဆင်ခြင်သိမှတ်ပြီးသော် လက်ဦး အစက မထေရ်၏အနီးမှ ကျောင်းတွင်းသို့ ဝင်ရောက်လိုက်ပါ သွားသော်လည်း မထေရ်ကို ရှိမခိုးပဲ ထိုအကြောင်း၏ မမှန်သော အဖြစ်ကို ကိုယ်တွေ့သိမြင်ပြီးမှ မထေရ်ထံသို့ လာရောက်၍ ရှိခိုးပြီးလျှင် လျှောက်ပတ်ရာ နေရာ၌ ထိုင်လျက် "အရှင် ဘုရား....အသို့နည်း အရှင်ဘုရားတို့သည် ဆွမ်းပန်းဖြင့် မပြို ပြင်ပဲ ရှိကြပါကုန်၏လော" ဟု မေးမြန်း လျှောက်ထားလေ၏။ မထေရ်က "သင့်ရုံရှိပါ၏ မြတ်သောမင်းကြီး...." ဟု မိန့်ဆိုလေ လျှင် ကောသလမင်းကြီးသည် "အရှင်ဘုရား.... အရှင်မြတ်၏ စကားကို တပည့်တော် သိရှိပါ၏၊ ဆက်၍လျှောက်ထားလိုသည် မှာ ဤသို့ သဘောရှိသည့် ညစ်ညူးကြောင်း (မာတုဂါမရှပ်) နှင့် အတူတကွ လှည့်လည်ကျက်စား သွားလာနေသော အရှင် ဘုရားတို့အား အဘယ်မည်သောသူတို့သည် ကြည်ညိုကြလိမ့်မည် နည်း ＝ မကြည်ညိုကြမည်သာ၊ ဤအချိန်မှစ၍ အရှင်ဘုရားတို့၏ (အဖို့ရာ) အခြားတစုံတခုသောအရပ်သို့မျှ သွားဖွယ်ကိစ္စ မရှိပါ၊ တပည့်တော်သည် ပစ္စည်းလေးပါးတို့ဖြင့် အရှင်ဘုရားတို့ကို ပြုစု လုပ်ကျွေးပါမည်၊ အရှင်ဘုရားတို့သည် အသင့်အားဖြင့် တရား နှလုံးသွင်းမှု၌ မမေ့လျော့ကြပါကုန်လင့်"ဟု လျှောက်ထား၍ နေ့ စဉ်မပြတ် ဆွမ်းပြုစုလုပ်ကျွေးလေ၏။

ကုဏ္ဍ-ဓာနမထေရ်သည် ကောသလမင်းကြီးတည်းဟူသော အထောက်အပံ့ကို ရ၍ သပ္ပါယဖြစ်သောဘောဇဉ်ဖြင့် တည်ကြည် သောစိတ်ရှိကာ ဝိပဿနာတရား ပွါးများကြိုးကုတ် အားထုတ်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏＝ရဟန္တာဖြစ်လေ၏။ ထိုသို့ မထေရ်သူမြတ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သောအချိန်မှစ၍ ထိုမိန်းမ(＝ဝိပါက်ဝင့်ကြွေးရှပ်) သည် အပြီးတိုင် ကွယ်ပျောက် လေတော့၏။

## (ဂ) စာရေးတံ့ထူး ရတော်မူခြင်း

တနေ့သောအခါ အနာထပိဏ်သူဌေး၏သမီး မဟာသုဘဒ္ဒါသည် ဥဂ္ဂမြို့ဝယ် မိစ္ဆာဒိဋ္ဌိအယူရှိသော အမျိုး (=အိမ်)၌ နေထိုင်ရစဉ် "မြတ်စွာဘုရားသည် ငါ့ကို သနားစောင့်ရှောက်တော်မူပါစေသတည်း"ဟု နှလုံးသွင်း၍ ဥပုသ်ကို ဆောက်တည်ကာ ကိလေသာတည်းဟူသော စက်ဆုပ်ဖွယ်ရန့် ကင်းရှင်းလျက် ပြာသာဒ်အထက်၌ ရပ်တည်ပြီးလျှင် "ဤမုလေး (=မြတ်လေး) ပန်းတို့သည် အကြားလမ်း၌ မရပ်တည်ကြပဲ မြတ်စွာဘုရားရှင်၏ အထက်၌ ဗိတာန်မျက်နှာကြက်ဖြစ်၍ တည်ကြပါစေကုန်သတည်း၊ မြတ်စွာဘုရားသည် ဤ အမှတ်သညာဖြင့် နက်ဖြန်ခါ ရဟန်းငါးရာတို့နှင့် အတူတကွ အကျွန်ုပ်၏ ဆွမ်းကို ခံယူတော်မူပါစေသတည်း"ဟု သစ္စာပြု၍ မုလေး (=မြတ်လေး)ပန်း ရှစ်ဆုပ်တို့ကို ကောင်းကင်သို့ ပစ်လွှင့်လိုက်လေ၏။ ပန်းတို့သည် ကောင်းကင်ခရီးဖြင့် သွားကြ၍ တရားဟောတော်မူနေသော အချိန်မှာပင် မြတ်စွာဘုရားရှင်၏ အထက်၌ ဗိတာန်မျက်နှာကြက်ဖြစ်၍ ရပ်တည်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုမုလေးပန်းမျက်နှာကြက်ကို မြင်တော်မူ၍ စိတ်တော်ဖြင့်ပင် သုဘဒ္ဒါ၏ ဆွမ်းကို သည်းခံသာယာတော်မူ၍ နောက်တနေ့ အရုဏ်တက်လတ်သော် အရှင်အာနန္ဒာမထေရ်ကို"ချစ်သားအာနန္ဒာ....ငါတို့သည် ယနေ့ အဝေးအရပ်သို့ ဆွမ်းခံသွားရောက်ကြရကုန်အံ့၊ ပုထုဇန်ရဟန်းတို့အား စာရေးတံမဲ မပေးပဲ အရိယာရဟန်းတို့အားသာလျှင် စာရေးတံမဲကို ပေးလော့" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် ရဟန်းတို့အား "ငါ့ရှင်တို့....မြတ်စွာဘုရားသည် ယနေ့ အဝေးအရပ်သို့ ဆွမ်းခံကြွတော်မူလိမ့်မည်။ ပုထုဇန်ရဟန်းတို့သည် စာရေးတံမဲကို မနှိုက်ယူကြကုန်လင့်၊ အရိယာရဟန်းတို့သည်သာလျှင် စာရေးတံမဲကို နှိုက်ယူကြကုန်လော့" ဟု ပြောဆိုလေ၏။

ကုဏ္ဍ-ဓာနမထေရ်သည် "ငါ့ရှင်....စာရေးတံမဲကို ယူခဲ့ပါလော့"ဟု ပြောဆို၍ ရှေးဦးစွာသာလျှင် (မနှိုက်ရန်) လက်တို

ဆန့်တန်းလေ၏။ အရှင်အာနန္ဒာမထေရ်သည် "မြတ်စွာဘုရား ရှင်က ထိုကုဏ္ဍ-ဓာနရဟန်းကဲ့သို့သော ပုထုဇန်ရဟန်းများအား စာရေးတံမဲကို ပေးစေတော်မူသည်မဟုတ်၊ အရိယာရဟန်းများ အားသာလျှင် ပေးစေတော်မူ၏" ဟု ကြံစည်အောက်မေ့ကာ မြတ်စွာဘုရားထံတော်သို့ သွားရောက်၍ ထိုအကြောင်းကို မြတ်စွာ ဘုရားအား လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည် "ချစ်သားအာနန္ဒာ....ကုဏ္ဍ-ဓာနရဟန်းက စာရေးတံမဲကို ဆောင် စေလို = ယူလိုလျှင် ပေးလိုက်လေ" ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် "အကယ်၍ ကုဏ္ဍ-ဓာန ရဟန်းအား စာရေးတံမဲပေးရန် မသင့်လျော်လျှင် မြတ်စွာဘုရား သည် တားမြစ်တော်မူလေရာ၏၊ (ယခုမူ တားမြစ်တော်မမူ)၊ အကြောင်းတခုခု ရှိသည်ဖြစ်လိမ့်မည်" ဟု ကြံစည်ဆင်ခြင်တော် မူကာ "ကုဏ္ဍ-ဓာနရဟန်းအား သူတောင်းသည့်အတိုင်း စာရေး တံမဲကို ငါပေးတော့အံ့" ဟု ကြံစည်ဆုံးဖြတ်၍ စာရေးတံမဲ အပေးသွားရန် ခြေလှမ်းပြင်ဆင်လေ၏။ ကုဏ္ဍ-ဓာနမထေရ်သည် အရှင်အာနန္ဒာ မလာရောက်မီပင် အတိညာဏ်၏ အခြေပါဒက ဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ တန်ခိုးဖြင့် ကောင်းကင်၌ ရပ်တည်ကာ "ငါ့ရှင်အာနန္ဒာ....စာရေးတံမဲခွက်ကို ယူခဲ့လော့၊ မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏။ ငါကဲ့သို့သောရဟန်း ရှေးဦးစွာ စာရေးတံမဲ နှိုက်ယူသည်ကို မြတ်စွာဘုရားသည် တားမြစ်တော်မမူ" ဟု ရဲရဲတောက်ပြောဆိုကာ လက်ကို ဆန့် တန်း၍ စာရေးတံမဲကို နှိုက်ယူလေ၏။ (ဤသည်လည်းအကြောင်း အဋ္ဌုပ္ပတ်တခု ဖြစ်သည်)။

ထို့ပြင် စူဠသုဘဒ္ဒါ(အနာထပိဏ်သူဌေးသမီး)က ပင့်ဖိတ် သောနေ့၌ မြတ်စွာဘုရားရှင် သာကေတမြို့သို့ ကြွတော်မူရာမှာ လည်း ရဟန်းငါးရာတို့အလယ်တွင် ဤအရှင်ကုဏ္ဍ-ဓာနမထေရ် သည်ပင် ရှေးဦးစွာ စာရေးတံမဲကို နှိုက်ယူရရှိလေသည်။

ထိုပြင်လည်း မြတ်စွာဘုရားရှင် သုနာပရန္တဇနပုဒ်သို့ ကောင်းကင်မှကြွ ကြွချီတော်မူရာမှာလည်း အရှင်ကုဏ္ဍ-ဓာနမထေရ်သည်ပင် ရှေးဦးစွာ စာရေးတံမဲကို နှိုက်ယူရရှိလေသည်။

ထိုကြောင့် မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် အရိယာသံဃာတို့အလယ်၌ ထိုင်နေတော်မူလျက် ဧတဒဂ်ဘွဲ့ထူး (ရဟန်းတို့အား) ချီးကျူးနှင်းအပ်တော်မူသောအခါ ၌အရှင်ကုဏ္ဍ-ဓာနမထေရ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဌမံ သလာကံ ဂဏှန္တာနံ ယဒိဒံ ကုဏ္ဍဓာနော=ရဟန်းတို့....ရှေးဦးစွာ စာရေးတံမဲကို နှိုက်ယူရရှိနိုင်ကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ကုဏ္ဍ-ဓာနရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "ပဌမံ သလာကဂါဟက=ရှေးဦးစွာ စာရေးတံမဲ နှိုက်ယူရရှိသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား အရှင်ကုဏ္ဍ-ဓာနမထေရ် အကြောင်းတည်း။

---

## (၂၃) အရှင်ဝင်္ဂီသမထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤ အရှင်ဝင်္ဂီသမထေရ်အလောင်း အမျိုးကောင်းသားသည်လည်း ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်အခါ ဟံသာဝတီ မင်းနေပြည်ဝယ် စည်းစိမ်ဥစ္စာပေါများသော မဟာဘောဂအမျိုး၌ ပဋိသန္ဓေ ယူမနေဖြစ်ပွါးခဲ့၍ ရှေးမထေရ်တို့ အလောင်းများနည်းတူ ကျောင်းတော်သို့ သွားရောက်ကာ တရားနာစဉ် ပဒုမုတ္တရမြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "ဆန်းကြယ်သောဉာဏ်=ပဋိဘာန်ရှိသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကိုတွေ့မြင်ရ၍ မြတ်စွာ

ဘုရားအား အဓိကာရ ကောင်းမှုကုသိုလ်ကို ပြု၍ "အကျွန်ုပ်သည်လည်း နောက်အခါ၌ ဆန်းကြယ်သောညာဏ်=ပဋိဘာန် ရှိသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ရ ပုဂ္ဂိုလ် ဖြစ်ရပါလို၏"ဟု ဆုတောင်းပတ္ထနာမှု ပြုလေသည်။ ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူကာ ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ဤအကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းရာကာလ၌ သာဝတ္ထိပြည်၌ ပုဏ္ဏားမျိုး၌ ဖြစ်ပွါး၍လာလေသည်၊ ထိုသူ၏ အမည်ကို "ဝင်္ဂီသလုလင်" ဟု မိဘတို့က မှည့်ခေါ်ကြလေသည်။ ဝင်္ဂီသလုလင်သည် အရွယ်သို့ ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြား တတ်မြောက်လျက် ဆရာကို ဝတ်ကြီး, ဝတ်ငယ်တို့ဖြင့် နှစ်သိမ့် အားရစေ၍ "ဆဝသီသမန္တန် = ဦးခေါင်းခွံကို မန်းမှုတ်၍ ထိုသူ၏ လားရာဂတိကို သိနိုင်သောမန္တန်" ကို သင်ကြားတတ်မြောက်ပြီးလျှင် မန္တန်ကိုစုပ်၍ သူသေ၏ ဦးခေါင်းခွံကို လက်သည်းဖြင့် ခေါက်ကြည့်လျှင် "ဤသေသောသူသည် ဤမည်သောအမျိုး၌ ဖြစ်၏"ဟု သိရှိနိုင်လေသည်။

ပုဏ္ဏားတို့သည် "ဤဝင်္ဂီသ၏ ဆဝသီသမန္တန် အတတ်သည် ငါတို့အဖို့ရာ အသက်မွေးလမ်းကြောင်း ဖြစ်ပေ၏"ဟု သိရှိကြ၍ ဝင်္ဂီသလုလင်ကို ဖုံးကွယ်သောယာဉ် (=လုံခြုံသောရထား) ၌ ထိုင်နေစေ၍ ရွာ, နိဂုံး, မင်းနေပြည်တို့သို့ လှည့်လည်ကြလျက် မြို့တံခါး၀ (သို့မဟုတ်) ရွာ,နိဂုံးတံခါးတို့၌ စခန်းချ ထားရှိကြပြီးလျှင် လူအများ စုရုံးမိသောအခါ "ဝင်္ဂီသလုလင်ကို မြင်ရသောသူသည် ဥစ္စာကိုလည်း ရ၏၊ အခြံအရံကျော်စောသတင်းကို

လည်း ရ၏၊ နတ်ရွာသို့လည်း လားရောက်ရ၏”ဟု ဝါဒဖြန့်စကား ပြောကြားကြကုန်၏။ ထိုပုဏ္ဏားတို့၏ ဝါဒဖြန့်စကားကို ကြားကြရ၍ လူအများတို့သည် တံစိုးလက်ဆောင်ကိုပေး၍ ဝင်္ဂီသကို ကြည့်ရှုလိုကြကုန်၏။

မင်း, မင်း၏အမတ်ကြီးများသည် ထို ဝါဒဖြန့်သူပုဏ္ဏားတို့ထံ သွားရောက်ကြ၍ “ဆရာတို့…ဆရာဝင်္ဂီသ၏ အသိဉာဏ်အထူးကား အဘယ်ပါနည်း”ဟု မေးမြန်းကြကုန်၏။ ပုဏ္ဏားတို့သည် “အသင်တို့ကား အကြောင်းကို မသိကြပေ၊ ဇမ္ဗူဒိပ်တကျွန်းလုံး၌ အကျွန်ုပ်တို့၏ ဆရာဝင်္ဂီသနှင့်တူသူ အခြားပညာရှိ တဦးမျှမရှိ၊ ဆရာဝင်္ဂီသသည် သုံးနှစ်အထက်က ကွယ်လွန်ကြသောသူများ၏ ဦးခေါင်းခွံကို လက်သည်းဖြင့် ခေါက်၍ကြည့်လျှင် ‘ဤသေသောသူသည် ဤမည်သောအမျိုး, ဤမည်သော ဘဝ၌ ဖြစ်၏’ဟု သိနိုင်ပေ၏” ဟု ပြောဆိုကြကုန်၏။ ဝင်္ဂီသသည်လည်း လူများအပေါင်း၏ ယုံမှားကိုပယ်ဖျောက်ရန် ထိုထိုကွယ်လွန်ပြီးသောသူများကို ပူးဝင်စေ၍ မိမိ မိမိ၏ လားရောက်ရာဂတိကို မန္တန်အစွမ်းဖြင့် ပြောကြားစေလေသည်။ ထိုကိစ္စကိုအမှီပြု၍ လူအများ၏ လက်မှ အသပြာတရာကိုဖြင်း,တထောင်ကိုဖြင်း ရရှိလေသည်။

## ဝင်္ဂီသကျွတ်ချိန်ရောက်ခြင်း

ပုဏ္ဏားတို့သည် ဝင်္ဂီသလုလင်ကို သယ်ဆောင်ကြ၍ အလိုရှိသမျှ ရွာ, နိဂုံး, မင်းနေပြည်များသို့ လှည့်လည်ကြပြီးသော် တဖန် သာဝတ္ထိပြည်သို့ပြန်လည်သယ်ဆောင်လာကြကုန်၏။ဝင်္ဂီသသည် ဇေတဝန်ကျောင်းတိုက်တော်၏ အနီး၌ ရပ်တည်ကာ “ရဟန်းဂေါတမသည် ပညာရှိသူ ဖြစ်၏ဟု လူအများ ပြောဆိုကြ၏၊ ငါတမူကား အခါခပ်သိမ်း ဤပုဏ္ဏားများ၏ စကားကိုသာ လိုက်နာလျက် ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် လှည့်လည်ကာသာ နေဖို့ရန် မသင့်လျော်ချေ၊ ပညာရှိများအထံသို့လည်း သွားရောက်ဆည်းကပ်မှ သင့်လျော်ချေတော့မည်” ဟု ကြံစည်ဆင်ခြင်မိ၍ ပုဏ္ဏားတို့ကို “သင်တို့ သွားနှင့်ကြလော့၊ ငါသည် လူအများတို့နှင့်

အတူတကွ သွားရောက်ကာ ရဟန်းဂေါတမကို မဖူးမြော်လို= တဦးတည်းသာ သွားရောက်ဖူးမြော်လို၏” ဟု ပြောဆိုလေ၏။ ထိုအခါ ပုဏ္ဏားတို့သည် ဝင်္ဂီသလုလင်ကို “အို ဝင်္ဂီသ....သင်သည် ရဟန်းဂေါတမကို ဖူးမြင်ရခြင်းကို မနှစ်သက်ပါလင့်၊ ရဟန်း ဂေါတမသည် မိမိထံမှောက် အဖူးအမြော် လာရောက်သူကို အာဝဋ္ဋနီမည်သော မာယာ=မျက်လှည့်အတတ်ဖြင့် လှည့်ဖြား တတ်သူဖြစ်၏”ဟု တားမြစ်ပြောဆိုကြလေ၏။ ဝင်္ဂီသလုလင်သည် ထိုပုဏ္ဏားတို့၏စကားကို မနာယူပဲ မြတ်စွာဘုရားရှင်အထံတော် သို့ သွားရောက်ဆည်းကပ်၍ ချိုမြိန်ဖွယ်သော အစေ့အစပ်စကား ပြောကြားပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ထိုင်နေလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ဝင်္ဂီသလုလင်ကို “ဝင်္ဂီသ···· သင်သည် တစုံတခုသော အတတ်ပညာကို တတ်သိ၏လော” ဟု စကားစ၍ မေးတော်မူလေ၏။ ဝင်္ဂီသလုလင်သည် “အိုအရှင် ဂေါတမ....အိမ်း....အကျွန်ုပ်သည် ဆဝသီသမန္တန်မည်သော တခု သော မန္တန်အတတ်ကို တတ်သိပါ၏” ဟု ဖြေဆိုလျှောက်ထား လေ၏။ တဖန်ဆက်၍ မြတ်စွာဘုရားက “ဝင်္ဂီသ....သင် တတ်သိ သည့် ထိုဆဝသီသမန္တန်သည် အဘယ်သို့ ပြုနိုင်သနည်း= ဆဝသီသမန္တန်သည် ဘယ်လို အစွမ်းသတ္တိရှိသနည်း” ဟု မေး တော်မူလေလျှင် ဝင်္ဂီသလုလင်သည် “အို အရှင်ဂေါတမ····ထို မန္တန်ကို စုပ်၍ သုံးနှစ်အထက်က သေသောသူတို့၏ ဦးခေါင်း ကိုသော်လည်း လက်သည်းဖြင့်ခေါက်၍ လားရောက်ဖြစ်ပွါးရာ ဘုံဌာနကို အကျွန်ုပ် သိမြင်ပါ၏” ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားရှင်သည် ဝင်္ဂီသလုလင်အား (၁) ငရဲပြည်၌ ဖြစ်သော သူ၏ ဦးခေါင်းခွံတခု၊ (၂) လူ့ပြည်၌ ဖြစ်သောသူ၏ ဦးခေါင်းခွံတခု၊ (၃) နတ်ပြည်၌ ဖြစ်သောသူ၏ ဦးခေါင်းခွံ တခု၊ (၄) ပရိနိဗ္ဗာန် စံလွန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်၏ ဦးခေါင်းခွံတခု၊ ဤသို့အားဖြင့် ဦးခေါင်းခွံလေးခုတို့ကို အစဉ် အတိုင်း တန်ခိုးတော်ဖြင့် ယူဆောင်ပြတော်မူလေ၏။ ဝင်္ဂီသသည် ပဌမဦးခေါင်းခွံကို ခေါက်၍ “အိုအရှင်ဂေါတမ....ဤဦးခေါင်းခွံ

အရှင် သတ္တဝါသည် ငရဲသို့ လားရောက်ရပါပြီ”ဟု ဖြေဆိုလေ၏။ မြတ်စွာဘုရားရှင်သည် “သာဓု သာဓု ဝင်္ဂီသ........သင်သည် ကောင်းမွန်မှန်ကန်စွာ မြင်အပ်ပါပေ၏”ဟု ချီးမွမ်းစကား မိန့်ကြားတော်မူပြီးလျှင် ဒုတိယဦးခေါင်းခွံကိုပြ၍ “ဤသတ္တဝါကား အဘယ်ဂတိသို့ လားရောက်သနည်း”ဟု မေးတော်မူ၏။ ဝင်္ဂီသသည် “အို အရှင်ဂေါတမ....ဤသတ္တဝါကား လူ့ပြည်လောကသို့ လားရောက်ရပါပြီ”ဟု ဖြေကြားလေ၏။ တဖန် တတိယအရိုးကို ပြ၍ “ဤသတ္တဝါကား အဘယ်ဂတိသို့ လားရောက်သနည်း”ဟု မေးတော်မူသောအခါ “အို အရှင်ဂေါတမ....ဤသတ္တဝါကား နတ်ပြည်လောကသို့ လားရောက်ရပါပြီ” ဟု ဖြေဆိုလေသည်။ ဤသို့လျှင် သုံးဦးသောသတ္တဝါတို့၏ လားရောက်ရာဂတိကို ဝင်္ဂီသသည် မှန်ကန်စွာ ဖြေဆိုနိုင်လေသည်။

မြတ်စွာဘုရားရှင်က စတုတ္ထအကြိမ်မြောက် ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းခွံကိုပြ၍ မေးလတ်သော်ကား ဝင်္ဂီသသည် ထိုဦးခေါင်းခွံကို မန္တန်စုပ်ကာ လက်သည်းဖြင့် အကြိမ်ကြိမ် ခေါက်၍ ခေါက်၍ စဉ်းစားပါသော်လည်း အဆုံး,အစ ဘာကိုမျှ မသိမြင်တော့ချေ။ ထိုအခါ ဝင်္ဂီသကို မြတ်စွာဘုရားရှင်က “ဝင်္ဂီသ.... သင်သည် မြင်ခြင်းငှါ မစွမ်းနိုင်တော့ဘူးလော”ဟု မေးတော်မူလေလျှင် ဝင်္ဂီသသည် “အိုအရှင်ဂေါတမ....ကြည့်ကြကုန်လော့၊ စူးစမ်းဆင်ခြင်ပါဦးမည်”ဟု ဆို၍ အဖန်ဖန်မန္တန်စုပ်၍ အဖန်ဖန် ဦးခေါင်းခွံကို ခေါက်လေတော့၏။ သာသနာပြင်ပ ဗာဟိရက မန္တန်ဖြင့် ရဟန္တာအရှင်မြတ်၏ လားရာဂတိကို အဘယ်မှာ သိနိုင်အံ့နည်း = မသိနိုင်သည်သာတည်း။ ထိုအခါ ဝင်္ဂီသ၏ ဦးထိပ်မှ ချွေးများ တဒီးဒီး ယိုထွက်၍လာလေ၏၊ ဝင်္ဂီသသည် ရှက်နိုးလှသဖြင့် စကားမပြော တုဏှီဘော (ဆိတ်ဆိတ်သာ) ရပ်တည်နေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝင်္ဂီသကို “ပင်ပန်းသလော ချစ်သားဝင်္ဂီသ....”ဟု မေးတော်မူလေ၏။ဝင်္ဂီသက“ဟုတ်ပါသည် အရှင်ဂေါတမ....=ပင်ပန်းလှပါပြီ၊ ဤသတ္တဝါ၏ လားရာဌာနကို

မသိနိုင်ပါ။ အကယ်၍ အရှင်ဘုရားတို့ သိတော်မူကြပါလျှင် အကျွန်ုပ်အား ဖြေကြားတော်မူပါလော့”ဟု လက်လျှော့တောင်းပန်စကား လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် “ချစ်သား ဝင်္ဂီသ....ငါဘုရားသည် ၎င်းသတ္တဝါကိုလည်း သိ၏၊ ထိုထက်အလွန်လည်း သိ၏”ဟု မိန့်တော်မူပြီးလျှင် ဓမ္မပဒကျမ်း၌လာသည့် ၎င်းဆိုလတ္တံ့သော နှစ်ဂါထာတို့ကို ဟောတော်မူလေ၏----

စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိဉ္စ သဗ္ဗသော။
အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဝင်္ဂီသ = ချစ်သားဝင်္ဂီသ....။ ယော = ရဟန္တာသခင် အကြင်ပုဂ္ဂိုလ်သည်။ သဗ္ဗသော = ခပ်သိမ်းဥဿုံ ခြင်းရာ စုံအောင်။ သတ္တာနံ = သတ္တဝါတို့၏။ စုတိဉ္စ = စုတိပြတ်ကြွေ သေလွန်ခြင်းကိုရင်း။ ဥပပတ္တိဉ္စ = ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေခြင်းကိုရင်း။ ဝေဒိ=လင်းလင်းထင်ထင် သိမြင်လေပြီ။ အသတ္တံ=အာရုံငါးရပ် မငြိကပ်သော။ သုဂတံ = သမ္မာပဋိပတ် အကျင့်မြတ်ဖြင့် မတ်မတ်ဖြောင့် တန်း နိဗ္ဗာန်နန်းသို့ ကြွမြန်းဆိုက်ရောက်လေပြီးသော။ ဗုဒ္ဓံ = သစ္စာလေးအင် လင်းလင်းသိမြင်သော။ တံ=ထို ရဟန္တာပုဂ္ဂိုလ် သူမြတ်ကို။ အဟံ = လူသုံးပါးတို့ဆရာ ဘုရားငါသည်။ ဗြာဟ္မဏံ = ဗာဟိတပါပ အနက္ထကြောင့် ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဟူ၍။ ဗြူမိ = လူနတ်တို့အား သိထင်ရှားအောင် ဟောကြားမိန့်ဆိုပေ၏။

ယဿ ဂတိံ န ဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗ, မာနုသာ။
ခီဏာသဝံ အရဟန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဝင်္ဂီသ=ချစ်သားဝင်္ဂီသ....။ ယဿ = အကြင်ရဟန္တာ ပုဂ္ဂိုလ်၏။ ဂတိံ = လားရာဂတိကို။ ဒေဝါ = ထက်ခွင် မိုးရပ် ပြည်ကြီးနတ်တို့သည်၎င်း။ ဂန္ဓဗ္ဗ, မာနုသာ = ကခြေသည်ခေါ်မှတ် ဂန္ဓဗ္ဗနတ်များ လူသားတို့သည်၎င်း။ န ဇာနန္တိ=လင်းလင်းထင်ထင် မသိမြင်ကြကုန်။ ခီဏာ-

သဗ္ဗံ = လေးဖြာအာသဝေါ ကွာလျော့ ကုန်ခန်းလေပြီး သော။ အရဟန္တံ = တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာပြီးသော။ တံ = ထိုရဟန္တာပုဂ္ဂိုလ်ကို။ အဟံ = လူသုံးပါးတို့ဆရာ ဘုရားငါသည်။ ဗြာဟ္မဏံ = ဗာဟိတ-ပါပ အနက်ထွက်ကြောင့် ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဟူ၍။ ဗြူမိ = လူနတ်တို့အား သိထင်ရှားအောင် ဟောကြား မိန့်ဆိုပေ၏။

(ဤနှစ်ဂါထာတို့ကို ဓမ္မပဒ၌ မြတ်စွာဘုရား ရဟန်းတို့အား ဟော ကြားတော်မူခြင်းမှာ အရှင်ဝင်္ဂီသ ရဟန္တာဖြစ်ကြောင်း သိစေတော်မူ လို၍ ဟောတော်မူခြင်းဖြစ်သည်။ ဤ၌ ဝင်္ဂီသလုလင်အား ဟော ကြားတော်မူခြင်းမှာ "ထိုစတုတ္ထအကြိမ်မြောက် ထုတ်ပြအပ်သော ဦးခေါင်းခွံ၏ အရှင်မှာ ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ ဂတိငါးပါး၌ ရှာ၍ မတွေ့နိုင်ကြောင်း, ပရိနိဗ္ဗာန်စံလွန်ပြီဖြစ်ကြောင်း"ကို သိစေတော်မူလို ၍ ဟောတော်မူခြင်းဖြစ်သည်။)

ထိုအခါ ဝင်္ဂီသ လုလင်သည် မြတ်စွာဘုရားရှင်ကို "အို အရှင်ဂေါတမ...မန္တန်ဖြင့် မန္တန်ကို (= မန္တန် မန္တန်ချင်း) လဲလှယ်ပေးသောသူ၏ အဖို့ရာ အရှုံးမရှိပါ၊ သို့ရကား အကျွန်ုပ် သည် မိမိတတ်သိသော "ဆဝသီသ" မန္တန်ကို အရှင်ဘုရား တို့အား ပေးပါမည်၊ အရှင်ဘုရားတို့သည် ဤယခုမိန့်ကြားသည့် 'ဗုဒ္ဓ' မန္တန်ကို အကျွန်ုပ်အား ပေးကြပါကုန်လော့"ဟု လျှောက် ဆိုလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် "ဝင်္ဂီသ....ငါဘုရား တို့သည် မန္တန်ဖြင့် မန္တန်ကို (=မန္တန်မန္တန်ချင်း) မလဲလှယ်, မပေးကြကုန်၊ ဤအတိုင်းပင်လျှင် လိုချင်သူတို့အား မတ္တာ ရှေ့ထား၍ ပေးကြကုန်၏"ဟု မိန့်တော်မူလေ၏။ ဝင်္ဂီသလုလင် သည် "ကောင်းပါပြီ အရှင်ဂေါတမ....အကျွန်ုပ်အား မန္တန်ကို ပေးကြပါကုန်လော့" ဟု ပြောဆိုကာ ရှိသေမှုကို အထင်အရှား ပြု၍ (= အရိုအသေပေး၍) လက်နှစ်ဘက်ကို လိပ်ငယ်သဏ္ဍာန် တောင်းခံသည့်ပုံဟန်ပြုလျက် ထိုင်နေလေ၏။

မြတ်စွာဘုရားရှင်သည် ဝင်္ဂီသလုလင်ကို "ဝင်္ဂီသ....သင်တို့ ပုဏ္ဏားများ၏ အယူဝါဒ၌ အဖိုးတန်သော မန္တန်ကို ဖြစ်စေ,

အခြားတစုံတရာကိုဖြစ်စေ တောင်းခံရယူသောသူတို့၏ အဖို့ရာ ထက်ဝန်းကျင်မှ ဝတ်ကို ကျင့်ခြင်းမည်သည် မရှိဘူးလော" ဟု မေးတော်မူ၏။ ဝင်္ဂီသလုလင်က "ရှိပါသည် အိုအရှင်ဂေါတမ..." ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် "ဝင်္ဂီသ........ ငါဘုရားတို့၏ မန္တန်ကား ထက်ဝန်းကျင်မှ ဝတ်ကိုကျင့်ခြင်း = ပရိဝါသ်နေခြင်း မရှိဘူးဟု သင်မှတ်ထင်သလော"ဟု မေးတော်မူလေ၏။ ပုဏ္ဏားတို့ မည်သည် မန္တန်တို့ဖြင့် မရောင့်ရဲကြမြဲ ဓမ္မတာဖြစ်ကုန်၏၊သို့ရကား ဝင်္ဂီသလုလင်သည် မြတ်စွာဘုရားရှင်ကို"အိုအရှင်ဂေါတမ....အရှင်ဘုရားတို့ မိန့်ကြားအပ်သော နည်းလမ်း စည်းကမ်းအတိုင်း အကျွန်ုပ် လိုက်နာကျင့်သုံးပါမည်" ဟု အလုံးစုံ လွှဲပုံသောစကားကို ပြောကြားလေ၏။ မြတ်စွာဘုရားသည် ဝင်္ဂီသလုလင်ကို "ဝင်္ဂီသ....ငါတို့သည် ဤ ဗုဒ္ဓမန္တန်ကို ပေးကြသည်ရှိသော်(=ပေးကြတော့မည်ဆိုလျှင်)ငါတို့နှင့်အသွင်တူသောသူအားသာ ပေးကြကုန်၏" ဟု မိန့်တော်မူလေ၏။

ဝင်္ဂီသလုလင်သည်"ငါကား အရှင်ဂေါတမစေခိုင်းသမျှ ဥဿုံအလုံးစုံကို ပြုလုပ်ပြီးလျှင် မန္တန်ကို သင်ယူပြီး သွားမှ သင့်တော်မည်"ဟု ကြံစည်မိကာ မိမိ၏ အဖော်ပုဏ္ဏားတို့ကို"သင်တို့သည် ငါရဟန်းပြုလတ်သော် (= ငါရဟန်းပြုသော်ကောဟု) ထွေရာလေးပါး စိတ်အကြံမများကြလင့်၊ ငါသည် ဤ ဗုဒ္ဓမန္တန်ကို သင်ကြားတတ်မြောက်ပြီးလျှင် ဇမ္ဗူဒိပ်တကျွန်းလုံး၌ အကြီးဆုံးဆရာကြီး ဖြစ်ရလိမ့်မည်၊ ဤသို့ ဖြစ်လတ်သော် သင်တို့အဖို့ရာလည်း ကောင်းမြတ်သည်သာ ဖြစ်လိမ့်မည်"ဟု နှစ်သိမ့်အားပေးစကား မှာကြားပြောဆိုခဲ့ပြီးလျှင် ဗုဒ္ဓမန္တန်ကို သင်ယူရန် အလို့ငှါ မြတ်စွာဘုရားရှင် အထံတော်၌ ရှင်ရဟန်းပြုလေ၏။

(ဤ၌။ ။ဝင်္ဂီသလုလင်ကို ရှင်ရဟန်းပြုပေးသောဆရာမှာ အရှင်နိဂြောဓကပ္ပ-ရဟန္တာမထေရ် ဖြစ်လေသည်။ ထင်ရှားစေဦးအံ့— ထိုသို့ ဝင်္ဂီသလုလင် ရှင်ရဟန်းပြုခါနီးအချိန်ဝယ် မြတ်စွာဘုရား၏ အနီး၌ နိဂြောဓကပ္ပ-ရဟန္တာမထေရ်မြတ် ရှိနေလေသည်။ ထိုမထေရ်ကို မြတ်စွာဘုရားက "ချစ်သား နိဂြောဓကပ္ပ....ထိုသို့ ဝင်္ဂီသလုလင်သည် ရှင်ရဟန်းအဖြစ်ကို ရယူလိုရကား သင်ချစ်သားသည် ဤဝင်္ဂီသလုလင်ကို

ရှင်ရဟန်းပြုပေးလိုက်လော့” ဟု မိန့်တော်မူလေသည်၊ မထေရ်သည် ဘုရားရှင် အမိန့်အတိုင်း တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောကြား၍ ဝင်္ဂီသ လုလင်ကို ရှင်ရဟန်းပြုပေးလေသည်။ ။သုတ္တနိပါတ အဋ္ဌကထာ ဒု၊ မျက်နှာ ၃၄၆-မှ)။

မြတ်စွာဘုရားရှင်သည် “ချစ်သားဝင်္ဂီသ.... မန္တပရိဝါသ်ကို ကျင့်သုံးဦးလော့”ဟု မိန့်တော်မူ၍ အရှင်ဝင်္ဂီသအား ဒွတ္တိံသာ-ကာရ=ကာယဂတာသတိကမ္မဋ္ဌာန်းကို ဟောကြားပို့ချပေးတော်မူလေသည်။ အရှင်ဝင်္ဂီသသည် ဉာဏ်ပညာထက်မြက်သူ ဖြစ်ရကား ဒွတ္တိံသာကာရ=ကာယဂတာသတိကမ္မဋ္ဌာန်းကို ရွတ်ဆိုသရဇ္ဈာယ်ရင်းပင် ထို ၃၂ - ကောဋ္ဌာသ=ဒွတ္တိံသာကာရ၌ ကုန်ခြင်း, ပျက်ခြင်းကို လင်းလင်းထင်ထင် သိမြင်လာကာ ဝိပဿ-နာတရား ပွါးများအားထုတ်သောကြောင့် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်တော်မူလေ၏။

ဝင်္ဂီသမထေရ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေလျှင် ပုဏ္ဏားတို့သည် “ဝင်္ဂီသ၏ ဖြစ်ပုံကား အသို့နည်း=ဝင်္ဂီသသည် အဘယ်သို့ ဖြစ်နေလေသနည်း၊ ထိုဝင်္ဂီသကို ငါတို့ ကြည့်ရှုကုန်ဦးအံ့”ဟု တိုင်ပင်ကြ၍ အရှင်ဝင်္ဂီသထံသို့ သွားရောက်ကြပြီးလျှင် “အိုဝင်္ဂီသ ........ အသို့နည်း = ဘယ့်နှယ်လဲ ရဟန်းဂေါတမ၏ အထံ၌ မန္တန်အတတ်ကို သင်ယူအပ် ပြီးပြီလော”ဟု မေးကြလေကုန်၏။ အရှင်ဝင်္ဂီသမထေရ်က “အိမ်း....သင်ယူအပ်ပြီးပြီ” ဟု မိန့်ဆိုလတ်သော် ပုဏ္ဏားတို့သည် “ထိုသို့ သင်ယူအပ်ပြီး ဖြစ်လျှင် လာ,သွားကြကုန်စို့” ဟု ခေါ်ငင်ကြကုန်၏။ အရှင်ဝင်္ဂီသ မထေရ်က “သင်တို့ သွားကြလော့၊ ငါ့အဖို့ရာ သင်တို့နှင့် အတူတကွ သွားဖွယ်ကိစ္စသည် ပြီးဆုံးလေပြီ” ဟု အပြတ်စကား မိန့်ကြားလေလျှင် ပုဏ္ဏားတို့သည်“ရှေးဦးကပင်လျှင် ငါတို့သည် သင့်အား ‘ရဟန်းဂေါတမသည် မိမိထံမှောက် အဖူးအမြော်လာရောက်သူတို့ကို အာဝဋ္ဋနီမည်သော မာယာ = မျက်လှည့်အတတ်ဖြင့် လှည့်ဖြားတတ်သူ ဖြစ်၏’ဟု ပြောအပ်ခဲ့လေပြီ၊ မှန်၏-သင်သည် ယခုအခါ ရဟန်းဂေါတမ၏ အလိုအကြိုက်သို့ လိုက်ပါ

ခဲ့ရလေပြီ၊ ငါတို့သည် သင်၏ အထံ၌ အဘယ်အမှုကို ပြုရကုန်အံ့နည်း = ပြုရန်ကိစ္စ လုံးဝမရှိတော့ပြီ”ဟု ရန်တွေ့စကား ပြောကြားကြကာ လာရင်းလမ်းအတိုင်းဖြင့်ပင် ပြန်လည် ဖဲ့သွားကြလေကုန်၏။

(ဤမထေရ်ကား သာသနာ၀ယ် အလွန်ထင်ရှားသော ပါဠိဂါထာစာဆိုတော် ရဟန္တာမထေရ်မြတ် ဖြစ်ပေ၏၊ ထိုအကြောင်းကို သဂါထာ-ဝဂ္ဂ ဝင်္ဂီသသံယုတ် သုတ္တန်များကို ကြည့်၍ သိရာ၏)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

ဤ အရှင်ဝင်္ဂီသမထေရ်သည် မြတ်စွာဘုရားရှင် ထံတော်သို့ ဆည်းကပ် သွားရောက်သည်ရှိသော် မြတ်စွာဘုရားရှင်ကို မြင်ရာအရပ်မှ အစပြု၍ လစန်းနှင့် ဥပမာနှိုင်း၍ရင်း, နေမင်းနှင့် ဥပမာနှိုင်း၍ရင်း, ကောင်းကင်နှင့် ဥပမာနှိုင်း၍ရင်း, မဟာသမုဒြာနှင့် ဥပမာနှိုင်း၍ရင်း, ဆင်ပြောင်ကြီးနှင့် ဥပမာနှိုင်း၍ရင်း, ကေသရခြင်္သေ့မင်းနှင့် ဥပမာနှိုင်း၍ရင်း ဂါထာပိုဒ်ပေါင်း အရာအထောင်တို့ဖြင့် မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို ချီးကျူးဖွဲ့ဆိုလျက်သာလျှင် သွားရောက် ဆည်းကပ်လေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် အရိယာသံဃာတော်တို့အလယ်၌ အရှင်ဝင်္ဂီသမထေရ်ကို—

“ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဋိဘာနဝန္တာနံ ယဒိဒံ ဝင်္ဂီသော = ရဟန်းတို့…ဆန်းကြယ်သောဉာဏ် ပဋိဘာန်ရှိကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ဝင်္ဂီသရဟန်းသည် အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏”—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ “ပဋိဘာနဝန္တ = ဆန်းကြယ်=သောဉာဏ် ပဋိဘာန်ရှိသောအရာ”ဝယ် အသာဆုံးအမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား အရှင်ဝင်္ဂီသမထေရ် အကြောင်းတည်း။

## (၂၄) အရှင်ဥပသေန-ဝင်္ဂန္တပုတ္တမထေရ်အကြောင်း

(ဤမထေရ်၏ အမည်ရင်းကား ဥပသေန-ဟူ၍ ဖြစ်သည်၊ (အရှင်သာရိပုတ္တရာ၏ ညီတော်ဖြစ်သည်)၊ ခမည်းတော် ဝင်္ဂန္တပုဏ္ဏားကြီး၏ သားဖြစ်သောကြောင့် အမည်ရင်း၏ နောက်မှဆက်၍ ဥပသေန-ဝင်္ဂန္တပုတ္တမထေရ်ဟု ခေါ်ဆိုအပ်လေသည်၊ ဝင်္ဂန္တပုဏ္ဏား၏သား ဥပသေနမထေရ်ဟု ဆိုလို၏)။

### (က) မထေရ်၏ ရှေးဆုတောင်း

ဤမထေရ်အလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်အခါ ဟံသာဝတီ မင်းနေပြည်ဝယ် အမျိုးကောင်းအိမ်၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ရှေးမထေရ်အလောင်းများနည်းတူ ဘုရားရှင်ထံတော်သို့ သွားရောက်ကာ တရားနာစဉ် ပဒုမုတ္တရ မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "ထက်ဝန်းကျင်=ပရိသတ်နှင့်တကွ ကြည်ညိုဖွယ်ရှိသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး"၌ထားတော်မူသည်ကို တွေ့မြင်ရ၍ မြတ်စွာဘုရားအား အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ ရှေးနည်းအတူ ဗျာဒိတ်စကား မိန့်ကြားတော်မူကာ ကျောင်းတော်သို့ ဖဲကြွတော်မူလေ၏။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ နတ်ပြည်,လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ဤ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းရာကာလဝယ် မဂဓတိုင်းအဝင်အပါ နာလကပုဏ္ဏားရွာ၌ ရူပသာရီပုဏ္ဏေး သူဌေးကတော်၏ သားဖြစ်၍ အမည်အားဖြင့် ဥပသေနသူငယ်ဟု အမည်တွင်လေသည်။ ဥပသေနသူငယ်သည် အရွယ်သို့ ရောက်လတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်ပြီးနောက်

မြတ်စွာဘုရားရှင်အထံတော်၌ တရားနာရ၍ သဒ္ဓါတရား ကြီးမားစွာ ဖြစ်ရှိကာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြုလေသည်။

အရှင်ဥပသေနသည် မိမိကိုယ်တိုင်က ရဟန်းဝါ တစ်ဝါရရှိလျှင် "အရိယသံဃာတိုက်ခန်းကြီးကို ငါတိုးချဲ့ပေအံ့" ဟူသော ရည်ရွယ်ချက်ဖြင့် အမျိုးကောင်းသားတယောက်ကို မိမိ၏အထံ၌ ရှင်ပြုပေးပြီးနောက် ရဟန်းခံ၍ ပေးလေသည်။ အရှင်ဥပသေနသည် ထိုနှစ် ဝါကျွတ်၍ ပဝါရဏာပြုပြီးသော် ဥပဇ္ဈာယ်ယူ အတူနေ သဒ္ဓိဝိဟာရိကတပည့် ထိုရဟန်းငယ် တစ်ဝါရရှိသော အခါ၌ မိမိကိုယ်တိုင်က နှစ်ဝါရရှိသူဖြစ်ကာ "မြတ်စွာဘုရားရှင်သည် ငါ့ကိုမြင်လျှင် နှစ်သက်တော်မူလိမ့်မည်"ဟု အထင်ရောက်လျက် သဒ္ဓိဝိဟာရိကတပည့်ရဟန်းငယ်ကို ခေါ်ဆောင်ပြီးလျှင် မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ အဖူးအမြော် ရောက်ရှိလာလေ၏။

မြတ်စွာဘုရားရှင်သည် ကိုယ်တော်မြတ်ကိုရှိခိုး၍ အပြစ်လွတ်ရာ အရပ်၌ ထိုင်နေသော အရှင်ဥပသေနကို "ရဟန်း....သင်သည် ဘယ်နှစ်ဝါ ရှိပြီနည်း" ဟု မေးတော်မူလေ၏။ အရှင်ဥပသေနက "မြတ်စွာဘုရား....တပည့်တော်သည် ၂-ဝါရရှိပါပြီဘုရား" ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် ထပ်ဖန် ဆက်၍ "ရဟန်း....၍ သင်နှင့်အတူပါသော ရဟန်းသည်ကား ဘယ်နှစ်ဝါ ရှိပြီနည်း" ဟု မေးတော်မူပြန်၏။ အရှင်ဥပသေန-က "၁-ဝါ ရရှိပါပြီ မြတ်စွာဘုရား...." ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် တဖန်ဆက်၍ "ရဟန်း....၍ ၁-ဝါရရှိပြီးသော ရဟန်းသည် သင်နှင့် အဘယ်သို့ တော်စပ်သနည်း" ဟု မေးတော်မူပြန်လေ၏။ အရှင်ဥပသေန-က "တပည့်တော်၏ သဒ္ဓိဝိဟာရိက တပည့် ဖြစ်ပါသည် မြတ်စွာဘုရား...." ဟု လျှောက်ထားသော အခါ မြတ်စွာဘုရားရှင်သည် အရှင်ဥပသေနကို "မဂ်ဖိုလ်မရကိစ္စမပြီး အချည်းနှီးသောယောကျ်ား....သင်သည် အလွန်လျင်မြန်စွာ ပစ္စည်းလေးပါး ပေါများရန်အလို့ငှါ လည်ဘိ၏" ဟု အပြစ်တင်စကား မိန့်ကြားတော်မူ၍ အကြောင်းပေါင်းများစွာတို့ဖြင့်

ကဲ့ရဲ့တော်မူပြီးလျှင် ဤအရှင်ဥပသေန၏ မိမိက ဆယ်ဝါမပြည့် သေးပဲ ဥပဇ္ဈာယ်ဆရာပြုလုပ်ကာ သဒ္ဓိဝိဟာရိကတပည့်ကို ရဟန်း ခံပေးမှုတည်းဟူသော အကြောင်းအရာ နိဒါန်းဝတ္ထု၌—

"ရဟန်းတို့····ဆယ်ဝါမပြည့်သေးသော ရဟန်းသည် (ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ပဉ္စင်းလောင်းကို) ရဟန်းခံ၍ မပေးအပ်, မပေးကောင်း၊ ရဟန်းခံ၍ ပေးခဲ့လျှင် ထို ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ။

ရဟန်းတို့.......ဆယ်ဝါပြည့်ပြီးသော ရဟန်းသည်၎င်း, ဆယ်ဝါထက်ကျော်လွန်သောရဟန်းသည်၎င်း(ဥပဇ္ဈာယ် ဆရာပြုလုပ်၍ ပဉ္စင်းလောင်းကို) ရဟန်းခံပေးရန် ငါဘုရား ခွင့်ပြု၏"—

ဟု ဤ သိက္ခာပုဒ် ၂-ရပ်ကို ပညတ်တော်မူလေ၏။ (ပိဋကတ် မြန်မာပြန် ဝိနည်း မဟာဝဂ်ပါဠိ စာမျက်နှာ ၇၇-မှ စ၍ ဤဝတ္ထု၊ အကျယ်ကို ကြည့်ရှုမှတ်သားရာ၏)။

အရှင်ဥပသေနသည် မြတ်စွာဘုရားရှင်၏ အထံတော်မှ (စောစောက ရည်မှန်းသည့်အတိုင်း အချီးမွမ်းကို မခံရပဲ) အကဲ့ရဲ့ကိုသာ ခံရပြီးနောက် မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင် "ငါသည် ဤယခု (ကဲ့ရဲ့တော်မူလိုက်သည့်) လပြည့်ဝန်းအတူ ကျက်သရေရှိလှသော ခံတွင်းတော်ဖြင့်ပင် တနေ့၌ မြတ်စွာဘုရား ရှင်ကို ပရိသတ်ကို အကြောင်းပြု၍ပင် ကောင်းကြီးပေးတော်မူ စေမည်"ဟု ကြံစည် အောက်မေ့ကာ ထိုနေ့၌ပင် တနေရာသို့ သွား၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်လေလျှင် ရက်များ မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏။

### တပည့်ပရိသတ်ကို မွေးမြူဆုံးမတော်မူခြင်း

ထိုမှ နောက်အခါ အရှင်ဥပသေနမထေရ်မြတ်သည် အမျိုး ကြီးမှ တောထွက်၍ ရဟန်းပြုသူ ဖြစ်သည့်ပြင် မြေအပြင်ဝယ် အလွန်ထင်ရှားသော တရားဟောကောင်းသည့် = ဓမ္မကထိက

ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏၊ သို့ရကား မထေရ်မြတ်၏ တရားစကား၌ ကြည်ညိုကြ၍ရင်း, ဆွေးမျိုး, မိတ်သင်္ဂဟတို့ အိမ်များမှ ထွက်ကြ၍ရင်း များစွာသော အမျိုးကောင်းသား သူငယ်တို့သည် အရှင်ဥပသေန ရဟန္တာမထေရ်၏ အထံ၌ ရှင်ပြုကြကုန်၏။ ထိုသို့ ရှင်ပြုရာ၌ အရှင်ဥပသေနမထေရ်သည် "သူငယ်တို့........ငါသည် တောကျောင်းနေပုဂ္ဂိုလ် = အာရညကင် ဓုတင်ဆောင်ပုဂ္ဂိုလ် ဖြစ်သည်၊ သင်တို့သည်လည်း ငါကဲ့သို့ပင် တောကျောင်းနေ ပုဂ္ဂိုလ် = အာရညကင်ဓုတင်ဆောင်ပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပါလျှင် ရှင်သာမဏေ ပြုကြကုန်လော့"ဟု မိန့်ဆိုကာ ဓုတင်တဆယ့် သုံးပါးတို့ကို ပြောပြတော်မူလေသည်၊ ထိုသို့ ပြောပြ၍ "တပည့် တော်တို့ စွမ်းနိုင်ကြပါသည်"ဟု ပြောဆိုသော သူငယ်တို့ကိုမှ ရှင်သာမဏေပြု၍ ပေးတော်မူလေ၏။ ထိုသာမဏေငယ်တို့သည် မိမိတို့ စွမ်းအားရှိကြသည့် အလျောက် ထိုထို ဓုတင်အကျင့် ပဋိပတ်တို့ကို ဆောက်တည် ကျင့်သုံးကြလေကုန်၏။ အရှင်ဥပ- သေနမထေရ်မြတ်သည် မိမိကိုယ်တိုင်က ရဟန်းသိက္ခာ ဆယ်ဝါ ရရှိသောအခါ၌ ဝိနည်းပိဋကတ်ကို နိုင်နင်းစွာ လေ့လာပြီးလျှင် ထိုသာမဏေအားလုံးတို့ကို ဥပဇ္ဈာယ်ဆရာပြုလုပ်ကာ ပဉ္စင်းခံ၍ ပေးလေ၏။ ဤသို့လျှင် အရှင်ဥပသေနမထေရ်၏ အထံ၌ ရဟန်း ပဉ္စင်းအဖြစ်သို့ ရောက်ရှိကြသော ရဟန်းအခြံအရံတို့မှာ (၅၀၀) ငါးရာမျှ အတိုင်းအရှည် ရှိကုန်၏။

ထိုအချိန်၌ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန် ကျောင်းတိုက်တော်၌ နေတော်မူစဉ် "ရဟန်းတို့....ငါဘုရားသည် လ-ဝက်(=၁၅ ရက်)ပတ်လုံး တပါးတည်း ကိန်းအောင်းနေထိုင် ရန် အလိုရှိ၏"ဟု ရဟန်းသံဃာအား မိန့်ကြား၍ တပါးတည်း နေတော်မူခဲ့ ဖြစ်၏။ ရဟန်းသံဃာသည်လည်း "အကြင်ရဟန်း သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်၏၊ ထိုရဟန်းကို ပါစိတ်အာပတ်ကို ဒေသနာကြားစေအပ်၏"ဟု ကတိကဝတ်ကို ပြု၍ ထားလေသည်။

ထိုအခါ အရှင်ဥပသေနမထေရ်သည် "မြတ်စွာဘုရားရှင်ကို ဖူးမြော်အံ့"ဟု ကြံစည်၍ မိမိပရိသတ်နှင့် အတူတကွ ဇေတဝန် ကျောင်းတိုက်သို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရားကို ဆည်း ကပ်ဝပ်လျိုး ရှိခိုးပြီးနောက် အပြစ်လွတ်ရာအရပ်၌ ထိုင်နေလေ၏။ မြတ်စွာဘုရားသည် စကားဖြစ်စိမ့်သောငှါ မထေရ်၏သဒ္ဓိဝိဟာ-ရိက ရဟန်းငယ်တပါးကို "ချစ်သား....သင်သည် ပံသုကူသက်န်း တို့ကို နှစ်သက်အပ်ပါကုန်၏လော"ဟု မေးတော်မူလေ၏။ ထိုအခါ ရဟန်းငယ်သည် "မြတ်စွာဘုရား .... တပည့်တော်သည် ပံသုကူသက်န်းတို့ကို မနှစ်သက်အပ်ပါကုန်"ဟု စကားပလ္လင်ခံ၍ မိမိ၏ဥပဇ္ဈာယ်ဆရာ၌ ရှိသေခြင်းကြောင့် ပံသုကူစုတင်ဆောင် ကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားလေ၏။ ဤ အကြောင်းဝတ္ထု၌ မြတ်စွာဘုရားသည် "သာဓု သာဓု ဥပသေန...." စသည်ဖြင့် အရှင်ဥပသေနမထေရ်အား သာဓုကောင်းကြီး ပေး တော်မူပြီးလျှင် အကြောင်းပေါင်းများစွာတို့ဖြင့် ဂုဏ်ကျေးဇူး စကား မိန့်ကြားတော်မူလေ၏။ ။(ဤကား အကျဉ်းတည်း၊ အကျယ်ဝတ္ထု အကြောင်းအရာကို ဝိနည်းပိဋကတ် မြန်မာပြန် ပါရာဇိကဏ်ပါဠိတော် စာမျက်နှာ ၃၅၅၊ ၂-ကောသိယဝဂ်၊ ၅-နိသီဒနသန္ထတသိက္ခာပုဒ်၌ ကြည့်ရှုမှတ်ယူကုန်ရာ၏။ အထူး မှာ – ဝိနည်းပါဠိတော်၌ "ဣစ္ဆာမဟံ ဘိက္ခဝေ တေမာသံ ပဋိသလ္လီယိတုံ=ရဟန်းတို့....ငါဘုရားသည် သုံးလပတ်လုံး တပါး တည်း ကိန်းအောင်းနေထိုင်ရန် အလိုရှိ၏"-စသည်ဖြင့် လာရှိ သည်၊ အဂ္ဂုတ္တိုရ်အဋ္ဌကထာ၌ကား "လ-ဝက် (၁၅-ရက်) ပတ်လုံး"ဟု အဆိုရှိသည်၊ ပါဠိတော်အတိုင်း "သုံးလပတ်လုံး" ဟူ၍သာ မှတ်ယူရာ၏)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် အရိယာသံဃာ တော်တို့၏ အလယ်၌ ထိုင်နေတော်မူလျက် ဤသာသနာတော် ဝယ် အရှင်ဥပသေနမထေရ်ကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သမန္တ-ပါသာဒိကာနံ ယဒိဒံ ဥပသေနော ဝင်္ဂန္တပုတ္တော = ရဟန်းတို့...ထက်ဝန်းကျင် (=ပရိသတ်နှင့်တကွ) ကြည်ညို ဖွယ်ရှိကြသော ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ဝင်္ဂန္တပုဏ္ဏား၏သား ဥပသေန-ရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "သမန္တပါသာဒိက = ထက်ဝန်း ကျင် (=ပရိသတ်နှင့်တကွ) ကြည်ညိုဖွယ်ရှိသောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

## အရှင်ဥပသေနမထေရ် ပရိနိဗ္ဗာန် စံလွန်တော်မူခြင်းအကြောင်း

အခါတပါး၌ အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်ဥပသေန မထေရ်တို့သည် ရာဇဂြိုဟ်ပြည် ယင်းတိုက်တော သပ္ပသောဏ္ဍိက (မြွေပါးပျဉ်းနှင့်တူသော)လိုဏ်ဂူ၌ သီတင်းသုံးနေတော်မူကြကုန် ၏။ ထိုအခါ အရှင်ဥပသေန၏ ကိုယ်ပေါ်၌ မြွေဆိုးတကောင် ကျ၍လာ၏။

(ဤ၌။ ။အရှင် ဥပသေနမထေရ်သည် ဆွမ်းစားပြီးနောက် သင်္ကန်းကြီးကို ကိုင်၍=ဝတ်၍ လိုဏ်ရိပ်(=လိုဏ်အတွင်း)၌ ပြူတင်း ပေါက်မှ ဝင်လာသော လေပြည်လေညှင်း တိုက်ခတ်အပ်လျက် ထိုင် နေကာ နှစ်ထပ်သင်းပိုင်ကို ချုပ်၍ နေတော်မူလေသည်။ ထိုအခါ၌ လိုဏ်မိုးပေါ်ဝယ် မြွေဆိုးငယ် ၂-ကောင်တို့ မြူးထူးပျော်ပါး ကစား နေရာမှ တကောင်သည် လိမ့်ကျ၍ မထေရ်၏ပခုံးစွန်း၌ လွှမ်းအုပ် တည်လာလေသည်။ ထိုမြွေသည်ကား မြွေကောင်းမဟုတ်၊ ဖုဋ္ဌဝိသ ခေါ်သည့် ထိရုံနှင့်အဆိပ်တက်သော မြွေဆိုးဖြစ်လေသည်။ ထို့ကြောင့် ကျရာနေရာမှစ၍ မထေရ်၏ကိုယ်၌ ထိုမြွေ၏အဆိပ်သည် ဆီမီးတောက် က ဆီမီးစာကို ကုန်စေသည့်အလား တရိပ်ရိပ် ပျက်စေလျက် တက် လေ၏။

မထေရ်သည် အဆိပ်ပြင်းထန်စွာ တက်သည်ကို သိမြင်တော်မူ၍ အဆိပ်၏ ပကတိသဘောအားဖြင့် ကျလျှင်ကျခြင်း မီးဟုန်းဟုန်း တောက်ကာ ဖရိုဖရဲပျက်စီးနိုင်သော်လည်း မိမိ၏ တန်ခိုးအစွမ်းဖြင့်

"ဤခန္ဓာကိုယ်အတ္တဘောသည် လိုက်အတွင်း၌ မပျက်စီးပါစေလင့်"ဟု အဓိဋ္ဌာန်တော်မူကာ ဟန့်တား၍ ထားတော်မူလေ၏။

ထိုနေ့ာင်မှ အရှင်ဥပသေနသည် ရဟန်းတို့ကို ခေါ်ပြီးလျှင် "ငါ့ရှင်တို့....လာကြကုန်၊ ဤကိုယ်သည် ဤနေရာ၌ ဖွဲ့ဆုပ်ကဲ့သို့ ဖရိုဖရဲ ကျဲမသွားမီ ငါ၏ ဤကိုယ်ကို ညောင်စောင်းငယ်ပေါ်သို့ တင်ပြီးလျှင် အပြင်သို့ ထုတ်ကြကုန်"ဟု မိန့်ဆိုလေ၏။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် အရှင်ဥပသေနမထေရ်ကို—

"ငါတို့သည် အရှင် ဥပသေန၏ ကိုယ်အမူအရာ ဖောက်ပြန်ခြင်း, မျက်စိ-စသော ဣန္ဒြေတို့ဖောက်ပြန်ခြင်းကို အလျှင်းပင် မတွေ့မြင်ကြရပါကုန်၊ ထိုသို့ ဖြစ်ပါလျက် အရှင်ဥပသေနသည်'ငါ့ရှင်တို့....လာကြကုန်၊ဤကိုယ်သည် ဤနေရာ၌ ဖွဲ့ဆုပ်ကဲ့သို့ ဖရိုဖရဲ ကျဲမသွားမီ ငါ၏ ဤကိုယ် ကို ညောင်စောင်းငယ်ပေါ်သို့ တင်ပြီးလျှင် အပြင်သို့ ထုတ်ကြကုန်'ဟု ဤသို့ ပြောဆိုဘိ၏"—

ဟု မိန့်ဆိုတော်မူ၏။ ။(ဤ၌ သေခါနီးသော လူသာမန်တို့မှာ ကိုယ်လက်ဖောက်ပြန်တုန်လှုပ်ခြင်း,မျက်စိမျက်နှာပျက်ခြင်းစသည် တို့ ဖြစ်ကုန်သကဲ့သို့ အရှင်ဥပသေနမထေရ်မှာ ထိုအမူအရာများ လုံးဝမရှိသဖြင့် အရှင်သာရိပုတ္တရာက ထိုကဲ့သို့ မိန့်ဆိုတော်မူခြင်း ဖြစ်သည်)။

ထိုအခါ အရှင်ဥပသေနမထေရ်သည် အရှင်သာရိပုတ္တရာ မထေရ်ကို—

"ငါ့ရှင်သာရိပုတ္တရာ....အမှန်စင်စစ်အားဖြင့် 'ငါသည် မျက်စိဟူ၍၎င်း, မျက်စိသည် ငါ့ဥစ္စာဟူ၍၎င်း, ငါသည် နား = နားသည် ငါတည်းဟူ၍၎င်း နားသည် ငါ့ဥစ္စာ ဟူ၍၎င်း, ငါသည် နှာခေါင်းတည်း = နှာခေါင်းသည် ငါတည်းဟူ၍၎င်း နှာခေါင်းသည် ငါ့ဥစ္စာဟူ၍၎င်း, ငါသည် လျှာတည်း = လျှာသည် ငါတည်းဟူ၍၎င်း လျှာသည် ငါ့ဥစ္စာဟူ၍၎င်း, ငါသည် ကိုယ်တည်း=ကိုယ်

သည် ငါတည်းဟူ၍၎င်း ကိုယ်သည် ငါ့ဥစ္စာဟူ၍၎င်း, ငါသည် စိတ်တည်း = စိတ်သည် ငါတည်းဟူ၍၎င်း စိတ်သည် ငါ့ဥစ္စာဟူ၍၎င်း' ဤကဲ့သို့ ဒိဋ္ဌိဖြင့် အလွဲထင်မှု, တဏှာဖြင့် အလွဲထင်မှု ရှိနေသောပုဂ္ဂိုလ်၏ (သန္တာန်မှာ) သာ (သေခါနီးအခါ) ကိုယ်အမူအရာ ဖောက်ပြန်ခြင်း, မျက်စိ-စသော ဇာဓမ္မတို့ ဖောက်ပြန်ခြင်းများ ဖြစ်လေရာ၏။

ငါ့ရှင်သာရိပုတ္တရာ...အမှန်စင်စစ်အားဖြင့် 'ငါသည် မျက်စိတည်း = မျက်စိသည် ငါတည်းဟူ၍၎င်း မျက်စိသည် ငါ့ဥစ္စာတည်းဟူ၍၎င်း, (ပ) ငါသည် စိတ်တည်း = စိတ်သည် ငါတည်းဟူ၍၎င်း စိတ်သည် ငါ့ဥစ္စာတည်းဟူ၍၎င်း' ဤကဲ့သို့ ဒိဋ္ဌိဖြင့် အလွဲထင်မှု, တဏှာဖြင့် အလွဲထင်မှု လုံးဝမရှိသော ငါ၏(သန္တာန်မှာ) ယခုလို သေခါနီးအခါ ကိုယ်အမူအရာ ဖောက်ပြန်ခြင်း, မျက်စိ-စသော ဇာဓမ္မတို့ဖောက်ပြန်ခြင်းများ အဘယ်မှာ ဖြစ်နိုင်မည်နည်း = မဖြစ်သည်သာတည်း"—

ဟု ပြန်ကြားလျှောက်ထားလေ၏။ ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် အရှင်ဥပသေနမထေရ်ကို—

"အရှင်ဥပသေန၏သန္တာန်မှာ ယခုလို သေခါနီးအခါ ကိုယ်အမူအရာဖောက်ပြန်ခြင်း, မျက်စိ-စသော ဇာဓမ္မတို့ ဖောက်ပြန်ခြင်းများ မဖြစ်ပဲရှိမှာပ၊ အရှင်ဥပသေနသည် အချိန်ကြာမြင့်စွာကပင် ငါဟု-စွဲယူမှု = ဒိဋ္ဌိ, ငါ့ဥစ္စာဟု-စွဲယူမှု=တဏှာ, ငါဟု-ထောင်လွှားမှု=မာနာနုသယ = ဤတရားသုံးပါးကို အကြွင်းမဲ့ ပယ်နုတ်အပ်ပြီးပြီကိုး။ ထို့ကြောင့်ပင် အရှင်ဥပသေန၏ သန္တာန်မှာ 'ငါသည် မျက်စိတည်း = မျက်စိသည် ငါတည်းဟူ၍၎င်း မျက်စိသည် ငါ့ဥစ္စာတည်းဟူ၍၎င်း, (ပ) ငါသည် စိတ်တည်း = စိတ်သည် ငါတည်းဟူ၍၎င်း,စိတ်သည် ငါ့ဥစ္စာတည်း

ဟူ၍ငှင်း' ဤကဲ့သို့ ဒိဋ္ဌိဖြင့် အလွဲထင်မှု, တဏှာဖြင့် အလွဲထင်မှုများ လုံးဝမဖြစ်နိုင်တော့ချေ"—

ဟု ချီးမွမ်းစကား မိန့်ကြားတော်မူလေ၏။

ထိုနောက် ရဟန်းတို့သည် အရှင်ဥပသေနမထေရ်၏ ကိုယ်ကို ညောင်းစောင်းငယ်ပေါ်သို့ တင်ပြီးလျှင် အပြင်သို့ ထုတ်ဆောင်ကြလေကုန်၏။ ထိုအခါ အရှင်ဥပသေနမထေရ်၏ ကိုယ်သည် ထိုနေရာ၌ပင် (= အပြင်သို့ ထုတ်၍ထားရာအရပ်ဝယ် ညောင်စောင်းငယ်ပေါ်မှာပင်) ဖွဲဆုပ်ကဲ့သို့ ဖရိုဖရဲ ကျဲ၍သွားကာ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူလေသတည်း။

(ဤအကြောင်းအရာများကား သဠာယတနဝဂ္ဂသံယုတ် ပိဋကတ်မြန်မာပြန် "သံ မြန် ၂" မျက်နှာ ၂၅၉၊ ဥပသေနအာသိဝိသသုတ်နှင့် ၎င်းအဖွင့် အဋ္ဌကထာတို့၌ လာရှိ၏)။

ဤကား အရှင်ဥပသေန-ဝင်္ဂန္တပုတ္တမထေရ် အကြောင်းတည်း။

---

## (၂၅) အရှင်ဒဗ္ဗမထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤအရှင်ဒဗ္ဗမထေရ်အလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်အခါ ဟံသာဝတီမင်းနေပြည်ဝယ် အမျိုးကောင်းအိမ်၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ရှေးမထေရ်အလောင်းများနည်းတူ ကျောင်းတော်သို့ သွားရောက်ကာ တရားနာစဉ် ပဒုမုတ္တရ မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "ရဟန်းသံဃာအတွက် နေရာခင်းပေးကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး = ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ ရှေးနည်း

အတူ ဗျာဒိတ်စကား မိန့်ကြားတော်မူကာ ကျောင်းတော်သို့ ပဲ့ကြွတော်မူလေ၏။

**တောင်ထိပ်၌ တရားအားထုတ်ခြင်း**

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ကဿပမြတ်စွာ သာသနာတော် ဆုတ်နစ်(အားနွဲ့)သောအခါဝယ် အမျိုးကောင်းသားဖြစ်ကာ သာသနာဝန်ထမ်း ရဟန်းပြုလေသည်။ ထိုရဟန်းနှင့် အတူတကွ အခြားရဟန်းတော်ခြောက်ပါး ဤသို့အားဖြင့် သူတော်ကောင်းရဟန်းတော် ခုနစ်ပါးတို့သည် စိတ်တူသဘောတူဖြစ်ကြ၍ သာသနာတော်၌ မရိုသေမှုပြုကြသည့် အခြားသူများကို မြင်တွေ့ကြရလေလျှင်“ငါတို့သည် ဤမြို့တွင်း, ရွာတွင်း၌ နေ၍ အဘယ်သာသနာမှု ပြုနိုင်ကုန်အံ့နည်း= မပြုနိုင်ကြမည်သာ ဖြစ်ကုန်၏၊ တနေရာရာ၌ သွားရောက်ကြကာ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်ကြ၍ သံသရာဝဋ်ဒုက္ခဆုံးအောင် ပြုကြကုန်စို့”ဟု တိုင်ပင်ညီညွတ်ကြကာ အလွန်မြင့်သော တောင်တတောင်သို့ သွားရောက်ကြ၍ လှေကားဖြင့် တောင်ထိပ်သို့ တက်ရောက်ကြပြီးလျှင် “မိမိ၏ စိတ်အစွမ်းကို သိသူတို့သည် လှေကားကို တွန်းချလိုက်ကြကုန်လော့၊ အသက်၌ တွယ်တာကုန်သောသူတို့သည် ပြန်၍ဆင်းကြကုန်လော့၊ နောက်အခါကျမှ နှလုံးပူပန်ရှိကြသည် မဖြစ်ကြလင့်”ဟု ပြောဆို၍ ရဟန်းတော် ခုနစ်ပါးလုံးပင် အသက်ကိုစွန့်၍ ရဟန်းတရားအားထုတ်ရန် စိတ်သဘောတူညီကြလျက် လှေကားကို တွန်းချလိုက်ကြပြီးလျှင် “ငါ့ရှင်တို့····ရဟန်းတရား အားထုတ်မှု၌ မမေ့မလျော့သူများ ဖြစ်ကြကုန်လော့”ဟု အချင်းချင်း ဆုံးမတော်မူကြ၍ မိမိတို့ စိတ်နှစ်သက်ရာအရပ်တို့၌ နေထိုင်ကြပြီးလျှင် ရဟန်းတရားကို အသက်စွန့်၍ ပွါးများကြိုးကုတ် အားထုတ်ကြလေကုန်၏။

ထိုရဟန်းတော် ခုနစ်ပါးတို့အနက် သံဃမထေရ်ကြီးသည် ငါးရက်မြောက်သောနေ့၌ အရဟတ္တဖိုလ်သို့ ရောက်၍ “ငါ့အဖို့ရာ

ရဟန်းကိစ္စ ပြီးလေပြီ၊ ငါသည် ဤတောင်ထိပ်၌ အဘယ်အမှု ပြုရအံ့နည်း = ပြုရန်မရှိတော့ပြီ”ဟု ဆင်ခြင်တော်မူ၍ တန်ခိုးဖြင့် ခြောက်ကျွန်းမှ ဆွမ်းကို ယူဆောင်တော်မူခဲ့ပြီးလျှင် ကျန်သော အဖော်ရဟန်းခြောက်ပါးတို့ကို “ငါ့ရှင်တို့....ဤဆွမ်းကို ဘုဉ်းပေး ကြကုန်လော့၊ ဆွမ်းခံခြင်းကိစ္စသည် ငါ့တာဝန်ရှိပါစေ၊ ငါ့ရှင် တို့သည် မိမိ၏ ကမ္မဋ္ဌာန်းအလုပ်ကိုသာ အားထုတ်ကြကုန်လော့” ဟု အားပေးစကား ပြောကြားလေ၏။ ထိုအခါ ကျန်သော ရဟန်းတော် ခြောက်ပါးတို့သည် “ငါ့ရှင်....ငါတို့သည် လှေကား ကို တွန်းပေါ်မှ တွန်းချလိုက်ကြစဉ်က ‘အကြင်သူသည် ရှေးဦး စွာ လောကုတ္တရာတရားကို မျက်မှောက်ပြုရ၏၊ ထိုသူသည် ဆွမ်း ခံ၍ ကျွေးရမည်၊ ထိုသူ ယူဆောင်လာသောဆွမ်းကို ကျန်သော ရဟန်းတို့သည် စားကြ၍ ရဟန်းတရားကို အားထုတ်ကြလိမ့်မည်’ ဟူ၍များ ကတိတဝတ်စကား ပြောကြားခဲ့ပါကုန်သလော” ဟု မေးကြလေကုန်၏။ သံဃထေရ်ကြီးက “ထိုသို့ ပြောကြားခဲ့မှု မရှိပါ ငါ့ရှင်တို့....”ဟု မိန့်ဆိုလေလျှင် ကျန်သော ရဟန်းတော် ခြောက်ပါးတို့သည် “အရှင်ဘုရားတို့သည် မိမိ၏ ရှေးကောင်းမှု အကြောင်းကြောင့် လောကုတ္တရာတရားကို အရဟတ္တဖိုလ်ပေါက် ရောက်တော်မူခဲ့ကြပါပြီ၊ တပည့်တော်တို့သည်လည်း စွမ်းနိုင်ကြ ပါမူ သံသရာဝဋ်ဒုက္ခအဆုံးကို ပြုနိုင်ကြပါလိမ့်မည်၊ အရှင်ဘုရား တို့သည် အလိုရှိရာ အရပ်သို့ ကြွတော်မူကြပါကုန်လော့” ဟု လျှောက်ထားကြလေကုန်၏။

သံဃထေရ်ကြီးသည် ထိုရဟန်းတော်ခြောက်ပါးတို့ကို သိစေ ခြင်းငှါ မစွမ်းနိုင်ရကား အနည်းနည်းပြောဆို၍ မရသည့်အဆုံး၌ ချမ်းသာရာအရပ်ဝယ် ဆွမ်းဘုဉ်းပေး၍ အလိုရှိရာသို့ ကြွသွား တော်မူလေ၏။ အခြားတပါး အနုထေရ် ( = ဒုတိယထေရ်)သည် ခုနစ်ရက်မြောက်သောနေ့၌ အနာဂါမိဖိုလ်သို့ ရောက်၍ ရှေး မထေရ်ကြီးနည်းတူပင် မြောက်ကျွန်းမှ ဆွမ်းကို ယူဆောင်လာ၍ ဖိတ်မန်စကား ပြောကြားပါသော်လည်း ရှေးအတူပင် မရသည့် အဆုံး၌ ချမ်းသာရာအရပ်ဝယ် ဆွမ်းဘုဉ်းပေး၍ အလိုရှိရာ

အရပ်သို့ ကြွသွားတော်မူလျက် ထိုဘဝမှ စုတိပြတ်ကြွေ သေလွန်လတ်သော် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ကျန်သော မထေရ်ငါးပါးတို့သည် ထိုဘဝ၌ မဂ်ဖိုလ်တရားထူးကို မရကြပဲ ထိုဘဝမှ စုတေကြလေသော် ဗုဒ္ဓန္တရ အသင်္ချေယျ တကပ်ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားကြ၍ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာကာလ၌ ဝယ် ထိုထိုအမျိုးတို့၌ ဖြစ်ကြလေကုန်၏။ (၁) တယောက်သည် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ မင်းနန်းတော်ဝယ် (ပုက္ကုသာတိမင်း) ဖြစ်၍လာ၏၊ (၂) အခြားတယောက်သည် ပစ္စန္တတိုင်း (တနည်း မဇ္ဈိမဒေသ ကတိုင်း)ဝယ် ပရိဗိုဇ်မ၏ ဝမ်း၌ (သဘိယ ပရိဗိုဇ်) ဖြစ်၍လာ၏၊ (၃) အခြားတယောက်သည် ဗာဟိယတိုင်းဝယ် သူကြွယ်အိမ်၌ (ဗာဟိယ) ဖြစ်၍လာ၏၊ (၄) အခြားတယောက်သည် ရာဇဂြိုဟ်ပြည်ဝယ် သူကြွယ်အိမ်၌ (ကုမာရကဿပသူငယ်) ဖြစ်၍လာ၏၊ (၅) အခြားတယောက် (= ဣဗ္ဗမထေရ်၏အလောင်း) သည် မလ္လတိုင်း အနုပိယမြို့ဝယ် မလ္လမင်းတဦး၏ နန်းအိမ်၌ ပဋိသန္ဓေ ယူ၍နေလာလေ၏။

ထိုသူငယ်၏ မိခင်သည် သူငယ်ကို ဖွားမြင်ခါနီးကာလ၌ စုတိပြတ်ကြွေ သေလွန်ခဲ့လေသည်၊ ထိုမိခင်၏ ဥတုဇရုပ်ကလာပ်ကို သုသာန်သို့ ဆောင်ယူကြကာ ထင်းပုံထက်၌တင်၍ ဖုတ်ကြည်းမီးသဂြိုဟ်ကြလေကုန်၏။ ထိုမိခင်၏ ဝမ်းသားလွှာသည် မီးအရှိန်ပြင်းထန်စွာ လောင်ဟပ်ရကား နှစ်ခြမ်းကွဲ၍ သွားလေသည်။ သူငယ်သည် မိမိ၏ကောင်းမှု ကုသိုလ်အစွမ်းကြောင့် ကောင်းကင်သို့ လွင့်စဉ်ပျံတက်ကာ တခုသော နေဇာမြက်ပုံပေါ်၌ ကျလေ၏။ ထိုသူငယ်ကို ကောက်ယူခဲ့ကြ၍ အဖွားဖြစ်သူအား ပေးအပ်ကြလေသည်။ အဖွားဖြစ်သူသည် ထိုသူငယ်၏ အမည်ကို မှည့်လတ်သော် နေဇာမြက်ပုံပေါ်၌ ကျရောက်ကာ

အသက်ရှင်ရလေသောကြောင့် "ဒဗ္ဗ"ဟူ၍ သူငယ်၏ အမည်ကို မှည့်ခေါ်လေ၏။

(ဤ၌။ ။ဒဗ္ဗတ္ထေ္မ နိပတိ-ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, ထေရဂါထာ အဋ္ဌကထာတို့၌ ဖွင့်ပြသောကြောင့် "ထင်းပုံ (သို့မဟုတ် သစ်သားတိုင်အနီး)၌ ကျရောက်လေ၏"ဟု အနက် မြန်မာပြန်ဆိုသင့်သော်လည်း အပဒါန်ပါဠိတော် ဒုတိယအုပ် မျက်နှာ ၁၂၄၊ ဒဗ္ဗ-မလ္လပုတ္တထေရာပဒါန် ဂါထာနံပါတ် ၁၄၃-၌ "ပတိတော ဒဗ္ဗပုဉ္ဇမှိ၊ တတော ဒဗ္ဗောတိ ဝိဿုတော"ဟူ၍ လာသောကြောင့် "နေဇာမြက်ပုံပေါ်၌ ကျလေ၏"ဟု မြန်မာပြန်ဆိုသည်၊ ထင်းပုံ(သို့မဟုတ်)သစ်သားတိုင်၌ကျလျှင် သက်သာမည်မဟုတ်။ ဒဗ္ဗသဒ္ဒါသည် နေဇာမြက်ကိုလည်း ဟောသည်၊ ဒဗ္ဗပုဉ္ဇမှိ=နေဇာမြက်ပုံပေါ်၌။ ပတိတော=ကျလေပြီ-ဟု အနက်ပေးမှသာ အနက်လည်းသိသာ, အသက်ရှင်ဖွယ်ရာလည်း ရှိလေသည်။)

ဒဗ္ဗသူငယ် အသက်ခုနစ်နှစ်အရွယ် ရှိသောအခါ၌ မြတ်စွာဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် မလ္လတိုင်း၌ ဒေသစာရီကြွချီတော်မူလတ်သော် အနုပိယမြို့သို့ ရောက်၍ အနုပိယ သရက်တော၌ သီတင်းသုံး နေထိုင်တော်မူ၏။ ဒဗ္ဗသူငယ်သည် မြတ်စွာဘုရားကို ဖူးမြော်ရ၍ သဒ္ဓါကြည်ညိုလှသောကြောင့် ရှင်ရဟန်းပြုလိုရကား အဖွားဖြစ်သူကို "အိုအဖွား....အကျွန်ုပ်သည် မြတ်စွာဘုရားအထံတော်၌ ရှင်ရဟန်းပြုပါရစေ"ဟု ခွင့်ပန် ပြောကြားလေ၏။ အဖွားဖြစ်သူသည် "ကောင်းပြီ ချစ်မြေး...."ဟု ပြောဆိုကာ ဒဗ္ဗသူငယ်ကို ခေါ်ဆောင်၍ မြတ်စွာဘုရားရှင်ထံတော်သို့ သွားရောက်ပြီးလျှင် "မြတ်စွာဘုရား....ဤတပည့်တော်မ၏ မြေး ဒဗ္ဗသူငယ်ကို ရှင်ရဟန်း ပြုပေးတော်မူကြပါဘုရား"ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏အနီး၌ရှိသော ရဟန်းတော်တပါးအား "ရဟန်း....ဤသူငယ်ကို ရှင်ပြုပေးလိုက်လော့" ဟု မိန့်တော်မူကာ အချက်အမှတ် ပေးတော်မူလေ၏။ ထိုမထေရ်သည် မြတ်စွာဘုရားရှင်၏ စကားတော်ကို ကြားနာပြီးနောက် ဒဗ္ဗသူငယ်ကို ရှင်ပြုပေးလတ့်သည်ရှိသော် တစပဉ္စက-ကမ္မဋ္ဌာန်း

ကို ပြောကြားလေ၏။ (ဆံရိတ်ခြင်းသည် ရှင်ပြုမှုအစ ဖြစ်သည်၊ ဆံရိတ်ခါနီးဝယ် တစပဉ္စက-ကမ္မဋ္ဌာန်းကို ရှင်ပြုပေးသော ဆရာက ရှင်လောင်းအား ပြောပြရမြဲဖြစ်သည်။ ထို့ကြောင့် ဒဗ္ဗသူငယ်သည် ဆရာမထေရ် ပြောပြသည့် တစပဉ္စက-ကမ္မဋ္ဌာန်းကို စီးဖြန်းနှလုံးသွင်းလျက် ဆံအရိတ် ခံနေလေသည်)။

ဒဗ္ဗသူငယ်သည် မဂ်ဖိုလ်ရကြောင်း ရေးကောင်းမှုနှင့် ပြည့်စုံသူဖြစ်သည့်ပြင် လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရားရှင် အထံတော်ဝယ် မဟာသာဝက မေဝမိဆုပန်ဗျာဒိတ်ခံခဲ့သူဖြစ်ရကား ပဌမဆံအဝန်းကို ရိတ်ချလိုက်လျှင်ပင် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ဒုတိယဆံအဝန်းကို ရိတ်ချလိုက်သောအခါ သကဒါဂါမိဖိုလ်၌တည်၍, တတိယဆံအဝန်းကို ရိတ်ချလိုက်သောအခါ အနာဂါမိဖိုလ်၌တည်ပြီးလျှင်, ဆံအားလုံးကို ရိတ်ချလိုက်ခြင်းနှင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်း ၌နှစ်ပါးသည် မရှေးမနှောင်း တပြိုင်နက်ဖြစ်ကာ သင်ဓုန်းကိစ္စ နောက်ဆုံး အဖျား၌ ရဟန္တာဖြစ်လေ၏။

မြတ်စွာဘုရားသည် မလ္လတိုင်း၌ ချေချတ်ရမည့် သတ္တဝါ ရှိသလောက် နေတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်ပြီးလျှင် ဝေဠုဝန်ကျောင်းတိုက်၌ ယာပိုယ်မွေ့လျော်နေတော်မူ၏။ မြတ်စွာဘုရားနှင့် အတူတကွ အရှင်ဒဗ္ဗ ရဟန္တာမထေရ်သည်လည်း လိုက်ပါတော်မူခဲ့လေသည်။ ရာဇဂြိုဟ်ပြည်၌ အရှင်ဒဗ္ဗ ရဟန္တာသည် ဆိတ်ငြိမ်ရာသို့ ကပ်လျက် မိမိ၏ ရဟန်းအလုပ်ကိစ္စ ပြီးစီးခြင်းကို ရှုမြင်တော်မူ၍ သံဃဝေယျာဝစ္စကို ပြုလုပ်ဆောင်ရွက်ရန် မိမိကိုယ်ကို ယှဉ်စေလိုရကား "ငါသည် သံဃာတော်အတွက် နေရာကိုလည်း ခင်းရ, ဆွမ်းကိုလည်း ညွှန်းရပါမူ ကောင်းလေစွ"ဟု ကြံစည်ဆင်ခြင်မိလေ၏။ အရှင်ဒဗ္ဗရဟန္တာသည် မြတ်စွာဘုရားရှင်ထံတော်သို့ သွားရောက်၍ မိမိ၏ အကြံ အစည်ကို လျှောက်ထားလေသော် မြတ်စွာဘုရားသည် အရှင်ဒဗ္ဗရဟန္တာအား သာဓုတောင်းကြီး ပေးတော်မူ၍ (၁) သံဃာအတွက် နေရာခင်းသော ရဟန်းဟု သံဃာက သမုတ်ခြင်း = အသိအမှတ်

ပြုခြင်း = ၊ သေနာသနပညာပကသမ္မုတိ၊ (၂) သံဃာအတွက် ဆွမ်းညွှန်းသော ရဟန်းဟု သံဃာက သမုတ်ခြင်း = အသိအမှတ် ပြုခြင်း = ဘတ္တုဒ္ဒေသကသမ္မုတိ = ဤသမ္မုတိနှစ်ရပ်ကို နှင်းအပ် တော်မူလေ၏။

ထို့နောက် အရှင်ဒဗ္ဗရဟန္တာကို "ဤဒဗ္ဗသည် ခုနစ်နှစ်အရွယ် ငယ်သူဖြစ်လျက် ကြီးမြတ်သောအရာဌာန (= ပဋိသမ္ဘိဒါပတ္တ, ဆဠဘိည, တေဝိဇ္ဇရဟန္တာအဖြစ်)၌ တည်လေသည်"ဟု နှစ်သက် အားရ ကျေနပ်တော်မူကာ မြတ်စွာဘုရားသည် ခုနစ်နှစ်အရွယ် ငဲ့စဉ်အခါ၌ပင်လျှင် ရဟန်းပဉ္စင်း ပြုစေလေသည်။ (ဤကို ထောက်၍ အခြားတပါးသော အသက်ငယ်ငယ်နှင့် ရဟန္တာ ဖြစ်ကြသော ပဏ္ဍိတသာမဏေ, သံကိစ္စသာမဏေ, သောပါက သာမဏေ, အရှင်သာရိပုတ္တရာ၏ညီတွေး ခဒိရဝနိယ = ရှား တောကျောင်းနေ ရှင်ရေဝတသာမဏေငယ်-စသည်တို့ကိုလည်း အသက်နှစ်ဆယ်ပင် မပြည့်ကြသေးစေကာမူ အရဟတ္တဖိုလ် ဂုဏ် ကျေးဇူးကို ထောက်၍ ငယ်ငယ်နှင့်ပင် ရဟန်းပဉ္စင်း ပြုပေးစေ တော်မူသည်ဟု မှတ်ယူရာ၏။ ထိုအရှင်မြတ်တို့ကို အသက်ပင် ငယ်ကြသော်လည်း အရဟတ္တဖိုလ်ဂုဏ်က ကြီးကျယ်လှသော ကြောင့် (ဝါ) မြဲမြိုင်ခံ့သော သိက္ခာဂုဏ်နှင့် ပြည့်စုံကြသော ကြောင့် "ထေရ = မထေရ်"ဟူ၍ ကျမ်းဂန်တို့၌ ခေါ်ဆိုသုံးနှုန်း ရေးသားဖွင့်ဆိုအပ်၏-ဟုလည်း အထူးမှတ်ယူရာ၏)။

အရှင်ဒဗ္ဗမလ္လထေရ်သည် ရဟန်းဖြစ်ပြီးသော အချိန်မှစ၍ ရာဇ ဂြိုဟ်ပြည်ကို မှီ၍ နေတော်မူကြသည့် ရဟန်းတော်အားလုံးတို့ အတွက် အိပ်ရာနေရာများကိုလည်း ခင်း၍ ပေးတော်မူ၏၊ သံဃာ အတွက် ဒါယကာတို့လှူဒါန်းသော ဆွမ်းကိုလည်း တာဝန်ယူ လက်ခံ၍ ထေရ်စဉ်ဝါစဉ် မမှားရအောင် ညွှန်ကြားတော်မူ၏။

ထိုအရှင်ဒဗ္ဗမလ္လထေရ်၏ ငါ့ရှင်တို့........မလ္လမင်းသားဖြစ်သော အရှင်ဒဗ္ဗမလ္လထေရ်သည် အကျင့်သဘောချင်း တူညီကြသည့် ရဟန်း တော်တို့၏အတွက် နေရာအရပ် တခုတည်း၌ အိပ်ရာနေရာကို ခင်းပေးသတဲ့၊ ဝေးသောအရပ်၌လည်း အာဂန္တုရဟန်းတို့ ညွှန်

ကြားသည့်အတိုင်း အိပ်ရာ နေရာကို ခင်းပေးသည်သာလျှင် ဖြစ်သတဲ့၊ မသွားနိုင်သော ရဟန်းတို့ကိုလည်း မိမိတန်ခိုးဖြင့် ပင့်ဆောင်သတဲ့"ဟူသော သံဃနေရာ ခင်းရာ၌ စိတ်ရင်းကောင်းမှု သတင်းသည် အလုံးစုံသော အရပ်မျက်နှာတို့၌ ထင်ရှား ကျော်ကြားလျက် ရှိလေ၏။

ထိုအခါ အရှင်ဒဗ္ဗမထေရ်ကို အာဂန္တုရဟန်းတို့သည် အချိန်ဟုတ်သည်၌ဖြစ်စေ, အချိန်မဟုတ်သည်၌ဖြစ်စေ "ငါ့ရှင်....ငါတို့အတွက် ဇီဝကသရက်ဥယျာဉ်ကျောင်းတိုက်၌ နေရာကို ခင်းပေးပါလော့၊ (အခြားရဟန်းများကလည်း) ငါ့ရှင်....ငါတို့အတွက်တော့ သား တို့အား ဘေးမဲ့ပေးရာ မဒ္ဒကုစ္ဆိဥယျာဉ်ကျောင်းတိုက်၌ နေရာကို ခင်းပေးပါလော့"— ဤသို့ စသည်ဖြင့် ဝေးလံသောကျောင်း တိုက်တို့၌ နေရာခင်းပေးရန် ညွှန်ကြားပြောဆိုကြ၍ အရှင်ဒဗ္ဗ၏ တန်ခိုးဣဒ္ဓိကို ကြည့်ရှုကာ လိုက်ပါကြလေ၏။ အရှင်ဒဗ္ဗမထေရ် သည်လည်း မိမိတန်ခိုးဖြင့် မနောမယရုပ်ပွါးကိုယ်များကို စီမံ ဖန်ဆင်း၍ မထေရ်တပါး တပါးအတွက် မိမိနှင့် တူသည့် နိမ္မိတ ရုပ်ပွါး ရဟန်းတပါးစီ တပါးစီ ထည့်ပေးပြီးလျှင် ဆီမီးတိုင်ကြီး ပမာ အလျှံခြည်ဝါ တောက်ပစွာသော လက်ချောင်းဖြင့် အာဂန္တု ရဟန်းတို့၏ ရှေ့မှ ရှေ့မှ သွားပြီးလျှင် "ဤကား ညောင်စောင်း ပါဘုရား၊ ဤကား အင်းပျဉ်ပါဘုရား" - ဤသို့စသည် အပြည့်အစုံ လျှောက်ထားပြောဆို၍ အိပ်ရာနေရာကို ခင်းပေးပြီးလျှင် မိမိ၏ နေရာကျောင်းသို့သာလျှင် ပြန်ကြလေ၏။ (ဤကား အကျဉ်း တည်း၊ အကျယ်ဝတ္ထုကြောင်းကား ဝိနည်းပါရာဇိကဏ်ပါဠိတော် ဒုဋ္ဌဒေါသသိက္ခာပုဒ် "ဝိ ၁၊ ၂၄၃-မျက်နှာ"၌ လာရှိ၏)။

## (ဂ) တေဒင်္ဂဘုံထူး ရတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဖော်ပြရာပါ သံဃာအတွက် နေရာ ခင်းခြင်း၌ စိတ်ရင်းကောင်းမှု, လိမ္မာမှု အကြောင်းအရာများကို အဌုပ္ပတ်ပြု၍ နောက်တချိန်ဝယ် အရိယာသံဃာတို့အလယ်၌ ထိုင်နေတော်မူလျက် အရှင်ဒဗ္ဗမထေရ်ကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သေနာ-
သနပညာပကာနံ ယဒိဒံ ဒဗ္ဗော မလ္လပုတ္တော＝ရဟန်း
တို့… သံဃာအတွက် နေရာခင်းကြသော ငါဘုရား၏
တပည့်သာဝက ရဟန်းတို့တွင် မလ္လမင်းသားဖြစ်သော
ဒဗ္ဗရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "သေနာသနပညာပက＝သံဃာ
အတွက် လိုလေသေးမရှိရအောင် နေရာခင်းသောအရာ" ဝယ်
တေဒဂ်ရာထူး၌ ထားတော်မူလေ၏)

(ဤ၌။ ။အရှင်ဒဗ္ဗမထေရ်၏အဖို့ရာ သေနာသနပညာပကသမ္မုတိ ရသောအချိန်မှ စ၍ သံဃာအတွက် အိပ်ရာနေရာ ခင်းသောအခါဝယ် ရာဇဂြိုဟ်ပြည်၏ ပတ်ဝန်းကျင်မှာတည်ရှိသော ကျောင်းတိုက်ကြီး တဆယ့်ရှစ်တိုက်တို့၌ တံမြက်မလှည်းအပ်သော ပရိဝုဏ်ဟူ၍ရင်း, မသုတ်သင်အပ် မပြုပြင်အပ်သော အိပ်ရာနေရာဟူ၍ရင်း, မဆေးကြော မသုတ်သင်အပ်သော ညောင်စောင်း, အင်းပျဉ်ဟူ၍ရင်း, မတည်ထားအပ်သော သောက်ရေသုံးဆောင်ရေ＝သောက်ရေ သုံးဆောင်ရေမတည်ထားအပ်သောဟူ၍ရင်း မရှိချေ၊ ထို့ကြောင့် သေနာသနပညာပက＝သံဃာအတွက် အိပ်ရာနေရာခင်းသောအရာဝယ် အသာဆုံး အမြတ်ဆုံး＝တေဒဂ်ဘွဲ့ရပုဂ္ဂိုလ် ဖြစ်ရလေသည်)။

## မထေရ်မြတ် အစွပ်စွဲခံရခြင်း

ထိုသို့စဉ် သူတော်ကောင်းစင်စစ် ဖြစ်တော်မူပါလျက်လည်း မထေရ်မြတ်ကို မေတ္တိယရဟန်းနှင့် ဘူမဇကရဟန်းတို့ ခေါင်းဆောင်ကြသော ရဟန်းဆိုး တစုတို့က မေတ္တိယာ-မည်သော ဘိက္ခုနီမနှင့် မဟုတ်မတရား စွပ်စွဲကြလေသေးသည်။ (ထိုအကြောင်းအရာအကျယ်ကို ဝိနည်းပါရာဇိကဏ်ပါဠိတော် သံ-ဃာဒိသေသ ဒုဋ္ဌဒေါသသိက္ခာပုဒ်နှင့် ဝိနည်း စူဠဝဂ်ပါဠိတော် မြန်မာပြန် ၄-သမထက္ခန္ဓက ၂-သတိဝိနည်း မျက်နှာ ၁၇၅-မှစ၍ ကြည့်ရှုမှတ်ယူကုန်ရာ၏။) ထိုသို့ အစွပ်စွဲခံရခြင်းမှာ လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရား၏ တပည့်သာ-ဝက ရဟန္တာတပါးကို စင်ကြယ်သော ပုဂ္ဂိုလ်ဟု သိလျက် မဟုတ်

မတရား စွပ်စွဲခဲ့သော မကောင်းမှု အကုသိုလ်ကံကြောင့် ဖြစ်လေသည်။

### မထေရ်မြတ် ပရိနိဗ္ဗာန်စံခြင်း

အရှင်ဒဗ္ဗမထေရ်သည် (ပရိနိဗ္ဗာန်စံယူမည့်) တနေ့သ၌ ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံကြွ၍ ဆွမ်းကိစ္စ ပြီးဆုံးပြီးနောက် ဝေဠုဝန်ကျောင်းတော်သို့ ရောက်လေသော် မြတ်စွာဘုရားအား ဝတ်ပြု၍ မိမိ၏ နေ့သန့်ရာအရပ်သို့ သွားရောက်ပြီးလျှင် ရေအိုးမှ ရေကို ခပ်ယူကာ ခြေကိုဆေး ကိုယ်များကို အေးအောင်ပြုပြီးနောက် စမ္ပခဏ်=သားရေပိုင်းကို ခင်း၍ ထိုင်နေတော်မူလျက် အချိန်ကာလကိုပိုင်း၍ သမာပတ်ဝင်စားတော်မူလေသည်။

မထေရ်သည် မိမိပိုင်းခြားအပ်သည့် အချိန်အတိုင်း သမာပတ်မှထ၍ မိမိ၏ အာယုသင်္ခါရ(=ရုပ်ဇီဝိတ,နာမ်ဇီဝိတသန္တာန်အစဉ်) ကို ကြည့်ရှုဆင်ခြင်တော်မူလေသော် နှစ်မဟုတ် သုံးမဟုတ် ခဏ္ဍသာ အာယုသင်္ခါရကြွင်း ရှိတော့သည်ကို သိမြင်၍ "ငါသည် မြတ်စွာဘုရားအားလည်း မလျှောက်ထားပဲ, သီတင်းသုံးဖော် သံဃာတော်တို့ကိုလည်း အသိမပေးပဲ ဤနေ့သန့်ရာ ယခုနေရာ၌ပင် ယခုထိုင်နေမြဲတိုင်းဖြစ်၍သာ ပရိနိဗ္ဗာန် ဝင်စံလျှင် မသင့်လျော်သေး၊ ငါသည် မြတ်စွာဘုရားကို ဆည်းကပ်၍ ပရိနိဗ္ဗာန်စံတော့မည့်အကြောင်း အသိပေးပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးဝတ်ပြု၍ သာသနာတော်၏ သံသရာဝဋ်မှ ထွက်မြောက်စေတတ်ကြောင်း ကောင်းစွာဖော်ပြရန် ငါ၏တန်ခိုးအာနုဘော်ကို ထင်စွာပြလျက် ကောင်းကင်၌ ထိုင်နေကာ တေဇောကသိဏဈာန်ကို ဝင်စားလျက် ပရိနိဗ္ဗာန်စံရမူ ကောင်းလေစွ၊ ဤသို့ တန်ခိုးပြပြီးမှ ပရိနိဗ္ဗာန် ဝင်စံရလျှင်(မေတ္တိယ, ဘုမ္မဇကရဟန်းတို့ မဟုတ်မတရား စွပ်စွဲထားသောကြောင့်) ငါ့အပေါ်ဝယ် မသဒ္ဓါ, မကြည်ညိုကြသောသူတို့၏ စိတ်အစဉ်ဝယ် သဒ္ဓါကြည်ညိုမှုတရား ဖြစ်ပွါးလာလိမ့်မည်၊ ထိုသို့ဖြစ်ခြင်းသည် ထိုသူတို့အဖို့ရာ ကာလရှည်စွာ စီးပွါး,ချမ်းသာအလို့ငှါ ဖြစ်လေရာ၏"ဟု ကြံစည်ပြီးလျှင်

မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ရှိခိုးကာ အပြစ်လွတ်ရာအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားရှင်ကို"ပရိနိဗ္ဗာန-ကာလော မေ ဒါနိ သုဂတ = ကောင်းသောစကား မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား....ယခုအခါ တပည့်တော်၏ အဖို့ရာ ပရိနိဗ္ဗာန်စံချိန် ရောက်လတ်ပါပြီဘုရား...."ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည်လည်း အရှင်ဒဗ္ဗ၏ အာယုသင်္ခါရကို ကြည့်ရှုဆင်ခြင်တော်မူ၍ ကုန်နေကြောင်းကို သိရှိတော်မူပြီးလျှင် "ချစ်သားဒဗ္ဗ....ယခုအခါ သင်သည်ပင် ပရိနိဗ္ဗာန်ပြုရန် အချိန်ကို သိ၏"ဟု မိန့်တော်မူလေ၏။ ထိုအခါ အရှင်ဒဗ္ဗမထေရ်သည် မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုး၍သုံးပတ်လက်ျာ ရစ်လှည့်ကာ အရိုအသေပြုပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ရပ်တည်လျက်—

"မြတ်စွာဘုရား........တပည့်တော်သည် ကမ္ဘာတသိန်းကြာ ကာလပတ်လုံး .. အရှင်ဘုရားတို့နှင့် အတူတကွ ထိုထိုဘဝဝယ် တွေ့ဆုံနေထိုင်ခဲ့လျက် ကုသိုလ်ကောင်းမှုတို့ကို တပည့်တော် ပြုလုပ်ခဲ့သည်မှာ ဤယခု ရဟန္တာဖြစ်ခြင်းအကျိုးကို မြော်ကိုးရည်ရွယ်၍ ပြုလုပ်ခဲ့ပါသည်ဘုရား၊ ထိုအကျိုးသည် ယခုအခါ အထွတ်အထိပ် (= အရဟတ္တဖိုလ်)ရောက် ပြည့်မြောက်ခဲ့ပါပြီ၊ ဤယခု အရှင်ဘုရားတို့ကို ဖူးမြော်ခြင်းသည် နောက်ဆုံးဖူးမြော်ခြင်း ဖြစ်ပါသည်ဘုရား"—

ဟု ဝမ်းနည်းဖွယ်ရာ လျှောက်ထားလေ၏။ ထိုသို့လျှောက်ထားရာ၌ ထိုအရပ်ဝယ်ရှိကြသော ရဟန်းတို့အနက် ပုထုဇန်,သောတာပန်, သကဒါဂါမ် ရဟန်းတို့တွင် အချို့ရဟန်းတို့သန္တာန်မှာ ကြီးစွာသောသနားခြင်း ဖြစ်ရှိလေသည်၊ အချို့ရဟန်းတို့ကား ငိုကြွေးကြလေသည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်ဒဗ္ဗ၏ စိတ်ဖြစ်ပုံ အကြံအစည်ကို သိရှိပြီးလျှင် "ချစ်သားဒဗ္ဗ....ထိုသို့ဖြစ်လျှင် သင်ချစ်

သွားသည် ငါဘုရားအားဖြင့်,ရဟန်းသံဃာအားဖြင့် (ပရိနိဗ္ဗာန် မဝင်စံမီ) တန်ခိုးပြာဋိဟာ ပြဦးလော့”ဟု မိန့်တော်မူလေ၏။ ထိုခဏမှာပင် အလုံးစုံသော ရဟန်းအပေါင်းသည် တညီတညွတ် တည်း စည်းဝေးပြီးသား ဖြစ်လေ၏။ ထိုအခါ အရှင်ဒဗ္ဗမထေရ် သည် “တပါးတည်းက အများဖြစ်ခြင်း, အများကြီးက တပါး တည်းဖြစ်ခြင်း, ထင်ရှားစွာပေါ်ခြင်း, ပျောက်ကွယ်ခြင်း-အစရှိ သည်” များလှစွာသော သာဝကတို့ဆိုင်ရာ တန်ခိုးပြာဋိဟာ အားလုံးတို့ကို ပြတော်မူပြီးလျှင် တဖန် မြတ်စွာဘုရားကို ရှိခိုး ဝတ်ပြုပြန်လေသည်။

မထေရ်မြတ်သည် ထိုသို့ ရှိခိုးဝတ်ပြုပြီးမှ ကောင်းကင်သို့ ပျံ တက်၍ ထိုကောင်းကင်၌ မြေကြီးကို ဖန်ဆင်းပြီးလျှင် ထိုမြေ ပေါ်၌ ထိုင်နေတော်မူလျက် တေဇောကသိဏ(ပါဒက) ဈာန်ကို ဝင်စားတော်မူလေသည်၊ ထိုဈာန်မှ ထပြီးသော် မိမိကိုယ်ကို ဆင်ခြင်၍ ဤကိုယ်မှ တေဇောဓာတ်မီး တဟုန်းဟုန်း ထ၍ တောက်လောင်ရန် အဓိဋ္ဌာန်တော်မူလေသည်၊ ထိုသို့ အဓိဋ္ဌာန် တော်မူပြီးနောက် တဖန် အဘိညာဏ်၏ အခြေဖြစ်သော တေ- ဇောကသိဏ (ပါဒက) ဈာန်ကို ဝင်စားတော်မူပြန်လေသည်။ (ရှေးပါဒကဈာန်ကား အဓိဋ္ဌာန်၏ အခြေပါဒ, ယခုပါဒကဈာန် ကား အဘိညာဏ်၏ အခြေပါဒဖြစ်သည်)၊ ထိုဈာန်မှထပြီးသော အဘိညာဏ်ဝီထိစိတ် ဖြစ်ပေါ်လာလေသည်။ ထိုအဘိညာဏ် ဇော တကြိမ်တည်း ဇောလိုက်သည်နှင့် တပြိုင်နက် တကိုယ်လုံး ကို မီးဟုန်းဟုန်း တောက်လေတော့၏။ထိုမီးသည် ခဏအတွင်း မှာပင် ကမ္ဘာဖျက်မီးကြီးကဲ့သို့ မထေရ်မြတ်၏ကိုယ်၌ အဏုမြူမျှ သော သင်္ခါရကိုပင်သော်လည်း မီးသွေးမျှပင် မကျန်ကြွင်းစေပဲ အဓိဋ္ဌာန်အစွမ်းကြောင့် အလုံးစုံလောင်ကျွမ်းပြီးလျှင် ငြိမ်းစဲလေ တော့၏။ မထေရ်မြတ်သည်လည်း အဘိညာဏ်စိတ် = ဣဒ္ဓိ စိတ်မှ ထ၍ ဘဝင်စိတ်ဖြင့် (= အဘိညာဏ်ဇော၏ နောက်၌ကျသော ဘဝင်စိတ်သည် စုတိကိစ္စတပ်ကာ ထိုစိတ်ဖြင့်) ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းတော်မူလေသတည်း။ ။ (ဤမထေရ်

မြတ်၏ ပရိနိဗ္ဗာန်စံခဏ်းကို ဥဒါန်းအဋ္ဌကထာ မျက်နှာ ၃၇၇-မှ စ၍ ထုတ်နုတ်ဖော်ပြအပ်သည်)။

ဤကား အရှင်ဒဗ္ဗမထေရ် အကြောင်းတည်း။

---

(၂၆) အရှင်ပိလိန္ဒဝစ္ဆမထေရ်အကြောင်း

(က) မထေရ်၏ ရှေးဆုတောင်း

ဤပိလိန္ဒဝစ္ဆမထေရ်အလောင်း သူတော်ကောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ ဟံသာဝတီ မင်းနေပြည်ဝယ် စည်းစိမ်ဥစ္စာ ပေါများသောအမျိုး၌ ဖြစ်ခဲ့လတ်၍ ရှေးမထေရ်အလောင်းများနည်းတူ မြတ်စွာဘုရားရှင်၏ တရားဒေသနာကို နာယူစဉ် ပဒုမုတ္တရ မြတ်စွာဘုရားက ရဟန်းတော်တပါးကို "နတ်တို့ချစ်မြတ်နိုးအပ်သောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှု ကုသိုလ်ပြုပြီးလျှင် ထိုရာထူး = ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ ရှေးနည်းအတူ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

စေတီတော်နှင့် သံဃာတော်အား ပူဇော်ခဲ့ခြင်း

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် သုမေဓမြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် လူ့ပြည်၌ လူဖြစ်ပြန်၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူလတ်သော် မြတ်စွာဘုရား၏ စေတီတော်အား ကြီးစွာသော ပူဇော်သက္ကာရမှု ပြု၍ သံဃာ၌လည်း ကြီးစွာသောအလှူဒါနကို ဖြစ်စေခဲ့ = ပေးလှူခဲ့လေသည်။

**စကြဝတေးမင်းဘဝ**

ထိုအမျိုးကောင်းသားသည် ထိုဘဝမှ စုတေပြန်သော် နတ်ပြည်, လူ့ပြည်တို့၌သာလျှင် ကျင်လည်ကျက်စားလျက် မြတ်စွာဘုရားရှင် မပွင့်ထွန်းမီ တခုသောဘဝဝယ် စကြဝတေးမင်း ဖြစ်၍ လူများအပေါင်းကို ငါးပါးသီလ၌ တည်စေကာ နတ်ရွာသုဂတိသို့ ရောက်အောင် ကျင့်ဆောင်ခဲ့လေသည်။

**(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း**

ထိုအမျိုးကောင်းသားသည် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်တော်မမူမီပင် သာဝတ္ထိပြည်ဝယ် ပုဏ္ဏားမျိုး၌ လူဖြစ်လာ၍ အမည်အားဖြင့် အမည်ရင်းအားဖြင် "ပိလိန္ဒ", အနွယ်အားဖြင့် "ဝစ္ဆ" = ၂-ရပ်ပေါင်း၍ "ပိလိန္ဒဝစ္ဆ" ဟု မည်တွင်ထင်ရှားကျော်ကြားလေသည်။ ပိလိန္ဒဝစ္ဆလုလင်သည် သံသရာ၌ ငြီးငွေ့ခြင်း ပြောများသူဖြစ်ခြင်းကြောင့် ပရိဗိုဇ်ရဟန်း ပြုပြီးလျှင် စူဠဂန္ဓာရ-မည်သော မန္တန်အတတ်ကို သင်ကြား တတ်မြောက်ပြီးစေ၍ ထိုအတတ်ပညာဖြင့် ကောင်းကင်၌ ပျံသွားနိုင်သူ, သူတပါး၏ စိတ်အကြံကိုသိသူ( = ဝိဇ္ဇာဓိုရ်တဦး)ဖြစ်လျက် ရာဇဂြိုဟ်ပြည်၌ အထွတ်အထိပ်ရောက် လာဘ်ပေါများသူ, အခြံအရံပေါများသူ ဖြစ်ကာ စိုးအုပ်နေထိုင်လေ၏။

ထိုအခါ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာ၍ ခရီးဒေသစာရီ အစဉ်သဖြင့် ကြွချီလေသော် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူလေ၏။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသည့်အချိန်မှစ၍ ပိလိန္ဒဝစ္ဆ ပရိဗိုဇ် (ဝိဇ္ဇာဓိုရ်) ၏ ထိုစူဠဂန္ဓာရီအတတ်သည် မပြည့်စုံတော့ပဲ မိမိကိစ္စကို မပြီးစေနိုင်တော့ချေ၊ (မန္တန် စုပ်သော်လည်း ရှေးကလို ကောင်းကင်သို့လည်း မပျံနိုင်, သူတပါး၏စိတ်အကြံကိုလည်း မသိနိုင်တော့ချေ)။ ထိုအခါ ပိလိန္ဒဝစ္ဆပရိဗိုဇ် (ဝိဇ္ဇာဓိုရ်)သည် "မဟာဂန္ဓာရဝိဇ္ဇာ ထင်ရှားရှိသောအရပ်ဝယ် စူဠဂန္ဓာရဝိဇ္ဇာသည် မပြည့်စုံနိုင်-ဟု ဆရာ, ဆရာ့ဆရာတို့ မိန့်ကြားကြသည်ကို ငါ

ကြွားအပ်ဘူးလေသည်၊ ရဟန်းမြတ်ဂေါတမ၊ ဤရာဇဂြိုဟ်ပြည်သို့ ကြွရောက်လာသည့်အချိန်မှ စ၍ ငါ၏ ဤစုဋ္ဌဂန္ဓာရဝိဇ္ဇာသည် မပြည့်စုံတော့ချေ၊ ယုံမှားဘွယ်မရှိ ရဟန်းမြတ် ဂေါတမသည် မဟာဂန္ဓာရဝိဇ္ဇာအတတ်ကို တတ်သိသူဖြစ်၏၊ငါသည် ထိုရဟန်းမြတ် ဂေါတမကို ဆည်းကပ်၍ သူ၏အထံ၌ ထိုမဟာဂန္ဓာရဝိဇ္ဇာ အတတ်ကို သင်ယူရပါမူ ကောင်းလေစွ”ဟု ကြံစည် စဉ်းစားမိကာ မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်၍ “ရဟန်းမြတ်.... အကျွန်ုပ်သည် ရဟန်းမြတ်၏အထံ၌ တခုသောဝိဇ္ဇာအတတ်ကို သင်ကြားလိုပါသည်၊ အကျွန်ုပ်အား အခွင့်ပြုတော်မူပါ”ဟု တောင်းပန် လျှောက်ထားလေ၏။

မြတ်စွာဘုရားရှင်က “ထိုသို့ ဝိဇ္ဇာအတတ်ကို သင်ကြားလိုလျှင် သင်သည် ရှင်,ရဟန်းပြုလော့”ဟု မိန့်တော်မူလေလျှင် ပိလိန္ဒဝစ္ဆ ပရိဗိုဇ်သည် “ရှင်,ရဟန်းပြုခြင်းသည် ဝိဇ္ဇာအတတ်၏ ပရိကံ = ရှေ့ပိုင်းအလုပ်”ဟု အောက်မေ့ကာ ရှင်,ရဟန်း ပြုလေ၏။ ထို ပိလိန္ဒဝစ္ဆရဟန်းတော်အား မြတ်စွာဘုရားသည် တရားဟော၍ စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူလေ၏။ ပိလိန္ဒဝစ္ဆ ရဟန်းတော်သည် အရဟတ္တဖိုလ်ရကြောင်း ရှေးကောင်းမှု = ဥပနိဿယနှင့် ပြည့်စုံသူဖြစ်ရကား မကြာမြင့်မီပင် ဝိပဿနာ တရား ပွါးများ၍ အရဟတ္တဖိုလ်သို့ဆိုက်ရောက်တော်မူလေ၏ = ရဟန္တာဖြစ်လေ၏။ (ဥဒါန ဋ္ဌ၊ ၆၃-မှ)။

### နှုတ်ထွက်ကြမ်းမှု အထုံဝါသနာပါရှိခြင်း

အရှင်ပိလိန္ဒဝစ္ဆ ရဟန္တာမထေရ်သည် လူတို့နှင့်ဖြစ်စေ,ရဟန်းတို့နှင့်ဖြစ်စေ အတူတကွ စကားပြောဆိုလျှင် “ဧဟိ ဝသလ = လာလော့ သူယုတ်....၊ ဂစ္ဆ ဝသလ = သွားလော့ သူယုတ်....၊ အာဟရ ဝသလ = ဆောင်ခဲ့လော့ သူယုတ်....၊ ဂဏှ ဝသလ = ယူသွားလော့ သူယုတ်....” ဤသို့စသည်ဖြင့် စကားဝါကျ ခွန်းတိုင်းမှာပင် ဝသလသမုဒါစာရ (= သူယုတ်ဟု ပြောဆိုခြင်း) ဖြင့် ပြောဆိုလေ့ရှိတော်မူ၏။

ထိုစကားကို ယူဆောင်ကြ၍ ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား....အရိယာတို့မည်သည် ရုန့်ရင်းကြမ်းတမ်းသော စကားကို မပြောကြားကြဘူးလော" ဟု မေးလျှောက်ကြကုန်၏။ မြတ်စွာဘုရားရှင်က "ရဟန်းတို့.... အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်မှာ သူတပါးတို့ကို ရှုတ်ချသောအားဖြင့် (= ရှုတ်ချသော ဒေါသဖြင့်) ရုန့်ရင်းကြမ်းတမ်းသော စကားဟူ၍ မရှိချေ၊ စင်စစ်သော်ကား ဘဝတပါး (= အတိတ်ဘဝအဆက်ဆက်) က လေ့ကျက်ပွါးထုံခဲ့သော ကိလေသာ၏ အငွေ့သတ္တိ တည်းဟူသော ဝါသနာ၏အစွမ်းအားဖြင့်မူ ရုန့်ရင်း ကြမ်းတမ်းစွာ ပြောဆိုမှုသည် ဖြစ်လေရာ၏"ဟု မိန့်တော်မူလေလျှင် ရဟန်းတို့သည် "မြတ်စွာဘုရား....အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ထ၍ထ၍ လူတို့နှင့်ဖြစ်စေ, ရဟန်းတို့နှင့်ဖြစ်စေ အတူတကွ စကားပြောဆိုလျှင် 'ဝသလ ဝသလ = သူယုတ် သူယုတ်' ဟု ပြောဆိုပါသည်။ မြတ်စွာဘုရား.... ဤသို့ပြောဆိုခြင်း၌ အကြောင်းကား အဘယ်ပါနည်း = အဘယ့်ကြောင့် ဤသို့ပြောဆိုပါသနည်း" ဟု မေးလျှောက်ကြလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို "ငါ့သား ပိလိန္ဒဝစ္ဆ၏ ဤကဲ့သို့ နှုတ်ထွက်ကြမ်းမှုသည် ယခုအခါ၌သာ ဖြစ်သည့် အလေ့အကျက် မဟုတ်ချေ။ စင်စစ်သော်ကား လွန်လေပြီးသောအခါဝယ် ဤပိလိန္ဒဝစ္ဆသည် ဘဝ (၅၀၀) ငါးရာ ဆက်လျက် သူတဖက်သားကို ဝသလ = သူယုတ်မာဟု ပြောဆိုလေ့ရှိသော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့လေပြီ၊ ဤသို့လျှင် ဤငါ့သား ပိလိန္ဒဝစ္ဆသည် ဘဝအလေ့အကျက် အထုံဝါသနာကြောင့် သာလျှင် ဤကဲ့သို့ နှုတ်ထွက်ကြမ်းသော စကားကို ပြောကြားလေသည်၊ ဖရုသဝါစာ အကုသိုလ် စေတနာဖြင့် ပြောကြားသည် မဟုတ်။ မှန်၏—အရိယာတို့ပြောကြားသော စကားသည် နှုတ်ထွက်ပင် ကြမ်းသော်လည်း စေတနာက မကြမ်းသောကြောင့် စင်ကြယ်သည်သာ ဖြစ်၏၊ ဤသို့ အရိယာပုဂ္ဂိုလ်တို့ နှုတ်ထွက်ကြမ်းမှု၌

အနည်းငယ်မျှသော မကောင်းမှုကိုမျှ မရအပ်" ဟု မိန့်တော်မူပြီးလျှင် ဓမ္မပဒ၌—

အကက္ကသံ ဝိညာပနိံ၊
ဂိရံ သစ္စမုဒီရယေ။
ယာယ နာဘိသဇေ ကဉ္စိ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့····။ ယာယ ဂိရာယ=အကြင်စကားဖြင့်။ ကဉ္စိ=အခြားသော လူ တစုံတယောက်သော သူကိုမျှ။ နာဘိသဇေ = မျက်ကောဓဖိ ဆူးဖြင့်ထိသို့ မငြိမစွန်းစေလေရာ။(ဒိဏာသဝေါ နာမ = အာသဝေါကုန်ခန်း ရဟန္တာမည်သည်)။ အကက္ကသံ = နှုတ်ထွက် မကြမ်းသော။ ဝိညာပနိံ = အနက်အဓိပ္ပါယ်ကို သိလွယ်စေတတ်သော။ သစ္စံ = မဖောက်မပြန် မှန်လည်းမှန်ကန်သော။ တာဒိသံ ဂိရံ = ထိုသို့ရှုအပ် ကောင်းမြတ်သောစကားကို။ ဉဒီရယေ = နှုတ်ဟမြွက်ကာ ပြောဆိုရာ၏။ တံ = ထိုသို့ နှုတ်ထွက် မကြမ်း ရဟန္တာပုဂ္ဂိုလ်ကို။ အဟံ = လူသုံးပါးတို့ဆရာ ဘုရားငါသည်။ ဗြာဟ္မဏံ = ဗာဟိတပါပ အနွတ္ထကြောင့် ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဟူ၍။ ဗြူမိ = လူနတ်တို့ အား သိထင်ရှားအောင် ဟောကြားမိန့်ဆိုပေ၏—

ဤဂါထာကို ဟောကြားတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးသော အခါ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ဆိုက်ကြလေကုန်၏။ ။ (ဤ၌—အရှင်ပိလိန္ဒဝစ္ဆ ရဟန္တာ မထေရ်၏ ဝသလ = သူယုတ်ဟူ၍ ခေါ်ဆို မိန့်ကြားအပ်သည့် စကားသည် နှုတ်ထွက်ပင်ကြမ်းသော်လည်း စေတနာက မကြမ်း သဖြင့် ဖရုသဝါစာ = ကြမ်းတမ်းသောစကားဟု မဆိုရ = ဖရုသ ဝါစာ ဒုစရိုက်မဟုတ်ဟု မှတ်ယူရာ၏။)

## ပိတ်ချင်းသီးများ ကြွက်ချေးဖြစ်ကုန်ခြင်း

တနေ့သ၌ ပိလိန္ဒဝစ္ဆမထေရ်သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်လေသော် ယောက်ျားတယောက် ပိတ်ချင်းသီးများ ခွက်အပြည့်ထည့်ယူ၍ မြို့တွင်းဝင်လာသည်ကို မြင်တော်မူလေလျှင် "သူယုတ်...သင့်ခွက်ထဲ၌ ဘာတွေနည်း" ဟု မေးတော်မူလေ၏။ ထိုယောက်ျားသည် "ဤရဟန်းကား ငါနှင့်အတူ စောစောစီးစီးပင် နိမိတ်မကောင်း မင်္ဂလာမရှိသည့် သူယုတ်ဟူသော ကြမ်းတမ်းသောစကား ရိုင်းပြသောစကားကို ပြောကြားဘိ၏၊ ဤရဟန်း၏ စကားနှင့်လိုက်လျောသည့် ကြမ်းတမ်းရိုင်းပြသော စကားကိုသာလျှင် ပြန်ကြားပြောဆိုမှ သင့်တော်မည်"ဟု ကြံစည် စဉ်းစား စိတ်ထဲမှပြစ်မှားကာ "အရှင်ဘုရား...တပည့်တော်၏ ခွက်ထဲမှာ ကြွက်ချေးတွေပါဘုရား"ဟု ကြမ်းတမ်း ရိုင်းပြစွာ ပြန်ကြားပြောဆိုလေ၏။ (ဤ၌—သူယုတ်ဟူ၍ ခေါ်ဆိုလိုက်သော မထေရ်၏စကားမှာ နှုတ်ထွက်ကပင် ကြမ်းသော်လည်း စေတနာကား မကြမ်း = အလွန်နူးညံ့၏၊ အထုံဝါသနာကြောင့်သာ ထိုသို့ ခေါ်ဆိုခြင်း ဖြစ်သည်။ ထိုယောက်ျား ပြောကြားလိုက်သည့် "ကြွက်ချေးတွေပါ ဘုရား" ဟူသောစကားမှာ ဒေါသထွက် ပြစ်မှား၍ ပြောကြားခြင်း ဖြစ်သောကြောင့် ဖရုသဝါစာ အကုသိုလ်ကံ ဖြစ်လေသည်၊ ရဟန္တာမထေရ်အပေါ်၌ ပြစ်မှားပြောဆိုလိုက်ခြင်း ဖြစ်လေသည်၊ ထို့ကြောင့် သူ၏ ဖရုသဝါစာ အကုသိုလ်သည် လတ်တလော့ခြင်းပင် မကောင်းကျိုးပေးလေ၏)။

ထိုအခါ မထေရ်မြတ်သည် "ဧဝံ ဘဝိဿတိ ဝသလ = ဟယ် သူယုတ်····သင်ပြောသည့်အတိုင်း ကြွက်ချေးတွေပင် ဖြစ်ပေလိမ့်မည်" ဟု မိန့်တော်မူလေ၏။ ထိုယောက်ျားမှာ မထေရ်မြတ်၏ မြင်လောက်သောအရပ်ကို စွန့်လေ လွန်လေလျှင်ပင် ခွက်ထဲ၌ ပါသမျှသောပိတ်ချင်းသီးတွေ အားလုံးသည် ကြွက်ချေးတွေချည်း ဖြစ်၍ကုန်တော့၏။ ထိုယောက်ျားသည် ဤပိတ်ချင်းသီးများ ကား ကြွက်ချေးအတူ ထင်ရမြင်ရလေကုန်သည်၊ တကယ်ပင် ကြွက် ချေးသဘော ဟုတ်သလော, မဟုတ်သလော" ဟု ကြံစည်ကာ

စုံစမ်းလိုသည်ဖြစ်၍ လက်ဖြင့် နှိပ်ချေ၍ ကြည့်လေ၏၊ ထိုအခါ ပိတ်ချင်းသီးများ တကယ်ပင် ကြွက်ချေးတွေဖြစ်နေသည်ကို သိရ၍ ထိုယောကျ်ား၏ စိတ်သန္တာန်ဝယ် အားကြီးသော နှလုံးမချမ်းသာမှု = ဗလဝဒေါမနဿတရား တရိပ်ရိပ် ဖြစ်ပွါးလာလေ၏။

ထိုယောကျ်ားသည် "ဤခွက်ထဲမှ ပိတ်ချင်းသီးများသာ ကြွက်ချေးတွေ ဖြစ်ကုန်သလော၊ သို့မဟုတ် လှည်းပေါ်၌ ပါရှိလာသော ပိတ်ချင်းသီးများသည်လည်း ကြွက်ချေးတွေများ ဖြစ်ကုန်ရော့သလား"ဟု စိုးရိမ်ကြီး စွာ ပိတ်ချင်းသီးများ တင်ဆောင်လာသည့် မိမိလှည်းရှိရာသို့ သွားရောက်ကြည့်ရှုလေလျှင် လှည်းပေါ်၌ ပါရှိသည့် အားလုံးသော ပိတ်ချင်းသီးများလည်း ကြွက်ချေးတွေချည်း ဖြစ်၍နေကြသည်ကို တွေ့မြင်ရ၍ အလွန့်ထက်အလွန် နှလုံးပူပန်ကာ ရင်ပတ်ကို လက်ဖြင့် မ-၍ "ဤအမှုကား အခြားသူ၏ အမှုမဟုတ်ချေ၊ ဤအမှုသည် ငါစောစောက တွေ့မြင်ရသော ရဟန်း၏အမှုသာ ဖြစ်၏။ မချွတ်ပင် ပြေလည်ရာပြေလည်ကြောင်း ဥပါယ်ကောင်းတခုတော့ ရှိပေလိမ့်မည်၊ (သိတိုင်ဓမ္မအလို) မချွတ်ပင် ထိုရဟန်းသည် မျက်လှည့်အတတ်တမျိုးကို တတ်သိသူ ဖြစ်ပေလိမ့်မည်၊ ထိုရဟန်းသွားရာအရပ်ကို နောက်မှလိုက်ကာ စုံစမ်းပြီးလျှင် ဤအကြောင်းကို ငါသိအောင်မူပေအံ့"ဟု ဆင်ခြင်စဉ်းစား၍ မထေရ်မြတ် ကြွသွားရာလမ်းကို မေးမြန်းကာ လိုက်လေ၏။

ထိုအခါ အခြားတယောက်သည် ထိုပိတ်ချင်းသီးရှင် (ကြွက်ချေးရှင်) ယောကျ်ား အလွန်လျှင် စိတ်နှလုံးကြမ်းတမ်းလျက် သွားနေသည်ကို မြင်လတ်၍ "အိုယောကျ်ား… သင်သည် အလွန်လျှင် စိတ်နှလုံးကြမ်းတမ်းလျက် သွားဘိ၏၊ အဘယ်အမှုကြောင့် ဤသို့သွားဘိသနည်း"ဟု မေးမြန်းလေသော် ပိတ်ချင်းသီးရှင် ယောကျ်ားသည် ထိုဖြစ်ရပ်အကြောင်းအရာအားလုံးကို ထိုယောကျ်ားအား ပြန်ကြားပြောဆိုလေ၏။ ထိုယောကျ်ားသည် ပိတ်ချင်းသီးရှင်ယောကျ်ား၏ စကားကို ကြားရလေလျှင် "အိုအမောင်….တွေရာလေးပါး စိတ်အကြီ များမနေပါလင့်၊ ကျွန်ုပ်၏ ဆရာသခင် ပိလိန္ဒဝစ္ဆအရှင်မြတ်ပင် ဖြစ်ပါလိမ့်မည်၊

အမေ့ာင်သည် ဤခွက်ကိုပင် ရှိရင်းစွဲ ကြွက်ချေးများ အပြည့် ထည့်၍ ယူဆောင်သွားရောက်ကာ မထေရ်မြတ်၏ ရှေ့တော်၌ ရပ်တည်ပါ၊ ထိုအခါ မထေရ်မြတ်က 'ဟယ်သူယုတ်....သင့်ခွက် ထဲမှာပါသည့် ထိုအရာတွေကား ဘာတွေနည်း'ဟု မေးတော် မူလိမ့်မည်၊ ထိုသို့ မေးသောအခါ 'ပိတ်ချင်းသီးတွေပါ အရှင် ဘုရား....'ဟု သင် လျှောက်ထားပါလေ။ ထိုအခါ မထေရ်မြတ် သည် 'ဧဝံ ဘဝိဿတိ ဝဿလ = ဟယ်သူယုတ်....သင်ပြောသည့် အတိုင်း ပိတ်ချင်းသီးတွေပင် ဖြစ်ပေလိမ့်မည်'ဟု မိန့်ဆိုတော်မူ လိမ့်မည်၊ ထိုအခါ ခွက်မှာပါသည့် ကြွက်ချေးများရော လှည်းမှာ ရှိသည့် ကြွက်ချေးများပါ အားလုံးပင် တဖန် မူလဇာတိရုပ်သို့ ပြန်၍ ပိတ်ချင်းသီးချည်း ဖြစ်ကြပါလိမ့်မည်"ဟု အကြံပေးစကား ပြောကြားလေ၏။ ပိတ်ချင်းသီးမှုင် ယောက်ျားသည် ထို ယောက်ျား ပြောကြားအကြံပေးသည့်အတိုင်း လိုက်နာပြုကျင့် လေ၏၊ အလုံးစုံသော ပိတ်ချင်းသီးများသည် မူလပကတိအတိုင်း ပိတ်ချင်းသီးချည်း တဖန် ပြန်၍ဖြစ်လေကုန်၏။

## (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်သည် မြတ်စွာဘုရား ပွင့်ထွန်း တော်မမူမီ တခုသောဘဝဝယ် စကြဝတေးမင်းဖြစ်၍ လူများ အပေါင်းကို ငါးပါးသီလ၌ တည်စေကာ နတ်ရွာသုဂတိရောက် အောင် ကျင့်ဆောင်ခဲ့လေသည်၊ များသောအားဖြင့် ကာမာဝစရ နတ်ပြည်ခြောက်ထပ်၌ ဖြစ်ကြသောနတ်များသည် ထိုအရှင် ပိလိန္ဒဝစ္ဆမထေရ်အလောင်း စကြဝတေးမင်း၏ အဆုံးအမကို ရယူလိုက်နာကျင့်သုံးကြ၍ မိမိတို့ဖြစ်လေရာရာ နတ်ပြည်ဘုံဌာန၌ နတ်စည်းစိမ်ကို ကြည့်ရှုကြပြီးလျှင် "ငါတို့သည် အဘယ်သူကို အမှီပြု၍ ဤနတ်ပြည်စည်းစိမ်ကို ရရှိကြသနည်း"ဟု ဆင်ခြင်ကြ လေလျှင် ဤအရှင်ပိလိန္ဒဝစ္ဆမထေရ်ကို မြင်ကြ၍ "မထေရ်ကိုမှီ၍ ငါတို့သည် ဤနတ်ပြည်စည်းစိမ်ကို ရအပ်လေပြီ"ဟု ကျေးဇူးတင် ဝမ်းမြောက်ကြကာ ညဉ့်, နံနက်ပင် အစဉ်မပြတ် မထေရ်ကို လာရောက်၍ ရှိခိုးကြလေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည်

နောက်အချိန်ဝယ် အရိယာသံဃာအလယ်၌ ထိုင်နေတော်မူလျက် အရှင်ပိလိန္ဒဝစ္ဆမထေရ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဒေဝ- တာနံ ပိယမနာပါနံ ယဒိဒံ ပိလိန္ဒဝစ္ဆော = ရဟန်းတို့... နတ်တို့ချစ်မြတ်နိုးအပ်သော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် ပိလိန္ဒဝစ္ဆရဟန်းသည် အသာဆုံး အမြတ် ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "ဒေဝတာနံ ပိယမနာပ = နတ်တို့ချစ်မြတ်နိုးအပ်သောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား အရှင်ပိလိန္ဒဝစ္ဆမထေရ် အကြောင်းတည်း။

---

## (၂၇) အရှင်ဗာဟိယ-ဒါရုစီရိယမထေရ်အကြောင်း

(ဤမထေရ်၏ အမည်ရင်းမှာ ဗာဟိယတိုင်း၌ ဖွားမြင်သူဖြစ်သော ကြောင့် "ဗာဟိယ"ဟူ၍ ဖြစ်လေသည်၊ ထိုဗာဟိယသည် နောက် တချိန်၌ ဖော်ပြလတ္တံ့သော ဝတ္ထုအတိုင်း သစ်သားမျှင်တို့ကို အဝတ် ပြုကာ ဝတ်၍နေ၏၊ ထို့ကြောင့် "ဒါရုစီရိယ=သစ်သားမျှင်အဝတ်ကို ဝတ်သောသူ"ဟု အမည်တွင်ပြန်လေသည်၊ အမည်နှစ်ရပ်ကို ပေါင်းစပ် ၍ ဤမထေရ်ကို "ဗာဟိယ—ဒါရုစီရိယ မထေရ်"ဟု ခေါ်တွင် လေသည်)။

### (က) မထေရ်၏ ရှေးဆုတောင်း

ဤဗာဟိယ-ဒါရုစီရိယ မထေရ်အလောင်း သူတော်ကောင်း သည်လည်း ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ ဟံသာဝတီ မင်းနေပြည်ဝယ် အမျိုးကောင်းအိမ်၌ ဖြစ်ခဲ့လတ်၍ ရှေးမထေရ်အလောင်းများနည်းတူ မြတ်စွာဘုရားရှင်၏ တရား ဒေသနာကို နာယူစဉ် ပဒုမုတ္တရ မြတ်စွာဘုရားက ရဟန်းတော် တပါးကို "မဂ်ဖိုလ်အသိဉာဏ်ကို လျင်မြန်စွာ ရရှိကြသော ရဟန်း တို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး"၌ ထားတော်

မှုသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး=ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားသည့် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ ရှေးနည်းအတူ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

**တောင်ထိပ်တက်၍ ရဟန်းတရား အားထုတ်ခြင်း**

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ကဿပမြတ်စွာ သာသနာဆုတ်ယုတ်သော အခါဝယ် အောက် အရှင်ဒဗ္ဗမထေရ်၏ ဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း အဖော်ရဟန်းတို့နှင့် အတူတကွ(အောက် အရှင်ဒဗ္ဗဝတ္ထု စာမျက်နှာ ၃၇၈-၌ ကြည့်ပါ။)တောင်ထိပ်သို့ တက်ရောက်ကာ ရဟန်းတရား အားထုတ်၍ စင်ကြယ်သော, ပြည့်စုံသော သီလရှိသူ ဖြစ်ရကား အသက်အဆုံး၌ နတ်ပြည်ဝယ် ဖြစ်လေ၏။

**(ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း**

ထို အမျိုးကောင်းသား နတ်သားသည် ဗုဒ္ဓန္တရ အသင်္ချေယျ တကပ်ပတ်လုံး နတ်ပြည်၌သာ စံနေ၍ ဤအကျွန်ုပ်တို့ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာကာလဝယ် ဗာဟိယတိုင်း၌ အမျိုးကောင်းအိမ်ဝယ် အမျိုးကောင်းသား ဖြစ်၍လာလေသည်။ ထို ဗာဟိယအမျိုးကောင်းသားသည် အရွယ်သို့ ရောက်လတ်သော် အိမ်ရာတည်ထောင် လူ့ဘောင်၌ စိုးအုပ်နေထိုင်လျက် တနေ့သောအခါ "ငါသည် ကုန်သွယ်မှုကို ပြုပေအံ့"ဟု ကြံစည်ကာ သုဝဏ္ဏဘူမိသို့သွားမည့် စက်လှေကို စီးနင်းလိုက်ပါ၍ သွားလေ၏။ ထိုသူတို့စီးနင်းလိုက်ပါသွားသော လှေသည် လိုရာအရပ်သို့ မရောက်ပဲ သမုဒ္ဒြာအတွင်းမှာပင် ပျက်စီးခဲ့လေ၏။ လှေသင်္ဘောပါ လူများအပေါင်းသည် ငါး,လိပ်တို့၏အစာ ဖြစ်ကြရလေ၏။

ဤဗာဟိယအမျိုးကောင်းသားသည်ကား ပစ္ဆိမဘဝိကသား ဖြစ်သောကြောင့် အသက်မသေပဲ သစ်သားပိုင်းတခုကို ဆွဲကိုင်

အမှိုပြုရ၍ ခုနစ်ရက်ခမြောက်သောနေ့၌ သုပ္ပါရကဆိပ်ကမ်းဝယ် ကမ်းသို့တက်မိ၍ လူတို့နေရာအရပ်သို့ ရောက်လတ်သည်ရှိသော် "အဝတ်မဝတ်သော ယခု ငါ့အသွင်ဖြင့် လူအများတို့သို့ ချဉ်း ကပ်ရန် မသင့်လျော်ချေ"ဟု ဆင်ခြင်မိ၍ မနီးမဝေးသော အရပ်၌ ရှိသော တဖက်ဆည်ကန်ကြီးမှ မှော်သိုက်အုံတခုကို ယူဆောင် ကာ ကိုယ်ကို ရစ်ပတ်ပြီးနောက် တနေရာ၌ ကျရောက်နေသော ခွက်ခွေးတခုကို ကောက်ယူ၍ ဆွမ်းအလို့ငှါ ရွာတွင်းသို့ ဝင် လေ၏။

လူများသည် မာဟိယကို မြင်ကြလေလျှင်"လောက၌ ရဟန္တာ ပုဂ္ဂိုလ်များ အကယ်၍ ရှိကြမည်ဆိုလျှင် ဤ အရှင်မြတ်ကဲ့သို့ သဘောရှိသူတို့သာ ဖြစ်လေရာ၏၊ အသို့နည်း အရှင်သူမြတ်သည် ဥက္ကဋ္ဌအကျင့်ကို ကျင့်သူဖြစ်သောကြောင့်တည်း အဝတ်ကို မခံယူ သလော၊ သို့မဟုတ် လှူအပ်လျှင် ခံယူလေရာမည်လော"ဟု စုံစမ်း လိုကြသဖြင့် အထူးထူးသော အရပ်တို့မှ အဝတ်များကို ယူဆောင် ပေးလှူကြလေသည်။ မာဟိယသည် "အကယ်၍များ ငါသည် ဤယခု အသွင်အမူဖြင့် မလာရောက်ခဲ့လျှင် (= သားနားသပ် ယပ်စွာ ဝတ်ဆင်၍ လာရောက်ခဲ့လျှင်) ဤ လူများသည် ငါ့အား မကြည်ညိုကြကုန်လေရာ၊ တစုံတခုပြုလုပ်ကာ ဤလူများကို လှည့် ဖြား၍ အသက်ရှင်ကြောင်း ဥပါယ်ကောင်း တခုတော့ ပြုမှ သင့်တော်တော့မည်"ဟု ကြံစည်၍ အလိုနည်းသောဟန်ဖြင့် ထိုလူများ လှူအပ်သည့် အဝတ်များကို မခံယူပဲ နေလေ၏။ လူတို့ သည် အတိုင်းထက်အလွန် ကြည်ညိုကြ၍ ကြီးစွာသော ပူဇော် သက္ကာရမှုကို ပြုကြလေကုန်၏။

မာဟိယသည်လည်း ဆွမ်းကိစ္စပြုပြီးလတ်သော် (= ထမင်း စားပြီးလတ်သော်) ထိုရွာနှင့် မနီးမဝေးသော အရပ်၌ တည်ရှိ သည့် နတ်ကွန်းတခုသို့ သွားရောက်လေ၏။ လူများသည် မာဟိယ နှင့် အတူတကွပင် လိုက်ပါသွားကြ၍ ထိုနတ်ကွန်း = နတ်စင်ကို သုတ်သင်ရှင်းလင်း၍ ပေးကြလေကုန်၏။ ထိုနောက် မာဟိယ သည် ဤလူများကား ငါ့အား မှော်သိုက်ကို ဝတ်ကာမျှဖြင့်ပင်

ဤသို့သော ပူဇော်သက္ကာရမှုကို ပြုကြကုန်၏၊ ထိုလူများအပေါ်၌ ငါသည် ဥက္ကဋ္ဌအကျင့်ရှိသူကဲ့သို့ ဖြစ်မှ သင့်တော်တော့မည်”ဟု ကြံစည်၍ ပေါ့ပါးသော သစ်ပျဉ်ချပ်များကို ရှာဖွေယူဆောင်ကာ ပါးပါးလွှာလျက် လျှော်မျှင်များ၌ ကုံးသီပြီးလျှင် သစ်သားအဝတ် ပြုလုပ်ကာ ဝတ်,ရုံ၍ အသက်မွေး၍ ပြုကာ နေလေ၏။ (ဤအချိန် မှစ၍ သူ၏အမည်မှာ ဗာဟိယ-ဒါရုစီရိယ=သစ်သားအဝတ်ကို ဝတ်သည့် ဗာဟိယ-ဟူ၍ တွင်မည်လေ၏)။

## ဗြဟ္မာကြီး လာရောက် သတိပေးခြင်း

ထိုနောက် ကဿပမြတ်စွာ သာသနာတော် ဆုတ်နစ်သော အခါက အတူတကွ တောင်ထိပ်သို့တက်၍ ရဟန်းတရား အားထုတ်ခဲ့ကြသော ရဟန်းခုနစ်ပါးတို့အနက် ဒုတိယမထေရ်သည် အနာဂါမိဖိုလ်သို့ရောက်၍ သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ဖြစ်ခဲ့လေသည်၊ ထိုဗြဟ္မာသည် သုဒ္ဓါဝါသဘုံ၌ ဖြစ်ပြီးသည်၏ အခြားမဲ့မှာပင် မိမိရရှိအပ်သော ဗြဟ္မာ့စည်းစိမ်ကို ကြည့်ရှု၍ လာရာအရပ်ကို ဆင်ခြင်လတ်သော် သူငယ်ချင်းရဟန်း ခုနစ်ပါးတို့ တောင်ထိပ်သို့ တက်ရောက်၍ ရဟန်းတရား ပွါးများအားထုတ်ရာ အရပ်ကို မြင် ပြီးနောက် မိမိမှကြွင်းသော သူငယ်ချင်းရဟန်း ခြောက်ပါးတို့၏ လားရောက် ဖြစ်ပွါးရာအရပ်ကို ဆက်၍ဆင်ခြင်လေ့လျှင် တပါးက ပရိနိဗ္ဗာန်စံကြောင်း, ကျန်ငါးပါးတို့က ကာမာဝစရနတ်ပြည်၌ ဖြစ်ကြကြောင်းကို ကောင်းစွာသိမြင်၍ အခါမပြတ် ထို သူငယ်ချင်း ငါးဦးတို့ကို ဆင်ခြင်ကြည့်ရှုလေ့ ရှိပေ၏။

ဤယခုအခါ၌ကား “ငါ့သူငယ်ချင်းများသည် ယခုအခါ အဘယ်အရပ်၌ ဖြစ်နေကြသနည်း” ဟု စဉ်းစားဆင်ခြင်လတ် သော် သုပ္ပါရကဆိပ်ကမ်းကို အမှီပြု၍ အံ့သြဖွယ်ပြုခြင်းဖြင့် အသက်မွေးမှု ပြု၍နေသည့် ဗာဟိယ-ဒါရုစီရိယကို မြင်၍ “ဤ သူမိုက်ကား ပျက်စီးပါပေါ့တကား၊ ရှေး ကဿပမြတ်စွာ သာသနာတော်ခေတ်တုန်းက ရဟန်းတရား ပွါးများကျင့်ကြံစဉ် အလွန် အလွန် ဥက္ကဋ္ဌအကျင့်ရှိသူ ဖြစ်ခြင်းကြောင့် ရဟန္တာအရှင်မြတ်

ဆောင်ယူအပ်ခဲ့သော ဆွမ်းကိုသော်မှ မစားမသုံးခဲ့ပဲ ယခုအခါ ဝမ်းရေးဟူသော အကြောင်းကြောင့် မိမိကိုယ်တိုင်က ရဟန္တာ မဟုတ်ပဲလျက် ရဟန္တာ၏အဖြစ်ကို ဝန်ခံကာ လောက (=လူ အပေါင်း)ကို လှည့်ဖြား၍ ကျက်စား သွားလာ နေဘိတကား၊ မြတ်စွာဘုရားရှင် လောက၌ ပွင့်ထွန်းတော်မူကြောင်းကိုလည်း သူသည် မသိသေးချေ၊ ငါသည် ယခုပင် သွားရောက်အံ့၊ သွား ရောက်ပြီးလျှင် ငါ့သူငယ်ချင်းကို ထိတ်လန့်သံဝေဂ ရစေ၍ လော က၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေပြီ ဖြစ်ကြောင်းကို အသိ ပေးပေအံ့"ဟု ကြံစည်ဆင်ခြင်၍ ထိုခဏမှာပင် ဗြဟ္မာ့ပြည်မှ ဆင်းသက်ခဲ့၍ ညဉ့်အခါဝယ် သုပ္ပါရကဆိပ်ကမ်း ဗာဟိယ-ဒါရုစီ ရိယ၏ မျက်မှောက်၌ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ထင်ရှားပေါ်ပေါက်လာလေ၏။

ဗာဟိယ-ဒါရုစီရိယသည် မိမိ၏ နေရာအရပ်၌ အရောင် အလင်းကို မြင်၍ အပြင်သို့ ထွက်ကာ ရပ်တည်ပြီးလျှင် ဗြဟ္မာကြီး ကို ကြည့်ရှုလျက် လက်အုပ်ကို ချီမြှောက်ကာ "အရှင်ဘုရားတို့ သည် အဘယ်သူတို့ပါနည်း" ဟု မေးလေ၏။ ထိုအခါ ဗြဟ္မာ ကြီးသည်"ငါသည် သင်၏ သူငယ်ချင်းဟောင်းတည်း၊ ကဿပ မြတ်စွာ သာသနာတော် ဆုတ်နစ်သောအခါ သင်နှင့်အတူတကွ တောင်ထိပ်သို့တက်၍ ရဟန်းတရား ပွါးများအားထုတ်သဖြင့် အနာဂါမိဖိုလ်သို့ ရောက်၍ ဗြဟ္မာ့ပြည်၌ ငါ ဖြစ်ရလေပြီ၊ ငါတို့ ခုနစ်ပါးအနက် အကြီးဆုံးသံဃမထေရ်သည်ကား အရဟတ္တဖိုလ် သို့ ရောက်တော်မူ၍ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီ၊ သင်တို့ငါးဦး သည် ကာမာဝစရနတ်ပြည်၌ ဖြစ်ခဲ့ကြလေပြီ၊ ငါသည် သင့်ကို ဤအရပ်၌ အံ့သြဖွယ်ပြုခြင်းဖြင့် အသက်မွေးမှု ပြု၍နေသည်ကို မြင်ရ၍ ဆုံးမရန် လာခဲ့ပေသည်"ဟု အကြောင်း,အကျိုး ဖော်ပြ ပြောဆိုပြီးလျှင်——

"အိုဗာဟိယ....သင်သည် (၁) အာသဝေါ ကုန်ခန်း ရဟန္တာလည်း မဟုတ်ချေ၊ (၂) အရဟတ္တမဂ်သို့ ရောက် ဆိုက်သူလည်း မဟုတ်ချေ၊ (၃) (ထိုသို့ ရောက်ဆိုက်ဖို့ရန်

ကို မဆိုထားဘိ) သင့်မှာ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့
ရောက်ဖို့ရန်အကျင့်မှန်လည်း အကျုံမှုမျှပင် မရှိသေးချေ”–

ဟု ပွင့်ပွင့်လင်းလင်း ပြောဆိုလေ၏။ ထိုနောက်မှ ဗြဟ္မာကြီး သည် ဗာဟိယ—ဒါရုစီရိယအား လောက၌ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူနေပြီ ဖြစ်ကြောင်းနှင့် ယခုအခါ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက်တော်၌ သီတင်းသုံး နေထိုင်တော်မူ ကြောင်း ပြောကြား၍ “သင်သည် မြတ်စွာဘုရားရှင် ထံတော်သို့ သွားရောက်လေလော့”ဟု ဗာဟိယ–ဒါရုစီရိယကို တိုက်တွန်း စကား ပြောကြားပြီးလျှင် ဗြဟ္မာ့ပြည်သို့ ပြန်သွားလေ၏။

## ဗာဟိယ-ဒါရုစီရိယ ရဟန္တာဖြစ်ခြင်း

ဗာဟိယ-ဒါရုစီရိယသည် ဗြဟ္မာကြီး၏ စကားကို ကြားသိရ လေလျှင် များစွာ ထိတ်လန့်=သံဝေဂရ၍ “ငါသည် နိဗ္ဗာန် လမ်းမှန်ကို ရှာပေတော့အံ့” ဟု ကြံစည် အောက်မေ့ပြီးလျှင် ယူဇနာ (၁၂၀) တရာ့နှစ်ဆယ် ဝေးကွာသော ခရီးကို တည့်မြဲ သာ နေခြင်းဖြင့် အပြင်း သွားရောက်၍ သာဝတ္ထိပြည်သို့ ဆိုက် ရောက်လေ၏။ ဗာဟိယ-ဒါရုစီရိယ သာဝတ္ထိပြည်သို့ ရောက်ချိန် မှာ နံနက်ခင်းအခါ ဖြစ်သည်။

မြတ်စွာဘုရားသည်လည်း ဗာဟိယ-ဒါရုစီရိယ ကိုယ်တော့် ထံသို့ လာနေသည်ကို သိတော်မူ၍ “ဗာဟိယ၏ သဒ္ဓါ-စသော ဣန္ဒြေတို့ကား ရင့်ကျက်ခြင်းသို့ မရောက်ကြသေး၊ ခဏကြာမှသာ ရင့်ကျက်ခြင်းသို့ ရောက်ကြလိမ့်မည်”ဟု ဆင်ခြင်သိရှိတော်မူကာ ဗာဟိယ၏ ဣန္ဒြေများ ရင့်ကျက်ချိန်ကို ငံ့ဆိုင်း စောင့်လင့်တော် မူလျက် များစွာသော ရဟန်းအပေါင်း ခြံရံကာ ထိုခဏမှာပင် သာဝတ္ထိပြည်သို့ ဆွမ်းခံကြွဝင်တော်မူလေ၏။

ဗာဟိယသည် ဘုရားရှင် ဆွမ်းခံကြွသွားတော်မူပြီးနောက်မှ ဇေတဝန်ကျောင်းတိုက်သို့ ဝင်၍ နံနက်ဆွမ်း ဘုဉ်းပေးပြီးကြ သဖြင့် ကိုယ်၏ လေးလံမှုကို ပယ်ဖျောက်ရန် ဟင်းလင်းအပြင်

ဝယ် လူးလာတို့ခေါက် စကြီလျှောက်နေကြသည့် များစွာသော ရဟန်းတို့ကို ဖူးတွေ့ရ၍ "ယခုအခါ မြတ်စွာဘုရား အဘယ်အရပ်၌ နေတော်မူပါသနည်း အရှင်တို့ဘုရား..."ဟု မေးလျှောက်လေ၏။ ရဟန်းတို့သည် "ယခုပင် မြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွဝင်သွားတော်မူသည်"ဟု ဖြေကြားပြီးလျှင် "သင်သည် အဘယ်အရပ်မှ လာခဲ့သနည်း"ဟု မေးမြန်းကြလေ၏။ မာဟိယက "အကျွန်ုပ်သည် သုပ္ပါရကဆိပ်ကမ်းမှ လာရောက်ခဲ့ပါသည် ဘုရား"ဟု လျှောက်ထား ဖြေကြားလေလျှင် ရဟန်းတို့သည် မာဟိယကို "သင်သည် ခရီးဝေးမှ လာခဲ့ရသူ ဖြစ်၏၊ ထိုင်ပါဦး, ခြေများကို ဆေးကြော, နယ်ဆီလိမ်းကျံ၍ အတန်ငယ် အပန်းဖြေပါဦး၊ ဆွမ်းခံရာမှ ပြန်ကြွတော်မူလာသောအခါ မြတ်စွာဘုရားကို ဖူးမြင်ရပါလိမ့်မည်"ဟု စိတ်ရှည်လက်ရှည် ပြောဆိုကြလေ၏။

ထိုအခါ မာဟိယသည် "အရှင်ဘုရားတို့....တပည့်တော်သည် မိမိအသက်၏ အန္တရာယ်ကို မသိနိုင်ပါ၊ တပည့်တော်သည် တညဉ့်တည်းဖြင့်ပင် တစုံတခုသော အရပ်၌မျှ ကြာမြင့်စွာ မရပ်ခဲ့ပဲ မထိုင်ခဲ့ပဲ ယူဇနာ တရာ့နှစ်ဆယ်ရှိသော ခရီးကို အပြင်းလာရောက်ခဲ့ရပါသည်၊ မြတ်စွာဘုရားကို ဖူးမြင်ပြီးမှသာ အပန်းဖြေပါတော့မည်"ဟု ပြောဆိုလျှောက်ထား၍ အဆောတလျင်ပင် သာဝတ္ထိပြည်သို့ ဝင်ရောက်သွားလေသော် အတုမရှိသော ဗုဒ္ဓကျက်သရေတော်ဖြင့် တင့်တယ်တော်မူသော ဘုရားရှင်ကို ပက်ပင်းပါ ဖူးတွေ့ရလေ၏။ မာဟိယသည် မြတ်စွာဘုရားရှင်ကို လမ်းခရီးအကြား ကြွသွားတော်မူနေသည်ကို ဖူးမြင်ရလေလျှင် "ငါသည် အလွန်ကြီး ကြာမြင့်မှ မြတ်စွာဘုရားကို ဖူးမြင်ရလေသည်"ဟု ဝမ်းမြောက်ဝမ်းသာ ငါးဖြာသောပီတိဖြင့် တွေ့ထိနှံ့စပ်သောကိုယ် ရှိ၍ ပီတိအဟုန်ကြောင့် မတုန်မလှုပ် ဖွင့်လှစ်သော မျက်စိအစုံရှိကာ မြင်ရာအရပ်မှပင် ကိုယ်ကို ကိုင်းညွတ်လျက် မြတ်စွာဘုရားရှင်၏ ကိုယ်တော်ရောင်အတွင်း ချင်းနင်း သက်ရောက် နစ်မြုပ်ပြီးလျှင် မြတ်စွာဘုရား၏အနီး ထံတော်မှောက်သို့

တိုးလျှိုးသွားရောက်၍ တည်ခြင်းငါးမျိုးဖြင့် ရှိခိုးပြီးလျှင် မြတ်စွာဘုရားရှင်၏ ခြေတော်အစုံတို့ကို ဆုပ်နယ်, နမ်းစုတ်လျက်—

"မြတ်စွာဘုရား...ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်အား တရားဟောတော်မူပါ၊ ကောင်းသောစကားကိုမိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အကျွန်ုပ်အား တရားဟောတော်မူပါ၊ ယင်းသို့ မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်သည် အကျွန်ုပ်၏အဖို့ရာ ရှည်လျားစွာသော ညဉ့်ကာလပတ်လုံး စီးပွါး, ချမ်းသာအလို့ငှါ ဖြစ်ပါလိမ့်မည်"—

ဟု တောင်းပန်စကား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ဗာဟိယ-ဒါရုစီရိယကို—

"ချစ်သား ဗာဟိယ...တရားဟောရန် အခါမဟုတ်သေး၊ ငါဘုရားတို့သည် ဆွမ်းအလို့ငှါ မြို့တွင်းသို့ ဝင်နေကြ ကုန်၏"—

ဟု မိန့်တော်မူလေ၏။

(ဤ၌။ ။မြတ်စွာဘုရား၏အဖို့ရာ သတ္တလောက၏ အစီးအပွါးအလို့ငှါ ကျင့်ကြံဖို့ရန် အခါမဟုတ်သောဟူ၍ ရှိရသေးသလော-ဟု မေးဖွယ်ရှိ၏။ အဖြေကား—ဤ၌ အခါအရ ဝေနေယျတို့၏ ဣန္ဒြေရင့်ကျက်ချိန်ကို ဆိုလို၏၊ ထိုအချိန်၌ ဗာဟိယ၏အဖို့ရာ မိမိ၏ သဒ္ဓါ-စသောဣန္ဒြေများ ရင့်ကျက်သည်, မရင့်ကျက်သည်၏အဖြစ်ကို အလွန်သိနိုင်ခဲ၏၊ (စင်စစ် ထို အချိန်၌ ဗာဟိယ၏ သဒ္ဓါ-စသော ဣန္ဒြေတို့ကား မရင့်ကျက်သေးချေ၊ ထိုသို့ သင့်ဣန္ဒြေများ မရင့်ကျက်သေးသောကြောင့် ငါဘုရားတရားဟောချိန်မတန်သေးဟု အဖြေပေးလျှင် ဗာဟိယကား နားလည်မည်=သိမည်မဟုတ်)၊ ထို့ကြောင့် မြတ်စွာဘုရားသည် ထို (ဗာဟိယ၏ ဣန္ဒြေများ မရင့်ကျက်သေးမှုတည်းဟူသော) အကြောင်းကို မိန့်တော်မမူပဲ ဗာဟိယ နားလည် သိရှိမည့် "ကိုယ်တော်မြတ်၏ မြို့တွင်း၌ ဆွမ်းခံနေခြင်းကိုသာ" ထို တရားမဟောခြင်း၏ အကြောင်း အနေဖြင့် ညွှန်ပြတော်မူလေသည်။ (ဆိုလိုရင်းကား)— မြတ်စွာဘုရားသည် ဝေနေယျအကျိုး သည်ပိုးရွက်ဆောင်ရန် တရားဟောတော်မူသည် ဆိုသော်လည်း ကျွတ်ထိုက်သူ ဝေနေယျ၏ ဣန္ဒြေရင့်ကျက်ချိန်ကို သိတော်

မူ၍သာ ကာလညှုပုဂ္ဂိုလ်မြတ် ပီပီ တရားဟောတော်မူသည်၊ ကျွတ်ထိုက်သူ ဝေနေယျ၏ ဣန္ဒြေမရင့်ကျက်သေးချိန်၌ တရားမဟော၊ ထိုအချိန်မှာလည်း ဗာဟိယ၏ ဣန္ဒြေများကား မရင့်ကျက်သေးချေ၊ (ထိုကြောင့် ထိုဣန္ဒြေမရင့်ကျက်သေးချိန်မှာ တရားဟောလျှင်လည်း မဂ်, ဖိုလ်တရားကို ရမည်မဟုတ်)၊ "ဗာဟိယ....သင်၏ သဒ္ဓါ-စသောဣန္ဒြေများ မရင့်ကျက်သေးသောကြောင့် ဤအချိန်ကား သင့်အား တရားဟောရန် အချိန်မတန်သေး" ဟု မိန့်တော်မူလျှင်လည်း ဗာဟိယမှာ သာသနာပြင်ပ ပုဂ္ဂိုလ်တယောက်ဖြစ်၍ နားလည်= သိရှိမည် မဟုတ်၊ ထိုကြောင့် ဗာဟိယ သိရှိနားလည်နိုင်မည့် "မြို့တွင်းသို့ ဆွမ်းခံဝင်နေခြင်း" ကိုသာ အကြောင်းအနေဖြင့် မြတ်စွာဘုရား မိန့်ကြားတော်မူသည်ဟု အထူးမှတ်ယူရာ၏)။

ထိုသို့ မြတ်စွာဘုရား မိန့်ကြားတော်မူသောအခါ ဗာဟိယ-ဒါရုစီရိယသည် နှစ်ကြိမ်မြောက် ဆက်၍—

"မြတ်စွာဘုရား....ဘုန်းတော်သခင် ရှင်တော်ဘုရား၏ အသက် အန္တရာယ်များ ဖြစ်မည်, မဖြစ်မည်ကိုငင်း၊ တပည့်တော်၏ အသက်အန္တရာယ်များ ဖြစ်မည်, မဖြစ်မည်ကိုငင်း ကေန်ကေ သိနိုင်ခဲလှပါသည်။ သို့ပါသောကြောင့် မြတ်စွာဘုရား....ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်အား တရားဟောတော်မူပါ။ ကောင်းသော စကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အကျွန်ုပ်အား တရားဟောတော်မူပါ။ ယင်းသို့ မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်သည် အကျွန်ုပ်၏ အဖို့ရာ ရှည်လျားစွာသော ညဉ့်ကာလပတ်လုံး စီးပွါး, ချမ်းသာအလို့ငှါ ဖြစ်ပါလိမ့်မည်"—

ဟု တောင်းပန်စကား လျှောက်ထားပြန်လေ၏။ ထိုအခါမှာလည်း မြတ်စွာဘုရားသည် ရှေးနည်းအတူပင် "ချစ်သား ဗာဟိယ····တရားဟောရန် အခါမဟုတ်သေး၊ ငါဘုရားတို့သည် ဆွမ်းအလို့ငှါ မြို့တွင်းသို့ ဝင်နေကြကုန်၏" ဟူ၍ပင် မိန့်တော်မူ၏။ (ဣန္ဒြေမရင့်ကျက်သေးသောကြောင့် ဤသို့ ပယ်မြစ်စကား မိန့်ကြားတော်မူသည်ဟု အထူးမှတ်ယူရာ၏)။

(ဤ၌။ ။ဗာဟိယ-ဒါရုစီရိယသည် ပစ္ဆိမဘဝိကသား ဖြစ်သော ကြောင့် မိမိ၏ (အရဟတ္တဖိုလ်၏) အကြောင်း= ရှေးကောင်းမှုက တိုက်တွန်းနှိုးဆော်အပ်သောကြောင့် ဤကဲ့သို့ အသက်အန္တရာယ်ကို ထည့်၍, ဦးတည်၍ လျှောက်ထားလေသည်။ မှန်၏–ပစ္ဆိမဘဝိကသား တို့မှာ အရဟတ္တဖိုလ်သို့ မရောက်ပဲသာဖြင့် အသက်ကုန်ခြင်း=သေခြင်း မည်သည် အဘယ်နည်းနှင့်မျှ မဖြစ်နိုင်ချေ။

"မြတ်စွာဘုရားသည် ဗာဟိယအား တရားဟောတော်မူလိုပါလျက် အဘယ့်ကြောင့် နှစ်ကြိမ်တိုင်တိုင် ပယ်တော်မူသနည်း" ဟု မေးဖွယ် ရှိ၏။ အဖြေကား — ထိုအချိန်၌ မြတ်စွာဘုရား၏ စိတ်သန္တာန်ဝယ် "ငါဘုရားကို ဖူးမြင်ရသောအချိန်မှစ၍ ဤဗာဟိယ၏ တကိုယ်လုံး နှစ် သက်ခြင်း=ပီတိတရား လွှမ်းလျက် ဖုံးလျက် ရှိလေသည်။ ပီတိအဟုန် ကား အလွန်အားကြီးနေသေး၏။ တရားနာသော်လည်း မဂ်, ဖိုလ်, နိဗ္ဗာန်ကို ထိုးထွင်း၍ သိနိုင်မည် မဟုတ်သေး၊ အလယ်အလတ်ရှုမှု= မဇ္ဈတ္တုပေက္ခာ ဖြစ်ပွါးလာသည်တိုင်အောင် ဆိုင်းငံ့ဦးမှ သင့်တော်မည်။ ထို့ပြင်လည်း ခရီးယူ၍နေ၍ တရာ့နှစ်ဆယ်ကို အပြင်း (ညတွင်းချင်း) လာခဲ့ရသောကြောင့် ဗာဟိယ၏ ကိုယ်၌လည်း ပင်ပန်းနွမ်းနယ်မှု အလွန်အားကြီးနေသေးသည်၊ ထိုပင်ပန်းနွမ်းနယ်မှု ငြိမ်းအေးအောင် စောင့်ဆိုင်း ငံ့လင့်ဦးမှ သင့်တော်မည်" ဟု အကြံတော် ဖြစ်ပွါးလေ သည်၊ ထို့ကြောင့် နှစ်ကြိမ်တိုင် ပယ်တော်မူသည်။ ဤကား အဖြေတည်း)။

ဗာဟိယ–ဒါရုစီရိယသည် သုံးကြိမ်မြောက်လည်း မြတ်စွာ ဘုရားရှင်ကို ဒုတိယအကြိမ်ကကဲ့သို့ပင် တောင်းပန်စကား လျှောက်ထားပြန်လေသည်။ ထိုသို့ သုံးကြိမ်မြောက် တောင်းပန် အပ်သော်ကား မြတ်စွာဘုရားရှင်သည် ဗာဟိယ-ဒါရုစီရိယ၏ ကိုယ်၌—

(၁) အလယ်အလတ်ရှုမှု = မဇ္ဈတ္တုပေက္ခာ ဖြစ်ပွါးလာ ပြီကိုရင်း,

(၂) ခရီးပန်း နွမ်းနယ်မှု ငြိမ်းအေးပြီကိုရင်း,

(၃) ဗာဟိယ၏ သဒ္ဓါစသော ဣန္ဒြေတို့ ရင့်ကျက်လာပြီ ကိုရင်း,

(၄) မာဟိယ၏ အသက်အန္တရာယ် နီးကပ်လာပြီကို ရင်း—

သိမြင်တော်မူ၍ "ယခုအခါ မာဟိယအား တရားဟောရန် အချိန်တန်ပြီ" ဟု ဆင်ခြင် စဉ်းစားတော်မူပြီးလျှင် ဤဆိုလတ္တံ့ သောအတိုင်း အကျဉ်းချုပ်တရားစကား ဟောကြားတော်မူလေ ၏၊ ဟောကြားတော်မူပုံမှာ—

"(၁) ချစ်သားမာဟိယ .... ထိုသို့ဖြစ်လျှင် သင်ချစ်သားသည် ဤသို့ကျင့်ရမည်—'မြင်အပ်သော အဆင်းမျိုးစုံ ရူပါရုံ၌ မြင်ကာမျှဖြစ်အောင်, ကြားအပ်သော အသံမျိုးစုံ သဒ္ဒါရုံ၌ ကြားကာမျှဖြစ်အောင်, တွေ့ရောက်အပ်သော အနံ့မျိုးစုံ ဂန္ဓာရုံ, ရသာမျိုးစုံ ရသာရုံ, အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၌ တွေ့ရောက်ကာမျှဖြစ်အောင်, သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၌ သိကာမျှဖြစ်အောင်'ဟု ဤသို့လျှင် သင်ချစ်သားသည် ကျင့်ရမည်။

(၂) ချစ်သားမာဟိယ.... သင်ချစ်သားသည် အကြင်အခါ၌ (ဝါ—အကြင့်ကြောင့်) မြင်အပ်, ကြားအပ်, တွေ့ရောက်အပ်, သိအပ်သော အာရုံ၌ မြင်ကာမျှ, ကြားကာမျှ, တွေ့ရောက်အပ်ကာမျှ, သိအပ်ကာမျှ ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ငြားအံ့၊ ချစ်သားမာဟိယ....သင်ချစ်သားသည် ထိုအခါ၌ (ဝါ—ထိုကြောင့်) ထို မြင်အပ်, ကြားအပ်, တွေ့ရောက်အပ်, သိအပ်သည့် အာရုံနှင့်စပ်သော ရာဂ, ဒေါသ, မောဟနှင့် ယှဉ်သူ = တပ်မက်သူ, ပြစ်မှားသူ, တွေဝေသူ စင်စစ် ဖြစ်လိမ့်မည် မဟုတ်တော့ချေ။

(၃) ချစ်သားမာဟိယ....သင်ချစ်သားသည် အကြင်အခါ၌ (ဝါ-အကြင့်ကြောင့်) ထို မြင်အပ်, ကြားအပ် တွေ့ရောက်အပ်, သိအပ်သည့် အာရုံနှင့်စပ်သော ရာဂ, ဒေါသ, မောဟနှင့် မယှဉ်သူ=မတပ်မက်သူ, မပြစ်မှားသူ,

မတွေဝေသူ စင်စစ် ဖြစ်ခဲ့လျှင် ချစ်သားဗာဟိယ····သင် ချစ်သားသည် ထိုအခါ၌ (ဝါ-ထိုကြောင့်) ထိုမြင်အပ်, ကြားအပ်, တွေ့ရောက်အပ်, သိအပ်သော အာရုံ၌ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မမှီသူ (= ထိုအာရုံလေးစုံ၌ 'ငါ့ဥစ္စာ' ဟု တဏှာဖြင့်မစွဲငြိသူ မမှီသူ, 'ငါ'ဟု မာနဖြင့် မစွဲငြိသူ မမှီသူ, 'ငါ့လိပ်ပြာ' ဟု ဒိဋ္ဌိဖြင့် မစွဲငြိသူ မမှီသူ) စင်စစ် ဖြစ်ပေလိမ့်မည်။

(၄) ချစ်သားဗာဟိယ....သင်ချစ်သားသည် အကြင် အခါ၌ (ဝါ-အကြင့်ကြောင့်)ထို မြင်အပ်,ကြားအပ်,တွေ့ ရောက်အပ်, သိအပ်သော အာရုံ၌ တဏှာ, မာန, ဒိဋ္ဌိတို့ ဖြင့် မမှီသူ စင်စစ် ဖြစ်ခဲ့လျှင် ချစ်သားဗာဟိယ....သင် ချစ်သားသည် ထိုအခါ၌ (ဝါ-ထိုသို့ တဏှာ, မာန, ဒိဋ္ဌိတို့ ဖြင့် မမှီသူ စင်စစ် ဖြစ်သောကြောင့်ပင်) ဤ မျက်မှောက် ဘဝ = မနုဿဂတိ၌လည်း နောက်တဖန် ဖြစ်တော့မည် မဟုတ်၊ တမလွန်ဘဝဖြစ်သည့် = (ဒေဝဂတိ, နိရယဂတိ, တိရစ္ဆာနဂတိ, ပေတဂတိတည်းဟူသော) ကြွင်းသည့် ဂတိလေးပါးတို့၌လည်း နောက်တဖန် ဖြစ်တော့မည် မဟုတ်၊ ဤ မျက်မှောက်ဘဝ = မနုဿဂတိ, တမလွန် ဘဝ = ကြွင်းသည့်ဂတိလေးပါး (ဝါ-မနုဿဂတိတည်း ဟူသော ဤ မျက်မှောက်ဘဝ, ကြွင်းသည့်ဂတိလေးပါး တည်းဟူသော တမလွန်ဘဝ) = ဤနှစ်ပါးကို ချန်လှပ် ဖယ်ရှား အလွတ်ထား၍ အခြားတပါး လားရောက်ဖွယ် ရာ ဂတိလည်း မရှိချေ။ ဤသို့ မျက်မှောက်ဘဝ, တမလွန် ဘဝတို့၌ နောက်တဖန် ရုပ်နာမ်အသစ် မဖြစ်ခြင်းသည် ပင်လျှင် ကိလေသာဆင်းရဲ, ဝဋ်ဆင်းရဲ၏ အဆုံးဖြစ်၏"-

ဟု အနုပါဒါပရိနိဗ္ဗာန် အထွတ်တပ်၍ ဟောကြားတော်မူလေ သည်။

(ဤ၌။ ။ဗာဟိယ-ဒါရုစီရိယသည် သံခိတ္တရုစိပုဂ္ဂိုလ် (=အကျဉ်း ချုပ်တရားကို နှစ်သက်သောပုဂ္ဂိုလ်)ဖြစ်သည်။ ထို့ကြောင့်ပင် မြတ်စွာ

ဘုရားရှင်သည် မဟာဟိယ-ဒါရုစီရိယအား အာရုံခြောက်ပါး ကမ္မဋ္ဌာန်းကို ဟောကြားတော်မူရာဝယ် ခြောက်စု ခြောက်ပုံ ဟောတော်မမူပဲ (ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို တွေ့ရောက်အပ်သော အာရုံမျိုးဖြစ်၍ မုတဟူသော အမည်ဖြင့် တခုတည်းပြုပြီးလျှင်) ဒိဋ္ဌ=မြင်အပ်သောအာရုံ, သုတ=ကြားအပ်သောအာရုံ, မုတ=တွေ့ရောက်အပ်သောအာရုံ, ဝိညာတ=သိအပ်သောအာရုံဟု လေးစုလေးပုံထား၍ ဟောကြားတော်မူလေသည်။

(၁) ရှေးဖော်ပြရာပါ တရားဒေသနာ စကားရပ်လေးရပ်တို့တွင် ၁-အမှတ်ပြ ဒေသနာ စကားရပ်၌ "မြင်အပ်, ကြားအပ်, တွေ့ရောက်အပ်, သိအပ်သော အာရုံလေးပါး သင်္ခါရတရားအစု၌ မြင်ကာမျှ, ကြားကာမျှ, တွေ့ရောက်ကာမျှ, သိကာမျှ ဖြစ်အောင် ကျင့်ဆောင်အားထုတ်ရမည်" ဟူသည်မှာ—အဆင်းကိုမြင်သည့် စက္ခုဝိညာဏ်စိတ်ဖြစ်သောအခါ, အသံကိုကြားသည့် သောတဝိညာဏ်စိတ် ဖြစ်သောအခါ, အနံ့ကို တွေ့ရောက်နမ်းရှူသည့် ဃာနဝိညာဏ်စိတ်, အရသာကိုတွေ့ရောက် စားလျက်သည့် ဇိဝှါဝိညာဏ်စိတ်, အတွေ့ဖောဋ္ဌဗ္ဗာရုံကိုထိရောက်တွေ့သိသည့် ကာယဝိညာဏ်စိတ်, ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကိုသိသည့် မနောဒွါရာဝဇ္ဇန်းစိတ်=ဤစိတ်များဖြစ်ကြသော အခါတို့၌ မြင်ကာမျှ, ကြားကာမျှ, တွေ့ရောက်ကာမျှ, သိကာမျှ သဘောတို့သာလျှင် ဖြစ်၍ တပ်မက်မှု=ရာဂသဘော, ပြစ်မှားမှု=ဒေါသသဘော, တွေဝေမှု=မောဟသဘောတို့ လုံးဝမပါရှိချေ။ (အသင် စာဖတ်သူသည် တတ်နိုင်ပါလျှင် ပဉ္စဒွါရဝီထိနှင့် မနောဒွါရဝီထိတို့ ဖြစ်ပုံကို အာရုံပြုထားစေချင်ပါသည်)။

(စက္ခုဝိညာဏ် = အမြင်စိတ်, သောတဝိညာဏ် = အကြားစိတ်, ဃာနဝိညာဏ်=အနံ့စိတ်, ဇိဝှါဝိညာဏ်=လျက်စိတ် စားစိတ်, ကာယဝိညာဏ်=အတွေ့စိတ်=ဤစိတ် ၅-မျိုးကို ပဉ္စဝိညာဏ်ဟူ၍ ခေါ်၏)။ ပဉ္စဒွါရဝီထိ, မနောဒွါရဝီထိ စိတ်အစဉ်တို့ဖြစ်ကြသောအခါ ပဉ္စဝိညာဏ်စိတ်ဖြစ်သောခဏ, မနောဒွါရာဝဇ္ဇန်း စိတ်ဖြစ်သောခဏတို့၌ မြင်ရုံ, ကြားရုံ, နံရုံ, လျက်ရုံ, စားရုံ, ထိရုံ,သိရုံ သဘောတို့မျှသာ ဖြစ်၍ တပ်မက်မှု=ရာဂ, ပြစ်မှားမှု=ဒေါသ, တွေဝေမှု=မောဟသဘောတို့ လုံးဝမပါရှိသကဲ့သို့ ထိုပဉ္စဝိညာဏ်စိတ်, မနောဒွါရာဝဇ္ဇန်းစိတ်တို့၏ နောက်ဝယ် အလှည့်အကြိမ်ရောက်၍ ဖြစ်ပွါးလာသော အဟုန်ဖြင့်ဖြစ်ကာ အာရုံ၏အရသာကို ပိုင်နိုင်စွာသုံးဆောင်သော ဇောစိတ်အစဉ်တို့ ဖြစ်

ပွါးသောအခါမှာလည်း လောဘ၊ ဒေါသ၊ မောဟသဘောတို့ လုံးဝမပါ ရှိအောင် (=လောဘဇော မကျအောင်၊ ဒေါသဇော မကျအောင်၊ မောဟဇော မကျအောင်) သင်ချစ်သား ကျင့်ဆောင်ကြိုးကုတ် အားထုတ်ရမည်ဟု ဟောတော်မူလိုရင်းဖြစ်သည်။

ထိုသို့ "မြင်အပ်၊ ကြားအပ်၊ တွေ့ရောက်အပ်၊ သိအပ်သော အာရုံလေးစု၌ လောဘဇော၊ ဒေါသဇော၊ မောဟဇောများ မကျအောင် ကျင့်ရမည်" ဟု ဟောတော်မူသော မြတ်စွာဘုရားရှင်၏ အလိုတော်မှာလည်း "ချစ်သားဗာဟိယ… ထိုအာရုံလေးစု သင်္ခါရတရားအစုတို့၌ မြဲသည်၊ ချမ်းသာသည်၊ တင့်တယ်သည်၊ ခိုင်မာသည်-ဟု အလွဲလွဲရှုလျှင် လောဘဇော၊ ဒေါသဇော၊ မောဟဇောတို့ ကျနိုင်၏၊ မမြဲ၊ ဆင်းရဲ၊ မတင့်တယ်၊ မခိုင်မာ–ဟု ရှုမှုသာလျှင် လောဘဇော၊ ဒေါသဇော၊ မောဟဇောတို့ မကျပဲ ဝိပဿနာ မဟာကုသိုလ်ဇောတို့ ကျနိုင်ဖြစ်နိုင်သည်၊ ထို့ကြောင့် သင်ချစ်သားသည် ထိုအာရုံလေးစု သင်္ခါရတရားအစုတို့၌ နိစ္စ=မြဲသည်၊ သုခ=ချမ်းသာသည်၊ သုဘ=တင့်တယ်သည်၊ အတ္တ=ခိုင်မာသည်–ဟု အလွဲလွဲမရှုပဲ အနိစ္စ=မမြဲ၊ ဒုက္ခ=ဆင်းရဲ၊ အနတ္တ=မခိုင်မာ–ဟူ၍ အမှန်ရှုသော ဝိပဿနာ မဟာကုသိုလ်ဇောများ ဖြစ်ပွါးအောင်သာ အားထုတ်ကျင့်ဆောင်ရမည်" ဟု ဟောတော်မူလိုရင်းဖြစ်သည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ဗာဟိယ-ဒါရုစီရိယအား (၁) ဤ ၁-အမှတ်ပြ ဒေသနာစကားရပ်ဖြင့် "အာရုံလေးစု သင်္ခါရတရားအစုတို့၌ အနိစ္စ၊ ဒုက္ခ၊ အသုဘ၊ အနတ္တ–ဟု ရှုရန် ညွှန်ပြတော်မူသောကြောင့် ဤစကားရပ်ဖြင့် အောက်ဝိသုဒ္ဓိ ၆-ပါး ဝိပဿနာဉာဏ် ဆယ်ပါးကို အကျဉ်းချုပ် ဟောကြားတော်မူသည်" ဟု ဆိုလိုရင်းကို မှတ်ယူရာ၏။

(၂) ၂-အမှတ်ပြ ဒေသနာစကားရပ်၌ "ချစ်သားဗာဟိယ….သင်ချစ်သားသည် မြင်အပ်၊ ကြားအပ်၊ တွေ့ရောက်အပ်၊ သိအပ်သည့် အာရုံလေးစု သင်္ခါရတရားအစု၌ ဝိပဿနာဉာဏ်ဆယ်ထောက် အောင်မြင်စွာ ကျင့်ဆောက်က မဂ်ဉာဏ်သို့ရောက်၍ လောဘ၊ ဒေါသ၊ မောဟကို အမြစ်ပြတ် သမုစ္ဆေဒပဟာန်ဖြင့် ပယ်ပြီးသူ ပယ်နိုင်သူဖြစ်က တပ်မက်သူ၊ ပြစ်မှားသူ၊ တွေဝေသူ စင်စစ် မဖြစ်လတ္တံ့ = မတပ်မက်သူ၊ မပြစ်မှားသူ၊ မတွေဝေသူ စင်စစ် ဖြစ်လိမ့်မည်"ဟု ဟောတော်မူလိုရင်းဖြစ်သောကြောင့် ထို ၂-အမှတ်ပြ ဒေသနာစကားရပ်ဖြင့် မဂ်လေးပါးကို ဟောတော်မူလိုရင်းဖြစ်သည်ဟု သိမှတ်ရာ၏။

(၃) အရိယာသခင် အရှင်သူမြတ်တို့မှာ အရိယဖိုလ်သို့ ရောက်သောအခါ အာရုံလေးစု သင်္ခါရတရားအစုတို့၌ ငါ, ငါ့ဥစ္စာ, ငါ့လိပ်ပြာဟု တဏှာ, မာန, ဒိဋ္ဌိ အစွန်းအငြိ လုံးဝမရှိသောကြောင့် ၃-အမှတ်ပြ ဒေသနာစကားရပ်ဖြင့် အရိယဖိုလ်ကို ဟောတော်မူအပ်၏ဟု သိမှတ်ရာ၏။

(၄) ဤ ၄-အမှတ်ပြ ဒေသနာစကားရပ်ဖြင့် ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန စုတိစိတ်တော်မှ နောက်အခါ၌ မျက်မှောက်ဘဝတည်းဟူသော ဤမနုဿဂတိ, တံမလွန်ဘဝ (ဟုရံ-ဟူ၍) ခေါ်ဆိုအပ်သည့် ကြွင်းသော ဂတိလေးပါးတို့၌ ရုပ်နာမ်ခန္ဓာအသစ် မဖြစ်သောချုပ်ငြိမ်းမှု (ယင်း ချုပ်ငြိမ်းမှုကိုပင် အနုပါဒါပရိနိဗ္ဗာန်ဟူ၍ ခေါ်သည်၊) အနုပါဒါပရိနိဗ္ဗာန်ကို ဟောတော်မူအပ်၏ဟု သိမှတ်ရာ၏)။

ဗာဟိယ-ဒါရုစီရိယသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာစဉ်ပင် သီလလေးပါးတို့ကို သုတ်သင်စင်ကြယ်စေ၍ ရရှိသော စိတ္တသမာဓိကို အမှီပြုကာ ဝိပဿနာတရား ထိုတထိုင်တည်းမှာပင် ပွါးများအားထုတ်သဖြင့် လျင်မြန်သော မဂ်ဖိုလ်ပညာ အသိဉာဏ်ရှိသူ (= ခိပ္ပါဘိညပုဂ္ဂိုလ်) ဖြစ်သောကြောင့် ထိုခဏမှာပင် အာသဝေါတရား လေးပါးတို့ကို ကုန်ခန်းစေ၍ ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏ = ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်လေ၏။

အရှင်ဗာဟိယ - ဒါရုစီရိယ ရဟန္တာသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် ပစ္စေကဗုဒ္ဓဉာဏ် (၁၉) တဆယ့်ကိုးတန် ပိုင်ပြီးလတ်သော် ဓမ္မတာတရား လှုံ့ဆော် တိုက်တွန်းချက်အရ မြတ်စွာဘုရားကို သူ့အား ရှင်, ရဟန်းပြုပေးပါရန် တောင်းပန်လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်သည် "သင့်မှာ သပိတ်သင်္ကန်း ပြည့်စုံပြီလော" ဟု မေးတော်မူ၍ "မပြည့်စုံသေးပါဘုရား"ဟု ဗာဟိယက ပြန်ကြား လျှောက်ထားသောအခါ "ထိုသို့ဖြစ်လျှင် သပိတ်,သင်္ကန်းကို ရှာဦးလော့"ဟု မိန့်တော်မူ၍ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဆက်၍ ကြွသွားတော်မူလေ၏။

(ဗာဟိယကား ကဿပမြတ်စွာ သာသနာ၌ အနှစ် (၂၀၀၀၀) နှစ်သောင်းကြာ ရဟန်းတရား အားထုတ်စဉ် "ရဟန်းမည်သည် မိမိ

ကိုယ်တိုင် ပစ္စည်းလေးပါးတို့ကို ရရှိလျှင် ဒါနအားလျော်စွာ ပြုသဖြင့် ကိုယ်တိုင်ပင် သုံးဆောင်သင့်သည်”ဟု ယူဆကာ အခြားအဖော်ရဟန်း တပါးအားမျှလည်း သပိတ်,သင်္ကန်း ပေးကမ်းချီးမြှောက်မှု မပြုခဲ့ချေ၊ ထို့ကြောင့် ထိုဗာဟိယ၏ ခန္ဓာအစဉ်မှာ ဧဟိဘိက္ခု ခေါ်ယူလောက်သည့် ဥပနိဿယည်း ပစ္စည်းကောင်းမှု မပါရှိချေ၊ ထို့ကြောင့် မြတ်စွာဘုရားရှင်က ဧဟိဘိက္ခု ခေါ်တော်မမူ။ ကေစိဆရာတို့ကမူ “ဗာဟိယသည် ဗုဒ္ဓသညကမ္မာတစ်ခု၌ ခိုးသူဖြစ်ခဲ့၍ လေး,တောင့် (=မြှားကျည်တောက်)တို့ကို ဖွဲ့ဆောင်ကာ တောအရပ်၌ ခိုးမှု တိုက်မှု ပြုနေစဉ် ပစ္စေကဗုဒ္ဓါတဆူကို တွေ့ရ၍ သပိတ်,သင်္ကန်း၌ တပ်မက်သောလောဘဖြင့် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြှားဖြင့် ပစ်သတ်၍ သပိတ်,သင်္ကန်းကို လုယူခဲ့ဘူးလေသည်၊ ထို့ကြောင့် ထိုဗာဟိယမှာ (မြတ်စွာဘုရားက ဧဟိ ဘိက္ခု ဟု ခေါ်တော်မူစေကာမူ) ဣဒ္ဓိမယ သပိတ်, သင်္ကန်း ဖြစ်လာလိမ့်မည် မဟုတ်-ဟု ဤအကြောင်းကို သိတော်မူသောကြောင့် မြတ်စွာဘုရားသည် ဧဟိ ဘိက္ခု ခေါ်တော်မမူ”ဟူ၍ မိန့်ဆိုကြ၏။ (ဥဒါန ဋ္ဌ၊ မျက်နှာ ၇၅-မှ)။ ဤ ကေစိဆရာတို့ ဖော်ပြအပ်သည့် အကုသိုလ်ကံမှာ ဗာဟိယ၏ ချည်အဝတ်ကောင်းကို မဝတ်ရပဲ ပျဉ်ချပ်ကိုသာ ဝတ်ရခြင်းအကျိုးနှင့် အထူးပင် အကြောင်း, အကျိုးဆက်စပ်လှ၏)။

### ဗာဟိယ နွားဝှေ့ခံရ၍ အသက်ကုန်ခြင်း

ဗာဟိယသည် မြတ်စွာဘုရားရှင်နှင့် ခွဲခွါခဲ့ပြီးလျှင် သာဝတ္ထိပြည်အတွင်း၌ သပိတ်,သင်္ကန်းကို လှည့်လည်ရှာကြံလေ၏၊ ထိုသို့ သပိတ်, သင်္ကန်းရှာ လှည့်လည်နေသော ဗာဟိယကို သားသယ်အမိဖြစ်သော နွားမတကောင်သည် အပြေးလိုက်ကာ ဝှေ့၍ အသက်ကုန်ခြင်းသို့ ရောက်စေလေ၏။

(လွန်လေပြီးသောအခါ သူဌေးသားလေးယောက်တို့သည် ပြည့်တန်ဆာမတယောက်ကို ဥယျာဉ်သို့ ခေါ်ဆောင်၍ တနေ့ပတ်လုံး မြူးထူးပျော်ပါးကြပြီး နေဝင်သောအခါ သူဌေးသားတယောက်က ကျန်သူငယ်ချင်း သူဌေးသားသုံးယောက်တို့ကို “သူငယ်ချင်းတို့... ဤပြည့်တန်းဆာမ၏ လက်၌ ငွေတထောင်, ရွှေများစွာတို့နှင့်

အဖိုးတန်တန်းဆာများ ပါရှိလေသည်၊ ဤ ဥယျာဉ်၌ အခြားသူ တဦးတယောက်မျှ မရှိ၊ ညဥ့်အခါလည်း ဖြစ်ခဲ့ပြီ၊ ကိုင်း ..ငါတို့သည် ဤ ပြည့်တန်းဆာမကို သတ်၍ ဥစ္စာအားလုံးကို ယူဆောင်သွားကြစို့” ဟု တိုင်ပင်လေ အကြံပေးလေသည်။ သူငယ်ချင်းလေးဦးသားလုံးပင် စိတ်သဘောတူ ပြည့်တန်းဆာမကို သတ်ရန်အားထုတ်ကြလေ၏။ ပြည့်တန်းဆာမသည် ထိုသူလေးယောက်တို့က ထိုးကြိတ် ရိုက်ပုတ် သတ်ဖြတ်ကြစဉ်ပင် “ဤသူတို့ကား အရှက်မဲ့ကြ ကရုဏာမဲ့ကြကုန်၏၊ ငါနှင့် ကိလေသာ အလိုလိုက် ပျော်ပိုက်ကြပြီး အပြစ်မဲ့သူ ငါ့ကို သတ်သတ်မဲ့ ဥစ္စာလောဘဖြင့် သတ်ကြ၏၊ ဤသူတို့သည် ငါ့ကို တကြိမ်တော့ (ငါအားနှိပ်၍) သတ်ကြစေဦးတော့၊ ငါတမူကား ဘီလူးမ-ဖြစ်ပြီးလျှင် ဤသူလေးယောက်တို့ကို အကြိမ်များစွာ သတ်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏”ဟု ဆုတောင်း၍ သေလေ၏။

ထိုသူလေးယောက်တို့တွင် တယောက်ကား ပုက္ကုသာတိအမျိုးကောင်းသား ဖြစ်လာလေသည်၊ တယောက်ကား (ယခု) ဗာဟိယ-ဒါရုစီရိယ, အခြားတယောက်ကား တမ္ဗဒါဌိကခိုးသတ်သမား,အခြားတယောက်ကား သုပ္ပဗုဒ္ဓ အနာကြီးရောဂါရှိသူ ဖြစ်ကြလေသည်၊ ဤသို့လျှင် ဤသူလေးယောက်တို့ကို အရာမက များစွာသော ကိုယ်အဖြစ်၌ပင် ပြည့်တန်းဆာမသည် ဘီလူးမျိုး၌ဖြစ်သော နွားမဖြစ်၍ (=နွားမယောင်ဆောင်၍) ဇွေ့သတ်ခဲ့လေသည်။ ထိုသူလေးယောက်လုံးပင် ထိုအကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ထိုထိုဘဝ၌ အသက်တမ်းမကုန်မီ အကြား၌ သေခြင်းသို့ ရောက်ခဲ့ကြရလေပြီ။ ဤသို့လျှင် ဖော်ပြရာပါ အကုသိုလ်ကံကြောင့် ဗာဟိယ၏ အသေတလျောင် သေခြင်း ဖြစ်လေသည်ဟု မှတ်ရာ၏။ ။ဥဒါန ဋ္ဌ၊ မျက်နှာ ၂၆၂-မှ)။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်အတွင်း ဆွမ်းခံကြွပြီးသော် ဆွမ်းကိစ္စပြုပြီးနောက် ရဟန်းအပေါင်းခြံရံလျက် မြို့မှ ထွက်တော်မူလေလျှင် ဗာဟိယ၏ ဥတုဇရုပ်ကိုယ် အမှိုက်ပုံ၌ ကျရောက်နေသည်ကို မြင်တော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့.... သွားကြကုန်၊ အိမ်တံခါးတခု၌ ရပ်တည်ကြကာ ညောင်စောင်းငယ်တခုကို ယူဆောင်စေကြ၍ ဤဗာဟိယ၏ ဥတုဇရုပ်ကိုယ်ကို မြို့မှ ထုတ်ဆောင်ပြီး ဖုတ်ကြည်းသင်္ဂြိုဟ်ကြ၍ အရိုးဓာတ်ကို စေတီတည်ကြကုန်လော့" ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားရှင် မိန့်တော်မူတိုင်း ပြုလုပ်ကြလေကုန်၏။

ထိုသို့ ပြုလုပ်ကြပြီးနောက် ရဟန်းတို့သည် ကျောင်းတိုက်တော်သို့ ပြန်ရောက်ကြ၍မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်ကြပြီးလျှင် မိမိတို့ ရွက်ဆောင်ခဲ့သောကိစ္စကို လျှောက်ထားကြပြီးနောက် "မြတ်စွာဘုရား....ဗာဟိယ၏ လားရောက်ရာဂတိကား အဘယ်ပါနည်း၊ ရှေးရှုရောက်ရာ တမလွန်ဘဝကား အဘယ်ပါနည်း၊ (တနည်း) မြတ်စွာဘုရား....ဗာဟိယ၏ အဖြစ်သနစ်ကား အဘယ်ပါနည်း = အရိယာလေလော, ပုထုဇန်လေလော၊ ရှေးရှုရောက်ရာကား အဘယ်ပါနည်း=ဘဝသံသရာ၌ တဖန်ဖြစ်ခြင်းပင်လော, ဘဝ၏ချုပ်ငြိမ်းခြင်း ချုပ်ငြိမ်းရာပင်လော" ဟု မေးလျှောက်ကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့....ဗာဟိယသည် ပညာရှိ၏၊ လောကုတ္တရာတရားအား လျော်သောအကျင့်ကို ကျင့်၏၊ တရားဟူသော အကြောင်းကြောင့် ငါဘုရားကို မညှဉ်းဆဲ၊ ရဟန်းတို့....ဗာဟိယသည် ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းလေပြီ" ဟု မိန့်တော်မူလေ၏။

(ကျမ်း။ ။အရှင်ဗာဟိယ—ဒါရုစီရိယ၏ အရိုးဓာတ်ကို စေတီတော် အတည်ခိုင်းခြင်းဖြင့်ပင် ထိုအရှင်၏ ပရိနိဗ္ဗာန်စံကြောင်းလား အနက်ယွားအားဖြင့် ထင်ရှား၏၊ ထိုသို့ထင်ရှားသော်လည်း ထိုမျှဖြင့် မရိပ်မိ မသိရှိသော ရဟန်းတို့က ထိုသို့မေးလျှောက်ခြင်း ဖြစ်သည်၊ တနည်း အထူးသဖြင့် ထင်ရှားအောင် လျှောက်ထား မေးမြန်းကြခြင်း ဖြစ်သည်ဟု အထူးမှတ်ရာ၏)။

## ဓမ္မပဒဂါထာ ဟောကြားခြင်း

ထိုသို့ မြတ်စွာဘုရားရှင်က အရှင်ဗာဟိယ-ဒါရုစီရိယ ပရိနိဗ္ဗာန် စံလွန်ပြီဖြစ်ကြောင်းကို မိန့်ဆိုတော်မူသောအခါ ရဟန်းတို့သည် "မြတ်စွာဘုရား....အရှင်ဘုရားတို့သည် 'ဗာဟိယ-ဒါရုစီရိယသည် အရဟတ္တဖိုလ်သို့ ရောက်ပြီ'ဟု မိန့်တော်မူကြ၏၊ အဘယ်အခါက ထိုဗာဟိယ-ဒါရုစီရိယသည် အရဟတ္တဖိုလ်သို့ ရောက်ပါသနည်း"ဟု မေးမြန်းလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားရှင်က "ငါဘုရား၏ တရားကို ကြားပြီးစကပင် အရဟတ္တဖိုလ်သို့ ရောက်လေသည်"ဟု မိန့်တော်မူလျှင် ရဟန်းတို့သည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား.... အရှင်ဘုရားတို့သည် အဘယ်အခါ၌ ထိုဗာဟိယ-ဒါရုစီရိယအား တရားဟောတော်မူအပ်ပါသနည်း"ဟု မေးလျှောက်ကြပြန်ကုန်၏။ မြတ်စွာဘုရားရှင်က "ယနေ့ပင် ဆွမ်းခံလှည့်လည်သော ငါဘုရားသည် လမ်းခရီးအကြား၌ ရပ်တည်၍ တရားဟောအပ်ခဲ့ပြီ" ဟု မိန့်တော်မူလေလျှင် ရဟန်းတို့သည် "မြတ်စွာဘုရား.... အရှင်ဘုရားတို့ လမ်းခရီးအကြား၌ ရပ်တည်၍ ဟောတော်မူအပ်သော တရားကား အနည်းအပါးမျှသာ ဖြစ်ပါသည်၊ အဘယ်သို့လျှင် ထိုဗာဟိယ-ဒါရုစီရိယသည် ထိုမျှ(အနည်းငယ်) သော တရားဖြင့် မဂ်ဖိုလ်တရားထူးကို ဖြစ်စေနိုင်ပါသနည်း"ဟု လျှောက်ထားကြပြန်လေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို "ရဟန်းတို့.... ငါဘုရား၏ တရားကို သင်ချစ်သားတို့သည် အဘယ့်ကြောင့် နည်းသော, များသော ဟူ၍ နှိုင်းရှည်စကား ပြောကြားကြဘိသနည်း၊ ထောင်ပေါင်းများစွာ ဂါထာတို့ပင် ဖြစ်လင့်ကစား အကျိုးနှင့်မစပ်ယှဉ်မူ မချီးမွမ်းအပ် မမြတ်ပချေ၊ အကျိုး၌မှီသော စကားဖြစ်မူကား ဂါထာတပိုဒ်ပင်သော်လည်း ချီးမွမ်းအပ် မြတ်လှပေ၏"ဟု မိန့်တော်မူ၍ ဓမ္မပဒကျမ်း၌ ဤဆိုလတ္တံ့သော ဂါထာကို ဟောကြားတော်မူလေ၏။

သဟာယံမပိ စေ ဂါထာ၊ အနတ္ထပဒသဉှိတာ။
ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

ဘိက္ခဝေ = ရဟန်းတော်များ ဒို ချစ်သားတို့....။ သဟာဿမပိ စေ ဂါထာ=အထောင်သင်္ချာ ဂါထာတို့ပင် ဖြစ်လင့်ကစား။ အနတ္ထပဒသဉှိတာ=အကျိုးမဟုတ် မိုးဖွဲ့ တောင်ဖွဲ့စသော ပုဒ်ဝါကျနှင့် စပ်ယှဉ်ဘိမူ။ န သေယျော= အဘယ်နည်းဖြင့်မျှ မချီးမွမ်းအပ် မမြတ်ပချေ။ ယံ= အကြင် "အပ္ပမာဒေါ အမတံ ပဒံ" အစရှိသော ဂါထာ ပိုဒ်ကို။ သုတွာ = သဒ္ဓါနားဖြင့် နာကြားရသည်ရှိသော်။ ဥပသမ္မတိ = ကိလေသာဟူ အပူခပ်သိမ်း အပြီးတိုင်ငြိမ်း အေး၏။ တံ ဧကံ ဂါထာပဒံ = ထို ကိလေသာငြိမ်း ကြောင်း တရားဂါထာ ပိုဒ်ကောင်းတခုက သာလျှင်။ သေယျော = အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏။

ဤတရားဒေသနာ ဂါထာနိဂုံး ဆုံးလတ်သောအခါ များစွာ သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ဆိုက်ရောက် ကြလေကုန်၏။

## (ဂ) တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် အရိယာသံဃာ အလယ်၌ စံပယ်မွေ့လျော် ထိုင်နေတော်မူလျက် အရှင်ဗာဟိယ- ဒါရုစိရိယ(ပရိနိဗ္ဗာန်စံလေပြီးသော) ရဟန္တာသူမြတ်ကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ခိပ္ပါ- ဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစိရိယော=ရဟန်းတို့.... လျင်မြန်စွာရအပ်သည့် မဂ်ဖိုလ်အသိဉာဏ်ရှိကြသော ငါ ဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ပျဉ်ချပ်ကိုဝတ် သော ဗာဟိယသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမြွက်ဆိုတော်မူကာ "ဓိပ္ပါတိည=မင်္ဂဖိုလ်အသိဉာဏ်ကို လျှင်မြန်စွာရသော အရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

ဤကား အရှင်မာဟိယ-ဒါရုစီရိယမထေရ် အကြောင်းတည်း။

---

## (၂၈) အရှင်ကုမာရကဿပ မထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤမထေရ်အလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ ဟံသာဝတီ မင်းနေပြည် ဝယ် အမျိုးကောင်းအိမ်၌ ဖြစ်ခဲ့လတ်၍ ရှေးမထေရ်အလောင်း များနည်းတူ မြတ်စွာဘုရားရှင်၏ တရားဒေသနာကို နာယူစဉ် ပဒုမုတ္တရ မြတ်စွာဘုရားက ရဟန်းတော်တပါးကို "ဆန်းကြယ် သော တရားစကားဟောကြားကြသောရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး" ၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရ ကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး = ဌာနန္တရ ကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ ရှေးနည်းအတူ ဗျာဒိတ်စကား မိန့် ကြားတော်မူခဲ့လေသည်။

### တောင်ထိပ်တက်၍ ရဟန်းတရားအားထုတ်ခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စား လျက် ကဿပမြတ်စွာ သာသနာဆုတ်ယုတ်သော အခါဝယ် အောက် အရှင်ဒဗ္ဗမထေရ်၏ ဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း အဖော်ရဟန်းတို့နှင့် အတူတကွ (အောက် အရှင်ဒဗ္ဗဝတ္ထု စာမျက်နှာ ၃၇၈-၌ ကြည့်ပါ။) တောင်ထိပ်သို့ တက်ရောက်ကာ ရဟန်းတရား အားထုတ်၍ စင်ကြယ်သော, ပြည့်စုံသော သီလ ရှိသူ ဖြစ်ရကား အသက်အဆုံး၌ နတ်ပြည်ဝယ် ဖြစ်လေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသား နတ်သားသည် ဗုဒ္ဓန္တရအသင်္ချေယျ တကပ်ပတ်လုံး အပါယ်သို့ မလားမရောက်ပဲ လူနတ်စည်းစိမ်ကို ခံစားလျက် အကျွန်ုပ်တို့၏ မြတ်စွာဘုရား ပွင့်ထွန်းတော်မူရာ ကာလဝယ် ရာဇဂြိုဟ်ပြည် တယောက်သော သူဌေးသမီး၏ ဝမ်း၌ ဖြစ်ပွါးလာလေသည်။ အထူးအားဖြင့် ထိုသူဌေးသမီးသည် အိမ်ထောင်မကျမီ ရှေးဦးစွာကပင် အမိအဖတို့ကို ရှင်ရဟန်းပြုရန် ခွင့်ပန်ပါသော်လည်း မရခဲ့ပဲ အရွယ်သို့ရောက်သောအခါ အရှင်သခင် လင်ယောကျ်ားအိမ်သို့ လိုက်ပါခဲ့ရ၍ ကိုယ်ဝန်ကို ယူရလေသည်။ ထိုသူဌေးသမီးကလေးသည် မိမိ၌ ကိုယ်ဝန် တည်သည်ကိုလည်း မသိရှာပဲ အရှင်သခင် လင်ယောကျ်ား သူဌေးသားကို ကျေနပ်အောင် တောင်းပန်ပြီးမှ ဒေဝဒတ်၏ အပင်းအသင်းဝင် ဘိက္ခုနီမတို့အထံ၌ ရှင်ရဟန်းပြုခဲ့လေသည်။

ထိုဘိက္ခုနီမကလေး၏ ကိုယ်ဝန်နိမိတ်ထင်ရှားလာသောအခါ ဘိက္ခုနီမတို့သည် ရှင်ဒေဝဒတ်ကို မေးမြန်းကြလေသည်။ ရှင်ဒေဝဒတ်သည် "ရဟန်းမ-မဟုတ်တော့ပြီ" ဟု ပြောဆိုကာ မိမိဂိုဏ်းမှ နှင်ထုတ်လိုက်လေသည်။ ထို ဘိက္ခုနီမကလေးသည် မြတ်စွာဘုရား၏ တပည့်မ ဘိက္ခုနီများထံ သွားရောက်ခိုလှုံ၍ ထို ဘိက္ခုနီမများက ထိုအကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်ထားကြသဖြင့် မြတ်စွာဘုရားရှင်သည် အရှင်ဥပါလိ မထေရ်ကို ထိုအမှုဆုံးဖြတ်ရန် အပ်နှင်းတာဝန် ပေးတော်မူလေသည်။

အရှင်ဥပါလိမထေရ်သည် သာဝတ္ထိပြည်သူ အမျိုးကောင်း သမီးကြီးများနှင့်တကွ ဝိသာခါကျောင်းအမကြီးကိုပါ ခေါ်စေ၍ ထိုကိုယ်ဝန်သား လူဖြစ်စဉ်က တည်ခဲ့သည်, ဘိက္ခုနီမ-ဖြစ်မှ တည်ခဲ့သည်-ဟူသောအရေးကို အမျိုးကောင်းသမီးကြီးများသို့ အပ်နှင်း၍ စစ်ဆေး သုတ်သင်စေလတ်သည်တွင် "လူဖြစ်စဉ်က တည်ခဲ့ကြောင်း" ကောင်းစွာ အထောက်အထား ရရှိထွက်ဆို ချက်အရ"ကိုယ်ဝန်သားတား ရှေးလူဖြစ်စဉ်က ရအပ်ခဲ့လေသည်၊

ထိုကြောင့် ဤ ဘိက္ခုနီမကလေး၏ ရှင်,ရဟန်းအဖြစ်သည် အပြစ် မရှိ”ဟု ပြတ်သားစွာ ဆုံးဖြတ်တော်မူလေ၏။ မြတ်စွာဘုရားသည် “အဓိကရုဏ်းကို ကောင်းစွာ ဆုံးဖြတ်အပ်ပြီ”ဟု အရှင်ဥပါလိ မထေရ်အား သာခုကောင်းကြီး ပေးတော်မူလေ၏။

ထို ဘိက္ခုနီမကလေးသည် အချိန်ရောက်သောအခါ ရွှေစင် ရုပ်တုနှင့်တူသောသားကို ဖွားမြင်လေသည်။ ပသေနဒီကောသလ မင်းကြီးသည် ထိုသူငယ်ကို နန်းတော်သို့ ယူဆောင်၍ မင်းသား နှင့်မခြား ချမ်းသာစွာ မွေးမြူ ကြီးပြင်းစေလေသည်။ သူငယ်၏ အမည်ကို “ကဿပ”ဟု မှည့်ခေါ်၍ နောက်တချိန် (= ကဿပ- သူငယ် ခုနစ်နှစ်အရွယ်လောက်ရှိသောအခါ)၌ လှပစွာတန်းဆာ ဆင်ယင်၍ မြတ်စွာဘုရားရှင်ထံတော်သို့ ပို့ဆောင်ကာ ရှင်ပြု စေလေ၏။ ။(ဤအကြောင်းအရာအကျယ်ကို ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု ဧကက နိပါတ် နိဂြောဓမိဂဇာတ်မှ ထုတ်နုတ်မှတ်ယူ ကုန်ရာ၏)။

### ကုမာရကဿပဟု အမည်တွင်ခြင်း

အသက်အရွယ်နုနယ် ကလေးသူငယ်ကို ရှင်ပြုပေးအပ်သော ကြောင့်(ကိုရင်ငယ်ကလေးဖြစ်သောကြောင့်)မြတ်စွာဘုရားရှင်က “ကဿပကို ခေါ်လိုက်ကြစမ်း၊ ဤသစ်သီးကို,ဤခဲဖွယ်ကို ကဿပ အား ပေးလိုက်ကြစမ်း” ဟု မိန့်တော်မူလျှင် ရဟန်းတော် အရှင်မြတ်တို့က “အဘယ် ကဿပအား ပေးကြရပါမည်နည်း ဘုရား”ဟု လျှောက်ထား မေးမြန်းကြ၍ မြတ်စွာဘုရားရှင်က “ကုမာရ-ကဿပအား ပေးလိုက်ကြ”ဟု ဤကဲ့သို့ အမည်မှည့် ခေါ် မိန့်ဆိုတော်မူအပ်သောကြောင့် ထိုအချိန်မှစ၍ အသက် အရွယ်ကြီးသောအခါ၌လည်း “အရှင်ကုမာရကဿပ” ဟူ၍သာ ခေါ်ဆိုအပ်လေသည်။ (တနည်း) မင်းသားကို ပါဠိဘာသာ အားဖြင့်“ကုမာရ”ဟု ခေါ်ဆိုသုံးစွဲသည်၊ ဤအရှင်မြတ်မှာလည်း ကောသလမင်းကြီး မွေးမြူအပ်သည့် မင်းသားပင် ဖြစ်သော ကြောင့် “ကုမာရ+ကဿပ = မင်းသား+ကဿပ”ဟု ဤအရှင် မြတ်ကို အသိအမှတ် ပြုအပ်လေသည်။

## ဝိပဿနာဒေသနာ ဖြစ်ပေါ်လာခြင်း အကြောင်း

အရှင်ကုမာရကဿပသည် ရှင်ဖြစ်ပြီးသော အချိန်မှပင် စ၍ ဝိပဿနာကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းအားထုတ်တော်မူ၏၊ မြတ်စွာဘုရား၏ စကားတော်ဖြစ်သော ပိဋကတ်ကိုလည်း သင်ကြားတော်မူ၏ = ပရိယတ်, ပဋိပတ် နှစ်ရပ်စွယ်စုံ အားထုတ်တော်မူလေသည်။ တနေ့သ၌ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် အရှင်ကုမာရကဿပသည် ဇေတဝန်ကျောင်းတိုက်၏အနီး အန္ဓဝန်တောအုပ်၌ နေတော်မူကာ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်တော်မူလေသည်။ ထိုအခါ ကဿပမြတ်စွာ သာသနာတော် နောက်ပိုင်း၌ အတူတကွ တောင်ထိပ်သို့တက်၍ တရားအားထုတ်သဖြင့် အနာဂါမိဖိုလ်သို့ရောက်ကာ သုဒ္ဓါဝါသဘုံ၌ ဖြစ်နေသော မဟာ မြဟ္မာကြီးသည် ထိုအချိန်၌ ဆင်ခြင်သည်ရှိသော် အရှင်ကုမာရ-ကဿပကို မြင်၍ "ဩ....ငါ့သူငယ်ချင်းကား ဝိပဿနာအလုပ် အတွက် ပင်ပန်းလျက်ရှိချေ၏၊ ငါသွားပြီးလျှင် ဝိပဿနာနည်း အမြွက်ကိုဖော်ပြ၍ မဂ်,ဖိုလ်သို့ရောက်ကြောင်း ဥပါယ်ကောင်းကို ပြုပေအံ့"ဟု ကြံစည်ကာ ဗြဟ္မာ့ပြည်၌ တည်နေရင်းပင် ပြဿနာ (၁၅)တဆယ့်ငါးချက်တို့ကို စီရင်ခဲ့၍ သန်းခေါင်ယံ အချိန်ဝယ် အန္ဓဝန်တောအုပ် အရှင်ကုမာရကဿပနေရာ၌ အရောင်အဝါ တောက်ပစွာဖြင့် ကိုယ်ထင်ရှား ပေါ်ပေါက်လာခဲ့လေသည်။

မထေရ်သည် အရောင်အဝါကို မြင်၍ "ဤအရပ်၌ ထင်ရှား ပေါ်လာသူကား အဘယ်သူနည်း"ဟု မေးလေသည်။ ဗြဟ္မာကြီးက "အကျွန်ုပ်ကား ရှေး(ကဿပမြတ်စွာ သာသနာခေတ်အခါ) တုန်းက အရှင်ဘုရားနှင့်အတူတကွ ရဟန်းတရားကိုအားထုတ်၍ အနာဂါမိဖိုလ်သို့ ရောက်ကာ သုဒ္ဓါဝါသဘုံ၌ ဖြစ်သော ဗြဟ္မာ ဖြစ်ပါသည်"ဟု လျှောက်ထားလေလျှင် အရှင်ကုမာရကဿပ မထေရ်သည် "သင်သည် အဘယ်အလုပ်ကိစ္စကြောင့် ယခု လာ ရောက်သနည်း"ဟု တိုက်ရိုက်မေးလေ၏။ ထိုအခါ ဗြဟ္မာကြီး သည် မိမိလာရောက်ရခြင်း အကြောင်းကို ထင်ရှားဖော်ပြရန်—

ရဟန်း .... ရဟန်း .... ၁-ဤတောင်ပို့သည် ၂-ညဉ့်၌ အခိုးလွှတ်၏၊ ၃-နေ့၌ မီးဟုန်းဟုန်းတောက်၏။

၄-ဆရာပုဏ္ဏားက ၅-'ပညာရှိတပည့်....၆-ဓားလက်နက်ကိုယူ၍ ၇-အဖန်ဖန်တူးလော့'ဟု ပြောဆို၏။ ပညာရှိတပည့်သည် ဓားလက်နက်ကို ယူ၍ တူးလတ်သော် ၈-တံခါးကျည် = မင်းတုပ်ကို တွေ့မြင်သဖြင့် 'အရှင်.... တံခါးကျည် = မင်းတုပ်ပါတည်း'ဟု ပြောဆို၏။

ဆရာပုဏ္ဏားက 'ပညာရှိတပည့်........တံခါးကျည် = မင်းတုပ်ကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဖန်ဖန်တူးလော့'ဟု ပြောဆို၏။ ပညာရှိတပည့်သည် ဓားလက်နက်ကိုယူ၍ အဖန်ဖန်တူးလတ်သော် ၉-ဥဒ္ဓုမာယိကဖားကို တွေ့မြင်သဖြင့် 'အရှင်....ဥဒ္ဓုမာယိကဖားပါတည်း' ဟု ပြောဆို၏။

ဆရာပုဏ္ဏားက 'ပညာရှိတပည့်....ဥဒ္ဓုမာယိကဖားကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဖန်ဖန်တူးလော့'ဟု ပြောဆို၏။ ပညာရှိ တပည့်သည် ဓားလက်နက်ကိုယူ၍ အဖန်ဖန်တူးလတ်သော် ၁၀-လမ်းနှစ်ခွကို တွေ့မြင်သဖြင့် 'အရှင်....လမ်းနှစ်ခွပါတည်း'ဟု ပြောဆို၏။

ဆရာပုဏ္ဏားက 'ပညာရှိတပည့်....လမ်းနှစ်ခွကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဖန်ဖန်တူးလော့'ဟု ပြောဆို၏။ ပညာရှိတပည့်သည် ဓားလက်နက်ကို ယူ၍ အဖန်ဖန်တူးလတ်သော် ၁၁-ဆပ်ပြာရေစစ်ကို တွေ့မြင်သဖြင့် 'အရှင်....ဆပ်ပြာရေစစ်ပါတည်း'ဟု ပြောဆို၏။

ဆရာပုဏ္ဏားက 'ပညာရှိတပည့်........ဆပ်ပြာရေစစ်ကို ဖယ်ပစ်လော့၊ ဓားလက်နက်ကို ယူ၍ အဖန်ဖန်တူးလော့' ဟု ပြောဆို၏။ ပညာရှိတပည့်သည် ဓားလက်နက်ကို ယူ၍ အဖန်ဖန်တူးလတ်သော် ၁၂-လိပ်ကို တွေ့မြင်သဖြင့် 'အရှင်....လိပ်ပါတည်း' ဟု ပြောဆို၏။

ဆရာပုဏ္ဏားက 'ပညာရှိတပည့်....လိပ်ကို ဖယ်ပစ်လော့၊ ခေါးလက်နက်ကို ယူ၍ အဖန်ဖန်တူးလော့' ဟု ပြောဆို၏။ ပညာရှိတပည့်သည် ခေါးလက်နက်ကို ယူ၍ အဖန်ဖန်တူးလတ်သော် ၁၃-သန်လျက်နှင့် စဉ်းတီတုံးကို တွေ့မြင်သဖြင့် 'အရှင်....သန်လျက်နှင့် စဉ်းတီတုံးပါတည်း' ဟု ပြောဆို၏။

ဆရာပုဏ္ဏားက'ပညာရှိတပည့်....သန်လျက်နှင့် စဉ်းတီတုံးကို ဖယ်ပစ်လော့၊ ခေါးလက်နက်ကို ယူ၍ အဖန်ဖန်တူးလော့'ဟု ပြောဆို၏။ ပညာရှိတပည့်သည် ခေါးလက်နက်ကို ယူ၍ အဖန်ဖန်တူးလတ်သော် ၁၄-သားတစ်ကို တွေ့မြင်သဖြင့် 'အရှင်........သားတစ်ပါတည်း' ဟု ပြောဆို၏။

ဆရာပုဏ္ဏားက 'ပညာရှိတပည့်....သားတစ်ကို ဖယ်ပစ်လော့၊ ခေါးလက်နက်ကို ယူ၍ အဖန်ဖန် တူးလော့'ဟု ပြောဆို၏။ ပညာရှိတပည့်သည် ခေါးလက်နက်ကို ယူ၍ အဖန်ဖန် တူးလတ်သော် ၁၅-နဂါးကို တွေ့မြင်သဖြင့် 'အရှင်....နဂါးပါတည်း'ဟု ပြောဆို၏။ ဆရာပုဏ္ဏားက 'နဂါးသည် တည်ရှိပါစေ၊ နဂါးကို မထိပါးလင့်၊ နဂါးအား ရှိခိုးခြင်းကို ပြုလော့'ဟု ပြောဆို၏။

ရဟန်း....သင်သည် ဤပြဿနာတို့ကို မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မေးလော့၊ သင့်အား မြတ်စွာဘုရားဖြေကြားတော်မူသည့်အတိုင်း အနက်ကို မှတ်လော့။ ရဟန်း........မြတ်စွာဘုရားကိုဧင်း, မြတ်စွာဘုရား၏ တပည့်သာဝကကိုဧင်း, ဤငါ့ထံမှ နာကြားဘူးသူကိုဧင်း ချန်လှပ်ဖယ်ရှား အလွတ်ထား၍ နတ်, မာရ်, ဗြဟ္မာနှင့်တကွသော ဩကာသလောက, ရဟန်း ပုဏ္ဏား မင်းကြွင်းသော လူနှင့်တကွသော သတ္တလောက၌ စိတ်ကျေနပ်လောက်အောင် ဤပြဿနာကို ဖြေဆိုနိုင်မည့် သူကို ငါ မတွေ့မြင်"—

ဟု လျှောက်ထားပြီးနောက် မြဟ္မာကြီးသည် ထိုအရပ်၌ပင် ကွယ်လေ၏။

အရှင်ကုမာရကဿပမထေရ်သည် နောက်တနေ့ မိုးသောက် ရောက်သောအခါ မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ သွား ရောက်ရှိခိုး၍ မဟာဗြဟ္မာကြီး ယမန်ညက လာရောက်လျှောက် ထားပုံ အကြောင်းအရာများကို အပြည့်အစုံ လျှောက်ထားပြီး လျှင်—

"၁။ မြတ်စွာဘုရား....တောင်ပို့ဟူသည် အဘယ်ပါနည်း၊

၂။ ညဉ့်၌ အခိုးလွှတ်ခြင်းဟူသည် အဘယ်ပါနည်း၊

၃။ နေ့၌ မီးဟုန်းဟုန်းတောက်ခြင်းဟူသည် အဘယ်ပါ နည်း၊

၄။ ဆရာပုဏ္ဏားဟူသည် အဘယ်ပါနည်း၊

၅။ ပညာရှိတပည့်ဟူသည် အဘယ်ပါနည်း၊

၆။ ဓားလက်နက်ဟူသည် အဘယ်ပါနည်း၊

၇။ အဖန်ဖန်တူးခြင်းဟူသည် အဘယ်ပါနည်း၊

၈။ တံခါးကျည် = မင်းတုပ်ဟူသည် အဘယ်ပါနည်း၊

၉။ ဥဒ္ဓုမာယိကဖားဟူသည် အဘယ်ပါနည်း၊

၁၀။ လမ်းနှစ်ခွဟူသည် အဘယ်ပါနည်း၊

၁၁။ ဆပ်ပြာရေစစ်ဟူသည် အဘယ်ပါနည်း၊

၁၂။ လိပ်ဟူသည် အဘယ်ပါနည်း၊

၁၃။ သန်လျက်နှင့် စဉ်းတီတုံးဟူသည် အဘယ်ပါနည်း၊

၁၄။ သားတစ်ဟူသည် အဘယ်ပါနည်း။

၁၅။ နဂါးဟူသည် အဘယ်ပါနည်း"—

ဟု ဤပြဿနာ တဆယ့်ငါးချက်တို့ကို မေးလျှောက်လေ၏။ မြတ်စွာဘုရားရှင်သည် အရှင်ကုမာရကဿပမထေရ်အား—

"၁။ ရဟန်း....တောင်ပို့ဟူသော ဤအမည်သည် ဤခန္ဓာကိုယ်၏ အမည် ဖြစ်သည်။

၂။ ရဟန်း....နေ့ကပြုထားသော အမှုကို အာရုံပြု၍ ညဉ့်၌ ကြံစည်, စဉ်းစား၏၊ ဤသို့ ကြံစည်, စဉ်းစားခြင်းသည် ညဉ့်၌ အခိုးလွှတ်ခြင်းတည်း။

၃။ ရဟန်း........ညဉ့်က ကြံစည်, စဉ်းစားသည့်အတိုင်း နေ့၌ ကာယကံမှု ဝစီကံမှု မနောကံမှုတို့ကို ပြုလုပ်ပြောဆို ကြံစည်ခြင်းသည် နေ့၌ မီးဟုန်းဟုန်းတောက်ခြင်းတည်း။

၄။ ရဟန်း....ဆရာပုဏ္ဏားဟူသော အမည်သည် မြတ်စွာဘုရား၏ အမည် ဖြစ်သည်။

၅။ ရဟန်း .... ပညာရှိတပည့်ဟူသော အမည်သည် သိက္ခာသုံးပါးကို ကျင့်ဆဲ ယောဂါဝစရ သေက္ခရဟန်း၏ အမည်ဖြစ်သည်။

၆။ ရဟန်း....ဓားလက်နက် ဟူသော အမည်သည် လောကီ, လောကုတ္တရာပညာ၏ အမည်ဖြစ်သည်။

၇။ ရဟန်း....အဖန်ဖန်တူးခြင်း ဟူသော အမည်သည် လုံ့လကြိုးကုတ် အားထုတ်ခြင်း၏ အမည်ဖြစ်သည်။

၈။ ရဟန်း....တံခါးကျည်=မင်းတုပ်ဟူသော အမည်သည် မသိမှု=အဝိဇ္ဇာမောဟ၏ အမည်ဖြစ်သည်၊ 'တံခါးကျည် = မင်းတုပ်ကို ဖယ်ပစ်လော့' ဟူသည် မသိမှု= အဝိဇ္ဇာမောဟကို ပယ်စွန့်လော့၊ ပညာရှိတပည့်....ပညာဓားကို ယူ၍ အဖန်ဖန်တူးလော့ = အဖန်ဖန် အားထုတ်လော့-ဟူသော ဤဝါကျသည် ဤပြဿနာ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ် ဖြစ်သည်။

၉။ ရဟန်း....ဥဒ္ဓုမာယိကဖားဟူသော အမည်သည် အားကြီးသော အမျက်ထွက်ခြင်း၏ အမည်ဖြစ်သည်၊ 'ဥဒ္ဓုမာယိကဖားကို ဖယ်ပစ်လော့' ဟူသည် အားကြီး

သော အမျက်ထွက်ခြင်းကို ပယ်စွန့်လော့၊ပညာရှိတပည့်.... ပညာဓားကို ယူ၍ အဖန်ဖန်တူးလော့ = အဖန်ဖန်အားထုတ်လော့-ဟူသော ဤဝါကျသည် ဤပြဿနာ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ဖြစ်သည်။

၁၀ ။ရဟန်း....လမ်းနှစ်ခွဟူသောအမည်သည် တွေးတော ယုံမှားခြင်း = ဝိစိကိစ္ဆာ၏ အမည်ဖြစ်သည်၊ 'လမ်းနှစ်ခွကို ဖယ်ပစ်လော့' ဟူသည် တွေးတောယုံမှားခြင်း = ဝိစိကိစ္ဆာကို ပယ်စွန့်လော့၊ ပညာရှိတပည့်....ပညာဓားကို ယူ၍ အဖန်ဖန်တူးလော့ = အဖန်ဖန်အားထုတ်လော့ - ဟူသော ဤဝါကျသည် ဤပြဿနာ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ဖြစ်သည်။

၁၁။ ရဟန်း ဆပ်ပြာရေစစ် ဟူသော အမည်သည် ဈာန်, မဂ်, ဖိုလ်တရားတို့ကို တားမြစ်ပိတ်ဆို့တတ်သည့် (၁) ကာမတရားတို့၌ လိုချင်ခြင်းဟူသော=ကာမစ္ဆန္ဒနီဝရဏ၊ (၂) သူတပါးတို့ကို ပျက်စီးစေကြောင်း ဒေါသ ဟူသော=ဗျာပါဒနီဝရဏ၊(၃)ကောင်းမှုလုပ်ငန်းတို့၌ ထိုင်းမှိုင်းလေးတွဲမှုဟူသော=ထိန, မိဒ္ဓနီဝရဏ၊ (၄) ပျံ့လွင့်မှု, နှောင်တရမှုဟူသော = ဥဒ္ဓစ္စ,ကုက္ကုစ္စနီဝရဏ၊ (၅) တွေးတောယုံမှားမှု ဟူသော = ဝိစိကိစ္ဆာနီဝရဏ၊ ဤနီဝရဏတရား ငါးပါးတို့၏ အမည်ဖြစ်သည်၊ 'ဆပ်ပြာရေစစ်ကို ဖယ်ပစ်လော့' ဟူသည် ဈာန်, မဂ်, ဖိုလ်၏ အပိတ်အပင် အဆီးအတား = နီဝရဏတရား ငါးပါးတို့ကို ပယ်စွန့်လော့ = ပညာရှိတပည့်....ပညာဓားကို ယူ၍ အဖန်ဖန်တူးလော့ = အဖန်ဖန်အားထုတ်လော့–ဟူသော ဤဝါကျသည် ဤပြဿနာ၏ ဆိုလိုရင်း အနက် အဓိပ္ပါယ်ဖြစ်သည်။

၁၂ ။ ရဟန်း....လိပ်ဟူသောအမည်သည် ဥပါဒါန်တို့၏ အာရုံဖြစ်သည့် (၁) ဖောက်ပြန်ဖွဲပြား ဖြစ်ပွါးတတ်သည့် ရူပက္ခန္ဓာ၊ (၂) ခံစားတတ်သည့် ဝေဒနာက္ခန္ဓာ၊

(၃) မှတ်သားတတ်သည့် သညာကၡန္ဓာ၊ (၄) ပြုပြင်တတ်သည့် သင်္ခါရက္ခန္ဓာ၊ (၅) အထူးသိတတ်သည့် ဝိညာဏက္ခန္ဓာ=ဤဥပါဒါနက္ခန္ဓာငါးပါးတို့၏ အမည်ဖြစ်သည်၊ 'ယိမ်ကို ဖယ်ပစ်လော့' ဟူသည် ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့ကို ပယ်စွန့်လော့၊ ပညာရှိတပည့်....ပညာဓားကိုယူ၍ အဖန်ဖန်တူးလော့=အဖန်ဖန်အားထုတ်လော့-ဟူသော ဤဝါကျသည် ဤပြဿနာ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ဖြစ်သည်။

၁၃။ ရဟန်း .... သန်လျက်နှင့် စဉ်းတီတုံး ဟူသော အမည်သည် အလိုရှိအပ်, နှစ်သက်အပ်, စိတ်ကိုဆွဲဆောင်တတ်လျက် ချစ်အပ်သောသဘောရှိသည့် ကာမရာဂနှင့် စပ်ယှက် တပ်မက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်သည့် အဆင်းမျိုးစုံ ရူပါရုံ, (ပ) သောတဝိညာဏ်ဖြင့် သိအပ်သည့် အသံမျိုးစုံ သဒ္ဒါရုံ, (ပ) ဃာနဝိညာဏ်ဖြင့် သိအပ်သည့် အနံ့မျိုးစုံ ဂန္ဓာရုံ, (ပ) ဇိဝှါဝိညာဏ်ဖြင့် သိအပ်သည့် အရသာမျိုးစုံ ရသာရုံ, (ပ) ကာယဝိညာဏ်ဖြင့် သိအပ်သည့် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ=ဤကာမဂုဏ်ငါးပါးတို့၏ အမည်ဖြစ်သည်၊ 'သန်လျက်နှင့် စဉ်းတီတုံးကို ဖယ်ပစ်လော့' ဟူသည် ကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်လော့၊ ပညာရှိတပည့်····ပညာဓားကို ယူ၍ အဖန်ဖန်တူးလော့ = အဖန်ဖန်အားထုတ်လော့-ဟူသော ဤဝါကျသည် ဤပြဿနာ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ဖြစ်သည်။

၁၄။ ရဟန်း....သားတစ်ဟူသောအမည်သည် နှစ်သက်တပ်စွန်းခြင်း = နန္ဒီရာဂ တဏှာ၏ အမည်ဖြစ်သည်၊ 'သားတစ်ကို ဖယ်ပစ်လော့' ဟူသည် နန္ဒီရာဂတဏှာကို ပယ်စွန့်လော့၊ ပညာရှိတပည့်....ပညာဓားကို ယူ၍ အဖန်ဖန် တူးလော့ = အဖန်ဖန် အားထုတ်လော့-ဟူသော ဤ ဤဝါကျသည် ဤပြဿနာ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ် ဖြစ်သည်။

၁၅။ ရဟန်း....နဂါးဟူသော အမည်သည် ရဟန္တာ ဖြစ်သော ရဟန်း၏အမည်ဖြစ်သည်၊ နဂါးသည် တည်ရှိပါစေ၊ နဂါးကို မထိပါးလင့်၊ နဂါးအား ရှိခိုးခြင်းကို ပြုလော့-ဟူသော ဤဝါကျသည် ဤပြဿနာ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ် ဖြစ်သည်"—

ဟု အကျယ်ဖြေကြားတော်မူလေ၏။

(ဤ)၌။ ။အနည်းငယ် အဓိပ္ပါယ်ရှင်းပြဦးအံ့—

၁-ဤခန္ဓာကိုယ်၊ တောင်ပို့ဆိုလော့။

၂-ညဉ့်ကိုလုပ်မျိုး၊ ကြံဖန်ပျိုးသည်၊ အခိုးလူလူ၊ ထွက်သောဟူ၏။

၃-နေ့မူကိုယ်နှုတ်၊ ထိုထိုလုပ်၌၊ အားထုတ်ကျင့်ဆောင်၊ မီးတောက်လောင်၏။

၄-ဘုန်းခေါင်ထွတ်ထား၊ မြတ်ဘုရားမူ၊ ပုဏ္ဏားဆရာ၊ ဟောမိန့်မှာ၏။

၅-ယောဂါဝစရ၊ ပုဂ္ဂလမူ၊ သိဿညဏ်ရှိ၊ စိတပည့်တည့်။

၆-ဝိပဿနာ၊ မဂ်ပညာကား၊ ထက်စွာအသွား၊ သန်လျက်ခေါ်းတည့်။

၇-ကြိုးစားလုံ့လ၊ ဝီရိယထန်ပြင်း၊ အားထုတ်ခြင်းကို၊ တူးခြင်းခေါ်ရာ။

၈-အဝိဇ္ဇာကား၊ ပိတ်ကာမင်းတုံး၊ စိတ်သန့်နှုန်းတည့်။

၉-ဟုန်းဟုန်းတက်ကြွ၊ မျက်ကောဓမူ၊ ဖားပွဟူဘိ။

၁၀-ယုံမှားရှိသား၊ ဝိစိကိစ္ဆာ၊ လမ်းနှစ်ခွာတည့်။

၁၁-ငါးဖြာနီဝရဏ၊ ရေစစ်ပြလော့။

၁၂-ပဉ္စုပါဒါ-နက္ခန္ဓာကို၊ ပမာလိပ်ပုံ၊ ဟောမိန့်တုံရှင်။

၁၃-အာရုံငါးချက်၊ ကာမစက်မူ၊ သန်လျက်ပုံနှုန်း၊ စဉ်းတီတုံးတည့်။

၁၄-သားတုံးဟူဘိ၊ စွဲကပ်ငြိသား၊ နန္ဒီရာဂ၊ စွန့်ခွါမှုလျှင်။

၁၅-အာသဝက်င်းကွာ၊ ရဟန္တာမူ၊ ပမာနဂါး၊ ဟောမိန့်ကြားသည်....ဆယ့်ငါးပြဿနာရပ်တည်း—

ဟူသော ဤ (ဝမ္မိကသုတ် အချုပ်လင်္ကာကို စွမ်းနိုင်လျှင် နှုတ်ရဆောင်ထားရာ၏။ ထိုပြဿနာ ဆယ့်ငါးရပ်တို့တွင်—

၁။ ပကတိ တောင်ပို့သည် မြွေ, မြွေပါ, ကြွက်, အိမ်မြှောင်, ခြကောင်စသော ပိုးကောင်အမျိုးမျိုးတို့ကို အန်ထုတ်ပေးသကဲ့သို့ ဤခန္ဓာကိုယ်သည်လည်း မျက်စိမှ မျက်ချေး, နားမှ နားဖာချေး-စသော စက်ဆုပ်ဖွယ်ရာ အညစ်အကြေးတို့ကို အန်ထုတ်ပေးတတ်သောကြောင့် ဤ ခန္ဓာကိုယ်ကို တောင်ပို့ဟူ၍ ဟောတော်မူသည်။ (တောင်ပို့နှင့် ဤခန္ဓာကိုယ်တူပုံကို ဖော်ပြသည့် အခြားအကြောင်း သုံးပါးတို့လည်း ရှိသေး၏၊ မ ဋ္ဌ၊ ၂၊ မျက်နှာ ၃၄-၃၅-တို့၌ ရှုပါကုန်။)

၂။ နေ့အခါ၌ လုပ်ဆောင်မည့် အလုပ်များအတွက် ညဥ့်က အမျိုးမျိုး ကြံစည် စဉ်းစားကြရလေသည်၊ ဤသို့ ညဥ့်အခါဝယ် အမျိုးမျိုး ကြံစည်ခြင်းကိုပင် "ညဥ့်၌ အခိုးလွှတ်ခြင်း" ဟု ဟောတော်မူသည်။

၃။ နေ့သို့ရောက်သောအခါ ညဥ့်က ကြံစည်ထားသည့်အတိုင်း အလုပ်များကို ကိုယ်, နှုတ်တို့ဖြင့် အကောင်အထည်ဖော်ကာ ပြုလုပ်, ပြောဆိုခြင်းကို "နေ့၌ မီးတောက်လောင်ခြင်း" ဟု ဟောတော်မူသည်။

၄။ ၅။ ၆။ ၇။ တို့၌ ဥပမာ ဥပမေယျ သိလွယ်၏။

၈။ မြို့တံခါးကို ပိတ်၍ တံခါးကျည်-မင်းတုပ်ကို ချလိုက်လျှင် မြို့တွင်းမြို့ပြင် လူများ အသွားအလာပြတ်ကုန်သကဲ့သို့ ထို့အတူ အကြင်သူ၏ ဉာဏ်တံခါးဝ၌ အဝိဇ္ဇာမောဟမင်းတုပ် ကျရောက်လျှင် ထိုသူ၏ အဖို့ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သည့် ဉာဏ်မှုညာတည်းဟူသော အသွား လုံးဝပြတ်တောက်၍ သွားတော့၏၊ ထို့ကြောင့် အဝိဇ္ဇာမောဟကို တံခါးကျည်=မင်းတုပ်ဟု ဟောတော်မူသည်။

၉။ ဥဒ္ဓုမာယိကဖား (=ဖားပွ) ဟူသည်မှာ ပင်ကိုယ်က ကြီးလှသည်မဟုတ်၊ လက်သည်းခွံပမာဏမျှသာ ရှိ၏။ သစ်ရွက်ဟောင်းများအကြား, ချုံအကြား, နွယ်များအကြား၌ နေလေ့ရှိ၏။ ထို ဥဒ္ဓုမာယိကဖားသည် ဒုတ်စွန်းဖြင့် ဖြစ်စေ, နွယ်စွန်းဖြင့် ဖြစ်စေ, မြေမှုန့်ဖြင့် ဖြစ်စေ ထိခိုက်မိလျှင် အမျက်ထွက်ကာ တဖြည်းဖြည်း ကိုယ်ခန္ဓာ လျားလာပြီးလျှင် ဘဲဥပမာ ဝန်းဝိုင်းလာ၍ ဥသျှစ်သီးမှည့်ခန့် ပမာဏကြီးထွားလျက် ခြေလေးဖက်တို့ မိုးမျှော်ကာ အသွားပြတ်လျက် ကျီးငှက်စသော ရန်သူနိုင်ငံသို့ လိုက်ပါရလေသကဲ့သို့ ထို့အတူပင် အမျက်ထွက်ခြင်း ကောဓတရားသည် ဖြစ်စဉ်၌ စိတ်နောက်ကျုရုံမျှ ပြုတတ်လေသည်၊ ထိုခဏ၌ ယောနိသောမနသိကာရဖြင့် နှိပ်ကွပ်လျှင် လွယ်ကူစွာ

ဖြင့် ငြိမ်းစေသွားနိုင်၏၊ ထိုခဏ၌ မနှိပ်ကွပ်လျှင် တိုးတက်ကြီးပွါးလာ၍ မျက်နှာရှုံ့တွန့် မဲ့ရွဲ့လာစေတတ်၏၊ ထိုခဏ၌ မနှိပ်ကွပ်လျှင် တိုးတက်ကြီးပွါးလာ၍ သူတဖက်သားကို ဆဲရေးတိုင်းထွာ ကြမ်းတမ်းသော စကားကို ပြောဆိုဖို့ရန် မေးတလှုပ်လှုပ် ဖြစ်စေတတ်၏၊ ထိုခဏ၌ မနှိပ်ကွပ်လျှင် ဆဲရေးတိုင်းထွာ ကြမ်းတမ်းစွာသောစကားကို ပြောကြားစေလေတော့၏၊ ထိုခဏ၌ မနှိပ်ကွပ်လျှင် သူတဖက်သားအတွက် ဘေးမှ အကူအညီ ရှိ-မရှိ သိအောင် အရပ်မျက်နှာတို့ကို ကြည့်ရှုခြင်းသို့ ရောက်စေ၏ ထိုခဏ၌ မနှိပ်ကွပ်လျှင် သူတဖက်သားကို ရိုက်ပုတ်ရန် ဆွဲငင်မှုပြုသောအခြေသို့ ရောက်စေ၏၊ ထိုခဏ၌ မနှိပ်ကွပ်လျှင် လက်ဖြင့် ခဲ, ဒုတ် လှံကန်, ဓားလက်နက်တို့ကို သုံးသပ်စွဲကိုင်ခြင်းသို့ ရောက်စေ၏၊ ထိုခဏ၌ မနှိပ်ကွပ်လျှင် ဒုတ်ဖြင့်ရိုက်ခြင်း, ဓားဖြင့် ခုတ်ခြင်းတည်းဟူသော ရာဇဝတ်မှု ကျူးလွန်သောအခြေသို့ ရောက်စေ၏။ ထိုခဏ၌ နှိပ်ကွပ်လျှင် တော်သေး၏၊ မနှိပ်ကွပ်လျှင် သူတပါးကိုသတ်ခြင်း, မိမိကိုယ်ကိုသတ်ခြင်းတည်းဟူသော အဆုံးလမ်းသို့ ရောက်စေလေတော့၏။

ဤဥပမာစကားရပ်ဝယ် ဥဒ္ဓုမာယိကဖား ( =ဖားပွ )၏ အခြေလေးချောင်းတို့ မိုးမျှော်၍ တည်ကုန်လတ်သော် အသွားပြတ်လေ၏၊ ထိုဖားသည် ရန်သူအလိုသို့လိုက်ရကာ ကျီးငှက်စသည်တို့၏ အစာဘဝ ရောက်ရလေတော့၏၊ ဤအတူပင် အမျက်ထွက်ခြင်း=ကောဓတရား လွှမ်းမိုးနှိပ်စက်အပ်သောသူသည် ကမ္မဋ္ဌာန်းတရား မပွါးနိုင်တော့ချေ= ဉာဏ်အသွား ပြတ်လေ၏၊ ကိလေသာတည်းဟူသော ရန်သူအလိုသို့လိုက်ရကာ ခပ်သိမ်းသောမာရ်တို့ အလိုအတိုင်း နှိပ်စက်သမျှ ငုံ့၍ခံရသော အဖြစ်သို့ ဆိုက်ရောက်လေ၍တော့၏၊ ထို့ကြောင့် အမျက်ထွက်ခြင်း= ကောဓတရားကို ဥဒ္ဓုမာယိကဖား (=ဖားပွ) ဟူ၍ ဟောတော်မူအပ်လေသည်။

၁၀။ ရွှေ ငွေ ဥစ္စာ များစွာပါရိုလျက် ကန္တာရခရီးကြမ်းသို့ သွားသော ယောကျ်ားသည် လမ်းနှစ်မြွာသို့ ရောက်လျှင် ;“ဤလမ်းဖြင့်တည်း သွားရကောင်းမည်လော၊ ထိုတဖက်လမ်းဖြင့်တည်း သွားရကောင်းမည်လော”ဟု ယုံမှားတွေးတောကာ မဆုံးဖြတ်နိုင်ပဲ ထိုအရပ်၌ပင် ရပ်တည်၍ နေ၏၊ ထိုအခါ ထိုယောကျ်ားကို ဓားပြလူဆိုးတို့ ထကြွလွှမ်းမိုးနှိပ်စက်ကြကာ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်စေကြသကဲ့သို့ ဤအတူပင် မူလကမ္မဋ္ဌာန်းကို ယူ၍ ထိုင်နေသော ရဟန်းသည် ဘုရား, တရား, သံဃာ-စသည်တို့၌ ယုံမှားမှု ဝိစိကိစ္ဆာတရား ဖြစ်ပွါးလတ်သော် ကမ္မဋ္ဌာန်းကို မပွါးစေနိုင်တော့ချေ=ထိုဝိစိကိစ္ဆာ လမ်းနှစ်မြွာ၌ပင်

တွေးတောရပ်တည်၍ နေလေတော့၏၊ ထိုအခါ ထိုရဟန်းကို ကိလေသမာရ်အစရှိသော ခပ်သိမ်းသောရန်သူမာရ်မျိုးတို့သည် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်စေကြကုန်၏၊ ဤသို့လျှင် ဝိစိကိစ္ဆာတရားသည် လမ်းနှစ်မြွာနှင့် တူသောကြောင့် မြတ်စွာဘုရားရှင်သည် တွေးတောယုံမှားမှု= ဝိစိကိစ္ဆာတရားကို လမ်းနှစ်မြွာဟူ၍ ဟောတော်မူအပ်လေသည်။

၁၁။ ကဝိသည်တို့သည် ပြာစစ်ခေါ်သော ရေစစ်၌ ရေကိုလောင်းထည့်အပ်သည်ရှိသော် ရေတအိုးသည်၎င်း, နှစ်အိုးသည်၎င်း, ဆယ်အိုးတို့သည်၎င်း, အိုးနှစ်ဆယ်တို့သည်၎င်း, အိုးပေါင်းတရာသည်၎င်း လောင်းသမျှ (ဝေါကနဲ) စီးယိုလျှောကျ၍သာ သွားလေ၏၊ တလက်ဆုပ်မျှ သောရေသည်လည်း မကျန်ရစ်တော့သကဲ့သို့ ဤအတူ နီဝရဏငါးမျိုး တရားဆိုးနှင့် ပြည့်စုံသောသူ၏ သန္တာန်ဝယ် ကုသိုလ်တရားတည်းဟူသော ရေသည် မတည်တော့ချေ = မကျန်ရစ်တော့ချေ၊ ထိုကြောင့် နီဝရဏတရား ငါးပါးတို့ကို ဆပ်ပြာရေစစ်ဟူ၍ ဟောတော်မူအပ်ကုန်လေသည်။

၁၂။ လိပ်မှာ ခြေလက်လေးချောင်း, ဦးခေါင်းအားဖြင့်=အင်္ဂါငါးပါး ရှိသကဲ့သို့ ဤအတူ သင်္ခတ တရားအားလုံးတို့ကို ဉာဏ်ဖြင့် သိမ်းယူလိုက်လျှင်၊၊ ဥပါဒါနက္ခန္ဓာငါးပါး တရားအစုတို့သာ ဖြစ်ကုန်၏၊ ထိုကြောင့် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို လိပ်ဟူ၍ ဟောကြားတော်မူလေသည်။

၁၃။ လောကဝယ် စဉ်းတီတုံး၌ တင်ထား၍ သန်လျက်ဖြင့် အသားကို နုပ်နုပ်စဉ်းကြသကဲ့သို့ ဤအတူပင် ဝတ္ထုကာမကို ရရှိရန်အတွက် ကိလေသကာမဖြင့် ရှာကြံကြ ပင်ပန်းကြသော ဤသတ္တဝါတို့ကိုလည်း တရားသဘောအားဖြင့် ဝတ္ထုကာမတည်းဟူသော စဉ်းတီတုံးပေါ်၌ တင်ထား၍ ကိလေသကာမတည်းဟူသော သန်လျက်ဓားဖြင့် နုပ်နုပ်ခုတ်စဉ်းအပ်သည် မည်ကုန်၏၊ ထိုကြောင့် ဝတ္ထုကာမဖြစ်သည့် ကာမဂုဏ်ငါးပါးတို့ကို သန်လျက်နှင့် စဉ်းတီတုံးဟူ၍ ဟောကြားတော်မူလေသည်။

၁၄။ လောက၌ သားတစ်မည်သည်ကို မင်း-စသော လူများသည်၎င်း, ကျီးငှက်စသော တိရစ္ဆာန်များသည်၎င်း လိုလားတောင့်တကြကုန်၏၊ ဤသားတစ်ကို လိုလားမှုကြောင့် ဒုက္ခအဆင့်ဆင့် တိုးပွါးကြကုန်၏။ ထိုအတူပင် ဤသတ္တဝါတို့သည်လည်း အဝိဇ္ဇာဖြင့် ယစ်မူးနေကြသောကြောင့် နန္ဒီရာဂတဏှာကို ဒုက္ခအကြောင်းဟု မသိနိုင်ကြပဲ

ထို နန္ဒိရာဂ=သားတစ်နှောက်သို့သော တကောက်ကောက် လိုက်ပါကြကပ်ရောက်ကြကာ သံသရာဝဋ်ဒုက္ခကို တိုးပွါးစေကြလေသည်။ တနည်း သားတစ်သည် ထားရာထားရာ နေရာတိုင်းမှာပင် ငြိတွယ်သကဲ့သို့ ဤအတူ ဤသတ္တဝါတို့သည် နန္ဒိရာဂတဏှာဖြင့် နှောင်ဖွဲ့အပ်ကုန်ရကား ဝဋ်တရား၌ ငြိတွယ်ကြကုန်၏၊ ဆင်းရဲဒုက္ခသို့ ရောက်ကြပါလျက်လည်း မငြီးငွေ့နိုင်ကြ၊ ဤသို့လျှင် နန္ဒိရာဂတဏှာသည် သားတစ်နှင့်တူသောကြောင့် မြတ်စွာဘုရားရှင်သည် နန္ဒိရာဂတဏှာကို သားတစ်ဟူ၍ ဟောတော်မူလေသည်။

၁၅။ ရဟန္တာပုဂ္ဂိုလ်တို့ကို နာဂ-ဟူ၍ ခေါ်ဝေါ်ရကြောင်းမှာ— (ဆန္ဒာဒီဟိ န ဂစ္ဆန္တီတိ နာဂါ၊ မ ဋ္ဌ ၁၊ ၁၅၇) ဆန္ဒ, ဒေါသ, ဘယ, မောဟ=ဤလေးပါးတို့ဖြင့် အဂတိ (=မလိုက်ပါသင့်သည်)သို့ မလိုက်တတ်ကြသောကြောင့်၎င်း, (တေန တေန မဂ္ဂေန ပဟီနေ ကိလေသေ န အာဂစ္ဆန္တီတိ နာဂါ၊ ၎င်း)ထိုထိုမဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့သို့ နောက်ထပ်တဖန် မလာရောက်ကြတော့သောကြောင့်၎င်း, (နာနပ္ပကာရကံ အာဂုံ န ကရောန္တီတိ နာဂါ၊ ၎င်း)အထူးထူး အထွေထွေသော မကောင်းမှုကို မပြုတတ်ကုန်သောကြောင့်၎င်း ရဟန္တာအရှင်မြတ်တို့ကို နာဂ-ဟူ၍ ခေါ်ဆိုအပ်လေသည်။

"နမော ကရောဟိ နာဂဿ=နဂါးအား ရှိခိုးခြင်းကို ပြုလော့" ဟူသော ပြဿနာပါဠိ စကားအရ ခီဏာသဝဗုဒ္ဓနာဂအား ရှိခိုးပုံကို ဖော်ပြသော အဋ္ဌကထာနှင့်အညီ ဤဆိုလတ္တံ့သောအတိုင်း ရှိခိုးမှုကို ပြုရာ၏—

ဗုဒ္ဓေါ ဗောဓာယ ဒေသေတိ၊ ဒန္တော ယော ဒမထာယ စ။
သမထာယ သန္တော မမ္မံ၊ တိဏ္ဏော္ဘ တရဏာယ စ။
နိဗ္ဗုတော နိဗ္ဗာနတ္ထာယ၊ တံ လောကသရဏံ နမေ။

လောကသရဏော=လောကသုံးပါး၏ ကိုးစားရာဖြစ်တော်မူသော။ ယော နာဂေါ=ဗုဒ္ဓနာဂ အမည်တော်ရသည့် အစိန္တေယျထူတ်ထား အကြင် မြတ်စွာဘုရားသည်။ ဗုဒ္ဓေါ=သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူပြီးသည် ဖြစ်၍။ ဗောဓာယ စ=ကျွတ်ထိုက်သူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း သိစေကြခြင်းငှါ၎င်း။ ဒန္တော=ဣန္ဒြေခြောက်ပါး တရားငြိမ်လေး ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးဖြစ်၍။ ဒမထာယ စ=ကျွတ်ထိုက်သူ

ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ယဉ်ကျေးကြစေခြင်းငှါငင်း။ သန္တော= ကိလေသာဟူ အပူကင်းဝေး ကိုယ်တော်တိုင် ချမ်းအေးတော်မူပြီး ဖြစ်၍။ သမထာယ စ=ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ချမ်းအေးကြစေခြင်းငှါငင်း။ တိဏ္ဏော=သံသရာနက်ဝှမ်း သဃက် ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ်တော်တိုင် ဖက်ကမ်းရောက်ပြီး သည်ဖြစ်၍သာလျှင်။ တရဏာယ စ=ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ကူးမြောက်နိုင်ကြစေခြင်းငှါငင်း။ နိဗ္ဗုတော = ကိလေသပရိနိဗ္ဗာန် လေးကြိမ်တိုင် အောင်ပွဲခံသဖြင့် မကျန်ပူဘေး ကိုယ်တော်တိုင်ငြိမ်းအေးတော်မူပြီးဖြစ်၍။ နိဗ္ဗာနတ္ထာယ စ=ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ငြိမ်းအေးကြစေခြင်းငှါငင်း။ ဓမ္မံ= အလင်းထိန်လက် တရားစက်ကို။ ဒေသေတိ=လေးဆယ့်ငါးဝါ ရှည်မြင့် ကြာအောင် ကရုဏာရှေ့ထား နတ်လူအားလျှင် ဟောကြားတော်မူခဲ့ လေပြီ။ လောကသရဏံ=လောကသုံးပါး၏ ကိုးစားရာဖြစ်တော်မူ သော။ တံ နာဂံ=ဗုဒ္ဓနာဂ အမည်တော်ရသည့် အစိန္တေယျထွတ်ထား ထိုမြတ်စွာဘုရားကို။ နမေ-နမာမိ=ကိုယ်, နှုတ်, နှလုံး=သုံးပါး ပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွတ်ပါ၏ဘုရား....)။

## အရှင်ကုမာရကဿပ ရဟန္တာဖြစ်ခြင်း

(ဇာတိ ဇုဒိ သုတ္တံ ထေရဿ ကမ္မဋ္ဌာနံ အဟောသိ) ဟူသော ဝမ္မိကသုတ်အဖွင့် အဋ္ဌကထာအရ ဤဝမ္မိကသုတ္တန်သည် အရှင်ကုမာရကဿပမထေရ်၏ ဝိပဿနာလုပ်ငန်း ကြိုးပမ်းအားထုတ်ရာ=ကမ္မဋ္ဌာန်းဖြစ်လေသည်၊ သို့ရကား အရှင်ကုမာရကဿပ မထေရ်သည် မြတ်စွာဘုရား ဖြေကြားဟောဆိုတော်မူအပ်သည့် အတိုင်း ဤဝမ္မိကသုတ္တန်ကို သင်ကြားနာယူပြီးလျှင် အန္ဓဝန် တောအုပ်သို့ပင် ကြွတော်မူ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းတော် မူ၍ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏= ရဟန္တာဖြစ်တော်မူလေ၏။

### (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

အရှင်ကုမာရကဿပ ရဟန္တာမထေရ်မြတ်သည် ရဟန္တာ ဖြစ်တော်မူပြီးချိန်မှစ၍ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါ-

သကာယောက်ျား, ဥပါသိကာမိန်းမ = ဤ ပရိသတ်လေးပါး တို့အား တရားစကား ဟောကြားတော်မူလျှင် အကြောင်း ဥပမာပေါင်း များစွာတို့ဖြင့် တန်းဆာဆင်၍ ဆန်းကြယ်သော တရားစကားကိုသာလျှင် ဟောကြားတော်မူလေသည်။

ထို့နောက် မြတ်စွာဘုရားရှင်သည် အရှင် ကုမာရကဿပ မထေရ်ကို ပါယာသိမင်းအား တဆယ့်ငါးပါးသော ပြဿနာ တို့ဖြင့် တန်းဆာဆင်၍ (ဒီဃနိကာယ် မဟာဝဂ္ဂ၊ ၁၀-ခုမြောက်) ပါယာသိရာဇညသုတ္တန်ကို ဟောအပ်သည်ရှိသော် ထိုသုတ္တန်ကို အဋ္ဌုပ္ပတ်ပြု၍—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ စိတ္တ-ကထိကာနံ ယဒိဒံ ကုမာရကဿပေါ = ရဟန်းတို့.... အဆန်းတကြယ် တရားစကား ဟောကြားတတ်ကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် ကုမာရ-ကဿပရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ ဤသာသနာဝယ် "စိတ္တကထိက= အဆန်းတကြယ် တရားစကား ဟောကြားသောအရာ"၌ အသာ ဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေသတည်း။

ဤကား အရှင်ကုမာရကဿပ မထေရ်အကြောင်းတည်း။

---

## (၂၉) အရှင်ကောဋ္ဌိတ မထေရ်အကြောင်း

### (က) မထေရ်မြတ်၏ ရှေးဆုတောင်း

ဤမထေရ်မြတ်အလောင်း သူတော်ကောင်းသည်လည်း ပဒု-မုတ္တရ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ ဟံသာဝတီ မင်း နေပြည်ဝယ် စီးပွါးဥစ္စာ အသုံးအဆောင်ပေါများသည့် မဟာ ဘောဂအမျိုး၌ ဖြစ်လတ်၍ နောက်တချိန်၌ ပဒုမုတ္တရ မြတ်စွာ ဘုရားရှင်၏ တရားတော်ကို ကြားနာစဉ် ပဒုမုတ္တရ မြတ်စွာဘုရား ရှင်က ရဟန်းတော်တပါးကို "ပဋိသမ္ဘိဒါပတ္တ = ပဋိသမ္ဘိဒါ အပြား ဉာဏ်လေးပါးသို့ ရောက်ဆိုက်ကြသော ရဟန်း"တို့တွင်

အသာဆုံး အမြတ်ဆုံး = တေဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ ရှေးမထေရ်တို့ အလောင်းအလျာများနည်းတူ အဓိကာရ ကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုပဒုမုတ္တရဘုရား တေဒဂ်ရာထူး ကို ဆုတောင်း ပတ္ထနာမှု ပြုလေ၏။ မြတ်စွာဘုရားသည်လည်း ဗျာဒိတ်စကား မိန့်ကြား ဖဲကြွတော်မူ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုအရှင်ကောဏ္ဍိတ မထေရ်အလောင်း သူတော်ကောင်းသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည် တို့၌ ကျင်လည်ကျက်စားလျက် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာကာလဝယ် သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ ဖြစ်၍ လာ၏။ ထိုသူ၏အမည်ကို မိဖခွေမျိုးတို့က "ကောဏ္ဍိတ-လုလင်" ဟု မှည့်ခေါ်ကြလေသည်။ ကောဏ္ဍိတလုလင်သည် အရွယ်သို့ ရောက်လတ်သော် ဗေဒင်သုံးခဏ်း ဖက်ကမ်းတိုင်ရောက် သင် ကြားတတ်မြောက်၍ တနေ့သ၌ မြတ်စွာဘုရားရှင်၏ တရားစကား ကို ကြားနာရသဖြင့် သဒ္ဓါတရား ကြီးမားစွာဖြစ်ရှိကာ သာသနာ ဝန်ထမ်း ရဟန်းပြုလေသည်။ ထိုအရှင်ကောဏ္ဍိတ ရဟန်းသည် ရဟန်းပဉ္စင်းဖြစ်ပြီးသောအချိန်မှစ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်တော်မူလေရာ ပဋိသမ္ဘိဒါ ဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ဆိုက်တော်မူလေ၏ = ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်လေ၏။

## (ဂ) တေဒဂ် ဘွဲ့ထူး ရတော်မူခြင်း

မထေရ်မြတ်သည် ရဟန္တာဖြစ်ပြီးနောက် အမြဲတစေ ပဋိသမ္ဘိ ဒါဉာဏ်လေးပါးတို့၌ လေ့လာနိုင်နင်းတော်မူသည်ဖြစ်၍ အမေး ပုစ္ဆာ ပြဿနာမေးမြန်းလျှင် ပဋိသမ္ဘိဒါဉာဏ်တို့နှင့် စပ်သော ပြဿနာကိုသာ အများအားဖြင့် မေးတော်မူလေ့ရှိသည်။ ထို့ ကြောင့် မြတ်စွာဘုရားရှင်သည် နောက်အခါ၌ (မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ-လာ) မဟာဝေဒလ္လသုတ်ကို အကြောင်းပြု၍ အရှင် ကောဏ္ဍိတမထေရ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဋိသမ္ဘိဒါပတ္တာနံ ယဒိဒံ မဟာကောဋ္ဌိတော=ရဟန်းတို့…. ပဋိသမ္ဘိဒါ ဉာဏ်လေးပါးသို့ ရောက်ဆိုက်ကြသော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် မဟာကောဋ္ဌိတရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ပဋိသမ္ဘိဒါပတ္တ = ပဋိသမ္ဘိဒါ အပြား ဉာဏ်လေးပါးသို့ ရောက်သောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေသတည်း။

ဤကား အရှင်ကောဋ္ဌိတ မထေရ်အကြောင်းတည်း။

---

## (၃၀) အရှင်အာနန္ဒာမထေရ်မြတ်အကြောင်း

### (က) မထေရ်မြတ်၏ ရှေးဆုတောင်း

ဤကမ္ဘာမှ ပဋိလောမအဆန် ပြန်၍ရေတွက်လျှင် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တွန်းတော်မူလေသည်။ ထိုပဒုမုတ္တရမြတ်စွာဘုရား၏ ဖွားတော်မူရာ နေပြည်တော်ကား ဟံသာဝတီ မင်းနေပြည်, ခမည်းတော်ကား အာနန္ဒမင်းကြီး, မယ်တော်ကား သုဇာတာမိဖုရားကြီး, အဂ္ဂသာဝက ၂-ပါးတို့ကား ဒေဝလမထေရ်နှင့် သုဇာတမထေရ်တို့ ဖြစ်ကြသည်၊ အဂ္ဂသာဝိကာ ၂-ပါးတို့ကား အမိတာထေရီနှင့် အသမာထေရီတို့ ဖြစ်ကြသည်၊ အလုပ်အကျွေး = ဥပဋ္ဌာကကား သုမနမထေရ် ဖြစ်လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားသည် ခမည်းတော်မင်းကြီးအား ချီးမြှောက်တော်မူလျက် ရဟန်းတသိန်း အခြံအရံရှိကာ ဟံသာဝတီ မင်းနေပြည်ကို အမှီဂေါစရဂါမ်ပြုကာ သီတင်းသုံးနေထိုင်တော်မူဆဲအချိန် ဖြစ်လေသည်။

ပဒုမုတ္တရ မြတ်စွာဘုရား၏ လူဖြစ်စဉ်ကာလက ဖတူ မိကွဲဖြစ်သော ညီငယ်ကား (အရှင်အာနန္ဒာအလောင်း) သုမနမင်းသား အမည်ရှိလေသည်။ အာနန္ဒမင်းကြီးသည် သားတော် သုမနမင်းသားအား ဟံသာဝတီ မင်းနေပြည်မှ ခရီးယူဇနာ

(၁၂၀)တရာ့နှစ်ဆယ် ဝေးကွာသောအရပ်၌ မြို့စားခန့်အပ်လေသည်။ မြို့စားသုမနမင်းသားသည် ရံခါရံခါ ဟံသာဝတီနေပြည်တော်သို့ လာ၍ ခမည်းတော်မင်းကြီးကိုရင်း, နောင်တော်ပဒုမုတ္တရ မြတ်စွာဘုရားကိုရင်း ဖူးမြော်လေသည်။

တနေ့သ၌ ပစ္စန္တရစ် = တိုင်းစွန်ပြည်နားအရပ်သည် သူပုန်လူဆိုးတို့ ထကြွသောင်းကျန်းသဖြင့် ပျက်စီးအံ့ကဲ့သို့ ရှိလေသည်။ သုမနမင်းသားသည် ခမည်းတော်မင်းကြီးထံ ထိုအကြောင်းကို တမန်စေလွှတ်၍ အကြောင်းကြား လျှောက်ထားစေသောအခါ ခမည်းတော်အာနန္ဒမင်းကြီးသည် "သင့်ကို ငါသည် ထိုအရပ်၌ အဘယ့်ကြောင့် ထားအပ်သနည်း = သူပုန်ဘေးရန်ကို နှိမ်နင်းရန်ထားအပ်သည် မဟုတ်လော"ဟု အတုံ့သဝဏ်လွှာကို တဖန်ပြန်၍ပို့စေ၏။ မြို့စားသုမနမင်းသားသည် ခမည်းတော်၏သဝဏ်တုံ့လွှာကိုရလျှင် သူပုန်လူဆိုးတို့ကို တိုက်ဖျက်ကာ ပြည်ရွာကို ငြိမ်းအေးစေလျက် "ခမည်းတော်မြတ်....ဇနပုဒ် = တိုက်နယ်ကား ငြိမ်းအေးသာယာရှိပါပြီ"ဟု ခမည်းတော်ထံ သဝဏ်ပို့စေလေ၏။ ခမည်းတော်မင်းကြီးသည် လွန်စွာအားရ နှစ်သက်တော်မူလှ၍ "ငါ့သားတော်သည် အလျင်အမြန် ခမည်းတော်ထံ လာရောက်စေ"ဟု အမိန့်ချ ဆင့်ခေါ်တော်မူလေ၏။

မြို့စား သုမနမင်းသားမှာ အမတ်တထောင် ရှိလေသည်၊ မင်းသားသည် ထိုအမတ်တို့နှင့် အတူတကွ ခမည်းတော်ထံ လာရောက်လေရာ လမ်းခရီးအကြား၌ "ငါ့ခမည်းတော်ဘုရားက အားရနှစ်သက်တော်မူလှ၍ အကယ်၍များ ဆုပေးသနားတော်မူလျှင် အဘယ်ဆုကို ယူရမည်နည်း"ဟု အမတ်တို့နှင့် တိုင်ပင်ဆွေးနွေးလေ၏။ ထိုအခါ မင်းသားကို အချို့အမတ်တို့က "ဆင်ကို ယူကြပါကုန်, မြင်းကိုယူကြပါကုန်, ဇနပုဒ် = တိုက်နယ်ကို ယူကြပါကုန်, ရတနာခုနစ်ပါးတို့ကို ယူကြပါကုန်" ဤသို့စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ အကြံပေးစကား လျှောက်ထားကြကုန်၏။ အခြား အမြော်အမြင်ကြီးမားကြသည့် ပညာရှင်အမတ်တို့ကမူ—

"အရှင်မင်းသား....အရှင့်သားတို့သည် ရေမြေရှင်၏ သားတော်တို့ဖြစ်ကြပါသည်၊ အရှင်သားတို့အဖို့ရာ ရွှေငွေ စသော လောကီဥစ္စာစုကား ရခဲသည်မဟုတ်ပါ=ရလွယ် လှပါ၏၊ ရအပ်ပါသော်လည်း ထိုလောကီဥစ္စာ ရတနာ အားလုံးကို နောက်ဆုံး၌ စွန့်ပစ်၍သာ သွားရမည်ဖြစ်ပါ သည်၊ ကုသိုလ်ကောင်းမှု တခုကိုသာ ယူဆောင်၍ တမလွန်လောက သွားကြရမည်ဖြစ်ပါသည်၊ ထို့ကြောင့် ခမည်းတော်မင်းမြတ်က ဆုလာဘ်များ ပေးတော်မူလျှင် ဝါတွင်းသုံးလပတ်လုံး (အရှင့်သားတို့၏ နောင်တော်) ပဒုမုတ္တရမြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးရန် ဆုကိုသာ ယူတော်မူကြပါကုန်"

ဟု အကြံပေးစကား လျှောက်ထားကြလေ၏။

သုမနမင်းသားသည် "သင်တို့သည် ငါ၏ မိတ်ဆွေကောင်း များ ဖြစ်ကြပါပေသည်၊ ငါ့မှာ ထိုသို့သောစိတ် မရှိခဲ့ပါ၊ သင်တို့ ကသာ ဖြစ်စေအပ်ပါပေသည်၊ အိမ်း....ကောင်းပြီ ငါလိုက်နာ မည်"ဟု ပြော၍ နေပြည်တော်သို့ ရောက်လျှင် ခမည်းတော် မင်းကြီးကို ရှိခိုးပြီးနောက် ခမည်းတော်မင်းကြီးက သားတော်၏ လည်ကို ဖက်၍ ဦးထိပ်၌ နမ်းစုပ်ပြီးသော် "ချစ်သား ငါသည် သင့်အား အလိုရှိရာဆုကို ပေး၏"ဟု ဆိုလတ်သော် "မြတ်သော ခမည်းတော်မင်းကြီးဘုရား...အကျွန်ုပ် သားတော်သည် နောင် တော်မြတ်စွာဘုရားကို ဝါတွင်းသုံးလပတ်လုံး ပစ္စည်းလေးပါး တို့ဖြင့် ပြုစုလုပ်ကျွေးလျက် မိမိ ယခုဘဝ ရနေသောအသက်ကို အမြို-မဖြစ်အောင် ပြုလုပ်လိုပါသည်၊ ခမည်းတော်ဘုရား.... သားတော်အား ဤ (ဝါတွင်းသုံးလကြာ မြတ်စွာဘုရားကို ပြုစု ရခြင်း) ဆုကို ပေးတော်မူပါဘုရား"ဟု လျှောက်ထားလေ၏။ ခမည်းတော်မင်းကြီးက "ချစ်သား.......ဤဆုကိုကား မပေးနိုင်၊ အခြားဆု တပါးပါးကို ပြောင်း၍ ယူလော့"ဟု ဆိုလေသော် သုမနမင်းသားသည် "ခမည်းတော်ဘုရား........ ရေမြေပိုင်လျှင်း မင်းတို့၏ အဖို့ရာ စကားနှစ်ခွ ပြောဆိုကြရိုးထုံး မရှိပါ၊ ထိုလျှောက်

ဆိုရာပါသုကိုပင် သားတော်အား ပေးပါလော့၊ သားတော်၏ အဖို့ရာ အခြားဆုကို အလိုမရှိပါ”ဟု အခိုင်အမာလျှောက်ထား လေ၏။

ခမည်းတော်အာနန္ဒမင်းကြီးသည် “ချစ်သား...ဘုရားရှင်တို့၏ စိတ်အလိုတော်မည်သည်ကို သိနိုင်ခဲလှ၏၊ အကယ်၍ မြတ်စွာ ဘုရားရှင်က သားတော်ပင့်ရာသို့ ကြွရောက်လိုက်ပါဖို့ရန် အလို တော်မရှိခဲ့ပါလျှင် ငါခမည်းတော်က ပေးအပ်ပါသော်လည်း အဘယ်မှာ ဖြစ်နိုင်အံ့နည်း” ဟု မေးလွှဲစကား ပြောကြားလေ၏။ သုမနမင်းသားသည် “ကောင်းပါပြီ ခမည်းတော်ဘုရား....... သားတော်ကိုယ်တိုင် နောင်တော်မြတ်စွာဘုရားထံ ဆည်းကပ်၍ မြတ်စွာဘုရား၏ စိတ်အလိုတော်ကို သိအောင်ပြုလုပ်ပါမည်” ဟု စကားချည်၍ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်း တိုက်တော်သို့ သွားရောက်လေ၏။

ထိုအချိန်၌ မြတ်စွာဘုရားသည် ဆွမ်းကိစ္စကို ပြီးစေ၍ ဂန္ဓကုဋိ ကျောင်းတော်သို့ ဝင်ပြီးဖြစ်တော်မူလေသည်။ သုမနမင်းသား သည် ညီမူရာတန်ဆောင်းဝန်း = မဏ္ဍလာ၌ စည်းဝေးနေကြ သော ရဟန်းတို့ထံသို့ သွားရောက်လေ၏၊ထိုအခါရဟန်းတို့သည် သုမနမင်းသားကို “မင်းသား....အဘယ့်ကြောင့်လာသနည်း”ဟု မေးကြကုန်၏။ မင်းသားက “မြတ်စွာဘုရားကို ဖူးမြင်ရန် လာ ရောက်ပါသည်ဘုရားတပည့်တော်အား မြတ်စွာဘုရားကိုပြတော် မူကြပါ”ဟု လျှောက်ထားလေလျှင် ရဟန်းတို့သည် “မင်းသား.... ငါတို့သည် အလိုရှိအပ် အလိုရှိအပ်သောခဏ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရနိုင်ကြပါကုန်” ဟု ပြန်ကြား မိန့်ဆိုကြလေကုန်၏။ မင်းသားက “အရှင်ဘုရားတို့....အဘယ်အရှင်မြတ်သည် လိုအပ် လိုအပ်သောခဏ၌ မြတ်စွာဘုရားကို ဖူးတွေ့ခွင့်ရပါသနည်း” ဟု မေးပြန်လေလျှင် ရဟန်းတို့သည် “မင်းသား....သုမန-မည်သော မထေရ်သည် လိုအပ် လိုအပ်သောခဏ၌ မြတ်စွာဘုရားကို ဖူးတွေ့ ခွင့် ရပါ၏” ဟု ပြန်ကြား မိန့်ဆိုလေကုန်၏။ မင်းသားသည် “အရှင်ဘုရားတို့...ထို သုမနမထေရ်သည် ယခု အဘယ်မှာနည်း”

ဟု မထေရ်၏ နေရာဌာနကို မေးမြန်း, သွားရောက်, ရှိခိုးပြီးလျှင် "အရှင်ဘုရား....တပည့်တော်သည် မြတ်စွာဘုရားကို ဖူးတွေ့လိုပါ၏၊ တပည့်တော်အား မြတ်စွာဘုရားကို ပြတော်မူကြပါ" ဟု တောင်းပန်လျှောက်ထားလေ၏။

သုမနမထေရ်မြတ်သည် သုမနမင်းသား မြင်စဉ်ပင် အာကာသိဏချာန်ကို ဝင်စား၍ မဟာပထဝီမြေကြီးကို "ရေဖြစ်စေသား" ဟု အဓိဋ္ဌာန်တော်မူပြီးလျှင် ရေဟုထင်ရသော မြေအပြင်၌ ငုပ်လျှိုး၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋီကျောင်းတော်၌ ထင်ရှားပေါ်လေ၏။ ထိုအခါ သုမနမထေရ်ကို မြတ်စွာဘုရားက "ချစ်သားသုမန....အဘယ့်ကြောင့် လာသနည်း" ဟု မေးတော်မူ၍ မထေရ်က "မြတ်စွာဘုရား....ညီတော်သုမနမင်းသားသည် ရှင်တော်ဘုရားကို အဖူးအမြော် လာရောက်နေပါသည် ဘုရား" ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် "ချစ်သားရဟန်း....ထိုသို့ဖြစ်လျှင် နေရာကို ခင်းလော့" ဟု မိန့်တော်မူလေ၏။ တဖန် အရှင်သုမနမထေရ်သည် သုမနမင်းသား မြင်စဉ်ပင် ဘုရားနေရာတော်ကို ယူဆောင်ခဲ့၍ ဂန္ဓကုဋီကျောင်းတော်အတွင်း၌ ငုပ်လျှိုးပြီးလျှင် ပရိဝုဏ်အပြင်ဖက်၌ ထင်ရှားပေါ်တော်မူ၍ ထို ပရိဝုဏ်၌ပင် ဘုရားနေရာတော်ကို ခင်းကျင်းလေ၏။ သုမနမင်းသားသည် ဤ အံ့ဖွယ်နှစ်ပါးကို မြင်ရ၍ "ဤရဟန်းသည် တန်ခိုးရာထူး ကြီးမြတ်စွာတကား" ဟု စဉ်းစား ဆင်ခြင်မိလေ၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် ဂန္ဓကုဋီကျောင်းတော်မှ ထွက်ကြွတော်မူ၍ ခင်းထားအပ်သော ဘုရားနေရာတော်၌ ထိုင်နေတော်မူလေ၏။ သုမနမင်းသားသည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အစေ့အစပ်စကား လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်က "မင်းသား....အဘယ်အချိန်က လာရောက်သနည်း" ဟု မေးတော်မူလေလျှင် မင်းသားသည် "မြတ်စွာဘုရား....အရှင်ဘုရားတို့ ဂန္ဓကုဋီကျောင်းတော်သို့ ဝင်နေတော်မူစဉ် တပည့်တော်ရောက်ပါသည်၊ ရဟန်းတို့သည်ကား 'ငါတို့သည် အလိုရှိအပ် အလိုရှိ

အပ်သောခဏ၌ မြတ်စွာဘုရားကို ဖူးခမြော်ခွင့် မရနိုင်ကြပါကုန်' ဟု မိန့်ဆိုတော်မူကြကာ တပည့်တော်ကို အရှင်သုမနမထေရ် အထံသို့ ပို့ကြပါကုန်သည်၊ မထေရ်မြတ်သည်ကား စကားတခွန်းတည်းဖြင့်ပင် တပည့်တော်အား မြတ်စွာဘုရားကို ပြတော်မူပါ၏ = ဖူးတွေ့ခွင့်ရအောင် ဆောင်ရွက်တော်မူပါ၏၊ မြတ်စွာဘုရား···· အရှင်သုမနမထေရ်သည် အရှင်ဘုရားတို့၏ သာသနာတော်၌ အကျွမ်းဝင်သူဖြစ်၏ဟု ထင်ပါသည်ဘုရား" ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားရှင်က "အိမ်း....ဟုတ်ပေသည် မင်းသား....၊ ဤသုမန ရဟန်းသည် ငါဘုရား၏ သာသနာ၌ အကျွမ်းဝင်သူ စင်စစ် ဖြစ်ပေ၏"ဟု မိန့်တော်မူလေလျှင် မင်းသားသည် "မြတ်စွာဘုရား....အဘယ်ကောင်း မှုကို ပြုလုပ်၍ ဘုရားရှင်တို့၏ သာသနာတော်၌ အကျွမ်းဝင်သူများ ဖြစ်နိုင်ကြပါသနည်း"ဟု မေးလျှောက်လေ၏။ မြတ်စွာဘုရားရှင်က "အလှူဒါန ပေးလှူ၍, သီလသီတင်း ဆောက်တည်၍, ဥပုသ်နှလုံးကျင့်သုံး၍ ဘုရားရှင်တို့၏ သာသနာတော်၌ အကျွမ်းဝင်သူများ ဖြစ်နိုင်ကုန်၏ မင်းသား"ဟု မိန့်တော်မူလေလျှင် သုမနမင်းသားသည် (အခွင့်ကောင်းရပြီဖြစ်ရကား) "မြတ်စွာဘုရား.... တပည့်တော်သည် အရှင်သုမနမထေရ်ကဲ့သို့ ဘုရားသာသနာတော်၌ အကျွမ်းဝင်သူ ဖြစ်လိုပါသည်၊ နက်ဖြန်ခါ တပည့်တော်၏ ဆွမ်းကို လက်ခံ သာယာတော်မူကြပါဘုရား" ဟု လျှောက်ထား ပင့်ဖိတ်လေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူသဖြင့် မင်းသားပင့်လျှောက်ချက်ကို လက်ခံတော်မူလေ၏။ မင်းသားသည် မိမိ၏ တဲနန်းအိမ်သို့ ပြန်သွား၍ တည့်လုံး ကြီးစွာသော ပူဇော်ဖွယ်ကို စီမံပြီးလျှင် ခုနစ်ရက်တို့ ပတ်လုံး "ယာယီတဲနန်း-အလှူဆွမ်း" မည်သည်ကို တခမ်းတနား ပေးလှူလေ၏။

ခုနစ်ရက်မြောက် ရောက်သောနေ့၌ သုမနမင်းသားသည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "မြတ်စွာဘုရား.... တပည့်တော်သည် ခမည်းတော်မင်းတရား အထံမှ ဝါတွင်းသုံးလပတ်လုံး အရှင်

ဘုရားတို့အား ပြုစုလုပ်ကျွေးခွင့်ဆိုကို ရယူအပ်ပြီးပါပြီ၊ ဝါတွင်း သုံးလ တပည့်တော်၏ ကျောင်းတိုက်၌ ဝါဆို သီတင်းသုံးတော်မူရန် လက်ခံသာယာတော်မူကြပါဘုရား”ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် “ထိုမင်းသားပင့်ဆောင်ရာသို့ ငါဘုရား သွားရောက်လိုက်ပါသဖြင့် အကျိုးရှိမည်လော”ဟု ကြည့်ရှုဆင်ခြင်တော်မူ၍ “အကျိုးရှိမည်”ဟု သိမြင်တော်မူပြီးလျှင် “မင်းသား····မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်တော်မူကြကုန်၏”ဟု မိန့်တော်မူလေ၏။

သုမနမင်းသားသည်“သိအပ်ပါပြီ ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၊ သိအပ်ပါပြီ ကောင်းသောစကား မိန့်ကြားတော်မူသော မြတ်စွာဘုရား....”ဟု လျှောက်ထား၍ “မြတ်စွာဘုရား.... တပည့်တော်သည် အလျင်လက်ဦး သွားနှင့်၍ ကျောင်းတိုက်ကို တည်ဆောက်ပါမည်၊ ကျောင်းတိုက်တည်ဆောက်ပြီး၍ တပည့်တော်က ပင့်လျှောက်သောအခါ ရဟန်းတော်တသိန်းနှင့် အတူ တကွ ကြွတော်မူခဲ့ကြပါဘုရား”ဟု လျှောက်ထားကာ မြတ်စွာဘုရားကို ဝန်ခံချက်ကို ယူစေပြီးလျှင်(=ကြွရောက်မည်ဟု ဝန်ခံစကား မြတ်စွာဘုရားက မိန့်ကြားတော်မူပြီးမှ) ခမည်းတော်မင်းကြီးထံသို့ သွားရောက်၍ “ခမည်းတော်ဘုရား....သားတော်အား နောင်တော်မြတ်ဘုရားက သားတော်ပင့်ဆောင်ရာ လိုက်ပါမည့်အကြောင်း ပဋိညာဉ် ဝန်ခံချက် ပေးအပ်ပြီးပါပြီ၊ သားတော်က အပင့်လွှတ်သောအခါမှသာ ခမည်းတော်တို့က မြတ်စွာဘုရားကို သားတော်၏နေရပ်သို့ ပို့ဆောင်တော်မူကြပါ”ဟု လျှောက်ထားမှာကြားခဲ့၍ ခမည်းတော်ကို ရှိသေမြတ်နိုး ရှိခိုးဦးညွှတ်ကာ နေပြည်တော်မှ ထွက်ခဲ့၍ လမ်းခရီးအကြား တယူဇနာ တယူဇနာလျှင် စံကျောင်းတော် တကျောင်း တကျောင်း ဆောက်လုပ်စေ၍ ယူဇနာ(၁၂၀)တရာ့နှစ်ဆယ် ဝေးကွာသော ခရီးသို့ သွားရောက်ခဲ့လေသည်။ မိမိ၏စားကျေးမြို့သို့ ရောက်လျှင် ပင် ကျောင်းတိုက်တော် တည်ရန်နေရာကို ဖွေရှာစူးစမ်းလတ်သော် သောဘဏ=မည်သော သူကြွယ်၏ ဥယျာဉ်ကို တွေ့ရ၍

အသပြာတသိန်းဖြင့် ဝယ်ယူပြီးလျှင် အသပြာတသိန်းကိုပင် လက်ခကုံကျွေး စွန့်လှူပေး၍ ကျောင်းတိုက်ကြီး တည်ဆောက်စေလေ၏။

ထိုသောဘဏ္ဍာသူကြွယ်၏ ဥယျာဉ်၌ မြတ်စွာဘုရားရှင်အဖို့ရာ ဂန္ဓကုဋိ ကျောင်းတော်ကိုငင်း, ကြွင်းသောရဟန်းတို့အဖို့ရာ ညဉ့်သန့်ရာ, နေ့သန့်ရာအလို့ငှါ ကုဋိ,လိုဏ်,မဏ္ဍပ်တို့ကိုငင်း ဆောက်လုပ်စေ၍ တံတိုင်းအရံအတား,တံခါးမုခ်တို့ကို ပြီးစီးအောင်ပြုလုပ်စေပြီးသော် ခမည်းတော်မင်းကြီးထံသို့ "ခမည်းတော်ဘုရား.... သားတော်၏ဆိုင်ရာ လုပ်ဆောင်ရန်ကိစ္စ အဝဝ ပြီးပြေ ရှိပါပြီ၊ နောင်တော် မြတ်စွာဘုရားကို သားတော်တို့ အရပ်သို့ ပို့ဆောင်တော်မူကြပါကုန်"ဟု တမန်စေလွှတ်၍ အကြောင်းကြားလျှောက်ထားစေလေ၏။

ခမည်းတော် အာနန္ဒမင်းကြီးသည် သားတော် ပဒုမုတ္တရ မြတ်စွာဘုရားရှင်ကို တပည့်ရဟန်းတော်တသိန်းတို့နှင့် အတူတကွ ဆွမ်းဆက်ကပ် လှူဒါန်းပြီးလျှင် "သားတော် မြတ်စွာဘုရား........ အရှင့်ညီတော် သုမနမင်းသား၏ ဆိုင်ရာလုပ်ဆောင်ရန် ကိစ္စအဝဝ ပြီးပြေရှိနေပါပြီ၊ အရှင်ဘုရားတို့၏ ကြွလာတော်မူခြင်းကို လွန်မင်းစွာ တောင့်တမျှော်ခေါ်လျက် ရှိနေပါသည် ဘုရား"ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် တပည့်ရဟန်းတသိန်း ခြံရံအပ်လျက် တယူဇနာ တယူဇနာဝယ် အသင့်ဆောက်လုပ်ပြီး ရှိနှင့်သော စံကျောင်းတော်တို့၌ ချမ်းသာစွာ အပန်းဖြေ နားနေ ညဉ့်ကျိန်းစက်တော်မူ၍ ယူဇနာတရာ့နှစ်ဆယ်ခရီးကို မပင်မပန်း ကြွချီတော်မူလေ၏။

သုမနမင်းသားသည် "မြတ်စွာဘုရား ကြွလာတော်မူ၏"ဟု ကြားသိရ၍ တယူဇနာတိုင်တိုင် သွားရောက်ခရီးဦးကြိုဆိုပြီးလျှင် နံ့သာ, ပန်း-စသည်တို့ဖြင့် ပူဇော်လျက် ကျောင်းတိုက်အတွင်း ရှိသေစွာ ပို့ဆောင်သွင်းပြီးလတ်သော်—

"သတသဟဿေန မေ ကီတံ၊ သတသဟဿေန မာပိတံ။
သောဘဏံ နာမ ဥယျာနံ၊ ပဋိဂ္ဂဏှ မဟာမုနိ။

မဟာမုနိ = အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလုံ့ဆွေဖြစ်တော်မူသော မြတ်စွာဘုရား။ မေ = သုမနတွင်ခေါ် ဘုရားတပည့်တော်သည်။ သောဘဏံ နာမ ဥယျာနံ = သောဘဏာသူကြွယ် တည်စိုက်၍ သမိုက်နာမ သောဘဏ • အမည်ရှိသော ဥယျာဉ်ကို။ သတသဟဿေန = တသိန်းသချာ အသပြာဖြင့်။ ကီတံ= တန်ဘိုးကဲဖြတ် ဝယ်ယူအပ်ပါပြီ။ သတသဟဿေန = တသိန်းသချာအသပြာဖြင့်။မာပိတံ=ကျောင်းတိုက်တော် ကြီး ဖန်တီးတည်ဆောက်အပ်ပြီးသည်ကို။ ပဋိဂ္ဂဏှ = ကရုဏာရှေး၍ ,အလှူခံတော်မူပါဘုရား....”—

ဟူသော ဤဂါထာဖြင့် လျှောက်ထားကာ ကျောင်းတိုက်တော်ကို မြတ်စွာဘုရားရှင်အား လှူဒါန်းလေ၏။

သုမနမင်းသားသည် ဝါကပ်သောနေ့၌ အလှူဒါနပေးလှူပြီး သော် မိမိ၏ သား, မယား, အမတ်များကို ခေါ်စေ၍ “မြတ်စွာ ဘုရားသည် ငါတို့၏ အထံသို့ ခရီးယူဇနာ တရာ့နှစ်ဆယ် ဝေးကွာသောအရပ်မှပင် ကြွချီတော်မူလာပေသည်၊ ဘုရားရှင် တို့မည်သည် တရားကိုသာ အလေးပြုတော်မူကြကုန်၏၊ ပစ္စည်း လေးဖြာ အာမိသကို အလေးပြုတော်မမူကြ ကြည့်ရှုတော်မမူကြ ကုန်၊ ထို့ကြောင့် ငါသည် ဤဝါတွင်းသုံးလပတ်လုံး အဝတ် နှစ်ထည်တို့ကိုသာ ဝတ်၍ ဆယ်ပါးသီလတို့ကို ဆောက်တည် ပြီးလျှင် ဘုရားရှင် သီတင်းသုံးတော်မူရာ ဤကျောင်းတိုက်မှာပင် နေပေအံ့၊ အမောင်တို့, အမိတို့သည် ဘုရားအမှူးပြုသော ရဟန္တာတသိန်းအား ဤနည်းဖြင့်ပင် ဝါတွင်း သုံးလပတ်လုံး အလှူဒါန ပေးလှူကြကုန်လော့”ဟု မှာထားပြောဆိုကာ ဆယ်ပါး သီလတို့ကို ဆောက်တည်စောင့်ထိန်း၍ အဝတ်နှစ်ထည်တို့ကိုသာ ဝတ်ဆင်ကာ ကျောင်းတော်၌ပင် နေရစ်လေ၏။

သုမနမင်းသားသည် မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ် သော အရှင်သုမနမထေရ်နေရာကျောင်းနှင့်အနီးဖြစ်သောအရပ်

ဝယ် နေထိုင်လျက် မထေရ်သူမြတ်က မြတ်စွာဘုရားအား ဝတ်ကြီး ဝတ်ငယ်ဥဿုံ အလုံးစုံပြုတော်မူအပ်သည့်ကို မြင်လတ်၍ "ဤမထေရ်မြတ်သည် ဤဥပဋ္ဌာက = အလုပ်အကျွေးအရာဌာနဌ် ဧကဒဂ်အကျွမ်းဝင်သူဖြစ်၏၊ ငါသည် ဤမထေရ်မြတ်၏ ရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုမှပင် သင့်တော့မည်"ဟု ကြံစည်ဆင်ခြင်ပြီးနောက် ပဝါရဏာပြုမည့် (သီတင်းကျွတ်လပြည့်) နေ့ နီးကပ်လတ်သော် (သီတင်းကျွတ်လဆန်း ၈-ရက်နေ့လောက်၌) မြို့တွင်းသို့ဝင်၍ ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးလှူပြီးလျှင် ခုနစ်ရက်မြောက် ရောက်သောနေ့၌ ရဟန်းတသိန်း၏ ခြေရင်းဝယ် တိစီဝရိက်သင်္ကန်းအစုံတို့ကို ထားရှိတည်ခင်းပြီးနောက် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးလျက်"ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဟံသာဝတီ မင်းနေပြည်ဝယ် ယာယီတနန်း ဆွမ်းအလှူမှစ၍ ခပ်သိမ်းဥဿုံ အလုံးစုံသော ကုသိုလ်ကောင်းမှုများကို တပည့်တော်သည် သိကြားနတ်မင်းစည်းစိမ်ကို တောင့်တ၍လည်း ပြုသည်မဟုတ်ပါ၊ မာရ်မင်း, ဗြဟ္မာမင်းတို့စည်းစိမ်ကို တောင့်တ၍လည်း ပြုသည်မဟုတ်ပါ၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ အလုပ်အကျွေး=ဥပဋ္ဌာက ရဟန်းအဖြစ်ကို တောင့်တ၍သာ ပြုအပ်ခဲ့ပါသည်၊ ထို့ကြောင့် မြတ်စွာဘုရား........ တပည့်တော်သည် အနာဂတ နောက်ကာလဝယ်-သုမနမထေရ်သူမြတ်ကဲ့သို့ တဆူဆူသော မြတ်စွာဘုရားရှင်၏ အလုပ်အကျွေး= ဥပဋ္ဌာက ဖြစ်ရပါလို၏"ဟု ဆုတောင်းစကား လျှောက်ထားလေ၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် သုမနမင်းသား၏ ဆုတောင်းပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင် ဖဲကြွတော်မူလေ၏။ သုမနမင်းသားသည် မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင်ပင်"ဘုရားရှင်တို့မည်သည် နှစ်ခွသောစကား ရှိတော်မမူကြကုန်= ကောန်မလွဲ မြဲသောစကား ရှိတော်မူကြကုန်၏"ဟု ဆင်ခြင်မိ၍ ဗျာဒိတ်ကြားသည့် နေ့မှ ဒုတိယမြောက် နောက်နေ့မှာပင်

အစိန္တေယျ သုံးလောကထွတ်ထား ဂေါတမ မြတ်စွာဘုရား၏ သပိတ်, သင်္ကန်းကို ယူဆောင်ကာ နောက်တော်မှ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါရမည့်သူကဲ့သို့ ပီတိဖြင့် ပြည့်ဖုံးသော စိတ်နှလုံးရှိသူ ဖြစ်လေ၏။

## အကြားကာလ ကောင်းမှုများ

သုမနမင်းသားသည် ပဒုမုတ္တရ မြတ်စွာ သာသနာခေတ်၌ အနှစ်တသိန်းကြာ ဒါနကောင်းမှုပြုလုပ်၍ ထိုဘဝမှ စုတေလတ် သော် နတ်ပြည်၌ဖြစ်လျက် တဖန် ကဿပမြတ်စွာ လက်ထက် တော်အခါ၌ ဆွမ်းခံကြွသော မထေရ်မြတ်တပါးအား သပိတ် အောက်မှ ခံယူရန် မိမိ၏ အပေါ်ရုံစုလျားတဘက်ကို ဆက်ကပ် လှူဒါန်းပူဇော်သော သူတော်ကောင်း ဖြစ်ပြန်လေသည်။

တဖန် ထိုဘဝမှစုတေပြန်သော် နတ်ပြည်၌ဖြစ်၍ ထိုနတ်ပြည်မှ စုတေလတ်သော် ဗာရာဏသီပြည်ဝယ် ဗာရာဏသီမင်းဖြစ်၍ တနေ့ သ၌ ပြာသာဒ်မအထက်၌ နေရာက ဂန္ဓမာဒနတောင်မှ ကောင်း ကင် ခရီးဖြင့် ကြွရောက်တော်မူလာကြသည့် ပစ္စေကဗုဒ္ဓါ အရှင် မြတ် ရှစ်ဆူတို့ကို ဖူးမြင်ရ၍ ရွှေနန်းတော်သို့ ပင့်စေကာ ဆွမ်း ဆက်ကပ် လှူဒါန်းပြီးလျှင် မိမိ၏ မင်္ဂလာဥယျာဉ် အတွင်း၌ ထို ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ဆူတို့အတွက် သင်္ခမ်းကျောင်း ရှစ် ကျောင်းတို့ကို ဆောက်လုပ် လှူဒါန်းသည့်ပြင် ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ နန်းတော်သို့ ကြွရောက်လာကြလျှင် ထိုင်စရာအလို့ ငှါ ရတနာ၁ဆယ့်ပါးတို့ဖြင့် ပြီးသော အင်းပျဉ်ကြီး ရှစ်လုံးတို့ကို ၎င်း, သပိတ်တော်များ တင်ထားရန်အလို့ငှါ ပတ္တမြား သပိတ် ခြေတို့ကို၎င်း အသင့် စီမံလျက် နှစ်ပေါင်း တသောင်းကြာ ထို ပစ္စေကဗုဒ္ဓါရှစ်ဆူတို့အား ပြုစု လုပ်ကျွေးလေသည်။ ဤသည်တို့ ကား ထင်ရှားသော အရာဌာနတို့ ဖြစ်ကုန်၏၊ ထိုမှတပါးလည်း ဤ ကမ္ဘာတသိန်း ကာလ အတွင်း၌ များစွာသော ကောင်းမှု ကုသိုလ်တို့ကို ပြုခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ယင်းသို့ ကမ္ဘာ တသိန်းကြာ အလှူဒါန မျိုးကြဲချလျက်ပင် အကျွန်ုပ်တို့၏ မြတ်စွာဘုရား အလောင်းတော်နှင့် အတူတကွ တုသိတာနတ်ပြည်၌ဖြစ်၍ ထိုဘဝမှ စုတေလတ်သော် ကပိလဝတ် နေပြည်တော်ဝယ် အမိတော်ဒနသာကီဝင်မင်း၏သား ဖြစ်လာ လေသည်၊ ထိုမင်းသား၏အမည်ကို "မြေ့ဆွေမျိုးအားလုံးတို့ နှစ်သက် ဝမ်းမြောက်အောင် ပြု၍ ဖြစ်ပွါး လာခဲ့သောကြောင့် အာနန္ဒ မင်းသား"ဟု အမည် မှည့်ကြလေကုန်၏။ ထိုအာနန္ဒမင်းသား သည် အစဉ်သဖြင့် မြတ်စွာဘုရားရှင် တောထွက်၍ ဘုရား ဖြစ် ပြီးနောက် ပဌမအကြိမ် ကြွရောက်ခြင်းဖြင့် ကပိလဝတ် နေပြည် တော်သို့ ကြွရောက်တော်မူလာ၍ ထိုနေပြည်တော်မှ တဖန် ထွက်ကြွတော်မူပြန်သောအခါ မြတ်စွာဘုရား၏ အခြံအရံ ဖြစ်ကြ ရန်အတွက် သာကီဝင်မင်းသား များစွာတို့ ရဟန်းပြုကြသည် ရှိသော် ဘဒ္ဒိယမင်းသား-စသည်တို့နှင့် အတူတကွ တောထွက် ခဲ့၍ အနုပိယမြို့၏အနီး အနုပိယပင်မည်သော သရက်ဥယျာဉ်ဝယ် မြတ်စွာဘုရားရှင်အထံတော်၌ ရှင်ရဟန်းပြုလေသည်။ (အောက် မဟာဗုဒ္ဓဝင် တတိယတွဲ မျက်နှာ ၁၄၅-၌ ပြန်၍ကြည့်ပါ)။

### အရှင်အာနန္ဒာ သောတာပန် တည်ခြင်း

အရှင်အာနန္ဒာမထေရ်သည် ရဟန်းပြုပြီးနောက် မကြာမြင့်မီ ပင် အရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်၏ အထံ၌ တရားစကားကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်တော်မူ၏။ ထိုအကြောင်း ကို ဤဖော်ပြလတ္တံ့သော သံယုတ္တနိကာယ ခန္ဓဝဂ္ဂသံယုတ် (၉) ၄-ထေရဝဂ်၊ ၁-အာနန္ဒသုတ် (သံ မြန် ၂၊ မျက်နှာ ၈၁)ကို ထောက်၍ သိရာ၏၊ ထိုသုတ်၏ ဆိုလိုရင်းမှာ—

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတိုက် တော်၌ သီတင်းသုံးတော်မူစဉ် တနေ့သ၌ အရှင်အာနန္ဒာသည် ရဟန်းတို့ကို "ငါ့ရှင်ရဟန်းတို့...."ဟု ခေါ်၍ ရဟန်းတို့က "ငါ့ရှင်" ဟု စကားတုံ့ပြန်သောအခါ ဤစကားကို မိန့်ဆို၏။

"ငါ့ရှင်တို့......မန္တာဏိပုတ္တ-ပုဏ္ဏအရှင်သည် သီတင်းငယ်ဖြစ်ကြသည့် ငါတို့အပေါ်ဝယ် ကျေးဇူးဥပကာရများလှ၏၊ ထိုအရှင်သည် ငါတို့ကို ဤအဆုံးအမဖြင့် ဆုံးမ၏။ ဆုံးမပုံမှာ-'ငါ့ရှင်အာနန္ဒာ...အစွဲပြု၍သာလျှင် ငါဖြစ်၏ ဟူသော ပပဥ္စတရားသုံးပါး ဖြစ်၏၊ အစွဲမပြုမူ၍ မဖြစ်။ အဘယ်ကို အစွဲပြု၍သာလျှင် ငါဖြစ်၏-ဟူသော ပပဥ္စတရားသုံးပါး ဖြစ်သနည်း၊ အစွဲမပြုရလျှင် မဖြစ်သနည်းဟူမူ ရုပ်ကိုအစွဲပြု၍ ငါဖြစ်၏-ဟူသော ပပဥ္စတရားသုံးပါး ဖြစ်၏, အစွဲမပြုရလျှင် မဖြစ်၊ ဝေဒနာကို။ပ။ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို အစွဲပြု၍ ငါဖြစ်၏-ဟူသော ပပဥ္စတရားသုံးပါး ဖြစ်၏, အစွဲမပြုရလျှင် မဖြစ်။

ငါ့ရှင်အာနန္ဒာ....ဥပမာသော်ကား တန်းဆာဆင်ခြင်းသဘောရှိသည့် ငယ်ရွယ် ပျိုနုသော မိန်းမသော်၎င်း, ယောက်ျားသော်၎င်း စင်ကြယ် တောက်ပသော မှန်ဖြစ်စေ, ကြည်လင်သော ရေခွက်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် (မိမိမျက်နှာပြင်နှင့် မှန်, ရေခွက်တို့ကို) အစွဲပြု၍သာ (မျက်နှာရိပ်ကို)မြင်လေရာ၏၊ အစွဲမပြုရလျှင်ကား မမြင်လေရာ။ ငါ့ရှင်အာနန္ဒာ....ဤအတူပင် ရုပ်ကိုအစွဲပြု၍သာ ငါဖြစ်၏-ဟူသော ပပဥ္စတရားသုံးပါး ဖြစ်၏၊ အစွဲမပြုရလျှင် မဖြစ်။ ဝေဒနာကို။ပ။ သညာကို၊ သင်္ခါရတို့ကို၊ ဝိညာဏ်ကို အစွဲပြု၍သာ ငါဖြစ်၏-ဟူသော ပပဥ္စတရားသုံးပါး ဖြစ်၏, အစွဲမပြုရလျှင် မဖြစ်။

ငါ့ရှင်အာနန္ဒာ.......ယခု ငါမေးမည့်စကားကို သင်အဘယ်သို့ မှတ်ထင်သဘောကျသနည်း—ရုပ်သည် မြဲသလော, မမြဲဘူးလော၊ မမြဲပါ ငါ့ရှင်....။(အနတ္တလက္ခဏာသုတ်လာအတိုင်း ဓမ္မဒေသနာ သွားလေ)။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိပြီဟု သိ၏'ဟူ၍ ဆုံးမ၏။

ငါ့ရှင်တို့...မန္တာဏိ ပုတ္တ-ပုဏ္ဏအရှင်သည် သိတင်းသုံး ဖြစ်ကြသည့် ငါတို့အပေါ်ဝယ် ကျေးဇူးဥပကာရ များလှ၏၊ ထိုအရှင်သည် ငါတို့ကို ဤဆိုအပ်ပြီးသော အဆုံးအမဖြင့် ဆုံးမ၏။ မန္တာဏိ ပုတ္တ-ပုဏ္ဏအရှင်၏ ဤတရားဒေသနာကို ကြားနာရသောကြောင့် ငါသည် သစ္စာလေးပါးတရားကို သိရ၏ = သောတာပန် အရိယာဖြစ်ရ၏”——

ဟု မိန့်တော်မူ၏။ ။ဤကဲ့သို့ ဆိုလိုရင်းဖြစ်သည်၊ ဤသုတ်ကို ထောက်၍ အရှင်အာနန္ဒာ မထေရ်သည် မန္တာဏိပုတ္တ-ပုဏ္ဏ မထေရ်၏ ကြေးမုံ (မှန်) ဥပမာတရားဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်တော်မူကြောင်း သိမှတ်ရာ၏။

## ဥပဋ္ဌာက=အလုပ်အကျွေးရာထူး ခံယူတော်မူခြင်း

မြတ်စွာဘုရားရှင်၏ အဖို့ရာ ပဌမဗောဓိခေါ် ဝါတော်နှစ်ဆယ်အတွင်း၌ အမြဲတမ်း အလုပ်အကျွေးဟူ၍ မရှိသေးချေ၊ တရံတခါ အရှင် နာဂသမာလမထေရ်သည် မြတ်စွာဘုရား၏ သပိတ်, သင်္ကန်းကို ယူဆောင်၍ လှည့်လည်လိုက်ပါသည်။ တရံတခါ အရှင်နာဂိတ, တရံတခါ အရှင်ဥပဝါန, တရံတခါ လိစ္ဆဝီမင်းသား သုနက္ခတ္တရဟန်း, တရံတခါ အရှင်သာရိပုတ္တရာ၏ညီ အရှင်စုန္ဒ, တရံတခါ အရှင်သာဂတ, တရံတခါ အရှင်ရာဓ, တရံတခါ အရှင်မေဃိယမထေရ်သည် မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို ယူဆောင်၍ လှည့်လည်လိုက်ပါလေသည်။

ထိုမထေရ်တို့အနက် အခါတပါး မြတ်စွာဘုရားရှင်သည် နာဂသမာလမထေရ်နှင့် အတူတကွ အခွန့်ရှည်သောခရီးသို့ ကြွရောက်တော်မူလေရာ လမ်းနှစ်မြွာသို့ ရောက်ရှိလေသည်။ နာဂသမာလမထေရ်သည် ခရီးမှ သက်၍ “မြတ်စွာဘုရား....တပည့်တော်သည် ဤခရီးဖြင့် သွားပါအံ့”ဟု ဆို၏။ မြတ်စွာဘုရားရှင်က “ချစ်သားရဟန်း....လာပါလေ၊ ဤခရီးဖြင့် သွားကြကုန်အံ့”ဟု

(အခြားလမ်းဖြင့် သွားရန်) မိန့်တော်မူလေလျှင် နာဂသမာလမထေရ်သည် "ကိုင်း....မြတ်စွာဘုရား....အရှင်ဘုရားတို့၏ သပိတ်, သင်္ကန်းကိုသာ ယူတော်မူကြလော့၊ တပည့်တော်သည် ဤခရီးဖြင့် သွားပါအံ့"ဟု ကပ်ဖဲ့ ပြောဆိုကာ မြတ်စွာဘုရား၏ သပိတ်, သင်္ကန်းကို မြေပေါ်၌ ချမည့်အဟန် စိမ်အားသစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် "ရဟန်း....ယူခဲ့လော့"ဟု မိန့်တော်မူကာ ကိုယ်တော်၏ သပိတ်, သင်္ကန်းကို ကိုယ်တော်တိုင် ယူဆောင်၍ ကြွတော်မူလေ၏။ အရှင်နာဂသမာလမထေရ်သည်လည်း မိမိ ပြောဆိုသည့် အခြား လမ်းခရီးဖြင့် (မြတ်စွာဘုရားနှင့် ခွဲခွါ၍) သွားလေ၏။ အတန်ငယ် သွားမိလတ်သော် ခါးပြ လူဆိုးတို့သည် မထေရ်၏ သပိတ်, သင်္ကန်းကိုလည်း လုယက်၍ ယူကြကုန်၏၊ ခါးပြလူဆိုးတို့ ရိုက်နှက်သဖြင့် မထေရ်၏ ဦးခေါင်းသည်လည်း ပေါက်ကွဲခဲ့လေ၏။ မထေရ်သည် "ယခုအခါ ငါ့အဖို့ရာ ဘုရားသာလျှင် ကိုးကွယ်ရာရှိ၏၊ အခြားကိုးကွယ်ရာ မရှိတော့ပြီ"ဟု ကြံစည်ဆင်ခြင်မိကာ တကိုယ်လုံး သွေးများဖြာလျက် မြတ်စွာဘုရားရှင် အထံတော်သို့ လာရောက်လေ၏။ "ချစ်သား.... ဤဖြစ်ရပ်ကား အသို့နည်း = ဘယ်နှာနည်း"ဟု မြတ်စွာဘုရားက မေးတော်မူသောအခါ မထေရ်သည် ထိုအကြောင်းကို မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် နာဂသမာလမထေရ်ကို "ချစ်သား....အကြံများ၍ စိတ်အားမငယ်လင့်၊ ဤအကြောင်းကြောင့်ပင် သင်ချစ်သားကို ငါဘုရားတို့ တားမြစ်ကြခြင်းဖြစ်သည်"ဟု မိန့်တော်မူ၍ သက်သာစေတော်မူ၏။ (ဤသည်လည်း အကြောင်းတပါးဖြစ်သည်)။

ထို့ပြင်လည်း အခါတပါး (=စာလိကတောင်ပေါ်ကျောင်းတိုက်၌ တေရသမ = ၁၃-ခုမြောက် ဝါကပ်တော်မူသောအခါ) အရှင်မေဃိယမထေရ်သည်မြတ်စွာဘုရား၏ခေတ္တအလုပ်အကျွေးဖြစ်ကာ ဇန္တုရွာ၌ ဆွမ်းခံလှည့်လည်ပြီးသော် ကိမိကာဠာမည်သောမြစ်ကမ်း၌ လမ်းလျှောက်စဉ် သရက်ဥယျာဉ်ကို မြင်ရ၍ "မြတ်စွာဘုရား....အရှင်ဘုရားတို့၏ သပိတ်, သင်္ကန်းကို ယူတော်

မူကြလေ၊ တပည့်တော်သည် ထိုသရက်ဥယျာဉ်၌ ရဟန်းတရား အားထုတ်ပါအံ့”ဟု လျှောက်ထား၍ မြတ်စွာဘုရားက သုံးကြိမ် တိုင်တိုင် တားမြစ်ပါသော်လည်း မရရှိပဲ ထိုသရက်ဥယျာဉ်သို့ သွားရောက်ကာ ကျောက်ဖျာ၌ ထိုင်နေမိလျှင်ပင် အကုသိုလ် ဝိတက်သုံးပါးတို့ ဝင်ရောက် နှိပ်စက်အပ်သည်ဖြစ်၍ မြတ်စွာ ဘုရားထံ တဖန် ပြန်လာပြီးလျှင် ထိုအကြောင်းကို ပြန်ကြား လျှောက်ထားလေ၏။ ထိုမထေရ်ကိုလည်း မြတ်စွာဘုရားသည် “ချစ်သား…ဤအကြောင်းကို သိမြင်၍ပင် သင်ချစ်သားကို ငါ ဘုရားတို့ တားမြစ်ခဲ့ကြသည်”ဟု မိန့်တော်မူကာ သက်သာရာ ရစေတော်မူ၏။ (ဤ မေဃိယမထေရ်၏ အကြောင်း အရာ အကျယ်ကို အောက်မဟာဗုဒ္ဓဝင် စတုတ္ထတွဲ စာမျက်နှာ ၁၉၃-မှ စ၍ ကြည့်ရှု မှတ်ယူကုန်ရာ၏)။ (ဤသည်လည်း အကြောင်း တပါး ဖြစ်သည်)။

ဤအကြောင်းများကြောင့် မြတ်စွာဘုရားသည် နောက်အခါ ဝယ် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက်တော် ဂန္ဓကုဋီ ပရိဝုဏ်အတွင်း ခင်းထားအပ်သော ဗုဒ္ဓါသန မွေပလ္လင်တော်၌ ရဟန်းအပေါင်း ခြံရံလျက် ထိုင်နေတော်မူစဉ် ရဟန်းတို့ကို—

“ရဟန်းတို့…ယခုအခါ ငါဘုရားသည် အသက်အရွယ် ကြီးရင့်ခဲ့လေပြီ (= ထိုအချိန်၌ မြတ်စွာဘုရား၏ အသက် တော်မှာ ငါးဆယ့်ငါးနှစ် ကျော်ခဲ့လေပြီ)၊ အချို့ ရဟန်း များသည် ငါဘုရားက ‘ဤခရီးဖြင့် သွားကြကုန်စို့’ဟု ပြောဆိုအပ်ပါလျက် အခြားခရီးဖြင့် ငါဘုရားကို စွန့်ခွါ သွားကြကုန်၏(အရှင်မေဃိယကို ရည်ညွှန်းသည်)။ အချို့ ရဟန်းများကမူ ငါဘုရား၏ သပိတ်, သင်္ကန်းကို မြေ၌ ချထားမည့် အခြေအထိ ပြုလုပ်ကြဘိသည် (အရှင်နာဂ- သမာလကို ရည်ညွှန်းသည်)။ ငါဘုရားအတွက် အမြဲပြုစု လုပ်ကျွေးမည့် ရဟန်းတပါးကို သင်ချစ်သားတို့ စဉ်းစား ကြလေ”—

ဟု မိန့်တော်မူ၏။ ထိုစကားကို ကြားရသောအခါ ရဟန်းတော်တို့သန္တာန်ဝယ် ဓမ္မသံဝေဂ ကြီးစွာဖြစ်ရှိလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "မြတ်စွာဘုရား.... တပည့်တော်သည် အရှင်ဘုရားတို့ကိုသာလျှင် တောင့်တလျက် တသ်ချေ့နှင့် ကမ္ဘာတသိန်းကြာ ပါရမီတို့ကို ဖြည့်ဆည်းပူးခဲ့ပါသည်၊ တပည့်တော်ကဲ့သို့သော မဟာပည ပုဂ္ဂိုလ်သည် ရှင်တော်ဘုရားတို့အတွက် အလုပ်အကျွေး = ဥပဋ္ဌာကပုဂ္ဂိုလ် ဖြစ်သင့်သည် မဟုတ်ပါလော၊ တပည့်တော်သည် ရှင်တော်ဘုရားတို့အား ပြုစု လုပ်ကျွေးပါရစေ" ဟု တောင်းပန်စကား လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ မထေရ်ကို "မသင့်ဘူး ချစ်သား သာရိပုတ္တရာ....၊ အကြင်အရပ်၌ သင်ချစ်သား နေ၏၊ ထို အရပ်သည် စင်စစ် တရားမှ မဆိတ်သုဉ်းသည်သာ ဖြစ်၏။ မှန်၏-သင်ချစ်သား၏ အဆုံးအမ ဩဝါဒသည် မြတ်စွာဘုရားတို့၏ အဆုံးအမ ဩဝါဒနှင့်တူ၏၊ သို့ရကား သင်ချစ်သားသည် ငါဘုရားအား ပြုစုလုပ်ကျွေးရန်ကိစ္စ မရှိ"ဟု ချီးမြှောက်စကား မိန့်ကြားတော်မူကာ မထေရ်၏ တောင်းပန်လျှောက်ထားချက်ကို မြစ်ပယ်တော်မူ၏။ ဤနည်းဖြင့်ပင် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို အစပြု၍ ရှစ်ကျိပ်သော မဟာသာဝကကြီးများသည် ကိုယ်စီကိုယ်င ထ၍ ထ၍ မြတ်စွာဘုရားအား မိမိတို့ပြုစုလုပ်ကျွေးရပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြလေသည်၊ ထိုမဟာသာဝကကြီး အားလုံးတို့ကိုပင် မြတ်စွာဘုရားသည် မြစ်ပယ်တော်မူလေ၏။

### အရှင်အာနန္ဒာ ဆုရှစ်တန် ခံယူခြင်း

အရှင်အာနန္ဒာ မထေရ်မြတ်တပါးမူကား ပြုစုလုပ်ကျွေးခွင့်ရရန် မတောင်းပန်ပဲ ဆိတ်ဆိတ်သာလျှင် ထိုင်နေလေသည်။ ထိုအခါ မထေရ်မြတ်ကို ရဟန်းတော်တို့က "ငါ့ရှင်အာနန္ဒာ.... ရဟန်းသံဃာသည် အလုပ်အကျွေးအပြုအစု = ဥပဋ္ဌာကအရာကို

တောင်းခံဆဲ ရှိလေသည်၊ သင်သည်လည်း ထိုပဋ္ဌာကအရာကို တောင်းခံပါလော့”ဟု တိုက်တွန်းစကား ပြောကြားကြလေလျှင် အရှင်အာနန္ဒာမထေရ်မြတ်သည် “ငါ့ရှင်တို့.....တောင်းမှုရအပ်သည့် ရာထူး=ဌာနမည်သည် အဘယ်သို့သဘောရှိမည်နည်း၊ ငါ့ကို မြတ်စွာဘုရားသည် မြင်တော်မမူဘူးလော=မြင်တော်မူသည်သာဖြစ်၏၊ အကယ်၍ မြတ်စွာဘုရားသည် အလိုတော်ရှိလျှင် ‘အာနန္ဒာသည် ငါဘုရားကို ပြုစုလုပ်ကျွေးစေ’ဟု မိန့်တော်မူပါလိမ့်မည်” ဟူ၍ ပြန်ကြားမိန့်ဆိုတော်မူလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းများကို “ချစ်သားရဟန်းတို့...အာနန္ဒာသည် သူတပါးတို့က တိုက်တွန်းမှ ငါဘုရားကို ပြုစုမည့်ပုဂ္ဂိုလ် မဟုတ်ချေ၊ မိမိအလိုလိုပင် သိရှိကာ ငါဘုရားကို ပြုစုလုပ်ကျွေးပေလိမ့်မည်”ဟု မိန့်တော်မူလေ၏။ ထိုအခါ ရဟန်းတို့သည် “ငါ့ရှင်အာနန္ဒာ....ထပါလော့၊ ငါ့ရှင်အာနန္ဒာ....ထပါလော့၊ မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးရန်ဆုကို တောင်းခံပါလော့” ဟု တိုက်တွန်းစကား ပြောကြားကြကုန်၏။ ထိုအခါမှာမှ အရှင်အာနန္ဒာမထေရ်သည် မိမိထိုင်နေရာမှထ၍ **ပယ်လေးတန်+ခံလေးပါး=ဆုရှစ်ပါးတို့ကို တောင်းခံတော်မူ၏—**

ပယ်လေးတန်-ဟူသည်မှာ “မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် တပည့်တော်အား အကယ်၍ ကိုယ်တော်မြတ်ရအပ်သည့် ကောင်းမြတ်သော သင်္ကန်းကို မပေးစွန့်ဘူးပဲ-ဆိုလျှင်(၁), ကောင်းမြတ်သောဆွမ်းကို မပေးစွန့်ဘူးပဲ-ဆိုလျှင်(၂), ကိုယ်တော်မြတ်နှင့်အတူ ဂန္ဓကုဋီတတိုက်တည်း၌ တကွနေထိုင်ခွင့် မပေးဘူးပဲ-ဆိုလျှင်(၃), ကိုယ်တော်မြတ်အား ဒါယကာ ဒါယိကာမတို့က ပင့်ဖိတ်ရာသို့ တပည့်တော်ကို ခေါ်ဆောင်၍ ကြွသွားတော်မမူဘူးပဲ-ဆိုလျှင်(၄)=ဤလျှောက်ဆိုရာပါ ဆုလေးပါးကို သနားချီးမြှောက်တော်မူပါလျှင် တပည့်တော်သည် ရှင်တော်ဘုရားကို ပြုစုလုပ်ကျွေးပါရစေ ဘုရား....—

ဟု လျှောက်ထားလေသည်။ "ချစ်သားအာနန္ဒာ...လျှောက်ဆိုရာပါ ဤလေးဌာန၌ သင်ချစ်သားသည် အဘယ်အပြစ်ကို မြင်သနည်း" ဟု မြတ်စွာဘုရားက မေးတော်မူအပ်လေလျှင် အရှင်အာနန္ဒာသည် "မြတ်စွာဘုရား...တပည့်တော်သည် ဤ ဝတ္ထုလေးပါးတို့ကို အကယ်၍ ရယူခဲ့လျှင် 'အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင် ရအပ်သော ဆွမ်းကောင်းကိုလည်း ဘုဉ်းပေးရ၏ (၁), သင်္ကန်းကောင်းကိုလည်း ဝတ်ရုံသုံးဆောင်ရ၏ (၂), ဂန္ဓကုဋီ တတိုက်တည်း၌လည်း မြတ်စွာဘုရားနှင့် အတူအကွ နေထိုင်ရ၏ (၃), မြတ်စွာဘုရားနှင့် အတူတကွ ပင့်ဖိတ်ရာသို့လည်း လိုက်ပါရ၏ (၄)=ဤလာဘ်ကြီးလေးပါးကို ရသည်ဖြစ်၍ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေး၏၊ ဤသို့ လာဘ်ကြီးလေးပါးကို ရသည်ဖြစ်၍ ပြုစုလုပ်ကျွေးသော အရှင်အာနန္ဒာ၏ အဖို့ရာ အဘယ်မှာ ဝန်လေးမှု ရှိအံ့နည်း=မရှိသည်သာတည်း' ဟု ရှုတ်ချစကား ပြောကြားကြသူများ ထင်ရှားပေါ်ပေါက်လာပါလိမ့်မည်၊ ဤအပြစ်ကို မြင်ပါသည်ဘုရား" ဟု လျှောက်ထားကာ ဖော်ပြရာပါ ပယ်လေးတန်ဆုတို့ကို တောင်းခံတော်မူလေ၏။

**ခံလေးပါး**-ဟူသည်မှာ— "မြတ်စွာဘုရား.......ရှင်တော်ဘုရားသည် အကယ်၍ တပည့်တော် ပင့်လျှောက်အပ်သည့် ဖိတ်ကြားရာအရပ်သို့ လိုက်ပါကြွရောက် ချီးမြှောက်တော်မူမည်-ဆိုလျှင် (၁), အကယ်၍ တပည့်တော်သည် တိုင်းတပါး တိုက်နယ်တပါးမှ ဘုရားဖူးလာရောက်သော ပရိသတ်ကို လာရောက်သောခဏမှာပင် ဘုရားရှင်ကို ဖူးမြင်စေနိုင်ခွင့်ကို ရရှိမည်-ဆိုလျှင် (၂), တပည့်တော်၏ သန္တာန်ဝယ် တရားနှင့်စပ်၍ ယုံမှားသံသယဖြစ်သော ခဏမှာပင် ရှင်တော်ဘုရားထံသို့ ကပ်ရောက် မေးလျှောက်နိုင်ခွင့်ကို ရမည်-ဆိုလျှင် (၃), ထိုမှတပါး မြတ်စွာဘုရားသည် တပည့်တော်၏ မျက်ကွယ်ဝယ် ဟောကြားတော်မူအပ်သော တရားတော်ကို တဖန် ပြန်ရောက်လာလျှင် တပည့်တော်အား သိနားသဖြင့် ဟောကြားတော်မူမည်-

ဆိုလျှင် (၄)=ဤလျှောက်ဆိုရာပါ ဆုလေးပါးကို သနား ချီးမြှောက်တော်မူပါလျှင် တပည့်တော်သည် ရှင်တော် ဘုရားကို ပြုစုလုပ်ကျွေးပါရစေ ဘုရား....”—

ဟု လျှောက်ထားလေသည်။ “ချစ်သားအာနန္ဒာ....လျှောက်ဆိုရာ ပါ ဤလေးဌာနၶ သင်ချစ်သားသည် အဘယ်အကျိုးကို မြင် သနည်း”ဟု မြတ်စွာဘုရားက မေးတော်မူအပ်လေလျှင် အရှင် အာနန္ဒာသည် “မြတ်စွာဘုရား.......အံ့ဖွယ်ရှစ်ဖြာ ဤသာသနာ၌ သဒ္ဓါတရား ကြီးမားကြသူ အမျိုးကောင်းသားတို့သည် မြတ်စွာ ဘုရားအား ကိုယ်တိုင်ပင့်လျှောက်ခွင့်ကို မရကြကုန်သည်ရှိသော် တပည့်တော်ကို ‘အရှင်အာနန္ဒာဘုရား........နက်ဖြန်ခါ မြတ်စွာ ဘုရားနှင့် အတူတကွ တပည့်တော်တို့အိမ်၌ ဆွမ်းကို အလှူခံ တော်မူကြပါ၊ဘုရား’ဟု လျှောက်ထား ပြောဆိုကြပါလိမ့်မည်၊ မြတ်စွာဘုရားသည် အကယ်၍ ထိုသို့လျှောက်ထား ဖိတ်ကြားရာ အရပ်သို့ လိုက်ပါကြွရောက်မှု ပြုတော်မမူခဲ့ပါလျှင် (၁), တိုင်း တပါး တိုက်နယ်တပါးမှ ဘုရားဖူးလာရောက်သော ပရိသတ်ကို အလိုရှိအပ် အလိုရှိအပ်သော ခဏမှာပင် ဘုရားရှင်ကို ဖူးမြင် စေနိုင်ခွင့်ကိုမှ မရခဲ့ပါလျှင် (၂), ယုံမှားသံသယ ဖြစ်သောခဏ မှာပင် တပည့်တော်သည် ရှင်တော်ဘုရားထံသို့ ကပ်ရောက် မေးလျှောက်နိုင်ခွင့်ကိုမျှမရခဲ့ပါလျှင်(၃), အဘယ့်ကြောင့် အရှင် အာနန္ဒာသည် မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးနေဘိသနည်း၊ မြတ်စွာဘုရားသည် ထိုအရှင်အာနန္ဒာအား ဤမျှလောက်သော ချီးမြှောက်မှုကိုပင် ပြုတော်မမူချေ’ ဟု ကဲ့ရဲ့ကြသူများ ထင်ရှား ပေါ်ပေါက် လာပါလိမ့်မည်၊ ထို့ကြောင့် တပည့်တော်သည် လျှောက်ထားရာပါ ကဲ့ရဲ့မှုများ မပေါ်ပေါက်စေရန် (၁-၂-၃ အမှတ်ပြ) ရှေးဆုသုံးပါးကို လိုလားတောင့်တပါသည်။ ထို့ပြင် လည်း ရှင်တော်ဘုရား၏ မျက်ကွယ်၌ တပည့်တော်ကို ‘ငါ့ရှင် အာနန္ဒာ.... ဤ ဂါထာကို, ဤသုတ္တန်ကို, ဤ ဇာတ်ကို မြတ်စွာ ဘုရားသည် အဘယ်အရပ်၌ ဟောကြားတော်မူအပ်ပါသနည်း’ ဟု မေးမြန်းကြပါလိမ့်မည်၊ တပည့်တော်သည် အကယ်၍ ထို

အမေးကို အပြည့်အစုံ မဖြေကြားနိုင်ပါလျှင် 'ငါ့ရှင်...သင်သည် ဤမျှလောက်ကိုပင် မသိချေ၊ အဘယ့်ကြောင့် သင်သည် အရိပ်ပမာ မြတ်စွာဘုရားကို မစွန့်ပဲ ကာလရှည်မြင့်စွာ လိုက်ပါမြဲ နေဘိသနည်း'ဟု အပြစ်တင်စကား ပြောကြားကြသူများ ထင်ရှားပေါ်ပေါက်လာပါလိမ့်မည်၊ ထို့ကြောင့် တပည့်တော်သည် ရှင်တော်ဘုရား တပည့်တော်၏မျက်ကွယ်၌ ဟောကြားအပ်သည့် တရားကိုလည်း တဖန်ပြန်၍ဟောကြားတော်မူခြင်း(=စတုတ္ထဆု) ကို လိုလားတောင့်တပါသည်။ လျှောက်ဆိုရာပါ ဆုလေးပါး ချီးမြှင့်တော်မူပါလျှင်တား ဆိုအပ်ပြီးသည့် ကဲ့ရဲ့စကား,အပြစ်တင် စကား ပြောကြားမှုများ အလျှင်းပင် ပေါ်ပေါက်လိမ့်မည်မဟုတ်ပါ၊ တပည့်တော်သည် လျှောက်ဆိုရာပါ လေးဌာနတို့၌ ဤအကျိုးကို မြင်ပါသည်ဘုရား...." ဟု လျှောက်ထားကာ ဖော်ပြရာပါ ခံလေးပါးဆုတို့ကို တောင်းခံတော်မူလေ၏။ မြတ်စွာဘုရားရှင်သည်လည်း အရှင်အာနန္ဒာမထေရ်မြတ် တောင်းခံအပ်သည့် ပယ်လေးတန်+ခံလေးပါး= ဤဆုရှစ်ပါးတို့ကို ပေးတော်မူလေ၏။

## မြတ်စွာဘုရားကို သူမတူတန်အောင် ပြုစုလုပ်ကျွေးတော်မူခြင်း

ဤသို့လျှင် အရှင်အာနန္ဒာ မထေရ်မြတ်သည် ဖော်ပြရာပါ ပယ်လေးတန်+ခံလေးပါး= ဤဆုရှစ်ပါးတို့ကိုယူ၍ အမြဲအလုပ်အကျွေး ဖြစ်တော်မူလေ၏၊ ထိုရာထူး = ဌာနန္တရအကျိုးငှါ ကမ္ဘာတသိန်းပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီတို့၏ အကျိုးပြီးမြောက် ပြည့်စုံခြင်းသို့ ရောက်ရှိတော်မူလေ၏။

မထေရ်မြတ်သည် အလုပ်အကျွေး=ဥပဋ္ဌာကရာထူးကို ရသည့်နေ့မှ စ၍ မြတ်စွာဘုရားရှင်အား ရေပူ, ရေချမ်း ကမ်းလှမ်းဆက်ကပ်ခြင်း, ကြိး-လတ်-ငယ် = သုံးသွယ်သောဒန်ပူတို့ကို ဆက်ကပ်ခြင်း, မြတ်ဘုရား၏ လက်တော်ခြေတော်တို့ကို ဆုပ်နယ်ပေးခြင်း, ရေချိုးတော်မူသောအခါ ကျောတော်ကိုချေးတွန်းပေးခြင်း, ဂန္ဓကုဋီပရိဝုဏ်ကို တံမြက်လှည်းခြင်း—ဤသို့ အစရှိသော

ကိစ္စကြီးငယ် အသွယ်သွယ်တို့ဖြင့် ပြုစုလုပ်ကျွေးလျက် "ဤမည်သောအချိန်၌ မြတ်စွာဘုရား၏အဖို့ရာ ဤမည်သောအရာဝတ္ထုကို ရမှ သင့်တော်မည်၊ ဤမည်သောအမှုကို ပြုမှ သင့်တော်မည်"ဟု ကြံစည်ဆင်ခြင်တော်မူကာ တနေ့ပတ်လုံး မြတ်စွာဘုရား၏ အနီးအပါးမှာပင် လှည့်လည်ကျက်စား သွားလာလျက် ရှိတော်မူ၏။

နေ့ကိုလွန်မြောက် ညဉ့်အချိန်သို့ ရောက်သောအခါမှာလည်း ဆီမီးတိုင်ကို စွဲကိုင်တော်မူကာ တညဉ့်တညဉ့်လျှင် ဂန္ဓကုဋီ ပရိဝုဏ်ကို ကိုးပတ် ကိုးပတ် လှည့်တော်မူလေသည်၊ မှန်၏—မထေရ်မြတ်၏ စိတ်သန္တာန်ဝယ် "အကယ်၍များ ငါ့သန္တာန်ဝယ် ထိန, မိဒ္ဓတရား ဝင်ရောက်လာခဲ့သော် မြတ်စွာဘုရားရှင်က အလိုတော်ရှိ၍ ခေါ်တော်မူလျှင် စကားတို့ကို ငါပေးစွမ်းနိုင်လိမ့်မည် မဟုတ်"ဟု ဤကဲ့သို့ အကြံအစည် ဖြစ်ခဲ့လေသည်၊ ထို့ကြောင့် တညဉ့်လုံးလုံး ဆီမီးတိုင်ကို လက်မှမလွှတ်ပဲ အမြဲစွဲကိုင်၍ ထားတော်မူ၏။ ဤမျှကား ဧတဒဂ်ဘွဲ့ထူးရဖို့ရန် အကြောင်းဝတ္ထု ဖြစ်လေသည်။

## (ဂ) ဧတဒဂ် ၅-တန် ရတော်မူခြင်း

နောက်တချိန်၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် အကြောင်းပေါင်းများစွာဖြင့် တရားဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို ချီးကျူးဟောကြားတော်မူပြီးလျှင်—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
ဗဟုဿုတာနံ (၁)
ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
သတိမန္တာနံ (၂)
ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
ဂတိမန္တာနံ (၃)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
မိတိမန္တာနံ (၄)

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
ဥပဋ္ဌာကာနံ (၅)

ယဒိဒံ အာနန္ဒော = ရဟန်းတို့ .... အကြားအမြင်များခြင်း ရှိကြသော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် အာနန္ဒာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏ (၁)၊

(ငါဘုရား၏ တရားစကားကို ကြာမြင့်စွာဆောင်နိုင်သည့်)သတိရှိကြသော ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် အာနန္ဒာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏ (၂)၊

(ငါဘုရား ဟောအပ်သည့်အတိုင်း ပုဒ်တို့ကို) သိစွမ်းနိုင်သည့် အသိပညာရှိကြသော ငါဘုရား၏ တပည့် သာဝကရဟန်းတို့တွင် အာနန္ဒာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏ (၃)၊

(ငါဘုရား၏ တရားစကားတော်ကို သင်ခြင်း ဆောင်ခြင်း သရဇ္ဈာယ်ခြင်းနှင့် ပြုစုလုပ်ကျွေးခြင်း) လုံ့လဝီရိယ ရှိကြသော ရဟန်းတို့တွင် အာနန္ဒာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏ (၄)၊

(ငါဘုရားကို) ပြုစုလုပ်ကျွေးကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် အာနန္ဒာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏ (၅)"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ မထေရ်မြတ်ကို ဤသာသနာ၌ ဗဟုဿုတ, သတိမန္တ, ဂတိမန္တ, မိတိမန္တ, ဥပဋ္ဌာက = ဤငါးဌာနဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

## အရှင်အာနန္ဒာ ရဟန္တာဖြစ်တော်မူခြင်း

ဤအရှင်အာနန္ဒာမထေရ်မြတ်၏ ရဟန္တာ ဖြစ်တော်မူခြင်း အကြောင်းအရာမှာ ပဌမမဟာသံဂါယနာနှင့် ဆက်စပ်လျက် ရှိသောကြောင့် သုတ်သီလက္ခန်အဋ္ဌကထာ စာမျက်နှာ ၃-မှ စသော ပဌမမဟာသံဂီတိကထာကို အဦးမူ၍ ရေးသားဖော်ပြပေအံ့—

ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသည်မှ အစပြု၍ သုဘဒ္ဒပရိဗိုဇ်ကို ဆုံးမချွတ်တော်မူသည့်တိုင်အောင် ဗုဒ္ဓကိစ္စအဝဝကို ပြုတော်မူပြီးသည်ဖြစ်၍ ကုသိနာရုံပြည် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း အင်ကြင်းပင်ပျိုအစုံတို့၏ အကြား၌ မဟာသက္ကရာဇ် (၁၄၈) တရာလေးဆယ့်ရှစ်ခုနှစ် ကဆုန်လပြည့် နေ့ နံနက် မိုးသောက်အခါဝယ် မြတ်စွာဘုရားသခင် အနုပါဒိ-သေသပရိနိဗ္ဗာန် စံဝင်တော်မူပြီးလတ်သော် မလ္လမင်းတို့သည် (၁) ပဌမခုနစ်ရက်ပတ်လုံး မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို နံ့သာ,ပန်း-စသည်တို့ဖြင့် ပူဇော်မှု ပြုကြ၍ သာဓုကီဠနသဘင် ဆင်ယင်ကြလေသည်၊ ထိုခုနစ်ရက်တို့ကို "သာဓုကီဠနသတ္တာဟ"ဟူ၍ ခေါ်ဆိုအပ်လေသည်။

ထို့နောက် နံ့သာထင်းပုံထက်၌ ဥတုဇရုပ်ကလာပ်တော်ကို တင်ထား၍ ဖုတ်ကြည်းသင်္ဂြိုဟ်မှု ပြုလုပ်ကြရာဝယ် အရှင်မဟာ-ကဿပ ကြွရောက်တော်မူလာသည်တိုင်အောင် စောင့်ဆိုင်းငံ့လင့်နေကြရ၍ ခုနစ်ရက်မြောက်သောနေ့၌ အရှင်မဟာကဿပ ကြွရောက်တော်မူလာမှ တေဇောဓာတ်မီး လောင်ကျွမ်းလေသည်။ (၂) ထိုခုနစ်ရက်တို့ကို "စိတကသတ္တာဟ"ဟူ၍ ခေါ်ဆိုအပ်လေသည်။

ထို့နောက် ခုနစ်ရက်ကြာ လှံတပ်ကြီး အထပ်ထပ် ဝန်းကာလျက် မလ္လမင်းတို့သည် မင်းကွန်းတနန်းဝယ် သာရီရိကဓာတ်တော်များကို အစွမ်းကုန်ပူဇော်မှု ပြုကြလေသည်။ (၃) ထိုခုနစ်ရက်တို့ကို "ဓာတုပူဇာသတ္တာဟ"ဟူ၍ ခေါ်ဆိုအပ်လေသည်။

ဤသို့ ခုနစ်ရက်သုံးလီ လွန်မြောက်၍ နယုန်လဆန်း ၅-ရက်နေ့သို့ ရောက်သောအခါ ခတ်တော်ဝေပွဲကြီး ကျင်းပကြလေသည်၊ ထိုသို့ ခတ်တော်ခွဲဝေသောနေ့၌ ရဟန်းသံဃာပေါင်း (၇၀၀၀၀၀) ခုနစ်သိန်း စည်းဝေးမိလေသည်၊ ထိုအစည်းအဝေး၌ သံဃမထေရ်ကြီးဖြစ်တော်မူသော အရှင်မဟာကဿပမထေရ်မြတ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ခုနစ်ရက်မြောက်နေ့တုန်းက (ပါဝါပြည်မှ ကုသိနာရုံသို့အလာလမ်းခရီးအကြား) သုဘဒ္ဒ တောထွက်ရဟန်းကြီး ရိုင်းပြရင့်သီးစွာ ပြောကြားအပ်သည့် "ငါ့ရှင်တို့....တန်ကြလော့၊ မစိုးရိမ်မပူဆွေး မငိုကြွေးကြလင့်၊ ယခုအခါ ငါတို့သည် ထိုရဟန်းကြီးမှ ကောင်းကောင်းကြီး လွတ်မြောက်ကြကုန်ပြီ၊ ထိုရဟန်းကြီးသည် ငါတို့ကို 'ဤအရာသည် သင်တို့အဖို့ အပ်စပ်၏၊ ဤအရာသည် သင်တို့အဖို့ မအပ်စပ်'ဟု ချုတ်ချယ်ခဲ့၏၊ ယခုအခါ၌ကား ငါတို့သည် အလိုရှိအပ်သောအရာကို ပြုကြရကုန်တော့အံ့၊ အလိုမရှိအပ်သော အရာကို မပြုလုပ်ပဲ နေနိုင်ကြရကုန်တော့အံ့" ဟူသော စကားကို အောက်မေ့ သတိရတော်မူသည်ဖြစ်၍၎င်း, ဤသို့သော သံဃအစည်းအဝေးကြီးမျိုး နောက်ထပ်တဖန် ဖြစ်ရှိရန် ရခဲခြင်းကို အောက်မေ့တော်မူသည့်ဖြစ်၍၎င်း—

> "ရဟန်းယုတ်တို့သည် 'ဘုရားစကားတော်သည် ဆရာဘုရား ကွယ်လွန်ပြီးသွားဖြစ်လေပြီ'ဟု အောက်မေ့ကြကာ အပင်းအသင်းကိုရရှိကြလျှင် မကြာမြင့်မီပင် သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ကို ကွယ်ပစေရန် အကြောင်းရှိလေသည်၊ ငါသည် ဦးစီးဦးကိုင်ပြု၍ ဓမ္မ, ဝိနယ သံဂါယနာတင်မှုကို ပြုရပါမူ ကောင်းလေစွာ၊ ယင်းသို့ သံဂါယနာတင်သည် ရှိသော် သဒ္ဓမ္မသုံးဖြာ ဤသာသနာတော်သည် အဓွန့်ရှည်စွာ တည်တံ့လေရာ၏။

ထို့ပြင်လည်း ငါ့ကို မြတ်စွာဘုရားရှင်သည် သင်္ကန်းချင်း လဲလှယ်ဖလှယ်ကာ သုံးဆောင်တော်မူခြင်းဖြင့်၎င်း, 'ရဟန်းတို့....ငါဘုရားသည် အလိုတော်ရှိသလောက် ပဌမ

ဈာန်ကို ဝင်စား၍ နေနိုင်သကဲ့သို့ ကဿပသည်လည်း အလိုရှိသလောက် ပဌမဈာန်ကို ဝင်စား၍ နေနိုင်သည်’- ဤသို့စသည်ဖြင့် အစဉ်အတိုင်း ဝင်စားရသည့်=အနုပုဗ္ဗဝိဟာရသမာပတ် ကိုးပါး အဘိညာဏ် ခြောက်ပါး ပြား သော ဥတ္တရိမနုဿဓမ္မ ကိုယ်တော်မြတ်နှင့် ထပ်မျှတူ ထားတော်မူခြင်းဖြင့်၎င်း ချီးမြှောက်တော်မူအပ်ခဲ့လေပြီ၊ ထို့အတူပင် ငါ့ကို မြတ်စွာဘုရားရှင်သည် ကောင်းကင်၌ လက်တော်ကို လှုပ်ရှားဝှေ့ရမ်း၍ အမျိုးလေးပါးတို့၌ မငြိတွယ်သော စိတ်ရှိခြင်းဖြင့်၎င်း, စန္ဒူပမ (လ-နှင့် တူသော) အကျင့်ပဋိပတ်ဖြင့်၎င်း သူမတူတန်အောင် ချီး မွမ်းတော်မူအပ်ခဲ့လေပြီ၊ ထိုသို့ ချီးမြှောက်တော်မူချက်, ချီးမွမ်းတော်မူချက်များအတွက် ဓမ္မ, ဝိနယ သံဂါယနာ တင်ခြင်းမှတပါး အခြား ကြေးမြီ ပြေလည်အောင်ဆပ်မှု မည်သည် မရှိတော့ချေ။

ခမည်းတော်မင်းတရားက မိမိ၏ ရာဇဝင် အနွယ် အဆက် မပျက်စည်နိုင် တည်စေနိုင်မည့် သားကြီးဩရသ ကို မိမိ၏ချပ်မိန်ညို ရာထူးဌာနန္တရ အစိုးရခြင်းခပင်းကို ပေးအပ်နှင်းသဖြင့် ချီးမြှောက်သည့်ပမာ ငါ့ကို မြတ်စွာ ဘုရားရှင်သည်‘ဤကဿပသည် ငါဘုရား၏တရားအနွယ် အဆက်ကို မပျက်စည်နိုင် တည်စေနိုင်သည့် သားကြီး ဩရသ စင်စစ် ဖြစ်ရစ်လိမ့်မည်’ ဟု သိမြင်တော်မူကာ သူတပါးတို့နှင့် မဆက်ဆံသော ဤ ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်တော်မူခဲ့သည် စင်စစ် ဖြစ်ပေ၏၊ ဤပြန့်ပြော မြင့်မြတ်သော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းတော်မူခဲ့သည်စင်စစ် ဖြစ်ပေ၏”—

ဟု လေးနက်စွာ ကြံစည် ဆင်ခြင်တော်မူလျက် ဓမ္မ, ဝိနယ သံဂါ- ယနာတင်ရန်အလို့ငှါ ထိုအစည်းအဝေးပါ ရဟန်းသံဃာတော် အရှင်မြတ်များအား ( အောက်ဖော်ပြရာပါ သုဘဒ် တောထွက် ရဟန်းကြီး၏ ရင့်သီးရိုင်းပြစွာ ပြောဆိုချက်ကို ဖွင့်ဟမိန့်ကြား၍)-

ကိုင်း····ငါ့ရှင်တို့····အဓမ္မ = မတရား မထွန်းကား သေမီ, ဓမ္မ = တရားတော်ကို မတားမြစ်အပ်သေးမီ, အဝိနယ = ဘုရားရှင့်အဆုံးအမ မဟုတ်သော အရာများ မထွန်းကားသေးမီ, ဝိနယ = ဘုရားရှင့် အဆုံးအမ တရားတော်များ မတားမြစ်အပ်သေးမီ, အဓမ္မဝါဒီ = မတရားပြောကြားသူတို့ အားမရှိကြသေးမီ, ဓမ္မဝါဒီ = တရားသည်ကို ပြောကြားသူတို့ အားမနဲ့ကြသေးမီ, အဝိနယဝါဒီ= ဘုရားရှင့်အဆုံးအမ-မဟုတ်သော အရာကို ပြောကြားသူတို့ အားမရှိကြသေးမီ, ဝိနယဝါဒီ=ဘုရားရှင့် အဆုံးအမတရားတော်ကို ပြောဆိုဟောကြားလေ့ရှိသူတို့ အားမနဲ့ကြသေးမီ ငါတို့သည် ဓမ္မ, ဝိနယ သံဂါယနာ သဘင် ယင်ကြပါကုန်စို့····"—

ဟူ၍ အားပေးစကား သာသနာရေး သွေးညှိစကား မိန့်ကြား တော်မူလေ၏။

ထိုအခါ အစည်းအဝေးပါ ရဟန်းတော်အရှင်မြတ်တို့သည် "အရှင်မဟာကဿပ အရှင်မြတ်ဘုရား....ထိုသို့ဖြစ်လျှင် မထေရ် မြတ်သည် ဓမ္မ, ဝိနယ သံဂါယနာတင်ဖို့ရန် ရဟန်းတော်များကို ရွေးကောက်တော်မူပါဘုရား" ဟု တညီတညွတ်တည်း လျှောက် ထားကြလေ၏။ ထိုသို့ ရဟန်းသံဃာတော်၏ လျှောက်ထားတိုက် တွန်းချက်အရ အရှင်မဟာကဿပ မထေရ်မြတ်သည် နိကာယ် ငါးရပ် ပိဋကတ်သုံးပုံဆောင် ဖြစ်ကြသည့်ပြင် ပဋိသမ္ဘိဒါပတ္တ, တေဝိဇ္ဇ, ဆဠဘိည ဖြစ်တော်မူကြ၍ များသောအားဖြင့် မြတ်စွာ ဘုရား ချီးမွမ်းတော်မူ၍ ဧတဒဂ်ရာထူး၌ ချီးကျူးမြှောက်စား တင်ထားတော်မူအပ်ခဲ့သည့် ရဟန္တာအရှင်မြတ်ပေါင်း (၄၉၉) လေးရာ့ကိုးဆယ့်ကိုးပါးတို့ကို ရွေးကောက်တော်မူလေသည်။

(ဤ၌။ ။မထေရ်မြတ်သည် အဘယ့်ကြောင့် (၄၉၉) လေးရာ့ ကိုးဆယ့်ကိုးပါးတို့ကို ရွေးကောက်တော်မူသနည်း-ဟု မေးဖွယ်ရှိ၏။ အဖြေကား—အရှင်အာနန္ဒာမထေရ်မြတ်အတွက် အခွင့်ပြုဖို့ရန် တပါး လျှော့၍ထားခြင်း ဖြစ်သည်။)

ခွဲဦးအံ့–ထိုအချိန်၌ အရှင်အာနန္ဒာမှာ ရဟန္တာမဟုတ်သေး= သေက္ခအရိယာသာ ဖြစ်ရှိနေသေးသဖြင့် အရှင်အာနန္ဒာနှင့် အတူတကွ လည်း သံဂါယနာ မတင်နိုင်သေးချေ၊ အရှင်အာနန္ဒာ၏အဖို့ရာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သမျှသော ပိဋကသုံးသွယ် နိကာယ်ငါးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်မှ တစုံတခု မျက်မှောက်မပြုအပ်သော အရာဟူ၍ လုံးဝမရှိချေ=အားလုံး ပင် နှုတ်တက်ရွရွ ဆောင်ပြီး မျက်မှောက်ပြုအပ်ပြီး ဖြစ်လေသည်၊ ထိုကြောင့် အရှင်အာနန္ဒာမထေရ်မြတ်နှင့် ကင်း၍လည်း သံဂါယနာ မတင်နိုင်ချေ။

"ယင်းသို့ဖြစ်လျှင် သေက္ခအရိယာပင် ဖြစ်လင့်ကစား ဓမ္မသံဂါယနာ အား ကျေးဇူးများလှသောကြောင့် အရှင်မဟာကဿပမထေရ်သည် အရှင်အာနန္ဒာမထေရ်ကို သံဂီတိကာရကမထေရ်အဖြစ် ရွေးကောက် သင့်၏၊ သို့ပါလျက် အဘယ့်ကြောင့် မရွေးကောက်သနည်း"ဟု မေးဖွယ် ရှိပြန်၏။ အဖြေကား–ပရူပဝါဒ(=သူတပါးတို့ စွပ်စွဲကဲ့ရဲ့မည့်) ဘေးမှ ကင်းဝေးလွတ်မြောက်အောင် ရှောင်ကြဉ်တော်မူလိုသောကြောင့် ရွေး ကောက်တော်မမူ။

ခွဲဦးအံ့–မထေရ်မြတ်သည် အရှင်အာနန္ဒာ၌ အလွန်ပင် အကျွမ်းဝင် ရင်းနှီးတော်မူလေသည်။ ထို့ကြောင့်ပင် အရှင်အာနန္ဒာကို ဦးခေါင်း၌ ဆံပင်ဖြူများ ပေါက်နေပါလျက်လည်း (အသက်ရှစ်ဆယ်အရွယ်သို့ ရောက်ရှိနေပါလျက်လည်း) "နဝါယံ ကုမာရကော မတ္တမညာသိ= ဤသူငယ်လေးသည် အတိုင်းအရှည်ကို မသိစွ တကား"ဟု မြည်တွန် ကာ သူငယ်ကလေး=လူကလေးဟူသော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ဆုံးမတော်မူလေသည်။ (ဤအကြောင်းအရာ အကျယ်ကို နိဒါနဝဂ္ဂ၊ ၅-ကဿပသံယုတ်၊ ၁၁-စီဝရသုတ် ပိဋကတ်မြန်မာပြန်ကို ကြည့်ရှုကုန် ရာ၏)။ ထို့ပြင်လည်း အရှင်အာနန္ဒာသည် သာကီဝင်မင်းသားဖြစ်သည့် ပြင် မြတ်စွာဘုရား၏ (ဖထွေးတော်သား) ညီဝမ်းကွဲတော်စပ်သူလည်း ဖြစ်သည်၊ ထိုအစည်းအဝေး၌ အကယ်၍ အရှင်အာနန္ဒာကို သံဂီတိကာ- ရကပုဂ္ဂိုလ်အဖြစ် ရွေးကောက်ခဲ့လျှင် အချို့အချို့သော ရဟန်းများက ဆန္ဒာဂတိသို့ လိုက်ပါသကဲ့သို့ အောက်မေ့မှတ်ထင်ကြကာ "အရှင်မဟာ- ကဿပသည် များစွာသော ပဋိသမ္ဘိဒါပတ္တ-ရဟန္တာ ရဟန်းတို့ကိုတော့ မရွေးမကောက်ပဲ ပဋိသမ္ဘိဒါပတ္တ- သေက္ခအရိယာဖြစ်သည့် အရှင် အာနန္ဒာကို မျက်နှာလိုက်၍ ရွေးကောက်တော်မူသည်"ဟု စွပ်စွဲကြကုန် လေရာ၏။ ထိုသို့ ပရူပဝါဒဘေးမှ ကင်းဝေးလွတ်မြောက်အောင် ရှောင်

ကြည့်တော်မူလိုသည်ဖြစ်၍ "အရှင်အာနန္ဒာ မပါရှိပဲ ဘယ်နည်းနှင့်မျှ ဓမ္မသံဂါယနာသဘင် ယင်နိုင်လိမ့်မည်မဟုတ်၊ သို့ရကား ရဟန်းသံဃာတော်များ၏ အလိုသဘောတူညီချက်ဖြင့်သာ အရှင်အာနန္ဒာကို သံဂိတိကာရကပုဂ္ဂိုလ်အဖြစ် ငါရွေးကောက်တော့မည်"ဟူသော ရည်ရွယ်ချက်ဖြင့် မရွေးကောက်ပဲ ချန်ထားတော်မူလေသည်။)

ထိုအခါ ရဟန်းသံဃာတော်တို့ ကိုယ်တိုင်ပင်လျှင် အရှင်အာနန္ဒာအား သံဂိတိကာရကပုဂ္ဂိုလ်အဖြစ် ရွေးကောက် တင်မြှောက်ရန် အရှင်မဟာကဿပ မထေရ်သူမြတ်ကို "အရှင်မဟာကဿပဘုရား......ဤအရှင်အာနန္ဒာသည် သေက္ခအရိယာပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ အဂတိလေးပါး လိုက်စားဖို့ရန် မထိုက်တန်သူဖြစ်ပါသည်၊ ဤတွင်မျှမကသေး ဤအရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်၏ အထံတော်၌ ဓမ္မ, ဝိနယကို အများကြီး သင်ကြားလိုက်ရသူ ဖြစ်ပါသည်၊ အရှင်မဟာကဿပဘုရား....ထိုသို့ဖြစ်လျှင် အရှင်သူမြတ်သည် အရှင်အာနန္ဒာကိုလည်း သံဂိတိကာရကပုဂ္ဂိုလ်အဖြစ် ရွေးကောက်တော် မူစေလိုပါသည်" ဟု တညီတညွတ်တည်း တောင်းပန်စကား လျှောက်ထားကြလေကုန်၏။ ထိုအခါ အရှင်မဟာကဿပသည် အရှင်အာနန္ဒာကိုလည်း သံဂီ-တိကာရကပုဂ္ဂိုလ်အဖြစ် ရွေးကောက်တော်မူလေ၏။

ဤသို့လျှင် ရဟန်းသံဃာ၏ အလိုသဘောဆန္ဒတူညီချက်အရ ရွေးကောက်အပ်သော အရှင်အာနန္ဒာ မထေရ်မြတ်နှင့် တကွ အရွေးချယ်ခံ သံဂီတိကာရကမထေရ်မြတ်ပေါင်း (၅၀၀) ငါးရာတို့ ဖြစ်ကုန်၏။

ထိုနောက် အစည်းအဝေးပါ မထေရ်မြတ်ကြီးများသည် "ငါတို့သည် အဘယ်အရပ်၌ ဓမ္မ, ဝိနယသံဂါယနာသဘင် ယင်ကြမည်နည်း"ဟု တိုင်ပင်ဆွေးနွေးကြသည်ရှိသော် "ရာဇဂြိုဟ်ပြည်သည် ဂေါစရဂါမ်လည်း ကျယ်ပြန့်၏၊ ကျောင်းတိုက်ကြီးတို့လည်း များစွာရှိ၏၊ အခြားရဟန်းများ ရာဇဂြိုဟ်ပြည်၌ ဝါမကပ်ကြပဲ ငါတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါကပ်ကုန်လျက် ဓမ္မ, ဝိနယသံဂါယနာသဘင် ယင်ကြရမူ ကောင်းလေစွ" ဟု သုဘောတူ ကြံစည်

တိုင်ပင် ဆုံးဖြတ်တော်မူကြလေသည်။ (ထိုသို့ ကြံစည်ကြ တိုင်ပင်ကြ ဆုံးဖြတ်တော်မူကြခြင်းမှာ "ဤ ဓမ္မသံဂါယနာတင်မှုကား ငါတို့အဖို့ရာ နေ့စဉ်ထာဝရ ရွက်ဆောင်ရမည့် ကိစ္စဖြစ်သည်၊ အခြားရဟန်းတို့ ရာဇဂြိုဟ်ပြည်၌ ဝါကပ်ဆိုမှုကို ဥတ်, ကမ္ဗ-ဝါစာဖြင့် မတားမြစ်ခဲ့လျှင် တစုံတယောက် သဘောမတူသည့်= ဝိသဘာဂ အဓမ္မဝါဒီပုဂ္ဂိုလ်သည် သံဃာအလယ်သို့ ဝင်ရောက်ကာ နှောင့်ယှက်တားမြစ်သော်မူ တားမြစ်လေရာ၏" ဟု စဉ်းစားတော်မူမိကြသောကြောင့် ဖြစ်သည်)။

ထို့နောက် အရှင်မဟာကဿပမထေရ်သည် ဉတ္တိဒုတိယကံဖြင့်—

သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမာနိ ပဉ္စ ဘိက္ခုသတာနိ သမ္မန္နေယျ ရာဇဂဟေ ဝဿံ ဝသန္တာနိ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိတုံ၊ န အညေဟိ ဘိက္ခူဟိ ရာဇဂဟေ ဝဿံ ဝသိတဗ္ဗန္တိ၊ ဧသာ ဉတ္တိ"—

အစရှိသည်ဖြင့် ကမ္မဝါရွတ်ဖတ်၍ (၁-သံဂီတိကာရက-ရဟန်းငါးရာတို့သာ ဓမ္မ, ဝိနယ သံဂါယနာသတင် ယင်ရန်အတွက် ရာဇဂြိုဟ်ပြည်၌ ဝါကပ်ဖို့ရန်နှင့် ၂-အခြားရဟန်းများ ရာဇဂြိုဟ်ပြည်၌ ဝါမကပ်ကြရန်) သမုတ်တော်မူအပ်လေသည်။

ဤကမ္မဝါစာကား မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် (၂၁) နှစ်ဆယ့်တရက်မြောက်၌ ပေါ်ပေါက်ဖြစ်ပွါးလာသော ကမ္မဝါစာဖြစ်သည်။ အရှင်မဟာကဿပ မထေရ်သည် ဤကမ္မဝါစာကို ရွတ်ဖတ်ပြီးလျှင် ရဟန်းတော်အရှင်မြတ်တို့ကို—

"ငါ့ရှင်တို့... ယခုအခါ သင်တို့အတွက် ရက်ပေါင်းလေးဆယ် ခွင့်ပြုအပ်သည်၊ ထိုမှနောက်၌ "ငါတို့မှာ ဤမည်သော ပလိဗောဓလေး ကျန်ရှိပါသေးသည်' ဟု ပြောဆိုခွင့်မရနိုင်၊ ထို့ကြောင့် ဤရက်ပေါင်းလေးဆယ် အတွင်းမှာ အနာရောဂါ ပလိဗောဓ ရှိသောရဟန်း,

ဆရာဥပဇ္ဈာယ် ပလိဗောဓ ရှိသော ရဟန်း, အမိ အဖ ပလိဗောဓရှိသော ရဟန်းများနှင့် သပိတ်ဖုတ်ရန်,သင်္ကန်း ချုပ်ရန်-စသည် ကိစ္စရှိသော ရဟန်းများသည် ထိုထို မိမိတို့ဆိုင်ရာ ပလိဗောဓကို အပြီး ရှက်ဆောင် ဖြတ် တောက်၍ ဓမ္မ, ဝိနယ သံဂါယနာအမှုကို မချွတ်ပြုလုပ် ရမည်"—

ဟု တင်းကြပ်စွာ မိန့်ကြားတော်မူလေ၏။

ဤကဲ့သို့ မိန့်ကြားပြီးလျှင် အရှင်မဟာကဿပမထေရ်သည် မိမိ၏ တပည့်ပရိသတ် ရဟန်းငါးရာ ခြံရံအပ်လျက် ရာဇဂြိုဟ် ပြည်သို့ ကြွတော်မူလေ၏။ အခြားအခြား သံဂီတိကာရက သမ္မုတိ ရသော မထေရ်ကြီးများသည်လည်း မိမိ မိမိတို့၏ အခြံအရံ တပည့်ရဟန်းတို့ကို ခေါ်ဆောင်ကာ သောကပြောင့်တံသင်း အပြင်းစူးဝင်နေသူ လူအပေါင်းကို သက်သာစေလိုတော်မူကြ သည်ဖြစ်၍ ထိုထိုအရပ်မျက်နှာသို့ ဖဲကြွတော်မူကြလေကုန်၏။ အရှင်ပုဏ္ဏမထေရ်မြတ်သည်ကား မိမိ၏တပည့် ရဟန်းခုနစ်ရာ ခြံရံလျက် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူရာအရပ်သို့ ရောက်လာ ရောက်လာတိုင်းသော လူအပေါင်းကို တရားရေအေး အမြိုက် ဆေးကို တိုက်ကျွေးသက်သာစေမည်ဟု ကုသိနာရုံပြည်မှာပင် လျှင် ချန်၍ နေရစ်တော်မူလေ၏။

အရှင်အာနန္ဒာမထေရ်မြတ်သည်မှုကား ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မမူမီကကဲ့သို့ပင် မြတ်စွာဘုရားရှင်၏ သပိတ်တော်, သင်္ကန်းတော်ကို ကိုယ်တိုင်ယူဆောင်၍ တပည့်ရဟန်းငါးရာတို့ နှင့် အတူတကွ သာဝတ္ထိပြည်ဖက်သို့ ခရီးဒေသစာရီ ကြွချီတော်မူ လေသည်။ ကြွသွားစဉ် ကြွသွားစဉ်ပင် မထေရ်မြတ်၏ ပရိသတ် အခြံအရံရဟန်းတို့ကား တိုး၍တိုး၍သာ လာကုန်၏၊ ထိုအရှင် အာနန္ဒာမထေရ်မြတ် ရောက်လေရာရာအရပ်၌ သည်းစွာသော ငိုကြွေးခြင်း ဖြစ်ရှိလေသည်။

အစဉ်သဖြင့် အရှင်အာနန္ဒာမထေရ်မြတ် သာဝတ္ထိပြည်သို့ ရောက်ရှိလတ်သော် သာဝတ္ထိပြည်သူပြည်သား လူအများတို့သည် "အရှင်အာနန္ဒာမထေရ်မြတ် ကြွရောက်လာပြီတဲ့" ဟူသော သတင်းစကားကို ကြားသိကြ၍ နံ့သာ,ပန်း-စသည် လက်စွဲကြ ကုန်လျက် ခရီးဦး ကြိုဆိုကြပြီးလျှင် "အရှင်အာနန္ဒာဘုရား···· အရှင်ဘုရားတို့သည် ရှေးအခါကဆိုလျှင် မြတ်စွာဘုရားနှင့်အတူ တကွ ကြွလာတော်မူကြပါကုန်၏၊ ယခုအခါ (=ယခုအခေါက်) ၌မူ မြတ်စွာဘုရားကို အဘယ်အရပ်၌ ထားခဲ့၍ တပါးတည်း ကြွလာတော်မူကြပါသနည်း" ဤသို့စသည် ပြောဆိုကြကာ ငိုကြွေးမြည်တမ်းကြကုန်၏၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံ တော်မူသောနေ့ကကဲ့သို့ပင် သည်းစွာသော ငိုကြွေးခြင်း ဖြစ်ရှိ လေသည်။

ထိုသို့ လူအများ ငိုကြွေးမြည်တမ်းကြရာ၌ အရှင်အာနန္ဒာသည် အနိစ္စ, ဒုက္ခ, အနတ္တနှင့် စပ်ယှဉ်သော တရားစကားဖြင့် ထိုလူများ ကို အသိမှန် = အမြင်မှန် ရစေတော်မူ၍ ဇေတဝန်ကျောင်းတိုက် သို့ ဝင်ပြီးလျှင် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋီ ကျောင်းတော်ကို ရှိသေမြတ်နိုး ရှိခိုးဦးတိုက်လျက် တံခါးကို ဖွင့်ပြီးနောက် ညောင်စောင်း,အင်းပျဉ်များကို အပြင်သို့ထုတ်၍ ခါတွက်ပြီးလျှင် ဂန္ဓကုဋီကျောင်းတော်ကို တံမြက်လှည်းသုတ်သင် ရှင်းလင်းပြီးမှ ညှိုးနွမ်းနေသည့် ပန်းများ,အမှိုက်များကို စွန့်သွန် တော်မူလေသည်။ ပြီးမှ ညောင်စောင်း, အင်းပျဉ်များကို ပြန် သွင်း၍ မူလထားမြဲတိုင်းသောနေရာ၌ ထားပြီးလျှင် မြတ်စွာ ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ပြုမြဲတိုင်းသော ဝတ်အားလုံးကို ပြုတော်မူလေသည်။

ထိုသို့ ဝတ်အားလုံးကို ပြုတော်မူသော အရှင်အာနန္ဒာသည် ရေချိုးအိမ်ကို တံမြက်လှည်းသောအခါ၊ သုံးရေသောက်ရေ တည်ထားသောအခါ-စသည်တို့၌ ဂန္ဓကုဋီကျောင်းတော်ကို ရှိခိုး ဦးတိုက်ပြီးလျှင် "မြတ်စွာဘုရား....ဤအချိန်သည် အရှင်ဘုရား တို့၏ရေသုံးသပ် ( = ရေချိုး)တော်မူသောအချိန်မဟုတ်ပါလော၊

ဤအချိန်သည် တရားဟောသောအခါ မဟုတ်ပါလော၊ ဤအချိန်သည် ရဟန်းတို့အား အဆုံးအမပေးသောအခါ မဟုတ်ပါလော၊ ဤအချိန်သည် ခြင်္သေ့မင်းပမာ လက်ျာနံတောင်းဖြင့် လျောင်းစက်တော်မူကာ အနားယူ အပန်းဖြေသောအခါ မဟုတ်ပါလော၊ ဤအချိန်သည် မျက်နှာသစ်တော်ရေ သုံးသောအခါ မဟုတ်ပါလော" ဤသို့ အစရှိသည်ဖြင့် ငိုကြွေးလျက်သာ ပြုတော်မူလေ၏။ ထိုသို့ ငိုကြွေးလျက်သာ ဝတ်ပြုခြင်းမှာ မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတည်းဟူသော အမြိုက်အရသာကို ကောင်းစွာ သိတော်မူသောကြောင့် သဒ္ဓါပေမ, မေတ္တာပေမ အားကြီးလှသောကြောင့်၎င်း၊ မိမိကိုယ်တိုင်က အာသဝေါကုန်ခန်း ရဟန္တာ မဟုတ်သေးသောကြောင့်၎င်း, ၂၀ အသိန်းပေါင်း များစွာက အချင်းချင်းပြုခဲ့သည့် ဥပကာရကျေးဇူး အထူးကြောင့် ဖြစ်ပွါးသည့် စိတ်ထားအလွန်နူးညံ့သောကြောင့်၎င်း ဖြစ်ပေသည်။

### ဓတာစောင့်နတ်က သတိပေးခြင်း

ထိုအချိန်၌ အရှင်အာနန္ဒာသည် မိမိကိုယ်၌က မြတ်စွာဘုရားရှင်အတွက် ပရိဒေဝ အကြီးအကျယ် ဖြစ်ရသည့်ပြင် ဘုရားပရိနိဗ္ဗာန် စံတော်မူခြင်းကြောင့် သောကမီး, ပရိဒေဝမီး တညီးညီး တပြောင်ပြောင် တောက်လောင်လာသူ လူအပေါင်းကိုလည်း တရားဓမ္မ ဟောပြတော်မူကာ အသိမှန် အမြင်မှန် ပေးရခြင်း များစွာဖြင့် အချိန်ကို ကုန်လွန်စေရသည်တသာ များပေ၏၊ ထိုအခါ တနေ့သ၌ အရှင်အာနန္ဒာမထေရ်သည် ကောသလတိုင်း တောအုပ်တခု၌ နေတော်မူ၏။ ထိုအခါ တောစောင့်နတ်သည် အရှင်အာနန္ဒာ၏ အပေါ်ဝယ် မေတ္တာရှေ့ထား အကျိုးစီးပွါးကို လိုလားသောကြောင့် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် ဤဂါထာဖြင့် ရွတ်ဆိုလျှောက်ထားလေ၏—

ရုက္ခမူလဂဟနံ ပသက္ကိယ၊
နိဗ္ဗာနံ ဟဒယသ္မိံ ဩပိယ။
ဈာယ ဂေါတမ မာ ပမာဒေါ၊
ကိံ တေ ဗိဠိဗိဠိကာ ကရိဿတိ။

ဂေါတမ = ဂေါတမ နွယ်ဖွား အို အရှင်အာနန္ဒာ ဘုရား……။ တ္ထံ=အရှင်ဘုရားသည်။ ရုက္ခမူလဂဟနံ =၊ သစ်ပင်အရင်း တောချုံတွင်းသို့။ ပသက္ကိယ =၊ ဝိဝေက လိုချင် သက်ဝင်တော်မူ၍။ နိဗ္ဗာနံ=အသခ်တဓာတ် နိဗ္ဗာန် ပရမတ်ကို။ ဟဒယသ္မိံ = အတွင်းမိတ်ဖိုး စိတ်နှလုံး၌။ ဩပိယ = ကိစ္စ, အာရုံ နှစ်ပုံသော အခြင်းအရာအား ထားရှိ၍*။ ဈာယ = အာရမ္မဏူ, လက္ခဏူဟု နှစ်ဆူ အပြားဈာန်တရားကို ဝင်စားတော်မူပါလေ့။ မာ ပမာ-ဒေါ၊ သတိယွင်းပေါ့ မမေ့လျော့ပါလင့်။ ဗိဋ္ဌိဗိဋ္ဌိကာ = အရှင့်ထံမှောက် ရောက်လာသသူ ထိုထိုလူအား အပူငြိမ်း စေ မိန့်ခွန်းဟောလှစ် ဗလစ်ဗလစ်စကား ပြောကြားခြင်း သည်။ တေ = အရှင်ဘုရား၏ (အတွက်တာ)။ ကိံ ကရိဿတိ = အထက်အထက် ဗိုလ်, မဂ်သို့ ရောက်မှု အဘယ်ကျေးဇူး ပြုလိမ့်မည်နည်း။ န ကရိဿတိ ဧဝ =၊ အထက်ဖြစ်သော မဂ်ဗိုလ်သို့ ရောက်မှု ကျေးဇူးမပြုနိုင် သည်သာတည်း။

ထိုအခါ အရှင်အာနန္ဒာမထေရ်မြတ်သည် ထိုတောစောင့်နတ် လျှောက်ထားချက်အရ သံဝေဂကြီးစွာ ရရှိပြီးလျှင် မြတ်စွာဘုရား ရှင် ပရိနိဗ္ဗာန် စံတော်မူသည်မှ အစပြုကာ အရပ်, အတိုင် များလှ သောကြောင့် ဒေါသမလဓာတ် အားကြီးနေသော မိမိကိုယ်ကို သက်သာစိမ့်သောငှါ ဒုတိယနေ့၌ နွားနို့ ဝမ်းလားဆေးကို သောက်သုံးတော်မူကာ ကျောင်းတော်၌ပင် နေတော်မူ၏။

ထိုနေ့မှာပင် တောဒေယျပုဏ္ဏား (ကွယ်လွန်သူ) သူဌေး၏ သား သုဘ-လုလင်သူဌေး အပင့်လွှတ်လိုက်သော လုလင်ငယ်ကို

---

*"ငါသည် နိဗ္ဗာန်သို့ ရောက်အံ့"ဟု ဝီရိယအားထုတ် ပြုလုပ်သော သူသည် ကိစ္စအားဖြင့်=အလုပ်အားဖြင့် နိဗ္ဗာန်ကို နှလုံး၌ ထားသူ မည်၏။ နိဗ္ဗာန်လျှင် အာရုံရှိသည့် ဖလသမာပတ်ကို ဝင်စား၍နေသော သူသည် အာရုံအားဖြင့် နိဗ္ဗာန်ကို နှလုံး၌ ထားသူမည်၏။ ။ (အဋ္ဌကထာမှ)။

အရှင်အာနန္ဒာမထေရ်သည် "လုလင်ငယ်....ယနေ့ အခါမရသေး၊ ငါ့မှာ ယနေ့ သွားရှိဝမ်းလားဆေး သောက်ထားအပ်ပြီး ရှိလေသည်၊ နက်ဖန်ကာသ်မှ လာရောက်ကောင်း လာရောက်နိုင်ပေလိမ့်မည်"ဟု မိန့်တော်မူလိုက်သည်။ နောက်တနေ့၌ အရှင်အာနန္ဒာမထေရ်သည် နောက်လိုက်ရဟန်း စေတက-မထေရ်နှင့်တကွ သုဘလုလင် သူဌေးအိမ်သို့ ကြွရောက်တော်မူ၍ သုဘလုလင် သူဌေး မေးလျှောက်အပ်သည်ဖြစ်၍ ဒီဃနိကာယ် သီလက္ခန္ဓဝဂ်၊ ၁၀-ခုမြောက်ဖြစ်သော သုဘသုတ်ကို ဟောကြားတော်မူလေသည်။ ထိုသုတ်ကို ပိဋကတ်တော်မြန်မာပြန်မှ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

ထို့နောက် အရှင်အာနန္ဒာမထေရ်သည် ဇေတဝန်ကျောင်းတိုက်ကြီး၌ ကျိုး, ပွင့်, ပြန်းတီး ပျက်စီးသည်များကို မွမ်းမံပြင်ဆင်စေ၍ ဝါဆိုရန်အချိန် နီးကပ်လတ်သော် တမည့်တပန်း ရဟန်းသံဃာကို စွန့်ထားခဲ့၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေ၏။ ထို့အတူပင် အခြား သံဂီတိကာရကသမ္မုတိရ ဓမ္မသင်္ဂါဟကမထေရ်တို့သည်လည်း ဝါလနီးသောအခါ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်လာတော်မူကြကုန်၏။ ထိုသံဂီတိကာရကသမ္မုတိရ ဓမ္မသင်္ဂါဟကမထေရ်တို့သည် ဝါဆိုလပြည့်နေ့၌ အတူတကွ ဥပုသ်ပြုကြပြီးလျှင် ဝါဆိုလပြည့်ကျော် တရက်နေ့၌ ရာဇဂြိုဟ်ပြည်ဝယ် ဝါကပ်တော်မူကြလေကုန်၏။

ထိုစဉ်အခါ ရာဇဂြိုဟ်ပြည်ကို ဝန်းရံ၍ ကျောင်းတိုက်ကြီးပေါင်း (၁၈) တဆယ့်ရှစ်တိုက်တို့ တည်ရှိကြလေကုန်သည်။ ထိုကျောင်းတိုက်ကြီး အားလုံးတို့ပင် သံဃာတော်များ စွန့်ပစ်ထားအပ်သဖြင့် အချို့နေရာ၌ ကျိုးပွင့်ပျက်စီး, အချို့နေရာ၌ အမှိုက်ဖုံ့ရှို ထူထပ်လျက်, အချို့နေရာများ မှိုတက်၍ နေလေကုန်သည်။ မှန်၏-မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသောအခါ၌ ရဟန်းအားလုံးတို့ပင် မိမိတို့၏ သပိတ်, သင်္ကန်းများကို ယူဆောင်ကြကာ ကျောင်းတိုက်များ, ပရိဝုဏ်များကို စွန့်ပစ်၍ ကုသိနာရုံသို့

သွားရောက်ကြလေသည်၊ ထို့ကြောင့် ကျောင်းတိုက်များ ကျိုးပွင့် ပျက်စီး, အမှိုက်ဖုံ မြူ ထူထပ် မှိုတက်၍ နေကြလေသည်။

ထိုအခါ မထေရ်မြတ်တို့သည် စည်းဝေးညီမူကြပြီးလျှင် "ငါ့ရှင်တို့…မြတ်စွာဘုရားရှင်သည် ကျိုးပွင့် ပျက်စီးသည်များကို အသစ်တဖန် မွမ်းမံ ပြင်ဆင်ခြင်းကို ချီးမွမ်းတော်မူအပ်သည်၊ ကိုင်း….ငါ့ရှင်တို့…ငါတို့သည် ပဌမလ-ပတ်လုံး ကျိုးပွင့်ပျက်စီးသည်များကို မွမ်းမံပြင်ဆင်ကြကုန်စို့၊ အလယ်လသို့ ရောက်သောအခါ တညီတညွတ်တည်း စည်းဝေး၍ ဓမ္မ, ဝိနယ သံဂါယနာ သဘင် ယင်ကြကုန်စို့"ဟု စဉ်းစားဆင်ခြင် တိုင်ပင်တော်မူကြလေသည်။ ထိုသို့ စဉ်းစားဆင်ခြင် တိုင်ပင်တော်မူကြခြင်းမှာ—(၁) ဝိနည်းသေနာသနက္ခန္ဓကလာ မြတ်စွာဘုရား၏(သေနာသနဝတ်နှင့် စပ်သော) တရားစကားတော်ကို ပူဇော်လိုကြသောကြောင့်ၡင်း, (၂) အကယ်၍ ကျောင်းတိုက်များကို မမွမ်းမံ မပြင်ဆင်ပါက "ရဟန်းဂေါတမ၏ တပည့်များသည် သူတို့ဆရာရဟန်းဂေါတမရှိစဉ်သာ ကျောင်းတိုက်တို့ကို သုတ်သင်ရှင်းလင်းခဲ့ကြသည်၊ သူတို့ဆရာ ပရိနိဗ္ဗာန်စံသောအခါမှာကား စွန့်ပစ်၍ထားကြလေသည်၊ အမျိုးလေးဖြာ ဒကာ, ဒကာမတို့၏ များပြားလှစွာ စွန့်လှူအပ်သော ဥစ္စာစုသည် အချည်းနှီး ့ မပျက်စီးတန်ပဲ ပျက်စီးရလေသည်"ဟု သာသနာပြင်ပ တိတ္ထိတို့ ပြောဆိုစွပ်စွဲကြမည့်ဘေးမှ ကင်းဝေးစေလိုတော်မူကြသောကြောင့်ၡင်း ထိုကဲ့သို့ စဉ်းစားဆင်ခြင် တိုင်ပင်တော်မူကြခြင်းဖြစ်သည်)။

မထေရ်မြတ်တို့သည် ထိုသို့ စဉ်းစားဆင်ခြင်း တိုင်ပင်ဆုံးဖြတ်တော်မူကြပြီး နောက်တနေ့၌ အဇာတသတ်မင်း၏ နန်းတော်တံခါးဝသို့ ကြွရောက် ရပ်တည်တော်မူကြလေကုန်၏။ အဇာတသတ်မင်းသည် လာရောက်ရှိခိုးပြီးလျှင် "အရှင်ဘုရားတို့….အဘယ်အတွက် ကြွလာတော်မူကြသနည်း"ဟု မိမိရွက်ဆောင်ပြုလုပ်ရမည့် ကိစ္စကို မေးမြန်းလေ၏။ မထေရ်မြတ်တို့သည် ကျောင်းတိုက်ကြီး(၁၈)တဆယ့်ရှစ်တိုက်တို့ကို မွမ်းမံပြင်ဆင်ရန် လက်အမှု=ဟတ္ထကံကို အလိုရှိသောကြောင့် ကြွလာတော်မူကြကြောင်း

မိန့်ကြားတော်မူကြကုန်၏။ အဇာတသတ်မင်းသည် လက်အမှုဟတ္ထကံကို ပြုလုပ်ကြမည့် အလုပ်သမား လူများကို မထေရ်မြတ်တို့အား ပေးအပ်လိုက်လေသည်။ မထေရ်မြတ်တို့သည် ပဌမလ-ပတ်လုံး ခပ်သိမ်းသော ကျောင်းတိုက်တို့ကို မွမ်းမံပြင်ဆင်စေကြပြီးသော် အဇာတသတ်မင်းအား "မြတ်သောမင်းကြီး... ကျောင်းတိုက်များကို မွမ်းမံပြင်ဆင်မှု ကိစ္စကား ပြီးလေပြီ၊ ယခုအခါ ငါတို့သည် ဓမ္မ,ဝိနယ သံဂါယနာသဘင် ဆင်ယင်ကြကုန်အံ့"ဟု မိန့်တော်မူကြလေကုန်၏။ အဇာတသတ်မင်းက "ကောင်းပါပြီ အရှင်ဘုရားတို့...အရှင်ဘုရားတို့သည် ကျွတ်ကျွတ်လွတ်လွတ် သံဂါယနာတင်မှုကို ပြုတော်မူကြပါကုန်၊ တပည့်တော်၏အာဏာစက်, အရှင်ဘုရားတို့၏ဓမ္မစက် ဖြစ်ပါစေ၊ စေခိုင်းတော်မူကြပါ အရှင်ဘုရားတို့....၊ တပည့်တော်သည် အဘယ်အမှု ပြုလုပ်ဆောင်ရွက်ရပါမည်နည်း"ဟု လျှောက်ထားလေလျှင် မထေရ်မြတ်တို့သည် "သံဂါယနာတင်မှု ပြုတော်မူကြသော ရဟန်းတို့၏ စည်းဝေးညီမူရာဌာနကို ပြုလုပ်စေလိုသည် မြတ်သောမင်းကြီး...."ဟု မိန့်တော်မူကြလေကုန်၏။ အဇာတသတ်မင်းက တဖန် "အဘယ်အရပ်၌ ဆောက်လုပ်ရမည်နည်း အရှင်ဘုရားတို့..."ဟု မေးလျှောက်သောအခါ မထေရ်မြတ်တို့သည် "ဝေဘာရတောင်နံရံ စရည်းပင်မြောက်ရာ = သတ္တပဏ္ဏိလိုဏ်ဂူဝ၌ ဆောက်လုပ်ရန် သင့်လျော်သည် မြတ်သောမင်းကြီး...."ဟု မိန့်တော်မူကြကုန်၏။

### အဇာတသတ်မင်း သံဂါယနာမဏ္ဍပ်ကြီး ဆောက်လုပ်ခြင်း

ထိုအခါ အဇာတသတ်မင်းသည် "ကောင်းပါပြီ အရှင်ဘုရားတို့..."ဟု ဝန်ခံစကားလျှောက်ထား၍ ဝိသကြုံနတ်သား ဖန်ဆင်းအပ်သည်နှင့်တူသော သံဂါယနာတင်မဏ္ဍပ်ကြီးကို ဆောက်လုပ်စေလေသည်၊ ထိုမဏ္ဍပ်ကြီးကို (၁) သူ့အခန်းနှင့်သူ စဉ်လျက်သန့်လျက် နံရံများ တိုင်များ စောင်းတန်းလှေကားများ တပ်ဆင်ထားအပ်သည့်ဖြင့် ခြူးပန်း နွယ်ပန်း အဆန်းတကြယ် ပန်းချီဆေးရေးရုပ်တို့ဖြင့် ခြယ်လှယ်အပ်ပေ၏၊ (၂) ထိုမဏ္ဍပ်ကြီးကား

မင်း၏ရွှေနန်းတော်အသရေကို လွှမ်းမိုးသည့်ပမာ လွန်စွာပင် တင့်တယ်လှသည့်ပြင် နတ်ဗိမာန်၏အသရေကို ပြက်ရယ်ပြောင် လှောင်သည့်ပမာ အသရေရှိလှစွာ၏၊ (၂) ကြက်သရေတိုက်အိမ် ကြီးကဲ့သို့ဝင်း, နတ်လူတို့၏ မျက်စိတည်းဟူသော ငှက်အပေါင်း တို့ တစုတဝေးတည်း ကျရောက်ရာ ဆိပ်ကမ်းသာ သဖွယ်ကဲ့သို့ ဝင်း, လောက၌ ရှိသမျှသော မွေ့လျော်ဖွယ်တွေကို စုပေါင်း၍ ထားအပ်သကဲ့သို့ဝင်း အလွန်ပင် မွေ့လျော်ဖွယ်ကောင်းလှစွာ၏။

ထိုသံဂါယနာတင် မဏ္ဍပ်ကြီး၏အထက်၌ အထူးထူး အပြား ပြား ပန်းဆိုင်းများတို့ တွဲလျားချကာ တင့်တယ်စွာသော ရတနာမျက်နှာကြက်ကို ကြက်အပ်သည့်ပြင် အောက်မြေအပြင် မှာလည်း ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်လှစွာ ပတ္တမြား ကျောက်ချပ်လွှာကြီးကို ခင်းထားသည့်အလား အထူးထူးသော ပန်းမွေ့ရာအခင်းတို့ဖြင့် တဆန်းတကြယ် တင့်တယ်ညီညွတ်သော မြေအပြင်ရှိအောင် ဗြဟ္မာမင်း၏ ဘုံဆောင်အလား ခမ်းနား သပ်ယပ်စွာ တန်းဆာဆင်၍ ထို သံဂါယနာတင်မဏ္ဍပ်ကြီး အတွင်း၌ သံဂီတိကာရက ရဟန္တာငါးရာတို့အတွက် အဖိုးအနဂ္ဃ ထိုက်တန်သော ကပ္ပိယအခင်းငါးရာတို့ကိုခင်းထားစေလေသည်။ ထို့ပြင် မဏ္ဍပ်ကြီးအတွင်း၌ တောင်အရပ်မျက်နှာ၌အဖို့ကို အမှီပြု၍ မြောက်ဖက်သို့ မျက်နှာမူကာ ပုဗ္ဗကမထေရ် သီတင်းသုံးနေထိုင် ရမည့် ထေရာသန ဓမ္မပလ္လင်ကို ခင်းထားစေပြီးလျှင် မဏ္ဍပ်၏ အလယ်၌ အရှေ့ဖက်သို့ မျက်နှာမူကာ မြတ်စွာဘုရားရှင် ထိုင်နေ တော်မူထိုက်သော ဝိဿဇ္ဇက = ဖြေဆိုမည့်မထေရ် ထိုင်နေရန် ဓမ္မာသနပလ္လင်ကို ခင်းထားစေ၍ ထိုပလ္လင်ထက်၌ ဆင်စွယ် ယပ်ဝန်းကိုလည်း တင်ထားပြီးလျှင် ရဟန်းသံဃာတော်အား "အရှင်ဘုရားတို့....တပည့်တော်၏ ရှက်ဆောင်ဖွယ်ကိစ္စ အဝဝ ဟာ လောက်ငကုံလုံ ပြည့်စုံပြီးစီးပါပြီဘုရား"ဟု တမန်လွှတ်၍ လျှောက်ထားစေလေ၏။

ထိုနေ့ကား ဝါခေါင်လဆုတ်(၄)ရက်နေ့ ဖြစ်လေသည်၊ ထိုနေ့ သံဃာအစည်းအဝေးဝယ် အချို့အချို့သောရဟန်းတို့သည် အရှင်

အာနန္ဒာမထေရ်ကို ရည်ရွယ်စောင်းချိတ်၍ "ဤရဟန်းအပေါင်း၌ ရဟန်းတပါးသည် ကိလေသာ တည်းဟူသော အဆိပ်နံ့ (တနည်း ကိလေသာတည်းဟူသော သားစိမ်းနံ့)ကို ပြန့်လှောင်းစေလျက် လှည့်လည် ကျက်စား သွားလာနေဘိ၏"ဟု ကဲ့ရဲ့စကား ပြောကြားကြလေ၏။ အရှင်အာနန္ဒာမထေရ်သည် ထိုစကားကို ကြားရလျှင်ပင် "ဤရဟန်းအပေါင်း၌ ငါမှတပါး ကိလေသာတည်းဟူသောအဆိပ်နံ့ (တနည်း သားစိမ်းနံ့)ကို ပြန့်လှောင်းစေလျက် လှည့်လည်ကျက်စား သွားလာနေသော ရဟန်းမည်သည် မရှိ၊ စင်စစ်ကား၍ ရဟန်းတို့သည် ငါ့ကို ရည်ရွယ်စောင်းချိတ်၍ ကဲ့ရဲ့စကား ပြောကြားကြ၏"ဟု စဉ်းစား ဆင်ခြင်တော်မူမိကာ ပြင်းစွာထိတ်လန့်ခြင်း = ဓမ္မသံဝေဂကို ရတော်မူလေသည်။ အချို့သော ရဟန်းတို့ကမူ "ငါ့ရှင် အာနန္ဒာ....နက်ဖြန်ခါ သံဂါယနာတင် အစည်းအဝေး = သန္နိပါတကြီး ဖြစ်တော့မည်၊ ငါ့ရှင်မှာလည်း အထက်မဂ်ကိစ္စ ပြုဖွယ်ကျန်ရှိသေးသည့် သေက္ခအရိယာသာ ဖြစ်ရှိသေးသည်၊ ထိုသို့ သေက္ခအရိယာသာ ဖြစ်သေးသောကြောင့် (ရဟန္တာ မဟုတ်သေးသောကြောင့်) ငါ့ရှင်၏ အဖို့ရာ သံဂါယနာတင် အစည်းအဝေး = သန္နိပါတသို့ သွားရောက်ရန် မသင့်ချေ၊ သို့ရကား သံဂါယနာပွဲအမှီ ရဟန်းတရား ပွါးများ ကြိုးကုတ် အားထုတ်မှု၌ မမေ့မလျော့သူ ဖြစ်စေချင်ပါသည်"ဟု ဤသို့သော အားပေး တိုက်တွန်းစကား ပြောကြားကြလေသည်။

**အရှင်အာနန္ဒာ ဣရိယာပုထ်လေးပါးမှ လွတ်၍ ရဟန္တာဖြစ်တော်မူခြင်း**

ထိုအခါ အရှင်အာနန္ဒာသည် "နက်ဖြန်ခါ သံဂါယနာ အစည်းအဝေးကြီး ဖြစ်တော့မည်၊ ငါ့အဖို့ရာ သေက္ခအရိယာ (= သောတာပန် အရိယာ)ဖြစ်လျက်သာ သံဂါယနာ အစည်းအဝေးသို့ သွားရောက်ရန် မသင့်လျော်ချေ"ဟု ဆင်ခြင်စဉ်းစားတော်မူပြီးလျှင် ကာယဂတာသတိ ကမ္မဋ္ဌာန်းဖြင့် ညဉ့်အချိန်ပေါင်းများစွာကို ကုန်လွန်စေပြီးနောက် မိုးသောက်ထအခါဝယ် စင်္ကြံမှ သက်ဆင်း၍ ကျောင်းတွင်းသို့ ဝင်၍ "လျောင်းစက်ဦးအံ့" ဟု ကိုယ်ကို သတိမကွာ ဖြည်းညှင်းစွာ လဲလျောင်းလိုက်လေ

သည်။ မြေမှ ခြေနှစ်ဖက်တို့ လွတ်မြောက်ကာ ခေါင်းအုံးသို့လည်း ဦးခေါင်း မကျသေးမီ ဤအချိန် အတွင်း၌ မထေရ်မြတ်သည် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်တော်မူလေ၏။

ထင်ရှားစေဦးအံ့–မထေရ်မြတ်သည် တည့်ပတ်လုံး ရဟန်းတရား ပွါးများအားထုတ်ကာ စင်္ကြံကြွသွားခြင်းဖြင့် ကမ္မဋ္ဌာန်းကျောင်းအပြင်ဖက်၌ အချိန်ကို ကုန်လွန်စေ၍ မဂ်, ဖိုလ်တရားထူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ရကား ငါ့ကို မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန် စံတော်မူခါနီးဝယ် 'ချစ်သားအာနန္ဒာ....သင်ချစ်သားသည် ကုသိုလ်ကောင်းမှုကို များစွာပင် ပြုပြီးသူ ဖြစ်၏၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရစ်လော့၊ လျင်စွာပင် ရဟန္တာဖြစ်ပေလိမ့်မည်'ဟု မိန့်တော်မူခဲ့ပြီ မဟုတ်လော၊ မြတ်စွာဘုရားရှင်တို့အမိန့်ရာ မိန့်ကြားအပ်သော စကားတော်၏အပြစ်မည်သည် မရှိ ဖြစ်ချေသည်၊ စင်စစ်သော်ကား ငါသည် ဝီရိယကို အလွန်အမင်းအပြင်း အားထုတ်အပ်လေပြီ (=ငါ့မှာ ဝီရိယက လွန်ကဲနေသည်ဟု ဆိုလို၏) ထို့ကြောင့် ငါ၏စိတ်သည် ပျံ့လွင့်ဖို့ရန် ဖြစ်၍နေ၏ (=ဝီရိယလွန်ကဲနေသောကြောင့် ဥဒ္ဓစ္စဖြစ်ကာ မဂ်, ဖိုလ်တရားထူးကို မရပဲရှိနေသည်-ဟု ဆိုလိုသည်။) ကိုင်း....ငါသည် ဝီရိယနှင့် သမာဓိ နှစ်ပါးစုံ ညီမျှအောင် အားထုတ်တော့မည်"ဟု ကြံစည် ဆင်ခြင်တော်မူကာ ခြေဆေးရာနေရာ၌ ရပ်တည်၍ ခြေတို့ကို ဆေးပြီးလျှင် ကမ္မဋ္ဌာန်းကျောင်းတွင်းသို့ ဝင်လျက် ညောင်စောင်းငယ်၌ ထိုင်နေတော်မူကာ "အတန်ငယ် အပန်းဖြေဦးအံ့"ဟု မိမိကိုယ်ကို ညောင်စောင်းငယ်၌ သတိမကွာ ဖြည်းညှင်းစွာ လဲလျောင်းလိုက်လေသည်။ မြေမှ ခြေနှစ်ဖက်တို့ လွတ်မြောက်ကာ ခေါင်းအုံးသို့လည်း ဦးခေါင်းမကျသေးမီ ဤအချိန်အတွင်း၌ မထေရ်မြတ်သည် အရဟတ္တဖိုလ်သို့ ရောက်တော်မူကာ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်တော်မူလေ၏။

ထို့ကြောင့် "ဤသာသနာဝယ် 'မလျောင်း, မထိုင်, မရပ်, မသွားပဲ (=ဣရိယာပုထ်လေးပါးမှ လွတ်လျက်) အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းကား အဘယ်

ရဟန်းနည်း" ဟု မေးခဲ့သော် "အရှင်အာနန္ဒာမထေရ် ဖြစ်သည်" ဟု ဖြေဆိုမှ သင့်လျော်၏။

၄။ **အရှင်မဟာကဿပ သာဓုကောင်းကြီး ပေးတော်မူခြင်း**

ထိုအခါ သံဂီတိကာရကမထေရ်မြတ်တို့သည် (အရှင်အာနန္ဒာ ရဟန္တာ ဖြစ်ပြီးသည်မှ) နောက်ဟနေ့ ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့ဝယ် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြုပြီးတော်မူကြလေလျှင် သပိတ်, သင်္ကန်းကို သိမ်းဆည်းတော်မူခဲ့ကြ၍ "ဓမ္မ သံဂါယနာတင်ရာမဏ္ဍပ်" ဝယ် တညီတညွတ်တည်း စည်းဝေး တော်မူကြလေ၏။ (ဤ၌ မဇ္ဈိမဒေသဝေါဟာရအားဖြင့် ဝါဆို လပြည့်နေ့မှ ဝါခေါင်လပြည့်နေ့တိုင် တလဟူ၍ ခေါ်၏၊ ထို တလအတွင်း ကျောင်းတိုက်များ ကျိုး, ပွင့်ပျက်စီးသည်တို့ကို မထေရ်တို့ကြပ်မ၍ မွမ်းမံပြင်ဆင်တော်မူကြလေသည်၊ ဝါခေါင် လပြည့်ကျော် ၁-ရက်နေ့မှစ၍ အဇာတသတ်မင်း သံဂါယနာတင် မဏ္ဍပ်ကြီး ဆောက်လုပ်စေရာ သုံးရက်ကြာမှ ပြီးသည်။ လပြည့်ကျော် ၄-ရက်နေ့ အရှင်အာနန္ဒာ ရဟန္တာ ဖြစ်သည်၊ လပြည့်ကျော် ၅-ရက်နေ့၌ သံဂါယနာတင် သံဃာအစည်း အဝေးကြီး စတင်ကျင်းပသည်)။ ထိုအခါ အရှင်အာနန္ဒာမထေရ် မြတ်သည် ရဟန္တာဖြစ်လျက် သံဃာအစည်းအဝေးသို့ ကြွတော် မူသည်။

ကြွတော်မူပုံမှာ—အစည်းအဝေးဝင် သံဃာတော်များ စုံလင် သဖြင့် ယခုအခါ သံဃာအစည်းအဝေးအတွင်းသို့ ဝင်ရောက်ရန် သိုက်တန်ပြီဟု ဆိုလောက်သောအချိန်၌ အရှင်အာနန္ဒာမထေရ် မြတ်သည် ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိတော်မူလျက် သင်္ကန်း ကို လက်ကန်ဖော့စံပယ် တင်တော်မူ၍ အညာမှ ကြွေကျသော ထန်းသီးမှည့်ကဲ့သို့၎င်း, ဖြူဆွတ်နေသော ကမ္ဗလာထည်ပေါ်၌ ချထားအပ်သည့် ပတ္တမြားရတနာကဲ့သို့၎င်း, တိမ်တိုက်ကင်းစင် ကောင်းကင်ပြင်၌ တက်ထွန်းသော လပြည့်ဝန်းကဲ့သို့၎င်း, တက် သစ်စ နေအရောင်နှင့် တွေ့သဖြင့် ငွါးငွါးစွင့်စွင့် ကားကားတင့်

လျက် ပွင့်သစ်သော ပဒုမာကြာပန်းကဲ့သို့ရင်း အလွန်သန့်ရှင်း အပြစ်ကင်းလျက် တဝင်းဝင်း တလက်လက် အရောင်ပြိုးပြက် ထွက်အံ့သော အခြင်းအရာ အသရေရှိလှစွာသော မျက်နှာဖြင့် မိမိ အရဟတ္တဖိုလ်သို့ ရောက်ရှိကြောင်းကို ကောင်းစွာထင်ရှား ပြော ကြားသကဲ့သို့ ကြွတော်မူလေ၏။

(ဤ၌။ ။ အဘယ်အကျိုးငှါ အရှင်အာနန္ဒာသည် မိမိအရဟတ္တ ဖိုလ်သို့ ရောက်ရှိကြောင်း ကောင်းစွာထင်ရှား ပြောကြားသကဲ့သို့ ကြွတော်မူသနည်း”ဟု မေးဖွယ်ရှိ၏၊ အဖြေကား–“ငါသည် အရဟတ္တ ဖိုလ်သို့ ရောက်ပြီ–ဟု မိမိကို အရဟတ္တဖိုလ်သို့ (စကားအားဖြင့်) တိုက်ရိုက်ဆောင်မူကို မပြုပဲ သူတဖက်သား သိသာလောက်သည့် အခြင်းအရာ တပါးပါးဖြင့် မိမိ အရဟတ္တဖိုလ်သို့ ရောက်ရှိကြောင်း သိစေခြင်းကို မြတ်စွာဘုရားရှင် ချီးမွမ်းတော်မူအပ်၏”ဟု နှလုံးပိုက် တော်မူ၍ ၁-“သေက္ခအရိယာဖြစ်သောကြောင့် ဓမ္မ,ဝိနယ သံဂါယနာ အတွက် ရွေးကောက်ရန် မသင့်သော်လည်း ဗဟုသုတ များလှသော ကြောင့် သံဂီတိကာရကပုဂ္ဂိုလ်အဖြစ် ရွေးကောက်ကြကုန်အံ့”ဟု အသင့်စောင့်မျှော် ထိုင်နေတော်မူကြသော မထေရ်မြတ်တို့၏ သန္တာန် ဝယ် မိမိ အရဟတ္တဖိုလ်သို့ ရောက်ကြောင်းကို သိစေခြင်းဖြင့် စိတ်နှလုံး ချမ်းသာမှု = သောမနဿဝေဒနာတရား ဖြစ်ပွါးစေခြင်းငှါရင်း, ၂ “မမေ့မလျော့ ဖြစ်ရစ်လော့”ဟု မြတ်စွာဘုရား ပေးသနားအပ်သော အဆုံးအမ ဩဝါဒ၏ အကျိုးရှိကြောင်း ကောင်းစွာပြလိုသောကြောင့် ရင်း မိမိအရဟတ္တဖိုလ်သို့ ရောက်ရှိကြောင်း ကောင်းစွာထင်ရှား ပြော ကြားသကဲ့သို့ ကြွလာတော်မူ၏။ ။ဤကား အဖြေတည်း)။

ထိုအခါ အရှင်အာနန္ဒာကို မြင်ရ၍ အရှင်မဟာကဿပ၏ စိတ်သန္တာန်တော်ဝယ် “အိုး.......အရဟတ္တဖိုလ်ပေါက် ရောက်ရှိ လာသော အရှင်အာနန္ဒာကား လွန်စွာ တင့်တယ်လှဘိစွ၊ အကယ်၍များ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူပါမူ ကေန်ပင် ယနေ့ အရှင်အာနန္ဒာအား သာဓုကောင်းကြီး ပေး တော်မူလေရာ၏၊ ကိုင်း.... ယခုအခါ ထို အရှင်အာနန္ဒာအား မြတ်စွာဘုရား ပေးတော်မူမည့် သာဓုကောင်းကြီးကို ဘုရား့ ကိုယ်စား ငါပေးပေအံ့”ဟု အကြံတော်ဖြစ်ရှိကာ အရှင်မဟာ- ကဿပ မထေရ်သည် “ငါ့ရှင်အာနန္ဒာ...သင်၏ အရဟတ္တဖိုလ်သို့

ရရှိဆိုက်ရောက် မျက်မှောက်ပြုရခြင်းကား တင့်တယ်လှဘိစွ" ဤသို့ အစရှိသည်ဖြင့် မိန့်မြွက်တော်မူကာ သာဓုကောင်းကြီး သုံးကြိမ်တိုင် ဟစ်ကြွေး ပေးတော်မူလေ၏။

## သံဂါယနာသတင် ဆင်ယင်တော်မူကြခြင်း

ဤကဲ့သို့ အရှင်အာနန္ဒာမထေရ်မြတ် ကြွရောက်လာသည်ရှိသော် သံဂီတိကာရက အရွေးချယ်ခံ သံဃာတော်များ စုံညီပြီဖြစ်၍ အရှင်မဟာကဿပ မထေရ်သည် ရဟန်းတော်တို့ကို ငါ့ရှင်တို့.... ငါတို့သည် ဓမ္မ, ဝိနယ နှစ်ပါးရှိသည့်အနက် အဘယ်ကို ရှေးဦးစွာ သံဂါယနာတင်ကြမည်နည်း၊ ဓမ္မ(=သုတ်,အဘိဓမ္မာ) ကိုတည်း ရှေးဦးစွာ သံဂါယနာတင်ကြမည်လော၊ သို့မဟုတ် ဝိနယကို တည်း ရှေးဦးစွာ သံဂါယနာတင်ကြမည်လော"ဟု ခေါ်ဆိုမေးမြန်းတော်မူလေ၏။ ရဟန်းတို့က—

> "အရှင်မဟာကဿပဘုရား....ဝိနည်းတရားတော် မည်သည် ဗုဒ္ဓမြတ်စွာ သာသနာ၏ အသက်သွေးကြောဖြစ်ပါသည်၊ အကြောင်းကိုဆိုသော် ဝိနည်းတရားတော် အခွန့်တာရှည် တည်လတ်သော် ဗုဒ္ဓမြတ်စွာ သာသနာသည် အခွန့်တာရှည် တည်သည်မည်ပါသည်၊ ထို့ကြောင့် ရှေးဦးစွာ ဝိနယဒေသနာကို သံဂါယနာတင်ကြပါကုန်စို့"—

ဟု တညီတညွတ်တည်း ပြန်ကြား လျှောက်ဆိုကြလေလျှင် အရှင်မဟာကဿပမထေရ်သည် "အဘယ်သူ့ကို အကြီးအမှူး အဦးပြု၍ ဝိနယဒေသနာကို သံဂါယနာတင်ကြမည်နည်း" ဟု မေးမြန်းတော် မူပြန်လေ၏။ ရဟန်းတို့က "အရှင်ဥပါလိထေရ်ကို အကြီးအမှူး အဦးပြု၍ ဝိနယဒေသနာကို သံဂါယနာတင်ကြကုန်အံ့"ဟု ဖြေဆိုကြလေလျှင် အရှင်မဟာကဿပမထေရ်သည် "အရှင်အာနန္ဒာက မစွမ်းနိုင်၍လော"ဟု မိန့်တော်မူ၏။ ထိုအခါ ရဟန်းတို့သည် "အရှင်အာနန္ဒာသည် မစွမ်းနိုင်သည်မဟုတ် = စွမ်းနိုင်ပါ၏၊ သို့သော် မြတ်စွာဘုရားရှင်သည် သက်တော်ထင်ထင် ရှိစဉ်ကပင် ဝိနည်းသင်ကြားတတ်မြောက်မှု အကြောင်းအမှီပြု၍ အရှင်

ဥပါလိမထေရ်ကို "ရဟန်းတို့... ဝိနည်းကို သင်ဆောင်ကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ဥပါလိရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"ဟု ဧတဒဂ်ရာထူး၌ ထားတော်မူခဲ့ပါသည်၊ ထို့ကြောင့် အရှင်ဥပါလိမထေရ်ကို မေးမြန်း၍ ဝိနယဒေသနာကို သံဂါယနာတင်ကြကုန်အံ့"ဟု ကြောင်းကျိုးဖော်ပြ၍ တညီတညွတ်တည်း ပြန်ကြားလျှောက်ဆိုကြလေ၏။

ဤပဌမ သံဂါယနာ၌ အရှင်မဟာကဿပမထေရ်သည် သံဃမဟာနာယက ဖြစ်တော်မူသည်။ ထိုနေ့ခင်မှ အရှင်မဟာကဿပသည် မိမိသည်ပင် မိမိကိုယ်ကို ဝိနယပုစ္ဆကဥတ် ထားတော်မူ၍ အရှင်ဥပါလိသည်လည်း မိမိသည်ပင် မိမိကိုယ်ကို ဝိနယဝိဿဇ္ဇကဥတ် ထားတော်မူပြီးလျှင် မိမိတို့နေရာ ဓမ္မာသနပလ္လင်ထက်၌ အသီးအသီး ထိုင်နေတော်မူကြ၍ ဝိနည်းသိက္ခာပုဒ်တော် အသီးအသီး၏ ဝတ္ထု၊ နိဒါန်း၊ ပုဂ္ဂိုလ်၊ မူလပညတ်၊ အနုပညတ်၊ အာပတ်သင့်ပုံ၊ မသင့်ပုံ-စသည် မေးသင့်မေးထိုက်သမျှသော အချက်အလက်များကို သိက္ခာပုဒ် တခုစီ တခုစီ အရှင်မဟာကဿပမထေရ်ကမေး၍ မေးတိုင်း မေးတိုင်းသော အချက်အလက်များကို အရှင်ဥပါလိမထေရ်က အပြည့်အစုံ ဖြေကြားတော်မူပြီးနောက် သံဂီတိကာရက သံဃာတော် ၅၀၀-တို့သည် မေး၊ ဖြေအစ်သော အစဉ်နည်းအတိုင်း (တေန သမယေန-စသည့်၊ တေန ခေါ ပန သမယေန-စသည့်၊ အထ ခေါ-စသည့်၊ ဧဝံ ဝုတ္တေ-စသည့် ထည့်သင့် ထည့်ထိုက်သော အဆက်အစပ် စကားရပ် စသည်ကို ထည့်သွင်းတော်မူကြ၍ "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ"ဤသို့ အစရှိသည်ဖြင့်) စုပေါင်းညီညာ ရွတ်ဆိုတော်မူကြကာ သံဂါယနာ တင်တော်မူကြလေသည်။ (စုပေါင်းညီညာ ရွတ်ဆိုကြခြင်းကို သံဂါယနာဟု ခေါ်၏)။

ပဌမပါရာဇိကကို စုပေါင်းရွတ်ဆို၍ ပြီးသောအခါ မဟာပထဝီ ဤမြေကြီးသည် သာဓုကောင်းကြီး ပေးသည့်အလား ရေအဆုံးအပိုင်းအခြားမြှ၍ ပြင်းစွာတုန်လှုပ်လေ၏။

ဤနည်းအတိုင်းပင် ကျန်သော ပါရာဇိကာသိက္ခာပုဒ် သုံးပါး အစရှိသည့် (၂၂၇) နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ် တို့ကိုလည်း တခုစီ တခုစီ အပြည့်အစုံ မေး, ဖြေ သံဂါယနာတင် တော်မူကြ၍ ပါရာဇိကကဏ္ဍပါဠိ အမည်ကမ္ပည်းတပ်သော ဤ ဘိက္ခုဝိဘင်းပါဠိတော်ကို "မဟာဝိဘင်း" ဟု အမည်ပညတ် သတ်မှတ်တော်မူကြကာ ဝါစနာမဂ္ဂ = ချပို့သင်ကြားရိုးအစဉ် ထားတော်မူကြကုန်၏။ ထိုမဟာဝိဘင်းကို စုပေါင်းရွတ်ဆို၍ ပြီးသောအခါမှာလည်း ရှေးနည်းအတူပင် မဟာပထဝီမြေကြီး ပြင်းစွာတုန်လှုပ်လေ၏။

ထို့နောက် ဘိက္ခုနီ ဝိဘင်းလာ (၃၀၄) သိက္ခာပုဒ်ပေါင်း သုံးရာ့လေးတို့ကိုလည်း တခုစီ တခုစီ အပြည့်အစုံ မေး, ဖြေ, သံဂါယနာတင်တော်မူကြ၍ "ဘိက္ခုနီဝိဘင်း" ဟု အမည်ပညတ် သတ်မှတ်တော်မူကြ၍ ရှေးမဟာဝိဘင်းနှင့် ဤဘိက္ခုနီဝိဘင်း နှစ်ရပ်တို့ကို "၆၄-ဘာဏဝါရရှိသော ဥဘတောဝိဘင်း" ဟု အမည်ပညတ် သတ်မှတ်တော်မူကြကာ ဝါစနာမဂ္ဂ = ချပို့သင်ကြား ရိုးအစဉ် ထားတော်မူကြကုန်၏။ ဥဘတောဝိဘင်းကို စုပေါင်း ရွတ်ဆို၍ ပြီးသောအခါမှာလည်း ရှေးနည်းအတူပင် မဟာပထဝီ မြေကြီး ပြင်းစွာတုန်လှုပ်လေ၏။

ဤနည်းဖြင့်ပင် ဘာဏဝါရရှစ်ဆယ်ရှိသော မဟာဝဂ္ဂ, စူဠဝဂ္ဂ ခန္ဓကပါဠိတော်တို့နှင့် နှစ်ဆယ့်ငါးဘာဏဝါရ ပမာဏရှိသော ပရိဝါရပါဠိတော်ကိုလည်း သံဂါယနာ တင်တော်မူကြပြီးလျှင် "ဤကား ဝိနယပိဋကမည်စေ" ဟု အမည်ပညတ် သတ်မှတ်ထား တော်မူကြကုန်၏။ ဝိနည်းပိဋကတ်ကို စုပေါင်းရွတ်ဆို(သံဂါယနာ တင်) ၍ ပြီးသောအခါမှာလည်း ရှေးနည်းအတူပင် မဟာပထဝီ မြေကြီး ပြင်းစွာတုန်လှုပ်လေ၏။

### ဝိနည်းပိဋကတ်ကို အရှင်ဥပါလိသို့ အပ်နှင်းတော်မူကြခြင်း

ထိုသို့ သံဂါယနာတင်ပြီးသော ဝိနည်းပိဋကတ်တော်ကို သံဂီတိကာရက မထေရ်မြတ် ၅၀၀-တို့သည် "ငါ့ရှင်.... ဤဝိနည်း

ပိဋကတ်ကို သင့်ထံ နိုဿယယူည်းခံကြသည့် တပည့်များကို ပို့ချ သင်ကြားပေးပါလော့”ဟု တာဝန်ပေးစကား မိန့်ကြားတော်မူကြကာ အရှင်ဥပါလိမထေရ်သို့ အပ်နှင်းတော်မူကြလေကုန်၏။ ဝိနည်းပိဋကတ်ကို သံဂါယနာတင်၍ ပြီးဆုံးသောအခါ အရှင်ဥပါလိမထေရ်သည် ဆင်စွယ်ယပ်ကို ပလ္လင်ထက်ဝယ် ချထားခဲ့၍ ဓမ္မာသနပလ္လင်မှ ဆင်းတော်မူပြီးလျှင် မထေရ်ကြီးတို့ကို ရှိခိုး၍ မိမိအတွက် ရောက်ရှိသောနေရာ၌ ထိုင်နေတော်မူလေ၏။

ဝိနယ (=ဝိနည်းပိဋကတ်) ကို သံဂါယနာတင်ပြီးနောက် ဓမ္မ (=သုတ်, အဘိဓမ္မာ)ကို သံဂါယနာတင်တော်မူလိုသည် ဖြစ်၍ အရှင်မဟာကဿပမထေရ်သည် သံဂီတိကာရကမထေရ်တို့ကို “ငါ့ရှင်တို့····ဓမ္မ=သုတ်, အဘိဓမ္မာကို သံဂါယနာတင်ကြမည့် ငါတို့သည် အဘယ်မထေရ်ကို အကြီးအမှူး အဦးပြု၍ ဓမ္မ= သုတ်, အဘိဓမ္မာကို သံဂါယနာတင်ကြမည်နည်း”ဟု သံဃာဆန္ဒကို ရယူ မေးမြန်းတော်မူလေ၏။ သံဂီတိကာရက မထေရ်အားလုံး တို့သည် “အရှင်အာနန္ဒာမထေရ်ကို အကြီးအမှူး အဦးပြု၍ သံဂါ-ယနာတင်ကြကုန်အံ့”ဟု တညီတညွတ်တည်း ဖြေကြားတော်မူကြကုန်၏။

ထိုနောက် အရှင်မဟာကဿပမထေရ်သည် ဓမ္မပုစ္ဆကဥတ် ထားတော်မူ၍ အရှင်အာနန္ဒာမထေရ်သည် ဓမ္မဝိဿဇ္ဇကဥတ် ထားတော်မူပြီးလျှင် မိမိနေရာမှထ၍ သင်္ကန်းကို လက်ကန်တော့ စံပယ်တင်ပြီးလျှင် မထေရ်ကြီးတို့ကို ရှိခိုးပြီးနောက် ဆင်စွယ် ယပ်ဝန်းကို စွဲကိုင်တော်မူကာ ဓမ္မာသနပလ္လင်၌ ထိုင်နေတော်မူလေ၏။ ထိုသို့ ထိုင်နေပြီးသောအခါ အရှင်မဟာကဿပမထေရ် နှင့် သံဂီတိကာရကမထေရ်တို့ ဓမ္မကို သံဂါယနာတင်ရန်အတွက် ဆွေးနွေးတော်မူကြသည်မှာ—

> (မဟာကဿပ) ငါ့ရှင်တို့........ဓမ္မအရ သုတ္တန်ပိဋက, အဘိဓမ္မာပိဋကဟူ၍ နှစ်ပါးရှိရာ အဘယ်ပိဋကကို ရှေး ဦးစွာ ငါတို့ သံဂါယနာ တင်ကြမည်နည်း။

(မထေရ်များ) သုတ္တန်ပိဋကကို ရွေးဦးစွာ သံဂါယနာတင်ကြပါကုန်စို့ဘုရား....။ (ဝိနယပိဋကကား အဓိသီလ သိက္ခာကို ပဓာနအားဖြင့် ဟောကြားသည်၊ သုတ္တန္တပိဋကကား အဓိစိတ္တသိက္ခာကို ပဓာနအားဖြင့် ဟောကြားသည်၊ အဘိဓမ္မာပိဋကကား အဓိပညာသိက္ခာကို ပဓာနအားဖြင့် ဟောကြားသည်၊ ဤ သီလ, သမာဓိ, ပညာ = သိက္ခာသုံးပါး အစဉ်အတိုင်း ပိဋကသုံးပုံကို သံဂါယနာတင်တော်မူကြသည်ဟု အထူးမှတ်ရာ၏)။

(မဟာကဿပ) ငါ့ရှင်တို့........သုတ္တန် ပိဋကဝယ် သံဂါယနာတင်ရမည့် နိကာယ်ကြီး (သုတ်အပေါင်းအစုကြီး) လေးရပ်တို့ရှိလေရာ အဘယ်နိကာယ်ကို ရွေးဦးစွာ သံဂါယနာတင်ကြမည်နည်း။

(မထေရ်များ) ဒီဃနိကာယ်ကို ရွေးဦးစွာ သံဂါယနာတင်ကြပါကုန်စို့ဘုရား....။

(မဟာကဿပ) ငါ့ရှင်တို့....ဒီဃနိကာယ်၌ သုတ်ပေါင်း ၃၄-သုတ်၊ဝဂ်ပေါင်း ၃-ဝဂ်တို့ရှိရာ အဘယ်ဝဂ်ကို ရွေးဦးစွာ သံဂါယနာတင်ကြမည်နည်း။

(မထေရ်များ) သီလက္ခန္ဓဝဂ်ကို ရွေးဦးစွာ သံဂါယနာတင်ကြပါကုန်စို့ဘုရား....။

(မဟာကဿပ) ငါ့ရှင်တို့....သီလက္ခန္ဓဝဂ်၌ သုတ်ပေါင်း ၁၃-သုတ်တို့ရှိရာ အဘယ်သုတ်ကို ရွေးဦးစွာ သံဂါယနာတင်ကြမည်နည်း။

(မထေရ်များ) အရှင်ဘုရား....ဗြဟ္မဇာလသုတ်မည်သည် စူဠ, မဇ္ဈိမ, မဟာ = သုံးဖြာသောသီလတို့ဖြင့် တန်းဆာဆင်အပ်သောသုတ် ဖြစ်ပါသည်၊ အထူးထူး အပြားပြားသော မိစ္ဆာဇီဝ, ကုဟန = အံ့အဲအောင်ပြုမှု, လပန =၊ လိမ်လည်လှည့်ဖြား ဝါကြွားပြောဆိုမှု-အစရှိသည့် သာသနာတော်နှင့် မလျော်မလျောက်ပတ်သော အမူအကျင့်

တို့ကို ပယ်လွှင့်ဖျက်ဆီးနိုင်သည့် သုတ္တန်လည်း ဖြစ်ပါသည်၊ ၆၂-ဖြာ မိစ္ဆာအယူခပင်းတို့ကို ဖြေရှင်းဟောကြားရာလည်း ဖြစ်ပါသည်၊ လောကဓာတ် စကြဝဠာပေါင်းတိုက်တသောင်းကို ၆၂-ကြိမ်တိုင်တိုင် တုန်လှုပ်စေသော သုတ္တန်လည်း ဖြစ်ပါသည်၊ ထို့ကြောင့် ထိုဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ သံဂါယနာတင်ကြပါကုန်စို့ဘုရား....။

ဤကဲ့သို့ ဆွေးနွေးတော်မူကြပြီးနောက် အရှင်မဟာကဿပမထေရ်သည် အရှင်အာနန္ဒာမထေရ်ကို ဗြဟ္မဇာလသုတ်ဆိုင်ရာ နိဒါန်း,ပုဂ္ဂိုလ်,ဝတ္ထု-စသည် မေးသင့်သမျှ အချက်အလက်တို့ကို အပြည့်အစုံ မေးမြန်းတော်မူသည်။ အရှင်အာနန္ဒာမထေရ်မြတ်သည် မေးတိုင်းမေးတိုင်း အပြည့်အစုံ ဖြေကြားတော်မူသည်။ ထိုသို့ မေးဖြေပြီးဆုံးသောအခါ သံဂီတိကာရက ရဟန္တာမထေရ် ၅၀၀-တို့သည် ဗြဟ္မဇာလသုတ်ကို စုပေါင်းညီညွတ် ရွတ်ဆိုတော်မူကြကာ သံဂါယနာတင်တော်မူကြကုန်၏။ (စုပေါင်းညီညွတ် ရွတ်ဆိုခြင်းကို သံဂါယနာတင်သည်ဟု ခေါ်၏)။ ဗြဟ္မဇာလသုတ်ကို သံဂါယနာတင်ပြီးသည်၏အဆုံး၌ မဟာပထဝီမြေကြီး ရေးနည်းအတူ ပြင်းစွာတုန်လှုပ်လေ၏။

ဤသို့ဗြဟ္မဇာလသုတ်ကို သံဂါယနာတင်ပြီးနောက် သာမညဖလ-အစရှိသည့် ကျန်သော ၁၂-သုတ်တို့ကိုလည်း အပြည့်အစုံ မေး, ဖြေ, သံဂါယနာတင်တော်မူကြပြီးလျှင် ဗြဟ္မဇာလသုတ္တန်နှင့်တကွ ၁၃-သုတ်တို့ကို "ဤကား သီလက္ခန္ဓဝဂ် မည်၏"ဟု သတ်မှတ်ပိုင်းခြားဝါစနာမဂ္ဂ=ချပ်သင်ကြားရိုးအစဉ် ထားတော်မူကြကုန်၏။

ထို သီလက္ခန္ဓဝဂ်၏အခြားမဲ့၌ မဟာဝဂ် သုတ်ပေါင်း ၁၀-ကိုငင်း, ထိုမဟာဝဂ်၏ အခြားမဲ့၌ ပါထိကဝဂ် သုတ်ပေါင်း ၁၁-သုတ်တို့ကိုငင်း အပြည့်အစုံ မေး, ဖြေ, သံဂါယနာတင်တော်မူကြပြီးလျှင် ဤဆိုအပ်ပြီးသည့် ဝဂ်ပေါင်းသုံးဝဂ်တို့ဖြင့် သဂြိုဟ်ရေတွက်အပ်၍ သုတ်ပေါင်း ၃၄-သုတ်တို့ဖြင့် တန်းဆာဆင်အပ်လျက် ၆၄-ဘာဏဝါရမျှ ပမာဏရှိသော ဘုရားစကားတော်

အစဉ်ကို စုပေါင်းရွတ်ဆိုတော်မူကြပြီးနောက် "ဤကား ဒီဃ-နိကာယ် = ရှည်လျားသော သုတ္တန်အပေါင်း မည်၏"ဟု အမည်ပညတ် သတ်မှတ်တော်မူကြပြီးလျှင် ထို ဒီဃနိကာယ်တရားတော်မြတ်ကို သံဂီတိကာရက မထေရ်အားလုံးတို့သည် "ငါ့ရှင်...ဤဒီဃနိကာယ်ကို ငါ့ရှင်၏ထံ၌ နိဿယည်း ခံယူနေထိုင်ကြသော တပည့်တို့ကို ပို့ချပေးပါလော့"ဟု မိန့်ကြားတော်မူကြကာ အရှင်အာနန္ဒာမထေရ်မြတ်ကို အပ်နှင်းတော်မူကြလေကုန်၏။

ထို့နောက် သံဂီတိကာရကမထေရ်မြတ်တို့သည် ဘာဏဝါရရှစ်ဆယ် ပမာဏရှိသော မဇ္ဈိမနိကာယ် ဘုရားစကားကို မေး, ဖြေ, သံဂါယနာတင်တော်မူကြပြီးလျှင် "ငါ့ရှင်တို့သည် ဤမဇ္ဈိမနိကာယ်ကို မပျောက်မပျက်အောင် ဆောင်ကြလော့"ဟု တာဝန်ပေးစကား မိန့်ကြားတော်မူကြ၍ အရှင်သာရိပုတ္တရာ၏ တပည့်များကို အပ်နှင်းတော်မူကြလေကုန်၏။

ထို့နောက် သံဂီတိကာရကမထေရ်မြတ်တို့သည် ဘာဏဝါရတရာ ပမာဏရှိသော သံယုတ္တနိကာယ် ဘုရားစကားတော်ကို မေး, ဖြေ, သံဂါယနာတင်တော်မူကြပြီးလျှင် "အရှင်ဘုရား.... ဤသံယုတ္တနိကာယ် ဘုရားစကားတော်ကို, အရှင်ဘုရားတို့၏ ထံ၌ နိဿယည်း ခံယူနေထိုင်ကြသော တပည့်တို့ကို ပို့ချပေးတော်မူကြပါလော့"ဟု လျှောက်ထားကြကာ အရှင်မဟာကဿပ မထေရ်မြတ်ကို အပ်နှင်းတော်မူကြလေကုန်၏။

ထို့နောက် သံဂီတိကာရကမထေရ်မြတ်တို့သည် ဘာဏဝါရတရာ့နှစ်ဆယ် ပမာဏရှိသော အင်္ဂုတ္တရနိကာယ် ဘုရားစကားတော်ကို မေး, ဖြေ,သံဂါယနာတင်တော်မူကြပြီးလျှင်"ဤအင်္ဂုတ္တရနိကာယ်ဘုရားစကားတော်ကို အရှင်ဘုရားတို့၏ထံ၌ နိဿယည်း ခံယူနေထိုင်ကြသော တပည့်တို့ကို ပို့ချပေးတော်မူကြပါလော့"ဟု လျှောက်ထားကြကာ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို အပ်နှင်းတော်မူကြလေကုန်၏။

ထို့နောက် သံဂါယနာတင်ပြ ကြသောအခါ မထေရ်မြတ်တို့သည် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဟူသော အဘိဓမ္မာခုနစ်ကျမ်းတို့ကို မေး, ဖြေ, သံဂါယနာတင်တော်မူကြလေသည်။ ရှေးဆိုအပ်ပြီးနည်းအတိုင်း မဟာပထဝီမြေကြီး ပြင်းထန်စွာ တုန်လှုပ်မှု ဖြစ်လေသည်။

ထို့နောက် သံဂီတိကာရက မထေရ်မြတ်တို့သည် ဇာတက, နိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ္ဂ, အပဒါန, သုတ္တနိပါတ, ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ တို့ကို မေး, ဖြေ, သံဂါယနာတင်တော်မူကြပြီးလျှင် "ခုဒ္ဒကနိကာယ်"ဟု သတ်မှတ်တော်မူကြလေသည်။ ယင်းခုဒ္ဒကနိကာယ်ကို ဒီဃနိကာယ်ဆောင် အရှင်မြတ်တို့သည် "အဘိဓမ္မာပိဋကာ၌ သင်္ဂြိုဟ်သံဂါယနာတင်တော်မူကြပြီ"ဟု မိန့်ဆိုတော်မူကြကုန်၏။ မဇ္ဈိမနိကာယ်ဆောင် အရှင်မြတ်တို့သည်ကား "ဖော်ပြရာပါ တဆယ့်သုံးကျမ်းတို့နှင့်တကွ ဗုဒ္ဓဝံသ, စရိယာပိဋက = ဤတဆယ့်ငါးကျမ်းလုံးသည် ခုဒ္ဒကနိကာယ် အမည်တွင်၍ သုတ္တန်ပိဋကာ၌ အကျုံးဝင်၏"ဟု မိန့်ဆိုတော်မူကြလေသည်။ ။(ဤဆိုအပ်ပြီးသည်ကား သုတ်သီလက္ခန်အဋ္ဌကထာ စာမျက်နှာ ၃-မှ ၁၆ အထိ ဖွင့်ပြချက်တည်း။ ထိုစကားရပ်စု၌ "ဘာဏဝါရ"ဟူသော အခေါ်အဝေါ်မှာ သံဂါယနာတင်တော်မူကြသော်အခါ တကြိမ်ရွတ် တကြိမ်ရွတ်စာကို ခေါ်ဝေါ်သော သံဂါယနာဝေါဟာရ ဖြစ်သည်၊ ယင်း တဘာဏဝါရကို စက်နာရီအားဖြင့် နာရီဝက်ခန့် ရွတ်ဆိုရသည်။ ။သံဂါယနာ တင်တော်မူအံ့သော်အခါ အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်အာနန္ဒာတို့ မိမိကိုယ်ကို သမုတ်ကြသောဉတ်ပါဠိကား ဝိနည်း စူဠဝဂ္ဂ ပဉ္စသတိကက္ခန္ဓကာ၌လာ၏)။

ဤသို့လျှင် အရှင်အာနန္ဒာမထေရ်မြတ်သည် ပဌမသံဂါယနာ တင်တော်မူရာ၌ဓမ္မခေါ်သည့်သုတ္တန်ပိဋက,အဘိဓမ္မာပိဋကတို့ကို တာဝန်ဆောင်၍ ရဲရဲတောက် ဖြေကြားတော်မူခဲ့ရလေသည်။

**ဤကား အရှင်အာနန္ဒာ၏ ပဌမသံဂါယနာ၌ အရေးပါပုံတည်း။**

**အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံတော်မူခြင်း**

အရှင်အာနန္ဒာမထေရ်မြတ်သည် မြတ်စွာဘုရားရှင်နှင့် ဖွား ဖက်တော်ဖြစ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ နှစ်, ပဌမသံဂါယနာတင်ရာနှစ်ဖြစ်သည့် မဟာသက္ကရာဇ်(၁၄၈) တရာ့လေးဆယ့်ရှစ်ခုနှစ်၌ အသက်တော်ရှစ်ဆယ် ရှိနေလေပြီ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ပဌမသံဂါယနာတင်ပြီး နောက် နှစ်ပေါင်းလေးဆယ်အရောက် မထေရ်မြတ်၏အသက် တော် အနှစ်(၁၂၀)တရာ့နှစ်ဆယ် ရှိသောအခါ တနေ့သ၌ မထေရ်မြတ်သည် မိမိ၏ အာယုသင်္ခါရခေါ် ဇီဝိတသန္တတိကို ကြည့်ရှုဆင်ခြင်တော်မူလေသော် ကုန်နေသောအဖြစ်ကို သိတော် မူ၍ "ငါသည် ယနေ့မှနောက် ခုနစ်ရက်မြောက်၌ ပရိနိဗ္ဗာန် ဝင်စံတော့အံ့"ဟု တပည့်ဖြစ်သူ ရှင်လူတို့အား မိန့်ကြားတော် မူလေသည်။

ထိုသတင်းကို ကြား၍ ရောဟိဏီမြစ်(သာကိယ, ကောလိယ မင်းတို့ ရေအမှုခင်းဖြစ်ရာ မြစ်)၏ ဟိုမှာဖက်, ဤမှာဖက် = ကမ်းနှစ်ဖက်၌ နေကြသူလူတို့တွင် ဤမှာဖက်ကမ်းနေလူတို့သည် "ငါတို့ကား မထေရ်မြတ်၏အပေါ်၌ ဥပကာရကျေးဇူး အထူး များသူတို့ ဖြစ်ကုန်၏၊ ထို့ကြောင့် မထေရ်မြတ်သည် ငါတို့အထံ၌ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်"ဟု ပြောဆိုကြလေ၏။ ထိုမှာဖက် ကမ်း၌နေသူ လူတို့ကလည်း ထိုအတူပင် ပြောဆိုကြလေ၏။

မထေရ်မြတ်သည် ကမ်းနှစ်ဖက်၌နေသူ လူတို့၏စကားကို ကြားသိတော်မူရ၍ "ကမ်းနှစ်ဖက်၌နေသူ လူအားလုံးတို့ပင် ငါ့ အပေါ်၌ ဥပကာရကျေးဇူး အထူးများသူတို့ ဖြစ်ကြသည်၊ 'ဤမည်သောသူတို့သည် ကျေးဇူးမပြုကြကုန်'ဟူ၍ မပြောဆိုနိုင်၊ အကယ်၍ ငါသည် ဤမှာဖက်ကမ်း၌ ပရိနိဗ္ဗာန်စံခဲ့လျှင် ထိုမှာ ဖက်ကမ်းနေသူ လူတို့သည် ငါ၏သာရီရိကဓာတ်တို့ကို ရယူရန် အတွက် ဤမှာဖက်ကမ်း နေသူလူတို့နှင့် ခိုက်ရန်မှု ပြုကြပေလိမ့် မည်။ အကယ်၍ ထိုမှာဖက်ကမ်း၌ ပရိနိဗ္ဗာန်စံခဲ့လျှင် ဤမှာ ဖက်ကမ်းနေသူ လူတို့သည်လည်း ထိုအတူပင် ခိုက်ရန်မှု ပြုကြပေ

လိမ့်မည်။ ထိုခိုက်ရန်မှုသည် ဖြစ်ပေါ်လျှင်လည်း ငါ့ကို အမှီပြု၍ သာလျှင် ဖြစ်ပေါ်လိမ့်မည်၊ ငြိမ်းအေးလျှင်လည်း ငါ့ကို အမှီပြုရမှသာ ငြိမ်းအေးပေလိမ့်မည် = ငါမစီမံတတ်လျှင် ခိုက်ရန်မှု ဖြစ်ပွါးလိမ့်မည်၊ ငါ စီမံတတ်လျှင် ခိုက်ရန်မှု ငြိမ်းအေးလိမ့်မည်" ဟု ကြံစည် ဆင်ခြင်တော်မူပြီးလျှင်—

"ဒါယကာ, ဒါယိကာမအပေါင်းတို့…ဤမှာဖက်ကမ်းနေသူ လူတို့သည်လည်း ငါ၏အပေါ်မှာ ကျေးဇူးများကြသည်သာ ဖြစ်ကုန်၏၊ ထိုမှာဖက်ကမ်းနေသူ လူတို့သည်လည်း ငါ၏အပေါ်မှာ ကျေးဇူးများကြသည်သာ ဖြစ်ကုန်၏။ ကျေးဇူးမများကြသူဟူ၍ မရှိကြကုန်၊ ဤမှာဖက်ကမ်းနေသူ လူတို့သည်လည်း ဤမှာဖက်ကမ်း၌သာ စည်းဝေး၍ နေကြကုန်စေ၊ ထိုမှာဖက်ကမ်းနေသူ လူတို့သည်လည်း ထိုမှာဖက်ကမ်း၌သာ စည်းဝေး၍ နေကြကုန်စေ"—

ဟု မိန့်တော်မူလေ၏။ ထို့နောက် ခုနစ်ရက်မြောက်သောနေ့၌ မယေရုံမြတ်သည် ရောဟိဏီမြစ်၏ အလယ်ဗဟို အထက်ကောင်းကင်(ထန်းခုနစ်ပြန်ခန့်အမြင့်)၌ ထက်ဝယ်ဖွဲ့ခွေ (= တင်ပလ္လင်ခွေ)ထိုင်နေတော်မူပြီးလျှင် ရှေးဦးစွာ လူအုပ်များကို တရားဟောတော်မူလေသည်။

ထိုသို့ တရားဟောတော်မူပြီးမှ "ငါ၏ကိုယ်သည် အလယ်မှ ထက်ခြမ်းကွဲ၍ တခြမ်းသည် ဤမှာဖက်ကမ်း၌ ကျစေသတည်း၊ တခြမ်းသည် ထိုမှာဖက်ကမ်း၌ကျစေသတည်း" ဟု အဓိဋ္ဌာန်တော်မူလေသည်။ ထိုသို့ အဓိဋ္ဌာန်တော်မူပြီးနောက် အဘိညာဏ်၏ အခြေပါဒဖြစ်သော တေဇောကသိဏဈာန်ကို ဝင်စားတော်မူလေသည်၊ ထိုဈာန်မှထ၍ အဘိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ အဘိညာဏ်စေ့ဆော်မှုနှင့်ပြိုင်လျက် ကိုယ်တော်မှ မီးအလျှံများ တဟုန်းဟုန်း ထပေါ်ဖြစ်ပွါး၍ လာပြီးလျှင် ထိုအဘိညာဏ်စိတ်၏ အခြားမဲ့၌ မယေရုံမြတ်သည် ပဋိသန္ဓေစုတိစိတ် ကျတော်မူကာ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူလေသည်။

အမိန့်တော်မှုချက်အတိုင်း ကိုယ်တော်သည် အလယ်မှ ထက်ခြမ်းကွဲ၍ တခြမ်းသည် ဤမှာဖက်ကမ်း၌ ကျ၍ ကျန်တခြမ်းသည် ထိုမှာဘက်ကမ်း၌ ကျလေ၏။ ထိုအခါ ကမ်းနှစ်ဖက်နေသူလူများအပေါင်းသည် သည်းစွာငိုကြွေးကြလေ၏၊ထိုလူတို့ ငိုကြွေးသောအသံသည် မြေပြိုအံ့သော အသံကဲ့သို့ ဖြစ်လေ၏။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသောအခါ ငိုကြွေးသောအသံထက် သနားဖွယ်ဟောင်းလှ၏။ လူတို့သည် လေးလတ်ိုဝတ်လုံး ငိုကြွေးကြကုန်လျက် 'မြတ်စွာဘုရား၏ သပိတ်, သင်္ကန်းတော်ကို ကိုင်ဆောင်သော မထေရ်မြတ် ထင်ရှားရှိနေလတ်သော် မြတ်စွာဘုရား ထင်ရှားရှိတော်မူသောကာလကဲ့သို့ အကျွန်ုပ်တို့မှာ ဖြစ်ရှိပါသည်၊ ယခုမှ အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည် စင်စစ်အမှန် ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီ" ဟု တတွတ်တွတ် မြည်တမ်းစကား ပြောကြားလှည့်လည်ကာ နေ့ကြရှာလေကုန်သတည်း။

**သံဝေဂဂါထာ ပါဠိ, အနက်**

ဟာ သံယောဂါ ဝိယောဂန္တာ၊
ဟာ အနိစ္စာဝ သင်္ခတာ။
ဟာ ဥပ္ပန္နာ စ ဘင်္ဂန္တာ၊
ဟာ ဟာ သဒ္ဒါရမ္မဏာ။

သံယောဂါ = ဆရာဒကာ မိတ်သဟာနှင့် ဆွေညာရင်းနှီး သားသမီးက ဇနီးမောင်နှံ ဆက်ဆံကြိုက်ကြိုပေါင်းဆုံရခြင်း ဟူသမျှတို့သည်။ ဝိယောဂန္တာ = ဇာတိဝေးခြား ရပ်တပါးသို့ ပြောင်းသွားကွေကွင်းရခြင်း, ဘဝခြားကာ ကွဲကွာကွေကွင်းရခြင်း ဟူသော သေကွဲ, ရှင်ကွဲ = ဤနှစ်ကွဲလျှင် မလွဲနိုင်ဘဲ အဆုံးရှိကုန်ရကား။ ဟာ....= သောက, ပရိဒေဝ စရှိထွေထွေ ဒုက္ခပေါင်းပင်လယ်ဝေ ဟာင် ... ကြောက်လန့်ဖွယ်တို့ပါပေ။ သင်္ခတာ = ကံ, စိတ်, ဥ, ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုပြင် စီရင်အပ်သမျှ သင်္ခတ တရားအစုတို့သည်။

အနိစ္စာဝ = အစိုင်အခဲ အမြဲမတည် အခွန့်မရှည်ကြကုန်သည် ဖြစ်၍သာလျှင်။ ဟာ....= သော်က, ပရိဒေဝ စရိုးထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ ဟင်...ကြောက်လန့်ဖွယ်တို့ပါပေ။ ဥပ္ပန္နာ စ = ဥပါဒ်မကင်း ဖြစ်ပေါ်ခြင်း ရှိကြသည့် မြင်သမျှအလုံးစုံ သင်္ခါရအဖုံဖုံတို့သည်လည်း။ ဘင်္ဂုနာ = ပြိုခြင်း ပျက်ခြင်း ချုပ်ပျောက်ခြင်းလျှင် မငြင်းနိုင်ဘိ အဆုံးရှိကုန်ရကား။ ဟာ.... = သော်က, ပရိဒေဝ စရိုးထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ ဟင်....ကြောက်လန့်ဖွယ်တို့ပါပေ။ သင်္ခါရဓမ္မတာ = ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ နိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာ သဘောတံထွာ ဓမ္မတာလမ်းရိုးကြီးသည်။ ဟာ....ဟာ.... =ဒုက္ခသမုဒ် ဝဲဇလုတ်ဝယ် နစ်မြုပ်စေတတ် အကြောင်းရင်းကောန် အခြေခံမှန်လတ်သဖြင့် ဆတ်ဆတ်ပုံသေ ဟင်.... ဟင်....ကြောက်ရွံ့ထိတ်လန့်ဖွယ်ပေတကား....။

ဤကား အရှင်အာနန္ဒာမထေရ်မြတ် အကြောင်းတည်း။

---

## (၁၁) အရှင်ဥရုဝေလကဿပမထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤမထေရ်အလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်တွင် အမျိုးကောင်းအိမ်၌ ပဋိသန္ဓေ တည်ယူနေ၍ အရွယ်သို့ရောက်လတ်သော် ပဒုမုတ္တရမြတ်စွာဘုရား၏ တရားစကားကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "ပရိသတ်အခြံအရံ များသောအရာဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကိုမြင်ရ၍ "ငါသည်လည်း အနာဂတ နောက်ကာလဝယ် ဤရဟန်းနည်းတူ ပရိသတ်အခြံအရံ များသောအရာဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရသူဖြစ်မှသင့်တော်မည်" ဟု ကြံစည်ဆင်ခြင်လျက် ခုနစ်ရက်ကြာ ဘုရားအမှူးရှိသောသံဃာအား မဟာဒါနကြီး ပေးလှူပြီးလျှင် ခုနစ်ရက်

မြောက် ရောက်သောနေ့၌ ထိုဘုရားအမှူးရှိသော သံဃာအား တိစီဝရိက် ( = သက်န်းသုံးထည်) တစုံစီ ဆက်ကပ်လှူဒါန်းပြီး နောက် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးဦးညွတ်၍ ပရိသတ် အခြံအရံ များသောအရာဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ဘွဲ့ထူးရပုဂ္ဂိုလ်ဖြစ်ရန် ဆုတောင်းပတ္တနာမှု ပြုလေ၏။

ပဒုမုတ္တရ မြတ်စွာဘုရားရှင်သည် ထို အမျိုးကောင်းသား၏ ဆုတောင်းပတ္တနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို သိမြင်တော် မူ၍ "သင်သည် အနာဂတ နောက်ကာလဝယ် ဂေါတမမြတ်စွာ သာသနာ၌ ပရိသတ်အခြံအရံ များကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့၍ ဖဲကြွတော်မူလေ၏။

### ဖုဿမြတ်စွာဘုရားရှင်၏ ညီတော်မင်းသားဘဝ

ထို အမျိုးကောင်းသားသည် ဗျာဒိတ်ရသော ထို ဘဝဝယ် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ နတ်ပြည်,လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ဤယခု ဘဒ္ဒကမ္ဘာမှ ပဋိလောမအဆန် ပြန်၍ရေတွက်လျှင် (၉၂) ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပွင့်ထွန်း တော်မူသော ဖုဿမြတ်စွာဘုရားရှင်၏ ဖတူမိကွဲ ညီတော် ခင်းသားအကြီး ဖြစ်လာလေသည်။ ထို မင်းသားမှာ အခြား ညီတော်မင်းသား နှစ်ဦးတို့ ရှိကြလေသည်။ (ထိုမင်းသားသုံးဦး တို့ ဖုဿမြတ်စွာဘုရား အမှူးပြုသော သံဃာတော်အား ဝါတွင်း သုံးလကြာ ပစ္စည်းလေးပါးတို့ဖြင့် ပြုစုပူဇော်ခဲ့ကြပုံ အကြောင်း အရာ အကျယ်ကိုကား အောက်မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာ မျက်နှာ ၆၀၇-မှ စ၍၎င်း, ဤမဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ စာမျက်နှာ ၃၃၆-မှ စ၍၎င်း ပြန်လည်ကြည့်ရှု မှတ်ယူကုန်ရာ၏)။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို မင်းသားညီနောင် သုံးဦးတို့သည် ဝါကျွတ်သောအခါ ဘုရားအမှူးရှိသောသံဃာကို အလွန်မွန်မြတ်သော ပစ္စယပူဇာဖြင့်

ပူဇော်ကြ၍ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုကြပြီးလျှင် အပါယ်လေးပါး မလားမရောက်ကြပဲ ဤဘဒ္ဒကမ္ဘာဝယ် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူသည်မှ ရှေးဦးကပင်(=ပွင့်ထွန်းတော်မမူမီကပင်) ပုဏ္ဏားမျိုး၌ဖြစ်ကြ၍ မိမိတို့အနွယ်အားဖြင့် ညီနောင် သုံးဦးသားလုံးတို့ပင် ကဿပ-ဟူ၍ အမည်ရှိကြလေသည်။ ကဿပ-ညီနောင် သုံးဦးသားတို့သည် အရွယ်သို့ရောက်ကြလတ်သော် ဗေဒင်သုံးပုံတို့ကို သင်ကြားတတ်မြောက်ကြလေသည်။ ထိုညီနောင်သုံးဦးတို့အနက် နောင်တော်အကြီးမှာ တပည့်လုလင်ပရိသတ်အခြံအရံ ငါးရာ, ညီအလတ်မှာ သုံးရာ, ညီအငယ်မှာ နှစ်ရာ အသီးအသီးရှိကြလေသည်။

ထိုညီနောင် သုံးဦးလုံးတို့ပင် မိမိတို့၏ ဗေဒင်ကျမ်းများ၌ အနှစ်သာရကို ကြည့်ရှု ဆင်ခြင်ကြသည်ရှိသော် မျက်မှောက်အကျိုးကိုသာ တွေ့မြင်ကြရ၍ တမလွန်အကျိုးကို မတွေ့မြင်ကြရကုန်။ ထိုနောက် ညီနောင်သုံးဦးတို့အနက် နောင်တော်အကြီးဖြစ်သော ကဿပဂိုဏ်းဆရာကြီးသည် မိမိ၏ တပည့်ပရိသတ်အခြံအရံငါးဦးတို့နှင့်အတူတကွ ဥရုဝေလတောသို့ သွားရောက်၍ ရသေ့ရဟန်းပြုပြီးလျှင် (နေရာတောကို အစွဲပြုကာ) ဥရုဝေလကဿပဆရာကြီးဟူ၍ အမည်တွင်လေသည်။ ညီအလတ်ကား ဂင်္ဂါမြစ်ကြီး၏ အကွေ့၌ ထိုအတူ တပည့်ပရိသတ် အခြံအရံ သုံးရာတို့နှင့်အတူတကွ ရသေ့ရဟန်းပြုကာနေသဖြင့် နဒီကဿပဂိုဏ်းဆရာဟု အမည်တွင်လေသည်။ ညီအငယ်ကား ထိုအတူ တပည့်ပရိသတ်အခြံအရံ နှစ်ရာတို့နှင့် အတူတကွ ဂယာသီသအရပ်၌ ရသေ့ရဟန်းပြုကာ နေသဖြင့် ဂယာကဿပဂိုဏ်းဆရာဟု အမည်တွင်လေသည်။

ဤသို့လျှင် ထိုညီနောင်သုံးဦးတို့ ရသေ့ရဟန်းပြုကြ၍ ဥရုဝေလတောအုပ် စသော ဖော်ပြရာပါ ဌာနအသီးသီးတို့၌ ဂိုဏ်းဆရာကြီးများ ပြုလုပ်ကာ နေထိုင်ကြစဉ်ပင် ရက်ပေါင်းနေ့ပေါင်းများစွာ ကုန်လွန်သောအခါ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင်သည် ပွင့်ထွန်းတော်မူလာ၍ ပဌမဝါကို ဣသိပတန-မိဂဒါဝုန်

တော၌ ဝါကပ်ဆိုတော်မူလျက် မွေစကြာတရားဦး ဟောတော်မူကာ ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့ကို ချွတ်တော်မူခြင်း, ယသသူဌေးသားအမှူးပြုသော သူငယ်ချင်း (၅၅) ငါးကျိပ်ငါးယောက်တို့ကို ဆုံးမချွတ်တော်မူခြင်းအမှုကို ပြုသဖြင့် လူ့ပြည်လောကဝယ် လူသားရဟန္တာခြောက်ကျိပ်တို့ဖြစ်ထွန်းလာ၍ ထိုနှစ်ဝါကျွတ်သောအခါ ရဟန္တာ ခြောက်ကျိပ်တို့ကို သာသနာပြု စေလွှတ်တော်မူပြီးနောက် ကိုယ်တော်တိုင်ကမူ ဥရုဝေလတောအုပ်ဖက်သို့ အသွား လမ်းခရီးအကြားဝယ် ကပ္ပါသိကတောအုပ်၌ ဘဒ္ဒဝဂ္ဂီနောင်ညီမင်းသား သုံးကျိပ်တို့ကို သောတ္တအရိယာ်တိုရောက် ဆုံးမချွတ်တော်မူကာ ဧဟိဘိက္ခုရဟန်းချည်း ဖြစ်ကြစေလျက် ဥရုဝေလကဿပဂိုဏ်းဆရာရသေ့ကြီး၏ မဂ်, ဖိုလ်၏ ဥပနိဿယည်းရှေးကောင်းမှု ပစ္စည်းကို ကြည့်ရှုဆင်ခြင်တော်မူလတ်သော် "ငါဘုရား ထိုသူတို့ထံ ကြွသွားလျှင် ညီနောင်သုံးဦးတို့ပင် မိမိတို့၏ပရိသတ် အခြံအရံတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလိမ့်မည်"ဟု သိတော်မူ၍ အဖော်မပါ ကိုယ်တော်ထီးသာ ဥရုဝေလတောအုပ်သို့ ကြွရောက်၍ အောက်၌ဆိုအပ်ပြီး နည်းအတိုင်း နဂါးမင်းကို ဆုံးမခြင်း-အစရှိသည့် ပြာဋိဟာပေါင်း (၃၅၀၀) သုံးထောင့်ငါးရာတို့ဖြင့် အခြံအရံ တပည့်ပရိသတ်ငါးရာနှင့်တကွသော ဥရုဝေလကဿပဂိုဏ်းဆရာကြီးကို ဆုံးမတော်မူ၍ ဧဟိဘိက္ခုရဟန်းချည်း ပြုစေတော်မူလေသည်။ နောင်တော်ကြီး ရဟန်းပြုကြောင်း သိရ၍ ညီတော်နှစ်ဦးတို့လည်း မိမိတို့ပရိသတ်နှင့် အတူတကွ ရဟန်းပြုကြလေသည်။ ထိုသူတို့အားလုံးပင် ဧဟိဘိက္ခုရဟန်းချည်း ဖြစ်ကြလေသည်။ (၎င်းစာပိုဒ်ပါ အကြောင်းအရာ အကျယ်တို့ကို အောက်မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ ၅၄၃-၅၇၉ ၌ ပြန်လည်ကြည့်ရှု မှတ်ယူကုန်ရာ၏)။

မြတ်စွာဘုရားသည် ထိုရဟန်းတထောင်ကို ခေါ်ဆောင်၍ ဂယာသီသသို့ သွားရောက်ပြီးလျှင် ဂယာသီသကျောက်ဖျာ၌ ထိုင်နေတော်မူလျက် "၎င်းရဟန်းတို့အား အဘယ်သို့သော တရားဒေသနာသည် သပ္ပါယဖြစ်လိမ့်မည်နည်း" ဟု ကြည့်ရှုဆင်ခြင်

တော်မူလတ်သော် "ဤသူတို့ကား သာသနာဝန်ထမ်း ရဟန်း မဖြစ်မီကာလက မီးကို လုပ်ကျွေးကြလျက် လှည့်လည်နေထိုင်ခဲ့ကြ လေပြီ၊ ဤရဟန်းတို့အား ဘဝသုံးပါးတို့ကို ရဲရဲပြောင်ပြောင် မီးတောက်လောင်သည့် အိမ်နှင့်တူအောင် ဥပမာပြု၍ တရားပြမှသာ သင့်လျော်လျောက်ပတ်ပေမည် = မီးသမားတို့ကို မီးတရား ဟောမှ သင့်လျော်တော့မည်"ဟု သိတော်မူ၍ အာဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူလေ၏၊ ဒေသနာနိဂုံး ဆုံးလတ်သောအခါ အားလုံးတို့ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်၏။

မြတ်စွာဘုရားသည် ထို ရဟန္တာပေါင်းတထောင် ခြံရံအပ်လျက် ရှေးအခါက ဗိမ္ဗိသာရမင်းတရားအား ပဋိညာဉ်ဝန်ခံချက် (=ဘုရားဖြစ်ပြီးက ရာဇဂြိုဟ်သို့ ကြွပါမည်-ဟူသောဝန်ခံချက်) ပေးအပ်ပြီး ဖြစ်ရကား ရာဇဂြိုဟ်ပြည် ထန်းတောဥယျာဉ်သို့ ကြွတော်မူလေ၏။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား ကြွရောက်တော်မူလာကြောင်း ကြားသိရ၍ ပုဏ္ဏားသူကြွယ် (=ပုဏ္ဏားသူဌေး) ပေါင်း(၁၂၀၀၀၀)တသိန်းနှစ်သောင်းတို့နှင့် အတူတကွ မြတ်စွာဘုရားထံတော်သို့ သွားရောက်၍ ရှိခိုးလျက် အပြစ်လွတ်ရာအရပ်ဝယ် ထိုင်နေလေ၏။ မြတ်စွာဘုရားရှင်သည် ထိုအလုံးစုံသောပရိသတ်ကို ကြည့်ရှုတော်မူ၍ ထိုလူများအပေါင်းက ဥရုဝေလကဿပအားသာ အထင်ကြီးကြလျက် ရိုသေကျိုးနွံမှု ပြုကြသည်ကို မြင်တော်မူ၍ "ဤသူတို့သည် ငါဘုရားနှင့် ဥရုဝေလကဿပတို့ မည်သူကမြင့်မြတ်သည်ကို အတတ်ထင်ထင် မသိမြင်ကြကုန်၊ အကြံထွေပြား များနေသူတို့မည်သည် တရားဒေသနာကို လက်ခံခြင်းငှါ မတတ်နိုင်ကြကုန်"ဟု ကြံစည်တော်မူပြီးလျှင် အရှင်ဥရုဝေလကဿပမထေရ်ကို "ချစ်သားကဿပ–သင့်ဒကာများ၏ အကြံအစည်မှား ဝိတက်များကို သင်ချစ်သားပင် ဖြတ်တောက်လော့"ဟု မိန့်တော်မူကာ မထေရ်မြတ်အား တန်ခိုးဖန်ဆင်းမှုပြုလုပ်ရန် အမှတ်အချက်ပေးတော်မူလိုက်လေ၏။

မထေရ်မြတ်သည် မြတ်စွာဘုရား၏ စကားတော်ကို ရိုသေစွာ လက်ခံလျက် နေရာမှထကာ မြတ်စွာဘုရားရှင်ကို တည်ခြင်း ငါးပါးဖြင့် ရှိခိုး၍ ထန်းတဆင့်ခန့်ပမာဏရှိသော ကောင်းကင်သို့ ပျံတက်၍ ဣဒ္ဓိရုပ်တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းပြသပြီးလျှင် "မြတ်စွာဘုရား........ဘုန်းတော်ကြီးသော ရှင်တော်ဘုရားသည် တပည့်တော်၏ဆရာ ဖြစ်ပါသည်၊ တပည့်တော်သည် တပည့် သာဝက ဖြစ်ပါသည်။ မြတ်စွာဘုရား........ဘုန်းတော်ကြီးသော ရှင်တော်ဘုရားသည် တပည့်တော်၏ဆရာ ဖြစ်ပါသည်၊ တပည့် တော်သည် တပည့်သာဝက ဖြစ်ပါသည်"ဟု လျှောက်ထားကာ သက်ဆင်း၍ မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်စင်းရိုကျိုး ရှိခိုး လေ၏။ ဤနည်းဖြင့် ခုနစ်ကြိမ်မြောက် ရောက်သောအခါ ထန်း ခုနစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်သို့ ပျံတက်၍ တဖန် ဆင်းသက်ပြီးလျှင် ရှေးနည်းအတူ မြတ်စွာဘုရား၏ ခြေတော် တို့ကို ရှိခိုး၍ အပြစ်လွတ်ရာအရပ်၌ ထိုင်နေတော်မူလေ၏။

ထိုအခါမှ လူအများအပေါင်းသည် "ဤဘုရားမြတ်ကား လော- က၌ အမြတ်ဆုံးသောရဟန်း ဖြစ်တော်မူပါပေ၏"ဟု ဘုရားရှင် အပေါ်၌ ယုံမှားသံသယ ကင်းရှင်းကြလေ၏။ ထိုအခါ ထိုလူများ အပေါင်းအား မြတ်စွာဘုရားသည် တရားဟောတော်မူလေ၏။ ဒေသနာနိဂုံးဆုံးသောအခါ ဗိမ္ဗိသာရမင်းကြီးသည်(၁၁၀၀၀၀) တသိန်းတသောင်းသော ပုဏ္ဏားသူကြွယ် (=ပုဏ္ဏားသူဌေး) တို့နှင့် အတူတကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ပုဏ္ဏား သူဌေးပေါင်း(၁၀၀၀၀)တသောင်းသည်ကား ရတနာသုံးပါး ကို ဆည်းကပ်သူ=ဥပါသကာအဖြစ်ကို လျှောက်ထားပြောကြား လေ၏=သရဏဂုံတည်သူ ဥပါသကာများ ဖြစ်ကြလေ၏ဟု ဆိုလိုသည်။

### (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

အရှင်ဥရုဝေလကဿပမထေရ်၏ အခြံအရံဖြစ်သော ထိုရဟန်း ပေါင်း(၁၀၀၀)တထောင်တို့သည်လည်း မိမိတို့ အလေ့အလာ

အတိုင်း "ငါတို့အဖို့ရာ ရဟန်းကိစ္စ အထွတ်အထိပ်သို့ ရောက်လေပြီ၊ အပြင်အပ လှည့်လည်သွားလာနေ၍ အဘယ်မူစအံ့နည်း = အပြင်အပ လှည့်လည်သွားလာနေရန် အလုပ်ကိစ္စ မရှိတော့ပြီ"ဟု ကြံစည်ဆင်ခြင်မိကြကာ အရှင်ဥရုဝေလကဿပ မထေရ်ကိုသာ လျှင် ဝန်းရံ၍ လှည့်လည်သွားလာ နေထိုင်ကြကုန်၏။

နောက်တချိန်၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော် ဝယ် သီတင်းသုံး နေထိုင်တော်မူစဉ် အရိယသံဃာတို့ အလယ်၌ အရှင်ဥရုဝေလကဿပမထေရ်သူမြတ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပရိသာနံ ယဒိဒံ ဥရုဝေလကဿပေါ = ရဟန်းတို့........ များသောပရိသတ်အခြံအရံရှိကြသည့် ငါဘုရား၏တပည့် သာဝက ရဟန်းတို့တွင် ဥရုဝေလကဿပသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "မဟာပရိသ = တပည့်ပရိသတ် များသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဤ၌။ ။အခြားသော မထေရ်တို့မှာ တရံတခါ အခြံအရံ ပရိသတ် ပေါများ၍ တရံတခါ အခြံအရံ တပည့်ပရိသတ် နည်းပါးလေသည်၊ ဤအရှင်ဥရုဝေလကဿပမထေရ်၏ အဖို့မှာမူ ညီတော် ရဟန်းနှစ်ပါး(နဒီကဿပမထေရ်၊ ဂယာကဿပမထေရ်)တို့နှင့်တကွ ရဟန်းပေါင်းတထောင် အမြဲအခြံအရံ ဖြစ်ရှိ၍ နေ၏၊ ထိုရဟန်းတထောင်တို့ အနက်မှ တပါး တပါးလျှင် တပည့်တပါး တပါး ရှင်ရဟန်းပြုပေးလျှင် တပည့်ရဟန်းနှစ်ထောင်တို့ ဖြစ်နိုင်ကုန်၏၊ တပါး တပါးလျှင် တပည့် နှစ်ပါး နှစ်ပါး ရှင်ရဟန်းပြုပေးလျှင် တပည့်ရဟန်းပေါင်း(၃၀၀၀) သုံးထောင်တို့ ဖြစ်နိုင်ကုန်၏၊ ထို့ကြောင့် အရှင်ဥရုဝေလကဿပမထေရ် သည် တပည့်ပရိသတ် အခြံအရံများကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူလေသည်။ ။အံ ဋ္ဌ ၁၊စာမျက်နှာ ၂၃၁-မှ)။

ဤကား ဥရုဝေလကဿပမထေရ် အကြောင်းတည်း။

## (၃၂) အရှင်ကာဠုဒါယိမထေရ်အကြောင်း

### (က) မထေရ်မြတ်၏ ရှေးဆုတောင်း

၍မထေရ်မြတ်အလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်တွင် အမျိုးကောင်းအိမ်၌ ဖြစ်ခဲ့၍ ပဒုမုတ္တရမြတ်စွာဘုရား၏ တရားစကားကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "မြတ်စွာဘုရားအား မဖူးမြော်ရသေးမီကပင် ဆွေတော်မျိုးတော်တို့ကို သဒ္ဓါရှန်းစို ကြည်ညိုနှင့်ကြစေသောအရာဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး" ၌ ထားတော်မူသည်ကို မြင်ရ၍ အဓိကာရ (=အထိကရ) ကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး = ဌာနန္တရကို ရရှိရန် ဆုတောင်းပတ္တနာမှု ပြုလေသည်။ ပဒုမုတ္တရမြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ ထိုဘဝမှ စုတေလတ်သော် အပါယ်လေးပါး မလားမရောက်ရပဲ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် အကျွန်ုပ်တို့၏ မြတ်စွာဘုရားအလောင်းတော် မယ်တော်ဝမ်း၌ ပဋိသန္ဓေ တည်နေသောနေ့မှာပင် ကပိလဝတ်ပြည်ဝယ် အမတ်တဦး၏အိမ်၌ ပဋိသန္ဓေ ယူနေလေ၏။ ဖွားမြင်သောနေ့၌ ဘုရားအလောင်းတော်နှင့် တနေ့တည်းမှာပင် ဖွားမြင်လေရကား ထိုနေ့မှာပင် ထိုသူငယ်ကို မိဖတို့က ဘွဲ့ဖြူအဝတ်အနှီး၌ လျောင်းစေ၍ အလောင်းတော်သူမြတ်ကို ပြုစုလုပ်ကျွေးရန် အလို့ငှါ သုဒ္ဓေါဒနမင်းကြီးထံသို့ ပို့သဆောက်နှင်းကြလေကုန်၏။

### ကာဠုဒါယီဟု အမည်မှည့်ခြင်း

ထို့နောက် ထိုသူငယ်ကို အမည်မှည့်သောနေ့၌ "တမြို့လုံး ဘုရားအလောင်းတော် ဖွားမြင်သဖြင့် စိတ် တက်ကြွအားရမ်းဝမ်းမြောက်နေသောနေ့ဝယ် ဖွားမြင်သူဖြစ်သောကြောင့်" ဥဒါယီ-

ဟူ၍ အမည်မှည့်ခေါ်ကြကုန်၏၊ ကိုယ်ရောင်အသွေး အနည်းငယ် မည်းနက်သောကြောင့် ကာဠ (အမည်းဟော) သဒ္ဒါနှင့် တွဲဖက်ပြီးလျှင် "ကာဠုဒါယီသူငယ်" ဟူ၍ အမည်ထင်ရှား ဖြစ်ပွါးလေသည်။ ထို ကာဠုဒါယီသူငယ်သည် ဘုရားအလောင်းတော်နှင့် အတူတကွ ကပိလဝတ်ရွှေနန်းတော်မှာပင် မင်းသားသူငယ်တို့၏ မြူးရွှင် ပျော်ပါး ကစားခြင်းမျိုးကို ကစားလျက် ကြီးပြင်းခြင်းသို့ ရောက်ရှိခဲ့လေသည်။

နောက်အဖို့ဝယ် ဘုရားအလောင်းတော်သည် တောထွက်၍ ဒုက္ကရစရိယာ ခြောက်နှစ်ကြာကျင့်သုံးလျက် ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရားဦး ဟောတော်မူပြီးလျှင် သတ္တလောကကို ချီးမြှောက်မှု ပြုတော်မူလျက် ရာဇဂြိုဟ်ပြည်ကို အမှီဂေါစရဂါမ် ပြုတော်မူ၍ နေတော်မူဆဲ ဖြစ်၏။ (ထိုအချိန်ကား ဘုရားဖြစ်သည့် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ပြာသိုလပြည့်ကျော် ဆောင်းရာသီကာလ ဖြစ်လေသည်)။ ထိုအခါ ဘုရား့ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ နေတော်မူကြောင်း သတင်းကောင်းစကားကြားသိရ၍ "ငါ၏ သားတော်ဘုရားကို ဤကပိလဝတ်နေပြည်တော်ရောက်အောင် ပင့်ဆောင်ခဲ့ရမည်" ဟု မိန့်တော်မူကာ အမတ်တယောက်ကို အခြံအရံမင်းချင်းယောကျ်ား တထောင်နှင့် အတူတကွ စေလွှတ်လိုက်လေ၏။ ထိုအမတ်သည် ယူဇနာခြောက်ဆယ် ဝေးကွာသောခရီးကို သွားရောက်၍ မြတ်စွာဘုရားရှင် ပရိသတ် လေးပါးအလယ်၌ ထိုင်နေတော်မူကာ တရားဟောနေတော်မူသောအချိန်၌ ဝေဠုဝန်ကျောင်းတိုက်တွင်းသို့ ရောက်ရှိဝင်မိလေ၏။ ထိုအမတ်သည် "ငါတို့မင်းကြီး စေခိုင်းလိုက်သည့် သတင်းစကားကို လျှောက်ထားဖို့ရန် ရှိစေဦး (ငါတရားနာဦးအံ့)"ဟု ကြံစည်၍ ပရိသတ်အစွန်အဖျား၌ ရပ်တည်ကာ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ ရပ်တည်ရင်းပင် အခြံအရံမင်းချင်းယောကျ်ား တထောင်တို့နှင့် အတူတကွ အရဟတ္တဖိုလ်သို့ ရောက်ရှိလေ၏။ ထိုအခါ ထိုသူတို့အား မြတ်စွာဘုရား

သည့် "ဧထ ဘိက္ခဝေါ = ရဟန်းတို့....လာကြလော့"ဟု မိန့်မြွက်၍ လက်ျာလက်တော်ကို ဆန့်တန်းတော်မူလေ၏၊ ထိုခဏမှာပင် ထိုသူအားလုံးတို့ မင်းမှုထမ်းအသွင်ပျောက်ကာ ဣဒ္ဓိမယပရိက္ခရာတို့ကို ဆင်မြန်း ဝတ်ရုံ ဆောင်ယူကြကုန်လျက် ဝါတော်ခြောက်ဆယ် ( = သက်တော်ရှစ်ဆယ် ) ရှိသည့် မထေရ်ကြီးများကဲ့သို့ ကြီးမားသော ဧဟိဘိက္ခု ရဟန်းတော်ကြီးများ ဖြစ်သွားကြလေကုန်၏။

"အရိယာပုဂ္ဂိုလ်တို့မည်သည် အရဟတ္တဖိုလ်သို့ ရောက်သောအခါမှစ၍ လောကီကိစ္စ အဝဝကို လျစ်လျူရှုကြကုန်မြဲ ဓမ္မတာ" ဖြစ်ရကား ထိုရဟန်းတထောင်တို့သည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး မှာကြားစေလွှတ်လိုက်သည့် သတင်းစကားကို မြတ်စွာဘုရားအား မလျှောက်ထားကြတော့ပဲ ဖလသမာပတ်ချမ်းသာဖြင့်သာ နေတော်မူကြလေကုန်၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "သွားသောအမတ်လည်း ပြန်မလာ၊ သတင်းစကားကိုမျှလည်း မကြားရ"ဟု မချင့်မရဲ ဖြစ်ရှိတော်မူကာ အခြား အမတ်တယောက်ကို "လာလော့ ချစ်သား....၊ သင်သွားပါဦးလော့"ဟု မိန့်တော်မူကာ ရှေးနည်းအတူပင် မင်းချင်းယောက်ျားတထောင်တို့နှင့် အတူတကွ ဒုတိယအကြိမ် စေလွှတ်တော်မူလိုက်ပြန်လေ၏။ ထို အမတ်သည်လည်း မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်၍ ရှေး(ပဌမ) အမတ်နည်းတူပင်လျှင် တရားနာရ၍ ပရိသတ် အခြံအရံမင်းချင်းယောက်ျားတထောင်တို့နှင့် အတူတကွ အရဟတ္တဖိုလ်သို့ ရောက်ရှိကာ ဆိတ်ဆိတ်သာလျှင် ဖြစ်ပြန်လေ၏။ ဤသို့လျှင် ဆက်ကာဆက်ကာ အမတ်ကိုးယောက်တို့နှင့် အတူတကွ မင်းချင်းယောက်ျား (၉၀၀၀) ကိုးထောင်တို့ကို စေလွှတ်ပါသော်လည်း ထိုသူအားလုံးတို့ပင် မိမိတို့ရဟန်းကိစ္စကို ပြီးစေကြကာ (အားလုံးပင် ရဟန္တာဖြစ်ကြကာ) သတင်းစကား မပြန်မကြားပဲ ဆိတ်ဆိတ်သာလျှင် နေကြကုန်၏။

### ကာဠုဒါယီအမတ်ကို စေလွှတ်ခြင်း

ထိုနောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြံစည်စဉ်းစား မိသည်မှာ–"ဤမျှသော အမတ်ကိုးယောက်တို့နှင့်တကွ မင်းချင်း ယောက်ျားကိုးထောင်တို့သည် ငါ့အပေါ်မှာ မေတ္တာဖြင့် ချစ်ခင် ခြင်း အလျှင်းမရှိကြသောကြောင့် မြတ်စွာဘုရားအား ဤငါတို့ ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူဖို့ရန် တစုံတရာကိုမျှ မလျှောက်ယားကြချေ၊ အခြားသောအမတ်များ သွားရောက်ကြ သော်လည်း မြတ်စွာဘုရားကို ပင့်ဆောင်နိုင်ကြမည် မဟုတ်ကုန်။ ငါ့သား ဥဒါယီကား မြတ်စွာဘုရားနှင့် အရွယ်တူဖွားဖက်တော် ဖြစ်သည့်ပြင် ငယ်စဉ်က အတူတကွ မြေမှုန့်ကစားဖက် သူငယ်ချင်း ဖြစ်ရုံမျှမက ငါ့အပေါ်မှာလည်း မေတ္တာချစ်ခင် အကျွမ်းဝင်သူ တယောက် ဖြစ်လေသည်"ဟု ကြံစည်ဆင်ခြင်တော်မူမိ၍ ကာဠု- ဒါယီအမတ်ကို ခေါ်စေတော်မူပြီးလျှင် "ချစ်သား....သင်ချစ်သား သည် မင်းချင်းယောက်ျား ဗိုလ်ပါတထောင် ခြံရံလျက် သွား ရောက်ကာ မြတ်စွာဘုရားကို ပင့်ဆောင်ခဲ့လော့" ဟု မိန့်တော်မူ လေ၏။

ဖွားဖက်တော် ကာဠုဒါယီအမတ်သည် "သမ္မုတိနတ် အရှင် မင်းမြတ်....ရှေးဦးစွာသွားကြသော မင်းချင်းယောက်ျား အမတ် များကဲ့သို့ အကျွန်ုပ်သည်လည်း ရှင်,ရဟန်းပြုခွင့်ရပါမှ မြတ်စွာ ဘုရားကို ပင့်ဆောင်ခဲ့ပါမည်"ဟု လျှောက်ထားလေ၏။ ထိုအခါ သုဒ္ဓေါဒန မင်းကြီးက "ချစ်သား........သင်ချစ်သား အလိုရှိရာ တစုံတရာအမှုကို ပြုပြီးလျှင် ငါ့သားတော်ဘုရားကိုသာ ငါ ဖူးမြင်ရအောင် ကြံဆောင်ကြိုးကုတ် အားထုတ်ပါလော့" ဟု ကျယ်ပြန့်စွာ ခွင့်လွှတ်စကား မိန့်ကြားတော်မူလေလျှင် ကာဠု- ဒါယီအမတ်သည် "ကောင်းပါပြီ အရှင်မင်းမြတ်...."ဟု မင်းကြီး၏ သတင်းစကားကို ယူဆောင်ခဲ့ကာ မင်းချင်းယောက်ျား ဗိုလ်ပါ တထောင် ခြံရံအပ်လျက် ရာဇဂြိုဟ်ပြည်သို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရား တရားဟောတော်မူချိန်၌ ပရိသတ်အစွန်အဖျားက ရပ်တည်ကာ တရားတော်ကို ကြားနာရ၍ အခြံအရံ မင်းချင်း

ယောက်ျား ပိုလ်ပါတထောင်တို့နှင့်တကွ ရာဇဂြိုဟ်သို့ ရောက်ရှိပြီးနောက် ဧဟိဘိက္ခုရဟန်းအဖြစ်၌ တည်လေ၏။

ထိုနောက် ကာဠုဒါယီ မထေရ်မြတ်သည် "ဤအချိန်ကား ဆောင်းကာလဖြစ်၍ မြတ်စွာဘုရား၏အဖို့ရာ ကပိလဝတ်နေပြည်တော်သို့ ကြွရောက်ရန် အခါမတန်သေး=အလွန် အေးသေး၏၊ နွေဦးပေါက်အခါ တောအုပ်တို့ ကောင်းစွာ ပွင့်လတ်ကုန်မှ မြေတဝှန်းလည်း စိမ်းလန်းသာရှင် မြက်သစ်ပင်တို့ဖြင့် ရှုချင်ဘနန်း ဖုံးသွမ်းအပ်ကာမှ နေပြည်တော်သို့ ကြွရောက်ရန် အချိန်တန်ပေလိမ့်မည်"ဟု ကြံစည်ဆင်ခြင်တော်မူလျက် နွေဦးပေါက်အခါကို စောင့်ဆိုင်းနေတော်မူခဲ့ရာ တပေါင်းလပြည့်သို့ တိုင်လတ်သော် ကြွတော်မူရန် အခါတန်ကြောင်း ကောင်းစွာရိပ်မိသိရှိတော်မူရကား (အောက်မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၃၀-မှစ၍ လာသောအတိုင်း) ဂါထာခြောက်ဆယ်တို့ဖြင့် ဘုရားကိုယ်တော်မြတ် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူရန် လမ်းခရီး၏ ဂုဏ်ကျေးဇူးများကို ချီးမွမ်းလျှောက်ထားလေ၏။ (အောက်မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၃၀-သို့ ပြန်လည်ကြည့်ရှုပါကုန်)။

မြတ်စွာဘုရားရှင်သည် "ဥဒါယီကား လမ်းခရီး၏ဂုဏ်ကျေးဇူးကို အထူးချီးမွမ်းလျှောက်ထား၏၊ ဤအချိန်ကား ကပိလဝတ်နေပြည်တော်သို့ သွားရောက်ရန် အချိန်ဖြစ်သည်"ဟု ကြံစည်ဆင်ခြင်တော်မူကာ ရဟန္တာပေါင်း ထေရ်နှစ်သောင်း ခြံရံအပ်လျက် မဆောမလျင် ကြွမြန်းခြင်းဖြင့် အဘုရိတဒေသစာရီ ထွက်ချီကြွမြန်းတော်မူလေ၏။

အရှင်ကာဠုဒါယီမထေရ်သူမြတ်သည် မြတ်စွာဘုရား ခရီးဒေသစာရီ ထွက်ကြွတော်မူသည်ကို သိရှိတော်မူကာ "ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား အသိပေးမှ သင့်တော်မည်"ဟု ကြံစည်ဆင်ခြင်၍ ကောင်းကင်သို့ပျံတက်ကာ သုဒ္ဓေါဒနမင်းကြီး၏ ရွှေနန်းတော်၌ ထင်ရှားပေါ်တော်မူလေ၏။ မင်းကြီးသည် မထေရ်မြတ်ကိုမြင်ရလျှင်ပင် ဝမ်းမြောက်သောစိတ်ရှိလျက် သူမြတ်

တို့နှင့်သာ ထိုက်တန်သော ရာဇပလ္လင်၌ ထိုင်နေစေပြီးလျှင် မိမိအဘွက် စီမံအပ်သော ဆွမ်း, ဆွမ်းဟင်းများ သပိတ်အပြည့် ထည့်၍ မထေရ်မြတ်အား ဆက်ကပ်လေ၏။ အရှင်ကာဠုဒါယီ မထေရ်မြတ်က ဆွမ်းရတော်မူသောအခါ ထ၍ ကြွအံ့သော အခြင်းအရာကို ပြလေလျှင် သုဒ္ဓေါဒနမင်းကြီးသည် "ဤနေရာမှာပင် ထိုင်၍ ဘုဉ်းပေးပါလော့ ချစ်သား...."ဟု လျှောက်ထားလေ၏။ မထေရ်မြတ်က "မြတ်သော မင်းကြီး........မြတ်စွာဘုရားရှင် အထံတော်သို့ ရောက်မှ စားပါတော့အံ့"ဟု မိန့်ဆိုလေလျှင် သုဒ္ဓေါဒနမင်းကြီးသည် "ချစ်သား........ယခုအခါ မြတ်စွာဘုရားသည် အဘယ်မှာနည်း"ဟု မေးလျှောက်လေ၏။ မထေရ်မြတ်က "မြတ်သောမင်းကြီး........မြတ်စွာဘုရားသည် ယခုအခါ ရဟန္တာပေါင်း နှစ်သောင်းခြံရံအပ်လျက် ဒါယကာမင်းကြီးတို့ကို တွေ့မြင်ရန် ခရီးဒေသစာရီ ထွက်ချီတော်မူလာပြီ"ဟု မိန့်ဆိုလေလျှင် သုဒ္ဓေါဒနမင်းကြီးသည် "ချစ်သား....သင်ချစ်သားတို့သည် ယခုလှူကပ်အပ်သော ဆွမ်းကို ဤရွှေနန်းတော်၌ပင် ဘုဉ်းပေးတော်မူ၍ သားတော်ဘုရား ဤကပိလဝတ်နေပြည်တော်သို့ရောက်ဆိုက်တော်မူသည့်တိုင်အောင် သားတော်ဘုရားအတွက် ဤရွှေနန်းတော်မှပင် ဆွမ်းဘောဇဉ်ကို ယူဆောင်ဆက်ကပ်တော်မူပါကုန်"ဟူ၍ တောင်းပန်လျှောက်ထားလေ၏။

မထေရ်မြတ်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုပြီးလတ်သော် မြတ်စွာဘုရားအတွက် ဆောင်ယူ ဆက်ကပ်လာသော ဆွမ်းကို ခံယူပြီးနောက် တရားစကား ဟောကြားပြီးလျှင် မြတ်စွာဘုရားရှင်ကို မဖူးမြင်သေးမီကပင် သုဒ္ဓေါဒနမင်းကြီး၏ ရွှေနန်းတော်နေ ဆွေတော်, မျိုးတော်, မှူးတော်, မတ်တော်-အစရှိသော သူအားလုံးကို မြတ်စွာဘုရားရှင်၌ သဒ္ဓါရွှန်းစို ကြည်ညိုစေလျက် သူခပ်သိမ်းတို့ ကြည့်နေစဉ်ပင် သပိတ်ကို ကောင်းကင်၌ ပစ်လွှင့်လိုက်၍ ကိုယ်တိုင်လည်း ကောင်းကင်သို့ ပျံတက်ကာ ဆွမ်းတော်ကို ယူဆောင်ခဲ့၍ မြတ်စွာဘုရား၏ လက်တော်၌ ဆက်ကပ်လေ၏။ မြတ်စွာဘုရားသည် ထိုဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူ၏။

မထေရ်မြတ်သည် ယုဇနာခြောက်ဆယ်ရှိသော ခရီးကို တနေ့လျှင် တယုဇနာကျ အတုရိတ ဒေသစာရီ ကြွချီတော်မူသော မြတ်စွာဘုရားအား နေ့တိုင်းနေ့တိုင်း ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ရွှေနန်းတော်မှ ဆွမ်းကို ယူဆောင်၍ ဆက်ကပ်လေ၏။ (ဤကား တေဒဂ်ရဖို့ရန် ပစ္စုပ္ပန်အကြောင်းဝတ္ထုတည်း)။

## (ဂ) တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

ထိုနောက်တချိန်ဝယ် မြတ်စွာဘုရားသည် အရိယသံဃာတော်တို့အလယ်၌ "ကာဠုဒါယီ ဤရဟန်းသည် ငါ့ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ရွှေနန်းတော်နေ ဆွေတော်မျိုးတော် အားလုံးကို သဒ္ဓါရွှန်းစို ကြည်ညိုစေသူဖြစ်သည်"ဟု ဆင်ခြင်တော်မူ၍ အရှင်ကာဠုဒါယီမထေရ်မြတ်ကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကုလပ္ပ-သာဒကာနံ ယဒိဒံ ကာဠုဒါယီ = ရဟန်းတို့....ဆွေတော်မျိုးတော်တို့အား ငါဘုရား၌ သက်ဝင်ကြည်ညိုခြင်းကို ဖြစ်စေကြသော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့အနက် ကာဠုဒါယီရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ကုလပ္ပသာဒက = ဆွေတော်မျိုးတော်တို့အား သဒ္ဓါတရား ဖြစ်ပွါးစေသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား အရှင်ကာဠုဒါယီမထေရ် အကြောင်းတည်း။

---

# (၃၃) အရှင်ဗာကုလမထေရ်အကြောင်း

## (က) မထေရ်မြတ်၏ ရှေးဆုတောင်း

ဤ အရှင်ဗာကုလမထေရ်အလောင်း သူတော်ကောင်းသည် ရှေးလွန်လေပြီးသောအခါ တသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ အနောမဒဿီမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မမူမီ ရှေးဦးကပင်

ပုဏ္ဏားမျိုး၌ ပဋိသန္ဓေ ယူနေဖြစ်ပွါး၍ အရွယ်သို့ ရောက်လတ်သော် ဗေဒင်သုံးရပ် သင်ကြားတတ်မြောက်ပြီးလျှင် ထိုဗေဒင်ကျမ်းများ၌ အနှစ်သာရကို မတွေ့ မမြင်ရကား "ငါသည် တမလွန်လောကကောင်းကျိုးကို ရှာကြံပေတော့အံ့"ဟု ကြံစည်ဆင်ခြင်မိ၍ တောင်ခြေတခုဝယ် ရသေ့ရဟန်း ပြုလုပ်ပြီးကာ အဘိညာဏ်ငါးရပ် သမာပတ်ရှစ်ပါးတို့ကို ရရှိလျက် ဈာန်ကိုဝင်စား မွေ့လျော်မှုဖြင့် အချိန်ကို ကုန်လွန်စေလေ၏။

ထိုအခါ အနောမဒဿီဘုရားအလောင်းတော်သည် သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိကာ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူ၍ အရိယာသံဃာအပေါင်း ခြံရံလျက် ဒေသစာရီ ကြွချီလှည့်လည်တော်မူလေ၏။ အရှင်ဗာကုလအလောင်းရသေ့သည် "လောကဝယ် ဘုရား, တရား, သံဃာ ရတနာသုံးပါး ထင်ရှားပွင့်ထွန်းလာပြီ"ဟူသော သတင်းစကားကို ကြားသိရ၍ အနောမဒဿီမြတ်စွာဘုရားရှင်အထံတော်သို့ သွားရောက်ကာ တရားတော်ကို နာကြားရလေလျှင် တရားဒေသနာအဆုံး၌ သရဏဂုံသုံးပါးကို ခံယူဆောက်တည်သူ ဖြစ်ပါသော်လည်း မိမိ၏တောင်ခြေသခ်မ်းကျောင်းကို မစွန့်နိုင်သဖြင့် ထိုတောင်ခြေသခ်မ်းကျောင်း၌ပင် ရသေ့ရဟန်းအဖြစ်ဖြင့် နေထိုင်လေ၏၊ အခါမပြတ်လည်း ဘုရားဖူးရန် သွားရောက်၍ တရားတော်ကို နာကြားလေ၏။

တနေ့သ၌ အနောမဒဿီ မြတ်စွာဘုရားရှင် ကိုယ်တော်မှာ လေနာရောဂါ ဖြစ်ပွါးလာလေ၏။ ရသေ့သည် ဘုရားဖူးရန် လာလတ်သည်တွင် "မြတ်စွာဘုရားရှင် မမာမကျန်းဖြစ်နေသည်" ဟူသော သတင်းစကားကို ကြားသိရ၍ "အရှင်ဘုရား....အဘယ်ရောဂါ အနာပါနည်း ဘုရား"ဟု မေးလျှောက်လေ၏၊ "ဝမ်းလေနာတည်း"ဟု ဖြေဆိုပြန်ကြားအပ်လေသော် ရသေ့သည် "ဤအခါကား ငါ့အဖို့ရာ ကောင်းမှုပြုရန် အခါကောင်းတည်း" ဟု ကြံစည်အောက်မေ့ကာ တောင်ခြေသို့ သွားရောက်၍ အထူးထူးသောဆေးတို့ကို ဖော်စပ်ပြီးလျှင် "ဤဆေးကို မြတ်စွာဘုရားအား ဆက်ကပ်တော်မူကြပါ ဘုရား"ဟု အလုပ်အကျွေး

မထေရ်လက်သို့ ဆက်ကပ် အပ်နှင်းခဲ့လေ၏။ ထိုဆေးကို သုံးဆောင်တော်မူလိုက်သည်နှင့် တပြိုင်နက် မြတ်စွာဘုရားကိုယ်တော်၌ စွဲကပ်သောဝမ်းလေနာသည် အပြီးတိုင် ငြိမ်းစဲ ပျောက်ကင်းလေ၏။

ရသေ့သည် မြတ်စွာဘုရားရှင် ကျန်းမာတော်မူသောအခါ၌ ဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ပြီးလျှင် "မြတ်စွာဘုရား....တပည့်တော်၏ဆေးဖြင့် မြတ်စွာဘုရား၏ ကျန်းမာတော်မူခြင်းသည် ဖြစ်ခဲ့ပါပြီ၊ ထိုကောင်းမှု၏ အကျိုးဆက်ကြောင့် ဖြစ်လေရာရာ သံသရာဘဝ၌ တပည့်တော်၏ ကိုယ်ခန္ဓာဝယ် နွားနို့တကြိမ်ညှစ် ကာလမျှလည်း အနာရောဂါ မဖြစ်ပါစေသား" ဟု ဆုတောင်းစကား လျှောက်ထားလေ၏။ ဤသည်ကား အရှင်ဗာကုလအလောင်း သူတော်ကောင်း၏ ထိုဘဝ၌ ပြုအပ်သော ကောင်းမှုအထူး ဖြစ်ပေသည်။

### အနာကင်းသောအရာ ဧတဒဂ်ဆုတောင်းခြင်း

ထိုအရှင်ဗာကုလအလောင်း သူတော်ကောင်းသည် ထိုဘဝမှ စုတေလတ်သော် ဗြဟ္မာ့ပြည်၌ဖြစ်၍ တသင်္ချေ့ရှည်လျားစွာ အခါကာလပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်လတ်၍ မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို အနာကင်းသောအရာဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှု (ရှေး ဖော်ပြရာပါ မဟာသာဝကအလောင်းလျာကြီးများနည်းတူ) ပြုလုပ်၍ ထို အနာကင်းသောအရာဝယ် အသာဆုံး အမြတ်ဆုံး = အပ္ပါဗာဓ ဧတဒဂ်ရာထူးကို ဆုတောင်းပတ္ထနာမှု ပြုလေ၏၊ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

## တဖန် ရသေ့ဘဝ ဆေးကုသခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် (၅ကမ္ဘာမှအထက် ကိုးဆယ့်တကမ္ဘာထက်ဝယ်) ဝိပဿီမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မမူမီ ရှေးဦးကပင် ဗန္ဓုမတီမြို့ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်လတ်၍ ရှေးနည်းအတူပင် ရသေ့ရဟန်းပြုလုပ်ကာ ဈာန်ရပုဂ္ဂိုလ်ဖြစ်လျက် တောင်ခြေ၌ ချမ်းသာစွာ နေထိုင်လေ၏။

ဝိပဿီမြတ်စွာဘုရား အလောင်းတော်သည်လည်း သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိကာ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူ၍ ရဟန်းသံဃာတော်ပေါင်း (၆၈၀၀၀၀၀) ခြောက်သန်းရှစ်သိန်း ခြံရံလျက် ဗန္ဓုမတီ မင်းနေပြည်ကို အမှီပြုကာ ခမည်းတော် ဗန္ဓုမ-မင်းတရားအား ချီးမြှောက်မှု ပြုတော်မူလျက် ခေမ-မည်သော မိဂဒါဝုန်တော၌ သီတင်းသုံး နေထိုင်တော်မူ၏။

ထိုအခါ ဤအရှင်မဟာကုလအလောင်း ရသေ့သူတော်ကောင်းသည် လောက၌ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူကြောင်းကို ကြားသိရ၍ ဘုရားရှင့်ထံမှောက်သို့ သွားရောက်ဆည်းကပ်ကာ တရားတော်ကိုနာရသဖြင့် သရဏဂုံ ခံယူဆောက်တည်သူ ဖြစ်ပါသော်လည်း မိမိ၏ ရသေ့ရဟန်းအဖြစ်ကို မစွန့်နိုင်ပဲ တောင်ခြေသင်္ခမ်းကျောင်း၌ပင် ရသေ့ရဟန်းအဖြစ်ဖြင့် နေထိုင်လျက် အခါမပြတ် မြတ်စွာဘုရားရှင်ကို ဆည်းကပ်ပြုစုရန် သွားရောက်လေ၏။

ထိုနောက် တနေ့သ၌ ဟိမဝန္တာဝယ် အဆိပ်ပင်များ ပွင့်ကြသဖြင့် ထိုအဆိပ်ပင် အဆိပ်ပွင့်တို့ကို တိုက်ခတ်လာသော လေအတွေ့ကြောင့် (မြတ်စွာဘုရားနှင့် အဂ္ဂသာဝက မထေရ်မြတ် နှစ်ပါးတို့ကို ချန်လှပ်၍) ကြွင်းကျန်သော ရဟန်းအားလုံးတို့၏ ကိုယ်မှာ ပြင်းစွာသော ဦးခေါင်းနာရောဂါ စွဲကပ်ဖြစ်ပွါး၍ လာလေ၏။ ရသေ့သူမြတ်သည် မြတ်စွာဘုရားရှင်ကို ဆည်းကပ်ပြုစုရန် လာလတ်သည်ရှိသော် ရဟန်းတော်များ ခေါင်းမြီးခြုံ၍

ပျောင်းနေတော်မူကြသည်ကို တွေ့မြင်ရ၍ "အရှင်ဘုရားတို့........ ရဟန်းသံဃာတော်၏ကိုယ်မှာ အဘယ်သို့သော မကျန်းမမာမှု ဖြစ်ရှိပါသနည်း"ဟု မေးမြန်းလေ၏။ "ငါ့ရှင်ရသေ့....ရဟန်း သံဃာတို့မှာ အဆိပ်မြက်ပွင့် ဘေးဒဏ်သင့်သောရောဂါ ဖြစ်ရှိနေ ၏"ဟု ဖြေကြားလေလျှင် ရသေ့သူတော်စင်သည် "ဤအခါကား ငါ့အဖို့ရာ ကိုယ်တိုင်ကိုယ်ကျ ဝေယျာဝစ္စပြု၍ ကောင်းမှုကိုဆည်း ပူးရန် လျော်ကန်သင့်မြတ်သောအခါတည်း"ဟု ကြံစည်အောက် မေ့ကာ မိမိ၏ အာနုဘော်ဖြင့် ဆေးအမျိုးမျိုးတို့ကို စုဆောင်း, ဖော်စပ်ပြီးလျှင် ရဟန်းသံဃာတော်အား လှူဒါန်းဆက်ကပ် လေ၏၊ ထိုဆေးကို နမ်းရှူရုံမျှဖြင့်ပင် ရဟန်းတော်အားလုံး တို့၏ ရောဂါသည် တခဏချင်း ပျောက်ကင်းငြိမ်းစဲ၍ သွား လေ၏။

### ကျောင်းတိုက်အိုကို မွမ်းမံပြင်ဆင်ခြင်း

ထိုရသေ့သူမြတ်သည် အသက်တမ်းအတိုင်း လူ့ပြည်၌နေ၍ ထိုဘဝမှ စုတေလတ်သော် ဗြဟ္မာ့ပြည်၌ဖြစ်ပြီးလျှင် ကိုးဆယ့် တကမ္ဘာ အခါကာလတို့ပတ်လုံး နတ်ပြည်,လူ့ပြည်တို့၌ ကျင် လည်ကျက်စားလျက် ကဿပမြတ်စွာ သာသနာခေတ်သို့ ရောက် လတ်သော် ဗာရာဏသီပြည်ဝယ် အမျိုးကောင်းသား ဖြစ်လာ၍ အိမ်ရာကိုစိုးအုပ် နေထိုင်စဉ် တနေ့သ၌ "ငါ၏နေအိမ်ကား အားနည်း၏၊ ပစ္စန္တရစ်သို့ သွားရောက်ကာ သစ်အဆောက်အဦများ ကို ယူဆောင်ခဲ့ကာ အိမ်သစ်ဆောက်လုပ်ပေအံ့"ဟု လက်သမား များနှင့် အတူတကွ ပစ္စန္တရစ်သို့ သွားလေသော် လမ်းခရီး အကြား၌ ကျောင်းတိုက်အိုကြီး တတိုက်ကို တွေ့မြင်ရ၍ "ငါ၏ အတွက် အိမ်သစ်ဆောက်ရန်အမှု ရှိပစေဦး (= ဆိုင်းထား ဦးမည်)၊ ငါ့အိမ်သည် ငါနှင့်အတူတကွ သံသရာတလျှောက် လိုက်ပါလိမ့်မည် မဟုတ်၊ တစုံတရာအမှုကို ပြုလုပ်လျှင် ကိုယ်နှင့် ထက်ကြပ်မကွာ သံသရာတလျှောက် လိုက်ပါမည့်ကောင်းမှုကို သာ အလျင်လက်ဦး ပြုသင့်၏"ဟု ကြံစည်ဆင်ခြင်၍ ထိုအခါဖော် ခေါ်လာသည့် လက်သမားများကိုပင် သစ်အဆောက်အဦများကို

တော်မှ ယူဆောင်စေ၍ ထိုကျောင်းတိုက်အိုကြီး၌ ဥပုသ်အိမ်အသစ်, ဆွမ်းစားကျောင်းအသစ်, မီးတင်းကုပ်အသစ်, စင်္ကြံအသစ်, ချေးအောင်းရုံအသစ်, ကပ္ပိယကုဋီအသစ်, ဝစ္စကုဋီအသစ်, အာရောဂျသာလာ = ကျန်းမာရေး ဆေးကျောင်းအသစ်များကို ဆောက်လုပ်စေကာ သံဃာအား လှူဒါန်းလေ၏။ ရဟန်းသံဃာတော်များ သုံးဆောင်နိုင်သည့် စားဆေး,သောက်ဆေး,လူးဆေး-စသော ဆေးအမျိုးမျိုးကိုလည်း အလုံးစုံစီမံထားရှိကာ သံဃာတော်အား လှူဒါန်းလေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုအရှင်မဟာကုလအလောင်း သူတော်ကောင်း အမျိုးသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ဗုဒ္ဓန္တရ အသင်္ချေယျ (ကဿပမြတ်စွာဘုရားနှင့် အကျွန်ုပ်တို့၏ မြတ်စွာဘုရား = ဤနှစ်ဆူသော ဘုရားရှင်တို့၏အကြား မရေမတွက်နိုင်သော နှစ်ပရိစ္ဆေဒ အခါကာလ)ပတ်လုံး နတ်ပြည်,လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင်ပွင့်ထွန်းတော်မမူမီ ရှေးဦးကပင် ကောသမ္ဗီပြည် သူဌေးကြီး၏ အိမ်၌ ပဋိသန္ဓေ ယူနေလေသည်၊ ထိုအမျိုးကောင်းသား ပဋိ-သန္ဓေ ယူနေသောနေ့မှ စ၍ ထို သူဌေးအိမ်မှာ လာဘ်လာဘ အထွတ်အထိပ်, ကောင်းသောသတင်း ကျော်စော်ခြင်းအထွတ်အထိပ်သို့ ရောက်ရှိလေသည်။ ထိုနောက် ထိုအမျိုးကောင်းသား၏ မိခင်သူဌေးကတော်သည် သားကို ဖွားမြင်ပြီးလျှင် "ငါ၏သား ဤသူငယ်သည် ဘုန်းကံကြီးမားသူ အဓိကာရကောင်းမှု ပြုခဲ့သူဖြစ်သည်၊ ထိုသည့် ငါ့သား အသက်ရှည်ကြာ အနာကင်း၍ တည်ရှိနေသမျှ ကာလပတ်လုံး ငါတို့အား စည်းစိမ်ဥစ္စာကို ပေးစွမ်းမည့်သား ဖြစ်သည်၊ မွေးဖွားသောနေ့မှာပင် ယမုနာမြစ်ကြီး၌ ရေချိုးသောသူငယ်တို့သည် အသက်ရှည်ကြာ အနာကင်းကုန်၏"ဟု ကြံစည်ဆင်ခြင်၍ ထိုသူငယ်ကို ယမုနာမြစ်သို့ ရေချိုးရန် အခမ်းအနားဖြင့် ပို့စေလေ၏၊ (မဇ္ဈိမနိကာယ်ဆောင် မဋ္ဌေထရ်တို့ အလိုအားဖြင့် မွေးဖွားပြီးနောက် ငါးရက်မြောက်၌

ဦးခေါင်းဆေး၍ မြစ်ရေကစားရန် ထိုသူငယ်ကို ပို့စေလေသည်)။

ထို ယမုနာမြစ်၌ အထိန်းတော်ကြီးက သူငယ်ကို ငုပ်ချည် ပေါ်ချည်ပြုလျက် ရေကစားနေစေစဉ်ပင် ငါးကြီးတကောင်သည် သူငယ်ကို မြင်၍ "ဤဝတ္ထုကား ငါ၏အစာတည်း"ဟု အောက်မေ့မှတ်ထင်ကာ ခံတွင်းကို ဖွင့်လျက် ( = ဟလျက်) သူငယ်ရှိရာသို့ ချဉ်းကပ်လာလေ၏။ အထိန်းတော်ကြီးသည် ကြောက်လန့်၍ သူငယ်ကို စွန့်ပစ်ကာ ပြေးသွားလေလျှင် ငါးကြီးသည် သူငယ်ကို မျိုလေ၏။

သူငယ်သည် ဘုန်းကံကြီးမားသူ ဖြစ်ရကား ဆင်းရဲဒုက္ခသို့ မရောက်ပဲ အိပ်ရာတိုက်ခန်းသို့ ဝင်၍ လျောင်းရသကဲ့သို့ ဖြစ်လေ၏။ (သာမည သူငယ်တယောက်ဖြစ်က ငါးအမျိုးခံရလျှင်ပင် သေလွန်သွားနိုင်သော်လည်း ဤ သူငယ်မှာမူ နောက်အခါ မာကုလရဟန္တာမထေရ် ဖြစ်ပေလိမ့်မည်၊ ထိုသို့ ထိုသူငယ် သန္တာန်၌ ဖြစ်ပေါ်လတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ကြောင့် ထိုသူငယ် မသေပဲ အသက်ချမ်းသာရသည်။ ဤတန်ခိုးဣဒ္ဓိမျိုးကို ဉာဏဝိပ္ဖါရဣဒ္ဓိဟု ခေါ်၏)။ ငါးကြီးသည် သူငယ်၏ တန်ခိုးအရှိန်ကြောင့် လောလောပူသည့် သံတွေခဲကို မျိုမိသည့် ပမာ ပြင်းစွာပူလောင်၍ အလွန်လျင်သော အဟုန်ဖြင့် ယူဇနာ သုံးဆယ်တိုင်တိုင် ပြေးသွား၍ မာရာဏသီမြို့နေ တံငါသည်၏ ပိုက်ကွန်တွင်းသို့ ဝင်မိလေ၏။ အထူးအားဖြင့် — ငါးကြီးများ ပိုက်ကွန်၌မိလျှင် တမင်သတ်မှ သေကြမြဲဓမ္မတာ ဖြစ်သော်လည်း ဤငါးကြီးကား သူငယ်၏ တန်ခိုးအရှိန်ကြောင့် ပိုက်ကွန်မှ ထုတ်လိုက်လျှင်ပင် မထုရ, မရိုက်ရပဲ သူ့အလိုလို သေ၍ သွားလေ၏။ ထို့ပြင်လည်း တံငါသည်တို့သည် ငါးကြီးများကို ရကြလျှင် အစုစု ခွဲစိတ်ပြီးမှ ရောင်းချကြမြဲ ဓမ္မတာဖြစ်သော်လည်း ထိုငါးကြီးကိုမူ သူငယ်၏ အာနုဘော်ကြောင့် အစုစု မခွဲမစိတ်ပဲ ငါးအကောင် လိုက်ပင် ထမ်းပိုးဖြင့် ထမ်းဆောင်၍ "ငွေတထောင်ဖြင့် ဝယ်ယူမှ

ပေးကြမည်”ဟု ပြောဆိုကြလျက် မြို့တွင်း၌ လှည့်လည်ကြကုန်၏၊ တဦးတယောက်မျှ မဝယ်ယူနိုင်ချေ။

အထူးအားဖြင့် ထိုဗာရာဏသီမြို့မှာ ကုဋေရှစ်ဆယ် ကြွယ်ဝလျက် သား, သမီး မဖြစ်ထွန်းသော သူဌေးကြီး အိမ်ထောင်တခု ရှိလေသည်၊ ထိုသူဌေးအိမ်တံခါးဝသို့ရောက်လျှင် အိမ်သူအိမ်သားတို့က - ထိုငါးကြီးအဖိုးကို မေး၍ အသပြာတထောင်ပေးကာ ဝယ်ယူကြလေ၏။ သူဌေးကတော်ကြီးသည်လည်း အခြားသော နေ့များ၌ သား, ငါးကို ကိုယ်တိုင်မစီမံသော်လည်း ထိုနေ့၌ကား သူငယ်၏ အာနုဘော်ကြောင့် သူဌေးကတော်ကြီး ကိုယ်တိုင် ထိုငါးကြီးကို ခွဲစိတ်ချက်ပြုတ်ရန် စဉ်းတီးပျဉ်ချပ်၌ တင်၍ ခွဲစိတ်လေသည်၊ အခြားသော မိန်းမတို့သည် ငါးကို ခွဲစိတ်ကြလျှင် ဝမ်းဖက်မှ ခွဲစိတ်ကြမြဲ ဓမ္မတာဖြစ်သော်လည်း သူဌေးကတော်ကြီးကား ထိုငါးကို ကျောဖက်မှ ခွဲစိတ်လေလျှင် ငါး၏ ဝမ်း၌ ရွှေအဆင်းရှိသော သူငယ်ကို တွေ့မြင်ရ၍ အားရဝမ်းသာစွာ “ငါသည် ငါး၏ဝမ်းတိုက်၌ သားကို ရအပ်လေပြီ”ဟု ကျူးရင့်ပြောဆိုကာ သူငယ်ကို ပွေ့ချီ၍ အိမ့်ရှင်သူဌေးကြီးထံသို့ သွားရောက်လေ၏။ သူဌေးကြီးသည် ထိုခဏမှာပင် မြို့တွင်း၌ ထိုအကြောင်းကို စည်လည်စေပြီးနောက် သူငယ်ကို ယူဆောင်၍ ဗာရာဏသီမင်းကြီးထံသို့ သွားရောက်ပြီးလျှင် “အရှင်မင်းကြီး... အကျွန်ုပ်သည် ငါးဝမ်းတိုက်၌ သူငယ်ကို ရအပ်ပါပြီ၊ အသို့ပြုကြရပါမည်နည်း”...ဟု မေးလျှောက်လေ၏။ ဗာရာဏသီမင်းကလည်း ငါး၏ဝမ်း၌ အနာမဲ့ကာ ချမ်းသာစွာနေနိုင်သော ဤသူငယ်ကား ကောင်းမှုကံကြီးမားသူ ဖြစ်ပေသည်၊ ထိုသူငယ်ကို သင်သူဌေးကြီးပင် ကျွေးမွေးပြုစုလော့”ဟု မိန့်ဆိုလေ၏။

### ဗာကုလ-ဟု အမည်တွင်ခြင်း

မိဖအရင်းဖြစ်သည့် ကောသမ္ဗီသူဌေးအိမ်ကလည်း “ဗာရာဏသီပြည်၌ သူဌေးအိမ်တအိမ်မှာ ငါးဝမ်းတိုက်မှ သူငယ်ကို ရရှိသတဲ့”ဟူသော သတင်းစကားကို ကြားသိရ၍ မိဖအရင်း

ဖြစ်ကြသည့် ကောသမ္ဗီသူဌေး ဇနီးမောင်နှံတို့သည် ဗာရာဏသီပြည်သို့ သွားရောက်ကြလေ၏။ ဗာရာဏသီပြည်သို့ ရောက်သောအခါ သူငယ်၏ မွေးမိခင်သည် အဆင်တန်းဆာဆင်ယင်လျက် မြူးရွှင်ပျော်ပါး ကစားစေအပ်သော (မိမိ၏သား) သူငယ်ကို မြင်ရလျှင် "ဤသူငယ်ကား အလွန်နှစ်သက်ဖွယ်ရှိစွ"ဟု ချီးမွမ်းကာ မိမိ၏သားဖြစ်ကြောင်းကို ပြောကြားလေ၏။ ထိုနောက် သူဌေးကတော်နှစ်ယောက်တို့ သူ့သား ငါ့သား အငြင်းပွါးကြသည်မှာ—

(ကျွန်မယ်တော်) ဤသူငယ်ကား ကျွန်ုပ်၏သား ဖြစ်သည်။

(မွေးမယ်တော်) သင်သည် အဘယ်အရပ်၌ ဤသားကို ရအပ်သနည်း။

(ကျွေးမယ်တော်) ငါးဝမ်းတိုက်၌ ငါရအပ်ပေသည်။

(မွေးမယ်တော်) ထိုသို့ဖြစ်လျှင် (=ဒီလိုဆိုလျှင်) ဤသူငယ်သည် သင်၏သား မဟုတ်၊ ငါ့သား ဖြစ်သည်။

(ကျွေးမယ်တော်) သင်သည် ဤသားကို အဘယ်အရပ်၌ ရအပ်သနည်း။

(မွေးမယ်တော်) ငါသည် ဤသားကို ဆယ်လကြာ ဝမ်းဖြင့် လွယ်ဆောင်၍ မွေးဖွားအပ်ပါသည်၊ ထိုသို့ မွေးဖွားပြီးနောက် ထို ငါ့သားကို ယမုနာမြစ်၌ ရေချိုးကစားစေအပ်စဉ် ငါးကြီးသည် ငါ့သားကို မျိုး၍ သွားခဲ့လေသည်။

(ကျွေးမယ်တော်) သင့်သားကို အခြားငါးက မျိုအပ်ပါလိမ့်မည်၊ ဤသားကိုကား ငါသည် ငါးဝမ်း၌ အမှန်တကယ်ရအပ်ပါသည်—

၍သို့စသည်ဖြင့် မွေးမယ်တော်နှင့်ကျွေးမယ်တော် သူဌေးကတော် နှစ်ယောက်တို့သည် သူ့သား ငါ့သား အငြင်းပွားကြလျက် နှစ်ယောက်လုံးပင် ဗာရာဏသီ မင်းကြီးထံ အဆုံးအဖြတ် ခံယူရန် နန်းတော်သို့ သွားရောက်ကြလေကုန်၏။

ဗာရာဏသီမင်းသည် "၍ကောသမ္ဗီ သူဌေးကတော်ကား ဆယ်လတို့ပတ်လုံး ဝမ်းကြာတိုက်ဖြင့် ဆောင်ပိုက်ခဲ့သူ ဖြစ်သောကြောင့် ထိုသူဌေးကတော်ကို အမိမဟုတ် ဟူ၍လည်း မဆုံးဖြတ်နိုင်၊ ငါးကို ဝယ်ယူသောသူတို့မည်သည် အသို့, အသည်း-စသည်တို့ကို အပြင်သို့ထုတ်၍ ဝယ်ယူရိုးထုံးတမ်း မရှိ = ဝမ်းတွင်းပါ ပစ္စည်းနှင့်တကွသာ ဝယ်ယူရိုးဖြစ်သောကြောင့် ထိုငါး၏ဝမ်း၌ ရအပ်ရကား ၍ဗာရာဏသီသူဌေးကတော်ကိုလည်း အမိမဟုတ် ဟူ၍ မဆုံးဖြတ်နိုင်၊ ၍သူငယ်ကား ကောသမ္ဗီသူဌေးကတော်၏ အဖို့ အတြဇသား ဖြစ်၍ ဗာရာဏသီသူဌေးကတော်၏အဖို့မူ ဒိန္န-ကသား ဖြစ်လေသည်၊ သို့ရကား သူငယ်သည် ကောသမ္ဗီသူဌေးအိမ်, ဗာရာဏသီသူဌေးအိမ် = နှစ်အိမ်လုံး၏ အမွေခံသား ဖြစ်စေ"ဟု ဆုံးဖြတ်ချက်ချမှတ်လေ၏။ ထိုအချိန်မှစ၍ သူဌေးအိမ် နှစ်အိမ်လုံးတို့ပင် လာဘ်လာဘအထွတ်အထိပ်, ကောင်းသောသတင်း ကျော်စောခြင်း အထွတ်အထိပ်သို့ ရောက်ရှိကြလေကုန်၏။ ထိုသူငယ်၏အမည်ကိုလည်း သူဌေးအိမ် နှစ်အိမ်လုံးကပင် ချမ်းသာစွာ ကြီးပြင်းစေအပ်သောကြောင့် "ဗာကုလကုမာရ = ဗာကုလသူဌေးသား"ဟူ၍ မှည့်ခေါ်ကြကုန်၏။

### ဗာကုလသူဌေးသား၏ စည်းစိမ်

ထိုဗာကုလသူဌေးသား အရွယ်သို့ ရောက်လတ်သည်ရှိသော် ကောသမ္ဗီပြည်, ဗာရာဏသီပြည် နှစ်ပြည်လုံး၌ပင် မယ်တော် ခမည်းတော်တို့က စံအိမ်ပြာသာဒ် သုံးဆောင်စီ သုံးဆောင်စီ ဆောက်လုပ်စေကြ၍ ကခြေသည်မောင်းမမိဿံ များစွာတို့ကို ပြုစုဖျော်ဖြေ ခစားစေကြလေကုန်၏၊ ဗာကုလသူဌေးသားသည် တမြို့ တမြို့၌ လေးလ လေးလသာ စံနေ၏။ ဗာကုလသူဌေးသား

တမြို့၌ လေးလပတ်လုံး သူဌေးစည်းစိမ်ကို ခံစံသုံးဆောင်နေထိုင်ပြီးလတ်သော် ပေါင်းကူးလှေကြီးတို့၌ မဏ္ဍပ်ကြီးစွာ ဆောက်လုပ်စေပြီးလျှင် ထိုမဏ္ဍပ်၌ သူဌေးသားဗာကုလကို ကခြေသည်မောင်းမမိဿံများနှင့်တကွ တင်ဆောင်၍ ကြီးစွာသော အခမ်းအနားဖြင့် အခြားမြို့သို့ ပို့စေကြလေသည်။ ဗာကုလသူဌေးသားသည် ကြီးစွာသော သူဌေးစည်းစိမ်ကို ခံစားသုံးဆောင်လျက် လေးလရှိမှ အခြားမြို့သို့ ရောက်ဆိုက်လေသည်။

ထိုအခြားမြို့မှာ နေထိုင်ကြရသည့် ကခြေသည် မောင်းမမိဿံတို့သည် "နှစ်လ(၂-လ)တာ အချိန်ဖြင့် ငါတို့အရှင်သူဌေးသားသည် လမ်းထက်ဝက်သို့ ရောက်ဆိုက်တော်မူလာလိမ့်မည်"ဟု လမ်းထက်ဝက်ကပင် ခရီးဦးကြိုနှင့်ကြ၍ ဗာကုလသူဌေးသားကို ဝိုင်းဝန်းဖျော်ဖြေ ပြုစုယုယကြကာ နှစ်လ(၂-လ)တာအချိန်ဖြင့် မိမိတို့မြို့သို့ ရောက်အောင်ဆောင်ယူခဲ့ကြလေ၏၊ လိုက်၍ပို့သော မြို့မှ ကခြေသည်မောင်းမမိဿံတို့သည် လမ်းထက်ဝက်ကပင် မိမိတို့မြို့သို့ ပြန်ကြရကုန်၏။ ထိုရောက်သောမြို့၌ ဗာကုလသူဌေးသားသည် လေးလကြာ သူဌေးစည်းစိမ်ကို ခံစားသုံးဆောင်နေထိုင်ပြီးလျှင် ထိုနည်းအတိုင်းပင် အခြားမြို့သို့ သွားပြန်လေ၏။ ဤသို့လျှင် ဗာကုလသူဌေးသားသည် အလွန်ကြီးစွာသော သူဌေးစည်းစိမ်ကို ခံစားသုံးဆောင်လျက် ချမ်းသာစွာ နေထိုင်ခဲ့ရာ အသက်အရွယ် အနှစ်ရှစ်ဆယ် တင်းတင်း ပြည့်သောအချိန်သို့ ရောက်ခဲ့လေ၏။

### ဗာကုလသူဌေးသား ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း

ဗာကုလသူဌေးသား အသက်ရှစ်ဆယ် အရွယ်တင်းတင်း ပြည့်လတ်သောအခါ အကျွန်ုပ်တို့၏ မြတ်စွာဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ ဘုံသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူပြီးလျှင် ဓမ္မစကြာတရားဦး ဟောတော်မူပြီးနောက် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူရာ ကောသမ္ဗီ

ပြည်သို့ ရောက်ဆိုက်တော်မူလာလေ၏၊ (မဇ္ဈိမဘာဏကမထေရ်တို့အလို ဗာရာဏသီပြည်သို့ ရောက်ဆိုက်တော်မူလာလေ၏)။ ဗာကုလသူဌေးသည်လည်း "မြတ်စွာဘုရားရှင် မိမိတို့မြို့သို့ ရောက်ဆိုက်ကြွချီတော်မူလာပြီ"ဟူသော သတင်းစကားကို ကြားသိရလျှင် ရှေးအမိကာရကောင်းမှု ကုသိုလ်ကံက တိုက်တွန်းလှုံ့ဆော်အပ်ရကား များစွာသော နံ့သာ,ပန်းတို့ကို ယူဆောင်၍ မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်၍ တရားနာခဲ့ပြီးသော် သဒ္ဓါတရား ကြီးမားစွာဖြစ်ကာ သာသနာဝင်နှံထမ်း ရဟန်းပြုလေ၏။ ထိုဗာကုလမထေရ်သည် ခုနစ်ရက်သာလျှင် ပုထုဇန်ဖြစ်လျက် ရှစ်ရက်မြောက်အရုဏ်၌ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်တော်မူလေသည်။

ထိုအခါ ဗာရာဏသီပြည်, ကောသမ္ဗီပြည် = နှစ်ပြည်မှာရှိကြသည့် အရှင်ဗာကုလမထေရ်၏ လူဖြစ်စဉ်အခါ အလုပ်အကျွေး အဖျော်အဖြေ ကခြေသည် မောင်းမမိဿံတို့သည် မိမိတို့မိဖအိမ်သို့ ပြန်လာကြ၍ ထိုမိဖတို့အိမ်၌ နေထိုင်ကြရင်းပင် သက်န်းတို့ကို ချုပ်လုပ်၍ အရှင်ဗာကုလမထေရ်မြတ်ထံ ပို့သလှူဒါန်းကြလေ၏။ မထေရ်မြတ်သည် လ-ဝက် (= တပက္ခ) ပတ်လုံး ကောသမ္ဗီမြို့၌ နေသူတို့က ပို့သလှူဒါန်းသော သက်န်းကို သုံးဆောင်တော်မူ၏၊ အခြား လ-ဝက်(တပက္ခ)ပတ်လုံး ဗာရာဏသီပြည်၌ နေသူတို့က ပို့သလှူဒါန်းသော သက်န်းကို သုံးဆောင်တော်မူ၏။ ဤနည်းဖြင့် နှစ်မြို့နေသူတို့က လှူဒါန်းသည့်သက်န်းကို လ-ဝက်စီ အလဲအလှယ် သုံးဆောင်တော်မူ၏။ ဤနည်းဖြင့်ပင် ဗာရာဏသီ, ကောသမ္ဗီ= နှစ်ပြည်တို့၌ မွန်မြတ်သောဝတ္ထု ပေါ်ပေါက်တိုင်း ပေါ်ပေါက်တိုင်း အရှင်ဗာကုလမထေရ်မြတ်အထံသို့သာ ပို့ဆက်လှူဒါန်းအပ်လေ၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

အရှင်ဗာကုလမထေရ်မှာ နှစ်ပေါင်းရှစ်ဆယ်ကြာ အိမ်ရာတည်ထောင် လူ့ဘောင်၌နေစဉ် လက်နှစ်ချောင်းဖြင့် နံ့သာစိုင်

နို့သာခဲကို ကောက်ယူကာ နမ်းရှုသည့်အချိန် (= နို့သာတရှူ အချိန်) မျှလောက်သော်မှလည်း တစုံတရာ အနာဟူ၍ မဖြစ်ခဲ့ စဘူး၊ အနှစ်ရှစ်ဆယ်မြောက်၌ ချမ်းသာစွာ ရဟန်းအဖြစ်သို့ ကပ် ရောက်တော်မူခဲ့လေသည်၊ ရဟန်းဖြစ်သောအခါမှာလည်း အရှင် ဗာကုလမထေရ်၏အဖို့ရာ အနည်းငယ်မျှသော အနာရောဂါဟူ၍ မရှိသည့်ပြင် ပစ္စည်းလေးပါးတို့ဖြင့် ချို့တဲ့ခြင်းဟူ၍လည်း အလျှင်း မရှိချေ၊ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတ ဝန်ကျောင်းတိုက်တော်၌ အရိယသံဃာတော်အား ဧတဒဂ်ဘွဲ့ထူး ချီးကျူးသော မမ္မသဘင်ဝယ် အရှင်ဗာကုလမထေရ်မြတ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အပ္ပါ- ဗာဓာနံ ယဒိဒံ ဗာကုလော = ရဟန်းတို့...အနာရောဂါ ကင်းကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် ဗာကုလရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "အပ္ပါဗာဓ = အနာရောဂါ ကင်းသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

### အရှင်ဗာကုလ၏ အံ့ဩဖွယ်များ

ဤ အရာ၌ အရှင်ဗာကုလမထေရ်၏ အံ့ဩဖွယ်တို့ကို ဥပရိ- ပဏ္ဏာသ ဗာကုလသုတ်မှ ထုတ်နုတ်ဖော်ပြပါဦးအံ့—

အခါတပါး၌ အရှင်ဗာကုလမထေရ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူစဉ် ထိုအရှင် ဗာကုလ၏ ရှေးလူ့ဘဝက မိတ်ဆွေဖြစ်သော အစေလကဿပ သည် (= အဝတ်မလွှမ်းသော ကဿပသည်) အရှင်ဗာကုလ မထေရ်ထံသို့ လာရောက်၍ ဝမ်းမြောက်ဖွယ်စကား ပြောကြား ပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ထိုင်နေပြီးသော် အရှင်ဗာကုလ မထေရ်ကို "ငါ့ရှင်ဗာကုလ....သင် ရဟန်းပြုသည်မှာ အဘယ်မျှ ကြာပြီနည်း" ဟု မေးလေ၏။ အရှင်ဗာကုလမထေရ်မြတ်က "ငါ့ရှင်....ငါရဟန်းပြုသည်မှာ အနှစ်ရှစ်ဆယ်ရှိပြီ" ဟု ဖြေတော်

မူလေလျှင် အစေလကဿပသည် အရှင် ဗာကုလမထေရ်ကို "ဤအနှစ်ရှစ်ဆယ်အတွင်းမှာ ဘယ်နှစ်ကြိမ် မေထုန်အကျင့်ကို သင်မှီဝဲဘူးသနည်း" ဟု ရိုင်းပြ ရင့်သီးစွာ သာသနာပြင်ပ မာဟိရက ရဟန်းတုပီပီ မေးမြန်းလေ၏။

ထိုအခါ အရှင်ဗာကုလမထေရ်သည် ဤ ဆိုလတ္တံ့သော အတိုင်း မိမိ၏ အံ့ဖွယ်တို့ကို ဟောကြားမိန့်ဆိုတော်မူလေ၏၊ မိန့်ဆိုတော်မူပုံမှာ—

(၁) ငါ့ရှင်ကဿပ.... ငါ့ကို "ငါ့ရှင်ဗာကုလ.... ဤအနှစ်ရှစ်ဆယ်အတွင်းမှာ ဘယ်နှစ်ကြိမ် မေထုန်အကျင့်ကို သင် မှီဝဲဘူးသနည်း" ဟု ရိုင်းပြရင့်သီးစွာ မမေးမြန်းသင့်၊ ငါ့ရှင်ကဿပ.... ငါ့ကို "ငါ့ရှင်ဗာကုလ....သင့်၏ စိတ်သန္တာန်မှာ ဤအနှစ်ရှစ်ဆယ်အတွင်း ကာမဂုဏ်နှင့်စပ်သော အမှတ်သညာ ဘယ်နှစ်ကြိမ် ဖြစ်ဘူးသနည်း" ဟူ၍သာ မေးမြန်းသင့်၏။ ငါ့ရှင်ကဿပ.... ငါရဟန်းပြုခဲ့သည်မှာ အနှစ်ရှစ်ဆယ်တို့ ရှိပြီ၊ (ထိုအချိန်၌ အရှင်ဗာကုလမှာ သက်တော်- ၁၆၀၊ ဝါတော်-၈၀ ရှိနေလေပြီ)၊ ဤ အနှစ်ရှစ်ဆယ် = ဝါရှစ်ဆယ်အတွင်း ငါ့သန္တာန်မှာ ကာမဂုဏ်နှင့် စပ်သော အမှတ်သညာ = ကာမသညာ တကြိမ်တခါမျှ မဖြစ်ဘူးချေ။ (ယင်းသို့ အနှစ်ရှစ်ဆယ် = ဝါရှစ်ဆယ်အတွင်း ကာမသညာ တကြိမ်တခါမျှ မဖြစ်ခြင်းသည်လည်း အရှင်ဗာကုလမထေရ်၏ အံ့ဖွယ်တပါးတည်း)။

(၂) (၃) ငါ့ရှင်ကဿပ.... ငါရဟန်း ပြုခဲ့သည်မှာ အနှစ်ရှစ်ဆယ်တို့ ရှိပြီ၊ ဤ အနှစ်ရှစ်ဆယ် = ဝါရှစ်ဆယ်အတွင်း ငါ့သန္တာန်မှာ သူတပါးကို ဖျက်ဆီးလိုမှုနှင့်စပ်သော သညာ = ဗျာပါဒသညာ, သူတပါးကို ညှဉ်းဆဲလိုမှုနှင့်စပ်သော သညာ = ဝိဟိံသာသညာ ဤ သညာနှစ်ပါး တကြိမ်တခါမျှ မဖြစ်ဘူးချေ။ (ယင်းသို့ ဗျာပါဒသညာ တကြိမ်တခါမျှ မဖြစ်ခြင်းသည်လည်း အံ့ဖွယ်တပါး, ဝိဟိံသာသညာ တကြိမ်တခါမျှ မဖြစ်ခြင်းသည် လည်း အံ့ဖွယ်တပါး ဖြစ်သည်)။

(၄) ငါ့ရှင်ကဿပ....ငါ ရဟန်းပြုခဲ့သည်မှာ အနှစ်ရှစ်ဆယ်တို့ ရှိပြီ၊ ဤအနှစ်ရှစ်ဆယ် = ဝါရှစ်ဆယ်အတွင်း ငါ့သန္တာန်မှာ ကာမဂုဏ်နှင့်စပ်သော ကြံစည်မှု = ကာမဝိတက် တကြိမ်တခါမျှ မဖြစ်ဘူးချေ။ (ယင်းသို့ ကာမဝိတက် တကြိမ်တခါမျှ မဖြစ်ခြင်းသည်လည်း အံ့ဖွယ်တပါးဖြစ်သည်)။

(၅-၆) ငါ့ရှင်ကဿပ........ငါ ရဟန်းပြုခဲ့သည်မှာ အနှစ်ရှစ်ဆယ်တို့ ရှိပြီ၊ ဤအနှစ်ရှစ်ဆယ် = ဝါရှစ်ဆယ်အတွင်း ငါ့သန္တာန်မှာ သူတပါးကို ဖျက်ဆီးလိုမှုနှင့် စပ်သော ကြံစည်မှု = ဗျာပါဒဝိတက်, သူတပါးကို ညှဉ်းဆဲလိုမှုနှင့် စပ်သော ကြံစည်မှု = ဝိဟိံသာဝိတက် ဤဝိတက်နှစ်ပါး တကြိမ်တခါမျှ မဖြစ်ဘူးချေ။ (ယင်းသို့ ဗျာပါဒဝိတက် တကြိမ်တခါမျှ မဖြစ်ခြင်းသည်လည်း အံ့ဖွယ်တပါး, ဝိဟိံသာဝိတက် တကြိမ်တခါမျှ မဖြစ်ခြင်းသည်လည်း အံ့ဖွယ်တပါးဖြစ်သည်)။

(၇) ငါ့ရှင်ကဿပ....ငါ ရဟန်းပြုခဲ့သည်မှာ အနှစ်ရှစ်ဆယ်တို့ ရှိပြီ၊ ဤအနှစ်ရှစ်ဆယ် = ဝါရှစ်ဆယ်အတွင်း(ဆွေမျိုးမတော်သည့်)ဒါယကာတို့ လှူသော သင်္ကန်းကို ငါမသာယာစဘူး,မခံယူစဘူးချေ။ (ယင်းသို့ ဆွေမျိုးမတော်သည့် ဒါယကာတို့ လှူသော သင်္ကန်းကို တကြိမ်မျှ မသာယာခြင်း မခံယူခြင်းသည်လည်း အံ့ဖွယ်တပါးဖြစ်သည်)။

(၈) ငါ့ရှင်ကဿပ....ငါ ရဟန်းပြုခဲ့သည်မှာ အနှစ်ရှစ်ဆယ်တို့ ရှိပြီ၊ ဤအနှစ်ရှစ်ဆယ်=ဝါရှစ်ဆယ်အတွင်း ငါသည် သင်္ကန်းကို (သင်္ကန်းလျာအထည်ကို သင်္ကန်းပြုလုပ်ရန်) ဓားဖြင့် တကြိမ်မျှ မဖြတ်စဘူး။(ယင်းသို့ မဖြတ်ဘူးခြင်းသည်လည်း အံ့ဖွယ် တပါးဖြစ်သည်)။

(၉-၁၁) ငါ့ရှင်ကဿပ....ငါ ရဟန်းပြုခဲ့သည်မှာ အနှစ်ရှစ်ဆယ်တို့ ရှိပြီ၊ ဤအနှစ်ရှစ်ဆယ် = ဝါရှစ်ဆယ်အတွင်း ငါသည်—

သင်္ကန်းကို တကြိမ်မျှ အပ်ဖြင့် မချုပ်စဘူး၊ (ပ)

သင်္ကန်းကို တကြိမ်မျှ ဆိုးရည်ဖြင့် မဆိုးစဘူး၊

ကထိန်သင်္ကန်းကို တကြိမ်မျှ မချုပ်လုပ်စဘူး၊

သီတင်းသုံးဖော်တို့ သင်္ကန်းချုပ်ရာ၌ တကြိမ်မျှ မပါဝင် မစီရင်စဘူး၊

ဒါယကာတို့ ပင့်ဖိတ်သောဆွမ်းကို တကြိမ်မျှ မသာယာစဘူး၊

“ဒါယကာ တဦးတယောက်က ငါ့ကို ပင့်ဖိတ်ပါမူ ကောင်းလေစွ” ဟု ဤသို့သောစိတ်မျိုး ငါ့သန္တာန်မှာ တကြိမ်မျှ မဖြစ်စဘူး၊

မြို့ရွာအတွင်း အိမ်တံစက်မြိတ်အတွင်း၌ တကြိမ်မျှ မထိုင်စဘူး၊

မြို့ရွာအတွင်း၌ တကြိမ်မျှ ဆွမ်းမစားစဘူး၊

မာတုဂါမကို မိန်းမဟူသော အမှတ်လက္ခဏာဖြင့် တကြိမ်မျှ မကြည့်စဘူး၊

မာတုဂါမအား အယုတ်ဆုံး လေးပါဒရှိသော ဂါထာမျှဖြင့်လည်း တရားမဟောစဘူး၊

(မာတုဂါမအား ၅-ခွန်း, ၆-ခွန်းရှိသော စကားတို့ဖြင့် တရားဟောကောင်း၏၊ ပြဿနာ မေးအပ်သော်ကား ဂါထာတထောင်ကိုပင်သော်လည်း ရွတ်ဆိုဖြေကြားကောင်း၏၊ မထေရ်မြတ်ကား အပ်စပ်လျက်ပင် ပြုတော်မမူ၊ မှန်၏— ဤတရားဟောခြင်း အလုပ်ကား များသောအားဖြင့် ဒကာအိမ်သို့ ကပ်ရောက်သော ကုလူပကမထေရ်တို့၏ အလုပ်ဖြစ်သည်၊ အထူးမှတ်ရန်)။

ဘိက္ခုနီမကျောင်းသို့ မချဉ်းကပ် မသွားရောက်စဘူး၊

(ဤ၌လည်း ဘိက္ခုနီမကျောင်းသို့ သူနာမေးရန်ကား သွားရောက်ကောင်း၏၊ မထေရ်ကား အပ်စပ်လျက်ပင် ပြုတော်မမူ။ အရာခပ်သိမ်း ဤနည်းချည်း)။

ဘိက္ခုနီမအား တရားမဟောစဘူး၊

သိက္ခမာန်မအား တရားမဟောစဘူး၊

သာမဏေမအား တရားမဟောစဘူး၊

ဥပဇ္ဈာယ်ဆရာပြုလျက် ရှင်ပြုမပေးစဘူး၊

ဥပဇ္ဈာယ်ဆရာပြုလျက် ရဟန်းခံမပေးစဘူး၊

ရဟန်းတပါးအားမျှ နိဿယည်း မပေးစဘူး၊

သာမဏေကို မလုပ်ကျွေးစေစဘူး (= သာမဏေ၏ အပြုအစု-အလုပ်အကျွေးကို မခံစဘူး)၊

ရေချိုးအုံ = ရေချိုးအိမ်၌ ရေမချိုးစဘူး၊

ရေချိုးကာသယ်မှုန့် (= ဆပ်ပြာမှုန့်မျိုး) ဖြင့် ပွတ်တိုက်၍ ရေမချိုးစဘူး၊

သီတင်းသုံးဖော်တဦးဦးကို ကိုယ်ကို ဆုပ်နယ်မှု၌ မစီရင်စဘူး (= သီတင်းသုံးဖော်တဦးဦးကိုမျှ ငါ့ကိုယ်ကို ဆုပ်နယ်ပေးစမ်းပါဟူ၍ မခိုင်းရစဘူးဟု ဆိုလိုသည်)၊

အယုတ်သဖြင့် ငါ၏ကိုယ်ဝယ် နွားနို့တညှစ် အချိန်ခန့်မျှလည်း အနာရောဂါ မဖြစ်စဘူး၊

အယုတ်သဖြင့် သျှိသျှားသီးပိုင်းမျှဖြစ်သော ဆေးကိုမျှလည်း မသုံးဆောင်ရစဘူး (= ကျန်းမာရေးအတွက် ဆေးအနေဖြင့် သျှိသျှားသီးပိုင်းကလေးမျှကိုပင် မစားရစဘူးဟု ဆိုလိုသည်)၊

တံကဲပျဉ်ကို မှီ၍ မအိပ်စဘူး၊

အိပ်ရာ၌ လျောင်း၍ မအိပ်စဘူး၊ (ဤသည်လည်း အံ့ဖွယ်တပါး ဖြစ်သည်)။

(၃၄) ငါ့ရှင်ကဿပ...ငါရဟန်းပြုခဲ့သည်မှာ အနှစ်ရှစ်ဆယ် တို့ ရှိပြီ၊ ဤအနှစ်ရှစ်ဆယ် = ဝါရှစ်ဆယ်အတွင်း ငါသည် ရွာနီး

ကျောင်း၌ ဝါမကပ်စဘူး၊ (ယင်းသို့ ရဟန်းဝါနှင့်အမျှ တော ကျောင်း၌နေခြင်းသည်လည်း အံ့ဖွယ်တပါး ဖြစ်သည်)။

(၃၅) ငါ့ရှင်ကဿပ....ငါသည် ရဟန်းဖြစ်ပြီးနောက် ခုနစ် ရက်သာလျှင် ကိလေသာရှိသူ(ပုထုဇန်ရဟန်း)ဖြစ်၍ တိုင်းပြည်၏ ဆွမ်းကို စားခဲ့ပြီ၊ ထို့နောက် ရှစ်ရက်မြောက်၌ ငါ့သန္တာန် ဝယ် အရဟတ္တဖိုလ်တရား ထင်ရှားဖြစ်ခဲ့ပြီ၊ (ထိုသို့ဖြစ်ခြင်းသည် လည်း အရှင်ဗာကုလ၏ အံ့ဖွယ်တပါး ဖြစ်သည်)။

(အရှင်ဗာကုလမထေရ်၏ ဤအံ့ဖွယ်များကို ကြားနာ ရသောအခါ အစေလကဿပသည် အရှင်ဗာကုလထံ ဤ သာသနာတော်၌ မိမိ ရှင်ရဟန်းပြုလိုကြောင်း တောင်း ပန်လျှောက်ထားသည်၊အရှင်ဗာကုလမထေရ်သည်လည်း မိမိကိုယ်တိုင်က ဥပဇ္ဈာယ်ဆရာပြုလုပ်ကာ ရှင်, ရဟန်း ပြု၍ မပေးပဲ အခြား သင့်လျော်သော မထေရ်မြတ်ကို ဥပဇ္ဈာယ်ဆရာပြုလုပ်ရန် စီမံ၍ အစေလကဿပကို ရှင်, ရဟန်းအဖြစ်ရောက် ချီးမြှောက်တော်မူလေသည်။

ထို့နောက် အရှင်ကဿပသည် ရဟန်းတရား ပွါးများ ကြိုးကုတ် အားထုတ်သဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ် သို့ ဆိုက်ရောက်ကာ ရဟန္တာဖြစ်တော်မူလေ၏)။

(၃၆) ထို့နောက် အခါတပါး၌ အရှင်ဗာကုလမထေရ် (သက်တော်တရာ့ခြောက်ဆယ်)သည် သံကောက် =.သော့ကို ယူ၍ တကျောင်းမှ တကျောင်းသို့ သွားရောက်ပြီးလျှင် "အရှင် တို့—ကြွတော်မူကြကုန်လော့၊ အရှင်တို့....ကြွတော်မူကြကုန်လော့၊ ယနေ့ တပည့်တော်၏ ပရိနိဗ္ဗာန်ဝင်စံခြင်းသည် ဖြစ်ပေလိမ့်မည်" ဟု လှည့်လည်ပြောဆို မိတ်ကြားတော်မူ၏၊ (ထိုသို့ မိတ်ကြား ပြောဆိုနိုင်ခြင်းသည်လည်း အရှင်ဗာကုလမထေရ်၏ အံ့ဖွယ် တပါး ဖြစ်သည်)။

(၃၇) အရှင်ဗာကုလမထေရ်သည် ဤသို့ သံဃာတော်များ တို့ မိတ်ခေါ်ပြီးလျှင် သီတင်းသုံးဖော် သံဃာတော်များ စုရုံး

စည်းဝေးမိသောအခါ "ငါသည် အသက်ရှင်စဉ်လည်း အခြားရဟန်း တပါးပါး၏ တာဝန်မဖြစ်ချေ=မိမိခန္ဓာကိုယ်ရေးအတွက် အခြားရဟန်းတပါးအားမျှ တာဝန်မပေးခဲ့ချေ၊ ယခု ပရိနိဗ္ဗာန် ဝင်စံသောအခါမှာလည်း ဤငါ့ကိုယ်ခန္ဓာသည် သီတင်းသုံးဖော် ရဟန်းသံဃာတော်၏ ပလိဗောဓ ကြောင့်ကြဖွယ်မှု မဖြစ်ရစ်ပါစေလင့်"ဟု ဆင်ခြင်အောက်မေ့တော်မူကာ တေဇောကသိဏချွန်ကို ဝင်စားတော်မူ၍ ရဟန်းသံဃာ၏ အလယ်၌ ထိုင်လျက်ပင်လျှင် ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။ ပရိနိဗ္ဗာန် ဝင်စံလျှင်ပင် ခန္ဓာကိုယ်မှ တေဇောဓာတ်မီး ဟုန်းကနဲထ၍ လောင်ကျွမ်းသဖြင့် အရေ, အသား, အသွေးတို့ ကုန်ခန်းပြီးလျှင် မုလေးပန်းငုံအဆင်းရှိသော ဓာတ်တော်တို့သာ ကြွင်းကျန်လေကုန်၏။ (ဤသို့ဖြစ်ခြင်းသည်လည်း အရှင်ဗာကုလမထေရ်၏ အံ့ဖွယ်တပါး ဖြစ်သည်)။

ဤကား အရှင်ဗာကုလမထေရ် အကြောင်းတည်း။

---

## (၃၄) အရှင်သောဘိတမထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤအရှင်သောဘိတ မထေရ်အလောင်း အမျိုးကောင်းသားသည်လည်း ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက်တော် အခါ ဟံသာဝတီ မင်းနေပြည်ဝယ် အမျိုးကောင်းသားဖြစ်၍ အရွယ်သို့ရောက်လတ်သော် မြတ်စွာဘုရားရှင်၏ တရားတော်ကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ရဟန်းတပါးကို ပုဗ္ဗေနိဝါသဉာဏ် (=ရှေးကဖြစ်ဘူးသည့် ခန္ဓာအစဉ်ကို အောက်မေ့သိမြင်သော အဘိညာဏ်)ကို ရကြသော ရဟန်းတို့အနက် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်တို့ တွေ့မြင်ရ၍ အမိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး=ဌာနန္တရကို ဆုတောင်း ပတ္ထနာမှု ပြုလေ၏။ ပဒုမုတ္တရ မြတ်စွာဘုရားရှင်သည်လည်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကောင်းမှုကုသိုလ်ကိုပြု၍ အပါယ်လေးပါး မလားမရောက်ပဲ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ဤအကျွန်ုပ်တို့ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာကာလဝယ် သာဝတ္ထိပြည်ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍လာလေ၏။ ထိုသူငယ်၏အမည်ကို "သောဘိတလုလင်" ဟု အမည်မှည့်ကြကုန်၏။

သောဘိတ လုလင်သည် နောက်တချိန်၌ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သဒ္ဓါတရား ဖြစ်ပွါးကာ သာသနာဝန်ထမ်း ရှင်, ရဟန်းပြုပြီးလျှင် ဝိပဿနာတရား ပွါးများအား ထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရှိကာ(=ရဟန္တာဖြစ်ကာ) ပုဗ္ဗေနိဝါသဉာဏ်၌ အထူး လေ့လာနိုင်နင်းတော်မူလေသည်။

### (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

ဤအရှင်သောဘိတမထေရ်မြတ်သည် လွန်ခဲ့သော မဟာကပ် ၅၀၀-အထက်က တိတ္ထိတို့သာသနာဝယ် ရဟန်းပြု၍ သညာဝိရာဂ ရူပါဝစရစတုတ္ထဈာန်သမာပတ်ကို ဖြစ်စေ၍ ဈာန်မလျှောကျပဲ ထိုဘဝမှ စုတေလတ်သော် အသညသတ်ဘုံ၌ ဖြစ်လေ၏၊ ထိုအသညသတ်ဘုံ၌ အသက်တမ်းပြည့် မဟာကပ်-၅၀၀ တည်နေ၍ ထိုမဟာကပ်-၅၀၀ ကုန်ဆုံးသောအခါ ဤလူ့ပြည်ဝယ် သောဘိတလုလင်ဖြစ်၍ နိယျာနိက ဤဘုရားသာသနာ၌ ရဟန်းပြုပြီးလျှင် ဝိပဿနာတရား ပွါးများအားထုတ်သဖြင့် ပု, ဒိ, အာ= ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော တေဝိဇ္ဇရဟန္တာ ဖြစ်တော်မူလေသည်။

ထိုအရှင်သောဘိတ မထေရ်သူမြတ်သည် တနေ့သ၌ မိမိ၏ ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ဆင်ခြင်တော်မူလတ်သော် ဤယခုနောက်ဆုံး ပစ္ဆိမဘဝ ပဋိသန္ဓေကို မြင်တော်မူ၍ ထိုနောက် တတိယဘဝ စုတိကိုသာ မြင်တော်မူလေသည်။ (လွန်ခဲ့သည့် ဒုတိယ အသညသတ်ဘဝကို မြင်တော်မမူ)။

(ပုဗ္ဗေနိဝါသဉာဏ်သည် စုတိ ပဋိသန္ဓေကို အာရုံပြု၍ ယူသော်လည်း အနန္တရပစ္စည်းအစဉ်ရှိသည့် နာမ်တရားတို့နှင့်စပ်၍သာ ယူနိုင်လေသည်၊ ထို့ကြောင့် ရုပ်တရားချည်းသက်သက်ဖြစ်သော လွန်ခဲ့သည့် ဒုတိယ အသညသတ်ဘဝကို မမြင်ပဲရှိလေသည်။ ။သာရတ္ထ-၂၊၂၉၇-မှ)

ထိုအခါ ယခုနောက်ဆုံး ပစ္ဆိမဘဝနှင့် လွန်ခဲ့သည့် တတိယဘဝ = ဤနှစ်ဘဝတို့၏အကြားဝယ် စိတ်မရှိသည့် အသညသတ်အတ္တဘောကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အောက်မေ့ခြင်းငှါ မတတ်နိုင်ရကား "သံသရာဝဋ်၌ ကျင်လည်ကြသော သတ္တဝါတို့အဖို့ရာ ခန္ဓာမဖြစ်သောကာလဟူ၍ မရှိချေ၊ အသညသတ်ဘုံ၌ ဖြစ်ကြသော သတ္တဝါတို့သည်သာ စိတ်မရှိကြပဲ မဟာကပ် - ၅၀၀ ကာလကြာအောင် ဖြစ်ကြလေသည်၊ သို့ရကား ငါသည် ကေန်ပင် ဤဘဝ, တတိယဘဝ နှစ်ဘဝတို့၏ အကြားကာလ မဟာကပ် ၅၀၀-ကာလ ကြာအောင် အသညသတ်ဘုံ၌ ဖြစ်ခဲ့လေပြီ"ဟု နည်းအားဖြင့် ထိုအသညသတ်ဘဝကို မှတ်ယူတော်မူလေသည်။

ထိုသို့ နာမ်ခန္ဓာမရှိသည့် အသညသတ်ဘဝကို အောက်မေ့မှုကို မြတ်စွာဘုရားများမှသာ ပိုင်နိုင်စွာ ပြုနိုင်သည်၊ သို့ဖြစ်၍ ယခု အရှင်သောဘိတမထေရ်၏ နည်းအားဖြင့် အသညသတ်ဘဝကို အောက်မေ့မှုကို ပြုခြင်းသည် ခဲယဉ်းသော အမှုကို ပြုခြင်း ဖြစ်လေသည်၊ သားမြီးဖျားတခုဖြင့် သားမြီးဖျားတခုကို မှန်အောင် ပစ်ရသည်နှင့် တူလှဘိ၏။ ခြေရာမထင်နိုင်သော ကောင်းကင်၌ ခြေရာကို ပြအပ်သကဲ့သို့ ဖြစ်လေသည်၊ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ဤအဋ္ဌုပ္ပတ်ကို အကြောင်းပြု၍ ဧတဒဂ်ဘွဲ့နှင်းသဘင် ယင်တော်မူသောအခါ အရှင်သောဘိတမထေရ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပုဗ္ဗေနိဝါသံ အနုဿရန္တာနံ ယဒိဒံ သောဘိတော=ရဟန်းတို့... ရှေး၌ဖြစ်ဘူးသည့် ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် သောဘိတရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ပုဗ္ဗေနိဝါသလာဘီ = ပုဗ္ဗေနိ-ဝါသအဘိညာဉ်ကို ရသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဤ အရှင်သောဘိတမထေရ်၏ ပုဗ္ဗေနိဝါသဉာဏ် အကြောင်းအရာတို့ကို ဝိနယ ပါရာဇိက စတုတ္ထပါရာဇိက ဝိနီတဝတ္ထုအဆုံး ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့မှ မှတ်ယူကုန်ရာ၏)။

ဤကား အရှင်သောဘိတမထေရ် အကြောင်းတည်း။

---

## (၃၅) အရှင်ဥပါလိမထေရ်အကြောင်း

### (က) မထေရ်၏ရှေးဆုတောင်း

ဤအရှင်ဥပါလိ မထေရ်အလောင်း သူတော်ကောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရားရှင်လက်ထက်တော်အခါဝယ် ဟံသာဝတီပြည်၌ အမျိုးကောင်းသားဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို ဝိနည်းဆောင်သောအရာဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်လတ်၍ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ မြတ်စွာဘုရားရှင်သည်လည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုအမျိုးကောင်းသားသည် ထိုဘဝ၌ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်၊လူ့ပြည်တို့၌ ကျင်လည် ကျက်စားလျက် ဤဘုရားသာသနာခေတ်ဝယ် ဆေတ္တာသည်အမျိုး၌ ဖြစ်၍"ဥပါလိသူငယ်"ဟု အမည်တွင်လေသည်။ ထိုဥပါလိသူငယ်သည် အရွယ်သို့ရောက်လတ်သော် ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ကိမိလ၊ဘဂု၊ အာနန္ဒ၊ ဒေဝဒတ္တ-တည်းဟူသော သာကီဝင်မင်းသား ခြောက်ဦးတို့ကို ဆံ၊မုတ်ဆိတ် သုတ်သင် တန်းဆာဆင်ပေးရသူ ဖြစ်လျက် မြတ်စွာဘုရားရှင် အနုပိယမြို့အနီး အနုပိယသရက်ဥယျာဉ်တော်၌

နေတော်မူစဉ် ရဟန်းပြုရန် တောထွက်လာကြသော ထိုမင်းသား ခြောက်ယောက်တို့နှင့် အတူတကွ ရဟန်းပြုလေသည်။ (ထိုသူတို့ ရဟန်းပြုကြပုံ အကြောင်းအရာအကျယ်ကို အောက် မဟာဗုဒ္ဓဝင် တတိယတွဲ အခဏ်း ၁၉၊ စာမျက်နှာ ၁၄၅-မှစ၍ ပြန်လည် ကြည့်ရှု သုံးသပ်ကုန်ရာ၏)။

ထိုအရှင်ဥပါလိသည် ရဟန်းဖြစ်ပြီးလတ်သော် မြတ်စွာဘုရား ရှင်အထံတော်မှ တရားတော်ကို နာယူပြီးနောက် "မြတ်စွာ ဘုရား....တပည့်တော်အား တောကျောင်းနေရန် ခွင့်ပြုတော် မူကြပါဘုရား"ဟု လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်က "ချစ်သား....သင့်အဖို့ရာ တောကျောင်း၌နေလျှင် ဝိပဿနာဓုရ= ကမ္မဋ္ဌာန်းအလုပ်တခုသာလျှင် တိုးတက်နိုင်ချိမ့်မည်၊ ငါဘုရားတို့ အနီးထံပါး၌ သင်ချစ်သားနေလျှင်ကား ဝိပဿနာဓုရ=ကမ္မ- ဋ္ဌာန်းအလုပ်, ဂန္ထဓုရ=ပရိယတ္တိအလုပ်=နှစ်မျိုးစုံပင် ကုံလုံ ပြည့်ဝလိမ့်မည်"ဟု မိန့်တော်မူလတ်သော် အရှင်ဥပါလိသည် မြတ်စွာဘုရားရှင်၏ မိန့်ကြားချက်ကို နှစ်သက်အားရစွာ သဘော တူလက်ခံ၍ ဝိပဿနာအလုပ်အားထုတ်တော်မူလေလျှင် မကြာ မြင့်မီပင် အရဟတ္တဖိုလ်ခပါက် ရောက်တော်မူလေ၏=ရဟန္တာ ဖြစ်တော်မူလေ၏။ ထို့နောက် အရှင်ဥပါလိမထေရ်ကို မြတ်စွာ ဘုရားရှင်သည် ကိုယ်တော်တိုင်ပင် အလုံးစုံသော ဝိနည်းပိဋကကို ပို့ချသင်ပြပေးတော်မူ၏။

### (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

အရှင်ဥပါလိ ရဟန္တာမထေရ်သည် ဝိနည်းပိဋကကို တတ် မြောက် ကျွမ်းကျင်တော်မူပြီးနောက် (၁) ဘာရုကစ္ဆကဝတ္ထု၊ (၂) အဇ္ဇုကဝတ္ထု၊ (၃) ကုမာရကဿပဝတ္ထု-တည်းဟူသော ဤသုံးဝတ္ထုတို့ကို သဗ္ဗညုတ ဉာဏ်တော်နှင့် နှိုင်းညှိလျက် မြတ်စွာဘုရားရှင် အလိုတော်ကျ ဖြေကြား ဆုံးဖြတ်တော်မူ လေသည်။ ထိုသုံးဝတ္ထုတို့တွင် (၃) ကုမာရကဿပဝတ္ထုကို ဤမဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ထေရာပဒါန ၂၈-အရှင်ကုမာရကဿပ မထေရ်အကြောင်း စာမျက်နှာ ၄၁၇-၄၁၈-တို့၌ ပြန်လည်

ကြည့်ရှု သုံးသပ်ကုန်ရာ၏။ ကျန်သောနှစ်ဝတ္ထုတို့ကို အကျဉ်းအားဖြင့် ဖော်ပြပေအံ့—

**ဘာရုကစ္ဆကဝတ္ထု**

ဘာရုကစ္ဆကအရပ်သား ရဟန်းတပါးသည် အိပ်မက်၌ မယားဟောင်းကို မေထုန်ကျင့်ရသည်ဟု မြင်မက်သောကြောင့် "ငါသည် ရဟန်းမဟုတ်တော့ပြီ၊ လူထွက်တော့အံ့"ဟု မိမိနေရပ် ဘာရုကစ္ဆမြို့သို့ သွားလေသော် လမ်းခရီးအကြား၌ အရှင်ဥပါလိကို တွေ့မြင်ရ၍ အရှင်ဥပါလိအား ထိုအကြောင်းကို လျှောက်ထားလေ၏။ အရှင်ဥပါလိမထေရ်သည် "ငါ့ရှင်…အိပ်မက်ဖြင့် အာပတ်မသင့်နိုင်"ဟု မိန့်တော်မူ၏။ (ဤဝတ္ထုကား ဝိနယ ပါရာဇိကပါဠိ မျက်နှာ ၄၉၊ ပိဋကတ်မြန်မာပြန် မျက်နှာ ၅၃-၌ လာ၏)။ ဘာရုကစ္ဆကအရပ်ကား သဘော်ဆိပ် အရပ်ဖြစ်သည်။

ဤ၌ အိပ်မက်မက်ခြင်းသည် အာပတ်သင့်ခြင်း၏ အရာမဟုတ်သောကြောင့် အရှင်ဥပါလိမထေရ်သည် ဤဝတ္ထုမျိုးကို ရှေးက မြတ်စွာဘုရား ဆုံးဖြတ်အပ်ပြီး မရှိငြားသော်လည်း ဤယခု ဘာရုကစ္ဆကရဟန်းဝတ္ထုကို နယဂ္ဂါဟ (=အိပ်မက်၌ သုက်လွှတ်ခြင်းကြောင့် အာပတ်မသင့်မှုကို နည်းယူသော)အားဖြင့် "အာပတ်မသင့်"ဟု ရဲရဲတောက် ဆုံးဖြတ်တော်မူလေသည်။

မြတ်စွာဘုရားရှင်သည်လည်း ထိုအကြောင်းကို ကြားသိတော်မူ၍ "ရဟန်းတို့…ဥပါလိသည် ကောင်းစွာ ဖြေကြားအပ်ပေ၏၊ ခြေရာမထင်နိုင်သော ကောင်းကင်၌ ခြေရာကိုပြသကဲ့သို့ ဥပါလိရဟန်းသည် ဤပြဿနာကို ကောင်းစွာ ဖြေကြားအပ်ပေ၏"ဟု မိန့်တော်မူကာ သာဓုကောင်းကြီး ပေးတော်မူလေသည်။

**အဇ္ဇုကဝတ္ထု**

တခုံရောအခါ ဝေသာလီပြည်၌ အရှင်အဇ္ဇုက၏ အလုပ်အကျွေး ဒါယကာမှာ သားနှင့်တူအားဖြင့် သူငယ်နှစ်ယောက်

ရှိကြရာ ထိုဒါယကာသည် အရှင်အဇ္ဈကကို "အရှင်ဘုရား.... ဤသူငယ်နှစ်ယောက်တို့တွင် သဒ္ဓါတရားရှိ၍ ရတနာသုံးပါးကို ကြည်ညိုသော သူငယ်အား ဤဥစ္စာစု၏ တည်နေရာကို ပြောကြားတော်မူပါ"ဟု လျှောက်ထားမှာကြားပြီး ထိုဒါယကာ ကွယ်လွန်ခဲ့လေသည်။

ထိုအခါ ထိုဒါယကာ၏ တူဖြစ်သော သူငယ်သည် သဒ္ဓါတရားရှိ၍ ရတနာသုံးပါးကို ကြည်ညိုသူဖြစ်ရကား အရှင်အဇ္ဈကသည် ထိုဥစ္စာစု၏ တည်နေရာကို တူဖြစ်သူ သူငယ်အား ပြောကြားခဲ့လေ၏။ ထိုသူငယ်သည် ထိုဥစ္စာစုဖြင့် ရောင်းဝယ်ဖောက်ကားမှု ပြုကာ စီးပွါးဥစ္စာကိုလည်း တည်တံ့စေ၏၊ အလှူအတန်းကိုလည်း ပေးကမ်း၏။

ထိုအခါ ထိုဒါယကာ၏ သားဖြစ်သော သူငယ်သည် အရှင်အာနန္ဒာမထေရ်ကို "အရှင်အာနန္ဒာဘုရား....(သားနှင့် တူတို့ ရှိကြရာဝယ်) အဘယ်သူသည် ဖခင်၏ အမွေခံဖြစ်ပါသနည်း၊ သားသည်ပင် အမွေခံဖြစ်ပါသလော၊ သို့မဟုတ် တူသည်ပင် အမွေခံဖြစ်ပါသလော"ဟု မေးလျှောက်လေ၏။ ထိုအခါ အရှင်အာနန္ဒာက "ဒါယကာ...သားသည် ဖခင်၏အမွေခံဖြစ်သည်"ဟု မိန့်တော်မူလေလျှင် ထိုသားဖြစ်သူ သူငယ်သည် "အရှင်ဘုရား.... အရှင်အဇ္ဈကသည် တပည့်တော်တို့၏ ဥစ္စာနှစ်ကို တပည့်တော်တို့၏ ယောက်ဖ (=အဖေ့တူ) အား ညွှန်ကြားလေပြီ" ဟု လျှောက်ထားလေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ထိုဝတ္ထုအကြောင်းအရာကို စေ့စုံစွာ လေ့လာမှုပြုတော်မမူပဲ ရုတ်တရက်အားဖြင့် "ဒါယကာ....ထိုသို့ဖြစ်လျှင် အရှင်အဇ္ဈကသည် ရဟန်းမဟုတ်တော့ပြီ"ဟု မိန့်ကြားတော်မူလေ၏။

ထိုအခါ အရှင်အဇ္ဈကသည် အရှင်အာနန္ဒာမထေရ်ကို "ငါ့ရှင်အာနန္ဒာ....ငါ့အား အဆုံးအဖြတ်ကို ပေးပါလော့"ဟု ပြောဆိုလေ၏။ ထိုအချိန်၌ အရှင်ဥပါလိသည် အရှင်အဇ္ဈက၏ ဘက်သား ဖြစ်တော်မူ၏။ (ဤ၌ အရှင်ဥပါလိသည် အဝတိ

လိုက်သောအားဖြင့် အရှင်အဇ္ဇုကာ၏ ဘက်သားဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား အာပတ်မသင့်ကြောင်း ကောင်းစွာသိသဖြင့် လဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်သောအားဖြင့်ရင်း၊ ဝိနည်းကိုချီးမြှောက်သောအားဖြင့်ရင်း အရှင်အဇ္ဇုကာ၏ ဘက်သားဖြစ်တော်မူသည်ဟု အထူးမှတ်အပ်၏။

ထိုအခါ အရှင်ဥပါလိမထေရ်သည် အရှင်အာနန္ဒာမထေရ်ကို "ငါ့ရှင်အာနန္ဒာ...ဥစ္စာရှင်က 'ဤဥစ္စာစု၏ တည်ရာကို ဤမည်သောသူအား ပြောပါ'ဟု မှာထားသဖြင့် ထိုသူအား ပြောဆိုရာ ထိုပြောသောရဟန်းသည် အဘယ်အပြစ်အာပတ် သင့်သနည်း" ဟု မေးတော်မူလေ၏။ အရှင်အာနန္ဒာမထေရ်သည် "အရှင်ဘုရား....အဘယ်အာပတ်အပြစ်မျှ မသင့်ပါ၊ အယုတ်သဖြင့် ဒုက္ကဋ်အာပတ်အပြစ်မျှပင် မသင့်ပါ"ဟု ပြန်ကြားဖြေဆိုတော်မူလေ၏။ ထိုအခါ အရှင်ဥပါလိမထေရ်သည် အရှင်အာနန္ဒာမထေရ်ကို "ငါ့ရှင်အာနန္ဒာ....ဤအရှင်အဇ္ဇုကာသည် 'ဤဥစ္စာအစု၏ တည်ရာကို ဤမည်သောသူအား ညွှန်ကြားတော်မူပါ'ဟု ဥစ္စာရှင်က မှာထားခဲ့သဖြင့် ထိုတူဖြစ်သူ သူငယ်အား ညွှန်ကြားလေသည်၊ ငါ့ရှင်အာနန္ဒာ....အရှင်အဇ္ဇုကာအား အာပတ်မသင့်=အပြစ်မရှိ" ဟု ဖြေရှင်းမိန့်ဆိုတော်မူကာ ရဲရဲတောက် ဆုံးဖြတ်ချက် ချမှတ်တော်မူလေ၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားသိတော်မူ၍ "ချစ်သားတို့....ဥပါလိရဟန်းသည် ကောင်းစွာဆုံးဖြတ်ဖြေကြားအပ်လေပြီ"ဟု မိန့်တော်မူကာ သာဓုကောင်းကြီး ပေးတော်မူလေ၏။ (ထိုမှတပါး ဤအရှင်ဥပါလိ၏ ထေရာပဒါန်မှာ အလွန်ကြည်ညိုဖွယ်ရာ ကောင်းလှစွာ၏။ ထိုဥပါလိထေရာပဒါန်ပါဠိ၊ အနက်ကို မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ ဆိဒ္ဓပိဓာနနိကျမ်း၌ ကြည့်ရှုမှတ်ယူ ကြည်ညိုကုန်ရာ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် အဆုံးအဖြတ် တခုတခုလျှင် သာဓုကောင်းကြီး အသီးအသီးပေးတော်မူ၍ ထိုဆုံးဖြတ်ချက် သုံးရပ်တို့ကို အဋ္ဌုပ္ပတ်ပြုတော်မူကာ နောက်တချိန်၌ အရိယာ သံဃာတော်တို့အလယ်တွင် အရှင်ဥပါလိမထေရ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ = ရဟန်းတို့...ဝိနည်းပိဋကတ်ကို ဆောင်ကြသည့် ငါဘုရား၏တပည့်သာဝကရဟန်းတို့တွင် ဥပါလိရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ဝိနယဓရ = ဝိနည်းပိဋကတ်ကို ဆောင်သောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား အရှင်ဥပါလိမထေရ် အကြောင်းတည်း။

---

## (၃၆) အရှင်နန္ဒကမထေရ် အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤအရှင်နန္ဒကမထေရ်အလောင်း သူတော်ကောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို ဘိက္ခုနောဝါဒ=ဘိက္ခုနီမတို့ကို ဆုံးမသောအရာဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား ကြားတော်မူခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုအမျိုးကောင်းသားသည် အသက်ထက်ဆုံးကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်,လူ့ပြည်တို့၌ ကျင်လည်ကျက်စား၍ လာခဲ့ရာ ဤ ဘုရားမြတ်စွာ ပွင့်ထွန်းရာအခါခေတ်ဝယ် သာဝတ္ထိပြည်၌ အမျိုးကောင်းသား ဖြစ်လတ်၍ အရွယ်သို့ ရောက်လတ်လျှင် မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရ၍ သဒ္ဓါတရား ဖြစ်ပွါးကာ သာသနာဝန်ထမ်း ရှင်, ရဟန်းပြုပြီးလျှင် ဝိပဿနာ

တရား ပွါးများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏ = ရဟန္တာဖြစ်တော်မူလေ၏။ ထိုအရှင်နန္ဒကမထေရ်မြတ်သည် ပုဗ္ဗေနိဝါသ အဘိညာဏ်၌ လေ့လာနိုင်နင်းတော်မူလေ၏။ ထိုအရှင်နန္ဒက ရဟန္တာမထေရ်မြတ်သည် ကိုယ်တော်ထံမှောက်သို့ ပရိသတ်လေးပါးတို့ ရောက်ဆိုက်လာကြသည်ရှိသော် "ခပ်သိမ်းသောသူတို့၏စိတ်ကို ဆွဲယူကာ တရားဟောစွမ်းတော်မူနိုင်သောကြောင့်" "ဓမ္မကထိက အရှင်နန္ဒကမထေရ်"ဟု အမည်ထင်ရှားတော်မူလေသည်။

မြတ်စွာဘုရားရှင်သည် ရောဟိဏီမြစ်ရေကို အကြောင်းပြု၍ ကောလိယသာကီဝင်, ကပိလဝတ်သာကီဝင်တို့ ခိုက်ရန်ဖြစ်ပွါးသောအခါ တရားရေအေး တိုက်ကျွေး၍ ရန်စစ်ငြိမ်းစေတော်မူသည်တွင် နှစ်ဖက်သော သာကီဝင်တို့မှ သာကီဝင်မင်းသား ၂၅၀-စီ အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၍ ရဟန်းပြုကြရာ ထိုသာကီဝင်မင်းသား ရဟန်း ငါးရာတို့ သာသနာတော်၌ မမွေ့လျော် မပျော်ပိုက်ကြသဖြင့် ထိုရဟန်းတို့ကို ခေါ်ဆောင်ကာ ကုဏာလအိုင်သို့ ကြွရောက်၍ ထိုအိုင်၌ ကုဏာလဇာတ်ကို ဟောတော်မူခြင်းဖြင့် ထိုရဟန်းတို့စိတ် ထိတ်လန့်သံဝေဂ ဖြစ်ပွါးသည်ကို သိတော်မူပြီးလျှင် သစ္စာလေးပါး တရား ဟောတော်မူ၍ သောတာပတ္တိဖိုလ်၌ တည်စေတော်မူလေသည်။ ထို့နောက် မဟာဝုန်တောဝယ် မဟာသမယသုတ္တန်ကို ဟော၍ ထိုရဟန်းငါးရာတို့ကို အရဟတ္တဖိုလ်၌ တည်စေတော်မူ၏။ (ထိုအကြောင်းအရာအကျယ်ကို အောက် မဟာဗုဒ္ဓဝင် တတိယတွဲ အခန်း ၂၂၊ စာမျက်နှာ ၃၇၇-မှစ၍ ပြန်လည်ကြည့်ရှု သုံးသပ်ကုန်ရာ၏)။

ထိုသာကီဝင်မင်းသား မဟာသမယရဟန္တာငါးရာတို့၏ ဇနီးဟောင်းများသည် "ငါတို့သည် ယခုအခါ ဤနန်းတော်၌ အဘယ်အမှု ပြုကုန်အံ့နည်း"ဟု ပြောဆိုကြ၍ အားလုံးတို့သည်ပင် စိတ်သဘောတူကြလျက် မိထွေးတော်ကြီး မဟာပဇာပတိ ဂေါ-တမီထံသို့ သွားရောက်ကြ၍ မိထွေးတော်ကြီး မဟာပဇာပတိ ဂေါတမီကို ရှေ့ဆောင်ရှေ့ရွက် ပြုလုပ်ကြကာ ဝေသာလီပြည်

မဟာဝုန်တော မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ကြ၍ ဤဘုရားသာသနာ၀ယ် အမျိုးသမီးများ ဘိက္ခုနီမ-ပြုလုပ်နိုင်ရန် မြတ်စွာဘုရားရှင်ကို မိထွေးတော်ကြီးတောင်းပန်၍ ဘိက္ခုနီ သာသနာကို ခွင့်ပြုတော်မူလေရာ မိထွေးတော်ကြီး မဟာပဇာပတိဂေါတမီသည် ဂရုဓမ္မပဋိဂ္ဂဟဏာဥပသမ္ပဒါဖြင့် ဘိက္ခုနီမ ဖြစ်ခဲ့လေသည်၊ ထိုသာကီဝင်မင်းသမီး ငါးရာတို့သည် မဟာပဇာပတိဂေါတမီ ထေရီမကြီးအထံ၌ ဧကတောဥပသမ္ပန္န = (ထိုအချိန်၌ ဘိက္ခုနီသံဃာ မရှိသေးသဖြင့်) ဘိက္ခုသံဃာတဖက်ဖြင့် ရဟန်းမ-အဖြစ်သို့ ရောက်ရှိကြလေသည်။ အထူးအားဖြင့် ထို သာကီဝင်မင်းသမီး ရဟန်းမ ငါးရာတို့သည် လွန်ခဲ့သော အခြားမဲ့ဘဝတုန်းက ငါးရာလုံးပင် အရှင်နန္ဒကမထေရ် မင်းဖြစ်စဉ်ဘဝ၌ မိဖုရားငါးရာတို့ ဖြစ်ခဲ့ကြလေသည်။

ထိုအချိန်၌ မြတ်စွာဘုရားရှင်သည် "ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကြရမည်" ဟု အမိန့်အာဏာ မှတ်တော်မူလေသည်။ အရှင်နန္ဒကမထေရ်သည် မိမိအလှည့် အကြိမ်သို့ရောက်လတ်သောအခါ ထိုဘိက္ခုနီမ ငါးရာတို့ လွန်ခဲ့သည့်ဘဝတုန်းက မိမိ၏ အလုပ်အကျွေး မိဖုရား မောင်းမများ ဖြစ်ခဲ့ကြသည်ကို သိမြင်တော်မူ၍ "ငါ့ကို ဤဘိက္ခုနီမ ငါးရာတို့အလယ်၌ ထိုင်နေကာ ဥပမာအမျိုးမျိုး အကြောင်းအမျိုးမျိုးတို့ကို ထုတ်ဆောင်ဖော်ပြ၍ တရားဟောနေသည်ကို အခြား ပုဗ္ဗေနိဝါသအဘိညာဏ်ကို ရရှိသည့် ရဟန်းတော်တပါး မြင်သွားခဲ့လျှင် ဤအတိတ်ဖြစ်ရပ်ကို ကြည့်ရှုတော်မူကာ 'အရှင်နန္ဒကသည် ယနေ့တိုင်ပင် မောင်းမမိသံတို့ကို မစွန့်သေးဘိတကား၊ ဤအရှင်နန္ဒကသည် မောင်းမအပေါင်း ခြံရံအပ်လျက် တင့်တယ်ဘိတကား' ဟု ရှုတ်ချကဲ့ရဲ့စကား မိန့်ကြားလေရာ၏" ဟူ၍ ကြံစည်ဆင်ခြင်တော်မူမိသောကြောင့် ကိုယ်တိုင်မသွားရောက်ပဲ အခြားရဟန်းတပါးကို မိမိကိုယ်စား ဘိက္ခုနီမတို့ကို ဆုံးမရန် လွှတ်ခဲ့လေသည်။

အထူးအားဖြင့် ထိုဘိက္ခုနီမ ငါးရာတို့သည် အရှင်နန္ဒကမထေရ်၏ ဩဝါဒကိုသာလျှင် လွန်စွာတောင့်တ အလိုရှိကြ

ကုန်၏။ ဤအကြောင်းကြောင့် မြတ်စွာဘုရားသည် အရှင်နန္ဒက မထေရ်ကို "မိမိအလှည့်အကြိမ်သို့ ရောက်လျှင် အခြားရဟန်းကို မစေလွှတ်ပဲ ကိုယ်တိုင်သွားရောက်၍ ဘိက္ခုနီသံဃာကို ဆုံးမလော့"ဟု မိန့်တော်မူလေ၏။ အရှင်နန္ဒကမထေရ်သည် ဘုရားရှင်၏ စကားကို မပယ်ရှားနိုင်ရကား မိမိအလှည့်ရောက်လတ်၍ စာတုဒ္ဒသီ = တဆယ့်လေးရက် ဥပုသ်နေ့၌ ဘိက္ခုနီသံဃာအား ဩဝါဒ ပေးတော်မူလတ်သည်ရှိသော် ထိုသာကီဝင်မင်းသမီး ရဟန်းမ ငါးရာလုံးတို့ကို အာယတနခြောက်ပါး တရားဒေသနာဖြင့် သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၏။ သောတာပန် အရိယာအဖြစ်သို့ ရောက်စေတော်မူလေ၏။

ထိုဘိက္ခုနီမငါးရာတို့သည် အရှင်နန္ဒကမထေရ်၏ တရားဒေသနာဖြင့် နှစ်လိုအားရစိတ်တိုင်းကျဖြစ်ရှိကြကာ မြတ်စွာဘုရားရှင်အထံတော်သို့ သွားရောက်ကြ၍ မိမိတို့ရအပ်သည့် သောတာပတ္တိမဂ်ဖိုလ်တည်းဟူသော လောကုတ္တရာ ဂုဏ်ကျေးဇူးကို လျှောက်ထားကြလေသည်။ မြတ်စွာဘုရားရှင်သည် "အဘယ်သူက တရားဟောလျှင် ဤဘိက္ခုနီမများသည် အထက်မဂ်ဖိုလ်တို့သို့ ရောက်ကြမည်နည်း"ဟု ဆက်၍ ဆင်ခြင်တော်မူလေလျှင် တဖန် "အရှင်နန္ဒကမထေရ်၏ ထိုပဌမနေ့ဟောကြားအပ်သည့် တရားဒေသနာတော်ကိုပင် ကြားနာကြရလျှင် ထိုဘိက္ခုနီမ ငါးရာလုံးပင် အရဟတ္တဖိုလ်သို့ရောက်ကြလိမ့်မည်"ဟု သိမြင်တော်မူ၍ နောက်တနေ့၌လည်း အရှင်နန္ဒကမထေရ်၏ အထံသို့ပင် တရားနာကြရန် လွှတ်တော်မူလေ၏။ ထိုဘိက္ခုနီမ ငါးရာတို့သည် နောက်တနေ့၌ အရှင်နန္ဒကမထေရ် ပဌမနေ့ဟောကြားအပ်သည့် တရားဒေသနာကိုပင် ကြားနာကြရ၍ ငါးရာလုံးပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေ၏။

ထိုနေ့၌ မြတ်စွာဘုရားရှင်သည် ထိုဘိက္ခုနီမ ငါးရာတို့ ကိုယ်တော်မြတ်အထံသို့ လာရောက် ဆည်းကပ်ကြသောအခါ အရှင်နန္ဒက ဟောကြားအပ်သည့် တရားဒေသနာ၏ အကျိုးရှိသည်၏ အဖြစ်ကို သိတော်မူ၍ "ယမန်နေ့က နန္ဒကရဟန်း၏ တရား

ဒေဝနာသည် တဆယ့်လေးရက်နေ့၌ ပေါ်ထွန်းသော လပြည့်ဝန်းနှင့်တူ၏၊ ဤယခုနေ့ နန္ဒကရဟန်း၏ တရားဒေသနာသည် လပြည့်နေ့၌ ပေါ်ထွန်းသော လပြည့်ဝန်းနှင့်တူ၏”ဟု မိန့်တော်မူ၍ အရှင်နန္ဒကမထေရ်အား သာဓုကောင်းကြီး ပေးတော်မူလေ၏။ (ဤအကြောင်းအရာတို့ကို ဥပရိပဏ္ဏာသ ပိဋကတ်မြန်မာပြန် နန္ဒကောဝါဒသုတ္တန်၌ အကျယ်ကြည့်ရှု မှတ်ယူကုန်ရာ၏)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

ထိုအကြောင်းကိုပင် အဋ္ဌုပ္ပတ္တိပြုတော်မူကာ မြတ်စွာဘုရားသည် နောက်တချိန်ဝယ် အရိယာသံဃာတို့အလယ်၌ အရှင်နန္ဒကမထေရ်ကို—

> “ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဘိက္ခုနောဝါဒကာနံ ယဒိဒံ နန္ဒကော = ရဟန်းတို့...ဘိက္ခုနီမတို့ကို ဆုံးမကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် နန္ဒကရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ “ဘိက္ခုနောဝါဒက=ရဟန်းမိန်းမတို့ကို ဆုံးမသောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူ၏။

ဤကား အရှင်နန္ဒကမထေရ် အကြောင်းတည်း။

---

## (၁၇) အရှင်နန္ဒမထေရ် အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤ အရှင်နန္ဒအလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ အရွယ်သို့ ရောက်လတ်သော် မြတ်စွာဘုရားအထံတော်၌ တရားတော်ကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ရဟန်းတပါးကို “ဣန္ဒြိယေသုဂုတ္တဒွါရ =

ဇူဂန္ဓြေခြောက်ပါးတို့၌ တံခါးကို လုံခြုံစေကြသည့် ရဟန်း”တို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ အမိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ မြတ်စွာဘုရား ရှင်ကလည်း ဗျာဒိတ်စကား ကြားတော်မူခဲ့လေသည်။

## (စ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စား ခဲ့ရလျက် ဤ နောက်ဆုံးပစ္ဆိမဘဝဝယ် ကပိလဝတ်မင်းနေပြည်၌ မြတ်စွာဘုရား၏ မိထွေးတော် မဟာပဇာပတိဂေါတမီ၏ သား ဖြစ်လာလေသည်။ (မယ်တော် မဟာမာယာဒေဝီမှ အလောင်း တော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီးနောက် နှစ်ရက်, သုံးရက် မြောက်တွင် မာယာဒေဝီ၏ ညီမတော် = ဘုရားအလောင်း၏ မိထွေးတော် မဟာပဇာပတိဂေါတမီမှ နန္ဒမင်းသားကို ဖွားမြင် လေသည်။ ဤနန္ဒမင်းသား ရဟန်းပြုသောအကြောင်းကို အောက် မဟာဗုဒ္ဓဝင် တတိယတွဲ အခဏ်း ၁၀၊ စာမျက်နှာ ၁၂၉-မှစ၍ ပြန်လည်ကြည့်ရှု သုံးသပ်ကုန်ရာ၏)။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ကပိလဝတ် နေ ပြည်တော်သို့ ဗုဒ္ဓမအခေါက် ကြွရောက်တော်မူသည့် သုံးရက် မြောက်သောနေ့၌ ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေးတော် မူလေသည်၊ (အကြောင်းအရာအကျယ် အောက်ကဖော်ပြခဲ့ပြီ)။

အရှင်နန္ဒမထေရ်သည် ရဟန်းဖြစ်သောနေ့မှစ၍ နှမတော် ဇနပဒကလျာဏီက မှာကြား ပြောဆိုလိုက်သည့် “အို အရှင့် သား....လျင်မြန်စွာ ပြန်လာတော်မူခဲ့ပါ”ဟူသော စကားကိုသာ လျှင် ပြန်လည်အောက်မေ့ အမှတ်တရရှိ၍နေ၏၊ ထိုသို့ပြန်လည် အောက်မေ့မိသောအခါ အရှင်နန္ဒ၏အဖို့ရာ ဇနပဒကလျာဏီ သည် မိမိအနီး၌ လာရောက်ရပ်တည်၍ နေသကဲ့သို့ ဖြစ်ရှိနေ၏။ အရှင်နန္ဒသည် သာသနာတော်ဝယ် မမွေ့လျော်မှုဖြင့် နှိပ်စက်အပ်

ရကား နိဂြောဓခရုံကျောင်းတိုက်မှ အနည်းငယ် အပြင်ဖက်ဌာန ရောက်အောင် ထွက်၍ပြေးသွားလေ၏၊ ထိုအခါ အရှင်နန္ဒ၏ အဖို့ရာ ချုံဖုတ်တခု သစ်ပင်စုတခုလောက်ကို လွန်အောင်သွားမိလျှင်ပင် မြတ်စွာဘုရားရှင်သည် ရှေ့မှ ရပ်တည်တော်မူလာသကဲ့သို့ ဖြစ်ရှိနေလေ၏။ ထိုအခါ အရှင်နန္ဒသည် မိး၌ ပစ်ချအပ်သော ကြက်တောင်ပမာ တွန့်ဆုတ်၍ မိမိနေရာ ကျောင်းသို့ပင် ဝင်ပြန်လေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် "နန္ဒရဟန်းသည် အလွန်လျှင် မေ့မေ့လျော့လျော့ နေဘိ၏၊ သာသနာတော်၌ မမွေ့လျော်ခြင်းကို ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်ရှာ၊ ငါဘုရားသည် နန္ဒရဟန်း၏ စိတ်ငြိမ်းချမ်းမှုရအောင် ပြုမှ သင့်တော့မည်" ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် အရှင်နန္ဒမထေရ်ကို "လာလော့ ချစ်သားနန္ဒ.... နတ်ပြည်၌ ခရီးလှည့်လည်ခြင်း = ဒေဝစာရီ လှည့်လည်သွားကြစို့" ဟု မိန့်တော်မူလေ၏။ အရှင်နန္ဒမထေရ်က "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တန်ခိုးရှင်တို့မှသာ သွားရောက်နိုင်သော နတ်ပြည်လောက ဘုံဌာနသို့ တပည့်တော်သည် အဘယ်သို့လျှင် သွားရောက်နိုင်ပါမည်နည်း = မသွားရောက်နိုင်ပါ ဘုရား" ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် အရှင်နန္ဒမထေရ်ကို "ချစ်သားနန္ဒ.... သင်ချစ်သားသည် နတ်ပြည်သို့ သွားလိုသောစိတ်ကိုသာ ဖြစ်စေလော့၊ ထိုသို့ သင်ချစ်သားက သွားလိုသောစိတ်ကိုဖြစ်စေလျှင် နတ်ပြည်သို့ သွားရောက်၍ နတ်အာရုံတို့ကို သင်ချစ်သား မြင်ရပါလိမ့်မည်" ဟု အားပေးစကား မိန့်ကြားတော်မူလေ၏။ (ဤဆိုအပ်ပြီးသည်ကား အံ ၄ ၁၊ ၈၁ မျက်နှာ ၂၄၄-၂၄၅-မှ ဖြစ်သည်။ ဤမှနောက်၌ အရှင်နန္ဒမထေရ်အကြောင်းကို ဥဒါနပါဠိ, အဋ္ဌကထာတို့ကို မှီ၍ ရေးသားပြဆိုပေအံ့)——

မြတ်စွာဘုရားရှင်သည် ထိုကဲ့သို့ မိန့်ကြားတော်မူပြီးနောက် "နန္ဒရဟန်း၏ သန္တာန်၌ ဖြစ်ပွါးနေသောရာဂကို ဥပါယ်တမျဉ်ဖြင့် ငြိမ်းစေမည်" ဟု ကြံစည်တော်မူပြီးလျှင် အရှင်နန္ဒမထေရ်ကို

လက်ရုံး၌ ဆွဲကိုင်၍ ခေါ်ဆောင်သွားသည့်ပမာ ကိုယ်တော်မြတ်၏ တန်ခိုးအစွမ်းဖြင့် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားတော်မူသည်ရှိသော် (နတ်ပြည်သို့ တိုက်ရိုက်မသွားသေးပဲ) လမ်းခရီးအကြားဝယ် မီးလောင်ထားသည့် လယ်ကွက်အတွင်း မီးလောင်ထားသည့် သစ်ငုတ်တခုထိပ်၌ နား, နှာခေါင်း, အမြီးများ မီးသင့်ထား၍ စုတ်ပြတ်ကာ လွန်စွာရုပ်ဆိုးအိုမင်းနေသော မျောက်အိုမတကောင်ကို မြင်စေပြီး(= ပြတော်မူပြီး)မှ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလေ၏။

(ဤ၌။ ။အကယ်၍ မြတ်စွာဘုရားရှင်သည် အရှင်နန္ဒမထေရ်အား တာဝတိံသာနတ်ပြည်ကို မြင်ရရုံမျှ ( သို့မဟုတ် ) အရှင်နန္ဒမထေရ် တာဝတိံသာ နတ်ပြည်သို့ ဝင်ရောက်ရုံမျှကိုသာ အလိုတော်ရှိခဲ့လျှင် လောကဝိဝရဏ တန်ခိုးပြတော်မူသောအခါမှာကဲ့သို့ ဇေတဝန်ကျောင်းတော်၌ ထိုင်နေတော်မူရင်းကပင် အရှင်နန္ဒမထေရ် နတ်ပြည်ကိုမြင်အောင် ပြတော်မူလေရာ၏၊ (သို့မဟုတ်) ကိုယ်တော်မြတ်၏ တန်ခိုးဖြင့် အရှင်နန္ဒမထေရ်တပါးတည်း နတ်ပြည်သို့ လွှတ်လိုက်တော်မူလေရာ၏။

စင်စစ်သော်ကား နတ်၌ဖြစ်သော အတ္တဘောထက် လူ၌ဖြစ်သော အတ္တဘောက ယောနိအားဖြင့် ယုတ်ညံ့, စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်ကို အရှင်နန္ဒမထေရ် မှတ်ယူလွယ်စေရန် လမ်းခရီးအကြား၌ ထိုမျောက်အိုမကိုလည်း ပြတော်မူလို၏၊ နတ်ပြည်လောက၌ဖြစ်သော ကျက်သရေ့စည်းစိမ်တို့ကိုလည်း သက်သက်ဝင်ဝင်ပြတော်မူလို၏၊ ထိုသို့ပြမှသာလျှင် အရှင်နန္ဒအဖို့ရာ နတ်စည်းစိမ်အလို့ငှါ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးခြင်း၌ အထူးသဖြင့် မွေ့လျော်ပျော်ပိုက်ခြင်းတည်းဟူသော အကျိုးကို ရလိမ့်မည်ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်နန္ဒမထေရ်ကို ကိုယ်တော်တိုင်ခေါ်ဆောင်၍ နတ်ပြည်သို့ ကြွရောက်တော်မူလေ၏ ဟု အထူးမှတ်ယူရာ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် အရှင်နန္ဒမထေရ်ကို တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်တော်မူ၍ ထိုတာဝတိံသာနတ်ပြည်သို့ ရောက်သောအခါ သိကြားနတ်မင်းအား ယုယဖျော်ဖြေရန် လာရောက်ကြသည့် ခိုခြေအသွေး ခြေနီတွေးသော ခြေရှိကြသည့် နတ်သမီးငါးရာတို့ ကိုယ်တော်မြတ်ကို ရှိခိုး၍ ရပ်တည်နေကြသည့်

တို့ကို အရှင်နန္ဒအား ပြတော်မူပြီးလျှင် မြတ်စွာဘုရားရှင်နှင့် အရှင်နန္ဒမထေရ်တို့ အတုံ့အပြန် မေးဖြေတော်မူကြသည်မှာ—

(ဗုဒ္ဓ) နန္ဒ........သင်သည် ခိုခြေအဆင်းရှိသည့် ဤနတ်သမီးငါးရာတို့ကို မြင်၏လော။

(အရှင်နန္ဒ) မြင်ပါသည် မြတ်စွာဘုရား····။

(ဗုဒ္ဓ) နန္ဒ.... ယခု ငါဘုရားမေးမည့်စကားကို သင်အဘယ်သို့သဘောကျသနည်း=သဘောကျသည့်အတိုင်း ဖြေဆိုနိုင်သည်၊ သာကီဝင်မင်းသမီး ဇနပဒကလျာဏီနှင့် ခိုခြေအဆင်းရှိကြသည့် ဤနတ်သမီးငါးရာတို့အနက် အဘယ်သူက ပို၍အဆင်းလှသနည်း, ပို၍ ရှုချင်ဖွယ်ရှိသနည်း, ပို၍ နှစ်သက်ဖွယ်ရှိသနည်း။

(အရှင်နန္ဒ) မြတ်စွာဘုရား ...... နားနှာခေါင်း စုတ်ပြတ်ကာ ကိုယ်အင်္ဂါပျက်စီးသော (လမ်းမှာ တွေ့ခဲ့သည့်) မျောက်အိုမကဲ့သို့ ဤအတူပင် ဤနတ်သမီး ငါးရာတို့ကို ထောက်ဆလျှင် သာကီဝင်မင်းသမီး ဇနပဒကလျာဏီသည် မိန်းမဟူသော အရေအတွက်သို့ပင် မဝင်တော့ပါ, တစိတ်မျှ မမှီပါ, မနိုင်းစာလောက်ပါ၊ စင်စစ်မှာမူ ဤနတ်သမီးငါးရာတို့ကသာ ပို၍အဆင်းလှပါကုန်၏၊ ပို၍ ရှုချင်ဖွယ်ရှိပါကုန်၏၊ ပို၍နှစ်သက်ဖွယ် ရှိပါကုန်၏။

(ဗုဒ္ဓ) နန္ဒ.... သာသနာတော်၌ ပျော်ရွှင်စွာနေလော့၊ နန္ဒ........သာသနာတော်၌ ပျော်ရွှင်စွာနေလော့၊ ခိုခြေအဆင်းရှိသည့် နတ်သမီးငါးရာတို့ကို ရဖို့ရန်အတွက် ငါဘုရား အာမခံ (=တာဝန်ယူ)၏။ (=သင်ချစ်သားကသာ သာသနာတော်၌ပျော်ရွှင်စွာနေ၍ တရားအားထုတ်လျှင် နတ်သမီးငါးရာတို့ကို ရရှိရန်အတွက် ငါဘုရား အာမခံ၏=တာဝန်ယူ၏-ဟု ဆိုလိုသည်)။

(အရှင်နန္ဒ) မြတ်စွာဘုရား....မြတ်စွာဘုရားသည်တပည့်တော်အတွက် ခိုခြေအဆင်းရှိသည့် နတ်သမီးငါးရာတို့ကို

ရဖို့ရန် အာမခံ(=တာဝန်ယူ)နိုင်ပါမှ တပည့်တော်သည် သာသနာတော်ဝယ် ဘုရားရှင့်အထံတော်၌ ပျော်ရွှင်စွာ နေပါတော့မည်—

ဤသို့ အပေး, အယူစကား မိန့်ကြားတော်မူပြီးနောက် မြတ်စွာဘုရားသည် ခဏအတွင်းမှာပင် အရှင်နန္ဒမထေရ်ကို လက်ရုံး၌ဆွဲ၍ ခေါ်ယူသည့်ပမာ ခေါ်ဆောင်တော်မူ၍ တာဝတိံသာ နတ်ပြည်၌ ကွယ်ခဲ့ပြီးလျှင် ဇေတဝန် ကျောင်းတိုက်တော်၌ ထင်ရှားဖြစ်တော်မူလာ၏။

(ဤ၌။ ။အဘယ့်ကြောင့် မြတ်စွာဘုရားသည် ရာဂကိလေသာ နှိပ်စက်ခံနေရသည့် အရှင်နန္ဒမထေရ်ကို နတ်သမီးများကို ပြတော်မူသနည်း-ဟု မေးဖွယ်ရှိ၏။ အဖြေကား —အရှင်နန္ဒ၏သန္တာန်၌ ဖြစ်နေသော ကိလေသာတို့ကို အလွယ်နှင့် ပယ်ထုတ်ဖို့ရန် နတ်သမီးများကို ပြတော်မူ၏။ ထင်ရှားစေဦးအံ့–လိမ္မာသော ဆေးဆရာသည် သလိပ်, သည်းခြေ, လေဒေါသတို့ ပြောများနေသောသူနာကို အလွယ်တကူနှင့် ဆေးကုလိုသည်ရှိသော် ရှေးဦးစွာ ဆီဆေးစသည်ဖြင့် ဒေါသတို့ကို ပွရွ နူးနပ်စေပြီး နောက်မှ အန်ဆေး,ဝမ်းလားဆေးတို့ဖြင့် ထိုဒေါသတို့ကို အလွယ်နှင့်ထုတ်ဆောင်သကဲ့သို့ ထို့အတူပင် ဝေနေယျတို့ကို ဆုံးမခြင်း၌ အတုမရှိ လိမ္မာတော်မူသော မြတ်စွာဘုရား ဆေးသမားကြီးသည် ရာဂတည်းဟူသော ဒေါသပြောများ၍နေသော အရှင်နန္ဒမထေရ်တည်းဟူသော သူနာကို နတ်သမီး အာရုံတည်းဟူသော ဒေါသနူးနပ်ဆေး (=ဒေါသပွရွဆေး) တိုက်ကျွေးတော်မူသည်မှာ အရိယမဂ်တည်းဟူသော ကိလေသာအန်ဆေး,ဝမ်းလားဆေးတို့ဖြင့် ကိလေသာတည်းဟူသော ဒေါသတို့ကို အကြွင်းမဲ့ ပယ်ထုတ်တော်မူလိုသောကြောင့် ဖြစ်သည်ဟု အထူး မှတ်ယူရာ၏။

တဖန်-မြတ်စွာဘုရားသည် အရှင်နန္ဒမထေရ်အတွက် သာသနာတော်တည်းဟူသော မြတ်သောအကျင့်ဖြင့် နေခြင်းကို အလိုရှိတော်မူသည် ဖြစ်ပါလျက် နတ်သမီးတို့နှင့် အတူတကွနေရခြင်းတည်းဟူသော =အပြဟ္မစရိယဝါသအလို့ငှါ အဘယ့်ကြောင့် အာမခံ=တာဝန်ယူတော်မူသနည်း–ဟု မေးရန်ရှိပြန်၏။ အဖြေကား—ဧနပဒကလျာဏီတည်းဟူသော အာရုံ၌ ကာလမြင့်ကြာ အခိုင်အမာ ကျရောက်နေသော ရာဂကိလေသာကို အာဂန္တုကဖြစ်သည့် နတ်သမီးအာရုံ၌ ပြောင်းရွှေ့ပေးမှ

အလွယ်နှင့် စွန့်နိုင်မည် ဖြစ်သောကြောင့် အာမခံ=တာဝန်ယူတော်မူသည် ဟူပေ။ (မြတ်စွာဘုရားရှင်၏ တရားဟောခဲ့=အာနုပုဗ္ဗိကထာ၌ သဂ္ဂကထာ=နတ်ရွာချမ်းသာနှင့်စပ်သော တရားစကား ဟောကြားတော်မူခြင်းမှာ ဤအနက်အဓိပ္ပါယ်အတွက် သက်သေသာဓကဖြစ်သည်) ဟု အထူးမှတ်ယူရာ၏။ ဥဒါန ဋ္ဌ၊ ၁၅၄-၁၅၅-မှ)။

ဇေတဝန်ကျောင်းတိုက်တော်သို့ ရောက်သည့်အချိန်မှ စ၍ အရှင်နန္ဒမထေရ်သည် နတ်သမီးတို့ကို ရယူလိုသည့်အတွက် နေ့ညဥ့်ဆက်ကာ ရဟန်းတရား အားထုတ်လေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို "ချစ်သားရဟန်းတို့...သင်ချစ်သားတို့သည် နန္ဒရဟန်း၏ တမ္ဗဋ္ဌာန်းကျောင်းနေရာ အနီးဌာနဝယ် 'ရဟန်းတပါးသည် မြတ်စွာဘုရားကို အာမခံထား၍ နတ်သမီးတို့ကို ရယူလိုသောကြောင့် ရဟန်းတရားကို မနေမနားအားထုတ်နေသတဲ့' ဟု ထိုထိုအရပ်၌ ပြောဆိုကြကာ လှည့်လည်ကြကုန်လော့" ဟု မိန့်တော်မူလေ၏။ ရဟန်းတို့သည် "ကောင်းပါပြီ မြတ်စွာဘုရား...." ဟု ဝန်ခံကြကာ အရှင်နန္ဒမထေရ် ကြားလောက်ရာအရပ်၌ "အရှင်နန္ဒသည် နတ်သမီးတို့ကို ရလိုမှုကြောင့် မြတ်သောအကျင့်ကို ကျင့်နေသတဲ့၊ ထိုအရှင်နန္ဒအတွက် ခိုခြေအဆင်းရှိသော နတ်သမီးငါးရာတို့ကို ရဖို့ရန် မြတ်စွာဘုရားက အာမခံ=တာဝန်ယူတော်မူခဲ့သတဲ့၊ အရှင်နန္ဒသည် ကြေးစား ဖြစ်စွာ့တကား၊ အရှင်နန္ဒသည် အဝယ်တော်ဖြစ်စွာ့တကား" ဟု ကြေးစားဟူသော စကားလုံး, အဝယ်တော် ဟူသော စကားလုံးတို့ဖြင့် ပြက်ရယ်ကျီစယ် ပြောဆိုကြလေကုန်၏။

ထိုစကားကို ကြားရ၍ အရှင်နန္ဒမထေရ်သည် "ဤရဟန်းတို့ကား တပါးသူကို ပြောကြသည် မဟုတ်၊ ငါ့ကိုသာ အကြောင်းပြု၍ ပြောဆိုကြ၏၊ ငါ၏ အလုပ်ကား မသင့်လျော်စွာ့တကား" ဟူ၍၎င်း, "ငါသည် ဣန္ဒြေတို့ကို မစောင့်စည်းမှုကို အမှီပြု၍ ဤသို့ ရှက်ဖွယ်လိလိ အဖော်ရဟန်းတို့၏ ပြက်ရယ်ကျီစယ်မှုကို ခံရလေသည်၊ ထိုဣန္ဒြေတို့ကို ငါကား ကောင်းစွာ နှိမ်နင်းစောင့်စည်းပေတော့အံ့" ဟူ၍၎င်း အကြံတော်ဖြစ်ရှိကာ ထိုအချိန်မှစ၍ အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက်, ဝိလာ

အထောင့်ဟူသော အရပ်မျက်နှာတို့ကို ကြည့်ရှုတော်မူလိုလျှင်လေဘာ, ဒေါသ-စသော အကုသိုလ်တရားတို့ မဖြစ်ပွါးအောင် သတိ, သမ္ပဇဉ် အမြဲယှဉ်၍ ကြည့်ရှုတော်မူခြင်းတည်းဟူသော = ဣန္ဒြိယသံဝရ ဉာဏ်သွပ္ပဋိပတ်ကို ကျင့်ကြံတော်မူလျက် ရဟန်းတရားကို ပွါးများကြိုးကုတ် အားထုတ်တော်မူလေရာ မကြာမြင့်မီပင် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုအခါ ရဟန္တာ ဖြဟ္မာကြီးတယောက်သည် သန်းခေါင်ယံ အချိန်ဝယ် မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ လာရောက် ရပ်တည်လျက် အရှင်နန္ဒမထေရ် ရဟန္တာဖြစ်ပြီဖြစ်ကြောင်း သတင်းကောင်းစကား လျှောက်ထားလာလေ၏။ ဗြဟ္မာကြီး လျှောက်ထားသည့်စကား၏ အခြားမဲ့မှာပင် "အဘယ်သို့နည်း"ဟု ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ သန္တာန်တော်မှာလည်း "နန္ဒရဟန်းသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်ပြီ"ဟု သိမြင်သော အသိဉာဏ်တရား ထင်ရှားဖြစ်ပေါ်လာလေ၏။

### အာမခံမှ လွှတ်ခြင်း, လွှတ်တော်မူခြင်း

အရှင်နန္ဒမထေရ်သည် သူငယ်ချင်းရဟန်းတို့က ပြက်ရယ်ကျီစယ်ပြောင်လှောင်မှု ပြုအပ်သည်ရှိသော် "ငါသည် ကောင်းစွာ ပေါကြွားအပ်သည့် ဓမ္မဝိနယသာသနာတော်ဝယ် ရဟန်းပြုပြီးလျှင် နတ်သမီးတို့ကို ရရှိရေးအတွက် မြတ်စွာဘုရားကို အာမခံ ပုဂ္ဂိုလ်တယောက်ဖြစ်အောင် ပြုမိခဲ့လေပြီ၊ ငါကား ဝန်လေးသော အမှုကို ပြုအပ်ခဲ့ပြီတကား"ဟု သံဝေဂကြီးစွာဖြစ်ရှိလျက် အရှက်, အကြောက်အားကြီးကာ ရဟန်းတရားကို မနေမနား ပွါးများ အားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်ရှိပြီးနောက် "ငါသည် မြတ်စွာဘုရားကို ထိုအာမခံ = တာဝန်ယူခြင်းမှ လွှတ်စေတော့အံ့"ဟုကြံစည်ဆင်ခြင်မိလေသည်။ ထိုသို့ကြံစည်ဆင်ခြင်ပြီးနောက် နံနက်မိုးသောက် ရောက်သောအခါ အရှင်နန္ဒမထေရ်သည် မြတ်စွာဘုရားရှင့်ထံတော်မှောက်သို့ သွားရောက်ရှိခိုးကာ အပြစ်လွတ်ရာ အရပ်၌ ထိုင်နေလျက် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား... တပည့်တော်အတွက် ခိုခြေအဆင်းရှိသည့် နတ်သမီးငါးရာတို့ကို

ရရှိဖို့ရန် မြတ်စွာဘုရားက အာမခံ=တာဝန်ယူတော်မူခဲ့ပါ၏၊ မြတ်စွာဘုရား…. ရှင်တော်ဘုရားကို တပည့်တော်သည် ထို အာမခံ=တာဝန်ယူချက်မှ လွတ်ပါ၏ ဘုရား”ဟု လျှောက်ထား လေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်နန္ဒမထေရ်ကို“ချစ်သား နန္ဒ….ငါဘုရားသည်လည်း ‘နန္ဒရဟန်းသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်လေပြီ’ဟု ငါဘုရားစိတ်ဖြင့် သင်၏စိတ်ကို ပိုင်း ခြား၍ သိပြီးဖြစ်သည်၊ ဤဘွင်မျှမက မြဟ္မာကလည်း သင် ချစ်သား အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြောင်း လာရောက် လျှောက်ထားပြီး ဖြစ်လေသည်။ ချစ်သားနန္ဒ….သင်ချစ်သား၏ စိတ် စွဲလမ်းမှုကင်း၍ အာသဝေါတရားတို့မှ ကျွတ်လွတ်သော အခါကပင် (=သင်ချစ်သား အရဟတ္တဖိုလ်သို့ ရောက်သော အခါကပင်) ငါဘုရားသည် ထိုအာမခံချက်=တာဝန်ယူချက်မှ လွတ်ပြီးဖြစ်လေတော့သည် (=သင်ချစ်သား၏စိတ် အာသဝေါ တရားတို့မှ လွတ်ပြီးသည်၏အခြားမဲ့မှာပင် ငါဘုရားသည် ထို အာမခံချက်=တာဝန်ယူချက်မှ သဘာဝအားဖြင့် လွတ်ပြီးဖြစ် တော့သည်၊ သင်ချစ်သားက အထူးလွှတ်ရန်မလို)”ဟု မိန့်တော် မူပြီးနောက် အရှင်နန္ဒမထေရ်၏ ခပ်သိမ်းသော အာသဝေါ တရားတို့ကို ကုန်ခန်းစေပြီး ဖြစ်သည့်အတွက် သုခ, ဒုက္ခ-အစရှိ သော လောကဓံတို့ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်း အလျှင်း မရှိမူဟူသော အနက်သဘောကို ထင်ရှားစွာ သိမြင်တော်မူသည့် အတွက် လွန်စွာအားရမ်း ဝမ်းမြောက်တော်မူကာ ဤဆိုလတ္တံ့ သော ဥဒါန်းဂါထာကို ကျူးရင့်တော်မူလေ၏—

ယဿ နိတ္တိဏ္ဏော ပင်္ကော၊
မဒ္ဒိတော ကာမကဏ္ဋကော။
မောဟက္ခယံ အနုပ္ပတ္တော၊
သုခဒုက္ခေသု န ဝေဓတီ သ ဘိက္ခူ။

ယဿ=အကြင်အရိယာပုဂ္ဂိုလ်သည်။ ပင်္ကော= သံသရာနက်ရှောင်း ရွှံ့ညွန်ပျောင်းကို။ နိတ္တိဏ္ဏော=

နိဗ္ဗုသာဝှမ်း ထိုမှာကမ်းသို့ ဖြောင့်တန်းတောက်လျှောက် အရိယမဂ် တံတားဆောက်၍ ကူးမြောက်အပ်လေပြီ။ ယဿ = အကြင်အရိယာပုဂ္ဂိုလ်သည် ကာမကဏ္ဋကော = လူနတ်ဗြဟ္မာ သတ္တဝါကို မခံသာအောင် ထိုးဆွသည့် ကိလေသကာမတည်းဟူသော ဆူးငြောင့်ကို။ မဒ္ဒိတော = အရဟတ္တမဂ်ဉာဏ် တုတ်လှင်ကန့်ဖြင့် မကျန်မြူလောက် ပယ်ဖျောက်ဖျက်ဆီးအပ်လေပြီ။ ယော=အကြင်အရိယာ ပုဂ္ဂိုလ်သည်။ မောဟက္ခယံ=မောဟ၏ကုန်ရာ အရဟတ္တဖိုလ်, နိဗ္ဗာန်သို့။ အနုပ္ပတ္တော = မဂ်ဉာဏ်လေးထောက် အစဉ်လျှောက်၍ ဆိုက်ရောက်ခဲ့လေပြီ။ သ=သော ဘိက္ခု = ကိလေသာမဲ့ မှောင်ထုခဲကို ဖြိုခွဲပြီးလစ် ရဟန္တာ ဖြစ်သော ထိုရဟန်းသည်။ သုခဒုက္ခေသု = သုခ, ဒုက္ခ စသည့်ရှစ်တန် လောကဓံတို့ကြောင့်။ န ဝေဓတိ=ပုထုဇန် သူငါများကဲ့သို့ စိတ်ထားမမှန် ယောက်ယက်ဆန်သည့် ဖောက်ပြန်တုန်လှုပ်ခြင်း အလျှင်းရှိတော်မမူချေ။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

မြတ်စွာဘုရားသည် နောက်တချိန်ဝယ် ဇေတဝန်ကျောင်း တိုက်တော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် အရိယသံဃာတို့ အလယ်၌ အရှင်နန္ဒမထေရ်ကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဣန္ဒြိယေသု ဂုတ္တဒွါရာနံ ယဒိဒံ နန္ဒော = ရဟန်းတို့....ဣန္ဒြေ ခြောက်ပါးတို့၌ တံခါးကို လုံခြုံစေကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် နန္ဒရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ဣန္ဒြိယေသု ဂုတ္တဒွါရတာ=ဣန္ဒြေ ခြောက်ပါး တံခါးကို လုံခြုံစေကြသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဤဌာ။ ။မြတ်စွာဘုရား၏ တပည့်သား အခြားသောရဟန်းတို့သည်လည်း ဂုဏ်ကို စောင့်စည်းတော်မူကြသည်သာ ဖြစ်၏၊ ထိုသို့ဖြစ်သော်လည်း အရှင်နန္ဒမထေရ်သည်ကား အခြားသောသာဝကတို့ထက် ထူးချွန်စွာ အရပ်ဆယ်မျက်နှာတို့ကို ကြည့်ရှုတော်မူလိုလျှင် ရှေး၌ဆိုအပ်ပြီးသောအတိုင်း သတ္တကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ်တည်းဟူသော သမ္ပဇဉ်လေးပါးတို့ဖြင့် ပိုင်းခြားဆင်ခြင်ပြီးမှသာ ကြည့်ရှုတော်မူလေ့ရှိ၏၊ မှန်၏-ထိုအရှင်နန္ဒမထေရ်မြတ်သည် "ငါကား ဂုဏ်တို့ကို မစောင့်စည်းမှုကြောင့် သာသနာ်တော်ဝယ် မမွေ့လျော်ခြင်း-စသည် ဖောက်ပြန်မှုသို့ ရောက်ခဲ့ရလေပြီ၊ ယင်းဂုဏ်မစောင့်စည်းမှုကိုပင်အတိုင်းထက်အလွန် နှိပ်ကွပ်ပေအံ့"ဟု အထူးလုံ့လအားသစ်သည်ဖြစ်၍ရှင်း, အားကြီးသောဟိရီ, ဩတ္တပ္ပရှိသည်ဖြစ်၍ရှင်း, ဂုဏ်တို့ကို စောင့်စည်းခြင်းအတွက် လွန်ခဲ့သော ကမ္ဘာတသိန်းထက်ကပင် အဓိကာရကောင်းမှု ပြုခဲ့သူဖြစ်ရကား ယင်းဂုဏ်တို့ကို စောင့်စည်းမှု၌ သူထက်ကဲချွန်၊ အထွတ်အထိပ်မြောက်ရောက်တော်မူသည်ဖြစ်၍ရှင်း သမ္ပဇဉ်လေးပါးကို လက်မလွှတ်စေပဲ အလုံးစုံသော အရပ်မျက်နှာတို့ကို ကြည့်ရှုတော်မူလေ့ရှိ၏၊ ထို့ကြောင့် ဤအရှင်နန္ဒမထေရ်ကိုသာ မြတ်စွာဘုရားသည် "ဣန္ဒြိယေသု ဂုတ္တဒွါရာနံ=ဂုဏ်ခြောက်ပါး တံခါးခြောက်ပေါက်တို့ကို လုံခြုံစေသော အရာ"ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ဟု အထူးမှတ်ယူရာ၏။)

ဤကား အရှင်နန္ဒမထေရ် အကြောင်းတည်း။

---

## (၃၈) အရှင်မဟာကပ္ပိန မထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤမဟာကပ္ပိန မထေရ်အလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရ မြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် ဟံသာဝတီပြည်၌ အမျိုးကောင်းသားဖြစ်၍ နောက်တချိန်ဝယ် မြတ်စွာဘုရား၏ တရားစကားကို နာကြားနေစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "ဘိက္ခုဩဝါဒက=ရဟန်းတို့ကို အဆုံးအမပေးသော အရာ"ဝယ် အသာ

ဆုံး အမြတ်ဆုံး = ဓေတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုဘိက္ခုဩဝါဒက ဧတဒဂ်ရာထူးကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ ပဒုမုတ္တရ မြတ်စွာဘုရားရှင်ကလည်း ပတ္ထနာဆုတောင်း ပြည့်စုံမည့် အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။ (အင်္ဂုတ္တရ အဋ္ဌကထာ၌ မထေရ်မြတ်၏ ကဿပမြတ်စွာ လက်ထက်တော် အခါက် ကောင်းမှုကို အရိပ်အမြွက်မျှသာ ဖော်ပြ၍ နောက်ဆုံး ပစ္ဆိမဘဝအကြောင်းကိုသာ အကျယ်ဖွင့်ပြလေသည်။ ဤ မဟာ ဗုဒ္ဓဝင်ကျမ်း၌ကား ဗုဒ္ဓဝင်စာဖတ် သူတော်စင်ပရိသတ်တို့ သဒ္ဓါ တရား ဖြစ်ပွါးစေရန် ဓမ္မပဒအဋ္ဌကထာလာ မထေရ်၏ အကြား ကာလ ကောင်းမှုကုသိုလ်ပြုခဲ့ပုံကို ဖော်ပြဦးအံ့)—

### ယက်ယန်းသည် အကြီးအမှူးဘဝ

ထို အရှင်မဟာကပ္ပိန် အလောင်း အမျိုးကောင်းသားသည် ထိုဘဝ၌ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည် ကျက်စား လျက် တခုသောဘဝ၌ ဗာရာဏသီပြည်၏အနီး ယက်ကန်း သည်တို့ရွာကြီး၌ ယက်ကန်းသည်အကြီးအမှူး ဖြစ်လေသည်။ ထိုအခါ ပစ္စေကဗုဒ္ဓါ ဆူရေပေါင်း တထောင်တို့သည် ဆောင်း လေးလ, နွေလေးလအားဖြင့် ရှစ်လကြာအောင် ဟိမဝန္တာ၌ နေထိုင်ကြ၍ မိုးလေးလကာလတို့ပတ်လုံး ဇနပုဒ်တိုက်နယ်၌ နေထိုင်တော်မူလေ့ ရှိကြကုန်၏။

ထိုပစ္စေကဗုဒ္ဓါတို့သည် တကြိမ်၌မူ ဗာရာဏသီပြည်၏အနီး၌ ကောင်းကင်မှ သက်ဆင်းတော်မူကြ၍ "ကျောင်းဆောက်လုပ်ရန် ဟတ္ထကံ = လက်အမှုကို မင်းကြီးထံ သွားရောက်၍ တောင်းခံကြ လော့"ဟု ပြောဆိုမှာကြား၍ ပစ္စေကဗုဒ္ဓါရှစ်ဆူတို့ကို ဗာရာဏသီ မင်းကြီးထံသို့ စေလွှတ်လိုက်ကြလေကုန်၏။ အထူးအားဖြင့် ထို အခါ၌ ဗာရာဏသီမင်းကြီး၏ လယ်ထွန်မင်္ဂလာသဘင် ယင်အံ့ ဆဲသောကာလ ဖြစ်လေသည်။ ဗာရာဏသီမင်းကြီးသည် "ပစ္စေက

ဗုဒ္ဓါအရှင်မြတ်များ ကြွလာတော်မူကြသတဲ့” ဟူသော သတင်းကို ကြားသိရလျှင်ပင် အချိန်မဆိုင်းပဲ ထိုခဏမှာပင် ထွက်၍ ကြွလာသည့် အကြောင်းကို လျှောက်ထား မေးမြန်းပြီးလျှင် “အရှင်ဘုရားတို့...ယနေ့ကား ကျောင်းဆောက်နိုင်ရန် အခါအခွင့် မရှိတော့ချေ၊ နက်ဖြန်ခါမှာလည်း တပည့်တော်များ၏ လယ်ထွန်မင်္ဂလာပွဲသဘင် ရှိ၍နေပါသည်၊ သို့ပါ၍ ယနေ့မှနေ၍ သုံးရက်မြောက်နေ့ရောက်မှ ဆောက်လုပ်ပါရစေဘုရား” ဟု လျှောက်ထားပြီးလျှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို နက်ဖြန်ခါ ဆွမ်းခံကြွရန် မပင့်မဖိတ်မီပဲ နန်းတွင်းသို့ ဝင်လေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် “အရပ်တပါး ဖဲသွားကြကုန်အံ့” ဟု မင်းနန်းတော်မှ ဖဲကြွတော်မူခဲ့ကြလေကုန်၏။ ထိုခဏ၌ ယက်ကန်းသည် အကြီးအမှူး၏ဇနီးသည် တစုံတခု ပြုဖွယ်ကိစ္စဖြင့် ဗာရာဏသီပြည်သို့ သွားသည်ရှိသော် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ဖူးတွေ့ရ၍ ရှိခိုးသမြတ်နိုး ရှိခိုးပြီးလျှင် “အရှင်ဘုရားတို့... အရှင်မြတ်တို့သည် အခါမဟုတ်သည်၌ အဘယ့်ကြောင့် ကြွတော်မူလာကြပါသနည်း” ဟု မေးလျှောက်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်လည်း အကြောင်းအရာကို အစမှစ၍ မိန့်ကြားတော်မူကြလေကုန်၏။ ထိုအကြောင်းကို ကြားသိရ၍ သဒ္ဓါ ပညာနှစ်ပါးနှင့် ပြည့်စုံသော ထိုယက်ကန်းသည် အကြီးအမှူး၏ဇနီး အမျိုးသမီးသည် “အရှင်ဘုရားတို့...နက်ဖြန်ခါ တပည့်တော်မတို့၏ ဆွမ်းကို ကရုဏာရှေးရှု၍ အလှူခံတော်မူကြပါဘုရား...” ဟု လျှောက်ထား ပင့်ဖိတ်လေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က “နှမ....ငါတို့ပစ္စေကဗုဒ္ဓါများကား များလှကုန်၏” ဟု မိန့်ဆိုတော်မူကြလေလျှင် အမျိုးသမီးသည် “အဘယ်မျှ ရှိပါကုန်သနည်း အရှင်ဘုရားတို့...” ဟု မေးမြန်း လျှောက်ထားလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့က “တဖောင်မျှ ရှိကြကုန်၏” ဟု မိန့်ဆိုတော်မူကြလေလျှင် အမျိုးသမီးသည် “အရှင်ဘုရားတို့...ဤယက်ကန်းသည်ရွာ၌ ယက်ကန်းသည်အိမ်ထောင်ပေါင်း တထောင်တို့ နေကြပါသည်၊ တအိမ်ထောင် တအိမ်ထောင်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ် တပါးတပါး

အား ဆွမ်းလှူဒါန်းပါလိမ့်မည်၊ တပည့်တော်မ ပင့်လျှောက်သည့် ဆွမ်းကိုသာ လက်ခံ သာယာတော်မူကြပါကုန် ဘုရား၊ တပည့်တော်မပင်လျှင် ဦးစီး၍ အရှင်ဘုရားတို့၏အတွက် နေထိုင်ရာကျောင်းကိုလည်း ဆောက်လုပ်စေပါမည်ဘုရား"ဟု ပြတ်ပြတ်သားသား လျှောက်ထားလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ထိုအမျိုးသမီး၏ပင့်လျှောက်ချက်ကို လက်ခံ သာယာတော်မူကြလေကုန်၏။

ယက်ကန်းသည်မှူး၏ဇနီး ထိုအမျိုးသမီးသည် ရွာတွင်းသို့ဝင်၍ "အမောင်တို့.... အမိတို့.... ငါသည် တထောင်မျှ အတိုင်းအရှည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ဖူးတွေ့ရ၍ ပင့်ဖိတ်ခဲ့လေပြီ၊ အရှင်မြတ်များအတွက် နေထိုင်ရန်နေရာများကို စီမံကြကုန်လော့၊ ယာဂု,ဆွမ်း-စသည်တို့ကို ပြည့်စုံစေကြကုန်လော့" ဟု ကြွေးကြော် နှိုးဆော်လေ၏။ ထို့နောက် ရွာအလယ်၌ မဏ္ဍပ်ဆောက်လုပ်စေပြီးကာ နေရာများကို ခင်းထားစေပြီး နောက်တနေ့၌ ပစ္စေကဗုဒ္ဓါအရှင်မြတ် တထောင်တို့ကို နေရာအသီးသီး၌ ထိုင်နေစေပြီးနောက် မွန်မြတ်သော ခဲဘွယ်,ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးပြီးလျှင် ဆွမ်းကိစ္စပြီးဆုံးသောအခါဝယ် ထိုရွာမှာနေကြသည့် ခပ်သိမ်းသောမိန်းမတို့ကို ခေါ်ဆောင်ခဲ့၍ ထိုအမျိုးသမီးမိန်းမတို့နှင့် အတူတကွ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ရှိခိုး၍ "အရှင်တို့ဘုရား........ဝါတွင်းသုံးလ နေတော်မူကြရန် ခံဝန်ချက်ပေးသနားတော်မူကြပါ ဘုရား" ဟု လျှောက်ထားကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ ခံဝန်ချက်ကို ရယူပြီးမှ တဖန် ရွာတွင်း၌ "အမောင်တို့....အမိတို့....တအိမ်တအိမ်မှ ယောကျ်ားတယောက်တယောက်ကျစီ ပုဆိန်,ပဲခွပ်-စသည် စွဲကိုင်ကြ၍ တောသို့ဝင်လျက်သစ်အဆောက်အဦတို့ကို ယူဆောင်ခဲ့ကြပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါတို့၏အတွက် နေထိုင်ရန်ကျောင်းကို ဆောင်လုပ်စေချင်၏" ဟု ကြွေးကြော် နှိုးဆော်လေ၏။

ယက်ကန်းသည်ရွာနေ လူတို့သည် ထိုအမျိုးသမီး၏ နှိုးဆော်စကားကို ကြားရလျှင်ပင် တယောက်တယောက်လျှင် တကျောင်း

ကျ တကျောင်းကျစီ ညဥ့်သန့်ရာဌာန, နေ့သန့်ရာဌာနတို့နှင့် တကွ သစ်ရွက်မိုး သိမ်းကျောင်းတထောင် ဆောက်လုပ်ကြ၍ မိမိ, မိမိ၏ သိမ်းကျောင်း၌ ဝါကပ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို "အကျွန်ုပ်သည် ရှိသေစွာ ပြုစုလုပ်ကျွေးပါမည်၊ အကျွန်ုပ်သည် ရှိသေစွာ ပြုစုလုပ်ကျွေးပါမည်"ဟု သူ့ထက်ငါ သဒ္ဓါတိုးပွါး ပြောကြား တာဝန်ယူကြ၍ ဝါတွင်းသုံးလပတ်လုံး ရိုသေစွာ ပြုစုလုပ်ကျွေးကြလေကုန်၏။ ယက်ကန်းသည်မှူး၏ဇနီး ထိုအမျိုးသမီးသည် ဝါကျွတ်သောအခါမှာ "အမောင်တို့...အမိတို့...မိမိ, မိမိ၏ သိမ်းကျောင်း၌ ဝါလပတ်လုံး သီတင်းသုံးတော်မူပြီးကြသော(=ဝါကျွတ်တော်မူကြသော)ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အတွက် သင်္ကန်းလျာအဝတ်များကို စီရင်ကြကုန်လော့"ဟု နှိုးဆော် ဆောက်တည်စေ၍ ပစ္စေကဗုဒ္ဓါ တဆူ, တဆူအား အသပြာတထောင်, တထောင်တန် သင်္ကန်းကို ပေးလှူစေလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဝါကျွတ်ပြီး, သင်္ကန်းများလှူပြီးကြသော် အနုမောဒနာတရား ဟောကြားဆုညွန်း၍ ဖဲကြွတော်မူကြလေကုန်၏။

## သူကြွယ်အကြီးအမှူးဘဝ

ယက်ကန်းသည်ရွာ၌ နေသူ လူအပေါင်းတို့သည်လည်း ဤကောင်းမှုကို ပြုလုပ်ကြ၍ ထိုဘဝမှစုတေကြသည်ရှိသော် တာဝတိံသာ နတ်ပြည်၌ အဖွဲ့လိုက်နတ်သား,နတ်သမီးများ ဖြစ်ကြလေ၏။ ထိုသူတို့သည် တာဝတိံသာ နတ်ပြည်၌ နတ်စည်းစိမ်ကို မြိန်ရှက်စွာ ခံစားပြီးနောက် ကဿပမြတ်စွာ လက်ထက်တော်အခါဝယ် ဗာရာဏသီပြည် သူကြွယ်များအိမ်တို့၌ အသီးအသီး ဖြစ်ကြလေကုန်၏၊ ယက်ကန်းသည်မှူးသည် အကြီးဆုံးသူကြွယ်၏ သားဖြစ်၍ သူ၏ဇနီးသည်လည်း သူကြွယ်ကြီး၏သမီးပင် ဖြစ်လာလေသည်။ ထိုအမျိုးသမီးအားလုံးတို့သည်ပင် အရွယ်သို့ရောက်ကြ၍ အရှင်သခင် လင်ယောကျ်ားတို့၏အိမ်သို့ လိုက်ပါကြရသည်ရှိသော် ရှေးယက်ကန်းသည်ဘဝကအတိုင်းပင် ထိုထိုသူကြွယ်သားတို့၏ အိမ်တို့သို့ လိုက်ပါ ရောက်ရှိကြလေကုန်၏။

တနေ့သ၌ ကဿပမြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းတိုက်တော်ဝယ် တရားနာဖို့ရန် ကြွေးကြော် နှိုးဆော် အပ်လေသော် "မြတ်စွာဘုရား တရားဟောတော်မူလိမ့်မည်" ဟူသောသတင်းကို ကြား၍ ထိုသူကြွယ်အားလုံးတို့ပင် "တရားနာကြကုန်အံ့"ဟု ဇနီးမယား သူကြွယ်ကတော်တို့နှင့် အတူတကွ ကျောင်းတိုက်တော်သို့ သွားကြလေကုန်၏။ ထိုသူတို့ ကျောင်းတိုက်တော်အတွင်း ဝင်မိသော့ခဏမှာပင် မိုးကြီး သည်းစွာ ရွာသွန်းလေ၏။ ဆွမ်းခံကိုယ်တော်, ဆွေမျိုးသာမဏေ စသည် ရှိကြသော အခြားလူတို့သည် ထိုဆွမ်းခံကိုယ်တော်, ဆွေမျိုးသာမဏေ စသည်တို့နေရာ ပရိဝုဏ်တို့သို့ မိုးလွတ်အောင် ပြေးဝင်ခိုလှုံကြလေကုန်၏။

ထိုသူကြွယ် ဇနီးမောင်နှံစုံ တထောင်တို့သည်ကား ထိုကဲ့သို့သော ဆွမ်းခံကိုယ်တော်, ဆွေမျိုးသာမဏေ စသည်တို့ မရှိကြသည့်အတွက် မည်သည့်ပရိဝုဏ်တွင်းသို့မျှ မဝင်ဝံ့ကြပဲ ကျောင်းတိုက်အလယ်မှာပင် ရပ်တည်ကြရင်း မိုးအစွတ်ခံကြရလေကုန်၏။ ထိုအခါ ကျန်သောသူကြွယ်တို့ကို အကြီးအမှူး သူကြွယ်သည် "အမောင်တို့....ငါတို့၏ ကိုးရာမဲ့ဟန် ဖောက်ပြန်ပုံကို ရှုကြလော့၊ အမျိုးကောင်းသားဆိုလျှင် ဤမျှဖြင့်ပင် ရှက်သင့်လှပြီ"ဟု ပြောဆိုလေ၏။ ကျန်သူကြွယ်တို့က "အရှင်....အကျွန်ုပ်တို့တစုသည် အဘယ်ကောင်းမှု ပြုကြရပါမည်နည်း"ဟု မေးမြန်းကြလေလျှင် အကြီးအမှူးသူကြွယ်သည် "ငါတို့မှာ အကျွမ်းဝင်ရာဌာန မရှိကြခြင်းကြောင့် ဤသို့သော ဖောက်ပြန်မှုသို့ ရောက်ကြရလေသည်၊ ငါတို့အားလုံးပင် ဥစ္စာကိုစု၍ ပရိဝုဏ်တခု ဆောက်လုပ်ကြကုန်စို့"ဟု တိုင်ပင် အကြံပေးစကား ပြောကြားလေ၏။ ကျန်သောသူကြွယ်အားလုံးတို့က "ကောင်းပါပြီ အရှင်...."ဟု သဘောတူစကား ပြောကြားလေသော် အကြီးအမှူးသူကြွယ်က အသပြာတထောင်, ကျန်သောသူကြွယ်များက အသပြာငါးရာစီ, သူကြွယ်ကတော်များက အသပြာနှစ်ရာ့ငါးဆယ်စီ အသီးအသီး ထည့်ဝင်လှူဒါန်းကြလေသည်။ ထိုသူကြွယ်အိမ်ထောင်စု တထောင်တို့သည် ဥစ္စာကို

စုပေါင်း၍ အတွတ်တစ်သည့် ပြာသာဒ်တထောင် အရံရှိသည့် ကဿပမြတ်စွာဘုရားရှင် သီတင်းသုံးနေထိုင်တော်မူရန် ကြီးစွာသော ပရိဝုဏ်ကျောင်းဝိုင်းကြီး စတင်တည်ဆောက်ကြလေ၏။ ပြုလုပ်ရမည့်အမှုသစ်က အားကြီးလှသောကြောင့် မူလ စုထားသောဥစ္စာ မလောက်ပြန်သော် တဖန်ရွေးစုဆောင်းလှူဒါန်းသောဥစ္စာအောက် ထက်ဝက်စီ ထက်ဝက်စီ လျှော့ကာ စုဆောင်းလှူဒါန်းကြပြန်လေသည်။ ဤနည်းဖြင့် ပရိဝုဏ်ကျောင်းဝိုင်းကြီး ဆောက်လုပ်ပြီးလတ်သော် ကျောင်းလွှတ်(=ကျောင်းရေစက်ချ) သဘင် ဆင်ယင်ပြုလုပ်ကြလျက် ကဿပမြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာတော်အား ခုနစ်ရက်ကြာ မဟာဒါနကြီး လှူဒါန်းကြပြီးလျှင် ရဟန္တာပေါင်း နှစ်သောင်းတို့အား လှူဒါန်းရန်အတွက် သင်္ကန်းများကို စီမံအားထုတ်ကြလေကုန်၏။

**သူကြွယ်ကတော်အကြီးအမှူး၏ ထူးကဲသော စေတနာ**

အထူးသဖြင့် သူကြွယ်မှူးကြီး၏ဇနီး သူကြွယ်ကတော်ကြီးသည် အခြားသူခပ်သိမ်းတို့နှင့် ထပ်မျှညီတူ မပြုမူပဲ မိမိ၏ ပညာဖြင့် တည်ရှိကာ "သူ့ထက်ကဲချွန် သာလွန်အောင်ပြု၍ ငါသည် မြတ်စွာဘုရားရှင်ကို ပူဇော်မည်" ဟု ကြံစည်ပြီးလျှင် လိပ်ဆူးရွှေပန်း (အနော်ဇာပန်း) အဆင်း ဝါဝင်းသောအသွေးအရောင်ရှိသည့် အဖိုးတထောင်တန် သင်္ကန်းလျာအဝတ်အထည်နှင့်တကွ လိပ်ဆူးရွှေပန်း(အနော်ဇာပန်း) ခြင်းတောင်းကို ယူဆောင်ခဲ့၍ ကျောင်းအနုမောဒနာတရား ဟောကြားသောအခါ ကဿပမြတ်စွာဘုရားရှင်ကို လိပ်ဆူးရွှေပန်း (အနော်ဇာပန်း) တို့ဖြင့် ပူဇော်ပြီးနောက် ထိုသင်္ကန်းလျာအဝတ်စုံကို မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ချထားပြီးလျှင်—

"မြတ်စွာဘုရား.... ဖြစ်လေရာရာ သံသရာဘဝ၌ တပည့်တော်မ၏ ကိုယ်သည် ဤလိပ်ဆူးရွှေပန်း (အနော်ဇာပန်း) အဆင်း ဝါဝင်းသော အသွေးအရောင်ရှိသည် ဖြစ်ပါစေသား၊

တပည့်တော်မ၏ အမည်သည်လည်း အနောဇာ ဟူ၍သာလျှင် တွင်မည်သည် ဖြစ်ပါစေသား"—

ဟု ဆုတောင်းပဏ္ဍနာမှု ပြုလေ၏။ မြတ်စွာဘုရားရှင်ကလည်း ဧဝံ ဟောတု = ဤယခု သင်ဆုတောင်းသည့်အတိုင်း ဖြစ်စေသတည်း" ဟု အနုမောဒနာပြုတော်မူလေ၏။

(၈) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုသူအားလုံးတို့ပင် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုကြ၍ ထိုဘဝမှ စုတေကြလေလျှင် နတ်ပြည်၌ဖြစ်ကြ၍ ဤဘုရား မြတ်စွာ ပွင့်ထွန်းရာကာလဝယ် နတ်ပြည်မှ စုတေခဲ့ကြ၍ သူကြွယ် အကြီးသည် ကုက္ကုဋဝတီ မင်းနေပြည် ရွှေနန်းတော်၌ မဟာ ကပ္ပိနမည်သော မင်းသားဖြစ်၍ အရွယ်သို့ ရောက်လတ်သော် မဟာကပ္ပိနမင်းတရား ဖြစ်လေ၏။ ကျန်သောသူကြွယ်တို့သည် အမတ်မျိုး၌ အသီးအသီး ဖြစ်ကြလေ၏။ သူကြွယ်ကြီး၏ဇနီးသည် မဒ္ဒတိုင်း သာဂလမြို့ ရွှေနန်းတော်၌ မဒ္ဒမင်းသမီး ဖြစ်လာလေ၏။ ထိုမင်းသမီး၏ ကိုယ်ရေအဆင်းမှာ လိပ်ဆူးရှေပန်း (အနောဇာ ပန်း) အဆင်း ဝါဝင်းသော အသွေးအရောင်ရှိခြင်းကြောင့် ရှေး ဆုတောင်းအတိုင်း ထိုမင်းသမီး၏ အမည်ကို "အနောဇာ" ဟူ၍ မှည့်ခေါ်ကြလေ၏။

အနောဇာမင်းသမီး အရွယ်သို့ရောက်လတ်သော် မဟာကပ္ပိန မင်း၏ နန်းအိမ်သို့ရောက်၍ အနောဇာဒေဝီ မိဖုရားကြီး ဖြစ်လာ လေသည်။ ကျန်သော သူကြွယ်ကတော်များသည်လည်း အမတ် မျိုး၌ အသီးအသီး ဖြစ်ကြ၍ အရွယ်သို့ရောက်ကြလေလျှင် ရှေး ရေစက်အတိုင်း အရှင်ဟောင်းအမတ်သားတို့၏ ဇနီးများ ဖြစ်လာ ကြလေကုန်၏။ ထိုသူအားလုံးတို့သည်ပင် မဟာကပ္ပိနမင်းကြီး၏ စည်းစိမ်နှင့်တူသော စည်းစိမ်ကို ခံစံသုံးဆောင်ကြရလေသည်၊ သုံးဆောင်ကြရပုံမှာ—မဟာကပ္ပိနမင်းကြီး အဆင်တန်းဆာစုံ ဝတ်ဆင်၍ ဆင်စီးပြီး ခရီးလှည့်လည်လျှင် ထိုအမတ်တထောင်တို့ သည်လည်း မင်းကြီးနည်းတူ ဆင်စီး၍ ခရီးလှည့်လည်ကြရ

ကုန်၏။မင်းကြီး မြင်းဖြင့်ဖြစ်စေ,ရထားဖြင့်ဖြစ်စေ ခရီးလှည့်လည်တော်မူသောအခါ ထိုအမတ်တထောင်တို့သည်လည်း မင်းကြီးနည်းတူ မြင်းဖြင့်, ရထားဖြင့် ခရီးလှည့်လည်ကြရကုန်၏။ ဤသို့လျှင် ထိုသူတော်ကောင်းတထောင်တို့သည် အတူတကွ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်တို့၏ အာနုဘော်ကြောင့် အတူတကွသာလျှင် စည်းစိမ်ကို ခံစံသုံးဆောင်ကြရလေကုန်၏။

### မင်းကြီး မြင်းစေကျော်တို့ဖြင့် သတင်းစကား နာယူစေခြင်း

မဟာကပ္ပိနမင်းကြီးမှာ (၁) ဗလမည်သောမြင်း၊ (၂) ဗလဝါဟနမည်သောမြင်း၊ (၃) ပုပ္ဖမည်သော မြင်း၊ (၄) ပုပ္ဖဝါဟနမည်သောမြင်း၊ (၅) သုပတ္တမည်သောမြင်း ဟူ၍ = မြင်းကျော် ၅-စီးတို့ ရှိကြလေသည်။ မင်းကြီးသည် ထို မြင်းကျော် ၅-စီးတို့အနက် သုပတ္တမည်သောမြင်းကျော်ကို ကိုယ်တော်တိုင် စီးနင်းသုံးဆောင်၍ ကျန်သည့် မြင်းကျော် ၄-စီးတို့ကို မြင်းစီးသူရဲကောင်းတို့အား သတင်းစကား ဆောင်ယူရန် ပေးအပ်ထားလေသည်။ မင်းကြီးသည် ထို မြင်းစေကျော် သူရဲကောင်း ၄-ယောက်တို့ကို စောစောစီးစီး မွန်မြတ်သောထမင်းဘောဇဉ်ကို ကျွေးမွေးပြီးလျှင် "အမောင်တို့....သွားကြကုန်၊ ကုက္ကုဋဝတီ နေပြည်တော်မှ ပတ်ဝန်းကျင် နှစ်ယူဇနာ သုံးယူဇနာတိုင်တိုင် လှည့်လည်ကြ၍ ဘုရား,တရား,သံဃာ = ရတနာသုံးပါးတို့ လောက၌ ပွင့်ပေါ်ဖြစ်ထွန်းကြောင်း သတင်းကောင်းကို ကြားသိကြရလျှင် ထိုချမ်းသာကြောင်း သတင်းကောင်းကို ငါ့အထံသို့ လျင်မြန်စွာပို့ဆောင်ကြရမည်"ဟု မှာတမ်း၍ မြင်းစေကျော် သူရဲကောင်းတို့ကို နေ့စဉ်နေ့စဉ် အရပ်လေးမျက်နှာတို့သို့ စေလွှတ်တော်မူ၏။ထို မြင်းစေကျော် သူရဲကောင်းတို့သည် မြို့တံခါးလေးပေါက်တို့မှ တယောက်စီထွက်ကြ၍ သုံးယူဇနာတို့တိုင်တိုင် လှည့်လည်ကာ သတင်းစကား နားထောင်ကြပြီးလျှင် ရတနာသုံးပါး ဖြစ်ထွန်းပြီဟူသော သတင်းကို မရကြပဲ မြို့တော်သို့ တဖန် ပြန်လာကြရကုန်၏။

## ရတနာသုံးပါးသတင်း ကြားသိရခြင်း

ထို့နောက် တနေ့သ၌ မဟာကပ္ပိနမင်းကြီးသည် သုပတ္တမည်သော မြင်းကျော်ကို စီး၍ အမတ်တထောင် ခြံရံအပ်လျက် ဥယျာဥ်တော်သို့ ထွက်လေလျှင် ကုန်သည်ငါးရာတို့ ခရီးပင်ပန်း နွမ်းနယ်သောသဘော ရှိကြလျက် မြို့တော်သို့ ဝင်ကြသည်ကို မြင်လတ်၍ "ဤကုန်သည်တို့ကား ခရီးပန်းလာခဲ့ကြကုန်၏၊ ကျေန်မချွတ်ပင် ဤကုန်သည်တို့ထံမှ သတင်းကောင်းတခုခုကို ကြားရလိမ့်မည်"ဟု ယုံကြည့်မြော်လင့်ကာ ထိုကုန်သည်များကို ရှေ့တော်သို့ ခေါ်စေပြီးလျှင် "အမောင်တို့....အဘယ်အရပ်မှ လာကြသနည်း"ဟု မေးမြန်းလေ၏။ ကုန်သည်တို့က "အရှင်မင်းကြီး.... ဤကုက္ကုဋဝတီ မင်းနေပြည်မှ ယူဇနာ (၁၂၀) တရာ့နှစ်ဆယ်ထက်၌ သာဝတ္ထိမည်သောပြည် ရှိပါသည်၊ ထိုသာဝတ္ထိပြည်မှ အကျွန်ုပ်တို့ လာကြပါသည်"ဟု ပြန်ကြားလျှောက်ထားကြလေလျှင် မင်းကြီးသည် တဖန်ဆက်၍ "အမောင်တို့....အမောင်တို့၏ သာဝတ္ထိပြည်အရပ်၌ တစုံတခု သတင်းထူး သတင်းဆန်း ဖြစ်ပေါ်ထွန်းသည်များ ရှိပါသလော"ဟု မေးမြန်းလေ၏။ ကုန်သည်များကလည်း "အရှင်မင်းကြီး....အခြား တစုံတခု လျှောက်ထားရန် သတင်းထူး သတင်းဆန်း မရှိပါ၊ စင်စစ်သော်ကား အကျွန်ုပ်တို့၏ သာဝတ္ထိပြည်အရပ်၌ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူနေပါသည်"ဟု လျှောက်ထားကြလေကုန်၏။

မင်းကြီးသည် ထိုခဏ၌ပင် ပီတိ ၅-မျိုး ကိုယ်လုံးဖြိုးလျက် တစုံတရာကို မမှတ်မသားနိုင်ပဲ တမုဟုတ်မျှ အချိန်ကို လွန်စေပြီးနောက် "အမောင်တို့....အဘယ်လိုသတင်းစကား လျှောက်ထားလိုက်ကြသနည်း"ဟု မေးမြန်း၍ ကုန်သည်တို့ကလည်း "အရှင်မင်းကြီး....လောက၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေပါသည်"ဟု ထပ်မံလျှောက်ထားကြလေကုန်၏။ မင်းကြီးသည် နှစ်ကြိမ်မြောက်ငှင်း, သုံးကြိမ်မြောက်ရင်း ထိုနည်းအတူပင် အချိန်ကို လွန်စေ၍ လေးကြိမ်မြောက်၌ "အမောင်တို့....အဘယ်လိုသတင်းစကား လျှောက်ထားလိုက်ကြသနည်း"ဟု မေးမြန်းပြီးလျှင် ကုန်

သည်တို့ကလည်း "အရှင်မင်းကြီး····လောက၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေပါသည်"ဟု ရှေးနည်းအတူ ထပ်မံလျှောက်ထားကြလေသော် မဟာကပ္ပိနမင်းကြီးသည် "အမောင်တို့···· အမောင်တို့အား 'မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေပါသည်'ဟူသော ဤသတင်းစကား လျှောက်ထားကြသည့် အတွက် အသပြာ တသိန်း ငါ ဆုတော်ပေးသနား၏"ဟု မိန့်ဆိုတော်မူလေ၏။

ထိုသို့ မိန့်ဆိုပြီးလျှင် မင်းကြီးသည် တဖန် "အခြား တစုံတခု သတင်းထူးများ ရှိသေး၏လော"ဟု မေးတော်မူ၍ ကုန်သည်တို့ကလည်း "ရှိပါသည် အရှင်မင်းကြီး....လောက၌ တရားရတနာသည် ဖြစ်ပေါ်နေပါသည်"ဟု ထပ်မံ လျှောက်ထားကြလေ၏။ မင်းကြီးသည် ဟိုသတင်းကို ကြားသိရလျှင်လည်း ရှေးနည်းအတူ ပင် သုံးကြိမ်တိုင်တိုင် အချိန်ကို ကုန်လွန်စေ၍ လေးကြိမ်မြောက်၌ "လောက၌ တရားရတနာသည် ဖြစ်ပေါ်နေပါသည်"ဟု ကုန်သည်တို့က လျှောက်ထားကြလေသော် "အမောင်တို့....အမောင်တို့အား ဤ'တရားရတနာ ဖြစ်ပေါ်နေပါသည်'ဟူသော သတင်းစကား လျှောက်ထားကြသည့်အတွက်လည်း အသပြာတသိန်း ငါ ဆုတော်ပေးသနား၏"ဟု မိန့်ဆိုတော်မူလေ၏။

ထို့နောက် မင်းကြီးသည် တဖန် "အမောင်တို့···· အခြားတစုံတခု သတင်းထူးများ ရှိသေး၏လော"ဟု မေးတော်မူ၍ ကုန်သည်တို့ကလည်း "ရှိပါသည် အရှင်မင်းကြီး....လောက၌ သံဃာရတနာသည် ဖြစ်ပေါ်နေပါသည်"ဟု ထပ်မံလျှောက်ထားကြလေ၏။ မင်းကြီးသည် ထိုသတင်းကို ကြားသိရလျှင်လည်း ရှေးနည်းအတူပင် သုံးကြိမ်တိုင်တိုင် အချိန်ကို ကုန်လွန်စေ၍ လေးကြိမ်မြောက်၌ "သံဃာ"ဟူသော ပုဒ်တစ်ပုဒ်မျှ ကုန်သည်တို့က ပြောဆိုကြလျှင်ပင် "အမောင်တို့....အမောင်တို့အား ဤ 'သံဃာရတနာ ဖြစ်ပေါ်နေပါသည်'ဟူသော သတင်းစကား လျှောက်ထားကြသည့်အတွက်လည်း အသပြာတသိန်း ငါ ဆုတော်ပေးသနား၏"ဟု မိန့်ဆိုတော်မူလေ၏။

## မဟာကပ္ပိနမင်းကြီး တောထွက်တော်မူခြင်း

ထိုသို့မိန့်တော်မူပြီးလျှင် မဟာကပ္ပိနမင်းကြီးသည် အမတ်တထောင်ကို ကြည့်တော်မူ၍ "အမောင်တို့....အဘယ်သို့ ပြုကြမည်နည်း"ဟု မေးတော်မူလေ၏။ အမတ်တို့က "အရှင်မင်းကြီး....အရှင်မင်းကြီးတို့ကော အဘယ်သို့ပြုကြမည်နည်း"ဟု မေးကြလေလျှင် မဟာကပ္ပိနမင်းကြီးသည် "အမောင်တို့...ငါသည် 'ဘုရားရတနာ ဖြစ်ပေါ်ပွင့်ထွန်းနေပြီ, တရားရတနာ ဖြစ်ပေါ်နေပြီ, သံဃာရတနာ ဖြစ်ပေါ်နေပြီ'ဟူသော သတင်းစကားကို ကြားသိရသောကြောင့် ရွှေနန်းတော်သို့ တဖန် မပြန်နစ်တော့ပြီ၊ ဤနေရာမှပင် မြတ်စွာဘုရားကို ရည်ညွှန်း၍ သွားရောက်ပြီးလျှင် ထိုမြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုတော့မည်"ဟု မိန့်ဆိုတော်မူလေ၏။ အမတ်တို့သည်လည်း "အရှင်မင်းကြီး....အကျွန်ုပ်တို့သည်လည်း အရှင်မင်းကြီးတို့နှင့် အတူတကွ ရဟန်းပြုကြပါမည်"ဟု တညီတညွတ်တည်း လျှောက်ထားကြလေကုန်၏။

မဟာကပ္ပိနမင်းကြီးသည် ရွှေပြား၌ စာလုံးအက္ခရာ အမှာစကား ရေးသားထွင်းထုစေပြီးလျှင် ကုန်သည်တို့ကို "အမောင်တို့....အနောဇာဒေဝီ မိဖုရားကြီးသည် အမောင်တို့အား အသပြာသုံးသိန်း ငါ့ကိုယ်စား ဆုပေးသနားလိမ့်မည်၊ ငါ အထူး မှာတမ်းလိုသည်မှာ– အနောဇာဒေဝီမိဖုရားကြီးကို 'မင်းကြီးက အရှင်မိဖုရားကြီးအား မင်း၏စည်းစိမ် အစိုးရ ဂုဏ်သိရ်အားလုံးကို စွန့်ပေးအပ်ပြီတဲ့၊ အလိုရှိတိုင်း ချမ်းသာစွာ မင်းစည်းစိမ်ကို ခံစံသုံးဆောင်တော်မူပါလော့'ဟု အမောင်တို့ လျှောက်ထားကြရမည်။ အကယ်၍များ အမောင်တို့ကို အနောဇာဒေဝီမိဖုရားကြီးက 'မင်းကြီး အဘယ်မှာနည်း'ဟု မေးခဲ့လျှင် 'မြတ်စွာဘုရားကို ရည်ညွှန်း၍ ရဟန်းပြုတော့မည်ဟု ထွက်ကြွသွားပါပြီ'ဟု အမောင်တို့ လျှောက်ထားကြပါလေ"ဟု နှုတ်ဖြင့် မှာတမ်းပြောဆိုပြီးလျှင် ကုန်သည်တို့လက်၌ ရွှေပြားကိုအပ်၍ လွှတ်လိုက်လေ၏။ အမတ်တို့သည်လည်း မိမိ,မိမိတို့၏ အမတ်ကတော်များထံသို့ ထိုနည်းအတူပင် သတင်းစကား မှာကြား ပို့သစေကြလေ၏။ မင်းကြီး

သည့် ကုန်သည်တို့ကို လွှတ်လိုက်ပြီးလျှင် သုပဏ္ဏမြင်းကျော်ကို စီး၍ အမတ်တထောင်ခြံရံအပ်လျက် ထိုခဏမှာပင် တောထွက်တော်မူလေ၏။

**မြတ်စွာဘုရား အသင့်စောင့်ကြိုနေတော်မူခြင်း**

မြတ်စွာဘုရားရှင်သည်လည်း ထိုမဟာကပ္ပိနမင်းကြီး တောထွက်တော်မူမည့်နေ့၌ သတ္တလောကကို ကြည့်ရှု ဆင်ခြင်တော်မူလေလျှင် အမတ်တထောင်အခြံအရံနှင့်တကွသော မဟာကပ္ပိနမင်းကြီးကို မြင်တော်မူ၍ "ဤမဟာကပ္ပိနမင်းသည် ကုန်သည်တို့၏ အထံမှ ရတနာသုံးပါးတို့ ဖြစ်ပေါ် ပွင့်ထွန်းကြောင်း သတင်းကောင်းကို ကြားသိ၍ ထိုကုန်သည်တို့၏သတင်းစကားကို အသပြာသုံးသိန်းတို့ဖြင့် ပူဇော်ပြီးလျှင် မင်းစည်းစိမ်ကို ပယ်စွန့်၍ အမတ်တထောင်ခြံရံအပ်လျက် ငါဘုရားကိုရည်စူး၍ ရဟန်းပြုလိုသည်ဖြစ်၍ နက်ဖြန် တောထွက်လာလိမ့်မည်၊ ထိုမဟာကပ္ပိနမင်းသည် အမတ်တထောင် အခြံအရံနှင့်တကွပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ပေလိမ့်မည်၊ ငါဘုရားသည် ထိုမဟာကပ္ပိနမင်းအား ခရီးဦးကြိုမှုကို ပြုပေအံ့"ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင်နောက် တနေ့၌ ရွာစားငယ်ကို ခရီးဦးကြိုဆိုသော စကြဝတေးမင်းကဲ့သို့ ကိုယ်တော်တိုင်ပင် သပိတ်, သင်္ကန်းကို ယူတော်မူ၍ ယူဇနာ တရာ့နှစ်ဆယ်ခရီးတိုင်အောင် ကြိုဆိုသွားရောက်တော်မူကာ စန္ဒဘာဂါအမည်ရှိသော မြစ်၏ဆိပ်ကမ်း ပညောင်ပင်ရင်း၌ ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူကာ ထိုင်နေတော်မူလေ၏။

**မဟာကပ္ပိနမင်း မြစ်သုံးတန်ကို ကူးမြောက်ခြင်း**

မဟာကပ္ပိနမင်းကြီးသည်လည်း အမတ်တထောင်နှင့် တကွ မြင်းကိုယ်စီ စီးလျက် တောထွက်လာသည်ရှိသော် မြစ်တခုသို့ ရောက်၍ "ဤမြစ်ကား အဘယ်အမည်ရှိသော မြစ်နည်း" ဟု မေးမြန်းလေ၏။ အမတ်တို့က "အရှင်မင်းကြီး....ဤမြစ်ကား အပရစ္ဆာ အမည်ရှိပါ၏"ဟု လျှောက်ထားကြလေသော် "အမောင်

တို့.......ဤအပရဂေါယာမြစ်၏ ပမာဏကား အဘယ်မျှရှိသနည်း"ဟု မေးပြန်လေ၏။ အမတ်တို့က "အရှင်မင်းကြီး....ဤမြစ်၏ ပမာဏကား အနက်အားဖြင့် တဂါဝုတ်ရှိ၍ အကျယ်အားဖြင့် နှစ်ဂါဝုတ်တို့ ရှိပါသည်"ဟု လျှောက်ထားလေလျှင် မင်းကြီးသည် "ဤမြစ်ကမ်းနား၌ လှေဖြစ်စေ ဖောင်ဖြစ်စေ ရှိသလော"ဟု မေးပြန်လေ၏။ အမတ်တို့က "မရှိပါ အရှင်မင်းကြီး...." ဟု လျှောက်ထားကြလေလျှင် မင်းကြီးသည်—

"လှေ, ဖောင်တို့ကို ရှာကြံကြည့်ရှုနေစဉ်ပင် ငါတို့ကို ဇာတိ = ပဋိသန္ဓေတည်နေခြင်းတရားက ဇရာ = အိုမင်းခြင်းတရားသို့ ရောက်အောင် ပို့ဆောင်နေဘိတကား၊ ဇရာ = အိုမင်းခြင်းတရားက မရဏ = သေခြင်းတရားသို့ ရောက်အောင် ပို့ဆောင်နေဘိတကား။ ငါသည် ယုံမှားကင်းသူဖြစ်၍ ရတနာသုံးပါးတို့ကို ရည်ညွှန်းကာ တောထွက်လာသူ စင်စစ် ဖြစ်ပေ၏၊ ငါ့အဖို့ရာ ထိုရတနာသုံးပါးတို့၏ အာနုဘော်ကြောင့် ဤရေသည် ရေကဲ့သို့ မဖြစ်ပါစေလင့်"—

ဟု ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်လျက် "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ"— အစရှိသည်ဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ—

ဘဝသောတံ ဟဝေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

ဗုဒ္ဓေါ=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားသည်။ ဟဝေ = စင်စစ်ကေန်အမှန်ပင်။ ဘဝသောတံ = ဘဝသုံးသွယ် ရေပြင်ကျယ်ကို။ တိဏ္ဏော = နိဗ္ဗူထုတ်ချောက် မှာကမ်းရောက်အောင် ကူးမြောက်တော်မူပြီးလေပြီ။ ဝါ-ကူးမြောက်တော်မူပြီး ဖြစ်ရကား။ လောကန္တဂူ = လောက၏အဆုံးသို့ နှလုံးကြည်ဖြူ ဆိုက်ရောက်တော်မူလေပြီ။ ဝိဒူ = ခပ်သိမ်းသော တရားကို

ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ။ ဧတေန သစ္စ-ဝဇ္ဇေန=ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်။ မေ= မဟာကပ္ပိနနာမသမုတ် အကျွန်ုပ်၏။ ဂမနံ=မြတ်ဘုရား ထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည်။ သမိဇ္ဈတု =အန္တရာယ်မမှောက် ရန်မနှောက်ပဲ ထမြောက်ကိုလုံ ပြည့်စုံပါစေသတည်း"——

ဤဂါထာကို နုတ်ကတွတ်တွတ် ရွတ်ဆိုလျက် အခြံအရံအမတ် တထောင် သိန္ဓောမြင်းတထောင်တို့နှင့် အတူတကွ နှစ်ဂါဝုတ် အပြန့်ကျယ်သော ရေအပြင်ကို ကူးလေ၏။ သိန္ဓောမြင်းတို့သည် ကျောက်ဖျာပေါ်၌ကဲ့သို့ ပြေးသွားကြလေ၏၊ ခွါဖျားတို့ကိုသော်မှ လည်း ရေကြည်တပေါက် မစွတ်မစိုချေ။

မဟာကပ္ပိနမင်းကြီးသည် ထိုအပရစ္ဆာမြစ်ကို ကူးပြီး ရှေ့သို့ ဆက်၍ ခရီးနှင်ပြန်လေသော် ဒုတိယမြစ်တခုကို တွေ့ပြန်လေ၍ "ဤမြစ်ကား အဘယ်အမည်ရှိသနည်း"ဟု မေးလေ၏။ အမတ်တို့က "နီလဝါဟိနီ အမည်ရှိပါ၏ အရှင်မင်းကြီး...."ဟု လျှောက်ထားကြလေသော် မင်းကြီးသည် "အမောင်တို့....ဤနီလဝါဟိနီ မြစ်၏ ပမာဏကား အဘယ်မျှရှိသနည်း"ဟု မေးပြန်လေ၏။ အမတ်တို့သည် "အရှင်မင်းကြီး....ဤနီလဝါဟိနီမြစ်၏ ပမာဏ ကား အစောက်အနက်အားဖြင့်ဂုဏ်, အပြန့်အကျယ်အားဖြင့်ဂုဏ် ယူဇနာဝက် ရှိပါ၏"ဟု လျှောက်ထားကြကုန်၏။ (အကြွင်း ရှေးနည်းအတူတည်း)။ မင်းကြီးသည် ထိုနီလဝါဟိနီမြစ်ကို"သွာက္ခာ-တော ဘဂဝတာ ဓမ္မော"အစရှိသည်ဖြင့် ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ——

"ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စစ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

မဂ္ဂေါ=လောကုတ္တရာတရား အရိယမဂ်လေးပါးသည်။ ယဒိ=ဇာတု=စင်စစ်ကေန် အမှန်ပင်။ သန္တိဂမော= နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်၏။ မောက္ခော စ=အရိယ မဂ်ဖြင့်ရောက်အပ် နိဗ္ဗာန်တရားမြတ်သည်လည်း။ အစ္စန္တိကံ

သုခံ = ချမ်းသာစင်စစ် ကေန်ဖြစ်၏။ ဧတေန သစ္စဝဇ္ဇေန = ဝစီမဂ်လာ ဤသစ္စာစကားကြောင့်။ မေ = မဟာကပ္ပိန နာမ သမုတ် အကျွန်ုပ်၏။ ဂမနံ = မြတ်ဘုရားထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည်။ သမိဇ္ဈတု = အန္တရာယ်မမှောက် ရန်မနှောက်ပဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း"—

ဤဂါထာကို နှုတ်ကတွတ်တွတ် ရွတ်ဆိုလျက် အခြီအရံအမတ် တထောင် သိန္ဓောမြင်းတထောင်တို့နှင့် အတူတကွ ယူဇနာဝက် အပြန့်ကျယ်သော ရေအပြင်ကို ကူးလေ၏။ ရှေးနည်းအတူပင် သိန္ဓောမြင်းတို့သည် ကျောက်ဖျာပေါ်၌ကဲ့သို့ ပြေးသွားကြ၍ ခွါများတို့ကိုသော်မှလည်း ရေကြည်တပေါက် မစွတ်မစိုချေ။

မဟာကပ္ပိနမင်းကြီးသည် ထိုနီလဝါဟိနီမြစ်ကို ကူးပြီး ရှေ့သို့ ဆက်၍ ခရီးနှင်ပြန်လေသော် တတိယမြစ်တခုကို တွေ့ပြန်လေ၍ "ဤမြစ်ကား အဘယ်အမည်ရှိသနည်း"ဟု မေးလေ၏။ အမတ်တို့က "စန္ဒဘာဂါ အမည်ရှိပါ၏ အရှင်မင်းကြီး...."ဟု လျှောက်ထားကြလေသော် မင်းကြီးသည် "အမောင်တို့....ဤစန္ဒဘာဂါ မြစ်၏ ပမာဏကား အဘယ်မျှရှိသနည်း"ဟု မေးပြန်လေ၏။ အမတ်တို့သည် "အရှင်မင်းကြီး....ဤစန္ဒဘာဂါမြစ်၏ ပမာဏကား အစောက်အနက်အားဖြင့်ဂါဝုတ်, အပြန့်အကျယ်အားဖြင့်ဂါဝုတ် တယူဇနာ ရှိပါ၏"ဟု လျှောက်ထားကြကုန်၏။ (အကြွင်း ရှေးနည်းအတူတည်း)။ မင်းကြီးသည် ဤစန္ဒဘာဂါမြစ်ကိုကား "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"—အစရှိသည်ဖြင့် သံဃာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ—

"သံဃော စေ တိဏ္ဏကင်္ခါရော၊
ပုညက္ခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

သံဃော = ပရမတ္ထအရိယာ သံဃာတော်မြတ်သည်။ စေ = စင်စစ်ကေန် အမှန်ပင်။ တိဏ္ဏကင်္ခါရော = သံသရာ

ခရီးခဲကို အုံအဲစလောက် ဖက်ကမ်းရောက်အောင် ကူး မြောက်ပြီးဖြစ်တော်မူပေ၏။ အနုတ္တရော = အတုမရှိ လွန် မြတ်ဘိသော။ ပုညက္ခေတ္တော = ကောင်းမှုမျိုးကို စိုက်ပျိုး ကြဲချရာ လယ်ယာမြေစိ ပုညခေတ်လည်း ဖြစ်ပါပေ၏။ တေန သစ္စဝဇ္ဇေန=ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်။ မေ = မဟာကပ္ပိန နာမသမုတ် အကျွန်ုပ်၏။ ဂမနံ = မြတ်ဘုရားထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည်။ သမိဇ္ဈတု = အန္တရာယ်မမှောက် ရန်မနှောက်ပဲ ထမြောက် ကိုလို ပြည့်စုံပါစေသတည်း"—

ဤဂါထာကို နှုတ်ကတွတ်တွတ် ရွတ်ဆိုလျက် အခြံအရံအမတ် တထောင် သိန္ဓောမြင်းတထောင်တို့နှင့် အတူတကွ တယူဇနာ အပြန့်ကျယ်သော ရေအပြင်ကို ကူးလေ၏။ ရှေးနည်းအတူပင် သိန္ဓောမြင်းတို့သည် ကျောက်ဖျာပေါ်၌ကဲ့သို့ ပြေးသွားကြ၍ ခွါဖျားတို့ကိုသော်မှလည်း ရေကြည်တပေါက် မစွတ်မစိုချေ။ ။ (ဤမဟာကပ္ပိနမင်းကြီး မြစ်သုံးတန် ကူးသည့် သုံးဂါထာတို့ကို မဟာကပ္ပိန်ထေရာပဒါန်ပါဠိမှ ထုတ်နုတ်ဖော်ပြအပ်သည်)။

### မြတ်စွာဘုရားနှင့်တွေ့၍ ရဟန်းပြုကြခြင်း

မင်းကြီးသည် ထိုစန္ဒဘာဂါမြစ်ကို ကူးမြောက်၍သွားလျှင်ပင် ပညောင်ပင်ရင်း၌ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာ ဘုရား၏ကိုယ်တော်မှ ထွက်ပေါ်ကွန့်မြူး၍နေသော ရောင်ခြည် တော်ခြောက်သွယ်တို့ကို အံ့ဩဖွယ် ဖူးတွေ့ရလေ၏။ ထိုအချိန်၌ ပညောင်ပင်ကြီးတပင်လုံးရှိ ပင်စည်, အကိုင်း, အခက်,အရွက်တို့ မှာ ရွှေသားစတိပမာ ဝါဝင်းထိန်ဝေလျက် ရှိကြကုန်၏။ ထို အခါ မင်းကြီးသည် "ဤအရောင်ကား လ၏အရောင်လည်း မဟုတ်၊ နေ၏အရောင်လည်း မဟုတ်၊ နတ်, မာရ်, နဂါး, ဂဠုန်- စသည်တို့တွင် တဦးဦး၏အရောင်လည်း မဟုတ်၊ မချွတ်ကေန် အမှန်ပင် ငါ့မြတ်စွာဘုရားကို ရည်ညွှန်း၍ ရဟန်းပြုရန် လာ ရောက်သည်ကို ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကြီး

မြင်တော်မူသည် ဖြစ်လိမ့်မည်”ဟု အမှန်အတိုင်းပင် ဆင်ခြင်ကြံစည်မိလေ၏။

မဟာကပ္ပိနမင်းကြီးသည် ထိုခဏမှာပင် မြင်းကျောက်ကုန်းထက်မှ ဆင်းသက်၍ ကိုယ်ကိုညွတ်ကာ ရောင်ခြည်တော်ကွန့်မြူးရာသို့ အစဉ်လိုက်ပါလျက် မြတ်စွာဘုရားရှင့်ထံတော်သို့ ဆည်းကပ်ပြီးလျှင် ဆေးဒန်းမြင်းသီလာရေ၌ နှစ်မြုပ်ငုပ်သောသူကဲ့သို့ ဘုရားရောင်ခြည်တော်တို့၏ အတွင်းသို့ ဝင်ရောက်ကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် အမတ်တထောင်တို့နှင့်အတူတကွ အပြစ်လွတ်ရာအရပ်၌ ထိုင်နေလေ၏။ မြတ်စွာဘုရားသည် ထိုမဟာကပ္ပိနမင်းကြီးအား မဂ်ဖိုလ်ရောက်ကြောင်းကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ = ဒါနနှင့်စပ်သော တရားစကား၊ (၂) သီလကထာ = သီလနှင့်စပ်သော တရားစကား၊ (၃) သဂ္ဂကထာ = နတ်ရွာသုဂတိနှင့်စပ်သောတရားစကား၊ (၄) မဂ္ဂကထာ = မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့်စပ်သော တရားစကားတို့ကို အစဉ်အတိုင်း ဟောကြားတော်မူလေ၏။ ဒေသနာနိဂုံး ပြီးဆုံးသောအခါ မဟာကပ္ပိနမင်းကြီးသည် အမတ်တထောင်နှင့် တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုအခါ အားလုံးပင် နေရာမှထ၍ ရှင်, ရဟန်းအဖြစ်ကို တောင်းခံကြလေကုန်၏။ မြတ်စွာဘုရားသည် “ဤအမျိုးကောင်းသားတို့၏ အဖို့ရာ ဇုဋ္ဌိမယ သပိတ်, သင်္ကန်း လာရောက်မည်လော”ဟု စူးစမ်းဆင်ခြင်တော်မူလတ်သည်ရှိသော် “ဤ အမျိုးကောင်းသားတို့သည် ပစ္စေကဗုဒ္ဓါတထောင်အား သင်္ကန်းစုံရေတထောင် လှူခဲ့ဘူးကြပြီ၊ ဤတွင်မျှမကသေး ကဿပမြတ်စွာလက်ထက်တော်အခါကလည်း ရဟန္တာပေါင်း ထောင်နှစ်သောင်းတို့အား သင်္ကန်းစုံရေပေါင်း နှစ်သောင်းတို့ကို လှူခဲ့ဘူးကြပြီ၊ ဤအမျိုးကောင်းသားတို့အဖို့ရာ ဇုဋ္ဌိမယ သပိတ်,သင်္ကန်းများ ကိုယ်သို့ ရောက်လာခြင်းမှာ အထူးတဆန်း အံ့ဘနန်းမဟုတ်တော့ချေ—အလွယ်နှင့်ပင် ရောက်မည်သာ”ဟု သိတော်မူ၍ လက်ျာ

လက်တော်ကို ဆန့်တန်းတော်မူပြီးလျှင် "ဧထ ဘိက္ခဝေါ-အစရှိသည်ဖြင့် = ရဟန်းတို့....လာကြလော့၊ သင်ချစ်သားတို့ ကောင်းပန်အပ်သော ရှင်ရဟန်းအဖြစ်ကို ခံယူကြလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာ ဟောကြားအပ်လေပြီ၊ သင်ချစ်သားတို့သည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ သိက္ခာသုံးရပ် မြတ်သောအကျင့်ကို ကျင့်ကြကြိုးကုတ် အားထုတ်ကြလော့"ဟု ဧဟိဘိက္ခုခေါ်တော်မူလိုက်လေ၏။ ထိုသို့ ဧဟိဘိက္ခုခေါ်တော်မူလိုက်သည်နှင့်တပြိုင်နက် မဟာကပ္ပိနမင်းကြီးနှင့်တကွ အမတ်တထောင်တို့သည် ဣဒ္ဓိမယပရိက္ခရာတို့ သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီးသား ဖြစ်ကြလျက် အဝါ ၆၀-ရသော (= သက်တော်ရှစ်ဆယ်ရှိပြီး)မထေရ်ကြီးများပမာ လူ့အသွင်ကွယ်ပျောက် ရဟန်းအဖြစ်သို့ ရောက်ကြ၍ ကောင်းကင်သို့ တက်ကြကာ တဖန် ပြန်၍ဆင်းပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ ထိုင်နေကြလေကုန်၏။

## ကုန်သည်များ အနောဇာမိဖုရားကြီးထံ သွားရောက်ကြခြင်း

သာဝတ္ထိပြည်သား ထိုကုန်သည်များသည်လည်း ကုက္ကုဋဝတီရွှေနန်းတော်သို့ သွားရောက်ကြ၍ မင်းကြီးက စေလွှတ်လိုက်ကြောင်းကို မိဖုရားကြီးအား သံတော်ဦးတင် လျှောက်ထားစေပြီးလျှင် အနောဇာဒေဝီမိဖုရားကြီးက "လာရောက်ကြစေ"ဟူ၍ အခွင့်ပြုစကား ပြန်ကြားပြောဆိုအပ်လေလျှင် ရွှေနန်းတော်သို့ ဝင်၍ မိဖုရားကြီးကို ရိုသေမြတ်နိုး ရှိခိုးကြကာ အပြစ်လွတ်ရာ အရပ်၌ ရပ်တည်ကြလေကုန်၏။ ထိုအခါ မိဖုရားကြီးနှင့်ကုန်သည်တို့ အပြန်အလှန် မေးကြ, ဖြေကြသည်မှာ—

(မိဖုရားကြီး)အမောင်တို့....အဘယ်အကြောင်းကြောင့် ရွှေနန်းတော်သို့ လာရောက်ကြသနည်း။

(ကုန်သည်များ) အရှင်မိဖုရားကြီး........ အကျွန်ုပ်တို့ကို မင်းကြီးက အရှင်မိဖုရားကြီးတို့ထံ စေလွှတ်အပ်ပါကုန်

သည်၊ အကျွန်ုပ်တို့အား အသပြာသုံးသိန်း ဆုလာဘ်တော်များ ပေးသနားတော်မူလိုက်ကြပါတဲ့။

(မိဖုရားကြီး) အမောင်တို့...အမောင်တို့သည် အလွန်များစွာ ပြောဆိုကြဘိ၏၊ အမောင်တို့သည် မင်းကြီး၏အပေါ်၌ အဘယ်သို့သော ဥပကာရကျေးဇူးကို ပြုအပ်ကြသနည်း၊အဘယ်သို့သော ကျေးဇူးဥပကာရ၌ မင်းကြီးသည် စိတ်တော်ကြည်လင်၍ အမောင်တို့အား ဤမျှသော ဆုလာဘ်ကို ပေးသနားစေတော်မူသနည်း။

(ကုန်သည်များ) အရှင်မိဖုရားကြီး.... အကျွန်ုပ်တို့သည် မင်းကြီးအပေါ်၌ အခြားဥပကာရကျေးဇူးကို ပြုအပ်ကြသည် မဟုတ်ပါ၊ စင်စစ်သော်ကား အကျွန်ုပ်တို့သည် မင်းကြီးအား သတင်းထူးတရပ်ကို လျှောက်ထားကြပါသည်၊ ထို့ကြောင့် မင်းကြီးစိတ်တော်ကြည်၍ ဤမျှ (အသပြာသုံးသိန်း)သော ဆုလာဘ်ကို အကျွန်ုပ်တို့အား ပေးသနားစေခြင်း ဖြစ်ပါသည်။

(မိဖုရားကြီး) အမောင်တို့....ထိုသတင်းထူးကို ငါ့အားကော ပြောကြား လျှောက်ထားနိုင်ကြပါမည်လော။

(ကုန်သည်များ) လျှောက်ထားနိုင်ပါသည် အရှင်မိဖုရားကြီး....။

(မိဖုရားကြီး) အမောင်တို့.... ထိုသို့ဖြစ်လျှင် လျှောက်ထားကြလော့။

(ကုန်သည်များ) အရှင်မိဖုရားကြီး....လောက၌ ဘုရားရတနာ ပွင့်ထွန်းတော်မူနေပါပြီ—

-မိဖုရားကြီးသည် ထိုသတင်းကိုကြားလျှင်ပင် မင်းကြီးနည်းတူ ပီတိ ၅-မျိုး ကိုယ်လုံးဖြိုးလျက် သုံးကြိမ်တိုင်အောင် တစုံတခုကို မမှတ်မသားနိုင်ပဲ လေးကြိမ်မြောက်၌ "ဘုရားရတနာ"ဟူသော ပုဒ်တစိတ်ကိုမျှ····ကြားသိရလျှင်ပင် "အမောင်တို့... ဤဘုရားရတနာဟူသောပုဒ်၌ မင်းကြီးက အမောင်တို့အား အဘယ်မျှ

ဆုလာဘ်ပေးသနားလိုက်သနည်း” ဟု မေး၍ ကုန်သည်တို့က “အရှင်မိဖုရားကြီး....အသပြာတသိန်း ဆုလာဘ်ပေးသနားတော်မူလိုက်ပါသည်”ဟု လျှောက်ထားကြလေလျှင် “အမောင်တို့.... ဤသို့စဉ် ထူးဆန်းအံ့ဘနန်း ကြားရခဲလှသည့် သတင်းစကားကို ကြားသိရပါလျက် မင်းကြီးသည် အမောင်တို့အား ဆုလာဘ်ငွေ အသပြာတသိန်းမျှ ပေးသနားတော်မူလိုက်သည်မှာ သတင်းတန်ဖိုးနှင့်မလျော် မသင့်တော်သည်ကို ပြုအပ်ဘိ၏၊ ငါတမူကား အမောင်တို့အား ငါ၏ ဆင်းရဲသားလက်ဆောင် အသပြာသုံးသိန်းတို့ကို ပေးပါ၏။ မင်းကြီးအား အမောင်တို့သည် အခြား မည်သည့်သတင်းထူးများကိုလည်း လျှောက်ထားအပ်သေးသနည်း”ဟု မေးမြန်းလေ၏။ ကုန်သည်တို့သည် ကျန်သော တရားရတနာ ဖြစ်ပေါ်နေကြောင်းသတင်း, သံဃာရတနာ ဖြစ်ပေါ်နေကြောင်းသတင်း = ဤသတင်းနှစ်ရပ်တို့ကိုလည်း အစဉ်အတိုင်း ဆက်၍ လျှောက်ထားကြလေကုန်၏။ မိဖုရားကြီးသည် ရှေးနည်းအတူပင် ပီတိ ၅-မျိုး ကိုယ်လုံးဖြိုးလျက် သုံးကြိမ်တိုင်အောင် တစုံတခုကို မမှတ်မသားနိုင်ပဲ လေးကြိမ်မြောက်၌ ထိုအတူပင် တရားဟူသော ပုဒ်တစိတ်,သံဃာဟူသော ပုဒ်တစိတ်ကိုမျှ ကြားရလျှင်ပင် အသပြာသုံးသိန်းစီ သုံးသိန်းစီ ဆုလာဘ် ပေးသနားစေလေ၏။ ဤသို့လျှင် ကုန်သည်တို့သည် မင်းကြီးပေးသည့် ဆုလာဘ် အသပြာသုံးသိန်း,မိဖုရားကြီးပေးသည့် ဆုလာဘ် အသပြာ ကိုးသိန်းအားဖြင့် (၁၂၀၀၀၀၀) အသပြာ တသန်းနှစ်သိန်း ဆုလာဘ်တို့ကို ရရှိကြလေကုန်၏။

ထို့နောက်မှ မိဖုရားကြီးသည် ကုန်သည်တို့ကို “အမောင်တို့.... ယခုအခါ မင်းကြီး အဘယ်အရပ်မှာနည်း”ဟု မေး၍ ကုန်သည်တို့က “အရှင်မိဖုရားကြီး....‘မြတ်စွာဘုရားကို ရည်ညွှန်း၍ ငါ ရှုဟန်းပြုတော့မည်’ဟု တောထွက်သွားပါပြီ”ဟု လျှောက်ထားကြလေလျှင် မိဖုရားကြီးသည် “မင်းကြီးက ငါ့အား အဘယ်သို့သော သတင်းစကားကို မှာကြားပေးအပ်လိုက်ပါသေးသနည်း” ဟု မေးပြန်လေ၏။ ကုန်သည်တို့သည် မင်းကြီးမှာကြားလိုက်

သည့်အတိုင်း "အရှင်မိဖုရားကြီး....မင်းကြီးက အရှင်မိဖုရားကြီးတို့အား မင်း၏စည်းစိမ် အစိုးရဂုဏ်သိရိအားလုံးကို စွန့်ပေးအပ်ပြီတဲ့၊ အရှင်မိဖုရားကြီးတို့သည် အလိုရှိတိုင်း မင်းစည်းစိမ်ကို ခံစံသုံးဆောင်တော်မူကြပါကုန်"တဲ့ ဟု ပြန်ကြားလျှောက်ထားကြလေ၏။ တဖန် မိဖုရားကြီးက ကုန်သည်တို့ကို "အမောင်တို့......အမတ်တတောင်တို့သည်ကား ယခုအခါ အဘယ်အရပ်မှာနည်း" ဟု မေးလေလျှင် ကုန်သည်တို့သည် မိမိတို့ တွေ့မြင်ခဲ့ရသည့်အတိုင်း "အရှင်မိဖုရားကြီး....အမတ်များသည်လည်း 'ငါတို့သည် မင်းကြီးနှင့်အတူပင် ရဟန်းပြုကြကုန်အံ့'ဟု လိုက်ပါသွားကြပါပြီ" ဟု လျှောက်ထားကြလေကုန်၏။

**အနောဇာမိဖုရားကြီး အမတ်ကတော်တို့နှင့် တိုင်ပင်၍ ထွက်ခြင်း**

အနောဇာဒေဝီမိဖုရားကြီးသည် အမတ်ကတော်တတောင်တို့ကို ခေါ်စေပြီးလျှင် ထိုအမတ်ကတော်တို့နှင့် တိုင်ပင်နှီးနှောစကား ပြောဆိုသည်မှာ—

(မိဖုရားကြီး) အမိတို့....အမိတို့အိမ်သား အမတ်များသည် "မင်းကြီးနှင့်အတူ ရဟန်းပြုကြကုန်အံ့"ဟူ၍ လိုက်ပါသွားကြပြီ၊ ရှင်မတို့သည် အဘယ်အမှု ပြုကြမည်နည်း။

(ကတော်များ) အရှင်မိဖုရားကြီး ........ထိုအမတ်တို့က ကျွန်တော်မတို့အား အဘယ်သို့သော သတင်းစကားကို ပါးအပ်လိုက်ပါသတဲ့နည်း။

(မိဖုရားကြီး) အမိတို့အိမ်သား ထိုအမတ်များက မိမိတို့၏ စည်းစိမ်အားလုံးကို အမိတို့အား ပေးစွန့်အပ်ခဲ့ပြီတဲ့၊ အမိတို့သည် ထိုစည်းစိမ်ကို အလိုရှိတိုင်း သုံးဆောင်ခံစံကြကုန်တဲ့။

(ကတော်များ) အရှင်မိဖုရားကြီး....အရှင်မိဖုရားကြီးတို့ကော အဘယ်အမှုကို ပြုကြပါမည်နည်း။

(မိဖုရားကြီး) အမိတို့....ထိုငါ၏အရှင် မဟာကပ္ပိနမင်းကြီးသည် ရတနာသုံးပါးပွင့်ထွန်းကြောင်းသတင်းစကားကြားသိရ၍ ခရီးလမ်း၌ ရပ်တည်ရင်းကပင် အသပြာသုံးသိန်းတို့ဖြင့် ရတနာသုံးပါးတို့ကို ပူဇော်ပြီးလျှင် မင်းစည်းစိမ်ကို တံတွေးပေါက်ပမာ စွန့်ပယ်ခဲ့လျက် “ငါရဟန်းပြုတော့မည်”ဟု တောထွက်တော်မူနှင့်လေပြီ၊ ငါတမူကား ရတနာသုံးပါးတို့ပွင့်ထွန်းဖြစ်ပေါ်ကြောင်းသတင်းကောင်းကြားသိရ၍ ရတနာသုံးပါးတို့ကိုအသပြာကိုးသိန်းတို့ဖြင့် ပူဇော်အပ်ပြီးကုန်ပြီ။ ဤမင်းစည်းစိမ်မည်သည် မင်းကြီး၏ အဖို့ရာသာ ဆင်းရဲဒုက္ခ ဖြစ်စေနိုင်သည် မဟုတ်၊ငါ့အဖို့ရာလည်း ဆင်းရဲဒုက္ခ ဖြစ်စေနိုင်သည်သာ ဖြစ်၏။ မင်းကြီး ထွေးစွန့်၍ သွားသော တံတွေးပေါက်ကို ပညာရှိမူ အဘယ်သူသည် ပုဆစ်တုပ်ကာ ခံတွင်းဖြင့် ခံပါမည်နည်း = မခံမည်သာ ဖြစ်၏၊ ငါ့အား မင်းစည်းစိမ်ဖြင့် အလိုမရှိ = ငါသည် မင်းစည်းစိမ်ကို မလိုချင်၊ ငါသည်လည်း မြတ်စွာဘုရားကိုရည်ညွှန်းကာ မြတ်စွာဘုရားထံမှောက် သွားရောက်၍ ရဟန်းပြုပေအံ့။

(ကတော်များ) အရှင်မိဖုရားကြီး....ကျွန်တော်မတို့သည်လည်း အရှင်မိဖုရားကြီးတို့နှင့်အတူတကွပင် ရဟန်းပြုကြပါကုန်အံ့။

(မိဖုရားကြီး) စွမ်းနိုင်ကြလျှင် ကောင်းပါသည် အမိတို့....။

(ကတော်များ)စွမ်းနိုင်ကြပါသည် အရှင်မိဖုရားကြီး....။

ထိုအခါ မိဖုရားကြီးသည်“ကောင်းပြီအမိတို့....၊ ထိုသို့ ဖြစ်လျှင် လာ,သွားကြစို့”ဟု ပြောဆိုကာ ရထားစီးရေ တထောင်ကို က-စေ၍ ရထားထက်သို့ တက်စီးပြီးလျှင် ထိုအမတ်ကတော် တထောင်တို့နှင့်အတူတကွ ပြည်မှထွက်ခဲ့၍လမ်းခရီးအကြားဝယ် ပဌမမြစ်ကို တွေ့ရလေသော် မဟာကပ္ပိနမင်းကြီး အမတ်တို့ကို

မေးသည့်နည်းအတူ မေးမြန်း၍ ခပ်သိမ်းသော အကြောင်းကို ကြားသိရပြီးလျှင်“မင်းကြီး ကူးသွားသောလမ်းကို ကြည့်ရှုရှာဖွေကြလော့”ဟု ပြောဆိုမိန့်ကြား၍ “အရှင်မိဖုရားကြီး....သိန္ဓောမြင်းတို့၏ခြေရာကိုမျှ မတွေ့ မမြင်ကြရပါကုန်”ဟု ပြန်ကြား လျှောက်ထားအပ်လေသော် မိဖုရားကြီးသည် “ငါ၏သခင် မဟာကပ္ပိန မင်းကြီးကား ရတနာသုံးပါးတို့ကို ရည်ညွှန်း၍ တောထွက်တော်မူလျက် သစ္စာပြုကာ ဤမြစ်ကို ကူးသန်းသွားရောက်တော်မူသည် ဖြစ်လိမ့်မည်။ ငါသည်လည်း ရတနာ သုံးပါးတို့ကို ရည်ညွှန်း၍ တောထွက်ခဲ့လေပြီ၊ ထိုရတနာသုံးပါးတို့၏ အာနုဘော်ကြောင့်ပင် ဤမြစ်ရေသည် ရေကဲ့သို့ မဖြစ်ပါစေလင့်” ဟု ရတနာသုံးပါးတို့၏ ဂုဏ်ကို ဆင်ခြင်အောက်မေ့၍ ရထားတထောင်ကို မြစ်ရေအပြင်၌ မောင်းနှင်စေလေ၏။ ထိုအခါ ရေအပြင်သည် ကျောက်ဖျာကဲ့သို့ ဖြစ်၍နေ၏၊ ရထားဘီးတို့၏ အကွပ်အနားကိုမျှ ရေမစွတ်မစိုချေ။ ဤနည်းဖြင့်ပင် ကျန်သော မြစ်နှစ်တန်တို့ကိုလည်း မင်းကြီးအတူ ကူးမြောက်ခဲ့လေ၏။ (ဤတွင်ရွှေကား မမ္မပဒ အဋ္ဌကထာမှ ထုတ်နုတ် ရေးသားအပ်သော စကားစုတည်း၊ ဤမှနောက်၌ အံ ၄ ၁-ဖွင့်ပြချက် အတိုင်း ရေးသားဖော်ပြပေအံ့)—

အနောဇာဒေဝီ မိဖုရားကြီးသည် တတိယမြောက်ဖြစ်သည့် စန္ဒဘာဂါမြစ်ကို ကူးမြောက်မိလျှင်ပင် ပညောင်ပင်ရင်း၌ သီတင်းသုံးထိုင်နေတော်မူသော မြတ်စွာဘုရားရှင်ကို ဖူးမြင်ရလေ၏။ မြတ်စွာဘုရားရှင်သည်လည်း “ဤအမျိုးသမီးတို့၏ အဖွဲ့ရာ မိမိတို့၏ အရှင်သခင် လင်ယောကျ်ားတို့ကို တွေ့မြင်ရလျှင် ဆန္ဒရာဂသည် ဖြစ်ပေါ်၍ မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုလေရာ၏၊ တရားကိုလည်း ဖြောင့်ဖြောင့် နာယူနိုင်ကြလိမ့်မည် မဟုတ်” ဟု ကြိုစည်ဆင်ခြင် သိမြင်တော်မူသဖြင့် ထိုသူတို့ အချင်းချင်း မမြင်ရလေအောင် တန်ခိုးဖန်ဆင်းမှု ပြုတော်မူလေ၏။ ထိုအမျိုးသမီး အားလုံးတို့သည်လည်း စန္ဒဘာဂါမြစ်ဆိပ်ကမ်းမှ တက်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးကာ ထိုင်နေကြလေ၏။ မြတ်စွာဘုရားသည်

ထိုအမျိုးသမီးတို့အား တရားစကား ဟောကြားတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးလတ်သောအခါ အားလုံးသော အမျိုးသမီးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြ၍ အချင်းချင်း မိမိတို့၏ အရှင်သခင် လင်ယောကျ်ားတို့ကို မြင်ကြရလေကုန်၏။ မြတ်စွာဘုရားသည် "ဥပ္ပလဝဏ္ဏာထေရီမသည် လာရောက်စေသတည်း" ဟု ကြံစည်အောက်မေ့တော်မူလျှင်ပင် ထေရီမသည် လာရောက်၍ အားလုံးသော အမျိုးသမီးတို့ကို ရဟန်းမ ပြုပေးပြီးလျှင် ခေါ်ဆောင်၍ ဘိက္ခုနီမကျောင်းတိုက်သို့ သွားရောက်လေ၏။ မြတ်စွာဘုရားသည် ရဟန်းတထောင်ကို ခေါ်ဆောင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတိုက်သို့ကြွရောက်တော်မူလေ၏။

**အရှင်မဟာကပ္ပိန မထေရ်ကိုအကြောင်းပြု၍**
**ဓမ္မပဒဂါထာကို ဟော တော်မူခြင်း**

ထိုနောက် အရှင်မဟာကပ္ပိနမထေရ်သည် ရဟန်းတရားပွါးများအားထုတ်သဖြင့် အရဟတ္တဖိုလ်ပေါက် ရောက်လတ်သောအခါ မိမိ၏ရဟန်းကိစ္စ အထွတ်အထိပ်ရောက် ပြီးမြောက်သည်ကို သိ၍ မိမိအနီးနေ တပည့်ရဟန်းတထောင်တို့အား တရားဟောဖို့ရန် ကြောင့်ကြအားထုတ်မှု ပြုတော်မမူပဲ အရဟတ္တဖိုလ်သမာပတ်ချမ်းသာဖြင့် အချိန်ကို ကုန်လွန်စေလျက် တောသို့ ကပ်ရောက်စဉ်ရင်း, သစ်ပင်ရင်းသို့ ကပ်ရောက်စဉ်ရင်း, ဆိတ်ငြိမ်ရာသို့ ကပ်ရောက်စဉ်ရင်း "အဟော သုခံ၊ အဟော သုခံ=ဩ...ချမ်းသာစွ, ဩ...ချမ်းသာစွ"ဟု အမြဲမပြတ် ဥဒါန်းကျူးရင့်တော်မူလေ၏။ အခြားရဟန်းတို့သည် ထိုဥဒါန်းကိုကြားသိကြရ၍ "ကပ္ပိနမထေရ်သည် ပြည်စည်းစိမ်ကို အမှတ်ရ အောက်မေ့ကာ ဥဒါန်းကျူးရင့်နေသည်"ဟု အထင်လွဲစကား ပြောကြားကြကုန်၏။ ထိုနောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားကြလေသော် မြတ်စွာဘုရားရှင်သည် "ငါ၏သားတော် ကပ္ပိနထေရ်ကျော်သည် မဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို အာရုံပြု၍ ဥဒါန်းကျူးရင့်သည်"ဟု မိန့်တော်မူ၍ ဓမ္မပဒ၌ ဤတရားဂါထာကို ဟောကြားတော်မူလေ၏—

ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့….။ ဓမ္မပီတိ=အမြိုက်ကိုးပါး လောကုတ္တရာတရားကို ရွှင်အား ဝဝ သောက်သုံးရသော ပုဂ္ဂိုလ်သည်။ ဝိပ္ပသန္နေန စေတသာ=ဥပက္ကိလေသကင်းစင် အထူးကြည်လင်သော စိတ်ဖြင့်။ သုခံ=ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ =အိပ်ရ၏။ (ဝါ) သုခံ သေတိ = လေးဖြာယာပထ ချမ်းသာစွာနေရ၏။ ပဏ္ဍိတော= ခန္ဓာကိုယ်ရေး ထောက်တွေးသိမြင် ပညာရှင်သည်။ အရိယပ္ပဝေဒိတေ = ဘုရားအစရှိသည့် အရိယာသူမြတ်တို့ ဟောကြားအပ်သော။ ဓမ္မေ = ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့် ခုနစ်ပါး၌။ သဒါ = နေ့ညဉ့်ဆက်ကာ အခါခပ်သိမ်း။ ရမတိ = ခံ့မွေ့လျော်နှစ်မြို့က် ပျော်ပိုက်ပေ၏။

(ဒေသနာတော် အဆုံး၌ များစွာသောသူတို့ သောတာပန် အရိယာ စသည် ဖြစ်ကြလေကုန်သည်။ ဓမ္မပဒ၊ ဌ ၁၊၃၅၉-မှ)။

### အရှင်မဟာကပ္ပိနမထေရ် အနီးနေတပည့်တို့ကို တရားဟောတော်မူခြင်း

ထိုနောက် တနေ့သ၌ မြတ်စွာဘုရားသည် အရှင်မဟာကပ္ပိန မထေရ်၏ အနီးနေတပည့်ရဟန်းတထောင် (ရှေးကအမတ်များ) တို့ကို ခေါ်တော်မူ၍ "ရဟန်းတို့....အသို့နည်း = ဘယ့်နှယ်လဲ၊ သင်တို့ဆရာသည် သင်တို့အား တရားကို ဟော၏လော" ဟု မေးတော်မူ၏။ ရဟန်းတထောင်တို့က "မြတ်စွာဘုရား....တပည့်တော်တို့ဆရာသည် တပည့်တော်တို့အား တရားမဟောပါ၊ တရားဟောရန်အလုပ် ကြောင့်ကြအားထုတ်မှုမပြုပဲ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေထိုင်ကြောင်းဖြစ်သည့် အရဟတ္တဖိုလ်သမာပတ်ကိုသာ မပြတ်အားထုတ်လျက် နေတော်မူပါ၏၊တပည့်

တပါးအားမျှ အဆုံးအမ ဩဝါဒမျှကိုပင် မပေးပါဘုရား”ဟု လျှောက်ထားကြလေလျှင် မြတ်စွာဘုရားသည် အရှင်မဟာကပ္ပိန မထေရ်ကို ခေါ်စေတော်မူ၍ ချစ်သားကပ္ပိန…သင်ချစ်သား သည် အန္တေဝါသိက = အနီးနေတပည့်တို့အား အဆုံးအမ ဩဝါဒမျှကိုပင် မပေးဟူသည် မှန်သလော”ဟု မေးတော်မူ၏။ အရှင်မဟာကပ္ပိနမထေရ်က “မှန်ပါသည် မြတ်စွာဘုရား…”ဟု ပြန်ကြားလျှောက်ထားလေလျှင် မြတ်စွာဘုရားသည် အရှင်မဟာ ကပ္ပိနမထေရ်ကို“ဗြာဟ္မဏ ပါပ အန္တေဝါသိကကြောင့် ဗြာဟ္မဏမည်ပြား အိုချစ်သား……၍သို့ မပြုပါလင့် = တရားမဟောဘဲ မနေပါလင့်၊ ယနေ့မှစ၍ သင်ချစ်သားသည် အန္တေဝါသိက=အနီးနေတပည့် ရဟန်းတထောင်တို့အား တရားကို ဟောပါလေ”ဟု တိုက်တွန်း စကား မိန့်ကြားတော်မူ၏။

မထေရ်မြတ်သည်“ကောင်းပါပြီ မြတ်စွာဘုရား”…ဟု မြတ်စွာ ဘုရား၏ တိုက်တွန်းချက်စကားကို ဦးထိပ်ရွက်ပန်ဆင်၍ တရား တပွဲတည်းနှင့်ပင် ရဟန်းတထောင်အား တရားကို ဟောကြား၍ အားလုံး (ရဟန်းတထောင်လုံး) တို့ကိုပင် အရဟတ္တဖိုလ်သို့ ရောက်စေတော်မူလေ၏။ ။(ဤအချက်သည်ပင် မထေရ်၏ အဖို့ရာ ဧတဒဂ်ဘွဲ့ထူးရကြောင်း လုပ်ငန်းရပ်ဖြစ်လေသည်။)

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

နောက်တချိန်ဝယ် မြတ်စွာဘုရားသည် အရိယာသံဃာတို့ အလယ်၌ ထိုင်နေတော်မူကာ အစဉ်အတိုင်း မထေရ်မြတ်တို့ကို ဧတဒဂ်ရာထူး = ဌာနန္တရ၌ ထားတော်မူသည်ရှိသော် အရှင် မဟာကပ္ပိနမထေရ်ကို—

> “ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဘိက္ခု- ဩဝါဒကာနံ ယဒိဒံ မဟာကပ္ပိနော = ရဟန်းတို့… ရဟန်းယောကျ်ားတို့ကို ဆုံးမကြသည့် ငါဘုရား၏တပည့် သာဝကရဟန်းတို့တွင် မဟာကပ္ပိနရဟန်းသည် အသာ ဆုံး အမြတ်ဆုံး ဖြစ်ပေ၏”—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ဘိက္ခုသြဝါဒက = ရဟန်း ယောကျ်ားတို့ကို ဆုံးမသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား အရှင်မဟာကပ္ပိနမထေရ် အကြောင်းတည်း။

---

## (၃၉) အရှင်သာဂတမထေရ်အကြောင်း

### (က) မထေရ်၏ ဆုတောင်း

ဤ အရှင်သာဂတမထေရ်အလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ နောက်အဖို့ဝယ် မြတ်စွာဘုရား၏တရားဒေသနာကိုနာယူစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို "တေဇောကသိဏချာန်ကို ဝင်စားရာ၌ ကျွမ်းကျင်လိမ္မာကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး"၌ ထားတော်မူသည်ကို မြင်လတ်၍ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုတေဇောဓာတုကုသလ = တေဇောကသိဏချာန်ကို ဝင်စားရာ၌ ကျွမ်းကျင်လိမ္မာမှုဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး ဌာနန္တရကို ဆုတောင်း ပတ္ထနာမှု ပြုလေသည်။ ပဒုမုတ္တရမြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့လျက် ဤဘုရားမြတ်စွာ ပွင့်ထွန်းရာကာလဝယ် သာဝတ္ထိပြည်၌ သာဂတမည်သော ပုဏ္ဏားလုလင်ဖြစ်၍ နောက်တချိန်ဝယ် မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရသဖြင့် သဒ္ဓါတရား ဖြစ်ပွါး တိုးတက်ကာ သာသနာဝန်ထမ်း ရဟန်းပြု၍ လောကီချာန်သမာပတ်ရှစ်ပါးတို့ကို ဖြစ်ပွါးစေပြီးလျှင် ထိုချာန်သမာပတ်တို့၌ အလွန်

နိုင်နင်းခြင်းသို့ ရောက်ရှိလေ၏။ လောကီအဘိညာဏ် ၅-ပါးတို့၌ လေ့လာနိုင်နင်းခြင်းသို့ ရောက်တော်မူလေ၏။

**အရှင်သာဂတ နဂါးကို ဆုံးမခြင်း**

(ဝိနည်း ပါစိတ်ပါဠိတော် သုရာပါနသိက္ခာပုဒ်မှ ထုတ်နုတ်ဖော်ပြပေအံ့)—တနေ့သ၌ မြတ်စွာဘုရားသည် စေတိယတိုင်း၌ ဒေသစာရီ ကြွချီတော်မူလတ်သော် ဘဒ္ဒဝတိက-မည်သောရွာသို့ ရောက်တော်မူလေ၏၊ (ရွာစည်းရိုး အလွန်ကောင်းသောကြောင့် ထိုရွာ၏အမည်မှာ ဘဒ္ဒဝတိကရွာဟု တွင်မည်လေသည်)။ နွားကျောင်းသား, ဆိတ်ကျောင်းသား, လယ်ထွန်သမား, ခရီးသွားသောသူတို့သည် မြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးကပင် မြင်ကြ၍ "မြတ်စွာဘုရား....သရက်ပင်ဆိပ်သို့ ကြွတော်မမူပါလင့်၊ သရက်ပင်ဆိပ်ရသေ့၏ ကျောင်းသခ်မ်း၌ လျှင်လည်းလျှင် ကြမ်းလည်းကြမ်းသည့် အဆိပ်ရှိသော တန်ခိုးနှင့် ပြည့်စုံသော နဂါးသည် နေပါ၏ဘုရား၊ ထိုနဂါးသည် မြတ်စွာဘုရားကို မညှဉ်းဆဲပါစေလင့်"ဟု တောင်းပန် လျှောက်ထားကြကုန်၏။ ဤသို့ လျှောက်ဆိုအပ်သော်-မြတ်စွာဘုရားသည် ဆိတ်ဆိတ်သာ လျှင် နေတော်မူ၏။

(ဤ၌။ ။သရက်ပင်ဆိပ်နဂါး၏ အကြောင်းအဋ္ဌကထာအကျဉ်းချုပ်ကား——ထိုသရက်ပင်ဆိပ်ဝယ် ကူးတို့ပို့၍စားသော လှေသမားတဦး ရှိလေသည်၊ တချိန်တွင် များစွာသောခရီးသွားသည့်သည်တို့သည် ထိုလှေသမားနှင့်အဆင်မပြေ ပဋိပက္ခရန်သူများဖြစ်ကြ၍ ထိုလှေသမားကို ရိုက်ပုတ်သတ်ဖြတ်ကြလေသည်။ ထိုလှေသမားသည် ဆန့်ကျင်သော စိတ်ဖြင့် သေတောင်းပတ္ထနာမှု ပြုခဲ့သောကြောင့် ထိုသရက်ပင်ဆိပ်၌ပင် တန်ခိုးအာနုဘော်ကြီးမားသော နဂါးမင်းဖြစ်လာလေသည်။

ထိုနဂါးမင်းသည် နယ်ပယ်နေသူ လူတို့အပေါ် အလွန်ဆန့်ကျင်သော စိတ်ရှိခြင်းကြောင့် မိမိတန်ခိုးဖြင့် မိုးမရွာသင့်သော အခါ၌သာ မိုးကို ရွာသွန်းစေ၏၊ ရွာသင့်သောအခါ၌ကား မိုးကို မရွာသွန်းစေ၊ သို့ရကား ထိုနယ်ပယ်၌ ကောက်စပါးတို့သည် မပြည့်မစုံ မအောင်မြင်ကြလေကုန်။ ထိုစေတိယတိုင်း၌နေသူ လူခပ်သိမ်းတို့သည်လည်း ထိုအန္တရာယ်ငြိမ်းစိမ့်သောငှါ နှစ်စဉ် နှစ်စဉ် ပူဇော်မှုကို ပြုကြကုန်၏၊

ထိုနဂါးနေရန်အတွက်လည်း သင်္ခမ်းကျောင်းတခု ဆောက်လုပ်ပေးကြလေသည်၊ ဤကား သရက်ပင်ဆိပ်နဂါး၏ အဋ္ဌုပ္ပတ္တိအကြောင်း အကျဉ်းချုပ်တည်း။ ။အံ ဋ ၁၊ မျက်နှာ ၂၅၁-မှ)။

မြတ်စွာဘုရားရှင်သည်လည်း ထိုသရက်ပင်ဆိပ်ဖြင့်ပင် ကမ်းသို့တက်၍ ရဟန်းအပေါင်းခြံရံတော်မူအပ်လျက် "ထိုအရပ်၌ပင် ညဥ့်သီတင်းသုံး နေတော်မူမည်" ဟူသော ရည်ရွယ်ချက်ဖြင့် ကြွတော်မူလေသည်။ အစိုးရိမ်ကြီးကြ၍ နွားကျောင်းသား, ဆိတ်ကျောင်းသား, လယ်ထွန်သမား, ခရီးသွားသော သူတို့က သုံးကြိမ်တိုင်တိုင်ပင် မကြွရောက်ရန် တောင်းပန်လျှောက်ထားအပ်သော်လည်း အကြောင်းကိုသိတော်မူပြီးဖြစ်၍ ဆိတ်ဆိတ်သာလျှင် နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူ၍ ဘဒ္ဒဝတိကရွာသို့ ဆိုက်ရောက်တော်မူကာ ထိုရွာ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အရှင်သာဂတသည် သရက်ပင်ဆိပ် ရသေ့ကျောင်းသင်္ခမ်းသို့ သွားရောက်၍ နဂါးနေရာ မီးတင်းကုပ်သို့ ဝင်လျက် မြက်ဖျာကို ခင်းပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ (=တင်ပလ္လင်ခွေ)နေကာ ကိုယ်ကို ဖြောင့်မတ်စွာ ထားလျက် ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကိုဖြစ်စေ၍ ထိုင်နေတော်မူလေ၏။

နဂါးသည် အရှင်သာဂတ ဝင်လာသည်ကို မြင်လျှင်ပင် နှလုံးမသာယာသဖြင့် အခိုးလွှတ်လေ၏။ အရှင်သာဂတကလည်း ဈာန်စိတ်ဖြင့် ထိုထက်လွန်ကဲသော အခိုးကို လွှတ်တော်မူ၏။ ထိုအခါ နဂါးသည် မိမိ၏အမျက်ဒေါသကို မချုပ်တည်းနိုင်သည်းမခံနိုင်ရကား မီးအလျှံတွေတဖွားဖွား လွှတ်လေတော့၏။ အရှင်သာဂတကလည်း တေဇောကသိဏ်းဈာန်ကို ဝင်စား၍ နဂါးလွှတ်သည့်အလျှံထက် ကဲလွန်သော မီးအလျှံများကို လွှတ်တော်မူလေ၏။

ထိုအခါ နဂါးသည် "ဤရဟန်းကား တန်ခိုးကြီးလှ၏တကား" ဟု အရှင်သာဂတမထေရ်၏ခြေရင်း၌ ဝပ်စင်း၍ "အရှင်ဘုရား....

အကျွန်ုပ်သည် အရှင်ဘုရားတို့အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏" ဟု လျှောက်ထားလေ၏။ အရှင်သာဂတမထေရ်က "ငါ့အား ကိုးကွယ်ရာဟု ဆည်းကပ်ရန် ကိစ္စမရှိ၊ မြတ်စွာဘုရားအားသာ ကိုးကွယ်ရာဟု ဆည်းကပ်လေ"ဟူ၍ မိန့်တော်မူလေလျှင် နဂါးမင်းသည်"ကောင်းပါပြီ"ဟု ဝန်ခံပြီးနောက် သရဏဂုံတည်သူဖြစ်ကာ ထိုအချိန်မှစ၍ တစုံတယောက်ကိုမျှ ညှဉ်းဆဲမှုမပြုတော့ချေ၊ မိုးကိုလည်း အချိန်မှန်မှန် ရွာသွန်းစေ၏၊ သို့ရကား ကောက်စပါးတို့သည်လည်း ကောင်းစွာပြည့်စုံကြလေကုန်၏။ ။ (ဤစကားပိုဒ်ကား အံ ၄ ၁၊မျက်နှာ ၂၅၂-မှ ဖြစ်သည်)။

ထိုနောက် အရှင်သာဂတမထေရ်သည် နဂါးကို နိုင်နင်းစွာ ဆုံးမတော်မူပြီးလျှင် မြတ်စွာဘုရားရှင်ရှိရာ ဘဒ္ဒဝတိကရွာသို့ သွားရောက်တော်မူလေ၏။

## ကောသမ္ဗီပြည်ဖက်သို့ ခရီးဆက်ခြင်း

ထိုနောက် မြတ်စွာဘုရားသည် ဘဒ္ဒဝတိကရွာ၌ ချဉ်းကပ်ဆုံးမသင့်သူ ရှိသလောက် သီတင်းသုံးနေတော်မူပြီးလျှင် ကောသမ္ဗီပြည်သို့ ဒေသစာရီ ကြွချီတော်မူလေ၏။ ကောသမ္ဗီပြည်သားဥပါသကာများသည် "သရက်ပင်ဆိပ်၌နေသော နဂါးနှင့်အတူ အရှင်သာဂတသည် နိုင်အောင် စစ်ထိုးတော်မူသတဲ့" ဟူသော သတင်းစကားကို ကြားသိပြီးသား ဖြစ်ကြကုန်၏။ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူလေသော် ကောသမ္ဗီပြည်သို့ ရောက်တော်မူ၏။ ထိုအခါ ကောသမ္ဗီပြည်သား ဥပါသကာများသည် မြတ်စွာဘုရားအား ခရီးဦး ကြိုဆိုကြပြီးလျှင် အရှင်သာဂတမထေရ်ထံသို့ ချဉ်းကပ်ပြီးနောက် မထေရ်ကို ရှိခိုးကြပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ရပ်တည်ကြလျက် "အရှင်ဘုရား........အရှင်ဘုရားတို့အဖို့ရာ အဘယ်ဝတ္ထုပစ္စည်းသည် ရခဲပါအံ့နည်း၊ နှစ်ခြိုက်ဖွယ်လည်း ဖြစ်ပါသနည်း၊ တပည့်တော်များသည် အဘယ်ဝတ္ထုပစ္စည်းကို စီရင်ကြရပါမည်နည်း"ဟု လျှောက်ထားကြကုန်၏။

ဤသို့ လျှောက်ထားအပ်သည်ရှိသော် သမ္ဗဂ္ဂီရဟန်းတို့သည် ကြားက ဝင်ရောက်၍ ကောသမ္ဗီပြည်သား ဥပါသကာများကို "ဒါယကာတို့ .... ကာပေါတိက-အမည်ရှိသော = ခိုခြေအသွေး နီတွေးသော အဆင်းရှိသော ကြည်လင်သော သေအရက်သည် ရဟန်းတို့ အဖို့ရာ ရလည်းရခဲ၏၊ နှစ်ခြိုက်ဖွယ်လည်း ဖြစ်၏၊ ထို သေအရက်ကို စီရင်ကုန်လော့"ဟု ပြောဆိုကြလေကုန်၏။

(ဤဦ။ ။သမ္ဗဂ္ဂီရဟန်းတို့၏ အကြောင်းအရာ အကျဉ်းချုပ်ကား- သာဝတ္ထိပြည်သား (၁-၂) ပဏ္ဍုကနှင့် လောဟိတက (၃-၄) မေတ္တိယ နှင့် ဘုမ္မဇက (၅-၆) အဿဇိနှင့် ပုနဗ္ဗသုက-ဟူသော သူငယ်ချင်း ၆-ယောက်တို့သည် "သူငယ်ချင်းတို့........လူ့ပြည်လောကဝယ် လယ်ထွန်မှု စသည်တို့သည် ခဲယဉ်းလှကုန်၏၊ ကိုင်း....သူငယ်ချင်းတို့ ငါတို့သည် ရဟန်းပြုကြကုန်စို့၊ ရဟန်းပြုကြလျှင်လည်း ကိစ္စကြီးငယ် ဖြစ်ပေါ်လာ လျှင် စီးရပိုင်ပိုင် ဆုံးဖြတ်နိုင်ရာဌာန (=မျက်နှာကြီးပုဂ္ဂိုလ်အထံ) ၌ ရဟန်းပြုမှသင့်တော်မည်"ဟု တိုင်ပင်ညီညွတ်ကြ၍ အဂ္ဂသာဝကနှစ်ပါး တို့အထံ၌ ရဟန်းပြုကြလေကုန်၏။

ထိုရဟန်းတို့သည် ရဟန်းသိက္ခာ ၅-ဝါစိ ရရှိပြီးကြသော် မာတိကာ ကို လေ့လာနိုင်နင်းအောင် ပြုကြ၍ "ငါ့ရှင်တို့....ဇနပုဒ်=တိုက်နယ် ဟူသည်မှာ ရံခါ အစာပေါများ၍ ရံခါ အစာရှားတတ်သည်၊ သို့ရကား ငါတို့ ၆-ဦး တနေရာတည်း၌ စု၍ မနေကြပဲ သုံးဌာနတို့၌ ခွဲ၍ နေကြ ကုန်စို့"ဟု တိုင်ပင်ကြလေကုန်၏။

ထို့နောင်မှ (၁) ပဏ္ဍုကရဟန်းနှင့် (၂) လောဟိတကရဟန်း တို့ကို "ငါ့ရှင်တို့........သာဝတ္ထိပြည်ဆိုသည်မှာ အမျိုးအိမ်ခြေပေါင်း (၅၇၀၀၀၀၀) ငါးသန်း ခုနစ်သိန်းတို့ နေထိုင်ရာမြို့ကြီး ဖြစ်သည်၊ ကျေးလက်ရွာပေါင်း (၈၀၀၀၀) ရှစ်သောင်းတို့ဖြင့် တန်းဆာဆင်အပ် သည့် ကာသိတိုင်း, ကောသလတိုင်း=ဤနှစ်တိုင်းတို့က အခွန်အတုတ် ဆက်သရာ မင်းနေပြည်ကြီးလည်း ဖြစ်သည်။ ငါ့ရှင်တို့သည် ထိုသာဝတ္ထိ ပြည်ဝယ် အဦးကျရာဌာန၌ ကျောင်းဝိုင်းပရိဝုဏ်တို့ကို ဆောက်လုပ်ပြီး လျှင် သရက်ပင်, ပိန္နဲပင်, အုန်းပင်-စသည်တို့ကို စိုက်ပျိုးကြ၍ ပန်းမာလ်, သစ်သီးဝလံတို့ဖြင့် အမျိုးဒါယကာတို့ကို ချီးမြှောက်ဆွဲဆောင်ကြကုန် လျက် အမျိုးသားသူငယ်တို့ကို ရှင်, ရဟန်းပြုပေးကြကာ ပရိသတ် တိုးပွါးအောင် အားထုတ်ကြကုန်လော့"ဟု စီမံစကား ပြောကြားကြ ကုန်၏။

(၃) မေတ္တိယရဟန်းနှင့် (၄) ဘုမ္မဇကရဟန်းတို့ကို "ငါ့ရှင်တို့... ရာဇဂြိုဟ်ပြည်ဆိုသည်မှာ လူဦးရေပေါင်း (၁၈၀၀၀၀၀၀)တဆယ့်ရှစ်ကုဋေတို့ နေထိုင်ရာမြို့ကြီးဖြစ်သည်၊ ကျေးလက်ရွာပေါင်း(၈၀၀၀၀) ရှစ်သောင်းတို့ဖြင့် တန်းဆာဆင်အပ်သည့် ယူဇနာ(၃၀၀)သုံးရာကျယ်ပြန့်သော အင်္ဂတိုင်း, မဂဓတိုင်း=ဤနှစ်တိုင်းတို့၏ အခွန်ဆက်သရာ မင်းနေပြည်ကြီးလည်း ဖြစ်သည်။ ငါ့ရှင်တို့သည် ရာဇဂြိုဟ်ပြည်သို့ဝယ် အဦးကျရာဌာန=အကွက်ကောင်း နေရာကောင်း၌ ကျောင်းဝိုင်းပရိဝုဏ်တို့ကို ဆောက်လုပ်ပြီးလျှင် သရက်ပင်,ပိန္နဲပင်,အုန်းပင်-စသည်တို့ကို စိုက်ပျိုးကြ၍ ပန်းမာလ်, သစ်သီးဝလံတို့ဖြင့် အမျိုးဒါယကာတို့ကို ချီးမြှောက်ဆွဲဆောင်ကြကုန်လျက် အမျိုးကောင်းသား သူငယ်တို့ကို ရှင်,ရဟန်း ပြုပေးကြကာ ပရိသတ်တိုးပွါးအောင် အားထုတ်ကြကုန်လော့"ဟု စီမံစကား ပြောကြားကြကုန်၏။

(၅) အဿဇိရဟန်းနှင့် (၆) ပုနဗ္ဗသုကရဟန်းတို့ကို "ငါ့ရှင်တို့... ကီဋာဂိရိဇနပုဒ်=တိုက်နယ်ကြီးသည် မိုးတွင်းမိုး, ဆောင်းရာသီမိုး=ဤမိုးနှစ်မျိုးတို့ ဖြိုးဖြိုးရွာသွန်းအပ်သောကြောင့် ကောက်စပါးသုံးသီးတို့ ပွါးစီးပြည့်စုံရာ တိုက်နယ်ကြီးဖြစ်သည်။ ငါ့ရှင်တို့သည် ထို ကီဋာဂိရိဇနပုဒ်=တိုက်နယ်ကြီးဝယ် အဦးကျရာဌာန=အကွက်ကောင်း နေရာကောင်း၌ ကျောင်းဝိုင်းပရိဝုဏ်တို့ကို ဆောက်လုပ်ပြီးလျှင် သရက်ပင်, ပိန္နဲပင်, အုန်းပင်-စသည်တို့ကို စိုက်ပျိုးကြ၍ ပန်းမာလ်, သစ်သီးဝလံတို့ဖြင့် အမျိုးဒါယကာတို့ကို ချီးမြှောက်ဆွဲဆောင်ကြကုန်လျက် အမျိုးကောင်းသား သူငယ်တို့ကို ရှင်, ရဟန်းပြုပေးကြကာ ပရိသတ်တိုးပွါးအောင် အားထုတ်ကြကုန်လော့"ဟု စီမံစကား ပြောကြားကြကုန်၏။

ထိုရဟန်းခေါင်းဆောင် ၆-ဦးတို့သည် စီမံတိုင်ပင် ပြောဆိုကြသည့်အတိုင်းပင် ရှက်ဆောင်ကြကုန်၏။ ထိုရဟန်း ၃ စုတို့အနက် တစုတစု တပက္ခတပက္ခလျှင် ပရိသတ်အခြံအရံရဟန်းတို့ ငါးရာစီ ငါးရာစီ ရှိကြကုန်၏။ ဤသို့လျှင် ခေါင်းဆောင်ရဟန်း ၆-ဦးတို့နှင့်တကွ ဆဗ္ဗဂ္ဂီဂိုဏ်းဝင်ရဟန်းတို့သည် ( ၁၅၀၀ ) တထောင့်ငါးရာကျော် ရှိကြလေသည်။ (ခေါင်းဆောင်ရဟန်း ၆-ဦးကို အစွဲပြု၍ ထိုရဟန်းအပေါင်းအသင်းကို ဆဗ္ဗဂ္ဂီ=၆-ဦးအစုရှိသော ရဟန်းတို့ဟူ၍ ခေါ်ဆိုအပ်လေသည်)။

ထိုဆဗ္ဗဂ္ဂီရဟန်းတို့အနက် ပဏ္ဍုကရဟန်းနှင့် လောဟိတကရဟန်းတို့သည် ပရိသတ်ရဟန်းငါးရာတို့နှင့်တကွ သီလရှိကြသည့် သီလဝန္တပုဂ္ဂိုလ်တို့သာ ဖြစ်ကုန်၏၊ မြတ်စွာဘုရားနှင့် အတူတကွ ဒေသစာရီလှည့်လည်

ရာသို့လည်း လိုက်ပါကြကုန်၏၊ ထိုရဟန်းတို့သည် ရှေးကမပြုအပ်ဘူးသည့် လွန်ကျူးမှုဝတ္ထုကို ပြုကြကုန်သော်လည်း ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကိုကား မကျူးလွန်ကြကုန်။ ကျန်သည့် နှစ်ပက္ခဝင်ရဟန်းတို့ကား အားလုံးပင် အလဇ္ဇီရဟန်းတို့ချည်း ဖြစ်ကုန်၏၊ ရှေးက မပြုအပ်ဘူးသည့် လွန်ကျူးမှုဝတ္ထုကိုလည်း ပြုကြကုန်၏၊ ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကိုလည်း လွန်ကျူးကြကုန်၏။ ။ဤကား ဆဗ္ဗဂ္ဂီရဟန်းတို့၏ အကြောင်းအရာအကျဉ်းတည်း။ ဝိ ဋ္ဌ ၂၊ စာမျက်နှာ ၁၉၉-မှ)။

ဆဗ္ဗဂ္ဂီရဟန်းတို့ တိုက်တွန်းပြောဆိုချက်အရ ရိုးသားရှာကြသော ကောသမ္ဗီပြည်သား ဥပါသကာများသည် အိမ်တိုင်း အိမ်တိုင်း၌ ကာပေါတိကမည်သော ကြည်လင်သော သေအရက်ကို စီမံကြပြီးလျှင် ဆွမ်းခံဝင်လာသော အရှင်သာဂတကို မြင်ကြ၍ "အရှင်ဘုရား····အရှင်သာဂတသည် ကာပေါတိကမည်သော ကြည်လင်သော သေအရက်ကို သောက်သုံးတော်မူပါလော့၊ အရှင်ဘုရား........အရှင်သာဂတသည် ကာပေါတိကမည်သော ကြည်လင်သော သေအရက်ကို သောက်သုံးတော်မူပါလော့"ဟု အရှင်သာဂတကို လျှောက်ထားကြလေကုန်၏။ ထိုအခါ အရှင်သာဂတသည် (သိက္ခာပုဒ် မပညတ်အပ်သေးမိဖြစ်၍ အပြစ်ရှိ၏ဟု မယူဆမိပဲ ဒါယကာတို့ တောင်းပန်အပ်သောကြောင့်) အိမ်တိုင်း အိမ်တိုင်း၌ အနည်းငယ် အနည်းငယ်သော ကာပေါတိကမည်သော ကြည်လင်သော သေအရက်ကို သောက်၍ မြို့မှ ထွက်လာသည်ရှိသော် မြို့တံခါးဝ၌ လဲကျလေတော့၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းများစွာတို့နှင့် အတူတကွ မြို့မှ ထွက်ကြွလာသည်ရှိသော် မြို့တံခါးဝ၌ လဲကျနေသော အရှင်သာဂတကို မြင်တော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့........သာဂတကို ယူဆောင်ခဲ့ကုန်လော့"ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် "ကောင်းပါပြီ မြတ်စွာဘုရား........"ဟု မြတ်စွာဘုရား၏ စကားတော်ကို ဝန်ခံကြ၍ အရှင်သာဂတကို ကျောင်းတိုက်အရာမ်သို့ ဆောင်ယူခဲ့ကြပြီးလျှင် မြတ်စွာဘုရားရှင် ရှိတော်မူရာဖက်သို့ ဦးခေါင်းပြုလျက် အိပ်စေကုန်(=သိပ်ကြကုန်)၏။ ထိုအခါ အရှင်သာဂတသည် အမူးလွန်ကာ သတိလုံးဝမရပဲ ပြန်လှည့်၍ မြတ်စွာ

ဘုရားရှင် ရှိတော်မူရာဖက်သို့ ခြေပြုလျက် အိပ်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်နှင့် ရဟန်းတို့ အပြန်အလှန် မေး, ဖြေကြသည်မှာ—

(ဘုရား) ရဟန်းတို့....ရှေးအခါက သာဂတသည် ငါဘုရား၌ ရိုသေခြင်း,တုပ်ဝပ်ခြင်း ရှိသည်မဟုတ်လော။

(ရဟန်းများ) ရှိပါသည် မြတ်စွာဘုရား.......။

(ဘုရား) ရဟန်းတို့....သာဂတသည် ယခုအခါ ငါဘုရား၌ ရိုသေခြင်း, တုပ်ဝပ်ခြင်း ရှိသေး၏လော။

(ရဟန်းများ) မရှိတော့ပါ မြတ်စွာဘုရား....။

(ဘုရား) ရဟန်းတို့....သာဂတသည် သရက်ပင်ဆိပ်၌ နေသောနဂါးနှင့်အတူ အနိုင်စစ်ထိုးခဲ့သည်မဟုတ်လော။

(ရဟန်းများ) အနိုင်စစ်ထိုးခဲ့ပါသည် မြတ်စွာဘုရား။

(ဘုရား) ရဟန်းတို့....ယခုအခါ သာဂတသည် နဂါးနှင့်အတူ အနိုင်စစ်ထိုးခြင်းငှါ စွမ်းနိုင်ပါဦးမည်လော။

(ရဟန်းများ) မစွမ်းနိုင်တော့ပါ မြတ်စွာဘုရား။

(ဘုရား) ရဟန်းတို့.... အကြင်သေအရက်ကို သောက်သည်ရှိသော် မူးယစ်သောကြောင့် အမှတ်သညာ ကင်းရာ၏ = မိန်းမောတွေဝေရာ၏၊ ထိုသေအရက်ကို သောက်သုံးသင့်ပါ၏လော။

(ရဟန်းများ) မသောက်သုံးသင့်ပါ မြတ်စွာဘုရား။

မြတ်စွာဘုရားသည် ဆက်လက်၍ "ရဟန်းတို့....အဘိညာဏ် ၅-ပါးရရှိပါလျက် သာဂတရဟန်း၏ ယခုကဲ့သို့ သေအရက်ကို သောက်သုံးခြင်းသည် မလျောက်ပတ်, မလျော်ကန်, မသင့်တင့်, ရဟန်းတို့၏ အပြုအမူမဟုတ်, မအပ်စပ်, မပြုသင့်၊ ရဟန်းတို့.... အဘယ့်ကြောင့်လျှင် သာဂတသည် သေအရက်ကို သောက်ဘိသနည်း၊ ရဟန်းတို့....သာဂတပြုသော ဤအမှုသည် မကြည်ညိုသေးသော သူတို့၏ ကြည်ညိုခြင်းငှါလည်းမဖြစ်"—ဤသို့စသည်

ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင် ရဟန်းတို့အား "သုရာမေရယ ပါနေ ပါစိတ္တိယံ = သေအရက်ကိုသောက်ခြင်းကြောင့် ပါစိတ် အာပတ်သင့်၏"ဟူသော ဤသိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။ (ဝိနည်း ပါစိတ်ပါဠိတော် သုရာပါနသိက္ခာပုဒ်မှ ထုတ်နုတ် ဖော်ပြသည်)။

## အရှင်သာဂတ ရဟန္တာဖြစ်ခြင်း

အရှင်သာဂတသည် နောက်တနေ့၌ အမူးပြေကာ သတိရ၍ မိမိပြုမှားမိသော အကြောင်းကို ကြားသိရလေလျှင် အလွန်ပင် အကုသိုလ်တရားမှ ရှက်ကြောက်လျက် မိမိအပြစ်ကို ဝန်ခံလျှောက် ကြား မြတ်စွာဘုရားရှင်ကို ကန်တော့ပြီးနောက် ထိတ်လန့်သံဝေဂ ကြီးစွာရလျက် ဝိပဿနာတရား ပွါးများ အားထုတ်လေသော် မကြာမီပင် အရဟတ္တဖိုလ်သို့ဆိုက်ရောက်လေ၏။

## (ဂ) တေဇောဓာတ်ထူး ရတော်မူခြင်း

နောက်တချိန်၌ မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတိုက် တော်ဝယ် နေတော်မူ၍ အစဉ်အတိုင်း မထေရ်မြတ်တို့ကို ဆိုင်ရာ ဆိုင်ရာ ဧတဒဂ်ရာထူး ဌာနန္တရ၌ ထားတော်မူသည် ရှိသော် အရှင်သာဂတမထေရ်ကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ တေဇော-ဓာတုကုသလာနံ ယဒိဒံ သာဂတော = ရဟန်းတို့........ တေဇောကသိဏစျာန်ကို ဝင်စားရာ၌ ကျွမ်းကျင်လိမ္မာ ကြသော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့တွင် သာဂတရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏။—

—ဟု ချီးကျူးမိန့်မြွက်တော်မူကာ "တေဇောဓာတု ကုသလ = တေဇောကသိဏစျာန်ကို ဝင်စားမှု၌ ကျွမ်းကျင်လိမ္မာသော အရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ထားတော် မူလေ၏။

ဤကား အရှင်သာဂတ မထေရ်အကြောင်းတည်း။

## (၄၀) အရှင်ရာဓမထေရ်အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

(ဤမထေရ်၏ ရှေးဆုတောင်းကို ဖော်ပြရာ၌ အင်္ဂုတ္တိုရ်အဋ္ဌကထာထက် ထေရဂါထာအဋ္ဌကထာက အနည်းငယ်ကျယ်သောကြောင့် ထိုထေရဂါထာအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၃၂၁-လာအတိုင်း ဖော်ပြပေအံ့)—

ဤ အရှင်ရာဓမထေရ်အလောင်း သူတော်ကောင်းသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်လတ်၍ သိကြားလိမ္မာသော အရွယ်သို့ ရောက်လတ်သော် ကျောင်းတိုက်တော်သို့ သွားရောက်ကာ မြတ်စွာဘုရားကို ဆည်းကပ်, ရှိခိုးလျက် အပြစ်လွတ်ရာ အရပ်၌ ထိုင်နေစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို ပဋိဘာနေယျက = မြတ်စွာဘုရားရှင်၏ တရားဟောဆိုကြောင်း ဓမ္မဒေသနာ ပဋိဘာန်ဉာဏ်အသစ်အသစ်ကို ဖြစ်စေသောအရာ" ဝယ် အသားဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ ကိုယ်တိုင်ကလည်း ထိုရာထူး=ဌာနန္တရကို တောင့်တလျက် ကြီးစွာသော အလှူကြီးကို ဖြစ်စေလေ၏။ မြတ်စွာဘုရားရှင်အားလည်း ပြန့်ပြောကြီးကျယ်စွာသော ပူဇော်မှုကို ပြုလေ၏။

#### နောက်တဖန် အမျိုးသားဘဝ

ထိုအမျိုးကောင်းသားသည် ဤကဲ့သို့ မဟာသာဂကာ ဆုပန်မှုကို ပြုလျက် ထိုဘဝမှ စုတေလတ်သော် ထိုထိုဘဝတို့၌ ကောင်းမှုတို့ကို ဆည်းပူးခဲ့ရာ ဝိပဿီမြတ်စွာ လက်ထက်တော်အခါ၌ တဖန် အမျိုးကောင်းသားပင် ဖြစ်၍ သိကြား လိမ္မာသော အရွယ်သို့ ရောက်လတ်သော် တနေ့သ၌ ဆွမ်းခံကြွသော ဝိပဿီမြတ်စွာဘုရားရှင်ကို ဖူးမြင်ရ၍ သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် တရိပ်ရိပ် ဖြစ်ရှိလျက် အလွန်ချိုမြိန်သော သရက်သီးမှည့်တို့ကို ပေးလှူပြန်လေ၏။

## (ခ) နောက်ဆုံးအဝ ရဟန်းပြုခြင်း

ထိုအမျိုးကောင်းသားသည် ထိုကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ပြီး၍ ဘဝအဆက်ဆက် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လျက် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့ရာ ဤဘုရားမြတ်စွာ ပွင့်ထွန်းရာကာလဝယ် ရာဇဂြိုဟ်ပြည်၌ ရာဓအမည်ရှိသော ပုဏ္ဏားလုလင်ဖြစ်၍ အရွယ်သို့ရောက်လျှင် အိမ်ရာတည်ထောင် လူ့ဘောင်၌နေလျက် အသက်အရွယ် ကြီးရင့်သောအခါ၌ မိမိ၏ သား, မယားတို့က ရှေးကလို မြတ်နိုးယုယမှု မပြုအပ်ရကား "ငါသည် ရဟန်းပြု၍ အချိန်အခါကို ကုန်လွန်စေတော့မည်"ဟု ကြံစည်၍ ကျောင်းတိုက်သို့ သွားရောက်ပြီးလျှင် မထေရ်တို့ကို ရှင်, ရဟန်းပြုပေးကြပါရန် တောင်းပန် လျှောက်ထားလေ၏။ "ရှတ်ဘွ ယွင်းယို အိုလည်းအိုလျက် အသက်လည်းကြီးသော ပုဏ္ဏားဖြစ်သည်၊ ဝတ်ကြီး, ဝတ်ငယ်ကို ဖြည့်ကျင့်ရန် စွမ်းနိုင်မည် မဟုတ်"ဟု အောက်မေ့တော်မူကြကာ မထေရ်တပါးပါးကမျှ ရှင်,ရဟန်းပြုပေးရန် အလိုမရှိချေ။

ရာဓပုဏ္ဏားကြီးသည် အသက်လည်းကြီး, မိမိအလိုရှိသည့် ရှင်,ရဟန်းအဖြစ်ကိုလည်း မရသောကြောင့် ဝိန်လည်းဝိန်ကြုံ, အသွေးအသားလည်းခေါင်းပါး, ရုပ်အဆင်းလည်းပျက်, ဖက်ရွက် ရော်ကဲ့သို့ ဖြော့တော့သော အဆင်းလည်းရှိသည့်ပြင် ကွန်ရက် (=ဇာ) ကို ဖြန့်ခင်းထားသကဲ့သို့ အကြောပြိုင်းပြိုင်းထသော ကိုယ်လည်း ရှိနေလေ၏။ တနေ့သ၌ ပုဏ္ဏားကြီးသည် ဘုရားရှင် ထံမှောက်သို့ သွားရောက်၍ အစေ့အစပ်စကား ပြောကြားမှု ပြုပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ထိုင်နေလေ၏။ မြတ်စွာဘုရား ရှင်သည် ထိုပုဏ္ဏားကြီး၏ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံခြင်းကို သိမြင်တော်မူ၍ စကားစ-ဖြစ်စေရန် "ပုဏ္ဏား····သင့်ကို သား,မယားတို့က ပြုစုလုပ်ကျွေးကြ၏လော"ဟု မေးတော်မူ၏။ ပုဏ္ဏားကြီးက "အိုအရှင်ဂေါတမ····အကျွန်ုပ်ကို သား,မယားတို့က ပြုစုလုပ်ကျွေးမှုအဘယ်မှာ-ရှိအံ့နည်း=မရှိသည်သာ၊ အသက်ကြီးပြင်းသည့် လူအိုလူမင်းဟု အကျွန်ုပ်ကို သား,

မယားတို့က အပြင်ထုတ်၍ ထားကြပါသည်”ဟု လျှောက်ထား လေလျှင် မြတ်စွာဘုရားရှင်သည် ပုဏ္ဏားကြီးကို “ပုဏ္ဏား....ထိုသို့ ဖြစ်လျှင် သင့်အဖို့ရာ ရဟန်းပြုရန် မသင့်လျော်ဘူးလော”ဟု မေး တော်မူလေ၏။

## အရှင်သာရိပုတ္တရာ၏ ကတညုတာ, ကတဝေဒိတာဂုဏ်

ရာဓပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်ကို“အိုအရှင်ဂေါတမ.... အဘယ်သူက အကျွန်ုပ်ကို ရဟန်းပြုပေးလိမ့်မည်နည်း၊ အသက် ကြီးသောကြောင့် အကျွန်ုပ်ကို မထေရ်တပါးပါးကမျှ ရှင်,ရဟန်း ပြုပေးရန် အလိုမရှိချေ”ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို ရာဓပုဏ္ဏားကြီး၏ ကြုံလှီ, ခေါင်းပါး အဆင်းပျက်ပြား ဖောက်ပြန်၍ နေခြင်း၏အကြောင်း ကို မေးတော်မူ၍ ရဟန်းတို့က ရှင်,ရဟန်းပြုပေးသူ မရှိသော ကြောင့် ထိုပုဏ္ဏားကြီး ကြုံလှီ, ခေါင်းပါး အဆင်းပျက်ပြား ဖောက်ပြန်၍ နေကြောင်းကို ဖြေကြား လျှောက်ထားကြသဖြင့် “ရဟန်းတို့.... အဘယ်သူသည် ထိုပုဏ္ဏား၏ကျေးဇူးကို အမှတ် ရသနည်း”ဟု ရဟန်းတို့ကို မေးတော်မူလေ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားရှင်ကို “မြတ်စွာဘုရား.... တပည့်တော်သည် ထိုပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရပါ၏”ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားက “ချစ်သားသာရိပုတ္တရာ....သင်ချစ်သားသည် အဘယ်သို့လျှင် ထို ပုဏ္ဏား၏ကျေးဇူးကို အမှတ်ရသနည်း”ဟု မေးတော်မူလေလျှင် အရှင်သာရိပုတ္တရာသည် “မြတ်စွာဘုရား.... တချိန်က ဤရာဇဂြိုဟ် ပြည်ဝယ် ဆွမ်းခံလှည့်လည်သော တပည့်တော်အား ထိုပုဏ္ဏား သည် တယောက်ချိုမျှသောဆွမ်းကို လှူဘူးပါ၏။ မြတ်စွာဘုရား.... တပည့်တော်သည် ထိုပုဏ္ဏား၏ ဤ (ဆွမ်းတယောက်ချိုလှူဘူး သော) ကျေးဇူးကို အမှတ်ရပါ၏”ဟု ပြန်ကြားလျှောက်ထား လေ၏။ ထိုအခါ မြတ်စွာဘုရားသည် “သာရိပုတ္တရာ....ကောင်းစွ ကောင်းစွ၊ ချစ်သားသာရိပုတ္တရာ····သူတော်ကောင်းတို့သည်

သူ့ကျေးဇူးကို သိတတ်ကြကုန်၏၊ ကျေးဇူးတုံ့ဆပ်ရမည်ကို သိတတ်ကြကုန်၏။ ချစ်သားသာရိပုတ္တရာ.... ထိုသို့ဖြစ်လျှင် သင်ချစ်သားသည် ထိုပုဏ္ဏားကို ရှင်လည်းပြုပေးလော့, ပဉ္စင်းလည်း ခံပေးလော့" ဟု မိန့်တော်မူလေ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား.... တပည့်တော်သည် အဘယ်သို့လျှင် ထိုပုဏ္ဏားကို ရှင်ပြုပေးရပါမည်နည်း, ပဉ္စင်းခံပေးရပါမည်နည်း" ဟု မေးလျှောက်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအရှင်သာရိပုတ္တရာမေးလျှောက်ခြင်းဟူသော အကြောင်းအရာကြောင့် တရားစကား ဟောကြားတော်မူပြီးလျှင် ရဟန်းတို့အား "ရဟန်းတို့.... ငါဘုရားခွင့်ပြုခဲ့သော သရဏဂုံသုံးပါးဖြင့် ပဉ္စင်းခံပေးခြင်းကို ယနေ့မှစ၍ ပယ်ဖျက်အပ်ပြီ၊ ရဟန်းတို့....ဉတ္တိစတုတ္ထ (=ဉတ်လျှင် လေးကြိမ်မြောက်ရှိသော) ကံဖြင့် ပဉ္စင်းခံပေးရန် ငါဘုရားခွင့်ပြု၏။ ရဟန်းတို့.... ဤသို့ ပဉ္စင်းခံပေးရမည် "—အစရှိသည်ဖြင့် ဉတ္တိစတုတ္ထကမ္မဝါစာကို ဟောကြားတော်မူလေ၏။

(အထူးမှတ်ရန်။ ။မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်ကဆုန်လပြည့်နေ့၌ ဘုရားဖြစ်တော်မူပြီးနောက် ထိုနှစ် ဝါကို မိဂဒါဝုန်တော၌ သီတင်းသုံးကပ်ဆိုနေတော်မူ၍ ဝါကျွတ်သောအခါ ခြောက်ကျိပ်သော ရဟန္တာတို့ကို သာသနာပြု စေလွှတ်တော်မူလေသည်။ ထိုသာသနာပြု ရဟန္တာမထေရ်တို့ ခေါ်ဆောင်ခဲ့သော ရှင်လောင်း, ပဉ္စင်းလောင်းတို့ကို ပဌမရှေ့ပိုင်း၌ ကိုယ်တော်တိုင် သရဏဂုံဖြင့်ပင် ရှင်လည်းပြုပေးတော်မူသည်၊ ပဉ္စင်းလည်း ခံပေးတော်မူသည်။ နောက်ပိုင်း၌ ရှင်လောင်း, ပဉ္စင်းလောင်း, သာသနာပြုမထေရ်များ=ဤ သုံးဦးလုံးပင် ( ခရီးဝေးကလည်း ခေါ်ဆောင်လာရသောကြောင့် ) ပင်ပန်းနွမ်းနယ်မှု ဖြစ်ကြသည်ကို အကြောင်းပြု၍ ရဟန်းတို့ကိုယ်တိုင်ပင် ထိုထိုအရပ်ဌာနတို့၌ သရဏဂုံဖြင့် ရှင်ပြုပေးရန်, ပဉ္စင်းခံပေးရန် ခွင့်ပြုတော်မူလေသည်။

ထိုနှစ် ပြာသိုလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ တပို့တွဲလဆန်း (၁) ရက်နေ့တွင် အဂ္ဂသာဝက ၂-ပါး တပည့်များနှင့်တကွ ရဟန်းပြုကြသည်။ ရဟန်းဖြစ်ပြီးနောက် ခုနစ်ရက်မြောက်၌ အရှင်

မဟာမောဂ္ဂလာန် ရဟန္တာဖြစ်၍ တဆယ့်ငါးရက် = တပက္ခမြောက် (=တပို့တွဲလပြည့်)နေ့၌ အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်တော်မူသည်။ ဤရာဓပုဏ္ဏားကြီး၏ ပဥ္စင်းခံခြင်းကိစ္စကား တပို့တွဲလပြည့်နေ့နှင့် တပေါင်းလပြည့်နေ့တို့အကြား တလအတွင်း၌ ဖြစ်သည်။

ဤအရာ၌ "အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားရှင်က ဗာရာဏသီပြည် မိဂဒါဝုန်တော၌ နေတော်မူစဉ် သရဏဂုံသုံးပါးဖြင့် ရှင်ပြုပေးရန်၊ ပဥ္စင်းခံပေးရန် ခွင့်ပြုထားတော်မူသည်ကို သိပါလျက် အဘယ့်ကြောင့် ဤရာဓပုဏ္ဏားကြီးကို ရဟန်းခံ=ပဥ္စင်းခံပေးရန်ကိစ္စအတွက် အထူးတလည်ပြုလုပ်ကာ 'မြတ်စွာဘုရား.... တပည့်တော်သည် အဘယ်သို့လျှင် ထိုပုဏ္ဏားကို ရှင်ပြုပေးရပါမည်နည်း, ပဥ္စင်းခံပေးရပါမည်နည်း' ဟူ၍ မေးလျှောက်နေရသေးသနည်း" ဟု မေးမြန်းဖွယ်ရှိ၏။

အဖြေကား—မြတ်စွာဘုရားရှင်သည် အဦးအစကာလ ရဟန်းတို့ မများကြသေးမီ သရဏဂုံသုံးပါးဖြင့် ပေါ့ပေါ့ပါးပါး ပဥ္စင်းခံပေးရန် ခွင့်ပြုတော်မူခဲ့သော်လည်း ရာဇဂြိုဟ်ပြည်သို့ရောက်၍ ရဟန်းတို့ များပြားလာသောအခါ (ထိုအချိန်၌ ရဟန္တာပေါင်း နှစ်သောင်းကျော် ရှိနေလေပြီ) ထိုပေါ့ပေါ့ပါးပါး သရဏဂုံသုံးပါးဖြင့် ရဟန်းပဥ္စင်းခံပေးခြင်းကို ပယ်ဖျက်၍ ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် အလေးဂရု ပဥ္စင်းခံပေးမှုကို ခွင့်ပြုတော်မူလိုသည်၊ ထိုအခါ မြတ်စွာဘုရား၏ အလိုတော်ကိုသိ၍ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် "မြတ်စွာဘုရား........တပည့်တော်သည် အဘယ်သို့လျှင်(=ဘယ်လို)ထိုပုဏ္ဏားကို ရှင်ပြုပေးရပါမည်နည်း, ပဥ္စင်းခံပေးရပါမည်နည်း" ဟူ၍ မေးလျှောက်လေသည်။ မှန်၏—မြတ်စွာဘုရားရှင်တို့၏ ပရိသတ်တို့သည် ဘုရားအလိုတော်၌ လိမ္မာကျွမ်းကျင် သိမြင်ကြကုန်၏၊ ဤအရှင်သာရိပုတ္တရာ မထေရ်သည်လည်း မြတ်စွာဘုရား၏ ပရိသတ်တွင် အသာဆုံး အမြတ်ဆုံး ပရိသတ်ဖြစ်လေသည်၊ ထို့ကြောင့် ဘုရားရှင်၏ အလိုတော်ကို သိမြင်တော်မူသောကြောင့် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ထိုသို့ မေးမြန်းတော်မူသည်ဟု သန္နိဋ္ဌာန်ကျ မှတ်ယူအပ်၏။

ဤတွင်မျှမကသေး — မြတ်စွာဘုရားရှင် ထိုမဟာသက္ကရာဇ် ၁၀၃-ခုနှစ် တပေါင်းလပြည့်နေ့မှစ၍ ၂-လတိုင်တိုင် တနေ့ တယူဇနာကျ ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွရောက်၍ ၁၀၄-ခုနှစ် ကဆုန်လပြည့်နေ့၌ ကပိလဝတ်ပြည်သို့ ရောက်တော်မူပြီးနောက် ခုနစ်ရက်

မြောက်နေ့ဝယ် အမွေတောင်း လိုက်လာသော ရာဟုလာမင်းသားကို မြတ်စွာဘုရားရှင်က ရှင်ပြုပေးရန် အရှင်သာရိပုတ္တရာကို စေခိုင်းတော်မူသောအခါမှာလည်း (ရှေးက သရဏဂုံဖြင့် ရှင်ပြုပေးမှုကို ခွင့်ပြုပြီး ရှိပါလျက်လည်း) အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားရှင်၏ အလိုတော်ကို အလိုက်သိကာ "ကထာဟံ ဘန္တေ ရာဟုလကုမာရံ ပဗ္ဗာဇေမိ= မြတ်စွာဘုရား....တပည့်တော်သည် ရာဟုလာမင်းသားကို အဘယ်သို့ (= ဘယ်လို) ရှင်ပြုပေးရပါမည်နည်း"ဟု မေးမြန်းလျှောက်ထားလေသည်။

ထင်ရှားစေဦးအံ့—ဤရှင်ပြုပေးသောအရာဝယ် မြတ်စွာဘုရားသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ်က သရဏဂုံသုံးပါးတို့ဖြင့် ရှင်ပြုပေးရန်ရင်း, ပဉ္စင်းခံပေးရန်ရင်း ခွင့်ပြုအပ်ခဲ့လေသည်၊ ထိုနှစ်မျိုးမှ ရာဇဂြိုဟ်ပြည်သို့ရောက်၍ ယခုရာဓပုဏ္ဏားကြီး၏ အကြောင်းဝတ္ထုပေါ် ပေါက်သောအခါ ပေါ့ပေါ့ပါးပါး သရဏဂုံသုံးပါးတို့ဖြင့် ရဟန်းခံပေးခြင်းကို ပယ်ဖျက်၍ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပဉ္စင်းခံပေးရန် ခွင့်ပြုတော်မူအပ်ခဲ့လေသည်၊ သရဏဂုံသုံးပါးတို့ဖြင့် ရှင်ပြုပေးခြင်းကိုမူ ပယ်လည်းမပယ်ဖျက်အပ်, တဖန်ထပ်၍လည်း ခွင့်မပြုအပ်သေးချေ၊ ထို့ကြောင့် အနာဂတ နောက်ကာလဝယ် ရဟန်းတို့သန္တာန်၌ "ဤရှင်ပြုပေးခြင်းသည် ရှေးအခါက ပဉ္စင်းခံပေးခြင်းနှင့် အတူတူဖြစ်လေသည်၊ ယခုအခါ၌လည်း ဤရှင်ပြုပေးမှုကို ပဉ္စင်းခံပေးခြင်းကဲ့သို့ပင် ကမ္မဝါစာဖြင့် ပြုရမည်လော၊ သို့မဟုတ် မူလအတိုင်း သရဏဂုံသုံးပါးတို့ဖြင့်ပင် ပြုရမည်လော"ဟု ယုံမှားသံသယ ဖြစ်ပေါ်လိမ့်မည်၊ ဤအကြောင်းကို သိတော်မူ၍ မြတ်စွာဘုရားသည် ခိုင်မြဲလေအောင် သရဏဂုံသုံးပါးတို့ဖြင့် ရှင်သာမဏေပြုပေးခြင်းကို တဖန်ထပ်၍ ခွင့်ပြုတော်မူလိုနေသည်၊ ထို့ကြောင့် တရားစစ်မှူးကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မြတ်စွာဘုရားရှင်၏ အလိုတော်ကို သိရှိကာ မြတ်စွာဘုရားရှင်ကို တဖန်ထပ်၍ သရဏဂုံသုံးပါးတို့ဖြင့် ရှင်သာမဏေပြုပေးမှုကို အခိုင်အမာ ခွင့်ပြုတော်မူစေရန် "ကထာဟံ ဘန္တေ ရာဟုလကုမာရံ ပဗ္ဗာဇေမိ = မြတ်စွာဘုရား.... တပည့်တော်သည် ရာဟုလာမင်းသားကို အဘယ်သို့ (=ဘယ်လို) ရှင်ပြုပေးရပါမည်နည်း"ဟု မေးမြန်းလျှောက်ထားလေသည်၊ အလိုတော်ကို သိပါပေစွ။ ။ဤကား အထူးမှတ်ရန် ဝိနည်းမဟာဝါ အဋ္ဌကထာမှ ထုတ်နုတ်ပေ်ပြချက်တည်း)။

## ရာဓပုဏ္ဏားကြီး ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း

အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရား၏ အမိန့်စကားကို ဦးထိပ်ပန်ဆင်၍ ရာဓပုဏ္ဏားကြီးကို မိမိကိုယ်တိုင် ဥပဇ္ဈာယ်ဆရာပြုကာ ရှင်ပြုပေးပြီး, ပဉ္စင်းခံပေးပြီးနောက် "မြတ်စွာဘုရားရှင်သည် ဤ ရာဓပုဏ္ဏားကြီးကို တရိုတသေ အလေးဂရုပြုကာ ငါ့ကို ရှင်, ရဟန်းပြုပေးရန် စေခိုင်းတော်မူလေသည်၊ ငါသည် ဤရာဓရဟန်းကြီးကို မရှိမသေ ပေါ့ပေါ့တန်တန် စောင့်ရှောက်ရန် မသင့်လျော်ချေ = ဂရုတစိုက် စောင့်ရှောက်မှ သင့်လျော်မည်" ဟု ကြံစည်ဆင်ခြင်တော်မူ၍ ရာဓမထေရ်ကို ခေါ်ဆောင်ကာ ရွာငယ်ကျောင်းတခုသို့ ကြွရောက်တော်မူလေ၏။

ထိုရွာငယ်ကျောင်းတိုက်၌ ယခုမှ ရဟန်းဖြစ်စ ဖြစ်သောကြောင့် ကျောင်းအိပ်ရာနေရာ-စသည် ငြိုငြင်ပင်ပန်း ဆင်းရဲလှသော ရာဓမထေရ်အား ဥပဇ္ဈာယ်ဆရာအရှင်သာရိပုတ္တရာမထေရ်မြတ်သည် မိမိအတွက် ဝါစဉ်အလိုက် ရရှိသော ကျောင်း, အိပ်ရာနေရာကောင်းကိုပေးကမ်းချီးမြှောက်တော်မူသည့်ပြင် မိမိအတွက် ဝါစဉ်အလိုက် ဆိုက်ရောက်ရရှိသော ဆွမ်းကောင်းများကိုလည်း ထိုရာဓမထေရ်အား ပေးကမ်းချီးမြှောက်တော်မူ၍ ကိုယ်တော်တိုင်ကမူ ဆွမ်းခံလှည့်လည်၍ ရသောဆွမ်းဖြင့် မျှတတော်မူလေ၏။ ရာဓမထေရ်သည် ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ချီးမြှောက်ချက်ဖြင့် သပ္ပါယဖြစ်သော ကျောင်းအိပ်ရာနေရာ, သပ္ပါယဖြစ်သောဆွမ်းခဲဖွယ်ဘောဇဉ်ကို ရ၍ အရှင်သာရိပုတ္တရာမထေရ်၏ အထံ၌ ကမ္မဋ္ဌာန်းတရားကို သင်ယူ၍ အားထုတ်လေရာ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေ၏ = ရဟန္တာဖြစ်လေ၏။

## အလီနစိတ္တဇာတ်ကို ဟောတော်မူခြင်း

ထို့နောက် အရှင်သာရိပုတ္တရာသည် ရာဓမထေရ်ကို ခေါ်ဆောင်၍ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန် လာရောက်လေ၏။

မြတ်စွာဘုရားသည် သိတော်မူလျက်ပင် အရှင်သာရိပုတ္တရာ မထေရ်ကို "ချစ်သားသာရိပုတ္တရာ....သင်ချစ်သားအား ငါဘုရားသည် အကြင် နို့သွယ်ည်းယူတည့် ရာဓရဟန်းကို ပေးအပ်လေပြီ၊ ထိုရာဓရဟန်း၏ ဖြစ်ရပ်ကား အသို့နည်း၊ ထိုရဟန်းသည် သာသနာ၀ယ် မပျင်းရိပဲ ရှိ၏လော"ဟု မေးတော်မူလေ၏။ အရှင်သာရိပုတ္တရာသည် "မြတ်စွာဘုရား···· သာသနာတော်၌ မွေ့လျော် ပျော်ပိုက်သော ရဟန်းမည်သည် ဤရာဓရဟန်းကဲ့သို့ သဘောရှိသောသူသာ ဖြစ်သင့်ပါ၏"ဟု လျှောက်ထားလေ၏။

ထို့နောက် သံဃာတော်တို့အလယ်၌ "ငါ့ရှင်တို့····အရှင်သာရိပုတ္တရာသည် သူ့ကျေးဇူးကိုလည်း သိတော်မူပါပေ၏၊ သူ့ကျေးဇူးတုံ့ဆပ်မှုကိုလည်းပြုတော်မူပါပေ၏"ဟုအရှင်သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးနှင့်စပ်သော ချီးမွမ်းစကားဖြစ်ပွါးလာလေသည်။ ထိုစကားကို ကြား၍ မြတ်စွာဘုရားသည် ရဟန်းတို့ကို"ရဟန်းတို့····သာရိပုတ္တရာ၏ ယခုနောက်ဆုံး ပစ္ဆိမဘဝ၌ သူ့ကျေးဇူးကိုသိခြင်း, ကျေးဇူးတုံ့ဆပ်မှုကို ပြုခြင်းသည် မအံ့သြလောက်သေး၊ သာရိပုတ္တရာသည် အတိတ်ဝေးစွာ ရှေးအခါဝယ် အဟိတ်တိရစ္ဆာန်ပဋိသန္ဓေ၌ ဖြစ်စဉ်ကလည်း သူ့ကျေးဇူးကို သိတတ်, ကျေးဇူးတုံ့ဆပ်မှုကို ပြုတတ်သည်သာ ဖြစ်၏"ဟု မိန့်တော်မူလေ၏။ ရဟန်းတို့က "မြတ်စွာဘုရား....အဘယ်အခါ၌ ပါနည်း"ဟု မေးလျှောက်ကြလေလျှင် မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သောအတိုင်း အတိတ်ဖြစ်ရပ် (ဒုကနိပါတ်လာ) အလီနစိတ္တဇာတ်ကို ဟောတော်မူလေ၏။

ရဟန်းတို့....လွန်လေပြီးသောအခါဝယ် တောင်ခြေ (တောင်ရင်း)၌ နေထိုင်ကြသည့် လက်သမားယောက်ျား (၅၀၀)ငါးရာတို့သည် တောအုပ်ကြီး အတွင်းသို့ ဝင်၍ သစ်အဆောက်အဦတို့ကို ဖြတ်တောက်ခုတ်ရွေကြပြီးလျှင် ကြီးစွာသောဖောင်ကို ဖွဲ့ကြလျက် မြစ်ကြောအတိုင်း မျှောဆောင်လေ့ရှိကြကုန်၏။ ထို့နောက် ဆင်ပြောင်ကြီးတကောင်သည် မြေမညီညွတ်သည့် တခုသောနေရာ၌ နှာမောင်းဖြင့် သစ်ခက်ကို ချိုးယူလတ်သော် သစ်ခက်ကျိုးက

ကြီးမားလှသဖြင့် ထိုသစ်ခက်ကျိုး၏အဟုန်ကိုမထိန်းမဆောင်နိုင် တော့ပဲ ထက်လှစွာသော သစ်ငုတ်တခု၌ ခြေဖြင့် နင်းမိလေ၏၊ ခြေထောက်ကို သစ်ငုတ်စူးဝင်သဖြင့် ဆင်ပြောင်ကြီး၏ကိုယ်မှာ ဒုက္ခဝေဒနာတို့ ပြင်းစွာဖြစ်လေကုန်၏။ ဆင်ပြောင်ကြီးသည် အလွန်နာကျင်လှ၍ ခရီးဆက်၍ မသွားနိုင်တော့ပဲ ထိုနေရာ၌ပင် လဲလျောင်း၍ နေရလေ၏။

ဆင်ပြောင်ကြီးသည် နှစ်ရက်, သုံးရက် လွန်သောအခါ ထို လက်သမားများ မိမိ၏အနီးဖြင့် သွားကြသည်တို့ကို မြင်၍ "၍ လက်သမားတို့ကို အမှီပြုပြီးလျှင် ငါသည် အသက်ရှင်မှုကို ရပေ လိမ့်မည်"ဟု ကြံစည်အောက်မေ့ကာ ထိုလက်သမားတို့၏နောက် သို့ ထ၍ လိုက်ပါလေ၏။ လက်သမားတို့သည် ပြန်နစ်၍ ဆင် ပြောင်ကြီးကို မြင်လတ်သော် အလွန်ကြောက်လန့်ကြလျက် ပြေး သွားကြလေ၏။ ဆင်ပြောင်ကြီးသည် လက်သမားများကြောက်၍ ပြေးသောအခါ ရပ်တည်နေ၍ တဖန် လက်သမားတို့ ရပ်နေပြန် သောအခါ လိုက်ပြန်လေ၏။

ပညာအမြော်အမြင်ရှိသော လက်သမားဆရာကြီးသည် "၍ ဆင်ကြီးကား ငါတို့ ရပ်ကြလျှင် လိုက်လာ၍ ငါတို့ ပြေးကြလျှင် ရပ်တည်နေ၏၊၍သို့ပြုလုပ်ရာ၌ အကြောင်းထူးတခုခု ရှိရမည်"ဟု ကြံစည်ဆင်ခြင်မိလေ၏၊ ထို့နောက် လက်သမားများ အားလုံးပင် ထိုထိုသစ်ပင်ထက်သို့ တက်ကြ၍ ဆင်ပြောင်ကြီးအလာကို စောင့် နေကြကုန်၏။ ဆင်ပြောင်ကြီးသည် ထိုလက်သမားတို့ အထံသို့ သွားရောက်၍ မိမိ၏ သစ်ငုတ်စူးနေသောခြေကို ပြန်လှည့်လျက် ပြသကာ လဲလျောင်းနေလေ၏။ ထိုအခါ လက်သမားတို့စိတ် သန္တာန်ဝယ် "အချင်းတို့........၍ဆင်ကြီးသည် မကျန်းမာသော ကြောင့် ငါတို့နောက်သို့ လိုက်ပါလာ၏။ အခြားအကြောင်း ကြောင့် မဟုတ်"ဟု အမှတ်အသိဉာဏ် ဝင်ရောက်ပြီးလျှင် ဆင် ပြောင်ကြီး အနီးသို့ သွားရောက် ကြည့်ရှုကြလေလျှင် ခြေဖဝါး၌ စူးဝင်နေသော သစ်ငုတ်ခြောင့်ကြီးကို မြင်ကြ၍ "၍ခြောင့်စူးနေ ခြင်းဟူသောအကြောင်းကြောင့် ၍ဆင်ကြီးသည် ငါတို့နောက်သို့

လိုက်ပါလာ၏”ဟု အမှန်အတိုင်း စဉ်းစားသိရှိကြပြီးလျှင် ထက်လှစွာသော ဓဲခွပ်ဖြင့် သစ်ငုတ်ပြောင်ကြီး၏ အစွန်အဖျားဌ် အရေး အရစ် ထွင်းလှစ်ကြ၍ မိမိစွာသောကြိုးဖြင့် ဖွဲ့ချည်ကာ ဆွဲငင်ထုတ်ကြလေကုန်၏၊ ထို့နောင်မှ ဆင်ပြောင်ကြီး၏ ဖဝါးအနာဝကို ညှစ်၍ ပြည်, သွေးများကို ထုတ်ပစ်ကြလျက် ဖန်ဆေးကြပြီးနောက် မိမိတို့ တတ်သိမှတ်မိသော ဆေးဝါးများကို လိမ်းကျံပေးကြ၍ မကြာမီပင် ပကတိချမ်းသာအောင် ပြုစုကုသပေးကြလေ၏။

ဆင်ပြောင်ကြီးသည် နာလန်ထပြီးနောက် “ဤလက်သမားတို့သည် ငါ၏အပေါ်ဌ် အလွန်ကျေးဇူးများကြကုန်၏၊ ငါသည် ဤလက်သမားတို့အပေါ်ဌ် ကျေးဇူးကိုသိသူ, ကျေးဇူးကို တုံ့ဆပ်သူဖြစ်မှ သင့်တော်တော့မည်”ဟု ကြံစည်ကာ မိမိနေရာတောအရပ်သို့ သွားရောက်၍ ကိုယ်လုံးဆွတ်ဆွတ်ဖြူသော ဝန္ဒအမျိုး မင်္ဂလာဆင်ဖြူတော်သားငယ်ကို ခေါ်ဆောင်၍ လာလေ၏။ လက်သမားတို့သည် ဆင်ဖြူတော်သားငယ်ကို မြင်ရလေလျှင် “ငါတို့၏ ဆင်ကြီးသည် သားကိုလည်း ခေါ်ဆောင်၍ လာပြီ”ဟု အလွန်အားရဝမ်းမြောက်သောစိတ် ရှိကြလေကုန်၏။ ထို့နောင် ဆင်ပြောင်ကြီးသည် “ငါ ဤအရပ်ဌ် ဆက်လက်တည်ရှိနေလျှင် ‘အဘယ့်ကြောင့် ဤဆင်ကြီး လာသည်’ဟု ငါ၏ လာရောက်ခြင်းအကြောင်းကို လက်သမားများ သိကြလိမ့်မည်မဟုတ်”ဟု ကြံစည်၍ မိမိရပ်တည်နေရာဌာနမှ ဖဲ့သွားလေ၏။

ဆင်ဖြူတော်သားငယ်သည် ဖခင်ဆင်ပြောင်ကြီး၏ နောက်မှ ကောက်ကောက် လိုက်လေ၏၊ ဆင်ပြောင်ကြီးသည် သားငယ်လိုက်ပါလာသည်ကို သိ၍ လက်သမားတို့ထံ ပြန်နစ်ဖို့ရန် အသံအမှတ်ကို ပေးလေ၏။ သားငယ်ဆင်ဖြူတော်ကလေးသည် ဖခင်ဆင်ပြောင်ကြီး၏ စကားအသံကို ကြားသိ၍ ပြန်နစ်ပြီးလျှင် လက်သမားတို့အထံသို့ သွားရောက်လေ၏။ ထိုအခါမှ လက်သမားတို့သည် “ဤဆင်ပြောင်ကြီးကား ဤမိမိသားငယ် ဆင်ဖြူတော်ကလေးကို ငါတို့အား ပေးဖို့ရန် လာရောက်သည် ဖြစ်လိမ့်

မည်" ဟု သိကြ၍ သားငယ်ဆင်ဖြူတော်ကလေးကို "ငါတို့၏ အထံ၌ သင်ပြုလုပ်ရမည့်ကိစ္စမရှိပါ၊ သင့်ဖခင်၏အထံသို့သာလျှင် ပြန်သွားလော့"ဟု ခွင့်ပြုစေလွှတ်ကြကုန်၏။ ဆင်ပြောင်ကြီးသည် မိမိ၏သားငယ်ကို သုံးကြိမ်တိုင်တိုင် မိမိအထံသို့ လာရောက်သော်လည်း တဖန် လက်သမားတို့၏ အထံသို့ သာလျှင် ပြန်၍ စေလွှတ်လေ၏။ ထိုအချိန်မှစ၍ လက်သမားတို့သည် ဆင်ဖြူတော်ငယ်ကို မိမိတို့အထံ၌သာ ထား၍မွေးကျွေးကြလေကုန်၏၊ထမင်းစားချိန်၌ လက်သမားတယောက်တယောက်လျှင် ထမင်းတဆုပ်တဆုပ်ကျ ဆင်ဖြူတော်ငယ်အား ပေးကြလေ၏၊ သို့ရကား ထိုဆင်ဖြူတော်ငယ်၏အဖို့ရာ အစာထမင်းသည် လိုအပ်သလောက်ပြည့်စုံနေလေ၏။ ဆင်ဖြူတော်ငယ်သည် လက်သမားများ တောတွင်း၌ ဖြတ်တောက် ခုတ်ရွေအပ်ပြီးသမျှသော သစ်အဆောက်အဦအားလုံးကို တော်မှ ထုတ်ဆောင်သယ်ယူခဲ့၍ ဟင်းလင်းလွင်ပြင်၌ စုပုံ၍ထားလေ၏၊ ဤနည်းဖြင့်ပင် လက်သမားတို့ အပေါ်ဝယ် အခြားကျေးဇူး ဥပကာရကိုလည်း ပြုပေ၏။

(အင်္ဂုတ္တရအဋ္ဌကထာ၌ အလီန စိတ္တဇာတ်ကို ညွှန်မျှ (အရှင်သာရိပုတ္တရာ၏ သူ့ကျေးဇူးသိတတ်ပုံ ထင်ရှားရုံ) သာ ဖော်ပြ အပ်လေသည်၊ ဇာတ်တော်ကား မဆုံးသေးချေ၊ ဆက်လက်၍ အကျဉ်းချုပ် ဖော်ပြဦးအံ့)—

(အလီနစိတ္တဇာတ်တော်အဆက်)။ ။ထိုအချိန်မှစ၍ ဆင်ဖြူတော်ကလေးသည် လက်သမားတို့၏ စကားကိုလိုက်နာ, ဆုံးမသည်ကို ခံယူလျက် ခပ်သိမ်းသော အလုပ်ကိစ္စတို့ကို ရွက်ဆောင်ပြုလုပ် ပေးလေသည်။ လက်သမားတို့ကလည်း ဆင်ဖြူတော်ကလေးကို နေ့စဉ်နေ့စဉ် ထမင်းတလုပ်ကျစီပေး၍ မွေးမြူကြကုန်၏။ ဆင်ဖြူတော်ကလေးသည် အလုပ်ပြီးဆုံးလျှင် မြစ်သို့ဆင်း၍ ရေချိုး, ရေကစားပြီးမှ ပြန်လာ၏။ လက်သမားတို့၏ သားငယ်များသည်လည်း ဆင်ဖြူတော်ကလေးကို နှာမောင်း-စသည်တို့၌ ဆွဲကိုင်ကြကာ ရေ၌၎င်း, ကုန်း၌၎င်း ဆင်ဖြူတော်ကလေးနှင့် အတူတကွ ကစားကြကုန်၏။

အထူးအားဖြင့် ဆင်အာဇာနည်, မြင်းအာဇာနည်, ယောကျ်ားအာဇာနည်တို့သည် ရေ၌ ကျင်ကြီး, ကျင်ငယ်ကို မစွန့်ကြကုန်၊ ထို့ကြောင့် ဆင်ဖြူတော် ကလေးသည်လည်း မြစ်အတွင်း၌ ကျင်ကြီး,ကျင်ငယ်ကို မစွန့်ပဲ မြစ်မှ လွတ်ရာ အပြင်အပ၌သာ ကျင်ကြီး, ကျင်ငယ်ကို စွန့်လေသည်။

တနေ့သ၌ ဗာရာဏသီပြည်မှ အထက်မြစ်ညာ ဆင်ဖြူတော် ကလေးများနေရာ၌ မိုးသည်းစွာ ရွာသွန်းလေ၏၊ ထိုအခါ ဆင်ဖြူတော်ကလေး မြစ်အပြင် အပ၌ စွန့်၍ထားသော ကျင်ကြီးခြောက်တခုသည် မိုးကျရေဖြင့် မြစ်အတွင်းသို့ သက်ရောက်ကာ သွားလျက် ဗာရာဏသီမြို့တော် ရေဆိပ်ဝယ် တခုသောချုံ၌ ငြိတွယ်၍တည်လေ၏။ ထိုအခါ မင်းကြီး၏ ဆင်ထိန်းတို့သည် "ဆင်များကို ရေချိုးပေးကြကုန်အံ့" ဟု ဆင်အစီး (၅၀၀) ငါးရာတို့ကို မြစ်ဆိပ်သို့ မောင်းနှင်ခေါ်ဆောင် လာကြကုန်၏။ အာဇာနည်ဆင်ဖြူတော်ကလေး၏ ကျင်ကြီးနံ့ကို နမ်းရှူမိကြ၍ ဆင်တကောင်မျှ မြစ်တွင်းသို့ မဆင်းဝံ့ကြပဲ ဆင်အားလုံးတို့ပင် အမြီးကိုထောင်၍ ပြေးရန် အားထုတ်ကြကုန်၏၊ ဆင်ထိန်းတို့သည် ဆင်ဆေးဆရာတို့အား ထိုအကြောင်းကို ပြောကြားကြကုန်၏။ ဆင်ဆေးဆရာတို့သည် "ရေထဲ၌ တစုံတခုဘေးရန် ရှိသည် ဖြစ်လိမ့်မည်" ဟု ရေကို သုတ်သင် စေကြသည် ရှိသော် ချုံဖုတ်၌ကပ်ငြိနေသော ဆင်အာဇာနည်၏ ကျင်ကြီးကို တွေ့မြင်ကြ၍ "ဤဆင်များ ပြေးသွားရန် အားထုတ်မှု၌ ဤကျင်ကြီးသည် အကြောင်းရင်းဖြစ်သည်" ဟု သိရှိကြကာ အိုးစရည်းကို ယူဆောင်စေ၍ ရေအပြည့်ထည့်ကြလျက် ထို ဆင်အာဇာနည်၏ ကျင်ကြီးကို အိုးစရည်းအတွင်း၌ နယ်စေကြပြီးလျှင် ငါးရာသော ဆင်တို့၏ ကိုယ်၌ လောင်းစေကြကုန်၏၊ ဆင်များ၏ ကိုယ်တို့သည် ရနံ့ကောင်း မွှေးကြိုင် လှိုင်၍နေကုန်၏၊ ထိုအခါမှာမှ ဆင်တို့သည် မြစ်သို့ဆင်း၍ ရေချိုးကြလေကုန်၏။

ဆင်ဆေးဆရာတို့သည် ထို အကြောင်းကို မင်းကြီးအား ပြောကြားကြ၍ "အရှင်မင်းကြီး....ထို ဆင်အာဇာနည်ကို တွေ့အောင်ရှာ၍ ရွှေနန်းတော်အရောက် ဆောင်ယူမှ သင့်တော်မည်"ဟု လျှောက်ထားကြလေ၏။ မင်းကြီးသည် လှေအပေါင်းတို့ဖြင့် မြစ်ကို ဆန်တက်ခဲ့ရာ အထက်မြစ်ညာသို့ ဆန်သော လှေအပေါင်းတို့ဖြင့် လက်သမားများနေရာ တောင်ခြေတောအုပ်သို့ ရောက်လေ၏။ ဆင်ဖြူတော်ကလေးသည် မြစ်ဆိပ်၌ ရေကစားစဉ် စည်သံကို ကြား၍ ပြေးသွားကာ လက်သမားတို့၏ အနီး၌ ရပ်တည်လာလေ၏။ လက်သမားတို့သည် မင်းကြီးအား ခရီးဦးကြိုဆိုကြပြီးလျှင်"အရှင်မင်းကြီး....အကယ်၍ သစ်သားတို့ကို အလိုတော်ရှိပါလျှင် အဘယ့်ကြောင့် မင်းကြီးကိုယ်တိုင် ကြွရောက်တော်မူလာရသနည်း၊ တမန်စေလွှတ်၍ ဆက်သစေခြင်းငှါ (= အဆက်အသခိုင်းရန်) မသင့်လျော်ဘူးလော...."ဟု လေးကဝတ်ပျူငှါစကား လျှောက်ထားကြကုန်၏။ မင်းကြီးက "အချင်းလက်သမားတို့....ငါသည် သစ်သားတို့ကို ရယူရန်အကျိုးငှါ လာသည် မဟုတ်၊ စင်စစ်သော်ကား သင်တို့ထံမှာရှိနေသည့် ဤဆင်ဖြူငယ်ကို ရယူရန်အကျိုးငှါ ငါလာရောက်ပေသည်"ဟု မိန့်ဆိုလေလျှင် လက်သမားတို့သည်"အရှင်မင်းကြီး....ထိုသို့ဖြစ်လျှင် အလိုတော်ရှိတိုင်း ဖမ်းယူစေ၍ ကြွသွားတော်မူကြကုန်လော့"ဟု ခွင့်ပြုစကား လျှောက်ထားကြကုန်၏။

ဆင်ဖြူတော်ကလေးသည် လိုက်ပါခြင်းငှါ အလိုမရှိ = ဆင်ဆရာတို့က ဖမ်းယူဆွဲဆောင်ကြသော်လည်း ကြိုကြိုရပ်တည်၍သာ နေ၏။ ထိုအခါ မင်းကြီးက ဆင်ဆရာတို့ကို "အချင်းဆင်ဆရာတို့....ဆင်ဖြူတော်သည် အဘယ်အမှုကို ပြုစေလိုသနည်း"ဟု မေး၍ ဆင်ဆရာတို့က "အရှင်မင်းကြီး....ဆင်ဖြူတော်သည် လက်သမားတို့အား ကျွေးမွေးခကို ပေးဆောင်စေလိုပါ၏"ဟု လျှောက်ထားလေလျှင် မင်းကြီးသည် "ကောင်းပြီ အချင်းတို့...."ဟု ဆို၍ ဆင်ဖြူတော်၏ ခြေလေးဖက်, နှာမောင်း, အမြီး = ဤခြောက်ဌာနတို့အနီး၌ အသပြာတသိန်းစီ တသိန်းစီကို စုပုံထားစေလေ၏။

ဆင်ဖြူတော်သည် ဤမျှ(ခြောက်သိန်းသော အသပြာ)ဖြင့်လည်း မလိုက်ပါပြန်လေသော် လက်သမား အားလုံးတို့အား ဝတ်စုံ တစုံစီ, လက်သမားမယားတို့အား ထဘီဝတ်စုံတစုံစီ, မိမိနှင့် ကစားဖော် သူငယ်တို့အား သူငယ်တို့အသုံးအဆောင်အစုံအလင် မင်းကြီးက ပေးစေလေသည်၊ ထိုသို့ ပေးစေမှသာလျှင် ဆင်ဖြူ တော်သည် လက်သမားများ, လက်သမားမိန်းမများ, ကစားဖော် သူငယ်များကို ပြန်နစ်ကာ ကြည့်လျက် ကြည့်လျက်ပင် မင်းကြီး နှင့် အတူတကွ လိုက်ပါလေ၏။

မင်းကြီးသည် ဆင်ဖြူတော်ကို ယူဆောင်၍ မြို့သို့ ရောက်လေ သော် မြို့ကိုရင်း, ဆင်တင်းကုပ်ကိုရင်း တန်းဆာဆင်စေ၍ ဆင်ဖြူတော်ကို မြို့ကို လကျ်ာရစ်လှည့်လည်စေလျက် ဆင်တင်း ကုပ်သို့ သွင်းပြီးလျှင် ဆင်တော်ဆိုင်ရာ အဆင်တန်းဆာအစုံ တို့ဖြင့် တန်းဆာဆင်ကာ မင်္ဂလာအဘိသိက် သွန်းတော်မူပြီးလျှင် မင်းစီးဆင် ပြုလုပ်၍ မိမိ၏ အဆွေတော်အရာ၌ ထားလျက် ပြည်စည်းစိမ်တဝက်ကို ဆင်ဖြူတော်အား ပေးပြီးလျှင် မိမိနှင့် အဆောင်အယောင် အခမ်းအနားတူ ပြုမူချီးမြှောက်တော်မူလေ ၏။ ဆင်ဖြူတော် ရောက်သည့် အချိန်မှစ၍ ဗာရာဏသီမင်းကြီး၏ အဖို့ရာ ဇမ္ဗူဒိပ်တကျွန်းလုံး၌ မင်းအဖြစ် (=မင်းစည်းစိမ်) သည် လက်တော်ရောက် ရပြီးသာလျှင် ဖြစ်လေ၏။

ဤနည်းဖြင့် အချိန်ကာလ အတန်ကြာလွန်လတ်သော် ဘုရား အလောင်းတော်သည် ထိုဗာရာဏသီမင်းကြီး၏ အဂ္ဂမဒေဝီ မဟေသီ မိဖုရားခေါင်ကြီးဝမ်း၌ ပဋိသန္ဓေ ယူနေတော်မူလာ၏။ မိဖုရားကြီး၏ကိုယ်ဝန် ရင့်ကျက်သောအခါ၌ ဗာရာဏသီမင်းကြီး သည် နတ်ရွာစံလေ၏။ ဆင်ဖြူတော်သည် အကယ်၍ မင်းကြီး နတ်ရွာစံကြောင်း သိရှိလျှင် ထိုသိရာနေရာမှာပင် နှလုံးကွဲ၍ သေပွဲဝင်လေရာ၏၊ ထို့ကြောင့် မှူးမတ်တို့က ဆင်ဖြူတော်ကို မင်းကြီးနတ်ရွာစံကြောင်း မသိကြ ်စေပဲ ပြုစုလုပ်ကျွေးမြဲ လုပ်ကျွေး ၍ ထားကြကုန်၏။

အထူးအားဖြင့် ဗာရာဏသီမင်းကြီး နတ်ရွာစံကြောင်း ကြားသိရ၍ "ဗာရာဏသီပြည်သည် မင်းမှ ဆိတ်သုဉ်းနေသတဲ့"ဟု အခြားမဲ့ အနီးအပါး ကောသလတိုင်းရှင် (=ကောသလဘုရင်) မင်းတပါးသည် များစွာသော စစ်တပ်ကြီးဖြင့် လာရောက်၍ မြို့ကို ဝန်းရံထားလေ၏။ ဗာရာဏသီမြို့သားတို့သည် ကောသလမင်းအထံသို့ "အကျွန်ုပ်တို့မင်းကြီး၏ မိဖုရားခေါင်ကြီးသည် ယခုအခါ ကိုယ်ဝန်အရင့်အမာဖြစ်ရှိလျက် 'ယနေ့မှနောက် ခုနစ်ရက်မြောက်၌ သားတော်ကို ဖွားမြင်လိမ့်မည်'ဟု အင်္ဂဝိဇ္ဇာတတ်လက္ခဏာဖတ်ဆရာတို့က ဟောဆိုကြပါသည်၊ အကယ်၍ မိဖုရားကြီးက သားတော်ကို ဖွားမြင်ခဲ့ပါလျှင် ကျွန်ုပ်တို့သည် ခုနစ်ရက်မြောက်သောနေ့၌ တိုင်းပြည်ကိုကား မပေး, စစ်ထိုးခြင်းကိုသာလျှင် ပေးကြပါကုန်အံ့၊ ဤမျှ (=ခုနစ်ရက်ကြာ) ကာလပတ်လုံး စောင့်ဆိုင်းကုန်လော့"ဟု သတင်းစကား သဝဏ်လွှာ ပို့သကြကုန်၏။ ကောသလမင်းသည် "ကောင်းပြီ"ဟု သဘောတူလက်ခံလေ၏။

မိဖုရားကြီးသည် ခုနစ်ရက်မြောက် ရောက်သောနေ့၌ သားတော်ကို မီးရှူးသန့်စင် ဖွားမြင်လေ၏၊ ထိုမင်းသား၏ အမည်မှည့်သောနေ့၌ တိုင်းသားပြည်သူ လူအပေါင်း၏မဆုတ်နစ်သောစိတ်ကို ချီးမြှောက်လျက် ဖွားမြောက် သန့်စင်လာသောကြောင့် "အလီနစိတ္တမင်းသား"ဟူ၍ မင်းသား၏အမည်ကို မှည့်ခေါ်ကြလေကုန်၏။ (အလီနစိတ္တ=မဆုတ်နစ်သောစိတ်ကိုဖြစ်တတ်သော မင်းသားဟု ဆိုလိုသည်)။

အထူးအားဖြင့် မင်းသားဖွားမြင်သောနေ့မှ စ၍ ဗာရာဏသီမြို့သားတို့သည် ကောသလမင်းနှင့် ပြိုင်ဆိုင် စစ်ထိုးကြလေကုန်၏၊ သို့ပါသော်လည်း စစ်မြေဦးစီး ဘုရင်မင်းတရား မရှိသောကြောင့် စစ်သည်ဗိုလ်ပါ များလှစွာသော်လည်း စစ်ထိုးရင်း ထိုးရင်းပင် အနည်းငယ် အနည်းငယ် စိတ်ဓာတ်ကျဆင်း ဆုတ်နစ်၍ လာလေ၏။ အမတ်တို့သည် ထိုအကြောင်းကို မိဖုရားကြီးအား ပြောကြားကြ၍ "အရှင်မိဖုရား....အကျွန်ုပ်တို့သည် ဤနည်းအတိုင်း

ယာစစ်သည်ဗိုလ်ပါများ စိတ်ဓာတ်ကျဆင်း ဆုတ်နစ်နေပါလျှင် စစ်ရှုံးမည်မှ ကြောက်လန့်ကြရပါသည်၊အထူးလျှောက်ထားလိုပါ သည်မှာ–အကျွန်ုပ်တို့မင်းကြီး နတ်ရွာစံကြောင်း, သားတော် ဖွားမြင်ကြောင်း ကောသလမင်းလာရောက်၍ အကျွန်ုပ်တို့ ဤ ပြည်ကို စစ်ထိုးနေကြောင်း = ဤအကြောင်းများကို မင်းကြီး၏ အဆွေ မင်္ဂလာဆင်ဖြူတော် မသိရှိသေးပါ၊ ထိုအကြောင်းများကို မင်္ဂလာဆင်ဖြူတော်ကို သိစေကြကုန်စို့လား”ဟု မေးမြန်းတိုင်ပင် စကား ပြောကြားကြကုန်၏။ မိဖုရားကြီးသည် “ကောင်းပြီ”ဟု ဝန်ခံ၍ သားတော်ကို တန်းဆာဆင်ပြီးလျှင် ဘွဲ့ဖြူခင်းနှီး၌ လဲ လျောင်းစေကာ ပြာသာဒ်မှဆင်း၍ အမတ်ပေါင်း ခြံရံအပ်လျက် ဆင်တင်းကုပ်သို့ သွားရောက်ပြီးလျှင် ဘုရား အလောင်းတော် မင်းသားကို ဆင်ဖြူတော်၏ ခြေရင်း၌ သိပ်ထား၍ “အို အရှင် ဆင်ဖြူတော်မင်း....အရှင်မင်း၏ သူငယ်ချင်းတား နတ်ရွာစံလေပြီ၊ အကျွန်ုပ်တို့သည် အရှင်ဆင်မင်း နှလုံးကွဲ၍ သေပွဲဝင်မည့်ဘေးမှ ကြောက်သဖြင့် မလျှောက်ထားခဲ့ကြပါကုန်၊ ဤမင်းသားတား အရှင်ဆင်မင်းသူငယ်ချင်း၏ သားတော်ဖြစ်ပါသည်၊ ယခုအခါ ကောသလမင်း လာရောက်၍ မြို့ကိုဝန်းရံပြီးလျှင် အရှင်ဆင်မင်း ၏သားတော်နှင့် စစ်ထိုးလျက် ရှိပါသည်၊ ဗိုလ်ပါများလည်း စိတ်ဓာတ်ကျဆင်း ဆုတ်နစ်လျက်ရှိနေကြပါသည်။ အရှင်ဆင်မင်း ၏ သားတော်ကို အရှင်ဆင်မင်းပင်လျှင် သတ်လိုမူလည်းသတ် လော့၊ သို့မဟုတ် ထိုမင်းသားအား မင်းအဖြစ်ကို အရှင်ဆင်မင်း ပင် ယူ၍ ပေးလိုမူလည်း ပေးလော့”ဟု မိဖုရားကြီးက ပြောဆို လေ၏။

ထိုအခါ ဆင်ဖြူတော်သည် ဘုရားအလောင်း (=အလီနစိတ္တ မင်းသားငယ်) ကို နှာမောင်းဖြင့် သုံးသပ် ပွေ့ပိုက်မြှောက်ချီ၍ ဦးကင်း၌ထားကာ သည်းစွာငိုကြွေးလျက် ဘုရားအလောင်းကို ဦးကင်းမှတဖန် ပြန်၍ချပြီးလျှင် မိဖုရားကြီး၏ လက်၌ သိပ်ထား စေပြီးမှ “ကောသလမင်းကို အရှင်လတ်လတ်ငါဖမ်းယူအံ့” ဟု ကြုံးဝါးလျက် ဆင်တင်းကုပ်မှ ထွက်လေ၏။ ထိုအခါ အမတ်တို့

သည့် ဆင်ဖြူတော်အား ချပ်ဝတ်တန်းဆာများ ဝတ်ဆင်ပေးကြ၍ မြို့တံခါးကို ဖွင့်ကြကာ ဆင်ဖြူတော်ကို ဝန်းရံကုန်လျက် မြို့မှ ထွက်ကြလေကုန်၏။ ဆင်ဖြူတော်သည် မြို့မှထွက်ပြီးလျှင် ကြိုးကြာသံကိုဟစ်လျက် လူအပေါင်းကို ထိတ်လန့်ပြေးသွား ဖယ်ရှားစေ၍ ရန်သူမင်း၏ ဗိုလ်ပါရဲမက် အစုကို ဖောက်ထွင်းပြီးနောက် ရန်သူကောသလမင်းကို ဦးသျှောင်၌ ဆွဲယူ ဖမ်းဆောင်ခဲ့၍ ဘုရားအလောင်းတော် အလီနစိတ္တမင်းသားငယ်၏ ခြေရင်း၌ လဲလျောင်းစေ၍ ထိုမင်းကို သတ်ဖို့ရန် ထကြွလှုပ်ရှားသော မိမိတို့ဖက် ရဲမက်များကို ဟန့်တားပြီးလျှင် "အသင် ကောသလ မင်းသည် ဤအခါမှစ၍ မမေ့မလျော့သူ ဖြစ်လေလော့၊ 'မင်းသား ကလေး ငယ်သော' ဟု အမှတ်မပြုလင့်" ဟူ၍ သတိပေးစကား ပြောကြားဆုံးမ၍ လွှတ်လိုက်လေ၏။

ထို အချိန်မှ စ၍ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ မင်းစည်းစိမ်သည် အလောင်းတော် အလီနစိတ္တမင်းသား၏လက်သို့ ရောက်ပြီးသည် သာလျှင် ဖြစ်တော့၏။ အခြားရန်သူ တဦးတယောက် ထကြွ ဝံ့သောမည်သည် မရှိဖြစ်လေ၏။ ဘုရားအလောင်းသည် အသက် တော် ခုနစ်နှစ်ရှိသောအခါ၌ ရာဇအဘိသိက်သွန်းခံ၍ အလီန- စိတ္တမည်သောမင်းဖြစ်လျက် တရားသဖြင့် မင်းပြုပြီးလျှင် အသက် အဆုံး၌ နတ်ပြည်သို့ လားရောက်တော်မူလေ၏။

(ဤ အလီနစိတ္တဇာတ်တော်အရင်းကို မူလပဋ္ဌမဒ္ဒ လွှဲလစိမိယ လျော့ချသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူသည်။ နောက်အခါ အရှင်ရာဓမထေရ်ဝတ္ထု ဖြစ်ပေါ်လာသောအချိန်၌ အရှင် သာရိပုတ္တရာမထေရ်၏ ကတညုကတဝေဒိတာဂုဏ် ထင်ရှားစေရန် ဖခင်ဆင်ပြောင်ကြီးက သားငယ်ဆင်ဖြူတော်ကလေးကို လက်အမား တို့အား ပေးအပ်သောအခန်းတိုင်အောင် ဟောကြားတော်မူပြန်၏ဟု အထူးမှတ်ယူရာ၏)။

မြတ်စွာဘုရားရှင်သည် ဤ အတိတ်ဇာတ် အဋ္ဌုပ္ပတ်ကို ထုတ် ဆောင်ဟောကြားတော်မူ၍ ယခု ဘုရားဖြစ်တော်မူသောအခါ ဤဆိုလတ္တံ့သော ၂-ဂါထာတို့ကို ဟောကြားတော်မူလေ၏—

(၁) အလီနစိတ္တံ နိဿာယ၊ ပဟဋ္ဌာ မဟတိ စမူ။
ကောသလံ သေနာသန္တုဋ္ဌံ၊ ဇီဝဂ္ဂါဟံ အဂါဟယိ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ အလီန-စိတ္တံ = အလီနစိတ္တ အမည်ရသည့် ဘုရားအလောင်း သူမြတ်ငါကို။ နိဿာယ = အားထားသမှု အမှီပြု၍။ ပဟဋ္ဌာ= နှစ်လိုအားရမ်း ဝမ်းမြောက်သော။ မဟတီ စမူ = ဗာရာ-ဏသီဘက်သား ကြီးမားသောစစ်တပ်ကြီးသည်။ သေန= မိမိပိုင်စံ တိုင်းနိုင်ငံဖြင့်။ အသန္တုဋ္ဌံ = လောဘထန်ကဲမရောင့်ရဲသော။ ကောသလံ=ကောသလတိုင်းရှင် ရန်သူဘုရင်မင်းကို။ ဇီဝဂ္ဂါဟံ = ဆင်ဖြူတော်ဝင် သူ့စွမ်းအင်ဖြင့် အရှင်ဖမ်းယူခြင်းကို။ အဂါဟယိ = အခွင့်ပိုင်ပိုင်ဖမ်းယူနိုင်ခဲ့လေပြီ။

(၂) ဧဝံ နိဿယသမ္ပန္နော၊ ဘိက္ခု အာရဒ္ဓဝီရိယော။
ဘာဝယံ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

ဧဝံ = ဤအတူ။ နိဿယသမ္ပန္နော = ဘုရားမြတ်စွာ အရိယာသာဝကတည်းဟူသော ကလျာဏ မိတ္တကိုလုံမှီရာနှင့်ပြည့်စုံသော။ အာရဒ္ဓဝီရိယော = ဖန်ဖန်ပွါးလစ် အားသစ်အစ်သောလုံ့လဝီရိယရှိသော။ ဘိက္ခု=သံသရာဘေး ခန္ဓာရေးကို တောက်တွေးသိမြင် ပညာရှင်သည်။ ယောဂက္ခေမဿ = ယောဂလေးတန် ကုန်ရာမှန်သား နိဗ္ဗာန်ကြွင်းနိဗ္ဗာန်း ဘေးမဲ့နန်းသို့။ ပတ္တိယာ = လျင်မြန်ထုတ်ချောက် ရောက်စိမ့်သောငှါ။ ကုသလံ ဓမ္မံ = အပြစ်မဲ့ငြိမ်းဗောဓိပက္ခိယ တရားကို။ ဘာဝယံ = ဘာဝယန္တော = သမ္မပ္ပဓာန်လေးပါး လုံ့လအားဖြင့် ပွါးများလတ်သည်ရှိသော်။ သဗ္ဗသံယောဇနက္ခယံ = သံယောဇဉ်ဆယ်သင်း အကုသိုလ်ခပင်းတို့၏ အကြွင်းမဲ့ကုန်ဆုံးရာ အရဟတ္တဖိုလ်သို့။ အနုပုဗ္ဗေန = မဂ်ဉာဏ်လေးပါး အစဉ်အားဖြင့်။

ပါပုဏော = ပါပုဏောယျ = ရည်ရွယ်သလောက်ခရီး ပေါက်၍ ဆိုက်ရောက်လေရာ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် အမြိုက်နိမ္မာန်ဖြင့် တရားဒေသနာ၏ အထွတ်ကို တပ်ဆင်ကာ ထို၏အထက် တဖန်ဆက်၍ သစ္စာလေးပါး တရားကိုပြတော်မူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေ၏။ သစ္စာလေးပါး တရားကိုဟောပြသည်၏အဆုံး၌ လုံ့လဝီရိယ လျှော့ချသောရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။ ထိုအခါ မယ်တော်သည် ယခုအခါ မဟာမာယာမိဖုရား, ထိုအခါ ခမည်းတော်သည် ယခုအခါ သုဒ္ဓေါဒန မင်းတရားကြီး ဖြစ်၍ လာ၏၊ ထိုအခါ မင်းစည်းစိမ်ကို အရယူ၍ပေးသော ဆင်ဖြူတော်သည် ယခုအခါ လုံ့လဝီရိယ လျှော့ချသောရဟန်း, ဖခင်ဆင်ပြောင်ကြီးသည် ယခုအခါ အရှင်သာရိပုတ္တရာမထေရ်, ပြည်နိုးဖြစ်သော' ကောသလမင်းသည် ယခုအခါ အရှင်မဟာမောဂ္ဂလာန် ဖြစ်၍ ထိုစဥ်အခါ အလီနစိတ္တမင်းသားသည် ယခုအခါငါဘုရားဖြစ်လာ၏-ဟု ဇာတ်တော်ကို ပေါင်းတော်မူလေ၏။ ။ ဤကား ဒုကနိပါတ်လာ အလီနစိတ္တဇာတ်တည်း။

မြတ်စွာဘုရားရှင်သည် ဤအလီနစိတ္တဇာတ်တော်ကို ထုတ်ဆောင်ဟောပြ၍ ရှေးအခါကလည်း အရှင်သာရိပုတ္တရာမထေရ် မြတ်၏ သူ့ကျေးဇူးသိတတ်သည်၏အဖြစ်ကို ပြတော်မူ၏။ ထို့ပြင် အရှင်ရာဓမထေရ်ကို အကြောင်းပြု၍ မြတ်စွာ ဘုရားရှင်သည် သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်၌ ဝဂ်ပေါင်း ၄-ဝဂ်,သုတ်ပေါင်း ၄၆-သုတ်တို့ဖြင့် တန်းဆာဆင်အပ်သော (၂) ရာဓသံယုတ်ကို ဟောတော်မူအပ်လေသည်။

ထို့ပြင်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်က အရဟတ္တဖိုလ်သို့ ရောက်ပြီးသော အရှင်ရာဓမထေရ်ကို ခေါ်ဆောင်၍ မြတ်စွာဘုရားထံတော်မှောက်သို့ လာရောက်ရှိခိုး ထိုင်နေသောအခါ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာမထေရ်ကို "ချစ်သားသာရိပုတ္တရာ....သင်၏ အန္တေဝါသိက = အနီးနေ တပည့်ဖြစ်သူ ရာဓ

ရဟန်းသည် ဆုံးမလွယ်သူဖြစ်၏လော”ဟု မေးတော်မူသဖြင့် အရှင်သာရိပုတ္တရာမထေရ်က “မြတ်စွာဘုရား....ရာဓ ရဟန်းသည် အလွန်ပင် ဆုံးမလွယ်သူဖြစ်ပါ၏၊ တစုံတရာအပြစ်ကို ပြောဆို အပ်လျှင် အမျက်ထွက်ဘူးသည်ဟူ၍မရှိပါ”ဟုပြန်ကြားလျှောက် ထားသောအခါ မြတ်စွာဘုရားရှင်က “ချစ်သားသာရိပုတ္တရာ.... ဤသို့ဆုံးမလွယ်သော တပည့်များကိုရလျှင် သင်ချစ်သားသည် အဘယ်မျှ(ဘယ်နှစ်ဦးလောက်)ရယူလိုသနည်း”ဟု မေးတော် မူ၏။ အရှင်သာရိပုတ္တရာ မထေရ်ကလည်း “မြတ်စွာဘုရား.... ဤရာဓရဟန်းကဲ့သို့ ဆုံးမလွယ်သော တပည့်တို့ကို ရပါမူ တပည့် တော်သည် များစွာသောတပည့်တို့ကိုလည်း ရယူလိုပါ၏”ဟု ပြန်ကြားလျှောက်ထားလေ၏။

ထို့နောက် ရဟန်းတို့က အရှင်သာရိပုတ္တရာ၏ ကတညုတာ ကတဝေဒိတာ ဂုဏ်ကျေးဇူးကို ချီးမွမ်း ပြောဆိုကြသောအခါ မြတ်စွာဘုရားရှင်သည် ဖော်ပြရာပါ အလီနစိတ္တဇာတ်ကိုဟော၍ အဟိတ်တိရစ္ဆာန် ဘဝ၌ပင်သော်လည်း အရှင်သာရိပုတ္တရာ၏ သူ့ကျေးဇူးသိတတ်ပုံကို ထင်ရှားစေတော်မူပြီးနောက် အရှင်ရာဓ မထေရ်ကို အကြောင်းပြု၍ “ရဟန်းတို့....ရဟန်းဖြစ်သောသူမည် သည် ဤရာဓရဟန်းကဲ့သို့ ဆိုဆုံးမလွယ်သူ ဖြစ်သင့်၏၊ အပြစ်ကို ပြ၍ ဆရာသမားတို့က ဆိုဆုံးမအပ်လျှင် အမျက်မထွက်ရာ၊ အဆုံးအမ ဩဝါဒပေးသောဆရာကို ရွှေအိုး, ငွေအိုးကို ညွှန်ပြ သောသူကဲ့သို့ မှတ်ယူရမည်”ဟု မိန့်တော်မူ၍ စကားအနုသန္ဓေ ဆက်စပ်ကာ တရားဒေသနာကို ဟောတော်မူလိုသည်ဖြစ်၍ ဓမ္မပဒဝယ် ဤဂါထာကို မိန့်ဆိုဟောကြားတော်မူလေ၏—

နိဓီနံဝ ပဝတ္တာရံ၊
ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊
တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊
သေယျော ဟောတိ န ပါပိယော။

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့....။ နိမိနံ = ရတနာမျိုး ရတနာအိုးကို။ ပဝတ္တာရံ ဝိယ = အကျိုး လိုလား ညွှန်ကြားပြောဆိုသောသူကိုကဲ့သို့။ ဝဇ္ဇဒဿိနံ= မိမိအပေါ် အကျိုးကို မြော်၍ မလျော်သည့် အပြစ်ကို စိစစ်ရှုကြည့်လေ့ရှိသော။ ယံ = အကြင်ဆရာသခင် ပညာ့ ရှင်ကို။ ပဿေ=ပဿေယျ=ရှေးကုသိုလ်ကံ စီမံထောက်မ တွေ့ကြုံရငြားအံ့။ နိဂ္ဂယှဝါဒိံ = အပြစ်အလျောက် နှိမ်း ခြောက်နှိပ်ကွပ်၍ ပြောဆိုဆုံးမလေ့ရှိသော။ မေဓာဝိံ = တရားခပင်း ထိုးထွင်းမြင်သိ ဓမ္မောဇပညာလည်း ရှိပေ ထသော။ တာဒိသံ ပဏ္ဍိတံ=ထိုသို့ရှုအပ် မြတ်သောပညာ့ ရှင် ဆရာသခင်ကို။ ဘဇေ = ဘဇေယျ = နွေ့ညည့် မကွာ ဆည်းကပ်ရာ၏။ တာဒိသံ = ထိုသို့ရှုအပ် မြတ်သောပညာ့ ရှင် ဆရာသခင်ကို။ ဘဇမာနဿ = နွေ့ညဉ့်မလပ် ဆည်း ကပ်သောသူ၏ (အဖို့ရာ)။ သေယျော = အထူးသဖြင့် ချီးမွမ်းအပ်လျှင်း ကြီးပွါးခြင်းသည်သာ။ ဟောတိ = ဖြစ်၏။ ပါပိယော = ယုတ်ညံ့ဘိလျှင်း ဆုတ်ယုတ်ခြင်း သည်။ န ဟောတိ = မဖြစ်။

ဒေသနာနိဂုံး ဆုံးလတ်သောအခါ များစွာသောသူတို့ သော- တာပတ္တိဖိုလ် စသည်တို့သို့ ဆိုက်ရောက်ကြလေသည်။ ။(ဓမ္မပဒ ဋ္ဌ ၁၊ မျက်နှာ ၃၄၆-မှ)။

## (ဂ) တေဒဂ်တွင်ထူး ရတော်မူခြင်း

နောက်တချိန်၌ မြတ်စွာဘုရားသည် မထေရ်မြတ်တို့ကို အစဉ် အတိုင်း တေဒဂ်ရာထူး = ဌာနန္တရ၌ ထားတော်မူသည် ရှိသော် အရှင်ရာမမထေရ်ကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပဋိဘာဏ- နေယျကာနံ ယဒိဒံ ရာဓော=ရဟန်းတို့....ငါဘုရား တရား ဟောဆိုကြောင်း = ဓမ္မဒေသနာ ဉာဏ်ပညာပဋိဘာန်တို့

ဖြစ်စေတတ်ကြသော ငါဘုရား၏ တပည့်သာဝက ရဟန်း
တို့တွင် ရာဓရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်၏”—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ “ပဋိဘာနေယျက=မြတ်စွာဘုရား၏ တရားဟောကြောင်း = ဓမ္မဒေသနာ ဉာဏ်ပညာပဋိဘာန်ကို ဖြစ်စေသောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး—ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဤအရာ၌။ ။အရှင်ရာဓမထေရ်၏ အသိအမြင်ဉာဏ်ဖြစ်ပုံ, တရားတော်၌ သက်ဝင်ယုံကြည်မှုသဒ္ဓါတရား ကြီးမားပုံတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်၏ သန္တာန်တော်ဝယ် အသစ်အသစ်ဖြစ်သော တရားဟောဆိုကြောင်း=ဓမ္မဒေသနာ အသိဉာဏ်ပညာတို့ တိုး၍ တိုး၍ ဖြစ်ပွါးလာလေသည်။ (ဤအချက်ကို ရာဓသံယုတ် ပဌမဝဂ် နောက် ၆-သုတ်နှင့် ဒုင်းရာဓသံယုတ် စတုတ္ထဝဂ်တခုလုံးကို ရှု၍ သိမှတ်ရာ၏၊ သိမ်မွေ့စွာ)။ ထို့ကြောင့် အရှင်ရာဓမထေရ်သည် ပဋိဘာနေယျက=မြတ်စွာဘုရား၏ ဓမ္မဒေသနာ ဉာဏ်ပညာပဋိဘာန်ကို ဖြစ်စေသောအရာဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်လာလေသည်။ ပဋိဘာနံ ဇနေန္တီတိ ပဋိဘာနေယျကာ။ ယေ=အကြင်သာဝကတို့သည်။ ပဋိဘာနံ=မြတ်ဘုရား၏တရားဟောကြောင်း=ဓမ္မဒေသနာဉာဏ်ပညာ ပဋိဘာန်ကို။ ဇနေန္တိ=ဖြစ်စေတတ်ကုန်၏။ ဣတိ·တသ္မာ=ထို့ကြောင့်။ တေ=ထိုသာဝကတို့သည်။ ပဋိဘာနေယျကာ=ပဋိဘာနေယျက မည်ကုန်၏။ ပဋိဘာနေယျကာ=မြတ်စွာဘုရား၏ ဓမ္မဒေသနာ ဉာဏ်ပညာ ပဋိဘာန်ကို ဖြစ်စေတတ်သော သာဝကတို့။ ဤသို့ ဝိဂ္ဂိုဟ်ပြုရာ၏)။

ဤကား အရှင်ရာဓမထေရ် အကြောင်းတည်း။

---

## (၄၁) အရှင်မောဃရာဇမထေရ်အကြောင်း

(ဤ အရှင်မောဃရာဇမထေရ်၏ အကြောင်းအရာကို အင်္ဂုတ္တရ-အဋ္ဌကထာ, သုတ္တနိပါတအဋ္ဌကထာ ပါရာယနဝဂ်အဖွင့်တို့မှ ထုတ်နုတ်ရေးသား ဖော်ပြအပ်)—

### (က) မထေရ်၏ ရှေးဆုတောင်း

ဤ အရှင်မောဃရာဇမထေရ်အလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာ-

ဝတီ မင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၍ နောက်အဖို့ဝယ် မြတ်စွာဘုရား၏ တရားစကားကို နာကြားစဉ် မြတ်စွာဘုရားရှင်က ရဟန်းတော်တပါးကို အဝတ်အထည်, ချည်, ဆိုးရည်အားဖြင့် သုံးပါးစုံ ခေါင်းပါး ဖျင်းညံ့သည့် ပံသုကူသက်န်းကို ဆင်မြန်းဝတ်ရုံ ဆောင်ယူကြသောရဟန်းတို့အနက် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ အမိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုလူခစိဝရဓာရီဧတဒဂ် (=ခေါင်းပါးဖျင်းညံ့သည့် ပံသုကူသက်န်းကို ဆင်မြန်းဝတ်ရုံသော အရာဝယ် အသာဆုံး အမြတ်ဆုံး) ရာထူးကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

### ကဿပါဟနုမင်း၏ အမတ်ကြီးဘဝ

အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည် ကျက်စားလျက် ကဿပမြတ်စွာဘုရား ပွင့်ထွန်းတော်မူသည်မှ ရှေးကာလကပင် ကဋ္ဌဝါဟနမြို့ဝယ် အမတ်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကဋ္ဌဝါဟနမင်းကို ဆည်းကပ်ခစားလျက် အမတ်ကြီးရာထူးကို ရရှိလေ၏။

ကဋ္ဌဝါဟနမင်း၏ အကြောင်းအရာ အကျယ်ကား (သုတ္တနိပါတ ဋ္ဌ၊ ၂-မှ) လွန်လေပြီးသောအခါ (ကဿပမြတ်စွာ ပွင့်ထွန်းတော်မမူမီ) ဗာရာဏသီပြည်သား လက်သမား ဆရာကြီးသည် မိမိ၏ဆရာ့ဉစ္စာ လက်သမားပညာ၌ နှစ်ယောက်မြောက်သူမရှိ တတ်သိလိမ္မာသူ ဖြစ်၏။ ထိုဆရာကြီးမှာ တပည့်ကြီး (၁၆) တဆယ့်ခြောက်ယောက် ရှိ၍ တပည့်ကြီး တယောက်တယောက်မှာ လက်စောင်အနီးနေ တပည့်ပေါင်း (၁၀၀၀) တထောင်စီ ရှိကြလေသည်။ ဤသို့လျှင် (၁၆၀၁၇) တသောင်းခြောက်ထောင်တကျိပ်ခုနစ်ဦးသော ဆရာတပည့် အားလုံးတို့သည် ဗာရာဏသီပြည်ကို အမှီပြု၍ အသက်မွေးမှု ပြုလုပ်နေထိုင်

ကြပုံမှာ—သစ်တောတောင်အနီးသို့ သွားရောက်ကြ၍ သစ်များကို ခုတ်လှည်း ခွဲစိတ်ကြကာ ထိုတောအရပ်မှာပင် အမျိုးမျိုးသော ပြာသာဒ်နန်းအိမ်ဆိုင်ရာ သစ်ဘဏ္ဍာပရိဘောဂတို့ကို ပြုလုပ်ပြီး ပြေစေကြ၍ ဖောင်ကြီးဖွဲ့ကာ တင်ဆောင်ခဲ့ကြလျက် ဂင်္ဂါမြစ် အတိုင်း ဗာရာဏသီပြည်သို့ ဆောင်ခဲ့ကြပြီးလျှင် အကယ်၍ ဗာရာဏသီမင်းက အလိုရှိလျှင် မင်းအား ဘုံတဆင့် (=တထပ်) ရှိသော ပြာသာဒ်ကိုဖြစ်စေ (ပ)ဘုံခုနစ်ဆင့် (ခုနစ်ထပ်) ရှိသော ပြာသာဒ်ကိုဖြစ်စေ တစ်ဆင်ဆောက်လုပ်၍ပေးကြကုန်၏၊ အကယ်၍ ဗာရာဏသီမင်းက အလိုမရှိလျှင် အခြားသူများအားလည်း ရောင်း၍ သား, မယားကျွေးမွေးမှုပြု၍ နေကြကုန်၏။

### ဆရာကြီး ဝဍ္ဍုန်ရုပ်စက်ယာဉ်ပျံ တည်ဆောက်ခြင်း

ထိုနောက် တနေ့သ၌ လက်သမားဆရာကြီးသည် "အမြဲတစေ လက်သမားမိသုကာအလုပ်ဖြင့် အသက်မွေးမှု ပြုလုပ်ရန် မတတ်နိုင်ချေ၊ မှန်ပေ၏—အသက်အရွယ် ကြီးရင့် အိုမင်းသောအခါ၌ ဤလက်သမားအမှုကို ပြုလုပ်ရန် ခဲယဉ်းလှ၏"ဟု ကြံစည်စဉ်းစား မိ၍ မိမိ၏ တပည့်များကို "အမောင်တို့.... ရေသဖန်းသားအစ ရှိသည့် အနှစ်မဲ့ပြား ပေါ့ပါးသောသစ်သားတို့ကို ဆောင်ခဲ့ကြ လော့"ဟု ပြောဆိုလေ၏။ တပည့်တို့ကလည်း "ကောင်းပါပြီ" ဟု ဝန်ခံကြကာ ပေါ့ပါးသောသစ်သားတို့ကို ဆောင်ယူခဲ့ကြ လေကုန်၏။ ဆရာကြီးသည် ထိုသစ်သားတို့ဖြင့် ဝဍ္ဍုန်ရုပ်ကြီးမြှ လုပ်ကာ ထိုဝဍ္ဍုန်ရုပ်၏အတွင်းသို့ ဝင်ရောက်ကာ ယန္တရားစက် တို့ကို တပ်ဆင်လေ၏။ ဝဍ္ဍုန်ရုပ်စက်ယာဉ်ပျံကြီး ပြီးသောအခါ ဆရာကြီးသည် စက်ကိုနှိုး၍ ထိုဝဍ္ဍုန်ရုပ်စက်ယာဉ်ပျံကို စီးလျက် တပည့်များအလုပ်လုပ်နေသည့်တောအရပ်သို့ သွားလေ၏၊ ဝဍ္ဍုန် ရုပ် စက်ယာဉ်ပျံကြီးသည် အသက်ရှင်သော ဝဍ္ဍုန်မင်းပမာ ကောင်းကင်သို့ ပျံတက်၍ တောအထက်က သွားပြီးလျှင် တပည့် တို့၏ ရှေ့၌ သက်ဆင်းကျရောက်လေ၏။

ထိုအခါ ဆရာကြီးသည် တပည့်များကို "အမောင်တို့....ငါတို့သည် ဤသို့သော ဂဠုန်ရုပ် စက်ယာဉ်ပျံများကို ပြုလုပ်တည်ဆောက်ကြကာ ဇမ္ဗူဒိပ်တကျွန်းလုံး၌ မင်းအဖြစ်ကို ရယူနိုင်ကြကုန်၏၊ အမောင်တို့....အမောင်တို့လည်း ဤဂဠုန်ရုပ်စက်ယာဉ်ပျံများကို ပြုလုပ်တည်ဆောက်ကြကုန်လော့၊ မင်းအဖြစ်ကို ရယူ၍ အသက်ရှင်ကြကုန်စို့၊ လက်သမားအတတ်ဖြင့် အသက်မွေးရခြင်းသည် ဆင်းရဲ၏"ဟုအကြံပေးတိုက်တွန်းစကား ပြောကြားလေ၏။ တပည့်တို့သည် ဆရာကြီး ညွှန်ကြားပြောဆိုပြီးသည့် အတိုင်း ဂဠုန်ရုပ်စက်ယာဉ်ပျံတို့ကို ပြုလုပ်တည်ဆောက်ကြပြီးလျှင် ဆရာကြီးအား ထိုအကြောင်းကိုပြောကြားသိစေကြကုန်၏၊ထို့နောက်မှ ဆရာကြီးက တပည့်များကို"အမောင်တို့....အဘယ်ပြည်ကို ငါတို့သိမ်းယူကြမည်နည်း"ဟု မေးမြန်း တိုင်ပင်လေလျှင် တပည့်များသည် တညီတညွတ်တည်း "ဆရာကြီး....ဗာရာဏသီပြည်ကို သိမ်းယူကြကုန်စို့"ဟု ပြန်ကြားပြောဆိုကြလေ၏။ ထိုအခါ ဆရာကြီးက "အမောင်တို့....မသင့်လျော်ဘူး, ဤသို့ဗာရာဏသီပြည်ကို သိမ်းယူရန်အကြံကို မနှစ်သက်ကြလင့်၊ မှန်၏-ငါတို့သည် ထိုဗာရာဏသီပြည်ကို သိမ်းယူကြလျှင်လည်း လက်သမားမင်း, လက်သမားအိမ်ရှေ့မင်း, လက်သမားမင်းသား, လက်သမားမင်းအမတ်, ဤသို့စသည်ဖြင့် လက်လမားဟု ပြောဆိုခေါ်ဝေါ်ခြင်းမှ လွတ်မြောက်ကြလိမ့်မည် မဟုတ်ချေ၊ ဇမ္ဗူဒိပ်ကျွန်းကား ကျယ်ဝန်းလှစွာ၏၊ ငါတို့သည် အခြားအရပ်သို့ သွားကြကုန်စို့"ဟု အကြံပေးစကား ပြောကြားလေလျှင် အားလုံးပင် သဘောတူညီကြလေကုန်၏။

### ကဋ္ဌဝါဟနမင်းကြီး ဖြစ်လာခြင်း

ထို့နောင်မှ ဆရာတပည့်ပေါင်း တသောင်းခြောက်ထောင်တကျိပ်ခုနစ်ဦးတို့သည် သား,မယားတို့နှင့် အတူတကွ ဂဠုန်ရုပ်စက်ယာဉ်ပျံအသီးသီး စီးနင်းကြ၍ လက်နက်များကို အသင့်ပြင်ဆင် စွဲကိုင်ပြီးဖြစ်ကြလျက် ဟိမဝန္တာသို့ရှေးရှု စက်ယာဉ်ပျံတို့ကို မောင်းနှင်သွားကြပြီးလျှင် ဟိမဝန္တာ၏အနီးမြို့တမြို့သို့ ဝင်ရောက်ကြ၍ မင်း၏နန်းတော်၌ပင် စုရုံးရပ်တည်ကြလေကုန်၏။ထိုဆရာ

တပည့်တို့သည် ထိုမြို့၌ မင်းအဖြစ်ကို သိမ်းယူကြ၍ လက်သမားဆရာကြီးကို ရာဇအဘိသိက်သွန်းဖျန်းကာမင်းမြှောက်ကြကုန်၏။ ထိုမင်းသည် သစ်သားဖြင့်ပြုလုပ်အပ်သည့် ဝဋ္ဋုန်ရုပ်စက်ယာဉ်ပျံ၏ အရှင်ဖြစ်သောကြောင့် "ကဋ္ဌဝါဟနမင်း" ဟူ၍ ထင်ရှားလေ၏၊ ထိုကဋ္ဌဝါဟနမင်း သိမ်းပိုက်စိုးမိုးအပ်သောကြောင့် ထိုပြည် ထိုမြို့သည်လည်း ကဋ္ဌဝါဟနပြည်, ကဋ္ဌဝါဟနမြို့ဟူ၍ အမည်တွင်လေသည်။ ကဋ္ဌဝါဟနမင်းကြီးသည်၎င်း,အိမ်ရှေ့မင်းသားသည်၎င်း, အမတ်ကြီးရာထူး၌ တင်ထားအပ်သည့် တပည့်ကြီး (၁၆)တကျိပ်ခြောက်ယောက်တို့သည်၎င်း တရားကို လိုက်နာကျင့်သုံးကြသည့် ဓမ္မိကမင်း ဓမ္မိကအမတ်တို့သာ ဖြစ်ကြလေကုန်၏။ ထိုကဋ္ဌဝါဟနတတိုင်းလုံးသည် မင်းကြီးက သင်္ဂဟဝတ္ထု လေးပါးတို့ဖြင့် ချီးမြှောက်စောင့်ရှောက်အပ်ရကား အလွန်ပင် ပြည့်လည်းပြည့်စုံဝလည်းဝပြော ဘေးဥပဒ္ဒဝေါလည်းကင်းရှင်းပေ၏။ မြို့သူမြို့သားဇနပုဒ် = တိုက်နယ်သူ တိုက်နယ်သားတို့သည် "ငါတို့သည် မင်းကောင်းမင်းမြတ်ကို ရအပ်လေပြီ၊ အလွန်ကောင်းမြတ်သည့် မင်းပရိသတ်ကို ရအပ်လေပြီ"ဟု ဝမ်းမြောက်စကား ပြောကြားကြလျက် မင်းကြီးကို၎င်း, မင်းပရိသတ် မှူးမတ်ဗိုလ်ပါကို၎င်း အလွန်လျှင် အားကိုးမြတ်နိုးကြလေကုန်၏။

### ဗာရာဏသီမင်းနှင့် မဟာမိတ်ဖြစ်ခြင်း

တနေ့သ၌ မဇ္ဈိမတိုက် (ဗာရာဏသီပြည်)မှ ကုန်သည်တို့သည် ရောင်းရန် ဘဏ္ဍာကို ယူဆောင်ခဲ့ကြ၍ ကဋ္ဌဝါဟနမြို့သို့ လာရောက်ကြကာ လက်ဆောင်ပဏ္ဍာကို ယူဆောင်၍ ကဋ္ဌဝါဟနမင်းကြီးကိုလည်း ဖူးမြော်တွေ့ရှိကြကုန်၏။မင်းကြီးက"အမောင်တို့....အဘယ်အရပ်မှ လာရောက်ကြသနည်း" ဟု မေးလေလျှင် ကုန်သည်တို့သည် "ဗာရာဏသီပြည်မှ လာရောက်ကြပါသည် အရှင်မင်းကြီး"ဟု လျှောက်ထားကြကုန်၏။ ကဋ္ဌဝါဟနမင်းကြီးသည် ဗာရာဏသီပြည်၌ အလုံးစုံသော ဖြစ်ရပ် အခြေအနေကို မေးမြန်းပြီးလျှင် "အမောင်တို့····အမောင်တို့၏ ဗာရာဏသီမင်းနှင့် အကျွန်ုပ်တို့ မိတ်ဆွေ (မဟာမိတ်) ဖြစ်အောင် ရွက်ဆောင်

ပြုလုပ်ပေးကြပါလော့”ဟု မိန့်ဆိုလေ၏။ ကုန်သည်တို့ကလည်း “ကောင်းပါပြီ”ဟု ဝန်ခံကြကုန်၏။ ကဇ္ဇဝါဟနမင်းကြီးသည် ထိုဗာရာဏသီပြည်သား ကုန်သည်တို့အား စားနပ်ရိက္ခာ နေရာ ထိုင်ခင်း-စသည် လိုအပ်သမျှအကူအညီကိုပေး၍ ထိုကုန်သည်များ ပြန်သွားချိန် ရောက်လတ်သော် ထပ်၍တဖန် မဟာမိတ်ဖြစ်လို ကြောင်း ရှိသေစွာ ပြောကြား၍ ကုန်သည်များကို လွှတ်လိုက် လေ၏။

ထိုကုန်သည်တို့သည် မိမိတို့နေရာ ဗာရာဏသီပြည်သို့ ရောက် ကြလျှင် ဗာရာဏသီမင်းကြီးအား ထိုအကြောင်းကို လျှောက်ထား ကြကုန်၏။ ဗာရာဏသီမင်းကြီးသည် ထိုအကြောင်းကို ကြားသိ ရလျှင် အားရဝမ်းမြောက်လျက် “ကဇ္ဇဝါဟနပြည်မှ လာရောက် ကြသော ကုန်သည်တို့အား ယနေ့မှစ၍ အခွန်အတုတ်ကို ကင်း လွှတ်ခွင့်ပြု၏”ဟု စည်လည်စေ၍ “ကဇ္ဇဝါဟနမင်းကြီးသည် ငါ၏အဆွေတော် မဟာမိတ်ဖြစ်စေ”ဟု ဆုံးဖြတ်ချက်ချမှတ်ကာ မင်းနှစ်ပါးလုံးတို့ပင် အဒိဋ္ဌမဟာမိတ် = တဦးကိုတဦး မမြင်ရပဲ အလွန်ချစ်ခင်သည့် မိတ်ဆွေများ ဖြစ်ကြလေကုန်၏။ ကဇ္ဇဝါဟန မင်းကြီးသည်လည်း မိမိ၏မြို့၌ “ယနေ့မှစ၍ ဗာရာဏသီပြည်မှ လာရောက်ကြသောကုန်သည်တို့အား အခွန်အတုတ်ကို(လွှတ်၏) ကင်းလွှတ်ခွင့်ပြု၏၊ ထိုဗာရာဏသီပြည်မှ လာသော ကုန်သည်တို့ အား စားနပ်ရိက္ခာ နေရာထိုင်ခင်း-စသည် လိုအပ်သမျှ အကူ အညီကို ရွှေတိုက်တော်မှ ထုတ်ပေးရမည်”ဟု စည်လည်စေ၏။

ထို့နောက် ဗာရာဏသီမင်းကြီးသည် ကဇ္ဇဝါဟနမင်းကြီးထံ သို့ “အကယ်၍ အဆွေတော်တို့၏ ဇနပုဒ် = တိုက်နယ်၌ ကြည့်ရှု ဖို့ရန်, နားထောင်ဖို့ရန် လျှော်ကန်သင့်မြတ်သည့် တစုံတခု အံ့ဩ ဖွယ်များ ဖြစ်ပေါ်လာလျှင် အကျွန်ုပ်တို့ကိုလည်း ကြည့်ရှုခွင့်, နားထောင်ခွင့် ရအောင် စီမံစောင့်ဆောင်စေချင်ပါသည်”ဟု သဝဏ်လွှာ ပို့သစေလေ၏။ ကဇ္ဇဝါဟနမင်းကြီးကလည်း ထို့အတူ ပင် ဗာရာဏသီမင်းကြီးထံ ချစ်ကြည်ရေးသဝဏ်လွှာ ပို့သစေ လေ၏။

## လက်ဆောင် အပြန်အလှန် ပေးပို့ကြခြင်း

ဤကဲ့သို့ မင်းနှစ်ပါးတို့ ကတိကဝတ်ထား၍ နေကြစဉ် အခါ တပါး၌ ကပ္ပဝါဟနမင်းကြီးမှာ တက်သစ်စနေလုလင်အရောင် တပြောင်ပြောင် တလက်လက် တောက်ပသော အလွန်နူးညံ့လှ သည့် ကမ္ဗလာအထည်များ ဖြစ်ပေါ်ရရှိ၍ လာကုန်၏၊ ထိုကမ္ဗလာ အထည်တို့ကို တွေ့မြင်ရရှိလျှင်ပင် ကပ္ပဝါဟနမင်းကြီးသည် "ငါ့ သူငယ်ချင်း ဗာရာဏသီမင်းကြီးထံသို့ ပေးပို့မည်"ဟု မိန့်ဆိုကာ ဆင်စွယ်ပွတ်သမားတို့ကို ဆင်စွယ်ကြုတ်ရှစ်လုံး ပွတ်စေ၍ ကမ္ဗ- လာအထည်တို့ကို ထိုဆင်စွယ်ကြုတ်တို့၌ ထည့်သွင်းစေပြီးလျှင် တဖန် ချိပ်ဆရာတို့ကို ကြုတ်များ၏ အပြင်အပ၌ ချိပ်လုံးနှင့် တူအောင် မွမ်းမံပြုလုပ်စေပြီးမှ ထိုချိပ်လုံးရှစ်လုံးတို့ကို တံတင်း= သေတ္တာ၌ထည့်သွင်းကာ အပေါ်မှ အလွန်နူးညံ့သော အဝတ်ဖြင့် ရစ်ပတ်၍ မင်းတံဆိပ် ခတ်နှိပ်ပြီးလျှင်"ဗာရာဏသီမင်းကြီးအား ဆက်သကြကုန်"ဟု ပြောဆို၍ အမတ်တို့ကို စေလွှတ်လိုက်လေ ၏။ ထို့ပြင်လည်း "ဤလက်ဆောင်ကို ရွှေမြို့တော်အလယ်၌ အမတ်အပေါင်း ခြံရံအပ်လျက် အဆွေတော် ဗာရာဏသီမင်းကြီး ဖွင့်လှစ် ကြည့်ရှုစေချင်ပါသည်"ဟူ၍ သဝဏ်လွှာကို ပါးလိုက် ပြန်၏။

အမတ်တို့သည် သွားကြကာ ဗာရာဏသီမင်းကြီးအား ဆက် သကြကုန်၏၊ ဗာရာဏသီမင်းကြီးသည် သဝဏ်လွှာကိုဖတ်ကြား၍ အမတ်တို့ကို စည်းဝေးစေလျက် မြို့၏အလယ် မင်းယင်ပြင်၌ ခတ် နှိပ်ထားသော မင်းတံဆိပ်ကို ဖျက်ကာ ရစ်ပတ်ထားသော အဝတ် ကို ဖယ်ရှား၍ တံတင်း=သေတ္တာကို ဖွင့်လှစ်လိုက်လေလျှင် ချိပ်လုံးရှစ်လုံးတို့ကို တွေ့မြင်ရ၍ "ငါ့သူငယ်ချင်း ကပ္ပဝါဟနမင်း သည် ချိပ်လုံးတို့ဖြင့် မြူးရွှင်ပျော်ပါး ကစားကြသည့် သူငယ်လေး များအားကဲ့သို့ ငါ့အား (ကစားဖို့ရန်)ချိပ်လုံးတို့ကို လက်ဆောင် ပေးပို့လိုက်ဘိ၏"ဟု အောက်မေ့လျက် နှလုံးမသာမယာ မျက်နှာ ပျက်ပြီးလျှင် ချိပ်လုံးတလုံးကို မိမိထိုင်နေရာ ရာဇပလ္လင်၌ ထုရိုက် လိုက်လေ၏၊ ထိုခဏမှာပင် ချိပ်များ အောက်သို့ ကျ၍ ဆင်စွယ်

ကြုတ်သည် ပွင့်လာပြီးလျှင် အဖိုး၊ အမ နှစ်ဖိုနှစ်ပုံဖြစ်၍ လာလေ၏။ မာရာဏာသီမင်းသည် ကြုတ်၏အတွင်း၌ ကမ္ဗလာအထည်ကို တွေ့မြင်ရပြီးလျှင် ကျန်သော ကြုတ်ခုနစ်လုံးတို့ကိုလည်း ဖွင့်၍ကြည့်လေ၏၊ ကြုတ်အားလုံး၌ပင် ထိုအတူ ကမ္ဗလာအထည်ကို တွေ့မြင်ရလေ၏၊ ကမ္ဗလာ တထည်တထည်လျှင် အလျား (၁၆) တဆယ့်ခြောက်တောင် အနံ (၈) ရှစ်တောင်စီ ရှိလေသည်။ ကမ္ဗလာ အထည်တို့ကို ဖြန့်လိုက်သောအခါ မင်းယင်ပြင်တခုလုံး နေအရောင်ဟပ်သကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် ဖြစ်၍ နေလေ၏။

ထို အခြင်းအရာကို မြင်ရ၍ လူများအပေါင်းသည် လက်ချောင်းတို့ကို ခါတွက်ကြကုန်၏၊ ဦးရစ်ခေါင်းပေါင်း ပစ်လွှင့်ခြင်း အမှုကိုလည်း ပြုကြကုန်၏၊ "ငါတို့မင်းကြီး၏ အဗိဋ္ဌသဟာယ = မတွေ့ရဘူးသေးသောမိတ်ဆွေ ကဋ္ဌဝါဟနမင်းကြီးသည် ဤသို့ သဘောရှိသော လက်ဆောင်ပဏ္ဏာကို ပို့သတော်မူ၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို မဟာမိတ်ဖွဲ့ဖို့ရန် လျော်ကန်သင့်မြတ်လှပေ၏"ဟု နှစ်လိုအားရ စိတ်တိုင်းကျ ဖြစ်လေ၏။

### လက်ဆောင်တုံ့ တဖန်ပြန်ခြင်း

မာရာဏာသီမင်းကြီးသည် ရာပြတ်ဝန်တို့ကို ခေါ်စေ၍ ကမ္ဗလာ တထည်တထည်ကို တန်ဖိုးဖြတ်စေတော်မူလေ၏၊ အားလုံးပင် အဖိုးမပြတ်နိုင်အောင် ရှိကုန်၏။ ထိုနောင်မှ မာရာဏာသီမင်းကြီးသည် "လက်ဆောင်တုံ့ တဖန်ပြန်၍ ပို့သသောသူသည် ရှေးဦး=ပဌမ ပို့သအပ်သော လက်ဆောင်ပဏ္ဏာထက် သာလွန်မြင့်မြတ်သော လက်ဆောင်ကို ပို့သမှ သင့်ချေ၏၊ ငါ့သူငယ်ချင်း ကဋ္ဌဝါဟနမင်းကလည်း ငါ့အထံသို့ အဖိုးအနန္တထိုက်တန်သော ကမ္ဗလာအထည် လက်ဆောင်များကို ပို့သအပ်လေပြီ၊ ငါသည် ငါ့သူငယ်ချင်း ကဋ္ဌဝါဟနမင်း၏ အထံသို့ အဘယ်သို့သော လက်ဆောင်တုံ့ကို ပို့သရပါမည်နည်း"ဟု ကြံစည်စဉ်းစား ဆင်ခြင်လေ၏။

ထိုအချိန်၌ ကဿပမြတ်စွာဘုရားသည် လူသုံးပါး၌ ထင်ရှား ပွင့်ထွန်းတော်မူ၍ ဗာရာဏသီပြည်၌ သီတင်းသုံး နေထိုင်တော်မူဆဲဖြစ်၏။ ထိုအခါ ဗာရာဏသီမင်းကြီး၏ စိတ်သန္တာန်ဝယ် "ဤလောကဝယ် ဘုရား, တရား, သံဃာ = ရတနာသုံးပါးထက် သာလွန်သည့် အခြားရတနာမည်သည် မရှိချေ၊ ကိုင်း...ငါသည် ငါ့သူငယ်ချင်း ကဌ္ဌဝါဟနမင်းအထံသို့ လောကဝယ် ရတနာသုံးပါး ထင်ရှား ပွင့်ထွန်းနေကြောင်း သတင်းကောင်း လက်ဆောင်တို့ကို ပို့သပေအံ့" ဟု စဉ်းစား ဆုံးဖြတ်ပြီးလျှင်—

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။

သမ္မ = ကဌ္ဌဝါဟန နာမည်လျှင်း အို အဆွေတော်မင်း...။ လောကေ=ငါတို့နေကြ လူ့လောက၌။ ဗုဒ္ဓေါ= သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားသည်။ သဗ္ဗပါဏိနံ = ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့၏။ ဟိတာယ = ချမ်းသာဖြစ်ကြောင်း စီးပွါး ကောင်းအလို့ငှါ။ သမုပ္ပန္နော=ဥဒည်တောင်စွန်း နေစက်ဝန်းသို့ ပွင့်ထွန်းတော်မူခဲ့လေပြီ။

လောကေ = ငါတို့နေကြ လူ့လောက၌။ ဓမ္မော = မဂ်,ဖိုလ်,နိဗ္ဗာန်, ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်သည်။ သဗ္ဗပါဏိနံ = ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့၏။ သုခါယ=လူ,နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာအလို့ငှါ။ သမုပ္ပန္နော=ဥဒည်တောင်စွန်း နေစက်ဝန်းသို့ ပွင့်ထွန်းတော်မူခဲ့လေပြီ။

လောကေ = ငါတို့နေကြ လူ့လောက၌။ အနုတ္တရံ= အတုမရှိ လွန်မြတ်ဘိသော။ ပုညက္ခေတ္တံ = ကောင်းမှုမျိုးကို စိုက်ပျိုးကြချာ လယ်ယာမြေစစ် ပုညခေတ်ဖြစ်သော။ သံဃော=ပရမတ္ထအရိယာ သံဃာရတနာသည်။

သမုပ္ပန္နော = ဥဒည်တောင်စွန်း နေ့စက်ဝန်းသို့ ပွင့်ထွန်းတော်မူခဲ့လေပြီ"—

ဤ(ခြောက်ပိုဒ်=ခြောက်ပါဒရှိသော)ဂါထာကိုရင်း,ထိုပြင်လည်း ရဟန်းတပါး၏ဆိုင်ရာ သီလဖြည့်ကျင့်ပုံမှစ၍ အရဟတ္တဖိုလ်, တိုင်အောင်သော ကျင့်စဉ်ပဋိပတ်ကိုရင်း ရွှေပြားရွှေလွှာ၌ ဟင်္သပြဒါးဖြင့် ရေးသားစေပြီးလျှင် ထိုရွှေပြားရွှေလွှာကို ရှေးဦးစွာ (၁) ရတနာခုနစ်ပါး ခြယ်စီသောကြုတ်၌ ထည့်သွင်းစေတော်မူသည်၊ (၂) တဖန် ထိုရတနာခုနစ်ပါး ခြယ်စီသောကြုတ်ကို မြသားကြုတ်၌ ထည့်သွင်း စေတော်မူပြန်သည်၊ (၃) ထိုမြသားကြုတ်ကို မသာရဂလ် ကျောက်မျက်ရတနာကြုတ်၌ ထည့်သွင်းစေတော်မူပြန်သည်၊ (၄) ထိုကြုတ်ကို ပတ္တမြားနီကြုတ်၌ ထည့်သွင်းစေတော်မူပြန်သည်၊ (၅) ထိုပတ္တမြားကြုတ်ကို ရွှေကြုတ်၌ ထည့်သွင်းစေတော်မူပြန်သည်၊ (၆) ထိုရွှေကြုတ်ကို ငွေသားကြုတ်၌ ထည့်သွင်းစေတော်မူပြန်သည်၊ (၇) ထိုငွေကြုတ်ကို ဆင်စွယ်ကြုတ်၌ ထည့်သွင်းစေတော်မူပြန်သည်၊(၈)ထိုဆင်စွယ်ကြုတ်ကို သစ်သားနှစ် = နံ့သာနှစ်ကြုတ်၌ ထည့်သွင်းစေတော်မူပြန်သည်။ ထိုနံ့သာနှစ်ကြုတ်ကို သေတ္တာ၌ထည့်၍ ထိုသေတ္တာကို တဖန် နူးညံ့သော အဝတ်ဖြင့် ရစ်ပတ်ပြီးမှ မင်းတံဆိပ် ခတ်နှိပ်စေတော်မူသည်။

ထိုနောင်မှ အမုန်ယစ်သောဆင်ရတနာကို ရွှေအလံစိုက်တင် ရွှေတန်းဆာဆင်ယင် ရွှေဇာကွန်ရက်ဖြင့် ဖုံးအုပ်စေပြီးမှ ထိုဆင်ရတနာ၏အထက်၌ ပလ္လင်ကိုခင်းစေ၍ ပလ္လင်ထက်၌ လက်ဆောင်ရတနာ သေတ္တာကို တင်ထားပြီးလျှင် ထီးဖြူတော်အုပ်မိုးလျက် အလုံးစုံသော နံ့သာမျိုး, ပန်းမျိုး-စသည်တို့ဖြင့် ပူဇော်မှုပြုလုပ်ကာ တူရိယာမျိုးစုံ တီး, မှုတ်, သီဆိုမှု အဖုံဖုံတို့ဖြင့် မိမိ၏ကာသိတိုင်း နယ်စွန်နယ်စပ်တိုင်အောင် လမ်းခရီးကို သုတ်သင်တန်းဆာဆင်စေပြီးလျှင် ဗာရာဏသီမင်းကြီးကိုယ်တိုင်အုပ်ချုပ်၍ လက်ဆောင်တို့ကို ပို့သစေလေ၏။ ဤတွင်မျှမကသေး ဗာရာဏသီမင်းကြီးသည် မိမိ၏နယ်စပ်၌ ရပ်တည် စံနေတော်မူကာ

ပြည်နီးနားချင်း မင်းများအထံသို့လည်း "ဤနည်းနှင်နှင် အသင်ပြည်ထောင်မင်းတို့သည် ပူဇော်မှု ပြုလုပ်ကြကာ ဤရတနာလက်ဆောင်ပဏ္ဏာကို အဆင့်ဆင့်ပို့သကြရမည်"ဟု သဝဏ်လွှာနှင့် လက်ဆောင်ပဏ္ဏာများကို ပို့သစေလေ၏။ ထိုသဝဏ်လွှာပါစကားကို ကြားသိကြရ၍ ထိုထိုပြည်နီးနားချင်း မင်းတို့သည် ခရီးရင်ဆိုင် လာရောက်ကြိုဆိုကြကာ ကပ္ပဝါဟနတိုင်းနယ်စပ်တိုင်အောင် အခမ်းအနားကြီးစွာဖြင့် ပို့ဆောင်ကြလေကုန်၏။

ကပ္ပဝါဟနမင်းကြီးသည်လည်း ရတနာ လက်ဆောင်ပဏ္ဏာတော် လာရောက်ကြောင်း သတင်းကောင်း ကြားသိရ၍ ခရီးရင်ဆိုင် သွားရောက်ကြိုဆိုလျက် ထိုနည်းအတူ ပူဇော်ကာ နေပြည်တော်သို့ ပင့်သွင်း၍ အမတ်များ, မြို့သူမြို့သားများကို စည်းဝေးစေတော်မူကာ မင်းယင်ပြင် (= နန်းတော်မြေကွက်လပ်)၌ ပရိသတ်မျက်မှောက်ဝယ် အပေါ်ကရစ်ပတ်သော အဝတ်အထည်ကို ဖယ်ရှား၍ သေတ္တာကို ဖွင့်ကြည့်လေသော် သေတ္တာအတွင်း၌ နံ့သာနှစ်ကြုတ်ကို တွေ့ရ၍ အစဉ်သဖြင့် ကြုတ်ရှစ်လုံးတို့ကို အဆင့်ဆင့် ဖွင့်၍ဖွင့်၍ ကြည့်ရှုလေလျှင် ရွှေပြားရွှေလွှာ၌ ရတနာသုံးပါး ပွင့်ထွန်းနေကြောင်းနှင့် ပဋိပတ်ကျင့်စဉ်အရေးအသားကို ဖတ်ကြားတွေ့ရှိရ၍ "ဩ....ငါ့သူငယ်ချင်း ဗာရာဏသီမင်းသည် အသိန်းသချာ ကမ္ဘာတို့ဖြင့် လွန်စွာရခဲလှသော လက်ဆောင်မွန်ရတနာကို ပို့သပါပေသည်"ဟု နှစ်လိုအားရစိတ်တိုင်းကျ ဖြစ်ရှိလျက် "ရှေးက မကြားဘူးသည့်"လောကဝယ် မြတ်စွာဘုရားပွင့်ထွန်းတော်မူနေပြီ"ဟူသောသတင်းထူးကို ငါတို့ကြားရကုန်ပြီတကား၊ ငါသည် သွားရောက်ကာ မြတ်စွာဘုရားကိုလည်း ဖူးမြင်ရ, တရားတော်ကိုလည်း နာယူရပါမူ ကောင်းလေစွ"ဟု ကြံစည်ဆင်ခြင်၍ မိမိ၏အမတ်တို့ကို "အမောင်တို့....လောက၌ ဘုရား, တရား, သံဃာ = ရတနာသုံးပါးတို့ ထင်ရှားပွင့်ထွန်းတော်မူကြပြီတဲ့၊ အဘယ်သို့ ပြုသင့်သည်ဟု မောင်တို့မှတ်ထင် သဘောရပါကုန်သနည်း"ဟု မေးမြန်းလေ၏။ အမတ်တကျိပ်ခြောက်ယောက်တို့သည် "မြတ်သော မင်းကြီး.... အရှင်

မင်းကြီးတို့သည် ဤကဋ္ဌဝါဟနမြို့မှာပင် စံနေတော်မူရစ်ကြပါ ကုန်၊ အကျွန်ုပ်တို့ သွားရောက်၍ ဖြစ်ပုံအခင်း သကင်းကိုသိအောင် ထောက်လှမ်း စုံစမ်းကြပါကုန်အံ့”ဟု တညီ တညွတ်တည်း လျှောက်ဆိုကြလေကုန်၏။

## အမတ်တို့ သွားရောက်စုံစမ်းကြခြင်း

ထိုနောင်မှ (တကျိပ်ခြောက်ယောက်ပေါင်းလျှင်) တသောင်း ခြောက်ထောင် အခြံအရံရှိကြသည့် တပည့်လက်စောင် အမတ်ကြီး တကျိပ်ခြောက်ယောက်တို့သည် ကဋ္ဌဝါဟနမင်းကြီးကို ရှိသေစွာ ရှိခိုးကြ၍ “မြတ်သောမင်းကြီး....အကယ်၍ လောကဝယ် မြတ်စွာ ဘုရား ထင်ရှားပွင့်ထွန်းတော်မူရိုးမှန်ပါလျှင် အကျွန်ုပ်တို့အဖို့ရာ တဖန် ပြန်၍ အရှင်မင်းကြီးတို့ကို ဖူးမြင်နိုင်ခွင့် မရှိတော့ပါ (ရဟန်းပြုကြတော့မည်ဟု ဆိုလိုသည်)၊ အကယ်၍ မြတ်စွာဘုရား ထင်ရှား ပွင့်ထွန်းတော်မူသည် မဟုတ်ပါလျှင် အရှင်မင်းကြီးထံ အကျွန်ုပ်တို့ တဖန်ပြန်၍ လာကြပါကုန်အံ့”ဟု လျှောက်ထားကာ ပြည်မှ ထွက်ကြလေကုန်၏။

အထူးအားဖြင့် ကဋ္ဌဝါဟနမင်းကြီး၏ တူအရင်း (နှမ၏ သား) ဖြစ်သော အမတ်သည် နောက်ဆုံးမှ မင်းကြီးကို ရှိခိုး၍ “အကျွန်ုပ်သည်လည်း သွားပါတော့အံ့” ဟူ၍ လျှောက်ဆိုလေ သော် မင်းကြီးသည် “ချစ်သား....သင်သည် ထိုမဇ္ဈိမတိုက်အရပ်၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူသည်ကို သိပြီးလျှင် တဖန်ပြန်လာ ၍ ငါ့အား လျှောက်ကြားပါဦး”ဟု အထူးမှာတမ်း ပြောဆိုလိုက် လေ၏။ တူဖြစ်သော အမတ်သည် “ကောင်းပါပြီ”ဟု ဝန်ခံ၍ သွားရောက်လေ၏။

အခြံအရံတပည့်ပရိသတ်ပေါင်း တသောင်းခြောက်ထောင်နှင့် တကွသော ထိုအမတ်ကြီး တကျိပ်ခြောက်ယောက်တို့သည် လမ်း ခရီးအကြား ခယ်သိမ်းသော အရပ်တို့၌ တညဉ့်မျှအိပ်နေခြင်းဖြင့် ခရီးပြင်းသွားကြ၍ ဗာရာဏသီပြည်သို့ ဆိုက်ရောက်ကြကုန်၏။ အထူးအားဖြင့် ထိုအမတ်တို့ ဗာရာဏသီပြည်သို့ မရောက်ကြမီပင်

ကဿပမြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး ဖြစ်နှင့်လေသည်။ အမတ်တို့သည် ကျောင်းတိုက်တော်သို့ ဝင်ရောက်ကြကာ "အဘယ်သူသည် မြတ်စွာဘုရားပါနည်း၊ ယခုအခါ မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေပါသနည်း" ဟု မေးကြ၍ ကျောင်းတိုက် တခုလုံး လှည့်လည်ကြလေသော် မျက်မှောက်သာဝက မထေရ်ကြီးများကို ဖူးတွေ့ကြ၍ ထိုအကြောင်းကို မေးမြန်းမိကြလေကုန်၏။

မျက်မှောက်သာဝက မထေရ်ကြီးများသည် အမတ်တို့အား "မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသွားပြီ" ဟု မိန့်ကြားတော်မူကြကုန်၏။ အမတ်တို့သည် "သြ....ခရီးဝေးစွာ လာရောက်ကြရပါလျက် မြတ်စွာဘုရားကို ဖူးမြော်ရှိမျှကိုလည်း ငါတို့မရကုန်တကား" ဟု ပြောဆိုငိုကြွေးကြကုန်လျက် တဖန်ဆက်၍ မထေရ်ကြီးတို့ကို "အရှင်ဘုရားတို့.... မြတ်စွာဘုရား ပေးသနားတော်မူအပ်ခဲ့သော တစုံတရာ အဆုံးအမ ဩဝါဒများ ကျန်ရှိရစ်ပါသလား" ဟု မေးလျှောက်ကြလေကုန်၏။ မထေရ်ကြီးတို့က "ဒါယကာတို့.... အိမ်း.... ကျန်ရှိရစ်ပေသည်၊ သရဏဂုံသုံးပါး၌ တည်ကြရမည်၊ ငါးပါးသီလတို့ကို ဆောက်တည်ကျင့်သုံးကြရမည်၊ အင်္ဂါရှစ်ပါးရှိသော အဋ္ဌင်္ဂဥပုသ်ကို ကျင့်သုံးကြရမည်၊ အလှူဒါန ပေးလှူကြရမည်၊ (ထို့ထက်တတ်နိုင်လျှင်)ကိုယ်တိုင်ပင် သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြုကြရမည်" ဟု မိန့်တော်မူကြလေလျှင် အမတ်တို့သည် တူဖြစ်သောအမတ်ကို ထား၍ အားလုံးပင် အခြံအရံပရိသတ်နှင့်တကွ ရဟန်းပြုကြလေကုန်၏။

**ကဋ္ဌဝါဟနမင်းကြီး အသက်ထက်ဆုံး ကောင်းမှုပြု၍ နတ်ရွာစံခြင်း**

တူဖြစ်သောအမတ်သည် မျက်မှောက်သာဝက မထေရ်ကြီးတို့အထံမှ ပရိဘောဂဓာတ် = ပရိဘောဂစေတီကို ပင့်ဆောင်၍ ကဋ္ဌဝါဟနမြို့သို့ တဖန် ပြန်ခဲ့လေ၏။ ပရိဘောဂဓာတ် = ပရိဘောဂစေတီဟူသည်မှာ မြတ်စွာဘုရား သုံးဆောင်တော်မူသွားသော ဗောဓိပင်, သပိတ်, သင်္ကန်း, မကာရိုဏ် ရေစစ်-စသည်ကို

ခေါ်ဆို၏။ တူဖြစ်သောအမတ်သည်ကား မြတ်စွာဘုရား သုံးဆောင်တော်မူသွားသော ဓမကရိုဏ်ရေစစ်တည်းဟူသော ပရိ-ဘောဂစေတီတော်နှင့်တကွ သင်္ကန်း, ဝိနည်း, အဘိဓမ္မာကို ဆောင်သော မထေရ်တပါးကိုပါ ပင့်ဆောင်၍ ကဥ္စဝါဟနမြို့သို့ တဖန် ပြန်လာလေသည်။

အမတ်သည် အစဉ်သဖြင့် ကဥ္စဝါဟနမြို့သို့ ရောက်လေသော် မင်းကြီးအား "ဦးရီးတော်မင်းကြီး....လောကဝ္ မြတ်စွာဘုရား ပွင့်ထွန်းတော်မူသည်မှာလည်း အမှန်ပင်ဖြစ်၏၊ ယခုအခါ ပရိ-နိဗ္ဗာန် ဝင်စံတော်မူသွားသည်မှာလည်း အမှန်ပင် ဖြစ်၏"ဟု လျှောက်ထား၍ မြတ်စွာဘုရား ပေးသနားအပ်ခဲ့သည့် အဆုံးအမ ဩဝါဒကို မထေရ်ကြီးများ မိန့်ကြားလိုက်သည့်အတိုင်း ပြန်ကြား လျှောက်ထားလေ၏။ကဥ္စဝါဟနမင်းကြီးသည်ပိဋကသုံးပုံဆောင် မထေရ်ကို ဆည်းကပ်၍ တရားတော်ကို နာကြားလျက် မထေရ် မြတ်အတွက် ကျောင်းကို တည်ဆောက်ကိုးကွယ်ပြီးလျှင် တူတော် အမတ် ယူဆောင်လာသည့် ဓမကရိုဏ်ရေစစ်ကို စေတီတော် တည်ထားလျက် မောဓိပင်အသစ် စိုက်ပျိုးပူဇော်က၁ သရဏဂုံ နှင့်တကွ ငါးပါးသီလတို့၌ အမြဲတည်လျက် ဥပုသ်နေ့များဝယ် အင်္ဂါ၈ပါးဥပုသ်ကို စောင့်သုံးကာ ဒါန-အစရှိသော ကောင်းမှုတို့ကို ပြုလုပ်၍ အသက်တမ်းပြည့် တည်နေပြီးသော် ကာမာဝစရ နတ် ပြည်၌ ဖြစ်လေ၏။ တပည့်ကြီးအမတ် တကျိပ်ခြောက်ယောက်တို့ သည်လည်း ပရိသတ်အခြံအရံ တသောင်း ခြောက်ထောင်တို့နှင့် အတူတကွ ရဟန်းပြုကြ ရဟန်းတရား ပွါးများအားထုတ်ကြ၍ ပုထုဇန်တို့၏ သေခြင်းဖြင့်ပင် စုတိပြတ်ကြွေ သေလွန်ကြ၍ ကဥ္စဝါဟန နတ်မင်း၏ အခြံအရံနတ်များ ဖြစ်ကြလေကုန်၏။ (ဤတပည့်ကြီး တကျိပ်ခြောက်ယောက်တို့၌ အရှင်မောဃရာဇ မထေရ်အလောင်း သူတော်ကောင်းသည်လည်း တပည့်ကြီး အမတ်တယောက် ရဟန်းတပါးအဖြစ်ဖြင့် ပါဝင်လျက်ရှိသည်ကို သတိချပ်၍ သိမှတ်ရာ၏)။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထိုဆရာတပည့်တစုတို့သည် ဗုဒ္ဓန္တရအသင်္ချေယျ တကပ်ပတ်လုံး နတ်ပြည်၌ အချိန်ကို ကုန်လွန်စေကြ၍ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မမူမီပင် နတ်ပြည်မှ စုတေခဲ့ကြပြီးလျှင် ဆရာဖြစ်သူသည် ပသေနဒီ ကောသလမင်း၏ ဖခမည်းတော် မဟာကောသလမင်းကြီး၏ ပုရောဟိတ်ကြီး၏သားဖြစ်၍ အမည်အားဖြင့် ဗာဝရီ ဟူ၍ မည်တွင်လေသည်၊ ထို ဗာဝရီပုဏ္ဏားကား မဟာပုရိသလက္ခဏာကြီး သုံးပါးတို့နှင့်လည်း ပြည့်စုံသူ ဖြစ်၏၊ ဗေဒင်သုံးခဏ်း ကမ်းဆုံးရောက် တတ်မြောက်သူလည်း ဖြစ်၏။ ထို ဗာဝရီပုဏ္ဏားသည် ခမည်းတော် ပုရောဟိတ်ကြီး ကွယ်လွန်သောအခါ မဟာကောသလမင်းကြီး၏ ပုရောဟိတ်ရာထူးကို ရရှိလေ၏။ ကြွင်းကျန်သည့် တသောင်းခြောက်ထောင် တကျိပ်ခြောက်ယောက်သော တပည့်တို့သည်လည်း သာဝတ္ထိပြည်မှာပင် ပုဏ္ဏားမျိုး၌ ဖြစ်ကြလေကုန်၏။ ထို တသောင်း ခြောက်ထောင် တကျိပ်ခြောက်ယောက်တို့တွင်—

"အဇိတော, တိဿမေတ္တေယျော၊
ပုဏ္ဏကော, အထ မေတ္တဂူ။
ဓောတကော, ဥပသီဝေါ စ၊
နန္ဒော စ အထ ဟေမကော။
တောဒေယျ, ကပ္ပါ ဒုဘယော၊
ဇတုကဏ္ဏီ စ ပဏ္ဍိတော။
ဘဒြာဝုဓော, ဥဒယော စ၊
ပေါသာလော စာပိ ဗြာဟ္မဏော။
မောဃရာဇာ စ မေဓာဝီ၊
ပိင်္ဂိယော စ မဟာဣသိ"—

ဟူသော (ခု ၁၊ မျက်နှာ ၄၃၁-၄၃၂-လာ) ဂါထာအတိုင်း (၁) အဇိတလုလင် (၂) တိဿမေတ္တေယျလုလင် (၃) ပုဏ္ဏကလုလင် (၄) မေတ္တဂူလုလင် (၅) ဓောတကလုလင် (၆) ဥပသီဝလုလင် (၇) နန္ဒလုလင် (၈) ဟေမကလုလင် (၉) တောဒေယျ

လုလင် (၁၀) ကပ္ပလုလင် (၁၁) ဇတုကဏ္ဏိလုလင် (၁၂) ဘဒြာဝုဓလုလင် (၁၃) ဥဒယလုလင် (၁၄) ပေါသာလလုလင် (၁၅) မောဃရာဇလုလင် (၁၆) ပိင်္ဂိယလုလင် = ဤတကျိပ်ခြောက်ယောက်သောတပည့်ကြီးတို့သည် ဗာဝရီဆရာကြီးအထံ၌ အတတ်ပညာသင်ယူကြကုန်၏။ ကျန်သော(၁၆၀၀၀)တသောင်းခြောက်ထောင်သော တပည့်တို့သည် ထိုလက်စောင် တပည့်ကြီးတကျိပ်ခြောက်ယောက်တို့အထံ၌ အသီးအသီး တထောင်စီ ပညာသင်ကြကုန်၏။ ဤသို့လျှင် ထိုဆရာတပည့်ပေါင်း (၁၆၀၁၇) တသောင်းခြောက်ထောင်တကျိပ်ခုနစ်ဦးလုံးတို့ပင်ဤနောက်ဆုံးပစ္ဆိမဘဝ၌ တဖန်ပြန်၍ ပေါင်းမိကြပြန်လေ၏။ (ဖော်ပြရာပါ တပည့်ကြီး တကျိပ်ခြောက်ယောက်တို့တွင် အမှတ်-၁၅ မောဃ-ရာဇလုလင်သည်ပင် နောက်တချိန်၌ အရှင်မောဃရာဇမထေရ် ဖြစ်လာမည်ကို ကြိုတင် သတိချပ် သိမှတ်ထားနှင့်ရာ၏)။

**ဗာဝရီပုရောဟိတ်ဆရာကြီး တပည့်တို့နှင့်တကွ ရသေ့ ရဟန်းပြုခြင်း**

မဟာကောသလမင်းကြီး နတ်ရွာစံပြီးသောအခါ သားတော် ပသေနဒီ ကောသလမင်းကို မင်းအဖြစ်၌ အဘိသိက် ရေချမ်းသွန်းဖျန်းကြကုန်၏။ ဗာဝရီပုရောဟိတ်ဆရာကြီးသည် ပသေနဒီကောသလမင်း၏ လက်ထက်၌လည်း ပုရောဟိတ်ဆရာကြီးပင်ဆက်၍ဖြစ်လေ၏၊ ပသေနဒီကောသလမင်းသည် ခမည်းတော် မဟာကောသလမင်းကြီး ပေးအပ်သော စည်းစိမ်အပြင် မိမိလက်ထက်၌ အခြားများစွာသော စည်းစိမ်ကိုလည်း ဗာဝရီပုရောဟိတ်ဆရာကြီးအား ပေးကမ်းချီးမြှောက် ပူဇော်လေသည်၊ မှန်၏—ပသေနဒီ ကောသလမင်းသည် အသက်အရွယ် ငယ်စဉ်အခါ ဗာဝရီဆရာကြီး၏ အထံမှာပင် အတတ်ပညာကို သင်ယူခဲ့ရလေသည်၊ (ထို့ကြောင့် ဗာဝရီဆရာကြီးသည် ပသေနဒီကောသလမင်း၏ အကြီးတော်လည်းဖြစ် ပုရောဟိတ်လည်းဖြစ်ရကား ထိုဆရာကြီးအား ပသေနဒီကောသလမင်းသည် ခမည်းတော်မဟာကောသလမင်းကြီး ပေးခဲ့ရင်းဖြစ်သော စည်းစိမ်အပြင် အခြား

များစွာသော စည်းစိမ်ကိုလည်း ပေးကမ်းချီးမြှောက် ပူဇော်လေသည်)။

တနေ့သ၌ ဗာဝရီဆရာကြီးသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် မိမိ၏ဗေဒင်အတတ်ပညာ၌ အနှစ်သာရကို ကြည့်ရှုဆင်ခြင်လေလျှင် တမလွန်လောက၌ သုံးဆောင်ခံစံရမည့် အနှစ်သာရကို မတွေ့မြင်၍ "ရသေ့ရဟန်းပြုလုပ်ကာ တမလွန်လောကအတွက် အနှစ်သာရကို ငါ ရှာကြံတော့အံ့"ဟု ကြံစည်ဆင်ခြင်ပြီးလျှင် ပသေနဒိကောသလမင်းထံ သွားရောက်၍ "မြတ်သောမင်းကြီး.... ငါသည် ရသေ့ရဟန်းပြုတော့အံ့"ဟု ပြောဆိုလေ၏။ ကောသလမင်းကြီးက "ဆရာကြီး....ဆရာကြီးတို့ ရှိနေလျှင် ကျွန်ုပ်၏ဖခမည်းတော် မင်းတရား မားမားမတ်မတ် ရပ်တည်နေသကဲ့သို့ ဖြစ်ပါသည်၊ ရဟန်းပြုတော်မမူကြပါလင့်"ဟု တားမြစ်စကား ပြောကြားလေလျှင် ပါရမီအာနုဘော် လှုံ့ဆော်အပ်ရကား ဗာဝရီဆရာကြီးသည် "မြတ်သောမင်းကြီး.... (ငါ့အဖို့ရာ ရဟန်းမပြုပဲနေရန်) မလင့်၊ ကေန်ပင် ရဟန်းပြုပေအံ့"ဟု အတင်းအကြပ်ပြောဆိုလေ၏။ ပသေနဒိကောသလမင်းကြီးသည် တားမြစ်ရန်မတတ်နိုင်ရကား နောက်ဆုံး၌ "ဆရာကြီး....ထိုသို့ဖြစ်လျှင် ညဉ့်, နံနက် အလိုရှိသောအချိန်၌ အကျွန်ုပ် အလွယ်တကူ ဖူးမြော်တွေ့ရှိနိုင်ရာ မင်းဥယျာဉ်၌ ရသေ့ရဟန်းပြု၍ နေတော်မူကြစေချင်ပါ၏"ဟု တောင်းပန်စကား ပြောကြားလေ၏။ ဆရာကြီးသည် တပည့်ငယ် တသောင်းခြောက်ထောင် အခြံအရံရှိကြသည့် လက်စောင်တပည့်ကြီး တကျိပ်ခြောက်ယောက်တို့နှင့် အတူတကွ ရသေ့ရဟန်း ပြုလုပ်၍ ကောသလမင်းကြီး၏ ဥယျာဉ်၌ နေထိုင်လေ၏။ ကောသလမင်းကြီးသည် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ပြုစုသည့်ပြင် ညဉ့်, နံနက် မှန်မှန် ဆရာကြီးထံ ဆည်းကပ်ရန်သွားရောက်လေ၏။

ထိုနောက် တနေ့သ၌တပည့်တို့သည် ဆရာကြီးကို "ဆရာကြီး.... မြို့၏ အနီး၌ နေရခြင်းမည်သည် ပလိဗောဓကြောင့်ကြများလှ၏၊ ဆရာကြီး....လူများအသွားအလာပြတ်သည့် အရပ်သို့ သွားကြစို့၊

မြို့ရွာနှင့်ဝေးသောအရပ်၌ နေရခြင်းမည်သည် ရသေ့ရဟန်းတို့အဖို့ရာ လွန်စွာ ကျေးဇူးများလှပါသည်”ဟု တညီတညွတ်တည်း ပြောကြားအကြံပေးကြကုန်၏။ ဆရာကြီးသည် “ကောင်းပြီ” ဟု ဝန်ခံ၍ ကောသလမင်းကြီးအား ထိုအကြောင်းကို ပြောကြားလေ၏။ ကောသလမင်းကြီးသည် သုံးကြိမ်တိုင်တိုင် တားမြစ်၍ မရသည့်အဆုံး၌ အသပြာနှစ်သိန်း ပေးအပ်ပြီးလျှင် အမတ်နှစ်ယောက်တို့ကို “ရသေ့အပေါင်းတို့ နေထိုင်လိုရာအရပ်၌ သင်္ခမ်းကျောင်း ဆောက်လုပ်၍ ပေးကြရမည်”ဟု အမိန့်ပေး၍ ထည့်လိုက်လေ၏။

ဗာဝရီဆရာရသေ့ကြီးသည် တပည့်ရသေ့ပေါင်း တသောင်းခြောက်ထောင် တကျိပ်ခြောက်ယောက်တို့ဝန်းရံအပ်လျက် အမတ်တို့၏ အချီးအမြှောက် အပူအစုကို ခံယူကာ သာဝတ္ထိပြည်မှ တောင်အရပ်မျက်နှာသို့ ရှေးရှုသွားလေ၏၊ ထိုသို့သွားသည်ရှိသော် မဇ္ဈိမတိုက်၏အပြင်ဖက် အဿကမင်း,အဠကမင်းတို့ စိုးပိုင်ရာ အဿကတိုင်း, အဠကတိုင်း = နှစ်တိုင်းတို့၏ အကြား၌ ဝယ် ဂေါဓာဝရီမြစ်ကြီး နှစ်ခွကွဲ၍ သုံးယူဇနာ ကျယ်ဝန်းသော အလယ်ကျွန်းဖြစ်ရာ သီးပင်တောဖြင့် ဖုံးလွှမ်းအပ်သည့် ရှေးအခါက သရဘင်္ဂ-အစရှိသော ရသေ့ဆရာကြီးတို့ နေထိုင်ရာအရပ်ကို တွေ့ရလေလျှင် ဗာဝရီရသေ့ဆရာကြီးသည် အမတ်တို့အား “ဤနေရာကား ရှေးရသေ့ရဟန်းတို့ နေရာဖြစ်၍ ရဟန်းတို့အား သင့်လျော်ပတ်၏” ဟု ပြောကြားသိစေလေ၏။

အမတ်တို့သည် မြေနေရာကို ရယူရန် အဿကမင်းအား အသပြာတသိန်း, အဠကမင်းအား အသပြာတသိန်းကို ပေးဆက်ကြကုန်၏၊ ထိုမင်းနှစ်ပါးတို့ကလည်း ထိုသုံးယူဇနာရှိသော အရပ်အပြင် နောက်ထပ်၍ နှစ်ယူဇနာမျှကျယ်ဝန်းသောအရပ် ဤသို့အားဖြင့် အလုံးစုံ ၅-ယူဇနာမျှ ကျယ်ဝန်းသောအရပ်ကို ကျေကျေနပ်နပ်ပင် ပေးကြလေကုန်၏။ သာဝတ္ထိပြည်မှ လိုက်ပါလာကြသော အမတ်နှစ်ယောက်တို့သည် ထိုအရပ်၌ သင်္ခမ်းကျောင်းတိုက် (= ရသေ့ကျောင်းတိုက်) အရာမ်ကို ဆောက်လုပ်စေကြ

ပြီးလျှင် သာဝတ္ထိပြည်မှ နောက်ထပ် အခြားဥစ္စာများကိုလည်း ယူဆောင်စေကြ၍ ဆွမ်းခံရွာကြီး တည်ထားပြီးလျှင် ပြန်သွားကြ လေ၏ (ဤကား သုတ္တနိပါတ်အဋ္ဌကထာအဆိုတည်း)။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ အလိုမှာ)—အမတ်တို့ ရသေ့ကျောင်းတိုက် တည် ဆောက်ပြီး ပြန်သွားကြသည့်နောက် တနေ့သ၌ ယောကျ်ား တယောက်သည် ရသေ့တို့ကို ဖူးမြော်ရန် လာရောက်ပြီးလျှင် ထို ရသေ့တို့ ခွင့်ပြုချက်အရ ထိုရသေ့တို့ပိုင်သည့် မြေအရပ်၌ မိမိ၏ နေအိမ်ကို ဆောက်လုပ်နေထိုင်လေ၏၊ ထို လူနေအိမ်ဆောက်၍ နေသည်ကို မြင်၍ အခြားအိမ်ထောင်သည် တရာတို့ကလည်း ထို အရပ်၌ အိမ်ပေါင်းတရာ ဆောက်လုပ်နေထိုင်ကြလေ၏။ ဤနည်း ဖြင့် ထို ဗာဝရီရသေ့ဆရာကြီးကို အကြောင်းပြု၍ ရွာကြီးသည် တနေ့တခြား ကြီးမားပြန့်ပြောစည်ပင်၍ လာလေ၏။ တပည့်တို့ နှင့်တကွသော ဗာဝရီရသေ့ဆရာကြီးသည် ထိုရွာကြီး၌ ဆွမ်းခံ ခြင်းဖြင့်၎င်း, ရံခါ တောသစ်သီးတို့ကို ရှာမှီးသုံးဆောင်ခြင်းဖြင့် ၎င်း ချမ်းသာစွာ နေထိုင်လေ၏။

### ဗာဝရီဆရာကြီး နှစ်စဉ်အသပြာတသိန်း အလှူကြီးပေးခြင်း

ထိုဂေါဓာဝရီမြစ်ရွာကြီး၌ လယ်လုပ်မှု-အစရှိသည်ဖြင့် နှစ်စဉ် အခွန်တသိန်းဖြစ်ရှိလေသည်၊ ထိုအခွန်ဘဏ္ဍာ အသပြာတသိန်းကို ယူဆောင်ကြ၍ ထိုရွာနေ သူကြွယ်တို့သည် အဿကမင်းထံသို့ "အရှင်မင်းကြီးသည် ဤအခွန်အသပြာကို လက်ခံသာယာတော် မူပါလော့" ဟု သွားရောက် ပြောဆို ပို့သကြကုန်၏။ အဿက မင်းသည် " ဤအခွန်အသပြာ တသိန်းကို ငါ လက်မခံလို မသာ ယာလို၊ ဗာဝရီဆရာကြီး၏ အထံသို့သာ ပို့ဆောင်ကြကုန်လော့" ဟု ငြင်းပယ်စကား ပြောကြားလိုက်လေ၏။ သူကြွယ်တို့သည် ထိုအသပြာတသိန်းကို ဗာဝရီဆရာကြီးထံသို့ ယူဆောင်လာကြ လေသော် ဆရာကြီးက "အဘယ်အလို့ငှါ ဤအသပြာတို့ကို ယူ ဆောင်အပ်ခဲ့ကုန်သနည်း" ဟု မေးသဖြင့် သူကြွယ်တို့သည် "အရှင်ဆရာကြီး....အကျွန်ုပ်တို့ အရှင်ဆရာကြီးများပိုင် မြေအရပ်၌ ချမ်းသာစွာ စားသောက်လုပ်ကိုင် နေထိုင်ရခြင်းအတွက် ကျေးဇူး

တို့ဆပ်ပေးလှူရန်အလို့ငှါ ယူဆောင်အပ်ခဲ့ပါကုန်သည်”ဟု ပြန်ကြားလျှောက်ထားကြလေကုန်၏။ ဗာဝရီဆရာကြီးက “ငါသည် အကယ်၍ ရွှေငွေကို အလိုရှိလျှင် များစွာသောဥစ္စာစုကို စွန့်ပယ်၍ ရသေ့ရဟန်းပြုမည်မဟုတ် = ရွှေငွေကို အလိုမရှိ၍သာ များစွာသောဥစ္စာကို စွန့်၍ ရသေ့ရဟန်းပြုခဲ့ပေသည်၊ သင်တို့၏ဥစ္စာကို ယူဆောင်၍သာ သွားကြလော့”ဟု မြစ်ပယ်စကား မိန့်ကြားလေလျှင် သူကြွယ်တို့သည် “တပည့်တော်တို့သည် အရှင်မြတ်အား စွန့်လှူအပ်ပြီးသော ဥစ္စာကို တဖန်ပြန်၍ မယူကြပါကုန်၊ စင်စစ်သော်ကား နှစ်စဉ်နှစ်တိုင်းပင် ဤနည်းဖြင့် အသပြာတသိန်းတသိန်း ပို့ဆောင်ကြပါမည်၊ ဤအသပြာတို့ကို လက်ခံတော်မူ၍ အရှင်ဆရာကြီးသည် အလှူဒါနကို ပေးလှူစေချင်ပါသည်”ဟု တောင်းပန်လျှောက်ထားကြကုန်၏။ ဗာဝရီရသေ့ဆရာကြီးသည် ငြင်းဆန်၍ မရသည့်အဆုံး၌ ထိုအသပြာတသိန်းကို လက်ခံလိုက်ရ၍ အထီးကျန်ကပ္ပါး ဆင်းရဲသား, ခရီးသွား, ဖုန်းတောင်း, ယာစကာတို့အား ထိုအသပြာတသိန်းကို ပေးစွန့်လှူဒါန်းခြင်း အမှု နှစ်စဉ်နှစ်စဉ် ပြုလေ၏။ ထိုဆရာကြီး၏ နှစ်စဉ်နှစ်စဉ် အသပြာတသိန်း တသိန်း မဟာဒါနကြီး ပေးစွန့်လှူဒါန်းကြောင်း သတင်းကောင်းသည် အဆင့်ဆင့် ဇမ္ဗူဒိပ်ကျွန်း အလုံး၌ ပြန့်နှံ့ထင်ရှားကျော်ကြား၍နေလေ၏။

### လုလိမ်ပုဏ္ဏားတယောက် လာရောက်ခြောက်လှန့်ခြင်း

ဤသို့လျှင် ဗာဝရီဆရာကြီးသည် နှစ်စဉ်နှစ်စဉ် အလှူကြီးပေးလှူ၍ လာခဲ့ရာ တခုသောနှစ်၌ ထိုအလှူကြီးပေးလှူပြီးနောက် ထိုရွာမှထွက်ခဲ့၍ မိမိ၏သင်္ခမ်းကျောင်းသို့ ဝင်ရောက်ပြီးလျှင် “ငါသည် အလှူကြီးကို ကောင်းမွန်အောင်မြင်စွာပေးလှူအပ်လေပြီ”ဟု မိမိ၏ အလှူဒါနကို ဝမ်းမြောက်စွာ အောက်မေ့ကာ လျှောင်းစက်၍နေလေ၏။ ထိုခဏ၌ ကလိင်္ဂတိုင်း ဒုန္နိဝိဋ္ဌမည်သော ပုဏ္ဏားရွာဝယ် ဇူဇကာပုဏ္ဏား၏ အနွယ်အဆက်၌ ဖြစ်သော လုလိမ်ပုဏ္ဏားတယောက်၏ အိမ်ရှင်ပုဏ္ဏေးမသည် ခဏ ခဏ အပြစ်ကို ဖော်ပြလျက် ထိုလုလိမ်ပုဏ္ဏားကို “ဗာဝရီပုဏ္ဏားကြီးသည် အလှူ

ကြီးပေးနေသတဲ့၊ သင်သွားရောက်၍ ထိုအလှူပေးရာ အရပ်မှ ရွှေငွေကို ဆောင်ခဲ့လော့”ဟု မောင်းမဲပြောဆိုလေ၏။ လူလိမ်ပုဏ္ဏားသည် ပုဏ္ဏေးမက အပြစ်တင်ပြ မောင်းမဲပြောဆိုအပ်ရကား ရပ်တည်၍ မနေနိုင်တော့ပဲ ဗာဝရီဆရာကြီးထံသို့ သွားရောက်လေရာ ရှေးဖော်ပြခဲ့ပြီးသည့်အတိုင်း ဗာဝရီဆရာကြီး မိမိ၏အလှူကို ဝမ်းမြောက်စွာ အောက်မေ့နေသော) အချိန်၌ ဆိုက်ရောက်လာလေ၏။

ထိုသို့ဆိုက်ရောက်လာပြီးသော် ထိုလူလိမ်ပုဏ္ဏားသည် “အို ဗာဝရီပုဏ္ဏား....ငါ့အား အလှူဒါနကို ပေးလော့၊ အို ဗာဝရီပုဏ္ဏား....ငါ့အား အလှူဒါနကို ပေးလော့”ဟု တစာစာတောင်းရမ်းလေ၏။ ဗာဝရီဆရာကြီးက “အိုပုဏ္ဏား....သင်ကား အခါမဟုတ်မှ နောက်ကျ၍ ရောက်လာဘိ၏၊ ငါသည် ရောက်ဆိုက်လာသော အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူအပ်ပြီးလေပြီ၊ ယခုအခါ ငါ့မှာ အသပြာမရှိတော့ချေ”ဟု ပြောဆိုလေလျှင် လူလိမ်ပုဏ္ဏားသည်“အိုဗာဝရီပုဏ္ဏား....ငါသည် အသပြာများစွာတို့ကို အလိုမရှိပါ၊ ဤမျှလောက် အလှူဒါနကြီးကို ပေးလှူနေသော သင့်အဖို့ရာ အသပြာတို့နှင့် ကင်းကွာမှု ဘယ်နည်းနှင့်မျှ မဖြစ်နိုင်၊ ငါ့အား အသပြာ-ငါးရာတို့ကို ပေးလော့”ဟု အတင်းအကြပ် တောင်းရမ်းလေ၏။ တဖန် ဗာဝရီဆရာကြီးက “အိုပုဏ္ဏား....ငါ့မှာ အသပြာငါးရာတို့လည်း မရှိပါကုန်၊ နောက်တဖန် လှူဒါန်းသောအချိန်သို့ ရောက်လတ်လျှင် သင်ရပါလိမ့်မည်”ဟု အပြေအလည်စကားပြောကြားပြန်လေလျှင် လူလိမ်ပုဏ္ဏားသည် “ငါသည် သင်လှူဒါန်းသောအခါကာလကို စောင့်ဆိုင်းငံ့လင့်နေရမှာတဲ့လား”ဟု အမျက်ထွက်စကား ပြောကြားပြီးလျှင် နွားချေး, ပန်းနီ, သမန်းမြက်-စသည်တို့ကို ယူဆောင်ခဲ့၍ လျင်လျင်မြန်မြန် ဗာဝရီဆရာကြီး၏ သင်္ခမ်းကျောင်း တံခါးဝသို့ သွားရောက်လျက် နွားချေးဖြင့် မြေကိုလိမ်းကျံ, ပန်းနီတို့ကို ဖြန့်ကြဲ, သမန်းမြက်တို့ကို ခင်းပြီးနောက် မိမိ၏ လက်ဝဲခြေကို ကရားမှရေဖြင့် ဆေး၍ ခုနစ်လှမ်းမျှ

လှမ်းသွားကာ မိမိ၏ခြေအပြင်ကို သုံးသပ်ဆုပ်နယ်လျက် မန္တန်ရွတ်သည့်အဟန် နှုတ်ခမ်းကို တဆတ်ဆတ်လှုပ်ပြီးသော်—

"သစေ မေ ယာစမာနဿ၊ ဘဝံ နာနုပဒဿတိ။
သတ္တမေ ဒိဝသေ တုယှံ၊ မုဒ္ဓါ ဖလတု သတ္တဓာ။

ယာစမာနဿ = တောင်းခံသော။ မေ = ငါ့အား။ ဘဝံ = အရှင်ဗာဝရိပုဏ္ဏားသည်။ သစေ နာနုပဒဿတိ = အသပြာငါးရာ အကယ်၍ မပေးပါအံ့။ သတ္တမေ ဒိဝသေ = ယနေ့မှ နောက် ခုနစ်ရက်မြောက်သောနေ့၌။ တုယှံ = သင့်ဗာဝရီပုဏ္ဏား၏။ မုဒ္ဓါ = ဦးခေါင်းဦးထိပ်သည်။ သတ္တဓာ = ခုနစ်စိတ် ခုနစ်မြွာ။ ဖလတု = ကွဲစေသတည်း"—

၍ကဲ့သို့ ကျိန်ဆဲသည့်ဂါထာကို ရွတ်ဆိုလေ၏။

ထိုအခါ ဗာဝရီဆရာကြီးသည် "ထိုပုဏ္ဏား၏ စကားသည် တရံတခါ မှန်သော်မှု မှန်လေရာ၏"ဟု စဉ်းစားအောက်မေ့ကာ ပြင်းစွာစိတ်ပူပန်လျက် အိပ်ရာညောင်စောင်းထက်ဝယ် လျောင်း၍ နေလေ၏။ ထိုသို့နေစဉ် သန်းခေါင်ယံအချိန်၌ အခြားမှ လွန်ခဲ့သောဘဝက ဗာဝရီဆရာကြီး၏ အမိဖြစ်ခဲ့ဘူးသော နတ်သမီး (သခ်မ်းကျောင်းစောင့်နတ်သမီး)သည် မိမိ၏သား စိုးရိမ်ပူဆွေးနေသည်ကို သိမြင်၍ အနီးသို့ ရောက်လာပြီးလျှင်—

"န သော မုဒ္ဓံ ပဇာနာတိ၊ကုဟကော သော ဓနတ္ထိကော။
မုဒ္ဓနိ မုဒ္ဓပါတေ ဝါ၊ ဉာဏံ တဿ န ဝိဇ္ဇတိ။

တာတ=ချစ်သားဗာဝရီ....။ သော=ထိုပုဏ္ဏားသည်။ မုဒ္ဓံ = မုဒ္ဓမည်ပြား ဦးခေါင်းဦးထိပ်ခေါ်သော တရားကို။ န ပဇာနာတိ = ပိုင်းခြားထင်ထင် မသိမြင်ချေ။ သော= သင့်ထံရောက်ပြား ထိုပုဏ္ဏားသည်။ ဓနတ္ထိကော=သင့်ဥစ္စာကို သက်သက်အလိုရှိသော။ ကုဟကော = သင့်ကို လှည့်ဖြား လူလိမ်ပုဏ္ဏားတည်း။ မုဒ္ဓနိ ဝါ=မုဒ္ဓမည်ပြား ဦးခေါင်းဦးထိပ် တရား၌၎င်း။ မုဒ္ဓပါတေ ဝါ = မုဒ္ဓါဓိ-

ပါတ နာမခေါ်ရိပ် ထိုဦးထိပ်ကို ခွဲစိတ်နိုင်စေတောင်း တရား ကောင်း၌ဋဋ္ဌင်း။ ဉာဏံ = အသိဉာဏ်သည်။ တဿ = ထို ကောက်ကျစ်လှည့်ဖြား လူလိမ်ပုဏ္ဏားအား၏ (သန္တာန်၌)။ န ဝိဇ္ဇတိ = တစိုးတစိ မရှိချေ"—

ဤသို့ ရှင်းလင်းပြောပြလေ၏။ ထိုအခါ ဗာဝရီဆရာကြီးသည် ထိုအမိဟောင်း နတ်သမီးကို "အိုမိခင်နတ်သမီး....အရှင်မိခင်နတ် သမီးသည် မုဒ္ဓ=ဦးခေါင်းဦးထိပ်မည်သောတရား, မုဒ္ဓါဓိပါတ= ထို ဦးခေါင်းဦးထိပ်ကို ခွဲစိတ်ဖောက်ထွင်းနိုင်သော တရား = ဤနှစ်ပါးကို အကယ်၍ သိမြင်ပါလျှင် အကျွန်ုပ်အား ဟောကြား ဖြေဆိုပါလော့၊ မိခင်ဟောကြား ထိုတရားစကားကို အကျွန်ုပ်တို့ နာကြားပါရစေ"ဟု တောင်းပန်စကား ပြောကြားလေ၏ (ဆိုင် ရာ ဂါထာကို သုတ္တနိပါတပါဠိ ခု ၁၊ မျက်နှာ ၄၃၀-မှ ထုတ် နုတ်မှတ်ယူကုန်ရာ၏)။ နတ်သမီးက "ချစ်သားဗာဝရီ....ဤတရား နှစ်မျိုးကို ငါမိခင်လည်း မသိမမြင်ပါ၊ ဤတရားနှစ်မျိုး၌ အသိ ဉာဏ်သည် ငါမိခင်မှာ မရှိပါ၊ မုဒ္ဓ, မုဒ္ဓါဓိပါတ=ဤတရားနှစ်မျိုး ၌ သိမြင်သောအသိဉာဏ်ကား ဘုရားတို့မှာသာလျှင် ရှိပါ၏"ဟု ပြောဆိုလေလျှင် ဗာဝရီဆရာကြီးသည် "မိခင်တို့မှ မသိလျှင် အဘယ်သူသည် မုဒ္ဓ, မုဒ္ဓါဓိပါတ = ဤတရားနှစ်မျိုးကို သိပါ သနည်း၊ ထိုသိသောသူကို အကျွန်ုပ်အား ညွှန်ကြားပါလော့"ဟု တဖန် တောင်းပန်လေ၏။ နတ်သမီးက သမ္မာသမ္ဗုဒ္ဓ သုံးလောက ထွတ်ထား မြတ်စွာဘုရားသည် သိမြင်ကြောင်းကို ဖြေကြားလေ လျှင် ဗာဝရီဆရာကြီးသည် ဘုရားဟူသောစကားကို ကြားရလျှင် ပင် သောကငြိမ်းပျောက် အလွန်လျှင်ဝမ်းမြောက်လျက် "ယခု အခါ မြတ်စွာဘုရား အဘယ်အရပ်၌ သီတင်းသုံးနေပါသနည်း" ဟု မေးမြန်း၍ နတ်သမီးကလည်း သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူကြောင်းကို ဖြေ ကြား ပြောဆိုလေသည်။

ဗာဝရီဆရာကြီးသည် နံနက်မိုးသောက် နောက်တနေ့အရုဏ် တက်လျှင်ပင် မိမိ၏ လက်စောင်တပည့်ကြီး တဆယ့်ခြောက်

ယောက်လုံးတို့ကို ခေါ်၍ "အမောင်တို့…လောကဌ် မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူနေပြီတဲ့၊ အမောင်တို့သည် လျင်စွာ သွားကြ၍ ဘုရား ဟုတ်,မဟုတ် သိအောင်စုံစမ်းပြီးလျှင် ငါ့ထံသို့ တဖန်ပြန်လာ၍ ပြောကြားကြပါဦး၊ ငါသည် မြတ်စွာဘုရားထံတော်သို့ လိုက်ပါပေအံ့၊စင်စစ်သော်ကား အသက်အရွယ်ကြီးလှ ပြီဖြစ်သောကြောင့် ငါ၏ အသက်အန္တရာယ်ကား သိနိုင်ခဲလှ၏၊ အမောင်တို့သည် ဘုရားရှင်အထံတော်သို့ သွားရောက်ကြ၍ ဤ နည်း ဤနည်းဖြင့် ပြဿနာတို့ကို မေးကြကုန်လော့"ဟု အမေး ပုစ္ဆာ ခုနစ်ချက်ပါသည့် "မုဒ္ဓဖာလန" မည်သော (တနည်း- မုဒ္ဓါဓိပါတ-မည်သော) ပြဿနာကို မေးမြန်းပုံနှင့်တကွ အပြည့် အစုံ သင်ကြား၍ ပေးလေ၏။ (နောက်၌ ထင်ရှားလတ္တံ့)။

(အထူးမှတ်ရန်မှာ—ဗာဝရီဆရာကြီး ဂေါဓာဝရီမြစ်ကမ်း သခ်မ်း ကျောင်း၌ နေစဉ် ရှစ်နှစ်လွန်မြောက်သော အခါ၌ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလေသည်။ ။သုတ္တနိပါတ ဌ ၂၊မျက်နှာ ၂၉၄-မှ)။

ထိုနောင်မှ ဗာဝရီဆရာကြီးသည် "ဤ ငါ၏တပည့်ကြီး လုလင် တဆယ့်ခြောက်ဦးစလုံးတို့ပင် ပညာရှိသူများ ဖြစ်ကြလေသည်၊ မြတ်စွာဘုရား၏ တရားစကားကို ကြားနာကြရ၍ မိမိတို့၏ ရဟန်းကိစ္စ အထွတ်အထိပ် မြောက် ရောက်လတ်လျှင် တဖန် ငါ့အထံသို့ ပြန်လိုမူလည်း ပြန်လာကြလိမ့်မည်၊ မပြန်လာပဲသော် မူလည်း ရှိကြလိမ့်မည်"ဟု ကြံစည် ဆင်ခြင်မိပြီးလျှင် မိမိ၏တူ ပိင်္ဂိယအမည်ရှိသော လုလင်အား "အမောင်ပိင်္ဂိယ ငါ့တူ… သင်သည်ကား ကောန်ပင် ငါ့အထံသို့ တဖန် ပြန်လာခြင်းငှါ ထိုက်၏၊ သင်ရအပ်သော လောကုတ္တရာဂုဏ်ကျေးဇူးကို ငါ့အား တဖန်ပြန်၍ ဟောကြားပါဦး"ဟု အထူးမှာတမ်းလိုက်လေသည်။

ထိုနောက် တပည့်ရသေ့ပေါင်း တသောင်းခြောက်ထောင် တို့သည် အဇိတလုလင်(တပည့်ကြီး)ကို အကြီးအမှူး ဦးစီးဥက္ကဋ္ဌ ပြု၍ တပည့်ကြီး တဆယ့်ခြောက်ယောက်တို့နှင့် အတူတကွ ဆရာကြီးဗာဝရီကို ရိုသေမြတ်နိုး ရှိခိုးအရိုအသေပြုကြ၍ ထိုရသေ့ သခ်မ်းကျောင်းတိုက်မှ မြောက်အရပ်သို့ ရှေးရှုထွက်ခဲ့ကြကုန်၏။

(ထိုရသေ့တို့သည် အင္ဂကမင်း၏စိုးပိုင်ရာ မာဟိဿတိပြည်, ဥဇ္ဇေနီပြည်,ဂေါနဒ္ဓပြည်, ဝေဒိသပြည်, ပဝနပြည်, ကောသမ္ဗီပြည်, သာကေတပြည်, သာဝတ္ထိပြည်, သေတဗျပြည်, ကပိလဝတ်ပြည်, ကုသိနာရုံပြည်, ပါဝါပြည်, ဘောဂပြည်, ဝေသာလီပြည်, မဂဓ တိုင်း ရာဇဂြိုဟ်ပြည် = ဤပြည်တို့သို့ အစဉ်အတိုင်း တပြည်ဝင် တပြည်ထွက် ယူဇနာပေါင်းများစွာ ခရီးဆက်ခဲ့ကြလေသည်)။

ထိုရသေ့တို့ ရောက်ရာ ရောက်ရာ ဌာနတို့၌ လူအများက "အရှင်ဘုရားတို့...အဘယ်အရပ်သို့ ကြွကြမည်နည်း"ဟု မေးမြန်းကြ၍ "ငါတို့သည် မြတ်စွာဘုရား အထံတော်သို့ ပြဿနာမေး လျှောက်ရန် သွားရောက်ကြကုန်အံ့"ဟု ဖြေကြားကြသဖြင့် ထိုထို ရောက်ရာရောက်ရာ ဌာနတို့မှ လူအများ စုရုံး၍ လိုက်ပါလာကြ သည်မှာ ကောသမ္ဗီပြည်မှ သာကေတပြည်သို့ ရောက်လာကြ လျှင်ပင် ပရိသတ်ကား ခြောက်ယူဇနာမျှ ရှိလေ၏။ ထိုအခါ မြတ်စွာဘုရားသည် "ဗာဝရီ၏တပည့် ရသေ့တို့သည် လူများ အပေါင်းကိုတိုးပွါးစေလျက် လာရောက်ကြကုန်၏၊ထိုရသေ့တို့၏ ဇာန်ြမျှားကားရင့်ကျက်ခြင်းသို့မရောက်ကြကုန်သေး၊ ဤသာဝတ္ထိ အရပ်သည်လည်း ထိုရသေ့တို့အဖို့ရာ သပ္ပါယ အရပ် မဟုတ်ချေ၊ စင်စစ်သော်ကား မဂဓတိုင်း ပါသာဏကစေတီ အရပ်သည် ထိုရသေ့တို့၏ သပ္ပါယအရပ် ဖြစ်သည်၊ မှန်၏ — ထိုအရပ်၌ ငါဘုရားတရားဟောလျှင် လူများအပေါင်း၏ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်လည်း ဖြစ်ပေလိမ့်မည်၊ ထိုရသေ့တို့သည်လည်း ပြည်အားလုံးတို့သို့ ဝင်၍ လာရောက်ကြ လျှင် အလွန်များစွာသော လူအပေါင်းဖြင့် လာရောက်ကြလိမ့် မည်" ဟု ဆင်ခြင်တော်မူ၍ ရဟန်းအပေါင်း ခြံရံအစ်လျက် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ ရှေးရှု အလျင် ကြွနှင့်တော် မူလေ၏။

ထိုရသေ့တို့သည်လည်း သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန် ကျောင်းတိုက်တော်သို့ ဝင်ပြီးလျှင် "အဘယ်သူ သည် မြတ်စွာ ဘုရားပါနည်း၊ ယခုအခါ မြတ်စွာဘုရားသည် အဘယ် အရပ်၌

နေပါသနည်း"ဟု စုံစမ်းရှာဖွေကြသည်ရှိသော် ဂန္ဓကုဋိကျောင်းတော်၏ အနီးသို့ ရောက်ကြ၍ (ထိုရသေ့တို့ မြင်အောင် မြတ်စွာဘုရားရှင် အဓိဋ္ဌာန်တော်မူ၍ ချထားတော်မူအပ်သော) ဘုရားခြေတော်ရာကို မြင်ကြလေလျှင်—

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊
ဒုဋ္ဌဿ ဟောတိ အဝကဍ္ဎိတံ ပဒံ။
မူဠ္ဌဿ ဟောတိ သဟသာနုပီဠိတံ၊
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

ရာဂများသူ၏ ခြေရာသည် အလယ်က မထိပဲ ရှိတတ်၏။

ဒေါသများသူ၏ ခြေရာသည် နောက်သို့ ငင်သကဲ့သို့ရှိ၏။

မောဟများသူ၏ ခြေရာသည် ခြေဖျားဖနောင့်တို့ဖြင့် ဖိ၍နင်းသကဲ့သို့ ရှိ၏။

ယခုတွေ့မြင်ရသော ဤခြေရာကား ကိလေသာ အမိုးဖျက်ချိုး ဖွင့်လှစ်ပြီးသူ သဗ္ဗညူ မြတ်စွာဘုရား၏ ခြေတော်ရာ ဖြစ်၏။

ဟူသော ဤဂါထာအရ "ဤခြေတော်ရာရှင်ကား သဗ္ဗညူဗုဒ္ဓ မြတ်စွာဘုရားတည်း"ဟု ဆုံးဆုံးဖြတ်ဖြတ် သိမှတ်ကြလေကုန်၏။

မြတ်စွာဘုရားသည်လည်း အစဉ်အတိုင်း သေတဗျပြည်, ကပိလဝတ်ပြည်-စသည်တို့သို့ ဝင်တော်မူ၍ လူအပေါင်းကို တိုးပွါးစေတော်မူကာ မဂဓတိုင်း ရာဇဂြိုဟ်ပြည် ပါသာဏကစေတီသို့ ဆိုက်ရောက်တော်မူလေ၏။ ရသေ့တို့သည်လည်း ထိုသို့ဆုံးဖြတ်သိမှတ်ပြီးသောခဏမှာပင် သာဝတ္ထိမှ ထွက်ခဲ့၍ ထိုသေတဗျပြည်, ကပိလဝတ်ပြည်-အစရှိသော အလုံးစုံသောပြည်တို့သို့ ဝင်ရောက်ကြကာ အစဉ်သဖြင့် မဂဓတိုင်း ရာဇဂြိုဟ်ပြည် ပါသာဏကစေတီသို့ ရောက်ဆိုက်ကြလေကုန်၏။

(ပါသာဏကစေတီ-ဟူသည်မှာ ဘုရားပွင့်တော်မမူမီ ရှေးအခါက ကြီးစွာသော ကျောက်ဖျာထက်၌ နတ်ကွန်းရှိလေသည်၊ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာသောအခါ ထိုနေရာကို ဒါယကာတို့ ကျောင်း

ဆောက်လုပ်၍ သာသနာတော်အား လှူဒါန်းလေသည်၊ ထိုကျောင်းတိုက်သည် ရှေးအမည်ဟောင်းအတိုင်း "ပါသာဏကစေတီ"ဟူ၍ တွင်မည်လေသည်။

ထိုပါသာဏကစေတီ၌ သိကြားမင်းသည် ကြိုတင်၍ တရားမဏ္ဍပ်ကြီး ဖန်ဆင်းထားအပ်လေသည်။ ရသေ့တို့သည် မြတ်စွာဘုရားရှင်ကို အမှီလိုက်လာကြရာ ညချမ်းသွားရမည့်ခရီးကို နံနက်, နံနက်သွားရမည့်ခရီးကို ညချမ်း ခရီးကြမ်းနှင်ခဲ့ကြသဖြင့် "ဤပါသာဏကစေတီကျောင်းတိုက်၌ မြတ်စွာဘုရား ရှိတော်မူ၏" ဟူ၍ ကြားသိကြရလေလျှင် အေးမြသောရေကို တွေ့သည့် ရေငတ်သူကဲ့သို့၎င်း, ကြီးစွာသောလာဘ်ကို ရရှိသည့် ကုန်သည်ကဲ့သို့၎င်း, အရိပ်ကိုတွေ့ရှိသည့် ခရီးပန်းသူကဲ့သို့၎င်း အလွန့်အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကြကာ ထိုပါသာဏကစေတီကျောင်းတိုက်ကုန်းသို့ အပြေးအလွှား တက်၍ သွားကြလေကုန်၏။

ထိုအချိန်၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံအပ်လျက် တောအတွင်းဝယ် ခြင်္သေ့မင်းဟောက်သကဲ့သို့ ရဟန်းတို့အား တရားဟောနေတော်မူဆဲ ဖြစ်၏။ အဇိတလုလင်(တပည့်ကြီးရသေ့) သည် ရှောင်ခြည်တော်ခြောက်သွယ် လက္ခဏာတော်ကြီးငယ်တို့ဖြင့် တင့်တယ်လှစွာ နေစက်ဝန်း, လပြည့်ဝန်းပမာ တရားမဏ္ဍပ်၌ ထိုင်နေကာ တရားဟောလျက်ရှိသော မြတ်စွာဘုရားကို ဖူးတွေ့ရသည့်ပြင် မြတ်စွာဘုရားရှင်က "ရသေ့တို့....အသို့နည်း= ဘယ့်နှယ်လဲ ဥတုဒဏ် ခံနိုင်ကြပါ၏လော" ဤသို့စသည်ဖြင့် ဝမ်းမြောက်ဖွယ်စကား မိန့်ကြားအပ်လေလျှင် "အိုအရှင်ဂေါတမ....အကျွန်ုပ်တို့သည် ဥတုဒဏ်ကို ခံနိုင်ကြပါ၏" ဤသို့စသည်ဖြင့် ကိုယ်တိုင်ကလည်း အစေ့အစပ်စကား ပြောကြားရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကာ အပြစ်လွတ်ရာအရပ်က ရပ်တည်လျက် မိမိတို့ဆရာကြီး ဗာဝရီက မှာတမ်းလိုက်သည့်အတိုင်း (နှုတ်က မမြွက်မဆိုပဲ) စိတ်ဖြင့်သာ —

အာဒိဿ ဇမ္မနံ ဗြူဟိ၊ ဂေါတ္တံ ဗြူဟိ သလက္ခဏံ။
မန္တေသု ပါရမိံ ဗြူဟိ၊ ကတိ ဝါစေတိ ဗြာဟ္မဏော။

(စိတ်ထဲကသာ ရည်ညွှန်းလျက်)–(၁) ကျွန်ုပ်တို့ ဆရာကြီး၏ အသက်အရွယ်ကို ဟောဆိုပါလော့၊ (၂) ကျွန်ုပ်တို့ဆရာကြီးမှာ ရရှိသော မဟာပုရိသလက္ခဏာနှင့်တကွ (၃) ကျွန်ုပ်တို့ဆရာကြီး၏ အနွယ်ကို ဟောဆိုပါလော့၊ (၄) ကျွန်ုပ်တို့ ဆရာကြီး၏ ဝေဒကျမ်းတို့၌ တဖက်ကမ်းရောက် (= အပြီးအဆုံးတတ်မြောက်) ပုံကို ဟောဆိုပါလော့၊ (၅) ကျွန်ုပ်တို့ ဆရာပုဏ္ဏားသည် အဘယ်မျှလောက်သော တပည့်တို့ကို ဝေဒကျမ်းများကိုယ်တိုင် ပို့ချနေပါသနည်း—

ဟူ၍ မေးမြန်းလေ၏။ (အဇိတလုလင်ကို ဗာဝရီဆရာကြီးက ဤအမေးဂါထာကို သင်ပေးပြီး "ဤအမေးဂါထာကို အမောင် စိတ်ဖြင့်သာမှတ်၍ မေးလေ၊ဘုရားစင်စစ် ကေန်ဖြစ်လျှင် အမောင်က စိတ်ဖြင့် မေးသည်ကို နှုတ်ဖြွက်၍ ဖြေဆိုလိမ့်မည်"ဟု မှာတမ်းလိုက်သည့်အတိုင်း အဇိတလုလင် (ခေါင်းဆောင်တပည့်ကြီး) သည် ဤဂါထာကို စိတ်ဖြင့်သာ အောက်မေ့မှတ်၍ ပြဿနာ ၅-ရပ် မေးလေသည်)။

ထိုအခါ မြတ်စွာဘုရားသည် အဇိတလုလင် စိတ်ဖြင့်မေးမြန်းအပ်သည့် ပြဿနာ ၅-ရပ်ကို ဖြေဆိုတော်မူလိုသည်ဖြစ်၍—

> ဝီသံ ဝဿသတံ အာယု၊ သော စ ဂေါတ္တေန ဗာဝရီ။
> တီဏိဿ လက္ခဏာ ဂတ္တေ၊ တိဏ္ဏံ ဝေဒါန ပါရဂူ။
>
> လက္ခဏေ ဣတိဟာသေ စ၊ သနိဃဏ္ဍု သကေဋုဘေ။
> ပဉ္စသတာနိ ဝါစေတိ၊ သဓမ္မေ ပါရမိံ ဂတော။

(၁) ချစ်သားအဇိတ....သင်တို့ဆရာကြီး၏ အသက်သည် နှစ်ပေါင်း(၁၂၀)တရာ့နှစ်ဆယ်ရှိပြီ၊ (၂) ထိုသင်တို့ဆရာကြီးသည် အနွယ်အားဖြင့် ဗာဝရီ ဖြစ်၏၊ (၃) ထိုသင်တို့ဆရာ ဗာဝရီ၏ ကိုယ်၌ မဟာပုရိသလက္ခဏာကြီး သုံးပါးတို့ ပါရှိကြကုန်၏၊ (၄) ထိုသင်တို့

ဆရာ ဗာဝရီပုဏ္ဏားကြီးသည် ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းရောက် တတ်မြောက်သည့်ပြင်—

နိဃဏ္ဍုခေါ် အဘိဓာန်ကျမ်း,ကေဋုဘခေါ် အလင်္ကာကျမ်းတို့နှင့်တကွသော မဟာပုရိသလက္ခဏာကျမ်း,ဣတိဟာသကျမ်း (ပုရာဏ်ကျမ်း) တို့၌လည်း တဖက်ကမ်းရောက် (= အပြီးအဆုံးရောက်) တတ်မြောက်သူ ဖြစ်၏၊ (၅) ထိုသင်တို့ဆရာ ဗာဝရီပုဏ္ဏားကြီးသည် မိမိ၏ ဥစ္စာဖြစ်သော ဝေဒကျမ်းတို့၌ တဖက်ကမ်း (= အပြီးအဆုံး) ရောက် တတ်မြောက်သူဖြစ်လျက် ပျင်းရိသူ ညာဏ်ထိုင်းသူ တပည့်ငါးရာတို့ကို ကိုယ်တိုင်ပင် ဝေဒကျမ်းများ ပို့ချနေ၏—

ဤနှစ်ဂါထာတို့ကို နှုတ်မြွက်မိန့်ဆို ရဲရဲတောက် ဖြေကြားတော်မူလေ၏။

ထိုအခါ အဇိတလုလင်သည် (၃) အမှတ်ပြ တတိယအဖြေဝယ် "မဟာပုရိသလက္ခဏာကြီးသုံးပါးတို့ ပါရှိကြကုန်၏" ဟု အပေါင်းအရေအတွက် သင်္ချာမျှ ဖြေဆိုတော်မူသည်ကို သရုပ်အကောင်အထည်နှင့်တကွ ထင်ရှားစွာ ဖြေဆိုစေလို၍ တဖန် စိတ်ဖြင့်သာ—

လက္ခဏာနံ ပဝိစယံ၊ ဗာဝရိဿ နရုတ္တမ။
ကင်္ခစ္ဆိဒ ပကာသေဟိ၊ မာ နော ကင်္ခါယိတံ အဟု။

ကင်္ခစ္ဆိဒ = လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ယုံမှားကို ပယ်ရှားဖြတ်တောက်တော်မူနိုင်သော။ နရုတ္တမ = လူတို့ ထက်မြတ်တော်မူသော ရှင်ပင်ဘုရား....။ ဗာဝရိဿ = အကျွန်ုပ်တို့ဆရာ ဗာဝရီပုဏ္ဏား၏။ လက္ခဏာနံ = ခန္ဓာကိုယ်ဝယ် တင့်တယ်ဖြစ်ပွါး လက္ခဏာကြီး သုံးပါးတို့၏။ ပဝိစယံ=သိမှတ်စဖွယ် အကျယ်ဖြစ်သော သရုပ်အကောင်အထည်ကို။ ပကာသေဟိ = ထင်ရှားသိသာ ပြတော်မူပါလော့။ နော=အကျွန်ုပ်တို့၏ (သန္တာန်၌)။ ကင်္ခါယိတံ=

သို့လော သို့လော တွေးတောယုံမှားခြင်းသည်။ မာ
အဟု = မဖြစ်ပါစေလင့်—

ဟူ၍ မေးမြန်းပြန်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် အဇိတ
လုလင်ကို ရှေးရှုတ်တော် မြွက်ဟ၍—

မုဒ္ဓံ ဇိဇ္ဇါယ သာဒေတိ၊ ဥဏှာသ ဘမုကန္တရေ။
ကောသောဟိတံ ဝတ္ထဂုယှံ၊ ဧဝံ ဇာနာဟိ မာဏဝ။

မာဏဝ = အဇိတမည်တွင် အိုလုလင်....။ သော = ထိုသင်တို့ဆရာ ဗာဝရီပုဏ္ဏားသည်။ (၁) ဇိဇ္ဇါယ=မိမိလျှာဖြင့်။ မုဒ္ဓံ=မျက်နှာပြင်တခုလုံးကို။ သာဒေတိ=ဖုံးအုပ်နိုင်၏ (ထုလဇိဇ္ဇတာလက္ခဏာကို ဆိုသည်)။ (၂) အဿ = ထိုသင်တို့ဆရာ ဗာဝရီပုဏ္ဏား၏။ ဘမုကန္တ-ရေ=မျက်မှောင်နှစ်ဖတ် အလယ်ချက်၌။ ဥဏှာ = ဥဏ္ဏလုံခေါ်တွင် မွေးမှင်ရှင်သည်။ ဇာတာ = ပေါက်ရောက်ဖြစ်ပွါးလျက်ရှိ၏ (မုဒုဩဒါတ ဥဏ္ဏလောမတာလက္ခဏာကိုဆိုသည်)။ (၃) အဿ = ထိုသင်တို့ဆရာ ဗာဝရီပုဏ္ဏား၏။ ဝတ္ထဂုယှံ = အဝတ်ဖြင့်ဖုံးရမည့် ပုရိသအင်္ဂါသည်။ ကောသောဟိတံ = ဆင်ခွန်ဆင်ပုံဟပ် အအိမ်ဖြင့်ဖုံးအပ်ပေ၏ (ကောသောဟိတဝတ္ထဂုယှလက္ခဏာကို ဆိုသည်)။ တွံ = အဇိတမည်တွင် သင်လုလင်သည်။ ဧဝံ ဇာနာဟိ = လက္ခဏာသုံးပါး ဤသို့အားဖြင့် ထင်ရှားသိလေလော့—

ဤကဲ့သို့ အတိအကျဖြေကြားတော်မူလေ၏။ ထိုအခါ တစုံတရာ အမေးပုစ္ဆာသံကို မကြားရပဲ မြတ်စွာဘုရား ဖြေကြားအပ်သည့် ပြဿနာ ( = အဖြေ) တို့ကို ကြားရ၍ (တဆယ့်နှစ်ယူဇနာ ကျယ်ဝန်းသည့်) ပရိသတ်လူအပေါင်းသည် နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလျက် လက်အုပ်ကိုယ်စီ မြှောက်ချီလျက် "စိတ်ဖြင့်မေးအပ်သည့် ပြဿနာတို့ကို အဘယ်သူသည် မေးလိုက်ပါလိမ့်၊ နတ်သည်ပင် မေးလေသလော၊ ဗြဟ္မာသည်ပင်

မေးလေသလော၊ သူ့ဇာတ်သက်နှင်း သိကြားမင်းသည်ပင် မေးလေသလော။ မြတ်စွာဘုရားသည် ဤအဖြေကို အဘယ်သူ့အား ဖြေကြားတော်မူပါလိမ့်”ဟု တအံ့တသြ ပြောဆိုကြစည်လေ၏။

ဤသို့လျှင် အဇိတလုလင်သည် ပြဿနာ ၅-ရပ်တို့၏အဖြေကို ကြားနာရပြီးလျှင် ပြဿနာ ၂-ရပ်တို့ကို မေးလိုရကား စိတ်ဖြင့်သာလျှင်—

မုဒ္ဓံ မုဒ္ဓါဓိပါတဉ္စ၊ ဗာဝရီ ပရိပုစ္ဆတိ။
တံ ဗျာကရောဟိ ဘဂဝါ၊ ကင်္ခံ ဝိနယ နော ဣသေ။

ဣသေ = သီလက္ခန္ဓ-စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့လာတော်မူပြီးသော မြတ်စွာဘုရား....။ ဗာဝရီ = အကျွန်ုပ်တို့ဆရာ ဗာဝရီပုဏ္ဏားသည်။ မုဒ္ဓဉ္စ = မုဒ္ဓ-ခေါ်ပြြား ဦးခေါင်း ဦးထိပ်မည်သော တရားကိုရင်း (၆)။ မုဒ္ဓါဓိပါတဉ္စ = မုဒ္ဓါဓိပါတ နာမခေါ်ရိပ် ထိုဦးထိပ်ကို ခွဲစိတ်နိုင်တောင်း တရားကောင်းကိုရင်း (၇)။ ပရိပုစ္ဆတိ = သိလိုရေးဖြင့် မေးလျှောက်လိုက်ပါ၏။ ဘဂဝါ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ တံ = မုဒ္ဓ, မုဒ္ဓါဓိပါတ ခမ္မအပြား ထိုနှစ်ပါးကို။ ဗျာကရောဟိ = ကရုဏာခရှေထား ဖြေကြားတော်မူပါလော့။ နော = အကျွန်ုပ်တို့၏။ ကင်္ခံ = သို့လော သို့လောလော တွေးတောယုံမှားခြင်းကို။ ဝိနယ = ဒေသနာ ဉာဏ်စက်သွားဖြင့် ပယ်ရှားဖျောက်လွှင့်တော်မူပါလော့—

ဟူ၍ မေးမြန်းပြန်လေ၏။ မြတ်စွာဘုရားသည် အဇိတလုလင် စိတ်ဖြင့်သာ မေးမြန်းအပ်သည်ကို ရှေးရှုတ်တော် မြွက်ဟ၍—

အဝိဇ္ဇံ မုဒ္ဓါတိ ဇာနာဟိ၊ ဝိဇ္ဇာ မုဒ္ဓါဓိပါတိနီ။
သဒ္ဓါသတိသမာဓိဟိ၊ ဆန္ဒဝီရိယေန သံယုတာ။

အဇိတ = အဇိတမည်တွင် အိုလုလင်....။ (၆) အဝိဇ္ဇံ = သစ္စာလေးခဏ်း မမြင်ကန်းအောင် ဖုံးလွှမ်းတတ်စွာ အဝိဇ္ဇာ = မောဟကို။ မုဒ္ဓါတိ = အနမတဂ္ဂ

သံသာရ၏ မုဒ္ဓခေါ်ပြော ဦးခေါင်း ဦးထိပ်တရား ဟူ၍။ ဇာနာတိ = သတိစွဲချပ် သင်သိမှတ်လော့။ (၇) သဒ္ဓါ-သတိသမာဓိဟိ = သဒ္ဓါတရား, သတိတရား, သမာဓိ တရားတို့နှင့်ငှင်း။ ဆန္ဒဝိရိယေန = ဆန္ဒတရား, ဝိရိယ တရားနှင့်ငှင်း။ သံယုတာ = ယှဉ်သော။ဝိဇ္ဇာ=အရဟတ္တ မဂ္ဂဝိဇ္ဇာ ဉာဏ်ပညာသည်။ မုဒ္ဓါဓိပါတိနီ=အဝိဇ္ဇာတည်း ဟူသော သံသရာ့ဦးထိပ်ကို ခွဲစိတ်နိုင်တော်း တရား ကောင်းပေတည်း—

ဤကဲ့သို့ အတိအကျ ဖြေကြားတော်မူလေ၏။ ထိုအခါ အဇိတ လုလင်(ရသေ့)သည် အလွန်အလွန် ဝမ်းမြောက်လှ၍ သစ်နက် ရေကို လက်ဝဲပခုံးထက်၌ စံပယ်တင်ပြီးလျှင် မြတ်စွာဘုရားရှင်၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ဦးခိုက်၍—

ဗာဝရိဗြာဟ္မဏော ဘောတော၊
သဟ သိဿေဟိ မာရိသ။
ဥဒဂ္ဂစိတ္တော သုမနော၊
ပါဒေ ဝန္ဒတိ စက္ခုမ။

မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော။ စက္ခုမ= စက္ခု ၅-မျိုး စိုးမိုးပိုင်သ လောကထွတ်ထား ရှင်တော် မြတ်ဘုရား····။ ဗာဝရိဗြာဟ္မဏော = ဗာဝရိခေါ်ပြော တပည့်တော်တို့၏ ဆရာပုဏ္ဏားသည်။ ဥဒဂ္ဂစိတ္တော = အလွန်တက်ကြွ အားရသော စိတ်ရှိသည်ဖြစ်၍။ သုမနော =နှစ်လိုအားရမ်း ဝမ်းမြောက်သော စိတ် ရှိသည်ဖြစ်၍။ သိဿေဟိ သဟ = တပည့် ရသေ့ပေါင်း တသောင်း ခြောက်ထောင်ကျော်တို့နှင့်တကွ။ ဘောတော=ရှင်တော် ဘုရား၏။ ပါဒေ = ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒတိ = ရှိသေမြတ်နိုး ဦးညွတ်လျှိုး၍ ရှိခိုးလိုက်ပါ၏ဘုရား—

ဤဂါထာကို ရွတ်ဆိုဟစ်အော် ကြွေးကြော်ကာ ဆရာတပည့် အားလုံးတို့ကိုယ်စား အားရဝမ်းသာ ရှိခိုးလေ၏။ မြတ်စွာဘုရား

ရှင်သည်လည်း ထိုအဇိတလုလင် (ရသေ့)ကို မေတ္တာ, ကရုဏာ ကြီးလှစွာသောကြောင့်—

သုခိတော ဗာဝရိ ဟောတု၊
သဟ သိဿေဟိ ဗြာဟ္မဏော။
တွဉ္စာပိ သုခိတော ဟောဟိ၊
စိရံ ဇီဝါဟိ မာဏဝ။

မာဏဝ=အဇိတမည်သော အိုလုလင်....။ ဗာဝရိဗြာဟ္မ-ဏော=သင်တို့ဆရာ ဗာဝရီပုဏ္ဏားသည်။ သိဿေဟိ သဟ = တပည့် မြားမြောင် သောင်းခြောက်ထောင် ကျော်တို့နှင့်တကွ။ သုခိတော = ကာယ, စိတ္တ သုခနှစ်သင်း ဖြစ်ခြင်းရှိသည်။ ဟောတု = ဖြစ်ပါစေသတည်း။ တွဉ္စာပိ =အဇိတမည်သော သင်လုလင်သည်လည်း။ သုခိ-တော = ကာယ, စိတ္တ သုခနှစ်သင်း ဖြစ်ခြင်းရှိသည်။ ဟောဟိ = ဖြစ်ပါစေသတည်း။ စိရံ = အာယုကပ်ကြာ ရှည်မြင့်စွာ။ ဇီဝါဟိ = အသက်ရှည်ထွေ တည်နေပါစေ သတည်း။ (ဤဂါထာဖြင့် ဆုတောင်းအာသီသ ပြုတော်မူပြီးလျှင် တဖန်ဆက်၍)—

ဗာဝရိဿ စ တုယှံ ဝါ၊ သဗ္ဗေသံ သဗ္ဗသံသယံ။
ကတာဝကာသာ ပုစ္ဆဝှေါ၊ ယံကိဉ္စိ မနသိစ္ဆထ။

မာဏဝ = အဇိတမည်သော အိုလုလင်····။ယံကိဉ္စိ = အမှတ်မထင် သံသယဝင်သည့် အကြောင်းပြဿနာကို။ မန-သိ = သင်တို့စိတ်၌။ ဣစ္ဆထ = တောင့်တလင့်ဆို မေးလို ကြကုန်၏။ ဗာဝရိဿစ = သင်တို့ဆရာ ဗာဝရီပုဏ္ဏား၏ ၎င်း။ တုယှံ ဝါ = အဇိတမည်သော သင်လုလင်၏၎င်း။ သဗ္ဗေသံ = ခပ်သိမ်းဉဿုံ အလုံးစုံသော သင်တို့ဆရာ တပည့် တစုတို့၏။ သဗ္ဗသံသယံ = အလုံးစုံရှိသမျှ ယုံမှား သံသယကို။ ကတာဝကာသာ = ငါဘုရားတို့ သနားသမှု အခွင့်ပြုအပ်သော သင်တို့သည်။ ပုစ္ဆဝှေါ = အားမနာ တမ်း ညာလ်ထောက်လှမ်း၍ မေးမြန်းကြကုန်လော့—

ဟု သဗ္ဗညုပဝါရဏာ=မြတ်စွာဘုရားရှင်တို့၏ ဖိတ်ကြားခြင်းဖြင့် ဖိတ်ကြား မိန့်ဆိုတော်မူလေ၏။

တိုသို့ မြတ်စွာဘုရားရှင်က ပြဿနာမေးလျှောက်ရန် ဖိတ်ကြားခွင့်ပြုတော်မူအပ်လေလျှင် ထိုရသေ့တို့သည် ရပ်တည်နေရာမှ အားလုံးထိုင်ကြ၍ လက်အုပ်ကိုယ်စီ မြှောက်ချီကြလျက် အဇိတလုလင်က အစဦးစွာ ပြဿနာမေးလျှောက်လေသည်။ မြတ်စွာဘုရားရှင်ကလည်း မေးအပ်သော ပြဿနာကို အရဟတ္တဖိုလ်အထွတ်တပ်၍ ဖြေကြားတော်မူလေသည်။ ဒေသနာနိဂုံး ဆုံးသောအခါ အဇိတလုလင်သည် တပည့်ပေါင်း တထောင်တို့နှင့် တကွ အရဟတ္တဖိုလ်၌ တည်လေ၏။ ထောင်ပေါင်းများစွာ အခြား တရားနာပရိသတ်တို့သည်လည်း မဂ်ဖိုလ်သို့ဆိုက်ရောက်ကြလေ၏။ အရဟတ္တဖိုလ်သို့ ရောက်သည်နှင့်တပြိုင်နက် အရှင် အဇိတနှင့်တကွ တပည့် တထောင်တို့သည် ဧဟိဘိက္ခုရဟန်း အဖြစ်ကို ရရှိကြကာ ရသေ့အသွင်ပျောက်၍ အဝါခြောက်ဆယ်ရသော မထေရ်ကြီးများကဲ့သို့ ဣဒ္ဓိမယပရိက္ခရာတို့ ကိုယ်မှာ ဆင်ယင်ပြီးဖြစ်ကြလျက် မြတ်စွာဘုရားရှင်ကို ရှိသေစွာ လက်အုပ်ချီမိုး ရှိခိုး၍ ထိုင်နေကြကုန်၏။ (ကြွင်းသော တပည့်ကြီးတို့ မြတ်စွာဘုရားကို ပြဿနာ မေးလျှောက်ရာ၌လည်း ဤနည်း အတူပင်တည်း။ ပြဿနာမေးလျှောက်ပုံ, မြတ်စွာဘုရားရှင်က ဖြေဆိုပုံတို့ကို သုတ္တနိပါတ ပိဋကတ်မြန်မာပြန် "ခုမြန် ၁၊၈၁ မျက်နှာ ၄၁၀-မှစ၍" အစဉ်အတိုင်း ကြည့်ရှု မှတ်ယူကုန်ရာ၏၊ ဤကျမ်း၌ကား အရှင်မောဃရာဇမထေရ်အကြောင်းနှင့်ဗာဝရီဆရာကြီး၏နောက်ပိုင်းဇာကြောင်းကိုသာ သိသာရုံ ဖော်ပြပါအံ့)---

အဇိတလုလင် ပဌမရှေးဦးစွာ ပြဿနာမေးလျှောက်ပြီးနောက် ရှေးဖော်ပြရာပါ တပည့်ကြီးလုလင်တို့သည် အစဉ်အတိုင်း မိမိတို့အလိုရှိရာ ပြဿနာတို့ကို မေးလျှောက်ကြလေသည်။ မေးတိုင်းမေးတိုင်းသော ပြဿနာတို့ကို မြတ်စွာဘုရားသည် ရှင်းလင်းဖြေဆိုကာ တရားဟောတော်မူလေသည်။အမေး, အဖြေ တရပ် တရပ် ပြီးဆုံးသောအခါ ပြဿနာရှင်တပည့်ကြီးနှင့်

တကွ အန္တေဝါသိကတပည့် တထောင် တထောင်တို့ ရဟန္တာဖြစ်ကြကာ ဧဟိဘိက္ခုရဟန်းအဖြစ်ကို ခံယူရရှိကြလေသည်။

အထူးအားဖြင့် ထိုတပည့်ကြီး တကျိပ်ခြောက်ယောက်တို့တွင် မောဃရာဇလုလင်ကား "ငါသည် ထိုသူအားလုံးတို့ထက် အထူးသဖြင့် ပညာရှိသူ ဖြစ်၏"ဟု မာနခက်ထန်သူ ဖြစ်လေသည်။ မောဃရာဇလုလင်၏စိတ်၌ "ဤအဇိတလုလင်သည် တပည့်ကြီးအားလုံးတို့အနက် အကြီးဆုံးဖြစ်သည်၊ ငါသည် သူ၏ အလျင်ပြဿနာမေးလျှောက်ရန် မသင့်လျော်ချေ"ဟု အကြံဖြစ်ရှိကာ အဇိတလုလင်၏အပေါ် ရှက်နိုးသဖြင့် အလျင် လက်ဦးပြဿနာ မမေးသေးပဲ ထိုအဇိတလုလင် မေးပြီးသော အခါ ဒုတိယတပည့်ကြီးအနေဖြင့် မောဃရာဇလုလင်က မြတ်စွာဘုရားရှင်ကိုပြဿနာ မေးလျှောက်လေသည်။

မြတ်စွာဘုရားရှင်သည် "မောဃရာဇလုလင်ကား မာန်မူ၍မာနခက်ထန်သူ ဖြစ်၏၊ သူ၏ ဉာဏ်ပညာသည် မရင့်ကျက်သေး၊ သူ၏မာနကို တားမြစ်မှ သင့်မည်"ဟု ဆင်ခြင်တော်မူကာ "မောဃရာဇ....သင်ဆိုင်းငံ့ဦး၊အခြားသူများ ပြဿနာကို မေးကြကုန်စေဦး"ဟု ဟန့်တားစကား မိန့်ကြားတော်မူလေ၏။ မောဃ-ရာဇလုလင်သည် မြတ်စွာဘုရားက ဟန့်တားအပ်သည် ရှိသော် "ငါသည် ဤမျှကာလကြာမြင့်အောင် ငါ့ထက် ပညာရှိသောသူ မည်သည် မရှိဟု အောက်မေ့ကာ လှည့်လည်နေထိုင်ခဲ့၏၊ ဘုရားရှင်တို့မည်သည်လည်း မသိပဲ မိန့်ဆိုတော်မမူကြကုန်၊ မြတ်စွာဘုရားသည် ကေန်ပင် ငါ၏မေးလျှောက်ခြင်း၌ အပြစ်တစုံတရာမြင်တော်မူသည် ဖြစ်ပေလိမ့်မည်"ဟု ကြံစည်ကာ ဆိတ်ဆိတ်နေလေ၏။

မောဃရာဇလုလင်သည် ၁-အဇိတ, ၂-တိဿမေတ္တေယျ, ၃-ပုဏ္ဏက, ၄-မေတ္တဂူ, ၅-ဓောတက, ၆-ဥပသီဝ, ၇-နန္ဒ, ၈-ဟေမက လုလင်တို့ မေးပြီးသောအခါ မမေးပဲမနေနိုင်ပြန်သဖြင့် တဖန်မေးလျှောက်ပြန်လေသည်။ မြတ်စွာဘုရားသည်လည်း မောဃ-ရာဇလုလင်၏ ဉာဏ်ဣန္ဒြေမရင့်ကျက်သေးသဖြင့် ရှေးနည်းအတူ ဟန့်

တားတော်မူလေ၏။ မောဃရာဇလုလင်လည်း ဆိတ်ဆိတ်ပင် နေပြန်၍ ၉-တောဒေယျလုလင်, ၁၀-ကပ္ပလုလင်, ၁၁-ဇတုကဏ္ဏိ လုလင်, ၁၂-ဘဒြာဝုဓလုလင်, ၁၃-ဥဒယလုလင်, ၁၄-ပေါသာလ လုလင်တို့ ပြဿနာမေးလျှောက်ပြီးကြသောအခါ "ငါသည် ဘယ် နည်းနှင့်မျှ သံဃနဝက=သံဃနော=သံဃာအငယ်ဆုံး အဖြစ်မခံ နိုင်" ဟု ကြံစည်အောက်မေ့ကာ တဆယ့်ငါးယောက်မြောက် ပြဿနာရှင်ဖြစ်၍ မြတ်စွာဘုရားရှင်ကို မေးလျှောက်လေ၏။ ဤ အကြိမ်၌ကား မောဃရာဇလုလင်၏ ဉာဏ်မြွမှာ ရင့်ကျက်ပြီဖြစ်၍ မြတ်စွာဘုရားရှင်သည်လည်း မောဃရာဇလုလင်၏ အမေးကို ဖြေကြားတော်မူလေသည်။ မေးဖြေကြပုံမှာ—

(မောဃရာဇ) ဒွါဟံ သက္ကံ အပုစ္ဆိဿံ၊
န မေ ဗျာကာသိ စက္ခုမာ။
ယာဝတတိယဉ္စ ဒေဝီသိ၊
ဗျာကရောတီတိ မေ သုတံ။

အဟံ = မောဃရာဇ နာမတွင်ခေါ် တပည့်တော် သည်။ သက္ကံ–သာကီဝင်မင်းသား မြတ်စွာဘုရားကို။ ဒွေ ဝါရေ = အဇိတလုလင် မေးပြီးစက တကြိမ်, ဟေမက လုလင် မေးပြီးစက တကြိမ် = ဤသို့ နှစ်ကြိမ်တို့တိုင်တိုင်။ အပုစ္ဆိဿံ = ပြဿနာနက်လေး သိလိုရေးဖြင့် မေး လျှောက်ခဲ့ပါပြီ။ စက္ခုမာ = စက္ခု ၅-မျိုး စိုးမိုးပိုင်သ လောကထွတ်ထား မြတ်ဘုရားသည်။ မေ = အကျွန်ုပ် အား။ န ဗျာကာသိ–မြစ်ပယ်ဟန့်တား ဖြေကြားတော် မမူခဲ့ချေ။ ဒေဝီသိ = ဝိသုဒ္ဓိနတ် ဘုရားမြတ်မည်သည်။ ယာဝတတိယံ = သုံးကြိမ်တိုင်အောင်။ ပုဋ္ဌော စ = သိလို ရေးဖြင့် မေးလျှောက်အပ်လျှင်မူ ဗျာကရောတိ = ကရု- ဏာရှေ့ထား ဖြေကြားတော်မူ၏။ ဣတိ = ဤသို့။ မေ = မောဃရာဇတွင်ခေါ် တပည့်တော်သည်။ သုတံ=ဂေါဓာ- ဝရီမြစ်ကမ်း၌ နေစဉ်ကပင် ကြားအပ်ဘူးပါပြီ။

အယံ လောကော ပရော လောကော၊
ဗြဟ္မလောကော သဒေဝကော။
ဒိဋ္ဌိံ တေ နာဘိဇာနာတိ၊
ဂေါတမဿ ယသဿိနော။

အယံ လောကော=ပစ္စုပ္ပန္န ဤလူ့ပြည်လောကသည်ငှင်း။ ပရော လောကော=လူမှတပါး အခြားကြွင်းကျန်သော လောကသည်ငှင်း။ သဒေဝကော = ဗြဟ္မာကိုချန်လှပ်၍ ဥပပတ္တိနတ် သမ္မုတိနတ်နှင့် တကွသော။ ဗြဟ္မလောကော = ဗြဟ္မာလောကသည်ငှင်း (လူရောနတ်ပါ ဗြဟ္မာမကြွင်း သတ္တဝါခပင်းကို ဆိုလိုသည်)။ ဂေါတမဿ = ဂေါတမအနွယ် ဖြစ်တော်မူသော။ ယသဿိနော = များသောအခြံအရံ အကျော်အစောရှိတော်မူသော။ တေ = ရှင်ပင်ဘုရား၏။ ဒိဋ္ဌိံ = အယူကို။ နာဘိဇာနာတိ = မသိကောင်း မှန်လှပါ၏။

ဧဝံ အဘိက္ကန္တဒဿာဝိံ၊ အတ္ထိ ပဉှေန အာဂမံ။
ကထံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ဧဝံ = ဤသို့။ အဘိက္ကန္တဒဿာဝိံ = နှစ်လိုဖွယ်အစ်မြတ်သောအသိအမြင်ရှိတော်မူသော၊ (ဝါ) သတ္တလောက၏ အာသယ, အဓိမုတ္တိ ဂတိ, ပရာယဏ-စသည်ကုန်စင်ထိုးထွင်း သိမြင်တော်မူနိုင်သော မြတ်စွာဘုရားအထံတော်သို့။ ပဉှေန = အမေးပုစ္ဆာ ပြဿနာဖြင့်။ အတ္ထိ = အလိုရှိသည်ဖြစ်၍၊ (ဝါ) ပဉှေန အတ္ထိ = ပြဿနာ နက်လေးမေးလျှောက်လိုသည်ဖြစ်၍။ အာဂမံ = ရွှေဖဝါးတော်အောက် တပည့်တော်လာရောက်ခဲ့ပါပြီ။ လောကံ = သက်ရှိ,သက်မဲ့ ပြိ့ပြိ့ကုန်စင် သင်္ခါရလောကကို။ကထံ = အဘယ်သို့ အဘယ်ပုံ။အဝေက္ခန္တံ = စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ရှုကြည့်သောသူကို။ မစ္စုရာဇာ = မစ္စုခေါ်လျှင်းရှင်သေမင်းသည်။ န ပဿတိ = မမြင်နိုင်ပါသနည်း (သက်ရှိ, သက်မဲ့ သင်္ခါရလောက တရားအစုကို အဘယ်

သို့ရှုသောသူသည် အရဟတ္တမဂ်, အရဟတ္တဖိုလ် ပေါက်ရောက်သဖြင့် သေခြင်းတရားမှ လွတ်မြောက်နိုင်ပါသနည်း = သေခြင်းတရားမှ လွတ်မြောက်အောင် သင်္ခါရလောကကို အဘယ်သို့ ရှုရပါမည်နည်း-ဟု မေးလိုရင်းဖြစ်သည်)။

ဤသို့ မောဃရာဇလုလင်က ၃-ဂါထာတို့ဖြင့် အကျိုး,အကြောင်း ဖော်ပြ ချီးမွမ်း၍ နောက်ဆုံး ဂါထာ နောက်ထက်ဝက်ဖြင့် ပြဿနာမေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်—

သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊
ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ။

မောဃရာဇ = ချစ်သား မောဃရာဇ်....။ တွံ = သင်ချစ်သားသည်။ သဒါ = နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ သတော = အောက်မေ့မှု = သတိ လင်းလင်းရှိလျက်။ အတ္တာနုဒိဋ္ဌိံ = ခန္ဓာငါးဝ တရားမျှဝယ် အတ္တ = လိပ်ပြာငါဟုမှတ်စွဲ အယူလွဲကို။ ဦဟစ္စ = ပညာထိန်းချုပ် စွန့်ပယ်နုတ်၍။ လောကံ = သက်ရှိ, သက်မဲ့ ပြိုပြိုကုန်စင် သင်္ခါရလောကကို။ သုညတော = အလိုသို့ မလိုက်ပါ သင်္ခါရ သက်သက်မျှ သုညတရား - ပါတကား ဟူ၍။ အဝေက္ခဿု = စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ရှုကြည့်လေလော့။ ဧဝံ = ဤသို့ ရှုကြည့်သည်ရှိသော်။ မစ္စုတရော = သေခြင်းတရားကို လွန်မြောက်သည်။ သိယာ = ဖြစ်ရာ၏။ ဧဝံ = ဤသို့ဤပုံ။ လောကံ = သက်ရှိ,သက်မဲ့ ပြိုပြိုကုန်စင် သင်္ခါရလောကကို။ အဝေက္ခန္တံ = စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ရှုကြည့်သောသူကို။ မစ္စုရာဇာ = မစ္စုမည်လျှင်းရှင်သေမင်းသည်။ န ပဿတိ = မမြင်နိုင်—

ဟူသော ဤတရားဒေသနာ အဖြေဂါထာကို ဟောကြားတော်မူလေ၏။

(အတ္တဒိဋ္ဌိ=သက္ကာယဒိဋ္ဌိကို ခွါ၍ သင်္ခါရတရားအစုကို အနတ္တ-ဟူ၍ သည-ဟူ၍ ရှုရမည်၊ ထိုသို့ရှုဖန်များလျှင် သေခြင်းတရားကို လွန်မြောက်၏-ဟု ဆိုလိုသည်။ အရဟတ္တဖိုလ်သို့ရောက်လျှင် သေခြင်းတရားကို လွန်မြောက်သောကြောင့် "သေခြင်းတရားကို လွန်မြောက်၏"ဟု ဟောဆိုသဖြင့် "အရဟတ္တဖိုလ်သို့ ရောက်၏"ဟု ဟောဆိုခြင်းကိစ္စ ပြီးသည်၊ ထို့ကြောင့် ယခု မြတ်စွာဘုရား ဟောကြားအပ်သော တရားဂါထာသည် အရဟတ္တဖိုလ်အထွတ်တပ်သော တရားဂါထာ ဖြစ်လေသည်)။

ဤသို့ အရဟတ္တဖိုလ်အထွတ်တပ်လျက် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားဂါထာ ဒေသနာနိဂုံး ဆုံးသောအခါ မောဃရာဇလုလင်သည်လည်း ရှေးတပည့်ကြီးများနည်းတူ မိမိ၏ အန္တေဝါသိက တပည့်ပေါင်း တထောင်နှင့်တကွ အရဟတ္တဖိုလ်ပေါက် ရောက်၍ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ခံယူရရှိလေ၏။ ထောင်ပေါင်းများစွာ တရားနာပရိသတ်တို့သည်လည်း မဂ်,ဖိုလ် အကျွတ်တရားကို ရရှိကြကုန်၏။

## (ဂ)တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း

ဤ မောဃရာဇရဟန္တာမထေရ်မြတ်သည် ထိုသို့ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရရှိသောအချိန်မှစ၍ (၁) ဝဏ္ဏလူခ = အဝတ်အထည်အမျိုးအစားအားဖြင့် ကြမ်းတမ်းညံ့ဖျင်း၍ (၂) သုတ္တလူခ = သက်နှံးချုပ်သော ချည်အနေအားဖြင့်လည်း ကြမ်းတမ်းခေါင်းပါးညံ့ဖျင်းလျက် (၃) ရဇနလူခ = ဆိုးရည်အနေအားဖြင့်လည်း အပ်စပ်သည်ဟု ဆိုရရုံ ကြမ်းတမ်းခေါင်းပါးညံ့ဖျင်းသည့် ဆိုးရည်ဖြင့် ဆိုးအပ်သည့် သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်တော်မူလေ့ရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် နောက်တချိန်ဝယ် ဇေတဝန်ကျောင်းတိုက်တော်၌ နေတော်မူလျက် မထေရ်မြတ်တို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး=ဌာနန္တရ၌ ထားတော်မူသည်ရှိသော် အရှင်မောဃရာဇမထေရ်မြတ်ကို—

"တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ လူခစီ-ဝရဓရာနံ ယဒိဒံ မောဃရာဇာ=ရဟန်းတို့...သုံးမျိုးသော အခြင်းအရာဖြင့် ခေါင်းပါးညှိုးဖျင်းသောသင်္ကန်းကို ဆင်မြန်းဝတ်ရုံသုံးဆောင်လေ့ရှိကြသည့် ငါဘုရား၏ တပည့်သာဝကရဟန်းတို့တွင် မောဃရာဇရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူး မိန့်မြွက် တော်မူကာ "လူခစီဝရဓရ= ခေါင်းပါးညှိုးဖျင်းသောသင်္ကန်းကို ဆင်မြန်းဝတ်ရုံ သုံးဆောင်သော အရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား အရှင်မောဃရာဇမထေရ်အကြောင်းတည်း။

---

## နောက်ဆက်တွဲ

## ဗာဝရီဆရာကြီးအကြောင်း

ဗာဝရီဆရာကြီး၏ တပည့်ကြီး တကျိပ်ခြောက်ယောက်တို့ အနက် အဇိတလုလင်အစ မောဃရာဇလုလင်တိုင်အောင်သော တပည့်ကြီး တကျိပ်ငါးယောက်တို့ ပြဿနာမေးလျှောက်ကြ၍ မိမိတို့၏ အန္တေဝါသိက=အနီးနေတပည့်ပေါင်း တထောင်စီနှင့် တကွ အရဟတ္တဖိုလ်ပေါက် ရောက်ကြ၍ ဧဟိဘိက္ခုရဟန်း အသီးသီး ဖြစ်ကြပြီးသောအဆုံး၌ ထိုဗာဝရီဆရာကြီး၏တူအရင်း အသက် နှစ်ပေါင်း(၁၂၀)တရာ့နှစ်ဆယ်ရှိပြီဖြစ်သော ပိင်္ဂိယ လုလင်သည် နောက်ဆုံးတကျိပ်ခြောက်ယောက်မြောက် ပုဂ္ဂိုလ်ဖြစ်၍ မြတ်စွာဘုရားရှင်ကို—

ဇိဏ္ဏောဟမသ္မိ အဗလော ဝီတဝဏ္ဏော၊
နေတ္တာ န သုဒ္ဓါ သဝနံ န ဖာသု။
မာဟံ နဿံ မောမုဟော အန္တရာဝ၊
အာစိက္ခ ဓမ္မံ ယမဟံ ဝိဇညံ။
ဇာတိဇရာယ ဣဓ ဝိပ္ပဟာနံ။

ဘန္တေ = သုံးလောက ထွတ်ထား မြတ်စွာဘုရား....။ အဟံ = ပိင်္ဂိယတွင်ခေါ် တပည့်တော်သည်။ ဇိဏ္ဏော = အရွယ်ယိုယွင်း အိုမင်းသူသည်။ အဗလော = ဇရာဖိစီး အားနည်းသူသည်။ ဝီတဝဏ္ဏော=ငယ်ကရုပ်ဆင်း ကင်း ပျောက်ပြီးသူသည်။ အသ္မိ = ဖြစ်ပါ၏။ မေ = တပည့် တော်၏။ နေတ္တာ = မျက်စိတို့သည်။ န သုဒ္ဓါ = မှန်မှန်ရိရိ မကြည်ကြတော့ပါကုန်။ သဝနံ = နားသည်။ န ဖာသု = ထိုင်းမှိုင်းဘိတောင်း ကောင်းကောင်းမကြားရတော့ပါ။ အဟံ = တပည့်တော်သည်။ အန္တရာဝ = အရှင်ဘုရား ဟောမိန့်ကြားသည့် တရားတော်ကို မျက်မှောက်မပြုရမီ အကြားခွင်သာလျှင်။ မောမုဟော = အဝိဇ္ဇာလွှမ်းတွေ တွေဝေသူ ဖြစ်လျက်။ မာ နဿံ = ကိုယ်ခန္ဓာ ပြုန်းတီး မပျက်စီးပါရစေနှင့်ဘုရား။ ဣဓ-ဇဟဓဝံ = ဓမ္မရာဇ်သနင်း ဤအရှင်ဘုရား၏ ခြေတော်ရင်း၌ပင်။ အဟံ = တပည့် တော်သည်။ ဇာတိဇရာယ=ပဋိသန္ဓေနေခြင်း,အိုခြင်းကို။ ဝိပ္ပဟာနံ = ပယ်စွန့်နိုင်ကြောင်းဖြစ်သော။ ယံ ဓမ္မံ = နိဗ္ဗာန်ရောက်ကြောင်း အကြင်တရားကောင်းကို။ ဝိဇညံ = သိနိုင်ရာပါ၏။ တံ ဓမ္မံ = ထိုနိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ အာစိက္ခ = ကရုဏာရှေ့ထား ဟော ကြားတော်မူပါဘုရား—

ဤသို့ တောင်းပန် လျှောက်ထားလေ၏။ ပိင်္ဂိယလုလင်ကား ကိုယ်၌ ငြိကပ် တွယ်တာသူဖြစ်သောကြောင့် ခန္ဓာကိုယ်ရေး ဤမျှ လောက် ဦးစားပေးကာ လျှောက်ထားနေလေသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုပိင်္ဂိယလုလင်၏ ကိုယ်ခန္ဓာ၌ (အထူးသဖြင့် ရုပ်တရား၌) တွယ်တာတပ်စွဲမှုကို ပယ်ဖျောက်ရန်—

ဒိသွာန ရူပေသု ဝိဟညမာနေ၊
ရုပ္ပန္တိ ရူပေသု ဇနာ ပမတ္တာ။
တသ္မာ တုဝံ ပိင်္ဂိယ အပ္ပမတ္တော၊
ဇဟာသ္သု ရူပံ အပုနဗ္ဘဝါယ။

ပိဂိယ=ချစ်သားပိဂိယ....။ ပမတ္တာ=သတိယွင်းပေါ့ မေ့လျော့ကုန်သော။ ဇနာ = သတ္တဝါထိုထို လူမိုက်မိုက်တို့ကို။ ရူပေသု = သင်နှစ်သက်ငြား ရုပ်တရားတို့ကြောင့်။ ရုပ္ပန္တိ = ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ ကျင်နာခံခက် ရုပ်ဆင်းပျက်အောင် နှိပ်စက်အပ်ကုန်၏။ တသ္မာ= ထိုကြောင့်။ တုဝံ=သင်ချစ်သားသည်။ တေ စ = ထိုရုပ်ရှိသောကြောင့် ရောဂါမှောင့်သဖြင့် တကြောင့်ကြကြဆင်းရဲရသည့် များလှဘိတောင်း မေ့လျော့သူ လူအပေါင်းတို့ကိုငှင်း။ ရူပေသု=ရုပ်တရားတို့ကြောင့်။ ဝိဟညမာနေ=သုံးဆယ့်နှစ်ဖြာ ကံကြမ္မာ·အစရှိသည်တို့ဖြင့် မချိအောင် နှိပ်စက်အပ်၍ တလှုပ်လှုပ်ဟိန်းဟဲ ဆင်းရဲကြသူ လူအပေါင်းတို့ကိုငှင်း။ ဒိသွာန = မျက်ဝါးထင်ထင် သင်ချစ်သား တွေ့မြင်ပြီးဖြစ်ရကား၊ (ဝါ) တွေ့မြင်ပြီးဖြစ်သောကြောင့်။ အပ္ပမတ္တော = အပ္ပမာဒတရား လက်ကိုင်ထားလျက်။ အပုနဗ္ဘဝါယ=တဖန် ဘဝသစ် မဖြစ်ရန်အလို့ငှါ။ ရူပံ = ရုပ်တရားကို၊ (ဝါ) ရုပ်၌တွယ်တာသည့် တဏှာလောဘတရားကို။ ဇဟာသု = အနုသယအမြစ်မကျန် တွန်းလှန်ပယ်စွန့်လေလော့—

ဤဂါထာကို ဟောကြားတော်မူလေသည်။ ။(ဤ၌ အရဟတ္တဖိုလ်ရောက်လျှင် တဖန် ဘဝသစ်၌ မဖြစ်သောကြောင့် "အပုနဗ္ဘဝါယ = တဖန် ဘဝသစ်မဖြစ်ရန်အလို့ငှါ"ဟူသော စကားရပ်ဖြင့် ပင် မြတ်စွာဘုရားသည် အရဟတ္တဖိုလ်တိုင်အောင်သော အကျင့်ပဋိပတ်ကို ဟောတော်မူလိုက်လေသည်)။ ဤသို့ မြတ်စွာဘုရားရှင်က အရဟတ္တဖိုလ်တိုင်အောင် ဟောကြားအပ်သည့် ပဋိပတ်ကို ကြားနာရသော်လည်း ပိဂိယလုလင်သည် အိုမင်းအားနွဲ့သူဖြစ်သောကြောင့် မဂ်ဖိုလ်တရားထူးကို မရနိုင်ရှာသေးဘဲ တဖန်ထပ်၍—

ဒိဿာ စတဿော ဝိဒိသာ စတဿော၊
ဥဒ္ဓံ အဓော ဒသ ဒိသာ ဣမာယော။
န တုယှံ အဒိဋ္ဌံ အသုတံ အမုတံ၊
အထော အဝိညာတံ ကိဉ္စနမတ္ထိ လောကေ။
အာစိက္ခ ဓမ္မံ ယမဟံ ဝိဇညံ၊
ဇာတိဇရာယ ဣဓ ဝိပ္ပဟာနံ။

ဘန္တေ = သုံးလောကထွတ်ထား မြတ်စွာဘုရား....။ လောကေ = ယခုနေကြ လူ့လောက၌။ စတဿော ဒိသာ = တူရူခေါ်အပ် အရပ်လေးမျက်နှာတို့ရင်း။ စ- တဿော ဝိဒိသာ=အထောင့်ခေါ်အပ် အရပ်လေးပါးတို့ ရင်း။ ဥဒ္ဓံ = အထက်အရပ်ရင်း။ အဓော=အောက်အရပ် ရင်း။ ဣမာယော ဒသ ဒိသာ=အရပ်မျက်နှာ ဤဆယ်ဖြာ တို့၌။ တုယှံ = အရှင်ဘုရားသည်။ အဒိဋ္ဌံ = မမြင်အပ် သော။ အသုတံ = မကြားအပ်သော။ အမုတံ = နှာ, လျှာ, ကိုယ်တို့ဖြင့် မရောက်အပ်သော။ အထော = ထိုမှ တပါး။ အဝိညာတံ = စိတ်ဖြင့် မသိအပ်သော။ ကိဉ္စနံ = တစုံတခုသော တရားမျှ။ န အတ္ထိ = မရှိကေန် မှန်လှပါ သည်ဘုရား။ (တသ္မာ = ထိုကြောင့်။ တွံ = အရှင်ဘုရား သည်)။ ဣဓ-ဣဓဝေ = ဓမ္မရာဇ်သနင်း ဤအရှင်ဘုရား၏ ခြေရင်း၌ပင်။ ဇာတိဇရာယ = ပဋိသန္ဓေနေခြင်း, အိုခြင်း ကို။ ဝိပ္ပဟာနံ = ပယ်စွန့်ကြောင်းဖြစ်သော။ ယံ ဓမ္မံ = အကြင်နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ အဟံ= တပည့်တော်သည်။ ဝိဇညံ = သိနိုင်ရာပါ၏။ တံ ဓမ္မံ = ထိုနိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ အာစိက္ခ = ကရုဏာရှေ့ထား ဟောကြားတော်မူပါဘုရား—

ဟု မြတ်စွာဘုရားကို ချီးမွမ်းလျက် တရားဟောရန် တောင်းပန် ပြန်လေ၏။ ထိုအခါ ပိင်္ဂိယလုလင်အား မြတ်စွာဘုရားသည် အရဟတ္တဖိုလ် တိုင်အောင်သော အကျင့်ပဋိပတ်ကို ပြတော်မူ လို၍—

တဏှာဓိပန္နေ မနုဇေ ပေက္ခမာနော၊
သန္တာပဇာတေ ဇရသာ ပရေတေ။
တသ္မာ တုဝံ ပိင်္ဂိယ အပ္ပမတ္တော၊
ဇဟဿု တဏှံ အပုနဗ္ဘဝါယ။

ပိင်္ဂိယ = ချစ်သားပိင်္ဂိယ....။ တဏှာဓိပန္နေ = တဏှာ နှိပ်စက် လွှမ်းမိုးဖျက်ဆီးအပ်ကုန်သောကြောင့်။ သန္တာ-ပဇာတေ = ဇာတိစသည်ဖြင့် ပူပန်ခြင်း ဖြစ်ရှိ၍ နေကြကုန်သော။ ဇရသာ = အရွယ်ယိုယွင်း အိုမင်းခြင်းဖြင့်။ ပရေတေ = အတင်း အကြပ် နှိပ်စက်အပ်ကုန်သော။ မနုဇေ = လူအပေါင်းတို့ကို။ ပေက္ခမာနော = မျက်ဝါး ထင်ထင် သင်ချစ်သား တွေ့မြင်ရ၏။ တသ္မာ = ထို့ကြောင့်။ တုဝံ=သင်ချစ်သားသည်။ အပ္ပမတ္တော = ကုသိုလ်တရား ဟူသည်များ၌ မခြားနေ့ည ကြိုးလုံ့လသား အပ္ပမာဒ တရား လက်ကိုင်ထားလျက်။ အပုနဗ္ဘဝါယ = တဖန် ဘဝသစ် မဖြစ်ရန်အလို့ငှါ။ တဏှံ=ကာမ, ဘဝ, ဝိဘဝဟု သုံးဝအပြား တဏှာတရားကို။ ဇဟဿု = အနုသယ အမြစ်မကျန် သမုစ္ဆေဒပဟာန်ဖြင့် တွန်းလှန်ပယ်စွန့် လေလော့—

ဤတရားဂါထာကို ဟောကြားတော်မူ၏။ ဤသို့ အရဟတ္တဖိုလ် အထွတ်တပ်၍ ဟောကြားအပ်သည့် တရားဒေသနာ ဂါထာနိဂုံး ဆုံးသောအခါ အရှင်ပိင်္ဂိယသည် အနာဂါမိဖိုလ်၌ တည်လေ၏= အနာဂါမ်အရိယာ ဖြစ်လေ၏။ ထိုအရှင်ပိင်္ဂိယသည်ကား တရား နာစဉ် အကြားအကြား၌ "ဤသို့စဉ် ဆန်းကြယ်သော ပဋိဘာန် အသိဉာဏ်ပါရှိသည့် တရားဒေသနာကို ငါ့ဦးရီးတော်( = အမေ့ မောင်)ဗာဝရီဆရာကြီးသည် ကြားနာခွင့်ကို မရရှာပါတကား" ဟု စဉ်းစားဆင်ခြင် အကြိမ်ကြိမ်ဝင်၍ နေ၏၊ ထိုသို့ ဦးရီးတော် အပေါ် ချစ်ခင်မှုဖြင့် စိတ်ပျံ့လွင့်နေသောကြောင့် အရဟတ္တဖိုလ် သို့ မရောက်နိုင်ချေ။ သူ၏ တပည့် ရသေ့တထောင်တို့သည်ကား အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏ = ရဟန္တာ ဖြစ်ကြကုန်၏။

ထိုသို့ အနာဂါမ်, ရဟန္တာ အရိယာများ ဖြစ်ကြပြီးနောက် ဆရာ တပည့်အားလုံးပင် ဧဟိဘိက္ခုရဟန်းတို့ချည်း ဖြစ်ကြလေကုန်၏။ ဆင်မြန်းကြရသည့် ဧဟိဘိက္ခုရဟန်းတို့ချည်း ဖြစ်ကြလေကုန်၏။

[ ဂုဏ်ဗာဝရီဆရာကြီး၏ တပည့်ကြီး တကျိပ်ခြောက်ယောက်တို့ မိမိတို့ အလိုရှိရာ မေးလျှောက်ကြ၍ မြတ်စွာဘုရားရှင်က ဖြေကြားအပ်သော အမေး, အဖြေ တရားဒေသနာ တစုတစုကို အဇိတသုတ္တန်-စသည်ဖြင့် တသုတ် တသုတ်ထား၍ သံဂီတိကာရကမထေရ်တို့ သံဂါယနာတင်တော်မူကြလေသည်။ ဝတ္ထုဂါထာနှင့်တကွ ထိုသုတ်ပေါင်း(၁၆) တဆယ့် ခြောက်သုတ်တို့ကို "သံသရာ၏ ထိုမှာဖက်ကမ်းဖြစ်သည့် နိဗ္ဗာန် ထုတ်ချောက် ရောက်စေကြောင်း ဖြစ်သောကြောင့်" "ပါရာယန သုတ္တန်"ဟု ခေါ်၏။ (ပါရ=နိဗ္ဗာန်သို့+အယန=ထုတ်ချောက်ရောက် စေနိုင်သော တရားများ-ဟု ဆိုလိုသည်။)]

ပါရာယနသုတ္တန်ကို မြတ်စွာဘုရား ဟောကြားပြီးဆုံးသော အခါ (၁၆၀၁၆) တသောင်းခြောက်ထောင် တကျိပ်ခြောက် ယောက်သောရသေ့တို့ (ပိင်္ဂိယရသေ့တဦးသာ အနာဂါမိဖိုလ်သို့ ရောက်၍ ကျန်အားလုံးတို့)အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေ သည်။ ထိုမှကြွင်းသည့် နတ်, လူပေါင်း (၁၄၀၀၀၀၀၀၀) တဆယ့်လေးကုဋေတို့သည်လည်း သစ္စာလေးပါး တရားသိမြင် ကျွတ်ဘမ်းဝင်ကြလေသည်။

တရားပွဲကြီး ပြီးဆုံးသောအခါ ထိုထိုအရပ်မှ လာကြသည့် တရားနာသူ လူတို့သည် မြတ်စွာဘုရား၏ အာနုဘော်တော် ကြောင့် မိမိတို့နေရာ ရွာ, နိဂုံးတို့၌ ထင်ရှားဖြစ်ကြ = အလိုလို ရောက်ပြီး ဖြစ်ကြလေသည်။ မြတ်စွာဘုရားသည်လည်း (အရှင် ပိင်္ဂိယမထေရ်ကိုထား၍) ထောင်ပေါင်းများစွာသော ရဟန်းတို့ ခြံရံအပ်လျက် သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူလေ၏။

## အရှင်ပိင်္ဂိယ ဗာဝရီဆရာကြီးအား တဖန်ပြန်၍တရားဟောခြင်း

အရှင်ပိင်္ဂိယသည်ကား မြတ်စွာဘုရားကို ရှိခိုး၍ "မြတ်စွာ ဘုရား...တပည့်တော်သည် ဦးရီးတော်ဗာဝရီအား လောကဥ္

မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေကြောင်း ပြောကြားရန် ဦးရိုးတော်ထံ သွားပါရစေဘုရား၊ မှန်ပါသည်—တပည့်တော်သည် ထိုမာဝရီ ဦးရိုးတော်အား တဖန်ပြန်ခဲ့မည်ဟု ဝန်ခံအပ်ခဲ့ပါသည်ဘုရား"ဟု ခွင့်ပန်စကား လျှောက်ထားပြီးနောက် မြတ်စွာဘုရား၏ ခွင့်ပြုတော်မူချက်အရ ဉာဏ်ဖြင့် သွားခြင်း (=ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် ခဏအတွင်း သွားရောက်ခြင်း)ဖြင့် ဂေါဓာဝရီ ဆိပ်ကမ်းသို့ ကြွရောက်တော်မူပြီးလျှင် ထိုနေရာမှ ခြေလျင်သွားခြင်းဖြင့် မာဝရီဆရာကြီးနေရာ သင်္ခမ်းကျောင်းသို့ ရှေးရှုသွားတော်မူလေ၏။

မာဝရီဆရာကြီးသည် လာမည့်လမ်းကို မျှော်၍ ထိုင်နေစဉ် အရှင်ပိင်္ဂိယ မထေရ်သည်မြတ် ရသေ့ပရိက္ခရာ အသုံးအဆောင်များ မပါရှိပဲ ရဟန်းအသွင်ဖြင့် ကြွလာလတ်သည်ကို အဝေးမှပင် မြင်၍ "လောက၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေပြီ"ဟု ဆုံးဖြတ်ချက် ချမှတ်လေ၏။ သင်္ခမ်းကျောင်းသို့ ရောက်ရှိလာသော အရှင်ပိင်္ဂိယမထေရ်ကို "အသို့နည်း=ဘယ့်နှယ်လဲ ပိင်္ဂိယ.... လောက၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေပြီလား"ဟု မေးလေ၏။ အရှင်ပိင်္ဂိယမထေရ်က "အိမ်း....ဟုတ်ပေသည် ပုဏ္ဏား.... လောက၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေပြီ၊ ပါသာဏက စေတီကျောင်းတိုက်၌ နေတော်မူလျက် ငါတို့အား တရားဟောတော်မူလိုက်ပြီ၊ ထိုတရားကို ငါသည် သင့်အား တဖန်ပြန်၍ ဟောကြားပေအံ့"ဟု မိန့်ဆိုလေလျှင် မာဝရီဆရာကြီးသည် တပည့်ပရိသတ် လုလင်ငါးရာတို့နှင့် အတူတကွ အရှင်ပိင်္ဂိယကို ကြီးစွာသော ပူဇော်ခြင်းဖြင့် ပူဇော်၍ နေရာခင်းပေးလေသည်။ ထိုနေရာ၌ ထိုင်နေတော်မူကာ အရှင်ပိင်္ဂိယမထေရ်သည် မာဝရီဆရာကြီးအား "ပါရာယနာနုဂီတိ" မည်သော တရားဒေသနာ ၁၅-ဂါထာတို့ကို ဟောကြားတော်မူလေသည်။ (ဂါထာပါဠိတို့ကို ခု ၁၊ သုတ္တနိပါတပါဠိ စာမျက်နှာ ၄၄၉-မှစ၍ ကြည့်ရှုလေ့ကျက်ကုန်ရာ၏၊ ဤကျမ်း၌ကား မြန်မာပြန်သက်သက်ကိုသာ နားလည်လွယ်သောစကားတို့ဖြင့် ရေးသား ဖော်ပြပေအံ့)—

(၁) အရှင်ပိင်္ဂိယသည် ဤသို့ ဟောဆို၏—

မြတ်စွာဘုရားဟောကြားအပ်သော ပါရာယနသုတ်ကို အဘုယူ၍ ငါဟောပေအံ့။ ကိလေသာ အညစ်အကြေး ကင်းတော်မူသော, မြေကြီး နှိုင်းဆွယ် ပြန့်ကျယ်သော ပညာရှိတော်မူသော, ကာမမှ ထွက်မြောက်တော်မူပြီး သော, ကိလေသာတော ကင်းတော်မူပြီးသော,ရဟန္တာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် သစ္စာဘိသမ္ဗောဓ ဉာဏ်, အသာဓာရဏဉာဏ်တော်ဖြင့် သိမြင်တော်မူသည့် အတိုင်း တရားကို ဟောကြားတော်မူ၏။ထိုမြတ်စွာဘုရား သည် အဘယ့်ကြောင့် ချွတ်လွဲသောစကားကို ပြောကြား လိမ့်မည်နည်း = မပြောကြားသည်သာတည်း။

(၂) တွေဝေမှု = မောဟတည်းဟူသော အညစ် အကြေးကိုလည်း ပယ်ပြီးသော, ထောင်လွှားမှု = မာန, သူ့ကျေးဇူးကန်းမှု= မက္ခ တရားဆိုးတို့ကိုလည်း ပယ်ပြီး သော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့်စပ်သော တရား စကားကို ယခုအခါ သင့်အား ငါ ဟောကြားပေအံ့။

(၃) ပုဏ္ဏား........ မြတ်စွာဘုရားသည် ကိလေသာ အမိုက်မှောင်ကို ပယ်ဖျောက်ပြီးဖြစ်၏၊ ထက်ဝန်းကျင် မြင်နိုင်သော ဉာဏ်မျက်စိ ရှိတော်မူ၏၊ လောကအဆုံးသို့ ရောက်တော်မူပြီးဖြစ်၏၊ ဘဝ အားလုံးကိုလည်း လွန် မြောက်ပြီး ဖြစ်တော်မူ၏၊ အာသဝတရားကင်းတော်မူ၏၊ ဆင်းရဲအားလုံးကို ပယ်ပြီးသူလည်း ဖြစ်၏၊ ဗုဒ္ဓ-ဟူသော အမည်မှန်လည်း ရှိတော်မူ၏၊ အိုပုဏ္ဏား....ငါသည် ထို မြတ်စွာဘုရားကို ဆည်းကပ်အပ်ခဲ့လေပြီ။

(၄) ပုဏ္ဏား....ငှက်သည် အသီးနည်းသည့် စက်ဆုပ် ဖွယ်တောကို ပယ်စွန့်ကာ အသီးများစွာရှိသော တောကို မှီလျက် နေသကဲ့သို့ ဤအတူ ငါသည် ဉာဏ်အမြင်နည်းသူ တို့ကို ပယ်စွန့်၍ ဟသ်ာသည် ရေများသောအိုင်သို့ သက်

ဆင်းမိသကဲ့သို့ ဉာဏ်ပညာရေ များသည့် ဘုရားရှင်ထံမှောက် သက်ဆင်းဆိုက်ရောက်ခဲ့လေပြီ။

(၅) ပုဏ္ဏား…… ဂေါတမမြတ်စွာ သာသနာတော်မပေါ်ထွန်းသေးမီ ရှေးအခါက အကြင်ဆရာတို့သည် "ဤသို့ဖြစ်ပြီ၊ ဤသို့ဖြစ်လိမ့်မည်"ဟု မိမိတို့၏ အယူဝါဒကို ငါ့အား ပြောဆိုခဲ့ကြပြီ၊ ထိုဆရာတို့ ပြောဆိုအပ်သမျှ အယူဝါဒအလုံးစုံသည် ဤသို့တဲ့၊ ဤလိုတဲ့ဟု တဆင့်စကား ပြောသကြားမျှသာ ဖြစ်၏၊ ထိုဝါဒအလုံးစုံသည် ကာမဝိတက်စသော အကုသိုလ်အကြံ သုံးမျိုးကိုသာ ပွါးစေတတ်၏။

(၆) ပုဏ္ဏား….ဂေါတမနွယ်ဖွား ထို ငါဆည်းကပ်ခဲ့သော မြတ်စွာဘုရားသည် မြိုင်ဖက်မပြု တဆူတည်းဖြစ်တော်မူ၏၊ ကိလေသာအမိုက်မှောင် ကို ဖျက်ဆီးပြီးကာ နေတော်မူ၏၊ ကိုယ်တော်ရောင် တောက်ပသည့်ပြင် ဝေနေယျတို့အတွက်တာ ပညာအရောင်ကိုလည်း ပြုတော်မူ၏၊ ဂေါတမနွယ်ဖွား ငါ့ဆရာ မြတ်စွာဘုရားသည် ပညာတံခွန်ရှိတော်မူ၏၊ မြေကြီးနှိုင်းဆွယ် ကျယ်ပြန့်သော ပညာရှိတော်မူ၏။

(၇) ပုဏ္ဏား……ယင်း ငါ့ဆရာ မြတ်စွာဘုရားသည် ငါ့အား ကိုယ်တိုင်လည်း သိမြင်အပ်, အခါမလင့် အကျိုးလည်းပေးတတ်, တပ်မက်မှု=တဏှာ၏ ကုန်ရာလည်းဖြစ်, ဘေးရန်လည်းမရှိသည့် တရားကို ဟောတော်မူ၏၊ ယင်း ငါ့ဆရာ မြတ်စွာဘုရားမှာ တစုံတရာ နှိုင်းယှဉ်ဖွယ်ရာ ဥပမာ မရှိချေ။

(၈-၉) (ထိုအခါ မာဝရီဆရာကြီးက အရှင်ပိင်္ဂိယကို ဤသို့ ပြောဆိုမေးမြန်းပြန်လေသည်)—ပိင်္ဂိယ…ယင်း သင့်ဆရာ မြတ်စွာဘုရားသည် သင့်အား ကိုယ်တိုင်လည်း သိမြင်အပ်, အခါမလင့် အကျိုးလည်းပေးတတ်, တပ်မက်

မှု=တဏှာ၏ ကုန်ရာလည်းဖြစ်, ကိလေသာ ဘေးရန်လည်းမရှိသည့် တရားကို ဟောတော်မူ၏-ဆိုလျှင် ယင်းသင့်ဆရာ မြတ်စွာဘုရားမှာ တစုံတရာ နှိုင်းယှဉ်ဖွယ်ရာ ဥပမာ မရှိဘူးပ—ဆိုလျှင် ပညာတံခွန်လည်း ရှိတော်မူ, မြေကြီးနှိုင်းဆွယ် ကျယ်ပြန့်သော ပညာလည်း ရှိတော်မူသော ထိုသင့်ဆရာ မြတ်စွာဘုရားမှ သင်သည် တမုဟုတ်မျှပင် ကင်း၍ အဘယ့်ကြောင့် နေဘိသနည်း။ (သင်ချီးမွမ်းအပ်သည့်အတိုင်း သင့်ဆရာ မြတ်စွာဘုရားသည် ကျေးဇူးဂုဏ်နှင့် ပြည့်စုံသူဖြစ်ပါလျှင် ထိုသို့သော ဆရာမျိုးနှင့် တမုဟုတ်မျှပင် ကင်းကွာ၍ မနေသင့်၊ ယခုမူ သင် အဘယ့်ကြောင့် ကင်းကွာ၍ နေဘိသနည်း-ဟု မိမိ၏ တူရင်းအပေါ်၌ အပြစ်တင်၍ ပြောဆိုခြင်းဖြစ်သည်)။

(၁၀-၁၁) (ထိုအခါ အရှင်ပိင်္ဂိယသည် မိမိမှာ စိတ်အားဖြင့် ဘုရားရှင်နှင့် ကင်းကွာ၍ မနေကြောင်းကို ဖော်ပြလျက် ဗာဝရီဆရာကြီးကို ဤဆိုလတ္တံ့သောအတိုင်း ပြန်လည် ဖြေကြားတော်မူလေသည်)—ပုဏ္ဏား......ယင်း ငါ့ဆရာ မြတ်စွာဘုရားသည် ငါ့အား ကိုယ်တိုင်လည်း သိမြင်အပ်, အခါမလင့် အကျိုးလည်းပေးတတ်, တပ်မက်မှု= တဏှာ၏ ကုန်ရာလည်းဖြစ်, ကိလေသာ ဘေးရန်လည်းမရှိသည့် တရားကို ဟောတော်မူ၏၊ ယင်း ငါ့ဆရာ မြတ်စွာဘုရားမှာ တစုံတရာ နှိုင်းယှဉ်ဖွယ်ရာ ဥပမာလည်း မရှိချေ။ ပညာတံခွန်လည်း ရှိတော်မူ, မြေကြီးနှိုင်းဆွယ် ကျယ်ပြန့်သောပညာလည်း ရှိတော်မူသော ထို ငါ့ဆရာ မြတ်စွာဘုရားမှ ငါသည် တမုဟုတ်မျှပင် ကင်းကွာ၍ မနေပါ။ (အရှင်ပိင်္ဂိယ၏ စကားမကုန်သေး)—

(၁၂) ပုဏ္ဏား....ထိုငါ့ဆရာ မြတ်စွာဘုရားကို ပကတိ မံသမျက်စိဖြင့် မြင်နေရသကဲ့သို့ မမေ့မလျော့မူ၍ နေ့ရော ညဉ့်ပါ စိတ်ဖြင့် ငါမြင်၍ နေပါ၏၊ ငါသည် ထိုငါ့ဆရာ မြတ်စွာဘုရားကို ရှိခိုးလျက်သာ ညဉ့်အချိန်ကို ကုန်လွန်

စေပါ၏၊ ထို့ကြောင့်ပင် တမုဟုတ်မျှ ကင်း၍မနေဟု ငါ မှတ်ယူသိမြင်ပေ၏။

(၁၃) ပုဏ္ဏား…. ငါ၏ ယုံကြည်မှု=သဒ္ဓါတရား, နှစ်သက်မှု=ပီတိတရား, သိမှု=စိတ်တရား, အောက်မေ့မှု=သတိတရား = ဤတရားများသည် ငါ၏ဆရာ ဂေါတမမြတ်စွာ အဆုံးအမ = သာသနာမှ ကင်း၍ မသွားကြကုန်။ မြေကြီး နိုင်းဆွယ် ကျယ်ပြန့်သောပညာရှိသည့် ငါ့ဆရာ မြတ်စွာဘုရား ကြွသွားရာရာအရပ်သို့သာလျှင် ငါသည် (စိတ်ဖြင့်) အမြဲတစေ ညွတ်ကိုင်းနေသူ ဖြစ်ပေ၏။

(၁၄) ပုဏ္ဏား….အိုမင်း၍ အား, အစွမ်း နည်းနေသောကြောင့်သာ ငါ၏ကိုယ်သည် ထို ငါ့ဆရာ မြတ်စွာဘုရားရှိရာသို့ မသွားရောက်နိုင်ပါ၊ ငါသည် စိတ်အကြံ ဟူသော သွားခြင်းဖြင့်သာ ထို ငါ့ဆရာ မြတ်စွာဘုရားရှိရာသို့ အမြဲသွားရောက်နေပါ၏၊ မှန်၏-ငါ၏ စိတ်သည် ထို ငါ့ဆရာ မြတ်စွာဘုရား ရှိရာ အရပ်နှင့် အမြဲတစေ စပ်ယှဉ်၍ နေပေ၏။

(၁၅) ပုဏ္ဏား….ငါသည် ကာမညွန်ထဲ လျောင်းလဲလျက် အမြဲဘုန်လှုပ်ကာ ဆရာတဦးတည်းဟူသော=ကျွန်းတခုမှ အခြား ဆရာတဦးတည်းဟူသော = ကျွန်းတခုသို့ ပြောင်းလဲဆည်းကပ်ကာ မျောပါခဲ့ရလေပြီ။ အိုပုဏ္ဏား…. ထိုသို့ ပြောင်းလဲကာ မိစ္ဆာအယူရေကြော မျောပါ၍ နေရာမှ ယခုအခါ ငါသည် ပါသာဏကစေတီကျောင်း တိုက်၌ သံသရာအယဉ်=ဩဃကိုလည်း လွန်မြောက်တော်မူပြီးသော,အာသဝတရားလည်း ကင်းတော်မူသော ငါ့ဆရာ မြတ်စွာဘုရားကို ဖူးတွေ့ရလေပြီ။

(ဤ မာဝရီဆရာကြီး တူ, ဝရီးတို့ အပြန်အလှန် ပြောဆိုကြရာ၌ အရှင်ပိင်္ဂိယမထေရ်ကလည်း မိမိမှာ အရိယာရဟန်းတော်တပါး ဖြစ်သဖြင့် ရဟန်းပီသစွာ "ဗြာဟ္မဏ=ပုဏ္ဏား…." ဟူ၍သာ ဦးရီးတော်ကို

ခေါ်ဆိုလေသည်။ ဗာဝရီဆရာကြီးကလည်း မိမိဟူ အရင်းဖြစ်၍ ရှေးကခေါ်မြဲတိုင်းပင် "ပိင်္ဂိယ...."ဟူ၍ ခေါ်ဆို ပြောနေလေသည်။ ရှိုင်းပြသည်ဟု မမှတ်ယူသာ)။

## မြတ်စွာဘုရား ရောင်ခြည်တော်လွှတ်၍ တရားဟောခြင်း

ဤ ဖော်ပြရာပါ ၁၅-ခုမြောက် ဂါထာအဆုံး၌ အရှင်ပိင်္ဂိယ မထေရ်(နှင့်)ဦးရီးတော်ဗာဝရီဆရာကြီးတို့၏ ဣန္ဒြေများ(=သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ = ဤတရား ၅-ပါးတို့) ရင့်ကျက်နေပြီကို သိတော်မူ၍ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်တော်၌ နေတော်မူရင်းကပင် ရွှေရောင်အဆင်း ဝါဝင်းထိန်ပြေသော ပီတရောင်ခြည်တော်ကို (ရုပ်ရှင်ပွဲ, ဇာတ်ပွဲတို့၌ လျှပ်စစ်မီးမောင်းကြီး ထိုးပြလိုက်သကဲ့သို့) လွှတ်တော်မူလိုက်လေ၏။ အရှင်ပိင်္ဂိယမထေရ်သည် ဦးရီးတော်ဗာဝရီဆရာကြီးအား မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းနေရင်းကပင် ထိုရောင်ခြည်တော်ကို ဖူးမြင်ရ၍ "ဤအရာကား အဘယ်နည်း= ဒိဟာ ဘာပါလိမ့်" ဟု ဂရုတစိုက် ကြည့်ရှုလေလျှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို မိမိ၏ရှေ့၌ မားမားမတ်မတ် ရပ်တည်တော်မူနေသကဲ့သို့ ဖူးမြင်ရ၍ ဗာဝရီ ဆရာကြီးအား "ဟော မြတ်စွာဘုရား ကြွလာတော်မူပြီ" ဟု အံ့အားသင့်စွာ ပြောကြားလေ၏။

ထိုအခါ ဗာဝရီဆရာကြီးသည်လည်း နေရာမှထကာ လက်အုပ်မြှောက်ချီ ရပ်တည်၍ နေလေ၏။ မြတ်စွာဘုရားသည်လည်း ရောင်ခြည်တော်ကို တိုးတက်ကာ ဖြန့်၍ ဗာဝရီဆရာကြီးအား ကိုယ်တော်ထင်ထင် ပြတော်မူလျက် တူ,ဝရီး နှစ်ဦးလုံးအားပင် သပ္ပါယဖြစ်မည်ကို သိမြင်တော်မူကာ အရှင်ပိင်္ဂိယမထေရ်ကိုပင် အာလုပ်ထား ခေါ်တော်မူ၍—

ယထာ အဟူ ဝက္ကလိ မုတ္တသဒ္ဓေါ၊
ဘဒြာဝုဓော အာဠဝိ ဂေါတမော စ။
ဧဝမေဝ တွမ္ပိ ပမုဉ္စဿု သဒ္ဓံ၊
ဂမိဿသိ တွံ ပိင်္ဂိယ မစ္စုဓေယျဿ ပါရံ။

ပိင်္ဂိယ = ချစ်သားပိင်္ဂိယ....။ ဝက္ကလိ = ဝက္ကလိရဟန်းသည်၎င်း။ ဘဒြာဝုဓော = မာဝရီ၏ တပည့်ကြီးများ တဆယ့်ခြောက်ပါးတွင်အဝင်အပါဘဒြာဝုဓ ရဟန်းသည်၎င်း။ အာဠဝိဂေါတမော စ = အာဠဝိပြည်သား ဂေါ-တမ ရဟန်းသည်၎င်း။ မုတ္တသဒ္ဓေါ = ယုံကြည်မှု = သဒ္ဓါတရားကို စေလွှတ်လျက်။ မစ္စုဓေယျဿ ပါရံ = သေမင်းတည်ရာ သံသရာ၏ တဖက်ကမ်း နိဗ္ဗာန်နန်းသို့။ ဂမိဿတိ ယထာ = အရဟတ္တဖိုလ်ပေါက် ရောက်သကဲ့သို့။ ဧဝံ-မေဝ = ဤအတူပင်လျှင်။ တွမ္ပိ = သင်ချစ်သားသည်လည်း။ သဒ္ဓံ = ယုံကြည်မှု = သဒ္ဓါတရားကို။ ပမုဉ္စဿု = နိဗ္ဗာန်သို့ ညွှတ် စေလွှတ်လေလော့။ ဧဝံ = ဤသို့ စေလွှတ်သည်ရှိသော်။ ပိယဿံ အာရတိတ္တာ = ပိယဿနာတရား အားထုတ်၍။ တွံ = သင်ချစ်သားသည်။ မစ္စုဓေ-ယျဿ = သေမင်းတည်ရာ သံသရာ၏။ ပါရံ = ဟိုမှာဖက်ကမ်း နိဗ္ဗာန်နန်းသို့။ ဂမိဿသိ=ပဋိဘာန် အရဟတ္တဖိုလ်ပေါက် ရောက်ရလိမ့်သတည်း—

ဤတရားဒေသနာ ဂါထာကို ဟောတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးသောအခါ အရှင်ပိင်္ဂိယမထေရ်သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ မာဝရီဆရာကြီးသည် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်လေ၏။ မာဝရီဆရာကြီး၏ တပည့်လုလင်ငါးရာတို့သည်ကား သောတာပန်အရိယာတို့ ဖြစ်ကြလေကုန်၏။

ယခုအခါ အရှင်ပိင်္ဂိယသည် မိမိ၏ သဒ္ဓါကြည်ညိုမှုကို အထင်အရှား ပြောကြားထုတ်ဖော်လိုသောကြောင့် ဤဆိုလတ္တံ့သော သုံးဂါထာတို့ကို ရွတ်ဆိုလေ၏—

ဧသ ဘိယျော ပသီဒါမိ၊
သုတွာန မုနိနော ဝစော။
ဝိဝဋ္ဋစ္ဆဒေါ သမ္ဗုဒ္ဓေါ၊
အခိလော ပဋိဘာနဝါ။ (၁)

အဓိဒေဝေ အဘိညာယ၊
သဗ္ဗံ ဝေဒိ ဝရောဝရံ။
ပဉှာနန္တကရော သတ္ထာ၊
ကင်္ခီနံ ပဋိဇာနတံ။ (၂)

ဘဂ္ဂေ = မြတ်စွာဘုရား....။ သော = ထိုသော အဟံ = ဝိဂိယတွင်ခေါ် ထိုတပည့်တော်သည်။ မုနိနော = မဟာမုနိ အတုမရှိသော မြတ်စွာဘုရား၏။ ဝစော = မိန့်ဖော်ဟောကြား တရားစကားကို။ သုတွာန = သဒ္ဓါနားဖြင့် နာကြားရသောကြောင့်။ ဘိယျောပသီဒါမိ=ဆဆထပ်ပိုးတိုး၍ကြည်လင် သဒ္ဓါသက်ဝင်လှပါ၏။ ဝိဝဋ္ဋစ္ဆဒေါ = သုံးဝါးဝဋ်မျိုး သံသရာ့အမိုးကို ဖျက်ချိုးဖွင့်လှစ်တော်မူပြီးသော။ အခိလော = ကိလေသာငြောင့်တံသင်း ကင်းတော်မူပြီးထသော။ ပဋိဘာနဝါ = ပဋိဘာနပဋိသမ္ဘိဒါ ပညာဉာဏ်လည်း ရှိတော်မူပေထသော။

ပဉှာနံ = အမေးပုစ္ဆာ ပြဿနာခပင်းတို့၏။ အန္တကရော = အဆုံးကို ပြုတော်မူတတ်သော။ ကင်္ခီနံ = ဝိစိကိစ္ဆာ ငြောင့်တံသင်း ယုံမှားခြင်း ရှိကြပါကုန်လျက်။ ပဋိဇာနတံ=ယုံမှားကင်းသူ ဆရာတဆူဟု အယူဖောက်ပြန် ဝန်ခံကြသူတို့၏။ သတ္ထာ = ဆရာတဆူ ဖြစ်တော်မူသော။ သမ္ဗုဒ္ဓေါ = လောကထွတ်ထား မြတ်စွာဘုရားသည်။ အဓိဒေဝေ = သမ္မုတိနတ် ဥပပတ္တိနတ်တို့ထက် ဥက္ကဋ်ကဲချွန် သာလွန်မြင့်မြတ် ဝိသုဒ္ဓိနတ်ဖြစ်သော အရိယာတို့ကို။ အဘိညာယ = ထူးသောဉာဏ်ဖြင့် သိတော်မူ၍။ သဗ္ဗံ ဝရောဝရံ = ဝိသုဒ္ဓိနတ်-အဖြစ်ကို ပြုတတ်သည့် အမြတ်, အယုတ်အား = နှစ်တွေပြားသည့် တရားဥသုံ အလုံးစုံကို။ ဝေဒိ=ပိုင်းခြားချွတ်တွင် သိမြင်တော်မူလေပြီ။

အသံဟီရံ အသံကုပ္ပံ၊
ယဿ နတ္ထိ ဥပမာ ကွစိ။
အဒ္ဒါ ဂမိဿာမိ န မေတ္တ ကင်္ခါ၊
ဓေံ မံ ဓာရေဟိ အဓိမုတ္တစိတ္တံ။

မုနိ = ခပ်သိမ်းသောတရားကို ပိုင်းခြားသိမြင်တော်မူသော မြတ်စွာဘုရား....။ အဟံ=ပိင်္ဂိယတွင်ခေါ် တပည့်တော်သည်။ ယဿ = အကြင်နိဗ္ဗာန်တရား၏။ ကွစိ = တစုံတခုသော။ ဥပမာ = နှိုင်းယှဉ်ဖွယ်ရာ ဥပမာသည်။ နတ္ထိ = မရှိ။ အသံဟီရံ = ရွှေ့ရှားတုန်လှုပ်ခြင်း အလျှင်းမရှိသော။ အသံကုပ္ပံ = ဖောက်ပြန်ပျက်စီးခြင်း အလျှင်းမရှိသော။ တံ = ထိုအနုပါဒိသေသ နိဗ္ဗာနဓာတ်သို့။အဒ္ဒါ ဂမိဿာမိ = မချွတ်ဧကန် အမှန်ပင် ရောက်ရပါအံ့။ဧတ္တ = ဤအနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ မချွတ်ဆိုက်ရောက်မှု၌။ မေ = ပိင်္ဂိယတွင်ခေါ် တပည့်တော်၏ (အဖို့ရာ)။ ကင်္ခါ = သို့လောသို့လော တွေးတောဝိုးဝါး ယုံမှားခြင်းသည်။ န အတ္ထိ = တစိုးတစိ မရှိပါဘုရား။ မံ = ပိင်္ဂိယတွင်ခေါ် တပည့်တော်ကို။ ဓေံ = ဤသို့ "ဝေမေဝ တွမ္ပိ ပမုဉ္စဿု သဒ္ဓံ" ဟု ရှင်ပင်ဘုရား မိန့်ကြားတော်မူသည့်အတိုင်း။ အဓိမုတ္တစိတ္တံ=သဒ္ဓါတရား အဦးထား၍ သုံးပါးယာဉ်သာ လက္ခဏာဖြင့် ခေမာသိဝ နိဗ္ဗာနကို အရဟတ္တဖိုလ်ထိ စိတ်ညွတ်ခြင်းရှိသူဟူ၍။ ဓာရေဟိ = စိတ်တော်စွဲယူ သိမှတ်တော်မူပါဘုရား....။

ဤကား နောက်ဆက်တွဲ မာဝရီဆရာကြီး အကြောင်းတည်း။

ဤတွင် (ထေရာပဒါန်) အခဏ်း-၄၃ ပြီး၏။

## ဤတွင် မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ (ပဌမပိုင်း) ပြီး၏။

# မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ(ပဌမပိုင်း)

## မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [အ] | |
| အကဲ့ရဲ့ခံရ၍ အချီးမွမ်းခံရရန် ဖြူခြင်း | ၃၇၁ |
| အကျဉ်းကို အကျယ်ဟောရာ၌ တေဒင်ထားခြင်း | ၂၂၂ |
| အကျယ်ဟောရာ၌ အရှင် ကစ္စည်း တေဒင်ရခြင်း | ၂၂၂ |
| အချိုးကြီးမြတ်အောင် အလှူခံပုံ ၂-မျိုးမှတ်ဖွယ် | ၂၅၂ |
| အကြွားကာလ ကောင်းမှုများ | ၄၄၅ |
| အဂ္ဂဒါန=အဦးဒါနလှူဒါန်းပုံ | ၂၀ |
| အဂ္ဂသာဝက မထေရ် ၂-ပါး အကြောင်း | ၄၄ |
| အဂ္ဂသာဝက မထေရ် ၂-ပါး တို့၏ ရှေးဆုတောင်း | ၄၄ |
| အဂ္ဂသာဝကများ နောက်ဆုံး ဘဝ ရဟန်းပြုကြခြင်း | ၅၆ |
| အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါ သို့ အပ်ခြင်း | ၄၀၃ |
| အဆိပ်ပွင့် အနံ့ကြောင့် ဦးခေါင်းနာဖြစ်ခြင်း | ၅၀၄ |
| အဇာတသတ်မင်း သံဃါယနာ မကျွပ်ဆောက်ခြင်း | ၄၇၁ |
| အဇိတလုလင် စိတ်ဖြင့် မေးသော အချက်များ | ၆၂၅ |
| အဇိတလုလင် စိတ်ဖြင့် မေးသော ဂါထာ | ၆၂၄ |
| အဇ္ဈေကာဝတ္ထု-ဥပါလိအဆုံး အဖြတ် | ၅၂၄ |
| အညာသိကောဏ္ဍည အမည် တွင်ခြင်း | ၂၇ |
| အဋ္ဌကဝဂ် ၁၆-သုတ်တို့ကို သောဏ ရွတ်ဆိုခြင်း | ၂၉၆ |
| အဋ္ဌဋ္ဌက=၆၄-ဒါနသွမ်းလှူ ခြင်း | ၁၁၀ |
| အတုရိတ ဒေသစာရီဖြင့် ကပိလဝတ်သို့ ကြွခြင်း | ၄၉၉ |
| အတိုင်းအရှည်ကို ပြောမိ၍ အရပ်ပုရခြင်း | ၁၀၅ |
| အဓမ္မမထွန်းကားမီ သံဃါယနာ တင်ရန် မိန့်ကြားခြင်း | ၄၆၁ |
| အဓိဂမအပ္ပိစ္ဆပုဂ္ဂိုလ် | ၁၆၅ |
| အဓိဋ္ဌာန်၏ အခြေပါဒနှင့် အဘိညာဏ်၏ အခြေပါဒ | ၃၀၀ |
| အနုဝန်တော၌ ပြဟ္မာကြီး၏ ပြဿနာ ၁၅-ချက် | ၅၂၀ |
| အနုဘာရဘာဝ | ၁၅၁ |
| အနာကင်းသောအရာ တေဒင် ဆုတောင်းခြင်း | ၅၀၃ |
| အနာထပိဏ်၏ညီ နောက်ဆုံး ဘဝ ရဟန်းပြုခြင်း | ၂၄၀ |
| အနုဇာနာတု၏ အဓိပ္ပါယ် ရှင်းချက် | ၆၆ |

| အကွရာစဉ် | စာမျက်နှာ |
|---|---|
| [အ] | |
| အနုပါဒါပရိနိဗ္ဗာန်ကို ဟောတော်မူပုံ ရှင်းချက် | ၄၁၁ |
| အနုရုဒ္ဓါ၏ ဥဒါန်း ၃-ဂါထာ ပါဠိအနက် | ၁၇၀ |
| အနုရုဒ္ဓါ ဒိဗ္ဗစက္ခုကြောင့် မာနစသည် ဖြစ်ရပုံ | ၁၆၂ |
| အနုရုဒ္ဓါ နတ်လှူ ပံ့သုကူသင်္ကန်း ရခြင်း | ၁၇၃ |
| အနုရုဒ္ဓါ နောက်ဆုံးဘဝ ရဟန်းပြုခြင်းအကြောင်း | ၁၆၀ |
| အနောဇာမိဖုရားကြီး အမတ် ကတော်တို့နှင့် တောထွက် ခြင်း | ၅၆၂ |
| အနောမဒဿီဘုရား သရဒ ရသေ့ထံ ကြွခြင်း | ၄၆ |
| အပ္ပိစ္ဆပုဂ္ဂိုလ်လေးမျိုး | ၁၆၄ |
| အပြစ် အထော်ပြ၍ မပေးလိုမှု မစ္ဆရိယဖြစ်ခြင်း | ၁၀၇ |
| အပြစ်မရှိသူ အပြစ်တင်ခံရလျှင် နာကျည်းတတ်ခြင်း | ၃၄၉ |
| အဖွားအိုထက် အသက်ရှည်ရန် ဆုပေး၍ သံဝေဂရခြင်း | ၂၅၅ |
| အဘိညာဏ်ဖြင့် ခန္ဓာကိုယ်ကို ခိုင်အောင်ပြုခြင်း | ၉၆ |
| အဘိဏှရာဟုလောဝါဒသုတ် တရားသား လင်္ကာ | ၃၄၁ |
| အဘိဓမ္မာကို သံဂါယနာတင် ခြင်းနှင့် မြေလှုပ်ခြင်း | ၄၇၄ |
| အမတ်တို့ သွားရောက် စုံစမ်း ကြခြင်း | ၆၀၉ |
| အမျိုးမြတ်တေဒဂ်, အရှင် ဘဒ္ဒိယရခြင်း | ၁၀၀ |
| [အံ] | |
| အမျိုးမြတ်၌ ဖြစ်စေသော ကောင်းမှုများ | ၁၇၉ |
| အမျှဝေ၍ ကုသိုလ်ပွါးပုံ ဟောခြင်း | ၁၅၆ |
| အရဏဝိဘင်္ဂသုတ်လာ တရား ၆-ပါး မှတ်ဖွယ် | ၂၅၁ |
| အရဏဝိဟာရီတေဒဂ် အရှင် သုဘူတိ ရခြင်း | ၂၅၀ |
| အရဏဝိဟာရီ တေဒဂ်ရခြင်းနှင့် စပ်၍ မှတ်ဖွယ် | ၂၅၀ |
| အရဏဝိဟာရီနှင့် ဒက္ခိဏေယျ တေဒဂ်တွဲ ရခြင်း | ၂၅၀ |
| အရဟတ္တဖိုလ်အထွတ်တပ်ဂါထာ ဖြစ်ကြောင်း ရှင်းချက် | ၆၃၆ |
| အရဟတ္တမဂ်ဖြင့် ပိဋကတ်သုံးပုံ တတ်ခြင်း | ၂၃၅ |
| အရဟတ္တဖိုလ်ကို ဟောတော်မူပုံ ရှင်းချက် | ၄၁၁ |
| အရိယဝံသကို အလွယ်နှင့် ရကြောင်း တရားများ | ၁၆၉ |
| အရိယဝံသပဋိပဒါလေးပါး | ၁၆၉ |
| အရိယသံဃာတိုက်ခန်းကြီး တိုး၍လိုခြင်း | ၃၇၀ |
| အရှုပါဝစရဈာန်၌ လိမ္မာသော တေဒဂ် မဟာပန္ထကထေရ် ရခြင်း | ၂၄၄ |
| အရပ်အထိုင်ကြောင့် မလခာတ် အားကြီးရခြင်း | ၄၆၀ |
| အရှင်အနုရုဒ္ဓါအလောင်း ဗျာဒိတ်ခံရခြင်း | ၁၄၉ |
| အရှင်အနုရုဒ္ဓါ တေဒဂ်တွဲထူး ရတော်မူခြင်း | ၁၇၂ |

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အရှင်အနုရုဒ္ဓါမထေရ် အကြောင်း ၁၄၈
အရှင်အနုရုဒ္ဓါမထေရ်၏ ရှေးဆုတောင်း ၁၄၈
အရှင်အနုရုဒ္ဓါ မဟာပုရိသ ဝိတက်ဖြစ်ခြင်း ၁၆၃
အရှင်အနုရုဒ္ဓါ ရဟန္တာဖြစ်ခြင်း အကြောင်း ၁၆၁
အရှင်အနုရုဒ္ဓါ ရဟန္တာဖြစ်၍ ဥဒါန်းကျူးခြင်း ၁၇၀
အရှင်အာနန္ဒာအတွက် အားပေးစကားများ ၄၇၃
အရှင်အာနန္ဒာအလောင်း ဗျာဒိတ်ခံရခြင်း ၄၄၄
အရှင်အာနန္ဒာ ဣရိယာပုထ်မှ လွတ်၍ ရဟန္တာဖြစ်ခြင်း ၄၇၃
အရှင်အာနန္ဒာ ဧတဒဂ် ၅-တန် ရတော်မူခြင်း ၄၅၆
အရှင်အာနန္ဒာ၏ သက်တော် (၁၂၀) ၄၈၅
အရှင်အာနန္ဒာကို သံဂီတိ- ကာရက ရွေးခြင်း ၄၆၃
အရှင်အာနန္ဒာ ဆုရှစ်တန် ခံယူခြင်း ၄၅၁
အရှင်အာနန္ဒာနှင့် စပ်သော သံဝေဂဂါထာ ၄၈၇
အရှင်အာနန္ဒာ ပရိနိဗ္ဗာန် စံတော်မူခြင်း ၄၈၅
အရှင်အာနန္ဒာ မထေရ်မြတ် အကြောင်း ၄၃၅
အရှင်အာနန္ဒာ ရဟန္တာ ဖြစ်တော်မူခြင်း ၄၅၈

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အရှင်အာနန္ဒာ ရဟန္တာဖြစ်ပုံ အခြင်းအရာ ၄၇၄
အရှင်အာနန္ဒာ သောတာပန် တည်ခြင်း ၄၄၆
အရှင်အာနန္ဒာ သောတာပန် ဖြစ်သောတရား ၄၄၃
အရှင်ဥပသေန ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ၃၇၃
အရှင်ဥပသေန၏ မြွေဆိပ် တက်ခြင်းနှင့်စပ်၍ မှတ်ဖွယ် ၃၇၄
အရှင်ဥပသေန ပရိနိဗ္ဗာန်စံခြင်း အကြောင်း ၃၇၄
အရှင်ဥပသေန ဝင်္ဂန္တပုတ္တ မထေရ်အကြောင်း ၃၆၉
အရှင်ဥပါလိအလောင်းဗျာဒိတ် ခံရခြင်း ၅၂၂
အရှင်ဥပါလိ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ၅၂၃
အရှင်ဥပါလိမထေရ်အကြောင်း ၅၂၂
အရှင်ဥရုဝေလကဿပအလောင်း ဗျာဒိတ်ခံရခြင်း ၄၈၉
အရှင်ဥရုဝေလကဿပ ဧတဒဂ်ဘွဲ့ ရတော်မူခြင်း ၄၆၃
အရှင်ဥရုဝေလကဿပမထေရ် အကြောင်း ၄၈၈
အရှင်ကခါရေဝတအလောင်း ဗျာဒိတ်ခံရခြင်း ၂၆၉
အရှင်ကခါရေဝတမထေရ် အကြောင်း
အရှင်ကုစ္စည်းအလောင်း ၂၆၈
ဗျာဒိတ်ခံရခြင်း ၂၁၄

| အကွရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အရှင်ကစ္စည်း တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၂၂၂ |
| အရှင်ကစ္စည်း မထေရ် အကြောင်း | ၂၁၃ |
| အရှင်ကာဠုဒါယီအလောင်း, ဗျာဒိတ်ခံရခြင်း | ၄၉၅ |
| အရှင်ကာဠုဒါယီ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၅၀၀ |
| အရှင်ကာဠုဒါယီမထေရ် အကြောင်း | ၄၉၅ |
| အရှင်ကုဏ္ဍဓာနအလောင်း ဗျာဒိတ်ခံရခြင်း | ၃၄၇ |
| အရှင်ကုဏ္ဍဓာန တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၃၅၇ |
| အရှင်ကုဏ္ဍဓာနမထေရ် အကြောင်း | ၃၄၆ |
| အရှင်ကုမာရကဿပအလောင်း ဗျာဒိတ်ခံရခြင်း | ၄၁၇ |
| အရှင်ကုမာရကဿပ တေဒဂ် ဘွဲ့ထူး ရတော်မူခြင်း | ၄၃၂ |
| အရှင်ကုမာရကဿပမထေရ် အကြောင်း | ၄၁၇ |
| အရှင်ကုမာရကဿပ ရဟန္တာ ဖြစ်ခြင်း | ၄၃၂ |
| အရှင်ကောဋ္ဌိတအလောင်း ဗျာဒိတ်ခံရခြင်း | ၄၃၄ |
| အရှင်ကောဋ္ဌိတ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၄၃၄ |
| အရှင်ကောဋ္ဌိတမထေရ် အကြောင်း | ၄၃၃ |
| အရှင်ကောဏ္ဍည အရပ်တပါး၌ နေလိုသောအကြောင်း၂-ပါး | ၃၀ |
| [ အ ] | |
| အရှင်ကောဏ္ဍညအလောင်း ဗျာဒိတ်ခံရခြင်း | ၆ |
| အရှင်ကောဏ္ဍည၏ ဂုဏ်ပြ ဂါထာများ | ၃၀ |
| အရှင်ကောဏ္ဍည၏ ခတ်တော် ဌာပနာရာအရပ် | ၃၃ |
| အရှင်ကောဏ္ဍည ပရိနိဗ္ဗာန်စံရာ၌ သစ်ပင်များ သီးပွင့်ခြင်း | ၃၁ |
| အရှင်ကောဏ္ဍညမထေရ် အကြောင်း | ၂ |
| အရှင်ခဒိရဝနိယရေဝတ အလောင်း ဗျာဒိတ်ခံရခြင်း | ၂၅၄ |
| အရှင်ခဒိရဝနိယရေဝတမထေရ် အကြောင်း | ၂၅၂ |
| အရှင်စူဠပန္ထကအလောင်း ဗျာဒိတ်ခံရခြင်း | ၂၂၄ |
| အရှင်စူဠပန္ထက ရဟန္တာ ဖြစ်ခြင်း | ၂၃၄ |
| အရှင်ဒဗ္ဗ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၃၀၄ |
| အရှင်ဒဗ္ဗအား သမ္မုတိနှစ်ပါး ပေးခြင်း | ၃၀၂ |
| အရှင်ဒဗ္ဗ ခုနစ်နှစ်အရွယ် ရဟန်းပြုရခြင်း | ၃၀၃ |
| အရှင်ဒဗ္ဗ ထေရ်စဉ်ဝါစဉ် မမှား အောင် ဆွမ်းညွှန်းခြင်း | ၃၀၃ |
| အရှင်ဒဗ္ဗမထေရ်အကြောင်း | ၃၇၇ |
| အရှင်ဒဗ္ဗမထေရ်အလောင်း ဗျာဒိတ်ခံရခြင်း | ၃၇၇ |
| အရှင်ဒဗ္ဗမထေရ်မြတ် ပရိနိဗ္ဗာန်စံခြင်း | ၃၀၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အရှင်ဒဗ္ဗ သံဃာအတွက်နေရာ ခင်းပေးပုံ | ၃၇၄ |
| အရှင်နန္ဒအလောင်း ဗျာဒိတ် ခံရခြင်း | ၃၃၂ |
| အရှင်နန္ဒ တေဒဂ်ဘွဲ့ထူး ရတော် မူခြင်း | ၃၄၀ |
| အရှင်နန္ဒကအလောင်း ဗျာဒိတ် ခံရခြင်း | ၅၂၇ |
| အရှင်နန္ဒက တေဒဂ် ဘွဲ့ထူး ရတော်မူခြင်း | ၅၃၁ |
| အရှင်နန္ဒကမထေရ်အကြောင်း | ၅၂၇ |
| အရှင်နန္ဒကို နတ်သမီးပြရခြင်း နှင့်စပ်၍ မှတ်ဖွယ် | ၃၃၆ |
| အရှင်နန္ဒမထေရ်အကြောင်း | ၃၃၁ |
| အရှင်နှစ်ပါး လမ်းခွဲတော် မူကြခြင်း | ၁၃၆ |
| အရှင်နှစ်ပါး လမ်းခွဲ၍ ပွဲတင်ဟည်းခြင်း | ၁၃၈ |
| အရှင်ပိင်္ဂိယ၏ သဒ္ဓါကြည်ညို မှုပြ ဂါထာ | ၆၄၉ |
| အရှင်ပိင်္ဂိယ ဗာဝရီဆရာ ကြီးအား တရားဟောခြင်း | ၆၄၂ |
| အရှင်ပိဏ္ဍောလဘာရဒွါဇ အလောင်း ဗျာဒိတ်ခံရခြင်း | ၁၉၆ |
| အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်အကြောင်း | ၁၉၄ |
| အရှင်ပိလိန္ဒဝစ္ဆအလောင်း ဗျာဒိတ်ခံရခြင်း | ၃၇၉ |
| အရှင်ပိလိန္ဒဝစ္ဆ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၃၉၆ |
| အရှင်ပိလိန္ဒဝစ္ဆ နတ်ထွက်ကြမ်း ရခြင်းအကြောင်း | ၃၉၂ |
| **[ အ ]** | |
| အရှင်ပိလိန္ဒဝစ္ဆမထေရ် အကြောင်း | ၃၇၉ |
| အရှင်ဗာကုလအလောင်း ဆေးလှူခြင်း | ၅၀၂ |
| အရှင်ဗာကုလအလောင်း ဗျာဒိတ်ခံရခြင်း | ၅၀၃ |
| အရှင်ဗာကုလ၏အံ့ဩဖွယ်များ | ၅၁၃ |
| အရှင်ဗာကုလ၏ သက်တော် (၁၆၀) | ၅၁၄ |
| အရှင်ဗာကုလ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၅၀၂ |
| အရှင်ဗာကုလမထေရ် အကြောင်း | ၅၀၁ |
| အရှင်ဗာဟိယအလောင်း ဗျာဒိတ်ခံရခြင်း | ၃၉၈ |
| အရှင်ဗာဟိယ၏ လားရာကို မေးခြင်းနှင့်စပ်၍ မှတ်ဖွယ် | ၄၁၄ |
| အရှင်ဗာဟိယကို တေဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးခြင်း | ၄၁၆ |
| အရှင်ဗာဟိယ ဒါရုစီရိယမထေရ် အကြောင်း | ၃၉၇ |
| အရှင်ဗာဟိယနှင့်စပ်၍ ဟော သော ဂါထာပါဠိအနက် | ၄၁၆ |
| အရှင်ဘဒ္ဒိယအလောင်း ဗျာဒိတ်ခံရခြင်း | ၁၇၈ |
| အရှင်ဘဒ္ဒိယမထေရ်အကြောင်း | ၁၇၇ |
| အရှင်မန္တာဏိပုတ္တ-ပုဏ္ဏ အလောင်းဗျာဒိတ်ခံရခြင်း | ၂၀၇ |
| အရှင်မန္တာဏိပုတ္တ-ပုဏ္ဏမထေရ် အကြောင်း | ၂၀၂ |
| အရှင်မဟာကစ္စည်း၏ လျှောက်ထားချက် ၅-ပါး | ၂၉၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **[ အ ]** | |
| အရှင်မဟာကစ္စည်း ကုရရဃရ မြို့ကို အမှီပြု၍နေခြင်း | ၂၀၈ |
| အရှင်မဟာကစ္စည်းထံ သောဏ ရဟန်းဖြစ်ရန် ဆည်းကပ်ခြင်း | ၂၀၈ |
| အရှင်မဟာကစ္စည်း သောဏ၏ ဉာဏ်ရင့်ချိန်ကို စောင့်ခြင်း | ၂၆၂ |
| အရှင်မဟာကစ္စည်း သောဏကို ရှင်ပြုပေးခြင်း | ၂၆၃ |
| အရှင်မဟာကပ္ပိနအလောင်း ဗျာဒိတ်ခံရခြင်း | ၃၄၂ |
| အရှင်မဟာကပ္ပိန တေဒဂ် ဘွဲ့ထူးရတော်မူခြင်း | ၃၆၇ |
| အရှင်မဟာကပ္ပိန တပည့်တို့ကို တရားဟောခြင်း | ၃၆၆ |
| အရှင်မဟာကပ္ပိနမထေရ် အကြောင်း | ၃၄၁ |
| အရှင်မဟာကဿပအလောင်း ဗျာဒိတ်ခံရခြင်း | ၁၀၄ |
| အရှင်မဟာကဿပ တပည့် ခံခြင်းနှင့်စပ်၍ မှတ်ဖွယ် | ၁၄၁ |
| အရှင်မဟာကဿပ၏ ရှေးဆုတောင်း | ၁၀၀ |
| အရှင်မဟာကဿပ တေဒဂ်ဘွဲ့ ရခြင်းအကြောင်း | ၁၄၇ |
| အရှင်မဟာကဿပနှင့် ဩဝါဒ ၃-ပါး | ၁၄၂ |
| အရှင်မဟာကဿပ နောက်ဆုံး ဘဝ ရဟန်းပြုကြောင်း | ၁၂၅ |
| အရှင်မဟာကဿပမထေရ် အကြောင်း | ၁၀၀ |
| အရှင်မဟာကဿပ သာဓု ကောင်းကြီးပေးခြင်း | ၄၇၅ |
| **[ အ ]** | |
| အရှင်မဟာပန္ထကအလောင်း ဗျာဒိတ်ခံရခြင်း | ၂၂၄ |
| အရှင်မောဂ္ဂလာန်အလောင်း ဗျာဒိတ်ခံရခြင်း | ၃၅ |
| အရှင်မောဂ္ဂလာန်ကို ချုံဖုတ် ပေါ် ပစ်တင်ခဲ့ခြင်း | ၆၅ |
| အရှင်မောဂ္ဂလာန် တန်ခိုးပြ၍ တရားဟောခြင်း | ၆၆ |
| အရှင်မောဂ္ဂလာန်ခေတ်တော် ဝေဠုဝန်၌ တည်ထားခြင်း | ၆၈ |
| အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် စံခြင်းအကြောင်း | ၆၂ |
| အရှင်မောဃရာဇ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၆၃၆ |
| အရှင်မောဃရာဇမထေရ် အကြောင်း | ၃၆၈ |
| အရှင်ရဋ္ဌပါလအလောင်း ဗျာဒိတ်ခံရခြင်း | ၄၄၅ |
| အရှင်ရဋ္ဌပါလ၏ ဝေယျာဝစ္စမှုး ဘဝ | ၄၃၆ |
| အရှင်ရဋ္ဌပါလ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၄၄၅ |
| အရှင်ရဋ္ဌပါလ ရဟန်းပြုခြင်း | ၄၄၄ |
| အရှင်ရာဓ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၃၆၇ |
| အရှင်ရာဓ မထေရ်အကြောင်း | ၃၇၇ |
| အရှင်ရာဟုလာ, အရှင်ရဋ္ဌပါလ တို့အကြောင်း | ၄၂၇ |
| အရှင်ရာဟုလာ, အရှင်ရဋ္ဌပါလ တို့၏ ရှေးဆုတောင်း | ၄၂၇ |
| အရှင်ရာဟုလာအလောင်း ဗျာဒိတ်ခံရခြင်း | ၄၃၄ |

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အရှင်ရာဟုလာ၏ ပထဝိန္ဓရ မင်းသားဘဝ ၃၃၉
အရှင်ရာဟုလာ၏ သိက္ခာသုံးပါး လိုလားပုံအကြောင်း ၃၄၁
အရှင်ရာဟုလာ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ၃၄၃
အရှင်ရေဝတ၏ နှောင်တော် ၃-ဦးနှင့် အမတော် ၃-ဦး ၂၅၄
အရှင်ရေဝတ ဧတဒဂ်ဘွဲ့ထူး၌ ရှင်းပြချက် ၂၆၇
အရှင်ရေဝတ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ၂၆၇
အရှင်လကုဏ္ဍကဘဒ္ဒိယ အလောင်း ဗျာဒိတ်ခံရခြင်း ၁၈၂
အရှင်လကုဏ္ဍကဘဒ္ဒိယ၏ ဂုဏ် ကျေးဇူးကို ဖော်ပြခြင်း ၁၉၀
အရှင်လကုဏ္ဍကဘဒ္ဒိယနှင့် စပ်သော တရားများ ၁၈၆
အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ် အကြောင်း ၁၈၁
အရှင်ဝက္ကလိအလောင်း ဗျာဒိတ်ခံရခြင်း ၃၂၀
အရှင်ဝက္ကလိ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ၃၂၆
အရှင်ဝက္ကလိမထေရ်အကြောင်း ၃၂၀
အရှင်ဝင်္ဂီသအလောင်း ဗျာဒိတ်ခံရခြင်း ၃၆၀
အရှင်ဝင်္ဂီသ၏ဉာဏ်၌ ဂါထာ ပိုဒ်များ တင်လာကြောင်း ၃၇
အရှင်ဝင်္ဂီသ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ၃၆၈

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အရှင်ဝင်္ဂီသ ပါဠိဂါထာ စာဆို တော်ဖြစ်ကြောင်း မှတ်ဖွယ်၃၆၈
အရှင်ဝင်္ဂီသမထေရ်အကြောင်း ၃၅၉
အရှင်သာဂတအလောင်း ဗျာဒိတ်ခံရခြင်း ၅၆၈
အရှင်သာဂတ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း ၅၇၆
အရှင်သာဂတ နဂါးကို ဆုံးမခြင်း ၅၆၉
အရှင်သာဂတမထေရ် အကြောင်း ၅၆၈
အရှင်သာဂတ ရဟန္တာဖြစ်ခြင်း ၅၇၆
အရှင်သာရိပုတ္တရာအလောင်း ဗျာဒိတ်ခံရခြင်း ၅၂
အရှင်သာရိပုတ္တရာ၏ ကတ- ညုတာ, ကတဝေဒိတာဂုဏ် ၅၇၉
အရှင်သာရိပုတ္တရာ၏ ဂုဏ် ကျေးဇူးပြ ဂါထာများ ၈၅
အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးများ ၈၄
အရှင်သာရိပုတ္တရာ၏ ညီ ၃-ဦး နှင့် နှမ ၃-ဦး မှတ်ဖွယ် ၂၅၅
အရှင်သာရိပုတ္တရာ၏ ခေတ်တော် စေတီတည်ခြင်း ၉၁
အရှင်သာရိပုတ္တရာ တန်ခိုး အမျိုးမျိုး ပြတော်မူခြင်း ၆၇
အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံခြင်းအကြောင်း
အရှင်သာရိပုတ္တရာ မွေးကျေးဇူး ဆပ်ခြင်း ၆၂ ၇၇
အရှင်သာရိပုတ္တရာ သွေးသွန် တော်မူခြင်း ၇၄

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အရှင်သာရိပုတ္တရာ ဟောသော ပါဠိတော်ကြီးများ | ၆၂ |
| အရှင်သာရိပုတ္တရာ ဟောသော သမစိတ္တသုတ္တန် | ၆၄ |
| အရှင်သီဝလိအလောင်း ဗျာဒိတ်ခံရခြင်း | ၃၀၆ |
| အရှင်သီဝလိ၏ ဘုန်းတန်ခိုး | ၂၆၀ |
| အရှင်သီဝလိ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၃၁၉ |
| အရှင်သီဝလိအား နတ်တို့အလှူ ပေးရာဌာနများ | ၃၁၇ |
| အရှင်သီဝလိမထေရ်အကြောင်း | ၃၀၅ |
| အရှင်သုဘူတိအလောင်း ဗျာဒိတ်ခံရခြင်း | ၂၄၇ |
| အရှင်သုဘူတိမထေရ် အကြောင်း | ၂၄၅ |
| အရှင်သောဏ ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း | ၂၀၄ |
| အရှင်သောဏ ကုဋိကဏ္ဏ အလောင်း ဗျာဒိတ်ခံရခြင်း | ၂၀၆ |
| အရှင်သောဏကုဋိကဏ္ဏမထေရ် အကြောင်း | ၂၀၅ |
| အရှင်သောဏကောဠိဝိသ အလောင်း ဗျာဒိတ်ခံရခြင်း | ၂၇၂ |
| အရှင်သောဏကောဠိဝိသ မထေရ် အကြောင်း | ၂၇၂ |
| အရှင်သောဘိတအလောင်း ဗျာဒိတ်ခံရခြင်း | ၅၁၉ |
| အရှင်သောဘိတ ဧတဒဂ်ဘွဲ့ ရတော်မူခြင်း | ၅၂၀ |
| အရှင်သောဘိတမထေရ် အကြောင်း | ၅၁၉ |
| အလိနစိတ္တဇာတ်ကို ဟောတော်မူခြင်း | ၅၀၃ |
| အလိနစိတ္တဇာတ် ရှေ့နောက် နှစ်ပိုင်း၏ မှတ်ဖွယ် | ၅၉၃ |
| အလိုနည်းသူကို ကြည်ညိုတတ်ကြခြင်း | ၃၉၉ |
| အလိုနည်းသောပုဂ္ဂိုလ်နှင့် စပ်၍ မှတ်ဖွယ် | ၁၆၄ |
| အလိုနည်းဟန်ဆောင်၍ လူများကို လှည့်ဖြားခြင်း | ၃၉၉ |
| အလုပ်အကျွေး နာဂသမာလ ဘုရားနှင့် လမ်းခွဲခြင်း | ၄၄၀ |
| အဝတ် ၂-ထည်သာ ဝတ်၍ ၁၀-ပါးသီလဖြင့် နေခြင်း | ၄၄၃ |
| အသံသာယာတေဒဂ် လကုဏ္ဍက ဘဒ္ဒိယ ရခြင်း | ၁၉၃ |
| အသံသာသည့် ဧတဒဂ်အဖြစ် ဆုတောင်းခြင်း | ၁၀၂ |
| အသီတိဝင်သာဝကများ ပံသုကူ ချုပ်ပွဲ ပါဝင်ပုံ | ၁၇၄ |
| အသက်ငယ်သော်လည်း ထေရ ခေါ် ရခြင်းအကြောင်း | ၃၀၃ |
| အသက်၌ တွယ်တာခြင်းမရှိပဲ တရားအားထုတ်ပုံ | ၃၇၀ |
| အသညသတ်ဘဝကို ဘုရားသာ သိနိုင်ပုံ | ၅၂၀ |
| [ အာ ] | |
| အာဂန္တုရဟန်းအား ဘုရား နေရာပေးပုံ မှတ်ဖွယ် | ၂၉၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အာဇာနည်များ ရေး၌ အညစ် အကြေး မစွန့်ပုံ | ၅၈၈ |
| အာဒိတ္တပရိယာယသုတ်ကို ဂယာသီသ၌ ဟောခြင်း | ၄၉၂ |
| အာနန္ဒာကိုမေး၍ ဓမ္မသံဂါယနာတင်ခြင်း | ၄၀၀ |
| အာနန္ဒာ နောက်ဆုံးဘဝ ရဟန်းပြုခြင်း | ၄၄၆ |
| အာနန္ဒာမထေရ်မြတ်၏ ရှေးဆုတောင်း | ၄၃၅ |
| အာနန္ဒာရသော တေဒင်ငါးပါး | ၄၅၇ |
| အာရဒ္ဓဝီရိယ တေဒဂ် အရှင်သောဏ ရခြင်း | ၂၈၄ |
| အာရဒ္ဓဝီရိယ=ထက်သန်သော ဝီရိယ တေဒဂ်ထားခြင်း | ၂၈၄ |
| အာဝဋ္ဋနီမာယာဖြင့် လှည့်ဖြား သူဟု ပြောခြင်း | ၃၆၂ |
| အာဟာရ၌ ဆင်ခြင်ပုံ ၉-ပါး, ၁၀-ပါး | ၁၅၃ |
| **[ ဣ ]** | |
| ဣရိယာပုထ် ၄-ပါးမှ လွတ်လျက် ရဟန္တာဖြစ်သူ | ၄၇၄ |
| ဣန္ဒြေစောင့်မှု တေဒဂ် အရှင် နန္ဒ ရခြင်း | ၁၄၀ |
| ဣန္ဒြေစောင့်မှု တေဒဂ်ရခြင်းနှင့် စပ်၍ မှတ်ဖွယ် | ၁၄၁ |
| ဣန္ဒြေတို့ ဖောက်ပြန်ခြင်း မဖြစ်နိုင်ပုံအကြောင်း | ၃၇၆ |
| ဣန္ဒြေတို့ မရင့်ကျက်သေးမီ တရားမဟောသေးခြင်း | ၄၀၅ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဤ-ဉ ]** | |
| ဤခန္ဓာကိုယ် တောင်ပို့နှင့် တူပုံ ရှင်းချက် | ၄၂၈ |
| ဥဒါန်ကျူး ပီတိသုခဖြင့် ခုနစ် ရက်လုံး နေခြင်း | ၁၈၃ |
| ဥက္ကစေလသုတ်ကို ဂင်္ဂါ သောင်ပြင်၌ ဟောခြင်း | ၁၀၀ |
| ဥက္ကဋ္ဌပံသုကူ အရှင်အနုရုဒ္ဓါ ကောက်ယူခြင်း | ၁၇၄ |
| ဥစ္စာကုလိက=အမျိုးအမြတ် တေဒဂ်ထားခြင်း | ၁၈၀ |
| ဥစ္စာကုလိက တေဒဂ်ဘွဲ့နှင့် စပ်၍ မှတ်ဖွယ် | ၁၈၁ |
| ဥဒ္ဒစ္စသမားများ အထင်မှား ကြခြင်း | ၂၆၃ |
| ဥဒ္ဒုမာယိက ဖားဟုဆို၍ အဓိပ္ပါယ်ရှင်းချက် | ၄၂၈ |
| ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသည့် သိက္ခာပုဒ်များ | ၃၇၁ |
| ဥပဋ္ဌာန=အလုပ်အကျွေး ရာထူး ခံယူတော်မူခြင်း | ၄၄၈ |
| ဥပတိဿဟု ရွာ၏အမည်ဖြင့် နာမည်ပေးခြင်း | ၅၆ |
| ဥပရိဋ္ဌအရှင်မြတ် ချီးမြှောက် ရမည့်သူ ကြည့်ခြင်း | ၁၅၁ |
| ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ၏ အနုမောဒနာ ပါဠိအနက် | ၁၅၄ |
| ဥပသေန နောက်ဆုံးဘဝ ရဟန်းပြုခြင်း | ၃၆၉ |
| ဥပသေန-ဝင်္ဂန္တပုတ္တမထေရ်၏ ရှေးဆုတောင်း | ၃၆၉ |
| ဥပါလိကိုမေး၍ ဝိနည်းသံဂါယနာတင်ခြင်း | ၄၇၈ |

အက္ခရာစဉ် စာမျက်နှာ

[ ဥ ]

ဥပါလိဆုံးဖြတ်သောဝတ္ထု ၃-ခု ၅၂၃
ဥပါလိ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၅၂၂
ဥပါလိမထေရ်၏ရှေးဆုတောင်း ၅၂၂
ဥရုဝေလကဿပ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၄၀၉
ဥရုဝေလကဿပမထေရ်၏ ရှေးဆုတောင်း ၄၀၀
ဥရုဝေလကဿပ-ဟု နေရာကို စွဲ၍ခေါ်ခြင်း ၄၉၀
ဥရုဝေလတော မွေ့လျော်ဖွယ် ရှိခြင်း ၂၃

[ ဦး-ဧ-ဩ-အံ ]

ဦးခေါင်းခံ့ရှင်၏ ဖြစ်ရာဘဝကို ပြောပြခြင်း ၃၆၂
ဦးစွာ စာရေးတံမဲရ တေဒဂ် အရှင်ကုဏ္ဍဓာနရခြင်း ၃၅၉
ဧကတောဥပသမ္ပန္နဘိက္ခုနီမ များ ၅၂၉
တေဒဂ်ဘွဲ့ထူး ရတော်မူကြ ကြောင်း ၆၀
ဩဝါဒပဋိဂ္ဂဟဏ ဥပသမ္ပဒါ ၁၄၃
ဩဝါဒပဋိဂ္ဂဟဏ ရဟန်းအဖြစ် ကို ပေးတော်မူခြင်း ၁၄၂
ဩဝါဒသုံးပါးနှင့်စပ်၍ရှင်းချက် ၁၄၃
အံ့ဩဖွယ်ဖြင့် အသက်မွေးသူကို သုံးမခြင်း ၄၀၀

[ က ]

ကထာဝတ္ထုကြောင့် အရှင် သာရိပုတ္တရာ တွေ့လိုသော အရှင်မြတ် ၂၁၁
ကထာဝတ္ထု ၁၀-ပါးမှတ်ဖွယ် ၂၀၉
ကထာဝတ္ထု ၁၀-ပါးရလွယ်သော ရဟန်းငါးရာ ၂၁၀
ကပိလဝတ်သို့ကြွရန် ကာဠုဒါယီ လျှောက်ခြင်း ၄၉၉
ကလျာဏဝါက္ကရဏ တေဒဂ် အရှင်သောဘဏ ရခြင်း ၃၀၄
ကလျာဏဝါက္ကရဏ=တရား ဟော သာယာခြင်း၌ တေဒဂ်ရခြင်း ၃၀၅
ကံအကျိုးပေးခြင်းနှင့် စပ်၍ မှတ်ဖွယ် ၂၂၁
ကင်္ခါရေဝတ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း ၂၆၉
ကင်္ခါရေဝတမထေရ်၏ ရှေးဆုတောင်း ၂၆၇
ကင်္ခါရေဝတဟု အမည်ရခြင်း အကြောင်း ၂၇၀
ကစ္စာန နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၂၁၅
ကစ္စည်းမထေရ်၏ ရှေးဆု တောင်း ၂၁၃
ကဋ္ဌဝါဟနမင်း၏ အမတ်ကြီး ဘဝ ၅၉၉
ကဋ္ဌဝါဟနမင်း ကောင်းမှုပြု၍ နတ်ရွာစံခြင်း ၆၁၀
ကဋ္ဌဝါဟနမင်းကြီးဖြစ်လာခြင်း ၆၀၁
ကမ္ဘလာနီလှူပြီး လက်ခြေ နီတွေးရန် ဆုတောင်းခြင်း ၂၇၄
ကမ္မဋ္ဌာန်းနှင့် လျောက်ပတ်သော အရပ်၌ နေစေခြင်း ၁၆၉
ကဿပ-ညီနောင် ပုဏ္ဏားသုံးဦး ၄၉၀

အက္ခရာစဉ် စာမျက်နှာ

[ က ]

ကဿပဒကာများ၏ အကြံမှားကို ဖျောက်စေခြင်း ၄၉၂
ကဿပဒကာများ ဘုရား၌ယုံမှားကင်းကြခြင်း ၄၉၃
ကဿပဘုရား၏ သာသနာနောက်ပိုင်းမှ ရဟန်း ၇-ပါး ၃၇၈
ကဿပဘုရားသာသနာမှ တရားအားထုတ်ဖက် ၅-ဦး ၃၈၀
ကဿပမြတ်စွာ စေတီတော်အား ဆိမ်းလှူခြင်း ၁၅၀
ကာဠသိလာကျောက်ဖျာ၌ ပရိနိဗ္ဗာန်စံမည့်အကြောင်း ၉၆
ကာဠိ၏ ကမ္မလာထည်ကို မြေအခင်းပြုရန် လှူခြင်း ၃၀၂
ကာဠိဂေါဓာ သာကီဝင်မင်းသမီး၏သား ဘဒ္ဒိယထေရ် ၁၇၇
ကာဠိတို့၏ အိမ်အပေါ် ကောင်းကင်မှ တရားသံ ၂၈၇
ကာဠုဒါယီအမတ်ကို စေလွှတ်ခြင်း ၄၉၈
ကာဠုဒါယီ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၄၉၅
ကာဠုဒါယီမထေရ်မြတ်၏ ရှေးဆုတောင်း ၄၉၅
ကာဠုဒါယီဟု အမည်မှည့်ခြင်း ၄၉၅
ကိလေသာကင်းကွာချမ်းသာစွာ နေသော တေဒဂ်ရခြင်း ၂၅၀
ကိလေသာကင်းသူများ ရန်ဆိုးမရှိပုံ-မှတ်ဖွယ် ၃၇၈
ကုဏ္ဍဓာနအလောင်း၏ ဝဇီလိုက်ဖွယ် မကောင်းမှု ၃၄၇

အက္ခရာစဉ် စာမျက်နှာ

[ က ]

ကုဏ္ဍဓာန နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၃၅၂
ကုဏ္ဍဓာနနှင့်စပ်၍ ဟောသော ဂါထာ ပါဠိအနက် ၃၅၄
ကုဏ္ဍဓာနမထေရ်၏ ရှေးဆုတောင်း ၃၄၆
ကုဏ္ဍဓာနဟု အမည်တွင်ရခြင်း အကြောင်း ၃၅၂
ကုမာရကဿပ၏ ပြဿနာ ၁၅-ချက် ၄၂၃
ကုမာရကဿပ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၄၁၈
ကုမာရကဿပ ပရိယတ်, ပဋိပတ် စွယ်စုံအားထုတ်ခြင်း ၄၂၁
ကုမာရကဿပမထေရ်၏ ရှေးဆုတောင်း ၄၁၇
ကုမာရကဿပဟု အမည်တွင်ခြင်း ၄၁၉
ကုလပ္ပသာဒက တေဒဂ် ကာဠုဒါယီမထေရ်ရခြင်း ၅၀၀
ကုသိနာရုံပြည်၌ အရှင်ပုဏ္ဏနေတော်မူခြင်း ၄၆၅
ကုသိုလ်အစွမ်းကြောင့် မင်းကြီးကြည်ညိုတော်မူခြင်း ၁၅၈
ကုသိုလ်ကံလို့ဆော်က အကျိုးရှိရာ ပြုတတ်ပုံ ၁၁၇
ကောဏ္ဍိဏ္ဍ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၄၃၄
ကောဏ္ဍိဏ္ဍမထေရ်မြတ် ရှေးဆုတောင်း ၄၃၃
ကောဏ္ဍညထေရ် ရတ္တညူတေဒဂ်ရခြင်း ၂၈

အက္ခရာစဉ် စာမျက်နှာ

[ က ]

ကောဏ္ဍည နောက်ဆုံးဘဝ ရဟန်းပြုကြောင်း ၂၀
ကောဏ္ဍညမထေရ်မြတ်၏ ရှေးဆုတောင်း ၂
ကောဏ္ဍညမထေရ်မြတ် တရားထူးရကြောင်း ၂၆
ကောဏ္ဍညဟု ထုတ်ပြောရခြင်း နှင့်စပ်၍ မှတ်ဖွယ် ၃၆
ကောလိတဟု ရွာ၏အမည်ဖြင့် နာမည်ပေးခြင်း ၅၆
ကောသလမင်းကြီး ကုဏ္ဍဓာနကို စုံစမ်းခြင်း ၄၅၃
ကောသမ္ဗီပြည်ဖက်သို့ ခရီးဆက်ခြင်း ၅၇၀
ကော်ကာက်ဦးအလှူဒါန ၂၀
ကောက်ကျစ်သူ ကုန်သည်၏ အကျိုးပေးအဖြစ်ဆိုး ၂၀၆
ကောက်ပုံဦး အလှူဒါန ၂၀
ကောက်လှိုင်းဦး အလှူဒါန ၂၀
ကောက်သားဦး အလှူဒါန ၁၆
ကောင်းမှုအစွမ်းကြောင့် နန်းတော်သို့ ခေါ်သွားရခြင်း ၁၅၀
ကောင်းမှုရှင်များ စိတ်ညွတ်ရာဘုံ၌ ဖြစ်ပုံ ၄၄၀
ကောင်းမှုသစ် မရှိသူအား သနားကြည့် ကြည့်ခြင်း ၁၂၀
ကုန်သည်များ အနောဇာမိဖုရားကြီးထံ သွားခြင်း ၅၁၆
ကျီဦး အလှူဒါန ၂၀
ကျေးဇူးများ၍ ဆင်တို့၏အနီး၌ ပရိနိဗ္ဗာန်ပြုခြင်း ၃၆

အက္ခရာစဉ် စာမျက်နှာ

[ က ]

ကျောင်းတိုက်အိုကို မွမ်းမံပြင်ဆင်ခြင်း ၅၀၅
ကျောင်းပြင်ခြင်းကို ဘုရားချီးမွမ်းခြင်း ၄၇၀
ကြီးစွာသော သူဌေးစည်းစိမ် ၁၄၁
ကြွက်သေတခု အရင်းပြု၍ စီးပွါးဖြစ်မည်ဟု ဟောခြင်း ၂၄၀
ကြွက်သေတခု အရင်းပြု လေးလအတွင်းဝယ် ၂-သိန်းကြွယ် ၂၄၂

[ ခ ]

ခဒိရဝနိယရေဝတမထေရ်မြတ်၏ ရှေးဆုတောင်း ၂၅၂
ခန္ဓဝဂ္ဂသံယုတ် အာနန္ဒသုတ် (မြန်မာပြန်) ၄၄၆
ခန္ဓာငါးပါးကိုအစွဲပြု၍ ငါဖြစ်ပုံ ၄၄၇
ခံယူဆု ၄-ပါးကို အရှင်အာနန္ဒာ တောင်းခြင်း ၄၅၄
ခိပ္ပါဘိညာ တေဒဂ် ဗာဟိယ-ဒါရုစီရိယ ရခြင်း ၄၁၆
ခုဒ္ဒကနိကာယ်ကို သံဂါယနာတင်ခြင်း ၄၀၄
ခေမမိဂဒါဝုန်၌ ဝိပဿီဘုရား တရားဦးဟောခြင်း ၇
ခြေရာကိုမြင်သဖြင့် ဘုရားဟု သိကြခြင်း ၆၂၄
ခြင်္သေ့အဖို့ မင်္ဂဖိုလ်၏ ဥပနိဿယ ပစ္စည်းကုသိုလ် ၁၆၅
ခြင်္သေ့မင်း၏ မြူးကွန့်ခြင်းနှင့် တူသော တရားဟောခြင်း ၆၀
ခြင်္သေ့မင်း ပန်းနေရာ ပူဇော်ခြင်း ၁၆၅

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ခ-ဂ-င ] | |
| ခြင်္သေ့ဟောက်သကဲ့သို့ ပြောရာ၌ တေဒဂ်ထားခြင်း | ၂၀၂ |
| ခြောက်ရက်တိုင် အရှင်မောဂ္ဂလာန် တိမ်းရှောင်ခြင်း | ၉၄ |
| ဂယာကဿပ-ဟု နေရာကိုစွဲ၍ ခေါ်ခြင်း | ၄၉၀ |
| ဂယာသီသသို့ ရဟန်းတထောင်နှင့် ကြွခြင်း | ၄၉၀ |
| ဂန္ဓကုဋိကို တည်၍ ကိုးကြိမ်လှည့်ခြင်း | ၄၅၆ |
| ဂန္ဓမာဒနတောင် နာဂဒတ္တနတ်မင်း၏ ဆွမ်းအလှူထူး | ၇၁၁ |
| ဂါထာ ၆၀-ဖြင့် လမ်းခရီးဂုဏ်ကို ချီးမွမ်းခြင်း | ၄၉၉ |
| ဂါထာငါးရာတို့ဖြင့် ချီးကျူးကြောင်း | ၁၁ |
| ဂေါပါလမာတာ မိဖုရားဟု ထင်ရှားရခြင်း အကြောင်း | ၂၂၂ |
| ငါဘုရားအမွေပေးအံ့ဟု အရှင်မဟာကဿပအား မိန့်ပုံ | ၁၄၀ |
| ငါး၏ဝမ်းမှ သားသူငယ်ရခြင်း | ၅၀၁ |
| ငွေတထောင်ပေး၍ အမျှဝေစုတောင်းခြင်း | ၁၅၆ |
| [ စ ] | |
| စပါးစိုက်ရာ၌ အဦးအလှူ ၉-မျိုး | ၁၉ |
| စပါးပုံဦး အလှူဒါန | ၂၀ |
| စတုမဟာရာဇ် နတ်မင်းကြီးတို့ အရာမ်စောင့်နှင့် တူပုံ | ၁၅ |
| စတုမဟာရာဇ် နတ်မင်းကြီးတို့ သူနာပြုရန် လျှောက်ခြင်း | ၇၄ |
| စကြဝတေးမင်းဘဝ | ၇၉၀ |
| [ စ ] | |
| စကြာမင်းတံဆိပ်ပါ၍ ဘုရားဖြစ်နိုင်ခြင်း | ၂၂ |
| စိတကဿတ္တာဟ | ၄၅၀ |
| စိတ္တကထိက တေဒဂ် ကုမာရကဿပ ရခြင်း | ၄၇၇ |
| စိတ္တပတ္တ ဥယျာဉ်ဘဝ | ၁၀၃ |
| စိတ်အားဖြင့် ဘုရားနှင့်ကင်း၍ မနေပုံ | ၆၄၆ |
| စိတ်၌စိတ်ဟုရှု၍လိုချင်ခြင်းနှင့် နှလုံးမသာခြင်းကို ဖျောက်ပုံ | ၉၁ |
| စိတ်ဝမ်းကွဲ အထင်လွဲလေပြီ | ၇၄၀ |
| စိတ်ဝမ်းကွဲအောင် ပြုလုပ်ခြင်း | ၇၄၀ |
| စူဠပန္ထက အရဟတ္တဖိုလ် ရကြောင်း ဥပနိဿယ ပစ္စည်း မှတ်ဖွယ် | ၂၇၇ |
| စူဠပန္ထကညီငယ်ကို ရှင်ပြုပေးခြင်း | ၂၇၀ |
| စူဠပန္ထက ဉာဏ်ထိုင်းရခြင်း အကြောင်း မှတ်ဖွယ် | ၂၇၁ |
| စူဠပန္ထကထေရ် ဖန်ဆင်းမှု တေဒဂ်ရခြင်း၌ မှတ်ဖွယ် | ၂၄၄ |
| စူဠပန္ထကမထေရ်၏ ရှေးဆုတောင်း | ၂၇၇ |
| စူဠပန္ထက လေးလတိုင်သင်မရသော ဂါထာ | ၂၇၀ |
| စူဠသေဋ္ဌိဇာတ် | ၂၇၁ |
| စေတနာမကြမ်း၍ ဖရုသဝါစာ မဖြစ်ပုံ | ၇၉၇ |
| စေတီတိုင်း ဝါးတော၌ အရှင်အနုရုဒ္ဓါကို နေစေခြင်း | ၁၆၉ |
| စေတီတော်နှင့် သံဃာတော်အား ပူဇော်ခဲ့ခြင်း | ၇၁၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆရာကြီး ဂန္ဓုန်ရုပ်စက်ယာဉ်ပျံ တည်ဆောက်ခြင်း | ၆၀၀ |
| ဆရာ၌ ရှိသေခြင်းကြောင့် ပံသုကူ ခုတင်ဆောင်ခြင်း | ၃၇၃ |
| ဆဝသီသမန္တန်ဖြင့် သေသူ၏ နောက်ဘဝကို သိခြင်း | ၁၆၀ |
| ဆဒ္ဒန်အိုင်သို့ အရှင်ကောဏ္ဍည ကြွခြင်း | ၃၂ |
| ဆဗ္ဗဂ္ဂိရဟန်းတို့အကြောင်း အကျဉ်းချုပ် | ၅၇၂ |
| ဆီမီးထောင်ပြည့် ညဉ့်သုံးယံလုံး လှူခြင်း | ၁၅၁ |
| ဆုရှစ်ပါးကို အရှင်အာနန္ဒာအား ပေးခြင်း | ၄၅၅ |
| ဆေးအလှူကြောင့် ရောဂါ ကင်းရန် ဆုတောင်းခြင်း | ၅၀၃ |
| ဆံရိတ်ခြင်းသည် ရှင်ပြုမှု၏ အစဖြစ်ခြင်း | ၃၈၂ |
| ဆင်များ အရှင်ကောဏ္ဍညအား လုပ်ကျွေးကြပုံ | ၃၃ |
| ဆင်များ အရှင်ကောဏ္ဍည ပရိနိဗ္ဗာန်စံရာ၌ ပူဇော်ခြင်း | ၄၂ |
| ဆင်များ ကြံသကာလုပ်၍ လှူကြပုံ | ၃၅ |
| ဆင်သံမြင်းသံကြား၍ တော၌ မွေ့လျော်ခြင်း | ၂၆၄ |
| ဆင်းရဲသား၏အလှူကို လှူ၍ မကုန်အောင် အဓိဋ္ဌာန်ခြင်း | ၃၁၀ |
| ဆပ်ပြာရေစင်ဟူရာ၌ အဓိပ္ပါယ် ရှင်းချက် | ၄၃၀ |
| ဆယ်ပါးသီလ ဆောက်တည်ပြီးမှ ဒါနပြုကြခြင်း | ၃၃၈ |
| **[ ဆ ]** | |
| ဆယ်ဝါပြည့်မှ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးရခြင်း | ၃၇၁ |
| ဆွေမျိုးတို့ နှစ်သက်ကြရ၍ အာနန္ဒာမည်ခြင်း | ၄၄၆ |
| ဆွမ်းစားချိန်မှတပါး ဝက္ကလိ ဘုရားကို ဖူးမြင်နေခြင်း | ၃၂၁ |
| ဆွမ်းမျှတ၍ စိတ်တည်ကာ ရဟန္တာဖြစ်ပုံ | ၃၅၆ |
| **[ ဇ-ဈ-ည ]** | |
| ဇာလိနီနတ်သမီးပံသုကူပစ်ခြင်း | ၁၇၃ |
| ဇေတဝန်ကျောင်းပျက်စီးသည်ကို မြင်စေခြင်း | ၄၆၉ |
| ဈာန်ဝင်စားသော တေဒဂ် ကမ္ဘာရေဝတ ရခြင်း | ၂၇၀ |
| ဉာဏဝိပ္ပါရဂ္ဂတ္ထိ၏ အစွမ်းတန်ခိုး | ၅၀၇ |
| ညဉ့်၌ အခိုးလွှတ်ခြင်း၏ အဓိပ္ပါယ် ရှင်းချက် | ၄၂၈ |
| ညဉ့်သုံးယံလုံး ဈာန်ဝင်စားပြီး ပရိနိဗ္ဗာန်ပြုခြင်း | ၁၂၃ |
| **[ တ ]** | |
| တစပဉ္စကကို နှလုံးသွင်း၍ ဆံရိတ်ခံခြင်း | ၃၈၂ |
| တဏှာမကင်းသူများ ဖောက်ပြန်ခြင်း ဖြစ်တတ်ပုံ | ၃၇၅ |
| တနေ့တယူဇနာဖြင့် အတုရိတ ဒေသစာရီကြွပုံ | ၅၀၁ |
| တပည့်ပရိသတ်ကို မွေးမြူ ဆုံးမတော်မူခြင်း | ၃၇၁ |
| တရားကိုမြင်သူသည် ဘုရားကို မြင်သူမည်ခြင်း | ၃၂၂ |

အက္ခရာစဉ် စာမျက်နှာ

[ တ ]

တရားကို ရှုသူသာ ဘုရားကို ရှုကြည့်သူဖြစ်ခြင်း ၃၃၂
တရားဂုဏ်ဖြင့် သစ္စာဆိုသော မြစ်ကူးဂါထာ ၅၅၅
တရားနာခြင်းနှင့် ဈေးကောင်းမှု ကြောင့် အရဟတ္တဖိုလ် ရခြင်း ၁၈၇
တရားဟောရန် နှစ်ကြိမ်တိုင် ပယ်ခြင်းနှင့်စပ်၍ မှတ်ဖွယ် ၄၀၆
တသိန်းတန် ကမ္ဗလာကို မဝတ်ပဲ လှူခြင်း ၁၁၀
တိတ္ထိတို့ အရှင်မောဂ္ဂလာန်ကို ရန်ငြိုးဖွဲ့ကြခြင်း ၉၃
တေဇောဓာတုကုသလ တေဒဂ် အရှင်သာဂတ ရခြင်း ၅၇၆
တေန သမယေန-စသည်ထည့်၍ ရွတ်ဆိုရခြင်း ၄၇၀
တောကျောင်းနေ တေဒဂ်နှင့် စပ်၍ မှတ်ဖွယ် ၂၆၇
တောကျောင်းနေ တေဒဂ် အရှင်ရေဝတ ရခြင်း ၂၆၇
တောစောင့်နတ်က သတိ ပေးခြင်း ၄၆၇
တောရွာသားဘဝ ၃၀၆
တံခါးကျည်=မင်းတုပ်၏ အဓိပ္ပါယ် ရှင်းချက် ၄၂၀
တန်ခိုးဣဒ္ဓိတေဒဂ် အရှင် မောဂ္ဂလာန် ရခြင်း ၆၁
တန်ခိုးများ အကုသိုလ်ကံ ကြောင့် အားနဲ့ခြင်း ၉၅
တန်ခိုးရှင်ပြောတိုင်း ကြက်ချေး မှ ပိတ်ချင်းသီးဖြစ်ခြင်း ၃၉၆

အက္ခရာစဉ် စာမျက်နှာ

[ တ-ထ ]

တောင်ထိပ်တက်၍ ရဟန်းတရား အားထုတ်ခြင်း ၃၉၀၊ ၄၁၇
တောင်ထိပ်၌ တရားအားထုတ် ခြင်း ၃၇၀
တိုးရအောင် လုပ်နေခြင်းကဲ့သို့ ဖြစ်မည်စိုးခြင်း ၁၀၉
ထေရာသနမမှပလ္လင် ခင်းပုံ အစီအရင် ၄၇၂
ထန်းတော ဥယျာဉ်သို့ ရဟန္တာ တထောင်နှင့် ကြွခြင်း ၄၉၂
ထန်းလျက်၌ ဖွဲ့နှပ်ါသော်လည်း နေလှဲ့အခါ အပ်ပုံ ၂၇၁
ထိုက်သူ၏စကားဖြင့် တူး၍ ရွှေအိုးပေါ်ခြင်း ၁၆၀

[ ဒ ]

ဒက္ခိဏေယျ တေဒဂ်ဘွဲ့နှင့်စပ်၍ မှတ်ဖွယ် ၂၅၁
ဒဗ္ဗအမည်နှင့်စပ်၍ အဆုံး အဖြတ် ၃၈၁
ဒဗ္ဗနောက်ဆုံးဘဝ ရဟန်း ပြုခြင်း ၃၀၀
ဒဗ္ဗမထေရ်၏ အစွပ်စွဲခံရသော ရှေးကံဟောင်း ၃၀၅
ဒဗ္ဗမထေရ်၏ ရှေးဆုတောင်း ၃၇၇
ဒဗ္ဗမထေရ်မြတ် အစွပ်စွဲခံရခြင်း ၃၀၅
ဒါယကာများသို့ လနှင့်တူစွာ ချဉ်းကပ်ခြင်း ၁၄၇
ဒိဗ္ဗစက္ခု တေဒဂ်နှင့်စပ်၍ မှတ်ဖွယ် ၁၇၂
ဒိဗ္ဗစက္ခု တေဒဂ်ဘွဲ့ရအဖြစ် ဆုတောင်းခြင်း ၁၄၉

အက္ခရာစဉ် — စာမျက်နှာ

[ ဒ ]

ဒိဗ္ဗစက္ခုရ အနုရုဒ္ဓါဖြစ်မည်ဟု ဗျာဒိတ်ပေးခြင်း ၁၄၉
ဒိဗ္ဗစက္ခုရရန် ဆီမီးလှူခြင်း ၁၅၀
ဒီဃနိကာယ်၏ အတိုင်းအရှည် ပမာဏ ၄၈၂
ဒီဃနိကာယ်ကို အရှင်အာနန္ဒာသို့ အပ်နှင်းခြင်း ၄၈၃
ဒုက္ကရစရိယာ ပဓာနအလုပ် အတွက် သင့်လျော်သော နေရာ ၂၃
ဒေသစာရီ=နတ်ပြည်ခရီး ကြွတော်မူခြင်း ၅၃၃
ဒေဝဒတ် လောကီသမာပတ် ၈-ပါး ရခြင်း ၁၆၁
ဒေါသများသူ၏ ခြေရာ အနေအထား ၆၂၃

[ ဓ ]

ဓမ္မကထိက အရှင်နန္ဒက မထေရ်ဟု ထင်ရှားခြင်း ၅၂၇
ဓမ္မကထိကတေဒဂ် မန္တာဏိပုတ္တ ပုဏ္ဏထေရ် ရခြင်း ၂၈၂
ဓမ္မကထိက တေဒဂ်ရအဖြစ် ဆုတောင်းခြင်း ၂၀၇
ဓမ္မဂါရဝစိတ်ဖြင့် တရားကို နာယူခြင်း ၁၈၈
ဓမ္မပဒဂါထာ ဟောကြားခြင်း ၄၁၅
ဓမ္မမိတ်ဆွေများကို ဖြူဟွာကြီး ကြည့်ရှုလေ့ရှိခြင်း ၄၀၀
ဓမ္မသံဂါယနာအတွက် ဆွေးနွေး ကြခြင်း ၄၈၀
ဓမ္မာသနပလ္လင် ခင်းပုံအစီအရင် ၄၇၂

[ ဓ ]

ဓာတုပူဇာ သတ္တာဟ ၄၅၈
ဓာနမထေရ် ငွေလိုက်လေပြီ ၃၅၂
ဓုတင်တေဒဂ် အရှင်မဟာ ကဿပ ရခြင်း ၁၄၇
ဓုတင်အပ္ပိစ္ဆပုဂ္ဂိုလ် ၁၆၆
ဓုတင် ၁၃-ပါးဆောင် အဖြစ် ဆုတောင်းခြင်း ၁၀၄
ဓုတင်ဆောင် ပုဂ္ဂိုလ်ဖြစ်နိုင်မှု ရှင်ပြပေးခြင်း ၃၇၂
ဓာတ်တော်များကို စုန္ဒထေရ် ယူဆောင်ခဲ့ခြင်း ၈၁
ဓာတ်တော်ဝေပွဲ၌ ရဟန်း ခုနှစ်သိန်း စည်းဝေးမိခြင်း ၄၅၉

[ န ]

နဂါးဟူသောအမည်၏ အဓိပ္ပါယ် ရှင်းချက် ၄၃၀
နဒီကဿပ-ဟု နေရာကိုစွဲ၍ ခေါ်ခြင်း ၄၉၀
နံ့သာရေဖြင့် မီးငြိမ်း၍ ဓာတ်တော်ကောက်ခြင်း ၈၂
နန္ဒက နောက်ဆုံးဘဝ ရဟန်း ပြုခြင်း ၅၂၇
နန္ဒကမထေရ်၏ ရှေးဆုတောင်း ၅၂၇
နန္ဒမထေရ်၏ ရှေးဆုတောင်း ၅၃၁
နန္ဒမင်းသား နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၅၃၂
နန္ဒရာဇ်မင်း ဘဝ ၁၁၆
နာဂဒတ္တနတ်သား အရှင် ကောဏ္ဍညအား ဆွမ်း လောင်းခြင်း ၃၅

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ န ] | |
| နာဂသမာလ ဘုရားနှင့်ခွဲသွား ပြီး ခေါးပြရိုက်ခံရခြင်း | ၄၄၉ |
| နိသဘမထေရ်၏ ဂုဏ်ကျေးဇူး များ | ၁၀၃ |
| နိဗ္ဗာန်ကို နှလုံး၌ထားသူ ဟူရာ၌ မှတ်ချက် | ၄၆၈ |
| နေဇာမြက်ပေါ်ကျ၍ ဒဗ္ဗဟု ခေါ်ခြင်း | ၃၀၀ |
| နေ့၌ မီးတောက်လောင်ခြင်း ဟူရာ၌ ရှင်းချက် | ၄၂၈ |
| နေ့သန့်ရာဌာနကို အရှင်သာရိ- ပုတ္တရာနောက်ဆုံးကြည့်ခြင်း | ၆၅ |
| နည်းနည်းတောင်းလျက် များများပေးသူ ဥပမာ | ၁၈၈ |
| နတ်ကဲ့သို့ အာနုဘော်ကြီး၍ အသက်ရှည်သောဆင်များ | ၃၂ |
| နတ်တို့ချစ်သော ဒေဒဂ် အရှင်ပိလိန္ဒဝစ္ဆ ရခြင်း | ၃၉၇ |
| နတ်ဖြစ် ပံသုကူသက်န်းချုပ်ပွဲ အခမ်းအနား | ၁၃၄ |
| နတ်သမီး-ကောင်းကြီးပေးခြင်း | ၁၅၄ |
| နတ်သမီးရစေရန် အာမခံမှ လွှတ်တော်မူခြင်း | ၅၃၈ |
| နယ်ဦးအလှူဒါန | ၂၀ |
| နှစ်ရှစ်ဆယ်လုံး လျှောင်း၍ မအိပ်သောမထေရ် | ၅၁၇ |
| နှုတ်ထွက်ကြမ်းမှု အထုံဝါသနာ ပါရှိခြင်း | ၃၉၁ |
| နှုတ်ထွက်ကြမ်းသော်လည်း ဖရုသဝါစာ မဖြစ်ပုံ | ၃၉၂ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ပ ] | |
| ပစ္စေကဗုဒ္ဓါ... | |
| ပစ္စန္တရင်တို့၌ အထပ်များသော ဘိနပ်ခွင့်ပြုခြင်း | ၃၀၁ |
| ပစ္စန္တရင်တို့၌ ရေမပြတ်ချိုးခြင်း ကို ခွင့်ပြုခြင်း | ၃၀၂ |
| ပစ္စန္တရစ်တို့၌ သံဃာ ငါးပါးဖြင့် ရဟန်းခံခွင့်ပြုခြင်း | ၃၀၀ |
| ပစ္စန္တရစ်တို့၌ သားရေအခင်း ခွင့်ပြုခြင်း | ၃၀၂ |
| ပစ္စယအပ္ပိစ္ဆပုဂ္ဂိုလ် | ၁၆၅ |
| ပစ္စဝေက္ခဏာဉာဏ် ကျေးဇူးကို ယူမသွားခြင်း | ၈၉ |
| ပစ္စေကဗုဒ္ဓါ အရှင်မြတ် ချီးမြှောက်ပုံ | ၂၄၃ |
| ပစ္စေကဗုဒ္ဓါ အန္နဘာရ၏ဆွမ်း ဘုဉ်းပေးပုံ | ၁၅၃ |
| ပစ္စေကဗုဒ္ဓါ ငါးရာအတွက် သခ်မ်းကျောင်း ငံမံခြင်း | ၁၂၃ |
| ပစ္စေကဗုဒ္ဓါငါးရာ တချိန်တည်း ပရိနိဗ္ဗာန်ပြုခြင်း | ၁၂၄ |
| ပစ္စေကဗုဒ္ဓါ ငါးရာတို့၏ ဓာတ်တော်စေတီတည်ခြင်း | ၁၂၄ |
| ပစ္စေကဗုဒ္ဓါ ဆူရေပေါင်း တထောင် | ၅၄၂ |
| ပစ္စေကဗုဒ္ဓါတထောင်ကို ဆွမ်းကျွေးခြင်း | ၅၄၄ |
| ပစ္စေကဗုဒ္ဓါတို့၏ ဆုပေးဂါထာ ပါဠိအနက် | ၁၅၄ |
| ပစ္စေကဗုဒ္ဓါတို့ သူဆင်းရဲကို သနားတတ်ခြင်း | ၁၅၁ |
| ပညာကျေးဇူးကို ယူမသွားခြင်း | ၈၉ |
| ပဏ္ဍဝတောင်ရိပ်၌ ဆွမ်းဘုဉ်း ပေးခြင်း | ၂၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပဋိဘာနဝန္တ တေဒဂ် အရှင် ဝင်္ဂီသ ရခြင်း | ၃၆၇ |
| ပဋိဘာနေယျက တေဒဂ် အရှင်ရာဓ ရခြင်း | ၅၉၇ |
| ပဋိဘာနေယျက တေဒဂ်ရခြင်းနှင့် စပ်၍ မှတ်ဖွယ် | ၅၉၇ |
| ပဋိသန္ဓေတည်နေစဉ်အချိန် အံ့ဖွယ်များ | ၃၁၁ |
| ပဋိသမ္ဘိဒါပတ္တ တေဒဂ် အရှင် မဟာကောဋ္ဌိတ ရခြင်း | ၄၃၅ |
| ပတ္တိဒါန အမျှပေးစကား ပြောကြားခြင်း | ၁၅၇ |
| ပဒုမုတ္တရမြတ်စွာဘုရား | ၂ |
| ပဒုမုတ္တရမြတ်စွာဘုရား ခြေသည်းကို ချီးမြှောက်ခြင်း | ၁၉၄ |
| ပန္ထကနှောင်ညီ တေဒဂ်ဘွဲ့ထူး ရတော်မူကြခြင်း | ၂၄၃ |
| ပန္ထကနှောင်ညီ နောက်ဆုံးဘဝ ရဟန်းပြုကြခြင်း | ၂၂၉ |
| ပန္ထကမထေရ် နှောင်ညီနှစ်ပါး အကြောင်း | ၂၂၃ |
| ပရိနိဗ္ဗာန်စံခွင့် တောင်းရာ၌ မိန့်ကြားပုံ မှတ်ဖွယ် | ၄၀ |
| ပရိယတ္တိအပ္ပိစ္ဆပုဂ္ဂိုလ် | ၁၆၅ |
| ပရိဝါသ်နေပြီးမှ မန္တန်ကို သင်ယူခြင်း | ၃၆၆ |
| ပလာလပိဋ္ဌိကအမှုပြုလုပ်ကြခြင်း | ၉၅ |
| ပါရာယနသုတ္တန်နှင့်စပ်၍ မှတ်ဖွယ် | ၆၄၂ |
| ပါရာယနာနုဂီတိ ၁၅-ဂါထာ မြန်မာပြန် | ၆၄၄ |
| ပါရာယနာနုဂီတိမည်သော တရားကို ဟောခြင်း | ၆၄၃ |
| ပါသာဏကစေတီနှင့် စပ်၍ မှတ်သားဖွယ် | ၆၂၃ |
| ပိဏ္ဍောလဘာရဒွါဇ အမည်ရပုံ | ၁၉၆ |
| ပိဏ္ဍောလဘာရဒွါဇ တေဒဂ် ဘွဲ့ထူး ရတော်မူခြင်း | ၂၀၁ |
| ပိဏ္ဍောလဘာရဒွါဇ မထေရ်၏ ရှေးဆုတောင်း | ၁၉၄ |
| ပိပ္ပလိ ဘဒ္ဒါကာပိလာနီတို့ နှစ်ဦးလုံး ရဟန်းပြုကြခြင်း | ၁၃၄ |
| ပိလိန္ဒဝစ္ဆ နောက်ဆုံးဘဝ ရဟန်းပြုခြင်း | ၃၉၀ |
| ပိလိန္ဒဝစ္ဆနှင့် စပ်သောဂါထာ ပါဠိအနက် | ၃၉၃ |
| ပိလိန္ဒဝစ္ဆမထေရ်၏ ရှေးဆု တောင်း | ၃၇၉ |
| ပိလိန္ဒဝစ္ဆ မန္တန် ဝိဇ္ဇာဓိုရ်အဖြစ် ရောက်ခြင်း | ၃၉၀ |
| ပူပန်စိတ်ကို ငြိမ်းအေးစေသော ကြောင့် သီဝလိမည်ခြင်း | ၃၁၄ |
| ပိသုကူချုပ်ပွဲ၌ သိကြားမင်း မြေညီဖန်ဆင်းခြင်း | ၁၃၅ |
| ပံသုကူချုပ်ပွဲ၌ ဟောသော ရဟန္တာဂုဏ်ပြ ဂါထာ | ၁၃၆ |
| ပံသုကူချုပ်ရာ၌ ဘုရားရှင် အပ်နှံဖားထိုးပေးခြင်း | ၁၃၄ |
| ပန်းကုံးများ မည်သို့ခြင်း | ၁၃၁ |
| ပန်းနေ့ရာ အနုမောဒနာတရား ဟောခြင်း | ၂၀၆ |
| ပန်းနေ့ရာအလှူ အနုမောဒနာ တရားဟောခြင်း | ၂၄၆ |

အက္ခရာစဉ် — စာမျက်နှာ

[ပ-ဖ]

ပယ်ဆုလေးပါးကို အရှင်အာနန္ဒာ တောင်းခြင်း ၄၅၂
ပိတ်ချင်းသီးများ ကြွက်ချေး ဖြစ်ကုန်ခြင်း ၃၉၄
ပုဏ္ဏထေရ်အား ကထာဝတ္ထုနှင့် စပ်သောတရား ဟောခြင်း ၂၁၂
ပုဏ္ဏထေရ် တပည့်ငါးရာကို ကထာဝတ္ထုဖြင့် ဆုံးမခြင်း ၂၀၉
ပုဏ္ဏ နောက်ဆုံးဘဝ ရဟန်း ပြုခြင်း ၂၀၈
ပုဗ္ဗနိဝါသဉာဏ် အာရုံမပြု နိုင်သောဘဝ ၅၂၁
ပုဗ္ဗနိဝါသဉာဏ်နှင့် စပ်၍ မှတ်ဖွယ် ၅၂၁
ပုဗ္ဗနိဝါသလာဘီ ဧတဒဂ် အရှင်သောဘိတ ရခြင်း ၅၂၁
ပျားရည်နှင့် ဒိန်ရည် ရောစပ် လှူခြင်း ၃၀၉
ပြုပြင်လွယ်မည့် စေတီယံ တည်ရန် ပြောမိခြင်း ၁၈၄
ဖြစ်မှားသူတို့ အပါယ်လားမည် စိုးခြင်း ၁၃၆
ပြဿနာ ၁၅-ချက်၏ ဘုရားရှင် အဖြေ ၄၂၄
ပွဲကြည့်ယင်း သံဝေဂဉာဏ်ဖြစ်ပုံ ၅၇
ဖုဿမြတ်စွာဘုရားရှင်၏ ညီတော်မင်းသားဘဝ ၄၇၉
ဖန်ဆင်းခြင်းနှင့် ရူပါဝစရဈာန် ၌ လိမ္မာသော ဧတဒဂ် ၂-ပါး ရခြင်း ၂၄၃
ဖြစ်လေရာဘဝ၌ ကြောင့်ကြောင့် ကြကြ မဖြစ်လိုခြင်း ၁၄

[ဖ-ဗ]

ဖွားရာတိုက်ခန်းသို့ အရှင်သာရိ-ပုတ္တရာ ဝင်ရောက်နေခြင်း ၇၃
ဗဟုပုတ္တကညောင်ပင်မှ အရှင် မဟာကဿပကို ကြိုပုံ ၁၄၉
ဗဟုပုတ္တက ညောင်ပင်ရင်း၌ ရဟန်းဖြစ်ခြင်း ၁၄၄
ဗာကုလအတွက် မင်း၏ တရား အဆုံးအဖြတ် ၅၁၀
ဗာကုလအလောင်း ရသေ့ ဆေးကုသခြင်း ၅၀၄
ဗာကုလအလောင်း သံဃာအား ဆေးလှူခြင်း ၅၀၅
ဗာကုလ၏ ဗာရာဏသီ, ကောသမ္ဗီကူးပုံ ၅၁၁
ဗာကုလ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၅၀၆
ဗာကုလမထေရ်၏ အံ့ဖွယ် ၃၇-ပါး ၅၁၄
ဗာကုလမထေရ်မြတ်၏ ရှေးဆု တောင်း ၅၀၁
ဗာကုလသူဌေးသား၏စည်းစိမ် ၅၁၀
ဗာကုလသူဌေးသား ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း ၅၁၁
ဗာကုလ-ဟု အမည်တွင်ခြင်း ၅၀၈
ဗာရာဏသီ, ကောသမ္ဗီမှ ဗာကုလအား လှူပုံ ၅၁၂
ဗာရာဏသီပြည်သား အမျိုး ကောင်းသားဘဝ ၂၇၂
ဗာရာဏသီမင်းနှင့် မဟာမိတ် ဖြစ်ခြင်း ၆၀၂
ဗာရာဏသီ သူဌေးဘဝ ၁၁၃

အက္ခရာစဉ် စာမျက်နှာ

[ ဗ ]

ဗာဝရီ၏ တပည့်ကြီး
တကျိပ်ခြောက်ယောက် ၆၁၂

ဗာဝရီဆရာကြီး၏ နောက်
ဆက်တွဲအကြောင်း ၆၃၇

ဗာဝရီဆရာကြီးနှင့် တပည့်များ
ရသေ့ရဟန်းပြုခြင်း ၆၁၃

ဗာဝရီဆရာကြီးနှင့် ဘုရားပွင့်
ချိန် မှတ်ဖွယ် ၆၂၀

ဗာဝရီဆရာကြီး နှစ်စဉ်အသပြာ
တသိန်း အလှူပေးခြင်း ၆၁၆

ဗာဝရီ တူ့ ဝရီး အခေါ်မရှိင်းပုံ
မှတ်ဖွယ် ၆၄၇

ဗာဟိယအား ဟောဘိက္ခုမခေါ်
ခြင်းနှင့်စပ်၍ မှတ်ဖွယ် ၄၁၁

ဗာဟိယအား တရားမဟောသေး
ခြင်းနှင့်စပ်၍ မှတ်ဖွယ် ၄၀၄

ဗာဟိယအား တရားဟောခြင်း
အကြောင်း ၄-ပါး ၄၀၆

ဗာဟိယအား ဟောအပ်သော
တရား ၄၀၇

ဗာဟိယအား ဟောသော
တရား၏အဓိပ္ပါယ် ၄၀၈

ဗာဟိယ၌ မရှိသေးသော
တရား ၃-ပါး ၄၀၁

ဗာဟိယ နွားငှေ့ခံရ၍ အသက်
ကုန်ခြင်း ၄၁၂

ဗာဟိယ-ဒါရုစီရိယ နောက်ဆုံး
ဘဝ ရဟန်းပြုခြင်း ၃၉၈

ဗာဟိယ-ဒါရုစီရိယ မထေရ်၏
ရှေးဆုတောင်း ၃၉၇

ဗာဟိယ-ဒါရုစီရိယ ရဟန္တာ
ဖြစ်ခြင်း ၄၀၂

အက္ခရာစဉ် စာမျက်နှာ

[ ဗ ]

ဗာဟိယ-ဒါရုစီရိယဟု ခေါ်ရ
ခြင်း အကြောင်း ၃၉၇

ဗိမ္ဗိသာရမင်းကြီး သောတာပန်
တည်ခြင်း ၄၉၃

ဗုဒ္ဓမန္တန်ကို ဝဂ်ီသ တောင်းခံ
ခြင်း

ဗောဓိဆုကို တောင့်တနေ၍
မဂ်ဖိုလ်ကို မရ ရခြင်း ၅၁

ဗိုင်းငင်ချည်ဝင့် အလုပ်ငြိမ်းစေ
ခြင်း ၁၂၀

ဗြဟ္မဇာလသုတ်ကို ဦးစွာ သံဂါ-
ယနာ တင်သင့်ခြင်း ၄၈၁

ဗြဟ္မဇာလသုတ် သံဂါယနာတင်
အပြီး မြေလှုပ်ခြင်း ၄၈၂

ဗြဟ္မာကြီးလာရောက် သတိ
ပေးခြင်း ၄၀၀

[ ဘ ]

ဘဝအကျိုးနှင့် ဘဝသမ္ပတ္တိ
အကျိုးမှတ်ဖွယ် ၂၂၁

ဘဝခြားလျက် ရွဲကွာခြင်း=
အညာဘာဝ ၈၀

ဘဝတိုင်း အသုံးအဆောင်
မယုတ်လျော့ရန်ဆုပန်ခြင်း ၁၁၀

ဘဒ္ဒိယကို သောက္ခထင်၍ တရား
တိုးဟောနေခြင်း ၁၈၈

ဘဒ္ဒိယထေရ် တေဇ်ဘွဲ့ထူး
ရတော်မူခြင်း ၁၈၀

ဘဒ္ဒိယမထေရ်၏ရှေးဆုတောင်း ၁၇၈

ဘဒ္ဒိယ မိမိကြောင့် အကုသိုလ်
မပွါးစေရန် နေခြင်း ၁၉၀

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဘ ]** | |
| ဘဒ္ဒိယမင်းသား နောက်ဆုံးဘဝ ရဟန်းပြုခြင်း | ၁၇၉ |
| ဘဒ္ဒိယ ရဟန္တာဖြစ်ကြောင်းသိရန် ဘုရားဥဒါန်းကျူးခြင်း | ၁၀၀ |
| ဘဒ္ဒိယ ရဟန္တာဖြစ်၍ ဘုရားဥဒါန်းကျူးသောဂါထာ | ၁၀၇ |
| ဘဒ္ဒိယသူဌေးသား ရဟန္တာဖြစ်ခြင်း | ၁၀၅ |
| ဘာဏဝါရ၏ အတိုင်းအရှည်နှင့် အချိန်နာရီ | ၄၀၄ |
| ဘာရဒွါဇမထေရ်၏ ဂုဏ်နှင့်စပ်သောစကား ၃-မျိုး | ၁၉၉ |
| ဘာရဒွါဇ နောက်ဆုံးဘဝရဟန်းပြုခြင်း | ၁၉၆ |
| ဘာရုကစ္ဆဝတ္ထု-ဥပါလိ အဆုံးအဖြတ် | ၅၂၄ |
| ဘိက္ခုသြဝါဒကတေဒဂ် အရှင်မဟာကပ္ပိန ရခြင်း | ၅၆၇ |
| ဘိက္ခုနောဝါဒက တေဒဂ် အရှင်နန္ဒက ရခြင်း | ၅၃၁ |
| ဘီလူးမ အသတ်ခံရသူ ၄-ဦး | ၄၁၃ |
| ဘုမ္မဇိုဝ်းနတ်၏ နောင်တ | ၃၅၀ |
| ဘုရား၏ဝါတော် ၂၀-အတွင်း အလုပ်အကျွေးများ | ၄၄၀ |
| ဘုရားအား ပူဇော်ခွင့် မရ၍ စစ်ပြုလိုကြခြင်း | ၉ |
| ဘုရားကိုထား၍ အရှင်သာရိပုတ္တရာကို လိုက်ပို့ကြခြင်း | ၇၀ |
| ဘုရားကို ပြုစုလုပ်ကျွေးခွင့် ဆုတောင်းခြင်း | ၃၃၇ |
| ဘုရားကိုယ်တိုင် ဝိနည်းသင်ပေးခံရသူ | ၅၂၃ |
| **[ ဘ ]** | |
| ဘုရားဂုဏ်ဖြင့် သစ္စာဆိုသော မြစ်ကူးဂါထာ | ၅၅၄ |
| ဘုရားတဆူနှင့်တဆူ ဥပုသ်ပြုချိန် မတူပုံ | ၃၄၇ |
| ဘုရားထံ အရှင်မဟာကဿပ တပည့်ခံပုံ | ၁၄၀ |
| ဘုရားထံမှာ ခုတင် ၁၃-ပါး ကျင့်ဆောက်တည်ခြင်း | ၁၄၇ |
| ဘုရားထံမှတ်ခဲ့သော တရားကို မယ်တော်အားဟောပြခြင်း | ၃၀၄ |
| ဘုရားပရိနိဗ္ဗာန် စံပြီးနောက် ကမ္ဘာ့ဝါစာ | ၄၆၄ |
| ဘုရားပရိနိဗ္ဗာန် စံပြီးနောက် သတ္တာဟ သုံးလီ | ၄၅၀ |
| ဘုရားဖူးပြန် သားရဟန်းနှင့် မယ်တော် မေးဖြေကြပုံ | ၃၀၃ |
| ဘုရားဖူးသွားခါနီး သောဏ မယ်တော်ကိုအသိပေးခြင်း | ၂၉၄ |
| ဘုရားရှိစဉ်ကကဲ့သို့ ဝတ်များကို ပြုခြင်း | ၄၆၆ |
| ဘုရားရှင် ရောင်ခြည်လွှတ်၍ တရားဟောခြင်း | ၆၄၀ |
| ဘုရားရှင် သောဏကို တရားရွတ်ဆိုရန် တိုက်တွန်းခြင်း | ၂၉၆ |
| ဘုရားရှင် သောဏနှင့်စပ်၍ ဥဒါန်းကျူးသောဂါထာ | ၂၉၇ |
| ဘုရားရှင်သည် ရုပ်သောရူပကာယကို ရှိခိုးစေခြင်း | ၆၉ |
| ဘုရားသာသနာ၌ အကျွမ်းဝင်နိုင်သော ကောင်းမှု | ၄၄၀ |
| ဘေသကဋ္ဌာတော၌ မဟာပုရိသဝိတက်ကို ဟောခြင်း | ၁၇၀ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ဘ ] | |
| ဘုန်းကံရှိသူ၏ မျိုးစေ့မှ အပင်များစွာ ပေါက်ခြင်း | ၃၁၁ |
| ဘုန်းကံရှိသူများ ချစ်ဖွယ်စကား ပြောတတ်ခြင်း | ၁၃ |
| ဘုန်းရှိသူကြောင့် ပြည်သူများ ချမ်းသာခြင်း | ၁၂၀ |
| ဘုန်းရှိသူဟု ရုပ်ကိုကြည့်၍ သိခြင်း | ၁၁၁ |
| [ မ ] | |
| မထိုက်သူအတွက် ရွှေအိုးများ မြုပ်သွားခြင်း | ၅၅၉ |
| မယား၏ဂုဏ်စကား နာယူမှားခဲ့ပုံ | ၉၄ |
| မလမာတ်အားကြီး၍ နွားနို့ ဆေး သောက်ခြင်း | ၄၆၀ |
| မသဒ္ဓါသူတို့အကျိုးငှါ တန်ခိုး ပြပြီး ပရိနိဗ္ဗာန်စံလိုခြင်း | ၃၀၆ |
| မဟာကေသာဝင်္ဂက ပုဏ္ဏားဘဝ | ၁၀၅ |
| မဟာဂန္ဓာရဝိဇ္ဇာရှိရာ၌ စူဠဂန္ဓာရဝိဇ္ဇာပျက်ပုံ | ၃၉၀ |
| မဟာကာလ, စူဠကာလညီနောင် ဝတ္ထု | ၆ |
| မဟာကပ္ပိနအလောင်း သူကြွယ် ဘဝ | ၅၄၅ |
| မဟာကပ္ပိနကို အကြောင်းပြု၍ ဓမ္မပဒဂါထာ ဟောခြင်း | ၅၆၅ |
| မဟာကပ္ပိန နောက်ဆုံးဘဝ ရဟန်းပြုခြင်း | ၅၄၀ |
| မဟာကပ္ပိနမထေရ်၏ ရွှေဆု တောင်း | ၅၄၁ |
| မဟာကပ္ပိနမင်းကြီး တောထွက် တော်မူခြင်း | ၅၅၂ |
| အက္ခရာစဉ် | စာမျက်နှာ |
| [ မ ] | |
| မဟာကပ္ပိနမင်းကြီး မြင်းစေ ကျော်တို့ဖြင့် သတင်းယူစေ ခြင်း | ၅၄၉ |
| မဟာကပ္ပိနမင်း မြစ်သုံးတန်ကို ကူးမြောက်ခြင်း | ၅၅၃ |
| မဟာဓနသူဌေးနေ့ခြင်းဖြစ်ခြင်း | ၁၅၀ |
| မဟာပညာတေဒဂ် အရှင်သာရိ- ပုတ္တရာ ရခြင်း | ၆၁ |
| မဟာပဒုမပစ္စေကဗုဒ္ဓါ ဆွမ်း အလှူ လက်ခံခြင်း | ၁၂၂ |
| မဟာပန္ထကမထေရ်၏ ရွှေဆု တောင်း | ၂၂၄ |
| မဟာပရိသတေဒဂ် ဥရုဝေလ- ကဿပမထေရ် ရခြင်း | ၄၉၄ |
| မဟာပရိသတေဒဂ်နှင့်စပ်၍ မှတ်ဖွယ် | ၄၉၄ |
| မဟာပုရိသ လက္ခဏာကို မြင်၍ ဘုရားဟု သိခြင်း | ၂၀၄ |
| မဟာပုရိသလက္ခဏာ ၃၂ ပါးရှိသူ အရှင်မဟာကဿပ | ၁၄၄ |
| မဟာပုရိသဝိတက်ကြီး ၈ ပါး | ၁၆၀ |
| မဟာပုရိသဝိတက်ကြံသျှင် လောကီချမ်းသာ ရလွယ် ကြောင်း | ၁၆၉ |
| မဟာသက္ကရာဇ်(၁၀၃)ခုနှင့် စပ်၍ မှတ်ဖွယ်များ | ၉၂ |
| မဟာသာလသူဌေးသားဘဝ | ၁၉၅ |
| မဟာသာဝကကြီးများ၏ ကျင့်စဉ် ဖြစ်စဉ် = ထေရာပဒါန | ၁ |
| မဟာသာဝကများ အလုပ် အကျွေးအဖြစ် တောင်းခြင်း | ၄၅၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

[ မ ]


မိဖုရားကြီး ရဟန်းမ-ပြု၍ ဈာန်သမာပတ် ရရှိခြင်း ၁၂၅
မိမိအတွက် ဝေပုံကျ ထမင်းကို လောင်းလှူခြင်း ၁၅၂
မိမိအမည်ကို မိမိပင် ယူဆောင်လာသူ ၁၆
မိမိကိုယ်ကို အားကိုးပုံ အခြင်းအရာ ၉၁
မိမိကိုယ်ကို အားကိုးရန် ဘုရားတိုက်တွန်းခြင်း ၉၀
မုဒ္ဓတရားနှင့် မုဒ္ဓါဓိပါတ တရားများ ၆၂၀
မေထိယ အကုသိုလ်ဝိတက် နှိပ်စက်ခံရခြင်း ၄၄၉
မေတ္တာဈာန် ဝင်စားပြီးမှ အလှူကို ခံယူခြင်း ၂၄၉
မောဃရာဇ၏ ပြဿနာကို ဖြေဆိုခြင်း ၆၃၅
မောဃရာဇ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၆၁၂
မောဃရာဇမထေရ်၏ ရှေးဆုတောင်း ၅၉၀
မောဃရာဇမေးသော ၃-ဂါထာ ပါဠိ အနက် ၆၃၃
မောဟများသူ၏ ခြေရာ အနေအထား ၆၂၃
မဂ်၏တန်ခိုးကြောင့်ပြီးသည့်ပရိယတ်နှင့် အဘိညာဏ်များ ၂၃၅
မဂ် ၄-ပါးကို ဟောလိုရင်းဖြစ်ပုံ ရှင်းချက် ၄၁၀
မဂ္ဂသိဒ္ဓပရိယတ္တိ, မဂ္ဂသိဒ္ဓ-အဘိညာဏ်မျိုး ၂၃၅


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

[ မ ]


မင် ကြီးနှင့် ပြည်သူတို့အလှူပြိုင်ပွဲ၌ တောသား၏ဒါနထူး ၃၀၆
မင်းပြုရန် တယောက်ကို တယောက် လွှဲနေကြပုံ ၁၁၇
မင်းလောင်းရှာ အစီအမံ ပြုလုပ်ကြပုံ ၁၁၈
မင်းသားကဿပဟု အမည် ရခြင်း ၄၁၉
မင်းသားခြောက်ဦးနှင့် ဥပါလိ ဆတ္တာသည် ၁၆၁
မစ္ဆရိယကို နှိမ်နင်းပြီး လှူဒါန်းခြင်း ၁၀၈
မဇ္ဈိမတိုက်နှင့် ဇနပုဒ်ခွဲခြားခြင်း ၃၀၁
မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာ တပည့်များသို့ အပ်ခြင်း ၄၀၃
မဉ္ဇုဿရ=အသံသာယာတေဒဂ် ထားတော်မူခြင်း ၁၉၄
မဏ္ဍာကိနီရေကန် ၃၃
မဏ္ဍာကိနီရေကန်မှ သီးမျိုးစုံ တောကြီးများ ၃၄
မဒ္ဒတိုင်း၌ မိန်းမလှထွန်းကားခြင်း ၁၂၇
မန္တပရိဝါသ်ကို ဝင်္ဂီသအား ဟောပြခြင်း ၃၆၇
မန္တာဏိပုတ္တ-ပုဏ္ဏမထေရ်၏ ရှေးဆုတောင်း ၂၀၂
မယ်တော်အတွက် အရှင်သာရိပုတ္တရာ ကြောင့်ကြစိုက်ခြင်း ၆၄
မယ်တော်ကြီး တရားထူးရခြင်း ၇၆
မိတ်ဆွေကောင်း၏ အကြံပေးချက်များ ၃၃၁

| အကွာရာစဉ် | စာမျက်နှာ |
|---|---|
| [မ] | |
| မိတ်ဆွေကောင်းကြောင့် ကောင်းသောဘဝဖြစ်ရခြင်း | ၃၃၁ |
| မိတ်ဆွေရင်းကို လူယုတ်မာ ထင်၍ စွန့်ပစ်ခြင်း | ၃၄၉ |
| မိန်းမ လိမ်မာက ယောကျ်ား နတ်ရွာ ရောက်နိုင်ပုံ | ၁၅ |
| မိန်းမသားအတွက် လက်ဝဲလမ်း သင့်လျော်ပုံ | ၁၃၇ |
| မုန့်ဆန်းဦး အလှူဒါန | ၂၀ |
| မျက်မြင်ကို အမှန်လုပ်မိခြင်း | ၃၅၉ |
| မျက်မြင်တိုင်းလည်း အမှန်ချည်း မဟုတ်ပုံများ | ၃၅၀ |
| မျောက်အိုမ ပြုပြီး နတ်ပြည်ကြွခြင်းနှင့်စပ်၍ မှတ်ဖွယ် | ၅၃၄ |
| မြေပေါက်စေတီ | ၄၃ |
| မြစ်နှစ်ဖက်နေသူတို့၏ အကျိုးငြိစီမံခြင်း | ၄၀၆ |
| မြတ်စွာဘုရား အသင့်စောင့်ကြိုနေတော်မူခြင်း | ၅၅၃ |
| မြတ်စွာဘုရားအား သစ်သီးဆွမ်းလှူခြင်း | ၂၀၅ |
| မြတ်စွာဘုရား၏ သစ်သီးဆွမ်း၌ နတ်သြဇာထည့်ခြင်း | ၄၀ |
| မြတ်စွာဘုရားက ကမ္မဋ္ဌာန်းပေးတော်မူခြင်း | ၂၃၃ |
| မြတ်စွာဘုရားကို နောက်ဆုံးကန်တော့ခြင်း | ၆၀ |
| မြတ်စွာဘုရားကို သူမတူအောင် လုပ်ကျွေးခြင်း | ၄၅၅ |
| မြတ်စွာဘုရားနှင့် တွေ့၍ ရဟန်းပြုကြခြင်း | ၅၅၇ |
| မြတ်စွာဘုရားနှင့် မထေရ်မြတ်တွေ့ဆုံခြင်း | ၁၃၀ |
| မြတ်စွာဘုရား ရဟန်းများစွာတို့နှင့် ကြွလာခြင်း | ၂၅၉ |
| မြတ်သောအလှူ ခံထိုက်ရာ၌ အရှင်သုဘူတိထေရ်ရခြင်း | ၂၅၀ |
| မှန် ဥပမာဘုရားဖြင့် အာနန္ဒာသောတာပန်ဖြစ်ခြင်း | ၄၄၀ |
| [ယ] | |
| ယက်ကန်းသည် အကြီးအမှူးဘဝ | ၅၄၂ |
| ယက္ခစစ်သေနာပတိကြီး နှစ်ဦးနှင့်စပ်၍ မှတ်ဖွယ် | ၂၀၆ |
| ယောကျ်ားသူမြတ်အတွက် လကျ်ာလမ်း သင့်လျော်ပုံ | ၁၃၇ |
| [ရ] | |
| ရတနာသုံးပါးသတင်း ကြားသိရခြင်း | ၅၅၀ |
| ရတ္တညူထေရ်အရာ ထားတော်မူခြင်း | ၃ |
| ရတ္တညူထေရ်နှင့် စပ်၍ မှတ်ဖွယ်များ | ၂၉ |
| ရတ္တညူထေရ်ဘွဲ့ထူး ရတော်မူခြင်း | ၂၇ |
| ရထားငါးရာစီ မိဘထံမှ ရကြသူသုံးဦး | ၁၀ |
| ရသမျှအဝတ်ကို မချန်ပဲ လှူခြင်း | ၁၀၉ |
| ရဟန္တာအရှင်မြတ်တို့၏ ဓမ္မတာ သဘော | ၄၉၇ |

အက္ခရာစဉ် စာမျက်နှာ

[ ရ ]

ရဟန္တာအသွင် ပြရခြင်းနှင့် စပ်၍ မှတ်ဖွယ် ၄၇၆
ရဟန္တာခုနစ်ပါးတို့၏ မိခင်ကြီး ရူပသာရီ ၆၃
ရဟန္တာခြောက်ကျိပ်တို့ကို သာသနာပြုလွှတ်ခြင်း ၄၉၁
ရဟန္တာတို့၏ ဆင်းဝါသွင်ပြင် လက္ခဏာများ ၄၇၅
ရဟန္တာတို့ နေရာအရပ်သည် မွေ့လျော်ဖွယ်မည်ပုံ ၂၆၆
ရဟန္တာနှစ်သောင်းဖြင့် ကပ်လဝတ်သို့ ကြွခြင်း ၄၉၉
ရဟန္တာဖြစ်ပြီးနောက် အညာသိ ကောဏ္ဍညအကြောင်း ၂၉
ရဟန္တာဖြစ်မှ ဝိပါက်ဝဋ်ကြွေး ပျောက်ပုံ ၃၅၆
ရဟန်းအဝတ်နှင့် မလျော်၍ စွန့်ခွါလိုခြင်း ၁၃၆
ရဟန်းခံရှင်ပြု ဘုရားခွင့်ပြုချက် မှတ်ဖွယ် ၅၀၀
ရဟန်း ၂ ပါး ကွဲပြားရန် နတ်ဖန်တီးပုံ ၃၄၀
ရဟန်းပြုသောအခါလည်း ပိဏ္ဍောလဘာရဒွါဇ ပင် မည်ပုံ ၁၉၇
ရဟန်းသံဃာအား ဆဲရေးသူ၏ အကျိုးပေး ၂၉၀
ရာဂစသည်များသူတို့၏ ခြေရာပြ ဂါထာ ၆၂၃
ရာဂများသူ၏ ခြေရာ အနေအထား ၆၂၃

အက္ခရာစဉ် စာမျက်နှာ

[ ရ ]

ရာဇဂြိုဟ်ကျောင်းတိုက်ကြီး (၁၈) တိုက် ၄၆၉
ရာဓအလောင်း၏ နောက်တဖန် အမျိုးသားဘဝ ၅၇၇
ရာမနောက်ဆုံးဘဝ ရဟန်း ပြုခြင်း ၅၇၈
ရာမပုဏ္ဏားကြီး ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း ၅၈၃
ရာမမထေရ်၏ ရှေးဆုတောင်း ၅၇၇
ရာဟုလသာမဏေ သဲမှုန့်အမျှ အဆုံးမ ခံလိုပုံ ၃၄၂
ရာဟုလာအလောင်းနှင့် နှမ ထေရီလောင်းလျာများ ၃၃၉
ရာဟုလာအား ဟောသော သုတ္တန်များ ၃၄၂
ရာဟုလာ, ရဋ္ဌပါလတို့ နောက်ဆုံး ဘဝ ရဟန်းပြုခြင်း ၃၄၀
ရေဝတ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၂၅၄
ရေဝတသူဌေးသား နောက်ဆုံး ဘဝ ရဟန်းပြုခြင်း ၂၆၉
ရေဝတ သံဝေဂ ရခြင်း ၂၅၅
ရေဝတီအမျိုးသမီးအကြောင်း ၇၉
ရေဝတီနတ်သမီးကို ကိုယ်လုံး ပေါ်မှန် ထောင်ပြခြင်း ၈၀
ရောဂါကင်းသော တေဇုက် ဗာကုလ ရခြင်း ၅၁၃
ရောဟိဏီမြစ်၌ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံခြင်း ၄၈၆
ရှေးဦးစွာ စာရေးတံမဲ နှိုက်ယူ ရရှိသော မထေရ် ၃၅၀

အက္ခရာစဉ် စာမျက်နှာ

[ ရ ]

ရှင်လျက် ကွဲကွာခြင်း= နာနာဘာဝ ၉၀
ရွှေအုပ်လှူခြင်း ၂၁၄
ရွှေစင်ရုပ်ကို အရှင့်သမီးဟု ထင်မှားခြင်း ၁၂၈
ရွှေပြာသာဒ်ငါးရာ မယ်တော်ကြီး စီမံခြင်း ၇၉
ရိတ်ဦးအလှူဒါန ၂၀
ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန် ရှုခြင်း ၉၁
ရိုက်နှက်သူ သားအတွက် မိဖမျာ: စိုးရိမ်ပုံ ၄၉

[ လ ]

လကုဏ္ဍကဘဒ္ဒိယ တေဒဂ်ဘွဲ့ထူး ရတော်မူခြင်း ၁၉၃
လကုဏ္ဍကဘဒ္ဒိယ၏ ဂုဏ်ကျေးဇူးပြ ဥဒါန်းဂါထာ ၁၉၂
လကုဏ္ဍက ဘဒ္ဒိယမထေရ်၏ ရှေးဆုတောင်း ၁၈၁
လကုဏ္ဍကဘဒ္ဒိယ ရဟန္တာဖြစ်သော သုတ်တရား ၁၈၆
လနှင့်တူသော အရှင်မဟာကဿပ ၁၄၇
လူကို မုန်းသဖြင့် ထိုသူ၏ ကောင်းမှုကို ဖျက်မိပုံ ၁၁၂
လူခစီဝရရေတေဒဂ် အရှင် မောဃရာဇ ရခြင်း ၆၃၇
လူချင်းမသင့်သော်လည်း ဆုံးမ သတိပေးပုံ ၁၁၂
လူနတ်နိဗ္ဗာန်ကို အလုခံနေရ သည်ဟု ပြောခြင်း ၂၅၇

အက္ခရာစဉ် စာမျက်နှာ

[ လ ]

လူလိမ်ပုဏ္ဏားတယောက် လာ ရောက် ခြောက်လှန့်ခြင်း ၆၁၇
လူသတ်သမားတို့ အပြစ်ရခြင်း ၉၈
လေးစားလှ၍ ဆရာမှတ၍ ဘုရားထံ ချဉ်းကပ်ခြင်း ၈၃
လေးဆဲ့လေးဝါတိုင် မနှစ်သက် ဖွယ် မတွေ့ရခြင်း ၇၈
လေးဌာန၌ မြင်အပ်သော အကျိုး ၄၅၄
လေးဌာန၌မြင်အပ်သောအပြစ် ၄၅၃
လောကီဥစ္စာထက် ဘုရားကို ပြုစုခြင်း တောင်းသင့်ခြင်း ၄၃၇
လောကုတ္တရာတရားကို အား ကိုးပုံ အခြင်းအရာ ၉၁
လောကုတ္တရာတရားကို အားကိုး ရန် ဘုရားတိုက်တွန်းခြင်း ၉၀
လှူပြီးဆွမ်းဒါနကို ဝယ်ယူခြင်း ၁၅၅
လှူလိုက်သောစပါးများ ပြည့်မြဲ ပြည့်လာခြင်း ၁၉
လက်ဆောင် အပြန်အလှန် ပေးပို့ကြခြင်း ၆၀၄
လက်ဆောင်တို့ တဖန်ပြန်ခြင်း ၆၀၅
လက်ဝဲရံ အဂ္ဂသာဝကဆု တောင်ခြင်း ၅၅
လက်သမားဆရာကြီး ဘဝ ၁၈၄
လင်္ဂီကို ချီးမြှောက်သော ဘက်လိုက်ခြင်းမျိုး ၅၂၆
လာဘ်ပေါများသော တေဒဂ် အရှင်သီဝလိ ရခြင်း ၃၁၉
လမ်းခရီး၌ နန်းတော်မှဆွမ်းကို ယူ၍ကပ်ခြင်း ၅၀၀

အက္ခရာစဉ် စာမျက်နှာ

[ လ ]

လမ်းစဉ်နှစ်ခုဟူရာ၌ အဓိပ္ပါယ် ရှင်းချက် ၄၂၉
လမ်း၌ဖွား၍ 'ပန္ထက= မောင်လမ်း'ဟု ခေါ်ခြင်း ၂၂၇
လိပ်ဟူသောအမည်၏ အဓိပ္ပါယ် ရှင်းချက် ၄၃၀
လိမ္မာသောအိမ်ရှင်မ ဒါနဝေစု ယူပုံ ၁၅၃
လျှောင်းခြင်း ထိုင်ခြင်း မပြုပဲ တရားအားထုတ်သော မထေရ် ၂၀၀

[ ဝ ]

ဝစီကံကြောင့် ပိတ်ချင်းသီး ကြွက်ချေးဖြစ်ခြင်း ၃၉၄
ဝက္ကလိ၏ သဒ္ဓါဓိမုတ္တတေဒဂ်နှင့် စပ်၍ မှတ်ဖွယ် ၃၂၇
ဝက္ကလိအားဟောသော တရားဂါထာများ ၃၂၃
ဝက္ကလိ နောက်ဆုံးဘဝ ရဟန်း ပြုခြင်း ၃၂၀
ဝက္ကလိ ဘုရားကို မပြတ်ဖူးလို၍ ရဟန်းပြုခြင်း ၃၂၁
ဝက္ကလိမထေရ်၏ ရှေးဆုတောင်း ၃၂၀
ဝင်္ဂီသအား ဟောသောဂါထာ နှင့်စပ်၍ မှတ်ဖွယ် ၃၆၅
ဝင်္ဂီသအား ဟောသောဂါထာ ပါဠိအနက် ၃၆၄
ဝင်္ဂီသကျွတ်ချိန်ရောက်ခြင်း ၃၆၁
ဝင်္ဂီသ နောက်ဆုံးဘဝ ရဟန်း ပြုခြင်း ၃၆၀
ဝင်္ဂီသမထေရ်၏ ရှေးဆုတောင်း ၃၅၉

အက္ခရာစဉ် စာမျက်နှာ

[ ဝ ]

ဝမ္မိကသုတ်၏ အချုပ် လင်္ကာကြီး ၄၂၇
ဝမ္မိကသုတ်ဒေသနာဖြစ်ပေါ် လာခြင်းအကြောင်း ၄၂၀
ဝမ္မိကသုတ်နှင့်အညီ ဘုရားရှိခိုး ပါဠိအနက် ၄၃၁
ဝါသနာကြောင့် နှုတ်ကြမ်းရာ၌ ဖရုသဝါစာ မဖြစ်ပုံ ၃၉၄
ဝိနည်းကို ဦးစွာသံဂါယနာ တင်ရခြင်းအကြောင်း ၄၇၇
ဝိနည်းကို ချီးမြှောက်သော ဘက်လိုက်ခြင်းမျိုး ၅၂၆
ဝိနည်း၌ အပိုင်းအခြားပမာဏ နှင့် အမည်များ ၄၇၉
ဝိနည်းပိဋကတ်ကို အရှင်ဥပါလိသို့ အပ်နှင်းခြင်း ၄၇၉
ဝိနည်းသည် သာသနာ၏ အသက်ဖြစ်ကြောင်း ၄၇၇
ဝိပါက်ဝဋ်ကြွေးရှိပ် မိန်းမ ရဟန်းနှင့်အတူပါနေခြင်း ၃၅၂
ဝိနယဓရဧတဒဂ် ဥပါလိ ရတော်မူခြင်း ၅၂၇
ဝိနယသံဂါယနာ၌ မေးလျှောက် ခြင်းများ ၄၇၈
ဝိပဿနာဉာဏ် ၁၀-ပါးကို ဟောပုံ ရှင်းချက် ၄၀၉
'ဝိမုတ္တိ'ခေါ်သော မဂ်ဖိုလ် ကျေးဇူးကို ယူမသွားခြင်း ၈၉
ဝိသုကြုံနတ်သား ရွှေပြာသာဒ်, မဏ္ဍပ်များ ဖန်ဆင်းခြင်း ၇၉
ဝိဇောဝါဒ=မလျော့, မတင်း စေခင်းခြင်းတရား ၂၀၁

အက္ခရာစဉ် စာမျက်နှာ

[ ဝ ]

ဝီရိယနှင့် သမာဓိကို အရှင်
အာနန္ဒာ မျှစေခြင်း ၄၇၄
ဝီရိယလျော့လျှင် ကောသဇ္ဇ=
အပျင်းခေတ် ဖြစ်၏ ၂၇၃
ဝီရိယလွန်လျှင် ဥဒ္ဓစ္စ=
ပျံ့လွင့်၏ ၂၇၃
ဝေဒနာတို့၌ ဝေဒနာဟူ
အဖန်ဖန်ရှုခြင်း ၉၁

[ သ ]

သမဏဂုတ္တကအား ငွေတထောင်
ပေး၍ သတ်ခိုင်းခြင်း ၉၃
သမာဓိကျေးဇူးကို ယူမသွားခြင်း ၇၉
သမန္တပါသာဒိကာတေဒဂ်
အရှင်ဥပသေန ရခြင်း ၃၇၄
သရဒရသေ့ အဂ္ဂသာဝက
ဆုပန်ခြင်း ၅၁
သရဒရသေ့ တပည့်တို့၏အထင်
ကြီးမှုကို တားမြစ်ခြင်း ၄၇
သရက်ပင်ဆိပ်နဂါး၏ အဋ္ဌုပ္ပတ္တိ ၅၆၉
သရက်သီးအလှူကြောင့်
အသိသာယာခြင်း ၁၀၄
သဝဏ်လွှာနှစ်စောင် ၁၂၉
သစ္စာ ၄-ပါး ဦးစွာသိသူအဖြစ်
ဆုတောင်းခြင်း ၅
သစ်သား အဝတ်ဝတ်၍
ဒါရုစီရိယ မည်ခြင်း ၄၀၀
သင်္ကန်းအနားပတ်အတွက်
လှူဒါန်းခြင်း ၁၁၁
သင်္ကန်းကို ချီးမွမ်းလျှင် ထို
သင်္ကန်းကို ပေးလှူတတ်ခြင်း ၁၄၅
သင်္ကန်းချင်း လဲတော်မူခြင်း ၁၄၄
သင်္ကန်းချင်း လဲတော်မူခြင်းနှင့်
စပ်၍ မှတ်ဖွယ် ၁၄၅
သင်္ကန်းချင်း လဲတော်မူ၍
မြေလှုပ်ခြင်း ၁၄၆
သင်္ကန်းလက်မရောက်မီ အဓိဋ္ဌာန်
လွှတ်ခွင့်ပြုခြင်း ၃၀၂
သင့်လျော်သည်ကို သိ၍
ပုရောဟိတ်ဖြစ်ခြင်း ၁၁၀
သည်းခြေပူနာကို ရေဖြင့်
ငြိမ်းစေခြင်း ၃၂၉
သည်းခြေပူနာကြောင့် နဂါးဘုံ၌
နေသန့်ရခြင်း ၃၂၈
သည်းခြေများ၍ ကိုယ်ခန္ဓာ
ပူလောင်ခြင်း ရှိရသူ ၃၂၉
သတ္တပဏ္ဏိလိုဏ်ဂူဝ၌ မဏ္ဍပ်
ဆောက်စေခြင်း ၄၇၁
သဒ္ဓါအားကြီးသည့် တေဒဂ်
အရှင်ဝက္ကလိ ရခြင်း ၃၂၆
သဒ္ဓါတရားကြီးမားသော တေ-
ဒဂ်ရအဖြစ် ဆုတောင်းခြင်း ၃၂၀
သဒ္ဓါ ပညာနှင့် ပြည့်စုံသူတို့၏
အလုပ်မျိုး ၅၄၃
သဒ္ဓါပဗ္ဗဇိတတေဒဂ် အရှင်
ရဋ္ဌပါလ ရခြင်း ၃၄၅
သဒ္ဓါပဗ္ဗဇိတတေဒဂ်နှင့် စပ်၍
မှတ်ဖွယ် ၃၄၆
သဒ္ဓါပေမ, မေတ္တာပေမဖြင့်
ဝတ်ပြုခြင်း ၄၆၇
သဒ္ဓါသုမနဝတ္ထု ၁၂
သန့်လျက်နှင့် စဉ်းတီတုံး၏
အဓိပ္ပါယ် ရှင်းချက် ၄၃၀

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


[ သ ]

သဗ္ဗညုကမည်သော အလှူ ဒါနမျိုး ၁၁၀
သာဂတ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၅၆၇
သာဂတမထေရ်၏ ရှေးဆု တောင်း ၅၆၇
သာဂလမြို့သို့ မိန်းမချော အရှာသွားခြင်း ၁၂၇
သာခုကိုဋ္ဌနသတ္တာဟ ၄၅၇
သာယာသော အသံရှိသည့် အရာ၌ တေဒဂ်ရခြင်း ၁၉၃
သာရိရိကဓာတ်တော် လက်၌ တင်ပြ၍ တရားဟောခြင်း ၇၄
သာဝကတို့၏ မဟာပုရိသ ဝိတက် ၇-ပါး ၁၆၄
သာဝကများ ဝါစဉ်အတိုင်း ဆွမ်းခံကြွကြခြင်း ၃၀
သိကြားမင်း နောက်ပါသာမဏေ ငယ်နှင့် တူပုံ ၇၅
သိရိဝဍ္ဎနသူကြွယ် အဂ္ဂသာဝက ဆုတောင်းခြင်း ၅၅
သိက္ခာကာမတေဒဂ် အရှင် ရာဟုလာ ရခြင်း ၃၄၃
သိက္ခာကာမတေဒဂ်နှင့်စပ်၍ မှတ်ဖွယ် ၃၄၆
သီလကျေးဇူးကို ယူဆောင် မသွားခြင်း ၇၉
သီလရှိသောအလှူခံကို ရှာကြံခြင်း ၁၂၁
သီလ, သမာဓိ, ပညာအစဉ်ဖြင့် သံဂါယနာတင်ပုံ ၄၇၁

[ သ ]

သီဝလိ နောက်ဆုံးဘဝ ရဟန်းပြုခြင်း ၃၀၀
သီဝလိပါလျှင် အစာရှားသည့် ဖြတ်လမ်းမှ သွားထိုက်ခြင်း ၂၆၁
သီဝလိဖွားပြီး ခုနစ်ရက်၌ စကားပြောခြင်း ၃၁၄
သီဝလိဖွားပြီး ခုနစ်ရက်၌ ရှင်ပြုခြင်း ၃၁၅
သီဝလိမထေရ်၏ရှေးဆုတောင်း ၃၀၅
သီဝလိမထေရ် မိမိဘုန်းကံကို စုံစမ်းကြည့်ခြင်း ၃၁၇
သီဝလိမယ်တော်၏ ဘုန်းကံကို စုံစမ်းကြခြင်း ၃၁၁
သီဝလိသားအမိတို့၏ ကိုယ်ဝန်နှင့်စပ်သောဝတ္ထု ၃၁၆
သီဟနာဒိကတေဒဂ် အရှင် ပိဏ္ဍောလဘာရဒွါဇရခြင်း ၂၀၁
သီဟဝိက္ကီဠိတ တရားဟော ခြင်းမျိုး ၆၇
သုတ္တန်ပိဋကတ်ကို အသီးအသီး အပ်နှင်းခြင်း ၄၇၃
သုပ္ပဝါသာ ချမ်းသာစွာ သားဖွားစေဟု မိန့်ဆိုခြင်း ၃၁၃
သုပ္ပဝါသာ ဆင်းရဲကို သည်းခံရန် ဆင်ခြင်သောတရား ၃၁၂
သုဘသုတ်ကို အရှင်အာနန္ဒာ ဟောခြင်း ၄၆၉
သုဘူတိမထေရ် တေဒဂ်ဘွဲ့ထူး နှစ်ဆင့် ရတော်မူခြင်း ၂၄၉
သုဘူတိမထေရ်မြတ်၏ ရှေးဆု တောင်း ၂၄၅

အကြောင်းအရာစဉ် စာမျက်နှာ

[ သ ]

သုမနမင်းသား အလုပ်အကျွေး
ဆုတောင်းခြင်း ၄၄၄
သုမနမင်းသား၏ ကျောင်းလှူ
ဂါထာ ပါဠိအနက် ၄၄၂
သုမနမင်းသား အံ့ဖွယ်နှစ်ပါးကို
ဖူးမြင်ရခြင်း ၄၃၉
သုမနာနတ်သမီးဟုမှည့်ခေါ်ကြပုံ ၁၆
သူကြွယ်ကတော်အကြီးအမှူး၏
ထူးကဲသောစေတနာ ၅၄၃
သူကြွယ်ဘဝ ၁၁၁
သူဌေးထီးဖြူဆောင်း မဟာဓန
သေဋ္ဌိ သူဌေးဖြစ်ခြင်း ၁၆၀
သူဌေးနှင့် သူဌေးကတော်တို့၏
သံဝေဂ ၁၃၂
သူဌေးသမီးနှစ်ယောက်တို့
အကြောင်း ၂၁၃
သူဌေးသားအတွက် အစာ
အာဟာရစီမံကြပုံ ၂၃၆
သူဌေးသားလေးဦးတို့၏ ဥစ္စာ
လောဘ ၄၁၂
သူတော်ကောင်းတရား၌ ရှိသေ
သဖြင့် တရားနာခြင်း ၁၈၈
သူများအပြစ် ကိုယ့်အပြစ်ဖြစ်
ရသော ရှေးကံဟောင်း ၃၅၁
သေနာသနပညာပက တေဒဂ်
အရှင်ဗဒ္ဓ ရခြင်း ၃၀၅
သေနာသနပညာပကတေဒဂ်နှင့်
စပ်၍ မှတ်ဖွယ် ၃၀၅
သေ၍ကွဲကွာခြင်း=ဝိနာဘာဝ ၉၀
သောဏအမည်နှင့် ကောဋိကဏ္ဏ
အနွယ် စပ်၍ ခေါ်ခြင်း ၂၃၅

[ သ ]

သောဏအား ဝီရိယနှင့် သမာဓိ
မျှအောင်အားထုတ်
စေခြင်း ၂၈၃
သောဏ-ကုဋိကဏ္ဏ အမည်ရပုံ ၂၈၈
သောဏကုဋိကဏ္ဏ ဧတဒဂ်
ဘွဲ့ထူးရတော်မူခြင်း ၃၀၄
သောဏ-ကုဋိကဏ္ဏမထေရ်၏
ရှေးဆုတောင်း ၂၈၅
သောဏကုဋိကဏ္ဏသူဌေးသား
ရှင်ရဟန်းပြုခြင်း ၂၈၈
သောဏကောဋိဝိသ နောက်ဆုံး
ဘဝ ရဟန်းပြုခြင်း ၂၃၅
သောဏကောဋိဝိသမထေရ်၏
ရှေးဆုတောင်း ၂၃၂
သောဏ ခြေဘဝါး၌ မွေးညှင်း
ပေါက်ခြင်း ၂၃၈
သောဏ နောက်ဆုံးဘဝ
ရဟန်းပြုခြင်း ၂၈၆
သောဏမထေရ် အပြင်းအထန်
အားထုတ်ခြင်း ၂၃၉
သောဏမထေရ် ပရိသတ်များ၍
သီတဝနတော၌ကြခြင်း ၂၃၉
သောဏရဟန်း၏ သွေးခြင်းခြင်း
နီနေသော စင်္ကြံ ၂၈၁
သောတာပန် ရှေးဦးစွာဖြစ်သူ
အမျိုးသမီး ၂၈၈
သောဘိတ နောက်ဆုံးဘဝ
ရဟန်းပြုခြင်း ၅၂၀
သောဘိတမထေရ်၏
ရှေးဆုတောင်း ၅၁၉
သံခိတ္တရုစိ ပုဂ္ဂိုလ်အား ဟော
သော တရားမျိုး ၄၀၈

| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သံဃာယနာတင်ရန် အရပ်ကို ရွေးခြင်း | ၄၆၃ |
| သံဃာယနာတင်ရန် ပလိဗောဓကို ဖြတ်စေခြင်း | ၄၆၄ |
| သံဃာယနာတင်ရန် မဟာကဿပ အကြံဖြစ်ခြင်း | ၄၅၉ |
| သံဃာယနာတင်ရန် ရဟန္တာ (၄၉၉) ပါး ရွေးခြင်း | ၄၆၀ |
| သံဃာယနာမဏ္ဍပ်ကြီး၏မွမ်းမံလျော်ဖွယ်များ | ၄၇၁ |
| သံဃာယနာသတင်ဆင်ယင်တော်မူကြခြင်း | ၄၇၇ |
| သံဂီတိကာရက ရဟန်းငါးရာ ဝါဒိုဆုတ်ရှာန | ၄၆၄ |
| သံဂီတိကာရကာ ရွေးခြင်းနှင့် စပ်၍ အကျယ်မှတ်ဖွယ် | ၄၆၂ |
| သံဂီတိကာရက (၄၉၉) ပါးသာ ရွေးခြင်းနှင့်စပ်၍ မှတ်ဖွယ် | ၄၆၁ |
| သံသဂုဏ်ဖြင့် သစ္စာဆိုသော မြစ်ကူးဂါထာ | ၅၅၆ |
| သံယုတ္တနိကာယ်ကို အရှင်မဟာကဿပသို့ အပ်ခြင်း | ၄၇၃ |
| သံဝေဂဂါထာ ပါဠိအနက် | ၄၇၇ |
| သံသရာမှ လွတ်ရေးတရား ခဲယဉ်းစွာရှာကြပုံ | ၅၉ |
| သားကြီးကို 'မဟာပန္ထက= မောင်လမ်းကြီး'ဟု ခေါ်ခြင်း | ၂၂၇ |
| သားငယ်ကို 'စူဠပန္ထက= မောင်လမ်းငယ်'ဟု ခေါ်ခြင်း | ၂၂၇ |
| သားတစ်ယောက်၌ အဓိပ္ပါယ် ရှင်းချက် | ၄၇၀ |
| သားနှင့်တူအတွက် အမွေခံ မှာတမ်း | ၅၂၅ |
| **[ ဟ ]** | |
| ဟံသာဝတီရွှေမြို့တော် | ၂ |


မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပဥ္စမပိုင်း

မှတ်သားဖွယ် အကြောင်းအရာစဉ် ပြီး၏။